
www.burmeseclassic.com

# ဟယ်ရီပေါ်တာ နှင့် မီးတောက်ခွက်

ပထမပိုင်း



ကြည်ကြည်မာ

HARRY POTTER
and the Goblet of Fire

J.K.ROWLING

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# HARRY POTTER
# and
# the Goblet of Fire

J.K.ROWLING

မာအိုက်ရှင်း၏ တရုတ်ဘာသာပြန်မှ ပြန်ဆိုသည်။

ကြည်ကြည်မာစာပေ
အမှတ် ၁၈၉-ခ/၂၊ ၃၄ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၄၁၀၆

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- * အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- * ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာရေး၊
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ဟယ်ရီ-ပေါ်တာ
# နှင့်
# မီးတောက်ခွက်

[ပထမပိုင်း]

ကြည်ကြည်မာ

[မြန်မာပြန်]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်- ၁၄၁၈/၂၀၀၄(၁၂)
မျက်နှာဖုံးခွင့်ပြုချက်- ၁၃၁၉/၂၀၀၄(၁၂)
မျက်နှာဖုံးပုံနှိပ်သူ-
ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
၁၇၀၊ ၃၃လမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ
ဦးထွန်းလင်း
ဖိုးဝအော့ဖ်ဆက်(၀၆၃၆၂)
၁၄၇၊ ၄၅လမ်း၊ ဗိုလ်တစ်ထောင်၊ ရန်ကုန်။


ထုတ်ဝေသူ
ဦးလှဆွေ၊ ကြည်ကြည်မာစာပေတိုက်(၇၄၄)
၁၈၉(ခ)/၂၊ ၃၄လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ
၁၀၀၀

ထုတ်ဝေသည့်ကာလ
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ

တန်ဖိုး ၂၂၀၀ကျပ်



# ၁။ ရစ်ဒေါ်ဂေဟာ

ဟင်ဂယ်တန်လေး ရွာသားတွေဟာ အဲဒီအိမ်ကို "ရစ်ဒေါ်ဂေဟာ" သို့ပဲ ခေါ်ကြတယ်။ ရစ်ဒေါ်မိသားစု ဒီမှာမနေတာ နှစ်အတော်ကြာခဲ့ပေမယ့် ဒီအတိုင်းပဲ ခေါ်ကြတုန်းပဲ။ ဒီအိမ်ဟာ တောင်ကုန်းတစ်ခုပေါ်မှာ တည်ရှိပြီး အဲဒီကနေ တစ်ရွာလုံးကို မြင်ရတယ်။ အိမ်ကြီးရဲ့ပြတင်းတွေ အသေပိတ်ထားတယ်။ ခေါင်မိုးအုတ်ကြွပ်တွေလဲ ကွဲပေါက်နေပြီ။ အိမ်တစ်ခုလုံး နွယ်ပင်တွေ ဖုံးနေပြီ။ ရစ်ဒေါ်ဂေဟာဟာ မူလက အလွန်လှပတဲ့ အိမ်ကြီးတစ်အိမ်ဖြစ်တယ်။ အနီးပတ်ဝန်းကျင် မိုင်အချို့အတွင်းမှာ အကျယ်ဝန်းဆုံး၊ အခမ်းနားဆုံး အဆောက်အအုံ ဖြစ်တယ်။ အခုတော့ စွတ်စိုပြီး အစွန့်ပစ် ခံထားရတယ်။ နေရှည် နေထိုင်တဲ့လူ မရှိဖြစ်နေတယ်။

ဟင်ဂယ်တန်လေး ရွာသားတွေဟာ ဒီအိမ်ကြီး "သိပ်ကြောက်စရာကောင်းတယ်"လို့ ထင်ကြတယ်။ လွန်ခဲ့တဲ့ ရာစုဝက်က ဒီနေရာမှာ အံ့ဩကြောက်မက်ဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့တယ်။ ဒီနေ့အထိ ရွာထဲက လူကြီးတွေဟာ တခြား ပြောစရာစကား မရှိရင် ဒီအကြောင်းကို ပြောဆို

www.burmeseclassic.com



ဆွေးနွေးလေ့ရှိတယ်။ ဒီပုံပြင်ကို လူတွေ ထပ်ကာထပ်ကာ ပြောကြတယ်။ ခဲ့ကားသဲ ပြောကြတဲ့အတွက် အဖြစ်မှန်က ဘာလဲဆိုတာ ဘယ်သူမှ ရေရေရာရာ မပြောနိုင်တော့ဘူး။ ဒါပေမယ့် မူပွားပုံပြင်တိုင်းရဲ့ အစကတော့ အတူတူချည်းပဲ။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ရစ်ဒေါ်ဂေဟာဟာ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားပြီး ခမ်းနားကြီးကျယ်တဲ့ အချိန်ပေါ့။ သာယာတဲ့ နွေတခ်ရက်ရဲ့ လင်းအားကြီးမှာ အိမ်ဖော်တစ်ယောက် ဧည့်ခန်းထဲ ဝင်လိုက်တော့ ရစ်ဒေါ်မိသားစု သုံးဦးစလုံး သေဆုံးနေတာ တွေ့ရတယ်။

အိမ်ဖော်ဟာ တအားအော်ရင်း တောင်ကုန်းကို ပြေးဆင်းပြီး ရွာထဲဝင်ကာ ရွာသူရွာသားတွေကို အော်နိုးတယ်။

"အားလုံး လဲကျနေတယ်။ မျက်လုံးကြီးတွေ ပြူးလို့။ တစ်ကိုယ်လုံးအေး စက်နေတာပဲ။ ညစာ စားတုန်းက အဝတ်အစားတွေ ဝတ်ထားတယ်"

ပုလိပ်တွေ ရောက်လာတယ်။ ဟင်ဂယ်တန်လေးရွာ တစ်ရွာလုံး အံ့ဩ သိလိုတဲ့စိတ်တွေ ဖြစ်ပေါ်နေတယ်။ ရွာသားတွေဟာ ရင်ထဲက အားရမှုကို ကြိုးစား ဖုံးကွယ်ကြတယ်။ ဒါပေမယ့် မအောင်မြင်ဖူး။ ဘယ်သူမှ ရစ်ဒေါ်မိသားစုအတွက် ဝမ်းနည်းသလို ဟန်ဆောင်ဖို့ မကြိုးစားကြဘူး။ သူတို့ဟာ ရွာထဲမှာ ဆက်ဆံရေး သိပ်ဆိုးခဲ့တာ။ အဘိုးကြီး ရစ်ဒေါ်လင်မယားဟာ သိပ်ချမ်းသာတယ်။ ဒါပေမယ့် သူများအပေါ်မှာ နိုင့်ထက်စီးနင်း ရက်စက် ကြမ်းကြုတ်တယ်။ သူတို့ရဲ့ အရွယ်ရောက်လာတဲ့သား တွမ်ဟာ ပြောရင် ယုံနိုင်စရာမရှိဘူး။ သူ့မိဘထက်တောင် ဆိုးသေးတယ်။ ရွာသားတွေ စိတ်ဝင်စားတာက လူသတ်မှုကျူးလွန်သူဟာ ဘယ်သူလဲဆိုတာပဲ။ ရှင်းတာကတော့ အလွန် ကျန်းမာပုံရတဲ့ လူသုံးဦးဟာ တစ်ညတည်းမှာ တစ်ချိန်တည်း သဘာဝအလျောက်တော့ မသေနိုင်ဘူး။

အဲဒီနေ့ ညဘက်မှာ ရွာထဲက ဆွဲကြိုးချသေသူအရက်ဆိုင်ဟာ အထူးရောင်းကောင်းတယ်။ တစ်ရွာလုံးလိုလို ဒီကိုလာပြီး လူသတ်မှုအကြောင်း ပြောဆိုကြတယ်။ သူတို့ဟာ မိမိအိမ်ကမီးဖိုကို စွန့်ခွာခဲ့တာ ဘာမှ အကျိုးမရှိတာတော့ မဟုတ်ဘူး။ အကြောင်းက ရစ်ဒေါ်တို့အိမ်က ထမင်းချက်ရောက်လာပြီး ရုတ်တရက်ငြိမ်ကျသွားတဲ့ ဧည့်သည်တွေကို ဖရန့်-ဘရိုက်စ်ဆိုတဲ့ လူတစ်ယောက်ကို ခုတင် ဖမ်းသွားကြောင်း ပြောပြလို့ပဲ။

"ဖရန့် !" လူအချို့ ထအော်တယ်။ "မဖြစ်နိုင်ဘူး"



ဖရန့်-ဘရိုက်စ်ဟာ ရစ်ဒေါ်တို့အိမ်က ခြံစောင့်။ သူတစ်ယောက်တည်း ရစ်ဒေါ်ဂေဟာခြံအတွင်းရှိ သစ်သားအိမ်စုတ်လေးထဲမှာ နေတယ်။ ဖရန့်ဟာ စစ်မြေပြင်က ပြန်လာကတည်းက ခြေတစ်ဖက် တန်းနေတယ်။ ပြီးတော့ လူအုပ်တို့၊ ဆူညံသံတို့ကို အထူး ခံစားလို့မရဘူး။ ဒီနောက်မှာတော့ ရစ်ဒေါ်မိသားစု အိမ်မှာ အလုပ်လုပ်ခဲ့တယ်။

အရက်ဆိုင်ထဲက လူတွေဟာ ထမင်းချက်ကို အရက်လုတိုက်ကြတယ်။ သူမဆီက ပိုပြီး အသေးစိတ်ကျကျ သိလိုကြတယ်။

"သူ့ကို တစ်မျိုးကြီးပဲလို့ အစောကြီးကတဲက ထင်တာ" ထမင်းချက်ဟာ စတုတ္ထမြောက် ရှယ်ရီအရက်ကိုသောက်ပြီးနောက် ပြောတယ်။ "အေးစက်ပြီး လူကို ဂရုမစိုက်ချင်ဘူး။ ကျွန်မ သူ့ကို လက်ဖက်ရည်သောက်ဖို့ ခေါ်ရင် အကြိမ်တစ်ရာခေါ်မှ ပြန်ထူးလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်။ သူဟာ သူများနဲ့ လုံးဝ မဆက်ဆံချင်ဘူး"

"အင်း၊ ဘယ်လို ပြောရမလဲ" ဘားခုံဘေးက အမျိုးသမီးတစ်ယောက်က ပြောတယ်။ "ဖရန့်ဟာ ရက်စက်တဲ့ စစ်ပွဲထဲ ပါခဲ့ဖူးတယ်။ သူ အေးအေးဆေးဆေး နေချင်တယ်။ ဒါက အကျိုးအကြောင်း မဖြစ်သင့် —"

"ဒါဖြင့်ရင် ဘယ်သူ့မှာ နောက်ဖေးတံခါးသော့ ရှိသေးလို့လဲ" ထမင်းချက်က ဟောက်တယ်။ "ကျွန်မ မှတ်မိတယ်။ သော့ပိုတစ်ချောင်း ခြံစောင့်သစ်သားအိမ်ထဲမှာ ချိတ်ထားတယ်။ မနေ့ညက အိမ်ဖောက်ဝင်တဲ့လူ မရှိဘူး၊ ပြတင်းပေါက်လဲ အကောင်းအတိုင်းပဲ။ ဖရန့်ဟာ ကျွန်မတို့ အိပ်ပျော်နေချိန်မှာ အိမ်ကြီးထဲ တိတ်တိတ်လေး ဝင်လာ. . ."

ရွာသားတွေဟာ တိတ်တိတ် အကြည့်ချင်း ဖလှယ်ကြတယ်။

"ကျုပ် သူ့ပုံပန်းကို သိပ်အမြင်ကတ်နေတာ၊ တကယ်ပဲ" ဘားခုံဘေးက ယောကျ်ားတစ်ယောက်က ရေရွတ်လိုက်တယ်။

"ကျုပ်ကို မေးရင်တော့ စစ်ကြောင့် သူ ဒီလို တစ်မျိုးကြီး ဖြစ်သွားတာလို့ ဆိုရမယ်" အရက်ဆိုင် ဆိုင်ရှင်က ပြောတယ်။

"ဖရန့်နဲ့ အတိုက်အခံ မဖြစ်ချင်ဘူးလို့ ရှင့်ကို ပြောဖူးတယ်နော်၊ ဟုတ်ဘယ် မဟုတ်လား၊ ဒေါ့" ထောင့်ထဲက စိတ်လှုပ်ရှားနေတဲ့ မိန်းမတစ်ယောက်က ပြောတယ်။

"သဘောသိပ်ဆိုးတာ" ဒေါ့က လှိုက်လှဲစွာ ခေါင်းညိတ်ရင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ "ကျုပ် မှတ်မိသေးတယ်၊ သူငယ်ငယ်တုန်းက. . . ."

နောက်တစ်နေ့ နံနက်မှာ ဟင်ဂယ်တန်လေး ရွာသားအားလုံးလောက်ဟာ ဖရန့်-ဘာရိုက်စ် ရစ်ဒေါ်မိသားစုကို သတ်တယ်လို့ ယုံကြည်သွားကြတယ်။

ဒါပေမယ့် အနီးအနားရှိ ဟင်ဂယ်တန်ကြီးမြို့က ညနေစောင်းချိန် ပုလိပ်ဌာနထဲမှာ ဖရန့်က သူ့မှာ အပြစ်မရှိကြောင်း တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်ခါထပ်ခါ ခေါင်းမာစွာ ပြောနေတယ်။ သူက ပြောတယ်။ ရစ်ဒေါ်မိသားစု သေတဲ့နေ့မှာ သူ မြင်တွေ့ရတဲ့ တစ်ဦးတည်းသော သူဟာ သူမမြင်ဖူးတဲ့ ဆယ်ကျော်သက်အရွယ် ယောက်ျားလေး။ အဲဒီကောင်လေးရဲ့ဆံပင်က နက်မှောင်ပြီး မျက်နှာက ဖြူဖပ်ဖြူယော်နဲ့။ ရွာထဲက တခြား ဘယ်သူမှ ဒီလို ကောင်လေးတစ်ယောက်ကို မမြင်ဖူးဘူး။ ပုလိပ်တွေဟာ အဲဒါ ဖရန့် လုပ်ကြံပြောတယ်လို့ မှတ်ယူတယ်။

အခြေအနေဟာ ဖရန့်အတွက် အလွန်ဆိုးဝါးနေတဲ့ အချိန်မှာ ရစ်ဒေါ်မိသားစုရဲ့ အလောင်းစစ်ဆေးတဲ့ အစီရင်ခံစာ ရောက်လာတယ်။ အခြေအနေကြီး တစ်ခုလုံးကို လှည့်ပြောင်းသွားစေတယ်။

ပုလိပ်တွေဟာ ဒီထက် ထူးဆန်းတဲ့ အစီရင်ခံစာ မကြုံဖူးဘူး။ ဆရာဝန်အစု တစ်စုဟာ အလောင်းကို စစ်ဆေးတယ်။ ရရှိတဲ့ ကောက်ချက်ကတော့ ရစ်ဒေါ် မိသားစုဟာ အဆိပ်၊ ထိုးသတ်ခြင်း၊ ပစ်သတ်ခြင်းမခံရဘူး။ အသက်ရှူကြပ်သေခြင်း၊ ဒါမှမဟုတ် (သူတို့ ပြောနိုင်သလောက်ဆိုရင်) ညှစ်သတ်ခံရခြင်းလဲ မဟုတ်ဘူး။ စင်စစ်မှာ အစီရင်ခံစာက နားမလည်နိုင်တဲ့လေသံနဲ့ ဆက်ရေးတယ်။ ရစ်ဒေါ်မိသားစု သုံးယောက်စလုံးဟာ အလွန်ကျန်းမာပုံရတယ် —— သူတို့ အသက်မရှိတော့တာ တစ်ခုပဲ။ ဆရာဝန်တွေ သတိတော့ ထားမိတာရှိတယ်။ သူတို့ဟာ အလောင်းပေါ်မှာ ပုံမှန် မဟုတ်တဲ့ဟာ တစ်ခုခုရအောင်ရှာဖို့ ဆုံးဖြတ်ထားသလိုပဲ။ ရစ်ဒေါ်မိသားစု လူတိုင်းရဲ့ မျက်နှာပေါ်မှာ ကြောက်လန့်တဲ့အမူအရာ ရှိတယ်တဲ့။ ဒါပေမယ့် ဘာမှ မတတ်နိုင်တဲ့ ရဲကပြောသလိုပဲ၊ သုံးယောက်စလုံး တစ်ပြိုင်နက် လန့်သေတာ ဘယ်သူ ကြားဖူးပါသလဲ။

ရစ်ဒေါ် မိသားစုဟာ လုပ်ကြံသတ်ဖြတ်ခံရတာလို့ သက်သေပြစရာ မရှိတဲ့အတွက် ပုလိပ်က ဖရန့်ကို လွှတ်ပေးလိုက်ရတယ်။ ရစ်ဒေါ်မိသားစုကို ဟင်ဂယ်တန်လေးရွာက ဘုရားကျောင်း သင်္ချိုင်းထဲမှာ မြှုပ်ထားတယ်။ ဒီနောက်ပိုင်း ကာလတစ်ခုအတွင်းမှာ ၎င်းတို့ရဲ့ သင်္ချိုင်းဟာ လူတွေ စိတ်ဝင်စား



သတိပြုခံရတယ်။ အားလုံးကို အံ့ဩပြီး သံသယတွေ ဖြစ်ပေါ်စေတာကတော့ ဖရန့်-ဘာရိုက်စ်ဟာ ရစ်ဒေါ်ဂေဟာဝန်းထဲက ၎င်းရဲ့ သစ်သားအိမ်လေးထဲ ပြန်နေတာပဲ။

"ကျုပ်အထင်တော့ ဖရန့်က သူတို့ကို သတ်တာပဲ။ ပုလိပ်တွေ ဘယ်လိုပြောပြော ကျုပ် ဂရုမစိုက်ဖူး" ဒေါ့က ဆွဲကြိုးချသေသူအရက်ဆိုင်မှာ ပြောဘယ်။ "သူသာ နည်းနည်း သိတတ်မယ်ဆိုရင် ကျုပ်တို့ သူ ဘာလုပ်တယ်ဆိုဘာ ရှင်းနေမှန်းသိပြီး ဒီကနေ ထွက်သွားမှာ"

ဒါပေမယ့် ဖရန့် ထွက်ခွာမသွားဘူး။ သူ ဒီမှာပဲနေတယ်။ ရစ်ဒေါ်ဂေဟာမှာ နောက်ထပ် လာနေတဲ့ လူတွေကို ခြံစောင့်ပေးတယ်။ ဒီနောက်နောက်ရောက်တဲ့ တစ်အိမ်ထောင်အတွက် အလုပ်လုပ်ပြန်တယ်။ ဒီ နှစ်အိမ်ထောင်စလုံး သိပ်ကြာကြာ နေမသွားကြဘူး။ ဖရန့်ကြောင့်လဲ တစ်စုံတစ်ရာပါမယ်ထင်တယ်။ အိမ်ရှင် အသစ်တိုင်းက ဒီနေရာဟာ ကြောက်စရာ ကောင်းသလို ခံစားရတယ်တဲ့။ နောင်မှာတော့ နေမယ့်သူမရှိတဲ့အတွက် အိမ်ကြီးလဲဘာဖြည်းဖြည်း ပြုပြင်မှုမရှိဘဲ ပျက်စုတ်လာတယ်။

ခု ရစ်ဒေါ်ဂေဟာကိုပိုင်တဲ့ လူချမ်းသာဟာ ဒီမှာလဲမနေဘူး။ အိမ်ကိုလဲ ဘာမှအသုံးမပြုဘူး။ ရွာထဲက လူတွေက ပြောတယ်။ သူ ဒီအိမ်ကို ဒီအတိုင်းထားတာဟာ "အခွန်ကိစ္စကြောင့်" တဲ့။ ဒါပေမယ့် ဘာကြောင့်ဆိုတာ ဘယ်သူမှ မရှင်းဘူး။ ဒါပေမယ့် ဒီချမ်းသာတဲ့ ပိုင်ရှင်ဟာ ဖရန့်ကို ခြံစောင့်အဖြစ်ငွေကုန်ခံ ဆက်ငှားထားတယ်။ အခုဆိုရင် ဖရန့်ဟာ သူ့အသက် ၇၇-နှစ်မြောက်မွေးနေ့ ရောက်တော့မယ်။ သူ့နားက သိပ်လေးတယ်။ မကောင်းတဲ့ ခြေတစ်ဖက်ဟာလဲ ပိုပြီး မာတောင့်နေတယ်။ ဒါပေမယ့် ရာသီဥတု သာယာတဲ့နေ့ဆိုရင် ခြံထဲမှာ တလှုပ်လှုပ်နဲ့ အလုပ်လုပ်နေတာ တွေ့ရတယ်။ မြက်တွေကတော့ သူ့ရှိရာကို ဝိုင်းလာပြီး သူဘယ်လိုမှ တားဆီးလို့ မရဘူး။

ဖရန့် ရင်ဆိုင်ရမှာက မြက်တွေချည်း မဟုတ်သေးဘူး။ ရွာထဲက ကောင်လေးတွေဟာ ရစ်ဒေါ်ဂေဟာရဲ့ ပြတင်းပေါက်ကို ခဲနဲ့ ပေါက်လေ့ ရှိဘယ်။ ဖရန့်ဟာ အများကြီး ကြိုးစားမှ မြက်ခင်းကို ညီအောင်ညှိထားနိုင်တယ်၊ ကောင်လေးတွေကတော့ စက်ဘီးနဲ့ မြက်ခင်းကို ထင်သလိုနင်းနေတယ်။ တစ်ကြိမ်နှစ်ကြိမ်လောက်မှာ သူတို့ဟာ လောင်းတဲ့အနေနဲ့ ရစ်ဒေါ်ဂေဟာကို

www.burmeseclassic.com



အဘင်းဝင်တယ်။ အဖိုးကြီးဖရန့် အိမ်ကြီးနဲ့ခြံဝန်းကို စိတ်ပါလက်ပါ ပြုစုစောင့်ရှောက်တဲ့စိတ်ဟာ ဒီထဲ နှစ်ထားသလို ဖြစ်နေတာ သူတို့က သိတယ်။ ဒါကြောင့် သူတို့ဟာ သူ ခြံဝန်းကို ထော့နဲ့ထော့နဲ့နဲ့ ဖြတ်ပြီး တုတ်ကောက်ကို ဝှေ့ယမ်းကာ အသံအက်အက်နဲ့ သူတို့ကို ဖော်ဆူတာကို မြင်လိုကြတယ်။ ဒီလိုအချိန်မျိုးမှာ သူတို့ အလွန့်အလွန် ပျော်ရွှင်ကြတယ်။ ဖရန့်ကတော့ ဒီကောင်လေးတွေ သူ့ကိုနှိပ်စက်တာဟာ သူတို့မိဘတွေ၊ အဘိုးအဘွားတွေလိုပဲ သူ့ကို လူသတ်သမားလို့ ထင်တဲ့အတွက်လို့ ယုံကြည်တယ်။ ဒါကြောင့် အဲဒီဩဂုတ်လရဲ့ ညတစ်ညမှာ ဖရန့် တစ်ရေးနိုးလာတော့ အိမ်ကြီးပေါ်မှာ ခါတိုင်းနဲ့မတူ ထူးခြားတာမြင်တော့ အဲဒီ ကောင်လေးတွေ အကြံသစ်ကြံပြီး သူ့ကို လာနှိပ်စက် ပြန်ပြီလို့ ထင်နေသေးတယ်။

ဖရန့်ဟာ မကောင်းတဲ့ ခြေထောက်တစ်ဖက်ကနာလို့ နိုးလာတာ။ အခု သူ အသက်အရွယ်ကြီးလာပြီ။ ခြေထောက်ဟာလဲ ပိုပိုနာလာတယ်။ သူဟာ ခုတင်ပေါ်က ထပြီး ထော့နဲ့ထော့နဲ့ နဲ့ အောက်ထပ်ဆင်းကာ မီးဖိုထဲ ဝင်လိုက်တယ်။ ရေနွေးအိတ်ကို ရေနွေးဖြည့်ပြီး တောင့်နေတဲ့ဒူးကို အုပ်ဖို့လုပ်တယ်။ သူဟာ ရေကန်ဘေးရပ်ပြီး ရေခရားထဲရေဖြည့်ရင်း ရစ်ဒေါ်ဂေဟာဆီ လှမ်းကြည့်တယ်။ အပေါ်ထပ်ပြတင်းက အလင်းရောင်လက်နေတာ သူတွေ့ရတယ်။ ဖရန့်ဟာ ဘာဖြစ်တယ်ဆိုတာ ချက်ချင်း သိလိုက်တယ်။ ဟိုကောင်လေးတွေ အိမ်ကြီးထဲဝင်လာကြတယ်။ လှုပ်လိုလှုပ်လဲ့အလင်းရောင်က ၎င်းတို့ မီးမွှေးထားမှန်း သိရတယ်။

ဖရန့် အိမ်ထဲမှာ တယ်လီဖုန်းမရှိဘူး။ ထိုနှစ် ရစ်ဒေါ်မိသားစု ရုတ်တရက် သေသွားပြီး ပုလိပ်က သူ့ကို ခေါ်ယူစစ်ဆေးပြီးကတည်းက သူဟာ ပုလိပ်ကို အလွန့်အလွန် မယုံမကြည် ဖြစ်နေတယ်။ သူဟာ ရေခရားကို ကမန်းကတန်းချကာ နာတဲ့ ခြေထောက်ကို တန်းလန်းဆွဲပြီး အပေါ်ထပ်တက် အင်္ကျီဝတ်တယ်။ မီးဖိုထဲ ချက်ချင်း ပြန်လာတယ်။ သူဟာ တံခါးဘေးရှိ ချိတ်ပေါ်က နေ သံချေးတက်နေတဲ့ သော့ဟောင်းကို ယူလိုက်တယ်။ နံရံပေါ် မှီထောင်ထားတဲ့ တုတ်ကောက်ကို ယူပြီး ညအမှောင်ထဲ ဝင်ခဲ့တယ်။

ရစ်ဒေါ်ဂေဟာရဲ့ ရှေ့တံခါးဟာ ဖောက်ဝင်တဲ့ ခြေရာလက်ရာ မရှိဘူး။ ပြတင်းပေါက်လဲ ကောင်းကောင်းပဲ ရှိနေတယ်။ ဖရန့်ဟာ ထော့နဲ့ထော့နဲ့နဲ့ အိမ် နောက်ဘက်ကို သွားတယ်။ နွယ်တွေ လုံးဝဖုံးအုပ်မတတ် ဖြစ်နေတဲ့



တံခါးနားမှာ ရပ်လိုက်တယ်။ ဟိုသော့ဟောင်းကို ထုတ်ပြီး သော့ပေါက်ထဲ ထိုးလိုက်တယ်။ အသံမထွက်ဘဲ တံခါးကို ဖွင့်လိုက်တယ်။

ဖရန့်ဟာ ဂူကျင်းလို မည်းမှောင်တဲ့ မီးဖိုချောင်ကြီးထဲ ဝင်လိုက်တယ်၊ သူဟာ ဒီထဲ မဝင်တာ နှစ်ပေါင်းများစွာရှိပြီ။ ဘေးပတ်ပတ်လည်မှာ မည်းမှောင်နေပေမယ့် စင်္ကြံဆီပေါက်တဲ့တံခါး ဘယ်မှာရှိတယ်ဆိုတာ သူမှတ်မိတယ်။ သူဟာ စမ်းပြီးလျှောက်သွားတယ်။ ပုပ်သိုးတဲ့အနံ့ သူ့နှာခေါင်းထဲ ဝင်လာတယ်။ သူဟာ နားစွင့်ပြီး ခေါင်းပေါ် က ခြေသံနဲ့ စကားသံသဲ့သဲ့ကို လိုက်ဖမ်းတယ်။ သူ စင်္ကြံထဲရောက်လာတယ်။ ဒီနေရာရှိ ရှေ့တံခါးတစ်ဖက်တစ်ချက်မှာ ဒေါင်ပြူတင်းရှိတဲ့အတွက် အလင်းရောင် အနည်းအကျဉ်းတော့ ရှိနေတယ်။ သူဟာ အပေါ်ထပ်ကို စတက်တယ်။ ကျောက်လှေခါးထစ်တွေပေါ်မှာ ဖုန်ထူထူ တက်နေလို့ မိမိခြေသံနဲ့ တုတ်ကောက်သံ အ,သွားပြီး လူသိဖို့ မလွယ်ဘူးလို့ စိတ်ထဲက တွေးတယ်။

လှေခါးထိပ် ပြန့်တဲ့နေရာမှာ ဖရန့်ဟာ ယာဘက် လှည့်လိုက်တာနဲ့ ချင်းနင်း ဝင်ရောက်သူတွေ ဘယ်မှာရှိတယ်ဆိုတာ ချက်ချင်းမြင်သွားတယ်။ စင်္ကြံရဲ့အဆုံးမှာ တံခါးတစ်ချပ် ဟနေတယ်။ လှုပ်နေတဲ့ အလင်းရောင်ဖျော့ဖျော့ အဟကနေ ထွက်လာတယ်။ မည်းမှောင်တဲ့ကြမ်းပေါ်မှာ လိမ္မော်ရောင်အလင်း ကျရောက်နေတယ်။ ဖရန့်ဟာ ကိုယ်ကိုစောင်းပြီး သတိနဲ့ နည်းနည်းချင်း ကပ်သွားတယ်။ လက်ထဲက တုတ်ကောက်ကို တင်းတင်းဆုပ်ထားတယ်။ တံခါးနဲ့ ခြေလှမ်းအနည်းငယ် ကွာဝေးတဲ့ နေရာမှာ အခန်းထဲက မြင်ကွင်းကျဉ်းကျဉ်း အခြေအနေကို မြင်ရတယ်။

သူ အခုမြင်ရပြီ။ မီးဟာ မီးလင်းဖိုထဲမှာ မွှေးထားတာ။ ဒါကြောင့် သူ အလွန် အံ့အားသင့်မိတယ်။ သူဟာ ခြေလှမ်းကိုရပ်လိုက်ပြီး နားစွင့်တယ်။ အခန်းထဲမှာ ယောကျ်ားတစ်ယောက် စကားပြောသံ ပေါ်လာတယ်။ အဲဒီအသံဟာ သတ္တိကြောင်ပြီး ကြောက်ရွံ့ပုံပေါ်နေတယ်။

"ပုလင်းထဲမှာ ရှိသေးတယ် သခင်။ သင်ဆာသေးရင် နည်းနည်း ဆပ်သောက်လိုက်ပါလား"

"ခဏနေမှ" နောက်အသံတစ်ခုက ပြောတယ်။ ဒါလဲ ယောကျ်ားတစ်ယောက်ပဲ ―― ဒါပေမယ့် အသံက ထူးဆန်းစွာ စူးရှတယ်။ ပြီးတော့ အေးစက်တဲ့လေလို ရိုးတွင်းခြင်ဆီ ခိုက်မတတ်ပဲ။ ဘာကြောင့်မှန်းမသိဘူး။ ဒီအသံဟာ

www.burmeseclassic.com

www.burmeseclassic.com



ဖရုန့်ဂုတ်ပေါ်က ဆံပင်ကျဲကျဲကို ထောင်သွားစေတယ်။ "ငါ့ကို မီးဖိုနားရွှေ့ပေး၊ ပိုးကောင်အမြီး"

ဖရန့်ဟာ ညာဘက်နားကို တံခါးပေါ် ကပ်လိုက်တယ်။ ပိုပြီးရှင်းရှင်းကြားချင်နေတယ်။ အခန်းထဲကနေ ပုလင်းတစ်လုံးကို မာတဲ့အရာတစ်ခုခုပေါ်ထားလိုက်တဲ့အသံ ကြားရတယ်။ ဒီနောက် လေးပင်တဲ့ထိုင်ခုံကို ကြမ်းပြင်ပေါ်မှာ ဆွဲတဲ့အခါ ထွက်ပေါ်လာတဲ့ နားစူးတဲ့ပွတ်တိုက်သံ။ ယောကျ်ားပုပုတစ်ယောက် တံခါးကို ကျောပေးပြီး ထိုင်ခုံတစ်လုံးကို တွန်းနေတာ ဖရန့်မြင်ရတယ်။ သူဟာ အနက်ရောင်ခြုံထည် ရှည်ရှည်ကြီးကို ဝတ်ဆင်ထားတယ်။ နောက်စေ့ပြောင်နေတယ်။ ဒီနောက် သူ့ကို မတွေ့ရပြန်ဘူး။

"နာဂီနီ ဘယ်မှာလဲ" အဲဒီ အေးစက်တဲ့အသံက မေးတယ်။

"ကျွန်တော် —— ကျွန်တော် မသိဘူး၊ သခင်" ပထမအသံက ပျာပျာသလဲ ပြောတယ်။ "၎င်းဟာ အိမ်ထဲ ဟိုဒီလျှောက်ကြည့်နေတယ်ထင်တယ်. ."

"တို့မအိပ်ခင်မှာ ၎င်းကို နွားနို့တစ်ကြိမ်တိုက်လိုက်ဦး၊ ပိုးကောင်အမြီး" ဒုတိယ အသံက ပြောတယ်။ "ငါ ညမှာ တစ်နပ်စားဖို့ လိုသေးတယ်။ ဒီလမ်းလာရတာ သိပ်ကိုပင်ပန်းသွားပြီ"

ဖရန့်ဟာ မျက်မှောင်ကုပ်ထားတယ်။ မိမိရဲ့ ကောင်းတဲ့နားကို တံခါးပေါ် ကပ်လိုက်ပြန်တယ်။ ကြိုးစား နားထောင်တယ်။ အခန်းထဲမှာ ခဏငြိမ်သွားတယ်။ ဒီနောက် ပိုးကောင်အမြီးလို့ အခေါ်ခံရတဲ့လူက စကားပြောပြန်တယ်။

"သခင်၊ ကျွန်တော် တစ်ခု မေးလို့ရမလား။ ကျွန်တော်တို့ ဒီမှာ ဘယ်လောက်ကြာ နေမှာလဲ"

"တစ်ပတ်" အေးစက်တဲ့အသံက ပြောတယ်။ "ဒီထက်လဲ ကြာချင်ကြာမယ်။ ဒီနေရာဟာ နေသာထိုင်သာရှိသား။ ပြီးတော့ ဟိုစီမံကိန်းကို အကောင်အထည်ဖော်လို့ မရသေးဘူး။ ခွေဒစ် ကမ္ဘာ့ဖလားပွဲ မပြီးခင် ကမန်းကတန်းလုပ်တာ မလိမ္မာဘူး"

ဖရန့်က သူ့လက်ချောင်းကြမ်းကြမ်း တစ်ချောင်းနဲ့ နားထဲထိုးပြီး ၃-၄ ချက် လှည့်လိုက်တယ်။ နားဖာချေးတွေ ပိတ်ဆို့နေလို့ထင်တယ်။ သူ "ခွေဒစ်" ဆိုတဲ့ ထူးဆန်းတဲ့ ဝေါဟာရကို ကြားရတယ်။ လုံးဝ စကားနဲ့မတူဘူး။

"ခွေ —— ခွေဒစ်ကမ္ဘာ့ဖလားပွဲလား၊ သခင်" ပိုးကောင်အမြီးက



ပြောတယ်။ (ဖရန့်ဟာ လက်ချောင်းနဲ့ နားကို ပိုပြီးကလော်နေတယ်။) "ခွင့်လွှတ်ပါ။ ဒါပေမယ့် ကျွန်တော် —— ကျွန်တော် နားမလည်ဘူး —— ကျွန်တော်တို့ဘာဖြစ်လို့ ခွေဒစ်ကမ္ဘာ့ဖလားပွဲ ပြီးဆုံးတဲ့ထိ စောင့်ရတာလဲ"

"ငအ၊ ဒီအချိန်မှာ မှော်ဆရာတွေဟာ ကမ္ဘာအရပ်ရပ်ကနေ ဒီနိုင်ငံကို ဝင်လာကြတယ်။ မှော်ဝန်ကြီးဌာနက စပ်စုတဲ့ငနဲတွေ အကုန်ထွက်လာကြပြီး ကင်းစောင့် ကင်းလှည့်လုပ်တယ်။ ထူးခြားတဲ့ လှုပ်ရှားမှု ရှိမရှိ သတိထားတယ်။ လူတိုင်းကို ဘယ်သူ ဘယ်ဝါဆိုတာ သေချာစစ်ဆေးတယ်။ သူတို့ဟာ လုံခြုံရေး၊ လုံခြုံရေးပဲ သိတယ်။ မတ်ဂေါ်တွေ တစ်ခုခုကို သတိထားမိမှာ သိပ်စိုးတယ်။ ဒါကြောင့် ငါတို့ စောင့်ကို စောင့်ရမယ်"

ဖရန့် နားမကော်တော့ဘူး။ သူဟာ "မှော်ဝန်ကြီးဌာန"၊ "မှော်ဆရာ"နဲ့ "မတ်ဂေါ်" ဆိုတဲ့ စကားလုံးတွေကို အတိအကျ ကြားခဲ့ရပြီ။ ထင်ရှားတာက ဒီစကားလုံးတွေဟာ လျှို့ဝှက်ဆန်းကြယ်တဲ့သဘော ပါတယ်။ ပြီးတော့ ဖရန့်သိသလောက် လူနှစ်မျိုးကသာ ဒီစကားလုံးတွေ ပြောတတ်တယ်။ လျှို့ဝှက်င်ယောက်နဲ့ ရာဇဝတ်သား။ ဖရန့်ဟာ တုတ်ကောက်ကို ပိုပြီး တင်းတင်းဆုပ်ထားတယ်။ ပိုပြီး အာရုံစူးစိုက် နားထောင်နေတယ်။

"ဒီလိုဆိုရင်၊ သခင့်စိတ်ဆုံးဖြတ်ချက် မပြောင်းဘူးပေါ့" ပိုးကောင်အမြီးက တိုးတိုးမေးတယ်။

"ဘယ်ပြောင်းမလဲ၊ ပိုးကောင်အမြီး" အခု အဲဒီ အေးစက်တဲ့ အသံထဲမှာ ခြိမ်းခြောက်တဲ့လေသံ ပါလာတယ်။

ဒီနောက် ခဏတာ တိတ်ဆိတ်သွားတယ် —— ဒီနောက် ပိုးကောင်အမြီး စကားပြောတယ်။ သူ့စကားဟာ အပြင်းစီးနေတဲ့ ချောင်းရေလို သူ့ပါးစပ်ထဲက တိုးထွက်လာတယ်။ မိမိကို သတ္တိမကုန်ဆုံးခင်မှာ စကားပြီးအောင်ပြောဖို့ ကြိုက်တွန်းနေသလိုပဲ။

"ဟယ်ရီ-ပေါ်တာ မပါဘဲနဲ့လဲ ဖြစ်မြောက်မှာလား၊ သခင်"

တစ်ခါ တိတ်ဆိတ်သွားပြန်တယ်။ ခုနကထက် အချိန်ပိုကြာတယ်။ ဒီနောက် ——

"ဟယ်ရီ-ပေါ်တာမပါရင်?"ဒုတိယအသံက မေးတယ်။ "ငါနားလည်ဘယ်. . . ."

"သခင်၊ ကျွန်တော် ဒီစကားပြောတာ ဟိုကောင်လေးကို အရေးထား

www.burmeseclassic.com



လို့ မဟုတ်ပါဘူး" ပိုးကောင်အမြီးက ပြောတယ်။ သူ့အသံ ရုတ်တရက်မြင့်လာတယ်။ နားစူးမတတ်ပဲ။ "ကျွန်တော် အဲဒီကောင်လေးကို အရေးမထားပါဘူး။ လုံးဝကို အရေးမထားဘူး။ ကျွန်တော်တွေးတာက တကယ်လို့ ကျွန်တော်တို့ တခြားမော်ဆရာ ကို အသုံးပြုရင် —— ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် —— ကိစ္စဟာ အမြန်လုပ် အမြန်ပြီးသွားလိမ့်မယ်။ သင် ကျွန်တော့်ကို ခဏလောက် ထွက်ခွာခွင့်ပြုရင် —— ကျွန်တော်ဟာ မိမိကိုယ်မိမိ ကြိုက်သလို အနေယောင်ဆောင်နိုင်တာ သင်သိပါတယ် —— ကျွန်တော်နှစ်ရက်အတွင်း ဒီပြန်ရောက်လာမယ်။ သင့်တော်တဲ့ လူတစ်ယောက်ကို ခေါ်လာခဲ့မယ် ——"

"ငါ တခြားမော်ဆရာကို အသုံးပြုနိုင်ပါတယ်" အဲဒီ အေးစက်တဲ့အသံက ညင်သာစွာ ပြောတယ်။ "ဒီအကြံ မဆိုးဘူး. . . ."

"သခင်၊ ဒါ ကျိုးကြောင်းဆီလျော်ပါတယ်" ပိုးကောင်အမြီးက ပြောတယ်။ လေသံက အများကြီး ပေါ့ပါးသွားတယ်။ "ဟယ်ရီ-ပေါ်တာကို သွားလုပ်ကြံဖို့ သိပ်ခက်ခဲတယ်။ သူ့အခု တင်းကြပ်စွာ ကာကွယ်ထားခံရတယ် ——"

"ဒါကြောင့် မင်းက ငါ့ကို အစားထိုးစရာ ရှာပေးမယ်လို့ တမင်တင်ပြတာလား။ ငါထင်တယ်. . . . ငါ့ကို ပြုစုရတဲ့အလုပ်က မင်းကို ငြီးငွေ့စေတယ်ထင်တယ်။ ဟုတ်လား၊ ပိုးကောင်အမြီး။ မင်းက မူလစီမံကိန်းကို စွန့်လွှတ်ဖို့ အကြံပြုတာ ငါ့ကို ပစ်ထားချင်လို့လား"

"သခင့်၊ ကျွန်တော် —— ကျွန်တော် သင့်ကို ခွဲခွာချင်တဲ့စိတ် မရှိဘူး၊ ရှိကို မရှိပါဘူး ——"

"ငါ့ကို မညာနဲ့" ဒုတိယအသံက တရှိုရှိုနဲ့ ပြောတယ်။ "ငါ အားလုံးသိတယ်၊ ပိုးကောင်အမြီး။ ငါ့ဆီပြန်လာတာကို မင်းတစ်လျှောက်လုံး နောင်တရနေတယ်။ ငါက မင်းကို ငြီးငွေ့စေတယ်။ မင်း ငါ့ကိုမြင်တာနဲ့ တွန့်ဆုတ်တာသိတယ်။ မင်း ငါ့ကို ထိတွေ့လိုက်တာနဲ့ တစ်ကိုယ်လုံး တုန်ယင်နေတာ ငါခံစားရတယ် ——"

"ဒီလို မဟုတ်ပါဘူး။ ကျွန်တော် သခင့်ကို သစ္စာ အမြဲရှိနေပါတယ်"

"လိမ်ပြောတာ" ဒုတိယအသံက တိုးတိုးပဲပြောတယ်။ "ငါတောင့်တင်းမလာဘူး။ ရက်အနည်းငယ်အတွင်းမှာပဲ မင်း ငါ့ကို ဖြစ်သလိုပြုစုလို့ ရရှိတဲ့ အတွင်းအားတွေ ပျောက်ကုန်လိမ့်မယ်။ တိတ်တိတ်နေ"

အ,ထစ် အ,ထစ်၊ အမြီးအမောက်မတည့် ဘာတွေပြောနေမှန်းမသိ



ဘဲ ပိုးကောင်အမြီးဟာ ဒီအချိန်မှာ ချက်ချင်း ငြိမ်သက်သွားတယ်။ အဲဒီ စက္ကန့်အနည်းငယ်အတွင်းမှာ ဖရန့်ဟာ မီးတောက် တစ်ဖျစ်ဖျစ်တောက်သံပဲ ကြားတယ်။ ဒီနောက် ဒုတိယအသံက စကားပြောပြန်တယ်။ အသံ အလွန်နိမ့်တယ်။ အာလုတ်ထဲက ထွက်လာတဲ့ တရှိုရှိုသံလိုပဲ။

" ငါ ဟိုကောင်လေးကို အသုံးပြုတာဟာ ငါ့အကျိုးအကြောင်းနဲ့ ငါရှိတယ်။ ငါ မင်းကို ရှင်းပြပြီးပြီ။ ငါတခြားလူကို သုံးမှာ မဟုတ်ဘူး။ ငါ ဆယ့်သုံးနှစ်တောင် စောင့်ခဲ့ပြီးပြီ။ နောက်ထပ် လအချို့စောင့်ရလဲ အရေးကြီးဘူး။ ဟိုကောင်လေးကို တင်းကြပ်စွာ ကာကွယ်ထားတာနဲ့ ပတ်သက်ပြီး ငါစီမံကိန်းက အကျိုးရရှိလိမ့်မယ်လို့ ငါ ယုံကြည်တယ်။ အခု မင်းဆီက သတ္တိနည်းနည်းပဲ လိုတော့တယ် ပိုးကောင် အမြီး —— မင်း သတ္တိရှိဖို့လိုတယ်၊ မင်း ဗိုလ်ဒီမွန့် ဒေါသထတာကို ခံစားကြည့်ချင်ရင်တော့ တစ်မျိုးပေါ့ ——"

"သခင်၊ ကျွန်တော် စကားတစ်ခွန်း ပြောပါရစေ" ပိုးကောင်အမြီးက ပြောတယ်။ အသံထဲမှာ စိုးထိတ်မှုပါနေတယ်။ "ကျွန်တော်တို့လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ကျွန်တော် အဲဒီစီမံကိန်းကို အပြန်အလှန် တွက်ချက် ကြည့်တယ် —— သခင်၊ ဘာသာ-ဂျော်ကင်စ် ပျောက်ဆုံးတာကို လူတွေ ချက်ချင်းသတိပြုမိလိမ့်မယ်။ ကျွန်တော်တို့ ဆက်လုပ်ရင်၊ တကယ်လို့ ကျွန်တော်သတ်လိုက်ရင် ——"

"တကယ်လို့?" ဒုတိယအသံက နားနားကပ်ပြောသလိုပြောတယ်၊ "တကယ်လို့? မင်း ငါ့စီမံကိန်းအတိုင်း လုပ်ရင် ပိုးကောင်အမြီး၊ မော်ဝန်ကြီးဌာနက နောက်ထပ် ဘယ်သူသေတယ်ဆိုတာ ဘယ်တော့မှ သိမှာမဟုတ်ဖူး။ မင်းတိတ်တိတ်သွားလုပ်။ ပြူးတူးပြဲတဲ မလုပ်နဲ့။ ငါက ငါကိုယ်တိုင် လုပ်ချင်တာ၊ ဒါပေမယ့် ငါ့ လက်ရှိအခြေအနေက . . . . လာဦး၊ ပိုးကောင်အမြီး။ နောက်ထပ် လူတစ်ယောက်သေရင်၊ ငါတို့ ဟယ်ရီ-ပေါ်တာဆီ ရောက်မယ့်လမ်းမှာ အတားအဆီးမရှိတော့ဘူး။ ငါ မင်းကို တစ်ယောက်တည်း လှုပ်ရှားဖို့ မတောင်းဆိုဘူး၊ အဲဒီအချိန်ရောက်ရင် ငါ့ကို သစ္စာရှိတဲ့ အစေအပါးတွေဟာ ငါတို့ဆီ ပါဝင်လာလိမ့်မယ် ——"

"ကျွန်တော်ဟာ သစ္စာရှိတဲ့ အစေအပါးပါပဲ" ပိုးကောင်အမြီးက ပြောတယ်။ သူ့အသံထဲမှာ မကျေနပ်သံ ရေးရေးလေးပါနေတယ်။

"ပိုးကောင်အမြီး၊ ငါ ဦးနှောက်ရှိတဲ့လူတစ်ယောက် လိုတယ်။ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ သစ္စာရှိပြီး ဘယ်တော့မှ မယိမ်းယိုင်တဲ့လူ။ မင်းကတော့ သိပ်ကို ကံမကောင်းစွာပဲ ဒီအချက်နှစ်ချက်နဲ့ မညီညွတ်ဖူး"

"ကျွန်တော် သင့်ကို လိုက်ရှာတာပါ" ပိုးကောင်အမြီးက ပြောတယ်။ မကျေမနပ်သံ ပေါ်လွင်နေတယ်။ "ကျွန်တော် သင့်ကို ရအောင်ရှာတာပါ။ ကျွန်တော်ပဲ ဘာသာ-ဂျော်ကင်စ်ကို သင့်ထံခေါ်လာပေးတာပါ"

"ဒါတော့ အမှန်ပဲ" ဒုတိယယောကျ်ားက သရော်တော်တော်လေသံနဲ့ ပြောတယ်။ "မင်း ဒီလို ဉာဏ်ရှိတဲ့စကား ပြောနိုင်မယ်ဆိုတာ တကယ့်ကို မတွေးမိဘူး၊ ပိုးကောင်အမြီး —— ဒါပေမယ့် အမှန်ပြောရရင် မင်း ဟိုမိန်းမကို ဖမ်းလာတုန်းက သူမ ဘယ်လောက် အသုံးဝင်တယ်ဆိုတာ မသိပါဘူး။ ဟုတ်တယ် မဟုတ်လား"

"ကျွန်တော် —— ကျွန်တော် သူမ အသုံးဝင်မယ်ဆိုတာ သိပါတယ်။ သခင် ——"

"လိမ်ပြောတာ" ဒုတိယအသံက ပြောတယ်။ အေးစက်စက် သရော်သံ ပိုပေါ်လွင်လာတယ်။ "ဒါပေမယ့် သူမဆီကရတဲ့သတင်း သိပ်တန်ဖိုးရှိတယ်ဆိုတာ ငါမငြင်းပါဘူး။ အဲဒီသတင်းသာ မရရင် ငါတို့စီမံကိန်းကို ငါတွေးလို့ ရမှာမဟုတ်ဘူး။ ဒါအတွက်တော့ ပိုးကောင်အမြီး၊ မင်း ဆုချခံရမှာပါ။ မင်းကို ငါ့အတွက် အလွန်အရေးကြီးတဲ့ တာဝန်တစ်ရပ် ထမ်းဆောင်ဖို့ ငါခွင့်ပြုတယ်။ အဲဒါကို ငါ့နောက်လိုက် အများအပြား အလုအယက် ထမ်းဆောင်ချင်ကြတာ. . . ."

"ဟုတ် ——ဟုတ်လား၊ သခင်။ ဘာ ——" ပိုးကောင်အမြီးရဲ့ အသံဟာ ချောက်ချားလာပြန်တယ်။

"အား၊ ပိုးကောင်အမြီး။ မင်းက မမျှော်လင့်တဲ့မင်္ဂလာကို ဖျက်ဆီးချင်လို့လား။ နောက်ဆုံးမှ မင်းအလှည့်ကျမှာ. . . . ဒါပေမယ့် ငါမင်းကို ကတိပေးပါတယ်။ မင်းဟာ ဘာသာ-ဂျော်ကင်စ်လို အသုံးကျမှာပါ"

"သင်. . . . သင်" ပိုးကောင်အမြီးရဲ့အသံဟာ ရုတ်တရက် ပြာတာတာ ဖြစ်သွားတယ်။ သူ့ပါးစပ်ဟာ အလွန်ခြောက်နေသလိုပဲ။ "သင်. . . . သင်က. . . . ကျွန်တော့်ကို သတ်ပစ်မလို့လား"

"ပိုးကောင်အမြီး၊ ပိုးကောင်အမြီး" အေးစက်တဲ့အသံက ပျော့ပျောင်းစွာပြောတယ်။ "ငါ ဘာဖြစ်လို့ မင်းကိုသတ်ရမှာလဲ။ ငါ ဘာသာ-ဂျော်ကင်စ်ကို



တတ်သာလို့ သတ်ရတာ။ ငါ စစ်မေးပြီးနောက် သူမ အသုံးမကျတော့ဘူး။ ဘဝ အသုံးမကျတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ခွင့်ရက်အတွင်း မင်းနဲ့ဆုံတွေ့ခဲ့ သတင်းကို မှော်ဝန်ကြီးဌာနသို့ သူမကသာ သယ်ဆောင်သွားခဲ့ရင် လူတွေဟာ မြေရကြပ်မယ့်မေးခွန်းတွေ ထုတ်လာလိမ့်မယ်။ မူလကတည်းက သေသင့်တဲ့ မှော်ဆရာဟာ လမ်းဘေးတည်းခိုခန်းမှာ မှော်ဝန်ကြီးဌာနက မှော်ဆရာမနဲ့ တွေ့ဆုံသင့်ဘူး. . . ."

ပိုးကောင်အမြီးဟာ တစ်ခုခု ရေရွတ်လိုက်တယ်။ အသံက သိပ်တိုးတဲ့အတွက် ဖရန့် မကြားလိုက်ဖူး။ ဒါပေမယ့် သူ့စကားကြောင့် ဒုတိယယောကျ်ားဟာ တဟားဟား ထရယ်ပါတော့တယ် —— သူ့ရယ်သံဟာ အလွန်တရာ ကောက်ကျစ်စဉ်းလဲတဲ့ ရယ်သံ။ သူပြောတဲ့စကားသံလိုပဲ လူကို အေးစက်သွားစေတယ်။

"ကျုပ်တို့ သူမမှတ်ဉာဏ်ကို ပြုပြင်ပစ်လို့ရသားနဲ့ ဟုတ်လား။ ဒါပေမယ့် အားကောင်းတဲ့ မှော်ဆရာနဲ့ တွေ့ရင်တော့ မေ့ပျောက်ဂါထာက အသုံးမကျတော့ဘူး။ ဒါကို ငါ သူမကို စစ်မေးစဉ် သက်သေပြနိုင်ခဲ့ပြီ။ သူမဆီက ရတဲ့သတင်းကို အသုံးမပြုရင် သူမရဲ့မှတ်ဉာဏ်ကိုလဲ စော်ကားရာကျတာပဲ၊ ပိုးကောင်အမြီး"

အပြင်ဘက် စင်္ကြံထဲမှာ ဖရန့်ဟာ မိမိဆုပ်ကိုင်ထားတဲ့ တုတ်ကောက်ချွေးတွေ ရွှဲနေတာ ရုတ်တရက်သိလိုက်တယ်။ အေးစက်တဲ့အသံရှိတဲ့ ယောကျ်ားဟာ မိန်းမတစ်ယောက်ကို သတ်ပစ်လိုက်တယ်။ သူ ဒီအကြောင်းကို ပြောတဲ့အခါမှာ နည်းနည်းမှ နောင်တရပုံ မပေါ်ဘူး။ သရော်တဲ့လေသံနဲ့ ပြောတာ။ ဒီလူ အလွန်အန္တရာယ်ရှိတယ် —— အရူးအမူးဖြစ်နေတဲ့လူ။ သူ ဒီထက် လူတွေပိုသတ်ဖို့ စီစဉ်နေသေးတယ်—— ဟိုကောင်လေး၊ ဟယ်ရီ-ပေါ်တာလို့ ခေါ်တဲ့ကောင်လေး။ ဘယ်သူမှန်း မသိဘူး —— အခု အန္တရာယ်ထဲ ကျရောက်နေပြီ——

ဖရန့်ဟာ သူဘာလုပ်ရမယ်ဆိုတာ သိပြီ။ ဒီအချိန်မှာ ရဲကိုခေါ်မှ ဖြစ်မယ်။ သူ အိမ်ဟောင်းကြီးက တိတ်တိတ်ထွက်ပြေးပြီး ရွာထဲက ဖုန်းဆိုင်ကို ပြေးမှ ဖြစ်မယ်. . . ဒါပေမယ့် အဲဒီအေးစက်တဲ့အသံက စကားပြောပြန်တယ်။ ဖရန့်ဟာ နေရာတွင် ရပ်ပြီးနေတယ်။ အေးခဲနေသလိုပဲ။ အာရုံကို ကြိုးစားပြီး စိုက် နားထောင်နေတယ်။

"နောက်ထပ် လူတစ်ယောက်သတ်. . . . ငါ့ရဲ့ ယောဂီဝပ်က သစ္စာရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ ဘွန်. . . . ဟယ်ရီ-ပေါ်တာတော့ သွားတော့မှာပါ၊ ပိုးကောင်အမြီး။ ဒီဘိုင်းဆုံးဖြတ်။ ဘာမှ ပြောစရာမလိုတော့ဘူး။ နေဦး။ မင်းတိတ်တိတ်နေ. . . . ငါ နာဂိနီ့အသံ ကြားရသလိုပဲ. . . . "

ဒီအချိန်မှာ ဒုတိယယောက်ျားရဲ့ အသံ ပြောင်းသွားတယ်။ သူဟာ ဖရန့် ဘယ်တုန်းကမှ မကြားဖူးတဲ့အသံ ထွက်လာတယ်။ သူ့ဆီက တရှီရှီ တဂွီဂွီသံတွေ မနားတမ်းပေါ်ထွက်လာတယ်။ ဖရန့်ကတော့ သူရောဂါထနေပြီလို့ ထင်တယ်။

ဒီအချိန်မှာပဲ ဖရန့်ဟာ သူ့ကျောဘက် မှောင်မည်းတဲ့ စင်္ကြံဆီက လှုပ်ရှားသံ ကြားလိုက်တယ်။ သူ လှည့်ကြည့်လိုက်တယ်။ လန့်ပြီး ငိုင်ရပ်နေတယ်။

အရာတစ်ခု မှောင်မည်းတဲ့ စင်္ကြံကို တရှစ်ရှစ်လျှောဖြတ်ပြီး သူ့ဆီလာနေတယ်။ အဲဒီအရာ တံခါးအဟာမှ ထွက်လာတဲ့ မီးလင်းဖိုက မီးရောင်နဲ့ နီးကပ်လာတဲ့အခါမှာ သူ အထိတ်တလန့် တွေ့ရှိတာကတော့ အနည်းဆုံးဆယ့်နှစ်ပေခန့်ရှိတဲ့ ရောမမြွေကြီး။ ဖရန့်ဟာ လန့်ပြီး သစ်ငုတ်တိုလို ဖြစ်နေတယ်။ နေရာတွင်ရပ်ပြီး မြွေကြီးရဲ့ လှိုင်းလိုနိမ့်ချည်မြင့်ချည်ဖြစ်နေတဲ့ ကိုယ်ခန္ဓာကြီးကို ကြည့်နေတယ်။ ကြမ်းပြင်ပေါ်ရှိ ဖုန်ထူထူပေါ်မှာ ကွေ့ကောက်ပြီး ကျယ်ပြောတဲ့ အရာတွေ ကျန်ရစ်ခဲ့တယ်။ တဖြည်းဖြည်း နီးသထက်နီးလာပြီ —— သူ ဘယ်လို လုပ်ရမလဲ။ သူ ထွက်ပြေးမယ်ဆိုရင်လဲ ဟိုယောက်ျားနှစ်ယောက် လူသတ်ဖို့ ကြံစည်နေတဲ့ အခန်းထဲကိုပဲ ပြေးဖို့ရှိတယ်။ တကယ်လို့ နေရာတွင် ဆက်နေခဲ့ရင် အဲဒီမြွေက သူ့ကို ကိုက်သတ်မှာ သေချာတယ် ——

သူ ဘာလုပ်ရမှန်း မသိသေးခင်မှာပဲ ရောမမြွေကြီးဟာ သူ့ရှေ့ကို ရောက်နေပြီ။ ဒီနောက် ထူးဆန်းစွာပဲ မယုံကြည်နိုင်စရာ လျှောဖြတ်သွားတယ်။ ၎င်းဟာ တံခါးအတွင်းက အေးစက်တဲ့ တရှီရှီ တဂွီဂွီသံဆီ လိုက်သွားတယ်။ စက္ကန့်အနည်းငယ် ကြာတော့ ၎င်းရဲ့ စိန်ဒီဇိုင်းပါတဲ့ အမြီးဟာ တံခါးအဟာထဲမှာ ပျောက်သွားတယ်။

ဒီအချိန်မှာ ဖရန့်နဖူးမှာ ချွေးစီးတွေ ထွက်နေတယ်။ တုတ်ကောက်ကိုင်ထားတဲ့လက်ဟာ မနားတမ်း တုန်ခံနေတယ်။ အခန်းထဲမှာတော့ ဟိုအေးစက်တဲ့ အသံဟာ ဆက်လက်ပြီး တရှီရှီမြည်နေတယ်။ ဖရန့်မှာ ရုတ်တရက် ထူးဆန်းတဲ့ အတွေးတစ်ခု ပေါ်လာတယ်။ မဖြစ်နိုင်တဲ့အတွေး. . . . ဒီ



လူဟာ မြွေနဲ့စကားပြောနိုင်တယ်။

ဒါတွေအားလုံး ဘာတွေဖြစ်နေတာလဲဆိုတာ ဖရန့်မသိဘူး၊ အခု သူသိပ်တောင့်တတာကတော့ ရေနွေးအိတ်ကိုပိုက်ပြီး ခုတင်ပေါ် ပြန်သွားချင်တာပဲ။ ခက်တာက သူ့ခြေနှစ်ချောင်းဟာ မရွေ့လျားချင်သလိုပဲ။ သူနေရာတွင်ရပ်ပြီး တုန်ခါနေတယ်။ သူဟာ မိမိကိုယ်မိမိ ချုပ်ထိန်းဖို့ ကြိုးစားတယ်။ အဲဒီအချိန်မှာပဲ ဟို အေးစက်တဲ့အသံဟာ လူစကား ပြောလာပြန်တယ်။

"နာဂိနီ စိတ်ဝင်စားစရာသတင်းတစ်ခု ယူလာတယ်၊ ပိုးကောင်အမြီး" အဲဒီအသံက ပြောတယ်။

"ဟုတ် —— ဟုတ်လား။ သခင်" ပိုးကောင်အမြီးက ပြောတယ်။

"ဟုတ်တာပေါ့" အဲဒီအသံက ပြောတယ်။

"နာဂိနီအဆိုအရ မတ်ဂေါ်အိုကြီးတစ်ယောက် အခု ဒီအခန်း အပြင်ဘက်မှာ ရပ်နေတယ်။ ငါတို့ပြောသမျှအားလုံး နားထောင်နေတယ်"

ဖရန့်မှာ ပုန်းလျှိုးဖို့ အခွင့်အရေး မရှိတော့ဘူး။ အတွင်းကခြေသံ ပေါ်လာတယ်။ တဆက်တည်း အခန်းတံခါး ပွင့်သွားတယ်။

ဖရန့်ရှေ့မှာ ထိပ်ပြောင်တဲ့ယောက်ျားပုပုတစ်ယောက် ရပ်နေတယ်။ ဖွာဖွေးတဲ့ဆံပင်၊ ချွန်တဲ့နှာခေါင်း၊ မျက်စိသေးသေးတစ်စုံ အရောင်လက်နေတယ်။ သူ့မျက်နှာပေါ်မှာ ထိတ်လန့်ပြီး စိုးရိမ်တဲ့အမူအရာ ရှိတယ်။

"သူ့ကို အတွင်းဖိတ်ခေါ်လိုက်၊ ပိုးကောင်အမြီး။ မင်း ယဉ်ကျေးမှုနားမလည်ဘူးလား"

အဲဒီ အေးစက်တဲ့အသံဟာ မီးလင်းဖိုရှေ့က လက်တန်းပါ ရှေးထိုင်ခုံထဲက ထွက်လာတာ။ ဒါပေမယ့် ဖရန့်ဟာ စကားပြောတဲ့လူကို မမြင်ရဘူး၊ ဟိုမြွေကြီးကတော့ မီးလင်းဖိုရှေ့ရှိ ကော်ဇောစုတ်ပေါ်မှာ ခွေနေပြီ။ ကြောက်စရာကောင်းတဲ့ အချစ်တော်ခွေးတစ်ကောင်နဲ့ တူနေတယ်။

ပိုးကောင်အမြီးက ဖရန့်ကိုအခန်းထဲဝင်ဖို့ ပြတယ်။ ဖရန့်ဟာ ဘစ်ကိုယ်လုံး ပြင်းပြင်းထန်ထန် တုန်နေပေမယ့် တုတ်ကောက်ကို တင်းတင်းဆုပ်ပြီး ထော့နဲ့ထော့နဲ့ နဲ့ တံခါးအဆင့်ကို ခွကျော်ခဲ့တယ်။

မီးဖိုကမီးဟာ အခန်းထဲမှာ တစ်ခုတည်းသော အလင်းရောင်ဖြစ်တယ်။ ၎င်းက ပင့်ကူအိမ်သဏ္ဌာန် အရိပ်ရှည်ရှည်ကို နံရံပေါ် ကျရောက်စေတယ်။ ဖရန့်ဟာ လက်တန်းကုလားထိုင်ကျောမှီကို ပိုက်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ထိုင်နေသူဟာ ၎င်းရဲ့ကျွန် ပိုးကောင်အမြီးထက် ပုသေးသလိုပဲ။ ဖရန့်ဟာ ၎င်းရဲ့နောက်စေ့ကိုတောင် မမြင်ရဘူး။

"မင်း ဘာမဆို ကြားသွားပြီပေါ့၊ မတ်ဂေါ်" အဲဒီအေးစက်တဲ့အသံက မေးတယ်။

"ခင်ဗျား ကျုပ်ကို ဘာလို့ခေါ်တယ်?" ဖရန့်က တင်းမာစွာ ပြောတယ်။ အခု သူ အခန်းထဲ ဝင်လာခဲ့ပြီ။ တစ်ခုခု လုပ်မှဖြစ်မယ်ဆိုရင် သူ သတ္တိပိုကြီးလာတယ်။ စစ်မြေပြင်မှာ အမြဲလို ဒီအခြေအနေမျိုးရှိတယ်။

"ငါက မင်းကို မတ်ဂေါ်လို့ခေါ်တာ" အဲဒီအေးစက်တဲ့အသံက ပြောတယ်။ "ဆိုလိုတာက မင်း မှော်ဆရာတစ်ယောက် မဟုတ်ဖူး"

"ခင်ဗျားပြောတဲ့ မှော်ဆရာဆိုတာ ဘာအဓိပ္ပာယ်မှန်း ကျုပ်မသိဘူး" ဖရန့်က ပြောတယ်။ သူ့အသံဟာ ကြာလေ တည်ငြိမ်လာလေပဲ။ "ကျုပ်သိတာက ဒီည ကျုပ် ကြားရတဲ့အသံဟာ ပုလိပ်တွေ စိတ်ဝင်စားဖို့ လုံလောက်နေပြီ။ ခင်ဗျားတို့ လူသတ်တယ်။ နောက်ထပ် လူသတ်ဖို့ကြံစည်နေကြတယ်။ ကျုပ် ခင်ဗျားကို ပြောပြရဦးမယ်" သူဟာ ရုတ်တရက် အကြံရလိုက်ပြီး ပြောတယ်။ "ကျုပ် အဘွားကြီး ကျုပ် ဒီ လာတာ သိတယ်။ ကျုပ် ပြန်မသွားရင် —"

"မင်းမှာ အဘွားကြီး မရှိဘူး" အဲဒီအေးစက်တဲ့အသံက နေးကွေးစွာ ပြောတယ်။ "မင်း ဒီရောက်နေတာ ဘယ်သူမှမသိဘူး။ မင်းဒီလာတယ်ဆိုတာ မင်း ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ မတ်ဂေါ်။ ဆရာကြီး ဗိုလဒီမွန့်ကို လိမ်မပြောနဲ့။ သူ ဘာမဆိုသိတယ်. . . . ဘာမဆို သိတယ်. . . ."

"မင်း ဘာပြောတယ်?" ဖရန့်က ကြမ်းတမ်းစွာပြောတယ်။ "ဆရာကြီး၊ ဟုတ်လား။ ဟင်း၊ ခင်ဗျားအပြုအမူက သိပ်ဟန်မကျဘူးလို့ ကျုပ်ထင်တယ်၊ ကျွန်တော့် ဆရာကြီး။ ခင်ဗျားဟာ ဘာဖြစ်လို့ ယောကျ်ားတစ်ယောက်လို ကျုပ်မျက်နှာကို လှည့် ကြည့်မနေတာလဲ"

"ကျုပ် လူမဟုတ်လို့ပဲ၊ မတ်ဂေါ်" အဲဒီအေးစက်တဲ့အသံက ပြောတယ်။ အသံက အလွန်နိမ့်တယ်။ မီးဖိုက တဖျစ်ဖျစ်အသံက ဖုံးလွှမ်းမတတ်ဘဲ။ "ကျုပ်က လူထက် အများကြီးသာတယ်။ ဒါပေမယ့်. . . . ကောင်းပြီ။ ကျုပ် မင်းနဲ့ ရင်ဆိုင်လိုက်မယ်. . . . ပိုးကောင်အမြီး လာ ငါ့ခုံကို လှည့်ပေးစမ်း"

ကျွန်က တဟင့်ဟင့် ငိုသံ ထွက်လာတယ်။



"မင်းကြားသလား၊ ပိုးကောင်အမြီး"

ပုပုယောကျ်ားဟာ ငိုမဲ့တဲ့မျက်နှာနဲ့ သူမလုပ်ချင်တဲ့ ကိစ္စဟာ သူ့သခင် အနား ကပ်ရတာ၊ ဟိုမြွေခွေနေတဲ့ ကော်ဇောနား ကပ်ရတာလိုပဲ။ သူဟာ ဖြည်းဖြည်း ရှေ့တိုးသွားပြီး လက်တန်းကုလားထိုင်ကို စတင်လှည့်ပေးတယ်။ ကုလားထိုင်ခြေထောက်နဲ့ ကော်ဇောတိုက်ခတ်တဲ့အခါမှာ နဂါးမြွေကြီးဟာ ၎င်းရဲ့အရုပ်ဆိုးတဲ့ တရိဂံပုံစံခေါင်းကို ထောင်မော့ပြီး တရှီရှီသံ တိုးတိုး ထွက်လာတယ်။

အခု ကုလားထိုင်ဟာ ဖရန့်နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားပြီ။ အတွင်းမှာ ထိုင်နေတာ ဘာဆိုတာ သူမြင်ရပြီ။ တုတ်ကောက်ဟာ ဒက်ခနဲ ကြမ်းပေါ် ပြုတ်ကျသွားတယ်။ သူ ပါးစပ်ဟပြီး ကြောက်ရွံ့စွာ အော်ဟစ်လိုက်တယ်။ သူ အော်ဟစ်တဲ့အသံ သိပ်ကျယ်လွန်းလို့ ကုလားထိုင်ထဲက ဟိုအကောင် တုတ်မြောက်လိုက်ပြီး ဘာတွေ ပြောလိုက်မှန်း မသိလိုက်ဘူး။ ပြီးတော့ ဘယ်တော့မှလဲ ကြားရတော့မှာ မဟုတ်ဘူး။အစိမ်းရောင် လက်သွားတယ်။ ဝီးဝီးသံနဲ့အတူ ဖရန့်-ဘရိုက်စ် ကြမ်းပေါ် ပုံကျသွားတယ်။ ကြမ်းပေါ်မကျခင်မှာပဲ သူ အသက်ပျောက်သွားပြီ။ မိုင်နှစ်ရာဟိုဘက်မှာရှိတဲ့ ဟယ်ရီ-ပေါ်တာလို့ခေါ်တဲ့ ဟိုကောင်လေးဟာ အိပ်မက်ထဲက ဆတ်ခနဲ လန့်နိုးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ အမာရွတ်

ဟယ်ရီ-ပေါ်တာဟာ ခုတင်ပေါ်မှာ စန့်စန့်ကြီး လှဲနေတယ်။ ဟောဟဲ ဟောဟဲနဲ့ အသက်ပြင်းပြင်းရှူနေတယ်။ ခုနက တအားပြေးလာရသလိုပဲ။ သူဟာ အလွန်ရှင်းလင်းပြတ်သားတဲ့ အိပ်မက်ထဲက လန့်နိုးလာပြီး လက်နှစ်ဖက်နဲ့ မျက်နှာပေါ်ကို တင်းတင်းအုပ်ထားတယ်။ သူ့လက်ချောင်းတွေအောက်မှာ ဟို လျှပ်စီးလက်တဲ့ သဏ္ဌာန်ရှိတဲ့ အမာရွတ်ဟာ ပူစပ်နာကျင်နေတယ်။ တစ်ယောက်ယောက်က နီရဲနေတဲ့ သတ္တုကြိုးတစ်ချောင်းကို သူ့အသားပေါ် ကပ်လိုက်သလိုပဲ။

သူ ထထိုင်လိုက်တယ်။လက်တစ်ဖက်နဲ့ အမာရွတ်ကို အုပ်ထားတယ်။ ကျန်လက်တစ်ဖက်နဲ့ ခုတင်ခေါင်းရင်း ဗီရိုပုလေးပေါ်ရှိ မျက်မှန်ကို အမှောင်ထဲမှာ စမ်းနေတယ်။ သူမျက်မှန်တပ်လိုက်တယ်။ အခန်းထဲက အရာတွေ ရှင်းလင်းစွာ မြင်လာရတယ်။ ပြတင်းအပြင်ရှိ လမ်းမီးရောင်ဟာ ပြတင်းလိုက်ကာကို ဖောက်ပြီး အိမ်ခန်းကို မသဲမကွဲ လိမ္မော်ရောင် ဖျော့ဖျော့လေး လွှမ်းခြုံထားတယ်၊



ဟယ်ရီဟာ လက်ချောင်းနဲ့ အမာရွတ်ကိုစမ်းတယ်။ တအားနာမြဲနာနေတုန်းပဲ။ သူဟာ အနားရှိ စားပွဲတင်မီးကို ဖွင့်လိုက်ကာ ခုတင်ပေါ်က ဆင်းလိုက်တယ်။ အခန်းကိုဖြတ်လျှောက်ကာ အဝတ်ဗီရိုကို ဖွင့်လိုက်ပြီး ဗီရိုတံခါးအတွင်းဘက်ရှိ မှန်ကို ကြည့်လိုက်တယ်။ မှန်ထဲက အသက်(၁၄)နှစ် အရွယ်ပိန်ပိန်ကောင်လေးက သူ့ကိုကြည့်နေတယ်။ ကပိုကရို ဆံပင်နက် အောက်မှာက စိမ်းလက်တဲ့ မျက်လုံးအစုံ၊ နားမလည်နိုင်တဲ့ မျက်လုံးအစုံ။ ဟယ်ရီဟာ မှန်ထဲရှိ နဖူးပေါ်က အမာရွတ်ကို ပိုပြီး သေချာစွာ ကြည့်နေတယ်။ ဘာမှ ထူးခြားတာ မတွေ့ရဘူး။ ဒါပေမယ့် ဘဝင်ခိုက်အောင် နာကျင်နေဆဲပဲ။

ဟယ်ရီဟာ ခုနကမက်တဲ့ အိပ်မက်ထဲက အကြောင်းကို ကြိုးစားပြီး ပြန်စဉ်းစားတယ်။ အားလုံးရှင်းလင်းပြတ်သားတယ်. . . . လူနှစ်ယောက်ကို သူသိတယ်။ ကျန်တစ်ယောက်ကိုတော့ သူမသိဘူး. . . . သူဟာ မျက်မှောင်ကြုတ်ပြီး အတွေး စုစည်းကာ ပြန်လည် စဉ်းစားနေတယ်. . . .

သူ့မျက်စိရှေ့မှာ မှောင်မည်းတဲ့ အခန်းတစ်ခန်း မသဲမကွဲ ပေါ်လာတယ်. . . မီးလင်းဖိုရှေ့က ကော်ဇောပေါ်မှာ မြွေတစ်ကောင် ခွေနေတယ်. . . . အရပ်ပုပု ယောကျ်ားတစ်ယောက်။ နာမည်က ပီတာ။ ပြောင်ခေါ်တဲ့ နာမည်က ပိုးကောင်အမြီး . . . . အေးစက်စက်စူးရှတဲ့အသံတစ်ခု ရှိသေးတယ် . . . အဲဒါ ဆရာကြီး ဗိုလဒီမွန့် အသံ။ဟယ်ရီဟာ သူ့ကို တွေးမိတာနဲ့ ရေခဲတုံးဗိုက်ထဲကျသွားသလို ခံစားရတယ်။

သူမျက်လုံးကို တင်းတင်းမှိတ်ထားတယ်။ ဗိုလဒီမွန့် ပုံပန်းကို ကြိုးစားတွေးကြည့်တယ်။ ဒါပေမယ့် မရဘူး. . . . ဟယ်ရီသိတာက ဗိုလဒီမွန့်ရဲ့ထိုင်ခုံလှည့်လိုက်တော့၊ သူ ——ဟယ်ရီ—— ထိုင်ခုံထဲကဟာ ဘာလဲဆိုတာ မြင်တော့ သူအလွန့်အလွန် ကြောက်ရွံ့တုန်လှုပ်ပြီး လန့်နိုးလာတယ်. . . သူ့ အမာရွတ်က ရုတ်တရက် ထနာလာလို့လဲဖြစ်မယ်။

ပြီးတော့ ဟိုအဘိုးကြီးက ဘယ်သူလဲ။ ထိုစဉ်က အဘိုးကြီးတစ်ယောက်ရှိတာ သေချာတယ်။ သူကြမ်းပေါ်လဲကျသွားတာ ဟယ်ရီမြင်ရတယ်။ ကြာလေရှုပ်လေပဲ။ ဟယ်ရီဟာ မျက်နှာကို လက်ထဲအပ်ထားတယ်။ မိမိကိုယ်မှိန်အိမ်ခန်းထဲကအရာကို မမြင်အောင် လုပ်တယ်။ ဟိုအလင်းရောင်မှိန်မှိန် အခန်းထဲ နစ်ဝင်အောင် အတင်း ကြိုးစားတယ်။ သို့ပေမယ် လက်နှစ်ဖက်နဲ့ ရေကိုပေးယူသလိုပဲ အသေးစိတ် အဖြစ်အပျက်ကို သူဆုပ်ကိုင်ချင်ပါလေ ၎င်းတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ချောင်းကြားကနေ အလျင်အမြန် ထွက်ပြေးသွားကြလေပဲ. . . . ဗိုလဒီမွန့်နဲ့ ပိုးကောင်အမြီးဟာ ခုနက သူတို့ လူတစ်ယောက် သတ်လိုက်တာ ပြောတယ်။ ဒါပေမယ့် ဟယ်ရီက အဲဒီနာမည်ကို မမှတ်မိတော့ဘူး . . . . သူတို့ဟာ တခြားလူတစ်ယောက်ကိုသတ်ဖို့ ကြံစည်နေတယ်. . . . အဲဒါ သူပဲ။

ဟယ်ရီဟာ မျက်နှာကို လက်နဲ့ခွာလိုက်တယ်။ မျက်လုံးဖွင့်ပြီး အိပ်ခန်းပတ်လည် စိုက်ကြည့်တယ်။ ထူးခြားတာများ တွေ့မယ် ထင်နေသလိုပဲ။ တကယ်ပဲ အခန်းထဲမှာ ထူးခြားတဲ့အရာတွေ ပြည့်နေတယ်။ သူ့ခုတင်ခြေရင်းမှာ သစ်သားသေတ္တာကြီး တစ်လုံး ရှိတယ်။ အဖုံးပွင့်နေပြီး အတွင်းက ဆေးကျိုအိုး၊ မိုးပျံတံမြက်စည်း၊ ဝတ်ရုံနက်နဲ့ ဂါထာစာအုပ်မျိုးစုံကို မြင်ရတယ်။ စားပွဲပေါ်မှာ ငှက်လှောင်အိမ်ကြီး တစ်လုံး ရှိတယ်။ ဟယ်ရီရဲ့ ဇီးကွက်ဖြူ ဟက်ဒဝစ်ဟာ ခါတိုင်း ဒီထဲမှာ နားနေတယ်။ စားပွဲရဲ့ကျန်နေရာမှာ သိုးရေစက္ကူလိပ်တချို့ ပစ်ချထားတယ်။ ခုတင်ဘေး ကြမ်းပေါ်မှာ ဖွင့်ထားတဲ့ စာအုပ်တစ်အုပ် ရှိတယ်။အဲဒါ မနေ့ညက ဟယ်ရီအိပ်ခါနီး ဖတ်တာ။ အဲဒီစာအုပ်ထဲက ရုပ်ပုံတွေဟာ အဆက်မပြတ် လှုပ်နေတယ်။ တောက်ပတဲ့ လိမ္မော်ရောင်တောက်တောက်ဝတ်ရုံ ဝတ်ဆင်ထားတဲ့ ကောင်လေးတွေဟာ မိုးပျံတံမြက်စည်းစီးပြီး တရှူးရှူး ဟိုဒီ ပျံသန်းနေတယ်။ အနီရောင်ဘောလုံး တစ်လုံးကို အပြန်အလှန် ပစ်ပေးနေတယ်။

ဟယ်ရီက လျှောက်သွားပြီး စာအုပ်ကို ကောက်ယူလိုက်တယ်။ မှော်ဆရာတစ်ယောက် ပေငါးဆယ်မြင့်တဲ့ ကွင်းဝိုင်းထဲကို ဘောလုံးပစ်သွင်း လိုက်တဲ့အတွက် လှလှပပကြီး တစ်မှတ်ရသွားတာ ကြည့်နေတယ်။ ချက်ချင်း ဟယ်ရီက စာအုပ်ကို ပိတ်လိုက်တယ်။ ခွေဒစ်ဖြိုင်ပွဲကို ကမ္ဘာပေါ်မှာ အပြောင်မြောက်ဆုံး အားကစားလို့ ဟယ်ရီက ထင်တယ်။ ဒါပေမယ့် ခုချိန်မှာ သူ့စိတ်ကိုမဆွဲဆောင်နိုင်တော့ဘူး။ သူဟာ အဲဒီ "အမြောက်တပ်ဖွဲ့နဲ့အတူ ပျံသန်းခြင်း" စာအုပ်ကို ခုတင်ခေါင်းရင်း ဗီရိုလေးပေါ် တင်လိုက်တယ်။ ပြတင်းရှေ့သွားကာ လိုက်ကာကိုဖွင့်ပြီး အောက်ဘက်ရှိလမ်းကို ကြည့်နေတယ်။

ရေဖယောင်းပင်လမ်းဟာ လေးစားစရာကောင်းတဲ့ ဆင်ခြေဖုံးလမ်းတစ်လမ်းရဲ့ တနင်္ဂနွေနေ့ လင်းအားကြီးအချိန် နာရီများမှာ ရှိသင့်တဲ့ ပုံမှန်အတိုင်း ရှိနေတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ပြတင်းလိုက်ကာ အားလုံး ပိတ်ထားတယ်။ ဟယ်ရီဟာ အမှောင်ထဲက လှမ်းကြည့်တယ်။ သက်ရှိအရာ



တစ်ခုမှ မမြင်ရဘူး။ ကြောင်ကလေး တစ်ကောင်ရဲ့ အရိပ်တောင် မမြင်ရဘူး။

သို့ပေမယ့်. . . . သို့ပေမယ့်. . . . ဟယ်ရီဟာ စိတ်မတည်မငြိမ်နဲ့ ခုတင်ဘေးကို ပြန်သွားပြီး ထိုင်လိုက်တယ်။ လက်တစ်ချောင်းနဲ့ သူ့အမာရွတ်ကို ပွတ်သပ်နေတယ်။ သူ စိတ်ဒုက္ခရောက်နေရတာဟာ အမာရွတ်က နာကျင်လို့ မဟုတ်ဘူး။ ဟယ်ရီဟာ နာကျင်ခြင်းနဲ့ ဒဏ်ရာရခြင်းကို ကျင့်သားရနေပြီ။ တစ်ကြိမ်မှာ သူ့ညာဘက် လက်မောင်းထဲက အရိုးတွေအားလုံး ပျောက်သွားဖူးတယ်။ တစ်ခါ တစ်ညတာအတွင်း အားလုံး ပြန်ပေါက်လာခဲ့တယ်။ အဲဒါဟာ ရိုးတွင်းခြင်ဆီခိုက်အောင် နာကျင်တာ။ ဒီနောက် သိပ်မကြာဘူး၊ ဒီလက်ကိုပဲ တစ်ပေရှည်တဲ့ အဆိပ်သွား စူးဝင်တာ ခံရတယ်။ မနှစ်တုန်းကလဲ ဟယ်ရီ ပေငါးဆယ်အမြင့်ထိ ပျံတက်သွားစဉ် ပျံနေတဲ့တံမြက်စည်းပေါ်က ပြုတ်ကျလာတယ်။ သူ့အဖို့ ပြောရရင် ရှောင်တခင်ဒုက္ခနဲ့ အနာတရဖြစ်မှုဟာ ရိုးတောင်နေပါပြီ။ သင် ဟော့ဂ်ဝပ် မှော်ပညာသင်ကျောင်းမှာ နေခဲ့ပြီ။ ပြီးတော့ ဒုက္ခမျိုးစုံနဲ့ သဲ ရေစက်ရှိနေတယ်ဆိုတော့ ဒီ ရှောင်တခင်ဒုက္ခနဲ့ အနာတရဖြစ်မှုတွေကို ဘယ်လိုမှ ရှောင်ရှားနိုင်မှာ မဟုတ်ဘူး။

အရင်တစ်ခါ အမာရွတ်နာလာတာဟာ ဗိုလဒီမွန့် အနီးမှာရှိနေလို့၊ ဒီအချက် ကြောင့်ပဲ ဟယ်ရီ စိတ်မတည်မငြိမ်ဖြစ်တာ. . . . အခု ဗိုလဒီမွန့် ဒီမှာ မရှိနိုင်ဘူး. . . . ဗိုလဒီမွန့် ရေဖယောင်းပင်လမ်းမှာ ဝပ်လျှိုးနေတယ်ဆိုတဲ့အတွေးဟာ ယုတ္တိမရှိဘူး။ လုံးဝမဖြစ်နိုင်ဘူး. . . .

ဟယ်ရီဟာ ငြိမ်သက်တဲ့လေထုထဲမှာ အာရုံစိုက်နားထောင်တယ်။ လှေခါးပေါ်က တကျွီကျွီအသံ သို့မဟုတ် ခြုံထည်ကြမ်းနဲ့ ခတ်သွားတဲ့ တရှုပ်ရှုပ်အသံ ကြားရမှာလား။ ရုတ်တရက် သူ လန့်သွားတယ်။ ဘေးခန်းက အစ်ကိုဝမ်းကွဲ ဒါလီဟာ ကြောက်စရာ ထဟောက်လိုက်တယ်။

ဟယ်ရီဟာ တဖြည်းဖြည်း စိတ်တင်းလိုက်တယ်။ သူ သိပ်ညံ့လွန်းတယ်။ အိမ်တစ်လုံးလုံးမှာ သူနဲ့အတူနေတာဟာ ဦးလေးဗာနွန်၊ အဒေါ် ဖီချူနီယာနဲ့ ဒါလီပဲ ရှိတယ်။ သူတို့အားလုံး အိပ်မောကျနေတယ်။ အိပ်မက်ကမ္ဘာထဲ နစ်မြုပ်နေတယ်။ ဘာအနှောင့်အရှက်မှ ခံရပုံမပေါ်ဘူး။

ဟယ်ရီအကြိုက်ဆုံးက ဒါစလီမိသားစု အိပ်ပျော်နေတာပဲ။ နိုးလို့ဖြစ်လို့ နိုးနေတဲ့ သူ့အဖို့ အကူညီတစ်ခုခု ရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ဦးလေးဗာနွန်၊ အဒေါ်ဖီချူနီယာနဲ့ ဒါလီဟာ ဟယ်ရီရဲ့ အသက်ထင်ရှားရှိနေတဲ့ တစ်ခု

www.burmeseclassic.com



ဘည်းသော ဆွေမျိုးတွေပဲ။ သူတို့အားလုံး မတ်ဂေါ်တွေချည်းပဲ။ ဘယ်လို သဏ္ဌာန်နဲ့မဆို မှော်ပညာကို မုန်းတီးတယ်။ ဒါက ဘာကို ဖော်ပြသလဲဆိုတော့ သူတို့အိမ်မှာ ဟယ်ရီကို အနူအဝဲလို မနှစ်သက်ကြဘူး။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ဟယ်ရီဟာ ဟော့ဂ်ဝပ်မှာ ကျောင်း နေတယ်။ ရေရှည် အိမ်မှာ မရှိဘူး။ သူတို့ဟာ သူများတွေ သံသယဖြစ်မှာစိုးလို့ ဟယ်ရီ့ကို ဆိုးဝါးလူငယ် ပြုပြင်ရေးကျောင်းဖြစ်တဲ့ စိန့်ဘရူးတပ်စ်စင်တာ ပို့ထားတယ်လို့ ပြောတယ်။ သူတို့ဟာ ဟယ်ရီ့အနေနဲ့ အရွယ်မရောက်သေးတဲ့ မှော်ဆရာတစ်ယောက်ဖြစ်လို့ ဟော့ဂ်ဝပ် အပြင်ဘက်မှာ မှော်ပညာမသုံးရဘူး ဆိုတာ သိရဲ့နဲ့ အိမ်မှာ တစ်ခုခုဖြစ်ရင် သူ့ခေါင်းပေါ်ပဲ ပုံချကြတယ်။ ဟယ်ရီဟာ သူတို့နဲ့ ဘယ်တော့မှ စိတ်ထဲကစကား ပြောလို့မရဘူး။ သူ မှော်လောကမှာ နေထိုင်ပုံအသေးစိတ်ကိုလဲ သူတို့ကို ပြောပြလို့မရဘူး။ တွေးကြည့်ပါ။ သူတို့ နိုးတာနဲ့ သူက သူ့အမာရွတ် နာကျင်တဲ့အကြောင်း၊ ပြီးတော့ ဗိုလဒီမွန့် အနီးမှာဝပ်လျိုးနေတယ်လို့ သွားပြောရင် ရယ်စရာကြီး ဖြစ်မနေဘူးလား။

အရင်းစစ်လိုက်ရင် ဗိုလဒီမွန့်ကြောင့်မို့သာ ဟယ်ရီဟာ ဒီကိုလာပြီး ဒါစလီတို့ မိသားစုနဲ့ နေရတာ။ ဗိုလဒီမွန့်သာ မရှိခဲ့ရင် ဟယ်ရီ့နဖူးပေါ်မှာ လျှပ်စီးလက်တဲ့သဏ္ဌာန် အမာရွတ်မရှိနိုင်ဘူး။ ဗိုလဒီမွန့်သာ မရှိခဲ့ရင် ဟယ်ရီရဲ့ အဖေနဲ့ အမေတို့ အသက်ရှင်နေကြမှာ. . . .

ဟယ်ရီ အသက်တစ်နှစ်ပြည့်ရုံရှိသေးတယ်။ ညတစ်ညမှာ ဗိုလဒီမွန့် —— အနှစ်တစ်ရာအတွင်း အင်အားအကောင်းဆုံး မှော်နက်ဆရာကြီးဖြစ်တဲ့၊ ဆယ့်တစ်နှစ်အချိန်ကြာကြာ ၎င်းရဲ့ အင်အားနယ်ပယ်ကို တိုးချဲ့တဲ့ မှော်ဆရာကြီးဟာ ဟယ်ရီတို့ အိမ်ကို ဝင်တိုက်ပြီး ဟယ်ရီရဲ့ အဖေနဲ့အမေကို သတ်ပစ်လိုက်တယ်။ ဒီနောက် ဗိုလဒီမွန့်ဟာ ၎င်းရဲ့မှော်ကြိမ်လုံးနဲ့ ဟယ်ရီ့ကို ချိန်လိုက်တယ်။ ကျိန်စာတစ်ခု ရွတ်ဆိုလိုက်တယ် —— ဗိုလဒီမွန့်ရဲ့အင်အား အဆက်မပြတ်ကြီးထွားလာတဲ့ ဖြစ်စဉ်အတွင်းမှာ ဒီကျိန်စာဟာ အရွယ်ရောက်ပြီး မှော်ဆရာ၊ မှော်ဆရာမ အများအပြားကို သေမင်းဆီ ပို့ခဲ့တယ်။ သို့ပေမယ့် အဲဒီနေ့ညမှာ ကျိန်စာဟာ နားမလည်နိုင်အောင် အသုံးမကျဖြစ်သွားတယ်။ ကျိန်စာဟာ ကောင်လေးရဲ့အသက်ကို မသတ်နိုင်ဘဲ ဗိုလဒီမွန့်ကိုယ်ပေါ် တန်ပြန်ရောက်ရှိသွားတယ်။ ဟယ်ရီ ဘာမှမဖြစ်ဖူး။ နဖူးပေါ်မှာပဲ လျှပ်စီးလက်တဲ့ သဏ္ဌာန်နဲ့တူတဲ့ အမာရွတ်တစ်ခုသာ ကျန်ခဲ့တယ်။ ဗိုလဒီမွန့်ကတော့ မသေ



မရှင် အနေအထား ကျရောက်သွားတယ်။ သူ့မှော်ပညာတွေအားလုံး ပျောက်ဆုံးသွားတယ်။ အသက်တောင် ယဲ့ယဲ့ပဲကျန်တယ်။ ဗိုလဒီမွန့် ထွက်ပြေးသွားတယ်။ လျှို့ဝှက်ဆန်းကြယ်တဲ့ မှော်လောကကို ရေရှည်လွှမ်းမိုးနေတဲ့ ထိတ်လန့်မှု ပြယ်ပျောက်သွားတယ်။ ဗိုလဒီမွန့်နောက်လိုက်တွေ ဖရိုဖရဲ ပြိုကွဲသွားတယ်။ ဟယ်ရီ-ပေါ်တာဟာ တစ်ညအတွင်း သတင်းကြီးသွားတယ်။

ဟယ်ရီအသက် ဆယ့်တစ်နှစ်ရောက်တော့ မိမိဟာ မှော်ဆရာတစ်ယောက်ဆိုတာ ရုတ်တရက် သိလာရတယ်။ ထိုစဉ်က သူအတော်တုန်လှုပ်သွားတယ်။ ဆက်လက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ မှော်လောကထဲမှာ လူတိုင်း သူ့နာမည်ကို သိတာ သူတွေ့ရပြန်တယ်။ ဒါက သူ့ကို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်စေတယ်။ ဟယ်ရီ ဟော့ဂ်ဝပ်ရောက်ပြီး ဘယ်သွားသွား လူတွေ သူ့ကို သည့်ကြည့်တာ တွေ့ရတယ်။ အသံနှိမ့်ပြီး သူ့အကြောင်းပြောကြတယ်။ ဒါပေမယ့် အခုတော့ ဒါတွေအားလုံးကို သူ ရိုးနေပါပြီ။ ဒီနွေ ကုန်ဆုံးသွားရင် သူဟော့ဂ်ဝပ်မှာ စတုတ္ထနှစ် တက်ရတော့မယ်။ ဟယ်ရီဟာ အဲဒီရဲတိုက်ထဲကို ပြန်သွားဖို့ သိပ်ကို စိတ်ပြင်းပြနေတယ်။

ဒါပေမယ့် ကျောင်းဖွင့်ဖို့ နှစ်ပတ်ကြီးများတောင် လိုသေးတယ်။ သူဟာ မတတ်သာဘဲ မိမိအိပ်ခန်းကို ကြည့်လိုက်ပြန်တယ်။ အကြည့်ဟာ မွေးနေ့ကတ်နှစ်ခုပေါ် ကျရောက်သွားတယ်။ အဲဒါတွေဟာ သူ့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်က ဇူလိုင်လကုန်မှာ သူ့ဆီပို့လိုက်တာ။ တကယ်လို့ ဟယ်ရီ သူတို့ဆီစာရေးပြီး သူ့အမာရွတ် နာကျင်တဲ့အကြောင်းပြောရင် သူတို့ ဘာပြောလိမ့်မလဲ။

ချက်ချင်းဆိုသလို သူ့ခေါင်းထဲမှာ ဟာမီး-ဂရန်ဂျာရဲ့အသံတွေနဲ့ ပြည့်နေသလိုပဲ။ စူးရှထိတ်လန့်တဲ့အသံ။

“နင့်အမာရွတ်နာတယ် ? ဟယ်ရီ၊ အဲဒါ သာမန်ကိစ္စတော့ မဟုတ်ဘူး. . . . ဒမ်ဘယ်လီဒိုးကို မြန်မြန်စာရေးပြော။ ငါ ‘ထိခိုက်ဖျားနာ ရောဂါပေါင်းချုပ်’ မှာ ရှာကြည့်ဦးမယ်. . . . စာအုပ်ထဲမှာ ကျိန်စာကြောင့် ဖြစ်တဲ့ အမာရွတ်အကြောင်းပါရင် ပါမှာ. . . .”

ဟုတ်တယ်။ ဟာမီးဟာ ဒီအတိုင်း တိုက်တွန်းမှာ။ ဟော့ဂ်ဝပ်ကျောင်းအုပ်ကို အမြန်သွားတွေ့၊ စာအုပ်တစ်အုပ်ထဲမှာလဲ အဖြေရှာ။ ဟယ်ရီဟာ ပြတင်းအပြင်ရှိ မင်လိုပျစ်ခဲတဲ့ နက်ပြာရောင် မိုးကောင်းကင်ကို မျှော်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ အခု စာအုပ်က သူ့ကို အကူအညီပေးနိုင်မလား။ သူ သံသယ ဖြစ်မိတယ်၊ သုသိရသလောက် ဗိုလဒီမွန့်ရဲ့ ကျိန်စာထိပြီး အသက်ရှင်ကျန်ရစ်တာ သူတစ်ယောက်ထဲ ရှိတယ်။ ဒါကြောင့် သူ့ရောဂါမျိုးကို 'ထိခိုက်၊ မျှားနာ ဆောင်ဒါပေါင်းချုပ်' ထဲမှာ ပါမယ်လို့ မထင်ဘူး။ ဒါဖြင့်ရင် ကျောင်းအုပ်ကြီးကို ပြောပြရမလား။ ဒါပေမယ့် နွေကျောင်းပိတ်ရက်မှာ ဒမ်ဘယ်လီဒိုး ဘယ်သွားနေမှန်းကို သူမသိဘူး။ ဟယ်ရီဟာ ငွေရောင်မုတ်ဆိတ်နဲ့ ဒမ်ဘလီဒိုးတစ်ယောက် မှော်ဆရာဝတ်ရုံရှည်ရှည်ကြီးဝတ်၊ ဦးထုပ်ချွန်ဆောင်းကာ တစ်နေရာရာက ပင်လယ်ကမ်းခြေသောင်ပြင်ပေါ်မှာ လှဲအိပ်ပြီး မိမိရဲ့သိမ်းငှက်နှုတ်သီးလို နှာတံရှည်ရှည်ကြီးကို နေလောင်ခံ ခရင်မ် လိမ်းနေတာကို စိတ်ကူးယဉ်နေမိတယ်။ ဒါပေမယ့် ဟယ်ရီသိပါတယ်။ ဒမ်ဘလီဒိုး ဘယ်ရောက်နေနေ ဟက်ဒဝစ်က တော့ တွေ့အောင်ရှာနိုင်ပါတယ်။ ဟယ်ရီရဲ့ အဲဒီဇီးကွက်ဟာ ဒီနေ့ထိ ရောက်အောင်မပို့နိုင်တဲ့စာ တစ်စောင်မှမရှိသေးဘူး။ လိပ်စာမရှိလဲ အရေးမကြီးဘူး။ ခု ပြဿနာက ဒီစာကို ဘယ်လိုရေးရပါ့မလဲ။

ချစ်လှစွာသော ပါမောက္ခ ဒမ်ဘလီဒိုး။ အနှောင့်အယှက် ပေးမိတဲ့ အတွက် ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော့်အမာရွတ် ဒီနေ့နံနက် နာလာတယ်။ သင့်သစ္စာရှိတဲ့ ဟယ်ရီ-ပေါ်တာ၊

တုံးလိုက်တာ။ ဒီစကားတွေကို စာနဲ့ရေးချဖို့ မဆိုထားနဲ့၊ ခေါင်းထဲ တွေးကြည့်တာတောင် ရယ်စရာကောင်းနေတယ်။

ဆက်ပြီး သူဟာ သူ့အကောင်းဆုံးသူငယ်ချင်း နောက်တစ်ယောက်ဖြစ်တဲ့ ရွန်-ဝယ်စလီ ဘယ်လိုတုံ့ပြန်မလဲဆိုတာ တွေးကြည့်တယ်။ ချက်ချင်းပဲ ဟယ်ရီ့မျက်စိရှေ့မှာ ရွန်ရဲ့ဆံပင်နီနီတွေနဲ့ နှာတံရှည်ရှည်ရှိတဲ့ မှည့်ခြောက်တွေနဲ့ မျက်နှာ ပေါ်လာတယ်။ သူ့မျက်နှာပေါ်မှာ ဘာမှန်းမသိတဲ့ အမူအရာနဲ့။

"မင်းအမာရွတ် နာတယ်? ဒါပေမယ့်. . . . ဒါပေမယ့်၊ ဟိုလူ အခု မင်းနားကပ်လို့ မရဘူး။ ဟုတ်တယ်မဟုတ်လား။ ငါပြောတာက. . . . မင်း သိပါတယ်၊ ဟုတ်လား။ သူမင်းကို လာဒုက္ခပေးချင်ပေးတော့မှာ။ ဖြစ်မလား။ ငါမပြောတတ်ဘူး၊ ဟယ်ရီ။ ကျိန်စာထိအမာရွတ်ဆိုတာ နာတဲ့အခါလဲ နာတာ ဖြစ်နိုင်တယ်. . . . ငါ ငါ့အဖေ သွားမေးကြည့်ဦးမယ်. . . ."

မစ္စတာဝယ်စလီဟာ လုံးဝစံချိန်မီတဲ့ မှော်ဆရာဖြစ်တယ်။ မှော်



ဝန်ကြီးဌာန မတ်ဂေါ်အရာဝတ္ထုများ အလွဲသုံးစားပြုခြင်း တားမြစ်တဲ့ ဌာနခွဲမှာ အလုပ်လုပ်တယ်။ ဒါပေမယ့် ဟယ်ရီသိရသလောက် သူဟာ ဂါထာကျိန်စာတွေနဲ့ပတ်သက်တဲ့ဘက်မှာ သိပ်မကျွမ်းကျင်ဘူး။ ပြီးတော့ ဘာပဲဖြစ်ဖြစ် သူ၊ ဟယ်ရီဟာ ယာယီနာကျင်မှုကြောင့် အထိတ်တလန့်ဖြစ်တာ ဝယ်စလီတို့မိသားစု မသိစေချင်ဘူး။ မစ္စစ်ဝယ်စလီဟာ ဟာမီးထက်တောင် ရေးကြီးခွင်ကျယ် ဖြစ်တတ်သေးတယ်။ ဖရက်နဲ့ဂျော့က ရှိသေးတယ် —— ရွန်ရဲ့အသက် (၁၆)နှစ်အရွယ် အမြွှာညီအစ်ကိုဟာ ဟယ်ရီ့ကို သူရဲပေါကြောင်တယ်လို့ထင်မှာ။ ဒီကမ္ဘာပေါ်မှာ ဝယ်စလီမိသားစုဟာ ဟယ်ရီ အနှစ်သက်ဆုံး မိသားစုဖြစ်တယ်။ သူဟာ သူ့ကို သူတို့အိမ်မှာ ကာလတစ်ခုသွားနေဖို့ ဖိတ်စေချင်တယ် (ရွန်က ခွေဒစ်ကမ္ဘာ့ဖလားအကြောင်း ပြောဖူးတယ်။) သူဟာ သူဝယ်စလီတို့အိမ်မှာ နေစဉ်အတွင်း အားလုံး စိတ်ပူပင်စွာနဲ့ သူ့အမာရွတ် ဘယ့်နှယ်နေသလဲဆိုတာ အမေးခံရရင် စိတ်ပျက်စရာပဲ။

ဟယ်ရီက လက်ဆစ်နဲ့ အမာရွတ်ကို ပွတ်လိုက်တယ်။ စင်စစ် သူဘာကယ်လိုလားတာက (မိမိကိုယ်မိမိ ဒါကိုဝန်ခံဖို့ဆိုတာ အနည်းနဲ့ အများတော့ ရှက်စရာပဲ) မိဘနဲ့တူတဲ့ လူတစ်ယောက်။ အရွယ်ရောက်တဲ့မှော်ဆရာ။ ဟယ်ရီဟာ သူ့ဆီမှာ စိတ်ထဲရှိတဲ့အတိုင်း မေးလို့ရမယ်။ မိမိကိုယ်မိမိလဲ သိပ်ဆိုင်းအတယ်လို့ မခံစားရဘူးပေါ့။ အဲဒီလူဟာ သူ့ကိုသိပ်ဂရုစိုက်တယ်။ ဒိုလဒီမွန့်ကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာလဲ သိလိမ့်မယ်. . . .

တဖြည်းဖြည်းနဲ့ သူ့ခေါင်းထဲမှာ အဖြေရလာတယ်။ လွယ်လွယ်လေးရယ်၊ သိပ်ကို ရှင်းရှင်းလေးရယ်။ မိမိ ဒီလောက်အကြာကြီး စဉ်းစားနေရတာ မယုံနိုင်စရာပဲ —— အဲဒီလူကတော့ ဆီးရီးအက်စ်ကြယ်ပဲ။

ဟယ်ရီဟာ ခုတင်ပေါ်က ခုန်ထလိုက်တယ်။ အခန်းကို ဖြတ်လျှောက်ပြီး စားပွဲရှေ့မှာ ထိုင်လိုက်တယ်။ သူဟာ သိုးရေစက္ကူတစ်ရွက်ကို ဆွဲယူလိုက်တယ်။ သိမ်းငှက်အမွေးကလောင်ကို မင်ရည်နဲ့တို့ပြီး ချစ်လှစွာသော ဆီးရီးအက်စ်ကြယ်လို့ ရေးလိုက်တယ်။ ဒီနောက် ရပ်သွားတယ်။ သူဟာ ဘယ်လိုဝေါဟာရနဲ့ မိမိရင်ဆိုင်နေရတဲ့ ပြဿနာကို ဖော်ပြရမလဲမသိဘူး။ ခေါင်းထဲမှာလဲ စောစောက ဘာဖြစ်လို့ ဆီးရီးအက်စ်ကြယ်ကို ချက်ချင်းသတိမရတာလဲလို့ တွေးမိနေတယ်။ ဒီနောက်မှာ သူ သဘောပေါက်သွားတယ်။ ဆီးရီးအက်စ်ကြယ်ဟာ မိမိဖေါ့ဖအားသားဆိုတာ လွန်ခဲ့တဲ့ နှစ်လကမှ သူသိရတာ။

www.burmeseclassic.com



ဒါဖြင့်ရင် အဲဒီရှေ့ပိုင်းမှာ ဘာဖြစ်လို့ ဆီးရီးအက်စ်ကြယ်ဟာ ဟယ်ရီ့ဘဝထဲမှာ ပေါ်ထွက်မလာတာလဲ။ အကြောင်းက ရှင်းရှင်းလေးရယ် —— ဆီးရီးအက်စ်ကြယ် အက်ဇခါဘန်ဆိုတဲ့ ကြောက်လန့်စရာမှော်ထောင်မှာ ထောင်ကျနေလို့။ ထောင်ကို စောင့်တာက ဝိညာဉ်စုပ်ကောင်လို့ခေါ်တဲ့ အကောင်တွေ။ ၎င်းတို့မှာ မြင်နိုင်စွမ်းအား မရှိဘူး။ သူတစ်ပါးဝိညာဉ်ကို စုပ်တဲ့အလုပ်ပဲ လုပ်တဲ့ နာနာဘာဝတွေ။ ဆီးရီးအက်စ် ကြယ် ထွက်ပြေးပြီးနောက်.သူတို့ ဟော့ဂ်ဝပ်ကို လာရှာသေးတယ်။ စင်စစ် ဆီးရီး အက်စ်ကြယ်မှာ အပြစ်မရှိဘူး —— သူကျူးလွန်တယ်လို့ အစွပ်စွဲခံရတဲ့ ပြစ်မှုတွေဟာ စင်စစ်မှာ ဗိုလဒီမွန့်ရဲ့ နောက်လိုက် ပိုးကောင်အမြီးက ကျူးလွန်ခဲ့တာ။ လူတိုင်းလိုလိုကတော့ ပိုးကောင်အမြီး သေပြီလို့ ထင်နေတာ။ ဒါပေမယ့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ သူ အသက်ရှင်နေတာ သိတယ်။ မနှစ်တုန်းကပဲ သူတို့ဟာ ပိုးကောင်အမြီးနဲ့ မျက်နှာချင်းဆိုင် ထိတွေ့ခဲ့သေးတယ်။ ဒါပေမယ့် ပါမောက္ခ ဒမ်ဘလီဒိုးတစ်ယောက်တည်းသာ သူတို့ ပြောတာကို ယုံတယ်။

ထိုစဉ်က အဲဒီအချိန်ပိုင်းလေးမှာ ဟယ်ရီ အပျော်ကြီး ပျော်မိတယ်။ သူ ဒါစလီတို့အိမ်က ထွက်ခွာရတော့မယ်လို့ ထင်နေတာ။ ဒါပေမယ့် အဲဒီအခွင့်အရေး ဖျက်ဆီးခံလိုက်ရတယ် —– သူတို့ ပိုးကောင်အမြီးကို မှော်ဝန်ကြီးဌာန မပို့ရခင်မှာပဲ ၎င်းထွက်ပြေးလွတ်မြောက်သွားတယ်။ ဆီးရီးအက်စ်ကြယ်မှာ ကမန်းကတန်း ထွက်ပြေးခဲ့ရတယ်။ ဟယ်ရီက သူ့ကို ဘတ်ခ်ဘိခ်လို့ခေါ်တဲ့ ဟစ်ပိုဂရစ်ဖ်ပေါ် တင်ပေးပြီး ထွက်ပြေးစေခဲ့တယ်။ အဲဒီအချိန်ကစပြီး ဆီးရီးအက်စ်ကြယ်ဟာ ထွက်ပြေးနေခဲ့ရတယ်။ ပိုးကောင်အမြီးသာ ထွက်ပြေးလွတ်မြောက်မသွားရင် ဟယ်ရီ့မှာ သိပ်ကောင်းတဲ့ အိမ်ထောင်တစ်ခု ရမှာ။ တစ်နွေလုံးမှာ သူ ဒီအတွေးထဲ ကျရောက်နေတယ်။ ဟယ်ရီဟာ ဒါစလီတို့အိမ်က လွတ်မြောက်ဖို့ နည်းနည်းလေးလိုတော့တာ သိရဲ့နဲ့ အခုတော့ သူတို့အနားကို မတတ်သာဘဲ ပြန်လာခဲ့ရတယ်။ အဲဒါ သိပ်ကို အခံရခက်တာ။

ဒါပေမယ့် ဆီးရီးအက်စ်ကြယ် ဟယ်ရီ့အနားမှာ မနေနိုင်ပေမယ့် သူ့ကို တစ်လျှောက်လုံး ကူညီနေတယ်။ ဆီးရီးအက်စ်ကြယ်ရှိလို့သာ ဟယ်ရီဟာ ကျောင်းမှာ အသုံးပြုတဲ့အရာတွေကို အိပ်ခန်းထဲ ထားလို့ရလာတာ။ အရင်ကဆိုရင် ဒါစလီမိသားစုက သူ့ကို ဒီလိုထားဖို့ လုံးဝခွင့်မပြုဘူး။ သူတို့ဟာ ဟယ်ရီ့ကို ဒုက္ခရောက်စေချင်တယ်။ သူတို့ဟာ ဟယ်ရီ့မှော်ပညာကိုလဲ အလွန်



ကြောက်တယ်။ ဒါကြောင့် ဒီရှေ့က နွေရာသီတိုင်းမှာ သူတို့ဟာ ဟယ်ရီကျောင်းမှာသုံးတဲ့ အရာတွေကို လှေခါးအောက်ရှိ ပန်းကန်ဗီရိုခန်းထဲမှာ သော့ခတ်ထားတယ်။ နောက်တော့ ဟယ်ရီ့မှာ လူသတ်မှုကျူးလွန်တဲ့ ဂေါ့ဖားသား တစ်ယောက်ရှိတာ သိတော့ ချက်ချင်း သဘောထား ပြောင်းသွားတယ် —— ဟယ်ရီကလဲ ဆီးရီးအက်စ်ကြယ် အပြစ်မရှိတာ ပြောပြဖို့ မေ့နေတယ်။

ဟယ်ရီ ရေဖယောင်းပင်လမ်း ပြန်ရောက်လာပြီးနောက် ဆီးရီးအက်စ်ကြယ်ဆီက စာနှစ်စောင်ရဖူးတယ်။ ဒီစာနှစ်စောင်ဟာ ဇီးကွက်နဲ့ ပို့လိုက်တာ မဟုတ်ဖူး။ (ဇီးကွက်နဲ့စာပို့တာဟာ မှော်ဆရာတွေရဲ့ လုပ်ရိုးလုပ်စဉ်ဖြစ်တယ်) ၎င်းတို့ကို အပူပိုင်းဇုံ ရောင်စုံငှက်ကြီးတွေက လာပို့သွားတာ။ ဟက်ဒဝစ်ဟာ အဲဒီကျူးကျော်လာတဲ့ ရောင်စုံအကောင်ကြီးတွေကို ဟုတ်တယ်လို့ မထင်ဘူး။ သူဟာ ၎င်းတို့ သူ့သောက်ရေခွက်ထဲက ရေသောက်ပြီးမှ အပြန်ခရီးထွက်တာကိုတောင် မကြိုက်ဖူး။ ဟယ်ရီကတော့ အဲဒီအပူပိုင်းဇုံငှက်ကြီးတွေကို သိပ်နှစ်သက်တယ်။ ၎င်းတို့က သူ့ကို ထန်းပင်နဲ့သောင်ပြင်ဖြူဖြူကို သတိရစေတယ်။ ဆီးရီးအက်စ်ကြယ် ဘယ်ကိုပဲရောက်နေနေ ပျော်ရွှင်စွာ နေနိုင်ပါစေလို့ သူ့ရင်ထဲက မျှော်လင့်မိတယ်။ စာကို လမ်းမှာ ဖြတ်လုယူခံရမှာစိုးလို့ ဆီးရီးအက်စ်ကြယ်ဟာ သူသွားတာလာတာ ဘယ်တော့မှမပြောဘူး။ ဘာကြောင့်မှန်းမသိဘူး။ ဟယ်ရီဟာ ဝိညာဉ်စုပ်ကောင်တွေ နေရောင်အောက်မှာ အကြာကြီး အသက်ရှင်နိုင်မယ် မထင်ဘူး။ ဒီအတွက်ကြောင့်ပဲ ဖြစ်မလားမသိဘူး၊ ဆီးရီးအက်စ်ကြယ် တောင်ပိုင်းကို သွားလိုက်တာ။ ဒီအချိန်မှာ ဆီးရီးအက်စ်ကြယ်နဲ့စာဟာ ဟယ်ရီ့ခုတင်အောက်က လျှုပ်နေတဲ့ ကြမ်းခင်းအောက်မှာ ရှိတယ်—— ဒီကြမ်းခင်းပြားဟာ အလွန်အသုံးကျတယ်။ စာထဲက လေသံဟာ အလွန်ပျော်ပုံရတယ်။ စာနှစ်စောင်လုံးမှာ ဟယ်ရီ လိုအပ်ရင် အချိန်မရွေး ဆီးရီးအက်စ်ကြယ်ကို ခေါ်နိုင်တယ်လို့ ပြောထားတယ်။ ကြည့်ပါ၊ ဟယ်ရီဟာ အခုဘဲ ဒီလို လိုအပ်နေပြီ။ ကောင်းပြီ. . . .

အရုဏ်မတက်မီ အေးစက်၊ ဖြူရော်တဲ့ ကောင်းကင်ရောင် အခန်းထဲကို ဖြည်းဖြည်းဝင်လာတဲ့အခါမှာ ဟယ်ရီ့စားပွဲတင်မီးရောင်ဟာ မှိန်သွားသလိုပဲ။ နောက်ဆုံးမှာ နေထွက်လာပြီ။ အိပ်ခန်းနံ့ရံလဲ ရွှေရောင်ဖြစ်သွားပြီး ဦးခေါင်းလေးဗာနွံနဲ့ အဒေါ် ဗီချူးနီယာတို့အခန်းထဲမှာလဲ အသံကြားရပြီ၊ ဒီအချိန်မှာ ဟယ်ရီက စားပွဲပေါ်ရှိ လုံးထွေးပစ်ထားတဲ့ သိုးရေစက္ကူလုံးတွေကို သိမ်းဆည်း

www.burmeseclassic.com



သိုက်တယ်။ တစ်ခါ ရေးပြီးတဲ့စာကို တစ်ခေါက်ဖတ်လိုက်တယ်။

### ချစ်လှစွာသောဆီးရီးအက်စ်ကြယ်

ကျွန်တော့်ဆီ စာရေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီဗုက်ဟာ တကယ့်ကို သိပ်ကြီးတာပဲ။ ကျွန်တော့်အခန်းထဲ မနည်းဝင်ရတယ်။ ဒီကအခြေအနေ ဘာမှမထူးခြားဘူး။ ဒါလီ ကိုယ်အလေးချိန်လျှော့တာ သိပ်မအောင်မြင်ဘူး။ မနေ့က ကျွန်တော့်အဒေါ်ဟာ သူ အခန်းထဲ ဝှက်ထားတဲ့ မုန့်လုံးကြော်ကို တွေ့သွားတယ်။ သူတို့က သူ့ကိုသတိပေးတယ်။ တကယ်လို့ အကြိမ်ကြိမ် ပြောမရရင် သူ့ကို မုန့်ဖိုးမပေးတော့ဘူးတဲ့။ ဒါကြောင့် သူဟာ ဒေါသထွက်ပြီး သူ့ပလေးစတေးရှင်ကို ပြတင်းပေါက်က လွှင့်ပစ်လိုက်တယ်။ အဲဒါဟာ ကွန်ပျူတာ တစ်မျိုးဖြစ်တယ်။ အဲဒါနဲ့ ကစားလို့ရတယ်။ သူ ဒီလိုလုပ်တာ တကယ့်ကိုအ, ရာ ကျတယ်။ အခု သူစိတ်သက်သာရာရအောင် "ထွေရာလေးပါး အမှတ်သုံး" ကို ကစားလို့ မရတော့ဘူး။

ကျွန်တော် အားလုံးကောင်းပါတယ်။ အစ်ကို ကတော့ ဒါစလီမိသားစုဟာ ကျွန်တော်ပြောလိုက်တာနဲ့ သင် ရုတ်တရက်ရောက်လာပြီး သူတို့ကို လင်းနို့ဖြစ်အောင် လုပ်လိုက်မှာ စိုးလို့။

ဒါပေမယ့် ဒီနေ့နံနက် ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပွားတယ်။ ကျွန်တော့် အမာရွတ် နာလာတယ်။ အရင်တစ်ခါတုန်းက ဗိုလ်ဒီမွန့်ဟော့ဂ်ဝပ် ရောက်နေလို့။ အခု သူ ကျွန်တော့်အနီးအနားမှာမရှိနိုင်ပါဘူးလို့ ကျွန်တော်တွက်တယ်။ ဟုတ်လား။ ကျိန်စာထိ အမာရွတ်ဟာ နှစ်ပေါင်းများစွာ ကြာပြီးနောက် ပြန်နာလာတတ်သလားဆိုတာ သင်သိလား။

ဟက်ဒဝစ် ပြန်လာရင် ၎င်းကို သင့်ဆီ ဒီစာအပို့ လွှတ်လိုက်မယ်။ အခု ၎င်းအစာသွားရှာနေတယ်။ ကျွန်တော့်အစား ဘတ်ခ်ဘိခ်ကို မေးမြန်းပေးပါ။


ဟယ်ရီ



ဟုတ်ပြီ။ ကြည့်ရတာ မဆိုးပါဘူးလို့ ဟယ်ရီ့စိတ်ထဲတွေးတယ်။ အိပ်မက် မက်တဲ့အကြောင်း ထည့်ရေးစရာမလိုဘူး။ သူသိပ်စိုးရိမ်ကြောင်းကြား မပေါ်ချင်ဘူး။ သူဟာ သိုးရေစက္ကူကို လိပ်ပြီး စာပွဲပေါ် တင်လိုက်တယ်။ ဟက်ဒဝစ်ပြန်လာရင် အပို့ လွှတ်လိုက်မယ်။ ပြီးတာနဲ့ သူမတ်တတ်ရပ်ပြီး ခါးဆန့်လိုက်တယ်။ အဝတ်ဗီရိုကို နောက်တစ်ကြိမ် ဖွင့်လိုက်တယ်။ သူ မှန်မကြည့်ဘူး။ အင်္ကျီတန်းဝတ်ပြီး အောက်ထပ်ဆင်း နံနက်စာစားစား သွားစားဘယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၃။ ဖိတ်ခေါ်ခြင်း

ဟယ်ရီ မီးဖိုထဲ ဝင်လာတော့ ဒါစလီ မိသားစု သုံးယောက်စလုံး စားပွဲမှာ ထိုင်နေကြပြီ။ ဟယ်ရီ ဝင်ထိုင်လိုက်တယ်။ သူတို့ ဘယ်သူမှ သူ့ကို မော့မကြည့်ဘူး။ ဦးလေးဗားနွန်ရဲ့ နီစပ်စပ်မျက်နှာကြီးဟာ နံနက်က ရောက်လာတဲ့ "မောနင်းဒေးလီး" သတင်းစာနောက် ရောက်နေတယ်။ အဒေါ်ပီချူးနီးယားဟာ ကျွဲကောသီးကို လေးစိတ် စိတ်နေတယ်။ သူမဟာ နှုတ်ခမ်းစူထားလို့ ရှေ့သွားရှည်ရှည်ကြီးကို ဖုံးသွားတယ်။

ဒါလီ မျက်နှာ ပုပ်နေတယ်။ ဒေါသထွက်နေတယ်။ သူယူထားတဲ့ နေရာဟာ ခါတိုင်းထက် ကျယ်တယ်။ ဒီအတိုင်းပဲ သူတစ်ယောက်တည်း လေးထောင့်စားပွဲ တစ်ခြမ်းလုံးကို အပိုင်စီးထားလေ့ရှိတယ်။ အဒေါ်ပီချူးနီးယားဟာ သကြားမထည့်တဲ့ ကျွဲကောသီးတစ်စိတ်ကို ဒါလီ့ပန်းကန်ပြားထဲ ထည့်လိုက်တယ်။ အသံတုန်တုန်နဲ့ "စားလေ၊ အချစ်လေး" လို့ ပြောလိုက်တယ်။ ဒါလီက ဒေါသနဲ့ သူမကို ကြည့်နေတယ်။ ဒါလီ နွေကျောင်းပိတ်ရက် အိမ်ပြန်လာတယ်။ သူနဲ့တစ်ပါတည်း နှစ်ကုန်အစီရင်ခံစာ ပါလာတယ်။ အဲဒီကစပြီး သူ့နေထိုင်မှု



ဟာ အလွန်မပျော်ရွှင်နိုင်အောင် ပြောင်းလဲသွားတယ်။

ဦးလေးဗားနွန်နဲ့ အဒေါ်ပီချူးနီးယားဟာ ဒါလီ အမှတ်ညံ့တာနဲ့ ပတ်သက်ပြီး ခါတိုင်းလိုပဲ ဆင်ခြေပေးကြတယ်။ အဒေါ်ပီချူးနီးယားက ဒါလီဟာ အလွန်ဉာဏ်ကောင်းတဲ့ကလေး၊ ဆရာတွေက သူ့ကို နားမလည်လို့လို့ ထပ်ခါထပ်ခါ ပြောတယ်။ ဦးလေးဗားနွန်ကတော့ သူဟာ "ကိုယ့်သားကို မိန်းမလျာလို စာဂျပိုး မဖြစ်စေချင်ဘူး" လို့ ရပ်ခံပြောတယ်။ ဒါလီ ကျောင်းနေဘက်ချင်း အနိုင်ကျင့်တဲ့ ဝေဖန်ချက်ကိုလဲ သူတို့က ပေါ့ပေါ့ပဲထားလိုက်တယ် —— "သူက သိပ်ကို သွက်လက်ဖျတ်လတ်တဲ့ ကလေး၊ ဒါပေမယ့် ယင်ကောင်တစ်ကောင်တောင် မသတ်ရက်ဖူး" အဒေါ်ပီချူးနီးယားက မျက်ရည်လည်ရင်း ပြောတယ်။

ဒါပေမယ့် အစီရင်ခံစာ အောက်နားမှာ ကျောင်းသူနာပြု သတိထားရေးထားတဲ့ စာကြောင်းပါတယ်။ ဒါကို ဦးလေးဗားနွန်နဲ့ အဒေါ်ပီချူးနီးယားတို့ကတောင် အကြောင်းပြပြီး ဖုံးကွယ်လို့ မရဘူး။ အဒေါ်ပီချူးနီးယားက ဒါလီဟာ အရိုးအဆစ်ကြီးတာ၊ သူ့ကိုယ်အလေးချိန် လေးတာဟာ ထွားကျိုင်းချိန်မှာ သဘာဝတာပဲ ဖြစ်တယ်။ ပြီးတော့ သူ အခု ကြီးထွားချိန်မို့ အာဟာရလိုအပ်တယ်လို့ ငိုယိုအော်ဟစ် ပြောပေမယ့် ဖြစ်ရပ်တစ်ခုကိုတော့ ပြောင်းလဲလို့ မရဘူး။ အဲဒါက ကျောင်းဝတ်စုံဂိုဒေါင်ထဲမှာ သူနဲ့တော်တဲ့ဘောင်းဘီ ရှာမတွေ့တော့ဘူး။ အဒေါ်ပီချူးနီးယာ့ မျက်လုံးဟာ သန့်ရှင်းတဲ့နံရံပေါ်က လက်ရာတို့အိမ်နီးချင်းတွေရဲ့ လှုပ်ရှားသွားလာတာတို့ကို ကြည့်တဲ့အခါမှာ အမြဲလို သိပ်ထူးရှတယ်။ ကျောင်းသူနာပြုက တွေ့ရှိတဲ့ အဖြစ်မှန်တစ်ခုကိုတော့ မမြင်ချင်ဘူး။ အဲဒါကတော့ ဒါလီဟာ အထူးအာဟာရ ဖြည့်ပေးဖို့ မလိုဘူး။ သူ့အရပ်အမောင်းနဲ့ ကိုယ်အလေးချိန်ဟာ ဝေလငါးပေါက်စလောက်နီးနီး ရှိနေပြီဆိုတာပဲ။

ဒီတော့ မဆုံးနိုင်အောင် ဒေါသထွက်၊ ဝုန်းဒိုင်းကြဲအောင် ပွဲကြမ်းတာ ၊ ဟယ်ရီ့အိပ်ခန်း ကြမ်းပြင်တောင် လန်သွားမတတ်ပဲ။ အဒေါ်ပီချူးနီးယာ မျက်ရည်တွေ မနည်းကျပြီးနောက် အစားအသောက် စနစ်သစ်တစ်ခုကို တောင် အသုံးပါတော့တယ်။ စမယ်တင်းစ် ကျောင်းသူနာပြု ပို့လိုက်တဲ့ ကိုယ်အလေးချိန်လျှော့ဖို့ အစားအသောက်ဇယားကို ရေခဲသေတ္တာတံခါးမှာ ကပ်ထားတယ်၊ ဒါလီကြိုက်နှစ်သက်တဲ့ အစားအစာ —— ဘီလပ်ရည်အချိုရည် ကိတ်မုန့်၊ ချောကလက်နဲ့ ဟမ်းဘာဂါ၊ အမဲသား စတာတွေအားလုံး အဲဒီ ဇယားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဘူး။ ဇယားထဲမှာ သစ်သီး၊ ဟင်းသီးဟင်းရွက်နဲ့ ဦးလေးဗာနွံက "အမှိုက် အစားအစာ" လို့ ခေါ်တဲ့အရာတွေပဲ ပါတယ်။ ဒါလီ စိတ်သက်သာအောင် အဒေါ်ဖီချူနီယာက တစ်အိမ်သားလုံး အဲဒီ အစားအသောက်ဇယားအတိုင်း စားရမယ်လို့ပြောတယ်။ အခု သူမဟာ ကွဲကောသီးတစ်စိတ်ကို ဟယ်ရီ့ဆီ ကမ်းပေးလိုက်တယ်။ သူရတာ ဒါလီရတာထက် အများကြီး သေးငယ်တာ ဟယ်ရီ သတိပြုမိတယ်။ အဒေါ်ဖီချူနီယာအဖို့ ဒါလီ စိတ်ဓာတ်တက်ကြွအောင် လုပ်တဲ့နည်းဟာ သူ့ကို ဟယ်ရီထက် ပိုစားရအောင် လုပ်တာလို့ထင်တယ်။

သို့ပေမယ့် အဒေါ်ဖီချူနီယာဟာ အပေါ်ထပ် ပြုတ်နေတဲ့ကြမ်းခင်း အောက်က လျှို့ဝှက်ချက်ကို မသိဘူး။ သူမဟာ ဟယ်ရီအစားလျှော့မစားတာ လုံးဝမသိဘူး။ ဟယ်ရီဟာ သူတို့ ဒီတစ်နွေလုံး ခါကြက်ဉ၊ မုံလာဥနဲ့ အသက်ရှင် ဖို့လုပ်မှာ လေသံကြားတာနဲ့ ဟက်ဒဝစ်နဲ့ သူငယ်ချင်းတွေဆီ စာပို့ပြီး အကူ အညီ တောင်းခဲ့တယ်။ သူတို့ကလဲ တက်တက်ကြွကြွ တုံ့ပြန်တယ်။ ဟက်ဒဝစ် ဟာ ဟာမီးတို့အိမ်ကနေ ဗူးကြီးတစ်ဗူး သယ်လာတယ်။ အထဲမှာက သကြား မပါတဲ့မုန့်တွေ ပြည့်လို့။ (ဟာမီး မိဘဟာ သွားဆရာဝန်တွေ)။ ဟက်ဂရစ်ဟာ ဟော့ဂ်ဝပ်ကျောင်းက တောလိုက်ကွင်း အစောင့်။ သူက လိုက်လှဲစွာနဲ့ ကိုယ် တိုင်လုပ် ကျောက်တုံးကိတ်တစ်အိတ် ပို့လိုက်တယ်။ (ဟယ်ရီက ထိတောင် မထိဘူး။ ဟက်ဂရစ်ရဲ့ ချက်ပြုတ်ပညာကို သူအစောကြီးကတည်းက သိထားပြီး ပြီ) မစ္စစ်ဝယ်စလီဟာ သူတို့အိမ်က ဇီးကွက်အဲရော်နဲ့ ဟယ်ရီ့အတွက် ဧရာမ ကိတ်မုန့်ကြီးတစ်လုံးနဲ့ အရသာအမျိုးမျိုးအဆာသွတ်မုန့်တွေ ပို့လိုက်တယ်။ သနားစရာ အဲရော်ဟာ အသက်ကလဲကြီးတော့ အားအင်ကုန်ခန်းသွားတယ်။ ဒီအထုပ်ပို့ပြီးနောက် ငါးရက်တောင်နားပြီးမှ သက်သာလာတယ်။ နောက်တော့ ဟယ်ရီ့မွေးနေ့မှာ (ဒါစလီတို့က ပြောတောင် မပြောဘူး) သူ အဆင့်တန်းလွန် ကိတ်မုန့်ကြီးလေးလုံး ရတယ်။ ရွန်၊ ဟာမီး၊ ဟက်ဂရစ်နဲ့ ဆီးရီးအက်စ်ကြယ်တို့က ပို့လိုက်တာ။ အခုထိ ကိတ်နှစ်လုံးကျန်သေးတယ်။ ဟယ်ရီဟာ အပေါ်ထပ် ပြန်ပြီး တကယ့်နံနက်စာ စားဖို့ မျှော်လင့်နေတယ်။ ဒါကြောင့် ဘာမှ မညည်း ညူဘဲ သူ့ကွဲကောသီးကို စားနေတယ်။

ဦးလေးဗာနွံဟာ စိတ်ဆိုးစွာနဲ့ ဟင်းသံထွက်လာတယ်။ သတင်းစာကို ချပြီး သူ့အတွက်ပေးထားတဲ့ ကွဲကောသီးစိတ်ကို ငုံ့ကြည့်နေတယ်။

"ဒါလေးပဲလား" သူက စိတ်ဆိုးစွာနဲ့ အဒေါ်ဖီချူနီယာကို မေးနေ



တယ်။

အဒေါ်ဖီချူနီယာက သူ့ကို ခပ်တင်းတင်းကြည့်လိုက်တယ်။ တစ်ခ ါသီကို ခပ်မာမာပဲ ခေါင်းညိတ်ပြလိုက်တယ်။ ဒါလီဟာ သူ့ကွဲကောသီးကို စားလို့ ကုန်သွားပြီ။ ဟယ်ရီ့ဥစ္စာကို စိုက်ကြည့်နေတယ်။ မျက်လုံးသေးသေးလေး ထဲမှာ ရန်ငြိုးတွေ တောက်နေတယ်။

ဦးလေးဗာနွံဟာ သက်ပြင်းကြီးချလိုက်တယ်။ သူ့ မုတ်ဆိတ်တွေ ထောင် လုပ်ခါသွားတယ်။ ဒီနောက် သူ ဇွန်းကို ကိုင်လိုက်တယ်။

တံခါးဂလိုင်သံ ပေါ်လာတယ်။ ဦးလေးဗာနွံဟာ ထိုင်ခုံပေါ်က မနည်းထပြီး တံခါးဆီလျှောက်သွားတယ်။ ဒါလီဟာ သူ့အမေ လက်ဖက်ရည် ခရားနဲ့ အလုပ်ရှုပ်နေတုန်းမှာ ဦးလေးဗာနွံကျန်နေတဲ့ ကွဲကောသီးကို ဆတ်ခနဲ နှိုက်ယူလိုက်တယ်။

ဟယ်ရီဟာ တံခါးပေါက်မှာ စကားပြောသံကြားတယ်။ တစ်ယောက် ယောက် ရယ်သံကြားရတယ်။ ဦးလေးဗာနွံက ပြတ်ပြတ်ဖြေလိုက်တယ်။ ဒီနောက် ရှေ့တံခါး ပိတ်သွားတယ်။ တံခါးခန်းဆီက စက္ကူဖြဲသံ ကြားရတယ်။

အဒေါ်ဖီချူနီယာဟာ လက်ဖက်ရည်ခရားကို စားပွဲပေါ် ချပြီး ဦးလေး ဗာနွံ ဘယ်ရောက်သွားလဲလို့ ရှာကြည့်တယ်။ သူမ ချက်ချင်းသိရလိမ့်မယ်။ တစ်မိနစ်အတွင်း ဦးလေးဗာနွံ ပြန်ရောက်လာတယ်။ သိပ်စိတ်ဆိုးနေတယ်။

"မင်း" သူက ဟယ်ရီ့ကို အော်ဟောက်တယ်။ "ဧည့်ခန်းထဲ အမြန် သွား၊ အခု"

ဟယ်ရီမှာ နားဝေတိမ်တောင်နဲ့ ဗိုဗိုဘာအမှားလုပ်မိမှန်းမသိ ဖြစ်နေ တယ်။ သူဟာ စားပွဲကထပြီး ဦးလေးဗာနွံနောက်က လိုက်လာတယ်။ မီးဖိုထဲက ထွက်ကာ ဘေးကအခန်းထဲ ဝင်ခဲ့တယ်။ နှစ်ယောက်စလုံး ဝင်ခဲ့ပြီးနောက် ဦးလေးဗာနွံက တံခါးကို ပိတ်လိုက်တယ်။

"သိပ်ကောင်းတယ်" သူကပြောတယ်။ မီးလင်းဖိုရှေ့ကို သုတ်သုတ် သွားလိုက်တယ်။ ပြန်လှည့်ပြီး ဟယ်ရီနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။ ဟယ်ရီ့ကို သိမ်းပြီး တရားခုံရုံး တင်မယ့်အကြောင်း ကြေညာမယ့်ပုံပဲ။ "သိပ်ကောင်း တယ်"

ဟယ်ရီက "ဘာကောင်းတာလဲ" လို့ မေးလိုက်ချင်တယ်။ ဒါပေမယ့် ဦးလေးဗာနွံ နံနက်စောစောထတဲ့ ဒေါသကို ရီးတီးရားတာလုပ်လို့ မရဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



ဘာ သူသိတယ်။ ပြီးတော့ သူဟာ ဝအောင်မစားရလို့ ဒေါသက ထွက်နေပြီးသား။ ဒါနဲ့ ဟယ်ရီဟာ အလွန်ယဉ်ကျေးတဲ့ ဘာမှန်းမသိတဲ့ အမူအရာ ပြုလိုက်တယ်။

"ခုတွင် လာပို့တာ" ဦးလေးဗာနွံက ပြောရင်း ဟယ်ရီ့ရှေ့ကို ခရမ်းရောင် စာရေးစက္ကူတစ်ရွက် ယမ်းပြတယ်။ "စာတစ်စောင်။ မင်းနဲ့ပတ်သက်တယ်"

ဟယ်ရီပိုပြီး ဘာမှန်းမသိ ဖြစ်သွားတယ်။ ဘယ်သူကများ ဦးလေးဗာနွံကို သူ့အကြောင်း စာရေးပြောပါလိမ့်။ သူသိတဲ့လူတွေထဲမှာ ဘယ်သူက စာပို့သမားနဲ့ စာပို့နိုင်သလဲ။

ဦးလေးဗာနွံဟာ ဒေါသနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ ဒီနောက် ခေါင်းငုံ့ ပြီး စာဖတ်တယ်။ အကျယ်ကြီးဖတ်တယ်။

**ချစ်လှစွာသော မစ္စတာနဲ့ မစ္စစ်ဒါစလီ**

ကျွန်မတို့ မသိကြသေးပါဘူး။ ဒါပေမယ့် သင်တို့ ဟယ်ရီ့ဆီကနေ ကျွန်မသားရွှန့်အကြောင်း အများကြီး ကြားဖူးမှာပါ။

ဟယ်ရီ ရှင်တို့ကို ခွေဒစ်ကမ္ဘာ့ဖလားပွဲ တနင်္လာနေ့မှာ ကျင်းပတော့မယ်ဆိုတာ ပြောထားမယ်ထင်တယ်။ ကျွန်မခင်ပွန်းအာသာဟာ မှော်အားကစားဌာနကြီးရဲ့ အဆက်အသွယ်နဲ့ လက်မှတ်တချို့ ခက်ခက်ခဲခဲ ရခဲ့ပါတယ်။

ရှင်တို့ ဟယ်ရီ့ကို ပြိုင်ပွဲသွားကြည့်ခွင့်ပြုဖို့ ကျွန်မ အလွန်မျှော်လင့်ပါတယ်။ ဒါဟာ ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ။ အင်္ဂလန်ဟာ ဒိုင်းဆုနဲ့လွဲရတာ အနှစ် သုံးဆယ်ရှိပြီ။ လက်မှတ်လဲ ရဖို့မလွယ်ပါဘူး။ တကယ်ဆိုတော့ ကျွန်မတို့လဲ ဟယ်ရီ့ကို ကျွန်မတို့ဆီမှာ နွေကျောင်းပိတ်ရက် ကုန်ဆုံးတဲ့ထိထားပြီး သူ့ကို လုံခြုံစွာ မီးရထားနဲ့ ကျောင်းပြန်ပို့ချင်ပါတယ်။

သင်တို့ အဖြေကို ပုံမှန်နည်းနဲ့ အမြန်ဆုံး ကျွန်မတို့ဆီ သတင်းပို့ဖို့ ဟယ်ရီ့ကို ပြောပါ။ အကြောင်းက မတ်ဂေါ်စာပို့တွေဟာ ဘယ်တုန်းကမှ ကျွန်မတို့အိမ်ကို စာမပို့ဖူးဘူး။ ကျွန်မတို့ ဘယ်နေတယ်ဆိုတာလဲ သိပုံမပေါ် ဘူး။

အမြန်ဆုံး ဟယ်ရီ့ကိုတွေ့ဖို့ မျှော်လင့်ပါတယ်။

သင်တို့ရဲ့သစ္စာရှိတဲ့
မော်လီ- ဝယ်စလီ

**PS** ကျွန်မတို့ တံဆိပ်ခေါင်း လုံလောက်စွာ ကပ်တယ်ထင်ပါတယ်။



ဦးလေးဗာနွံဟာ စာဖတ်ပြီးတာနဲ့ သူ့ရင်ဘတ်ပေါ်က အိတ်ကပ်ထဲ သက်နှိုက်ပြီး အရာတစ်ခုကို ဆွဲထုတ်တယ်။

"ဒါကို ကြည့်စမ်း" သူက ဟိန်းတယ်။

သူဟာ ခုနက မစ္စစ်ဝယ်စလီစာထည့်တဲ့ စာအိတ်ကို ထောင်လိုက်တယ်။ဟယ်ရီ တအားထိန်းလို့ ရယ်မချမိတာ။ စာအိတ်ပေါ်မှာ နေရာတကာ တံဆိပ်ခေါင်းချည်းပဲ။ အောက်ဘက်မှာ တစ်လက်မလောက် အကွက်လေးပဲ ချန်ထားပြီး မစ္စစ်ဝယ်စလီဟာ အလွန်သေးတဲ့လက်ရေးနဲ့ ဒါစလီတို့ အိမ်လိပ်စာကို ပွတ်သိပ်ရေးထားတယ်။

"သူမဟာ တကယ်ပဲ စာအိတ်ခေါင်း လုံလောက်အောင်ကပ်တယ်" ဟယ်ရီက ပြောတယ်။ အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ပြောတယ်။ မစ္စစ်ဝယ်စလီဟာ အားလုံးမှားတတ်တဲ့ အမှားတစ်ခုကို မှားတာသာ ဖြစ်သလို ပဲ။ ဦးလေးမျက်လုံးထဲက ဒေါသမီးထွက်လာတယ်။

"စာပို့က သတိပြုမိပြီ" သူကအံကြိတ်ပြီး အသံကသွားကြားက ထွက်လာတယ်။ "သူက ဒီစာဘယ်ကလာသလဲဆိုတာ သိချင်လို့ ဂလိုင်ခေါက်တား ဒီကိစ္စ နည်းနည်းဆန်းတယ်လို့ သူထင်ပုံရတယ်"

ဟယ်ရီက ဘာမှမပြောဘူး။ ဦးလေးဗာနွံဟာ တံဆိပ်ခေါင်း နည်းနည်းကပ်တာကို ဘာကြောင့်ဒီလောက် ရေးကြီးခွင်ကျယ် လုပ်ရတာလဲဆိုတာ အခြားလူဆိုရင် နားလည်ချင်မှ နားလည်မှာ။ ဒါပေမယ့် ဟယ်ရီဟာ ဒါစလီတို့ မိသားစုနဲ့ ဒီလောက်အကြာကြီးနေခဲ့တော့ သူတို့ဟာ ပုံမှန်ထက် အနည်းငယ်ထူးခြားတာတွေ့ရင် သိပ်ကို အလန့်တကြား လုပ်တတ်တယ်။ သူတို့အစိုးရိမ်ဆုံးက မစ္စစ်ဝယ်စလီလို လူမျိုးနဲ့ အဆက်အသွယ်ရှိတာ လူသိသွားမှာပဲ (ဒီလို ဆက်သွယ်မှုမျိုးဟာ ဘယ်လောက် စိမ်းတာပဲဖြစ်ပါစေ)။

ဦးလေးဗာနွံဟာ ဟယ်ရီကို တင်းတင်းကြည့်နေတုန်းပဲ။ ဟယ်ရီက အတီးအတပုံ ဖြစ်အောင် လုပ်ပြနေတယ်။ သူသာ အကျိုးမရှိတာ မလုပ်ဘဲ နေမယ်၊ စကားကို ကြည့်ပြောမယ်ဆိုရင် ကြုံတောင့်ကြုံခဲ ပြိုင်ပွဲကြီးကို သူသွားရလိမ့်မယ်။ ဦးလေးဗာနွံ တစ်ခုခုပြောမှာကို သူစောင့်နေတယ်။ ဒါပေမယ့် ဦးလေးက ဒီအတိုင်း ဒေါသနဲ့ စိုက်ကြည့်နေတုန်းပဲ။ ဟယ်ရီက ဒီအခြေအနေကို ဖြိုခွဲဖို့ ဆုံးဖြတ်လိုက်တယ်။

"ဒါဆို —— ကျွန်တော် သွားလို့ရပြီလား" သူက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဇာန္ဒရဲ့ နီစပ်စပ်မျက်နှာကြီး အကြောဆွဲလိုက်တယ်။ မုတ်ဆိတ်မွေးတွေ ထောင်လာတယ်။ ဟယ်ရီဟာ အဲဒီမုတ်ဆိတ်နောက်က ခေါင်းထဲမှာ ဘာတွေးနေတယ်ဆိုတာ မြင်ရသလို ခံစားရတယ်။ အဲဒါ ဦးလေးဇာန္ဒရဲ့ အခြေခံအကျဆုံး သဘာဝသိစိတ်နှစ်ခုဟာ အတိုက်အခံဖြစ်နေတယ်။ ဟယ်ရီကို ပြိုင်ပွဲကြည့်ဖို့ လွှတ်ရင် ဟယ်ရီဝမ်းသာမယ်။ ဒါဟာ (၁၃)နှစ်အတွင်း ဦးလေးဇာန္ဒ မလုပ်ချင်တဲ့ကိစ္စ။ တစ်ဖက်မှာလဲ ဟယ်ရီ့ကို ဝယ်စလီမိသားစုဆီ နွေရာသီကျောင်းပိတ်ရက် ကုန်ဆုံးတဲ့ထိ သွားခွင့်ပေးရင် မူလကထက် နှစ်ပတ်စောပြီး အိမ်မှာရှင်းသွားမယ်။ ဦးလေးဇာန္ဒဟာ ဟယ်ရီအိမ်မှာ နေတာကို သိပ်မုန်းတာ။ ဦးလေးဇာန္ဒဟာ စဉ်းစားဖို့ နည်းနည်း အချိန်ယူတဲ့အနေနဲ့ မစ္စစ်ဝယ်စလီ့စာကို ငုံ့ကြည့်နေပြန်တယ်။

"ဒီမိန်းမက ဘယ်သူလဲ" သူက ထိုးထားတဲ့လက်မှတ်ကို ရွံမုန်းစွာ ကြည့်တယ်။

"သင် သူမကို မြင်ဖူးတယ်" ဟယ်ရီကပြောတယ်။ "သူမဟာ ကျွန်တော့် သူငယ်ချင်း ရွန်ရဲ့အမေ၊ အရင်နှစ် ကျောင်းပိတ်တုန်းက သူမ ဟော့ဂ် —သူမ ကျောင်းရထားမှာ သူ့ကို လာကြိုသေးတယ်"

သူဟာ "ဟော့ဂ်ဝပ် အထူးအမြန်ရထား" လို့ ပြောထွက်ဖို့ နည်းနည်းလိုတယ်။ အဲဒီလိုပြောလိုက်ရင် ဦးလေးဇာန္ဒ ဒေါသမီးတောက်လာမှာ သေချာတယ်။ ဒါစလီတို့အိမ်မှာ ဟယ်ရီ့ကျောင်းရဲ့နာမည်ကို ဘယ်တုန်းကမှ ကျယ်ကျယ် ပြောမထုတ်ဖူးဘူး။

ဦးလေးဇာန္ဒရဲ့ ဖောင်းပွတဲ့မျက်နှာကြီးဟာ တွန့်ရှုံ့နေတယ်။ အလွန်စိတ်ပျက်စရာကိစ္စတစ်ခုကို ပြန်စဉ်းစားနေရသလိုပဲ။

"ဟို ပုကွကွ ဝတုတ်တုတ် မိန်းမကြီးလား" နောက်ဆုံးမှာ သူက အသံအုံ့အုံ့နဲ့ မေးတယ်။ ဆံပင်နီ ကလေးတစ်အုပ်ကြီးနဲ့အတူ ဟုတ်လား"

ဟယ်ရီ မျက်မှောင်ကြုတ်သွားတယ်။ ဦးလေးဇာန္ဒဟာ သူ့များကို ပုကွကွ ဝတုတ်တုတ်လို့ပြောတာ သိပ်ရယ်စရာကောင်းတယ်လို့ သူထင်တယ်။ သိရမှာက သူတို့ရဲ့သားအရင်း ဒါလီဟာ သုံးနှစ်အရွယ်ကတည်းက သူတို့က သူ့ကို အောင်မြင်အောင် အတင်းလုပ်ခိုင်းတဲ့အလုပ်ကို ပြီးမြောက်အောင် လုပ်ခဲ့ပြီ။ အဲဒါကတော့ သူဟာ အခုဆိုရင် ကိုယ်ခန္ဓာအကျယ်ဟာ အရပ်အမြင့်နဲ့ တစ်ညီတည်း ဖြစ်နေပြီ။



ဦးလေးဇာန္ဒက စာကို ကြည့်နေတယ်။

"ခွေဒစ်" သူက အသံမထွက်ဘဲ ရေရွတ်လိုက်တယ်။ "ခွေဒစ် — အဲဒါ ဘာအစုတ်အပြတ်ဟာလဲ"

ဟယ်ရီ ခဏတာ စိတ်အနှောင့်အယှက် ဖြစ်သွားတယ်။

"အားကစားလှုပ်ရှားမှုတစ်မျိုး" သူ များများမပြောချင်ဘူး။ "တံမြက်စည်းစီးပြီး ကစားတာ —"

"တော်တော့၊ တော်တော့" ဦးလေးဇာန္ဒက အကျယ်ကြီးပြောတယ်၊ ဦးလေးဟာ နည်းနည်း သောကရောက်သွားတာကို ဟယ်ရီ အနည်းငယ် ကျေနပ်စွာ တွေ့မြင်ရတယ်။ ရှင်းနေတာကတော့ သူ့အာရုံကြောဟာ "မိုးပျံတံမြက်စည်း"လို့ ဝေါဟာရမျိုး ဧည့်ခန်းမှာကြားရတာ ခံနိုင်ရည်ရှိပုံ မပေါ်ဘူး။ ဒါကို ရှောင်ရှားဖို့အတွက် စာကို ငုံ့ကြည့်ပြန်တယ်။ သူ့ပါးစပ်လှုပ်ပုံက "သင်တို့အဖြေကို. . . . ပုံမှန်နည်းနဲ့ ဖော်ပြပါ" ဆိုတာ ဖတ်နေတာ ဟယ်ရီမြင်ရတယ်။ သူ မျက်မှောင် ကြုတ်ထားပြန်တယ်။

" 'ပုံမှန်နည်းနဲ့' အဲဒါ ဘာအဓိပ္ပာယ်လဲ" သူက ဟောက်မေးတယ်။

"ကျွန်တော်တို့ရဲ့ ဟိုပုံမှန်နည်း" ဟယ်ရီက ပြောတယ်။ ဦးလေးစကားခင်မှာဘဲ ဆက်ပြောတယ်။ "သင်. . . . သိပါတယ်။ ဇီးကွက်နဲ့စာပို့တာ၊ မှော်ဆရာတွေ ဒီလိုပဲ လုပ်တယ်"

ဦးလေးဇာန္ဒဟာ သိပ်ကို ဒေါသထွက်ပုံပေါ်နေတယ်။ ဟယ်ရီက ငြိမ်းရိုင်းစိုင်းစိုင်း ဆဲလိုက်သလိုပဲ၊ သူ့မှာ ဒေါသထွက်လို့ တစ်ကိုယ်လုံး တုန်ယင်နေတာပဲ။ စိတ်လှုပ်ရှားစွာ တံခါးမဆီ တစ်ချက်ကြည့်လိုက်တယ်။ အိမ်နီးချင်းတွေ မှန်ပေါ် နားကပ်ထောင်နေမှာ စိုးရိမ်သလိုပဲ။

"မင်းကို ဘယ်နှစ်ကြိမ်ပြောရမလဲ။ ငါ့အိမ်မှာ အဲဒီပွေပွေလီလီ ဘိစ္စတွေ မပြောရဘူး"သူက အံကြိတ်မာန်ကြိတ်နဲ့ပြောတယ်။ အမှည့်လွန်တဲ့ ခရမ်းသီးကြီးနဲ့ တူနေတယ်။ "မင်းဟာ ဖိချုန်းယာနဲ့ ငါကပေးတဲ့အကျႌကို ဝတ်ပြီး အဲဒီမှာ ရပ်နေတယ်။ ကျေးဇူးတင်ရမှန်း မသိဘူး —"

"အဲဒီအကျႌတွေဟာ ဒါလီ့အကျတွေပါ" ဟယ်ရီက အေးစက်စက် ပြောတယ်။ အမှန်ပဲ၊ သူအခုဝတ်ထားတဲ့ ကော်လာမပါ အားကစားအကျႌ အကျႌဟာ သိပ်ကို ကြီးလွန်းလို့ လက်ကို ငါးခေါက်တောင် ခေါက်ထားမှ လက်နှစ်ဖက် ပေါ်လာတယ်။ အကျႌဟာလဲ အလွန်ကျယ်တယ်၊ ပွင်းဘောင်းဘီ ဒူး

www.burmeseclassic.com



ခေါက်ထိ ရှည်တယ် . . . .

"ငါ့ကို ဒီလို စကားမပြောနဲ့" ဦးလေးဗာန္ဒဲ့ဒေါသထွက်လို့ တစ်ကိုယ်လုံး တုန်နေတယ်။

သို့ပေမယ့် ဟယ်ရီအောင့်မခံချင်တော့ဘူး။ အရင်က သူဟာ ဒါစလီတို့အိမ်က အသိဉာဏ်မရှိတဲ့ စည်းကမ်းတွေကို မတတ်သာဘဲ လိုက်နာခဲ့ရတယ်။ ဒီနေ့မှာ အဲဒီနေ့ရက်တွေ ဘယ်တော့မှ ပြန်လာမှာမဟုတ်တော့ဘူး။ သူဟာ ဒါလီရဲ့ ကိုယ်အလေးချိန်လျှော့တဲ့ အစားအစာကို မလိုက်နာဘူး။ ဦးလေးဗာန္ဒဲ့ သူ့ကို ခွေ့ဒစ်ကမ္ဘာ့ဖလားပွဲ မသွားဖို့ တားမြစ်တာလဲ မကြိုက်ဖူး —— နည်းလမ်းတစ်ခုပဲရှိတယ်။ သူ ရအောင် ကြိုးစားမယ်။ ဟယ်ရီဟာ အသက်ပြင်းပြင်းရှူလိုက်ပြီး မိမိကိုယ်မိမိ တည်ငြိမ်အောင် လုပ်လိုက်တယ်။ ဒီနောက် ပြောလိုက်တယ်။ "ကောင်းပြီလေ၊ ကမ္ဘာ့ဖလားပွဲ ကျွန်တော် မကြည့်ရတော့ဘူး။ ဒါဆို ကျွန်တော်သွားလို့ရပြီလား။ ကျွန်တော် ဆီးရီးအက်စ်ကြယ်ကို စာရေးပေးနေတာ မပြီးသေးဘူး။ သင်သိပါတယ်။ သူဟာ —— ကျွန်တော့် ဂေါ့ဖားသား"

သူ အောင်မြင်သွားပြီ။ သူ့စကားဟာ ထူးဆန်းတဲ့တန်ခိုးရှိတယ်။ အခု သူဟာ ဦးလေးဗာန္ဒဲ့ မျက်နှာပေါ်က ခရမ်းရောင်တွေ ဆုတ်သွားပြီး ညီညာအောင် မွှေမထားတဲ့ စဗျစ်ခြောက်ရေခဲမုန့်နဲ့တူနေတာကို ကြည့်နေတယ်။

"မင်း . . . . မင်း သူ့ကို စာရေးနေတယ် ဟုတ်လား" ဦးလေးဗာန္ဒဲ့က အသံကို တည်ငြိမ်အောင် ကြိုးစားပြီး ပြောတယ်။ ဒါပေမယ့် သူ့မျက်လုံးသေးသေးလေးရဲ့ သူငယ်အိမ်ဟာ ထိတ်လန့်မှုကြောင့် သေးကျုံ့သွားတယ်။

"အော—— ဟုတ်တယ်" ဟယ်ရီက ပေါ့ပေါ့ပဲ ပြောလိုက်တယ်။ "သူ ကျွန်တော့်သတင်းမရတာ နည်းနည်းကြာပြီ။ ကျွန်တော့် သတင်းမရရင် ကျွန်တော်တစ်ခုခု ဖြစ်တယ်ထင်မှာ သင်သိပါတယ်"

သူက စကားကိုရပ်လိုက်ပြီး ဒီစကားရဲ့ အကျိုးသက်ရောက်မှုကို ခံစားလိုက်တယ်။ ဦးလေးဗာန္ဒဲ့ရဲ့ သပ်သပ်ရပ်ရပ်ဖြီးထားတဲ့ ဆံပင်နက်အောက်က အတွေးအခေါ်လှုပ်ရှားမှု။ အဲဒီပင်နီယံတွေ ဘယ်လိုလည်ပတ်နေတယ်ဆိုတာ ဟယ်ရီမြင်ရသလိုပဲ။ တကယ်လို့ ဦးလေးဗာန္ဒဲ့က ဟယ်ရီ့ကို ဆီးရီးအက်စ်ကြယ်ဆီ စာမရေးရဘူးလို့ တားမြစ်ရင် ဆီးရီးအက်စ်ကြယ်က ဟယ်ရီ အနှိပ်စက်ခံရတယ်လို့ ထင်မှာ။ တကယ်လို့ ဦးလေးဟာ ဟယ်ရီ့ကို ခွေ့ဒစ်



ကမ္ဘာ့ဖလားပွဲ မကြည့်ရဘူးလို့ပြောရင် ဟယ်ရီက ဆီးရီးအက်စ်ကြယ်ဆီ စာရေးသိမ့်မယ်။ ဒီတော့ ဆီးရီးအက်စ်ကြယ်ဟာ ဟယ်ရီအနှိပ်စက်ခံရတာမှန်တယ်လို့ သိလိမ့်မယ်။ ဒီလိုဆိုတော့ ဦးလေးဗာန္ဒဲ့မှာ တခြားလမ်းမရှိတော့ဘူး။ လမ်းတစ်သမ်းပဲရှိတော့တယ်။ ဦးလေးခေါင်းထဲမှာ အဲဒီ ဆုံးဖြတ်ချက် ဖြစ်ပေါ်လာတာကို ဟယ်ရီမြင်ရသလိုပဲ။ မုတ်ဆိတ်မွှေးဗလပွနဲ့ မျက်နှာကြီးကို ဗိုးယိုပေါက် မြင်ရသလိုပဲ။ ဟယ်ရီဟာ မရယ်မိအောင် တအားထိန်းထားရတယ်။ မိမိမျက်နှာပေါ်မှာ ဘာအမူအရာမှမရှိအောင် နေတယ်။ ဒီနောက်မှာ——

"ဒါဆိုလဲ ကောင်းပြီ။ မင်း အဲဒီစက်ဆုပ်စရာ —— ညံ့ဖျင်းတဲ့ . . . . အဲဒီကမ္ဘာ့ဖလားစုတ် ဆိုတာကို သွားကြည့်လို့ရတယ်။ အဲဒီ —— အဲဒီ ဝယ်လိုင်တို့ အိမ်သားတွေကို စာရေးလိုက်၊ သူတို့ကို လာကြိုခိုင်း၊ မှတ်ထားနော်၊ ငါမင်းကို လိုက်ပို့ဖို့ အချိန်မရှိဘူး။ မင်း အဲဒီမှာ နွေကျောင်းပိတ်ရက်ကုန်ဆုံးတဲ့အထိ နေနိုင်တယ်။ မင်းရဲ့ —— မင်းရဲ့ဂေါ့ဖားသားကို . . . . ပြောချင်ပြောလိုက် . . . . သူ့ကို . . . . မင်းသွားမယ်ဆိုတာ ပြော"

"ကောင်းပြီ" ဟယ်ရီက ဝမ်းသာစွာပြောတယ်။

သူဟာ ညစ်ခန်းတံခါးဆီ လှည့်လျှောက်သွားတယ်။ ခုန်ပေါက်ဟော်ဒ်လိုတဲ့ စိတ်ကို ချုပ်ထိန်းထားရတယ်။ ခုနက ဒါလီဟာ တံခါးပေါက်မှာ ပုန်းနေတယ်။ ဟယ်ရီကို ကြိမ်းမောင်းတာ ကြားချင်ပုံရတယ်။ ဟယ်ရီ သွားဖြေလာတာတွေ့တော့ အလွန်အံ့ဩသွားတယ်။

"သိပ်ကောင်းတဲ့ နံနက်စာစားစား၊ ဟုတ်လား"

ဟယ်ရီက မေးတယ်။ "ငါ စားရတာ ဗိုက်ကိုတင်းနေတာပဲ၊ မင်းကော"

ဟယ်ရီဟာ ဒါလီ့မျက်နှာပေါ်က အံ့ဩတုန်လှုပ်တဲ့အမူအရာကို ဘဲ့ရယ်ရင်း တစ်လှမ်းကို လှေခါးသုံးထစ် ခုန်တက်သွားပြီး မိမိအခန်းထဲ ပြေးဝင်သွားတယ်။

ဟက်ဒဝစ်ပြန်ရောက်နေတာ သူ ချက်ချင်းမြင်လိုက်တယ်။ ၎င်းဟာ ခေါင်အိမ်ထဲမှာ ထိုင်နေပြီး သန္တာရောင်မျက်လုံးကြီးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ ပါးစပ်ကလဲ ကလစ် ကလစ်နဲ့ မြည်နေတယ်။ ဒီလိုလုပ်တာဟာ ၎င်းက တစ်ခုခုကို စိတ်ဆိုးနေတယ်ဆိုတာ ဖော်ပြတယ်။ ဒါနဲ့ တစ်ချိန်တည်းမှာပဲ ၎င်းကို စိတ်ဆိုးစေတဲ့အရာ ပေါ်ထွက်လာပြီ။

"ဟော" ဟယ်ရီက ထအော်တယ်။ အမွေးပေါက်နေတဲ့ ငှက်ဦး

www.burmeseclassic.com

www.burmeseclassic.com



သောက်ရှိတဲ့ အလုံးလေးဟာ သူ့ခေါင်းကို ဝင်ဆောင့်တယ်။ ဟယ်ရီဟာ ဆောင့်မိတဲ့နေရာကို ဒေါသနဲ့ပွတ်နေတယ်။ ခေါင်းမော့ကြည့်လိုက်တော့ ဇီးကွက်သေးသေးလေးကို မြင်ရတယ်။ သေးတာမှ သူ့လက်ဝါးထဲ ဆုပ်ကိုင်ထားနိုင်တယ်။ ၎င်းဟာ စိတ်လှုပ်ရှားလွန်းလို့ မီးပန်းလို အခန်းထဲမှာ တရှိန်ရှိန် ပျံသန်းနေတယ်။ ဒီတော့မှ ဒီဇီးကွက်လေးဟာ ခုနက သူ့ခြေထောက်နားမှာ စာတစ်စောင် ပစ်ချထားတာ တွေ့တော့တယ်။ ဟယ်ရီက ကုန်းကောက်တယ်။ ရွှန့်လက်ရေးမှန်းသိတာနဲ့ စာကို ဖောက်လိုက်တယ်။ စာက ကသောကမြော ရေးလိုက်တဲ့စာတိုလေး။

ဟယ်ရီ ——အဖေလက်မှတ်ရလာပြီ —— အိုင်ယာလန်နဲ့ဘူဂေးရီးယား။ တနင်္လာနေ့ညမှာ။ အမေက မတ်ဂေါ်တွေကို စာရေးပေးနေတယ်။ မင်းကို တို့အိမ် လာဖို့ ဖိတ်ခေါ်တယ်။ သူတို့ စာရလောက်ရောမယ်။ မတ်ဂေါ်စာပို့တာ ဘယ်လောက် မြန်သလဲဆိုတာ ငါမသိဘူး။ ငါထင်တယ်၊ ဘာပဲဖြစ်ဖြစ်၊ ဝက်ကလေးကို မင်းဆီ ဒီစာ ပို့နိုင်းမှဖြစ်မယ်။

ဟယ်ရီက “ဝက်ကလေး” ဆိုတဲ့ စာလုံးကို ကြည့်ပြီး ငိုင်နေတယ်။ တစ်ခါ မျက်နှာကြက်ရှိ မီးချောင်းကို ပတ်ပျံနေတဲ့ ဇီးကွက်ကလေးကို ကြည့်လိုက်တယ်။ ၎င်းလောက် ဝက်နဲ့မတူတဲ့အရာကို သူ မမြင်ဖူးသေးဘူး။ ရွှန့်လက်ရေးက သော့လွန်းလို့ သူ မရှင်းတာဖြစ်မယ်။ စာဆက်ဖတ်တယ်။

မတ်ဂေါ်တွေ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ငါတို့ မင်းကို လာကြိုမှာပဲ။ မင်း ကမ္ဘာ့ဖလားပွဲနဲ့ လွဲလို့ မဖြစ်ဖူး။ ဒါပေမယ့် အဖေနဲ့အမေက အရင်ဆုံး သူတို့သဘောထားကို တောင်းခံချင်ယောင် ဆောင်တာ ကောင်းမယ်လို့ ထင်တယ်။ သူတို့သဘောတူရင် ဝက်ကလေးနဲ့ အမြန်စာပြန်ပို့ပါ။ ငါတို့ မင်းကို တနင်္ဂနွေနေ့ငါးနာရီမှာ လာကြိုမယ်။ တကယ်လို့ သူတို့ သဘောမတူရင်လဲ ဝက်ကလေးနဲ့ အမြန် စာပို့အကြောင်းကြားပါ။ ငါတို့ မင်းကို တနင်္ဂနွေနေ့ ငါးနာရီမှာ လာကြိုမှာပါပဲ။

ဟာမီး ဒီနေ့ညနေ ရောက်မယ်။ ဖတ်စီ အလုပ်စတက်ပြီ — အပြည်ပြည်ဆိုင်ရာ မှော်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ဌာနခွဲမှာ။ မင်း ဒီရောက်ရင် “နိုင်ငံခြား”နဲ့ ပတ်သက်တာ တစ်လုံးမှ မပြောနဲ့။ မင်း သူ့ကြောင့်



စိတ်ရှုပ်သေချင်ရင် ပြော။

အမြန်ဆုံးတွေ့ဖို့ မျှော်လင့်ပါတယ်။

ရွှန်

“မင်း နည်းနည်း ငြိမ်ငြိမ်နေပါ” ဟယ်ရီက ပြောတယ်။ ဇီးကွက်လေးဟာ တကျီကျီအော်ရင်း ပျံဆင်းကာ ဟယ်ရီ့ခေါင်းပေါ်က ပျံသွားတယ်။ ၎င်းဟာ တိကျမှန်ကန်စွာ စာပို့နိုင်တဲ့အတွက် ရင်ထဲက ပီတိကို ချုပ်တည်းမရလို့ဘဲ့ ဟယ်ရီ ခန့်မှန်းရတော့တယ်။ “ဒီကိုလာ၊ ငါ့ပြန်စာကို မင်းနဲ့ထည့်လိုက်မယ်”

ဇီးကွက်လေးဟာ တောင်ပံရိုက်ခတ်ရင်း ဟက်ဒဝစ်လှောင်အိမ်ပေါ် ဆင်းသက်လိုက်တယ်။ ဟက်ဒဝစ် ခေါင်းမော့ပြီး ၎င်းကို အေးစက်စက် ကြည့်နေတယ်။ မင်း ရှေ့ဆက် တိုးဝံ့တိုးကြည့်လို့ ပြောနေသလိုပဲ။

ဟယ်ရီက ငှက်မွေးကလောင်ကို ကောက်ယူပြန်တယ်။ သိုးရေစက္ကူအသစ်တစ်ရွက် ယူပြီး ရေးတယ်။

ရွှန်။ အားလုံး အဆင်ပြေတယ်။ မတ်ဂေါ်က ငါ့ကို သွားခွင့်ပြုတယ်။ မနက်ဖြန် ညနေငါးနာရီမှာ တွေ့မယ်။ ငါ မစောင့်နိုင်တော့ဘူး။

ဟယ်ရီ

သူက စာကို သေးသေးလေးဖြစ်အောင် ခေါက်တယ်။ ဟိုဇီးကွက်ကလေးဟာ ဝမ်းသာလို့ ခုန်နေတယ်။ ဟယ်ရီဟာ ၎င်းခြေထောက်မှာ စာကို ချည်ဖို့ မနည်းကြိုးစားမှ ရတယ်။ စာချည်ပြီးတာနဲ့ ဇီးကွက်ထွက်သွားတယ်။ ၎င်းဟာ ရှူးခနဲ ပြတင်းက ပျံထွက်သွားတယ်။ လျှပ်တစ်ပြက်အတွင်း ပျောက်ကွယ်သွားတယ်။

ဟယ်ရီက ဟက်ဒဝစ်ကို လှည့်ကြည့်တယ်။

“မင်း တာဝေးပျံသန်းမှု လုပ်နိုင်မလား” သူက ဟက်ဒဝစ်ကို မေးတယ်။

ဟက်ဒဝစ်က ဂုဏ်သရေရှိတဲ့ ဟန်မူရာနဲ့ အော်သံတစ်ချက် ပေးလိုက်တယ်။

“ဒီစာကို ဆီးရီးအက်စ်ကြယ်ဆီ ပို့နိုင်မလား” သူကပြောရင်း ခုနက သူရေးတဲ့စာကို ယူလိုက်တယ်။ “ခဏနေဦး. . . . ငါရေးမပြီးသေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိုးရေစက္ကူကို ဖြန့်ပြီး ကမန်းကတန်း စာတစ်ချို့ကို ထပ်ဖြည့် ရေးလိုက်တယ်။

သင်ကျွန်တော်နဲ့ဆက်သွယ်ချင်ရင် ကျွန်တော့်မိတ်ဆွေ ရွှန်-ဝယ်စလီတို့ အိမ်မှာ နွေကျောင်းပိတ်ရက် ကုန်တဲ့အထိ နေမယ်။ သူ့အဖေက ကျွန်တော်တို့အတွက် ခွေဒစ်ကမ္ဘာ့ဖလားပွဲလက်မှတ် ရထားတယ်။


စာရေးပြီးတာနဲ့ ဟယ်ရီက စာကို ဟက်ဒဝစ်ခြေထောက်မှာ ချည်ပေးလိုက်တယ်။ ဟက်ဒဝစ်က တုတ်တုတ်မျှ မလှုပ်ဘူး။ အထူးကို တည်ငြိမ်နေတယ်။ လီးကွက် စာပို့တစ်ကောင်ဟာ ဘယ်လိုလုပ်ရတယ်ဆိုတာ ဟယ်ရီ့ကို ပြသဖို့ စိတ်ပိုင်းဖြတ်ထားသလိုပဲ။

"မင်းပြန်လာရင် ငါ ရွှန်တို့အိမ်မှာ ရှိမယ်။ နားလည်ပြီလား"

ဟယ်ရီက ၎င်းကို ပြောတယ်။

ဟက်ဒဝစ်က သူ့လက်ချောင်းကို ချစ်ခင်စွာ ကိုက်လိုက်တယ်။ ဒီနောက် ဧရာမတောင်ပံကို ဖြန့်ကာ ရှူးရှူးသံသဲ့သဲ့ ပေါ်လာပြီး ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ အသာပျံထွက်သွားတယ်။

ဟယ်ရီဟာ ၎င်းမိုးပေါ်က ပျောက်သွားတဲ့ထိ ကြည့်နေတယ်။ ကိုယ်ကိုလှည့်ပြီး ခုတင်အောက် ဝင်လိုက်တယ်။ လှုပ်နေတဲ့ ကြမ်းခင်းကိုဖယ်ပြီး မွေးနေ့ကိတ်ကြီးတစ်ခုကို ယူထုတ်လိုက်တယ်။ သူဟာ ကြမ်းခင်းပေါ် ထိုင်ချလိုက်ပြီး အားရပါးရ စားတယ်။ ရင်ထဲ လှုပ်ရှားနေတဲ့ ပျော်ရွှင်မှုကို အစွမ်းကုန် ခံစားနေတယ်။ သူ့မှာ ကိတ်ရှိတယ်။ ဒါလီကတော့ ကျွဲကောသီးကလွဲပြီး ဘာမှ မရှိနိုင်ဘူး။ ဒီနေ့ဟာ သာယာလှပတဲ့ နေ့ရက်တစ်ရက်။ သူ မနက်ဖြန်ဆိုရင် ရေဖယောင်းပင်လမ်းက ထွက်ခွာရတော့မယ်။ သူ့အမာရွတ်လဲ ပုံမှန်ပြန်ဖြစ်သွားပြီ။ ပြီးတော့ သူခွေဒစ်ကမ္ဘာ့ဖလားပွဲလဲ သွားကြည့်ရဦးမယ်။ ဒီလိုအချိန်မျိုးမှာ အကြောင်းတစ်ခုခုကြောင့် စိတ်ရှုပ်ဖို့ ခက်ပါတယ် —— ဗိုလ်ဒီမွန့်ကတောင် သူ့ပျော်ရွှင်မှုကို ဖျက်ဆီးလို့မရဘူး။



## ၄။ အညတရဂေဟာသို့ ပြန်လည်ရောက်ရှိခြင်း

နောက်နေ့ နေ့လယ် ၁၂ နာရီအချိန်မှာ ဟယ်ရီ ကျောင်းကို ပြန်ယူ…မယ့်သေတ္တာ သိမ်းဆည်းပြီးပြီ။ အထဲမှာက သူကျောင်းတက်ဖို့ ပစ္စည်းတွေ… သူမြတ်နိုးတဲ့ ပစ္စည်းအားလုံး ပါတယ် —— သူ့အဖေဆီက အမွေရတဲ့ ကိုယ်…ကော်ဝတ်ရုံ၊ ဆီးရီးအက်စ်ကြွယ်လက်ဆောင်ပေးတဲ့ မိုးပျံတံမြက်စည်း၊ ပြီး…မနှစ်က ဖရက်နဲ့ဂျော့- ဝယ်စလီအမြွှာညီနောင် သူ့ကို လက်ဆောင်ပေး… ခမော်ပညာနဲ့စီရင်ထားတဲ့ ဟော့ဂ်ဝပ်ဓားပြမြေပုံ။ သူဟာ ပြုတ်နေတဲ့ ကြမ်း…အောက်မှာ ဝှက်ထားတဲ့ အစားအစာအားလုံးကို ယူထုတ်လိုက်တယ်။ တစ်ခါ… ခန်းထောင့်တွေဘာတွေကို လိုက် စစ်ဆေးတယ်။ ဂါထာစာအုပ်တို့ ငှက်… …သောင်တို့များ မေ့ကျန်နေသလားဆိုတာ ကြည့်တယ်။ ဒီနောက် နံရံ… …ဘဲ့ ဟိုဇယားကို ဖြုတ်လိုက်တယ်။ ဇယားပေါ်မှာ စက်တင်ဘာ… တစ်ရက်… ဘိုင်မီရက်များကို မှတ်သားထားတယ်။ သူဟာ တစ်ရက်ကုန်ဆုံးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခွဲမှာ ကြက်ခြေခတ်တစ်ခု လုပ်လိုက်တယ်။ ဟော့ဂ်ဝပ်ကို အမြန်ဆုံးပြန်ဖို့ပဲ မျှော်လင့်နေတယ်။

ရေဖယောင်းပင်လမ်း အမှတ် ၄ မှာ လေထုက သိပ်ကို တင်းမာနေတယ်၊ မကြာခင်မှာ မှော်ဆရာအမျိုးမျိုး သူတို့အိမ် ရောက်လာတော့မယ်။ ဒါကြောင့် ဒါစလီ မိသားစုအားလုံး စိတ်တိုတယ်။ သိပ်ကို ထင်ယောင်ထင်မှား ဖြစ်နေတယ်။ ဟယ်ရီက ဝယ်စလီမိသားစု နောက်နေ့ညနေ ငါးနာရီမှာ ဒီကိုလာခဲ့မယ်လို့ ပြောပြတော့ ဦးလေးဗားနွံဟာ အထိတ်တလန့် ဖြစ်သွားတယ်။

"မင်း သူတို့ကို အဝတ်အစားကို သင့်တော်အောင် ဝတ်စားစေချင်တယ်ဆိုတာ ပြောထားဖို့ ငါမျှော်လင့်တယ်။ အဲဒီလူတွေဟာ သိပ်ခက်တယ်" ဦးလေးဗားနွံဟာ ချက်ချင်း ထအော်တယ်။ "မင်းတို့လိုလူစားတွေဝတ်စားတာ ငါမြင်ဖူးတယ်။ သူတို့ ပုံမှန်အဝတ်အစားဝတ်ရင် ကောင်းမယ်။ ဒါမှ သိက္ခာရှိမှာ"

ဟယ်ရီဟာ နည်းနည်းလေး ပူပင်နေတယ်။ သူဟာ မစ္စတာဝယ်စလီနဲ့ ဇနီးတို့ ဒါစလီမိသားစုက "ပုံမှန်"တယ်လို့ပြောတဲ့ အဝတ်အစားမျိုးဝတ်တာ သိပ်မတွေ့ရဘူး။ သူတို့ကလေးတွေဟာ နားရက်တွေမှာ မတ်ဂေါ်အင်္ကျီ ဝတ်ချင်ဝတ်တတ်တယ်။ ဒါပေမယ့် မစ္စတာဝယ်စလီနဲ့ ဇနီးကတော့ ခါတိုင်းလိုလို ဝတ်ရုံရှည်စုတ်စုတ်တွေပဲ ဝတ်လေ့ရှိတယ်။ အိမ်နီးနားချင်းတွေ ဘယ်လိုတွေးမယ်ဆိုတာကို ဟယ်ရီဂရုမစိုက်ပါဘူး။ ဒါပေမယ့် သူစိုးရိမ်တာက ဝယ်စလီမိသားစုကို မြင်တွေ့ရတဲ့ပုံပန်းဟာ ဒါစလီဇနီးမောင်နှံတို့ခေါင်းထဲ တွေးထင်ထားတဲ့ ကြောက်စရာပုံသဏ္ဌာန် ဖြစ်ခဲ့ရင် ဒါစလီတို့က သူတို့ကို ဘယ်လိုရိုင်းပျစွာ ဆက်ဆံမလဲဆိုတာပဲ။

ဦးလေးဗားနွံဟာ သူ့ရဲ့အကောင်းဆုံးဝတ်စုံကို ဝတ်တယ်။ လူတစ်ချို့အမြင်အရ ဒါဟာ ကြိုဆိုတဲ့သဘောပေါ့။ ဒါပေမယ့် ဟယ်ရီကသိတယ်။ ဦးလေးဗားနွံ ဒီလိုလုပ်တာဟာ မိမိကိုယ်မိမိ ဂိုက်ကျစေပြီး တဖက်သား ကြောက်ရွံ့စေဖို့ ဖြစ်တယ်။ တစ်ဖက်မှာလဲ ဒါလ်ဒ်လီကိုကြည့်ရတာ သေးကြုံ့သွားသလိုပဲ။ ဒါဟာ ကိုယ်အလေးချိန် လျှော့တဲ့ အစားအစာကြောင့် မဟုတ်ဘူး။ ဒါလီသိပ်ကြောက်နေလို့။ အရင်တစ်ခါက ဒါလီဟာ အရွယ်ရောက်ပြီး မှော်ဆရာတစ်ယောက်နဲ့ ထိတွေ့ဖူးတယ်။ သူ့ဖင်မှာ ကွေးကောက်တဲ့ ဝက်မြီးတစ်ချောင်း ထွက်လာတယ်။ အဒေါ်ဖီချူးနီးယားနဲ့ ဦးလေးဗားနွံဟာ ငွေကုန်ခံကာ လန်ဒန်က



ပုဂ္ဂလိကဆေးရုံတင်ပြီး အမြီးကို ဖြတ်ပစ်ခဲ့ရတယ်။ ဒါလီဟာ အဲဒီထိတ်လန့်မှုက ခုမှသက်သာရာရရုံ ရှိသေးတယ်။ ဒါကြောင့် သူအခု သိပ်ကိုကြောက်နေတယ်။ လက်နဲ့ ဖင်ပေါ်မှာ ပွတ်နေတယ်။ ပြီးတော့ အခန်းတစ်ခန်းကနေ တစ်ခန်းကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ သွားနေတယ်။ သူ့ရန်သူရဲ့ ပစ်မှတ်ဖြစ်ပြီး အရင်တစ်ခါကလို အဖြစ်မျိုးနဲ့ ကြုံရမှာ စိုးနေတယ်။

နေ့လယ်စာ ထမင်းစားကြတော့ ဘယ်သူမှစကားမပြောဘူး။ ဒါလီဟာ အစားအစာ (တောဒိန်ခဲနဲ့ တရုတ်နံနံမှုန့်) ကိုတောင် ကန့်ကွက်တဲ့စကား မပြောဘူး။ အဒေါ်ဖီချူးနီးယားက ဘာမှမစားဘူး။ သူမဟာ လက်ပိုက်နှုတ်ခမ်းစုပြီး မိမိလျှာကို ဝါးနေသလိုပဲ။ ဟယ်ရီ့ပေါ် ပေါက်ကွဲမယ့်ဒေါသနဲ့ ရှုတ်ချမှုကို ဝါးချေပြီး မျိုချနေသလိုပဲ။

"သူတို့ ကားမောင်းလာမှာ သေချာတယ်၊ ဟုတ်လား" ဦးလေးဗားနွံက စားပွဲတစ်ဖက်ကနေ တင်းမာစွာ မေးတယ်။

"အင်း"ဟယ်ရီက ဖြေတယ်။

ဒီပြဿနာကို သူမတွေးမိဘူး။ ဝယ်စလီမိသားစုက သူ့ကို ဘယ်လိုလာကြိုမှာလဲ။ သူတို့မှာ ကားမရှိတော့ဘူး။ အစက သူတို့မှာ ဖို့ဒ်အင်ဂလီယာကားအိုကြီးရှိတယ်။ ဒါပေမယ့် အဲဒီကားဟာ အခု ဟော့ဂ်ဝပ်တော့မြစ်သစ်တောထဲမှာ ထင်ရာစိုင်းနေတယ်။ မနှစ်က မစ္စတာဝယ်စလီဟာ မှော်ဝန်ကြီးဌာနက ကားတစ်စီး ငှားတယ်။ ဒီနေ့လဲ ဒီအတိုင်းပဲ လုပ်မလားမသိဘူး။

"ဟုတ်မယ်ထင်တယ်" ဟယ်ရီက ပြောတယ်။

ဦးလေးဗားနွံက ဟင်းလုပ်လိုက်တယ်။ နှာခေါင်းကလေ မုတ်ဆိတ်ပေါ် ကျလာတယ်။ ခါတိုင်းအခြေအနေမှာဆိုရင် ဦးလေးဗားနွံဟာ သူတို့ ဘာကားမောင်းလာမှာလဲလို့ ဆက်မေးမှာ။ သူဟာ တခြားအမျိုးသားတွေ မောင်းတဲ့ကား ဘယ်လောက်ကျယ်တယ်။ ဘယ်လောက်ဈေးကြီးတယ်ဆိုတာကြည့်ပြီး ဂုဏ်အဆင့် တန်ဖိုးဖြတ်တတ်တယ်။ ဒါပေမယ့် မစ္စတာဝယ်စလီဟာ ဖယ်ရာရီကား မောင်းလာတယ်ထားဦး၊ ဦးလေးဗားနွံကတော့ သူ့ကို နှစ်သက်မှာ မဟုတ်ဘူးလို့ ဟယ်ရီ သံသယ ဖြစ်မိတယ်။

ဟယ်ရီဟာ တစ်ညနေခင်းလုံး မိမိအခန်းမှာ နေနေတယ်။ အဒေါ်ဖီချူးနီးယားတစ်ယောက် စက္ကန့်အနည်းငယ်ကြာတိုင်း ဇကာပေါက်ပြတင်းလိုက်ကာ နောက်ကနေ ချောင်းချောင်းကြည့်တဲ့ပုံကို သူ မကြည့်ချင်ဘူး။ သူမပုံစံဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြွတစ်ကောင် တိရစ္ဆာန်ရုံကနေ ထွက်ပြေးလာတဲ့ အကြောင်းကြားချက် ရထား ဘယ်လို၊ နောက်ဆုံး ငါးနာရီမတ်တင်းရောက်မှ ဟယ်ရီ လှေခါးက ဆင်းပြီး ဧည့်ခန်းကို လာခဲ့တယ်။

အဒေါ်ဖီချူနီယာဟာ ထိုင်ဖုံကို အတင်းကြီး ပွတ်သပ်နေတယ်။ ဦးလေးဗာနွန်က သတင်းစာဖတ်ချင်ယောင် ဆောင်နေတယ်။ ဒါပေမယ့် သူ့မျက်လုံးသေးသေးလေးဟာ သေနေတယ်။ စင်စစ် သူဟာ ကားလာပြီလားဆိုတာကို အာရုံစူးစိုက်နေမှန်း ဟယ်ရီပြောနိုင်တယ်။ ဒါလီဟာ ကိုယ်ခန္ဓာဝတုတ်ကြီးကို လက်တန်းကုလားထိုင်တစ်လုံးထဲ သွတ်သွင်းနေတယ်။ ဝတုတ်တုတ်လက်နှစ်ချောင်းကို ဖင်အောက်ခုပြီး မိမိဖင်ကို တအားဆုပ်ကိုင်ထားတယ်။ ဟယ်ရီဟာ ဒီလိုတင်းကြပ်တဲ့လေထုကို မခံစားနိုင်လို့ ဧည့်ခန်းကထွက်ခွာပြီး အိမ်ရှေ့လှေခါးပေါ် သွားထိုင်နေတယ်။ သူ့နှလုံးဟာ စိတ်လှုပ်ရှားတက်ကြွလွန်းလို့ တအားခုန်နေတယ်။

သို့ပေမယ့် ငါးနာရီထိုးပြီး လွန်တောင်သွားပြီ။ ကုတ်အင်္ကျီကြီးနဲ့ ဦးလေးဗာနွန်ဟာ ရှေ့တံခါးကို ဖွင့်ပြီး လမ်းဆီ ဟိုဒီကြည့်တယ်။ တစ်ခါ ချက်ချင်း ပြန်ဝင်သွားတယ်။

"သူတို့ နောက်ကျတယ်" သူက အသံဆိုးဆိုးနဲ့ ဟယ်ရီ့ကိုပြောတယ်။

"ကျွန်တော်သိတယ်" ဟယ်ရီကပြောတယ်။ "လမ်း အင်း —— လမ်းပိတ်ဆို့နေတယ် ထင်တယ်"

ငါးနာရီဆယ်မိနစ် . . . . ငါးနာရီဆယ့်ငါးမိနစ် . . . . ဟယ်ရီကိုယ်နှိုက်လဲ စိတ်မနိုင်တော့ဘူး။ ငါးနာရီခွဲတော့ ဦးလေးဗာနွန်နဲ့ အဒေါ်ဖီချူနီယာ ဧည့်ခန်းထဲမှာ မကျေမနပ် ပွစိပွစိ ပြောနေတာ ကြားရတယ်။

"သူများကို နည်းနည်းမှ မလေးစားဘူး"

"ငါတို့မှာ တခြားချိန်းထားတာ ရှိချင် ရှိမှာ"

"သူတို့က နည်းနည်းနောက်ကျမှလာရင် သူတို့ကို ထမင်းကျွေးမယ် ထင်တယ်နဲ့ တူတယ်"

"ဟင်း၊ ရမယ်စောင့်နေ" ဦးလေးဗာနွန်ကပြောတယ်။ သူထလိုက်ပြီး ဧည့်ခန်းထဲ ဟိုဒီလျှောက်နေတာ ဟယ်ရီ ကြားရတယ်။ "သူတို့ ကောင်လေးကို ခေါ်ပြီးတာနဲ့ သွားပစေ။ ဒီမှာကြာကြာမနေစေနဲ့။ သူတို့ လာခဲ့ရင် ပြောတာ။



နေ့စွဲလွဲမှားနေပြီထင်တယ်။ သူတို့လို လူစားမျိုးတွေမှာ အချိန်စောင့်စည်းမှု ဆိုတာ မရှိဘူး။ ဒါမှမဟုတ်ရင် သူတို့မောင်းလာတဲ့ ကားဟောင်းကြီး လမ်းမှာ ပျက်နေတယ်ထင်တယ် —— အားအား အားအား"

ဟယ်ရီ ခုန်ထလိုက်တယ်။ ဧည့်ခန်းတံခါး နောက်ဖက်ကနေ ဒါစလီ မိသားစုသုံးဦး အထိတ်တလန့် အခန်းထဲမှာ တွားသွားနေတဲ့အသံ ထွက်လာတယ်။ ဒီနောက် ဒါလီဟာ တံခါးခန်းထဲကို တစ်ရှိန်ထိုးပြေးဝင်လာတယ်။ အမူအရာက သိပ်ကို ကြောက်လန့်နေတယ်။

"ဘယ်လိုလဲ" ဟယ်ရီကမေးတယ်။ "ဘာဖြစ်လို့လဲ"

ဒါလီဟာ စကားတောင် ပြောနိုင်ပုံမရဘူး။ သူဟာ လက်နှစ်ဖက်နဲ့ ဖင်ကို တအားဖိကာထားပြီး ဂယိမ်းဂယိုင်နဲ့ မီးဖိုထဲကို အမြန်ဆုံး ပြေးဝင်သွားတယ်။ ဟယ်ရီက ဧည့်ခန်းထဲ အမြန်ဝင်လိုက်တယ်။

ဒါစလီတို့အိမ်က မီးလင်းဖိုဟာ အသေပိတ်ထားတာ။ မီးဖိုရှေ့မှာ ကျောက်မီးသွေးရှို့တဲ့ လျှပ်စစ်မီးဖိုအတု ချထားတယ်။ အခု မီးလင်းဖိုနောက်ကနေ တအား ထုသံ၊ ပွတ်တိုက်သံ ထွက်လာတယ်။

"ဘာတွေလဲ" အဒေါ်ဖီချူနီယာဟာ နံရံဘေး ဆုတ်သွားပြီးပြီ။ ကြောက်လန့်စွာ မီးဖိုဆီကို စိုက်ကြည့်နေတယ်။ အသက်ရှူမမှန်ဘဲ မေးတယ်။

"ဘာများလဲ၊ ဗာနွံ"

သူတို့ သံသယဟာ ချက်ချင်း အဖြေပေါ်လာတယ်။ အသေပိတ်ဆို့ထားတဲ့ မီးလင်းဖိုနောက်ကနေ လူတချို့စကားပြောသံ ပေါ်ထွက်လာတယ်။

"အမလေး၊ မဟုတ်သေးဘူးဖရက် —— ပြန်သွား၊ ပြန်သွား။ မှားနေပြီထင် တယ် ——ဂျော့ကို —— အမလေး။ မဟုတ်သေးဘူး။ ဂျော့၊ ဒီမှာ နေရာမရှိတော့ဘူး။ရွန့်ကို အမြန်သွားပြောချေ ——"

"ဟယ်ရီ ကျွန်တော်တို့ပြောတာ ကြားချင်ကြားမှာ။ အဖေ —— သူ ကျွန်တော်တို့ကို ထွက်လို့ရအောင် လုပ်ပေးချင်ပေးနိုင်မှာ ——"

ဒီနောက် မီးဖိုနောက်က အကာပေါ်ကို လက်သီးတွေထုသံ ပေါ်ထွက် လာတယ်။

"ဟယ်ရီလား။ ဟယ်ရီ၊ မင်းကြားရလား"

ဒါစလီဇနီးမောင်နှံဟာ ဒေါသထွက်နေတဲ့ဝံပုလွေလို ဟယ်ရီ့ဘက် နှတ်တရက် တိုက်ခိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ" ဦးလေးဟန့်က အော်ဟောက်မေးတယ်။ "သူတို့ ဘာလုပ်နေတာလဲ"

"သူတို့ —— သူတို့က ဖလူးမှုန့်နဲ့ ဒီကိုလာတာ"

ဟယ်ရီကပြောတယ်။ သူ တအားအော်ရယ်ချင်လာတယ်။ အတင်း ထိန်းထားရတယ်။ "သူတို့ မီးပေါ်မှာ ခရီးသွားလို့ရတယ် —— သင်က မီးလင်းဖိုကို အသေပိတ်ထားလို့ —— ခဏနေပါဦး ——"

သူက မီးလင်းဖိုရှေ့သွားပြီး ကာပြားဟိုတစ်ဘက်ကို အော်ပြောတယ်။

"မစ္စတာဝယ်စလီလား။ ကျွန်တော့်အသံ ကြားရလား"

နံရံကို လက်သီးနဲ့ထုသံ ရပ်သွားတယ်။ မီးလင်းဖိုထဲက တစ်ယောက် "ရှူး" လုပ်သံ ကြားရတယ်။

"မစ္စတာဝယ်စလီ။ ကျွန်တော်ဟယ်ရီပါ. . . . မီးလင်းဖို အသေပိတ်ထားတယ်။ ဒီကဝင်လို့ ရမှာမဟုတ်ဘူး"

"သေတာပဲ" မစ္စတာဝယ်စလီ့အသံ။ "သူတို့က မီးဖိုအကောင်းကို ဘာဖြစ်လို့ အသေပိတ်ရတာလဲ"

"သူတို့မှာ လျှပ်စစ်မီးဖိုတစ်ခု ဝယ်ထားတယ်" ဟယ်ရီကရှင်းပြတယ်။

"တကယ်လား" မစ္စတာဝယ်စလီ့အသံ တက်ကြွလာတယ်။

"မင်းပြောတာက လျှပ်စစ်ပါတယ်လား။ ပလပ်ခေါင်း ရှိလား။ သိပ် ဟန်ကျတာပဲ၊ ငါမြင်စမ်းချင်တယ်. . . . ကျုပ်စဉ်းစားဦးမယ်. . . . အမလေး၊ ရွန်"

ရွန့်အသံဟာ သူတို့အသံထဲ ဝင်လာတယ်။

" ကျွန်တော်တို့ ဒီမှာ ဘာလုပ်နေတာလဲ။ ဘာများဖြစ်လို့လဲ"

"အင်း၊ ဘာမှမဖြစ်ဖူး၊ ရွန်" ဖရက်အသံ ထွက်လာတယ်။ သရော်သံ။ "ဘာမှ မဖြစ်ပါဘူး။ ဒါ တို့လာမယ့်နေရာပဲ"

"အမလေး၊ ငါတို့ဒီမှာ အချိန်ဖြုန်းနေတယ်" ဂျော့က ပြောတယ်။ သူ့အသံက အ အကြီး၊ သူ့ကို နံရံပေါ် ဖိကပ်အောင် ကြပ်သိပ်နေပုံရတယ်။

"ကလေးတို့၊ ကလေးတို့. . . . "မစ္စတာဝယ်စလီရဲ့အသံက မသဲမကွဲ ပြောတယ်။ "ငါ ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားနေတယ်. . . . ကောင်းပြီ. . . . ဒီလိုပဲ လုပ်ရမှာပဲ. . . . ဟယ်ရီ၊ နောက်ဆုတ်ရပ်"

ဟယ်ရီက ဆိုဖာရှေ့ ဆုတ်လိုက်တယ်။ ဦးလေးဟန့်ကတော့ ရှေ့ကို



ခေါင် သုံးလေးလှမ်းတိုးသွားတယ်။

"နေကြဦး"

သူက မီးဖိုဆီ လှမ်းအော်တယ်။

"ခင်ဗျားတို့ ဘာလုပ်မလို့လဲ ——"

ဗိုင်း. . . .

အသေပိတ်ထားတဲ့ မီးလင်းဖိုကြီး ပေါက်ကွဲထွက်သွားတယ်။ ဓာတ်မီး ဲသဲ အခန်းတစ်ဖက်ကို လွင့်ထွက်သွားတယ်။ မစ္စတာဝယ်စလီ၊ ဖရက်၊ ဂျော့နဲ့ ရွန်တို့ အုတ်ကျိုးအုတ်ပဲ့တွေကြားက ခါခက်ထွက်လာတယ်။ အဒေါ်ဖီချူးနီယာ ာ စူးရှစွာအော်ပြီး နောက်သို့ လက်ဖက်ရည်စားပွဲပေါ် လဲကျသွားတယ်။ ဦးလေးဟန့်က သူမကို ဖမ်းကိုင်ထားလိုက်လို့ ကြမ်းပေါ် ပြုတ်ကျမသွားတာ။ ဦးလေးဟန့်ဟာ အသက်ပြင်းပြင်းရှူရင်း စကားတောင် ပြောမထွက်တော့ဘူး။ ယ်စလီမိသားစုကိုပဲ စိုက်ကြည့်နေတယ်။ သူတို့အားလုံးမှာ နီရဲတဲ့ဆံပင်တွေ ကြတယ်။ ပြီးတော့ ဖရက်နဲ့ဂျော့။ အဲဒီ ညီအစ်ကိုနှစ်ယောက်ဟာ ပုံစံခွက် တစ်ခုထဲက ထွက်လာသလို တစ်ပုံစံတည်းရယ်။ မျက်နှာပေါ်က မှည့်ခြောက် တွေတောင် တစ်ပုံစံတည်းရယ်။

"အခုမှ တော်တော့တယ်" မစ္စတာဝယ်စလီဟာ အသက်ပြင်းပြင်း ရှူရင်း ပြောတယ်။ အစိမ်းရောင် ဝတ်ရုံရှည်ပေါ်က ဖုန်တွေကို ခါလိုက်တယ်။ မျက်မှန်ကို တည့်မတ်ပေးလိုက်တယ်။ "အား —— ခင်ဗျားတို့ဟာ ဟယ်ရီရဲ့ အဒေါ်နဲ့ ဦးလေးတွေ ထင်တယ်"

မစ္စတာဝယ်စလီဟာ ပိန်ရှည်ရှည် ထိပ်ပြောင်လူကြီးတစ်ယောက် ဖြစ် တယ်။ သူဟာ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ဦးလေးဟန့်ဆီ လျှောက်လာတယ်။ ဒါပေမယ့် ဦးလေးဟန့်ဟာ အဒေါ်ဖီချူးနီယာကိုဆွဲပြီး နောက်ကို လေးငါးလှမ်း ဆုတ်သွားတယ်။ ဦးလေးဟန့် ဘာစကားမှပြောမထွက်ဘူး။ သူ့ရဲ့ အကောင်း ဆုံး အနောက်တိုင်းဝတ်စုံပေါ်မှာ ဖုန်မှုန့်ဖြူဖြူတွေနဲ့။ ဆံပင်နဲ့ မုတ်ဆိတ်ပေါ်မှာ ပဲ နိုတယ်။ ဒါကြောင့် ချက်ချင်းပဲ အသက်သုံးဆယ်လောက် ကြီးသွားသလိုပဲ။

"အော —— ဟုတ်တယ် —— ဒီအတွက် ဝမ်းနည်းပါတယ်" မစ္စတာ ဝယ်စလီက ပြောတယ်။ လက်နှစ်ဖက်ကိုချပြီး ပေါက်ကွဲသွားတဲ့ မီးလင်းဖိုကို ကြည့်နေတယ်။ "ဒါကျွန်တော့်အပြစ်ပါ။ ကျွန်တော်တို့ သွားလိုတဲ့နေရာ ရောက် ပြီး အပြင်ထွက်လို့ မရဘူးဆိုတာ ကျွန်တော် လုံးဝမတွေးမိလို့။ ခင်ဗျားသိလား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခင်ဗျား မီးဖိုကို ဖလူးကွန်ရက်နဲ့ ဆက်ထားတာ — ဒီတစ်ညနေ ဘဲပါ။ ခင်ဗျားသိပါတယ်။ ဟယ်ရီ့ကို လာကြိုဖို့ဖြစ်ပါတယ်။ တင်းကြပ်စွာ ပြောရရင် မတ်ဂေါ်မီးဖိုကို ကွန်ရက်နဲ့ မဆက်သွယ်ရပါဘူး — ဒါပေမယ့် ကျွန်တော်ဟာ ဖလူးအဖွဲ့မှာ သိပ်အကူအညီရတဲ့ လူရင်းရှိတယ်။ သူက ကူညီလို့ အဆင်ပြေသွားတာ။ မစိုးရိမ်ပါနဲ့။ ကျွန်တော် တော်ကြာရင် ပြန်ပြင်ပေးပါ့မယ်၊ ကျွန်တော် မီးမွေးပြီး ကလေးတွေကို ပြန်ပို့မယ်။ ဒီနောက် ကျွန်တော် ရုပ်မရွှေ့ပြောင်းခင်မှာ မီးဖိုကို ပြန်ကောင်းအောင် ပြင်ပေးမယ်"

ဒါစလီလင်မယားဟာ ဒီစကားကို တစ်လုံးမှ နားလည်မှာ မဟုတ်ဘူး ဆိုတာ ဟယ်ရီပြောရဲတယ်။ သူတို့ဟာ မစ္စတာဝယ်စလီကို ကြက်သေသေပြီး ကြောင်ကြည့်နေကြတယ်။ အဒေါ်ဖီချူနီယာဟာ ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီး ဦးလေးဗာနွံ့ ကျောဘက်ကို ဂယိမ်းဂယိုင် ဝင်ပုန်းလိုက်တယ်။

"မင်္ဂလာပါ၊ ဟယ်ရီ" မစ္စတာဝယ်စလီက ဝမ်းသာအားရ ပြောတယ်။ "မင်း သေတ္တာ သိမ်းဆည်းပြီးပြီလား"

"အပေါ်ထပ်မှာရှိတယ်" ဟယ်ရီကလဲ သူ့ကို ပြုံးပြရင်းပြောတယ်။

"တို့ သွားသယ်ချရအောင်" ဖရက်က ချက်ချင်းပြောတယ်။ သူနဲ့ဂျော့ဟာ ဟယ်ရီ့ကို မျက်စိမှိတ်ပြပြီး ဧည့်ခန်းက ထွက်ခွာသွားတယ်။ ဟယ်ရီ့အိပ်ခန်း ဘယ်မှာရှိတယ်ဆိုတာ သူတို့သိတယ်။ တစ်ကြိမ်က သူတို့ဟာ ညကြီးသန်းခေါင်မှာ ဟယ်ရီကို အိမ်ခန်းက ကယ်ထုတ်ခဲ့ဖူးတယ်။ ဟယ်ရီက ဖရက်နဲ့ဂျော့ ဒါလီကို မြင်ချင်လို့များလားလို့ သံသယရှိတယ်။ သူတို့ဟာ ဟယ်ရီ့ဆီကနေ ဒါလီ့အကြောင်း တော်တော် ကြားထားတယ်။

"ကောင်းပြီ" မစ္စတာဝယ်စလီက ပြောတယ်။ သူဟာ လက်နှစ်ဖက်ကို အသာလှုပ်ခါနေပြီး သင့်တော်တဲ့စကားလုံးကို ရှာနေတယ်။ ဒီလို ခံစားရခက်တဲ့ ငြိမ်သက်မှုကို ဖြိုခွဲလိုက်ချင်တယ်။ "ခင်ဗျားတို့နေတဲ့ နေရာဟာ အလွန် — အင်း — အလွန်လှတယ်"

ခါတိုင်း ဖုန်တောင်မရှိတဲ့ ဧည့်ခန်းဟာ အခုတော့ ဖုန်တွေ၊ အုတ်ကျိုး အုတ်ပဲ့တွေ နေရာအနှံ့ ဖြစ်နေတယ်။ ဒါကြောင့် ဒီလိုချီးကျူးတဲ့စကားဟာ ဒါစလီဇနီးမောင်နှံအကြိုက် မဖြစ်နိုင်ဘူး။ ဦးလေးဗာနွံ့မျက်နှာဟာ ချက်ချင်းပဲ နီရဲလာတယ်။ အဒေါ်ဖီချူနီယာက သူ့မလျှာကို စ,ကိုက်တယ်။ ဒါပေမယ့် သူတို့ဟာ ထိတ်လန့်လွန်းလို့ စကားတစ်လုံးမှ နောက်ထပ်မပြောဝံ့တော့ဘူး။



မစ္စတာဝယ်စလီဟာ အခန်းထဲမှာ ဟိုဒီကြည့်နေတယ်။ မတ်ဂေါ်နဲ့ ပတ်သက်တဲ့ကိစ္စဆိုရင် သူအားလုံးကြိုက်နှစ်သက်တယ်။ သူဟာ ရုပ်မြင်သံကြား နဲ့ ရုပ်သံဖမ်းစက်ကို အနီးကပ် လေ့လာချင်မှန်း ဟယ်ရီသိတယ်။

"ဒါတွေက လျှပ်စစ်နဲ့သုံးတာ ဟုတ်လား" သူက ပညာရှိရှိမေးတယ်။ "အား၊ ဟုတ်ပြီ။ ပလပ်ကိုတွေ့ပြီ။ ကျုပ်က ပလပ်တွေစုတယ်" သူက ဦးလေးဗာနွံ့ကို ပြောပြန်တယ်။ "ပြီးတော့ ဘက်ထရီ။ ဘက်ထရီတွေ အများကြီး ရှိတယ်။ ကျုပ်မိန်းမက ကျုပ်ကို ရူးနေပြီထင်တာ။ ဒါပေမယ့် ကြည့်လေ၊ ကျုပ် ပြောတာ မှန်တယ်လေ"

ဦးလေးဗာနွံ့ဟာလဲ မစ္စတာဝယ်စလီရူးနေပြီ ထင်ပုံရတယ်။ သူဟာ သူများမသိနိုင်အောင် ညာဘက်ကို နည်းနည်းရွှေ့လိုက်တယ်။ သူ့ကိုယ်နဲ့ အဒေါ်ဖီချူနီယာကို ကာထားတယ်။ မစ္စတာဝယ်စလီ ရုတ်တရက်ထခုန်ပြီး သူတို့ကို တိုက်ခိုက်မယ်လို့ ထင်နေသလိုပဲ။

ရုတ်တရက် ဒါလီ အခန်းထဲရောက်လာတယ်။ သေတ္တာကို လှေကားပေါ်မှာ ဆွဲချနေတဲ့အသံ ဟယ်ရီကြားရတယ်။ ဒီအသံကြောင့် ဒါလီဟာ လန့်ပြီး မီးဖိုထဲက ထွက်ပြေးလာတယ်ဆိုတာ သူသိတယ်။ ဒါလီက နံရံဘေးကပ်ပြီး လျှောက်လာတယ်။ အလွန်အမင်း ကြောက်လန့်တဲ့မျက်စိနဲ့ မစ္စတာဝယ်စလီကို စိုက်ကြည့်နေတယ်။ မိမိကိုယ်မိမိ အဖေအမေနောက်ဘက် သွားပုန်းနေချင်တယ်။ ကံမကောင်းစွာပဲ ဦးလေးဗာနွံ့ရဲ့ကိုယ်လုံးကြီးဟာ ပိန်ကပ်ကပ် အဒေါ်ဖီချူနီယာကို ကာထားဖို့ ပိုပိုလျှံလျှံ ရှိပေမယ့် ဒါလီကို ကာထားဖို့ကျတော့ ဘယ်ဖြစ်နိုင်မှာလဲ။

"အား၊ ဒါ မင်းအစ်ကိုဝမ်းကွဲ ဟုတ်လား၊ ဟယ်ရီ" မစ္စတာဝယ်စလီက နောက်တစ်ကြိမ် သူတို့နဲ့ စကားပြောဖို့ အားတင်းပြီးပြောတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "သူက ဒါလီပဲ"

သူနဲ့ရွန် အကြည့်ချင်း ဖလှယ်လိုက်တယ်။ တစ်ခါ အကြည့်ကိုတခြားကို အမြန်ဖယ်လိုက်တယ်။ သူတို့ဟာ တအား အော်ရယ်ပစ်လိုက်ချင်တယ်၊ ထိန်းလို့တောင် မရတော့ဘူး။ ဒါလီဟာ ဖင်ကို လက်နဲ့ဖုံးထားဆဲ။ ဖင်ကြီးပြုတ်ကျမှာ ကြောက်သလိုပဲ။ မစ္စတာဝယ်စလီကတော့ ဒါလီရဲ့ ထူးဆန်းတဲ့ အပြုအမူကြောင့် သူ့ကို စိုးရိမ်နေတယ်။ အမှန်ပဲ၊ သူဆက်ပြောတဲ့စကားအရ မစ္စတာဝယ်စလီဟာ ဒါလီ တကယ်ပဲ ရူးနေပြီလို့ထင်တာ သေချာတယ်။ ဒါစလီဇနီး

www.burmeseclassic.com



ဆောင်နုံကလဲ မစ္စတာဝယ်စလီကို ရှုံးနေပြီလို့ ထင်နေသလိုပဲ။ ဒါပေမယ့် မစ္စတာဝယ်စလီ ခံစားရတာက စာနာမှု။ ထိတ်လန့်မှု မဟုတ်ဘူး။

"ကျောင်းပိတ်ရက် အဆင်ပြေတယ်နော်၊ ဒါလီ" သူက နွေးထွေးစွာ မေးတယ်။

ဒါလီက ဟင့်ဟင့်နဲ့ ငိုတယ်။ သူဟာ လက်နှစ်ဖက်နဲ့ ဖင်ကို ပိုတင်းတင်း အုပ်ထားတာ ဟယ်ရီမြင်ရတယ်။

ဖရက်နဲ့ဂျော့ဟာ ဟယ်ရီကျောင်းယူသွားမယ့် သေတ္တာကို ဧည့်ခန်းထဲ သယ်လာတယ်။ သူတို့ဟာ ဝင်လာတာနဲ့ ဟိုဟိုဒီဒီ ကြည့်တယ်။ ဒါလီကို မြင်တာနဲ့ နှစ်ယောက်စလုံး မျက်နှာပေါ်မှာ သဘောမရိုးတဲ့ အပြုံးတွေ တစ်ပြိုင်နက် ပေါ်လာတယ်။

"အား၊ ကောင်းပြီ" မစ္စတာဝယ်စလီက ပြောတယ်။ "ကျုပ်တို့ လှုပ်ရှားကြစို့"

သူဟာ ဝတ်ရုံရှည်လက်မောင်းကို ပင့်လိုက်ပြီး မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ဒါစလီမိသားစု သုံးယောက်စလုံး နံရံဆီ တစ်ပုံစံတည်း ဆုတ်သွားတယ်။

"မီးတောက်ထစေ" မစ္စတာဝယ်စလီဟာ မှော်ကြိမ်လုံးနဲ့ သူ့ကျောဘက်ရှိ အပေါက်ကိုညွှန်ရင်း ပြောတယ်။

မီးလင်းဖိုထဲမှာ မီးတောက် ချက်ချင်းထလာတယ်။ တဖျစ်ဖျစ်နဲ့ တအားတောက်လောင်လာတယ်။ နာရီအချို့ တောက်လောင်နေသလိုပဲ။ မစ္စတာဝယ်စလီ ဟာ အိတ်ကပ်ထဲကနေ ကြိုးလေးနဲ့ချည်ထားတဲ့ အိတ်ကလေး တစ်အိတ် ယူထုတ်ပြီး ၎င်းကို ဖွင့်လိုက်တယ်။ အတွင်းက အမှုန့်တစ်ချို့ကိုယူပြီး မီးထဲပစ်ထည့်လိုက်တယ်။ မီးတောက်ဟာ ချက်ချင်း စိမ်းလဲ့ရောင် ဖြစ်သွားတယ်။ မီးတောက်ဟာ ခုနကထက် ပိုမြင့်လာတယ်။

"ဖရက်၊ မင်းစထွက်တော့" မစ္စတာဝယ်စလီက ပြောတယ်။

"ခုတွင်ပဲ သွားမယ်" ဖရက်တပြောတယ်။ "အော၊ ဒုက္ခပဲ —— ခဏနေဦး——"

ဖရက်အိတ်ကပ်ထဲကနေ တော်ဖီတစ်အိတ် လျှောကျလာတယ်။ အထဲက တော်ဖီတွေ ပြန့်ကြဲကျကုန်တယ် —— ကြီးကြီးဝိုင်းဝိုင်း နို့တော်ဖီကြီးတွေ။ ရောင်စုံစက္ကူနဲ့ ထုပ်ထားတယ်။



ဖရက်ဟာ ကြမ်းပေါ်ကုန်းပြီး နို့တော်ဖီတွေကို ကမန်းကတန်း လိုက်ကောက်တယ်။ အိတ်ကပ်ထဲ ပြန်ထည့်ပြီး ဒါစလီမိသားစုကို ပျော်ရွှင်စွာ လက်သိမ်းပြတယ်။ ဒီနောက် ရှေ့သို့လေးငါးလှမ်းသွားပြီး မီးတောက်ထဲ တန်းဝင်သွားတယ်။ "အညတရဂေဟာ"လို့ ပြောလိုက်တယ်။ အဒေါ်ဖီချူနီယာဟာ လန့်သွားပြီး ကြက်သီးထလာတယ်။ ရှူးဆိုတဲ့အသံနဲ့အတူ ဖရက်ပျောက်သွားတယ်။

"ကောင်းပြီ၊ ဂျော့" မစ္စတာဝယ်စလီကပြောတယ်။ "မင်းသေတ္တာယူသွား"

ဟယ်ရီနဲ့ ဂျော့တို့ သေတ္တာကို အတူမ,ပြီး မီးတောက်ဆီသွားတယ်။ ဒီနောက် ဂျော့ကိုင်လို့ကောင်းအောင် သေတ္တာကို ထောင်လိုက်တယ်။ ဒီနောက် ဂျော့က "အညတရဂေဟာ" လို့ တအားအော်လိုက်တယ်။ တစ်ခါ ရှူးဆိုတဲ့ အသံနဲ့အတူ ချက်ချင်း ပျောက်သွားပြန်ရော။

"ရွန်၊ မင်းအလှည့်ရောက်ပြီ" မစ္စတာဝယ်စလီက ပြောတယ်။

"နောက်မှ တွေ့မယ်" ရွန်က ဒါစလီမိသားစုကို ပျော်ရွှင်စွာ နှုတ်ဆက်တယ်။ သူက ဟယ်ရီ့ကို ပြုံးပြပြီး မီးထဲလှမ်းဝင်လိုက်တယ်။ "အညတရဂေဟာ" လို့ အော်လိုက်တယ်။ ဒီနောက် ပျောက်သွားတယ်။

ဟယ်ရီနဲ့ မစ္စတာဝယ်စလီပဲ ကျန်တော့တယ်။

"ကောင်းပြီ. . . . ဒါဆို နောက်မှတွေ့တော့မယ်"

ဟယ်ရီက ဒါစလီမိသားစုကို ပြောတယ်။

သူတို့ဟာ စကားတစ်ခွန်းမှ မပြောဘူး။ ဟယ်ရီက မီးလင်းဖိုဆီ လျှောက်သွားတယ်။ မီးဖိုအနားရောက်ရုံ ရှိသေးတယ်၊ မစ္စတာဝယ်စလီက သူ့လက်ကို လှမ်းဆွဲထားတယ်။ မစ္စတာဝယ်စလီဟာ ဒါစလီမိသားစုကို အံ့ဩစွာ ကြည့်နေတယ်။

"ဟယ်ရီက ခင်ဗျားတို့ကို နှုတ်ဆက်တယ်" သူက ပြောတယ်။ "ခင်ဗျားတို့ မကြားဘူးလား"

"ကိစ္စမရှိဘူး" ဟယ်ရီက မစ္စတာဝယ်စလီကို တိုးတိုးပြောတယ်။ "အမှန်ပြောရရင် ကျွန်တော် အရေးမထားပါဘူး"

မစ္စတာဝယ်စလီဟာ လက်ကို ဟယ်ရီ့ပခုံးက ဖယ်မပေးဘူး။

"နောင်နှစ်နွေရာသီမှာမှ ခင်ဗျားတူတော်မောင်ကို ပြန်တွေ့ရမှာ ဆိုတာ အနည်းငယ် ဒေါသထွက်စွာ ဦးလေးဗာနွန်ကို ပြောတယ်။ "ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



နောက်မှတွေ့မယ်လို့တော့ ပြန်ပြောသင့်တာပေါ့"

ဦးလေးဗာန္ဒဲဟာ ဒေါသကြောင့် မျက်နှာကြီးတစ်မျိုး ဖြစ်သွားတယ်။ သူ့ဒည့်ခန်းနံရံတစ်ဖက်ကို ခုတွင် ဖောက်ခွဲပစ်တဲ့လူက သူ့ကို လူကိုရှိသေရမယ်လို့ လာသွန်သင်နေသေးတယ်။ ဒါ့ကြောင့် သူသိပ်ကို နာကျင်သွားတယ်။ ဒါပေမယ့် မစ္စတာဝယ်စလီ့လက်ထဲမှာ မှော်ကြိမ်လုံး ကိုင်ထားသေးတယ်။ ဦးလေးဗာန္ဒဲရဲ့မျက်စိလေးဟာ မှော်ကြိမ်လုံးကို ကြည့်လိုက်ပြီး အလွန် ဒေါသထွက်ပြီး ပြောတယ်။ "ကောင်းပြီ၊ နောက်မှ တွေ့ကြမယ်"

"နောက်မှတွေ့မယ်"

ဟယ်ရီက ပြောပြီး ခြေတစ်ဖက်ကို မီးတောက် စိမ်းထဲ ထိုးထည့်လိုက်တယ်။ နွေးထွေးစွာ အသက်ရှူသလို ခံစားရတယ်။ ဒီအချိန်မှာပဲ သူ့ကျောဘက်ကနေ ကြောက်စရာ ချောင်းခြောက်ဆိုးသံ ပေါ်ထွက်လာတယ်။ အဒေါ်ဖီချူနီယာ အသံကုန် အော်ဟစ်လိုက်တယ်။

ဟယ်ရီလှည့်ကြည့်လိုက်တယ်။ ဒါလီဟာ သူ့မိဘကျောဘက်မှာ ပုန်းမနေတော့ဘဲ ကော်ဖီစားပွဲရှေ့ ဒူးထောက်နေတယ်။ ပါးစပ်ထဲကနေ တစ်ပေလောက်ရှည်တဲ့ ခရမ်းရောင်ချွဲကျိကျိအရာကြီးတစ်ခု ထွက်လာတယ်။ ဒါကြောင့် သူပျို့အန်ပြီး တဂူးဂူး အော်နေတယ်။ ဟယ်ရီဟာ ခဏလေး ဘာများလဲလို့ တွေးရုံရှိသေးတယ်။ ချက်ချင်း နားလည်သွားတယ်။ အဲဒီ တစ်ပေလောက်ရှည်တဲ့အရာဟာ ဒါလီ့ရဲ့လျှာ —— ဟယ်ရီ့ရှေ့က ကြမ်းပေါ်မှာ ရောင်စုံ နို့တော်ဖီစက္ကူတစ်ခု ရှိတယ်။

အဒေါ်ဖီချူနီယာဟာ ဒါလီ့ဆီပြေးဝင်သွားပြီး ပွယောင်းထနေတဲ့ လျှာဖျားကိုကိုင်ပြီး လျှာကို ပါးစပ်ထဲက တအားဆွဲထုတ်ဖို့ ကြိုးစားတယ်။ ဒါလီကတော့ နာကျင်စွာ အော်ဟစ်တာပေါ့။ တဂူးဂူးအသံဟာ ခုနကထက် ပိုမြည်လာတယ်။ သူ့မလက်က လွှတ်အောင် ရုန်းနေတယ်။

ဦးလေးဗာန္ဒဲဟာ လက်နှစ်ဖက်ကို ခါယမ်းရင်း ဒေါသူပုန်ထနေတယ်။ မစ္စတာဝယ်စလီဟာ မတတ်သာဘဲ ကုန်းအော်မှ သူ့စကားသံကို သူတို့ကြားရတယ်။

"စိတ်မပူပါနဲ့။ ဒီပြဿနာကို ကျုပ်ဖြေရှင်းပါ့မယ်" သူက အော်ပြောတယ်။ လက်တစ်ဖက်က မှော်ကြိမ်လုံးကို မြှောက်ပြီး ဒါလီဆီ လျှောက်သွားတယ်။ ဒါပေမယ့် အဒေါ်ဖီချူနီယာ ပိုပြင်းထန်စွာ အော်လာတယ်။ ဒါလီ့ကိုယ်



—— အုပ်ထားတယ်။ မစ္စတာဝယ်စလီ ဒါလီ့ကို ဒုက္ခပေးမှာ ကြောက်နေတယ်။

"အော၊ ဒီလိုမလုပ်ပါနဲ့" မစ္စတာဝယ်စလီက မျှော်လင့်ချက်ကင်းမဲ့ပြီး ပြောတယ်။ "နည်းနည်းက လွယ်လွယ်လေးပါ —— အဲဒီ နို့တော်ဖီကြောင့် ဖြစ်တာ —— ကျုပ်သား ဖရက်ဟာ —— နေ့ရှိသရွေ့ နောက်ချင်ပြောင်ချင်နေတာ —— ဒါပေမယ့် ကိစ္စမရှိပါဘူး။ ဒါ ဖောင်းပွတဲ့မှော်ပညာပါပဲ —— ကျုပ်ကတော့ ဒီတိုင်းထင်တယ် —— ဖယ်ပေးပါခင်ဗျာ။ ကျွန်တော် ပြန်ကောင်း အောင် လုပ်ပေးနိုင်ပါတယ် ——"

ဒါပေမယ့် ဒါစလီဇနီးမောင်နှံဟာ ကျေလည်မလာဘဲ ပိုဆိုးလာတယ်။ အဒေါ်ဖီချူနီယာဟာ အသားကုန် အော်ဟစ်ငိုယိုရင်း ဒါလီ့လျှာကို အားကြီး ဆွဲထုတ်နေတယ်။ ၎င်းကို အမြစ်ကနေနုတ်ပစ်ဖို့ ဆုံးဖြတ်ထားသလိုပဲ။ ဒါလီဟာ မိမိအမေနဲ့ လျှာရဲ့ဖိအားတွေအောက်မှာ အသက်ရှူကြပ်လာတယ်။ ဦးလေးဗာန္ဒဲဟာ ချုပ်ထိန်းမရဖြစ်ပြီး ပန်းကန်ဗီရိုအပေါ်ရှိ အလှထားကြွေရုပ်တစ်ရုပ်ကို ယူကာ မစ္စတာဝယ်စလီဆီ တအားပစ်ပေါက်လိုက်တယ်။ မစ္စတာဝယ်စလီက ခေါင်းငုံ့ပြီးရှောင်လိုက်တော့ အဲဒီကြွေရုပ်ဟာ မီးလင်းဖိုကို ထိမှန်ပြီး ကွဲကြေသွားတယ်။

"တော်တော့၊ မဆူကြနဲ့တော့" မစ္စတာဝယ်စလီက ဒေါသထွက်ရင်း ပြောတယ်။ သူ့လက်ထဲက မှော်ကြိမ်လုံးကိုလဲ ဝှေ့ယမ်းနေတယ်။ "ကျုပ်က ခင်ဗျားတို့ကို စိတ်ရင်းနဲ့ကူညီချင်တာ"

ဦးလေးဗာန္ဒဲဟာ ဒဏ်ရာရတဲ့ကြွဲတစ်ကောင်လို ဟိန်းဟောက်နေတယ်။ တစ်ခါ အရုပ်တစ်ရုပ်ကို ကောက်ယူတယ်။


"ဟယ်ရီ၊ မြန်မြန်သွား၊ မြန်မြန်သွား" မစ္စတာဝယ်စလီက မှော်ကြိမ်လုံးနဲ့ ဦးလေးဗာန္ဒဲကိုချိန်ပြီး အော်ပြောတယ်။ "ကျုပ် ဒီကိစ္စကို ဖြေရှင်းမယ်"

ဟယ်ရီဟာ ဒီလိုပွဲကို အလွတ်မခံချင်ဘူး။ ဒါပေမယ့် ဦးလေးဗာန္ဒဲ နောက်ထပ် ပေါက်လွှတ်လိုက်တဲ့ ကြွေရုပ်ဟာ သူ့နားနားပွတ်ထွက်သွားတယ်။ သူဟာ အကောင်းအဆိုးဝေခွဲပြီး မစ္စတာဝယ်စလီတစ်ယောက်တည်းပဲ ဒီအခြေအနေကို ရင်ဆိုင်တာကောင်းလိမ့်မယ်လို့ ထင်တယ်။ ဟယ်ရီဟာ မီးတောက်ထဲ ဝင်သိုက်ပြီး "အညတရဂေဟာ" လို့ ပြောလိုက်တယ်။ ခေါင်းလှည့်ပြီး ကြည့်နေလိုက်သေးတယ်။ သူဟာ နောက်ဆုံးအနေနဲ့ ဧည့်ခန်းကို တစ်ချက်လှမ်းကြည့်

www.burmeseclassic.com



သိုက်တယ်၊ မစ္စတာဝယ်စလီဟာ ဦးလေးဗာနွန်လက်ထဲက တတိယအရုပ်ကို ခေါက်ကြိမ်သုံးနဲ့ ဖောက်ခွဲပစ်လိုက်တယ်။ အဒေါ်ဖီချူနီယာဟာ ဒါလီ့ကိုယ်ပေါ် အုပ်ပြီး ဘအားကုန်းအော်နေတယ်။ ဒါလီ့လျှာဟာ ပါးစပ်အပြင်ဘက်မှာ စပါးကြီးမြွေကြီးတစ်ကောင်နဲ့ တူနေတယ်။ ဒီနောက် ဟယ်ရီဟာ အစိမ်းရောင်မီးတောက်ကြီးထဲမှာ အလျင်အမြန် လည်ပတ်တယ်။ ဒါစလီတို့ ဧည့်ခန်း ပျောက်သွားတယ်။



# ၅။ ဝယ်စလီမှော်ပဒ္ဒလက်

ဟယ်ရီဟာ လှည့်လေမြန်လေ မြန်လာတယ်။ တံတောင်ဆစ်ကို ကိုယ်ဘေး ဖိကပ်ထားတယ်။ မီးလင်းဖိုပေါင်းများစွာ အလျင်အမြန် ဖြတ်သွားတယ်။ မြန်တာမှ ရှင်းအောင်တောင် မမြင်ရဘူး။ နောက်ဆုံးမှာ သူအန်ချင်လာတယ်။ မျက်စိမှိတ်ထားလိုက်တယ်။ ဒီနောက် သူ အန်ချတော့မယ်လို့ ထင်တဲ့အချိန်မှာ သူဟာ ရုတ်တရက် လက်ဆန့်ထုတ်ပြီး အချိန်မီ ရပ်သွားတယ်။ ခေါ်ပါသေးတယ်။ သူဟာ ဝယ်စလီတို့ မီးဖိုထဲက မီးလင်းဖိုရှေ့မှာ မှောက်ရက်သဲကျဖို့ နည်းနည်းလိုတော့တယ်။

"သူစားလား" ဖရက်က စိတ်ဓာတ်တက်ကြွစွာ မေးတယ်။ လက်ဘစ်ဒက် ထုတ်ပြီး ဟယ်ရီ့ကို ဆွဲထူတယ်။

"စားတယ်" ဟယ်ရီကပြောရင်း မတ်တတ်ရပ်လိုက်တယ်၊ "အဲဒါဘာလဲ"

"လျှာထွားတော်ဖီလေ" ဖရက်က မျက်စမျက်နန့် ပြောတယ်။ "ခဂျော့နဲ့ငါ တီထွင်တာ။ ဒီတစ်နွေလုံး တို့က စမ်းသပ်ဖို့ လူရှာနေတာ. . . ."

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုသေးသေးလေးထဲမှာ ဟားတိုက်ရယ်သံတွေ ပေါ်ထွက်လာတယ်။ ဘယ်ရီက ပတ်ဝန်းကျင်ကို ကြည့်တယ်။ ရွှန်နဲ့ဂျော့တို့ သန့်ရှင်းစွာ သုတ်သင်ထားတဲ့ သစ်သားစားပွဲဘေး ထိုင်နေတာတွေ့ရတယ်။ ဘေးမှာ ဆံပင်နီနဲ့ လူနှစ်ယောက် ရှိသေးတယ်။ ဟယ်ရီ အရင်က မတွေ့ဖူးဘူး။ ဒါပေမယ့် သူ ချက်ချင်းနားလည်လိုက်တယ်။ သူတို့ဟာ ဝယ်စလီညီအစ်ကိုများထဲက အကြီးဆုံးနှစ်ယောက်ဖြစ်တဲ့ ဘီးနဲ့ ချာလီ။

"မင်္ဂလာပါ၊ ဟယ်ရီ" ညီအစ်ကိုနှစ်ယောက်ထဲက ဟယ်ရီနဲ့နီးတဲ့သူက ပြုံးရယ်ရင်း လက်ကြီးတစ်ဖက်ကို ထုတ်ပေးတယ်။ ဟယ်ရီကလက်ဆွဲလိုက်တယ်။ မိမိ ကိုင်မိတာက အသားမာတွေ၊ ရေဖုတွေနဲ့ ပြည့်နေတဲ့လက်လို့ ခံစားရတယ်။ ဒါ ချာလီပဲဖြစ်မှာ။ သူဟာ ရိုမားနီးယားမှာ မီးနဂါးသုတေသန ပြုနေတာ။ ချာလီရဲ့အလုံးအထည်ဟာ အမွှာညီနောင်နဲ့ သိပ်မကွာဘူး။ ဝါးခြမ်းပြားနဲ့တူတဲ့ ဖတ်စီနဲ့ရွှန်တို့ထက် နည်းနည်းပုတယ်။ ဝတယ်။ သန်မာတယ်။ သူ့မှာ သဘာဝကောင်းမွန်တဲ့ မျက်နှာကျယ်ကျယ် ရှိတယ်။ မိုးဒဏ်လေဒဏ်ခံထားရပြီး မျက်နှာပေါ်မှာ မှည့်ခြောက်တွေ ပြည့်နေလို့ မျက်နှာတစ်ခုလုံး ညိုမည်းနေသလိုပဲ။ သူ့လက်မောင်းကြွက်သားတွေ သန်မာတယ်။ လက်မောင်းတစ်ဖက်ပေါ်မှာ မီးလောင်ဒဏ်ရာဖြစ်တဲ့ လက်နေတဲ့ အမာရွတ်ကြီး ရှိတယ်။

ဘီးက မတ်တတ်ရပ်လိုက်တယ်။ ပြုံးရယ်ရင်း ဟယ်ရီနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ဘီးရဲ့ပုံပန်းဟာ လူကိုမမျှော်လင့်တဲ့ ခံစားချက်တစ်ချို့ ပေးတယ်။ သူဟာ ဂရင်းဂေါ့စ်ဆိုတဲ့ မှော်ဘဏ်မှာ အလုပ်လုပ်တယ်။ ပြီးတော့ ကျောင်းနေစဉ်တုန်းက ဟော့ဂ်ဝပ်ကျောင်းသားများ အသင်းဥက္ကဋ္ဌဖြစ်တယ်ဆိုတာ ဟယ်ရီသိတယ်။ ဟယ်ရီဟာ ဘီးကတော့ ဒုတိယဖတ်စီပဲ ဖြစ်လိမ့်မယ်လို့ ထင်ခဲ့တာ။ အသက်နှစ်အချို့ ကြီးတာသာ ကွာလိမ့်မယ်ထင်တာ။ ကျောင်းစည်းကမ်းချိုးဖောက်တာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပတ်ဝန်းကျင်ရှိ လူတွေကို အမိန့်ပေးစေခိုင်းလေ့ ရှိလိမ့်မယ်ထင်တာ။ ဒီနေ့မြင်ရတော့မှ ဒီလိုမဟုတ်ဘူး ဆိုတာသိတယ်။ ဘီးမှာ —— တခြား တင်စားစရာ ဝေါဟာရ မရှိဘူး —— အလွန် "မိုက်" တဲ့ပုံ ရှိတယ်။ သူဟာ အရပ်မြင့်တယ်။ ဆံပင်ရှည်ရှည်ကို နောက်စိမှာ မြင်းမြီးလို စုချည်ထားတယ်။ နားရွက်မှာ နားကွင်းတစ်ကွင်း ပန်ထားတယ်။ နားကွင်းပေါ်မှာ ယပ်တောင်ကလေးလိုဟာ တွဲလောင်းကျနေတယ်။ ဘီးဝတ်ထားတဲ့ အဝတ်အစားဟာ ရော့ခ်ဂီတပွဲသွားရင်တောင် မသင့်တော်ဘူးလို့



ပြောလို့မရဘူး။ ဒါပေမယ့် ဟယ်ရီ မြင်တွေ့ရတာကတော့ သူဝတ်ဆင်တဲ့ ဖိနပ်ဟာ နွားသားရေမဟုတ်ဘဲ နဂါးရေ ဖြစ်နေတယ်။

အားလုံး စကားမပြောရသေးခင်မှာပဲ သေးငယ်တဲ့ ပေါက်ကွဲသံတစ်ခု ကြားရတယ်။ မစ္စတာဝယ်စလီဟာ ဂျော့ဘေးက ရုတ်တရက် ပေါ်ထွက်လာတယ်။ သူ့သိပ်ကို ဒေါသထွက်နေတယ်။ သူ ဒီလောက်ဒေါသထွက်တာ ဟယ်ရီတစ်ခါမှ မမြင်ဖူးဘူး။

"ဒါ ရယ်စရာကိစ္စမဟုတ်ဘူး၊ ဖရက်" သူက အော်ပြောတယ်။ "မင်းဟို မတ်ဂေါ်ကောင်လေးကို ဘာကျွေးခဲ့တာလဲ"

"ကျွန်တော် သူ့ကို ဘာမှမပေးဘူး" ဖရက် မျက်နှာပေါ်မှာ လုပ်ကြံတဲ့အပြုံးနဲ့ ပြောတယ်။ "ကျွန်တော် မတော်လို့ ကြမ်းပေါ်ကျသွားတာပါ . . . . သူ့ဟာသူ ကောက်စားတာ ဘယ်တတ်နိုင်မလဲ"

"မင်းက တမင်ကျအောင်လုပ်တာ" မစ္စတာဝယ်စလီက ဒေါသနဲ့ဟောက်တယ်။ "သူစားမှာသေချာတာ မင်းသိတယ်။ သူ ကိုယ်အလေးချိန်လျှော့နေတာ မင်း သိတယ် ——"

"သူ့လျှာ ဘယ်လောက်ထိ ဖောင်းပွလာလဲ" ဂျော့က အလောတကြီးမေး တယ်။

"လေးပေကျော်ထိ ရှောင်ကိုင်းလာမှ သူ့မိဘက သေးကြုံ့အောင်လုပ်ခွင့်ပေးတာ"

ဟယ်ရီနဲ့ ဝယ်စလီညီအစ်ကိုတို့ ဝါးခနဲ ရယ်ကြပြန်တယ်။

"ဒါ ကျီစားစရာမဟုတ်ဘူး" မစ္စတာဝယ်စလီက အကျယ်ကြီး အော်ဟစ်တယ်။ "ဒီအပြုအမူဟာ မှော်ဆရာနဲ့ မတ်ဂေါ်ဆက်ဆံရေးကို ပြင်းထန်စွာ ထိခိုက်စေတယ်။ ငါတစ်သက်လုံး မတ်ဂေါ်ကို နှိပ်စက်ခြင်းကို ဆန့်ကျင်တဲ့အလုပ် လုပ်ခဲ့တယ်။ ခုတော့ ငါ့သားတွေက ——"

"ကျွန်တော်တို့က သူ မတ်ဂေါ်မို့လို့ ပေးလိုက်တာမဟုတ်ပါဘူး" ဖရက်က စိတ်ဆိုးစွာပြောတယ်။

"ဟုတ်တယ်လေ၊ ကျွန်တော်တို့ သူ့ကို ဒုက္ခပေးတာဟာ သူဟာသူတွေကို အမြဲအနိုင်ကျင့်နေလို့" ဂျော့ကပြောတယ်။ "ဟုတ်လား၊ ဟယ်ရီ"

"ဟုတ်တယ်၊ သူက အဲဒီအတိုင်းပဲ မစ္စတာဝယ်စလီ" ဟယ်ရီဟာ ဘည်ကြည်စွာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာက ဒါမဟုတ်ဘူး" မစ္စတာဝယ်စလီက ဒေါသနဲ့ပြောတယ်။ "ခင်းတို့ စောင့်နေကြ။ ငါ မင်းတို့အမေကို ပြောပြလိုက်မယ် —"

"ကျွန်မကို ဘာပြောမလို့လဲ" သူတို့ကျောဘက်က အသံတစ်သံ ပေါ်ထွက်လာတယ်။

မစ္စစ်ဝယ်စလီဟာ အတော်ပဲ မီးဖိုထဲဝင်လာတယ်။ သူမဟာ ပုပုဝဝ အမျိုးသမီး။ အလွန်သဘောကောင်းတဲ့မျက်နှာ ရှိတယ်။ ဒါပေမယ့် ခုချိန်မှာ မျက်စိမှေးပြီး သံသယဖြစ်တဲ့အမူအရာ ဖော်ပြနေတယ်။

"မင်္ဂလာပါ၊ ဟယ်ရီ၊ အချစ်ကလေး" သူမဟာ ဟယ်ရီ့ကိုမြင်တော့ ပြုံးပြီး နှုတ်ဆက်လိုက်တယ်။ ဒီနောက် အကြည့်ကို သူမခင်ပွန်းဆီ ပြောင်းလိုက်တယ်။

"ကျွန်မကိုပြောပြ၊ အာသာ၊ ဘာဖြစ်လို့လဲ"

မစ္စတာဝယ်စလီ တွေဝေနေတယ်။ သူဟာ ဖရက်နဲ့ ဂျော့ကို အလွန်စိတ်ဆိုးနေပေမယ့် မစ္စစ်ဝယ်စလီကိုတော့ ဒီကိစ္စပြောပြဖို့ မရည်ရွယ်ဘူးဆိုတာ ဟယ်ရီသိတယ်။ မစ္စတာဝယ်စလီဟာ ဇနီးသည်ကို စိုက်ကြည့်နေတယ်။ ဘယ်သူမှ စကားမပြောဘူး။ ဒီအချိန်မှာပဲ မစ္စစ်ဝယ်စလီကျောဘက် မီးဖိုတံခါးဝမှာ မိန်းကလေးနှစ်ယောက် ပေါ်လာတယ်။ တစ်ယောက်မှာ အလွန်ထူထဲတဲ့ ဆံပင်အညိုရောင်ရှိပြီး ရှေ့သွားနှစ်ချောင်းက အလွန်ကြီးတယ်။ သူမက ဟယ်ရီနဲ့ ရွန်တို့ရဲ့ချစ်သူငယ်ချင်း ဟာမီး-ဂရန်ဂျာ။ နောက်တစ်ယောက်က ကိုယ်ထည်ပုသေးပြီး ဆံပင်နီရဲရဲရှိတယ်။ သူမက ရွန်ရဲ့ညီမလေးဂျင်နီ။ မိန်းကလေးနှစ်ယောက်စလုံး ဟယ်ရီ့ကို ပြုံးပြတယ်။ ဟယ်ရီကလဲ သူမတို့ကို ရယ်ပြနေတယ်။ ဒါကြောင့် ဂျင်နီဟာ ရှက်လို့ မျက်နှာကြီး နီသွားတယ် — ဟယ်ရီ အညတရဂေဟာကို ပထမအကြိမ် လာရောက်ခဲ့ပြီးကတည်းက ဂျင်နီဟာ သူ့ကို အထူးစွဲလမ်းနေတယ်။

"မြန်မြန်ပြော၊ အာသာ၊ ဘာကိစ္စလဲ" မစ္စစ်ဝယ်စလီက မေးပြန်တယ်။ လေသံက ကြောက်စရာ ကောင်းနေတယ်။

"ဘာမှ မဖြစ်ဘူး၊မော်လီ" မစ္စတာဝယ်စလီက မသဲမကွဲပြောတယ်။ "ဖရက်နဲ့ ဂျော့ ခုနက — ကျုပ်သူတို့ကို ဆုံးမပြီးပြီ —"

"သူတို့ ဒီတစ်ချီ ဘာလုပ်ပြန်ပလဲ" မစ္စစ်ဝယ်စလီက ပြောတယ်။ "ဝယ်စလီ မှော်ပစ္စလက်နဲ့ ပတ်သက်ခဲ့ရင်တော့ —"



"ရွန်၊ ငါတို့ ဟယ်ရီ့ကို သူအိပ်ရမယ့်နေရာ ခေါ်သွားပြရင် ကောင်းမလား" ဟာမီးက တံခါးဝက ပြောတယ်။

"သူဘယ်မှာအိပ်ရမယ်ဆိုတာ သူသိတယ်" ရွန်ကပြောတယ်။ "ငါ့အခန်းမှာ၊ သူမနှစ်တုန်းက အဲဒီမှာပဲအိပ်တယ် —"

"ငါတို့အားလုံး သွားကြည့်ရအောင်" ဟာမီးက မာမာပြောတယ်။

"အင်း" အခုမှ ရွန်သဘောပေါက်သွားတယ်။ "ကောင်းပြီ"

"ဟုတ်တယ်၊ ငါတို့လဲ သွားမယ်" ဂျော့က ပြောတယ်။

"မင်းတို့ထိုင်နေ" မစ္စစ်ဝယ်စလီက တအားအော်တယ်။

ဟယ်ရီနဲ့ရွန်ဟာ တိတ်တိတ်ကလေး မီးဖိုချောင်က ထွက်လာခဲ့ပြီး ဟာမီး၊ ဂျင်နီတို့နဲ့အတူ စင်္ကြံကျဉ်းကျဉ်းလေးကို ဖြတ်ကာ လှုပ်ယိုင်တဲ့လှေခါးပေါ် တက်ကြတယ်။ အဲဒီလှေခါးဟာ ကွေ့ကောက်စွာ အပေါ်ထပ်တွေဆီ ရောက်သွားတယ်။

"ဝယ်စလီမှော်ပစ္စလက်ဆိုတာ ဘာလဲ" သူတို့လှေခါးတက်နေစဉ် ဟယ်ရီက မေးတယ်။

ရွန်နဲ့ဂျင်နီတို့ တဟားဟားရယ်ကြတယ်။ ဟာမီးကတော့ မရယ်ဘူး။

"အမေ ဖရက်နဲ့ဂျော့တို့အခန်းကို ရှင်းတော့ ကုန်အမှာစာတစ်ထပ် တွေ့တယ်" ရွန်က တိုးတိုးပြောတယ်။ "ဈေးနှုန်းဇယားရှည်ကြီး လေးငါးရွက် လောက်ပဲ။ အဲဒါအားလုံး သူတို့ တီထွင်တဲ့ဟာတွေချည်းပဲ။ ပြက်ရယ်ပြုတဲ့ ပစ္စည်းတွေ။ သိလား။ မှော်ကြိမ်လုံးအတုတို့၊ မှော်သကြားလုံးတို့ အများကြီးပဲ။ အံ့ဩစရာ ကောင်းတာပဲ။ သူတို့ တီထွင်မှုလုပ်နေတာ ငါမသိခဲ့ဘူး. . . ."

"ကြာလှပြီ၊ သူတို့ အခန်းထဲမှာ ပေါက်ကွဲသံ ကြားကြားနေရတယ်၊ ဒါပေမယ့် သူတို့ထုတ်လုပ်မှု လုပ်နေတယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး" ဂျင်နီက ပြောတယ်။ "ငါတို့က သူတို့ ဒီအသံတွေကြားချင်တာပဲ မှတ်တာ"

"ဒါပေမယ့် အဲဒါတွေ အများစုဟာ —အင်း၊ အမှန်ပြောရရင်— အားလုံး နည်းနည်းတော့ အန္တရာယ်ရှိတယ်" ရွန်ကပြောတယ်။ "မင်းသိလား၊ သူတို့က အဲဒါတွေအားလုံးကို ဟော့ဂ်ဝပ်သွားရောင်းပြီး ငွေရှာမလို့။ အမေက အဲဒီအကြောင်း ကြားသိရပြီးနောက် သိပ်ကို ဒေါသထွက်နေတာ။ ဒါမျိုးတွေ ထပ်မလုပ်ရဘူးလို့ သတိပေးထားတယ်။ သူတို့ဆီလာတဲ့ အမှာစာတွေကို အကုန် မီးရှို့ပစ်လိုက်တယ်. . . . အမေက သူတို့ကို စိတ်ဆိုးနေတုန်းပဲ။ သူတို့ O.W.Ls

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲမှာလဲ သူမ မျှော်လင့်သလို အမှတ်မရကြဘူး"

O.W.Lsဆိုတာ ရိုးရိုးမှော်ဆရာအဆင့် စာမေးပွဲ။ ဟော့ဂ်ဝပ် ကျောင်းက ကျောင်းသားတွေ အသက် (၁၅) နှစ်အရွယ်မှာ ဖြေရတဲ့ စာမေးပွဲ တစ်မျိုး။

"အဲဒီတုန်းက ပြဿနာ အကြီးအကျယ်ဖြစ်တာ" ဂျင်နီက ပြော တယ်။ "အမေက သူတို့ကို နောင်မှာ မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်စေချင် တာ။ အဖေလိုပေါ့။ ဒါပေမယ့် သူတို့က အမေ့ကို ရယ်စရာ ပစ္စည်းအရောင်း ဆိုင်ပဲ ဖွင့်ချင်တယ်လို့ ပြောတယ်"

ဒီအချိန်မှာပဲ ပထမထပ် လှေခါးဝက တံခါးရွက်တစ်ရွက် ပွင့်သွား တယ်။ အတွင်းကနေ ကျွဲချိုကိုင်းမျက်မှန်တပ်တဲ့ မျက်နှာတစ်ခုထွက်လာတယ်။ အမူအရာက သိပ်စိတ်မရှည်သလိုပဲ။

"မင်္ဂလာပါ၊ ဖတ်စီ" ဟယ်ရီက ပြောတယ်။

"အော၊ မင်္ဂလာပါ၊ ဟယ်ရီ" ဖတ်စီက ပြောတယ်။ "ဘယ်သူကများ ဒီလောက် ဆူညံနေသလဲလို့ တွေးနေတာ။ မင်းသိမှာပါ၊ ငါဒီမှာ အလုပ်လုပ်နေ တယ် —— ရုံးအတွက် အစီရင်ခံစာ ပြီးအောင် ရေးနေရတယ် —— ဒါပေမယ့် လှေခါးပေါ်မှာ တဒုန်းဒုန်းလျှောက်ပြေးနေကြလို့ စိတ်စုစည်းရ ခက်နေတယ်"

"ငါတို့ တဒုန်းဒုန်း လျှောက်ပြေးမနေပါဘူး" ရွန်က စိတ်ဆိုးဆိုး ပြော တယ်။ "ငါတို့က လမ်းသွားနေတာ။ တကယ်လို့ ငါတို့ မှော်ဝန်ကြီးဌာနရဲ့ အမြင့်ဆုံး လျှို့ဝှက်အလုပ်ကို နှောင့်ယှက်မိရင် သိပ်ကိုဝမ်းနည်းပါတယ်"

"ခင်ဗျား ဘာတွေအလုပ်များနေတာလဲ" ဟယ်ရီက မေးတယ်။

"အပြည်ပြည်ဆိုင်ရာ မှော်ပူးပေါင်းဆောင်ရွက်ရေးဌာနအတွက် အစီ ရင်ခံစာ တစ်စောင် ရေးနေတာ" ဖတ်စီက ကျေနပ်စွာပြောတယ်။ "စံညွှန်းအရ ဆေးကျိုအိုးရဲ့ အထူအပါးကို စစ်ဆေးဖို့ လုပ်နေတယ်။ နိုင်ငံခြားကလာတဲ့ ဆေးကျိုအိုးတစ်ချို့ရဲ့ အိုးခင်းက သိပ်ပါးလွန်းတယ်——ယိုစိမ့်နှုန်းဟာ နှစ်စဉ် ရာနှုန်းသုံး တိုးနေတယ်——"

"ဒီ အစီရင်ခံစာက ကမ္ဘာကြီးကို ပြောင်းလဲသွားစေလိမ့်မယ်" ရွန်က ပြောတယ်။ "ကြိုဟောဆရာများနေ့စဉ်က မျက်နှာဖုံးမှာ ဒယ်အိုးကြီး ပေါက်နေတယ်လို့ ထည့်လိမ့်မယ်လို့ ငါထင်တယ်"

ဖတ်စီမျက်နှာဟာ သွေးဖြန်းသွားတယ်။



"မင်းကြိုက်သလို ကဲ့ရဲ့ ရွန်" သူက စိတ်လှုပ်ရှားစွာပြောတယ်။ "ဒါပေ မယ့် နိုင်ငံတကာ တရားဥပဒေတစ်ခုခု ချမှတ်ရမယ်။ နို့မို့ရင် ဈေးကွက်ထဲမှာ အနည်းအတု အညံ့တွေချည်း ဖြစ်နေတာ တွေ့ရလိမ့်မယ်။ ဆေးကျိုအိုးက ပါးရင် ပဲ့အက်လွယ်တယ်။ အထူးအန္တရာယ် ——"

"တော်ပြီ၊ တော်ပြီ" ရွန်ကပြောရင်း အပေါ်သို့တက်တယ်။ ဖတ်စီက အိပ်ခန်းတံခါးကို ဆောင့်ပိတ်လိုက်တယ်။ ဟယ်ရီ၊ ဟာမီးနဲ့ ဂျင်နီတို့ ရွန့်နောက် လိုက်ကြတယ်။ တစ်ခါ လှေခါးသုံးထပ် တက်ခဲ့တယ်။ အောက်ဘက်မီးဖိုချောင်ထဲက အော်ဆူသံကို ကြားရတုန်းပဲ။ မစ္စတာဝယ်စလီဟာ နို့တော်ဖီကိစ္စကို မစ္စစ်ဝယ်စလီကို ပြောပြလိုက်ပြီနဲ့ တူတယ်။

ရွန်အိပ်တဲ့ အပေါ်ဆုံးထပ်အခန်းဟာ အရင်တစ်ခါ ဟယ်ရီလာနေ တုန်းကနဲ့ ဘာမှမထူးဘူး။ နေရာတကာမှာ ရွန်အကြိုက်ဆုံး ခွေဒစ်အသင်း ဖြစ်တဲ့ ချာဒလီ အမြောက်အဖွဲ့ကြော်ငြာတွေ ကပ်ထားတယ်။ အဲဒီအသင်း ဘောသမားတွေဟာ နံရံနဲ့ ရွှဲ့စောင်းနေတဲ့ မျက်နှာကြက်ကြားမှာ ပျံသန်းသွား လာနေတယ်။ အဆက်မပြတ်လဲ လက်ယမ်းပြ နှုတ်ဆက်ကြတယ်။ ပြတင်းခုံ ပေါ်မှာ ရွှေငါးလှောင်ကန် ထားရှိသေးတယ်။ အထဲမှာ အရင်က ဖားဥတွေ မွေးထားတယ်။ အခုတော့ ကြောက်စရာဖားကြီးတစ်ကောင် ရှိတယ်။ ရွန်ရဲ့ ကြွက်ကြီးအိုမ ကြွက်အစက်အပြောက်ကလေး မရှိတော့ဘူး။ အစားထိုးတာက ရေယောင်းပင်လမ်း ဟယ်ရီ့ဆီစာလာပို့တဲ့ မီးခိုးရောင် ဇီးကွက်ကလေး။ ၎င်း ဟာ လှောင်အိမ်သေးသေးလေးထဲမှာ ခုန်ပေါက်နေတယ်။ တကျီကျီ အော်နေ တယ်။

"တိတ်တိတ်နေ၊ ဝက်ကလေး" ရွန်ကပြောရင်း ခုတင်နှစ်လုံးကြားက ဘယ်ကို စောင်းပြီးဖြတ်သွားတယ်။ အခန်းထဲမှာ ခုတင်လေးလုံးရှိတယ်။ အခန်း ကို ပြည့်ကြပ်နေတာပဲ။ "ဖရက်နဲ့ဂျော့လဲ ငါတို့နဲ့အတူ ဒီမှာအိပ်တယ်။ ဘီးနဲ့ ချာလီတို့က သူတို့အခန်းမှာ နေတယ်" သူက ဟယ်ရီ့ကိုပြောတယ်။ "ဖတ်စီက သူတစ်ယောက်တည်း တစ်ခန်း အတင်းယူတယ်။ သူ အလုပ်လုပ်ရမှာမို့တဲ့"

"ဟုတ်ပြီ —— မင်းဘာဖြစ်လို့ ဇီးကွက်ကလေးကို ဝက်ကလေးလို့ ခေါ်တာလဲ" ဟယ်ရီက ရွန့်ကိုမေးတယ်။

"၎င်းက အတီးအတာ နည်းနည်းဖြစ်လို့" ဂျင်နီက ပြောတယ်။ "မူလ က နာမည်က ဖစ်ဝဒ်ဂျင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီနာမည်ကတော့ နည်းနည်းမှ မအဘူး" ရွန်က သူမကို သရော်ပြောတယ်။ "ဂျင်နီပေးတဲ့နာမည်" သူက ဟယ်ရီ့ကိုရှင်းပြတယ်။ ဂျင်နီက ဒီနာမည် သိပ်ချစ်စရာကောင်းတယ်တဲ့။ ငါက နာမည်ပြောင်းချင်တာ။ ဒါပေမယ့် မရတော့ဘူး။ ဖီးကွက်က ဒီနာမည်ပဲ အသိအမှတ် ပြုတယ်။ ၎င်းကို တခြားနာမည်ခေါ်ရင် လုံးဝအရေးမလုပ်ဖူး။ ဒါကြောင့် အခု သူ ဝက်ကလေး ဖြစ်နေတာ။ အဲရော်နဲ့ ဟားမက်စ်က သူ့ကို မနှစ်သက်ဖူး။ ဒါကြောင့် ငါ သူ့ကို ဒီမှာပဲ မွေးထားရတယ်။ အမှန်တိုင်းပြောရရင် ငါလဲ ၎င်းကို တော်တော် အမြင်ကတ်တယ်"

ဖစ်ဝဒ်ဂျင်ဟာ ပျော်ရွှင်စွာ လှောင်အိမ်ထဲမှာ ခုန်ပေါက်နေတယ်၊ နားစူးစေတဲ့ အသံတွေ ထွက်နေတယ်။ ဟယ်ရီဟာ ရွန့်ကို သိပ်နားလည်တယ်။ ဒါကြောင့် သူ့စကားကို အတည်ယူလို့ မဖြစ်မှန်းသိတယ်။ အစကလဲ သူဟာ သူ့ကြွက်အိုအစက်အပြောက်ကလေးကို ခဏခဏ အပြစ်ပြောတယ်။ ဒါပေမယ့် ဟာမီးရဲ့ကြောင် ခရွတ်ရှန်က အစက်အပြောက်လေးကို ကိုက်သတ်လိုက်ပြီထင်တော့ သူ့လောက်ဝမ်းနည်းသူ မရှိတော့ဘူး။

"ခရွတ်ရှန်ကော" ဟယ်ရီက ဟာမီးကိုမေးတယ်။

"အပြင်က ခြံဝန်းထဲမှာ ထင်တယ်" သူမကပြောတယ်။ "၎င်းက မှင်စာလေးတွေကို လိုက်ရတာ ကြိုက်တယ်။ အရင်က ဒါမျိုးတွေကို ၎င်းမမြင်ဖူးဘူး"

"ကြည့်ရတာ ဖတ်စီ အလုပ်သိပ်လုပ်ချင်တာပဲနော်၊ ဟုတ်လား" ဟယ်ရီက ခုတင်တစ်လုံးပေါ် ထိုင်လိုက်တယ်။ မျက်နှာကြက်ပေါ် ကပ်ထားတဲ့ ကြော်ငြာပိုစတာတွေထဲက ချာဒလီအမြောက်အသင်း အသင်းသားတွေ တရှူးရှူး ပျံသန်းနေတာ ကြည့်နေတယ်။

"ကြိုက်လား" ရွန်က စိတ်မသာမယာ ပြောတယ်။ "တကယ်လို့ အဖေက သူ့ကို အတင်းဆွဲခေါ်မလာရင် သူအိမ်ပြန်မှာ မဟုတ်ဘူး။ သူက အလုပ်ရူး။ မင်းသူ့ကို သူတို့သူ့ဌေးအကြောင်းမပြောဖို့ မစလိုက်နဲ့နော်။

မစ္စတာခရောက်ချ်က ယူဆတယ်. . . . ငါက မစ္စတာခရောက်ချ်ကို ဒီလိုပြောတာ. . . . မစ္စတာခရောက်ချ်က ဒီလိုတွေးတာ. . . . မစ္စတာ ခရောက်ချ်က ငါ့ကိုပြောပြတယ်. . . . သူတို့ဟာ အချိန်မရွေး သူ့ကို အလုပ် ခန့်အပ်နိုင်တယ်"



"နင် နွေကျောင်းပိတ်ရက် အဆင်ပြေရဲ့လား" ဟာမီးက မေးတယ်။ "ငါတို့ နင့်ဆီပို့လိုက်တဲ့ အစားအစာထုပ်နဲ့ ပစ္စည်းအားလုံး ရလား"

"ရတယ်၊ သိပ်ကျေးဇူးတင်တယ်" ဟယ်ရီက ပြောတယ်။ "အဲဒီ ကိတ်မုန့်တွေ ကယ်ပေလို့ ငါမသေတာ"

"ဟုတ်ပြီ၊ မင်းသူ့ဆီက ——" ရွန်ပြောလို့မပြီးခင်မှာ ဟာမီးက သူ့ကို မျက်စောင်းထိုးလိုက်တယ်။ ဒါနဲ့ သူဆက်မပြောတော့ဘူး။ ရွန်က ဆီးရီးအက်စ်ကြယ်အကြောင်း မေးချင်မှန်း ဟယ်ရီသိတယ်။ ရွန်နဲ့ဟာမီးတို့ဟာ မှော်ဝန်ကြီးဌာနက ဆီးရီးအက်စ်ကြယ်ကို လိုက်ဖမ်းတာက လွတ်အောင်လုပ်ခဲ့တဲ့အထဲ တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ ဒါကြောင့် သူတို့ဟာ ဟယ်ရီလိုပဲ သူနဲ့ပတ်သက်နေတယ်။ ဒါပေမယ့် ဂျင်နီ့ရှေ့မှာ သူ့အကြောင်းပြောတာ မသင့်တော်ဘူး။ သူတို့နဲ့ ပါမောက္ခဒမ်ဘလီဒိုးသာ ဆီးရီးအက်စ်ကြယ် ဘယ်လိုထွက်ပြေးသလဲဆိုတာ သိတယ်။ ပြီးတော့ ၎င်းမှာ အပြစ်မရှိဘူးလို့လဲ ယုံကြည်ကြတယ်။

"သူတို့ ဆူလို့ပြီးပြီထင်တယ်" ဟာမီးဟာ ဂျင်နီတစ်ယောက် အံ့ဩစွာ ရွန့်ကို ကြည့်လိုက်၊ ဟယ်ရီ့ကိုကြည့်လိုက် ဖြစ်နေတာမြင်တော့ ဒီလို တစ်မျိုး ကြီး ဖြစ်နေတာကို ဖုံးကွယ်ဖို့အတွက် ပြောလိုက်တယ်။ "ငါတို့ အောက်ဆင်းပြီး နင့်အမေကို ညစာအတွက် ကူညီကြရင် ကောင်းမလား"

"အင်း၊ ကောင်းတယ်" ရွန်ကပြောတယ်။ လေးယောက်စလုံး ရွန့်အခန်းကထွက်ပြီး အောက်ထပ်ပြန်ခဲ့တယ်။ မစ္စစ်ဝယ်စလီတစ်ယောက်တည်း မီးဖိုချောင်ထဲမှာ အလုပ်များနေတယ်။ စိတ်လဲ အရမ်းမကောင်းဖြစ်နေတယ်။

"ငါတို့အိမ်ပြင် ခြံဝန်းထဲမှာ ထမင်းစားမယ်" သူတို့ဝင်သွားတော့ သူမက ပြောတယ်။ "ဒီမှာက လူဆယ့်တစ်ယောက်မဆံ့ဘူး။ မိန်းကလေးတွေ မင်းတို့ ဒီပန်းကန်ပြားတွေ ယူထုတ်သွားလို့ ရမလား။ ဘီးနဲ့ချာလီ စားပွဲခင်းနေတယ်။ မင်းတို့နှစ်ယောက် ဇွန်းခက်ရင်းယူ" သူမဟာ ရွန်နဲ့ဟယ်ရီကို မှာကြားပြီး မှော်ကြိမ်လုံးနဲ့ ရေကန်ထဲက အာလူးတွေကို တို့လိုက်တယ်။ ဒါပေမယ့် သူမ အားသိပ်ပြင်းသွားလို့ အာလူးတွေ ဖာသာ အခွံချွတ်တဲ့နှုန်း သိပ်မြန်ပြီး နံရံပေါ်၊ မျက်နှာကြက်ပေါ်ကို ခုန်ပေါက် သွားမှန်ကုန်တယ်။

"အမလေး၊ ဘုရား. . ဘုရား" သူမဟာ စိတ်ဆိုးစွာ ပြောတယ်။ တစ်ခါ တောင်းထောင်ထားတဲ့ ဆန်ခါခုံးကို မှော်ကြိမ်လုံးနဲ့ တို့လိုက်တယ်။ ဆန်ခါခုံးဟာ ချက်ချင်း ထခုန်ပြီး ကြမ်းပေါ်မှာ လျှောသွားရင်း အာလူးတွေကို ကော်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ "ဒီနှစ်ကောင်" သူမက စိတ်ဆိုးမာန်ဆိုးပြောတယ်။ တစ်ခါ ကြောင်အိမ် ထဲကနေ အိုးကြီးအိုးငယ်တွေ ဆွဲထုတ်တယ်။ သူမပြောလိုတာက ဖရက်နဲ့ ဂျော့ဆိုတာ ဟယ်ရီသိတယ်။ "သူတို့ဘယ်ပုံ ဖြစ်မယ်မှန်းကို မသိတော့ဘူး။ ရည်မှန်းချက်ကြီးကြီးကို မရှိဘူး။ တစ်နေကုန် ဒုက္ခပဲ ရှာနေတယ်. . . ."

မစ္စစ်ဝယ်စလီဟာ ကြေးဝါ အသားနှပ်အိုးကြီးတစ်လုံးကို မီးဖိုထဲက စားပွဲပေါ် ပစ်ချလိုက်တယ်။ မှော်ကြိမ်လုံးနဲ့ အထဲကိုမွှေတယ်။ မွှေရင်းနဲ့ ခရင်မ်တွေ မှော်ကြိမ်လုံးထိပ်ဖျားက ပန်းထွက်လာတယ်။

"သူတို့ဟာ ဉာဏ်မရှိတာ မဟုတ်ဘူး" သူမဟာ အသားနှပ်အိုးကို မီးဖိုပေါ် တင်လိုက်တယ်။ မှော်ကြိမ်လုံးနဲ့ မီးတောက်တက်အောင် တို့လိုက်တယ်။ "သူတို့က ဉာဏ်ဖြုန်းနေတာ။ သူတို့မြန်မြန်ပြင်ရင်ပြင်၊ မပြင်ရင်တော့ ဒုက္ခကောင်းကောင်းကြီး ရောက်လိမ့်မယ်။ ဟော့ဂ်ဝပ်ကနေ သူတို့ကို တိုင်ကြားစာလာပို့တဲ့ ဇီးကွက်တွေဟာ ကျန်လူအားလုံးကို တိုင်တာပေါင်းတာထက် များတယ်။ သူတို့ ဒီအတိုင်း ဆက်သွားရင် မှော်ပညာအလွဲသုံးစားရုံးခန်းကို ရောက်မှာ သေချာတယ်"

မစ္စစ်ဝယ်စလီဟာ မှော်ကြိမ်လုံးနဲ့ ဒါးတို့ဘာတို့ ထားတဲ့အံဆွဲကို တို့လိုက်တယ်။ အံဆွဲ ဗိုင်းခနဲ ပွင့်ထွက်လာတယ်။ ဟယ်ရီနဲ့ရွန်တို့ အမြန် ခုန်ရှောင်လိုက်တယ်။ အံဆွဲထဲကနေ ဒါး၃-၄လက်ထွက်လာကာ မီးဖိုထဲမှာ ပျံသွားပြီး အာလူးတွေကို စလှီးတယ်။ ဟိုဆန်ခါခုံးဟာ ခုနကအာလူးတွေကို လက်ဆေးကန်ထဲ သွန်ချထားပြီ။

"ငါတို့ သူတို့ပေါ်မှာ ဘာများ အမှားပြုမိလို့လဲ မသိဘူး" မစ္စစ်ဝယ်စလီဟာ ပြောရင်း မှော်ကြိမ်လုံးကို ချထားလိုက်တယ်။

အိုးတစ်ချို့ ဆွဲထုတ်လိုက်ပြန်တယ်။ "နှစ်ပေါင်းများစွာ ဒီအတိုင်းပဲ။ ပြဿနာ တစ်ခုပြီးတစ်ခု တက်တယ်။ နည်းနည်းမှ နားမထောင်ဘူး။ အော —— မဟုတ်ပြန်ဘူး"

သူမဟာ စားပွဲပေါ်ကနေ မှော်ကြိမ်လုံးကို ကောက်ယူလိုက်တယ်။ ဖြစ်ပုံက မှော်ကြိမ်လုံးဟာ အသံစူးစူးထွက်လာပြီး ရော်ဘာကြွက်ကြီး တစ်ကောင် ဖြစ်သွားတယ်။

"ဒါ သူတို့လုပ်တဲ့ မှော်ကြိမ်လုံးအတု" သူမက အော်တယ်။ "ငါ သူတို့ကို ပြောတာ များပြီ။ ဒါတွေ နေရာတကာ မထားနဲ့လို့"



သူမဟာ မှော်ကြိမ်လုံးကိုကိုင်ပြီး တဖက်လှည့်လိုက်တာနဲ့ မီးဖိုပေါ်က ခရင်မ်တွေ မီးခိုးထွက်နေတာ မြင်ရတယ်။

"သွားစို့" ရွန်က ပွင့်နေတဲ့အံဆွဲထဲကနေ ဇွန်းခက်ရင်းတစ်ဆုပ် ကောက်ယူပြီး ဟယ်ရီကို လောလောပြောလိုက်တယ်။ "ငါတို့ ဘီးနဲ့ချာလီကို သွားကူရအောင်"

သူတို့ဟာ မစ္စစ်ဝယ်စလီကို ထားခဲ့ပြီး နောက်ဖေးတံခါးက ထွက်၊ ခြံထဲဝင်ခဲ့တယ်။ လေးငါးလှမ်းပဲသွားရသေးတယ်၊ ဟာမီးရဲ့ ဂျင်းဝါရောင် ခြေခွင်ခွင်ကြောင်ကြီး ခရွတ်ရှန်ကို မြင်ရတယ်။ ၎င်းဟာ ခြံဝန်းထဲမှာ အလော တကြီး ပြေးသွားနေတယ်။ ပုလင်းဆေးတံလို အမြီးကြီး မတ်နေအောင် ထောင် ထားပြီး အရာတစ်ခုကို လိုက်နေတယ်။ အဲဒီအရာဟာ မြေကြီးတွေ ပေကျံပြီး ခြေထောက်ပေါက်နေတဲ့ အာလူးကြီးနဲ့ တူတယ်။ အဲဒါ မြေတွင်းမှင်စာဆိုတာ ဟယ်ရီ ချက်ချင်းမှတ်မိတယ်။ အရပ်က ဆယ်လက်မတောင် မရှိဘူး။ ခြေ ထောက်မာမာလေးတွေဟာ ဗျတ်ဗျတ်နဲ့ အလျင်အမြန် ခြံဝန်းကိုဖြတ်ပြီး တံခါး ဘေးပစ်ထားတဲ့ ဝယ်လင်တန်ဘွတ်ဖိနပ်တစ်ဖက်ထဲ ဝင်သွားတယ်။ ခရွတ်ရှန် ဟာ လက်သည်းတစ်ဖက်နဲ့ ဖိနပ်ထဲနှိုက်တယ်။ မြေတွင်းမှင်စာကို ဖမ်းရချင် တယ်။ မြေတွင်းမှင်စာဟာ ဖိနပ်ထဲကနေ တဟားဟားရယ်နေတာ ဟယ်ရီကြား ရတယ်။ ဒီအချိန်မှာပဲ အိမ်ရဲ့ဟိုတစ်ဖက်ကနေ ကျယ်လောင်စွာ တိုက်ခတ်သံ ပေါ်ထွက်လာတယ်။ သူတို့ ခြံဝန်းထဲရောက်မှ ဒီအသံ ဘယ်ကလာတယ်ဆို တာ သိရတယ်။ သူတို့ ဘီးနဲ့ချာလီနှစ်ယောက် မှော်ကြိမ်လုံးကိုင်ထားပြီး စားပွဲ ဟောင်းနှစ်လုံးကို မြက်ခင်းပေါ်ရောက်အောင် ခေါ်နေတယ်။ စားပွဲချင်း တိုက် ခတ်နေတယ်။ အပြန်အလှန် မိုးပေါ်ကပြုတ်ကျအောင် လုပ်ချင်နေကြတယ်။ ဖရက်နဲ့ဂျော့တို့ အားရဝမ်းသာ အားပေးနေတယ်။ ဂျင်နီက တဟားဟား ရယ် နေတယ်။ ဟာမီးက ခြံစည်းရိုးနားမှာ ဟိုဒီသွားနေတယ်။ သူမကြည့်ရတာ ပျော်စရာလဲကောင်း၊ စိတ်လဲပူတယ်။ ဘာလုပ်ရမှန်း မသိသလိုပဲ။

ဘန်းဆိုတဲ့အသံနဲ့အတူ ဘီးရဲ့စားပွဲက ချာလီ့စားပွဲကို တိုက်မိသွား တယ်။ ချာလီ့စားပွဲ ခြေတစ်ချောင်း ကျိုးထွက်သွားတယ်။ ဒီအချိန်မှာ ခေါင်း ပေါ်က ဂလုတ်ဂလက်နဲ့ အသံထွက်လာလို့ အားလုံး မော့ကြည့်လိုက်ကြတော့ ပါစီရဲ့ခေါင်း တတိယထပ်ပြတင်းက ထွက်လာတာ မြင်ရတယ်။

"မင်းတို့ တိုးတိုးလုပ်လို့ ရမလား" သူက အော်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်၊ ဖတ်စီ" ဘီးက ရယ်ကျဲကျဲ ပြောတယ်။ "ဆေးကျို အိုး အိုးခင်း ဘယ့်နှယ်နေသေးလဲ"

"အခြေအနေ သိပ်ဆိုးတယ်" ဖတ်စီက ပြန်ငေါ့ပြောပြီး ဘန်းခနဲ တံခါးဆွဲပိတ်သွားတယ်။

ဘီးနဲ့ချာလီ တိုးတိုးရယ်ရင်း မော့်ကြိမ်လုံးနဲ့ စားပွဲကို မြက်ခင်းပေါ် ကျလာအောင် ညွှန်ပြနေတယ်။ ဒီနောက် ဘီးက မော့်ကြိမ်လုံးနဲ့ ခေါက်လိုက် တာနဲ့ စားပွဲခြေထောက် ပြန်တပ်မိသွားတယ်။ တစ်ခါ စားပွဲခင်းကို ခေါ်ယူ လိုက်တယ်။

ခုနစ်နာရီထိုးတော့ စားပွဲနှစ်လုံးဟာ မစ္စစ်ဝယ်စလီ ချက်ပြုတ်ထားတဲ့ စားကောင်းသောက်ဖွယ် ဟင်းလျာအမျိုးမျိုး ဖိအားအောက်မှာ ညည်းညူနေကြ တယ်။ ဝယ်စလီမိသားစု ကိုးယောက်၊ ပြီးတော့ ဟယ်ရီနဲ့ဟာမီး အားလုံး စားပွဲမှာ ထိုင်ကြပြီး ကြည်လင်တဲ့ နက်ပြာရောင် ညကောင်းကင်အောက်မှာ ထမင်းစား ကြတယ်။ တစ်နွေလုံး ကြာလေလတ်ဆတ်မှု မရှိလေဖြစ်တဲ့ ကိတ်မုန့်စားလာ ရတဲ့လူအဖို့ အခုတော့ နတ်သုဒ္ဓါစားရသလို ဖြစ်နေတယ်။ အစမှာ ဟယ်ရီဟာ ကြက်သားတို့ ဝက်ပေါင်ခြောက် အစာသွတ်မုန့်တို့ အာလူးပြုတ်နဲ့ အသုပ်တွေ မဲစားနေတယ်။ စကားတောင် မပြောနိုင်ဘူး။ စားပွဲရဲ့ ဟိုတစ်ဖက်မှာ ဖတ်စီဟာ သူ့အဖေကို ဆေးကျိုအိုးခင်းရဲ့ အထူနဲ့ပတ်သက်တဲ့ အစီရင်ခံစာရေးတဲ့ အခြေ အနေကို ပြောပြနေတယ်။

"ကျွန်တော် မစ္စတာခရောက်ချ်ကို အင်္ဂါနေ့မှာ ရေးလို့ပြီးမယ် ပြော ထားတယ်" ဖတ်စီဟာ အလွန်ကျေနပ်စွာပြောတယ်။ "သူမျှော်လင့်ထားတာ ထက် နည်းနည်းမြန်တယ်။ ဒါပေမယ့် ကျွန်တော်က အားလုံး လက်ဦးမှု ရှိချင် တယ်။ ကျွန်တော် အချိန်မီ ပြီးမြောက်ခဲ့ရင် သူသိပ်ကျေနပ်မှာ။ အကြောင်းက အခု ကျွန်တော်တို့ဌာနခွဲ သိပ်ကို အလုပ်များနေတယ်။ ကမ္ဘာ့ဖလားပွဲအတွက် ပြင်ဆင်တာနဲ့ အလုပ်များနေတယ်။ ကျွန်တော်တို့ မှော်အားကစား လှုပ်ရှားမှု ဌာနခွဲဆီက ကျွန်တော်တို့လိုချင်တဲ့ ပံ့ပိုးမှု မရဘူး။ လူဒို-ဘက်ဂမင်း——"

"ငါ လူဒိုကို နှစ်သက်တယ်" မစ္စတာဝယ်စလီက ညင်သာစွာ ပြော တယ်။ "သူ ကူညီပေလို့ပေါ့၊ ငါတို့အတွက် ဒီလောက်ကောင်းတဲ့ ကမ္ဘာ့ဖလား လက်မှတ်ရတာ။ ငါ အရင်က သူ့ကို နည်းနည်းကူညီခဲ့ဖူးတယ်။ သူ့ညီအော် ပြဿနာနည်းနည်းတက်တယ် —— မြက်ရိတ်စက်တစ်စင်းကို သဘာဝလွန်



မှုန်းအင်တွေ ရှိလာအောင် လုပ်တယ်။ အားလုံးအဆင်ပြေအောင် ငါ လုပ်ပေး လိုက်တာ"

"ဟုတ်တယ်လေ၊ ဒါပေါ့။ ဘက်ဂမင်းဟာ သိပ်ချစ်စရာကောင်းတာ" ဖတ်စီက သိပ်ဟုတ်တယ်မထင်ဘဲ ပြောတယ်။ "ဒါပေမယ့် သူ့ကို မစ္စတာ ခရောက်ချ်နဲ့ နှိုင်းယှဉ်ကြည့်ရင် သူဘယ်လိုဌာနခွဲမှူး ဖြစ်သွားတာလဲဆိုတာ နားကိုမလည်ဘူး။ မစ္စတာခရောက်ချ်သာ ကျွန်တော်တို့ဌာနခွဲက လူပျောက် နေးသိရင် ချက်ချင်း စုံစမ်းစစ်ဆေးမှာ။ ကြည့်နေမှာ မဟုတ်ဘူး။ အဖေသိပါ တယ်။ ဘာသာ-ဂျော်ကင်စ်ပျောက်နေတာ တစ်လကျော်ပြီ။ အယ်လ်ဘေးနီး ယား အနားသွားယူတာ ပြန်မရောက်လာတော့ဘူး"

"ဟုတ်တယ်လေ၊ ငါ လူဒိုကို ဒီကိစ္စမေးဖူးတယ်" မစ္စတာ ဝယ်စလီက ပြောရင်း မျက်မှောင်ကြုတ်တယ်။ "ဒီမတိုင်ခင်မှာလဲ ဘာသာဟာ အကြိမ် နည်း ပျောက် ပျောက်နေတယ်လို့ သူကပြောတယ် —— ဒါပေမယ့် အမှန်တိုင်း ပြောရရင် ငါ့ဌာနခွဲထဲက လူဆိုရင် ငါ သိပ်စိတ်ပူမှာ. . . ."

"အင်း၊ ဘာသာကလဲ တော်တော်စိတ်ပျက်စရာပဲနော်" ဖတ်စီက ပြောတယ်။ "ဒီနှစ်ပိုင်းတွေမှာ သူမဟာ ဌာနတစ်ခုကနေ တစ်ခု မောင်းထုတ် ခံရတယ်။ သူ့ပြဿနာက သူလုပ်တဲ့အလုပ်ထက် များတယ်လို့ ကြားတယ်. . . . ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဘက်ဂမင်းဟာ သူမကို ရှာတွေ့ဖို့ ကြိုးစားသင့် တယ်။ မစ္စတာခရောက်ချ် တစ်ယောက်ထဲသာ ဒီကိစ္စကို အလေးထားတာ သင့် ပါတယ်။ ဘာသာဟာ အရင်က ကျွန်တော်တို့ဌာနခွဲမှာ အလုပ်လုပ်ခဲ့သေး တယ်။ မစ္စတာခရောက်ချ်က သူမကို အလွန်နှစ်သက်တယ်လို့ ကျွန်တော်ထင် တယ် —— ဒါပေမယ့် ဘက်ဂမင်းကတော့ ဘာသာ မြေပုံအကြည့်မှားပြီး အယ်လ်ဘေးနီးယားမရောက်ဘဲ ဩစတေးလျကို ရောက်သွားတယ်နဲ့ တူတယ် လို့ ရယ်မောပြောဆိုတယ်။ သို့ပေမယ့်" ဖတ်စီဟာ ဟန်နဲ့ပန်နဲ့ သက်ပြင်းချ လိုက်ပြီး အဲဒါးပန်းအရက်တစ်ကျိုက် ကျိုက်ချလိုက်တယ်။ "ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ မှော်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲက လုပ်ရမယ့် အလုပ် တွေ သိပ်များတယ်။ တခြားဌာနတွေအတွက် လူလိုက်ရှာဖို့ အချိန်မရဘူး ဆိုင်သိပါတယ်၊ ကမ္ဘာ့ဖလားပွဲပြီးရင် ကျွန်တော်တို့ နောက်ထပ်အခမ်းအနား ကြီးတစ်ခု စည်းရုံးလုပ်ဆောင်ရဦးမယ်"

ဖတ်စီဟာ တမင်ချောင်းဟန့်လိုက်ပြီး စားပွဲဟိုဘက်က ဟယ်ရီနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးဘို့နေရာကို ခေါင်းလှည့်ကြည့်နေတယ်။ "ကျွန်တော်ပြောတာ ဘာအစီအစဉ်မှန်း သိလား၊ အဖေ" သူက အသံကို နည်းနည်းလေးမြှင့်လိုက်တယ်။ "အဲဒါ ဆိပ်တန်းလျှို့ဝှက်ချက်"

ရွှန်က မျက်ဖြူလန်ပြရင်း ဟယ်ရီနဲ့ဟာမီးကို တိုးတိုးပြောတယ်။ "သူအလုပ် စလုပ်ကတည်းက အဲဒါ ဘာအစီအစဉ်လဲဆိုတာ ငါတို့ကို မေးစေခ့င်နေတာ။ အိုးခင်းထူ ဆေးကျိုအိုး ပြပွဲနဲ့တူပါတယ်"

စားပွဲအလယ်မှာ မစ္စစ်ဝယ်စလီဟာ ဘီးနဲ့ ဟိုနားကပ်အကြောင်း ငြင်းနေတယ်။ ဒီနားကပ်ဟာ ခုတလောမှ ပန်ထားတာနဲ့တူတယ်။ "․․․․ နားကပ်ပေါ်မှာ ကြောက်စရာသွားရှည်ရှည်ကြီး ပါသေးတယ်၊ တကယ်ပဲ၊ ဘီး။ ဘဏ်က လူတွေ ဘာပြောကြလဲ"

"အမေ၊ ဘဏ်ကလူတွေ ကျွန်တော် ဘာဝတ်ဆင်တယ်ဆိုတာ လုံးဝစိတ်မဝင်စားဘူး။ ကျွန်တော် ဥစ္စာများများ ရှာဖွေနိုင်ရင်ပြီးတာပဲ" ဘီးက စိတ်ရှည်ရှည် ပြောတယ်။

"မင်းဆံပင်လဲ သိပ်အရုပ်ဆိုးတာပဲ၊ အချစ်လေး" မစ္စစ်ဝယ်စလီက ပြောရင်း သူမရဲ့မှော်ကြိမ်လုံးကို ချစ်ခင်စွာ ပွတ်သပ်နေတယ်။ "ငါ ညှပ်ပေးတာ ခံစေချင်တယ်․․․․"

"ကျွန်မကြိုက်တယ်" ဘီးဘေးမှာထိုင်နေတဲ့ ဂျင်နီကပြောတယ်။ "အမေ၊ အမေသိပ်ခေတ်နောက်ကျနေပြီ။ ပြီးတော့ ပါမောက္ခဒမ်ဘယ်လီဒိုးရဲ့ ဆံပင်နဲ့စာရင် မရှည်ပါဘူး․․․․"

မစ္စစ်ဝယ်စလီဘေးမှာ ဖရက်၊ ဂျော့နဲ့ချာလီဟာ ကမ္ဘာ့ဖလားပွဲအကြောင်း လှိုက်လှဲစွာ ဆွေးနွေးနေတယ်။

"အိုက်ယာလန်အသင်း နိုင်မှာ သေချာတယ်" ချာလီဟာ ပါးစပ်ထဲ အာလူးအပြည့်နဲ့ ဝါးတားတားပြောတယ်။ "ဆင်မီးဖိုင်နယ်ပွဲမှာ သူတို့က ပီရူးအသင်းကို နိုင်တယ်"

"ဒါပေမယ့် ဘူဂေးရီးယားအသင်းမှာ ဗစ်ခတာ-ခရွှန်းမ်ပါတယ်" ဖရက်က ပြောတယ်။

"ခရွှန်းမ်ကတော့ မဆိုးဘူး။ ဒါပေမယ့် သူက တစ်ယောက်တည်းရယ်။ အိုက်ယာလန်အသင်းမှာ လူတော်ခုနစ်ယောက်ရှိတယ်" ချာလီက စိတ်မရှည်တော့ဘူး။ "ဒါပေမယ့် အင်္ဂလန်အသင်း တက်စေချင်တယ်။ သိပ်ကို



ရှက်စရာပဲ"

"ဘယ်လိုလဲ ?" ဟယ်ရီက လောလောမေးတယ်။ သူ နွေကျောင်းပိတ်ရက်မှာ ရေဖယောင်းပင်လမ်းမှာပဲ နေရတာ၊ မှော်လောကနဲ့ လုံးဝအဆက်ပြတ်နေတယ်။ ဒါတွေးမိတိုင်း ဒေါသထွက်မိတယ်။

ဟယ်ရီဟာ ဟော့ဂ်ဝပ်မှာ ပထမနှစ် ကျောင်းစတက်စဉ်ကတည်းက ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်းက ခွေဒစ်အသင်းဝင်ဖြစ်ခဲ့တယ်။ သူ့မှာ ကမ္ဘာပေါ်က အကောင်းဆုံး မိုးပျံတံမြက်စည်းဖြစ်တဲ့ မီးသတ္တိတံမြက်စည်းရှိတယ်။ ဟယ်ရီ့အဖို့ ပြောရရင် တံမြက်စည်းစီးပြီး ပျံသန်းတာဟာ မှော်လောကမှာ အကောင်းဆုံးပဲ့ပါးပြီး သဘာဝကျတဲ့ကိစ္စ။ သူ့မှာ မွေးရာပါ ဒီပညာကို တတ်ပြီးသလိုပဲ၊ သူဟာ ဂရစ်ဖင်းဒေါ် အသင်းမှာ ရှာဖမ်းသမားလုပ်တယ်။

"ထရန်ဆီဗေးနီးယားအသင်းကို ရှုံးတယ်။ ၁၀ မှတ်နဲ့ အမှတ် ၃၉၀" ချာလီက ရှုံ့မဲ့တဲ့မျက်နှာနဲ့ ပြောတယ်။ "ဖော်ပြချက်က သိပ်ကိုညံ့တယ်။ ဝေးစ်အသင်းက ယူဂန်ဒါကို ရှုံးတယ်။ စကော့တလန်အသင်းက လူဇင်ဘတ်ကို အပြတ်အသတ် ရှုံးတယ်"

မစ္စတာဝယ်စလီဟာ ဖယောင်းတိုင်တစ်ချို့ ဖန်ဆင်းလိုက်ပြီး မှောင်စပြုလာတဲ့ ခြံဝန်းကို လင်းလာစေတယ်။ ဒီနောက် အားလုံး ပူတင်း [မိမိတို့အိမ်မှာလုပ်တဲ့ စတော်ဘယ်ရီ ရေခဲမုန့်] ကို ခံစားကြတယ်။ အားလုံး စားပြီးကြပြီး ပိုးကောင်လေးတွေ စားပွဲနား ကပ်ပျံနေတယ်။ နွေးထွေးတဲ့လေထုထဲမှာ မြက်ခင်းနဲ့ ပျားရည်စို့ပန်းနံ့တွေ သင်းနေတယ်။ မိမိစားတာ သိပ်ဝလွန်းတယ်လို့ ဟယ်ရီထင်တယ်။ သူထိုင်နေပြီး မြေတွင်းမှင်စာလေးတွေကို ခရွတ်ရှုန် လိုက်နေတာ ကြည့်နေတယ်။ ၎င်းတို့ဟာ နှင်းဆီရုံကို အလျှင်အမြန် ဖြတ်ကျော်ရင်း အရူးအမူး ရယ်မောသွားကြတယ်။ ဒီအချိန်မှာ ဟယ်ရီဟာ ရင်ထဲကနေ ကျေနပ်မှု ရနေတယ်။

ရွှန်ဟာ စားပွဲပတ်ဝန်းကျင်ကို သတိနဲ့မော့်ကြည့်တယ်။ အိမ်သားတွေ အားလုံးစမြည် ပြောနေကြလားလို့။ ဒီနောက် ဟယ်ရီ့ကို တိုးတိုးလေးပြောတယ်၊ "ပြောစမ်း ── မင်း ခုတလော ဆီးရီးအက်စ်ကြယ်ဆီက စာရလား"

ဟာမီးက ဟိုဒီ မော့်ကြည့်လိုက်ပြီး သေချာနားထောင်နေတယ်၊

"ရဖူးတယ်" ဟယ်ရီက တိုးတိုးပြောတယ်။ "နှစ်ကြိမ်။ သူ့အခြေအနေ အားလုံး ကောင်းပုံရတယ်။ ငါမနေ့က သူ့ဆီစာရေးလိုက်တယ်။ ငါဒီမှာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတွင်း သူ ငါ့ကို စာပြန်လိမ့်မယ်"

သူ ဆီးရီးအက်စ်ကြယ်ဆီ စာရေးရတဲ့အကြောင်းကို ရုတ်တရက် သတိရသွားတယ်။ ရွှန်နဲ့ဟာမီးကို သူ့အမာရွတ် နာလာပြန်တဲ့အကြောင်း သိပ်ပြောပြချင်တယ်။ သူ့ကို လန့်နိုးစေတဲ့ အိပ်မက်ဆိုးကို ပြောပြချင်တယ်. . . . ဒါပေမယ့် အခု ဒီလောက် သာယာပျော်ရွှင်ကျေနပ်နေတာ သူတို့ကို စိတ်ပူပင်မသွားစေချင်ဘူး။

"အချိန်ကြည့်ကြဦး" မစ္စစ်ဝယ်စလီက ရုတ်တရက်ပြောရင်း သူမနာရီကို ကြည့်လိုက်တယ်။ "မင်းတို့ အိပ်ရာဝင်သင့်ပြီ။ မင်းတို့အားလုံး မနက်ဖြန် လင်းအားကြီး ပြိုင်ပွဲကြည့်ဖို့ ထသွားရမယ်။ ဟယ်ရီ၊ ကျောင်းအသုံးအဆောင် ဝယ်ဖို့ စာရင်းထားခဲ့။ ငါမနက်ဖြန် ဒေါင့်ဖြတ်လမ်းသွားပြီး မင်းကိုဝယ်ပေးမယ်။ ကျန်လူတွေအတွက်လဲ ဝယ်ပေးရမှာပဲဟာ။ ကမ္ဘာ့ဖလားပွဲပြီးဆုံးမှဆိုရင် အချိန်မမီတော့ဘူး။ အရင်တစ်ခါ ပြိုင်ပွဲ ငါးရက်တောင်ကြာတယ်"

"ဝိုး —— ဒီတစ်ခါလဲ ဒီလိုဖြစ်ပါစေ" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။

"အော၊ ငါကတော့ မဖြစ်စေချင်ဘူး" ဖတ်စီက လေးနက်ဟန်ဆောင် ပြောတယ်။ "ငါ ငါးရက်ကြီးတောင် သွားနေရင် ငါ့စာရွက်စာတမ်းခြင်း မောက်လန်နေမှာ။ ဒါကို တွေးမိရင် ကျောချမ်းမိသေးတယ်"

"ဟုတ်တယ်၊ မင်းဆီကို စာအိတ်ထဲ နဂါးချေး ထည့်ပို့ချင်ပို့နေမှာ ဖတ်စီ" ဖရက်ကပြောတယ်။

"အဲဒါ နော်ဝေက ပို့ပေးတဲ့ မြေသြဇာ နမူနာ" ဖတ်စီက ပြောရင်း မျက်နှာကြီး နီလာတယ်။ "ပုဂ္ဂလိကကို ပေးတာမဟုတ်ဘူး"

"စင်စစ်" အားလုံး စားပွဲကထွက်ခွာတော့ ဖရက်က ဟယ်ရီကို တိုးတိုး ပြောတယ်။ "အဲဒါ ငါတို့ သူ့ဆီပို့လိုက်တာ"



## ၆။ နေရာပို့သော့

ဟယ်ရီဟာ ရွှန့်အခန်းထဲမှာ အိပ်ရာဝင်ခါ ရှိသေးတယ်။ ဘယ်လောက်မှ မအိပ်ရသေးခင်မှာပဲ မစ္စစ်ဝယ်စလီလှုပ်နှိုးတာ ခံရတယ်လို့ ထင်မိတယ်။

"သွားဖို့အချိန်ရောက်ပြီ။ ဟယ်ရီ၊ အချစ်ကလေး" သူမက တိုးတိုး ပြောပြီး ရွှန့်ကို သွားနှိုးပြန်တယ်။

ဟယ်ရီဟာ မျက်မှန်ကောက်ယူပြီး တပ်လိုက်တယ်။ထထိုင်လိုက်တယ်။ အပြင်ဘက်မှာ မှောင်မည်းနေတုန်းပဲ။ ရွှန်ဟာ သူ့အမေက နှိုးတဲ့အခိုက်မှာ ပါးစပ်က ဘာတွေ ဗလုံးဗထွေး ပြောနေမှန်းမသိဘူး။ ခုတင်ခြေရင်းဘက်မှာ ဆံပင်စုတ်ဖွားနဲ့ အရိုပ်ကြီးနှစ်ခု စောင်အောက်က ထွက်လာတာ ဟယ်ရီမြင်ရတယ်။

"ဘယ်လိုလဲ၊ အချိန်ရောက်ပြီ?" ဖရက်က အိပ်ချင်မူးတူးနဲ့ပြောတယ်။

အားလုံးတိတ်တိတ်ပဲ အကျီဝတ်ကြတယ်။ အိပ်ချင်လွန်းလို့ စကား မပြောချင်ကြဘူး။ ဒီနောက် သူတို့လေးယောက် အောက်ထပ်ဆင်းပြီး မီးဖိုချောင်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဝင်ခဲ့တယ်၊ သမ်းဝေသူက သမ်းဝေ၊ ခါးဆန့်သူက ခါးဆန့်နဲ့။

မခွင်ဝယ်စလီဟာ မီးဖိုပေါ်က အိုးကြီးတစ်လုံးထဲက အရာတွေကို မွှေနေတယ်။ မစ္စတာဝယ်စလီက ဘေးမှာထိုင်နေတယ်။ သိုးရေစက္ကူနဲ့ ပြုလုပ်ထားတဲ့ ဘောပွဲလက်မှတ် အရွက်ကြီးကြီးတစ်ထပ်ကို စစ်ဆေးနေတယ်။ ကောင်လေးတွေ ဝင်လာတော့ သူခေါင်းမော့ပြီး လက်နှစ်ဖက် ကားဖြန့်ထားတယ်၊ ဒါမှ သူဝတ်စားထားတာကို သူတို့ မြင်တွေ့မှာ။ သူဟာ ဂေါ့ဖ်ဝတ်စုံလို အပေါ်အင်္ကျီနဲ့ အလွန်ဟောင်းတဲ့ ဂျင်းဘောင်းဘီ ဝတ်ထားတယ်။ ဘောင်းဘီက နည်းနည်းကြီးနေတယ်။ သူဟာ နွားသားရေ ခါးပတ်ကျယ်ကျယ်တစ်ချောင်းနဲ့ တင်းအောင် ပတ်ထားတယ်။

"ဘယ့်နှယ့်လဲ" သူက အလောတကြီးမေးတယ်။ "ငါတို့သွားတဲ့အခါမှာ ဘို့ကို ဘယ်သူဆိုတာ မသိအောင်လုပ်ရမယ်— ငါ့ ဒီပုံပန်းက မတ်ဂေါ်နဲ့တူလား ဟယ်ရီ"

"တူတယ်" ဟယ်ရီက ရယ်ပြောတယ်။ "မဆိုးဘူး"

"ဘီး၊ ချာလီနဲ့ ဖတ်-ဖတ်-ဖတ်စီကို မတွေ့ပါလား" ဂျော့က ပြောရင်း မချုပ်တည်းနိုင်ဘဲ သမ်းပစ်လိုက်တယ်။

"သူတို့ ရုပ်ရွှေ့ပြောင်းအတတ် တတ်ကြတယ် မဟုတ်လား?" မစ္စစ်ဝယ်စလီက ပြောရင်း ဟိုအိုးကြီးကို စားပွဲပေါ်တင်လိုက်ပြီး ပန်းကန်တွေထဲကို ဆန်ပြုတ် ခပ်ထည့်ပေးတယ်။ "ဒါကြောင့် သူတို့ အိပ်ပျင်းနည်းနည်းထူလို့ ရတာပေါ့"

ရုပ်ရွှေ့ပြောင်းတယ်ဆိုတာဟာ တစ်နေရာကပျောက်သွားပြီး မျက်စိတစ်မှိတ်အတွင်း တခြားတစ်နေရာမှာ ပြန်ပေါ်တာဆိုတာ ဟယ်ရီသိတယ်။ ဒါပေမယ့် ဟော့ဂ်ဝပ်မှာ ဒါကိုလုပ်နိုင်တဲ့ကျောင်းသားရှိတယ်ဆိုတာ သူဘယ်တုန်းကမှ မသိခဲ့ဘူး။ ဒါ သိပ်ကို ခက်လိမ့်မယ်ဆိုတာ သူသိတယ်။

"ဒါဆိုရင် သူတို့အိပ်နေတုန်းပဲပေါ့" ဖရက်က စိတ်ဆိုးစွာမေးတယ်။ "ဘာဖြစ်လို့ ကျွန်တော်တို့လဲ ရုပ်ရွှေ့ပြောင်း မလုပ်နိုင်တာလဲ"

"မင်းတို့ အသက်အရွယ် မရောက်သေးလို့၊ မင်းတို့ စာမေးပွဲ မအောင်သေးလို့" မစ္စစ်ဝယ်စလီက ဝင်ထောက်လိုက်တယ်။ "ဟိုကလေးမနှစ်ယောက် ဘယ်သွားနေပါလိမ့်"

သူမဟာ မီးဖိုချောင်ထဲက ပြေးထွက်သွားတယ်။ သူမ လှေခါးတက်



သွားတာ သူတို့ကြားရတယ်။

"ရုပ်ရွှေ့ပြောင်းတတ်ဖို့ စာမေးပွဲဖြေရတယ်လား" ဟယ်ရီက မေး တယ်။

"အော၊ ဟုတ်တယ်" မစ္စတာဝယ်စလီက ပြောရင်း ဘောပွဲလက်မှတ် ကို ဂျင်းဘောင်းဘီနောက်ဘက်ကအိတ်ထဲ သေချာထည့်လိုက်တယ်။ "တစ်ခါ က မော်လမ်းပန်းဆက်သွယ်ရေးဌာနခွဲက လူနှစ်ယောက်ကို ဒဏ်ငွေတပ်တယ်။ သူတို့က လိုင်စင် မရှိဘဲ ကိုယ့်ဖာသာ ရုပ်ရွှေ့ပြောင်းလို့။ ဒါဟာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး။ တကယ်လို့ မှန်အောင်မလုပ်နိုင်ရင် ပြဿနာတက်မယ်။ သိပ်စိတ် ပျက်စရာကောင်းတယ်။ ငါ ပြောတဲ့ အဲဒီလူနှစ်ယောက်ဟာ နောက်ဆုံးမှာ ကောင်းနဲ့ကိုယ် အိုးစားကွဲသွားတယ်"

ထမင်းစားပွဲပေါ်က လူတွေထဲမှာ ဟယ်ရီကလွဲပြီး မျက်မှောင်ကြုတ် သွားတယ်။

"အော — အိုးစားကွဲတယ်?" ဟယ်ရီကမေးတယ်။

"သူတို့ဟာ သူတို့ရဲ့ကိုယ်တစ်ပိုင်းကို ထားရစ်ခဲ့တာ" မစ္စတာဝယ်စလီ က ပြောရင်း သကာရည်တွေ အများကြီးခပ်ပြီး သူ့ဆန်ပြုတ်ပန်းကန်ထဲ ထည့် တယ်။ "ဒါကြောင့် သေချာတာပေါ့။ သူတို့ အဲဒီမှာပဲ ကပ်နေပြီး နှစ်ဖက်စလုံး ရွေ့နိုင်တော့ဘူး။ ဒါနဲ့ မတော်တဆ ဖြစ်ပျက်ခြင်းကို ပြန်လှန်ပေးတဲ့အဖွဲ့ လာဖြေရှင်းတာကို စောင့်ကြရတယ်။ ပြောပြရရင်တော့ ဒီအတွက် စာရွက် စာတမ်း အချက်အလက်တွေ အများကြီးလုပ်ရတယ်။ ဟိုမတ်ဂေါ်တွေဟာ သူတို့ထားရစ်ခဲ့တဲ့ အိုးစားကွဲတဲ့ ကိုယ်ခန္ဓာတွေကို မြင်ရတော့. . . ."

တကယ်လို့များ ခြေချောင်းနှစ်ချောင်းနဲ့ မျက်လုံးတစ်လုံး ရေ ကြောင်းပင်လမ်းက လူသွားလမ်းပေါ် ပစ်ထားရင် ဘယ့်နှယ်နေမလဲလို့ ဟယ်ရီ ရုတ်တရက် တွေးမိတယ်။

"သူတို့ ဘာမှမဖြစ်ပါဘူးနော်" သူက ထိတ်လန့်စွာမေးတယ်။

"အော၊ ဘာမှမဖြစ်ပါဘူး" မစ္စတာဝယ်စလီက ပေါ့ပေါ့ပဲပြောတယ်၊ "ဒါပေမယ့် သူတို့ ငွေမနည်း ဒဏ်တပ်ခံလိုက်ရတယ်။ သူတို့ နောက်ထပ်ဒါ မျိုး အလောတကြီး လုပ်လိမ့်မယ်မထင်ဘူး။ မင်း ရုပ်ရွှေ့ပြောင်းတာကို ကစား စရာ မထင်နဲ့။ အရွယ်ရောက်ပြီးတဲ့ မှော်ဆရာအများအပြားကတောင် ဒီလို အရာကို မရှာချင်ကြဘူး။ သူတို့ဟာ တံမြက်စည်းပဲ သုံးချင်တယ် — နှေးဘော့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနေးတာပေါ့။ ဒါပေမယ့် လုံခြုံတယ်"

"ဒါပေမယ့် ဘီး၊ ချာလီနဲ့ ဖတ်စီတို့အားလုံး တတ်ကြတယ် ဟုတ်လား"

"ချာလီဟာ နှစ်ခါတောင်ဖြေမှ အောင်တာ" ဖရက်က စပ်ဖြီးဖြီးနဲ့ ပြောတယ်။ "သူ ပထမတစ်ကြိမ် ရှုံးသွားတယ်။ သတ်မှတ်နေရာရဲ့ တောင်ဘက်ငါးမိုင်မှာ ရုပ်ပေါ်လာတယ်။ ဈေးရောင်းနေတဲ့ သနားစရာ အဖွားကြီး ခေါင်းပေါ် ကျသွားတယ်။ မှတ်မိသေးလား"

"ဟုတ်တယ်၊ ဒါပေမယ့် သူ ဒုတိယအကြိမ်မှာ အောင်သွားတယ်" ပျော်ရွှင်စွာ ရယ်မောသံကြားက မစ္စစ်ဝယ်စလီဟာ ခြေလှမ်းကျဲကျဲနဲ့ မီးဖိုထဲ ပြန်ရောက်လာတယ်။

"ဖတ်စီက နှစ်ပတ်ကြာမှ အောင်တာ" ဂျော့ကပြောတယ်။ "အဲဒီအချိန်ကစပြီး သူ နေ့စဉ်နံနက်တိုင်း ရုပ်ရွှေ့ပြောင်းတဲ့နည်းနဲ့ အောက်ထပ် ဆင်းတယ်။ အဲဒါ သူမှာ ဒီအတတ်တတ်တယ်ဆိုတာ သက်သေပြချင်လို့"

ခြေသံပေါ်ထွက်လာတယ်။ ဟာမီးနဲ့ ဂျင်နီတို့ မီးဖိုထဲဝင်လာတယ်။ နှစ်ယောက်စလုံး မျက်နှာဖြူဖပ်ဖြူယော်နဲ့ အိပ်ရာက မနိုးသေးသလိုပဲ။

"ကျွန်မတို့ ဘာဖြစ်လို့ ဒီလောက်စောစောထရမှာလဲ" ဂျင်နီက မျက်စိပွတ်ရင်း စားပွဲဘေးထိုင်ချပြီး မေးတယ်။

"ငါတို့ လမ်းနည်းနည်းလျှောက်ရမယ်" မစ္စတာဝယ်စလီက ပြောတယ်။

"လမ်းလျှောက်ရမယ်?" ဟယ်ရီက မေးတယ်။ "ဘယ်လိုလဲ? ကျွန်တော်တို့ ကမ္ဘာ့ဖလားပွဲကို ခြေလျင်သွားမှာလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါဆို သိပ်ကိုဝေးသွားပြီ" မစ္စတာဝယ်စလီက ရယ်ပြောတယ်။ "ငါတို့ လမ်းတစ်ပိုင်းပဲ လျှောက်ဖို့လိုတယ်။ မှော်ဆရာအုပ်လိုက် စုစည်းပြီး မတ်ဂေါ်တွေ သတိမပြုမိအောင် လုပ်ဖို့ဆိုတာ သိပ်ကိုခက်ပါတယ်။ ကျုပ်တို့ အလွန်သတိထားရတယ်။ အကောင်းဆုံးအချိန် ရွေးပြီး သွားရတယ်။ ခွေဒစ် ကမ္ဘာ့ဖလားပွဲလို ကြီးမားတဲ့ပွဲမှာ ——"

"ဂျော့" မစ္စစ်ဝယ်စလီက ရုတ်တရက် အော်ချလိုက်လို့ အားလုံး လန့်သွားတယ်။

"ဘာဖြစ်လို့လဲ" ဂျော့ကပြောတယ်။ သူဟာ ဘာမှ မဖြစ်သယောင် ဆောင်တယ်။ ဒါပေမယ့် လိမ်လို့မရဘူး။



"မင်း အိတ်ကပ်ထဲကဟာ ဘာလဲ"

"ဘာမှ မဟုတ်ဘူး"

"ငါ့ကို လိမ်မပြောနဲ့"

မစ္စစ်ဝယ်စလီဟာ မှော်ကြိမ်လုံးနဲ့ ဂျော့အိတ်ကပ်ကို ချိန်ပြီး "အာစီအို" လို့ ရွတ်လိုက်တယ်။

ရောင်စုံအရာဝတ္ထုတစ်ချို့ ဂျော့အိတ်ကပ်ထဲက ခုန်ထွက်လာတယ်။ ဂျော့က လှမ်းဖမ်းတယ်။ မဖမ်းမိဘူး။ ၎င်းတို့ဟာ မစ္စစ်ဝယ်စလီဖြန့်ထားတဲ့ လက်ထဲ တန်းဝင်သွားတယ်။

"မင်းတို့ကို ဒါတွေဖျက်ဆီးပစ်လိုက်လို့ ပြောတာ" မစ္စစ်ဝယ်စလီက ဒေါသနဲ့ ပြောတယ်။ လက်ထဲက အရာတွေကို မြှောက်ပြတယ်။ အဲဒါတွေဟာ ဘာသွားနို့တော်ဖီတွေပဲပေါ့။ "မင်းတို့ကို ဒါတွေလွှင့်ပစ်ပါလို့ ပြော တယ်။ အိတ်ကပ်တွေထဲက အကုန်ထုတ်။ မြန်မြန်၊ မင်းတို့ နှစ်ယောက်"

ဒါဟာ အနေရကြပ်တဲ့မြင်ကွင်းပဲ။ အဲဒီအမြွာညီအစ်ကိုဟာ နို့တော်ဖီအစ်ပုံကြီးကို အိမ်ကခိုးထုတ်သွားချင်တာ။ မစ္စစ်ဝယ်စလီဟာ သူမရဲ့ ဆင့်ခေါ်ဂါထာ သုံးတော့မှ အဲဒီတော်ဖီတွေကို ရှာထုတ်နိုင်တော့တယ်။

"အာစီအို! အာစီအို! အာစီအို! " သူမဟာ ဆက်ခါဆက်ခါ အော်တယ်။ နို့သကြားလုံးတွေဟာ မထင်မှတ်တဲ့နေရာကနေ ပျံထွက်လာတယ်။ ဂျော့ရဲ့ဂျက်ကင်အကျႌအတွင်းခံလိုင်နင်ထဲက၊ ပြီးတော့ ဖရက် ဂျင်းဘောင်းဘီအခေါက်ထဲက။ "ကျွန်တော်တို့ နှစ်ဝက်လောက် အချိန်ကုန်ခံပြီး ဒါတွေကို သုတေသနပြု ထုတ်လုပ်ထားတာ" ဖရက်ဟာ သူ့မိခင် နို့သကြားလုံးတွေကို ဘစ်ဖက်ပစ်ချလိုက်တာ မြင်တော့ မကျေနပ်ဘဲပြောတယ်။

"နှစ်ဝက်အချိန်ကို ဒီပေါ်မှာအကုန်ခံတယ်ဆိုတော့ တယ်ဟုတ်ပါလား" မစ္စစ်ဝယ်စလီက စူးရှစွာပြောတယ်။ "ဒါကြောင့် **O.W.Ls** မှာ အမှတ်ကောင်း မရတာ"

ဘာပဲဖြစ်ဖြစ်၊ သူတို့ထွက်ခွာတဲ့အခါမှာ လေထုက သိပ်မငြိမ်းချမ်းဘူး၊ မစ္စစ်ဝယ်စလီဟာ မစ္စတာဝယ်စလီ့ ပါးပြင်ကိုနမ်းတော့ မျက်နှာထားတင်းနေတုန်းပဲ။ အဲဒီအမြွာညီနောင်က ပိုဆိုးသေးတယ်။ သူတို့ဟာ ကျောပိုးအိတ်ကို ပခုံးပေါ်ပစ်တင်ပြီး ထွက်သွားတဲ့အခါမှာ အမေ့ကို စကားတစ်ခွန်းမှ မပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ပျော်ရွှင်ပါစေ" မစ္စစ်ဝယ်စလီက ပြောတယ်။ "ကောင်းကောင်း နေကြနော်" သူမက အမြွှာညီနောင်နောက်က အော်ပြောတယ်။ သူတို့ကတော့ လှည့်လဲမကြည့်ဘူး၊ ပြန်လဲ မပြောဘူး။ "နေ့လယ်ကျရင် ဘီး၊ ချာလီနဲ့ဖတ်စီကို လွှတ်လိုက်မယ်" မစ္စစ်ဝယ်စလီက မစ္စတာဝယ်စလီကို ပြောတယ်၊ ဒီအချိန်မှာ မစ္စတာဝယ်စလီဟာ ဟယ်ရီ၊ ရွန်၊ ဟာမီး၊ ဂျင်နီတို့နဲ့ အတူ မှောင်မည်းမည်း ခြံဝန်းကိုဖြတ်ပြီး ဖရက်နဲ့ဂျော့တို့နောက် လိုက်ကာ ခရီးစ ထွက်ခဲ့ပြီ။

လေထုက အလွန်အေးစက်တယ်။ လမင်းလဲ မိုးပေါ်မှာ ရှိသေးတယ်။ သူတို့ယာဘက် မိုးကုပ်စက်ဝိုင်းဆီကသာ မိုးလင်းတော့မယ်ဆိုတဲ့ အရိပ်အယောင် နည်းနည်းပြတယ်။ ဟယ်ရီဟာ မှော်ဆရာအထောင်အသောင်း ခွေဒစ်ဘောပွဲ သွားကြည့်တဲ့ကိစ္စကို တွေးမိတာနဲ့ ခြေလှမ်းသွက်သွက်သွားပြီး မစ္စတာဝယ်စလီကို မီအောင် လိုက်လိုက်တယ်။

"အားလုံး မတ်ဂေါ်တွေမသိဘဲ ဟိုရောက်အောင် ဘယ်လိုသွားမလဲ" သူက မေးတယ်။

"စည်းရုံးလုပ်ဆောင်ရတာ အခက်အခဲတွေအများကြီးပဲ" မစ္စတာဝယ်စလီ သက်ပြင်းချလိုက်တယ်။ "အဓိကကျတဲ့ ပြဿနာက မှော်ဆရာ တစ်သိန်း ကမ္ဘာ့ဖလားပွဲ လာကြည့်မှာ။ ကျုပ်တို့မှာ ဒီလောက်များတဲ့လူတွေ ဆံ့တဲ့ မှော်ကွင်းနေရာမရှိဘူး။ မတ်ဂေါ်တွေ ဝင်လို့မရတဲ့နေရာရှိတယ်။ ဒါပေမယ့် တွေးကြည့်ပါ။ မှော်ဆရာ အထောင်အသောင်းကို ထောင့်ဖြတ်လမ်း ဒါမှ မဟုတ် ၉ $\frac{၃}{၄}$ စကြီထဲ ဘယ်လိုထည့်လို့ ဆံ့မှာလဲ။ ဒါကြောင့် လွင်တီးခေါင် နေရာတစ်ခုကို ရှာရတာ။ ပြီးတော့ မတ်ဂေါ် ရှောင်ကြဉ်တဲ့အစီအစဉ်လဲ ကြိုးစားလုပ်ထားတယ်။ ဌာနကြီးတစ်ခုလုံး ဒီကိစ္စအတွက် လအတော်များများ အလုပ်များခဲ့တယ်။ ပထမဦးဆုံး ခမ္ဘတာပဲ ရောက်ရှိကြမယ့် အချိန်ကို ခွဲခြားထားရတယ်။ ဈေးပေါတဲ့ လက်မှတ်ဝယ်ထားတဲ့လူဟာ နှစ်ပတ်ကြိုတင်သွားရတယ်။ တစ်ချို့က မတ်ဂေါ်သယ်ယူပို့ဆောင်ရေးယာဉ်ကို အသုံးပြုတယ်။ ဒါပေမယ့် အနည်းအကျဉ်းပါပဲ။ မတ်ဂေါ်ကားတို့ ရထားတို့မှာ တို့လူတွေ ပြည့်ကြပ်အောင်လုပ်လို့ မဖြစ်ဖူး —— သတိပြုရမှာက ကမ္ဘာအရပ်ရပ်က မှော်ဆရာတွေ လာကြတယ်။ ရုပ်ရွှေ့ပြောင်းအတတ်နဲ့ လာတာလဲရှိတယ်။ ဒါပေမယ့် လုံခြုံတဲ့ နေရာတစ်ချို့ သတ်မှတ်ပြီး သူတို့ကို ရုပ်ပြန်ပေါ်စေရမယ်။ မတ်ဂေါ်တွေနဲ့



ဝေးတဲ့နေရာမှာပေါ့။ အနီးအနားမှာ သစ်တောတစ်တော ရှိနေတယ်လို့ ကျွမ်းကျင်တယ်။ အဲဒါကို ရုပ်ရွှေ့ပြောင်း ရုပ်ပြန်ဖော်ဖို့ အသုံးပြုနိုင်တယ်။ ဟိုရုပ်ရွှေ့ပြောင်းတာ မလုပ်ချင်တဲ့လူနဲ့ မလုပ်တတ်တဲ့ လူတွေအဖို့တော့ ကျုပ်တို့က နေရာပို့သော့ကို သုံးတယ်။ ဒီအရာရဲ့ အသုံးဝင်မှုကတော့ မှော်ဆရာတွေကို သတ်မှတ်ချိန်အတွင်းမှာ တစ်နေရာကနေ တစ်နေရာသို့ သယ်ပို့ပေးတာပဲ၊ လိုအပ်ခဲ့ရင် တစ်ကြိမ်မှာ လူတစ်အုပ်ကြီး သယ်ပို့နိုင်တယ်။ အင်္ဂလန်နေရာ အနှံ့မှာ နေရာပို့သော့ အချောင်းနှစ်ရာ ချထားတယ်။ ကျုပ်တို့နဲ့ အနီးဆုံးသော့ဟာ မြွေပါတောင်ရဲ့တောင်ထိပ်မှာ ရှိတယ်။ ကျုပ်တို့ အခု အဲဒီနေရာကို သွားနေတာ"

မစ္စတာဝယ်စလီက ရှေ့ဘက်ကို လက်ညှိုးထိုးပြတယ်။ အော်ထရီ-စိန့်ကက်ချ်ပိုးရွာရဲ့ နောက်ဖက်မှာ အမှောင်ရိပ်ကြီး မြင်ရတယ်။

"နေရာပို့သော့ဆိုတာ ဘာလဲ" ဟယ်ရီက သိလိုစိတ်နဲ့မေးတယ်။

"အား၊ ဘာမဆိုရှိတယ်" မစ္စတာဝယ်စလီက ပြောတယ်။ "အားလုံး ထင်ပေါ်လွင်တဲ့ အရာတွေတော့ မဟုတ်ဘူး။ ဒါမှ မတ်ဂေါ်တွေ ကောက်ယူ အသုံးပြုမှာ မဟုတ်ဘူး . . . . သူတို့က ဒါတွေဟာ သူများမလိုချင်လို့ လွှင့်ပစ်ထားတာလို့ထင်မှာ. . . ."

သူတို့ဟာ ခက်ခက်ခဲခဲ တစ်လှမ်းချင်း မှောင်မည်းစိုစွတ်တဲ့ လမ်းကလေးအတိုင်း ရွာဘက်ဆီကို သွားကြတယ်။ အရပ်လေးမျက်နှာစလုံး ငြိမ်သက်နေတယ်။ မိမိတို့ခြေသံပဲ ကြားရတယ်။ သူတို့ ရွာထဲက ဖြတ်သွားတော့ မိုးနည်းနည်းချင်း လင်း လာတယ်။ မူလက မှောင်မည်းခြင်းဟာ နက်ပြာရောင် ဖြစ်လာတယ်။ ဟယ်ရီ့ လက်တွေခြေတွေ အေးခဲနေပြီ။ မစ္စတာဝယ်စလီက နာရီကို အဆက်မပြတ် ကြည့်တယ်။

သူတို့ ဘာမှတောင် ပြောချိန်မရဘဲ မြွေပါတောင်ကို စတက်ကြပြီ၊ မကြာခဏ ပုန်းကွယ်နေတဲ့ ယုန်ကျင်းတွေကို ခလုတ်တိုက်ကြတယ်။ ဒါမှမဟုတ် ထူထူချောချော မြက်တွေပေါ်မှာ ခြေချော်သွားကြတယ်။ ဟယ်ရီဟာ အသက်ရှူသိုက်တိုင်း ရင်ဝက နာတယ်။ ခြေနှစ်ချောင်းလဲ မသယ်ချင်တော့ဘူး၊ ဒီအချိန်မှာပဲ သူ့ခြေနှစ်ချောင်း မြေညီကိုနင်းမိတာ သူတွေ့ရှိတယ်။

"ဟူး" မစ္စတာဝယ်စလီ မျက်မှန်ဖြုတ်လိုက်ပြီး ကိုယ်ပေါ်က အင်္ကျီနဲ့ သုတ်ရင်း မောမောနဲ့ပြောတယ်။ "မဆိုးဘူး၊ ကျုပ်တို့ အချိန်မီရောက်တယ်

www.burmeseclassic.com

www.burmeseclassic.com



— ဆယ်မိနစ် ရှိသေးတယ်. . . . ”

ဟာမီးက နောက်ဆုံးမှရောက်လာတယ်။ သူမရဲ့ လက်တစ်ဖက်ဟာ အကျီင်္ကို တင်းတင်း ဆုပ်ထားတယ်။

“အခု ကျုပ်တို့ နေရာပိုသော့ကို ရှာတွေ့ဖို့ပဲ လိုတယ်” မစ္စတာ ဝယ်စလီက ပြောရင်း မျက်မှန်တပ်လိုက်တယ်။ မျက်စိမှေးပြီး မြေကြီးပေါ် လိုက်ရှာတယ်။ “သိပ် ကြီးမှာမဟုတ်ဖူး. . . . မြန်မြန်ရှာကြ. . . . ”

အားလုံး လူခွဲပြီးရှာကြတယ်။ ဒါပေမယ့် သူတို့ နှစ်မိနစ်လောက်ပဲရှာ ရသေးတယ်။ အသံတစ်သံဟာ ဆိတ်ငြိမ်ခြင်းကို ဖြိုခွဲလိုက်တယ်။

“ဒီမှာ၊ အာသာ။ သား၊ ငါတို့ရှာတွေ့ပြီ”

တောင်ထိပ်ရဲ့ ဟိုတစ်ဖက်မှာ အရိပ်မြင့်မြင့်ကြီးနှစ်ခု ကြယ်ရောင် အောက်မှာ တွေ့ရတယ်။

“အားမို့စ်” မစ္စတာဝယ်စလီကပြောရင်း ရယ်ပြီး သူ့ကိုအော်ခေါ်တဲ့ ယောကျ်ားကြီးဆီ သွားတယ်။ ကျန်လူတွေ လိုက်သွားတယ်။

မစ္စတာဝယ်စလီဟာ အညိုရောင်နှုတ်ခမ်းမွေးရှိတဲ့ မျက်နှာနီနီ မော့်ဆရာနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ အဲဒီလူရဲ့ ကျန်လက်တစ်ဖက်ထဲမှာ အရာတစ်ခု ကိုင်ထားတယ်။ မှိုတက်နေတဲ့ ဘွတ်ဖိနပ်ဟောင်းနဲ့တူတယ်။

“အားလုံးကို မိတ်ဆက်ပေးရဦးမယ်။ သူက အားမို့စ်-ဒစ်ဂိုရီ” မစ္စတာ ဝယ်စလီက ပြောတယ်။ “သူက ထူးဆန်းသတ္တဝါ စီမံခန့်ခွဲချုပ်ထိန်းရေးဌာန ခွဲမှာ အလုပ်လုပ်တယ်။ ဒါက သူ့သား စက်ဒရစ်။

စက်ဒရစ်-ဒစ်ဂိုရီဟာ ဆယ့်ခုနစ်နှစ်ခန့်ရှိတယ်။ အလွန်ရုပ်ချောတဲ့ ယောကျ်ားလေး။ ဟော့ဂ်ဝပ်မှာကျောင်းနေတယ်။ သူဟာ ဟာ့ဖ်ဖတ်ဟောက်စ် က ခွေဒစ်အသင်း အသင်းခေါင်းဆောင်နဲ့ ရှာဖမ်းသမား။

“ဟိုင်း၊ မင်္ဂလာပါ” စက်ဒရစ်ကပြောပြီး အားလုံးကို လှည့်ကြည့် တယ်။

လူတိုင်းကလဲ “ဟိုင်း” လို့ ပြန်ထူးတယ်။ ဒါပေမယ့် ဖရက်နဲ့ဂျော့က အသံ မထွက်ဘူး။ ခေါင်းပဲညိတ်ပြလိုက်တယ်။ မနှစ်က စက်ဒရစ်ဟာ ပထမ ဆုံး ခွေဒစ်ပြိုင်ပွဲမှာ သူတို့ဂရစ်ဖင်းဒေါအသင်းကို နိုင်သွားတယ်။ ဒီအမြွှာ ညီနောင်ဟာ အခုထိ သူ့ကို ခွင့်မလွှတ်သေးဘူး။

“အဝေးကြီး လမ်းလျှောက်လာရတယ်နော်။ အာသာ” စက်ဒရစ်ရဲ့



အဖေက မေးတယ်။

“သိပ်အဆိုးကြီး မဟုတ်ပါဘူး” မစ္စတာဝယ်စလီက ပြောတယ်။ “တို့ ရွာရဲ့ဟိုဘက်မှာ နေတယ်။ ခင်ဗျားတို့ကော”

“နှစ်ချက်တီးကတည်းက အိပ်ရာထတယ်၊ ဟုတ်လား စက်ဒရစ်။ ခင်ဗျားကိုတော့ ပြောရဦးမယ်။ သူ့ကို စောစောစီးစီး ရုပ်ရှင်ပြောင်းစာမေးပွဲ အောင်စေချင်တယ်။ ဒါပေမယ့်. . . . ဘာမှ မကျေမနပ်ဖြစ်စရာ မလိုပါဘူး . . . . ခွေဒစ်ကမ္ဘာ့ဖလားပွဲပဲဟာ။ မကြည့်လို့ ဘယ်ရမလဲ။ ဂါလုံးတစ်အိတ်ပဲ ကုန်စမ်းပါစေ — စင်စစ် လက်မှတ်ဝယ်တာလဲ အဲဒီလောက်ကို ကုန်တာ။ ဒီစရိတ်ကိုရအောင် ကြိုးစားနိုင်ခဲ့တယ်။ သိပ်တော့ မခက်ခဲပါဘူး. . . . ” အားမို့စ်-ဒစ်ဂိုရီက အနားရှိ ဝယ်စလီညီအစ်ကို သုံးယောက်၊ ဟယ်ရီ၊ ဟာမီးနဲ့ ဂျင်နီတို့ကို သဘောကောင်းစွာ ကြည့်နေတယ်။ “အာသာ၊ သူတို့အားလုံး ခင်ဗျားကလေးတွေလား”

“အော၊ မဟုတ်ဘူး။ ဆံပင်နီတာတွေပဲ ဟုတ်တယ်” မစ္စတာ ဝယ်စလီက မိမိသားသမီးတွေကို တစ်ယောက်ချင်း ညွှန်ပြတယ်။ “ဒါက ဟာမီး၊ ရွန့် သူငယ်ချင်း —— ဒါက ဟယ်ရီ၊ ရွန့်သူငယ်ချင်းပဲ ——”

“အလိုလေးလေး” အားမို့စ်-ဒစ်ဂိုရီကပြောတယ်။ မျက်လုံးကြီးလဲ မှူးသွားတယ်။ “ဟယ်ရီလား၊ ဟယ်ရီ-ပေါ်တာလား”

“အင်း —— ဟုတ်တယ်” ဟယ်ရီက ပြောတယ်။

လူတွေ သူ့ကို ပထမအကြိမ်တွေ့ဆုံတဲ့အခါမှာ အံ့ဩစွာ စိုက်ကြည့် တတ်တာကို ဟယ်ရီ ကျင့်သားရနေပြီ။ ရင်းတို့ဟာ အကြည့်ကို သူ့နဖူးပေါ်က အမာရွတ်ဆီ ချက်ချင်းရောက်သွားတာကိုလဲ ကျင့်သားရနေပြီ။ ဒါပေမယ့် ဒါတွေဟာ သူ့ကို အနေရ ကြပ်စေတယ်။

“ဟုတ်တယ်လေ၊ စက်ဒ်က မင်းအကြောင်း ပြောပြဖူးတယ်” အားမို့စ်-ဒစ်ဂိုရီကပြောတယ်။ “သူက မနှစ်တုန်းက သူနဲ့မင်း ပြိုင်ပွဲအကြောင်း ပြောပြ တယ်. . . . ကျုပ်က သူ့ကို ပြောတယ်။ ကျုပ်က —— စက်ဒ်၊ ဒီအကြောင်းကို မင်းအိုတဲ့အခါ မှာ မင်းမြေးတွေကို ပြောပြနိုင်တယ်။ တကယ့်ကို ခိုးကြောင်ရှာ . . . မင်း ဟယ်ရီ- ပေါ်တာကို အနိုင်ရလိုက်တာ”

ဟယ်ရီက ဘယ်လိုပြန်ပြောရမှန်းမသိဘူး။ ဒါကြောင့် ဘာမှ မပြော ဘူး။ ဖရက်နဲ့ ဂျော့တို့ မျက်မှောင်ကြုတ်နေကြပြန်တယ်။ စက်ဒ်က တစ်မျိုးကြီး

www.burmeseclassic.com



ဖြစ်နေတယ်၊

"ဟယ်ရီက တံမြက်စည်းပေါ်က ပြုတ်ကျလာတယ်၊ အဖေ" သူက တီးတိုး ပြောနေတယ်။ "ကျွန်တော် ပြောပြဖူးပါတယ်. . . . အဲဒါ မတော်တဆ ဖြစ်တာ. . . ."

"ဟုတ်တယ်လေ၊ ဒါပေမယ့် မင်းပြုတ်မကျဘူး မဟုတ်လား" အားမိုဖ်က ကြွင်နာစွာ အကျယ်ကြီးပြောတယ်။ သားရဲ့ကျောကိုလဲ ပုတ်လိုက်သေးတယ်။ "ကျုပ်တို့စက်ဒ်ဟာ ဒီအတိုင်းပဲ နှိမ်ချတတ်တယ်။ လူကြီးလူကောင်းဆန်တယ်. . . . ဒါပေမယ့် အနိုင်ရတဲ့လူဆိုတာ အတော်ဆုံးပါပဲ။ ဟယ်ရီကလဲ ဒီလိုပဲပြောမယ်လို့ ကျုပ်ပြောဝံ့တယ်။ ဟုတ်တယ်မဟုတ်လားဟင်? ။ တစ်ယောက်က တံမြက်စည်းပေါ်က လိမ့်ကျတယ်။ တစ်ယောက်က တံမြက်စည်းပေါ်မှာပဲ ရှိနေတယ်။ ဉာဏ်ကြီးရှင် မဟုတ်တာတောင် ဘယ်သူက ပိုထူးချွန်တဲ့ ပျံသန်းသူဆိုတာ ပြောလို့ရပါတယ်"

"အချိန်ရောက်တော့မယ်" မစ္စတာဝယ်စလီက အမြန်ပြောလိုက်တယ်။ အိတ်ဆောင်နာရီကို ထုတ်ကြည့်ပြန်တယ်။ "ကျုပ်တို့ ဘယ်သူ့စောင့်ရဦးမလဲ၊ အားမိုဖ်"

"မစောင့်ရတော့ဘူး။ လဗ်ဂွဒ်စ်တို့ မိသားစု လွန်ခဲ့တဲ့ တစ်ပတ်ထဲက အဲဒီကို ရောက်နေပြီ။ ဖောစက်စ်တို့ မိသားစုက လက်မှတ်မရဘူး" မစ္စတာဒစ်ဂိုရီက ပြောတယ်။ "ဒီအပိုင်းမှာ တခြားလူမရှိတော့ဘူး ဟုတ်လား"

"ကျုပ် သိသလောက် မရှိတော့ဘူး" မစ္စတာဝယ်စလီက ပြောတယ်။ "ကောင်းပြီ၊ တစ်မိနစ်ကျန်သေးတယ်. . . . ကျုပ်တို့ နေရာယူကြစို့. . . ."

သူက ဟယ်ရီနဲ့ဟာမီးကို လှည့်ကြည့်တယ်။

"မင်းတို့ နေရာပို့သော့ကို ထိထားရင်ပြီးရော။ ဒီလို လက်ချောင်းတစ်ချောင်း ထုတ်လိုက်ရင် ပြီးတာပဲ ——"

အားလုံး ကျောပိုးအိတ်ဖောင်းဖောင်းကြီးတွေ ပိုးထားကြတဲ့အတွက် လူကိုးယောက်ဟာ အားမိုဖ်-ဒစ်ဂိုရီကိုင်ထားတဲ့ ဘွတ်ဖိနပ်ဟောင်းဘေးကို မနည်းဝိုင်းကပ်ရတယ်။

သူတို့ဟာ ပူးကပ်ပြီး ဝိုင်းရပ်ကြတယ်။ အေးချမ်းတဲ့ လေအေးတစ်ချက် တောင်ထိပ်ကို တိုက်ခတ်လာတယ်။ ဘယ်သူမှ စကားမပြောဘူး။ ဟယ်ရီက တကယ်လို့ ဒီအချိန်မှာ မတ်ဂေါ်တစ်ယောက် ဒီကဖြတ်သွားလို့ရှိရင်



ဒီပုံ ဘယ်လောက် နားမလည်နိုင်စရာ ဖြစ်မလဲမသိဘူးလို့ ရုတ်တရက် တွေးမိတယ်. . . . လူကိုးယောက်၊ ၎င်းအနက် နှစ်ယောက်က လူကြီး၊ မှောင်မှဲမှဲ အလင်းရောင်ထဲမှာ စုတ်စုတ်ပြတ်ပြတ် ဖိနပ်ဟောင်းကို ကိုင်ကြပြီး ငြိမ်ငြိမ်လေး စောင့်နေကြတယ်. . . .

"သုံး. . . ."မစ္စတာဝယ်စလီရဲ့ မျက်စိတစ်ဖက်က အိတ်ဆောင်နာရီကို စိုက်ကြည့်ရင်း တိုးတိုး ရေရွတ်တယ်။ "နှစ်. . . ."

ရုတ်တရက်ကြီး ဟယ်ရီခံစားရတာကတော့ ချိတ်တစ်ခုဟာ သူ့ချက်ကနေ မတားဆီးနိုင်တဲ့အားနဲ့ ရှေ့ကိုချိတ်ဆွဲလိုက်တာ သူ့ခြေထောက် မြေကြီးနဲ့လွတ်ပြီး ပျံထွက်သွားတယ်။ ရွန်နဲ့ဟာမီးတို့ သူ့ဘေးမှာမှန်း သိတယ်၊ သူတို့ပခုံးနဲ့ တိုက်တိုက်နေတယ်။ သူတို့ဟာ လေတိုက်သွားသလို ရှေ့သို့ တအားပုံသွားတယ်။ မျက်စိရှေ့မှာ ဘာမှမမြင်ရဘူး။ ဟယ်ရီ့လက်ညှိုး ဖိနပ်ပေါ်တင်းတင်း ကပ်ထားတယ်။ အဲဒီဖိနပ်မှာ သံလိုက်ဆွဲအားရှိနေသလိုပဲ သူ့ကို ဆွဲခေါ်သွားတယ်။ ဆွဲခေါ်သွားတယ်။ ဒီနောက်——


သူ့ခြေထောက်နှစ်ချောင်းဟာ မြေကြီးပေါ် ဆောင့်ကျသွားတယ်၊ ရွန်က သူ့ကိုယ်ပေါ် ဂယိမ်းဂယိုင်ဝင်ဆောင့်ပြီး လဲကျသွားတယ်။ နေရာပို့သော့ဟာ သူ့ခေါင်းဘေး မြေကြီးပေါ် ဘတ်ခနဲ ကျသွားတယ်။

ဟယ်ရီ ခေါင်းမော့ကြည့်လိုက်တော့ မစ္စတာဝယ်စလီ၊ မစ္စတာဒစ်ဂိုရီနဲ့ စက်ဒရစ်တို့ သုံးယောက်ပဲ မတ်တတ်ရပ်လျက်ရှိတယ်။ ဒါပေမယ့်လဲ လေတိုက်လို့ ဆံပင်တွေရှုပ်ပွပြီး ယိမ်းယိမ်းယိုင်ယိုင် အနေအထားမှာ ရှိတယ်. ကျန်လူအားလုံး မြေကြီးပေါ် ပုံလဲနေတယ်။

"ငါးနာရီခုနစ်မိနစ်၊ မြွေပါတောင်က လာတာ" အသံတစ်သံက ပြောတာ ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၇။ ဘက်ဂမင်းနဲ့ ခရောက်ချ်

ဟယ်ရီဟာ ရွှန်နဲ့ လုံးထွေးနေတဲ့အထဲက ရုန်းထလိုက်တယ်။ သူတို့ရောက်နေတဲ့ နေရာဟာ လူမနေတဲ့ လွင်တီးပြင်ကြီးနဲ့ တူတယ်။ သူတို့ရှေ့မှာ မောပန်းနွမ်းနယ်ပြီး မျက်နှာကြီးအိုထားတဲ့ မှော်ဆရာနှစ်ယောက်။ ၎င်းတို့အနက် တစ်ယောက်က ရွှေနာရီအကြီးကြီးတစ်လုံးကို ကိုင်ထားတယ်။ ကျန်တစ်ယောက်က သိုးရေစက္ကူ ထူထူကြီးတစ်လိပ်နဲ့ ငှက်မွေးကလောင်တစ်ချောင်း။ နှစ်ယောက်စလုံး မတ်ဂေါ်လို ဝတ်ဆင်ထားတယ်။ ဒါပေမယ့် ပုံတော့ သိပ်မလာဘူး။ ရွှေနာရီကိုင်တဲ့ယောကျ်ားဟာ အပေါ်ပိုင်းမှာ ရောင်စုံသိုးမွေး သက္ကလပ်ကြမ်း အင်္ကျီဝတ်ပြီး အောက်ပိုင်းမှာ ပေါင်ထိရှည်တဲ့ ရာဘာဖိနပ် ဝတ်ဆင်ထားတယ်။ သူ့လုပ်ဖော်ကိုင်ဖက်ကတော့ စကော့တလန် ကုန်းမြင့်ယောကျ်ားများဝတ်ဆင်တဲ့ ခေါက်တွန့်ဂါဝန်တိုတိုနဲ့ တောင်အမေရိက ခြုံထည်တစ်ထည် ဝတ်ဆင်တယ်။

"မင်္ဂလာနံနက်ခင်းပါ၊ ဘာဆီး" မစ္စတာဝယ်စလီက ပြောရင်း ဟိုဘွတ်ဖိနပ်ကို ကောက်ယူပြီး ခေါက်တွန့်ဂါဝန်တိုတိုဝတ်တဲ့ မှော်ဆရာကို ကမ်း



ပေးလိုက်တယ်။ အဲဒီလူက ၎င်းကို ဘေးရှိသေတ္တာကြီးထဲ ပစ်ထည့်လိုက်တယ်၊ အတွင်းမှာက အသုံးပြုပြီးတဲ့ နေရာပို့သော့တွေချည်းပဲ။ ဟယ်ရီဟာ သတင်းစာအဟောင်းတစ်ရွက်၊ တင်းဗူး အလွတ်တစ်ခုနဲ့ အပေါက်တစ်ရာပေါက်နေတဲ့ ဒန်ဘောလုံးကို မြင်ရတယ်။

"မင်္ဂလာပါ၊ အာသာ" ဘာဆီးက ပင်ပန်းစွာပြောတယ်။ "တာဝန်မှာဘူး၊ ဟုတ်လား။ လူတစ်ချို့ကတော့ သိပ်ကိုကံကောင်းတာပဲ. . . . ကျုပ်တို့တစ်ညလုံး ဒီမှာ စောင့်နေရတယ်. . . . ခင်ဗျားတို့ ဖယ်ပေးရင်ကောင်းမယ်၊ ငါးနာရီဆယ့်ငါးမိနစ်မှာ သစ်တောနက်ကနေ လူတစ်အုပ်ကြီး ရောက်လာလိမ့်မယ်။ ခဏနေဦး၊ ခင်ဗျားတို့ စခန်းချရမယ့်နေရာကို ရှာဦးမယ်. . . ဝယ်ဒလီ. . . . ဝယ်စလီ. . . ." သူဟာ သိုးရေစက္ကူနာမည်စာရင်းထဲမှာ ရှာနေတယ်။ "လေးပိုင်းတစ်ပိုင်းမိုင်လောက် လျှောက်သွား၊ ရှေ့က ပထမဆုံးစခန်းပဲ။ နေရာခန့်ခွဲသူက မစ္စတာရောဘတ်စ်ဖြစ်တယ်။ ဒစ်ဂိုရီ. . . . ခင်ဗျားတို့က ဒုတိယစခန်းမှာ. . . . မစ္စတာဖေးကို ရှာပါ"

"ကျေးဇူးပါပဲ၊ ဘာဆီး" မစ္စတာဝယ်စလီကပြောပြီး အားလုံး သူနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်။

အားလုံး လူမနေတဲ့ လွင်တီးပြင်ကြီးကို ဖြတ်ကြတယ်။ နှင်းထုလို့ဘာမှမမြင်ရဘူး။ မိနစ်နှစ်ဆယ်လောက် သွားခဲ့ပြီးနောက် မုခ်ဝဘေးရှိကျောက်အိမ်လေးတစ်လုံး မျက်စိထဲဝင်လာတယ်။ ဟယ်ရီဟာ ကျောက်အိမ်နောက်ဘက်ရှိ ပုံသဏ္ဌာန် ထူးဆန်းတဲ့ ရွက်ထည်တဲ အထောင်အသောင်းကို ဝေဝေမကွဲမြင်ရတယ်။ ၎င်းတို့ဟာ ကွင်းကြီးရဲ့ ခပ်ပြေပြေ ကုန်းလျှောတစ်လျှောက်ကနေ မိုးကုပ်စက်ဝိုင်းဆီက သစ်တောမည်းမည်းဆီထိ ရှိနေကြတယ်၊ သူတို့ ဒစ်ဂိုရီသားအဖကို နှုတ်ဆက်ပြီး ကျောက်အိမ် မုခ်ဝဆီ သွားကြတယ်၊

မုခ်ဝမှာ လူတစ်ယောက် ရပ်နေတယ်။ ဟိုရွက်ထည်တဲတွေကို မျှော်ကြည့်နေတယ်။ ထိုသူဟာ ဒီကွင်းကြီးတစ်ခုလုံးမှာ တွေ့ရတဲ့ မတ်ဂေါ်အစစ်ဆိုတာ ဟယ်ရီ မြင်တာနဲ့သိတယ်။ အဲဒီလူဟာ သူတို့ ခြေသံကြားတာနဲ့ သူတို့ကို လှည့်ကြည့်နေတယ်။

"မင်္ဂလာနံနက်ခင်းပါ" မစ္စတာဝယ်စလီက လန်းဆန်းစွာ ပြောတယ်။

"မင်္ဂလာနံနက်ခင်းပါ" မတ်ဂေါ်က ပြောတယ်။

"မစ္စတာရောဘတ်စ်ဆိုတာ ခင်ဗျားလား"

www.burmeseclassic.com

www.burmeseclassic.com



"အား၊ ဟုတ်ပါတယ်" မစ္စတာရောဘတ်စ်က ပြောတယ်။ "ခင်ဗျားက ဘယ်သူလဲ"

"ဝယ်စလီ —— ရွက်ထည်တဲနှစ်လုံး။ လွန်ခဲ့တဲ့နှစ်ရက်က ကြိုမှာထားတာ၊ ရှိလား"

"ရှိတယ်" မစ္စတာရောဘတ်စ်က ပြောတယ်။ တံခါးပေါ် ကပ်ထားတဲ့ ဇယားတစ်ခုကို ကြည့်လိုက်တယ်။ "ဟိုသစ်တောအနားမှာ ခင်ဗျားတို့အတွက် နေရာ။ တစ်ညပဲ နေမှာလား"

"ဟုတ်တယ်" မစ္စတာဝယ်စလီက ပြောတယ်။

"ဒါဆိုရင် အခုငွေချေပါ။ ဖြစ်လား"

မစ္စတာရောဘတ်စ်က ပြောတယ်။

"အား —— ကောင်းပြီ —— ပြဿနာမရှိဘူး---" မစ္စတာဝယ်စလီက ပြောတယ်။ သူက နောက်ကို လေးငါးလှမ်းဆုတ်ပြီး ကျောက်အိမ်ကလေးက ထွက်လာတယ်။ ဟယ်ရီ့ကို သူ့ဆီလာဖို့ အမူအရာပြတယ်။ "ကျုပ်ကို ကူညီစမ်း၊ ဟယ်ရီ"သူက တိုးတိုးပြောတယ်။ အိတ်ကပ်ထဲကနေ မတ်ဂေါ်ပိုက်ဆံတစ်ထပ် ဆွဲထုတ်လိုက်တယ်။ ၎င်းတို့ကို တစ်ရွက်ချင်းခွဲတယ်။ "ဒီတစ်ရွက်က အင်း —— အင်း —— တစ်ဆယ်? အား၊ ဟုတ်ပြီ၊ ကျုပ် အပေါ်မှာပုံနှိပ်ထားတဲ့ ဂဏန်းလေး မြင်ပြီ —— ဒါဆို ဒီတစ်ရွက်က ငါးကျပ်?"

"နှစ်ဆယ်တန်" ဟယ်ရီက အသံနှိမ့်ပြီး သူ့ကို ပြင်ပေးတယ်။ တစ်ချိန်ထဲမှာ မစ္စတာရောဘတ်စ်ဟာ သူတို့ပြောတဲ့စကားတိုင်းကို ကြားအောင် ကြိုးစားနေတာကို အနေကြပ်စွာ သိနေတယ်။

"အား၊ ဒီလိုကိုး--- ကျုပ်မသိဘူး၊ ဒီစက္ကူကလေးတွေ. . . ."

"ခင်ဗျားက နိုင်ငံခြားသားလား" မစ္စတာဝယ်စလီက ပိုက်ဆံကို မှန်မှန်ကန်ကန် ပြန်ယူလာတဲ့အခါမှာ မစ္စတာရောဘတ်စ်က မေးတယ်။

"နိုင်ငံခြားသား?" မစ္စတာဝယ်စလီက နားမလည်ဘဲ ထပ်ပြောလိုက်တယ်။

"ငွေမရေတွက်တတ်တာ ခင်ဗျားတစ်ယောက်ထဲမဟုတ်ဖူး" မစ္စတာရောဘတ်စ်က ပြောတယ်။ မစ္စတာဝယ်စလီကိုလဲ စူးစမ်းကြည့်ရှုနေတယ်။ "လွန်ခဲ့တဲ့ ဆယ်မိနစ်ကပဲ လူနှစ်ယောက်ဟာ ကျုပ်ကို လှည်းပုံတောင်းလောက်ရှိတဲ့ ရွှေဒင်္ဂါးကြီး ပေးမယ်လုပ်တယ်"



"တကယ်လား" မစ္စတာဝယ်စလီက မတည်မငြိမ် ပြောတယ်၊

မစ္စတာရောဘတ်စ်ဟာ သံဗူးတစ်ခုထဲ အကြွေနှိုက်ရှာနေတယ်၊

"ဘယ်တုန်းကမှ လူတွေ ဒီလောက်မများဘူး" သူက ရုတ်တရက် ပြောတယ်။ လွင်တီးခေါင်စတည်းချတဲ့ဆီကို ကြည့်နေပြန်တယ်။ "လူရာအချို့ ကြိုတင်စာရင်းသွင်းထားတယ်။ လူတွေ အဆက်မပြတ် လာနေကြတယ်. . ."

"ဘာများမှားတာရှိလဲ" မစ္စတာဝယ်စလီက မေးရင်း အကြွေကို လှမ်းယူတယ်။ ဒါပေမယ့် မစ္စတာရောဘတ်စ်က မပေးဘူး။

"ဟုတ်တယ်လေ" မစ္စတာရောဘတ်စ်က တွေးမိလာသလို ပြောတယ်၊ "နေရာတိုင်းက လာတဲ့လူတွေ ရှိတယ်။ မရေမတွက်နိုင်တဲ့ နိုင်ငံခြားသားတွေ။ နိုင်ငံခြားသားတွေတင် မကသေးဘူး။ လူထူးဆန်းတွေလဲ အများကြီးပဲ။ ခင်ဗျားသိလား၊ လူတစ်ယောက်ဟာ ဂါဝန်အတွန့်တိုတိုနဲ့ တောင်ပေါ်မရိုကန်ချုံထည် ဝတ်ဆင်ပြီး ဟိုသွား ဒီသွား လုပ်နေတယ်"

"မရဘူးလား" မစ္စတာဝယ်စလီက ပူပင်စွာ မေးလိုက်တယ်။

"အဲဒါ ဘာနဲ့တူလဲဆိုတော့. . . . ကျုပ်လဲ မသိဘူး. . . . အပျော်အပါး လုပ်တာနဲ့တူနေတယ်" မစ္စတာရောဘတ်စ်က ပြောတယ်။ "သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနေကြပုံအလွန် သိနေကြသလိုပဲ။ ပါတီပွဲကြီး လုပ်မလို့နဲ့တူတယ်"

အဲဒီအချိန်မှာပဲ ခေါင်းလောင်းဘောင်းဘီဝတ်တဲ့ မှော်ဆရာ တစ်ယောက် ရုတ်တရက် မိုးပေါ်ကနေ မစ္စတာရောဘတ်စ်ရဲ့ ကျောက်အိမ်လေးရှေ့ ပေါ်လာတယ်။

"အားလုံး မေ့ပျောက်စေ" သူက မှော်ကြိမ်လုံးနဲ့ မစ္စတာရောဘတ်စ်ကို ချိန်ပြီး ပြင်းထန်စွာ ပြောတယ်။

ရုတ်ခြည်းပဲ မစ္စတာရောဘတ်စ်ရဲ့အကြည့်ဟာ ဝေဝါးသွားတယ်။ မျက်မှောင်လဲ မကြုတ်တော့ဘူး။ အိပ်မက်မက်နေတဲ့ အမူအရာလို ဖြစ်လာတယ်၊ ဒါဟာ လူတစ်ယောက်ရဲ့မှတ်ဉာဏ်ကို ပြောင်းလဲပစ်စဉ် ဖြစ်ပေါ်တဲ့ ဝေဝါးမှုအနေဆိုတာ ဟယ်ရီသိမြင်တယ်။

"ရော့၊ ဒါ စခန်းချတဲ့မြေပုံ" မစ္စတာရောဘတ်စ်က မစ္စတာဝယ်စလီကို အေးဆေးစွာပြောတယ်။ "ပြီးတော့ ဒါအမ်းတဲ့ပိုက်ဆံ"

"အလွန်ကျေးဇူးတင်တယ်" မစ္စတာဝယ်စလီက ပြောတယ်။

ခေါင်းလောင်းဘောင်းဘီဝတ်တဲ့ မှော်ဆရာဟာ သူတို့နဲ့အတူ မုန်ခ

www.burmeseclassic.com

www.burmeseclassic.com



သာ ထွက်ပြီး စခန်းချတဲ့ဆီ သွားတယ်။ သူကြည့်ရတာ ပင်ပန်းလွန်းတဲ့ပုံ ခုတ်ဆိတ်လဲ မရှိတ်ဘူး။ စိမ်းနေတာပဲ။ မျက်စိအောက်မှာလဲ ညိုနေတယ်။ မစ္စတာရောဘတ်စ် သူတို့ စကားပြောတာ မကြားနိုင်တဲ့အခါမှာ အဲဒီမော်ဆရာက မစ္စတာဝယ်စလီကို တိုးတိုး ရေရွတ်ပြတယ်။ "သူက ကျုပ်ကို တော်တော် ဒုက္ခပေးတယ်။ သူ့ကို စိတ်ချမ်းသာရာ ရအောင် နေ့စဉ် မေ့ပျောက်ဂါထာ အကြိမ်တစ်ဆယ်ကျော် ရွတ်နေရတယ်။ လူဒို- ဘက်ဂမင်းဟာ ကူညီတာ မဟုတ်ဘဲ ဒုက္ခပေးနေတယ်။ ဟိုသွားဒီသွားနဲ့ ဘလဒ်ဂါနဲ့ ခွပ်ဖော်အကြောင်း အကျယ်ကြီး ပြောဆိုနေတယ်။ မတ်ဂေါတွေကို သတိပြုဖို့ လုံခြုံရေး ထိန်းသိမ်းဖို့ လုံးဝဂရုမစိုက်ဘူး။ အမလေးဗျာ၊ ဒါတွေအားလုံး မြန်မြန်ပြီးဆုံးစေချင်တယ်။ တော်ကြာမှ တွေ့မယ်၊ အာသာ"

သူဟာ ပြောပြီးတာနဲ့ ပျောက်သွားတယ်။

"မစ္စတာဘက်ဂမင်းဟာ မော်အားကစားဌာနခွဲက ဌာနခွဲမှူးလို့ ထင်နေတာ" ဂျင်နီက ပြောတယ်။ အံ့သြသွားပုံရတယ်။ "မတ်ဂေါအနားမှာ ဘလဒ်ဂါအကြောင်း မပြောသင့်ဘူးဆိုတာ သူသိသင့်တယ်၊ ဟုတ်လား"

"ဟုတ်တယ်" မစ္စတာဝယ်စလီက ရယ်ပြီးပြောတယ်။ သူတို့ကို ဦးဆောင်ပြီး မုခ်ဝကထွက်ကာ စခန်းချရာနေရာသို့ သွားတယ်။ "လူဒိုဟာ လုံခြုံရေးဘက်မှာ တစ်လျှောက်လုံး . . . . အင်း . . . . နည်းနည်းပေါ့တယ်။ ဒါပေမယ့် သူ့ထက် တက်ကြွလှိုက်လှဲတဲ့ လူတစ်ယောက် အားကစားဌာနခွဲကို ခေါင်းဆောင်ဖို့ လူရှာမတွေ့နိုင်တော့ဘူး။ သိရမှာက သူဟာ မူလက အင်္ဂလန်ကို ကိုယ်စားပြုပြီး ခွေဒစ်ကစားဖူးတယ်။ သူဟာ ဝင်းမ်ဘောင်းပျားနကျယ်အသင်းတသမိုင်းမှာ အကောင်းဆုံး ဘောရိုက်သမား ဖြစ်ချင်တယ်"

သူတို့ဟာ နှင်းတွေဝေနေတဲ့ စခန်းကွင်းအတွင်း ရွက်ထည်တဲ နှစ်တန်းကြား ချီတက်နေရတယ်။ တဲအများစုဟာ ဘာမှထူးခြားပုံ မပေါ်ဘူး။ ရင်းတို့ရဲ့ပိုင်ရှင်တွေဟာ မတ်ဂေါတွေရဲ့ တဲနဲ့တူအောင် ကြိုးစားပြုလုပ်ထားပုံပေါ်တယ်။ ဒါပေမယ့် တချို့ဟာ သတိမထားမိဘဲ လွန်သွားပြီး မီးခိုးခေါင်းတိုင်တို့၊ ဂလိုင်ကြိုးတို့၊ လေကြောင်းပြမြားတို့ ထပ်စွက်ထားတာ တွေ့ရတယ်။ သို့ပေမယ့် မော်ပညာစီရင်ထားတဲ့ တဲတချို့ကိုလဲ ဟိုဟိုဒီဒီမှာ တွေ့ရတယ်။ ဒါကြောင့်လဲ မစ္စတာရောဘတ်စ် သံသယဖြစ်တာပဲလို့ ဟယ်ရီက တွေးတယ်။ စခန်းဗဟိုမှာ တဲတစ်တဲဟာ အလွန်ပေါ်လွင်တယ်။ ၎င်းဟာ အလွန်ကြွားဝါစွာ



ပိုးထည်အစင်းနဲ့ ပြုလုပ်ထားတယ်။ နန်းတော်သေးသေးလေးလိုပဲ။ ဝင်ပေါက်မှာ ဒေါင်းအရှင် လေးငါးကောင် ချည်ထားတယ်။ ဒီရှေ့နားမှာ တဲတစ်တဲဟာ သုံးထပ်တိုက်ပုံစံ ပြုလုပ်ထားပြီး ဘေးမှာလဲ ပြအိုးတွေ ပါလိုက်သေးတယ်။ ဘက်ဆီမှာ တဲတစ်တဲတံခါးပေါက်ရှေ့မှာ ပန်းခြံပါတယ်။ အတွင်းမှာ ငှက်ရေကန်၊ နေနာရီနဲ့ ရေပန်း စတာတွေ စုံလို့ပဲ။

"ဒါမျိုးချည်းပဲ" မစ္စတာဝယ်စလီက ရယ်ပြီးပြောတယ်။ "စုမိတာနဲ့ ကြွားချင်တယ်။ ရောက်ပြီ၊ ကြည့်၊ ဒါ တို့အတွက်"

သူတို့ဟာ စခန်းအစွန်ရှိ တောအုပ်အစပ်ရောက်လာတယ်။ ဒီနေရာမှာ မြေလွတ်တစ်နေရာရှိတယ်။ တုတ်တိုင်လေးနဲ့ ဆိုင်းဘုတ်ကလေး ရေးထားတယ်။ ဝီးဇလီ (နာမည်မှားရေးထားတာ —— ဘာသာပြန်သူ)။

"ဒီနေရာ အကောင်းဆုံးပဲ" မစ္စတာဝယ်စလီက ဝမ်းသာစွာပြောတယ်။ "ပြိုင်ပွဲကွင်းက တောအုပ်ရဲ့ဟိုဘက်မှာ။ ဒီထက်နီးတာတော့ မရှိတော့ဘူး" သူက ကျောပိုးအိတ်ကို လျှော့ချလိုက်တယ်။ "ဟုတ်ပြီ" သူက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ကျုပ်တို့ လူတွေအများကြီး မတ်ဂေါတွေနယ်မြေထဲ ရောက်လာတယ်ဆိုတော့၊ တင်းကြပ်စွာ ပြောရရင် မော်ပညာအသုံးပြုခွင့် မရှိဘူး၊ ကျုပ်တို့လက်နဲ့ တဲကိုထောင်ကြရမယ်။ သိပ်ခက်မယ်မထင်ဘူး. . . . . မတ်ဂေါတွေ ဒီလိုပဲလုပ်တာ. . . . ဟုတ်ပြီ၊ ဟယ်ရီ၊ တို့ဘယ်က စ,ရမယ်ထင်သလဲ"

ဟယ်ရီဟာ အရင်က ရွက်ထည်တဲမထိုးဖူးဘူး။ နွေကြီးရက်ကြီးတွေမှာ ဒါစလီမိသားစုဟာ သူ့ကို ဘယ်တော့မှ ခေါ်မသွားဘူး။ သူ့ကို အိမ်နီးချင်း အဘွားကြီး မစ္စစ်ဖစ်ဂ်ဆီ ထားရစ်တယ်။ ဒါပေမယ့် သူနဲ့ဟာမီးဟာ ထောက်တိုင်တွေ ဝက်အူတွေရဲ့ နေရာမှန်ကို သိသွားကြတယ်။ မစ္စတာဝယ်စလီကတော့ ဘေးကနေ တလွဲချည်း ဖြစ်နေတယ်။ အကြောင်းက တင်းပုတ်အသုံးပြုရတော့မယ်ဆိုတိုင်း သူဟာ အထူး စိတ်လှုပ်ရှားနေလို့ပဲ။ နောက်ဆုံးမှာ သူတို့ဟာ နှစ်ယောက်အိပ် ရွက်ထည်တဲတစ်လုံးကို ရွဲ့ရွဲ့စောင်းစောင်း ထိုးလို့ ပြီးသွားတယ်။

သူတို့အားလုံး နောက်ကို လေးငါးလှမ်းဆုတ်ပြီး မိမိတို့ ကိုယ်တိုင်ထိုးတဲ့ အောင်မြင်မှုကို ခံစားကြတယ်။ ဟယ်ရီက တွေးတယ်၊ ဘယ်သူမြင်မြင် ဒီတဲတွေကို မော်ဆရာတွေ ထိုးတယ် ထင်မှာမဟုတ်ဖူး။ သို့ပေမယ့် ဘီwww.burmeseclassic.com

www.burmeseclassic.com



ခါလီနဲ့ဖတ်စီတို့ လာရင် သူတို့အားလုံး လူဆယ်ယောက်ကျော်လိမ့်မယ်။ ဟာမီး ဟာလဲ ဒီပြဿနာကို မြင်သလိုပဲ၊ သူမဟာ ဘာလုပ်ရမှန်းမသိတဲ့အကြည့်နဲ့ ဟယ်ရီကို ကြည့်လိုက်တယ်။ ဒီအချိန်မှာ မစ္စတာဝယ်စလီဟာ လေးဘက် ထောက်ပြီး ပထမဆုံးရွက်ထည်တဲထဲ ဝင်သွားတယ်။

"နည်းနည်းတော့ ကြပ်လိမ့်မယ်" သူက အော်ပြောတယ်။ "ဒါပေမယ့် အားလုံးဆံ့မယ်လို့ ကျုပ်ထင်တယ်။ မြန်မြန်လာကြည့်ကြစမ်း"

ဟယ်ရီဟာ ခါးကုန်းပြီး ရွက်ထည်တဲတံခါး လိုက်ကာအောက်က တိုး ဝင်သွားတယ်။ ရုတ်ခြည်းပဲ အံ့ဩလွန်လွန်းလို့ မေးစေ့တောင် ပြုတ်ကျမတတ် ပဲ။ သူဟာ ရှေးပုံစံ သုံးခန်းတွဲအိမ်ထဲ ရောက်နေတယ်။ ရေချိုးခန်းနဲ့ မီးဖိုချောင် လဲ ပါသေးတယ်။ အံ့ဩစရာပဲ။ အခန်းထဲက အပြင်အဆင်ဟာ မစ္စစ်ဖစ်ဂ် အိမ်ကဟန်နဲ့ လုံးဝ တစ်ပုံစံတည်းပဲ။ မလိုက်ဖက်တဲ့ စားပွဲပေါ်မှာ တစ်ချောင်း ထိုးဇာ ခင်းထားတယ်။ လေထုထဲမှာ နှာခေါင်းရှုံ့စေတဲ့ ကြောင်နံ့ရှိတယ်။

"အော၊ ဒါ ယာယီပါပဲ" မစ္စတာဝယ်လီဟာ လက်ကိုင်ပုဝါနဲ့ မိမိ ထိပ်ပြောင်ကိုသုတ်ရင်း အိပ်ခန်းထဲက နှစ်ထပ်ခုတင်လေးလုံးကို ခေါင်းငုံ့ကြည့် နေတယ်။ "ဒါက ရုံးက ပါးကင်စ်ဆီက ငှားလာတာ။ သနားစရာ ငနဲ။ ခါးနာ ရောဂါ ရနေလို့ စခန်းချတာ လိုက်လို့မရတော့ဘူး"

မစ္စတာဝယ်စလီဟာ ဖုန်တွေ ပေကျံနေတဲ့ ရေခရားကို ကိုင်လိုက်ပြီး ခရားထဲကို ကြည့်လိုက်တယ်။ "ကျုပ်တို့ ရေလိုတယ် . . ."

"ဟို မတ်ဂေါ် ကျုပ်တို့ကို ပေးတဲ့ မြေပုံပေါ်မှာ ရေပိုက်ခေါင်းတစ်ခု ပြထားတယ်" ရွန်ကပြောတယ်။ သူလဲ ဟယ်ရီနောက်က လိုက်ပြီး တဲထဲဝင်လာ တယ်။ တဲထဲက တစ်မူထူးတဲ့ အခြေအနေကို ရိုးနေသလိုပဲ။ "စခန်းရဲ့ ဟိုတစ် ဖက်မှာ "

"ကောင်းပြီ၊ ဒါဆို မင်း ဟယ်ရီ၊ ဟာမီးတို့နဲ့ ကျုပ်တို့အတွက် ရေသွား ခပ်ချေ။ ပြီးတော့ —" မစ္စတာဝယ်စလီက သူတို့ယူလာတဲ့ ရေခရားနဲ့ အသားနှပ်အိုးနှစ်အိုးကို ကမ်းပေးတယ်။ " — ကျုပ်တို့ ကျန်ရစ်တဲ့ လူတွေက ထင်းနည်းနည်း သွားကောက်မယ်။ မီးမွေးဖို့ ပြင်မယ်၊ ကောင်းလား"

"ကျွန်တော်တို့မှာ မီးဖိုရှိတာပဲ" ရွန်က ပြောတယ်။ "ဘာဖြစ်လို့ —"

"ရွန်၊ မတ်ဂေါ်များ အန္တရာယ်ကို သတိပြုကာကွယ်တဲ့ လုံခြုံရေး စည်းကမ်းကို မမေ့နဲ့" မစ္စတာဝယ်စလီက ပြောတယ်။ လက်တည့်စမ်းချင်လွန်း



လို့ သိပ်ကို တက်ကြွနေတယ်။ "မတ်ဂေါ်စစ်စစ်တွေ စခန်းချတဲ့အခါမှာ အိမ် အပြင်ဘက်မှာ မီးဖိုတယ်။ ကျုပ် မြင်ဖူးတယ်"

သူတို့ဟာ မိန်းကလေးတွေရဲ့တဲကို အမြန်ဝင်ကြည့်လိုက်တယ်၊ ယောကျ်ားလေးတွေထက် နည်းနည်းပဲ ငယ်တယ်။ ကြောင်နံ့လဲ မရှိဘူး။ ဒီ နောက် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ခရားအိုးနဲ့ အသားနှပ်အိုးတွေ ယူပြီး စခန်းကို ဖြတ်ထွက်ခဲ့ကြတယ်။

ဒီအချိန်မှာ နေထွက်ရုံ ရှိသေးတယ်၊ နှင်း စကွဲလာပြီ။ အရပ်လေး ဘက်နှာစလုံး ရွက်ထည်တဲတွေချည်း တမျှော်တခေါ်ကြီးပဲ။ သူတို့ဟာ တဲတွေ ကြားက ဖြည်းဖြည်း သွားနေတယ်။ စိတ်ပါဝင်စားစွာ ဟိုဒီကြည့်ကြတယ်။ ဟယ်ရီဟာ ခုမှ ကမ္ဘာပေါ်မှာ မှော်ဆရာ၊ မှော်ဆရာမတွေ ဒီလောက် အများကြီး ရှိမှန်း သိတော့တယ်။ သူအရင်က တခြားနိုင်ငံက မှော်ဆရာတွေကို တစ်ခါမှ မတွေးမိဘူး။

စခန်းထဲက စခန်းချသူတွေ နိုးလာကြပြီ။ အရင်ဆုံး အိပ်ရာထသူတွေ ဟာ ကလေးရှိတဲ့ အိမ်ထောင်တွေ။ ဟယ်ရီဟာ ဒီလောက်ငယ်တဲ့ မှော်ဆရာကို မမြင်ဖူးသေးဘူး။ နှစ်နှစ်ခန့် ကောင်လေးတစ်ယောက်ဟာ ပီးရမစ်ပုံစံ ရွက် ထည်တဲအပြင်မှာ ဆောင့်ကြောင့်ထိုင်နေတယ်။ လက်ထဲမှာ မှော်ကြိမ်လုံးကိုင် ထားတယ်။ မြက်ခင်းပေါ်က ပက်ကျိတစ်ကောင်ကို ပျော်ရွှင်စွာ ထိုးနေတယ်။ ပက်ကျိဟာ တဖြည်းဖြည်း ဝက်အူချောင်းကြီးလောက် ကြီးလာတယ်။ သူတို့ အနားရောက်တော့ ကောင်လေး အမေဟာ ရွက်ထည်တဲထဲက ဂမန်းဂတန်း ထွက်လာတယ်။

"မင်းကို ဘယ်နှစ်ကြိမ်ပြောရမလဲ ကီဗင်၊ မင်း — မင်းအဖေရဲ့ — မှော်ကြိမ်လုံးကို — မထိနဲ့လို့ — အမလေး"

သူမဟာ အဲဒီ ရောမပက်ကျိကြီးကို နင်းမိသွားတယ်။ ပက်ကျိ ထ ပေါက်ကွဲသွားတယ်။ သူတို့ အဝေးကြီး သွားကြပြီးတာတောင် သူမ အော်သံကို ငြိမ်သက်တဲ့ လေထုထဲမှာကြားနေရတယ်။ ကောင်လေးအော်ငိုသံလဲ ပါသေး တယ်။

"— ပိုးကောင်ကို နင်းပစ်တယ်၊ ပိုးကောင် ပေါက်သွားပြီ"

နောက်ထပ် တော်တော်လေး သွားလိုက်ပြီးနောက် မှော်ဆရာမလေး နှစ်ယောက်ကို တွေ့ရတယ်။ အသက်က ကီဗင်နဲ့မကွာဘူး၊ ကစားစရာ မိုးပျံ

www.burmeseclassic.com

www.burmeseclassic.com



ဘဲခြက်စည်းစီးပြီး နိမ့်နိမ့်လေးပျံနေတယ်။ ခြေထောက်တွေဟာ နှင်းစိုနေတဲ့ မြက်ပင်ပေါ် အသာလေး ခတ်သွားတယ်။ ဝန်ကြီးဌာနမှာ အလုပ်လုပ်တဲ့ မော်ဆရာတစ်ယောက်ဟာ ကလေးမတွေကို မြင်သွားတယ်။ သူဟာ ဟယ်ရီ ရွန်နဲ့ ဟာမီးတို့အနား လောလောရောက်လာတယ်။ ပါးစပ်ကလဲ ရေရွတ်နေသေးတယ်။ "နေ့ခင်းကြောင်တောင်ကြီး၊ မိဘတွေ အိပ်ပျော်နေကြတယ် ထင်တယ် ——"

မကြာခဏ အရွယ်ရောက်တဲ့ မော်ဆရာတွေ မိမိတို့တဲထဲက ထွက်လာပြီး နံနက်စောစောစာ ချက်ပြုတ်တာ တွေ့ရတယ်။ တစ်ချို့က ခိုးကြောင်ခိုးဝှက် ကြည့်လိုက်ပြီး မော်ကြိမ်လုံးနဲ့ မီးမွေးလိုက်တယ်။ တစ်ချို့က မီးခြစ်ခြစ်နေတယ်။ သံသယရှိတဲ့မျက်နှာနဲ့ ဒါဟာ လုံးဝအသုံးမကျဘူးလို့ ထင်နေသလိုပဲ။ အာဖရိက မော်ဆရာသုံးယောက်ထိုင်ပြီး ဘာတွေ ပြောဆိုနေမှန်းမသိဘူး။ သူတို့အားလုံး ဝတ်ရုံရှည်အဖြူတွေ ဝတ်ဆင်ထားတယ်။ ခရမ်းရောင် မီးပုံကြီးပေါ်မှာ တောယုန်လိုဟာမျိုး တစ်ကောင်ကို ကင်နေတယ်။ အခြား လူလတ်အရွယ် အမေရိကန် မော်ဆရာတစ်စု ရယ်ရယ်မောမော စကားပြောနေတယ်။ သူတို့ရဲ့တဲကြားမှာ ဆယ်လမ်မော်အကယ်ဒမီကျောင်းဆိုတဲ့ နဖူးစည်း စာတန်းတလက်လက်ကို ချိတ်ဆွဲထားတယ်။ ဟယ်ရီဟာ သူတို့ဖြတ်သွားတဲ့ တဲတွေထဲက ထွက်လာတဲ့ စကားသံသဲ့သဲ့ကို ကြားရတယ်။ ပြောတဲ့စကားတွေဟာ ထူးဆန်းတဲ့ ဘာသာစကား။ သူတစ်လုံးမှ နားမလည်ဘူး။ ဒါပေမယ့် ပြောတဲ့အသံအားလုံး သိပ်တက်ကြွတယ်။

"ဟော —— ငါ့မျက်စိများ ပြဿနာဖြစ်နေလို့လား၊ ဘယ့်နှယ် အားလုံး အစိမ်းတွေချည်း ဖြစ်နေပါလား" ရွန်ကပြောတယ်။

ရွန့် မျက်စိ ဘာပြဿနာမှ မဖြစ်ဘူး။ သူတို့ ဒီနေရာ ရောက်တာနဲ့ ရွက်ထည်တဲ အားလုံး ရှမ်းရော့ခ်စ်ပင်တွေ ထူထဲစွာ ဖုံးအုပ်နေတယ်။ မြေထဲက တိုးထွက်လာတဲ့ မရေမတွက်နိုင်တဲ့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တောင်ဂမူ စိမ်းစိမ်းလေးတွေလိုပဲ။ လိုက်ကာလှန်ထားတဲ့ ရွက်ထည်ထဲမှာ ရယ်မောနေတဲ့ မျက်နှာကို တွေ့ရတယ်။ ဒီအချိန်မှာ ကျောဘက်က သူတို့နာမည်ခေါ်သံ ကြားလိုက်တယ်။

"ဟယ်ရီ၊ ရွန်၊ ဟာမီး"

လက်စသတ်တော့ စီးမတ် - ဖင်နစ်ဂင် ဖြစ်နေတယ်။ သူဟာ သူတို့ရဲ့



ဂရစ်ဖင်းဒေါဟောက်စ်ကျောင်းက စတုတ္ထနှစ် ကျောင်းနေဘက်။ သူဟာ မိမိဘို့ရဲ့ ရှမ်းရော့ခ်စ်ပင် ဖုံးလွှမ်းနေတဲ့ ရွက်ထည်တဲရှေ့မှာ ထိုင်နေတယ်။ ဘေးမှာ အဝါဖျော့ဖျော့ဆံပင်နဲ့ မိန်းမတစ်ယောက်ရှိတယ်။ အဲဒါ သူ့အမေပဲ ဖြစ်လိမ့်မယ်။ သူ့အချစ်ဆုံး သူငယ်ချင်း ဒင်း-သောမတ်စ်လဲ ရှိတယ်။ သူလဲ ဂရစ်ဖင်းဒေါဟောက်စ်က ကျောင်းသားပဲ။

"ဒီ အလှဆင်ထားတာတွေ ကြိုက်လား" စီးမတ်စ်က ပြုံးရယ်စွာ မေးတယ်။ "ဝန်ကြီးဌာနကတော့ သိပ်မကြိုက်ဘူး"

"အား၊ ဘာဖြစ်လို့ တို့အရောင်ကို မဖော်ပြရမှာလဲ" မစ္စစ်ဖင်နစ်ဂင်က ပြောတယ်။ "မင်းတို့ သွားကြည့်သင့်တယ်။ ဘူဂေးရီးယားတွေဟာ သူတို့ရွက်ထည်တဲတွေမှာ ပြည့်နေအောင် ချိတ်ဆွဲထားတာ။ မင်းတို့က အိုင်ယာလန်အသင်းကို အားပေးမှာပေါ့၊ ဟုတ်လား" သူမကမေးတယ်။ မျက်စိက ဟယ်ရီ ရွန်နဲ့ဟာမီးကို စိုက်ကြည့်နေတယ်။ သူတို့က သူမကို တကယ်ပဲ အိုက်ယာလန်အသင်းကို အားပေးမှာပါလို့ ကတိပေးပြီး ဆက်ထွက်ခဲ့ကြတယ်။ ရွန်က ရေရွတ်တယ်။ "ဒီလို လေထုထဲမှာ တို့ဘာများ ပြောနိုင်ဦးမှာလဲ"

"ဘူဂေးရီးယားတွေ သူတို့ ရွက်ထည်တဲပေါ်မှာ ဘာတွေ ပြည့်နှက်အောင် ချိတ်ဆွဲထားတယ်ဆိုတာ ငါသိချင်လိုက်တာ" ဟာမီးက ပြောတယ်။

"ငါတို့ သွားကြည့်ရအောင်" ဟယ်ရီက ရှေ့ဘက်တဲအုပ်ကြီးကို သက်ညှိုးထိုးပြပြီး ပြောတယ်။ အဲဒီမှာ ဘူဂေးရီးယားအလံရှိတယ် —— အဖြူ အစိမ်း၊ အနီကျား —— လေပြေမှာ လွင့်နေတယ်။

အဲဒီမှာရှိတဲ့ ရွက်ထည်တဲတွေပေါ်မှာ ဘာပင်မှ ဖုံးလွှမ်းမနေဘူး၊ ဒါပေမယ့် တဲတိုင်းမှာ ပိုစတာတစ်မျိုးတည်းချည်း ကပ်ထားတယ်။ ပိုစတာက အလွန်သုန်မှုန်ပြီး မျက်ခုံးမွေး ထူထူမည်းမည်းနဲ့မျက်နှာ။ ဒါပေါ့လေ၊ အရုပ်ကားဟာ လှုပ်ရှားနေတယ်။ ဒါပေမယ့် အဲဒီ မျက်နှာကတော့ မျက်တောင်ခတ်တာနဲ့ နှက်မှောင်ကြုတ်တာပဲ လုပ်တယ်။

"ခရွန်းမ်" ရွန်က တိုးတိုးပြောတယ်။

"ဘာ?" ဟာမီးက မေးတယ်။

"ခရွန်းမ်" ရွန်က ပြောတယ်။ ဗစ်ခတာ - ခရွန်းမ်၊ ဘူဂေးရီးယား ရှာပမ်းသမား"

"သူ့ ရုပ်ပုံက သိပ်သုန်မှုန်လွန်းတယ်" ဟာမီးက ပြောရင်း ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ဘုင်နဲ့ ခရွမ်းမ်ပေါင်းများစွာ သူတို့ကို မျက်စိမှိတ်ပြ၊ မျက်မှောင်ကြုတ်ပြတာကို ကြည့်နေတယ်။

"သိပ် သုန်မှုန်လွန်းတယ်၊ ဟုတ်လား" ရွန်က မျက်ဖြူလန်ပြတယ်။ "သူ့ပုံပန်းကို ဘယ်သူက အရေးထားမှာလဲ။ သူဟာ မယုံနိုင်စရာပဲ။ သူ သိပ်လဲ ငယ်ရွယ်တယ်။ အသက် ၁၈ နှစ်ခန့်သာရှိသေးတယ်။ သူဟာ ပါရမီရှင်။ ဒီည စောင့်ကြည့်၊ တွေ့ရလိမ့်မယ်"

စခန်းတစ်ဒေါင့်ရှိ ရေဘုံဘိုင်ဘေးမှာ အတန်းကလေးတစ်ခု စီထားနှင့်ပြီ။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးလဲ ဝင်စီတယ်။ သူတို့ရှေ့မှာရပ်နေတဲ့ ယောက်ျား လေးနှစ်ယောက် တစ်ခုခုကို ငြင်းခုံနေတယ်။ တစ်ယောက်က အလွန်အိုမင်းနေပြီ။ ပန်းပါတဲ့ ညဝတ်အင်္ကျီရှည်ကို ဝတ်ဆင်ထားတယ်။ ကျန်တစ်ယောက်ကတော့ ဝန်ကြီးဌာနမှာ အလုပ်လုပ်တဲ့ မှော်ဆရာမှန်း သိသာတယ်။ လက်ထဲမှာ အစင်းစိပ်စိပ် ဘောင်းဘီ တစ်ထည် ကိုင်ထားပြီး ဒေါသကြောင့် ငိုတော့မလို ဖြစ်နေတယ်။

"ခင်ဗျား ကျေးဇူးပြုပြီး ဒါကို ဝတ်လိုက်စမ်းပါ၊ အာချီ။ ခင်ဗျား ဒီလို အင်္ကျီမျိုးဝတ်ပြီး လျှောက်သွားနေလို့ မဖြစ်ဖူး။ မုခ်ဝက ဟိုမတ်ဂေါ်က သံသယ ဖြစ်နေပြီ —"

"ကျုပ် ဝတ်တဲ့ ဘောင်းဘီက မတ်ဂေါ်ကုန်ဆိုင်တစ်ဆိုင်က ဝယ်ခဲ့တာ" အဲဒီမှော်ဆရာအိုကြီးက ခေါင်းမာစွာ ပြောတယ်။ "မတ်ဂေါ်တွေလဲ ဝတ်တယ်"

"မတ်ဂေါ်မိန်းမတွေဝတ်တာ၊ အာချီ။ ယောက်ျားတွေ မဝတ်ဖူး၊ ယောက်ျားတွေက ဒါဝတ်တာ" ဝန်ကြီးဌာနမှာ အလုပ်လုပ်တဲ့ မှော်ဆရာက ပြောတယ်။ လက်ကလဲ အစင်းစိပ်စိပ်ဘောင်းဘီကို ယမ်းပြနေတယ်။

"ကျုပ် ဝတ်ကို မဝတ်ဘူး" အာချီ အဖိုးကြီးက ဒေါနဲ့ ပြောတယ်၊ "ကျန်းမာရေးအတွက် အကျိုးရှိတဲ့လေပြေလေး ကျုပ်ဖင်ကို တိုက်စေချင်တယ်၊ ကျေးဇူးတင်ပါတယ်"

ဟာမီးက ဒီစကားကြားပြီး တအား ရယ်လိုက်ချင်တယ်။ သူမ မအောင့်နိုင်လို့ ခါးကွေးပြီး တန်းစီရာက ထွက်ပြေးသွားတယ်။ အာချီ ရေပြည့်အောင်ခံပြီး ထွက်သွားမှ သူမ ပြန်လာတယ်။

သူတို့ဟာ စခန်းကို ဖြတ်ပြီး ပြန်ခဲ့တယ်။ ရေဆွဲလာရလို့ လျှောက်တာ



အလွန်နှေးသွားတယ်။ ရောက်လေရာရာမှာ ရင်းနှီးပြီးသား မျက်နှာတွေကို မြင်ရတယ်။ အဲဒါ ဟော့ဂ်ဝပ်က ကျောင်းသားတွေနဲ့ ၎င်းတို့ရဲ့အိမ်သားတွေပဲ၊ အော်လီဗာ-ဝုဒ်ဟာ ဟယ်ရီနေတဲ့ ဟောက်စ်ကျောင်းက ခွဲဒစ်အသင်းရဲ့ ယခင်အသင်းခေါင်းဆောင်။ ဟော့ဂ်ဝပ်က မကြာခင်ကမှ ကျောင်းပြီးသွားတယ်၊ သူက ဟယ်ရီကို သူ့မိဘရဲ့ တဲထဲ ဆွဲခေါ်သွားပြီး မိတ်ဆက်ပေးတယ်။ ပြီးတော့ ဘယ်ရီ့ကို သူမကြာခင်ကပဲ ဖတ်ဒေါမီးအာ ယူနိုက်တက်အသင်း အရန်ဘောသမားအဖြစ် စာချုပ် ချုပ်လိုက်တယ်လို့ တက်ကြွစွာ ပြောပြတယ်။ ဒီနောက် ဘော့ဖ်ဖတ်က စတုတ္ထတန်းကျောင်းသား အာနီ-မက်မီလန် သူတို့ကို နှုတ်ဆက်တယ်။ နောက်အနည်းငယ် သွားလိုက်တော့ သူတို့ ချို-ချမ်းကို တွေ့ရတယ်၊ သူမဟာ အလွန်လှတဲ့ မိန်းကလေးဖြစ်ပြီး ရေဗင်ခလောအသင်းက ရှာဖမ်းသမားဖြစ်တယ်။ သူမဟာ ဟယ်ရီ့ကို လက်ယမ်းပြ ပြုံးပြတယ်။ ဟယ်ရီကလဲ သူမကို ပြန်လက်ယမ်းနှုတ်ဆက်တဲ့အခါမှာ သူ့ရှေ့တွင် ရေအများကြီး ဖိတ်ကျသွားတယ်။ ရွန် ကဲ့ရဲ့မှာစိုးလို့ ဟယ်ရီဟာ သူမမြင်ဖူးတဲ့ ဆယ်ကျော်သက်လူငယ်လေးတစ်အုပ်ကို ကမန်းကတန်း လက်ညှိုးထိုးပြတယ်။

"သူတို့ ဘယ်သူတွေလဲ" ဟယ်ရီက မေးတယ်။ "သူတို့ ဟော့ဂ်ဝပ်ကျောင်းမှာ မနေဘူးထင်တယ်နော်"

"သူတို့က ဟိုနိုင်ငံခြားကျောင်းမှာ နေတယ်ထင်တယ်" ရွန်က ပြောတယ်။ "တခြားကျောင်းတွေရှိတာ ငါသိတယ်။ ဒါပေမယ့် အဲဒီကျောင်းက သူတွေနဲ့ မသိဘူး။ ဘီးမှာ အရင်က စာပေးစာယူ မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဘရာဇီးမှာ ကျောင်းနေတယ် --- အဲဒါ ဟိုးအရင်နှစ်ပေါင်းများစွာက ကိစ္စ-- – သူက အပြန်အလှန် အလည်သွားချင်တာ။ ဒါပေမယ့် အဖေအမေတို့က ဒီလောက် ငွေမထုတ်နိုင်ဘူး။ သူက သူမသွားနိုင်ကြောင်း ပြောပြတော့ အဲဒီစာပေးစာယူ မိတ်ဆွေက သိပ် စိတ်ဆိုးသွားပြီး သူ့ကို ကျိန်စာချထားတဲ့ ဦးထုပ်တစ်လုံး ပို့လိုက်တယ်။ ဒါကြောင့် သူ့နားရွက်နှစ်ဖက်စလုံး တွန့်ကုန်တာပဲ"

ဟယ်ရီက ရယ်တယ်။ ဒါပေမယ့် သူ တခြားမှော်ကျောင်းတွေ ရှိတာ ကြားရလို့ သိပ်အံ့ဩသွားတဲ့အကြောင်း မပြောဘူး။ အခု စခန်းအတွင်း လူမျိုးပေါင်းစုံ ကိုယ်စားလှယ် အများကြီး တွေ့ရတော့ မိမိအရင်က သိပ်အသိတယ်၊ ဟော့ဂ်ဝပ်ဟာ တစ်ခုတည်းသော မှော်ကျောင်းမဟုတ်ဘူးဆိုတာ နားမလည်ခဲ့ဘူး။ သူက ဟာမီးကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ သူမဟာ ဒီသတင်း

www.burmeseclassic.com



ပြောဆိုပြီးနောက် ဘာမှ မဖြစ်သလိုပဲ။ သူမဟာ စာအုပ်တို့ တခြားနေရာတို့က ခန်း မှော်ကျောင်းတွေအကြောင်း သိပြီးပြီ ထင်တယ်။

"မင်းတို့ သွားတာ ကြာလှချည့်လား" သူတို့ နောက်ဆုံး ဝယ်စလီတို့တဲ ပြန်ရောက်တော့ ဂျော့က အပြစ်တင်တယ်။

"အသိတွေနဲ့တွေ့လို့" ရွန်က ပြောရင်း ရေခရားကို အောက်ချလိုက် တယ်။ "မင်းတို့ မီးမမွေးရသေးဘူးလား"

"အဖေက မီးခြစ် ဆော့နေတယ်" ဖရက်က ပြောတယ်။

မစ္စတာဝယ်စလီ မီးမွေးတာ နည်းနည်းမှ မီးစွဲပုံမပေါ်ဘူး။ သူ မကြိုး စားလို့ မဟုတ်ဘူး။ သူ့ပတ်လည်မှာ မီးခြစ်ဆံတွေ တစ်ပုံကြီးကျနေတယ်။ သူ့ ကြည့်ရတာ နည်းနည်းမှ ပျော်ပုံမရဘူး။

"အမလေး" သူ မီးခြစ်ဆံတစ်ဆံ ခြစ်လို့ရသွားပြီ။ လန့်အော်တယ်။ ဆတ်ခနဲ လွှင့်ပစ်လိုက်တယ်။

"ဒီလိုလုပ်၊ မစ္စတာဝယ်စလီ" ဟာမီးက ကြင်နာစွာ ပြောတယ်။ သူ့ လက်ထဲက မီးခြစ်ကို ယူပြီး သူ့ကို နမူနာပြတယ်။

သူတို့ဟာ မီးမွေးလို့ ရသွားပြီ။ ဒါပေမယ့် အနည်းဆုံး တစ်နာရီ ကြာသွားတော့မှ မီးတောက်ကောင်းလာပြီး ထမင်းချက်လို့ ရတော့တယ်။ ဒါပေမယ့် သူတို့စောင့်ဆိုင်းရတာ ပျင်းခြောက်ခြောက် မဟုတ်ဘူး။ ကြည့်စရာ တွေ အများကြီးပဲ။ သူတို့ရွက်ထည်တဲဟာ ပြိုင်ကွင်းဆီသွားတဲ့ လမ်းမကြီးဘေး မှာလိုပဲ။ ဝန်ကြီးဌာနက အရာရှိတွေဟာ လမ်းပေါ်မှာ သွားလိုက်ပြန်လိုက် လုပ်နေတာပဲ။ ဖြတ်သွားတိုင်းလဲ မစ္စတာ ဝယ်စလီကို လှိုက်လှဲစွာ နှုတ်ဆက် ကြကယ်။ မစ္စတာဝယ်စလီက မနားတမ်း မိတ်ဆက်ပေးနေတယ်။ အဲဒါ အဓိက အားဖြင့် ဟယ်ရီနဲ့ ဟာမီးအတွက်။ သူ့ကလေးတွေကတော့ ဝန်ကြီးဌာနက လူတွေနဲ့ သိပ်ရင်းနှီးနေပြီမို့ သိပ်စိတ်မဝင်စားကြတော့ဘူး။

"အဲဒါ ကသ်ဘတ်- မော့်ခ်ရစ်၊ သရဲမှင်စာ ဆက်သွယ်ရေးရုံး အကြီးအ ကဲ ဖြစ်တယ် . . . . လာနေတဲ့သူက ဂီးဘတ် - ဝင်စ်ဖော်။ သူက ဂါထာစမ်း သပ်ရေး ကော်မတီမှာလုပ်တယ်။ သူ့ခေါင်းပေါ်က ဂျိုတွေဟာ ပေါက်လာတာ ကာလတစ်ခု ရှိသွားပြီ ---- မင်္ဂလာပါ၊ အာနီ၊ အာနိုး-ပီးစရွတ်ကတော့ မေ့ ပျောက်စေခြင်းကို ဆောင်ရွက်သူ . . . . ရှောင်တခင် အရေးကိစ္စ ပြန်လည် တည့်မတ်တဲ့ အဖွဲ့ဝင် ----ဟိုဟာက ဘိုဒ်နဲ့ ခရိုကာ . . . . သူတို့အလုပ်ကို



ပြောလို့ မဖြစ်ဘူး ---"

"သူတို့က ဘာလုပ်တာလဲ"

"လျှို့ဝှက်ဆန်းကြယ်တဲ့အရာများ ဌာနခွဲက၊ ထိပ်တန်းလျှို့ဝှက်၊ သူတို့ ဘာလုပ်နေမှန်း မသိဘူး . . . ."

နောက်ဆုံး မီးတောက်ပြင်းလာတယ်။ သူတို့စပြီး ကြက်ဥကြော်၊ ဝက် အူချောင်း ပြုတ်နေစဉ်မှာပဲ ဘီး၊ ချာလီနဲ့ ဖတ်စီတို့ တောအုပ်ထဲကနေ သူတို့ဆီ ခြေလှမ်းကျဲကျဲ လျှောက်လာကြပြီ။

"ခုတင်ပဲ ရုပ်ရွှေ့ပြောင်းလာခဲ့တာ၊ အဖေ" ဖတ်စီက အကျယ်ကြီး ပြောတယ်။ "အား၊ တယ်ကောင်းပါလား၊ အစားကောင်းတွေရှိတယ်"

သူတို့ဟာ ကြက်ဥနဲ့ ဝက်အူချောင်းတွေကို မြိန်ရေယှက်ရေ စားနေကြ တယ်၊ စားနေတုန်း ရှိသေးတယ်။ မစ္စတာဝယ်စလီ ရုတ်တရက်ခုန်ထပြီး ခြေ လှမ်းကျဲကျဲ လျှောက်လာတဲ့ ယောကျ်ားတစ်ယောက်ကို ရယ်ပြီး လက်ယမ်း ပြတယ်။ "ဟား ဟား" သူကပြောတယ်။ "လက်ရှိ အရေးအကြီးဆုံး လူ၊ လူဒို"

လူဒို-ဘက်ဂမင်းဟာ ဟယ်ရီမြင်ဖူးတဲ့လူထဲက လူတွေသတိပြုမိဖို့ အကောင်းဆုံးလူ ဖြစ်တယ်ဆိုတာ ထင်ရှားတယ်။ ပန်းရိုက် ညဝတ်အင်္ကျီ ဝတ် ဆင်တဲ့ အဖိုးကြီး အာချီကတောင် သူ့ကို မမီဘူး။ လူဒိုဟာ အဝါအနက်ကျား ချင်းကြီး ကြီးကြီးတွေနဲ့ ခွေဒစ်ဘောလုံးဝတ်ရုံ ရှည်ရှည် ဝတ်ထားတယ်။ ရင် ဘတ်ပေါ်မှာ မင်နဲ့ပက်ထားသလို ပျားနကျယ်ကောင် အကြီးကြီး ရိုက်နှိပ် ထားတယ်။ ကြည့်ရတာ သူဟာ အစက ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်တယ်။ အခုတော့ ကျဆင်းနေပုံရတယ်။ ဝတ်ရုံရှည်ဟာ ဗိုက်ကြီးပေါ်မှာ တင်းကြပ် နေတယ်။ ထိုစဉ်က အင်္ဂလန်နိုင်ငံအစား ခွေဒစ်ဝင်ပြိုင်တုန်းက သူ့ဗိုက် ခုလို ရှိမယ်မထင်ဘူး။ သူ့နှာခေါင်းက ပြားကပ်ကပ် (ဟယ်ရီက ဘလဒ်ဂါ တိုက် လို့ သူ့နှာရိုး ကျိုးသွားတာ ဖြစ်မယ်လို့ တွေးတယ်)။ ဒါပေမယ့် ဝိုင်းရဲ့မျက် လုံးပြာဝိုင်းဝိုင်း၊ ရွှေဝါရောင် ဆံပင်တိုတို၊ ပြီးတော့ နှင်းဆီရောင်သန်းတဲ့ မျက် နှာက ဝိုင်းကို အလွန် အကောင်းကြီးတဲ့ကျောင်းသားလို့ ထင်ရလောက်တယ်။

"ဟေး ဟိုမှာ" ဘက်ဂမင်းဟာ ဝမ်းသာစွာ အော်ပြောတယ်။ သူ့ ဖိနပ်တွေ ခုန်ဆွနဲ့ သွားနေတယ်။ ခြေထောက်အောက်မှာ စပရင် တပ်ထားသလိုပဲ၊ သူဟာ အလွန့်အလွန် စိတ်လှုပ်ရှားတဲ့ အနေအထားမှာ ရှိနေတယ်။

"အာသာ၊ ရောင်းရင်းကြီး" သူဟာ မီးပုံဘေးရောက်လာတယ်။ ဟော

www.burmeseclassic.com

www.burmeseclassic.com



ဲ့ဘဲ ဟောဟဲနဲ့ ပြောတယ်။ "ရာသီဥတုက သိပ်ကောင်းတာပဲနော်။ ကောင်း လိုက်တဲ့ ရာသီဥတု။ ဒီလိုနေ့မျိုး ဘယ်သွားရှာလို့ရမှာလဲ။ ဒီည တိမ်မရှိမှာ သေချာတယ်. . . . ပြင်ဆင်မှု လုပ်ငန်းတစ်ခုလုံး အစီအစဉ်တကျပဲ. . . . ကျုပ် လုပ်စရာအလုပ် မရှိဘူး"

သူ့ကျောဘက်မှာ မျက်နှာ ညှိုးနွမ်းတဲ့ မှော်ဝန်ကြီးဌာန အရာရှိတစ်ဦး ကသောကမျော ပြေးသွားတယ်။ အဝေးက အခြင်းအရာ ကြည့်ရတာ မှော်မီး ကစားနေသူ ရှိသလိုပဲ။ ခရမ်းရောင်မီးပန်းတွေ ပေနှစ်ဆယ်ကျော် တက်လာ နေတယ်။

ဖတ်စီဟာ ရှေ့သို့ အမြန်တိုးသွားပြီး လက်ဆန့်ထုတ်လိုက်တယ်။ သူဟာ လူဒို - ဘက်ဂမင်း မိမိဌာနကို အုပ်ချုပ်တဲ့ နည်းနာကို ဟုတ်တယ် မထင်ပေမယ့် မိမိပေါ် ခံစားမှုကောင်းအောင် လုပ်ဖို့ကိုတော့ အတားအဆီး မဖြစ်တာ ပေါ်လွင်နေတယ်။

"အား —— ဟုတ်ပြီ"

မစ္စတာဝယ်စလီက ရယ်ပြီးပြောတယ်။

"ဒါက ကျွန်တော့်သား ဖတ်စီ။ မကြာခင်ကမှ မှော်ဝန်ကြီးဌာနမှာ အလုပ်ဝင်တယ် -- ဒါက ဖရက် -- မဟုတ်ဘူး၊ ဂျော့၊ ဆောရီး —— ဟိုဟာက ဖရက် —— ဘီး၊ ချာလီ၊ ရွန် —— ကျွန်တော့်သမီး ဂျင်နီ၊ ဒါက ရွန့် သူငယ်ချင်း ဟာမီး- ဂရန်ဂျာနဲ့ ဟယ်ရီ-ပေါ်တာ"

ဟယ်ရီ့နာမည်ကြားရတော့ ဘက်ဂမင်းဟာ အနည်းငယ် အံ့ဩသွား ပုံ ပေါ်တယ်။ သူ့ မျက်လုံးဟာ ဟယ်ရီ့ နဖူးပေါ်က ဒဏ်ရာဆီကို ချက်ချင်း ရောက်သွားတယ်။ ဟယ်ရီဟာ ဒါမျိုးကို ရိုးနေပြီ။

"ကျုပ် အားလုံးကို မိတ်ဆက်ပေးမယ်" မစ္စတာဝယ်စလီက ဆက်ပြော တယ်။ "ဒါက လူဒို - ဘက်ဂမင်း။ သူ ဘယ်သူဆိုတာ မင်းတို့ သိပါတယ်။ သူ ကူညီလို့ သာပေါ့။ ဒီလောက်ကောင်းတဲ့ လက်မှတ်ရတာ ——"

ဘက်ဂမင်းဟာ ပြုံးရယ်ပြီး လက်ယမ်းလိုက်တယ်။ ဒါ ဘာမှမဟုတ် ပါဘူးလို့ ပြောသလိုပဲ။

"ပြိုင်ပွဲကို လောင်းချင်လား၊ အာသာ"

သူက လောလောမေးတယ်။ ဝါနက် ဝတ်ရုံရှည်ရဲ့ အိတ်ကပ်ကို တချွင်ချွင် မြည်သွားစေတယ်။ အထဲမှာ ရွှေဒင်္ဂါး မနည်းရှိပုံရတယ်။ "ကျုပ်



ရော့ဒီ-ဖွန်ထနာကို ကျုပ်နဲ့လောင်းဖို့ နားချပြီးပြီ။ သူက ဘူဂေးရီးယားက ဂိုးပေးမယ်လို့ ပြောတယ် —— ကျုပ် သူ့ကို အဆများများ ပေးထား တယ်။ ဘာလို့လဲဆိုတော့ အိုက်ယာလန် နံပတ် ၃၊ ရှေ့တန်းလူဟာ ကျုပ် မြင်နှစ်တွေမှာ မြင်တွေ့ရတဲ့ အကောင်းဆုံးလို့ တွက်ထားတယ်။ အာဂတာ- ဘင်းမ်စ်ကလေးဟာ သူမ, ပိုင်တဲ့ ငါးရှဉ့်လယ်တော ရှယ်ယာ တစ်ဝက်လုံးလုံး လောင်းထားတယ်။ ပြိုင်ပွဲ တစ်ပတ်ကြာမယ်လို့ လောင်းတယ်"

"အိုး . . . . လုပ်လိုက်၊ အခု" မစ္စတာဝယ်စလီက ပြောတယ်။ "ကျုပ် ကြည့်ဦးမယ်. . . . ကျုပ် ဂါလုံးတစ်ခုနဲ့ အိုက်ယာလန် နိုင်မယ့်ဘက်က လောင်း မယ်၊ ရမလား"

"ဂါလုံး တစ်ခု?" လူဒို-ဘက်ဂမင်းဟာ နည်းနည်း စိတ်ပျက်သလိုပဲ။ ဒါပေမယ့် ချက်ချင်းပဲ ပြန်လည် စိတ်ဝင်စားသွားတယ်။ "သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ် . . . . ဘယ်သူ လောင်းဦးမလဲ"

"သူတို့ ငယ်သေးတယ်၊ လောင်းလို့ မဖြစ်ဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ "မော်လီကြိုက်မှာ မဟုတ်ဘူး. . . ."

"ကျွန်တော် ၃၇ ဂါလုံး၊ ၁၅ စစ်ခို၊ ၃ နတ် ထိုးမယ်" ဖရက်က ပြောတယ်။ သူနဲ့ဂျော့ဟာ သူတို့ပိုက်ဆံကို အလျင်အမြန် နှိုက်ထုတ်လိုက်တယ်။ "အိုက်ယာလန် အနိုင်ဘက်က လောင်းမယ် —— ဒါပေမယ့် ဗစ်ခတာ- ခရွန်းမ် ရွှေဘောလုံးပျံလေးကို မိမယ်။ အော၊ ကျွန်တော်တို့ မှော်ကြိမ်လုံးအတု တစ် ချောင်းလဲ ထည့်လောင်းမယ်"

"မင်းတို့က အဲဒီအမှိုက်သရိုက်တွေကို မစ္စတာ ဘက်ဂမင်း ပြမလို့ အား--" ဖတ်စီက အသံနှိမ့်ပြီး ပြောတယ်။ ဒါပေမယ့် မစ္စတာ ဘက်ဂမင်းဟာ မှော်ကြိမ်လုံး အတုကို အမှိုက်လို့ လုံးဝ မထင်ဘူး။ သူဟာ ဖရက်လက်ထဲကနေ မှော်ကြိမ်လုံးကို ယူလိုက်တော့ မှော်ကြိမ်လုံးက အကျယ်ကြီး ထအော်ပြီး ရာဘာ ကြက်ကလေးတစ်ကောင် ဖြစ်သွားတယ်။ မစ္စတာဘက်ဂမင်းဟာ တဟားဟား ရယ်ပြီး ကလေးဆန်တဲ့ မျက်နှာဟာ သိပ်စိတ်လှုပ်ရှားပုံ ပေါ်နေတယ်။

"သိပ်ကောင်းတာပဲ။ ကျုပ်ဒီလောက် ရေလည်တဲ့ပစ္စည်း မတွေ့ရတာ များအတော်ကြာပြီ။ ကျုပ် ငါးဂါလုံးနဲ့ ဝယ်မယ်"

ဖတ်စီဟာ အံ့လဲအံ့ဩ၊ မကျေလဲမကျေနပ် ဖြစ်ပြီး ငိုင်သွားတယ်၊

"ကလေးတွေ" မစ္စတာဝယ်စလီက အသံနှိမ့်ပြောတယ်။ "မင်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းစေချင်ဘူး . . . . ဒါ မင်းတို့ စုထားတဲ့ ငွေအားလုံးပဲ . . . . မင်းတို့ အမေ . . . ."

"ပွဲမဖျက်နဲ့၊ အာသာ" လူဒို - ဘက်ဂမင်းက အသံသြသြကြီးနဲ့ ပြော တယ်၊ အိတ်ကပ်ထဲက ပိုက်ဆံတွေကိုလဲ တချွင်ချွင် မြည်အောင်လုပ်နေတယ်။ "သူတို့ ကြီးလာပြီ။ ကိုယ်လိုချင်တာ သိတယ်။ မင်းတို့က အိုက်ယာလန် နိုင်မယ် ထင်ဘယ်၊ ဒါပေမယ့် ခရွန်းမ်က ရွှေဘောလုံးပျံလေးကို ဖမ်းမိမယ် ထင်တယ်? မဖြစ်နိုင်ဘူး၊ ကလေးတို့၊ မဖြစ်နိုင်ဘူး . . . . ကျုပ် မင်းတို့ကို အဆ အများကြီး ပေးမယ် . . . . ဟို ရယ်စရာ မှော်ကြိမ်လုံးကရတဲ့ ငါးဂါလုံးလဲ ထည့်။ ဒါဆို ကျုပ်တို့ ဒီလို. . . ."

လူဒို- ဘက်ဂမင်းဟာ မှတ်စုစာအုပ်နဲ့ ငှက်မွေးကလောင်ကို အလျင် အမြန် ဆွဲထုတ်ပြီး အမြွှာညီနောင်နာမည်ကို ခပ်သော့သော့ ရေးချလိုက်တယ်။ မစ္စတာ ဝယ်စလီဟာ မတတ်သာဘဲ ကြည့်နေရတယ်။

"ရပြီ" ဂျော့ဟာ ဘက်ဂမင်း ကမ်းပေးတဲ့ သိုးရေစက္ကူချပ်ကလေးကို ယူပြီး ဝတ်ရုံရှည်ရင်ဘတ်ထဲ ထိုးထည့်လိုက်တယ်။ ဘက်ဂမင်းဟာ မျက်စ မျက်နတွေနဲ့ မစ္စတာဝယ်စလီဘက် လှည့်လိုက်တယ်။

"ခင်ဗျား ကျုပ်ကို တစ်ခု ကူညီနိုင်မလား။ ကျုပ် ဘာထီ- ခရောက်ချ် ကို ရှာနေတာ။ ဘူဂေးရီးယားက ကျုပ်နဲ့အဆင့်တူ အရာရှိက ကျုပ်တို့ကို အပြစ်ရှာနေတယ်။ ဒါပေမယ့် သူပြောတဲ့စကားကို ကျုပ်တစ်လုံးမှ နားမလည် ဘူး။ ဒီပြဿနာကို ဘာထီ ဖြေရှင်းလိမ့်မယ်၊ သူ ဘာသာစကားအမျိုးပေါင်း ၁၅၀ လောက် ပြောတတ်တယ်"

"မစ္စတာခရောက်ချ်?" ဖတ်စီက ပြောတယ်။ သူဟာ ခုနက ဘက် ဂမင်းကို မကျေနပ်လို့ ငိုင်နေတာ မာတ်တိုင်တစ်တိုင်လိုပဲ။ အခုတော့ စိတ်ခေတ် တက်ကြွလာပြီး တစ်ကိုယ်လုံး ရွှစိနေတယ်။ "သူ ဘာသာစကား နှစ်ရာကျော် ပြောနိုင်တယ်ခင်ဗျာ။ ရေသူမစကား၊ ကြက်ဆင်စကား၊ ဘီလူးစကား . . . ."

"ဘီလူးစကား လူတိုင်းပြောတတ်တယ်" ဖရက်က အလကားပါဆိုတဲ့ သဘောနဲ့ ပြောတယ်။ "မင်း ရင်းကို လက်ညှိုးထိုးပြီး တဂူးဂူး လုပ်လိုက်ရုံပဲ"

ဖတ်စီဟာ ဖရက်ကို မျက်စောင်းပြင်းပြင်း ထိုးလိုက်ပြီး မီးပုံကို တအား ဆွနေတယ်။ ခရားထဲကရေ ပွက်လာတယ်။

"ဘာသာ- ဂျော်ကင်စ် သတင်း မရသေးဘူးလား၊ လူဒို" မစ္စတာ



ယ်စလီဟာ ဘက်ဂမင်း သူ့ဘေးက မြက်ခင်းပေါ် ထိုင်ချလိုက်တော့ မေးလိုက် တယ်။

"အရိပ်တောင် မတွေ့ဘူး" ဘက်ဂမင်းက သက်သောင့်သက်သာ ပြောတယ်။ "ဒါပေမယ့် စိတ်ချ၊ သူမ ပေါ်လာမှာပါ။ သနားစရာဘာသာကြီး . . . . သူမရဲ့မှတ်ဉာဏ်ဟာ ဆေးကျိုအိုးပေါက်လိုပဲ၊ ဦးတည်ချက် ခံစားမှု အ နည်းတယ်။ လမ်းမှားနေတာ ဖြစ်မယ်။ ယုံချင်ယုံ မယုံချင်နေ။ အောက်တို ဘာလရဲ့ တစ်ချိန်ချိန်မှာ သူမဟာ ရုံးခန်းကို မျက်စိလည် ရောက်လာမှာပါ။ ဇူလိုင်လပဲ ရှိသေးတယ်လို့ သူမ ထင်နေမှာ"

"ခင်ဗျား လူလွှတ် မရှာဘူးလား" မစ္စတာဝယ်စလီဟာ စမ်းပြီး အကြံ ပေးကြည့်တယ်။ ဒီအချိန်မှာ ဖတ်စီက ဘက်ဂမင်းကို လက်ဖက်ရည်တစ်ခွက် ကမ်းပေးတယ်။

"ဘာထီ-ခရောက်ချ်ကတော့ ဒီလိုပဲ ပြောနေတယ်" ဘက်ဂမင်းက ပြောတယ်။ မျက်လုံးဝိုင်းဝိုင်းကို အကျယ်ကြီး ပြူးထားတယ်။ ကလေးလို အမူ အရာ ပေါ်နေတယ်။ "ဒါပေမယ့် လက်ရှိအချိန်မှာ လွှတ်ဖို့လူ ရှိကို မရှိတာ။ ဘာ ပြောနေတုန်း သူလာပါပြီတဲ့။ ဘာထီ"

မှော်ဆရာတစ်ယောက်ဟာ ရုတ်တရက် သူတို့မီးပုံဘေး ရုပ်ပေါ်လာ တယ်။ သူဟာ ပျားနကျယ်အသင်း ဝတ်ရုံရှည်ဟောင်းဝတ်ပြီး မြက်ခင်းပေါ် ထိုင်နေတဲ့ လူဒို- ဘက်ဂမင်းနဲ့ ယှဉ်လိုက်ရင် အလွန်ပြောင်းပြန် ဖြစ် နေတယ်။ ဘာထီ- ခရောက်ချ်ဟာ အသက်ငါးဆယ်အရွယ် ယောက်ျား။ ခါးမတ် ဲ့နဲ့ လှုပ်ရှားမှုက မာကျောတယ်။ သန့်ရှင်းစင်ကြယ်တဲ့ အနောက်ဝတ်စုံ တောင့် တောင့် ဝတ်ထားတယ်။ လည်စည်းနက်တိုင် စည်းထားတယ်။ ဆံပင်နက်နက်တို ကို သပ်ရပ်နေအောင် ဖြီးထားတယ်။ အလယ်က ခွဲကြောင်းဟာ ဖြောင့်လွန်းလို့ ဘာဝမကျဖြစ်နေတယ်။ သွားပွတ်တံလို ကျဉ်းမြောင်းတဲ့ နှုတ်ခမ်းမွေးဟာ ဘာနဲ့ တိုင်းဖြတ်ထားသလိုပဲ။ သူ့ဖိနပ်လဲ တိုက်ထားတာ လက်နေတာပဲ။ ဖတ်စီ ကြောင့် ဒင်းကို ကြည်ညိုတယ် ဆိုတာ ဟယ်ရီ ချက်ချင်း သဘောပေါက် တယ်။ ဖတ်စီဟာ တလျှောက်လုံး စည်းကမ်းတင်းကြပ်စွာ လိုက်နာဖို့ ပြော တယ်၊ မစ္စတာခရောက်ချ်ကလဲ မတ်ဂေါ် ဝတ်ဆင်မှုစည်းကမ်းကို တသွေမ သွေ လိုက်နာတယ်။ သူ ဝတ်စားတာ သိပ်ပုံကျတဲ့ အတွက် ဘဏ်မန်နေဂျာ ဖြစ် ဟန်ဆောင်လို့တောင် ရတယ်။ ဦးလေးဗာနွန်ကတောင် ဒင်းကို ဘယ်

www.burmeseclassic.com



ဘူးလဲ ဆိုတာ ခွဲနိုင်မယ်မထင်ဘူးလို့ ဟယ်ရီက ထင်တယ်။

" ဆိုင်နားပါဦး၊ ဘာထိ" လူဒိုက ဝမ်းသာစွာ ပြောရင်း ဘေးက မြက်ခင်းကို လက်နဲ့ ပုတ်ပြတယ်။

"ကိစ္စ မရှိဘူး၊ ကျေးဇူးတင်ပါတယ် လူဒို" ခရောက်ချ်က ပြောတယ် သူ့ အသံထဲမှာ စိတ်မရှည်မှုသဲ့သဲ့ ပါတယ်။ " ကျုပ် ခင်ဗျားကို လိုက်ရှာနေတာ ဘူဂေးရီးယားတွေက ကျုပ်တို့ကို အပေါ်ဆုံးထပ် ပွဲကြည့်ခန်းမှာ နေရာ ခ ခု ထပ်တိုးဖို့ တောင်းဆိုနေတယ်"

" အော၊ သူတို့က ဒါ လိုချင်တာကိုး" ဘက်ဂမင်းက ပြောတယ် "ကျုပ်က အဲဒီပုဂ္ဂိုလ် ကျုပ်ဆီက ညှပ်ငှားမယ် ထင်တာ။ စကားပြောတာ သိပ်ဝဲလွန်းတယ်"

" မစ္စတာခရောက်ချ်" ဖက်စီဟာ စိတ်လှုပ်ရှားလွန်းလို့ အသက်ရှူ မမှန်ဘူး။ သူဟာ ကိုယ်ကိုကိုင်းပြီး အလေးပြုတဲ့ပုံသဏ္ဌာန် လုပ်ထားတယ် ဒါက သူ့ကို ခါးကုန်းနဲ့ တူစေတယ်။ "လက်ဖက်ရည်တစ်ခွက် သောက်မလား"

"အော" မစ္စတာခရောက်ချ်က ပြောရင်း အနည်းငယ် အံ့ဩစွာ ဖတ်စီကို အကဲခတ်နေတယ်။ "ကောင်းပြီ —— ကျေးဇူးတင်ပါတယ်၊ ဝဲသား (ခရောက်ချ်က နာမည် မှားခေါ်တာ)"

ဖရက်နဲ့ဂျော့ ရယ်ကြတာ လက်ဖက်ရည်ကို ပန်းကန်ထဲ ပန်းထွက် မတတ်ပဲ။ ဖတ်စီရဲ့နားရွက် အနီရောင်သန်းလာတယ်။ ငုံ့ပြီး လက်ဖက်ရည် ခရားနဲ့ အလုပ်ရှုပ်ဟန် ဆောင်နေတယ်။

"ဟုတ်ပြီ၊ ကိစ္စတစ်ခု ခင်ဗျားကို ပြောချင်နေတာ၊ အာသာ" မစ္စတာ ခရောက်ချ်က ပြောတယ်၊ ၎င်းရဲ့ စူးရှတဲ့အကြည့်ဟာ မစ္စတာဝယ်စလီကိုယ်ပေါ် ရောက်သွားတယ်။ "အလီ-ဘာရှီးယားက စိန်ခေါ်တယ်။ သူက ခင်ဗျားတို့ ကော်ဇောပျံ့ သယ်ဆောင်ခွင့် ပိတ်ပင်တဲ့ သတ်မှတ်ချက်နဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ စကားပြောချင်တယ်"

မစ္စတာဝယ်စလီဟာ သက်ပြင်းကြီး ချလိုက်တယ်။

"ကျွန်တော် လွန်ခဲ့တဲ့အပတ်က သူ့ဆီ ဇီးကွက်လွှတ် စာပို့တယ် ဒီအကြောင်းကို ပြောတာ။ ကျွန်တော်သူ့ကို အကြိမ်တစ်ရာ ပြောပြီးပြီ။ ကော်ဇော ဟာ မှော်အသုံး အဆောင်မှတ်တမ်းစာအုပ်ထဲမှာ မတ်ဂေါ်လက်မှုပစ္စည်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ ဒါပေမယ့် သူ လိုက်နာမတဲ့လား"



"သူ လိုက်နာမယ် မထင်ဘူး" မစ္စတာခရောက်ချ်က ပြောတယ်။ ီပေးတဲ့ လက်ဖက်ရည်ကို ယူလိုက်တယ်။ " သူက ဒီကို ကော်ဇောရောက် ခွင့်တာ မအောင့်နိုင်တော့ဘူး"

"ဒါပေမယ့် ကော်ဇောပျံဟာ အင်္ဂလန်မှာ မိုးပျံတံမြက်စည်းကို ဘယ် ာမှ အစားထိုးနိုင်မှာ မဟုတ်ဘူး၊ ဟုတ်လား" ဘက်ဂမင်းက မေးတယ်။

" အလီက မိသားစုသွားလာရေး ကီရိယာဈေးကွက်မှာ ထိုးဖောက် မယ် ထင်နေတာ" မစ္စတာခရောက်ချ်က ပြောတယ်။ "ကျုပ်အဖိုးမှာ အရင် အက်စ်မင်းစတား ကော်ဇောတစ်ထည်ရှိတယ်။ လူ ၁၂ ယောက် စီးနိုင်တယ်၊ ပေမယ့် မမှတာပဲ၊ အဲဒါ ကော်ဇောပျံ မတားမြစ်ခင်က"

သူ ဒီလိုပြောတာဟာ သူ့ ဘိုးဘွားအားလုံးဟာ တရားဥပဒေကို ကြပ်စွာ လိုက်နာတယ်ဆိုတာ အားလုံးကို သိစေချင်သလိုပဲ။

"ဘယ့်နှယ်လဲ၊ အလုပ်တွေ သိပ်ပိနေသလား ဘာထိ" ဘက်ဂမင်းက ပြုံး ရွှင်ပျစွာ မေးတယ်။

"နည်းနည်း အလုပ်များတယ်" မစ္စတာခရောက်ချ်က ခြောက်ကပ် ပ် ပြောတယ်။ "တိုက်ကြီးငါးတိုက်မှာ နေရာပို့သော့တွေ နေရာချ စီစဉ် ဘာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး၊ လူဒို"

"ခင်ဗျားတို့လဲ ဒီကိစ္စ မြန်မြန် ပြီးဆုံးစေချင်လိမ့်မယ် ထင်တယ်" တာဝယ်စလီက မေးတယ်။

လူဒို-ဘက်ဂမင်းဟာ ထိတ်လန့် တုန်လှုပ်သွားသလိုပဲ။

" ပြီးဆုံးစေချင်တယ်! ကျုပ် ဘယ်တုန်းကမှ ဒီလောက် မပျော်ခဲ့ ... ဒါ ပေမယ့် ရှေ့ရေး မျှော်လင့်ခြင်း ကင်းမဲ့တာတော့ မဟုတ်ဘူး။ င်လား၊ ဘာထိ။ ဟင်? အစီအစဉ်တွေ အများကြီးလုပ်ဖို့ ရှိသေးတယ်၊ တ်လား"

မစ္စတာခရောက်ချ်က ဘက်ဂမင်းကို မျက်ခုံးပင့်ပြတယ်။

" ကျုပ်တို့က အပြင်ကို အရင်မကြေညာဖို့ အာမခံတယ်။ အသေး င်းအားလုံး . . . ."

"အော၊ အသေးစိတ်!" ဘက်ဂမင်းက ပြောလိုက်တယ်။ သိပ်ဟုတ် ယ် မထင်တဲ့ဟန်နဲ့ လက်ယမ်းလိုက်တယ်။ ခြင်တွေမောင်းပစ်သလိုပဲ၊ "သူ လက်မှတ်ထိုးပြီးပြီ ဟုတ်လား။ သူတို့ သဘောတူလိုက်ပြီ ဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ခင်ဗျားနဲ့ လောင်းချင်တယ်။ ဒီကလေးတွေ ချက်ချင်းသိလိမ့်မယ် ကျုပ်ပြောလိုတာက ကိစ္စဟာ ဟောင်ဂ်ဝပ်မှာပဲ ဖြစ်တာ—"

"လူဒို၊ ခင်ဗျားသိသင့်တယ်။ ကျုပ်တို့ ဟိုဘူဂေးရီးယားတွေကို သွားတွေ့ဖို့ လိုပြီ" မစ္စတာခရောက်ချ်က တည်ကြည်လေးနက်စွာ ပြောတယ် ဘက်ဂမင်းစကားကို ဖြတ်ပြောတယ်။ "ခင်ဗျား လက်ဖက်ရည်တိုက်တာ ကျေး ဇူးတင်ပါတယ်၊ ဝဲသားဘီ"

သူဟာ တစ်လုတ်မှမသောက်တဲ့ လက်ဖက်ရည်ခွက်ကို ဖတ်စီ လက် ထဲ ပြန်ထည့်လိုက်ပြီး လူဒိုအထကို စောင့်နေတယ်။ လူဒို မနည်းရုန်းထလိုက် တယ်။ ခွက်ထဲက လက်ဖက်ရည်ကို တစ်ချီတည်းကုန်အောင် မော့သောက် လိုက်တယ်။ ဂါလုံးတွေဟာ သူ့အိတ်ကပ်ထဲမှာ ပျော်ရွှင်စွာ တချွင်ချွင် မြည် နေတယ်။

"ခဏနေတော့ တွေ့မယ်" သူက ပြောတယ်၊ "ခင်ဗျားတို့နဲ့ ကျွန်တော် အပေါ်ဆုံးထပ် ပွဲကြည့်ခန်းထဲမှာ. . . . ကျုပ်က ပြိုင်ပွဲကြေညာပေးသူ" သူက လက်ယမ်းပြ နှုတ်ဆက်တယ်။ ဘာထီခရောက်ချ်ကတော့ အသာလေး ခေါင်း ညိတ်ပြတယ်။ ဒီနောက် နှစ်ယောက်စလုံး ရုပ်ရှေ့ပြောင်း ပျောက်ကွယ်သွား တယ်။

" ဟောင်ဂ်ဝပ်မှာ ဘာများ ဖြစ်နေလဲ၊ အဖေ "ဖရက်က ချက်ချင်း မေးတယ်။ "သူတို့ ခုနက ဘာပြောတာလဲ"

"မင်းတို့ မကြာခင် သိမှာပါ" မစ္စတာဝယ်စလီက ရယ်ပြီး ပြောတယ်

"ဒါက လျှို့ဝှက်ချက်၊ ဝန်ကြီးဌာနက အများသိကြေညာမယ့် ဆုံးဖြတ်မှ သိရမှာ" ဖတ်စီက ခပ်တည်တည် ပြောတယ်။ "မစ္စတာခရောက်ချ် ဟာ လွယ်လွယ်နဲ့ လျှို့ဝှက်ရေး မပေါက်ကြားတာ မှန်တယ်"

"အော၊ ပါးစပ် ပိတ်ထားပါ၊ ဝဲသားဘီး" ဖရက်ကပြောတယ်။

ညနေအချိန် ကျော်လွန်သွားတာနဲ့အတူ စိတ်လှုပ်ရှား တက်ကြွမှုဟာ ထိတွေ့လို့ရတဲ့ တိမ်ဆုပ်လို စခန်းပေါ်မှာ လွှင့်ပြန့်နေတယ်။ ညနေစောင်းတော့ ငြိမ်သက်တဲ့ နွေရက်လေထုဟာလဲ တုန်ခါစောင့်ဆိုင်းနေသလိုပဲ။ ညရောင်ဟာ လိုက်ကာလို အလောတကြီး စောင့်စားနေတဲ့ မှော်ဆရာ အထောင်သောင်းကို ဖုံးလွှမ်းလာတဲ့အခါမှာ နောက်ဆုံး ဟန်ဆောင်မှုတစ်မျှင်လဲ ပျောက်ကွယ်ကုန် တယ်။ မှော်ဝန်ကြီးဌာနဟာ မရှောင်တိမ်းနိုင်တဲ့ အနေအထားကို အညံ့ခံပြီး



သူတွေနဲ့ အတိုက်အခံ မလုပ်တော့ဘူး။ မှော်ပညာ ပြောင်ပြောင်ကြီးသုံးမှု ခုရာတကာမှာ ပေါ်ထွက်လာတာကို လွှတ်ထားလိုက်တယ်။

ပေ အနည်းငယ်ခြားတိုင်း ရုပ်ရှေ့ပြောင်းလာတဲ့ ဈေးသယ်တွေ မိုး ပေါ်က ကျလာတယ်။ ဗန်းကိုင်ထားသူ၊ လှည်းကလေး တွန်းလာသူတွေ။ အထဲ မှာ ထူးဆန်းတဲ့ပစ္စည်းတွေ မျိုးကို စုံလို့။ အရောင်လက်တဲ့ နှင်းဆီသဏ္ဌာန် တံဆိပ်ရှိတယ်— အစိမ်းရောင်က အိုင်ယာလန်ကို ကိုယ်စားပြုတယ်။ အနီ ရောင်က ဘူဂေးရီးယားကို ကိုယ်စားပြုတယ်— ဘောလုံးသမားနာမည်ကို အူရွစွာ အော်ထုတ်နိုင်သေးတယ်။ အစိမ်းရောင် ဦးထုပ်မြင့်မြင့်ရှိတယ်။ အပေါ် မှာ လေမှာလွင့်ပျံတဲ့ ရှမ်းရော့ခ်ရွက်တွေ ပါတယ်။ ဘူဂေးရီးယား စားလွယ်သိုင်း ရှိတယ်၊ ၎င်းအပေါ်ရိုက်နှိပ်ထားတဲ့ ခြင်္သေ့က တကယ်ဟိန်းတတ်တယ်။ နိုင်ငံ နိုင်ငံရဲ့အလံဟာ ဝှေ့ယမ်းလိုက်ရင် မိမိတို့ နိုင်ငံတော်သီချင်း တီးမှုတ်လာ တယ်။ ပြီးတော့ တကယ်ပျံတတ်တဲ့ မီးသတ္တိပုံစံတူ အသေးစား ရှိတယ်။ အမှတ် တရသိမ်းထားနိုင်တဲ့ နာမည်ကြီး ဘောသမားရဲ့ပန်းပုရုပ် ရှိတယ်။ အဲဒီ အရုပ် ကလေးတွေဟာ သင့်လက်ဝါးပေါ်မှာ ဟိုဒီသွားလာတယ်။ သိပ်ကို ကျေနပ် နေသိမ့်တဲ့ပုံ ဖော်ပြတယ်။

" တစ်နှေလုံး မုန့်ဖိုးစုထားရတာ ဒါအတွက်ပဲ" သုံးယောက်သား ဈေးသယ်တွေ ရှေ့က ဖြတ်သွားတဲ့အခါမှာ ရွန်က အမှတ်တရပစ္စည်း ဝယ်ရင်း ဟယ်ရီ့ကို ပြောတယ်။ ရွန်က ကတတ်တဲ့ ရှမ်းရော့ခ်ဦးထုပ်တစ်လုံး၊ အစိမ်း ရောင်နှင်းဆီသဏ္ဌာန် တံဆိပ်တစ်ခု ဝယ်တယ်။ ဒီပြင် ဘူဂေးရီးယား ရှာဖမ်း သမား ဗစ်ခတာ -ခရွန်းမ်ရုပ်ပုံ ရုပ်ထုကလေးတစ်ခုလဲ ဝယ်သေးတယ်။ အဲဒီ ခရွန်းမ်ရုပ်ကလေးဟာ ရွန့်လက်ပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၊ မျက် မှောင်ကြုတ်ပြီး ၎င်းအပေါ်ဘက်ရှိ တံဆိပ်ကို စိုက်ကြည့်နေတယ်။

"ဝိုး၊ ဒါတွေကို မြန်မြန်ကြည့်ကြစမ်း" ဟယ်ရီက ပြောရင်း တွန်းလှည်း လေး တစ်ခုဆီ ပြေးသွားတယ်။ အဲဒီလှည်းထဲမှာ ပြောင်းနှစ်ပြောင်းပါ အဝေး ကြည့်မှန်ပြောင်းနဲ့ တူတဲ့အရာတွေ အမြင့်ကြီးပုံထားတယ်။ ဒါပေမယ့် ၎င်းတို့ ပေါ်မှာ ထူးဆန်းတဲ့ လှည့်ခလုတ်နဲ့ ဒိုင်ခွက်တွေပါတယ်။

"တခွင်လုံးမြင် မှန်ပြောင်း" မှော်ဆရာဈေးသယ်က လိုက်လံပြော တယ်။ " ခင်ဗျားရုပ်ပုံကို ပြန်ပြခိုင်းလို့ရတယ်. . . . အနှေးပြ . . . လိုအပ် ရင်ပေါ့။ ၎င်းဟာ ပြိုင်ပွဲအခြေအနေ ခန့်မှန်းပြောဆိုချက်ကို အလျှင်အမြန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ် ကြည့်နိုင်တယ်။ ဝယ်စမ်းပါ ခင်ဗျာ—— ဆယ်ဂါလုံးထဲရယ်"

"ငါ ဒါမဝယ်ခဲ့ရင် ကောင်းမှာ" ရွန်က သူဝယ်ထားတဲ့ ကတတ်တဲ့ ရှမ်းရှေ့ခေါင်းဆုပ်ကို ကြည့်လိုက်ပြီး ဟို တခွင်လုံးမြင် မှန်ပြောင်းကို အငမ်းမရ ကြည့်နေတယ်။

"သုံးလက် ပေးပါ" ဟယ်ရီက အဲဒီ မှော်ဆရာကို ပြတ်သားစွာ ပြောလိုက်တယ်။

"နေပါ——ဒုက္ခမရှာပါနဲ့" ရွန်က ပြောရင်း မျက်နှာကြီး နီလာတယ်။ ဟယ်ရီဟာ မိဘဆီက အမွေအချို့ရထားလို့ သူထက်ချမ်းသာမှန်း ရွန်က သိတယ်။ အဲဒီအချက်ကို သူ အမြဲ သိပ်နှလုံးသွင်းမိတယ်။

"ခရစ္စမတ်ပွဲတော်ကျရင် မင်း လက်ဆောင်မမျှော်နဲ့တော့" ဟယ်ရီက သူ့ကို ပြောတယ်။ တခွင်လုံးမြင်မှန်ပြောင်းကို သူနဲ့ ဟာမီးလက်ထဲ ထိုးထည့်လိုက်တယ်။

"မှတ်ထား မင်းတို့ကို ဆယ်နှစ် လက်ဆောင်မပေးတော့ဘူး"


"သိပ်ကို သင့်တော်ပါတယ်" ရွန်ကရယ်ပြီး ပြောတယ်။

"ဟိုး၊ ကျေးဇူးပဲ၊ ဟယ်ရီ" ဟာမီးကပြောတယ်။ "ငါ ပြိုင်ပွဲစာအုပ် တစ်ယောက်တစ်အုပ် ဝယ်ပေးမယ်။ ကြည့် ဟိုမှာ——"

အခု ပိုက်ဆံအိတ် တစ်ဝက်လျော့ကျသွားပြီ။ သူတို့ ရွက်ထည်တဲဆီ ပြန်ရောက်လာတယ်။ ဘီး၊ ချာလီနဲ့ ဂျင်နီတို့လဲ အစိမ်းရောင် အားကစား တံဆိပ်တွေ ဝယ်ခဲ့ကြတယ်။ မစ္စတာဝယ်စလီက အိုက်ယာလန်အလံ တစ်လက်ကို မြှောက်ကိုင်ထားတယ်။ ဖရက်နဲ့ ဂျော့တို့က ဘာအမှတ်တရပစ္စည်းမှ မဝယ်ဘူး။ သူတို့က ရွှေဒင်္ဂါး အားလုံးကို ဘက်ဂမင်း ပေးလိုက်ကြပြီ။

"ဒီအချိန်မှာ သစ်တော ဒဝေးတစ်နေရာကနေ လေးလေးပင်ပင် မောင်းသံ ပေါ်ထွက်လာတယ်။ ချက်ချင်းဆိုသလိုပဲ မီးအိမ်အနီအစိမ်းတွေဟာ သစ်ပင်ပေါ်မှာ လင်းလက်လာတယ်။ ပြိုင်ပွဲဆီသွားတဲ့ လမ်းကို လင်းသွားစေတယ်။

" အချိန်ရောက်ပြီ" မစ္စတာဝယ်စလီက ပြောတယ်။ အားလုံးလိုပဲ ပျော်နေတယ်။ "မြန်မြန်လေး၊ တို့သွားကြစို့"



# ၈။ ခွေးဒစ်ကမ္ဘာ့ဖလားပွဲ

မစ္စတာဝယ်စလီက ရှေ့ကဦးဆောင်သွားတယ်။ အားလုံးလက်ထဲမှာ ဝယ်လာတဲ့အရာတွေ ကိုင်ထားကြတယ်။ မီးအိမ်အလင်းရောင်ကြောင့် လင်းနေတဲ့ လမ်းအတိုင်း သစ်တောထဲ ခြေလှမ်းမြန်မြန် ဝင်ခဲ့ကြတယ်။ သူတို့ဟာ လူအရာအထောင် သူတို့ပတ်ဝန်းကျင်မှာ သွားလာနေတာ ခံစားရတယ်။ အော်သံ ရယ်မောသံ ကြားရတယ်။ ပြတ်တောင်းပြတ်တောင်း သီချင်းသံလဲ ကြားရသေးတယ်။ ဒီလိုအရှိန်မြင့်တဲ့ တက်ကြွမှုဟာ သိပ်ကိုကူးစက်လွယ်တယ်။ ဟယ်ရီဟာလဲ မအောင့်နိုင်ဘဲ ရယ်နေတယ်။ သူတို့ဟာ သစ်တောထဲမှာ မိနစ်နှစ်ဆယ်နဲ့ သွားခဲ့တယ်။ ကျယ်လောင်စွာ ရယ်မောကျီစားကြရင်း သစ်တောတစ်ဖက်က ထွက်လာကြတယ်။ ဒီအချိန်မှာ သူတို့ဟာ ရောမ အားကစားရုံကြီးရဲ့အရိပ်ထဲ ရောက်နေကြတာကို တွေ့ကြရတယ်။ ဟယ်ရီဟာ ပြိုင်ကွင်းပတ်ဝန်းကျင်နဲ့ ကပ်နေတဲ့ရွှေနံရံရဲ့ တစ်စိတ်တစ်ပိုင်းကိုပဲ မြင်ရတယ်။ ဒါပေမယ့် အတွင်းမှာ ဘုရားကျောင်းဆယ်ခု ထည့်လို့တောင် ရနိုင်မှန်း သူသိတယ်။

"ပွဲကြည့်ပရိသတ် တစ်သိန်းဆံ့တယ်" မစ္စတာဝယ်စလီဟာ ဟယ်ရီ့

www.burmeseclassic.com

www.burmeseclassic.com



ခုတ်နှာပေါ်ရှိ အံ့ဩတဲ့အမှုအရာကို မြင်ရတော့ ပြောတယ်။ " မော်ဝန်ကြီးဌာနက လုပ်သားငါးရာဟာ ဒါအတွက် တစ်နှစ်လုံးလုံး အလုပ်များခဲ့ကြရတယ်။ ဒီဟာ မြေဘစ်လက်မတိုင်းမှာ မတ်ဂေါ်ဖယ်ရှားတဲ့ ဂါထာနဲ့ စီရင်ထားတယ်။ ဒီဘင်နှစ်အတွင်းမှာ မတ်ဂေါ်တွေ ဒီနေရာနားရောက်လာတိုင်း အလွန်တရာ အရေးကြီးတဲ့ကိစ္စကို သတိရပြီး ကမန်းကတန်း ထွက်သွားကြတယ်. . . . သူတို့ကို ဘုရားသခင် စောင့်ရှောက်ပါစေ" သူက စိတ်စေတနာနဲ့ပြောပြီး အားလုံးကို အနီးဆုံးဝင်ပေါက်ဆီ ခေါ်သွားတယ်။ အဲဒီနေရာမှာ အော်ကြီးဟစ်ကျယ် ပြောဆိုနေတဲ့ မော်ဆရာတွေနဲ့ ပြည့်နေပြီ။

" ပထမတန်း လက်မှတ်" ဝင်ပေါက်ရှိ မော်ဝန်ကြီးဌာနက မော်ဆရာမဟာ သူတို့လက်မှတ်ကို ကြည့်ပြီး ပြောတယ်။ " အပေါ်ဆုံးထပ် ပွဲကြည့်ခန်း။ အပေါ်ထပ်ကို တက်သွား။ အာသာ၊ အပေါ်ဆုံးထိ သွား"

အားကစားရုံဆီ သွားတဲ့လမ်းမှာ ကော်ဇောနီခင်းထားတယ်။ သူတို့ဟာ လူအုပ်နဲ့အတူ တိုးတက်ကြတယ်။ ဖြည်းဖြည်းချင်းနဲ့ လူစီးကြောင်းဟာ ဝဲယာ ဘေးနှစ်ဖက်ရှိ ပွဲကြည့်စင်ထဲ ဝင်သွားတယ်။ မစ္စတာဝယ်စလီ ဦးဆောင်တဲ့ လူတန်းဟာ အထက်သို့ တန်းတက်သွားတယ်။ နောက်ဆုံးလှေခါး ထိပ်ဆုံးရောက်လာတယ်။ မိမိတို့ ပွဲကြည့်ခန်းလေးထဲ ရောက်လာပြီဆိုတာ တွေ့ကြတယ်။ အားကစားရုံကြီးရဲ့ အမြင့်ဆုံးနေရာ၊ ရွှေရောင်ဂိုးတိုင်နှစ်ခုကြား အလယ်မှာ။ ဒီနေရာမှာ ရွှေရောင်ကွပ်တဲ့ ခရမ်းရောင် ကုလားထိုင် အလုံးနှစ်ဆယ်ခန့် ရှိတယ်။ နှစ်တန်း ခွဲစီထားတယ်။ ဟယ်ရီဟာ ဝယ်စလီမိသားစုနဲ့အတူ ရှေ့တန်းကို ဝင်ခဲ့တယ်။ အောက်သို့ ငုံ့ကြည့်လိုက်တော့ သူ ဘယ်နည်းနဲ့မှ မထင်မှတ်တဲ့ မြင်ကွင်းကို မြင်ရတယ်။

မော်ဆရာတစ်သိန်းဟာ အဆက်မပြတ် နေရာတွင် ဝင်ထိုင်နေကြပြီ။ အဲဒီထိုင်ခုံတွေဟာ ဘဲဥပုံ အားကစားရုံကြီးကို ဝိုင်းပတ်စွာရှိတယ်။ လှေခါးထစ်ပုံစံနဲ့ အထက်သို့ စီတက်သွားတယ်။ ဒီက အရာအားလုံးဟာ လျှို့ဝှက်တဲ့ ရွှေရောင် ဖုံးလွှမ်းနေတယ်။ အဲဒီအရောင်ဟာ အားကစားရုံကြီးကိုယ်၌က လာသလိုပဲ။ သူတို့ထိုင်တဲ့နေရာ အပေါ်စီးကနေ ကြည့်လိုက်တော့ ပြိုင်ကွင်းဟာ ကတ္တီပါလို ညက်ညောညီညာနေတယ်။ ပြိုင်ကွင်းနှစ်ဘက်မှာ ဂိုးသွင်းဖို့ ဂိုးတိုင်သုံးခုစီ ရှိတယ်။ ပေငါးဆယ် မြင့်တယ်။ ၎င်းရဲ့ယာဘက်မှာ ဟယ်ရီ့ အကြည့်နဲ့ အပြိုင်လောက်ရှိတဲ့ နေရာမှာက ဧရာမ ကျောက်သင်ပုန်းကြီး



ထဲးအပေါ်မှာ ရွှေရောင်စာလုံးတွေ အဆက်မပြတ် လက်ပေါ်နေတယ်။ မမြင်ရတဲ့ လက်ကြီးတစ်ချောင်းက ကျောက်သင်ပုန်းပေါ်မှာ သော့သော့ရေးသွားပြီး တစ်ခါ ဖျက်ပစ်လိုက်သလိုပဲ။ ဟယ်ရီ သေချာကြည့်လိုက်တော့မှ အဲဒီလက်နေတဲ့ စာတွေဟာ ပြိုင်ပွဲလာ ပရိသတ်ကိုပြတဲ့ ကြော်ငြာဖြစ်နေတာ တွေ့ရတယ်။

ဘလူးဘော့ထယ်။ ။ မိသားစု အားလုံးနဲ့ သင့်တော်တဲ့ မိုးပျံတံမြက်စည်း — လုံခြုံတယ်။ စိတ်ချရတယ်။ အတွင်းတွင် ခိုးယူမှု ကာကွယ်တဲ့ အုန်းအုန်းသံပေး ကိရိယာပါတယ်. . . . မစ္စစ်စခိုအာတဲ့ဆိပ် စွယ်စုံအံ့ဘွယ် အစွန်းခွာဆေး။ အညစ်အကြေးတွေကို သက်သာလွယ်ကူစွာ ချွတ်ပစ်နိုင်တယ်. . . . ဂလက်ရက်စ်တံဆိပ် မော်ဆရာအကျီ--- လန်ဒန်၊ ပါရီ၊ ဟော့ဂ်စ်မိဒ်။

ဟယ်ရီဟာ အကြည့်ကို ကြော်ငြာဆီကခွဲပြီး ခေါင်းလှည့်လိုက်တယ်။ သူတို့နဲ့အတူ ဒီပွဲကြည့်ခန်းထဲ ဘယ်သူတွေရှိတယ်ဆိုတာ ကြည့်တယ်။ ပွဲကြည့်ခန်းထဲမှာ အခုဘယ်သူမှ မရှိသေးဘူး။ သူတို့နောက်က အတန်းရဲ့ဘိတ်ဆုံးကျယ်နေရာမှာ အံ့ဩစရာ သေးငယ်တဲ့သတ္တဝါတစ်ကောင် ထိုင်နေတယ်။ အဲဒီသတ္တဝါလေးရဲ့ ခြေနှစ်ချောင်းက တိုလွန်းလို့ ၎င်းရှေ့ကထိုင်ခုံပေါ် ထောက်ထားရတယ်။ ၎င်းကိုယ်ပေါ်မှာ လက်ဖက်ရည်ပန်းကန်တွေကိုသုတ်တဲ့ လက်ကိုင်ပဝါတစ်ထည် ပတ်ထားတယ်။ ဝတ်ရုံကျယ်ကျယ်တစ်ထည် ဝတ်ထားသလိုပဲ။ ၎င်းရဲ့မျက်နှာဟာ လက်နှစ်ဖက်ထဲ မြှုပ်ထားတယ်။ ဒါပေမယ့် ရှည်ပြီး လင်းနို့လိုကြီးတဲ့ နားရွက်ကြီးကတော့ သိပ်ကို ရင်းနှီးနေသလိုပဲ----

" ဒေါ့ဘီ" ဟယ်ရီက မယုံနိုင်ဘဲပြောတယ်။ အဲဒီအကောင်လေးဟာ ခေါင်းမော့လိုက်တယ်။ လက်ကိုဖြေလိုက်တော့ ကြီးမားတဲ့ မျက်လုံးညိုညိုကြီးနဲ့ ခရမ်းချဉ်သီးကြီးနဲ့ ပုံသဏ္ဌာန်အရွယ်အစားတူတဲ့ နှာခေါင်းကြီးကို မြင်ရတယ်။ ဒေါ့ဘီမဟုတ်ဘူး — ဒါပေမယ့် ဒါဟာလဲ အိမ်မွေးမှင်စာလေး တစ်ကောင်ဆိုတာ သံသယဖြစ်စရာ မလိုဘူး။ ဟယ်ရီ့မိတ်ဆွေ ဒေါ့ဘီ အရင်က အတန်းအစားနဲ့ အတူတူပဲ။ ဟယ်ရီဟာ ဒေါ့ဘီကို ၎င်းရဲ့ ယခင်ကသခင်--- မော်ဖိုင်ဘိုင်းသားစုလက်ထဲက လွတ်မြောက်စေခဲ့တယ်။

"ဆရာ ခုနက ကျွန်ုပ်ကို ဒေါ့ဘီလို့ခေါ်လိုက်သလား" မှင်စာလေးက လက်ချောင်းကြားက အံ့ဩစွာမေးတယ်။ အသံက သိပ်စူးတယ်။ ဒေါ့ဘီအသံထက်တောင် စူးတယ်။ အနည်းငယ် တုန်ခါတဲ့ နားစူးစေတဲ့အသံ။ ဒါကြောင့် ဟယ်ရီက ၎င်းကို —— အိမ်မွေးမှင်စာလေးတွေကို ကျားမခွဲခြားရန် ခက်ခဲ

www.burmeseclassic.com

www.burmeseclassic.com



ခင်း —— ဟယ်ရီက မိန်းမလို့ သံသယဖြစ်တယ်။ ရွှန်နဲ့ ဟာမီးတို့ ထိုင်နေ ရာက ခေါင်းလှည့်ကြည့်တယ်။ သူတို့ဟာ ဒေါ့ဘီအကြောင်း ဟယ်ရီက အများ ကြီး ပြောပြတာ ကြားဖူးပေမယ့် ဘယ်တုန်းကမှ မမြင်ဖူးဘူး။ မစ္စတာဝယ်စလီ ကအောင် စိတ်ဝင်စားစွာ လှည့်ကြည့်နေတယ်။

"ဝမ်းနည်းပါတယ်" ဟယ်ရီက အိမ်မွေးမှင်စာကို ပြောတယ်။ "ကျွန် တော် ခင်ဗျားကို အရင်ကသိတဲ့ လူတစ်ယောက်လို့ထင်နေတာ"

"ဒါပေမယ့် ကျွန်မလဲ ဒေါ့ဘီကို သိတယ်၊ ဆရာ" မှင်စာလေး စူးရှစွာ ပြောတယ်။ သူမဟာ လက်နဲ့ မျက်နှာကိုအုပ်ထားတယ်။ အလင်းရောင် စူးလို့ မျက်စိမဖွင့်နိုင်သလိုပဲ။ အပေါ်ဆုံးထပ် ပွဲကြည့်ခန်း အလင်းရောင် တော့ သိပ်အားမကောင်းပါဘူး။ "ကျွန်မနာမည်က ဝင့်ခီလို့ ခေါ်ပါတယ် ဆရာ—— ဆရာ၊ သင်" သူမအကြည့်ဟာ ဟယ်ရီ့ နဖူးပေါ်က အမာရွတ် ရောက်သွားတော့ သူမရဲ့အညိုရောင်မျက်လုံးဟာ ချက်ချင်းပဲ ပြူးကျယ်သွား တယ်။ ဟင်းပန်းကန်ပြားလေး နှစ်ခုလိုပဲ။ "သင် ဟယ်ရီ-ပေါ်တာပဲ ဖြစ်ရမယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

"အမလေး၊ ဒေါ့ဘီက သင့်အကြောင်း အမြဲတမ်းပြောတယ်၊ ဆရာ" သူမက ပြောတယ်။ လက်နှစ်ဖက်ကို အနည်းငယ် အောက်ချလိုက်တယ်။ အ အရာက အလွန် ကြောက်ရွံ့ရှိသေတဲ့ပုံ။

"ဒေါ့ဘီ ဘယ့်နှယ်နေလဲ" ဟယ်ရီက မေးတယ်။ "လွတ်လပ်သွားပြီး နောက် ကျင့်သားရပြီလား"

"အား၊ ဆရာ" ဝင့်ခီက ခေါင်းခါရင်း ပြောတယ်။ "အား၊ ဆရာ သင့်ကို မရိုသေတဲ့စကား ပြောရရင်၊ ဆရာ၊ သင်က ဒေါ့ဘီကို လွတ်လပ်အောင် လုပ်ပေးတာ သူ့အတွက် ဘာမှ ကောင်းကျိုးမရှိဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ" ဟယ်ရီက ထိတ်လန့်စွာ မေးတယ်။ " သူ ဘာမှား ဖြစ်လဲ"

" ဒေါ့ဘီခေါင်းထဲမှာ လွတ်လပ်ရေးပဲ တွေးနေတယ်၊ ဆရာ" ဝင့်ခီက ဝမ်းနည်းစွာ ပြောတယ်။" လက်တွေ့မကျတဲ့ အတွေးတွေပဲ ဆရာ။ သူ အလုပ် ရှာလို့ မရဘူး၊ ဆရာ"

"ဘာဖြစ်လို့ ရှာမရတာလဲ" ဟယ်ရီက မေးတယ်။

ဝင့်ခီက အသံကို ခြောက်ပေါက်နှိမ့်ပြီး တိုးတိုးပြောတယ်။ "သူက



လုပ်ခ ရချင်တယ် ဆရာ"

"လုပ်ခ?" ဟယ်ရီက နားဝေတိမ်တောင်နဲ့ မေးတယ်။ "ဒါဆို——သူ လုပ်ခ မရသင့်ဘူးလား"

ဝင့်ခီဟာ ဒီမေးခွန်းကြောင့် ထိတ်လန့်သွားသလိုပဲ။ လက်ချောင်းကို ကွေးလိုက်တယ်။ ဒီလိုဆိုတော့ သူမ မျက်နှာတစ်ဝက် အုပ်မိသွားတယ်။

"အိမ်မွေးမှင်စာလေးတွေ အလုပ်လုပ်တာ အဖိုးအခမရဘူးဆရာ" သူမဟာ လက်ချောင်းနောက်ကနေ စူးရှစွာပြောတယ်။ "မဖြစ်ဘူး၊ ဒီလိုမဖြစ် ဘူး မဖြစ်ဘူး။ ကျွန်မ ဒေါ့ဘီကိုပြောတယ်။ ကျွန်မက ပြောတယ်၊ တူတူတန် တန် အိမ်ထောင်တစ်ခုပြုပြီး ဘဝတည်ငြိမ်အောင်နေ၊ ဒေါ့ဘီ။ သူဟာ တစ်နေ ကုန် အပျော်အပါးလိုက်စားတယ်။ ဒါဟာ အိမ်မွေးမှင်စာလေးအဖို့ မသင့်တော် ဘူး၊ ကျွန်မကပြောတယ်၊ ရှင်ဒီလို နေရာတကာသွားပြီး ပေပေတေတေနေရင် အောက်တန်းစား သရဲသဘက်လို ထူးဆန်းသတ္တဝါ ထိန်းသိမ်းချုပ်ကိုင်ရေးဌာန ကြာ ဖမ်းပြီး တရားစွဲတာကို ကျွန်မ ကြားရလိမ့်မယ်"

"ဒါပေမယ့် သူလဲ ပျော်စရာလေးဘာလေး ရှိဦးမှ"ဟယ်ရီက ပြော တယ်။

"အိမ်မွေး မှင်စာလေးတွေဟာ ပျော်ပါးစရာ မရှိသင့်ဘူး ဟယ်ရီ- ပေါ်တာ" ဝင့်ခီဟာ လက်နှစ်ဖက်နဲ့ မျက်နှာကိုအုပ်ပြီး အတည်ပြောတယ်။ "အိမ်မွေးမှင်စာဆိုတာ သခင်ခိုင်းတဲ့အတိုင်း တစ်သွေမတိမ်း လုပ်ရတယ်။ ကျွန်မမှာ အမြင့်ကြောက်ရောဂါရှိတယ်၊ ဟယ်ရီ-ပေါ်တာ" သူမဟာ သီးသန့်ပွဲ ကြည့်ခန်းအစွန်းကို လှမ်းကြည့်လိုက်ပြီး အသက်ပင့်ရှူလိုက်တယ်။ "ဒါပေမယ့် ကျွန်မသခင်က ကျွန်မကို အပေါ်ဆုံး သီးသန့်ပွဲကြည့်ခန်းကို လွှတ်တဲ့အတွက် ကျွန်မလာခဲ့တာ၊ မစ္စတာ"

"သူက မင်းမှာ အမြင့်ကြောက်ရောဂါရှိမှန်း သိရက်နဲ့ ဘာဖြစ်လို့ မင်းကို ဒီလွှတ်ရတာလဲ" ဟယ်ရီကမကျေနပ်ဘဲ မျက်မှောက်ကြုတ်ပြီး မေး တယ်။

"သခင်——သခင်က ကျွန်မကို သူ့အတွက် နေရာတစ်နေရာ ဦးခိုင်း တယ်၊ ဟယ်ရီ -ပေါ်တာ။ သူသိပ်အလုပ်များတယ်" ဝင့်ခီက ခေါင်းငဲ့ပြီး ဘေးက လွတ်နေတဲ့နေရာတွေကို ကြည့်လိုက်တယ်။ "ဝင့်ခီက သူမသခင့် တည်တဲထဲ ပြန်သွားချင်တာ ဟယ်ရီ-ပေါ်တာ။ ဒါပေမယ့် ဝင့်ခီက ခိုင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ထိုက်နေတယ်။ ဝင့်ခီဟာ အလွန်လိမ္မာတဲ့ အိမ်မွေးမှင်စာလေး ဖြစ်တယ်

သူမဟာ သီးသန့်ပွဲကြည့်ခန်းအစွန်ဆီကို ကြောက်လန့်စွာ ကြည့်ပြန်တယ်၊ မျက်စိကို အလျှင်အမြန် လက်နဲ့ဖုံးအုပ်ထားလိုက်ပြန်တယ်။ ဟယ်ရီက သူ့ညီး အားလုံးကို ကြည့်တယ်။

"အဲဒါ အိမ်မွေးမှင်စာလေးလား" ရွန်ကတိုးတိုးမေးတယ်။ "တကယ်ကို တစ်မျိုးကြီးပဲ၊ ဟုတ်လား"

"ဒေါ့ဘီက ပိုလို့တောင် တစ်မျိုးကြီးဖြစ်သေးတယ်"ဟယ်ရီက စိတ်ဝင်စားစွာ ပြောတယ်။

ရွန်က မိမိရဲ့ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းကို ထုတ်ပြီး ခစ်ဆေးစမ်းသပ်နေတယ်။ အားကစားရုံတွင်း ဟိုတစ်ဖက်ကလူအုပ်ကို ကြည့်နေတယ်။

"ဟန်ကျလိုက်တာ" သူဟာ အဝေးကြည့်မှန်ပြောင်းဘေးဘက်ရှိ တခါပြန်ပြ ခလုတ်ကို လှည့်ရင်း ပြောတယ်။

"ငါ ဟိုဘက်က ဟိုငနဲကို နှာခေါင်းတစ်ခါ ထပ်ကော်နိုင်းလို့ရတယ်. . . ထပ်ကော်ဦး. . . . ထပ်ကော်ဦး"

ဒီအချိန်မှာ ဟာမီးဟာ သူမရဲ့ အမြိတ်ပါတဲ့ စိန်ကတ္တီပါအဖုံးနဲ့ ပြိုင်ပွဲအစီအစဉ်စာအုပ်ကို အလောတကြီး လှန်လှောကြည့်နေတယ်။

"ပြိုင်ပွဲမစမီ ဘောသင်းလာဘ်ကောင် ကပြပွဲရှိတယ်" သူမက အကျယ်ကြီး ဖတ်တယ်။

"အော၊ ဒါကတော့ ကြည့်ကိုကြည့်သင့်တယ်" မစ္စတာဝယ်အလီက ပြောတယ်။ "အသင်းအသီးသီးဟာ မိမိတို့နိုင်ငံကနေ ရှားပါးထူးဆန်း အကောင်တွေ သယ်ဆောင်လာပြီး ဒီမှာ ကပြကြမှာ"

ဒီနောက် နာရီဝက်ခန့်အတွင်း သူတို့ရှိတဲ့ အထူးပွဲကြည့်အခန်းထဲမှာ တဖြည်းဖြည်း လူပြည့်လာတယ်။ မစ္စတာဝယ်စလီဟာ လူတွေနဲ့ အဆက်မပြတ် လက်ဆွဲနှုတ်ဆက်တယ်။ အဲဒီလူတွေကို ကြည့်ရတာ ထင်ရှားတဲ့ မှော်ဆရာကြီးများ ဖြစ်ကြောင်း သိသာတယ်။ ဖတ်စီဟာ အကြိမ်ကြိမ် ကမန်းကတန်း ထထရပ်တယ်။ သူ့ကို ကြည့်ရတာ ဖြူ့ကျောကုန်းပေါ် ထိုင်ဖို့ ကြိုးစားနေသလိုပဲ။ မှော်ဝန်ကြီးဌာနဝန်ကြီး ကွန်နလစ်-ဖဒ်ဂ် ကိုယ်တိုင် ကြွရောက်လာတဲ့အခါမှာ



ဖတ်စီဟာ ဦးညွှတ်အလေးပြုရာမှာ အကုန်းလွန်သွားလို့ မျက်မှန်ပြုတ်ကျပြီး ကွဲသွားတယ်။ သူဟာ ရှက်ကိုးရှက်ကန်း ဖြစ်ပြီး မှော်ကြိမ်လုံးနဲ့ မျက်မှန်ကို ပြန်ကောင်းအောင်ပြင်ပြီး ထိုင်ခုံတွင် ငိုင်ပြီးထိုင်နေတယ်။ ကွန်နလစ်-ဖဒ်ဂ်က ဟယ်ရီ့ကို မိတ်ဟောင်းဆွေဟောင်းလို နှုတ်ဆက်တော့ ဖတ်စီက မနာလိုတဲ့ အကြည့်နဲ့ ကြည့်လိုက်တယ်။ ဟယ်ရီနဲ့ဖဒ်ဂ်ဟာ အရင်ကတည်းက သိကြတယ်။ ဖဒ်ဂ်ဟာ ဖခင်တစ်ယောက်လို ဟယ်ရီ့လက်ကို ဆွဲကိုင်ထားပြီး သူ့ကို နေထိုင်ကောင်းရဲ့လား မေးတယ်။ တစ်ခါ အနီးမှာထိုင်နေတဲ့ မှော်ဆရာတွေနဲ့ မိတ်ဆက်ပေးတယ်။

"ဟယ်ရီ-ပေါ်တာ၊ သင်သိပါတယ်" သူက ဘူဂေးရီးယား မှော်ဝန်ကြီးဌာန ဝန်ကြီးကို အကျယ်ကြီး ပြောပြတယ်။ အဲဒီလူဟာ ရွှေရောင်အနားကွပ် နက်ရောင် စိန်ကတ္တီပါဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ သူ့ကြည့်ရတာ အင်္ဂလိပ်စကား တစ်လုံးမှ နားလည်ပုံမပေါ်ဘူး။

"ဟယ်ရီ-ပေါ်တာ—— အော၊ စဉ်းစားကြည့်ပါ၊ သူဘယ်သူဆိုတာ သင်သိသင့်တယ်. . . . ဟိုလူ့လက်ထဲက မသေဘဲ လွတ်လာတဲ့ ကောင်လေးလေ. . . သူ ဘယ်သူဆိုတာ သင် သိပြီမဟုတ်လား---"

ဘူဂေးရီးယားဝန်ကြီးဟာ ဟယ်ရီ့နဖူးပေါ်က အမာရွတ်ကို ရုတ်တရက် မြင်သွားတယ်။ ချက်ချင်းပဲ စိတ်ခေတ်တက်ကြွစွာ အမာရွတ်ကို လက်ညှိုးထိုးပြီး အကျယ်ကြီး ပြောဆိုနေတယ်။

"သူ နားလည်သွားမယ်ဆိုတာ ကျုပ်သိတယ်" ဖဒ်ဂ်က ဟယ်ရီ့ကို စိတ်ပန်းနွမ်းနယ်စွာပြောတယ်။ "ကျုပ်ဘာသာစကားဘက်မှာ သိပ်မပိုင်ဘူး။ ဒီလိုကိစ္စမျိုးကြုံရင် ဘာထီ-ခရောက်ချ်ကို လိုအပ်တယ်။ အား၊ သူ့အိမ်မွေးမှင်စာလေး သူ့အတွက် နေရာဦးထားတာ ကျုပ်မြင်တယ်. . . . အကွက်ချေတယ်။ ဘူဂေးရီးယားက ငနဲတွေဟာ အကောင်းဆုံး နေရာတွေကို ညာယူချင်တာ——အား၊ လူးရှုပ်စ် လာပြီ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ချက်ချင်း လှည့်ကြည့်ကြတယ်။ မစ္စတာဝယ်စလီ နောက်ဘက် ဒုတိယအတန်းထဲက လွတ်နေသေးတဲ့ ထိုင်ခုံသုံးခုဆီ လျှောက်လာနေသူဟာ အိမ်မွေးမှင်စာလေး ဒေါ့ဘီရဲ့ မူလက သခင်ပါပဲ။ လူရှုစ်-မော်ဖိုင်၊ ၎င်းရဲ့သား ဂျာခို-မော်ဖိုင်အပြင် မိန်းမတစ်ယောက်။ ဒါ သူ့ဇနီးနဲ့အမေဖြစ်မှာ သေချာတယ်လို့ ဟယ်ရီက ခန့်မှန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီနဲ့ ဂျာခို-မော်ဖိုင်ဟာ သူတို့ ပထမဆုံးအကြိမ် ဟော့ဂ်ဝပ်သွား ဦး ကျောင်းနေကတည်းက ရန်ဘက်ဖြစ်ကြတယ်။ ဂျာခိုဟာ အသားရောင် ဖျော့ဖျော့ ရှိတဲ့ကောင်လေး။ မျက်နှာချွန်ချွန်၊ ဝါဖျော့ဖျော့ဆံပင်၊ ငုဒ်ဖခင်နဲ့ အငွေ့တူတယ်။ သူ့အမေဟာလဲ ဆံပင်ဝါဝါရှိပြီး မြင့်မြင့်သွယ်သွယ်ပဲ။

သူမဟာ အနံ့ဆိုးဆိုးကို ရှူရလို့ ရွံမုန်းတဲ့အမူအရာ လုပ်လုပ်မနေရင် အရုပ်မဆိုးပါဘူး။

"အား၊ ဖဒ်ဂ်" မော်ဖိုင်ဟာ မော်ဝန်ကြီးဌာနဝန်ကြီး အေးကဖြတ်သွား တော့ လက်ကမ်းပေးတယ်။ "မင်္ဂလာပါ။ ကျွန်တော့်ဇနီး နာစစ်ဆာကို ခင်ဗျား မတွေ့ဖူးသေးဘူးထင်တယ်။ ဒါ ကျွန်တော့်သား ဂျာခို"

"မင်္ဂလာပါ၊ မင်္ဂလာပါ" ဖဒ်ဂ်က ပြောတယ်။ ရယ်ပြီး မစ္စစ်မော်ဖိုင်ကို ဦးညွှတ်အလေးပြုလိုက်တယ်။ "သင့်ကို မစ္စတာအော်ဘလန်နဲ့ မိတ်ဆက်ပေး ပါရစေ။ မစ္စတာ အော်ဘလန်၊ သူက ဘူဂေးရီးယား မော်ဝန်ကြီးဌာနဝန်ကြီး ကိစ္စမရှိဘူး၊ ကျုပ် ဘာပြောနေတယ်ဆိုတာ သူ လုံးဝနားမလည်ဘူး။ ဘယ်သူ့ သေးလဲဆိုတာ ကြည့်လိုက်ဦးမယ် —— ခင်ဗျား အာသာ-ဝယ်စလီကို သိမယ်လို့ ကျုပ်ပြောဝံ့တယ်"

အနေရကြပ်တဲ့ အချိန်ပဲ။ မစ္စတာဝယ်စလီနဲ့ မစ္စတာ မော်ဖိုင်တို့ အပြန်အလှန် စိုက်ကြည့်နေတယ်။ သူတို့ အရင်တစ်ခါ ဆုံတွေ့တဲ့ အဖြစ်အပျက် ကို ဟယ်ရီ သေချာမှတ်မိသေးတယ်။ အဲဒါ လုပခြင်းနဲ့ အမည်းကွက် စာအုပ် ဆိုင်မှာ၊ သူတို့ ရန်ဖြစ်ကြတယ်။ မစ္စတာမော်ဖိုင်ရဲ့ အေးစက်တဲ့ မီးခိုးရောင် မျက်လုံးဟာ မစ္စတာဝယ်စလီကို ကျော်ပြီး အဲဒီထိုင်ခုံတန်းကို အသွားအပြန် ကြည့်နေတယ်။

"ဘုရား၊ ဘုရား။ အာသာ" သူက ပေါ့ပေါ့လေးပြောတယ်။ "ခင်ဗျား ဘာတွေ ရောင်းပြီး ဒီအပေါ်ဆုံး သီးသန့်ပွဲကြည့်ခန်းက နေရာကို ဝယ်ကြည့်တာ လဲ။ ခင်ဗျားမှာ ဒီလောက်တန်တဲ့ ပိုင်ဆိုင်မှုရှိမှာ မဟုတ်ဘူး၊ ဟုတ်လား"

ဖဒ်ဂ်ဟာ သူပြောနေတာကို နားမထောင်ဘဲ ပြောတယ်။ "လူးရှုပ်စ် ဟာ မကြာခင်ကမှ စိန့်မန်ဂိုးဆေးရုံကို ရောဂါနဲ့ ဒဏ်ရာရသူများ ဆေးကုဖို့ ငွေအများကြီး လှူ ခဲ့တယ်။ အာသာ။ သူက ကျုပ်ဖိတ်တဲ့ ဧည့်သည်တော်ပဲ"

"အော —— သိပ်ကောင်းပါတယ်" မစ္စတာဝယ်စလီဟာ ကြိုးစားပြုံး ရင်း ပြောတယ်။



မစ္စတာမော်ဖိုင်ရဲ့ အကြည့်ဟာ ဟာမီးဆီ ရောက်သွားတယ်။ ဟာမီးဟာ မသိမသာ မျက်နှာနီလာတယ်။ ဒါပေမယ့် နည်းနည်းမှ မတွန့်ဆုတ် ဘဲ သူနဲ့ အပြန်အလှန် စိုက်ကြည့်နေတယ်။ မစ္စတာမော်ဖိုင့် ပါးစပ် ဘာကြောင့် ခဲ့ဘွန့်နေတယ် ဆိုတာ ဟယ်ရီ အလွန်ရှင်းရှင်း သိတယ်။ မော်ဖိုင်မိသားစု ဟာ မိမိတို့ မှော်ဆရာ မျိုးရိုးသန့်သန့် ဖြစ်တယ်ဆိုပြီး မာနထောင်လေ့ရှိတယ်။ သူတို့က မတ်ဂေါ်ရဲ့မျိုးဆက်ဆိုရင် ဥပမာ ဟာမီး။ အားလုံး အဆင့်နိမ့် တယ်လို့ ထင်တယ်။ သို့ပေမယ့် မှော်ဝန်ကြီးဌာန ဝန်ကြီးမျက်စိရှေ့မှာ မစ္စတာ မော်ဖိုင်ဟာ သိပ်လွန်အောင်တော့ မပြောဝံ့ဘူး။ သူဟာ မစ္စတာဝယ်စလီကို ရှော်တော်တော် ခေါင်းညိတ်ပြပြီး မိမိ နေရာဆီ လျှောက်သွားတယ်။ ဂျာခိုက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို အထင်သေးစွာ စိုက်ကြည့်လိုက်ပြီး သူ့မိဘကြား ဝင်ထိုင်တယ်။

"သောက်မြင်ကတ်စရာ အကောင်" ရွန်က ပွစိပွစိ ပြောတယ်။ သူ ဟာ ဟယ်ရီ၊ ဟာမီးနဲ့အတူ အကြည့်ကို ပြိုင်ကွင်းဆီ လှည့်လိုက်တယ်။ ဒီ နောက် လူဒို-ဘက်ဂမင်း သီးသန့်ပွဲကြည့်ခန်းထဲ ပြေးဝင်လာတယ်။

"အားလုံး အသင့်ဖြစ်ပြီလား" သူက ပြောတယ်။ သူ့မျက်နှာဝိုင်းဝိုင်း ဟာ ဒိန်ခဲလို လက်နေတယ်။ "ဝန်ကြီး ခင်ဗျား —— စ,လို့ရပြီလား"

"မင်းတို့ အဆင်သင့်ဖြစ်ရင် စပေါ့၊ လူဒို" ဖဒ်ဂ်က နွေးထွေးစွာ ပြောတယ်။

လူဒိုက မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ မိမိလည်ချောင်းကို ချိန်ပြီး ပြောတယ်။ "အသံအောင်စေ"။ ဒီနောက်မှာ သူစကားပြောတဲ့အသံဟာ ရှေ့နားသလိုပဲ၊ လူတွေ ပြည့်ကြပ်နေတဲ့ အားကစားရုံကြီး တစ်ခုလုံး ဟိန်းထွက် သွားတယ်။ သူ့အသံဟာ လူတွေ ခေါင်းပေါ်မှာ ဝဲပျံပြီး ပွဲကြည့်စင် နေရာအနှံ့ နှံ့သွားတယ်။

"အမျိုးသမီး၊ အမျိုးသားများခင်ဗျား --- အားလုံးကို ကြိုဆိုပါတယ်၊ ... ကြိမ်မြောက် ခွေဒစ်ကမ္ဘာ့ဖလားပွဲသို့ ကြွရောက်အားပေးခြင်းကို ကြိုဆိုပါတယ်"

ပရိသတ်ဆီက အားပေးသံ၊ လက်ခုပ်သံတွေ ပေါ်ထွက်လာတယ်၊ ... ောင်နဲ့ချီတဲ့အလံတွေ တစ်ပြိုင်နက် လှုပ်ယမ်းကြတယ်။ ရှုပ်ထွေးဆူညံတဲ့ ... တို့ရဲ့ နိုင်ငံတော်သီချင်းသံတွေလဲ ထွက်ပေါ်လာတယ်။ သိပ်ကို စည်ကား

www.burmeseclassic.com



ဘယ်၊ ၎င်းတို့ ရှေ့ဘက်ရှိ ကျောက်သင်ပုန်းပေါ်က (ဘီဘီရသာစုံပဲစေ့ --- ဘစ်လုတ်တဲ့တိုင်း စွန့်စားမှု အတွေ့အကြုံ ခံစားရမယ်) နောက်ဆုံး ကြော်ငြာ တတန်း ပျောက်ကွယ်သွားပြီ။ အခုပေါ်လာတာက ဘူဂေးရီးယား —— ဝ၊ အိုက်ယာလန် —— ဝ

"ကဲ၊ ရှည်ရှည် မပြောတော့ဘူး၊ ကျွန်တော် ဘူဂေးရီးယားနိုင်ငံ အသင်းရဲ့ လာဘ်ကောင်ကို မိတ်ဆက်ပေးပါရစေ"

ပွဲကြည့်စင် ယာဘက်မှာက ညီညာတဲ့ အနီရဲရဲ လေးဒေါင့်အုပ်စု အခု အသံ ကျယ်လောင်စွာ ပျော်ရွှင်အော်ဟစ်သံ ပေါ်ထွက်လာတယ်။

"သူတို့ ဘာများယူဆောင်လာပါသလဲ" မစ္စတာဝယ်စလီက ပြောရင်း ကိုယ်ကို ရှေ့ကိုင်းကြည့်တယ်။ "အား" သူက မျက်မှန်ကို ဆတ်ခနဲ ဆွဲချွတ်တယ်၊ ဝတ်ရုံပေါ်မှာ ကမန်းကတန်း သုတ်လိုက်တယ်၊ "ဗီး ——?"

"ဗီးဆိုတာ ဘာလဲ ——"

ဗီးလာ တစ်ရာဟာ ပြိုင်ကွင်းဆီ လျှောခနဲ ဝင်လာတာ တွေ့ရလို့ ဟယ်ရီ့ သံသယဟာ အဖြေရသွားတယ်။ ဗီးလာဆိုတာ မိန်းမ --- ဟယ်ရီ့ဘဝ မှာ မြင်တွေ့ဖူးတဲ့ အလှဆုံးမိန်းမ --- ဒါပေမယ့် သူမတို့ဟာ --- လူစစ်စစ်တော့ --- မဟုတ်နိုင်ဘူး။ ဟယ်ရီဟာ ဘာမှန်းမသိဖြစ်နေပြီး သူမတို့ဟာ ဘာလဲဆို တာ တွေးရခက်နေတယ်။ သူမတို့ အသားအရေဟာ ဘာဖြစ်လို့ လရောင်လို တောက်ပနေတာလဲ။ ဘာဖြစ်လို့ သူမတို့ဆံပင်ဟာ လေမတိုက်ဘဲ နောက်ဖေ့ဖွာ လွင့်ပျံနေတာလဲ —— ဒီအချိန်မှာပဲ သီချင်းသံ ပေါ်ထွက်လာတယ်။ ဟယ်ရီဟာ သူမတို့ လူအစစ် ဟုတ်မဟုတ်ဆိုတာ တွေးမနေတော့ဘူး —— စင်စစ်၊ သူ ဘာကိုမှ တွေးလို့မရတော့ဘူး။

ဗီးလာတို့ စတင်ကခုန်ကြတယ်။ ဟယ်ရီ့ခေါင်းထဲမှာ ဟာလာဟင်း လင်းကြီး ဖြစ်ပြီး အလွန့်အလွန် ဝမ်းသာမှုကိုပဲ ခံစားရတယ်။ ကမ္ဘာပေါ်က ကိစ္စအားလုံး ဘာမှ အရေးမကြီးတော့ဘူး။ သူ ဗီးလာတို့ကို စိုက်ကြည့်နေရရင်း ကျေနပ်နေတယ်။ အကြောင်းက ၎င်းတို့ အကရပ်သွားရင် ကြောက်စရာ အဖြစ်အပျက်တွေ ဖြစ်လာလိမ့်မယ်. . . .

ဗီးလာတို့ ကတာ မြန်သထက် မြန်လာတာနဲ့အတူ မရေရာတဲ့ အရူး အမူး စိတ်ကူးတွေဟာ ဟယ်ရီ့ မူးယစ်ရီဝေတဲ့ ခေါင်းထဲမှာ ဝဲပျံလာတယ်။ သူဟာ အလွန့်အလွန် ထူးခြားပေါ်လွင်တဲ့ အလုပ်တစ်ခု လုပ်ချင်လာတယ်။



ချက်ချင်း လုပ်ချင်တယ်။ သီးသန့်ပွဲကြည့်စင်ကနေ အားကစားရုံထဲ ခုန်ချရင် ဘယ့်နှယ်နေမလဲ။ သိပ်တော့ မဆိုးဘူး . . . . ဒါပေမယ့် တကယ်ကော ထူးခြားပေါ်လွင်မလား။

"ဟယ်ရီ၊ နင် ဘာလုပ်နေတာလဲ" ဟိုး အဝေးကြီးဆီက ဟာမီးအသံ ပေါ်လာတယ်။

ဂီတသံ ရပ်သွားတယ်။ ဟယ်ရီဟာ နားဝေတိမ်တောင် မျက်တောင် ခတ်လိုက်တယ်။ သူ ရပ်နေပြီး ခြေတစ်ချောင်းကို သီးသန့်ပွဲကြည့်စင် အကာ အခုံပေါ် တင်ထားတယ်။ သူ့ဘေးမှာ ရွန်ဟာ ရေကူးကန်ထွမ်းထိုးစင်ပေါ်က ထွမ်းထိုးချမယ့်ပုံနဲ့ မလှုပ်မယှက် ငိုင်နေတယ်။

အားကစားရုံထဲမှာ ဒေါသနဲ့ အော်သံတွေ ပေါ်ထွက်နေတယ်။ လူ တွေဟာ ဗီးလာတို့ ထွက်မသွားစေချင်ဘူး။ ဟယ်ရီ့အတွေးဟာလဲ ၎င်းတို့နဲ့ အတူဘူပဲ။ သူဟာ ဘူဂေးရီးယားအသင်းကို ထောက်ခံမှာအမှန်ပဲ။ မိမိ ရင် ဘတ်မှာ အစိမ်းရောင် ရှမ်းရော့ခ်ရွက် အကြီးကြီးချိတ်ထားတာကို သူ ဘာမှန်း မသိ အံ့သြနေတယ်။ တစ်ချိန်တည်းမှာပဲ ရွန်ဟာ အူကြောင်ကြောင်နဲ့ မိမိဦး ထုပ်ပေါ်က ရှမ်းရော့ခ်ရွက်ကို ဆွဲဖြုတ်ပစ်တယ်။ မစ္စတာဝယ်စလီဟာ ပြုံးပြီး ကိုယ်ကိုကိုင်းကာ ရွန့်လက်ထဲကနေ ဦးထုပ်ကို ဆွဲယူသွားတယ်။

"ခဏနေလို့ အိုက်ယာလန်အသင်း ကပြပြီးရင်" မစ္စတာဝယ်စလီက ပြောတယ်။ "မင်း ၎င်းကို အသုံးလိုမှာပါ"

"ဟင်?" ရွန်က အသံထွက်တယ်။ ပါးစပ်အဟောင်းသားနဲ့ ဗီး လာတွေကို စိုက်ကြည့်နေတယ်။ ဒီအချိန်မှာ သူမတို့ဟာ ပြိုင်ကွင်းတစ်ဖက်မှာ တန်းစီရပ်နေကြပြီ။

ဟာမီးဆီက စုတ်သတ်သံ အကျယ်ကြီး ထွက်လာတယ်။ သူမဟာ ဟယ်ရီ့ကို နေရာဆီ ပြန်ဆွဲခေါ်တယ်။ "အမလေး၊ နင် ဘယ့်နှယ်ဖြစ်နေတာလဲ" သူမက ပြောတယ်။

"အခု" လူဒို-ဘက်ဂမင်းအသံဟာ ခေါင်းလောင်းကြီး တီးလိုက်သလို ပေါ်ထွက်လာတယ်။ "မှော်ကြိမ်လုံးကို မိုးပေါ်ထောင်ပါ --- အိုက်ယာလန်နိုင်ငံ အသင်းရဲ့ လာဘ်ကောင်ကို ကြိုဆိုကြရအောင်"

ဆက်လက်ပြီး ရှူးဆိုတဲ့ အသံနဲ့အတူ ဧရာမ ရွှေရောင်နဲ့ အစိမ်းကြား ကြယ်တံခွန် တစ်ခု အားကစားရုံထဲ ပျံဝင်လာတယ်။ ကောမက်ကြယ်ကြီးတစ်လုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူတယ်၊

ဒင်းဟာ ရုံထဲမှာ တစ်ပတ်ဝဲပျံရင်း ပိုသေးတဲ့ကောမက်ကြယ်နှစ်ခု အပြစ် ကွဲသွားကာ ဂိုးတိုင်တစ်ခုဆီ ထိုးဝင်သွားတယ်။ မြိုင်ကွင်းကြီးတစ်ခုလုံးရဲ့ အထက်မှာ သက်တံကွေးကွေး ပေါ်လာတယ်၊ လက်နေတဲ့ ဘောလုံးကြီးနှစ်ခု လုံးတို့ ဆက်နွယ်ပေးလိုက်တယ်။ လူအုပ်ထဲက "ဟော"၊ "ဟယ်" နဲ့ အံ့ဩသံ တွေ ထွက်လာတယ်။ မီးပန်းလွှတ်တာ ကြည့်ရသလိုပဲ။ ဒီအချိန်မှာ သက်တံ ပျောက်ကွယ်သွားပြီ။ လက်နေတဲ့ ဘောလုံးကြီးတွေဟာ အပြန်အလှန် ဆက်စပ် ရောနှောပြီး ရောမ လင်းလက်တဲ့ ရှမ်းရော့ခ်ရွက် ဖြစ်သွားတယ်။ မိုးပေါ်သို့ အမြင့်ကြီး လွင့်တက်သွားပြီး ပွဲကြည့်စင်အထက်မှာ စတင်ဝဲပျံနေတယ်။ အပေါ်ကနေ တဖျောက်ဖျောက် ဘာတွေ ကျလာမှန်းမသိဘူး။ ရွှေရောင်မိုး စက်တွေနဲ့ တူတယ် —

"တယ်ဟုတ်ပါလား" ရွန်က ကုန်းအော်တယ်။ ရှမ်းရော့ခ်ရွက်ဟာ သူတို့ခေါင်းပေါ်မှာ ဝဲနေတယ်။ ရောမ ရွှေဒင်္ဂါးတွေ အဆက်မပြတ် ကြွေချတယ်၊ သူတို့ ခေါင်းပေါ်၊ ထိုင်ခုံပေါ် ကျလာတယ်။ ဟယ်ရီက မျက်စိမှေးပြီး အဲဒီ ရှမ်းရော့ခ်ရွက်တွေကို သေချာလေ့လာကြည့်တယ်။ ဒင်းဟာ စင်စစ် ကိုယ်ကပ် လက်ပြတ်အင်္ကျီအနီ ဝတ်ဆင်ပြီး နူတ်ခမ်းမွေးထားတဲ့ လူကလေးတွေနဲ့ ဖွဲ့စည်း ထားတယ်ဆိုတာ တွေ့ရတယ်။ လူကလေးတွေဟာ ရွှေရောင် ဒါမှမဟုတ် အစိမ်းရောင် မီးအိမ်လေးတွေ ကိုင်ထားကြတယ်။

"အဲဒါ အိုက်ယာလန်သရဲပုလေးတွေ" မစ္စတာဝယ်စလီဟာ ဝမ်းသာ အားရ အော်သံတွေကြားက ပြောတယ်။ လူတွေဟာ ဩဘာပေးရင်း ဆူဆူညံညံ ဝိုင်းလုနေကြတယ်။ ထိုင်ခုံအောက်ဝင်ပြီး ရွှေဒင်္ဂါး ကောက်သူလဲရှိတယ်။

"ရော့" ရွန်က ဝမ်းသာစွာ အော်ပြောရင်း ဟယ်ရီ့လက်ထဲကို ရွှေဒင်္ဂါး တစ်ဆုပ် ထည့်ပေးတယ်။ "မင်း တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်း အ တွက်။ မင်း အခု ငါ့ကို ခရစ္စမတ်လက်ဆောင် ဝယ်ပေးရတော့မယ်၊ ဟားဟား"

ရောမ ရှမ်းရော့ခ်ရွက်ကြီး ပျောက်ကွယ်သွားပြီ။ သရဲပုလေးတွေဟာ မြိုင်ကွင်းထဲရှိ ဝီးလာတို့နဲ့ မျက်နှာချင်းဆိုင်ဘက်ကို ဖြည်းဖြည်းဆင်းလာ ကြတယ်။ တင်ပျဉ်ခွေပြီး ထိုင်ချကာ မြိုင်ပွဲကြည့်ဖို့ နေရာယူတယ်။

"အခု၊ အမျိုးသမီးများနဲ့ အမျိုးသားများခင်ဗျား၊ လိုက်လှဲစွာ ကြိုဆိုကြပါ— — ဒါကတော့ ဘူဂေးရီးယားနိုင်ငံ ခွေဒစ်အသင်း။ အားလုံးကို မိတ်ဆက်ပေး



ချင်မယ်—— ဒိမိ ထရော့ဖ်"

တံမြက်စည်းကို စီးလာတဲ့ အနီရောင်အင်္ကျီ ဝတ်ဆင်ထားသူရဲ့ အရိပ်ဟာ အောက်ဘက်ရှိ ဝင်ပေါက်ဆီကနေ မြိုင်ကွင်းထဲ ပျံတက်လာတယ်၊ ဒုပျံတာ သိပ်မြန်လွန်းလို့ ရှင်းရှင်းမမြင်ရဘူး။ ဘူဂေးရီးယားအသင်းကို အား ပေးသူတွေက အရူးအမူး ဩဘာပေးကြတယ်။

"အီဗန်နော့ဗာ"

ဒုတိယ ဝတ်စုံရှည်နီနီနဲ့ အရိပ်တစ်ခု ရှူးခနဲ ပျံထွက်လာတယ်။

"ဇိုဂရပ်ဖ်၊ လက်ဗ်စကီး၊ ဗော်ချာနော့ဗ်၊ ဗော်ခေါ့ဗ်၊ ဒီနောက်—— ခရွန်းမ်"

"သူပဲ၊ သူပဲ" ရွန်က အော်ပြောရင်း မိမိရဲ့ တခွင်လုံးမြင် အဝေးကြည့် မှန်ပြောင်းနဲ့ ခရွန်းမ်ကို လိုက်နေတယ်။ ဟယ်ရီကလဲ မိမိမှန်ပြောင်းကို အမြန်းကတန်း ဒင်းဆီ ချိန်ကြည့်လိုက်တယ်။

ဗစ်ခတာ-ခရွန်းမ်ဟာ မည်းမည်းပိန်ပိန်။ အသားအရောင်က မီးခိုးဝါ၊ ဒီမ်းငှက်နှုတ်သီး နှာခေါင်းကြီးအပြင် မျက်ခုံးမွေးမည်းမည်း နှစ်တန်းရှိတယ်။ ကိုယ်ခန္ဓာရောမကြီးတဲ့ သိမ်းငှက်ကြီးနဲ့ တူနေတယ်။ သူ ခုမှ ၁၈-နှစ်ပဲ ရှိသေး တယ် ဆိုတာ ယုံတောင်မယုံနိုင်ဘူး။

"အခု အိုက်ယာလန်နိုင်ငံ ခွေဒစ်အသင်းကို —— ကြိုဆိုကြပါစို့" ဘက်ဂမင်းက အသံဟိန်းသွားအောင် အော်ပြောတယ်။ "ကွင်းထဲ ဝင်လာသူ တွေကတော့--- ကွန် နော်လီ၊ ရိုင်အန်၊ ထရိုရီ၊ မောလက်၊ မိုရန်၊ ခွေဂရီ၊ ပြီး- တော့--ပြီးတော့---လင့်ခ်ျ"

အစိမ်းရောင် မသဲမကွဲအရိပ် ခုနစ်ခု မြိုင်ကွင်းဆီ ပျံတက်လာတယ်၊ ဟယ်ရီက တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်း ဘေးဘက်က ခလုတ်ကလေး တစ်ခုကို လှည့်လိုက်ပြီး ဘောသမားတွေရဲ့ လှုပ်ရှားမှုကို နှေးအောင် လုပ်ကြည့် တယ်၊ ဒင်းတို့ မိုးပျံတံမြက်စည်းပေါ်မှာ "မီးသတ္တိ"လို့ ရိုက်နှိပ်ထားတာ မြင်ရတယ်။ ဒင်းတို့ ကျောပေါ်မှာ ငွေချည်နဲ့ မိမိတို့အသီးသီးရဲ့ နာမည်ထိုးထား တာ မြင်ရတယ်။

"ပြီးတော့ ကျွန်တော်တို့အတွက် ဒီနေ့ဒိုင်လူကြီးဟာ ဟိုးအဝေးကြီး အီဂျစ်ကနေ ပျံသန်းလာတယ်။ ဒင်းဟာ အများချစ်မြတ်နိုးတဲ့ အပြည်ပြည် ဆိုင်ရာ ခွေဒစ်ပူးပေါင်းအဖွဲ့ဥက္ကဋ္ဌဖြစ်ပါတယ် —— ဟာဆန်-မောစ်တာဖာ"

www.burmeseclassic.com



ပုဂ္ဂိုလ်ငြိမ်ခြောက်တဲ့ မော်ဆရာဟာ အားကစားရုံအရောင်နဲ့ လိုက်ဖက်
တဲ့ အနေါက်ရွှေရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး ပြိုင်ကွင်းဆီ ခြေလှမ်း
ဘဲကြဲ လျှောက်သွားတယ်။ ၎င်းဟာ လုံးဝ ထိပ်ပြောင်နေတယ်။ ဒါပေမယ့်
မုတ်ဆိတ်မွေးကြီးကတော့ ဦးလေးဗာနွဲ့မုတ်ဆိတ်နဲ့ ယှဉ်နိုင်တယ်။ ငွေဝီ
ဘင်ခုဟာ ၎င်းရဲ့ မုတ်ဆိတ်အောက်က ပေါ်ထွက်လာတယ်။ သူဟာ ချိုင်းတစ်
ဖက်အောက်မှာ သစ်သားသေတ္တာကြီးတစ်လုံးကို ညှပ်ထားပြီး ကျန်ချိုင်းတစ်ဖက်
အောက်မှာ ၎င်းရဲ့မိုးပျံတံမြက်စည်းကို ညှပ်ထားတယ်။ ဟယ်ရီဟာ တခွင်လုံး
မြင်မှန်ပြောင်းကို ပုံမှန်နှုန်းဆီ ပြန်လှည့်လိုက်ပြီး၊ မော့စ်ထာဖ တံမြက်စည်းပေါ်
ခွတက်၊ သစ်သားသေတ္တာကို ခြေနဲ့ကန်ဖွင့်တာ ကြည့်နေတယ်။ ဘောလုံး လေးလုံး
ဟာ ချက်ချင်း မိုးပေါ် ထိုးတက်သွားတယ်။ နီရဲတဲ့ ခွပ်ဖော်၊ အမည်းရောင်
ဘလဒ်ဂါ နှစ်လုံး၊ ပြီးတော့ အလွန့်အလွန် သေးငယ်တဲ့၊ တောင်ပံပါရှိတဲ့
ရွှေရောင်ဘောလုံးပျံလေး (ဟယ်ရီ မြင်ရရုံရှိသေးတယ်။ ၎င်းဟာ ပျောက်သွား
တယ်)။ မော့စ်ထာဖာဟာ ဝီစီမှုတ်လိုက်ပြီး အဲဒီ ဘောလုံးတွေနဲ့အတူ မိုးပေါ်
ပျံတက်သွားတယ်။

" အား၊ သူ — သူ — သူတို့ စထွက်ပြီ " ဘက်ဂမင်းက စူးရှစွာ
အော်ပြောတယ်။ "ဒါက မောလက်-ထရိုရီ မိုရန်၊ ဒီမီထရော့ဗ်။ မောလက်
ပြန်ရောက်ပြီ။ ထရိုရီ၊ လက်ဗ်စကီး၊ မိုရန်"

ဟယ်ရီဟာ ဒီလောက်ကောင်းတဲ့ ခွေဒစ်ပြိုင်ပွဲကို ဘယ်တုန်းက
မကြည့်ခဲ့ရဘူး။ သူဟာ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းကို နှာခေါင်းပေါ်
တအားဖိကပ်ထားလို့ မျက်မှန်တောင် နှာခေါင်းပေါ် ချိုင့်ဝင်သွားတယ်။
ဘောသမားတွေရဲ့ အရှိန်ဟာ မယုံနိုင်စရာပါပဲ —ဘောလိုက်သမားဟာ ခွပ်
ဖော်ကို တခြားအသင်းသားတွေဆီ အဆက်မပြတ် ပို့ပေးနေတယ်။ အရှိန်မြန်
လွန်းလို့ ဘက်ဂမင်းဟာ ၎င်းတို့နာမည်မျှသာ ပြောနိုင်တော့တယ်။ ဟယ်ရီဟာ
တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းဘေးက အနှေးကြည့်ခလုတ်ကို လှည့်
လိုက်တယ်။ တစ်ခါ အထက်ဘက်ရှိ ပြိုင်ပွဲအခြေအနေ ရှင်းပြတဲ့ခလုတ်ကို နှိပ်
ပြန်တယ်။ သူဟာ အနှေးပြတာ ချက်ချင်းမြင်ရတယ်။ မှန်ပေါ်မှာ ခရမ်းရောင်
စာလုံးတွေ ဖြတ်သွားသေးတယ်။ တချိန်တည်းမှာ တစ်ရုံလုံးရှိ ပွဲကြည့်ပရိသတ်
ရဲ့ ဆူညံသံတွေဟာ သူ့နားစည်ကို ရိုက်ခတ်နေတယ်။

"သိမ်းငှက်ခေါင်းထိုး စစ်ပုံသဏ္ဍာန်" သူဟာ ဒီလိုစာတွေကို ဖတ်



တယ်။ တစ်ချိန်တည်းမှာ အိုက်ယာလန်ဘောလိုက်သမားသုံးယောက် ပူးကပ်ပြီး
ပျံသွားတာ တွေ့ရတယ်။ ထရိုရီက အလယ်မှာ။ နည်းနည်းရှေ့ကျတာက
မောလက်နဲ့ မိုရန်။ သုံးယောက်သား ဘူဂေးရီးယားအသင်း ဘောသမားတွေဆီ
တစ်ပြိုင်နက် ကပ်သွားတယ်။ ဆက်ပြီး မှန်ပေါ်မှာ "ပေါစခေါ့ဖ်နည်းပရိယာယ်"
ဆိုတဲ့စာကို တွေ့ရတယ်။ ထရိုရီဟာ ခွပ်ဖော်ကို ယူဆောင်ပြီး အထက်သို့ ထိုး
တက်ဟန် ဆောင်ကာ ဘူဂေးရီးယားဘောလိုက်သမား အီဗန်နော့ဗ်ကို ရှောင်
လိုက်တယ်။ ဒီနောက် ဘောလုံးကို မိုရန့်ဆီ ပစ်ပေးတယ်။ ဘူဂေးရီးယား
ဘောရိုက်သမားတစ်ယောက်ဖြစ်တဲ့ ဗော်ခေါ့ဗ်ဟာ လက်ထဲက တုတ်တိုနဲ့ ပျံ
ဝင်လာတဲ့ ဘလဒ်ဂါကို တအားရိုက်ထုတ်လိုက်တယ်။ မိုရန်ရှိရာသို့ ရိုက်ထုတ်
လိုက်တယ်။ မိုရန်ဟာ အောက်သို့ပုဝင်ပြီး ဘလဒ်ဂါကို ရှောင်ကာ ခွပ်ဖော်ကို
လွှတ်လိုက်တယ်။ အောက်ဘက်မှာ ဝဲနေတဲ့ လက်ဗ်စကီးဟာ ဘောလုံးကို
ဖတ်ခနဲ ဖမ်းထားလိုက်တယ် —။

"ထရိုရီ ဘောဝင်တယ်" ဘက်ဂမင်းရဲ့အသံကြီးက အော်ဟစ်နေ
တယ်။ ပွဲကြည့်သူတွေ ပျော်ရွှင်အော်ဟစ်ကြတဲ့အတွက် အားကစားရုံကြီး
တုန်ခါနေတယ်။ "၁၀း၀၊ အိုက်ယာလန် ရှေ့ကပြေးနေတယ်"

"ဘာ" ဟယ်ရီက စိတ်ပူပင်စွာ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်
ပြောင်းကတစ်ဆင့် နေရာတကာ လိုက်လံရှာဖွေတယ်။ ပါးစပ်ကလဲ တအား
အော်ပြောတယ်။ "ဒါပေမယ့် ခွပ်ဖော်ကို လက်ဗ်စကီးက ယူသွားတာပဲ"

"ဟယ်ရီ နင်ပုံမှန်နှုန်းနဲ့ မကြည့်ဘဲနေရင်၊ အကွက်ကောင်းတွေ လွတ်
သွားလိမ့်မယ်နော်" ဟာမီးက အကျယ်ကြီးပြောတယ်။ ဘောဝင်ပြီးနောက်
ခုန်ချင်းကို တစ်ပတ်ပတ်တယ်။ ဟာမီးဟာ စိတ်လှုပ်ရှားလို့ ခုန်နေတယ်။ လက်
နှစ်ဖက်ကို အဆက်မပြတ် လှုပ်ယမ်းနေတယ်။ ဟယ်ရီက တစ်ခွင်လုံးမြင်
အဝေးကြည့်မှန်ပြောင်းပေါ်က မော့ကြည့်လိုက်တော့ ဘေးစည်းပေါ်မှာ ပြိုင်ပွဲ
ကြည့်နေတဲ့ သရဲပုလေးတွေဟာ မိုးပေါ်ပျံတက်သွားပြီး တလက်လက် တောက်
နေတဲ့ ရောမရှမ်းရော့ခ်ရွက်ကြီး ဖြစ်သွားပြန်တယ်။ ပြိုင်ကွင်းတဖက်မှ ဗီလာ
တွေဟာ မျက်နှာအိုပြီး သူတို့ကို ကြည့်နေတယ်။

ဟယ်ရီဟာ မိမိကိုယ်မိမိ အလွန်စိတ်ဆိုးတယ်။ သူဟာ ပုံမှန်နှုန်း
ဖြစ်အောင် ပြန်လှည့်ထားလိုက်တယ်။ ပြိုင်ပွဲ ဆက်ကစားနေတယ်။

ဟယ်ရီဟာ ခွေဒစ်ပြိုင်ပွဲနဲ့ ပတ်သက်ပြီး အလွန်နားလည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိုက်ယာလန်အသင်း ဘောလိုက်သမားဟာ အဆင့်မြင့်မြင့်ကစားနိုင်တာ သူသိတယ်၊ သူတို့အသင်းဟာ အပေးအယူ ဟာကွက်မရှိဘူး။ လှုပ်ရှားမှုလဲ အလှူန်အဆင်ပြေတယ်။ အပြန်အလှန် သဘောပေါက်နေပုံပဲ။ ဟယ်ရီ့ရင်ဘတ်ပေါ်က နှင်းဆီသဏ္ဌာန် တံဆိပ်ပြားဟာ ၎င်းတို့နာမည်ကို အဆက်မပြတ်အော်ခေါ်နေတယ်။ "မောလက် —— မိုရန်" ဆိုယ်မိနစ်အတွင်းမှာ အိုက်ယာလန်အသင်း နောက်ထပ် နှစ်ဂိုးသွင်းလိုက်တယ်။ အမှတ်ကို ၃၀း၀ ဖြစ်သွားစေတယ်။ အစိမ်းရောင်ဝတ်တဲ့ ထောက်ခံသူတွေ မိုးမြေသိမ့်သိမ့် အော်ဟစ်အားပေးကြတယ်။

ပြိုင်ပွဲ ပိုပြင်းထန်လာတယ်။ ပိုပြီးလဲ ရက်စက်လာတယ်။ ဘူဂေးရီးယား အသင်း ဘောရိုက်သမား ဗော်ခေါ့ဖ်နဲ့ ဗော်ချာနော့ဗ်တို့ဟာ ရှိသမျှအားနဲ့ ဘလဒ်ဂါကို အိုက်ယာလန် ဘောလိုက်သမားဆီ ရိုက်ပို့ကြတယ်။ ဒီပြင် ၎င်းတို့ကို အကောင်းဆုံး တိုက်စစ်မဆင်နိုင်အောင် တားဆီးဖို့ ကြိုးစားတယ်။ သူတို့ဟာ မတတ်သာဘဲ နှစ်ကြိမ် တကွဲတပြား ဖြစ်သွားကြတယ်။ နောက်ဆုံးမှာ အီဗန်နိုဗာဟာ ၎င်းတို့ ခံစည်းကို ချိုးဖောက်ပြီး ဂိုးစောင့်ရေအန်ကို ရှောင်ကာ ဘူဂေးရီးယားအသင်းအတွက် ပထမဂိုးကို သွင်းယူလိုက်တယ်။

" လက်ချောင်းနဲ့ နားကိုဆို့ထား " မစ္စတာဝယ်စလီဟာ ဗီးလာတို့ စတင် ကခုန် အောင်ပွဲခံတာ မြင်တွေ့ရတော့ ကမန်းကတန်း အော်ပြောတယ်။ ဟယ်ရီက မျက်စိတောင် မှိတ်ထားလိုက်တယ်။ သူဟာ မိမိအာရုံကို ပြိုင်ပွဲမှာပဲ စုစည်းထားချင်တယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူဟာ စွန့်ပြီး ပြိုင်ကွင်းဆီ ကြည့်လိုက်တယ်။ ဗီးလာတို့ အကရပ်သွားပြီ။ ခွပ်ဖော်ဟာ ဘူဂေးရီးယားအသင်းလက်ထဲ ရောက်နေတယ်။

"ဒီမီထရော့ဗ်၊ လက်ဗ်စကီး၊ ဒီမီထရော့ဗ်၊ အီဗန်နိုဗာ —— အိုး ဘုရားဘုရား" ဘက်ဂမင်းက အသံဩဇာကောင်းကောင်းနဲ့ ပြောတယ်။

မော်ဆရာတစ်သိန်း အသက်ရှူအောင့်ပြီး ရှာဖမ်းသမားနှစ်ယောက်ထိုးစိုက်ကြည့်နေတယ်။ ခရွှန်းမ်နဲ့ လင့်ချ် ——ဟာ ဘောလိုက်သမားတွေကြားထဲ အလျှင်အမြန် သက်ဆင်းကြတယ်။ အရှိန်မြန်တာမှ သူတို့ဟာ လေထဲမပါဘဲ လေယာဉ်ပေါ်က ခုန်ချသလား မှတ်ထင်ရတယ်။ ဟယ်ရီဟာ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းနဲ့ ၎င်းတို့ သက်ဆင်းတာကို လိုက်ကြည့်ရင်း မျက်စိနဲ့ ရွှေဘောလုံးပျံလေးကို ရှာဖွေနေတယ် ——



"သူတို့ မြေကြီးနဲ့ ဝင်ဆောင့်မိတော့မယ်" ဟယ်ရီ့ဘေးက ဟာမိုင်းထအော်တယ်။

သူမ တစ်ဝက်ပဲ မှန်တယ် —— နောက်ဆုံးတစ်စက္ကန့်မှာ ဗစ်ခတာ-ခရွှန်းမ် ထိုးဆင်းတာ ရပ်သွားပြီး အပေါ်သို့ ပြန်တက်လာတယ်။ ဝဲပြီး ပျံထွက်သွားတယ်။ လင့်ချ်ကတော့ မြေပေါ်ကို တအား ဝင်ဆောင့်ကျသွားတယ်။ ဘန်းမအသံဟာ အားကစားကွင်းတခုလုံး ကြားရတယ်။ အိုက်ယာလန်ပရိသတ်ပွဲကြည့်စင်ပေါ်ကနေ ဝမ်းနည်းညည်းညူသံတွေ ပေါ်ထွက်လာတယ်။

" ငအ " မစ္စတာဝယ်စလီက အပြစ်တင်တယ်။ " ခရွှန်းမ်က ဟန်ပြညပ်တာ"

" ပြိုင်ပွဲ ယာယီရပ်နားတယ် " မစ္စတာဘက်ဂမင်းက အော်ပြောတယ်။ "လေ့ကျင့်ထားတဲ့ ကွင်းဆရာဝန် မြန်မြန်လာပါ။ အိုက်ဒန်-လင့်ချ် ဒဏ်ရာကို စစ်ဆေး ပါ"

"ဘာမှ မဖြစ်ပါဘူး၊ အားပြင်းလွန်းသွားတာပါ" ချာလီက ဂျင်နီကို နှစ်သိမ့်တယ် —— ဂျင်နီဟာ အထူးပွဲကြည့်စင်ဘေးဘက် ကပ်သွားတယ်။ ကြောက်လန့်တဲ့ အမူအရာ ဖော်ပြနေတယ်။ " ဒါပဲလေ၊ ခရွှန်းမ် ဖြစ်စေချင်တာ ဒါပဲ . . . . "

ဟယ်ရီဟာ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းပေါ်က ပြန်ပြသတာနဲ့ ပြိုင်ပွဲအခြေအနေ ရှင်းပြခလုတ်ကို အမြန်နှိပ်လိုက်တယ်။ နှုန်းဒိုင်ခွက်ကို ချိန်လိုက်တယ်။ ဒီနောက် မှန်ပြောင်းကို မျက်စိပေါ် ပြန်ကပ်လိုက်တယ်။

ခရွှန်းမ်နဲ့ လင့်ချ်တို့ အနေးပြ ထိုးဆင်းသွားတာ သူမြင်ရတယ်။ သူ့မှန်ပေါ်မှာ လက်နေတဲ့ ခရမ်းရောင်စာတန်းကို မြင်ရတယ်။ ရန်းစကီး ဖိန်ပြနည်း —— အန္တရာယ် ရှိတဲ့ ရှာဖမ်းသမားကို ချုပ်ကိုင်ခြင်း။ ခရွှန်းမ် အချိန်မီ ရပ်တန့်လိုက်ပြီး လင့်ချ် မြေပေါ်ဆောင့်ကျသွားစဉ်မှာ ခရွှန်းမ် အာရုံ ညွှန့်စုစည်းပြီး မျက်နှာပေါ်က ကြွက်သားတွေ တင်းနေတာ ဟယ်ရီ မြင်ရတယ်။ ဒီတော့ ဟယ်ရီ နားလည်သွားပြီ။ ခရွှန်းမ်ဟာ ရွှေဘောလုံးပျံလေးကို လုံးဝမမြင်ဘူး။ သူဟာ လင့်ချ် သူလုပ်သလို လိုက်လုပ်စေချင်တာ။ ဟယ်ရီဟာ ဒီလို ပျံသန်းတာမျိုး ဘယ်တုန်းကမှ မမြင်ဖူးဘူး။ ခရွှန်းမ်ကြည့်ရတာ မိုးပျံတံမြက်စည်း ဘယ်တော့မှ မသုံးဘဲ မိုးပေါ်မှာ စိတ်သွားတိုင်း ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဒါ ပုံသန်းသွားလာနေတယ်။ ဘာကိုမှ အားကိုးစရာမလိုဘဲ ငှက်မွေးတစ်ပင်လို ခပေါ့ပေါ့နေတယ်။ ဟယ်ရီဟာ တစ်ခွင်လုံးမြင် အဝေးကြည့်မှန်ပြောင်းကို ပုံမှန် နှုန်း ပြန်ချိန်တယ်။ မှန်ပြောင်းကို ခရွှန်းမ်ဆီ ချိန်လိုက်တယ်။ ကွင်းဆရာဝန်ဟာ လင့်ချ်ကို ဖျော်ရည်နည်းနည်း တိုက်နေတယ်။ လင့်ချ်ဟာ ခွန်အား ဖြည်းဖြည်း ပြည့်လာတယ်။ ခရွှန်းမ်ဟာ လင့်ချ်ခေါင်းပေါ် ဝဲနေတယ်။ ဟယ်ရီဟာ ခရွှန်း မျက်နှာကို ပိုပြီးသေချာ ကြည့်တယ်။ ၎င်းရဲ့ မျက်လုံးနက်နက်ဟာ ပေတစ်ရာ အောက်ရှိ ပြိုင်ကွင်းကို ဝေ့ကြည့်နေတာတွေ့ရတယ်။ သူဟာ လင့်ချ် ခွန်အား ပြန်ရအောင် လုပ်နေတဲ့အချိန်ပိုင်းကို အသုံးပြုပြီး အနှောင့်အယှက်ကင်းစွာ ရွှေဘောလုံးပျံလေးကို ရှာဖွေနေတယ်။

နောက်ဆုံး လင့်ချ် မတ်တတ်ရပ်လိုက်တယ်။ အစိမ်းရောင် အဝ ဝတ်တဲ့ ထောက်ခံသူတွေရဲ့ ကျယ်လောင်တဲ့ အားပေးသံထဲမှာ သူဟာ မီးသ ကို စီးလိုက်တယ်။ ခြေနဲ့ကန်ပြီး မိုးပေါ် တက်သွားတယ်။ သူ ပြန်ကောင်းလာခြ က အိုက်ယာလန်အသင်းကို ယုံကြည်ချက်အသစ် ပေးလိုက်သလိုပဲ။ မော့စ်ထာ ဖာ့ ဝီစီသံ ပေါ်ထွက်လာတဲ့အခါမှာ ဘောလိုက်သမားတွေဟာ ထိုးစစ်ဆင် အလျင်အမြန် ပြင်ဆင်ကြတယ်။ ၎င်းတို့ အတတ်ပညာ မြင့်မားပုံဟာ ဟယ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။

နောက်ထပ် စိတ်လှုပ်ရှား၊ ပြင်းထန်တဲ့ ၁၅-မိနစ် ကြာသွားပြီ။ အိုင ယာလန်အသင်းဟာ နောက်ထပ် ဆယ်ဂိုးသွင်းနိုင်ခဲ့တယ်။ သူတို့ဟာ အခု ရင် ၁၃၀း၁၀နဲ့ ရှေ့ကပြေးနေတယ်။ ပြိုင်ပွဲဟာလဲ ထောက်ထားညှာတာမှု မ ဖြစ်လာတယ်။

မောလက်ဟာ ချိုင်းမှာ ခွပ်ဖော်ကိုညှပ်ပြီး ဂိုးတိုင်ဆီ နောက်ထပ်ထ ဝင်သွားတဲ့အခါမှာ ဘူဂေးရီးယားဂိုးစောင့် ဇိုဂရပ်ဖ်က သူမဆီ တည့်တည့်ပြ ပျံထွက်လာတယ်။ အဖြစ်အပျက်က မြန်လွန်းလို့ ဟယ်ရီ သေချာမမြင်လို ဘူး။ ဒါပေမယ့် ပရိသတ်ထဲက ဒေါသနဲ့ အော်ဟစ်သံပေါ်ထွက်လာတယ်။ မော့ ထာဖာရဲ့ ဝီစီသံ ရှည်ရှည်စူးစူးကို ကြားခါမှ ခုနက ဖောင်းဖြစ်သွားမှန်း သိတေ တယ်။

"မော့စ်ထာဖာက ဘူဂေးနီးယား ဂိုးစောင့်ကို လူရိုက်တယ်လို့ ဆုတယ — တံတောင်နဲ့ တွက်တယ်" ဘက်ဂမင်းက ဆူပူနေတဲ့ ပရိသတ်ကို ပြေ တယ်။ "အား —— ဟုတ်တယ်၊ အိုက်ယာလန်အသင်း ဖောင်းသွင်းရမယ်"



ခုနက မောလက်ကို တစ်ဖက်အသင်း ဂိုးစောင့်က ဝင်တိုက်ပြီးနောက် ည ရဲပုလေးတွေဟာ လက်နေတဲ့ ပျားတူကြီးတွေလို ဒေါသနဲ့ မိုးပေါ်ပျံတက် သာကြတယ်။ အခုတစ်ခါ တစ်ပြိုင်နက် အလျင်အမြန် " ဟား၊ ဟား၊ ဟား"ဆိုတဲ့ စာလုံးပုံ ဖော်လိုက်ကြတယ်။ ပြိုင်ကွင်းတစ်ဘက်က ဗီးလာတို့ ခုန်ထကြပြီး သူမ ဘို့ဆံပင်ကို ဒေါသနဲ့ ခါယမ်းကာ စတင် ကကြပြန်တယ်။

ဝယ်စလီမိသားစုက ယောက်ျားလေးတွေနဲ့ ဟယ်ရီဟာ ချိန်းမထားဘဲ တစ်ပြိုင်နက် လက်ချောင်းနဲ့ နားကိုဆို့ထားလိုက်ကြတယ်။ ဟာမီးကတော့ ဒီလို လုပ်ဘူး။ ချက်ချင်းပဲ ဟာမီးဟာ ဟယ်ရီ့လက်မောင်းကို တအားဆွဲတယ်။ ဟယ်ရီ လှည့်ကြည့်တယ်။ ဟာမီးက စိတ်မရှည်ဘဲ ဟယ်ရီ့လက်ချောင်းကို သူ့ နားထဲက ဆွဲထုတ်တယ်။

"ဒိုင်လူကြီးကို ကြည့်စမ်း" သူမက တခစ်ခစ်ရယ်ရင်း ပြောတယ်။

ဟယ်ရီဟာ အောက်ဘက် ပြိုင်ကွင်းဆီ ကြည့်လိုက်တယ်။ ဟာဆန်- မော့စ်ထာဖာဟာ ကခုန်နေတဲ့ ဗီးလာတွေရှေ့ သက်ဆင်းလာပြီ၊ သူ့အပြုအမူက ဆန်းကို ထူးဆန်းတယ်။ သူဟာ ခြေလက်တွေကို ဆန့်ပြီး မိမိ ကြွက်သားတွေကို ထုတ်ပြတယ်။ ပြီးတော့ စိတ်လှုပ်ရှားစွာ မိမိရဲ့ မုတ်ဆိတ်မွေးရှည်ရှည်ကို ချောတ်သပ်နေတယ်။

"အော၊ ဒီလို ဘယ်ဖြစ်မလဲ" လူဒို-ဘက်ဂမင်းက ပြောတယ်။ ဒါပေ မယ့် သူ့လေသံက သူလဲ သိပ်စိတ်ဝင်စားပုံ ပေါ်နေတယ်။ "ဘယ်သူ ဒိုင်လူကြီး ကို တစ်ချက်လောက် တွယ်မလဲ"

ပြိုင်ကွင်းဆရာဝန်တစ်ယောက်ဟာ လက်ချောင်းနဲ့ နားကို ဆို့ပြီး ကွင်း ဘဲပြေးဝင်ကာ မော့စ်ထာဖာရဲ့ ခြေသလုံးကို ၃-၄ချက် ဆင့်ကန်လိုက်တယ်၊ မော့စ်ထာဖာဟာ သတိလည်လာပြီလိုပဲ။ ဟယ်ရီဟာ တစ်ခွင်လုံးမြင် အဝေး ကြည့်မှန်ပြောင်းကို မြှောက်ပြီး ကြည့်တယ်။ မော့စ်ထာဖာဟာ ရှက်ကိုးရှက်ကန်း နဲ့ ဗီးလာတို့ကို တအားအော်ဆူနေတာ တွေ့ရတယ်။ ဗီးလာတို့ အကရပ်သွား တယ်။ အလွန် မကျေနပ်တဲ့ အမူအရာ ဖော်ပြနေကြတယ်။

"ကျုပ်မှားသလား မသိဘူး။ မော့စ်ထာဖာဟာ ဘူဂေးရီးယားအသင်း နဲ့ လာဘ်ကောင်ကို အိမ်ပြန်ခိုင်းချင်တယ် ထင်ပါရဲ့" ဘက်ဂမင်း အသံက ပြောတယ်။ "အော၊ ဒီလို မြင်ကွင်းမျိုး ကျုပ်တို့ မမြင်ဖူးဘူး. . . အော၊ ပြိုင် ပွဲဟာ မယဉ်မကျေး ဖြစ်လာတော့မယ် ထင်တယ် . . . ."

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ၊ ဘူဂေးရီးယား အသင်းက ဘောရိုက်သမား ဖောခေါ်ဗ်နဲ့ ဆော်ချာနော့ဗ်တို့ဟာ မော့စ်ထာဖာဘေး တစ်ဘက်တစ်ချက်စီ သက်ဆင်းလာ ပြီး ဒေါသနဲ့ ရန်တွေ့နေကြတယ်။ သရဲပုလေးတွေဆီကိုလဲ လက်ဟန်ပြတယ်၊ သရဲပုလေးတွေဟာ အခုဆိုရင် ဝမ်းသာစွာနဲ့ "ဟီး - ဟီး - ဟီး" ဆိုတဲ့ စာ သံပဲ ဖော်လိုက်ကြတယ်။ သို့ပေမယ့် မော့စထာဖာဟာ ဘူဂေးရီးယား ဘော သမားတို့ ကန့်ကွက်တာကို ဘာမှ မတုံ့ပြန်ဘူး။ သူဟာ မိုးပေါ်ကို လက်ညှိုး ထောင်ပြတယ်။ သူတို့ကို ပျံတက်ဖို့ ပြောတာ ထင်ရှားတယ်။ သူတို့က မတက် ဘူး၊ ဒါနဲ့ သူက အသံတိုတို ဝီစီနှစ်ချက် မှုတ်လိုက်တယ်။

"အိုက်ယာလန်အသင်း ပင်နတီ နှစ်ခါ သွင်းရမယ်" ဘက်ဂမင်းက အော်ပြောတယ် —— ဘူဂေးရီးယားပရိသတ်တွေ ဒေါသနဲ့ ထအော်ကြတယ်၊ "ဖောခေါ်ဗ်နဲ့ ဖော်ချာနော့ဗ် တံမြက်စည်းပေါ် တက်ရင် ကောင်းမယ် —— ဟုတ် ပြီ. . . သူတို့ တက်သွားပြီ. . . . ထရိုရီ ခွပ်ဖော်ရသွားပြီ . . . ."

ပြိုင်ပွဲဟာ အခုဆိုရင် ကြမ်းတမ်းပြင်းထန်တဲ့ အဆင့်ကို ရောက်လာ ပြီ။ ဒါ သူတို့ ဘယ်တုန်းကမှ မကြုံဖူးတာ။ နှစ်ဘက်စလုံးက ဘောရိုက်သမား အားလုံး မညှာမတာ ကစားကြတယ်။ အထူးသဖြင့် ဖောခေါ်ဗ်နဲ့ ဖော်ချာနော့ဗ် သူတို့ဟာ လက်ထဲက တုတ်ရိုက်မိတာ ဘောလုံးလား လူလားတောင် မခွဲတော့ ဘူး။ အရှူးအမူး စွတ်ရိုက်နေကြတယ်။ ဒီမီထရော့ဗ်ဟာ ခွပ်ဖော်ကိုင်ထားတဲ့ မိုရန်ဆီ ထိုးဝင်သွားပြီး သူမကို တံမြက်စည်းပေါ်က တိုက်ချဖို့ နည်းနည်းသာ လိုတော့တယ်။

"ဖောင်း" အိုက်ယာလန်အသင်းကို ထောက်ခံသူတွေ တပြိုင်နက် အော်ကြတယ်။ သူတို့အားလုံး မတ်တတ်ရပ်လိုက်ကြတယ်။ ဧရာမ အစိမ်းရောင် လှိုင်းကြီး ထသွားတယ်။

"ဖောင်း" လူဒို-ဘက်ဂမင်းရဲ့ မှော်ပညာနဲ့ ချဲ့ထားတဲ့ အသံဟာလဲ ဒီစကားကို ထပ်ပြောတယ်။ "ဒီမီထရော့က မိုရန်ကို ဒဏ်ရာရအောင် လုပ် တယ် -- တမင် ပျံသွားပြီး ဝင်တိုက်တာ —— ဒါ ဖောင်းပေးရဖို့ သေချာတယ် —— ဟုတ်တယ်၊ ဒိုင်လူကြီး ဝီစီမှုတ်ပြီ"

သရဲပုလေးတွေ အကုန်လုံး မိုးပေါ် တက်သွားပြန်တယ်။ ဒီတစ်ကြိမ် မှာ သူတို့က လက်ကြီးတစ်ချောင်းပုံဖော်ကြတယ်။ ပြိုင်ကွင်းတစ်ဖက်က ဗီး လာတွေကို အလွန်ကြမ်းတမ်းတဲ့ လက်ဟန် လုပ်ပြတယ်။ ဗီးလာတို့မြင်တာနဲ့



ချုပ်ထိန်းနိုင်ကြတော့ဘူး။ သူမတို့ဟာ မကဘူး။ ပြိုင်ကွင်းကို ဖြတ်ပျံပြီး မီး ဘက်နဲ့တူတဲ့ အရာတွေကို သရဲပုလေးတွေဆီ ပစ်ပေါက်ကြတယ်။ ဟယ်ရီဟာ မှန်ပြောင်းကတစ်ဆင့် ကြည့်လိုက်တော့ အခု သူမတို့ဟာ နည်းနည်းမှ မလှ တော့တာ တွေ့ရတယ်။ ဆန့်ကျင်စွာပဲ၊ သူမတို့မျက်နှာတွေ ရှည်လာပြီး နှုတ်သီး ချွန်ချွန် ငှက်ခေါင်း ဖြစ်သွားတယ်။ သူတို့ ပခုံးပေါ်ကနေ အကြေးခွံတွေ ဖုံးလွှမ်း နေတဲ့ တောင်ပံရှည်ရှည်နှစ်ခု ထိုးထွက်လာတယ် ---

"သိကြပြီပေါ့၊ ကလေးတို့" မစ္စတာဝယ်စလီရဲ့အသံဟာ အောက်ဖက် က လူအုပ်ဆူသံကို ဖုံးလွှမ်းသွားတယ်။ "ဒါကြောင့် မင်းတို့ ဘယ်တော့မှ အပေါ်ယံကိုပဲ မကြည့်နဲ့"

ဝန်ကြီးဌာနက မှော်ဆရာအရာရှိတွေ ပြိုင်ကွင်းထဲ ပြေးဝင်လာကြပြီး ဗီးလာနဲ့ သရဲပုလေးတွေကို ခွဲပစ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သိပ် မအောင် မြင်ဘူး။ ဒီအချိန်မှာ အောက်ဘက်က တိုက်ပွဲဟာ အထက်က ပြိုင်ပွဲထက် မညံ့ ဘူး၊ ဟယ်ရီဟာ အဝေးကြည့်မှန်ပြောင်းနဲ့ ဟိုကြည့်လိုက် ဒီကြည့်လိုက် ကြည့်နေ တယ်၊ ခွပ်ဖော်ဟာ ကျည်ဆံလို လူတစ်ယောက်ဆီကနေ တခြား တစ်ယောက်ဆီ ရောက်သွားနေတာ တွေ့ရတယ်။ လက်ဗ်စကီး ——ဒီမီထရော့ဗ် ——မိုရန် —— ထရိုရီ —— မောလက် —— အီဗန်နိုဗာ —— တစ်ခါ မိုရန် —— မိုရန် —— မိုရန် ဂိုးဝင်သွားပြီ"

သို့ပေမယ့် ပြိုင်ကွင်းထဲမှာ ဗီးလာတွေရဲ့ စူးရှတဲ့ အော်သံတွေ ကြည့်နေတယ်။ အိုက်ယာလန်အသင်းကို ထောက်ခံသူတွေရဲ့ သြဘာပေးသံကို ကြားရသလောက်ပဲ။ ပြိုင်ပွဲ ချက်ချင်း ဆက်ကစားတယ်။ အခု လက်ဗ်စကီး ခွပ်ဖော်ကိုရတယ်။ ဒီနောက် ဒီမီထရော့ဗ်——

အိုက်ယာလန်အသင်း ဘောရိုက်သမား ခွေဂလီဟာ ရှိရှိသမျှအားကို သုံးပြီး ဖြတ်ပျံလာတဲ့ ဘလဒ်ဂါကို ခရွန်းမ်ဆီ ရိုက်လွှတ်လိုက်တယ်။ ခရွန်းမ် ရှောင်ချိန်မရဘဲ ဘလဒ်ဂါနဲ့ ဝင်ဆောင့်မိသွားတယ်။

ပွဲကြည့်ပရိသတ်ထဲကနေ နားကွဲမတတ် မကျေမနပ်သံတွေ ပေါ်ထွက် လာတယ်။ ခရွန်းမ် နှာခေါင်းဟာ ဒဏ်ရာ ရသွားတယ်နဲ့ တူတယ်။ သွေးတွေ နှာဘက်ကာ စီးကျနေတယ်။ ဒါပေမယ့် ဟာဆန်-မော့စ်ထာဖာက ဝီစီမှုတ် ဘူး၊ သူဟာ အာရုံပျံ့နေတယ်။ ဟယ်ရီလဲ ၎င်းကို အပြစ်တင်လို့ မရဘူး၊ ဗီးလာ တစ်ယောက်က ၎င်းထံ မီးလက်တစ်ဆုပ်ကြီး ပစ်လွှတ်လိုက်လို့ ၎င်းရဲ့ တံမြက်

www.burmeseclassic.com

www.burmeseclassic.com



ညည်းအော်ငြီး မီးစွဲသွားတယ်။

ဟယ်ရီဟာ အိုက်ယာလန်အသင်းကို ထောက်ခံပေမယ့် ခရွန်းမ်ဟာ ပြိုင်ပွဲသဲမှာ လူတွေကို စိတ်အလှုပ်ရှားစေဆုံး ဘောသမားဖြစ်တဲ့အတွက် ခရွန်းမ်ဒအ်ရာရတာ လူသိစေချင်တယ်။ ရွန်လဲ ဒီလိုပဲတွေးတာ ထင်ရှားတယ်။

"တိုင်းမ်အောက်။ အား၊ မြန်မြန်၊ သူ ဒီလိုဆိုရင် ဆက်ကစားလို့ မဖြစ်ဘူး။ သူ့ကို ကြည့်ပါ ——"

"လင့်ချ်ကို ကြည့်စမ်း" ဟယ်ရီက တအား အော်ပြောတယ်။

အိုက်ယာလန်အသင်း ရှာဖမ်းသမားဟာ ရုတ်တရက် အောက်သို့ ထိုးဆင်းသွားတယ်။ ဒါ ရန်းစကီး ဟန်ပြလှုပ်ရှားမှု မဟုတ်ဘူးဆိုတာ ဟယ်ရီ သေချာ ပြောနိုင်တယ်။ ဒီတစ်ချီက တကယ်ပဲ. . . .

"သူ ရွှေဘောလုံးပျံလေးကို မြင်သွားပြီ" ဟယ်ရီက အော်တယ်။ "သူ တွေ့သွားပြီ၊ သူ့ကို မြန်မြန်ကြည့်"

ဒီအချိန်မှာ ပရိသတ် တစ်ဝက်လောက်ဟာ ဘာဆိုတာ သိသွားကြတယ်။ အိုက်ယာလန်အသင်းကို ထောက်ခံသူတွေဟာ တဖွဲ့ဖွဲ့ မတ်တတ် ထရပ်ကြတယ်။ အစိမ်းရောင်လှိုင်းကြီး နောက်ထပ် ထသွားတယ်။ မိမိတို့ရဲ့ ရှာဖမ်းသမားကို စူးရှစွာ အော်ပြီး အားပေးကြတယ် . . . . ဒါပေမယ့် ခရွန်းမ်ဟာ နောက်က ကပ်လိုက်လာတယ်။ သူ ရှေ့ကလမ်းကို ဘယ်လိုလုပ်မြင်မလဲဆိုတာ ဟယ်ရီ နားမလည်နိုင်ဘူး။ သွေးမှုန်တွေ သူ့နောက်ဘက်မှာ လွင့်ကျန်ရစ်တာ မြင်ရတယ်။ ဒါပေမယ့် သူ လင့်ချ်ကို မီသွားပြီ၊ ပခုံးချင်းယှဉ်ပြီး လိုက်သွားတယ်။ နှစ်ယောက်စလုံး မြေပြင်သို့ နောက်တစ်ကြိမ် ထိုးဆင်းသွားတယ်——

"သူတို့ မြေပေါ် ဝင်ဆောင့်တော့မယ်" ဟာမီးက အော်တယ်။

"မဆောင့်ပါဘူး" ရွန်က အော်ပြောတယ်။

"လင့်ချ် ဆောင့်မှာ" ဟယ်ရီက တအားအော်တယ်။

သူပြောတာ မှန်တယ် ——လင့်ချ်ဟာ မြေကြီးပေါ် တအား ဆောင့်ကျသွားတယ်။ ဒေါသထွက်နေတဲ့ ဗီးလာတွေဟာ ဝုန်းခနဲ ဝိုင်းအုံသွားတယ်။

"ရွှေဘောလုံးပျံလေးရော၊ ရွှေဘောလုံးပျံလေး၊ ဘယ်မှာလဲ" ချာလီက ခုံတန်းတစ်ဖက်က အော်ပြောတယ်။

"သူ မိသွားပြီ —— ခရွန်းမ် မိသွားပြီ——ပြိုင်ပွဲပြီးဆုံးသွားပြီ" ဟယ်ရီက တအား အော်တယ်။



ခရွန်းမ်ရဲ့ ဝတ်ရုံရှည်နီရဲရဲပေါ်မှာ နှာခေါင်းသွေးစက်တွေ လက်နေတယ်။ သူဟာ မိုးပေါ်ကို ပေါ့ပါးစွာ တက်သွားတယ်။ လက်သီးကို အမြင့်ကြီး မြှောက်ထားတယ်။ လက်ချောင်းကြားက ရွှေရောင်ထွက်လာတယ်။

အမှတ်ဘုတ်ပေါ်မှာ အမှတ်အချိုး လက်လာတယ်။ ဘူဂေးရီးယား - ၁၆၀၊ အိုက်ယာလန် - ၁၇၀။ ပရိသတ်ကတော့ ဘာတွေ ဖြစ်နေတယ်ဆိုတာ မသိကြသေးဘူး။ ဒီနောက် တဖြည်းဖြည်းနဲ့ ဂျက်လေယာဉ်တစ်စင်း အရှိန်တိုးသလို အိုက်ယာလန်အသင်းကို ထောက်ခံသူတွေရဲ့ ပြောဆိုသံတွေ ကျယ်လာတယ်။ နောက်ဆုံးမှာ ဝမ်းသာအားရ အရှူးအမူး အော်ဟစ်သံပေါင်းများစွာ ပေါ်ထွက်လာတယ်။

"အိုက်ယာလန်အသင်း နိုင်ပြီ" အိုက်ယာလန်အသင်းကို ကြိုက်တဲ့ ...က်ဂမင်းက အော်ပြောတယ်။ သူကြည့်ရတာ ပြိုင်ပွဲ ရုတ်တရက် ပြီးဆုံး...းလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသလိုပဲ။ " ခရွန်းမ် ရွှေဘောလုံးပျံလေးကို ... ——ဒါပေမယ့် အိုက်ယာလန်အသင်း နိုင်ပြီ ——ဘုရား၊ ဘုရား၊ ဒီလို ...ချုပ်လိမ့်မယ်လို့ ဘယ်သူမှ မထင်မိဘူး"

"သူ ဘာဖြစ်လို့ ဒီအချိန်မှာ ရွှေဘောလုံးပျံလေးကို ဖမ်းရတာလဲ" ...ဘာ လက်နှစ်ဖက်မြှောက်ပြီး အသာခုန်ပေါက်နေပေမယ့် နားမလည်နိုင်ဘဲ ...အားအော်ပြောနေတယ်။ "သူဟာ အိုက်ယာလန်အသင်း အမှတ် ၁၆၀ သာ ...ဘဲ့အချိန်မှာ ပြိုင်ပွဲ အဆုံးသတ်လိုက်တာ သိပ်ကို အ,လွန်းတယ်။

"သူတို့ ဘယ်လိုမှ လိုက်မီတော့မှာ မဟုတ်ဘူးဆိုတာ သူသိလို့" ...ယ်ရီက ဝမ်းသာစွာ အော်တယ်။ သူက တခြားအသံတွေကို အုပ်အောင် ...အော်ပြီး ရွန့်ကို ပြောတယ်။ "အိုက်ယာလန်အသင်းရဲ့ ရှာဖမ်းသမားက သိပ် ...တော်ဘာ . . . . ခရွန်းမ်ဟာ မိမိ အခြေအနေအရသာ ပြိုင်ပွဲကို အဆုံးသတ် ...ခင်ဘာ။ ဒါပါပဲ . . ."

"သူ တကယ်ပဲ အလွန်သတ္တိရှိတယ်၊ ဟုတ်တယ် မဟုတ်လား" ဟာမီး... ရှေ့ကိုကိုင်းပြီး ခရွန်းမ် ကွင်းထဲ ဆင်းသက်လာတာကို ကြည့်နေတယ် —— ကွင်း ဆရာဝန်တစ်အုပ်ဟာ ဝိစိမှုတ်ပြီး လုံးထွေးသတ်ပုတ်နေတဲ့ သခဲ့...တွေနဲ့ ဗီးလာတို့ကို မောင်းထုတ်နေတယ်။ ၎င်းတို့ကို ခရွန်းမ်အနား... ...ဘယ်ပေးခိုင်းတယ်။ "သူ့ပုံပန်းက အခြေအနေဆိုးတယ်. . . ."

ဟယ်ရီက မြင်ကွင်းကျယ် အဝေးကြည့် မှန်ပြောင်းကို မျက်စိနဲ့ ကပ်

www.burmeseclassic.com



သို့က်ပြိုင်ဘယ်။ အောက်ဘက်က အခြေအနေကို သေချာမြင်ဖို့ ခက်တယ်။ အကြောင်းက သရဲပုလေးတွေဟာ အရှုးအမူး ဝမ်းသာလွန်းပြီး ပြိုင်ကွင်း အသက်မှာ ဖြတ်ပျံနေကြလို့။

ဒါပေမယ့် နောက်ဆုံးမှာ ကွင်းဆရာဝန်တွေ ဝိုင်းအုံတဲ့ကြား ခရွှန်းမ်ကို မြင်တွေ့ရတယ်။ ခရွှန်းမ်ရဲ့မျက်နှာဟာ မှောင်မိုက်နေတယ်။ သူ ဆရာဝန်တွေ ဒဏ်ရာကို ဆေးကြော၊ သွေးတွေကို သုတ်သင်တာ မခံဘူး။ သူ့ အသင်းက လူတွေလဲ သူ့ဘေး ဝိုင်းအုံနေတယ်။ သူတို့ဟာ ခေါင်းတွင်တွင်ခါပြီး စိတ်ပျက်လက်ပျက် ဖြစ်နေတယ်။ ဘေးရှိ သိပ်မဝေးတဲ့နေရာမှာ အိုက်ယာလန် အသင်းက ဘောသမားတွေ ဝမ်းသာစွာ ခြေမြှောက်လက်မြှောက် ဖြစ်နေတယ်။ သူတို့ရဲ့ လာဘ်ကောင်တွေဟာ သူတို့ဆီကို မိုးစက်ကျသလို ရွှေဒင်္ဂါးတွေ ပစ် ပေါက်ပေးနေတယ်။ အားကစားရုံထဲမှာ နေရာတကာ အလံတွေ ဝှေ့ယမ်းနေ တယ်။ လေးဘက်လေးတန်ကနေ အိုက်ယာလန် နိုင်ငံတော်သီချင်းသံ ပေါ် ထွက်လာတယ်။ ဗီးလာတို့ဟာ မူလကလို ပြန်လှလာတယ်။ ဒါပေမယ့် အားလုံး စိတ်ပျက်လက်ပျက် မျက်နှာကြီးတွေ အိုနေတယ်။

"ကျုပ်တို့ သိပ်ကို သတ္တိရှိရှိ ကစားခဲ့တာလို့ ပြောချင်တယ်" ဟယ်ရီ့ ကျောဘက်က အသံလေးလေးတစ်သံက ပြောတယ်။ သူ လှည့်ကြည့်တော့ ဘူဂေးရီးယား မော်ဝန်ကြီးဌာနဝန်ကြီး ဖြစ်နေတယ်။

"ခင်ဗျား အင်္ဂလိပ်စကား ပြောတတ်တာပဲ" ဖဒ်ဂ်က ပြောတယ်။ လေသံက အလွန် ဒေါသထွက်နေတယ်။ "ခင်ဗျားက ကျုပ်ကို တစ်နေကုန် လက်ဟန်ခြေဟန် လုပ်တာ ကြည့်နေတယ်"

"ဟေး၊ ဒါ သိပ်ပျော်စရာပဲ" ဘူဂေးရီးယားဝန်ကြီးက ပခုံးတွန့်ပြီး ပြောတယ်။

"အခု၊ အိုက်ယာလန်အသင်းက ဘောသမားတွေဟာ မိမိတို့ လာဘ် ကောင်တွေနဲ့အတူ ကွင်းတစ်ပတ် ပတ်တယ်။ ခွေဒစ်ကမ္ဘာ့ဖလားပွဲ ဆုဖလားကို အပေါ်ဆုံးထပ် အထူးပွဲကြည့်စင်ကို ပို့လိုက်ပြီ" ဘက်ဂမင်းရဲ့ ခေါင်းလောင်းကြီး ထိုးလိုက်သလို အသံကြီးက ပြောတယ်။

ဟယ်ရီဟာ ရုတ်တရက်ကြီး မျက်စိစူးစေတဲ့ အလင်းရောင်ကြောင့် မျက်လုံး ဖွင့်မရဘူး။ အပေါ်ဆုံး ပွဲကြည့်စင်ဟာ ထူးဆန်းစွာ လင်းနေတဲ့အတွက် ပွဲကြည့်စင် အားလုံးက ပရိသတ်တွေဟာ အထူးပွဲကြည့်စင်ထဲက အခြေ



နေကို မြင်နိုင်တယ်။ ဟယ်ရီဟာ ဝင်ပေါက်ဆီကို မျက်စိမှေးပြီး ကြည့်တယ်။ ာဟဲ ဟောဟဲ ဖြစ်နေတဲ့ မှော်ဆရာနှစ်ယောက်ဟာ ရွှေဖလားအကြီးကြီး င်ကို သီးသန့်ပွဲကြည့်စင်ထဲ မ, သွင်းလာပြီး ကွန်နယ်လစ်-ဖဒ်ဂ်ကို ကမ်းပေး မြင်ရတယ်။ ဖဒ်ဂ်က စိတ်ဆိုးနေတဲ့အမူအရာနဲ့ပဲ ရှိသေးတယ်။ အကြောင်း ဘူဂေးရီးယားသား သူပြောတာ နားလည်အောင် သူ အလကား ခြေဟန် က်ဟန် လုပ်ရတာ တစ်နေကုန်လုံးပဲ။

"ရှုံးနိမ့်ပေမယ့် ဂုဏ်သိက္ခာရှိတဲ့ ဘူဂေးရီးယား အသင်းကို လှိုက်လှဲတဲ့ က်ခုပ်သံနဲ့ ကြိုဆိုကြရအောင်" ဘက်ဂမင်းက အော်ပြောတယ်။

ရှုံးနိမ့်တဲ့ ဘူဂေးရီးယားဘောသမား ခုနစ်ယောက်တို့ အပေါ်ထပ် းသန့်ပွဲ ကြည့်ခန်းထဲ ဝင်ခဲ့ကြတယ်။ အောက်ဘက်က ပရိသတ်တွေဟာ က်ခုပ်တီး အော်ဟစ် အားပေးကြတယ်။ သူတို့ရဲ့ နှစ်သက်မှုကို ဖော်ပြတယ်။ မေ့မတွက်နိုင်တဲ့ တစ်ခွင်လုံးမြင် အဝေးကြည့် မှန်ပြောင်းမှန်တွေ သူတို့ဘက် က်နေတာ ဟယ်ရီ မြင်တွေ့ရတယ်။

ဘူဂေးရီးယား ဘောသမားတွေက သီးသန့်ပွဲကြည့်စင် ခုံတန်းကြား ်ယောက်ပြီးတစ်ယောက် ဝင်သွားပြီး မိမိတို့ဝန်ကြီးနဲ့ ဖဒ်ဂ်ကို လက်ဆွဲနှုတ် က်ကြတယ်။ ဒီအခါမှာ ဘက်ဂမင်းက လူတိုင်းရဲ့ နာမည်ကို အကျယ်ကြီး ော်ခေါ်တယ်။ ခရွှန်းမ်က နောက်ဆုံးမှာ။ ပုံပျက်ပန်းပျက် သွေးစသွေးနတွေနဲ့ က်နှာပေါ်မှာ မျက်ဝန်းနက်နက်နှစ်ခုဟာ အထူးကို ပေါ်လွင်နေတယ်။ သူ က်ထဲမှာ ရွှေဘောလုံးပျံလေးကို ဆုပ်ကိုင်ထားတုန်းပဲ။ သူ မြေကြီးပေါ် ရောက် ာနဲ့ သူ့လှုပ်ရှားမှုဟာ သိပ်အဆင်မပြေတော့တာ ဟယ်ရီ သတိပြုမိတယ်။ ူ့ခြေနှစ်ချောင်းဟာ အပြင် ကားနေတယ်။ ပြီးတော့ ပခုံးဟာလဲ ရှေ့ဘက်သို့ ိသသာသာ ကွေးနေတယ်။ ဒါပေမယ့် ဘက်ဂမင်းက ခရွှန်းမ်နာမည်ကို ရွတ် ိုက်တော့ အားကစားရုံကြီးတစ်ခုလုံး ငှင်းကို အင်မတန်လှိုက်လှဲတဲ့ နားကွဲ ောဘ် ဩဘာ ပေးကြတယ်။

ဆက်လက်ပြီး တက်လာတာက အိုက်ယာလန်အသင်းက ဘော မားတွေ။ အိုက်ဒန်-လင့်ချ်ဟာ မိုရန်နဲ့ ကွန်နော်လီတို့က ဖေးမထားကြတယ်။ ်သအကြိမ် ပြုတ်ကျတော့ မေ့သွားဖို့ နည်းနည်းသာ လိုတော့တယ်။ သူ့ ကြည့်ဟာ ရီဝေနေတယ်။ ဒါပေမယ့် ထရိုရီနဲ့ ခွေဂလီတို့ ဆုဖလားကို ြင့်ကြီး မြှောက်တင်လိုက်တဲ့အခါမှာ ပရိသတ်တွေဆီက မိုးခြိမ်းသံပမာ

www.burmeseclassic.com

www.burmeseclassic.com



သက်ခုပ်သံ၊ ဩဘာပေးသံတွေ ပေါ်ထွက်လာတယ်။ လင့်ချ်ဟာလဲ ပျော်ရွှင်စွာ ပြုံးလာတယ်၊ ဟယ်ရီ့လက်တွေ လက်ခုပ်တီးရလို့ ထုံနေပြီ။

နောက်ဆုံး အိုက်ယာလန်အသင်း သီးသန့် ပွဲကြည့်စင်ကနေ ထွက် ခွာပြီး ဘုံမြက်စည်းစီးကာ ကွင်းကို တစ်ပတ်ပတ်တယ်။ ( အိုက်ဒန်-လင့်ချ်ဟာ ဘွန်နေဘ်လီနောက်ဘက်မှာ ထိုင်ပြီး ကွန်နေဘ်လီခါးကို တင်းတင်းဖက်ထား တယ်၊ သူ့မျက်နှာမှာ ကြောင်တောင်တောင်အပြုံးနဲ့ )။ ဒီအချိန်မှာ ဘက်ဂမင်း က မိမိမှော်ကြိမ်လုံးနဲ့ လည်ချောင်းကို ချိန်ပြီး တိုးတိုးပြောတယ်။ "အသံတိုး စေ"

"ဒီပြိုင်ပွဲအကြောင်းကို လူတွေ နှစ်နဲ့ချီပြီး ပြောကြ ဆိုကြလိမ့်မယ်" သူက အသံအက်အက်နဲ့ ပြောတယ်။ "တကယ့်ကို မထင်မှတ်တဲ့ တစ်ဆစ်ချိုး အပြောင်းအလဲပဲ. . . . . ပြိုင်ပွဲ ဒီထက်ကြာကြာ မကစားရတာပဲ နှမြောတယ် . . . . အား၊ ဟုတ်ပြီ. . . . ဟုတ်ပြီ။ ကျုပ် မင်းတို့ကို . . . . ငွေဘယ်လောက် ပေးရမလဲ"

ဖရက်နဲ့ ဂျော့ဟာ ထိုင်ခုံနောက်မှီကို ကျော်တက်ပြီး လူဒို-ဘက်ဂမင်း ရှေ့ ရောက်သွားကြပြီ။ သူတို့ဟာ ပျော်ရွှင်စွာရယ်ရင်း လက်ကို ဆန့်ထုတ်ပြီး လက်ဝါးဖြန့်ထားကြတယ်။



# ၄။ မှော်နက်အမှတ်အသား

"မင်းတို့ အလောင်းအစားလုပ်တာ မင်းတို့အမေ မသိစေနဲ့" အားလုံး ...ကဲ်ခသွားရောင်ကော်ဇော ခင်းထားတဲ့ လှေကားက ဖြည်းဖြည်း ဆင်းလာစဉ် ... မဒ္ဒတာဝယ်စလီက ဖရက်နဲ့ဂျော့ကို တောင်းပန်ပြောဆိုတယ်။

"စိတ်မပူပါနဲ့ အဖေ" ဖရက်က ဝမ်းသာစွာ ပြောတယ်။ "ဒီပိုက်ဆံ ...ကျွန်တော်တို့ရဲ့ ခမ်းနားတဲ့ စီမံကိန်းမှာ သုံးမှာ။ ကျွန်တော်တို့ အသိမ်းမခံ ...င်ဘူး"

မစ္စတာဝယ်စလီက နည်းနည်း တုံ့ဆိုင်းနေတယ်။ သူတို့ကို ခမ်းနား ...စီမံကိန်းဆိုတာ ဘာလဲလို့ မေးချင်ပုံရတယ်။ ဒါပေမယ့် သူ တစ်မျိုး တွေးပြီး ...ဘာ ကောင်းမယ်လို့ ဆုံးဖြတ်လိုက်ပုံရတယ်။

ချက်ချင်းပဲ အားကစားရုံက ထွက်လာပြီး စခန်းချရာဆီ ပြန်တဲ့ ...င်းလို လူအုပ်ကြီးဟာ သူတို့ကို ဝန်းပတ်သွားတယ်။ သူတို့ မီးအိမ်တလင်း ...င် ထိုးနေတဲ့လမ်းက ပြန်လာတော့ ကောင်းကင်ပေါ်က အသံကြြည်နဲ့ သီ ...င်းဆိုသံ ကြားရတယ်။ သရဲပုလေးတွေဟာ သူတို့ခေါင်းပေါ်မှာ ဟိုဒီပျံသန်း

www.burmeseclassic.com

www.burmeseclassic.com



ခင်း သက်သက်ထဲက မီးအိမ်ကို လှုပ်ယမ်းကာ တခစ်ခစ် ရယ်နေကြတယ်။ နောက်
ဆုံးမှာ ရှက်ထည်တဲဆီ ရောက်လာတယ်။ ဒါပေမယ့် ဘယ်သူမှ မအိပ်ချင်ကြ
ဘူး၊ ပဘဲ်ခန်းကျောင်က သိပ်ဆူညံနေတာ ထောက်ရှုပြီး မစ္စတာဝယ်စလီဟာ
ကိုကိုးဘစ်ခွက် သောက်ပြီးမှ တဲထဲဝင်ကြဖို့ သဘောတူလိုက်တယ်။ ချက်ချင်းပဲ
အားလုံး ခုနက ပြိုင်ပွဲအကြောင်း ငြင်းခုံကြတယ်။ လူဝင်တိုက်ပြီး ဖောင်းဖေ
ရတဲ့ ပြဿနာမှာ မစ္စတာဝယ်စလီနဲ့ ချားလီတို့ အပြင်းအထန် ငြင်းခုံကြတယ်
နောက်ဆုံး ဂျင်နီဟာ စားပွဲခုံကလေးဘေးမှာ အိပ်ပျော်သွားတယ်။ ချော့ကလက်
ပူပူ တစ်ခွက်လုံး မြေကြီးပေါ် ဖိတ်ကျကုန်တယ်။ ဒီတော့မှ မစ္စတာ ဝယ်စလီက
အားလုံးကို ပြိုင်ပွဲအကြောင်း ငြင်းခုံတာရပ်ဖို့ အမိန့်ပေးတယ်။ ဟာမီးနဲ့ ဂျင်နီ
ဟာ ဘေးကတဲထဲ ဝင်သွားကြတယ်။ ဟယ်ရီနဲ့ ဝယ်စလီတို့အိမ်က ကောင်လေး
တွေ ညဝတ်အင်္ကျီလဲပြီး မိမိတို့အိပ်ရာဆီ တွားဝင်သွားကြတယ်။ ဒီအချိန်မှာ
သူတို့ဟာ စခန်း ဟိုတစ်ဖက်ဆီက သီချင်းသံနဲ့ ထူးဆန်းတဲ့ တိုက်ခတ်သံတွေကို
ကြားနေရတုန်းပဲ။

"အော၊ ငါ တာဝန်မကျလို့ တော်သေးတယ်" မစ္စတာဝယ်စလီက
အိပ်ချင်မူးတူးနဲ့ ရေရွတ်နေတယ်။ "အိုက်ယာလန်တွေကို အောင်ပွဲခံတာရပ်ဖို့
ငါ သွားမပြောရလို့ တော်သေးတယ်။ နှိမ့်ရင် တွေးဝံ့စရာ မရှိဘူး"

ဟယ်ရီဟာ ရွှန့်အပေါ်ဘက် နှစ်ထပ်ခုတင်အပေါ်ထပ်မှာ အိပ်
တယ်။ သူ ခုတင်ပေါ်လှဲပြီး ရှက်ထည်တဲရဲ့ ကင်းဘတ်မျက်နှာကြက်ကို ကြည့်
နေတယ်၊ တစ်ခါတစ်ရံ သရဲပုလေးတစ်ကောင် မီးအိမ်ကိုင်ပြီး အပေါ်က ဖြတ်
ပျံတဲ့အခါ အလင်းရောင် ဖြတ်သွားတာကို ကြည့်နေရင်း ခရွန်းမ်ရဲ့ ထူးခြား
ကောင်းမွန်တဲ့ လှုပ်ရှားမှုတွေ ခေါင်းထဲ ပေါ်လာတယ်။ သူဟာ မိမိရဲ့ မီးသ
ကိုစီးပြီး ရန်းစကီးဟန်ဆောင် လှုပ်ရှားခြင်းမျိုး စမ်းကြည့်ချင်တယ်. . . . အေ
လစ်တာဝုဒ်ဟာ လှုပ်လှုပ်ရှားရှား လုပ်ရမယ့် သရုပ်ပြပုံတွေ အများကြီး ရေးဆွဲ
ပေမယ့် ဘာကြောင့်မှန်းမသိဘူး။ သူဟာ ဒီလို ဟန်ဆောင်လှုပ်ရှားခြင်းမျိုး
ဘယ်တုန်းကမှ သင်မပေးခဲ့ဘူး. . . . . . . ဟယ်ရီဟာ မိမိနာမည် ရိုက်နှိပ်
ထားတဲ့ ဝတ်ရုံရှည်ကို သူဝတ်ဆင်ထားတာ မြင်ယောင်မိတယ်။ ပရိသတ် တစ်
သိန်းက နားကွဲမတတ် ဩဘာပေးသံကို သူတွေးပြီး ကြားယောင်နေတယ်
ပြီးတော့ လူဒို-ဘက်ဂမင်းရဲ့အသံကြီးဟာလဲ အားကစားရုံထဲ ရိုက်ခတ်နေ
တယ်။ "ဆုဖလား မင်းကို ဆုချလိုက်တယ်. . . . ပေါ်တာ"



ဟယ်ရီဟာ မိမိအိပ်ပျော်သလား မပျော်ဘူးလားဆိုတာ မသိဘူး —
ူဟာ ခရွန်းမ်လို ပျံသန်းဖို့ပဲ စိတ်ကူးယဉ်နေတယ်။ ဒီလိုနဲ့ပဲ အိပ်မက်ကမ္ဘာထဲ
ရောက်သွားတယ်နဲ့ တူတယ် — မစ္စတာဝယ်စလီ ရုတ်တရက် အကျယ်ကြီး
အော်လိုက်တာပဲ သူသိတယ်။

"ထ၊ ရွန် — ဟယ်ရီ — မြန်မြန်၊ ထ၊ အရေးပေါ်အခြေအနေ ရှိ
ယ်"

ဟယ်ရီ-ဆတ်ခနဲ ထထိုင်တယ်။ ခေါင်းနဲ့ ကင်းဘတ် ဝင်တိုက်မိ
ယ်။

"ဘာ — ဘာဖြစ်လဲ" သူက မေးတယ်။

ရိုးတိုးရိပ်တိပ်နဲ့ အခြေအနေ သိပ်မဟန်ဘူးလို့ သူခံစားရတယ်။
န်းထဲက အသံတွေ ပြောင်းသွားတယ်။ သီချင်းသံ ရပ်သွားတယ်။ လန့်အော်
နဲ့ လူတွေ သုတ်သုတ်ပျာပျာ ပြေးလွှားတဲ့ အသံကို ကြားရတယ်။ သူဟာ
ဘ်ခုတင်ပေါ်က လျှောဆင်းတယ်။ အင်္ကျီ လှမ်းယူတယ်။ ဒါပေမယ့်
ာဝယ်စလီက ပြောတယ်။ "အချိန်မရတော့ဘူး၊ ဟယ်ရီ — အပေါ်အင်္ကျီ
ထည်ဆွဲပြီး ထွက်သွားတော့၊ မြန်မြန်" မစ္စတာဝယ်စလီကိုယ်၌လဲ ဂျင်း
ကို ညဝတ်အင်္ကျီပေါ် ထပ်စွပ်လိုက်တယ်။

ဟယ်ရီဟာ ပြောတဲ့အတိုင်း လုပ်ပြီး ရှက်ထည်တဲထဲက ကမန်း
န်း ပြေးထွက်ခဲ့တယ်။ ရွန်က သူ့နောက်က လိုက်လာတယ်။

မီးလောင်နေသေးတဲ့ မီးပုံတစ်ချို့က အလင်းရောင်နဲ့ လူတွေ သစ်
ဆဲ တဖွဲဖွဲ ပြေးဝင်သွားတာ ဟယ်ရီမြင်ရတယ်။ စခန်း တစ်နေရာရာက
ဆီ ရွေ့လျားလာတဲ့အရာကို ရှောင်ပုန်းနေသလိုပဲ။ အဲဒီအရာဟာ ထူး
မှာ အရောင်လက်နေတယ်။ သေနတ်ပစ်သံလို အသံမျိုးလဲ ထွက်နေ
၊ ကျယ်လောင်စွာ သရော်တဲ့ရယ်သံ၊ အရူးအမူး ရယ်သံ၊ အရက်မူးပြီး
သံတွေဟာ သူတို့ဆီ ရွေ့လျားလာတယ်။ ဒီနောက် အစိမ်းရောင်အလင်း
ကြီး လက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားတယ်။

မှော်ဆရာတစ်စုဟာ တအား ပူးကပ်နေတယ်။ လူတိုင်း လက်
ကြိမ်လုံးကို အထက်ထောင်ထားပြီး ရှေ့သို့ တညီတည်း တွန်း
ဆဲမှာ တဖြည်းဖြည်း ရွေ့လျားသွားတယ်။ ဟယ်ရီဟာ မျက်လုံးမှေးပြီး
ကြည့်တယ် . . . . . ဒီလူတွေဟာ မျက်နှာမရှိသလိုပဲ. . . . ဒီနောက်

www.burmeseclassic.com

www.burmeseclassic.com



ဒါ သူ သိန့်သွားတယ်။ သူတို့ခေါင်းပေါ်မှာ ခေါင်းစွပ် စွပ်ထားတယ်။ မျက်နှာကို မျက်နှာဖုံး ဖုံးထားတယ်။ သူတို့ ခေါင်းပေါ်တည့်တည့်မှာ ရှန်းကန်နေတဲ့ လူ တစ်ယောက်ရဲ့ ပုံရိပ်ဟာ မိုးပေါ်မှာ လွင့်နေတယ်။ ပုံမှန်မဟုတ်တဲ့ ပုံသဏ္ဍာန် အတွင်း ကွေးလိမ်နေတယ်။ မြေပြင်ပေါ်မှာ အဲဒီမျက်နှာဖုံးနဲ့ မှော်ဆရာတွေ ဟာ ရုပ်သေးကြိုးကိုင်တဲ့ လူတွေလိုပဲ။ သူတို့အထက်က လူတွေဟာ ရုပ်သေး ရုပ်တွေလိုပဲ။ မှော်ကြိမ်လုံးက ပန်းထွက်လာတဲ့ မမြင်ရတဲ့ကြိုးနဲ့ ချုပ်ကိုင်ထား သလိုပဲ။ လူအရိပ်နှစ်ခုက အတော်သေးတယ်။

နောက်ထပ်ပြီး မှော်ဆရာတွေ ချီတက်တဲ့အဖွဲ့ထဲ ဝင်လာကြတယ်။ အကျယ်ကြီးရယ်ရင်း အပေါ်မှာ လွင့်ပျံနေတဲ့ အလောင်းကောင်တွေကို လက် ညှိုးထိုးပြနေကြတယ်။ စီတန်းသွားနေတဲ့ တပ်ဖွဲ့ ကြီးကြီးလာတာနဲ့အမျှ ရွက် ထည်တဲတွေ ပြိုလဲကုန်တယ်။ တစ်ကြိမ် နှစ်ကြိမ်မှာ စီတန်းလှည့်လည်နေတဲ့ လူတစ်ယောက်က မှော်ကြိမ်လုံးနဲ့ လမ်းဘေးက ရွက်ထည်တဲကို မီးရှို့လိုက် တာ ဟယ်ရီမြင်ရတယ်။ ရွက်ထည်တဲအချို့ မီးလောင်သွားတယ်။ စူးရှတဲ့ အော်သံ ပိုကျယ်လောင်လာတယ်။

မိုးပေါ်မှာ လွင့်ပျံနေတဲ့လူတွေ မီးလောင်နေတဲ့ ရွက်ထည်တဲပေါ်က ဖြတ်သွားစဉ်၊ မီးရောင်ဟပ်လိုက်တဲ့အခါမှာ ၎င်းတို့အနက် တစ်ယောက်ဟာ စခန်းထိန်းသိမ်းတဲ့ လုပ်သား မစ္စတာရောဘတ်စ်မှန်း ဟယ်ရီ သိလိုက်တယ်။ ကျန်သုံးဦးဟာ ၎င်းရဲ့ ဇနီးနဲ့ကလေးတွေနဲ့ တူတယ်။ အောက်ဘက်စီတန်း လှည့်လည်တဲ့ လူတစ်ယောက်က မှော်ကြိမ်လုံးနဲ့ မစ္စစ်ရောဘတ်စ်ကို ခေါင်း စောက်ထိုး အနေအထားဖြစ်အောင် လုပ်လိုက်တယ်။ မစ္စစ်ရောဘတ်စ်ရဲ့ ည ဝတ်အင်္ကျီ လျှောကျလာပြီး အတွင်းခံဘောင်းဘီတိုကြီး ပေါ်သွားတယ်။ အောက် က လူအုပ်ဟာ ဝမ်းသာစွာ အော်ဟစ် နောက်ပြောင်တယ်။ သူမဟာ မိမိကိုယ် ကို ဖုံးဖို့ ရုန်းကန်တယ်။

"ရွံစရာပဲ" ရွန်က ရေရွတ်လိုက်ရင်း ဟိုမတ်ဂေါ်ကလေးလေး — အဲဒီ ကလေးဟာ မြေပြင်က ပေ-၆၀အကွာမှာ ဂျင်လို လည်နေတယ်။ သူ့ခေါင်း ဟာ ပျော့အိစွာ ဒီဘက် စောင်းသွားလိုက်၊ ဟိုဘက် စောင်းသွားလိုက် ဖြစ်နေ တယ်။ "လွန်လွန်းအားကြီးတယ်. . . . ."

ဟာမိုင်းနဲ့ ဂျင်နီ သူတို့ဆီ ကမန်းကတန်း ပြေးလာတယ်။ အပေါ်အင်္ကျီ ကို ညဝတ်အင်္ကျီပေါ် စွပ်နေတုန်းပဲ။ မစ္စတာဝယ်စလီက သူမတို့နောက်က



လိုက်လာတယ်။ ဒီအချိန်မှာပဲ ဘီး၊ ချာလီနဲ့ ဖတ်စီတို့ဟာလဲ ယောက်ျားလေး တဲထဲက ထွက်လာတယ်။ သူတို့ဟာ သေချာဝတ်စားထားပြီး အင်္ကျီလက်မောင်း ကို အမြင့်ကြီး ပင့်ထားကာ မှော်ကြိမ်လုံးတွေ ကိုင်ထားကြတယ်။

"ငါတို့ ဝန်ကြီးဌာနကို စည်းကမ်းထိန်းသိမ်းရာမှာ ကူညီရမယ်" မစ္စတာဝယ်စလီရဲ့ အသံဟာ ဆူညံသံကို ဖုံးလွှမ်းသွားတယ်။ မိမိအင်္ကျီ လက် မောင်းကိုလဲ ပင့်တင်လိုက်တယ်။ "မင်းတို့တွေ — သစ်တောထဲ မြန်မြန်ဝင် ကြ၊ အတူတူသွား၊ မကွဲစေနဲ့။ ကိစ္စတွေ ဖြေရှင်းပြီးမှ ငါ လာရှာမယ်"

ဘီး၊ ချာလီနဲ့ ဖတ်စီတို့ဟာ ရှေ့ မျက်နှာချင်းဆိုင်က လာနေတဲ့ စီတန်း လှည့်လည်တဲ့ လူတွေဆီ ပြေးသွားကြပြီ။ မစ္စတာဝယ်စလီလဲ အမြန်လိုက်သွား တယ်။ ဝန်ကြီးဌာန လုပ်သားတွေဟာ အရပ်လေးမျက်နှာကနေ ပြဿနာဖြစ်တဲ့ နေရာကို ပြေးလာကြတယ်။ ရောဘတ်စ်မိသားစု အောက်ဘက်ရှိ လူတွေနဲ့ နီးနီးလာတယ်။

"မြန်မြန်သွား" ဖရက်ကပြောကာ ဂျင်နီ့လက်ကို ဆတ်ခနဲဆွဲပြီး သစ် တောထဲ ခေါ်သွားတယ်။ ဟယ်ရီ၊ ရွန်၊ ဟာမိုင်း၊ ဂျော့တို့က နောက်က ကပ် လိုက်တယ်။ သူတို့ သစ်တောထဲ ဝင်တဲ့အခါမှာ နောက်ကို လှည့်ကြည့်တယ်။ ရောဘတ်စ်မိသားစု အောက်ဘက်က လူအုပ်ဟာ ခုနကထက် ကြီးထွားလာ တယ်။ ဝန်ကြီးဌာနက မှော်ဆရာ လုပ်သားတွေဟာ အလယ်က ခေါင်းစွပ် ဦးသုပ် ဆောင်းထားတဲ့ မှော်ဆရာတွေအနား ရောက်အောင် အတင်း တိုးနေ ကြပေမယ့် အခက်အခဲကြီးနဲ့ ရင်ဆိုင်ရတာကို သူတို့ မြင်တွေ့ရတယ်။ သူတို့ဟာ ရောဘတ်စ်မိသားစု အောက်ကိုပြုတ်ကျမှာ စိုးလို့ မှော်ပညာ မသုံးဝံ့ဘူးနဲ့ တူတယ်။

မူလက အားကစားကွင်းဆီ သွားတဲ့လမ်းကို အလင်းရောင်ပေးတဲ့ မီးအိမ်တွေ အခု ငြိမ်းကုန်ပြီ။ သစ်တောထဲမှာ လူရိပ်မည်းမည်းတွေ လဲလဲပြိုပြိုနဲ့ သွားနေကြတယ်။ ကလေးတွေ ငိုယိုနေတယ်။ စိုးရိမ်ပူပန်စွာ အော်ဟစ်သံနဲ့ စကားပြောသံတွေဟာ ၎င်းတို့ ပတ်ဝန်းကျင်ရှိ အေးစက်တဲ့ ညကောင်းကင် မှာ ပဲ့တင်ထပ်နေတယ်။ ဟယ်ရီဟာ မိမိကို လူတွေ တွန်းထိုးနေတယ်ဆိုတာ ခံစားရတယ်။ ဒါပေမယ့်လဲ ဒီလူတွေ မျက်နှာကို ရှင်းရှင်းမမြင်ရဘူး။ ဒီနောက် နာကျင်စွာ အော်ဟစ်သံကို သူကြားရတယ်။

"ဘာဖြစ်တာလဲ" ဟာမိုင်းက စိတ်လှုပ်ရှားစွာမေးရင်း တန့်ခနဲ ရပ်

www.burmeseclassic.com



ညွှန်းရုပ်လိုက်တယ် — ဟယ်ရီ သူမကိုဝင်တိုက်တယ်။ "ရွန်၊ နင်ဘယ်မှာလဲ။ အား ငါဘို့ သိပ်အတယ် — မီးရောင်လင်းစေ"

သူမဟာ မှော်ကြိမ်လုံးကို မီးညှိလိုက်တယ်။ အဲဒီ မီးရောင်တန်း ကျဉ်းကျဉ်းလေးနဲ့ လမ်းကလေးကို အလင်းရောင်ပေးတယ်။ ရွန် မြေကြီးပေါ် လဲကျပြီး ကျောက်တွားလေး ဖြစ်နေတယ်။

"သစ်မြစ်ကို ခလုတ်တိုက်မိလို့" သူက စိတ်ဆိုးဆိုးနဲ့ပြောရင်း ထရပ်တယ်။

"ဟင်း၊ ဒီလိုခြေထောက်မျိုးနဲ့ မလဲဘဲ နေမလား" ဆွဲဆွဲငင်ငင် အသံတစ်သံ သူတို့ကျောဘက်က ပေါ်လာတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဆတ်ခနဲ ကိုယ်ကိုလှည့်လိုက်တယ်။ ဗျာခို-မော်ဖိုင် တစ်ယောက်တည်း အနီးမှာ သစ်ပင်တစ်ပင်ကို မှီရပ်နေတယ်။ အား အားယားယား ပေါ့ပါးတဲ့ပုံမျိုးနဲ့။ သူဟာ လက်ပိုက်ထားတယ်။ ခုနက သစ်ပင်ကြားကနေ စခန်းတွင်း ရှုပ်ယှက်ခတ်တဲ့ အခြေအနေကို ကြည့်နေပုံရတယ်။

ရွန်က မော်ဖိုင်ကို ဆဲလိုက်တယ်။ မစ္စစ်ဝယ်စလီသာ ဒီမှာရှိမယ်ဆိုရင် ဒီစကားမျိုး သူ ဘယ်နည်းနဲ့မှ ပြောဝံ့မှာ မဟုတ်ဘူးဆိုတာ ဟယ်ရီသိတယ်။

"စကား သတိထားပြော၊ ဝယ်စလီ" မော်ဖိုင်က ပြောတယ်။ အရောင်ဖျော့ဖျော့ မျက်စိဟာ ညအလင်းရောင်မှာ လက်နေတယ်။ "မင်းတို့ အချိန်လုပြီး ထွက်ပြေးတာပဲ ကောင်းမယ်ထင်တယ်။ မင်းတို့ သူမကို လူတွေ့မသွားစေချင်ဘူး မဟုတ်လား"

သူက ဟာမီးဘက် ခေါင်းညိတ်ပြတယ်။ ဒီအချိန်မှာပဲ စခန်းဘက်ဆီက ရောမ အသံကျယ်ကြီး ပေါ်ထွက်လာတယ်။ ဗုံးတစ်လုံး ပစ်ဖောက်လိုက်သလိုပဲ။ အစိမ်းရောင် အလင်းဟာ သူတို့ ပတ်ဝန်းကျင်ရှိ သစ်ပင်တွေကို လင်းသွားစေတယ်။

"နင် ဒါ ဘာအဓိပ္ပာယ်လဲ" ဟာမီးက မကျေမနပ် မေးတယ်။

"ဂရန်ဂျာ၊ သူတို့ လိုက်ရှာနေတာ မတ်ဂေါ်ပဲ" မော်ဖိုင်က ပြောတယ်။ "မိုးပေါ်မှာ နင့်အတွင်းခံဘောင်းဘီကို ထုတ်ပြချင်လို့လား။ ပြချင်တယ်ဆိုရင် ဒီမှာပဲ နေနေပါ. . . . . သူတို့ ဒီဘက်ကို လာနေပြီ။ ငါတို့အားလုံး ဟားတိုက်ရယ်ရတာပေါ့"



"ဟာမီးက မှော်ဆရာမ" ဟယ်ရီက ဒေါသနဲ့ အော်ပြောတယ်။

"မင်းသဘောပဲ၊ ပေါ်တာ"မော်ဖိုင်က ပြောတယ်။ မျက်နှာပေါ်မှာ ရယ်ပုံဆိုးဆိုး ပေါ်လာတယ်။ "မင်းတို့က သူတို့ရဲ့သွေးကို ခွဲခြားမမြင်တတ်ဘူး ဆိုရင် ဒီမှာပဲ နေကြပေါ့"

"မင်း စကား ကြည့်ပြောနော်" ရွန်က အော်ပြောတယ်။ "ရွံ့သွေး"ဆိုတာ မိဘက မတ်ဂေါ်ဖြစ်တဲ့ မှော်ဆရာ၊ ဆရာမတွေကို စော်ကားတဲ့ စကားဆိုတာ ဒီမှာရှိတဲ့ လူအားလုံး သိတယ်။

"ဂရုမစိုက်နဲ့၊ ရွန်" ဟာမီးက အမြန်ပြောတယ်။ ရွန် မော်ဖိုင့်ဆီ တစ်လှမ်းတိုးသွားတာတွေ့လို့ ရွန့်လက်ကို အမြန်လှမ်းဆွဲပြီး တားလိုက်တယ်။

သစ်တောရဲ့ ဟိုဘက်ကနေ ပေါက်ကွဲသံ ပေါ်ထွက်လာတယ်။ သူတို့ ကြားရတဲ့ အသံအားလုံးထက် နားအူစေတယ်။ အနားက လူတစ်ချို့ ထအော်တယ်။ မော်ဖိုင်က တိုးတိုး အသံထွက်ရယ်တယ်။

"တယ်လဲ လန့်လွယ်ပါလား၊ ဒီလူတွေ ဟုတ်လား" သူက ပျင်းရိရိနဲ့ ပြောတယ်။ "မင်းအဖေက မင်းတို့ကို ပုန်းနေခိုင်းတယ် ထင်တယ်။ သူ ဘာလုပ်နေသလဲ — ဟို မတ်ဂေါ်တွေကို သွားကယ်မလို့လား"

"မင်းမိဘကော ဘယ်မှာလဲ" ဟယ်ရီ ဒေါသထွက်လာပြီး ပြောတယ်။ "ဟိုဘက်မှာ မျက်နှာဖုံး စွပ်ထားတယ်၊ ဟုတ်တယ်မဟုတ်လား"

မော်ဖိုင်က ဟယ်ရီဘက် လှည့်လိုက်တယ်။ ပြုံးမြဲ ပြုံးနေတယ်။

"ငါပြောမယ်. . . . . သူတို့ အဲဒီလို ဖြစ်ရင်လဲ ငါ မင်းကို ပြောမပြချင်ဘူး။ ဟုတ်တယ်မဟုတ်လား၊ ပေါ်တာ"

"အော၊ မြန်မြန်သွားတော့" ဟာမီးက ရွံမုန်းတဲ့အကြည့်နဲ့ မော်ဖိုင်ကို ကြည့်ရင်း ပြောတယ်။ "ငါတို့ တခြားလူတွေ သွားရှာရအောင်"

"မင်းရဲ့ ခေါင်းစုတ်ဖွားကြီးကို ငုံ့ထား၊ ဂရန်ဂျာ" မော်ဖိုင်က သရော်တယ်။

"မြန်မြန်သွားကြ" ဟာမီးက နောက်ထပ်ပြောပြီး ဟယ်ရီနဲ့ ရွန်ကို ဆွဲခေါ်ကာ ခရီးဆက်သွားတယ်။

"ငါ မင်းနဲ့လောင်းဝံ့တယ်။ သူ့အဖေဟာ ဟို မျက်နှာဖုံးထားတဲ့ ငနဲတွေထဲက တစ်ယောက်ဖြစ်မှာ သေချာတယ်" ရွန်က စိတ်ဆိုးစွာ ပြောတယ်။

"ကံကောင်းရင်တော့ ဝန်ကြီးဌာနက သူ့ကို ဖမ်းမိမှာ" ဟာမီးက

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစွာပြောတယ်။ "အော၊ ဒီကိစ္စကို ယုံတောင်မယုံဝံ့ဘူး။ ကျန်လူတွေ ဘယ်ရောက်ကုန်လဲ"

ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့ ဘယ်ပျောက်ကုန်မှန်း မသိဘူး။ လမ်းကလေးပေါ်မှာ လူတွေနဲ့ ပြည့်ကျပ်နေတယ်။ လူတိုင်း ခေါင်းလှည့်ပြီး စခန်းတွင်း နောက်ရှုတ်ရက်ရက် ဖြစ်ပွားတဲ့ဆီကို ငေးမျှော် ကြည့်နေတယ်။ လမ်းကလေးဘေးမှာ ညဝတ်အင်္ကျီ ဝတ်ထားတဲ့ လူငယ်ယောကျာ်းလေး၊ မိန်းကလေးတွေ ဝိုင်းအုံပြီး ဆူဆူညံညံနဲ့ တစ်ခုခုကို ငြင်းခုံနေတယ်။ သူတို့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို မြင်တော့ ဆံပင်ထူထူကောက်ကောက်နဲ့ ကောင်မလေးက ဒီဘက် လှည့်လိုက်ပြီး အလျင်အမြန် ပြောတယ်။ "မဒမ်မက်ဆင်းမ် ဘယ်ရောက်နေလဲ။ ငါတို့ သူ့ကို ရှာလို့ မတွေ့ဘူး —"

"အင်း — ဘာလဲ?" ရွန်က ပြောတယ်။

"အိုး. . . ." စကားပြောတဲ့ကောင်မလေးက ဟိုဘက် ပြန်လှည့်သွားတယ်။ သူတို့ ရှေ့ဆက် သွားစဉ်မှာ သူမ ပြောလိုက်တာ ရှင်းရှင်း ကြားရတယ်။ "အောဂ်ဝပ်"

"ဗျူစ်ဘာတန်စ်" ဟာမီးက ရွတ်ဆိုလိုက်တယ်။

"ခွင့်လွှတ်ပါ၊ နင် ဘာပြောတာလဲ" ဟယ်ရီက ပြောတယ်။

"သူတို့ဟာ ဗျူစ်ဘာတန်စ်ကပဲ ဖြစ်မယ်" ဟာမီးက ပြောတယ်။ "နင် သိပါတယ်. . . . . ဗျူစ်ဘာတန်စ် မှော်ပညာ အကယ်ဒမီကျောင်း. . . . . ငါ ဥရောပ မှော်ပညာရေး အကဲဖြတ်မှာ ဖတ်ဖူးတယ်"

"အော. . . . . ဒီလိုကိုး" ဟယ်ရီက ပြောတယ်။

"ဖရက်နဲ့ ဂျော့ သိပ်ဝေးဝေးတော့ ရောက်သွားမှာ မဟုတ်ဘူး" ရွန်က ပြောရင်း မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ဟာမီးလိုပဲ မီးထွန်းလိုက်တယ်။ ဒီနောက် မျက်စိမှေးပြီး လမ်းကလေးအတိုင်း လှမ်းကြည့်တယ်။ ဟယ်ရီဟာ အပေါ်အင်္ကျီ အိတ်ကပ်ထဲမှာ မိမိမှော်ကြိမ်လုံးကို ရှာတယ် — ဒါပေမယ့် မှော်ကြိမ်လုံးကို မတွေ့ဘူး။ သူရှာလို့ ရတာက ဟိုမြင်ကွင်းကျယ် အဝေးကြည့် မှန်ပြောင်းသာ ဖြစ်တယ်။

"အမလေး၊ မယုံနိုင်ဘူး. . . . ငါ့ မှော်ကြိမ်လုံး ပျောက်သွားပြီ"

"မင်း ရယ်စရာပြောနေတာ"

ရွန်နဲ့ ဟာမီးဟာ မိမိတို့ မှော်ကြိမ်လုံးကို အမြင့်ကြီး မြှောက်ပြီး



သေးသွယ်တဲ့ အလင်းတန်းကို နေရာများများ ရောက်အောင် လုပ်တယ်။ ဟယ်ရီက အနီးပတ်ဝန်းကျင်မှာ လိုက်ရှာတယ်။ ဒါပေမယ့် သူ့ မှော်ကြိမ်လုံးကို ဘယ်လိုမှ ရှာမတွေ့ဘူး။

"တဲထဲ ကျန်ခဲ့ပြီ ထင်တယ်" ရွန်က ပြောတယ်။

"ခုနက ပြေးတုန်းမှာ အိတ်ကပ်ထဲက ထွက်ကျသွားတာများလား" ဟာမီးက ပူပင်စွာမေးတယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ဖြစ်နိုင်တယ်. . . . ."

မှော်ကမ္ဘာထဲမှာ သူဟာ မှော်ကြိမ်လုံး ကိုယ်နဲ့မကွာ ထားတယ်။ အခု ဒီလိုအခြေအနေမျိုးမှာ မှော်ကြိမ်လုံး ပျောက်သွားတော့ သိပ်ကို အားငယ်သလို ခံစားရတယ်။

ရုတ်တရက်၊ ဘေးဘက်က ရှပ်ရှပ်သံ ပေါ်လာတဲ့အတွက် သုံးယောက်စလုံး လန့်သွားတယ်။ အိမ်မွေး မှင်စာလေး ဝင့်ခီဟာ ချုံပုတ်ထဲက ထောင်းတိုးထွက်နေတယ်။ သူမ လှုပ်ရှားမှုဟာ ပုံမှန်မဟုတ်ဘူး။ သိပ်ရုန်းကန်နေသလိုပဲ။ မမြင်ရတဲ့ လူတစ်ယောက်က သူမကို ပြန်ဆွဲခေါ်နေသလိုပဲ။

"နေရာတိုင်းမှာ မှော်ဆရာဆိုးချည်းပဲ" သူမဟာ ကိုယ်ကို ရှေ့ကိုင်းပြီး အတင်းပြေးဖို့ ကြိုးစားရင်း စူးရှစွာ အော်ပြောတယ်။ "လူက အမြင့်ကြီး — အမြင့်ကြီး အပေါ်မှာ။ ဝင့်ခီ ထွက်ပြေးမယ်"

သူမဟာ အသက်ပြင်းပြင်း ရှူတယ်၊ အော်တယ်။ သူမကို ချုပ်နှောင်ထားတဲ့အားနဲ့ ပုတ်သတ်ရင်း လမ်းကလေးတစ်ဘက်က ချုံပုတ်ထဲ တိုးဝင်သွားတယ်၊

"သူမ ဘာဖြစ်တာလဲ" ရွန်က ဝင့်ခီကျောဘက်ကို အံ့သြစွာ ကြည့်နေတယ်၊ "သူမ ဘာကြောင့် ကောင်းကောင်းမပြေးနိုင်တာလဲ"

"သခင်သဘောမတူဘဲ ကိုယ့်ဘာသာ ရှောင်ပုန်းတယ်နဲ့ တူတယ်" ဟယ်ရီက ပြောတယ်။ သူဟာ ဒေါ့ဘီကို သတိရလိုက်တယ်။ ဒေါ့ဘီဟာ မော်လ်ဖွိုင်းမိသားစု မကြိုက်တာ တစ်ခုခုလုပ်ချင်တိုင်း အိမ်မွေးမှင်စာလေးဖြစ်တဲ့ သူဟာ မိမိကိုယ်မိမိ နာကျင်အောင် ရိုက်နှက်ရတယ်။

"နင်တို့ သိလား၊ အိမ်မွေးမှင်စာလေးတွေဟာ အလွန် မတရားအနိုင်ကျင့်ခံရတယ်" ဟာမီးက ဒေါသနဲ့ပြောတယ်။ "သူတို့ဟာ ကျွန်စစ်စစ်ပဲ။ မစ္စတာ ခရောက်ချ်က သူမကို အားကစားရုံ အပေါ်ဆုံးထိ အတင်းတက်ခိုင်းလို့ သူမ

www.burmeseclassic.com

www.burmeseclassic.com



သေဘောတ် လန့်တယ်။ ဒီနောက် မစ္စတာခရောက်ချ်က သူမကို မှော်ပညာနဲ့ စီရင်ထားတဲ့အတွက် လူတွေ ရွက်ထည်တဲတွေကို နင်းပြေးကြတာတောင် သူမ ထွက်ပြေးလို့ မရဘူး။ ဘာဖြစ်လို့ ဒီလိုကိစ္စမျိုးကို ထွက်တားတဲ့လူ မရှိတာလဲ"

"အိမ်မွေးမှင်စာလေးတွေ စိတ်ထဲမှာ ပျော်ရွှင်နေတယ်လို့ ငါထင်တယ် ဟုတ်လား" ရွန်က ပြောတယ်။ "ခုနက ပြိုင်ပွဲမှာ ဝင့်ခ်ီပြောတာ နင်ကြားလား. . . . 'အိမ်မွေး မှင်စာလေးတွေဟာ ပျော်ရွှင်မှု မရှိသင့်ဘူး' . . . . . သူမက ဒါပဲကြိုက်တာ။ လူတွေ ဟိုခိုင်းဒီခိုင်း လုပ်တာလေ. . . ."

"နင်တို့လို လူမျိုးတွေကြောင့်ပေါ့၊ ရွန်" ဟာမီးက ပြင်းထန်စွာ ပြောတယ်။ "ဒီလိုပုပ်ဆွေးနေတဲ့ မတရားတဲ့စနစ်ကို ကာကွယ်နေတာ အကြောင်းက နင်တို့ သိပ်ကို အပျင်းကြီးကြလို့. . . ."

မိုးမြေ သိမ့်သိမ့် တုန်သွားစေတဲ့ ပေါက်ကွဲသံကြီး သစ်တောအစပ်ဆီက ရောက်လာပြန်တယ်။ ကောင်းကင်မှာ ပဲ့တင်ထပ်နေတယ်။

"ငါတို့ ဆက်သွားရအောင်၊ ကောင်းမလား" ရွန်က ပြောပြီး ဟာမီးကို ပူပင်စွာ ကြည့်လိုက်တာ ဟယ်ရီ မြင်လိုက်တယ်။ မော်ဖိုင်ပြောတာ အကျိုးအကြောင်း တစ်စုံတစ်ရာ ရှိချင်ရှိမှာ။ ဟာမီးအနေအထားဟာ သူတို့ထက် ပို အန္တရာယ် ရှိချင်ရှိမှာ။ သူတို့ ဆက်ထွက်ခဲ့ကြတယ်။ ဟယ်ရီဟာ မှော်ကြိမ်လုံး သူ့ဆီမှာ မရှိမှန်းသိပေမယ့် အိတ်ကပ်ထဲ နှိုက်ရှာနေတုန်းပဲ။

သူတို့ဟာ မှောင်မည်းတဲ့ လမ်းကလေးအတိုင်း တောနက်ထဲ ပိုပြီး ဝင်သွားတယ်။ ဖရက်၊ ဂျော့နဲ့ ဂျင်နီကိုလဲ လိုက်ရှာတယ်။ လမ်းမှာ သရဲလေး တစ်အုပ်ဟာ သူတို့ ဘောပွဲလောင်းလို့ ရလာတာနဲ့တူတဲ့ ရွှေဒင်္ဂါးတစ်ထုပ်ကို ကြည့်ပြီး ကွိကွိကွကွနဲ့ ပြောရယ်နေကြတယ်။ စခန်းမှာ ဖြစ်နေတဲ့ မတည်ငြိမ်မှုကို ဘာမှ အရေးမထားသလိုပဲ။ သူတို့ ရှေ့ဆက်သွားပြန်တယ်။ ငွေရောင် အလင်းရောင်ထဲ ရောက်လာတယ်။ ချုံပုတ်နောက်က လှမ်းမျှော်ကြည့်လိုက်တော့ သွယ်လျလှပတဲ့ ဗီလာသုံးယောက် ကွက်လပ်တစ်ခုမှာ ရပ်နေပြီး ဘေးမှာ လူငယ်မှော်ဆရာတစ်အုပ် ဝိုင်းနေတာ တွေ့ရတယ်။ အားလုံး စကား အကျယ်ကြီး ပြောနေတယ်။

"ကျွန်တော် တစ်နှစ်ကို ရွှေဒင်္ဂါးအိတ် တစ်ရာရတယ်" ၎င်းတို့အနက် တစ်ယောက်က အော်ပြောတယ်။ "ကျွန်တော်က အန္တရာယ်ရှိသတ္တဝါ စီရင်ရေး ကော်မတီမှာ မီးနဂါး သတ်ဖြတ်တဲ့အလုပ် လုပ်တယ်"



"ထွီ၊ မင်းလား" သူ့မိတ်ဆွေတွေက အော်ပြောတယ်။ "မင်းက [illegible]စုတ်ဘားက ပန်းကန်ဆေး. . . . . ငါက သွေးစုပ်ကောင်ကို သတ်တဲ့လူ။ အကောင် ၉၀-ကျော် သတ်ပြီးပြီ—"

တတိယ မှော်ဆရာ စကားဝင်ပြောပြီ — သူ့ မျက်နှာပေါ်က ဝက်ခြံ[illegible] ဗီလာတို့ ကိုယ်ပေါ်ကထွက်တဲ့ အားနည်းတဲ့ငွေရောင်အလင်းထဲမှာ [illegible] ရှင်းရှင်းမြင်ရတယ်။ "ကျွန်တော်က သမိုင်းမှာ အသက်အငယ်ဆုံး မှော်ဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာမှာ"

ဟယ်ရီက သရော်ရယ် ရယ်လာတယ်။ ဟို ဝက်ခြံနဲ့ မှော်ဆရာကို မှတ်မိတယ်။ ဒီလူ့ နာမည်က စထန်း-ဆွန်ဖိုက်ခ်လို့ ခေါ်တယ်။ စင်စစ်မှာ သုံးထပ်မြင်းစီးသူရဲ ဘတ်စကားပေါ်က လက်မှတ်ရောင်း။ သူက ဒါကို ပြောပြဖို့ လှည့်လိုက်စဉ် ရွန့်မျက်နှာပေါ်က ကြွက်သားတွေ ထူးဆန်းစွာ လျော့ကျနေတာ မြင်ရတယ်။ ဒီနောက် ရွန်က အဲဒီလူတွေကို အကျယ်ကြီး အော်ပြောတယ်။ "ငါ မင်းတို့ကို ပြောပြဖူးသလား။ ငါ မိုးပျံတံမြက်စည်းတစ်ချောင်း ဘီထွင်ထားတယ်။ ကြာသပတေးဂြိုဟ်ပေါ်ထိ ပျံသန်းနိုင်တယ်"

"အမလေး နင် ဘယ်လိုဖြစ်နေတာလဲ" ဟာမီးက ပြောတယ်။ သူမနဲ့ ဟယ်ရီဟာ ရွန့်လက်မောင်းကို တအား ဖမ်းကိုင်ပြီး သူ့ကို တစ်ဖက် လှည့်စေပြီး ဆွဲခေါ်သွားတယ်။ ဗီလာတို့နဲ့ သူမတို့ကို ကြည်ညိုသူတွေရဲ့အသံတွေ မကြားရတော့ သူတို့ဟာ သစ်တောရဲ့ အလယ်ဗဟိုကို ရောက်လာတယ်။ နေရာမှာ သူတို့ပဲ ရှိသလိုပဲ။ ပတ်ဝန်းကျင်က အများကြီး ငြိမ်သက်တယ်။

ဟာမီးက ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ "ငါထင်တယ်၊ ငါတို့ ဒီမှာပဲ စောင့်နေရင် ကောင်းမယ်။ ဘယ့်နှယ်လဲ။ ငါတို့ တစ်မိုင်လောက် လှုပ်ရှားတာတွေ ကြားရတယ်"

သူမ ပြောပြီးတာနဲ့ လူဒို-ဘက်ကမင်းဟာ သူတို့ ရှေ့ဘက်က သစ်ပင် တစ်ပင်နောက်က ပေါ်ထွက်လာတယ်။

မှော်ကြိမ်လုံး နှစ်ချောင်းက ထွက်တဲ့ အလင်းရောင် အင်မတန် အားနည်းပေမယ့် ဟယ်ရီဟာ ဘက်ဂမင်း အပြောင်းလဲကြီး ပြောင်းလဲသွားတာ မြင်နိုင်တယ်။ သူ့ကို ကြည့်ရတာ ပေါ့ပါးပျော်ရွှင် မနေတော့ဘူး။ မျက်နှာလဲ ပြာ မနေတော့ဘူး။ ခြေထောက်မှာလဲ စပရိမ် တပ်မထားတော့ဘူး။ သူ့ မျက်နှာဟာ ဖြူဖပ်ဖြူရော်ဖြစ်ပြီး စိုးရိမ်ပူပင်ပုံ ပေါ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ" သူက ပြောပြီး သူတို့ရှိရာကို မျက်တောင် တအား ခတ်နေတယ်၊ သူတို့ မျက်နှာကို ဘယ်သူ ဘယ်ဝါဆိုတာ သိချင်တယ်။ "မင်းတို့ ခုညီး ဒီမှာ ဘာလုပ်နေလဲ"

သူတို့ အပြန်အလှန်ကြည့်ပြီး အားလုံး အလွန်အံ့သြသွားတယ်။

"ဒီလိုပါ — ဟိုဘက်မှာ ရုတ်ရုတ်သဲသဲ ဖြစ်တယ်" ရွန်က ပြောတယ်။

ဘက်ဂမင်းက သူ့ကို စိုက်ကြည့်နေတယ်။

"ဘာ ?"

"စခန်းမှာ . . . . . မတ်ဂေါ်မိသားစု တစ်စုကို ဖမ်းပြီး . . . . ."

ဘက်ဂမင်းက အကျယ်ကြီး တစ်ခွန်း ဆဲလိုက်တယ်။

"သေပါတော့" သူက ပြောတယ်။ စိတ်ရှုပ်ထွေးတဲ့ ပုံစံနဲ့။ ဒီနောက် သူ တစ်လုံးမှ ထပ်မပြောဘဲ ဖောက်ခနဲ ရုပ်ရွှေ့ပြောင်းသွားတယ်။

"မစ္စတာဘက်ဂမင်းက အခြေအနေကို လုံးဝမသိဘူး၊ ဟုတ်လား" ဟာမီးက မျက်မှောင်ကြုတ်ပြီး ပြောတယ်။

"ဒါပေမယ့် အရင်ကတော့ သူဟာ သိပ်တော်တဲ့ ဘောရိုက်သမားပဲ" ရွန်က ပြောတယ်။ သူဟာ ရှေ့က ဦးဆောင်သွားကာ လမ်းကလေးအတိုင်း လိုက်ရင်း ကွက်လပ်ကလေးတစ်ခုထဲ ဝင်လိုက်ပြီး သစ်ပင်အောက်က မြက်ခြောက်ပေါ် ထိုင်ချလိုက်တယ်။ "သူဟာ ဝင်းဘောင်းနကျယ်ကောင်အသင်းမှာတုန်းက အဲဒီအသင်းဟာ သုံးကြိမ် ဆက်တိုက်ဗိုလ်စွဲခဲ့တယ်"

သူဟာ အိတ်ကပ်ထဲကနေ ခရွန်းမ်ရုပ်ထုလေးကို ထုတ်ကာ မြေကြီးပေါ် ချလိုက်ပြီး ၎င်းခေါက်ပြန်လျှောက်နေတာကို ကြည့်နေတယ်။ အဲဒီ ပုံတူ အရုပ်ကလေးဟာ ခရွန်းမ်အစစ်လိုပဲ လမ်းလျှောက်တာ နည်းနည်း ဘဲသွားသွားတယ်။ ပခုံးလဲ ရှေ့ကို နည်းနည်းကွေးနေတယ်။ သူ့ အပြင်ဘက်ကနေတဲ့ ခြေထောက်ဟာ မြေကြီးပေါ်နင်းတာ မိုးပေါ်ပျံတာထက် အများကြီးအရုပ်ဆိုးတယ်။ ဟယ်ရီက စခန်းဆီက အသံကို နားစွင့်နေတယ်။ အားလုံး တော်တော် ငြိမ်သက်သွားသလိုပဲ၊ ရုတ်ရုတ်သဲသဲဖြစ်မှုတွေ ငြိမ်သက်သွားပြီနဲ့ တူတယ်။

"သူများတွေလဲ အေးအေးချမ်းချမ်းရှိစေချင်တယ်" ခဏနေတော့ ဟာမီးက ပြောတယ်။



"သူတို့ ဘာမှမဖြစ်ပါဘူး" ရွန်က ပြောတယ်။

"တွေးမြင်ကြည့်စမ်းပါ၊ မင်းအဖေ လူးရှပ်စ်-မော်ဖိုင်ကို ဖမ်းမိရင် ကောင်းမယ်" ဟယ်ရီက ပြောရင်း ရွန့်ဘေးဝင်ထိုင်ပြီး ခရွန်းမ် အရုပ်ကလေး မြက်ကြွေတွေပေါ်မှာ စိတ်မပါဘဲ သွားလာနေတာကို ကြည့်နေတယ်။ "သူက မော်ဖိုင်ဆီက သက်သေခံ တစ်ခုခုရအောင် ဖမ်းမယ်ပြောပြောနေတာ"

"ဟုတ်တယ်၊ ဒီလိုဆိုရင် အမြင်ကတ်စရာ ဂွာခိုလဲ ယုတ်မာတဲ့ အပြုံး ပြုံးနိုင်တော့မှာ မဟုတ်ဘူး" ရွန်က ပြောတယ်။

"အင်း၊ ဟို မတ်ဂေါ်တွေ သိပ်သနားစရာ ကောင်းတာပဲ" ဟာမီးက စိတ်မကောင်းစွာ ပြောတယ်။ "တကယ်လို့ လူတွေ ၎င်းတို့ကို အောက်ပြန်ဆောက်အောင် မလုပ်နိုင်ရင် ဘယ်လိုလုပ်မလဲ"

"မဖြစ်ပါဘူး" ရွန်က သူမကို အာမခံတယ်။ "သူတို့မှာ နည်းလမ်းရှိပါ"

"တကယ် ရူးကုန်ပြီ၊ ဒီလိုအလုပ်မျိုး လုပ်ကြတယ်။ ဒီည မှော်ဝန်ကြီးဌာနက အရာရှိအားလုံး ဒီမှာ ရှိတယ်လေ" ဟာမီးက ပြောတယ်။ "ငါ ပြောချင်တာက သူတို့ လွယ်လွယ်နဲ့လွှတ်မယ်များ ထင်နေသလား၊ နင်တို့ ပြောစမ်း၊ သူတို့ အရက်မူးနေလို့လား၊ ဒါမှမဟုတ် — "

သူမဟာ စကားစကို ရပ်လိုက်ပြီး မိမိပခုံးပေါ်ကနေ နောက်သို့ လှည့်ကြည့်လိုက်တယ်။ ဟယ်ရီနဲ့ ရွန်လဲ အလျင်အမြန် လှည့်ကြည့်တယ်။ အသံထောင်ရတာ တစ်ယောက်ယောက် ခြေလှမ်းနိမ့်ချည်မြင့်ချည်နဲ့ ဒီကွက်လပ်ဆီ လျှောက်လာနေသလိုပဲ။ သူတို့ စောင့်စားနေတယ်။ မှောင်မည်းတဲ့ချုံနောက်က လဲလဲပြိုပြို လာနေတဲ့ခြေသံကို နားထောင်နေတယ်။ ဒါပေမယ့် ခြေသံ ရုတ်တရက် ရပ်သွားတယ်။

"ဟဲလို?" ဟယ်ရီက အော်ပြောတယ်။

အသံမရှိဘူး။ ဟယ်ရီ မတ်တတ်ရပ်လိုက်ပြီး သစ်ပင်နောက်ကို လှည့်ကြည့်တယ်။ အရုပ်လေးမျက်နှာစလုံး မှောင်မည်းနေတယ်။ နည်းနည်း လှမ်းပြီး မမြင်ရတော့ဘူး။ ဒါပေမယ့် သူ့မြင်ကွင်း အပြင်မှာ တစ်ယောက်ယောက် ရှိနေတယ်ဆိုတာ သူ ခံစားမိတယ်။

"ဘယ်သူလဲ" သူက မေးတယ်။

ဒီနောက် ဘာ နိမိတ်မှ မပြဘဲ အသံတစ်သံဟာ ဆိတ်ငြိမ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြန့်ခဲ့လိုက်တယ်၊ ဒီအသံဟာ သူတို့ သစ်တောထဲမှာ ကြားရတဲ့ တခြားအသံ အားလုံးနဲ့ မတူဘူး။ ၎င်းအသံဟာ ပူပင်စွာ အော်ဟစ်ခြင်း မဟုတ်ဘဲ ကျိန်စာနဲ့ တူနေတယ်။

"အလောင်းရိုး ပြန်ပေါ်ပြီ"

ဆက်လက်ပြီး ဟယ်ရီ့အကြည့် ဖောက်ထွင်းမြင်လိုတဲ့ အမှောင်ထု ဆီကနေ အစိမ်းရောင်လက်နေတဲ့ ရောမ အရာတစ်ခု ပေါ်ထွက်လာတယ်။ ၎င်းဟာ သစ်ပင်အဖျားသို့ ချက်ချင်းတက်သွားပြီး မိုးပေါ် ပျံတက်သွားတယ်။

"ဒါ ဘာလဲ —" ရွန်က စိတ်လှုပ်ရှားစွာ ပြောတယ်။ သူလဲ အမြန် ခုန်ထလိုက်ပြီး အဲဒီ ခုတွင်ပေါ်လာတဲ့ အရာကို စိုက်ကြည့်နေတယ်။

စစချင်း ဒါ သရဲပုလေးတွေ ပြုလုပ်တဲ့ ဒီဇိုင်းလို့ ဟယ်ရီထင်တယ်။ ဒါပေမယ့် ဆက်ပြီး အလွန်ကြီးမားတဲ့ အရိုးစုကြီးတစ်ခု စိမ်းလဲ့လဲ့ကြယ်တွေလိုအရာနဲ့ ဖွဲ့စည်းထားတယ်။ စပါးကြီးမြွေကြီးတစ်ကောင်ဟာ အရိုးစုရဲ့ ပါးစပ်ကနေ ထွက်လာတယ်။ လျှာတစ်ချောင်းလိုပဲ။ သူတို့ စိုက်ကြည့်နေတုန်းမှာ အရိုးစုဟာ မြင့်မြင့်တက်သွားတယ်။ စိမ်းဖန့်ဖန့် မီးခိုးငွေ့ကြားမှာ မျက်စိစူး အောင် လင်းလက်နေတယ်။ ညအမှောင်နောက်ခံမှာ ဂြိုဟ်သစ်တစ်ခုနဲ့ တူနေတယ်။

ရုတ်တရက် သူတို့အနီးက သစ်တောထဲမှာ စူးရှတဲ့အော်သံ ထပ်ခါ ထပ်ခါ ပေါ်ထွက်လာတယ်။ အော်သံ ဘယ်ကလာတယ်ဆိုတာ ဟယ်ရီ နား မလည်ဘူး။ ဖြစ်နိုင်တဲ့ တစ်ခုတည်းသော အကြောင်းရင်းကတော့ ဒီ အရိုးစု ပေါ်ထွက်လာခြင်းပဲ။ ၎င်းဟာ အခု အမြင့်ကြီးတက်သွားပြီ။ ကြောက်စရာ ယွန်းမီး ကြော်ငြာလိုပဲ။ သစ်တော တစ်ခုလုံးကို လင်းနေစေတယ်။ ဟယ်ရီဟာ အမှောင်ထဲမှာ အရိုးစုဖန်တီးတဲ့လူကို ရှာတယ်။ ဒါပေမယ့် လူရိပ်ဆိုလို့ တစ်ခု မှ မတွေ့ရဘူး။

"ဘယ်သူလဲ" သူက အော်ပြန်တယ်။

"ဟယ်ရီ၊ မြန်မြန်လုပ်၊ သွားကြမယ်" ဟာမီးက သူ့အင်္ကျီကော်လာကို ဖမ်းကိုင်ပြီး သူ့ကို နောက်ကို ဆွဲခေါ်တယ်။

"ဘာဖြစ်တာလဲ" ဟယ်ရီကပြောပြီး ဟာမီးမျက်နှာ ပိုးဟပ်ဖြူလို သွေးဆုတ်ပြီး အလွန် ထိတ်လန့်နေတာ မြင်ရတယ်။

"အဲဒါ မှော်နက် အမှတ်အသား၊ ဟယ်ရီ" ဟာမီးက ညည်းညူသလို



ပြောတယ်။ သူ့ကိုလဲ တအား ဆွဲနေတယ်။ "ဟိုလူ့ အမှတ်အသား"

"ဗိုလ်ဒီမွန့် —"

"ဟယ်ရီ၊ မြန်မြန်သွား"

ဟယ်ရီ ကိုယ်ကို လှည့်လိုက်တယ်။ — ရွန်က မြေကြီးပေါ်ကနေ ...ရဲ့ ခရွန်းမ်ရုပ်ကလေးကို ကောက်ယူလိုက်တယ် — သုံးယောက်သား ကွက် ...ပ်ကို စဖြတ်တယ် — ဒါပေမယ့် သူတို့ သုတ်သီးသုတ်ပျာ လေးငါးလှမ်းပဲ သွားရသေးတယ်။ ဖောက်၊ ဖောက်၊ ဖောက်ဆိုတဲ့ အသံတွေ ဆက်တိုက်ပေါ် လာပြီး မှော်ဆရာ အယောက်နှစ်ဆယ်ဟာ မိုးပေါ်က ကျလာတယ်။ သူတို့ကို ဝိုင်းပတ်ထားလိုက်တယ်။

ဟယ်ရီက ကိုယ်တစ်ပတ် လှည့်လိုက်တယ်။ ချက်ချင်းပဲ ဒီလို အဖြစ် အပျက်တစ်ခုကို သတိပြုမိသွားတယ်။ ဒီမှော်ဆရာတွေ အားလုံး မိမိတို့ရဲ့ မှော်ကြိမ်လုံးတွေ ဆွဲထုတ်ပြီး သူ၊ ရွန်နဲ့ ဟာမီးကို ဝိုင်းချိန်ထားတယ်။

သူ စဉ်းစားမနေတော့ဘဲ "မြန်မြန်ပုန်း" လို့ အမြန် အော်လိုက်တယ်။

သူဟာ ကျန်နှစ်ယောက်ကို လှမ်းဆွဲပြီး မြေကြီးပေါ် လှဲချလိုက်တယ်။

"မေ့လဲစေ" အသံနှစ်ဆယ်က တစ်ပြိုင်နက် အော်ပြောတယ် — ...စ်ဆက်တည်းမှာ မျက်စိစူးစေတဲ့ အလင်းရောင်တွေ ဆက်တိုက် လက်သွား ...ယ်။ မိမိဆံပင်တွေ လှုပ်ရှား လွင့်ပျံနေပုံဟာ အားကောင်းတဲ့လေ ကွက်လပ် ...ကို ဖြတ်တိုက်လိုက်သလိုပဲလို့ ဟယ်ရီ ခံစားရတယ်။ သူဟာ ခေါင်းကို အနည်း ...ယ် မ,လိုက်တော့ ရဲနေတဲ့ အလင်းနီနီဟာ မှော်ဆရာများ ကြိမ်လုံးထဲက ...န်းထွက်ပြီး သူတို့ခေါင်းပေါ်မှာ ယှက်ဖြတ်ကာ သစ်ပင်ကို ဆောင့်မိတယ်။ ...စ်ခါ အမှောင်ထဲ တန်ပြန်လာတယ်—

"ရပ်ကြ" ရင်းနှီးပြီးသား အသံက အော်ပြောတယ်။ "ရပ်ပါ၊ အဲဒါ ...ျပ်သား"

ဟယ်ရီ့ဆံပင် မလှုပ်ရှားတော့ဘူး။ သူက ခေါင်းကို နည်းနည်း ...ဒိုက်တယ်။ သူ့ရှေ့က မှော်ဆရာဟာ လက်ထဲက မှော်ကြိမ်လုံးကို ချလိုက် ...ြီး ဟယ်ရီက ပက်လက်လှန်လိုက်တယ်။ မစ္စတာဝယ်စလီ သူတို့ရှိရာသို့ ...မ်းကျဲကျဲလာနေပြီး အမူအရာက အလွန် တုန်လှုပ်နေတာ သူမြင်ရတယ်။

"ရွန် — ဟယ်ရီ —" သူ့အသံဟာ အနည်းငယ် တုန်နေတယ်။ "ဟာမီး၊ မင်းတို့ ဘာမှမဖြစ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်း၊ အာသာ" အေးစက်စက် စိတ်ခံစားမှုမပါတဲ့ အသံတ သံက ပြောတယ်။

အဲဒါ မစ္စတာခရောက်ချ်။ သူနဲ့ ဝန်ကြီးဌာနက မှော်ဆရာ အရာ တွေ ဝိုင်းအုံလာတယ်။ ဟယ်ရီက ထရပ်ပြီး သူတို့နဲ့ မျက်နှာချင်းဆိုင်လို ဘယ်၊ မစ္စတာခရောက်ချ်ဟာ စိတ်ဆိုးလို့ မျက်နှာကြီး တင်းမာနေတယ်။

"ဒါ မင်းတို့ ဘယ်သူလုပ်တာလဲ" သူက မာမာမေးတယ်။ စူးရှ မျက်လုံးဟာ သူတို့သုံးယောက်ကြား သွားလာနေတယ်။ "မင်းတို့ မှော်န အမှတ်အသားကို ဘယ်သူ ဖန်ဆင်းတာလဲ"

"ကျွန်တော်တို့ မလုပ်ဘူး" ဟယ်ရီက အထက်ဘက်က အရိုးစုပုံ ညွှန်ပြပြီး ပြောတယ်။

"ကျွန်တော်တို့ ဘာမှ မလုပ်ဘူး" ရွန်က ပြောတယ်။ သူဟာ မိမိလ မောင်းကို ပွတ်သပ်ရင်း စိတ်ဆိုးဆိုးနဲ့ သူ့အဖေကို ကြည့်နေတယ်။ "ခင်ဗျား ဘာဖြစ်လို့ ကျွန်တော်တို့ကို တိုက်ခိုက်တာလဲ"

"ညာမပြောနဲ့။ မင်း" မစ္စတာခရောက်ချ်က ပြောတယ်။ သူဟာ မှော်ကြိမ်လုံးနဲ့ ရွန့်ကို ချိန်ထားတုန်းပဲ။ မျက်လုံးကြီး ပြူးထွက်နေတယ် — သူ့ပုံပန်းက ခပ်ပေါက်ပေါက် ဖြစ်နေတယ်။ "မင်းတို့ကို ပြစ်မှု ကျူးလွန်တဲ့နေ မှာ တွေ့ရှိတာ"

"ဘာထီ" သိုးမွေး နံနက်ခင်းအင်္ကျီဝတ်ထားတဲ့ မှော်ဆရာမ တ ယောက်က တိုးတိုးပြောတယ်။ "သူတို့က ကလေးပဲ ရှိသေးတာ။ ဘာထီ၊ သူ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး—"

"မင်းတို့သုံးယောက်၊ ဒီအမှတ်အသား ဘယ်ကထွက်လာတာလဲ" မစ္စတာဝယ်စလီက ပူပင်စွာ မေးတယ်။

"ဟိုဘက်" ဟာမီးက အသံတုန်တုန်နဲ့ပြောရင်း သူတို့ ခုနက အသံ ကြားတဲ့ နေရာကို ညွှန်ပြတယ်။ "သစ်ပင် နောက်ဘက်မှာ လူရှိတယ်. . . . . သူတို့ အကျယ်ကြီး စကားပြောတယ် — ကျိန်စာတစ်ခု ရွတ်တယ် —"

"အော၊ သူတို့ အဲဒီမှာ ရပ်နေတယ်၊ ဟုတ်လား"

မစ္စတာခရောက်ချ်က ပြောတယ်။ တစ်ခါ ပြူးထွက်နေတဲ့ မျက်လုံး ကို ဟာမီးဘက် လှည့်လိုက်တယ်။ မျက်နှာပေါ်မှာ သံသယတွေ ဖော်ပြတယ်။ "သူတို့ ကျိန်စာတစ်ခု ရွတ်တယ်၊ ဟုတ်လား။ မင်းက အမှတ်အသား ဘယ်



ဖန်ဆင်းရတယ်ဆိုတာ တယ်ပြီး သိပါလား၊ မစ် —"

ဒါပေမယ့် မစ္စတာခရောက်ချ်ကလွဲပြီး ဝန်ကြီးဌာနက မှော်ဆရာ အရာရှိတွေဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ အရိုးစုကို ဘယ်နည်းနဲ့မှ မဖန် ဆင်းနိုင်ဘူးလို့ ထင်ကြတယ်။ သူတို့ဟာ ဟာမီးစကားကို ကြားရပြီး တစ် ယောက်ပြီး တစ်ယောက် မှော်ကြိမ်လုံးကို မြှောက်လိုက်ကြတယ်။ သူမ ညွှန်ပြ တဲ့ဆီကို ချိန်လိုက်ကြတယ်။ မျက်လုံးမှေးပြီး မှောင်မည်းမည်း ချုံပုတ်ဆီ ရှာဖွေ နေတယ်။

"ကျွန်မတို့ နောက်ကျသွားပြီ" သိုးမွေး နံနက်ခင်း အင်္ကျီဝတ်တဲ့ မှော် ဆရာမက ခေါင်းခါရင်း ပြောတယ်။ "သူတို့ အစောကြီးကတည်းက ရုပ်ရွှေ ပြောင်းသွားပြီ"

"ကျုပ်တော့ ဒီလို မထင်ဘူး" နှုတ်ခမ်းမွေး ညိုညိုထားတဲ့ မှော်ဆရာ က ပြောတယ် — သူကတော့ အားမော့စ်-ဒစ်ဂိုရီ။ စက်ဒရစ်ရဲ့အဖေ။ "ကျုပ်တို့ရဲ့ ခြောက်လှန့်တဲ့ လူတော်ကြီးဟာ ဒီသစ်တောထဲ ဝင်ပုန်းနေမှာ. . . . . ဒါ သူတို့ကို ဖမ်းမိဖို့ အခွင့်ကောင်းပဲ. . . . . ."

"အားမော့စ်၊ သတိထား" မှော်ဆရာအချို့က သတိပေးတယ်။ မစ္စတာ ဒစ်ဂိုရီဟာ ရင်ကော့ မှော်ကြိမ်လုံးကို မြှောက်ကာ ကွက်လပ်ကိုဖြတ်ပြီး အမှောင် ထဲမှာ ပျောက်ကွယ်သွားတယ်။ ဟာမီးဟာ စိတ်လှုပ်ရှားလွန်းလို့ လက်နဲ့ ပါးစပ် ကို အုပ်ထားတယ်။ သူကွယ်ပျောက်သွားတဲ့ဆီကို ကြည့်နေတယ်။

စက္ကန့် အနည်းငယ်ကြာတော့ မစ္စတာဒစ်ဂိုရီရဲ့ အော်သံကို သူတို့ ကြားရတယ်။

"ရပြီ၊ ဖမ်းမိပြီ။ ဒီမှာ လူရှိတယ်။ မေ့နေတယ်။ အဲဒါ. . . . အမလေး . . . . ဘုရား ဘုရား . . . ."

"ခင်ဗျား လူတစ်ယောက် ဖမ်းမိတယ်?" မစ္စတာခရောက်ချ်က အော် ပြောတယ်။ လုံးဝ မယုံတဲ့လေသံ။ "ဘယ်သူလဲ? ဘယ်သူလဲ"

သူတို့ဟာ သစ်ကိုင်းကျိုးသံ၊ ရွက်ကြွေတွေ ရှပ်ရှပ်သံ ကြားရတယ်၊ နောက် တကျွိကျွိ ခြေလှမ်းသံ။ မစ္စတာဒစ်ဂိုရီ သစ်ပင်နောက်က ထွက်လာ တယ်။ သူ့လက်မောင်းထဲမှာ ပျော့ခွေနေတဲ့ ကိုယ်ခန္ဓာ သေးသေးလေး ပွေ့လာ တယ်၊ ဟယ်ရီဟာ အဲဒီ လက်သုတ်ပဝါကို ချက်ချင်း မှတ်မိလိုက်တယ်၊ အဲဒါ ဝင်းကီ၊

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာခရောက်ချ်ဟာ မစ္စတာဒစ်ဂိုရီက မိမိ အိမ်မွေးမှင်စာလေးကို ခြေသောက်နေ လာချတာကို ကြည့်နေပြီး လှုပ်လဲ မလှုပ်ဘူး။ စကားလဲ မပြောဘူး။ ခမ်းနားကြီးဌာနက ကျန်အရာရှိအားလုံး မစ္စတာခရောက်ချ်ကို ကြည့်နေကြတယ်။ စက္ကန့်အချို့ ကြာတဲ့တိုင် မစ္စတာခရောက်ချ်ဟာ တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်နေတယ်။ အေးခဲသွားသလိုပဲ။ ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ မျက်နှာပေါ် မီးထတောက်တော့မယ်။ မျက်လုံးဟာ မြေကြီးပေါ်က ဝင့်ခီကို ဒေါသနဲ့ စိုက်ကြည့်နေတယ်။ ဒီနောက် သူ သတိပြန်ရလာသလိုပဲ။

"ဒါ — မဖြစ်နိုင်ဘူး— မဖြစ်နိုင်ဘူး" သူက ပြတ်ပြတ်တောင်းတောင်း ပြောတယ်။ "မဖြစ်နိုင်ဘူး — "

သူဟာ မစ္စတာဒစ်ဂိုရီကို အလျင်အမြန် ကျွေ့ပတ်ပြီး ဝင့်ခီကို တွေ့ရှိတဲ့နေရာကို သွားတယ်။

"အသုံးမကျပါဘူး။ မစ္စတာခရောက်ချ်"မစ္စတာဒစ်ဂိုရီက သူ့ကျော ဘက်ဆီ အော်ပြောတယ်။ "အဲဒီမှာ လူမရှိတော့ဘူး"

ဒါပေမယ့် မစ္စတာခရောချ်ဟာ သူ့စကားကို ဂရုမစိုက်ဘူး။ သူ ဟိုဟို ဒီဒီ လျှောက်နေတာ သူတို့ကြားရတယ်။ ချုံပုတ်ကို ဖယ်ရှားတာ၊ သစ်ရွက်တွေကို တရှပ်ရှပ်မြည်အောင် လုပ်တာလဲ ကြားရတယ်။

"အနေရတော့ ကျပ်သား" မစ္စတာဒစ်ဂိုရီက မာမာပြောတယ်။ မေ့နေတဲ့ ဝင့်ခီကိုယ်ခန္ဓာကို ငုံ့ကြည့်တယ်။ "ဘာထိ-ခရောက်ချ်ရဲ့ အိမ်မွေးမှင်စာလေး. . . . ကျပ် ပြောလိုတာက. . . . ."

"လျှောက်မပြောပါနဲ့၊ အားမော့စ်"မစ္စတာဝယ်စလီက တိုးတိုးပြောတယ်။ "မင်းက ဒါမှင်စာလေး လုပ်တယ်လို့ တကယ်ထင်လို့လား။ မှော်နက်အမှတ်အသားဟာ မှော်ဆရာအမှတ်အသား။ မှော်ကြိမ်လုံး လိုတယ်"

"ဟုတ်တယ်လေ" မစ္စတာ ဒစ်ဂိုရီက ပြောတယ်။ "သူမမှာ မှော်ကြိမ်လုံးနဲ့"

"ဘာ?" မစ္စတာ ဝယ်စလီက ပြောတယ်။

"ဒီမှာ၊ ခင်ဗျားတို့ကြည့်ပါ" မစ္စတာဒစ်ဂိုရီက မှော်ကြိမ်လုံး တစ်ချောင်းကို မြှောက်ပြီး မစ္စတာဝယ်စလီကို ပေးလိုက်တယ်။ "သူမလက်ထဲက ဟာ။ ဒါဟာ 'မှော်ကြိမ်လုံး အသုံးပြုရန် ဥပဒေ' အပိုဒ်-၃ကို ပထမဆုံး ကျူးလွန်တာပဲ — လူမဟုတ်တဲ့ သတ္တဝါမှန်သမျှ မှော်ကြိမ်လုံးကို ကိုင်ဆောင်ခြင်း



အသုံးပြုခြင်း မလုပ်ရ"

ဒီအချိန်မှာပဲ ဖောက်ဆိုတဲ့ အသံနဲ့အတူ မစ္စတာလူဒို- ဘက်ဂမင်းဟာ မစ္စတာဝယ်စလီဘေးကို ရုပ်ရွှေ့ပြောင်း ရောက်ရှိလာတယ်။ ဘက်ဂမင်းဟာဟဲ-ဟောဟဲ ဖြစ်နေတယ်။ အမောင် တောင်မှန်းမြောက်မှန်း မသိတဲ့ ပုံငံနဲ့။ သူဟာ နေရာတွင် လည်ပတ်နေပြီး မိုးပေါ်က အစိမ်းရောင် အရိုးစုကို စိုက်ကြည့်နေတယ်။

"မှော်နက် အမှတ်အသား" သူက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ လှည့်ပြီး မိမိလုပ်ဖော်ကိုင်ဖက်တွေကို မေးတဲ့သဘောနဲ့ ကြည့်နေတယ်။ ဝင့်ခီကို နင်းမိဖို့ နည်းနည်းလိုတော့တယ်။

မစ္စတာခရောက်ချ် လက်ချည်း ပြန်လာတယ်။ သူ့မျက်နှာဟာ ဖြူဖပ်ဖြူရော်ဖြစ်တာ ကြောက်စရာတောင် ကောင်းတယ်။ လက်နှစ်ဖက်ရော၊ ဘရုပ်ကလေးလို နှုတ်ခမ်းမွေးတွေပါ တုန်နေတယ်။

"ခင်ဗျား ဘယ်သွားနေတာလဲ၊ ဘာထီ"

ဘက်ဂမင်းက မေးတယ်။ "ခင်ဗျား ဘာဖြစ်လို့ ပြိုင်ပွဲ လာမကြည့်တာလဲ။ ခင်ဗျားရဲ့ အိမ်မွေးမှင်စာလေးဟာ ခင်ဗျားအတွက် နေရာတောင် ဦးပေးထားတယ် — ဘုရား-ဘုရား" ခုမှ ဘက်ဂမင်းဟာ ဝင့်ခီ သူ့ခြေထောက်နား လဲနေတာ တွေ့ရှိသွားတယ်။ "သူမ ဘာဖြစ်သလဲ"

"ကျွန်တော် အလုပ်သိပ်များတယ်၊ လူဒို" မစ္စတာခရောက်ချ်က ပြောတယ်။ တစ်လုံးပြောလိုက် တုံ့ဆိုင်းလိုက်နဲ့ နှုတ်ခမ်းမလှုပ်သလောက်ပဲ။ "ကျွန်တော့် အိမ်မွေးမှင်စာလေး မေ့မြောကျိန်စာ မိနေတယ်"

"မေ့မြော ကျိန်စာ မိနေတယ်? ခင်ဗျားဆိုလိုတာက ခင်ဗျားတို့တွေလား? ဘာဖြစ်လို့ — "

ဘက်ဂမင်းရဲ့ လက်နေတဲ့ မျက်နှာဝိုင်းဝိုင်းပေါ်မှာ ရုတ်တရက် သဘောပေါက်သွားတဲ့ အမူအရာ ပေါ်လာတယ်။ သူဟာ အရိုးစုကို မော့ကြည့်လိုက် ဝင်ခီကို ငုံ့ကြည့်လိုက်နဲ့ နောက်ဆုံးအကြည့်ဟာ မစ္စတာခရောက်ချ်ကိုယ်ပေါ် ကျရောက်သွားတယ်။

"မဖြစ်နိုင်ဘူး" သူက ပြောတယ်။ "ဝင့်ခီ? မှော်နက်အမှတ်အသား ဖန်ဆင်းတယ်? သူမမှ မဖန်ဆင်းတတ်တာ။ အရင်ဆုံး မှော်ကြိမ်လုံးလိုတယ်"

"သူမမှာ မှော်ကြိမ်လုံးရှိတာ အမှန်ပဲ" မစ္စတာဒစ်ဂိုရီက ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"သူ့လက်ထဲမှာ ကိုင်ထားတာ တွေ့ရတယ် လူဒို။ ခင်ဗျား ကျေနပ်မယ်ဆိုရင် မစ္စတာခရောက်ချ် ကျွန်တော်တို့ သူ့မဘက်က ဘယ်လို ပြောဆိုတယ်ဆိုတာ နားထောင်သင့်တယ်လို့ ကျွန်တော်ထင်တယ်"

မစ္စတာခရောက်ချ် ဘာမှမတုံ့ပြန်ဘူး။ မစ္စတာဒစ်ဂိုရီပြောတဲ့ စကားကို မကြားသလိုပဲ။ မစ္စတာဒစ်ဂိုရီကတော့ သူငြိမ်နေတာကို ခွင့်ပြုလိုက်တယ်လို့ သဘောထားတယ်။ သူဟာ မိမိ မှော်ကြိမ်လုံးကို မြှောက်ပြီး ဝင့်ခီကို ချိန်ကာ ပြောတယ်။ "အမေ့ ပြေစေ"

ဝင့်ခီဟာ ချည့်နဲ့စွာ လှုပ်လာတယ်။ ကြေးခေါင်းလောင်းနဲ့တူတဲ့ မျက်စိ ညိုညို ပွင့်လာတယ်။ သူမဟာ မျက်လုံးကို သုံးလေးကြိမ် ခတ်လိုက်ပြီး ငေးငိုင်နေတယ်။ ငြိမ်သက်တဲ့ မှော်ဆရာတွေရဲ့ အကြည့်အောက်မှာ သူမဟာ လူးလွန့်ပြီး ထထိုင်လိုက်တယ်။ သူမဟာ မစ္စတာဒစ်ဂိုရီရဲ့ ခြေထောက်ကို မြင်တယ်။ ဒီနောက် သူမဟာ ဖြည်းဖြည်းချင်း တုန်ယင်စွာ သူ့မျက်နှာကို မော်ကြည့်တယ်။ ဒီနောက် ပိုပြီး နှေးကွေးစွာ အကြည့်ကို အထက်ဘက် မိုးကောင်းကင်ဆီ လှည့်လိုက်တယ်။ သူမရဲ့ အရောင်မရှိတဲ့ မျက်လုံးထဲမှာ ဟို လွင့်နေတဲ့ အရိုး ပုံသဏ္ဌာန်ထင်နေတာ ဟယ်ရီ မြင်တွေ့ရတယ်။ သူမဟာ ပင့်သက်ရှူလိုက်တယ်။ မတည်မငြိမ်အကြည့်နဲ့ ကွက်လပ်မှာ ဝိုင်းကြည့်နေကြတဲ့လူတွေကို ကြည့်နေတယ်။ ဒီနောက် ရှုတ်တရက် ကြောက်လန့်တကြား ငိုပါလေရော။

"ဟဲ့-စုန်းမ" မစ္စတာဒစ်ဂိုရီက မာမာမေးတယ်။ "ငါ ဘယ်သူဆိုတာ သိလား။ ငါက ထူးဆန်းသတ္တဝါ ထိန်းသိမ်းချုပ်ကိုင်ရေး ဌာနခွဲဝင် ဖြစ်တယ်"

ဝင့်ခီဟာ မြေကြီးပေါ်မှာ ရှေ့နောက် လှုပ်ယိုင်လာတယ်။ သူမဟာ ရှိုက်ငိုတဲ့အတွက် အသက်ရှူရပ်ရပ်သွားတယ်။ ဟယ်ရီဟာ ဒေါ့ဘီ အမိန့်မနာခံလို့ ကြောက်လာတဲ့အခါမှာ ဒီတိုင်းပဲဆိုတာ တွေးမိတယ်။

"မင်းမြင်တဲ့အတိုင်းပဲ၊ မှင်စာလေး၊ ခုနကပဲ တစ်ယောက်ယောက်က မှော်နက်အမှတ်အသားကို ဖန်ဆင်းလိုက်တယ်" မစ္စတာဒစ်ဂိုရီက ပြောတယ်။ "ခဏနေတော့ မင်းကို တို့ တွေ့တာပဲ။ အမှတ်အသားအောက်မှာ ကျုပ်တို့ကို ရှင်းပြစေလိုပါတယ်"

"ကျွန်မ — ကျွန်မ — ကျွန်မ မဟုတ်ဘူး ဆရာ" ဝင့်ခီဟာ အသက် ပြင်းပြင်းရှူရင်း ပြောတယ်။ "ဘယ်လို ဖန်ဆင်းရမှန်း ကျွန်မ မသိပါဘူး၊ ဆရာ"

"မင်းကို တွေ့တုန်းက လက်ထဲမှာ မှော်ကြိမ်လုံး ကိုင်ထားတယ်" မစ္စတာဒစ်ဂိုရီက ဟောက်ပြောတယ်။ ဝင့်ခီရှေ့မှာ အဲဒီ မှော်ကြိမ်လုံးကို ယမ်းပြနေတယ်။ အဲဟို အရိုးစုဆီက ကွက်လပ်သို့ ကျရောက်လာတဲ့ အစိမ်းရောင် အလင်း မှော်ကြိမ်လုံးပေါ် ကျရောက်တဲ့အခါမှာ ဟယ်ရီ မှတ်မိသွားတယ်။

"ဟင် — ဒါ ကျွန်တော့်ဥစ္စာ" သူက ပြောတယ်။

ကွက်လပ်ထဲက လူတွေ လှည့်ပြီး သူ့မျက်နှာကို ကြည့်နေတယ်။

"ခွင့်လွှတ်ပါ၊ မင်း ဘာပြောသလဲ" မစ္စတာဒစ်ဂိုရီက မယုံနိုင်ဘဲ မေးတယ်။

"အဲဒါ ကျွန်တော့် မှော်ကြိမ်လုံး" ဟယ်ရီက ပြောတယ်။ "ကျွန်တော် ပျောက်သွားတာ"

"မင်းပျောက်သွားတယ်?" မစ္စတာဒစ်ဂိုရီက သံသယနဲ့ ထပ်ပြောတယ်။ "မင်းက ဝန်ခံနေတာလား။ မင်းအမှတ်အသား ဖန်ဆင်းပြီးတာနဲ့ မှော်ကြိမ်လုံးကို လွှင့်ပစ်လိုက်သလား"

"အားမော့စ်၊ ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ စဉ်းစားဦး" မစ္စတာဝယ်စလီက အလွန် စိတ်ဆိုးစွာ ပြောတယ်။ "ဟယ်ရီ-ပေါ်တာက မှော်နက် အမှတ်အသားကို ဖန်ဆင်းမယ်တဲ့လား"

"အား — မဖန်ဆင်းပါဘူး" မစ္စတာဒစ်ဂိုရီက မရှင်းမလင်း ရေရွတ်လိုက်တယ်။ "ဝမ်းနည်းပါတယ်. . . . . . ကျုပ် ဒေါသကြောင့် ခေါင်းတွေ ရှုပ်နေပြီ. . . ."

"ကျွန်တော် လွှင့်ပစ်တာ မဟုတ်ဘူး" ဟယ်ရီက လက်မကြီးနဲ့ အရိုးအောက်က ချုံပုတ်ကို ညွှန်လိုက်တယ်။ "ကျွန်တော်တို့ သစ်တောထဲဝင်ရုံရှိသေးတယ်။ ကျွန်တော့် မှော်ကြိမ်လုံး ပျောက်သွားတယ်"

"ဒီလိုဆိုတော့" မစ္စတာဒစ်ဂိုရီက ပြောရင်း အကြည့်ကို မိမိခြေထောက်နားမှာ ခွေနေတဲ့ ဝင့်ခီဘက် လှည့်လိုက်တယ်။ အကြည့်ဟာ ရက်စက်လာတယ်၊ "မှင်စာလေး၊ ဒီမှော်ကြိမ်လုံးကို မင်းတွေ့တာ ဟုတ်လား။ မင်းက အဲဒါကို ကောက်ယူပြီး ဒါနဲ့ ကစားမယ်လို့ တွေးတယ်၊ ဟုတ်လား"

"ကျွန်မ အဲဒါနဲ့ မျက်လှည့်မလုပ်ဘူး၊ ဆရာ" ဝင့်ခီက စူးရှစွာပြောတယ်၊ မျက်ရည်တွေဟာ ချောင်းကလေးလို သူမရဲ့ ဖိလို့ပြားနေတဲ့ ဘောလုံးပုံသဏ္ဌာန် နှာခေါင်းဘေးနှစ်ဘက်က စီးကျလာတယ်။ "ကျွန်မ . . . . ကျွန်မ . . . . ကျွန်မက ကောက်ယူလိုက်တာပဲ ရှိပါတယ်၊ ဆရာ။ ကျွန်မ မှော်နက်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသား မဖန်ဆင်းပါဘူး၊ ဆရာ။ ကျွန်မ မဖန်ဆင်းတတ်ပါဘူး"

"သူမ မဟုတ်ဘူး" ဟာမီးက ပြောတယ် — သူမဟာ မှော်ဝန်ကြီး ဌာနက အရာရှိအများကြီးရှေ့မှာ စကားပြောရတာ အလွန် တုန်လှုပ်မိတယ် ဒါပေမယ့် တွန့်ဆုတ်မသွားဘူး — " ဝင့်ခီစကားပြောသံက စူးစူးပါးပါးလေး ကျွန်မတို့ ခုနကကြားတဲ့ ကျိန်စာဆိုတဲ့အသံက အများကြီးလေးတယ်" သူ ဘာ ဟယ်ရီနဲ့ရွန်ကို လှည့်ကြည့်တယ်။ သူတို့ထောက်ခံတာ မျှော်လင့်နေတယ် "ဝင့်ခီအသံနဲ့ လုံးဝမတူဘူး၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။ " အဲဒီအသံဟာ မှင်စာလေးအသံတော့ လုံးဝမဟုတ်ဘူး"

"ဟုတ်တယ်၊ အဲဒါလူသံ" ရွန်က ပြောတယ်။

"ကောင်းပြီ၊ ကျုပ်တို့ မကြာခင် သိမှာပါ" မစ္စတာဒစ်ဂိုရီက ဆက် ဟောက်ပြောတယ်။ သူတို့ စကားကို နားမဝင်သလိုပဲ။ "လွယ်တဲ့နည်းတစ်ခု ရှိတယ်။ မှော်ကြိမ်လုံးမှာ အရင်တစ်ခါက ဘာမှော်ဂါထာ သုံးတယ်ဆိုတာ သိနိုင်တယ်။ မှင်စာလေး၊ မင်းသိလား"

ဝင့်ခီ တစ်ကိုယ်လုံး တုန်ခါနေတယ်။ ခေါင်းကို တအား ခါယမ်း တယ်။ နားရွက်က ဘတ်ဘတ်နဲ့ ယမ်းနေတယ်။ မစ္စတာဒစ်ဂိုရီက မိမိမှော် ကြိမ်လုံးကို မြှောက်ပြီး ဟယ်ရီ့ မှော်ကြိမ်လုံးနဲ့ ထိပ်ချင်း ဆက်ထားလိုက်တယ်

"ရှေ့က ဂါထာ ပြန်ပေါ်စေ" မစ္စတာဒစ်ဂိုရီ တအား အော်လိုက် တယ်။ ,

ဟယ်ရီဟာ ဟာမီး ပင့်သက်ရှူလိုက်တာ ကြားရတယ်။ တစ်ချိန်ထဲ မှာ အလွန်ကြောက်စရာကောင်းတဲ့ လျှာထုတ်နေတဲ့ အရိုးစုဟာ မှော်ကြိမ်လုံး နှစ်ခု ဆက်စပ်နေတဲ့ နေရာကနေ ထွက်လာတယ်။ ဒါပေမယ့် အဲဒါဟာ သူတို့ ခေါင်းပေါ်ရှိ မိုးပေါ်က စိမ်းဖန့်ဖန့် အရိုးစုရဲ့ အရိပ်သာ ဖြစ်တယ်။ ၎င်းဟာ မီးခိုးရောင် အငွေ့ပျစ်ပျစ်နဲ့ ဖွဲ့စည်းထားသလိုပဲ။ မှော်ရိပ်မှော်ရောင်သာ ဖြစ် တယ်။

"ကွယ်ပျောက်စေ" မစ္စတာဒစ်ဂိုရီ တအား အော်လိုက်တာနဲ့ မီးခိုးနဲ့ ဖွဲ့စည်းထားတဲ့ အရိုးဟာ အငွေ့ပျံ ပျောက်ကွယ်သွားတယ်။

"ဒါ ဘယ်လိုပြောမလဲ" မစ္စတာဒစ်ဂိုရီဟာ အလွန်ရက်စက်တဲ့ အောင် နပ်တဲ့ အမူအရာနဲ့ ခြေထောက်အောက်က ဝင့်ခီကို ကြည့်နေတယ်။ ဝင့်ခီဟာ



ကြောက်လန့်စွာ တုန်ယင်နေတုန်းပဲ။

"ကျွန်မ မဟုတ်ဘူး" သူက စူးရှစွာ အော်ပြောတယ်။ မျက်စိဟာ ကြောက်လန့်စွာ လည်နေတယ်။ "ကျွန်မ မဟုတ်ဘူး။ ကျွန်မ မဟုတ်ဘူး။ ကျွန်မ မလုပ်တတ်ဘူး။ ကျွန်မက မှင်စာကောင်းလေးပါ။ ကျွန်မ မှော်ကြိမ်လုံးကို မသုံးပါဘူး။ ဘယ်လိုသုံးရမှန်း မသိပါဘူး"

"မင်းကို လက်ပူးလက်ကြပ် မိတာ၊ မှင်စာလေး" မစ္စတာဒစ်ဂိုရီက ဟောက်တယ်။ " အဖမ်းခံရစဉ် မင်းလက်ထဲမှာ ဒီပြစ်မှုကျူးလွန်တဲ့ မှော်ကြိမ် လုံး"

"အားမော့စ်" မစ္စတာဝယ်စလီက အကျယ်ကြီး အော်ပြောတယ်။ "စဉ်းစားပါဦး. . . . အဲဒီ မှော်ဂါထာ အသုံးပြုတတ်တဲ့ မှော်ဆရာဆို ... သက်တစ်ဆုပ်စာ ရှိတာ. . . . သူမက ဘယ်က တတ်လာတာလဲ"

"ဒစ်ဂိုရီက အရိပ်အယောင် ပြနေတာလဲ ဖြစ်မယ်" မစ္စတာခရောက် ... ပြောတယ်။ အသံတိုင်းမှာ အေးစက်တဲ့ဒေါသ ပါနေတယ်။"ကျုပ်ကို ကျုပ် ...ကို အချိန်မှန် မှော်အမှတ်အသား ဖန်ဆင်းနည်း သင်နေတယ်လို့ အရိပ် ...ယောင်ပြတာ ?"

ဒီနောက်မှာတော့ စိတ်ပျက်စရာ ငြိမ်သက်ခြင်း။ မစ္စတာဒစ်ဂိုရီဟာ ...နေသလိုပဲ။ "မစ္စတာခရောက်ချ်. . . . မဟုတ်ဘူး။ . . . . လုံးဝ မဟုတ် ... . . . . . "

"ခုအချိန်ထိ ခင်ဗျားဟာ အလွန်ထင်ရှားတဲ့ စကားနဲ့ ဒီကွက်လပ်ထဲ ...နှစ်ယောက်ကို အကြောင်းမဲ့စွဲချက်တင်တယ်။ သူတို့ဟာလဲ အဲဒီ အမှတ် ...ကို ဖန်ဆင်းတာ မဖြစ်နိုင်ဆုံး သူတွေပဲ" မစ္စတာခရောက်ချ်က ဒေါသနဲ့ ...ပြောတယ်။ "ဟယ်ရီ-ပေါ်တာ — ပြီးတော့ ကျွန်တော်။ ဒီကောင်လေးရဲ့ ...အကြောင်းကို ခင်ဗျားသိရှိမယ်လို့ ထင်တယ်၊ အားမော့စ်"

"ဒါပေါ့ — လူတိုင်း သိပါတယ် — "

မစ္စတာဒစ်ဂိုရီက ပွစိပွစိ ပြောတယ်။ အမူအရာက အလွန်ကြောင့်ကြ ...တယ်။

"ကျုပ်ရဲ့ ရှည်လျားတဲ့ လုပ်ငန်းဘဝထဲမှာ ကျုပ်ဟာ မှော်နက်... ဒီ ...သာကို လုပ်ပြတဲ့ လူတွေကို တစ်လျှောက်လုံး ရှုံ့မုန်းတယ်ဆိုတာ သက် ... အထောက်အထား အများအပြားက ဖော်ပြနေတာကို ခင်ဗျား မှတ်မိသိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ယုံကြည်ပါတယ်၊ ဟုတ်လား" မစ္စတာခရောက်ချ်က အကျယ်ကြီး ပြော တယ်၊ သူ့မျက်လုံးကြီးလဲ ပြူးထွက်လာပြန်တယ်။

"မစ္စတာခရောက်ချ်၊ ကျွန်တော် — ကျွန်တော် ဒီကိစ္စ ခင်ဗျားနဲ့ ပတ်သက်နေတယ်လို့ အရိပ်အယောင်ပြတာ လုံးဝ မဟုတ်ပါဘူး" အားမော့စ် ဒစ်ဂိုရီဟာ ပွစိပွစိပြောပြန်တယ်။ ၎င်းရဲ့ အညိုရောင် နှုတ်ခမ်းမွေးနောက်က မျက်နှာဟာ နီရဲလာတယ်။

"ခင်ဗျား ကျုပ် မှင်စာကလေးကို စွပ်စွဲရင် ကျုပ်ကို စွပ်စွဲတာနဲ့ အတူ တူပဲ၊ ဒစ်ဂိုရီ" မစ္စတာခရောက်ချ်က အော်ဟစ်တယ်။ "နို့မို့ရင် သူမ ဒီလို မှော်ပညာ ကို ဘယ်က သင်ယူရမှာလဲ"

"သူမ — သူမဟာ တခြားနေရာက သင်ယူတာလဲ ဖြစ်ချင်ဖြစ်မယ်"

"ခင်ဗျားပြောတာ မှန်တယ်၊ အားမော့စ်" မစ္စတာဝယ်စလီက ပြောတယ်။ "သူမဟာ မထင်မှတ်ဘဲ တခြားက တတ်လာတာ ဖြစ်နိုင်တယ် . . . . . ဝင့်ခီ?" သူဟာ ကြင်ကြင်နာနာနဲ့ မှင်စာလေးဘက် လှည့်လိုက်တယ်။ ဒါပေမယ့် သူမဟာ ကြောက်လန့်ပြီး နောက်ဆုတ်နေတယ်။ သူလဲ သူမကို တအား အော်ဟောက်နေသလိုပဲ။ "မင်း ဟယ်ရီ့မှော်ကြိမ်လုံးကို ဘယ်က ကောက်ရတာလဲ"

ဝင့်ခီဟာ သူမကိုယ်ပေါ်က လက်သုတ်ပဝါ အနားကွပ်ဇာကို တအား လိမ်နေတယ်။ သူမ လက်အား သိပ်ပြင်းသွားလို့ အနားကွပ်ဇာ ချည်ပြုတ် ထွက်လာတယ်။

"ကျွန်မ — ကျွန်မက . . . . . . ဟိုမှာ ကောက်ရတာ၊ ဆရာ. . . ." သူမက တိုးတိုးပြောတယ်။ "ဟိုမှာ. . . . သစ်တောထဲမှာ၊ ဆရာ. . . . ."

"နားလည်ပြီလား၊ အားမော့စ်" မစ္စတာဝယ်စလီက ပြောတယ်။ "အ မှတ်အသား ဖန်ဆင်းတဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် ကိစ္စပြီးတာနဲ့ ရုပ်ချွေပြောင်း သွားပြီ။ ဟယ်ရီ့ မှော်ကြိမ်လုံးကို ပစ်ချထားခဲ့တာ။ သူတို့ တယ်လဲ ဉာဏ် ကောင်းကြတယ်။ ကိုယ့် မှော်ကြိမ်လုံးကို မသုံးဘူး။ ပေါ်သွားမှာစိုးလို့၊ ခဏနေ တော့ ဒီကံဆိုးတဲ့ ဝင့်ခီဟာ မှော်ကြိမ်လုံးကို တွေ့လို့ ကောက်ယူလိုက်တာ"

"ဒီလိုဆိုရင်၊ သူမဟာ ထိုစဉ်က တကယ့်ပြစ်မှုကျူးလွန်တဲ့ လူနဲ့ ခြေ လှမ်း အနည်းငယ်သာ ကွာတာပေါ့" မစ္စတာဒစ်ဂိုရီက စိတ်မရှည်ဘဲ ပြော တယ်။ "မှင်စာကလေး၊ မင်း ဘယ်သူ့ကို မြင်သလဲ"



ဝင့်ခီဟာ ခုနကထက်ပိုပြီး တုန်ယင်နေတယ်။ သူမရဲ့ မီးသီးကြီးနှစ် လုံးနဲ့ တူတဲ့ မျက်စိနဲ့ မစ္စတာဒစ်ဂိုရီကို ကြည့်လိုက်၊ မစ္စတာလူဒို-ဘက်ဂမင်းကို ကြည့်လိုက်၊ တစ်ခါ မစ္စတာခရောက်ချ်ကို ကြည့်လိုက် ကြည့်နေတယ်။ ဒီနောက် သူမဟာ လေတဝကြီး ရှူလိုက်ပြီး ပြောတယ်။ "ကျွန်မ ဘယ်သူမှ မမြင်ဘူး၊ ဆရာ. . . . . တစ်ယောက်မှ မရှိဘူး. . . . ."

"အားမော့စ်" မစ္စတာခရောက်ချ်က မာကျောစွာ ပြောတယ်။ "ပုံမှန် ထုံးနည်းလုပ်စဉ်အရ ဝင့်ခီကို ဌာနခွဲခေါ်ပြီး စစ်မေးရမယ်ဆိုတာ ကျုပ် လုံးဝ နားလည်တယ်။ သို့ပေမယ့် ကျုပ်ကိုယ်တိုင် သူမကို စီရင်ဖို့ ခွင့်ပြုစေချင်တယ်"

မစ္စတာဒစ်ဂိုရီဟာ ဒီအကြံကို သိပ်လက်ခံချင်ပုံ မရဘူး။ ဒါပေမယ့် မစ္စတာခရောက်ချ်ဟာ မှော်ဝန်ကြီးဌာနက တော်တော်တန်တန် ပုဂ္ဂိုလ်ကြီး ဖြစ်တဲ့အတွက် မစ္စတာဒစ်ဂိုရီ သူ့ကို မငြင်းဆန်ဝံ့ဘူးဆိုတာ ဟယ်ရီသိတယ်။

"ခင်ဗျား စိတ်ချပါ။ သူမ အပြစ်ပေးခံရမှာပါ" မစ္စတာခရောက်ချ်က အေးစက်စက်နဲ့ ဖြည့်ပြောတယ်။

"သ — သ — သခင်. . . . "ဝင့်ခီဟာ မစ္စတာခရောက်ချ်ကို မော့ ကြည့်တယ်။ မျက်အိမ်ထဲမှာ မျက်ရည်တွေနဲ့။ အထစ်အထစ်နဲ့ ပြောတယ်။ "သ — သ — သခင်၊ ချမ်း— ချမ်း — ချမ်းသာပေးပါ. . . ."

မစ္စတာခရောက်ချ်ဟာ သူမကို စိုက်ကြည့်နေတယ်။ သူ့မျက်နှာဟာ မာကျောလာတယ်။ မျက်နှာပေါ်က ကောက်ကြောင်းတွေ အလွန် ပေါ်လွင်နေ တယ်။ နည်းနည်းမှ သနားပုံမရဘူး။

"ဝင့်ခီ ဒီညလုပ်တာကို ကျုပ် သိပ်တုန်လှုပ်မိတယ်" သူက ဖြည်း ဖြည်းပြောတယ်။ "ကျုပ်က သူမကို တဲထဲမှာနေ၊ ကျုပ်က ဆူပူမှု သွားဖြေရှင်း မယ်လို့ မှာခဲ့တာ။ သူမဟာ ကျုပ်အမိန့်ကို ဆန့်ကျင်တယ်။ ဒါရဲ့ အဓိပ္ပာယ် ကတော့— အကျီ"

"ဟင့်အင်း" ဝင့်ခီက လန့်ပြီး ထအော်တယ်။ မစ္စတာခရောက်ချ်ရဲ့ ခြေထောက်အောက် ပြေးဝပ်တယ်။ " ဟင့်အင်း၊ သခင်။ အကျီ မလိုချင်ဘူး၊ အကျီမလိုချင်ဘူး"

မှင်စာလေးတစ်ကောင်ကို လွှတ်ပေးတဲ့ တစ်ခုတည်းသော နည်း ကတော့ အကျီပေးတာပဲ။ ဝင့်ခီဟာ မိမိလက်သုတ်ပဝါကို တအားဆွဲတိုင် ရင်း မစ္စတာခရောက်ချ် ခြေထောက်နား ဝပ်ပြီး ငိုနေတယ်။ ပုံပန်းဘ

www.burmeseclassic.com

www.burmeseclassic.com



ဘိပ်သနုဒးရောကောင်းတယ်။

"သူမ ထိုစဉ်က သိပ်ကို ကြောက်လန့်သွားတာ" ဟာမီးဟာ မစ္စတာ ခရောက်ချ်ကို တင်းတင်းကြည့်ပြီး ဒေါသနဲ့ပြောတယ်။ "ရှင့် အိမ်မွေးမှင်စာအလေးမှာ အမြင့်ကြောက်ရောဂါ ရှိတယ်။ ဟို မျက်နှာဖုံး စွပ်ထားတဲ့ မှော်ဆရာတွေဟာ လူကို မိုးပေါ် လွင့်နေစေတယ်။ သူမဟာ ၎င်းတို့နဲ့ လွတ်အောင် ခုန်ပြေးလိုတာလဲ စာနာသင့်ပါတယ်။ ရှင် သူမကို အပြစ်မတင်ပါနဲ့"

မစ္စတာခရောက်ချ်ဟာ နောက်သို့ တစ်လှမ်းဆုတ်လိုက်တယ်။ မှင်စာလေး ရှုပ်နေတာက ရုန်းထွက်လိုက်တယ်။ သူဟာ ဝင့်ခီကို ငုံ့ကြည့်တယ်။ သူ့အမူအရာဟာ ပုပ်သိုးတဲ့ အရာတစ်ခု သူ လက်အောင် တိုက်ထားတဲ့ သားရေဖိနပ်ကို ပေကုန်မှာ စိုးသလိုပဲ။

"ကျုပ်အမိန့်ကို ဖီဆန်တဲ့ အိမ်မွေးမှင်စာလေးကို ကျုပ်မလိုချင်ဘူး" သူက ဟာမီးကို ကြည့်ပြီး အေးစက်စွာ ပြောတယ်။ "သခင့် ညွှန်ကြားချက်ကို နာခံဖို့၊ သခင့် ဂုဏ်သရေကို ကာကွယ်ဖို့ မေ့လျော့တဲ့ ကျွန်တစ်ယောက်ကို ကျုပ် မလိုချင်ဘူး"

ဝင့်ခီဟာ ဝမ်းနည်းပက်လက် ငိုနေတယ်။ သူမ ငိုသံဟာ ကွက်လပ်မှာ လွင့်ပျံ့နေတယ်။ အနေရကျပ်တဲ့ ငြိမ်သက်မှု။ နောက်ဆုံးမှာ မစ္စတာဝယ်စလီက အသာလေး ပြောတယ်။ "ကောင်းပြီ၊ ဆန့်ကျင်တဲ့လူ မရှိရင် ကျုပ်လူတွေကို တဲဆီ ပြန်ခေါ်သွားတော့မယ်။ အားမော့စ်၊ မှော်ကြိမ်လုံးက ၎င်းသိရှိသမျှ ကျုပ်တို့ကို ပြောပြပြီးပြီ — ခင်ဗျား ဟယ်ရီ့ကို ပြန်ပေးနိုင်မယ်ဆိုရင် ကျေးဇူးပြုပြီး —"

မစ္စတာဒစ်ဂိုရီက အဲဒီ မှော်ကြိမ်လုံးကို ဟယ်ရီ့ဆီ ကမ်းပေးလိုက်တယ်။ ဟယ်ရီက အိတ်ကပ်ထဲ ထည့်လိုက်တယ်။

"သွားကြစို့၊ မင်းတို့သုံးယောက်" မစ္စတာဝယ်စလီက တိုးတိုးပြောတယ်။ ဒါပေမယ့် ဟာမီးဟာ မလှုပ်ရှားချင်သလိုပဲ။ သူမအကြည့်ဟာ ငိုနေတဲ့ မှင်စာလေးဆီမှာပဲ ရှိနေတယ်။ "ဟာမီး" မစ္စတာဝယ်စလီက ပြောတယ်။ လေသံက ပိုပြီးလောလာတယ်။ ဟာမီးဟာ လှည့်ပြီး ဟယ်ရီနဲ့ရွန်တို့နောက်ကလိုက်ပြီး ကွက်လပ်က ထွက်လာတယ်။ သစ်တောထဲ ဖြတ်လာခဲ့တယ်။

"ဝင့်ခီ ဘယ်လိုဖြစ်မလဲ"သူတို့ ကွက်လပ်က ထွက်လာတာနဲ့ ဟာမီးက မေးတယ်။



"မသိဘူး" မစ္စတာဝယ်စလီက ပြောတယ်။

"သူတို့က ဘာဖြစ်လို့ သူမကို ဒီလိုလုပ်တာလဲ" ဟာမီးက ဒေါသနဲ့ပြောတယ်။ "မစ္စတာဒစ်ဂိုရီက သူမကို စုန်းမလို့ခေါ်တယ်. . . . . မစ္စတာခရောက်ချ်လဲ ဒီတိုင်းပဲ။ သူမ လုပ်တာ မဟုတ်မှန်း သိရဲ့နဲ့ သူမကို အလုပ်ဖြုတ်ဖို့ လုပ်တယ်။ သူမ ဘယ်လောက် ကြောက်ရွံ့နေတယ်၊ စိတ်မကောင်းဖြစ်နေတယ်ဆိုတာ ဂရုမစိုက်ဘူး — သူဟာ သူမကို လူလို့မှ မထင်တာ"

"ဟာ၊ သူမက လူမှမဟုတ်တာ" ရွန်က ပြောတယ်။

ဟာမီးက ချက်ချင်း ပြန်ပြောတယ်။

"အဲဒါ သူမမှာ ခံစားချက်မရှိဘူးလို့ အဓိပ္ပာယ်မရဘူး၊ ရွန်။ သူတို့ပုံက ရွံစရာကောင်းတယ်။ သူမကို —"

"ဟာမီး၊ မင်းအမြင်ကို ကျုပ်သဘောတူတယ်" မစ္စတာဝယ်စလီက အမြန်ပြောတယ်။ သူမကို ရှေ့ဆက်သွားဖို့ အမူအရာပြတယ်။ "ဒါပေမယ့် အခုနမှာ မှင်စာလေးတွေရဲ့ အခွင့်အရေးကို ဆွေးနွေးရမယ့် အချိန်မဟုတ်ဘူး။ ကျုပ်တို့တဲထဲ အမြန်ပြန်ရောက်စေချင်တယ်။ ကျန်လူတွေ ဘယ်လိုလဲ"

"ကျွန်တော်တို့ အမှောင်ထဲမှာ သူတို့နဲ့ ကွဲသွားတယ်" ရွန်က ပြောတယ်။ "အဖေ၊ ဘာဖြစ်လို့ လူအားလုံး ဟိုအရိုးစုကို သိပ်ချောက်ချားတာလဲ"

"တဲပြန်ရောက်ပြီးနောက် မင်းတို့ကို ရှင်းပြမယ်" မစ္စတာဝယ်စလီက စိုးရိမ်စွာ ပြောတယ်။

သို့ပေမယ့် သစ်တောအစပ် ရောက်တော့ အတားအဆီးနဲ့ ကြုံကြတယ်။ အမူအရာ ချောက်ချားနေတဲ့ မှော်ဆရာတစ်အုပ်ကြီး အဲဒီနေရာမှာ စုနေတယ်၊ မစ္စတာဝယ်စလီ သူတို့ဘက် လျှောက်လာတာမြင်တော့ လူအများ ရှေ့တိုး အတင်းတိုးကြတယ်။

"ဟိုဘက်မှာ ဘာဖြစ်လဲ"

"အဲဟို အမှတ်အသားကို ဘယ်သူ ဖန်ဆင်းတာလဲ"

"အာသာ — သူများ — ဖြစ်မလား"

"သူ မဟုတ်တာ သေချာတယ်" မစ္စတာဝယ်စလီဟာ စိတ်မရှည်စွာ ပြောတယ်။ "ကျွန်တော်တို့လဲ ဘယ်သူမှန်း မသိဘူး။ သူတို့ ပျောက်သွားပြီနဲ့ တူတယ်။ ကောင်းပြီ၊ ခွင့်ပြုပါ။ ကျေးဇူးပြုပြီး ဖယ်ပေးကြပါ။ ကျွန်တော် ပြန်အိပ်ချင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို ခေါ်ပြီး လူအုပ်ကို ဖြတ်ကာ စခန်းသို့ ပြန်လာတယ်။ အခု နေရာတိုင်း ငြိမ်သက်နေတယ်။ မျက်နှာဖုံး စွပ်ထားတဲ့ မှော်ဆရာတွေ အရိပ်တောင် မမြင်ရတော့ဘူး။ ဖျက်ဆီးခံရတဲ့ ရွက်ထည်တဲအချို့ပဲ မီးခိုးထနေတယ်။

ချာလီဟာ ယောက်ျားလေးတွေရဲ့ တဲထဲကနေ ခေါင်းပြူလာတယ်။

"အဖေ၊ ဘယ်လို ဖြစ်တာလဲ" သူက အမှောင်ထဲက အော်ပြောတယ်။ "ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့ ကောင်းကောင်းပဲ ပြန်ရောက်ပြီ။ ဒါပေမယ့် သူတို့သုံးယောက် —"

"ငါ သူတို့ကို ပြန်ခေါ်လာပြီ" မစ္စတာဝယ်စလီက ပြောရင်း တဲထဲကုန်းဝင်လိုက်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးလဲ လိုက်ဝင်ကြတယ်။

ဘီးဟာ ထမင်းစား စားပွဲလေးအနားမှာ ထိုင်ပြီး အိပ်ရာခင်းထည်နဲ့ လက်မောင်းကို အုပ်ထားတယ်။ သွေးတွေဟာ အဲဒီနေရာကနေ ထွက်လာနေတယ်။ ချာလီ့ရှပ်အင်္ကျီ အကြီးကြီး ပြဲနေတယ်။ ဖတ်စီဟာ သွေးထွက်နေတဲ့ နှာခေါင်းကို ကြွားဝါနေတယ်။ ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့ဟာ ဘာမှ ဖြစ်ပုံမရဘူး။ ဒါပေမယ့် ကြောက်စိတ် မကုန်သေးဘူး။

"သူတို့ကို ဖမ်းမိသလား၊ အဖေ" ဘီးက တန်းမေးတယ်။ "ဟို အမှတ်အသားကို ဖန်ဆင်းတဲ့လူတွေကို"

"ဟင့်အင်း" မစ္စတာဝယ်စလီက ပြောတယ်။ "ဘာထီ-ခရောက်ချ်ရဲ့ အိမ်မွေးမှင်စာလေးက ဟယ်ရီ့မှော်ကြိမ်လုံးကို ယူထားတာ ငါတို့ တွေ့တယ်။ ဒါပေမယ့် ဘယ်သူက အဲ့ဒီ အမှတ်အသားကို ဖန်ဆင်းတယ်ဆိုတာတော့ နည်းနည်းမှ မသိဘူး"

"ဘာလဲ?" ဘီး၊ ချာလီနဲ့ ဖတ်စီတို့ တစ်ပြိုင်နက် မေးတယ်။

"ဟယ်ရီ့ မှော်ကြိမ်လုံး?" ဖရက်က ပြောတယ်။

"မစ္စတာခရောက်ချ်ရဲ့ အိမ်မွေးမှင်စာလေး?" ဖတ်စီက မေးတယ်။ လေသံက တုန်လှုပ်နေတယ်။

မစ္စတာဝယ်စလီဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အကူအညီနဲ့ သစ်တောထဲမှာ ဖြစ်ပွားခဲ့တာတွေကို ခရေစေ့တွင်းကျ ပြောပြလိုက်တယ်။ သူတို့ ပြောပြီးရော၊ ဖတ်စီဟာ ဒေါသထွက်လို့ အသက်ပြင်းပြင်း ရှူနေတယ်။

"ကျွန်တော် ပြောရရင်၊ မစ္စတာခရောက်ချ်ဟာ ဒီလို အိမ်မွေး မှင်



စာလေးမျိုးကို မောင်းထုတ်သင့်တယ်" သူက ပြောတယ်။ "သခင်က သူမကို ဒီမှာပဲနေလို့ ပြောထားရဲ့နဲ့ သူမက ထွက်ပြေးတယ်. . . . မှော်ဝန်ကြီးဌာန အရာရှိ အများကြီးရှေ့မှာ သခင်ကို အရှက်ရစေတယ်. . . . သူမကို ထူးဆန်းသတ္တဝါ စီမံချုပ်ထိန်းရေး ဌာနခွဲကို ခေါ်ပြီး စစ်မေးရရင် သိပ်ကို—"

"သူမ ဘာမှ မလုပ်ဘူး—သူမက မသင့်တော်တဲ့ အချိန်မှာ၊ မသင့်တော်တဲ့နေရာ ရောက်နေတာပဲ ရှိတယ်" ဟာမီးက အသံမာမာနဲ့ ဖတ်စီကို ပြန်တွယ်တယ်။ ဖတ်စီ လန့်သွားတယ်။ ဟာမီးနဲ့ ဖတ်စီရဲ့ ဆက်ဆံရေးဟာ တစ်လျှောက်လုံး ကောင်းမွန်တယ် — စင်စစ် ကျန်လူတွေထက် ကောင်းတယ်။

"ဟာမီး၊ မစ္စတာခရောက်ချ် အနေအထားမှာရှိတဲ့ မှော်ဆရာဟာ ဘယ်လို့ မိမိအိမ်မွေးမှင်စာလေးဟာ မှော်ကြိမ်လုံးတစ်ချောင်း ကိုင်ပြီး လျှောက်လုပ်နေရင် ဒီတာဝန် သူယူနိုင်မှာ မဟုတ်ဘူး" ဖတ်စီဟာ ပုံမှန်အနေအထား ပြန်ရောက်သွားပြီး မိမိကိုယ်မိမိ ကာကွယ်ပြောဆိုတယ်။

"သူမ ဘာမှ လျှောက်မလုပ်ဘူး" ဟာမီးက အော်ပြောတယ်။ "သူမ ဟာ မြေကြီးပေါ်ကနေ မှော်ကြိမ်လုံးကို ကောက်ယူတာပဲရှိတယ်"

"ကဲ၊ အဲဟို အရိုးစုဟာ ဘာလဲဆိုတာ ဘယ်သူ ရှင်းပြနိုင်မလဲ" ရွန်က စိတ်မရှည်ဘဲ ပြောတယ်။ "ရှင်းဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး. . . . ဘာဖြစ်လို့ လူတွေ ဒီလောက် တုန်လှုပ် ချောက်ချားကြတာလဲ"

"ငါ နင့်ကို ပြောပြမယ်၊ ဒါက ဟိုလူရဲ့အမှတ်အသား၊ ရွန်" ဟာမီးဟာ သူများရှေ့က ဖြေလိုက်တယ်။ "ငါ **မှော်နက်ပညာ ကြီးထွားခြင်းနဲ့ ဆုံးခြင်းထဲမှာ** ဖတ်ဖူးတယ်"

"ရှင်းကို မမြင်ရတာ ဆယ့်သုံးနှစ်ရှိပြီ" မစ္စတာဝယ်စလီက တိုးတိုးပြောတယ်။ "လူတွေ ချောက်ချားကြမှာပေါ့. . . . ဒါဟာ ဟိုလူ့ကို ပြန်တွေ့ရသလိုပဲ"

"ကျွန်တော် နားမလည်ဘူး" ရွန်က မျက်မှောင်ကြုတ်ပြောတယ်။ "ကျွန်တော်ဆိုလိုတာက. . . . အရင်းစစ်ရင် ဒါဟာ မိုးလယ်က အရိပ်မျှသာ ဖြစ်တယ်. . . ."

"ရွန်၊ ဟိုလူနဲ့ သူ့နောက်လိုက်တွေဟာ လူသတ်ပြီးတိုင်း မိုးပေါ်မှာ မှော်နက်အမှတ်အသားကို ဖော်ပြတယ်" မစ္စတာဝယ်စလီက ပြောတယ်။ "ရှင်း ပေးတဲ့ ချောက်ချားမှုကို. . . . မင်း မသိဘူး။ မင်း သိပ်ငယ်သေးလို့၊ မင်း

www.burmeseclassic.com



[illegible]ကြည့် မင်း အိမ်ပြန်လာတဲ့ အခါမှာ၊ မော်နက်အမှတ်အသားဟာ မင်း အိမ်အပေါ်ဘက်မှာ ဝဲပျံနေတာ တွေ့မယ်။ မင်း ဝင်သွားရင် ဘာတွေ့မယ်ဆိုတာ မင်းသိမယ်. . . . ." မစ္စတာဝယ်စလီ ကြက်သီးထသွားတယ်။ "ဒါဟာ [illegible] အကြောက်လန့်ဆုံးပဲ. . . . သိပ် သိပ်ကြောက်လန့်တဲ့. . . . . ."

ဒီနောက် ခဏ ငြိမ်သက်သွားတယ်။ ဘီးက လက်မောင်းမှာ ပတ်သားတဲ့ အိပ်ရာခင်းကို ဖယ်ပစ်လိုက်ပြီး ဒဏ်ရာကို ကြည့်ရှုတယ်။ သူက ပြောတယ်။ "ကောင်းပြီ၊ ဒီအမှတ်အသားကို ဘယ်သူပဲ ဖန်ဆင်းဆင်း၊ ဒီည တို့ကို တစ်ပြန်ကြီး ကူညီရာကျသွားတယ်။ ဟို ဒက်အီတာတွေဟာ ၎င်းကို မြင်တာနဲ့ ထွက်ပြေးရော။ သူတို့အနား ကပ်ပြီး သူတို့ မျက်နှာဖုံးကို ဖြုတ်မပစ်ရသေးခင်မှာပဲ သူတို့ဟာ ကမန်းကတန်း ရုပ်ရွှေ့ပြောင်းသွားကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရောဘတ်စ်မိသားစုကို အောက်ကနေဖမ်းထားနိုင်လိုက်လို့ မြေကြီးပေါ် ပြုတ်မကျဘူး။ အခု သူတို့မှတ်ဉာဏ်ကို ပြုပြင်ပေးနေတယ်"

"ဒက်အီတာ?" ဟယ်ရီ မေးတယ်။ "ဒက်အီတာဆိုတာ ဘာလဲ"

"ဒါက ဟိုလူ့နောက်လိုက်တွေက မိမိကိုယ်မိမိ ခေါ်တာ" ဘီးကပြောတယ်။ "ကျွန်တော်တို့ ဒီညမှာ ဒီလူတွေရဲ့ အကြွင်းအကျန်တွေကို ကျွန်တော်တို့ တွေ့ရတယ် — သူတို့ အက်ဇခါဘန် မရောက်ဘဲ ဘယ်လို လွတ်သွားကြတယ် မသိဘူး"

"သူတို့ပဲလို့ ငါသက်သေမပြနိုင်ဘူး၊ ဘီး" မစ္စတာဝယ်စလီက ပြောတယ်။ "ဒါပေမယ့် သိပ်ဖြစ်နိုင်တယ်" သူက ဘာမှ မတတ်နိုင်ဘဲ ပြောတယ်။

"ဟုတ်တယ်၊ ဒါပဲဖြစ်မယ်လို့ ကျွန်တော်ထင်တယ်" ရွှန်က ရုတ်တရက် ပြောတယ်။ "အဖေ ကျွန်တော်တို့ သစ်တောထဲမှာ ဒြာခို-မော်ဖိုင်ကို တွေ့တယ်။ ဟိုမျက်နှာဖုံးနဲ့ အရူးတွေထဲမှာ သူ့အဖေပါတယ်လို့ မပြောရုံတမယ်ပဲ။ မော်ဖိုင်တို့ မိသားစုဟာ အရင်က ဟိုလူနဲ့ သိပ်ရင်းနှီးတယ်ဆိုတာ ကျွန်တော်တို့ သိတယ်"

"ဒါပေမယ့် ဗိုလ်ဒီမွန့်ကို ထောက်ခံသူတွေ — " ဟယ်ရီက ပြောတယ်။ အားလုံး ကြက်သီးထသွားတယ် — ဝယ်စလီမိသားစုဟာ မှော်လောကထဲက လူများစုလိုပဲ ဗိုလ်ဒီမွန့်ရဲ့နာမည်ကို ပြောဖို့ ရှောင်တယ်။ "ဝမ်းနည်းပါတယ်" ဟယ်ရီက အမြန်ပြောလိုက်တယ်။ "ဟိုလူကို ထောက်ခံတဲ့ လူတွေ ဘာလုပ်ချင်တာလဲ၊ မတ်ဂေါ်ကို မိုးပေါ်လွှင့်တင်တာ? ကျွန်တော်ပြောချင်



ဘာက ဘာမှ အဓိပ္ပာယ်မရှိဘူးမဟုတ်လား"

"အဓိပ္ပာယ်?" မစ္စတာဝယ်စလီက ခြောက်သွေ့သွေ့ ရယ်လိုက်ပြီး ပြောတယ်။ "ဟယ်ရီ၊ အဲဒါ သူတို့ ပျော်ပါးနည်းပဲ။ အရင်က ဟိုလူ အင်အားကောင်းစဉ်တုန်းက သူတို့ မတ်ဂေါ်တွေသတ်တာ တစ်ဝက်လောက်က အပျော်သုပ်တာပဲ။ သူတို့ ဒီည အရက်များသွားတော့ မထိန်းနိုင်ဘဲ ငါတို့ကို သတိရအောင် လုပ်လိုက်တာနဲ့ တူတယ်။ သူတို့ အပြင်မှာ လွတ်နေတဲ့လူ မနည်းရှိသေးဘူး။ သူတို့ဟာ ပျော်ရွှင်စွာ စုစည်းပွဲလေးတစ်ခု လုပ်ခဲ့တယ်" သူက ရွံ့ရှာရှာ ပြောတယ်။

"ဒါပေမယ့် သူတို့အားလုံး ဒက်အီတာ ဖြစ်တယ်ဆိုရင် ဘာဖြစ်လို့ မော်နက်အမှတ်အသား မြင်တာနဲ့ ရုပ်ရွှေ့ပြောင်းသွားကြတာလဲ" ရွှန်က မေးတယ်။ "သူတို့က အဲဒါကို သိပ် မြင်လိုသင့်တာပေါ့၊ မဟုတ်ဘူးလား"

"မင်း ဉာဏ်သုံးပြီး တွေးကြည့်ပါ၊ ရွှန်" ဘီးက ပြောတယ်။ "တကယ်လို့ သူတို့ဟာ ဒက်အီတာ တကယ်ဖြစ်တယ်ဆိုရင် ဟိုလူ အရေးနိမ့်ပြီးနောက် သူတို့ဟာ အက်ဇခါဘန်မရောက်အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားမယ်၊ ပြီးတော့ မုသားစကားမျိုးစုံ ပြောမယ်။ ထိုစဉ်က ဟိုလူ သူတို့ကို အတင်းခိုင်းလို့ လူတွေကို သတ်ရတာ၊ နှိပ်စက်ရတာပါလို့ ပြောမယ်။ သူတို့ဟာ ငါတို့ထက်ပိုပြီး ဟိုလူ ပြန်လာမှာကို မမြင်ချင်ဘူးဆိုတာ ငါလောင်းဝံ့တယ်။ ဟိုလူ အင်အားနည်းတော့တဲ့နောက်မှာ သူတို့ ဟိုလူနဲ့ မပတ်သက်ဘူးလို့ နည်းအမျိုးမျိုးနဲ့ ငြင်းဆန်ကြတယ်။ ပုံမှန်ဘဝကို ပြန်ရသွားကြတယ်. . . . . ဟိုလူက သူတို့ကို သိပ်တော့ ကျေနပ်မှာ မဟုတ်ဘူးလို့ ငါထင်တယ်။ မင်းကော"

"ဒါဆိုရင်. . . . မော်နက် အမှတ်အသားကို ဖန်ဆင်းတဲ့လူဟာ. . . . ." ဟာမီးက ဖြည်းဖြည်းချင်း ပြောတယ်။ "ဒီလိုလုပ်တာ ဒက်အီတာကို ထောက်ခံဖို့လား။ ဒါမှမဟုတ် ၎င်းတို့ကို ခြောက်လှန့်ဖို့လား"

"ငါတို့လဲ ဒီလိုပဲ ခန့်မှန်းနေတယ်၊ ဟာမီး" မစ္စတာဝယ်စလီက ပြောတယ်။ "ဒါပေမယ့် ငါ မင်းတို့ကို တစ်ခုပြောမယ်. . . . ဒက်အီတာကသာ [illegible] အမှတ်အသားကို ဘယ်လိုဖန်ဆင်းရမှန်း သိတာ။ အမှတ်အသား ဖန်ဆင်းတဲ့လူဟာ အရင်က ဒက်အီတာဆိုတာ သေချာတယ်လို့ ငါပြောရဲတယ်။ [illegible]တော့ ဟုတ်ချင်မှ ဟုတ်တော့မှာပေါ့. . . . . နားထောင်ကြ။ အိပ်ညဉ့်နက်နေပြီ၊ မင်းတို့အမေသာ ဒီအကြောင်းတွေကြားရင် သိပ်ကို ပူပင်နေမှာ၊ ငါတို့

www.burmeseclassic.com



၄-၅နာရီလောက် အချိန်လုပြီး အိပ်လိုက်၊ ပြီးတော့ အစောကြီး တံခါးသော့ရှ အောင်လုပ်ပြီး ဒီက ထွက်ခွာရအောင်"

ဟယ်ရီဟာ မိမိရဲ့ နှစ်ထပ်ခုတင်အပေါ် ပြန်တက်သွားတယ်။ ခေါင်းထဲမှာ ဘာအုန်းအုန်းမြည်နေတယ်။ သိပ်ကို အားအင်ကုန်ခန်းနေတဲ့ ခံစားချက်ရှိသင့်တယ်ဆိုတာ သူသိတယ်။ ခုချိန်ဟာ လင်းအားကြီး သုံးနာရီ။ ဒါပေမယ့် သူ အိပ်ချင်စိတ် နည်းနည်းမှ မရှိဘူး —နိုးနေတယ်။ ပြီးတော့ စိုးရိမ်နေတယ်။

လွန်ခဲ့တဲ့ သုံးရက်က — အခုတော့ ဟိုးအရင်တုန်းကလို့ ခံစားရတယ်။ စင်စစ် သုံးရက်ပဲ ရှိသေးတယ် — သူ အိပ်ရာက နိုးလာတော့ နဖူးပေါ်က အမာရွတ် မခံမရပ်နိုင်အောင် နာကျင်လာတယ်။ ဒီည၊ ဗိုလဒီမွန့်ရဲ့ အမှတ်အသား ဆယ့်သုံးနှစ်အတွင်း ပထမဆုံးအကြိမ် မိုးပေါ်မှာ ပေါ်လာတယ်။ ဒါတွေအားလုံး ဘာအဓိပ္ပာယ်လဲ။

သူဟာ သူ ရေဖယောင်းပင်လမ်းက ထွက်ခွာစဉ် ဆီးရီးအက်စ်ကြယ်ဆီ ရေးပေးတဲ့စာကို သတိရလာတယ်။ ဆီးရီးအက်စ်ကြယ် ရမှ ရပ့်မလား။ သူ ဘယ်တော့ စာပြန်မလဲ။ ဟယ်ရီဟာ ခုတင်ပေါ် ပက်လက်လှန်ပြီး ကင်ဘတ်ရွက်ထည်တဲ အမိုးကို ကြည့်နေတယ်။ ဒါပေမယ့် ခေါင်းထဲမှာ သူ့ကို အိပ်ပျော်အောင် ဘာမှ မစဉ်းစားဘူး။ တဲထဲမှာ အစောကြီးကတည်းက ချာလီ ဟောက်သံ ကြားနေရပြီ။ အကြာကြီးနေတော့မှ ဟယ်ရီ အိပ်ပျော်သွားတယ်။



# ၁၀။ မှော်ဝန်ကြီးဌာန ပြောင်းဆန်သွားခြင်း

နာရီအချို့ပဲ အိပ်ရသေးတယ်။ မစ္စတာဝယ်စလီ သူတို့ကို လာနှိုးတယ်။ သူဟာ မှော်ပညာနဲ့ တဲကို သိမ်းလိုက်ပြီး ကျောပိုးအိတ်ထဲ ထည့်လိုက်တယ်။ ဒီနောက် သူတို့စခန်းကနေ အမြန်ဆုံး ထွက်ခွာခဲ့ကြတယ်။ လမ်းမှာ မှော်ဘာရောဘတ်စ် မိမိကျောက်တုံးအိမ် တံခါးဝမှာ ရပ်နေတာ တွေ့ရတယ်။ မှော်ဘာရောဘတ်စ် ကြည့်ရတာ တစ်မျိုးကြီးပဲ။ အာရုံ မစုစည်းနိုင်ဘူး။ သူဟာ သက်ပြ နှုတ်ဆက်တယ်။ "ခရစ္စမတ် ပျော်ရွှင်ပါစေ"လို့ ဗလုံးဗထွေး ပြောလိုက်သေးတယ်။

"သူ ဘာမှမဖြစ်ပါဘူး။" သူတို့ ရှုံ့နှံ့ဒေသသို့ ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားစဉ် မစ္စတာဝယ်စလီက ပြောတယ်။ "တစ်ခါတလေ လူတော်လောက်ရဲ့ မှတ်ဉာဏ်ကို ပြင်ခဲ့ရတဲ့အခါမှာ သူဟာ ယာယီတော့ နည်းနည်း ကြောင်တတ်တယ်. . . . သူတို့ သူ့ကို မေ့စေချင်တာက ဒီလို ကိစ္စအကြီးကြီးလေ ဖြစ်နေသေးတာကိုး"

တံခါးသော့ ထားတဲ့နေရာနား သူတို့ ရောက်သွားတဲ့အခါမှာ လူအ

www.burmeseclassic.com

www.burmeseclassic.com



များကြီး ဝဲတ်လေသာစွာ ဆူညံနေတာ ကြားရတယ်။ နည်းနည်း ထပ်ကပ်သွားတော့ ဟင်္ဂါလီသော့ ထိန်းသိမ်းသူ ဘာဆီးကို မော်ဆရာအများကြီး ဝိုင်းအုံနေတာ တွေ့ရတယ်။ အားလုံး စခန်းက အမြန် ထွက်ခွာချင်ကြောင်း ဆူပူနေတယ်၊ မစ္စတာဝယ်စလီဟာ ဘာဆီးနဲ့တစ်ခွန်းနှစ်ခွန်း ဆွေးနွေးပြီးနောက် အားလုံး ဝင်တန်းစီကြတယ်။ နောက်ဆုံး နေမထွက်ခင်မှာ ကားဘီးဟောင်းတစ်ခု ရကြတယ်။ ၎င်းကို အသုံးပြုပြီး မြေပြင်တောင် ပြန်ရမယ်။ လင်းအားကြီး အလင်းရောင် ဖျော့ဖျော့မှာ အော်ထရီ-စိန့်ကက်ချ်ပိုးရွာကို ဖြတ်ပြီး စိုစွတ်တဲ့ လမ်းကလေးအတိုင်း အညတရဂေဟာသို့ လျှောက်သွားတယ်။ တလမ်းလုံး စကား သိပ်မပြောကြဘူး။ အားလုံး သိပ်ပင်ပန်းနေကြလို့ နံနက်စောစောစာ အမြန်စားလိုကြတယ်။ သူတို့ ကွေ့ချိုးကို ချိုးလိုက်တာနဲ့ အညတရဂေဟာကို တွေ့ရပြီ။ လမ်းကလေးပေါ်မှာ အော်ဟစ်သံတစ်သံ ကြားကြရတယ်။

"အိုး-ဘုရား သိကြား မစလို့၊ ဘုရား သိကြား မစလို့"

မစ္စစ်ဝယ်စလီဟာ သူတို့ကို ခြံထဲ ထွက်စောင့်နေပုံရတယ်။ ဒီအချိန်မှာ သူတို့ရှိရာကို ပြေးလာတယ်။ သူမခြေထောက်မှာ အိပ်ခန်းထဲစီးတဲ့ ဂွင်းစွပ်ဖိနပ် စီးထားသေးတယ်။ သူမမျက်နှာ သွေးဆုတ်နေတယ်။ သိပ်လဲ ကြောင့်ကြနေတယ်။ သူမလက်ထဲမှာ လိပ်ထားတဲ့ "ကြိုဟောဆရာများနေ့စဉ်" သတင်းစာတစ်စောင် ကိုင်ထားတယ်။

"အာသာ — ကျွန်မ သိပ်ကို စိတ်ပူနေတာ — သိပ်ကို စိတ်ပူတယ် —"

သူမဟာ မစ္စတာဝယ်စလီလည်ပင်းကို ဖမ်းဖက်လိုက်တယ်။ "ကြိုဟောဆရာများနေ့စဉ်"ဟာ သူမရဲ့ အားပျော့တဲ့ လက်ထဲကနေ အောက်ပြုတ်ကျသွားတယ်။ ဟယ်ရီ ငုံ့ကြည့်လိုက်တော့ ခေါင်းစီးက "ခွေဒစ် ကမ္ဘာ့ဖလားပွဲမှာ ဖြစ်ပွားတဲ့ ထိတ်လန့်စရာ အဖြစ်အပျက်"။ မှော်နက်အမှတ်အသား သစ်ပင်ထိပ်ဖျားမှာ လွင့်နေတဲ့ အဖြူအမည်းဓာတ်ပုံလဲ ပါသေးတယ်။

"မင်းတို့အားလုံး ဘာမှမဖြစ်ဘူး" မစ္စစ်ဝယ်စလီဟာ ကြောက်စိတ် မပြယ်သေးဘဲ ရေရွတ်နေတယ်။ မစ္စတာဝယ်စလီကို လွှတ်လိုက်တယ်။ နီရဲတဲ့ မျက်စိအစုံနဲ့ သူတို့ကို တစ်ယောက်ချင်း ကြည့်သွားတယ်။ "မင်းတို့အားလုံး အသက်ရှင်နေသေးတယ်. . . . . အိုး၊ သား. . . . ."

အများမထင်မှတ်ဘဲ သူမဟာ ဖရက်နဲ့ဂျော့ကို ဆွဲပြီး တအား ဖက်



လိုက်တယ်။ သူဖက်တာ သိပ်ပြင်းလို့ အမြွှာနှစ်ယောက် ခေါင်းချင်း ဆောင့်မိသွားတယ်။

"အမလေး၊ အမေ — ကျွန်တော်တို့ သေတော့မယ်"

"မင်းတို့ သွားခါနီးမှာ ငါ မင်းတို့ကို အော်ဆူတယ် မဟုတ်လား" မစ္စစ်ဝယ်စလီက ပြောရင်း ငိုတယ်။

"ငါ ဒီအကြောင်းကိုပဲ တွေးမိတယ်။ တကယ်လို့ ဟိုလူက မင်းတို့ကို ခမ်းသွားရင် ငါ မင်းတို့ကို ပြောတဲ့ နောက်ဆုံးစကားက O,W,Ls စာမေးပွဲ အမှတ်မကောင်းဘူးလို့ ပြောတာနော်။ အိုး၊ ဖရက်. . . . ဂျော့. . . ."

"တော်တော့၊ မော်လီ။ ကိုယ်တို့အားလုံး ဘာမှမဖြစ်ဘူး" မစ္စတာဝယ်စလီက သူမကို နှစ်သိမ့်တယ်။ သူမ ရင်ခွင်ထဲကနေ အမြွှာညီအစ်ကိုကို ဆွဲခွာတယ်။ ဒီနောက် သူမကို ခေါ်ဆောင်ပြီး အိမ်ထဲဝင်သွားကြတယ်။ "ဘီး" သူက အသံနိမ့်နိမ့်ပြောတယ်။ "ဟို သတင်းစာကို ကောက်လိုက်၊ ဘာတွေ ရေးထားတယ်ဆိုတာ ငါကြည့်ချင်တယ်. . . ."

သူတို့အားလုံး မီးဖိုချောင် ကျဉ်းကျဉ်းလေးထဲ ဝင်ခဲ့ကြတယ်။ ဟာမီးက မစ္စစ်ဝယ်စလီကို အလွန်ခါးခါး လက်ဖက်ရည်တစ်ခွက် ဖျော်ပေးတယ်။ မစ္စတာဝယ်စလီက အော့ဂ်ဒန်စ် နှစ်ချို့ ဝီစကီ နည်းနည်း အတင်း ထပ်ထည့်ပေးလိုက်တယ်။ ဒီနောက် ဘီးက သတင်းစာကို သူ့အဖေ ပေးလိုက်တယ်။ မစ္စတာဝယ်စလီဟာ ပထမစာမျက်နှာကို အလျင်အမြန် လျှောက်ကြည့်တယ်။ ပါစီကလဲ သူ့ပခုံးကိုကျော်ပြီး ကြည့်နေတယ်။

"ဒီလို ဖြစ်လိမ့်မယ်လို့ သိသားပဲ" မစ္စတာဝယ်စလီက စိတ်လေးစွာ ပြောတယ်။ "မှော်ဝန်ကြီးဌာန သိပ် တုန်လှုပ်နေတယ်. . . . တရားခံကို မသိဘူး. . . . . လုံခြုံရေး လျော့လျဲတယ်. . . . . မှော်နက်ဆရာတွေ အတားအဆီးမရှိ လုပ်ချင်တာ လုပ်နေတယ်. . . . . နိုင်ငံတော်ကို အရှက်ရစေတယ် . . . . . ဒါ ဘယ်သူရေးတာလဲ။ အား. . . . . သူမပဲပေါ့. . . . . . . ရီတာ-စကီးတာ"

"အဲဒီ မိန်းမဟာ မှော်ဝန်ကြီးဌာနနဲ့ အတိုက်အခံချည်း လုပ်တယ်" ပါစီက ဒေါသထွက် ပြောတယ်။ "သူမ အရင်အပတ်က ပြောတယ်၊ ဒွန်ဒေါ်တို့ သွေးစုပ်ကောင်ကို အားသွန်ခွန်စိုက် သုတ်သင်သင့်တယ်တဲ့၊ ဒါဟာ ဂယ် ဆေးကျိုအိုး အထူအပါးကိစ္စမှာ ပြဿနာ လုပ်နေတယ်။ အလားအား

www.burmeseclassic.com



အခိုန် ဘာ်ဘာယ်၊ 'မှော်ဆရာ မဟုတ်တဲ့ လူသားတစ်ဝက် လမ်းညွှန်'ပါ အပိုဒ် ဆယ့်နှစ်မှာ အထူး ဖော်ပြထားတယ်မဟုတ်လား — "

"ချမ်းသာပေးပါတော့၊ ဖတ်စီ" ဘီးက ပြောရင်း သမ်းဝေလိုက်တယ်။ "မခပြောနဲ့တော့"

"ငါ့အကြောင်း ပါတယ်" မစ္စတာဝယ်စလီဟာ 'ကြိုဟောဆရာများ ခေ့ခဉ်ထဲက' ဟိုဆောင်းပါးအဆုံးကို ဖတ်မိတော့ ရုတ်တရက် မျက်မှန်နောက်က မျက်စိကြီး ပြူးလာတယ်။

"ဘယ်မှာလဲ" မစ္စစ်ဝယ်စလီဟာ ဝီစကီလက်ဖက်ရည် သီးသွားတယ်။ ချောင်းဆိုးရင်း မေးတယ်။ "ကျွန်မ ခုနကသာ ဖတ်ရရင် ရှင် အသက်ရှင်နေမှန်း သိမှာ"

"နာမည် ဖော်မပြောဘူး" မစ္စတာဝယ်စလီက ပြောတယ်။ "ဒီအပိုဒ်ကို နားထောင်ကြည့်"

မှော်ဆရာတွေ တုန်လှုပ်ချောက်ချားနေတယ်။ သစ်တောအစပ်မှာ အသက်ရှူအောင့်ပြီး သတင်းစောင့်နေတယ်။ မှော်ဝန်ကြီးဌာနဆီက နှစ်သိမ့်မှုရချင်ကြတယ်။ ဝမ်းနည်းစရာကောင်းတာက၊ သူတို့ စိတ်အပျက်ကြီး ပျက်သွားကြတယ်။ မှော်နက်အမှတ်အသား ပေါ်ထွက်လာပြီး မကြာခင်မှာ မှော်ဝန်ကြီးဌာန အရာရှိတစ်ယောက် ပေါ်လာတယ်။ ဘယ်သူမှ မထိခိုက်ဘူးလို့ ပြောတယ်။ ဒါပေမယ့် ဒီထက်ပိုပြီး ပြောပြဖို့ ငြင်းဆန်တယ်။ တစ်နာရီကြာတော့ သစ်တောထဲကနေ အလောင်းတချို့ ထမ်းထုတ်လာတယ်ဆိုတဲ့ ကောလာဟလကို သူ့စကားက ပြယ်ပျောက်စေနိုင်မလားဆိုတာကိုတော့ ဆက်လက် စောင့်ကြည့်ရဦးမယ်

" အိုး၊ တကယ့်ကိုပဲ" မစ္စတာဝယ်စလီ ဒေါသထွက်စွာ ပြောပြီး သတင်းစာကို ဖတ်စီ ပေးလိုက်တယ်။ "တကယ်ပဲ ဘယ်သူမှ မထိခိုက်ဘူးလေ။ ငါ ဘယ်လို ပြောရမလဲ။ အလောင်းတချို့ သစ်တောထဲက ထမ်းထုတ်လာတဲ့ ကောလာဟလ. . . .ကဲ၊ အခု သူမ ဒီစကားမျိုး ရေးလိုက်တော့ ကောလာဟလတွေ အမျိုးမျိုး ပေါ်လာမှာ သေချာတယ်"

သူဟာ သက်ပြင်းကြီး ချလိုက်တယ်။ "မော်လီ၊ ကိုယ် ရုံးသွားရတော့မယ်၊ ဒီကိစ္စ ရှင်းဖို့လိုတယ်"



"ကျွန်တော်လဲ လိုက်မယ်၊ အဖေ" ဖတ်စီက အရေးကြီးတဲ့ပုံနဲ့ ပြောတယ်။ "မစ္စတာခရောက်ချ်ဟာ အားလုံး ကိုယ့်နေရာမှာ ကိုယ် ရှိနေစေချင်လိမ့်မယ်။ ပြီးတော့ ကျွန်တော်လဲ ကျွန်တော့် ဆေးကျိုအိုး အစီရင်ခံစာကို ကိုယ်တိုင် ပေးအပ်နိုင်တယ်"

သူကပြောပြီးတာနဲ့ မီးဖိုထဲက ပြေးထွက်သွားတယ်။ မစ္စစ်ဝယ်စလီဟာ အလွန်စိတ်မကောင်း ဖြစ်နေပုံရတယ်။ "အာသာ၊ ရှင် ခွင့်ယူထားတယ် မဟုတ်လား။ ဒီကိစ္စ ရှင်တို့ရုံးနဲ့ ဘာမှမဆိုင်ဘူး။ ရှင်မပါလဲ သူတို့ ဖြေရှင်းနိုင်တယ် မဟုတ်လား"

"ကိုယ် သွားမှရမယ်၊ မော်လီ" မစ္စတာဝယ်စလီက ပြောတယ်။ "ကိုယ့်ကြောင့် ပြဿနာပိုကြီးလာတာ။ ဝတ်ရုံရှည်လဲပြီး သွားလိုက်မယ်. . . . ."

"မစ္စစ်ဝယ်စလီ" ဟယ်ရီဟာ မိမိကိုယ်မိမိ မထိန်းနိုင်တော့ဘဲ ရုတ်တရက် ပြောလိုက်တယ်။ "ဟက်ဒဝစ် ကျွန်တော့်အတွက် စာယူလာလား"

"ဟက်ဒဝစ်?" မစ္စစ်ဝယ်စလီ အာရုံထွေပြားစွာ ပြောတယ်။ "မလာဘူး၊ အချစ်လေး. . . .မလာဘူး၊ စာတစ်စောင်မှ မရဘူး"

ရွန်နဲ့ဟာမီးဟာ ဟယ်ရီကို အံ့သြစွာ ကြည့်နေတယ်။ ဟယ်ရီက သူတို့ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး ပြောတယ်။ "ရွန်၊ မင်းအခန်းထဲ သွားပြီး ငါ့ပစ္စည်းတွေ ရှင်းလို့ရမလား"

"ကောင်းတယ်. . .ငါလဲ သွားမယ်" ရွန်က တုံ့ဆိုင်းမနေဘဲ ဖြေတယ်။ "ဟာမီး၊ နင်ကော"

" ကောင်းပြီ" သူမက ချက်ချင်းပြောတယ်။ ဒါနဲ့ သူတို့သုံးယောက် မီးဖိုထဲက အလျှိုအလျှို ထွက်သွားပြီး အပေါ်ထပ်ကို တက်သွားကြတယ်။

"ဘယ်လိုလဲ၊ ဟယ်ရီ" သူတို့ အပေါ်ဆုံးထပ် အခန်းထဲဝင်ပြီး တံခါး ပိတ်လိုက်တာနဲ့ ရွန်ကမေးတယ်။

"ကိစ္စတစ်ခု ငါ မင်းတို့ကို ပြောမပြသေးဘူး" ဟယ်ရီက ပြောတယ်။ "တနင်္ဂနွေနံနက် ငါ နိုးလာတော့ ငါ့ အမာရွတ် နာလာပြန်တယ်"

ရွန်နဲ့ဟာမီးရဲ့ တုံ့ပြန်မှုဟာ ဟယ်ရီ ရေဖယောင်းပင်လမ်း အိပ်ခန်းထဲမှာ တွေးထင်ခဲ့တာနဲ့ တစ်ပုံစံတည်းလောက် တူနေတယ်။ ဟာမီးဟာ ပင့်သက်ရှိုက်ပြီး အကြံအမျိုးမျိုး စတင်ပေးတယ်။ ကိုးကားဖို့ စာအုပ်တွေ တစ်ပုံကြီး

www.burmeseclassic.com

www.burmeseclassic.com



ခပြာပြီး လူနာမည်တွေ တစ်ပုံကြီး ပြောပြန်တယ်။ အောဘတ်စ်-ဒမ်ဘလီ
ကနေ ဟော့ဂ်ဝပ်ကျောင်း ဆရာဝန်မဒမ်ဖွမ်ဖရေ ထိပဲ။

ရွှန်ကတော့ ပါးစပ်အဟောင်းသားနဲ့။ "ဒါပေမယ့် — သူမှ အဲ့ဒီမှာ
မရှိတာပဲ၊ ဟုတ်လား။ ဟိုလူ?" ငါဆိုလိုတာက — အရင်တစ်ခါ မင်း အ
ရှုတ်နာတုန်းက သူဟော့ဂ်ဝပ်မှာ ရှိတယ်၊ ဟုတ်လား"

"သူ ရေဖယောင်းပင်လမ်းမှာ မရှိနိုင်ဘူးဆိုတာ ငါသိတယ်" ဟယ်
က ပြောတယ်။ "ဒါပေမယ့် ငါ့အိပ်မက်ထဲမှာ သူ့ကိုမြင်ရတယ်. . . . . သူ
ပီတာ — မင်းတို့ သိပါတယ်။ အဲဒါ ပိုးကောင်အမြီး။ အိပ်မက်ထဲက အဖြ
အပျက်အားလုံးကို ငါသေချာ မမှတ်မိတော့ဘူး။ သူတို့ တိတ်တိတ်ကြံစည်
တာပဲ မှတ်မိတယ်။ လူတစ်ယောက်ကို . . . . . သတ်ဖို့"

သူ ခဏ ရပ်ဆိုင်းနေတယ်။ "ငါ့ကိုသတ်မှာ" လို့ ပြောထွက်သွား
နည်းနည်းလိုတယ်။ ဒါပေမယ့် ဟာမီး ဒါ့ထက်ပိုပြီး ချောက်ချားသွားမှာစိုးတယ်
ဟာမီးဟာ မျက်နှာတွေ ပျက်နေပြီ။

"ဒါ အိပ်မက်ပဲဟာ" ရွှန်က သူ့ကို စိတ်ဓာတ်မကျအောင် အားပေ
တယ်။ "အိပ်မက်ဆိုးတစ်ခုပါ"

"ဟုတ်တယ်၊ အိပ်မက်ဖြစ်ပေမယ့်" ဟယ်ရီကပြောရင်း ပြတင်းအ
ပြင်ဘက်က လင်းလာတဲ့ မိုးကောင်းကင်ကို လှည့်ကြည့်တယ်။ "သိပ်ထူးဆန်း
တယ်၊ ဟုတ်လား. . . . . . ငါ့ အမာရွတ် နာလာတယ်၊ သုံးရက်ကြာတော့
ဒက်အီတာတွေ စိတန်းလှုပ်လည်တယ်။ ဗိုလဒီမွန့် အမှတ်အသားဟာ မီး
ပေါ်မှာ ပေါ်လာပြန်တယ်"

"သူ့ — နာမည်ကို — ပြောမထုတ် — ပါနဲ့"ရွှန်က အံကြိတ်ပြီး
အသံကို ညှစ်ထုတ်ပြောတယ်။

"ပါမောက္ခထရီလောနီပြောတဲ့စကား မှတ်မိသေးလား" ဟယ်ရီက
ရွှန့်ကို အရေးမလုပ်ဘဲ ဆက်ပြောတယ်။ "အရင်ကျောင်းပတ် ကုန်ဆုံးခါနီး
မှာလေ"

ပါမောက္ခထရီလောနီဟာ သူတို့ရဲ့ ဟော့ဂ်ဝပ်ကျောင်းက ဗေဒင်သ
တဲ့ဆရာမ။ ဟာမီးမျက်နှာပေါ်က ချောက်ချားတဲ့အမူအရာ ပျောက်သွားပြီး
သူမ ပြက်ရယ်သံတိုးတိုးလေး ထွက်လာတယ်။

"အိုး၊ ဟယ်ရီ၊ နင် ဟိုလူလိမ်မကြီးပြောတဲ့ စကားကို မှတ်မထား



ဘူးနော်"

"ထိုစဉ်က နင် တို့အနားမှာမရှိဘူး" ဟယ်ရီက ပြောတယ်။ "သူမ
ပြောတဲ့စကားကို မကြားကြဘူး။ ဒီတစ်ခါပြောတာ အရင်ကနဲ့ မတူဘူး။ ငါ
နင်တို့ကို ပြောပြမယ်။ သူမဟာ အိပ်ပျော်သွားတဲ့ အခြေအနေ ကျရောက်သွား
တယ် — တကယ် အိပ်ပျော်သွားတဲ့အခြေအနေ။ သူမက ပြောတယ်။ မှော်
ဆရာကြီး ပြန်ထူထောင်လာလိမ့်မယ်တဲ့. . . . . အရင်ကထက်ပိုပြီး အား
ကောင်းမယ်၊ ပိုပြီး ကြောက်စရာကောင်းမယ်. . . . . သူ ဒီလိုလုပ်နိုင်တာဟာ
အစေခံတွေ သူ့ အနားပြန်ရောက်မှာမို့. . . အဲဒီနေ့ညမှာပဲ ပိုးကောင် အမြီး
ထွက်ပြေးသွားတယ်"

ခဏအတွင်း ဘယ်သူမှ စကားမပြောဘူး။ ရွှန်ဟာ စိတ်မပါဘဲ ချာဒ
ဝင်အမြောက်အသင်း အိပ်ရာခင်းပေါ်က အပေါက်တစ်ပေါက်ကို ဆော့နေ
တယ်။

"နင်က ဘာဖြစ်လို့ ဟက်ဒဝစ် ပြန်လာလားလို့ မေးတာလဲ၊ ဟယ်ရီ"
ဟာမီးက မေးတယ်။ "နင် စာစောင့်နေတာလား"

"ငါ အမာရွတ်နာတဲ့အကြောင်း ဆီးရီးအက်စ်ကြယ်ကို ပြောပြလိုက်
တယ်" ဟယ်ရီက ပခုံးတွန့်ပြောတယ်။ "ငါ သူ့ပြန်စာကို စောင့်နေတာ"

"အကြံကောင်းလိုက်တာ" ရွှန်က ပြောတယ်။ မျက်နှာပေါ်မှာ ကြည်
လင်လာတယ်။ "ဆီးရီးအက်စ်ကြယ်ဟာ ဘယ်လို လုပ်ရမယ်ဆိုတာ သိမှာ
သေချာတယ်လို့ ငါပြောဝံ့တယ်"

"သူ ငါနဲ့ အမြန်ဆက်သွယ်စေချင်တယ်" ဟယ်ရီက ပြောတယ်။

"ဒါပေမယ့် ဆီးရီးအက်စ်ကြယ် ဘယ်မှာရှိမှန်း တို့မသိဘူး. . . . . သူ
အာဖရိကမှာလဲ ဖြစ်နိုင်တယ်၊ ဟုတ်လား" ဟာမီးက အလွန်ဉာဏ်ရှိစွာ ပြော
တယ်။" ဟက်ဒဝစ်ဟာ ရက်အနည်းငယ်အတွင်း ဒီလောက်ဝေးတဲ့နေရာကို
ရောက်နိုင်ဘူး"

"ဟုတ်တယ်၊ ငါသိတယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူ
ပြတင်းအပြင်ကကောင်းကင်ကို ငေးကြည့်နေစဉ် ဟက်ဒဝစ်အရိပ်ကို မတွေ့
တော့ ရင်ထဲလေးနေတယ်။

"လာ၊ ဟယ်ရီ၊ ငါတို့ သစ်သီးခြံထဲမှာ ခွေဒစ်ပြိုင်ပွဲတစ်ပွဲ ကျင်းပ
အောင်" ရွှန်က ပြောတယ်။ "လာ — သုံးယောက်နဲ့သုံးယောက်ကစားမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘီး ခုလို ဖရက်နဲ့ကျော့ အားလုံးပါမယ်, . . . . မင်း ရန်းစကီးယောင်ပြန်ညီ ကို ခမ်းကြည့်လို့ရတယ် . . . ."

"ရွှန်" ဟာမီးက ပြောတယ်။ သူမအသံက "နင် တယ်လဲ မသိတတ် ပါသား" ဆိုတဲ့ အဓိပ္ပာယ်ပါနေတယ်။ "ဟယ်ရီ အခု ခွေဒစ်မကစားချင်ဘူး . . . . . သူ ရင်ထဲ ရှုပ်နေတယ်။ ပင်ပန်းနေတယ် . . . . . ငါတို့အားလုံး နားနေ အိပ်စက်ဖို့လိုတယ် . . . . ."

"ကောင်းပြီ၊ ငါ ခွေဒစ်တစ်ပွဲ ကစားချင်တယ်" ဟယ်ရီက ရုတ်တ ရက်ပြောတယ်။ "ခဏနေဦး၊ ငါ-ငါ့ မီးသတ္တိကို ယူလိုက်ဦးမယ်"

ဟာမီးဟာ အခန်းက ထွက်ခဲ့တယ်။ ပါးစပ်က ဘာတွေ ရေရွတ်နေ မှန်း မသိဘူး။ "ဒီယောကျ်ားလေးတွေ"လို့ ပြောနေပုံရတယ်။

အဲဒီနောက်ပိုင်း ရက်သတ္တတစ်ပတ်အတွင်းမှာ မစ္စတာဝယ်စလီနဲ့ ဖတ်စီတို့ အိမ်မှာ သိပ်မရှိဘူး။ နေ့စဉ် အစောကြီး အိမ်ကလူတွေ အိပ်ရာမထ ခင် သူတို့ အိမ်က ထွက်ကြတယ်။ ညစာစားပြီး အကြာကြီးနေမှ ပြန်လာတယ်။

"တကယ့်ကို ပြောင်းဆန်နေတာပဲ" ဖတ်စီက သူတို့ကို ရေးကြီးခွင် ကျယ်ပြောတယ် — တနင်္ဂနွေနေ့ရဲ့ညမှာ၊ နောက်နေ့ဆိုရင် သူတို့ ဟော့ဂ်ဝ ကို ပြန်သွားရတော့မယ်။ " တစ်ပတ်လုံးလုံး၊ ငါ မီးသတ်နေရသလိုပဲ။ လူတွေ ဟာ အော်ဆူတဲ့စာတွေ အဆက်မပြတ်ပို့တယ်။ စာတွေက ပေါက်ကွဲတယ် ငါ့ စားပွဲခုံပေါ်မှာ နေရာတကာမှာ မီးကျွမ်းရာတွေချည်းပဲ။ ငှက်မွေးကလောင် အကောင်းတွေလဲ မီးသွေးမှုန့်တွေ ဖြစ်သွားပြီ"

"သူတို့ ဘာဖြစ်လို့ အော်ဆူတဲ့စာတွေ ပို့ရတာလဲ" ဂျင်နီက မေးတယ် သူမဟာ ဧည့်ခန်းမီးဖိုရှေ့က ကော်ဇောပေါ်ထိုင်နေပြီး သူမရဲ့ "မှော်ဆေးပင် တစ်ထောင်နဲ့ မှိုအမျိုးအစား" စာအုပ်ကို မှော်တိတ်အကြည့်နဲ့ ဖာထေးနေ တယ်။

"ကမ္ဘာ့ဖလားပွဲရဲ့ လုံခြုံရေးကို ပြစ်တင်တာ" ဖတ်စီက ပြောတယ် "သူတို့က ပျက်စီးသွားတဲ့ သူတို့ရဲ့ ပစ္စည်းတွေအတွက် လျော်ကြေးပေးစေချင် တယ်။ မွန်ဒွန်းဂတ်စ်-ဖလက်ချာက အိပ်ခန်း-၁၂ခန်းနဲ့ အနှိပ်ရေချိုးကန် တစ် စုံလုံးပါတဲ့ ရွက်ထည်တဲတစ်လုံး လျော်ပေးဖို့ တောင်းဆိုတယ်။ ဒါပေမယ့် ငါက သူ့အကြောင်း အကုန်သိပြီးသား။ စင်စစ် သူဟာ တုတ်နဲ့ထောက်တဲ့ တဲထဲမှာ



အိပ်ခဲ့တယ်ဆိုတာ ငါသိတယ်"

မစ္စစ်ဝယ်စလီဟာ နံရံထောင့်က ရေးနာရီကြီးကို ကြည့်လိုက်တယ်။ ဟယ်ရီက ဒီနာရီကို သိပ်ကြိုက်တယ်။ အချိန်သိချင်တယ်ဆိုရင်တော့ ၎င်းကို ကြည့်လို့ ဘာအသုံးမှ မကျဘူး။ ဒါပေမယ့် ၎င်းဟာ သင့်ကို တခြားအခြေအနေ အများကြီးပြောပြနိုင်တယ်။ ၎င်းမှာ ရွှေလက်တံ ကိုးခုရှိတယ်။ လက်တံတိုင်း မှာ ဝယ်စလီမိသားစုရဲ့ နာမည်တစ်ခုစီ ထွင်းထားတယ်။ နာရီမျက်နှာပြင်မှာ ဂဏန်းမရှိဘူး။ ဒါပေမယ့် အိမ်သားတိုင်း ရှိနေနိုင်တဲ့နေရာကို ရေးထားတယ်။ "အိမ်"၊ "ကျောင်း"နဲ့ "အလုပ်တာက်"ရှိတယ်။ "လမ်းမှာ"၊ "ပျောက်နေတယ်" "ဆေးရုံ"၊ "ထောင်"လဲ ရှိတယ်၊ ရိုးရိုးနာရီရဲ့ ၁၂နာရီနေရာမှာ "အသက် အန္တရာယ်"လို့ အမှတ်အသား ရေးထားတယ်။

ခုချိန်မှာ လက်တံရှစ်ချောင်းစလုံး "အိမ်" နေရာမှာ ရှိနေတယ်။ မစ္စတာဝယ်စလီရဲ့ လက်တံ — ကိုးချောင်းထဲမှာ အရှည်ဆုံးလက်တံကတော့ "အလုပ်တာက်" ညွှန်ပြနေတယ်။ မစ္စစ်ဝယ်စလီ သက်ပြင်း ချလိုက်တယ်။

"ဟိုလူ အရေးနိမ့်တဲ့ နေ့ကစပြီး မင်းအဖေ ရက်သတ္တပတ် ကုန်ရက် မှာ အချိန်ပို အလုပ်မဆင်းရဘူး" သူမက ပြောတယ်။ "အခု သူတို့က သူ့ကို ပင်ပန်းအောင်လုပ်တယ်။ သူ အိမ်ကို မြန်မြန် ပြန်မလာရင် သူ့ညစာ ပစ်ရ တော့မယ်"

"အင်း၊ အဖေက ဖိုင်နယ်ပွဲနေ့မှာ သူမှားခဲ့တာကို ပြန်ဖြေရမယ်လို့ ခံစားနေတာ၊ ဟုတ်လား" ဖတ်စီက ပြောတယ်။ "အမှန်အတိုင်းပြောရရင် သူ ဟာ သူတို့ဌာန လူကြီးကို အစီရင်မခံဘဲ လူကြားထဲ စကားပြောတာ သိပ်တော့ အမြော်အမြင် မရှိဘူး— "

"အားလုံး စကီးတာဆိုတဲ့ မုန်းစရာမိန်းမက လျှောက်ရေးလို့၊ မင်းက အဲဒါကြောင့် ဒါအတွက် မင်းအဖေကို အပြစ်တင်ဝံ့တာလဲ" မစ္စစ်ဝယ်စလီဟာ ရုတ်ချင်း ဒေါသထွက်လာပြီး ပြောတယ်။

"တကယ်လို့ အဖေ ဘာမှမပြောခဲ့ရင် အဲ့ဒီဟာမကြီးကလဲ 'မှော်ဝန် ကြီးဌာနကလူက တစ်ခွန်းမှ မဟာဘူး၊ ကိုယ့်ဂုဏ်သရေတောင် မထိန်းနိုင်ဘူး ဆိုဝေဖန်ဦးမှာ" ရွှန်နဲ့ ကျားထိုးနေတဲ့ ဘီးက ပြောတယ်။ "ရိတာ-စကီးတာဟာ ဘယ်တုန်းကမှ သူများကောင်းတာ မရေးဘူး။ မှတ်မိသေးလား။ သူမ တစ်ခါ က ဂရင်ဂေါ့စ်က ကျိန်စာအဖြေပေးတဲ့ လုပ်သားအားလုံးကို ဗျူးတယ်၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆော့ ငှက်ကို "အမွေးရှည်သရဲ"လို့ ခေါ်တယ်"

"ငါ့အမြင်ကတော့ မင်းဆံပင် တကယ်ပဲ နည်းနည်းရှည်လွန်းတယ် အခုဝင်လေး" မစ္စစ်ဝယ်စလီက ကြင်နာစွာပြောတယ်။ "မင်း ငါ့ကို ခွင့်ပြု —"

"မရဘူး၊ မေမေ"

မိုးစက်တွေ ညှော့ခန်းပြတင်းကို တဘုတ်ဘုတ် လာရိုက်တယ်။ ဟာမီ ဟာ "စံဂါထာ၊ အဆင့်လေး"ကို စိတ်ဝင်စားစွာ ဖတ်နေတယ်။ မစ္စစ်ဝယ်စလီ ဟာ ထောင့်ဖြတ်လမ်းမှာ ဟာမီ၊ ဟယ်ရီနဲ့ ရွန်တို့ကို တစ်အုပ်စီဝယ်ပေးခဲ့တာ ချာလီဟာ မီးကိုကာကွယ်နိုင်တဲ့ ခေါင်းစွပ်ဦးထုပ်တစ်လုံးကို ရက်ဖာနေတယ်။ ဟယ်ရီက မိမိမီးသတ္တိကို ပွတ်တိုက်နေတယ်။ သူ ၁၃-နှစ်မွေးနေ့တုန်းက ဟာမီ လက်ဆောင်ပေးတဲ့ 'မိုးပျံတံမြက်စည်း ထိန်းသိမ်းခြင်း လက်စွဲ'ကို သူ့ခြေ ထောက်နားမှာ ဖြန့်ထားတယ်။ ဖရက်နဲ့ ဂျော့ဟာ ဟိုဘက်ထောင့်မှာထိုင်ပြီး ငှက်မွေးကလောင် ကိုင်ထားတယ်။ သိုးရေစက္ကူတစ်ရွက်ပေါ် ခေါင်းချင်းဆိုင် ပြီး ဘာတွေ တိုးတိုးဆွေးနွေးနေမှန်း မသိဘူး။

"မင်းတို့နှစ်ယောက် ဘာလုပ်နေလဲ" မစ္စစ်ဝယ်စလီက မာမာ တယ်။ အမ္ဘာညီအစ်ကိုကို စိုက်ကြည့်နေတယ်။

"အိမ်စာ" ဖရက်က မရှင်းမလင်း ပြန်ဖြေတယ်။

"နောက်မနေနဲ့၊ အခု ကျောင်းပိတ်ထားတယ်" မစ္စစ်ဝယ်စလီက တယ်။

"ဟုတ်တယ်လေ၊ ကျွန်တော်တို့ အများကြီး နောက်ကျနေပြီ" ဂျော့ ပြောတယ်။

"မင်းတို့ ကုန်မှာစာဖောင်တွေ ရေးနေတာများလား" မစ္စစ်ဝယ်စလီ က တဲ့ဒိုးပဲ ပြောလိုက်တယ်။ "မင်းတို့ ဝယ်စလီ မှော်ပဥ္စလက် ဘာညာ လုပ်ဖို့ တိုင်ပင်နေတာလား"

"အမလေး၊ အမေ" ဖရက်က သူ့မကို မော့ကြည့်တယ်။ စိတ်ဆင်း တဲ့ အမူအရာ လုပ်ပြတယ်။ "တကယ်လို့ မနက်ဖြန် ဟော့ဂ်ဝပ်အထူး အမြန် ရထားတိုက်မိလို့ ပျက်စီးသွားရင်၊ ကျွန်တော်တို့ သေသွားရင် အမေ့ဆီ ကျွန်တော်တို့ ကြားရတဲ့ နောက်ဆုံးစကားဟာ အထောက်အထားမရှိ ပြစ်တင်မှုဆိုတာ အမေစဉ်းစားမိရင် စိတ်ထဲ ဘယ်လိုခံစားရမလဲ"

အားလုံး ရယ်ကြတယ်၊ မစ္စစ်ဝယ်စလီလဲ ရယ်လာတယ်။



"အိုး၊ မင်းတို့အဖေ ပြန်လာပြီ" သူမဟာ နာရီကို မော့ကြည့်လိုက်ပြီး ရုတ်တရက်ပြောတယ်။

မစ္စတာဝယ်စလီရဲ့ လက်တံဟာ "အလုပ်တက်"ကနေ "လမ်းမှာ"ကို ရွေ့သွားတယ်။ တစ်စက္ကန့်ကြာတော့ ၎င်းဟာ တခြားလက်တံတွေနဲ့အတူ "အိမ်" နေရာမှာ ရပ်သွားတယ်။ ဒီအချိန်မှာ မီးဖိုထဲကနေ မစ္စတာဝယ်စလီအော်သံ ကြားကြတယ်။

"လာပြီ၊ အာသာ" မစ္စစ်ဝယ်စလီက အကျယ်ကြီးပြောရင်း အခန်းထဲ က ကမန်းကတန်း ထွက်သွားတယ်။

ခဏနေတော့ မစ္စတာဝယ်စလီဟာ မိမိညစာကို ဗန်းနဲ့ထည့်ပြီး နွေး တဲ့ညှော့ခန်းထဲ ဝင်လာတယ်။ သူ့ကိုကြည့်ရတာ သိပ်ပင်ပန်းနေတဲ့ပုံပဲ။

"ဟင်း၊ ကိစ္စက ထိန်းမနိုင်သိမ်းမရ ဖြစ်လာတယ်" သူဟာ မီးလင်း ဘေးက လက်တန်းခုံမှာ ထိုင်ပြီး ပန်းကန်ထဲက ပန်းဂေါ်ဖီ ရှုံ့တွတွတွေကို မပျော်တပါ လှန်လှောနေရင်း မစ္စစ်ဝယ်စလီကို ပြောတယ်။ "ရီထာ-စကီးတာ တစ်ပတ်လုံးလုံး နေရာတကာ လိုက်သွားပြီး၊ မှော်ဝန်ကြီးဌာနမှာ ဒီထက် ထွေးတဲ့ အခြေအနေတွေ သတင်းပေးဖို့ ရှာဖွေနေတယ်။ အခု သူမဟာ နေးစရာဘာသာကြီး ပျောက်သွားတဲ့ကိစ္စကို တွေ့ရှိသွားတယ်။ ဒါကတော့ ဟောဆရာများနေ့စဉ်'ရဲ့ မနက်ဖြန်အတွက် ခေါင်းကြီးဖြစ်လိမ့်မယ် ထင် ယ်။ ငါ ဘက်ဂမင်းကို ပြောဖူးတယ်။ စောစောကတည်းက လူလွှတ်ပြီး ကို သွားရှာသင့်တယ်"

"မစ္စတာခရောက်ချ်ဟာ ရက်သတ္တပတ်အချို့ ဒီအတိုင်းပဲ ပြောနေ ယ်" ပတ်စီက အမြန်ပြောတယ်။

"ခရောက်ချ် ကံကောင်းတယ်လို့ ပြောရမယ်။ ရီထာဟာ ဝင့်ခီကိစ္စ သိသေးဘူး" မစ္စတာဝယ်စလီက စိတ်ရှုပ်စွာပြောတယ်။ "သူ့အိမ်မွေးမှင်စာ အဖမ်းခံရတယ်။ လက်ထဲမှာလဲ မှော်နက်အမှတ်အသား ဖန်ဆင်းတဲ့ တ်ကြိမ်လုံးနဲ့။ ဒီကိစ္စဟာ တနင်္ဂနွေတစ်ပတ်လုံးရဲ့ ခေါင်းကြီးဖြစ်နိုင်တယ်"

"ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့အားလုံးက ဟိုမှင်စာလေး င်ယူစိတ် မရှိပေမယ့် မှော်နက်အမှတ်အသားတော့ မဖန်ဆင်းဘူးလို့ တယ်၊ ဟုတ်လား" ပတ်စီက ပြင်းထန်စွာပြောတယ်။

"ကျွန်မပြောရမယ်ဆိုရင်၊ မစ္စတာခရောက်ချ် တော်တော်ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို့ ထင်တယ်။ 'ကြိုဟောဆရာမျှားနေ့စဉ်"က လူဟာ သူ မှင်စာကလေးကို ဘယ်လို နှိပ်စက်မှုန်း မသိဘူးတဲ့" ဟာမီးက စိတ်ဆိုးစွာ ပြောတယ်။

"ဟာမီး နင်တွေးကြည့်ဦး" ဖတ်စီက ပြောတယ်။ "မစ္စတာခရောက်ချ်လို မှော်ဝန်ကြီးဌာနက အဆင့်မြင့်အရာရှိဆိုတာ သူ့ကျွန်တွေရဲ့ အကြွင်းမဲ့နာခံမှု ရသင့်တယ် —"

"နင်က သူ့ကျွန်ကိုပြောတာနော်" ဟာမီးဟာ စိတ်လှုပ်ရှားစွာ အသံမြှင့်ပြောတယ်။ "အကြောင်းက သူဝင့်ခီကို လုပ်ခမပေးဘူး။ ဟုတ်တယ်မဟုတ်လား"

"မင်းတို့အားလုံး အပေါ်ထပ်သွားရင် ကောင်းမယ်။ အထုပ်အပိုးတွေ သိမ်းဆည်းပြီးပလား ကြည့်ကြ" မစ္စစ်ဝယ်စလီက သူ့တို့ငြင်းခုံတာကို ဖြတ်လိုက်တယ်။ "မြန်မြန်သွားကြ၊ မင်းတို့အားလုံး သွားကြ. . . . ."

ဟယ်ရီဟာ "မိုးပျံတံမြက်စည်း ထိန်းသိမ်းရန် လက်စွဲ"ကို သိမ်းပြီးမီးသတ္တိကိုထမ်းကာ ရွန်နဲ့အတူ အပေါ်ထပ်ကို လာခဲ့တယ်။ ခေါင်မိုးပေါ် မိုးစက်ကျတဲ့အသံ ပိုကျယ်လာတယ်။ လေပြင်းတိုက်တဲ့အသံ၊ လေရဲ့ ညည်းညူသံ၊ ထပ်ခိုးပေါ်မှာနေတဲ့ အလောင်းစားကောင်ဆီက လာတဲ့ တစ်ခါတရံ အာခြစ်အော်သံက ပိုဆိုးသေးတယ်။ သူတို့ အခန်းထဲဝင်လိုက်တော့ ဝက်ကလေးလို့ ခေါ်တဲ့ ဇီးကွက်ကလေးဟာ တကျီကျီအော်ပြီး လှောင်အိမ်ထဲမှာ ဟိုဒီ ရှုနေတယ်။ ၎င်းက တစ်ဝက်တစ်ပျက် သိမ်းဆည်းထားတဲ့ သေတ္တာကိုမြင်တော့ သိပ်ကို အရူးအမူး ပျော်နေသလိုပဲ။

"သူ့ကို ဇီးကွက်အစာ နည်းနည်း ထည့်ပေးလိုက်" ရွန်ကပြောရင်း ဟယ်ရီ့ကို အထုပ်တစ်ထုပ် ပစ်ပေးတယ်။ "ဒါမှ သူ ငြိမ်သွားမှာ"

ဟယ်ရီက ဇီးကွက်အစာ လေးငါးလုံးကို ဝက်ကလေးလှောင်အိမ်ထဲ ထိုးထည့်တယ်။ ဒီနောက် မိမိသေတ္တာကို လှည့်ကြည့်တယ်။ ဟက်ဒဝစ်ရဲ့ လှောင်အိမ်က သေတ္တာဘေးမှာ ရှိတယ်။ အထဲမှာ ဘာမှမရှိဘူး။

"၎င်းသွားတာ တစ်ပတ်ကျော်ပြီ" ဟယ်ရီက ဟက်ဒဝစ်လှောင်အိမ်ကို ကြည့်ပြီး ပြောတယ်။ "ရွန်၊ ဆီးရီးအက်စ်ကြယ် အဖမ်းခံရပြီလား မသိဘူး"

"မခံရပါဘူး၊ နို့မို့ရင် "ကြိုဟောဆရာမျှားနေ့စဉ်"မှာ သတင်းပါမှာပေါ့" ရွန်ကပြောတယ်။ "မှော်ဝန်ကြီးဌာနကလဲ သူတို့ ဘယ်သူ့ကို မိတယ်ဆိုတာ ကြားချင်နေတာ၊ ဟုတ်လား"



"ဟုတ်တယ်လေ၊ ငါခန့်မှန်း. . . . "

"ကြည့်စမ်း၊ ဒါတွေအားလုံး အမေက မင်းဖို့ ထောင့်ဖြတ်လမ်းက ဝယ်ခဲ့တာ။ သူမဟာ မင်း ဘဏ်မြေတိုက်ခန်းကနေ ရွှေဂါလီးတချို့ မင်းအတွက် ထုတ်ခဲ့သေးတယ်. . . . မင်းခြေစွပ်အားလုံးလဲ လျှော်ပေးထားတယ်"

ရွန်ဟာ အထုပ်တစ်ပုံကြီးကို ဟယ်ရီ့ ခရီးဆောင်ခုတင်ပေါ် တင်လိုက်တယ်။ တစ်ခါ ငွေအိတ်နဲ့ ခြေစွပ်ထုပ်ကြီးကို အထုပ်တွေဘေး ပစ်ချလိုက်တယ်။ ဟယ်ရီက မစ္စစ်ဝယ်စလီ သူ့အတွက်ဝယ်ထားတဲ့ ပစ္စည်းတွေ ဖွင့်ကြည့်တယ်။ မီရန် ဒါ-ဂိုရှော့ခ် ရေးသားတဲ့ "စံဂါထာ-အဆင့်လေး"အပြင် ငှက်မွေးတလောင်အသစ်တစ်ချောင်း၊ သိုးရေစက္ကူ ၁၂-လိပ်လဲပါတယ်။ ပြီးတော့ မှော်ဆေးစပ်တဲ့ ကုန်ကြမ်းသေတ္တာထဲမှာ ထပ်ဖြည့်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ — သူ့ ခြင်္သေ့ငါးအရိုးမှုန့်နဲ့ ဗယ်လာဒေါနားလဲ ကုန်တော့မယ်။ သူအတွင်းဝတ်အင်္ကျီကို ဆေးကျိုအိုးထဲ ထည့်လိုက်တဲ့အခါမှာ ကျောဘက်က ရွန်ရွံမုန်းစွာ အော် သံ ကြားလိုက်ရတယ်။

"ဒါဘာကြီးလဲ"

ရွန့်လက်ထဲမှာ ဘာမှန်းမသိ ပစ္စည်းတစ်ခု ကိုင်ထားတယ်။ ဟယ်ရီ ကြည့်ရတာတော့ ခရမ်းပုပ်ရောင် စိန်ကတ္တီပါ ဂါဝန်ရှည်ကြီးနဲ့ တူတယ်။ လည်ပင်းမှာ မှိုတက်တာနဲ့တူတဲ့ အတွန့်တွေပါတယ်။ လက်ဖျားမှာလဲ ဆီလျော်တဲ့အနားကွပ် ပါတယ်။

ဒီအချိန်မှာ တံခါးခေါက်သံ ကြားရတယ်။ မစ္စစ်ဝယ်စလီ ဝင်လာတယ်။ ခုတွင် လျှော်ဖွပ် မီးပူတိုက်ထားတဲ့ ဟော့ဂ်ဝပ်ကျောင်းဝတ်စုံ တစ်ထပ် ပိုက်လာတယ်။

"မင်းတို့အတွက်" သူမက ပြောတယ်။ ဝတ်ရုံရှည်တွေကို နှစ်ပုံခွဲလိုက်တယ်။ "ကောင်းပြီ၊ သေတ္တာထဲ ထည့်တဲ့အခါမှာ ညီညီညာညာထည့်နော်၊ တွန့်မကုန်စေနဲ့"

"အမေ၊ ကျွန်တော့်ကို ဂျင်နီ့အင်္ကျီအသစ် လာပေးထား တယ်" ရွန်က ပြောပြီး ဟိုအင်္ကျီကို သူမ ပေးလိုက်တယ်။

"ငါ ဘယ် မှားပေးမှာလဲ" မစ္စစ်ဝယ်စလီက ပြောတယ်။ "ဒါက မင်းကို ပေးတာ၊ အခမ်းအနားဝတ်ရုံ"

"ဘာ?" ရွန်က ပြောတယ်။ အမူအရာက သိပ်ကို ထိတ်လန့်လှုပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အခမ်းအနားဝတ်စုံ" မစ္စစ်ဝယ်စလီက ထပ်ပြောတယ်။ "မင်းတို့ကျောင်းကပေးတဲ့ စာရင်းထဲမှာ ပါတယ်။ မင်း ဒီနှစ် အခမ်းအနားဝတ်စုံ ဆောင်ရမယ်. . . . အဲဒါ ပွဲတွေမှာဝတ်ဖို့"

"ကျွန်တော်တုံးလုံးဖြစ်ပစေ၊ အဲဒါကို မဝတ်ဘူး" ရွန်က ခေါင်းမာမာ ပြောတယ်။

"မရူးပါနဲ့" မစ္စစ်ဝယ်စလီက ပြောတယ်။ "မင်းမှာ ပွဲဝင်ဖို့ ဝတ်ရုံရှည် တစ်ထည်ရှိမှ ဖြစ်မှာ။ မင်းစာရင်းထဲမှာ ပါတယ်။ ဟယ်ရီ့အတွက်လဲ တစ်ထည် ဝယ်ပေးထားတယ်. . . . သူ့ကိုပြလိုက်စမ်း၊ ဟယ်ရီ. . . ."

ဟယ်ရီဟာ စိုးရိမ်စွာနဲ့ ခရီးဆောင်ခုတင်ပေါ်က နောက်ဆုံးအထုပ်ကို ဖြေလိုက်တယ်။ တော်သေးတယ်၊ သူတွေးထင်သလောက် မဆိုးသေးဘူး။ သူ့ ပွဲဝင်ဝတ်ရုံပေါ်မှာ ဘာအနားမှ ကွပ်မထားဘူး — စင်စစ် ဒီဝတ်ရုံရဲ့ပုံစံဟာ ကျောင်းဝတ်စုံနဲ့ သိပ်မကွာဘူး။ အရောင်သာ အမည်းမဟုတ်ဘဲ အစိမ်းပုပ်ရောင်။

"ဒင်းက မင်းမျက်စိအရောင်ကို ပိုပြီး ပေါ်လွင်စေလိမ့်မယ်လို့ ငါထင်တယ်၊ အချစ်လေး" မစ္စစ်ဝယ်စလီက ကြင်နာစွာပြောတယ်။

"ဒါကမှ ကောင်းတာ" . . . . ရွန်က ဟယ်ရီ့ဝတ်ရုံရှည်ကို ကြည့်ပြီး စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

"ဘာဖြစ်လို့ ကျွန်တော်လဲ ဒါမျိုး မရတာလဲ"

"အကြောင်းက. . . . ကောင်းပြီ၊ မတတ်သာလို့ မင်းကို တစ်ပတ်ရစ်ပဲ ဝယ်ပေးနိုင်တာ။ ဒီလိုဆိုတော့ ရွေးချယ်စရာ သိပ်မရှိဘူးပေါ့" မစ္စစ်ဝယ်စလီကပြောရင်း မျက်နှာနီလာတယ်။

ဟယ်ရီက အကြည့်ကို ရှောင်လိုက်တယ်။ သူဟာ ဂရင်းဂေါ့စ်မှာရှိတဲ့ သူပိုင်ငွေတွေ အားလုံးထုတ်ပြီး ဝယ်စလီမိသားစုကို ခွဲပေးချင်တယ်။ ဒါပေမဲ့ သူတို့ လက်ခံမှာ မဟုတ်ဘူးဆိုတာ သူသိတယ်။

"ကျွန်တော် ဒီအကျီမျိုး ဝတ်ကို မဝတ်ဘူး" ရွန်က ခေါင်းမာမာ ပြောတုန်းပဲ။ "ဝတ်ကို မဝတ်ဘူး"

"ကောင်းပြီ" မစ္စစ်ဝယ်စလီက တင်းမာစွာ ပြန်ချေပ ပြောဆိုတယ်။ " မင်း ကိုယ်တုံးလုံးနေ။ ဟယ်ရီ သူ့ကို ဓာတ်ပုံတစ်ပုံရိုက်ပေးဖို့ မမေ့နဲ့။ ဘုရားသခင်သိတယ်။ ငါဟားတိုက်ရယ်ရလိမ့်မယ်"




သူမ အခန်းထဲက ထွက်သွားတယ်။ တံခါးကို ဆောင့်ပိတ်ခဲ့တယ်၊ သူတို့ကျောဘက်က ထူးဆန်းတဲ့ ခက်ခက်ခက်သံ ပေါ်လာတယ်။ ဝက်ကလေးဟာ ဇီးကွက်အစာတစ်လုံး လည်ချောင်းမှာ နင်နေတယ်။

"ဘာဖြစ်လို့ ငါ့ပစ္စည်းအားလုံး အစုတ်အပြတ်တွေချည်းလဲ" ရွန်က ဒေါသနဲ့ပြောရင်း ,ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားပြီး ဝက်ကလေးပါးစပ်ကို ဖြဲတယ်။

ဩ

www.burmeseclassic.com



# ၁၁။ ဟော့ဂ်ဝပ် အထူးအမြန်ရထား စီးကြတယ်။

နောက်နေ့နံနက် ဟယ်ရီနိုးလာတော့ အိမ်မှာ ကျောင်းပိတ်ရက်ကုန် ဆုံးတဲ့ လေးပင်တဲ့လေထု ဖုံးလွှမ်းနေတယ်။ မိုးပေါက်ကြီးတွေဟာ ပြတင်း ပေါက်ပေါ် ရိုက်နေဆဲပဲ။ သူဟာ ဂျင်းဘောင်းဘီနဲ့ စွယ်တာအင်္ကျီတစ်ထည် ဝတ်လိုက်တယ်။ ဟော့ဂ်ဝပ် အထူးအမြန် ရထားပေါ်ကျမှ ကျောင်းဝတ်စုံ လဲမယ်။

သူ၊ ရွန်၊ ဖရက်နဲ့ ဂျော့တို့ နံနက်စောစောစားဖို့ အောက်ထပ် ဆင်းကြတယ်။ ပထမထပ် လှေကားကွေ့ချိုးတဲ့ နေရာရောက်တော့ မစ္စစ်ဝယ် လီ လှေကားအောက် ရောက်နေပြီး စိတ်ရှုပ်တဲ့ပုံ ပေါ်နေတယ်။

"အာသာ" သူက အပေါ်ထပ်ဆီ အော်ပြောတယ်။ "အာသာ၊ မှော် ဝန်ကြီးဌာနက အရေးကြီးသတင်း ပို့လာတယ်"

ဟယ်ရီဟာ နံရံပေါ် ပြားကပ်နေလိုက်တယ်။ မစ္စတာဝယ်စလီဟာ သူ့ဘောက ဒိုင်းဒိုင်းဒိုင်းနဲ့ ပြေးဆင်းသွားတယ်။ ချက်ချင်း ပျောက်သွားတယ်။ သူ့ဝတ်ရုံရှည် ရှေ့နောက် မှားဝတ်ထားတယ်။ ဟယ်ရီနဲ့ ကျန်လူတွေ မီးဖိုထဲ



ဝင်လိုက်တော့ မစ္စစ်ဝယ်စလီဟာ စိတ်လောစွာ အံဆွဲထဲ လှန်လှောရှာနေတာ တွေ့ရတယ် —

"ဒီမှာ ငှက်မွေးကလောင်တစ်ချောင်း ရှိတယ်လို့ မှတ်မိတယ်"— မစ္စတာဝယ်စလီဟာ မီးဖိုမီးဆီ ကိုင်းညွတ်ပြီး စကားပြောနေတယ် —

ဟယ်ရီက မျက်စိကို တအားမှိတ်လိုက်ပြီး ပြန်ဖွင့်တယ်။ သူက မိမိ မျက်စိ တစ်ခုခုဖြစ်တယ် ထင်နေတာ။

အားမော့စ် - ဒစ်ဂိုရီခေါင်းကြီး မီးတောက်အလယ်မှာ ပေါ်နေတယ်။ မုတ်ဆိတ်ပေါက်တဲ့ ရောမကြက်ဥကြီးလိုပဲ။ ၎င်းဟာ အလျင်အမြန် စကား ပြောနေတယ်။ မီးတောက်က ၎င်းပတ်ဝန်းကျင်မှာ က,နေတယ်။ မီးညွန့်က ၎င်းနားရွက်ကို လျက်နေတယ်၊ ဒါပေမယ့် ၎င်းကို ဘာမှ အနှောင့်အယှက် မဖြစ်ဘူး။

". . . . . အနီးအနားမှာနေတဲ့ မတ်ဂေါ်တွေဟာ တဗိုင်းဗိုင်းတိုက် ခတ်သံနဲ့ အော်ဟစ်သံကြားလို့၊ သူတို့က — မင်း သူတို့ကို ဘာခေါ်တယ် — ပုလိပ် — ကို သွားခေါ်တယ်။ အာသာ၊ မင်းသွားလိုက်ဦးမှဖြစ်မယ် — "

"ရော့" မစ္စစ်ဝယ်စလီဟာ အသက်ရှူမမှန်ဘဲ ပြောတယ်။ သိုးရေ စက္ကူတစ်ရွက်၊ မှင်တစ်အိုးနဲ့ တွန့်ရှုံ့နေတဲ့ ငှက်မွေးကလောင်ကို မစ္စတာဝယ်စ လီလက်ထဲ ထိုးထည့်တယ်။

" — တော်သေးတာက ငါဒီကိစ္စ ကြားလို့" မစ္စတာဒစ်ဂိုရီရဲ့ ခေါင်းက ပြောတယ်။ "ငါ စီးကွက်နှစ်ကောင်နဲ့ စာပို့ဖို့ရှိတာကြောင့် အစောကြီး ရုံးသွား တယ်။ မှော်ပညာ အလွဲသုံးစားလုပ်ခြင်း တားမြစ်တဲ့ဌာနကလူတွေ ထွက် သွားကြပြီ — တကယ်လို့ ရီထာဟာ ဒီကိစ္စကို ရေးကြီးခွင်ကျယ်လုပ်ရေးရင် အာသာ —"

"အရူးမျက်လုံးက ဘာဖြစ်တယ်လို့ ပြောသလဲ" မစ္စတာဝယ်စလီက ပြောရင်း မှင်အိုးကို ဖွင့်တယ်။ ငှက်မွေးကလောင်ကို မှင်ထဲနှစ်ပြီး မှတ်တမ်းရေး ဖို့ ပြင်တယ်။

မစ္စတာဒစ်ဂိုရီရဲ့ခေါင်းဟာ မျက်လုံး ကလည်ကလည် လုပ်လိုက် တယ်။ "သူက သူ့ခြံထဲ လူဝင်တာ ကြားရတယ်တဲ့။ သူ့အိမ်ဘက်ကို တိတ်တိတ် ချောက်သွားတော့ သူ့အမှိုက်ပုံးက တိုက်ခိုက်တာ ခံရတယ်လို့ပြောတယ်"

"အမှိုက်ပုံးက ဘာလုပ်လဲ" မစ္စတာဝယ်စလီက မေးတယ်။ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကလဲ လက်ဆေးသောသောနဲ့ ရေးမှတ်နေတယ်။

"ကြောက်စရာအသံကြီး ပေါ်ထွက်လာပြီး၊ အမှိုက်တွေ နေရာတကာ ရောက်အောင် ပေါက်ကွဲထွက်ကုန်တယ်။ ငါသိတာ ဒီလောက်ပဲ" မစ္စတာဒစ်ဂိုရီက ပြောတယ်။ "ပုလိပ်ရောက်လာတော့ အမှိုက်ပုံးတစ်ပုံးက အမှိုက်တွေ ပန်းထွက်နေမှာ သေချာတယ် —"

မစ္စတာဝယ်စလီက ညည်းလိုက်တယ်။ "ဟိုခြံထဲ ဝင်လာတဲ့လူက ကော"

"အာသာ၊ မင်း အရူးမျက်လုံးကို နားလည်ပါတယ်" မစ္စတာဒစ်ဂိုရီရဲ့ခေါင်းက ပြောတယ်။ တစ်ခါ မျက်စိ ကလည်ကလည် လုပ်ပြန်တယ်။ "ညကြီးသန်းခေါင် သူ့ခြံထဲ ခိုးဝင်တဲ့လူရှိတယ်? အပြင်မှာ အရှုံးနဲ့ကြုံတဲ့ တောကြောင်တစ်ကောင်လဲဖြစ်မယ်။ ရည်ရွယ်ချက်မရှိ လျှောက်သွားနေတယ်။ ကိုယ်မှာလဲ အာလူးအခွံကပ်နေမယ်။ ဒါပေမဲ့ တကယ်လို့ မှော်ပညာအလွဲသုံးစားလုပ်ခြင်း တားမြစ်တဲ့ ဌာနကလူတွေ အရူးမျက်လုံးကို မိသွားရင် သူတော့ ဒုက္ခရောက်တော့မယ် — သူ့အရင်က မှတ်တမ်းကိုလဲ တွေးကြည့်ပါဦး — အပြစ်က မကြီးဘူး။ မင်းတို့ဌာနက တာဝန်ယူ ကိုင်တွယ်ရမှာဆိုရင် လျှော့လျှော့ပေါ့ပေါ့ လုပ်လိုက်ပါ — အမှိုက်ပုံးပေါက်ကွဲအောင်လုပ်တာ ဘာအပြစ်ဒဏ် ခံရမလဲ"

"သတိပေးခံရမယ် ထင်တယ်" မစ္စတာဝယ်စလီက ပြောတယ်။ လက်ကလဲ အလျင်အမြန် မှတ်တမ်းရေးနေတယ်။ သူ မျက်မှောင်ကြုတ်ထားတယ်။ "အရူးမျက်လုံးက မှော်ကြိမ်လုံး မသုံးဘူး မဟုတ်လား။ စင်စစ် သူ လူများကို မတိုက်ခိုက်ဘူး မဟုတ်လား"

"ငါပြောဝံ့တယ်။ သူ ထိုစဉ်က ခုတင်ပေါ်က ခုန်ဆင်းပြီး ပြတင်းအပြင်ကိုကြည့်မယ်၊ မြင်ရင် မြင်တာ ဒုက္ခရောက်အောင် လုပ်မှာပဲ" မစ္စတာဒစ်ဂိုရီကပြောတယ်။ "ဒါပေမယ့် သူတို့ သက်သေပြဖို့ သိပ်ခက်တယ်။ လူထွေ ဘာတွေ သေတာမရှိလို့"

"ကောင်းပြီလေ၊ ငါလဲ ခုပဲထွက်မယ်" မစ္စတာဝယ်စလီက ပြောတယ်။ မှတ်သားထားတဲ့ သိုးရေစက္ကူကို အိတ်ကပ်ထဲ ထိုးထည့်ပြီး မီးဖိုချောင်က လှည့်ထွက်သွားတယ်။

မစ္စတာဒစ်ဂိုရီက လှည့်ပြီး မစ္စစ်ဝယ်စလီကို ကြည့်နေတယ်။



"တကယ့်ကို အားနာပါတယ်၊ မော်လီ" သူကပြောတယ်။ အသံက အများကြီးတည်ငြိမ်သွားပြီ။ "ဒီလောက်အစောကြီး ခင်ဗျားတို့ကို နှောင့်ယှက်သလို ဖြစ်နေပြီ. . . . . ဒါပေမယ့် အာသာတစ်ယောက်ပဲ အရူးမျက်လုံးကို လွှတ်အောင်၊ ပစ်ဒဏ်ပေးမခံရအောင် လုပ်နိုင်မှာ။ မူလက အရူးမျက်လုံးဟာ ဒီနေ့ အလုပ်စဝင်ရတော့မှာ၊ သူဘာဖြစ်လို့ မနေ့ကညကိုမှ ရွေးပြီး. . . . ."

"ကိစ္စမရှိဘူး၊ အားမော့စ်" မစ္စစ်ဝယ်စလီက ပြောတယ်။ "ရှင် ပေါင်မုန့်လေးတစ်ချပ်လောက် စားပြီးမှ သွားပါလား"

"အော၊ ကောင်းပြီ" မစ္စတာဒစ်ဂိုရီက ပြောတယ်။

မစ္စစ်ဝယ်စလီဟာ ထမင်းစားပွဲပေါ်ရှိ ထောပတ်သုပ်ပေါင်မုန့်ထပ်ထဲက တစ်ချပ်ယူပြီး ညှပ်နဲ့ညှပ်ကာ မစ္စတာဒစ်ဂိုရီပါးစပ်ထဲ ထည့်ပေးလိုက်တယ်။

"ကျေးဇူးပဲ" သူက မသဲမကွဲပြောပြီး ဖောက်ခနဲ ပျောက်ကွယ်သွားတယ်။

မစ္စတာဝယ်စလီဟာ ဘီး၊ ချာလီ၊ ဖတ်စီနဲ့ မိန်းကလေးနှစ်ယောက်ကို အကျယ်ကြီးနှုတ်ဆက်နေတာ ဟယ်ရီကြားရတယ်။ ငါးမိနစ်ကြာတော့ သူ မီးဖိုချောင်ထဲ ပြန်ရောက်လာတယ်။ ဘီးတစ်ချောင်းနဲ့ ခေါင်းကို ဖြစ်သလိုခြစ်ဖြီးထားတယ်။ ကိုယ်ပေါ်က ဝတ်ရုံရှည် မှန်အောင် ပြန်ဝတ်ပြီးပြီ။

"ငါမြန်မြန်သွားမှဖြစ်မယ် — ဒီကျောင်းပတ် အားလုံးအဆင်ပြေပါစေ၊ ကလေးတို့" မစ္စတာဝယ်စလီဟာ ဟယ်ရီ၊ ရွန်နဲ့ အမွှာညီနောင်ကိုပြောပြီး ခြုံထည်တစ်ထည်ကို ပခုံးပေါ်ခြုံလိုက်ကာ ရုပ်ရှေ့ပြောင်းဖို့ လုပ်တယ်။ "မော်လီ၊ မင်းကလေးတွေကို မင်းကြက်ခြေဘူတာ လိုက်ပို့တာ ပြဿနာမရှိဘူး မဟုတ်လား"

"ပြဿနာမရှိပါဘူး" သူမက ပြောတယ်၊ "ရှင် အရူးမျက်လုံးကို ဂရုစိုက်လိုက်ပါ။ ကျွန်မတို့ အဆင်ပြေမှာပါ"

မစ္စတာဝယ်စလီ ကွယ်ပျောက်သွားတာနဲ့ ဘီးနဲ့ ချာလီ မီးဖိုချောင်ထဲ ဝင်လာတယ်။

"အရူးမျက်လုံးအကြောင်း ပြောနေတယ်?" ဘီးက မေးတယ်။ "သူဘာလုပ်ပြန်ပလဲ"

"သူက မနေ့ညတုန်းက သူ့အိမ်ထဲ လူဝင်တယ်လို့ပြောတယ်" မစ္စစ်

www.burmeseclassic.com

www.burmeseclassic.com



ယ်စလီကပြောတယ်။

"အရှေးမျက်လုံး မူးဒီ?" ဂျော့က တွေးရင်း ပြောတယ်။ မိမိပေါင်ရဲ့ ပေါ်ကို လိမ္မော်ယို တစ်ထပ် သုပ်လိုက်တယ်။ " အဲ့ဒီအရှေးပဲ— "

"မင်းတို့အဖေက အရှေးမျက်လုံးမူးဒီကို တော်တော်တန်ဖိုးထားတယ်" မခွစ်ဝယ်စလီက တင်းမာစွာပြောတယ်။

"ဟုတ်တယ်လေ၊ အဖေက ပလပ်ခေါင်းတွေတောင် စုသေးတာ ဟုတ်တယ်မဟုတ်လား" မစ္စစ်ဝယ်စလီထွက်သွားတော့ ဖရက်က တိုးတိုးပြော တယ်။ "သူတို့က လူတစ်မျိုးတစ်စားထဲရယ်. . . ."

"မူးဒီဟာ ထိုစဉ်က အလွန်ကြီးမြတ်တဲ့ မှော်ဆရာကြီး" ဘီးက ပြော တယ်။

"သူဟာ ဒမ်ဘယ်လီဒိုးရဲ့ မိတ်ဆွေဟောင်းကြီး၊ ဟုတ်လား" ချာလီက ပြောတယ်။

"ဒမ်ဘယ်လီဒိုးကလဲ မင်းတို့ပြောတဲ့ ပုံမှန်လူ မဟုတ်ဘူး၊ ဟုတ်လား" ဖရက်က ပြောတယ်။ "ငါပြောချင်တာက၊ သူဟာ ပါရမီရှင်ဆိုတာ ငါသိတယ် သိပ်တော်တာပဲ. . . ."

"အရှေးမျက်လုံးဆိုတာ ဘယ်သူလဲ" ဟယ်ရီကမေးတယ်။

"သူအခု အနားယူသွားပြီ၊ အရင်က မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ် တယ်" ချာလီကပြောတယ်။ "ငါ သူ့ကို တစ်ကြိမ် တွေ့ဖူးတယ်။ အဖေနဲ့ အတူတူ အလုပ်လုပ်တုန်းက ငါ့ကိုခေါ်သွားဖူးတယ်။ သူက အောရော်— အကောင်းဆုံးတစ်ယောက်. . . . .မှော်နက်မှော်ဆရာကို ဖမ်းတဲ့ဆရာပြီ" သူက ဟယ်ရီနဝေတိမ်တောင် ဖြစ်နေတာမြင်တော့ ဆက်ပြောတယ်။ "အ ဇခါဘန်မှာရှိတဲ့ ထောင်ခန်းတစ်ဝက်ဟာ သူက ပြည့်အောင်ဖြည့်ထား ဒါ ပေမယ့် သူလဲ ရန်သူအများကြီး ရှိလာတာပေါ့ . . . . . သူဖမ်းမိတဲ့လူတွေ ဆွေမျိုးတွေက အဓိက. . . . . သူအသက်ကြီးလာတော့ ကြာလေ၊ သံသ ကြီးလေ ဖြစ်လာတယ်လို့ ငါကြားတယ်။ ဘယ်သူ့မှလဲ မယုံဘူး။ ဘယ်နေ ရောက် မှော်နက်မှော်ဆရာတွေချည်း ဖြစ်နေတယ်တဲ့"

ဘီးနဲ့ချာလီဟာ အားလုံးကို လိုက်ပို့ဖို့ မင်းကြက်ခြေဘူတာသွား ဆုံးဖြတ်တယ်။ ဖတ်စီက အကြိမ်ကြိမ်တောင်းပန်တယ်။ သူ သိပ်ကို အ များနေလို့ မထွက်နိုင်ဘူးလို့ ပြောတယ်။



"ဒီလိုအချိန်မှာ ငါခွင့်ယူဖို့ အကျိုးအကြောင်း မရှိဘူး" သူက သူတို့ ပြောတယ်။ "မစ္စတာခရောက်ချ်ဟာ ကိစ္စအတော်များများမှာ ငါ့ကို အားကိုး နေရတယ်"

"ဟုတ်တယ်၊ မင်းသိလား၊ ဖတ်စီ" ဂျော့က ခပ်တည်တည် ပြော တယ်။ "သူ မကြာခင်မှာ မင်းနာမည်ကို သိလာလိမ့်မယ်လို့ ငါခန့်မှန်းတယ်"

မစ္စစ်ဝယ်စလီဟာ အားတင်းပြီး ရွာစာတိုက်က တယ်လီဖုန်းကိုသုံး ပြီး နိုးရိုးမတ်ဂေါ်တက်စီ သုံးစီး သူတို့ကို လန်ဒန်ပို့ဖို့ မှာလိုက်တယ်။

"အာသာက အစက ဌာနကကားငှားပြီး တို့ကိုပို့ဖို့" မစ္စစ်ဝယ်စလီက သနိုမ့်ပြီး ဟယ်ရီ့ကိုပြောတယ် — ဒီအချိန်မှာ သူတို့ဟာ မိုးသဲကြီးမဲကြီးရွာ နေတဲ့ ခြံဝန်းထဲမှာ အငှားကားဆရာက လေးပင်တဲ့ ဟော့ဂ်ဝပ်သားရေ သေတ္တာ ခြောက်လုံးကို ကားထဲသယ်ထည့်တာ ကြည့်နေတယ်။ "ဒါပေမယ့် ဌာနက ား မအားဘူး. . . . အိုး၊ ဘုရား၊ ဘုရား၊ သူတို့ကြည့်ရတာ သိပ်ကျေနပ်ပုံ ဘူး"

ဟယ်ရီက မစ္စစ်ဝယ်စလီကို ပြောမပြခဲ့ဘူး။ မတ်ဂေါ် အငှားကား ဟာ ငြိမ်ငြိမ်သက်သက်မနေတဲ့ ဇီးကွက်ကို သိပ်မပို့ချင်ဘူး။ ဝက်ကလေးက ဆူချင်တိုင်းဆူနေတယ်။ ၎င်းအသံက နားကွဲမတတ်ပဲ။ ဒါတင်ဘယ်ကမလဲ ကဲ့သေတ္တာက ရုတ်တရက်ပွင့်ထွက်သွားပြီး ဒေါက်တာဖစ်လစ်ဘက်စတာ လိုအလျှောက်မီးညှိ၊ ရေတွေ့ရင်ပွင့်တဲ့ ထူးဆန်းမီးပြောက်အိုး အများကြီး မမျှော်လင့်ဘဲ ထပေါက်ကွဲပါလေရော။ အဲ့ဒီသေတ္တာကို သယ်တဲ့ ကား ာ လန့်ပြီး ထအော်ပါတော့တယ်။ တစ်ခါ ဒီအချိန်မှာပဲ ခရွတ်ရှန်ဟာ ့ပေါင်ပေါ်ကို ကုတ်တက်တဲ့အတွက်၊ သူ့အော်သံထဲမှာ နာကျင်သံ ပါလာ ယ်။

အားလုံး ဟိုသေတ္တာတွေနဲ့အတူ အငှားကားနောက်ခုံမှာ တိုးထိုင်ရ ဘစ်လမ်းလုံး အနေရကျပ်နေတယ်။ ခရွတ်ရှန်ဟာ မီးပြောက်အိုးတွေ ာင့် လန့်သွားပြီး အတော်ကြာမှ ပြန်ကောင်းလာတယ်။ သူတို့ကား လန်ဒန် ရောက်လာတော့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့အားလုံး အပြင်းအထန် ကုတ် ဒဏ်ရာတွေနဲ့။ မင်းကြက်ခြေဘူတာရောက်လို့ ကားပေါ်ကဆင်းတော့ ာ ခုနကထက်သည်းပြီး သူတို့ ကြွက်စုတ်လို စိုရွှဲကုန်ပေမယ့် အသက်ရှူ ချောင်သွားတယ်။ သူတို့ဟာ သေတ္တာတွေဆွဲပြီး စည်ကားတဲ့လမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တာ ဘုတာထဲ ဝင်ခဲ့တယ်။ တစ်ကိုယ်လုံးလဲ ရွှဲရွှဲစိုနေတယ်။

အခု ဟယ်ရီဟာ ၉¾ စကြိုကိုသွားတာ နောကျနေပြီ။ စင်စစ် အ ချိန်ချွယ်တယ်။ စကြို၉နဲ့ စကြို၁၀ကို ခြားထားတဲ့ အလွန်ခိုင်ခံ့သလိုရှိတဲ့ နံရံ ကို ဘန်းဖြတ်သွားရင် ပြီးတာပဲ။ သတိထားရမှာ တစ်ခုထဲရှိတာကတော့ သူများ မသိအောင် လုပ်ရတာပဲ။ ဒါမှ မတ်ဂေါ်တွေ သတိမထားမိမှာ။ သူတို့ ဒီနေ့ အစုခွဲ ဖြတ်ကြမယ်။ အရင်ဆုံး ဟယ်ရီ၊ ရွန်နဲ့ဟာမီး (သူတို့က အပေါ်လွင်ဆုံး အကြောင်းက ဇီးကွက် ဝက်ကလေးနဲ့ ခရွတ်ရှန် ပါနေလို့)။ သူတို့ဟာ ခြားထား တဲ့နံရံကိုမှီပြီး အေးအေးဆေးဆေး ရပ်နေတယ်။ စကားစမြည်ပြောနေတယ်။ ဒီနောက်မှာတော့ ကိုယ်ကိုစောင်းပြီး ထရံထဲ တိုးဝင်လိုက်တယ်. . . . . သူတို့ တိုးဝင်လိုက်တာနဲ့ ၉¾ စကြိုဟာ သူတို့ရှေ့မှာ ပေါ်လာတယ်။

ဟော့ဂ်ဝပ်အထူးအမြန်ရထား အဲဒီနေရာမှာ ရပ်ထားပြီ။ ဒါဟာ ကြက်သွေးရောင်ရေနွေးငွေ့အင်ဂျင်ရထား၊ မီးခိုးလုံးတွေ မှုတ်ထုတ်နေတယ်။ မီးခိုးတွေကို ဖြတ်ပြီးကြည့်လိုက်တော့ ပလက်ဖောင်းပေါ်က ဟော့ဂ်ဝပ်ကျောင်း သားနဲ့ အုပ်ထိန်းသူတွေဟာ သရဲမည်းမည်းတွေနဲ့ တူနေတယ်။ မီးခိုးတွေထဲမှာ ဇီးကွက်တွေရဲ့အော်သံကို ကြားရတော့ ဝက်ကလေးကလဲ တုံ့ပြန်တဲ့အနေနဲ့ ခုနကထက်တောင် ပိုဆူနေတယ်။ ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ ထိုင်စရာနေရာ ရှာတယ်။ မကြာဘူး၊ သူတို့ဟာ ပစ္စည်းတွေကို မီးရထားပေါ်က ကန့်ထားတဲ့ အခန်းထဲ သွင်းကြတယ်။ ပြီးတော့ ပလက်ဖောင်းပေါ် ပြန်ခုန်ဆင်းကြတယ်။ မစ္စစ်ဝယ်စလီ၊ ဘီးနဲ့ ချာလီတို့ကို နှုတ်ဆက်ကြတယ်။

"ငါ မင်းတို့အားလုံးကို မကြာခင်တွေ့ရနိုင်တယ်" ချာလီက ဂျင်နီကို ဖက်ပြီး နှုတ်ဆက်တဲ့အခါမှာ ပြန်ပြီးပြောတယ်။

"ဘာဖြစ်လို့လဲ" ဖရက်က အလောတကြီး မေးတယ်။

"မင်းသိရမှာပါ" ချာလီက ပြောတယ်။ "ငါဒီအကြောင်းပြောတာ ဖတ်စီကို မပြောနဲ့နော်. . . . သိထားရမှာက၊ ဒါ "ထိပ်တန်းလျှို့ဝှက်ချက်" မှော်ဝန်ကြီးဌာနက သင့်တော်တယ်လို့ထင်တဲ့အခါကျမှ ကြေညာမှာ"

"အား၊ ငါဒီနှစ် ဟော့ဂ်ဝပ်ပြန်ပြီး ကျောင်းနေချင်လိုက်တာ" ဘီးက ပြောတယ်။ သူတို့နှစ်ယောက်ဟာ လက်ကို အိတ်ကပ်ထဲနှိုက်ပြီး ရထားကိုကြည့် နေတယ်။ အမူအရာဟာ ကျန်ခဲ့သလိုပဲ။

"ဘာဖြစ်လို့လဲ" ဂျော့က စိတ်မရှည်ဘဲ မေးတယ်။



"မင်းတို့ ဒီနှစ် စိတ်ဝင်စားစရာအလွန်ကောင်းမှာ" ဘီးက ပြောတယ်။ မျက်စိက တောက်နေတယ်။ "ငါ ခွင့်ယူပြီး တစ်စိတ်တစ်ပိုင်း လာကြည့်ချင် ကြည့်မယ်. . . ."

"ဘာတစ်စိတ်တစ်ပိုင်းလဲ" ရွန်က မေးတယ်။

ဒါပေမယ့် ဒီအချိန်မှာပဲ ဝီစီသံ ပေါ်ထွက်လာတယ်။ မစ္စစ်ဝယ်စလီ က သူတို့ကို ရထားတံခါးဝဆီမောင်းတယ်။

"ကျွန်မတို့ကို နေခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မစ္စစ်ဝယ် စလီ" ဟာမီးက ပြောတယ်။ ဒီအချိန်မှာ သူတို့ ရထားပေါ်ရောက်နေပြီ။ တံခါး ပိတ်ပြီး သူမဟာ ပြတင်းပေါက်က ကိုယ်ကိုထုတ်ပြီး မစ္စစ်ဝယ်စလီနဲ့ စကား ပြောတယ်။

"ဟုတ်တယ်၊ ကျွန်တော့်အတွက် လုပ်ပေးတာ အားလုံးအတွက် ကျေး ဇူးတင်ပါတယ်၊ မစ္စစ်ဝယ်စလီ" ဟယ်ရီက ပြောတယ်။

"အိုး၊ လုပ်ပေးရလို့ ကျေနပ်ပါတယ်၊ အချစ်လေး" မစ္စစ်ဝယ်စလီက ပြောတယ်။ "မင်းကို ခရစ္စမတ်ပွဲ ဖိတ်ချင်တယ်။ ဒါပေမယ့်. . . . မင်းတို့ ဟော့ဂ်ဝပ် မှာပဲ နေချင်ကြမှာလို့ ငါထင်တယ်၊ အကြောင်းက. . . . . အကြောင်းကြောင်း တွေကြောင့်ပဲ"

"အမေ" ရွန်က စိတ်မရှည်ဘဲ ပြောတယ် "ဘာကိစ္စများလဲ။ အမေတို့ သုံးယောက်ပဲသိတယ်၊ ကျွန်တော်တို့ကို ဖုံးထားတယ်?"

"မင်းတို့ ဒီညမှာပဲ သိရလိမ့်မယ်လို့ ခန့်မှန်းတယ်" မစ္စစ်ဝယ်စလီက ပြုံးပြီး ပြောတယ်။ "တကယ် သိပ်စိတ်လှုပ်ရှားစရာကောင်းမှာ — မင်းတို့ကို ပြောပြလိုက်မယ်၊ သူတို့ စည်းမျဉ်းပြင်တဲ့အတွက် ငါသိပ်ဝမ်းသာတယ် —"

"ဘာစည်းမျဉ်းလဲ" ဟယ်ရီ၊ ရွန်၊ ဖရက်နဲ့ဂျော့က တစ်ပြိုင်နက် မေး တယ်။

"ပါမောက္ခဒမ်ဘာလီဒိုးက မင်းတို့ကို ပြောပြမှာပါ. . . . ကောင်းပြီ၊ ကောင်းကောင်းနေကြ၊ သိလား။ ကြားလား ဖရက်၊ ပြီးတော့ မင်း၊ ဂျော့"

ပစ်စတံပွင့်ကြပ်က ရှီးရှီးသံ ကျယ်လောင်စွာ ထွက်ပေါ်လာတယ်။ မီးရထား ထွက်ပြီ။

"ဟော့ဂ်ဝပ်မှာ ဘာဖြစ်တယ်ဆိုတာ မြန်မြန်ပြောပြပါ" ဖရက်က ပြတင်းအပြင်ဘက်ကို တအားအော်ပြောတယ် — မစ္စစ်ဝယ်စလီ၊ ဘီးနဲ့ ချာ

www.burmeseclassic.com

www.burmeseclassic.com



ဘဲဟာ အလျှင်အမြန် ဝေးသွားနေတယ်။ "သူတို့ ဘာစည်းမျဉ်းကို ပြင်လိုက် ဘာလဲ"

ဒါပေမယ့် မစ္စစ်ဝယ်စလီပြုံးပြီး သူတို့ကို လက်ပြနေတယ်။ ရထား ကွေ့ချိုးမသွားခင်မှာပဲ သူမနဲ့ ဘီးတို့ ချာလီတို့ဟာ ရုပ်ရွှေ့ပြောင်းသွားကြ တယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ သူတို့အခန်း ပြန်လာကြတယ်။ မိုးစက်ရေ ဟာ မှန်ပြတင်းကို သဲသဲမဲမဲ ရိုက်ခတ်နေတယ်။ ဒါကြောင့် အပြင်က အရာ တွေကို မမြင်ရဘူး။ ရွန်က မိမိသေတ္တာကိုဖွင့်ပြီး ဟိုခရမ်းပုပ်ရောင်ပွဲဝင်ဝတ် ကိုယူကာ ဝက်ကလေးလှောင်အိမ်ကို အုပ်လိုက်တယ်။ ဝက်ကလေးက သိ ဆူလွန်းလို့။

"ဘက်ဂမင်းကမှ တို့ကို ဟော့ဂ်ဝပ်မှာဖြစ်တဲ့ကိစ္စကို ပြောပြချင်သေး တယ်" သူက ဟယ်ရီ့ဘေးမှာ ထိုင်လိုက်တယ်။ မပျော်မရွှင်နဲ့ပြောတယ်။ "မှ မိလား၊ ကမ္ဘာ့ဖလားပွဲမှာလေ။ ဒါပေမယ့် ငါ့အမေအရင်းကတော့ မပြောဘူး တကယ့်ကိုဘာမှန်း — "

"ရှူး" ဟာမီးက ရုတ်တရက် အသံတိုးတိုးနဲ့ ပြောတယ်။ သူမ လက်ချောင်းနဲ့ ပါးစပ်ကိုပိတ်ပြီး သူမတို့ဘေးက အခန်းလေးကို ညွှန်ပြတယ် ဟယ်ရီနဲ့ရွန် သေချာနားထောင်လိုက်တော့ ရင်းနှီးပြီးသား ဆွဲဆွဲငင်ငင်အသံ ဟာ ပွင့်နေတဲ့ တံခါးဝက လွင့်လာတယ်။

". . . . မင်းတို့သိလား၊ အဖေက ငါ့ကို ဟော့ဂ်ဝပ်မပို့ဘဲ ဒမ်စထ ကို ပို့ဖို့စဉ်းစားသေးတယ်။ သူ အဲဒီက ကျောင်းအုပ်နဲ့သိတယ်။ ဟင်း၊ ဒမ်ဘာလီဒိုးအပေါ် ဘယ်လို မြင်တယ်ဆိုတာ မင်းတို့သိပါတယ် — အဲဒီလူ ရွံ့သွေးကို သိပ်နှစ်သက်တယ် — ဒမ်စထရန်က အဲ့ဒီ လူအောက်တန်း တွေ ကျောင်းဝင်ခွင့် လုံးဝမပေးဘူး။ ဒါပေမယ့် ငါ့အမေက ငါ့ကို ဒီလော အဝေးကြီးမှာ ကျောင်းမထားချင်ဘူး။ အဖေကပြောတယ်၊ ဒမ်စထရန် မှော်နက်ပညာကို ထားတဲ့သဘောထားဟာ ဟော့ဂ်ဝပ်ထက် အကျိုးအကြော ဆီလျော်တယ်တဲ့။ ဒမ်စထရန်က ကျောင်းသားတွေ မှော်နက်ပညာ သင် နေတယ်။ ငါတို့လို မဟုတ်ဘူး။ အစုတ်အပြတ်မှော်နက်ပညာ ကာကွယ်ရေး တတ် သင်နေရတယ်. . . ."

ဟာမီး မတ်တတ်ထလိုက်တယ်။ ခြေဖျားထောက်ပြီး တံခါးနား



ဘာ မေဖိုင့်အသံ ဝင်မလာအောင် တံခါးကို အသာလေး ပိတ်လိုက်တယ်။

"ဒီလိုဆိုတော့ သူ ဒမ်စထရန်နဲ့ ပိုသင့်တော်တာပေါ့လေ" ဟာမီးက ဒေါသနဲ့ပြောတယ်။"ငါတို့က သူ အဲဒီကို မြန်မြန်သွားနေစေချင်တယ်။ ဒါမှ ငါ့ သူ့ကို သည်းညည်းခံမနေရတော့မှာ"

"ဒမ်စထရန်ဟာ မှော်ပညာသင်ကျောင်းပဲလား" ဟယ်ရီက မေး တယ်။

"ဟုတ်တယ်" ဟာမီးက အထင်သေးစွာ ဟင်းလုပ်လိုက်ပြီး ပြော တယ်။ "ဒင်း သိပ် နာမည်ဆိုးနဲ့ ကျော်ကြားတယ်။ 'ဥရောပမှော်ပညာရေး အကဲဖြတ်' ထဲက အဆိုအရ၊ ဒီကျောင်းဟာ မှော်နက်ပညာကို အလွန်အလေး ထားတယ်လို့ ပြောတယ်"

"ငါကြားဖူးသလိုပဲ" ရွန်က မရေမရာပြောတယ်။ "အဲ့ဒီကျောင်း ဘယ် မှာလဲ၊ ဘယ်နိုင်ငံမှာလဲ"

"အင်း၊ သိတဲ့လူမရှိဘူး၊ မဟုတ်ဘူးလား" ဟာမီးက မျက်ခုံးပင့်ပြီး ပြောတယ်။

"အား — ဘာဖြစ်လို့လဲ" ဟယ်ရီက မေးတယ်။

"မှော်ပညာသင်ကျောင်းအချင်းချင်း အပြင်းအထန် ပြိုင်ဆိုင်နေကြ တာ၊ ဒမ်စထရန်နဲ့ ဗျူစ်ဘာတန်စ်တို့ဟာ ဒင်းတို့ရဲ့ကျောင်းနေရာကို ဝှက်ထား တယ်၊ ဒါမှ သူတို့လျှို့ဝှက်ရေးကို ခိုးယူလို့ မရမှာ" ဟာမီးက တည်တည်ပဲ ပြောဖြတယ်။

"လျှောက်မပြောနဲ့တော့" ရွန်ကပြောရင်း ရယ်လာတယ်။ "ဒမ်စထ ရန်ဟာ ဟော့ဂ်ဝပ်နဲ့ကြီးတာ သိပ်ကွာမှာ မဟုတ်ဘူး — ဘယ်လိုလုပ်ပြီး ရဲ တိုက်ကြီးတစ်ခုကို ဝှက်ထားလို့ ရမှာလဲ"

"ဒါပေမယ့် ဟော့ဂ်ဝပ်ဟာလဲ ဝှက်ထားတာပဲ" ဟာမီးကပြောရင်း အံ့ပေါ်နေတယ်။ "အားလုံးသိကြတာပဲ. . . . . ကောင်းပြီ၊ 'ဟော့ဂ်ဝပ် ကျောင်းသမိုင်းတစ်ခု'ကို ဖတ်ဖူးတဲ့လူတိုင်း သိတယ်"

"ဒါဆို နင်ပဲရှိတယ်" ရွန်ကပြောတယ်။ "ဆက်ပြောဦး — ဟော့ဂ်ဝပ် ရဲ့တိုက်ကြီးတစ်ခုကို ဘယ်လိုဝှက်ထားမလဲ"

"ဒင်းကို မှော်ပညာနဲ့ စီရင်ထားတယ်" ဟာမီးက ပြောတယ်။ "မတ် လေတွေ ဒင်းကိုကြည့်ရင် ပျက်စီးယိုယွင်းနေတဲ့ အမှိုက်ပုံကြီးပဲ မြင်မယ်။ အဝင်

www.burmeseclassic.com



ဘာ အတွင်းမဝင်ရ။ အန္တရာယ်ရှိတယ်လို့ ရေးထားမယ်"

"ဒီလိုဆိုတော့၊ အပြင်လူတစ်ယောက်အဖို့ ဒမ်စထရန်လဲ အပျက်
ကြီးပဲပေါ့"

"ဖြစ်မယ်ထင်တယ်" ဟာမီးက ပခုံးတွန့်ပြပြီး ပြောတယ်။ "ဒါ့
မဟုတ် ၎င်းကို မတ်ဂေါ်မောင်းထုတ်တဲ့ ဂါထာ စီရင်ထားမယ်၊ ကမ္ဘာ့ဖလား
ပြိုင်ပွဲလုပ်တဲ့ အားကစားရုံလိုပေါ့။ နိုင်ငံခြားက မှော်ဆရာတွေ မတွေ့နိုင်အော
မြေပုံပေါ်မှာ နေရာပြလို့မရအောင် လုပ်ထားမယ် —"

"ဒါကကော ဘာအဓိပ္ပာယ်လဲ"

"ဒီလို၊ နင်အဆောက်အဦကို မှော်ဂါထာတစ်ခုနဲ့ စီရင်ထားမယ်
ကျန်လူတွေဟာ ၎င်းကို မြေပုံပေါ်မှာ နေရာပြရေးဆွဲလို့မရတော့ဘူး၊ နားလည်
ပြီလား"

"အင်း. . . . နင် ဒီထက်ရှင်းအောင် ထပ်ပြောရင် ကောင်းမယ်
ဟယ်ရီကပြောတယ်။

"ဒါပေမယ့် ဒမ်စထရန်ဟာ မြောက်ပိုင်း ဟိုးအဝေးကြီးက နေရာ
ဖြစ်မယ်လို့ ငါထင်တယ်" ဟာမီးက တွေးရင်းပြောတယ်။ "အလွန်အေး
နေရာတစ်ခု၊ သူတို့ကျောင်းဝတ်စုံထဲမှာ သားမွေးခြုံထည်ပါနေလို့"

"အား၊ ဘာဖြစ်မလဲဆိုတာ တွေးထင်ကြည့်" ရွန်က အလွန်စိတ်အာ
ထက်သန်စွာ ပြောတယ်။ "မော်ဖိုင်ကို ရေခဲစီးကြောင်းပေါ်ကနေ တွန်း
ရှောင်တခင်ဖြစ်မှုလို ဘာလိုပေါ့၊ ဒါသိပ်တော့ ခက်မယ်မထင်ဘူး. . . .
နှမြောစရာကောင်းတာက သူ့အမေ သူ့ကိုသိပ်ချစ်လို့. . . . ."

ရထားဟာ မြောက်ဘက်သို့ အဆက်မပြတ် ခုတ်မောင်းနေတယ်
မိုးကလဲ ကြာလေ သဲလေပဲ။ ကြာလေ ပြင်းထန်တာပဲ။ ကောင်းကင်မှာ မှော
မည်းနေတယ်။ ရထားပြတင်းပေါ်မှာ ရေငွေ့တွေ ဖုံးနေတယ်။ ဒါကြောင့် 
ခင်းကြီး မီးထွန်းထားရတယ်။ နေ့လယ်စာရောင်းတဲ့ တွန်းလှည်းလေး တ
ကျီနဲ့ စင်္ကြံပေါ် ရောက်လာတယ်။ ဟယ်ရီက အိုးကြီးကိတ်မုန့် တစ်ထပ်
ဝယ်ပြီး အားလုံးနဲ့အတူ စားကြတယ်။

ညနေမှာ သူတို့သူငယ်ချင်း ၃-၄ယောက် သူတို့ဆီလာကြတယ်။
ဓတ်စ်-ဖင်နစ်ဂင်၊ ဒင်း-သောမတ်စ်၊ ပြီးတော့ နီဗီး-လွန်ဘော့တမ် — သူ
မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေး၊ မှတ်ဉာဏ် အလွန့်အလွန်ညံ့တယ်။ သူ့ကြော



နှိမ့်သေစရာကောင်းတဲ့ မှော်ဆရာမ အဖွားက သူ့ကို ကြီးပြင်းအောင် မွေးခဲ့
တာ၊ စီးမတ်စ်ဟာ မိမိရဲ့ အိုက်ယာလန်ရင်ထိုးတံဆိပ်ကို တပ်ထားသေးတယ်။
၎င်းဆိုးရဲ့ မှော်အားဟာ တဖြည်းဖြည်း ပြယ်ကုန်ပြီ။ ၎င်းက "ထရိုရီး၊ မောလက်
မိနေ့"လို့ အော်နေတုန်းပဲ။ ဒါပေမယ့် အသံက ပျော့အိအိပဲ။ အားအင် ကုန်ခန်း
သွားသလိုပဲ။ နာရီဝက်လောက်ကြာတော့ ဟာမီးဟာ သူတို့ ခွေဒစ်အကြောင်း
ဆုံးနိုင်အောင် ပြောဆိုနေတာကို ငြီးငွေ့လာတယ်။ ဒါကြောင့် 'စံဂါထာ-
အဆင့်လေး'ကို ငုံ့ဖတ်နေတယ်။ ပြီးတော့ ဆင့်ခေါ်ဂါထာကို အစမ်း လေ့ကျင့်
နေတယ်။

အားလုံး တက်ကြွစွာ ကမ္ဘာ့ဖလားပွဲကို ပြန်ပြောဆိုနေချိန်မှာ နီဗီးက
အားမှာငေးပြီး နားထောင်နေတယ်။

"အဖွားက မသွားချင်ဘူး" သူက သနားစရာပြောတယ်။ "လက်မှတ်
မဝယ်ဘူး။ အား၊ နားထောင်ရတာ သိပ်စိတ်လှုပ်ရှားစရာပဲ"

"ဟုတ်တယ်" ရွန်ကပြောတယ်။"မင်း ဒါကို ကြည့်စမ်း၊ နီဗီး. . . ."
သူဟာ ပစ္စည်းတင်စင်ပေါ်မှ သေတ္တာထဲမှာ လှန်လှောရှာလိုက်ပြီး
ဗစ်တာ-ခရွန်းမ်ရဲ့ ရုပ်ထုလေးကို ဆွဲထုတ်လိုက်တယ်။

"အိုး-ဝိုး" ရွန်က ခရွန်းမ်ကို သူ့ ဝတုတ်တုတ်လက်ဝါးထဲ ထည့်လိုက်
တော့ နီဗီးက အားကျစွာ ပြောတယ်။

"ငါတို့ သူ့ကို အနီးကပ်မြင်ရတယ်" ရွန်က ပြောတယ်၊ "ငါတို့ အပေါ်
ဆုံး အထူးပွဲကြည့်စင်မှာ ထိုင်တယ်. . . . ."

"မင်း ဒီတစ်သက် ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပဲ၊ ဝယ်စလီ"

ဒြာခို-မော်ဖိုင် တံခါးဝမှာ ရောက်နေတယ်၊ သူ့ကျောဘက်မှာ ခရပ်
နဲ့ ဂွိုင်း ရပ်နေတယ်။ သူတို့ဟာ သူ့အဖွဲ့တွေ။ အရပ်အမောင်း အလုံးအထည်ကြီး
ကြတာမို့ လန့်စရာပဲ။ ဆိုးဆိုးရွားရွားပုံစံကြီး။ ဒီနွေမှာ သူတို့နှစ်ယောက် အနည်း
ဆုံးတစ်ပေတော့ မြင့်လာသလိုပဲ။ သူတို့ဟာ တံခါးကနေ ခုနကစကားပြော
တာကို ခိုးနားထောင်တယ်နဲ့တူတယ်။ ဒင်းနဲ့ စီးမတ်စ်ဟာ တံခါးကို လုံအောင်
မပိတ်ခဲ့ဘူး။

" ငါတို့ မင်းတို့ကို ဝင်ဖို့ မဖိတ်ဖူးပါဘူးနော်၊ မော်ဖိုင်" ဟယ်ရီက
အေးစက်စက်ပြောတယ်။

"ဝယ်စလီ. . . . . အဲဒါဘာလဲ" မော်ဖိုင်က ဝက်ကလေးလှောင်အိမ်

www.burmeseclassic.com



ကို သက်ညှိုးဆိုပြီး မေးတယ်။ ရွှန်ပွဲဝင်ဝတ်ရုံရှည်ရဲ့ လက်တစ်ဖက်ဟာ လျှော အိမ်ပေါ်က တွဲလောင်းကျနေတယ်။ မီးရထားခုတ်မောင်းတာနဲ့အတူ လှုပ်ခါ နေတယ်၊ လက်ဝမှာ မှိုတက်တာနဲ့တူတဲ့ အနားကွပ်ဟာ အကုန်ပေါ်လွင်နေ တယ်၊

ရွှန်က ဝတ်ရုံရှည်ကို သိမ်းထားချင်တယ်။ ဒါပေမယ့် မော်ဖိုင်က သူထက်မြန်တယ်။ အင်္ကျီလက်ကို ဖမ်းဆွဲပြီး ဆောင့်ဆွဲလိုက်တယ်။

"ကြည့်ကြစမ်း" မော်ဖိုင် သိပ်ပျော်နေတယ်။ ရွှန့်ဝတ်ရုံရှည်ကို မြှောက်ပြီး ခရပ်နဲ့ဂိုးကို ပြတယ်။ "ဝယ်စလီ. . မင်း ဒါမျိုးဝတ်ချင်လို့လား၊ ဟင်? ငါ ပြောချင်တာက — အဲဒါ ၁၈၉၀-ခုနှစ်လောက်မှာတော့ အတော် ခေတ်စား တယ်. . . . ."

"ချေးစားချေ၊ မော်ဖိုင်" ရွှန်က ပြောတယ် — သူ့မျက်နှာဟာ ဝတ်ရုံရှည်အရောင်နဲ့ အတူတူဖြစ်လာတယ်။ မော်ဖိုင်လက်ထဲကနေ ဝတ်ရုံရှည်ကို ဆတ်ခနဲ ဆွဲလုလိုက်တယ်။ မော်ဖိုင်က အသံကျယ်ကျယ် ကဲ့ရဲ့ရယ် ရယ်လိုက် တယ်။ ခရပ်နဲ့ဂိုးလဲ အတတ လိုက်ရယ်တယ်။ အသံက ကြမ်းပြီး နားကြားပြင်း ကတ်စရာ။

"ဘယ်လိုလဲ. . . မင်းလဲ ပါဝင်ချင်တယ်? ဝယ်စလီ။ မင်းလဲ မင်းတို့ မိသားစု ဂုဏ်ရှိအောင် စမ်းကြည့်ချင်တယ်ထင်တယ်။ မင်းသိရမှာက ဒီကိစ္စ မျိုးဟာ ငွေနဲ့လဲ ပတ်သက်တယ်နော်. . . . မင်းနိုင်ခဲ့ရင် သားနားတဲ့ဝတ်ရုံ ရှည်တွေဝယ်ဖို့ ပိုက်ဆံရှိမှာပါ. : . . . ."

"မင်း ဘာတွေလျှောက်ပြောနေတာလဲ" ရွှန်က ဒေါသထွက်လာပြီး မေးတယ်။

"မင်းပါဝင်ချင်လား" မော်ဖိုင်က တစ်ခါပြောပြန်တယ်။ "မင်းတော့ ပါမယ်လို့ ငါထင်တယ်။ ပေါ်တာ၊ မင်းဟာ ကိုယ့်ကိုကိုယ် ဖော်ပြဖို့အခွင့်အရေး ကို ဘယ်တော့မှ လက်မလွှတ်ဘူး၊ ဟုတ်လား"

"နင့်စကားကို ရှင်းပြရင်ရှင်းပြ၊ ဒါမှမဟုတ်ရင် ထွက်သွား၊ မော်ဖိုင်" ဟာမီးဟာ မျက်လုံးကို 'စံဂါထာ-အဆင့်လေး'ပေါ်ကနေ မော့်လိုက်တယ်။ စိတ် မရှည်ဘဲ ပြောတယ်။

မော်ဖိုင်ရဲ့ မျက်နှာဖြူဖပ်ဖြူရော်ပေါ်မှာ ဝမ်းသာတဲ့အပြုံးရိပ်လေး ဖြတ်သွားတယ်။



"မင်းမသိဘူးလို့ မပြောနဲ့" သူက ဝမ်းသာစွာပြောတယ်။ "မင်းအပေ နဲ့ မင်းအစ်ကို မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်တယ်။ မင်းဒါတောင် မသိဘူး? ဘုရား ဘုရား၊ ငါ့အဖေက အရင်ကတဲက ငါ့ကို ပြောပြဖူးတယ်. . . . . ကွန် နယ်လစ်ဖဒ်ဂ်ဆီက ကြားတာ။ ဘာပဲဖြစ်ဖြစ်၊ အဖေနဲ့ဆက်ဆံတာ မှော်ဝန် ကြီးဌာနက အဆင့်မြင့်ပုဂ္ဂိုလ်တွေချည်းပဲ. . . . . မင်းအဖေက ရာထူးသိပ်နိမ့် သို့ သိဖို့အခွင့်အရေး မရှိဘူး ဝယ်စလီ. . . . . ဟုတ်တယ်၊ ဒီအတိုင်းပဲ. . . . . သူတို့ဟာ သူ့ရှေ့မှာ အရေးကြီးကိစ္စတွေ ဘယ်တော့မှ မဆွေးနွေးဘူးထင်တယ် . . . ."

မော်ဖိုင်ဟာ ဟားတိုက်ရယ်ပြန်တယ်။ ခရပ်နဲ့ဂိုးကို လက်ပြပြီး သုံး ယောက်စလုံး တစ်ပြိုင်နက် ပျောက်သွားတယ်။

ရွှန်က မတ်တတ်ရပ်လိုက်တယ်၊ တံခါးကို ဆောင့်ပိတ်လိုက်တယ်။ သိပ်ပြင်းသွားလို့ တံခါးပေါ်ကမှန် ကွဲကျသွားတယ်။

"ရွှန်" ဟာမီးက အပြစ်တင်တယ်။ သူမဟာ မိမိမှော်ကြိမ်လုံးကို ဆွဲ ထုတ်ပြီး၊ အသံတိုးတိုးနဲ့ "မူလအတိုင်းပြန်ဖြစ်"လို့ ရွတ်လိုက်တယ်။ ဟိုမှန်ကွဲ တွေဟာ အလိုအလျောက် မှန်ကောင်းတစ်ချပ်ပြန်ဖြစ်ပြီး တံခါးပေါ် ပြန်ရောက် သွားတယ်။

"ကံဆိုးလိုက်တာ. . . . . သူက အကုန်သိပြီး ငါတို့က ဘာမှမသိသ လိုပဲ. . . . "ရွှန်က ဒေါသနဲ့ အော်ဟစ်တယ်။ "အဖေဆက်ဆံတာ မှော်ဝန်ကြီး ဌာနက အဆင့်မြင့်ပုဂ္ဂိုလ်တွေ. . . . ငါ့အဖေ အချိန်မရွေး ရာထူးတက်နိုင် တယ်. . . . သူက အခု သူလုပ်နေတဲ့နေရာကို နှစ်သက်လို့. . . ."

"ဒီတိုင်းအမှန်ပဲ" ဟာမီးက တိုးတိုးပြောတယ်။ "မော်ဖိုင်ကြောင့် နင့် စိတ် မထိခိုက်စေနဲ့၊ ရွှန် —"

"သူလား၊ ငါ့ကို စိတ်ထိခိုက်စေမယ်။ ဘယ်တော့မှ မဖြစ်ဘူး" ရွှန်က ပြောရင်း ကျန်နေတဲ့အိုးကြီးကိတ်တစ်လုံးကို ယူပြီး နွံ့လိုဖြစ်အောင် ညှစ်ပစ် လိုက်တယ်။

ဒီနောက်ပိုင်း ခရီးထဲမှာ ရွှန် စိတ်မပျော်ဘူး။ သူတို့ ကျောင်းဝတ်စုံ ဝတ်ပြီးလဲ သူ စကားမပြောဘူး။ ဟော့ဂ်ဝပ်အထူးအမြန်ရထား နောက်ဆုံးအရှိန် လျှော့လိုက်ပြီး မှောင်မည်းတဲ့ ဟော့ဂ်စ်မိဒ်ဘူတာမှာ ရပ်လိုက်တော့လဲ သူ မျက်နှာကြီး အိုနေတုန်းပဲ။

www.burmeseclassic.com




ရထားတံခါးဖွင့်လိုက်ပြီ။ မိုးပေါ်မှာ မိုးချုန်းသံ တဒုန်းဒုန်းမြည်နေ ဘယ်၊ ဟာမီးက ခြုံထည်နဲ့ ခရွတ်ရှုန်ကို ပတ်ထားတယ်။ ရွှန်ဟာ သူ့ပွဲဝင်ဝတ် စုံရှည်နဲ့ပဲ ဝက်ကလေးလှောင်အိမ်ကို အုပ်ထားတယ်။ သူတို့ရထားကဆင်းပြီ သစ်ချွန်းမိုးကြီးထဲမှာ ခေါင်းငုံ့၊ မျက်စိမှေးပြီး သွားကြတယ်။ မိုးက သဲကြီးမဲ ကြီးရွာနေတယ်။ သူတို့ခေါင်းပေါ်ကို ရေခဲရေတွေ ပုံးလိုက် လောင်းချသလိုပဲ။

"ဟိုင်း၊ ဟက်ဂရစ်" ပလက်ဖောင်းဟိုဘက်စွန်းမှာ ဧရာမအရိပ်ကြီး ကိုတွေ့တော့ ဟယ်ရီက အကျယ်ကြီး အော်ပြောတယ်။

"အဆင်ပြေလား ဟယ်ရီ" ဟက်ဂရစ်က အသံသြသြနဲ့ဆက်ပြီး လက် ယမ်းပြတယ်။ "ကျုပ်တို့ ရေနစ်မသေဘူးဆိုရင် ညစာစားပွဲမှာ တွေ့မယ်"

ထုံးစံအရ ပထမနှစ်ကျောင်းသားသစ်ကို ဟက်ဂရစ်က ကန်ပေါ် ကနေ လှေနဲ့ခေါ်သွားပြီး ဟော့ဂ်ဝပ် ရဲတိုက်ထဲ ဝင်ရတယ်။

"အိုး၊ ဒီလိုရာသီဥတုမှာ ကန်ထဲကနေ လှေနဲ့ဖြတ်တာ မတွေးဝံ့စရာ ပဲ" ဟာမီးဟာ တစ်ကိုယ်လုံး တုန်နေတယ်။ စိတ်လှုပ်ရှားစွာ ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ လူစီးကြောင်းနဲ့လိုက်ပြီး ဖြည်းဖြည်းချင်း ခြေထောက်တို ရွှေ့တယ်။ မှောင်မည်းတဲ့ ပလက်ဖောင်းကို ဖြတ်ခဲ့ကြတယ်။ ဘူတာအပြင်ဘက် မှာ မြင်းမပါတဲ့ မြင်းလှည်းအစီးတစ်ရာ သူတို့ကို စောင့်နေတယ်။ ဟယ်ရီ ရွှန်၊ ဟာမီးနဲ့ နီဗီးတို့ ၎င်းအနက် တစ်စီးပေါ် အမြန်တက်ကြတယ်။ ဒါမှသက် ပြင်းချနိုင်တော့တယ်။ တံခါး ဒိုင်းခနဲပိတ်သွားတယ်။ ခဏနေတော့ ပြင်းထန် စွာ လှုပ်ခါလိုက်ပြီး မြင်းလှည်းတန်း ရှည်ရှည်ကြီးဟာ ဟော့ဂ်ဝပ်ရဲတိုက်ဆီ သွားတဲ့ လမ်းကလေးအတိုင်း တဂျိမ်းဂျိမ်း တဂျုန်းဂျုန်းနဲ့ မိုးရေတွေစဉ်ကာ ထွက်ခွာသွားကြတယ်။



## ၁၂။ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ

မြင်းလှည်းဟာ ခေါင်းနှစ်ဖက်က တောင်ပံပါတဲ့ တောဝက်ပုံထွင်းထား တဲ့ တံခါးမကြီးကို ဖြတ်ပြီး ကျယ်ဝန်းတဲ့ လှည်းလမ်းကြောင်းအတိုင်း မောင်း နှင်သွားတယ်။ လေပြင်းမုန်တိုင်းကျလို့ မြင်းလှည်းဟာ ပြင်းထန်စွာ လှုပ်ယိုင် နေတယ်။ ဟယ်ရီဟာ မြင်းလှည်းပြတင်းပေါ် မှီနေတယ်။ ဟော့ဂ်ဝပ် ပိုမိုနီး ကပ်လာတာမြင်ရတယ်။ မီးလင်းနေတဲ့ ပြတင်းပေါက် အများအပြားဟာ မိုး ထိုက်ကာနောက်မှာ မသဲမကွဲ လင်းလက်နေတယ်။ သူတို့မြင်းလှည်းဟာ ဝက် သင်ချတံခါးမကြီးနှစ်ရွက်ရှေ့က ကျောက်လှေကားရှေ့မှာ ရပ်သွားတယ်။ ဒီအ ချိန်မှာပဲ ကောင်းကင်မှာ လျှပ်စီးလက်သွားတယ်။ ရှေ့က မြင်းလှည်းပေါ်က လူတွေ ကျောက်လှေကားပေါ် မြန်မြန်တက်ပြီး ရဲတိုက်ထဲ ဝင်ကြတယ်။ ဟယ်ရီ ရွှန်၊ ဟာမီးနဲ့ နီဗီးတို့ဟာ မြင်းလှည်းပေါ်က ခုန်ချပြီး ကျောက်လှေကားပေါ် အပြေးအလွှား တက်သွားကြတယ်။ လိုဏ်ဂူလို လုံခြုံတဲ့ တံခါးဝင်ခန်းထဲရောက်မှ ခေါင်းမော့ကြည့်ကြတယ်။ တံခါးဝင်ခန်းထဲမှာ မီးတုတ်ထွန်းထားတယ်။ စကျင်ကျောက်လှေကားဟာ အလွန်ခမ်းနားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမလေး" ရွှန်ကပြောရင်း ခေါင်းတအားခါတယ်။ ရေစက်တွေ နေရာတကာ ကျကုန်တယ်။ "ဒီလိုပဲ မနားတမ်းရွာနေရင် ကန်ကြီး ရေလျှံတော့မယ်၊ ငါ ကြွက်စုတ်ဖြစ်နေပြီ — အမလေး "

ရေအပြည့်နဲ့ ပူဖောင်းအနီကြီး မျက်နှာကြက်ဆီက ကျလာတယ်။ ရွှန့် ခေါင်းပေါ်မှာ ပေါက်ကွဲသွားတယ်။ ရွှန့်တစ်ကိုယ်လုံး စိုရွှဲကုန်တယ်။ ပါးစပ်က ပွစိပွစိနဲ့ လဲလဲပြိုပြို ရှောင်လိုက်တာ ဘေးရှိ ဟယ်ရီ့ကိုယ်ပေါ် လဲကျသွားတယ်။ ဒီအချိန်မှာပဲ ရေဖုံးနောက်တစ်လုံး ကျလာပြန်တယ်— ဟာမီးကို ထိမှန်ဖို့ နည်းနည်းလိုတယ်။ ဟယ်ရီ့ခြေထောက်နားမှာ ပေါက်ကွဲသွားတယ်။ ရေခဲလိုအေးတဲ့ရေတွေ ပန်းထွက်လာပြီး သူ့လမ်းလျှောက်ဖိနပ်ပေါ် သွန်ကျလာတယ်။ သူ့ခြေစွပ်တွေ စိုကုန်တယ်။ အနားကလူတွေ လန့်အော်ပြီး အပြန်အလှန် တိုးကြိတ်နေတယ်။ ဒီနေရာကနေ အမြန် ထွက်ခွာသွားချင်ကြတယ်။ ဟယ်ရီ မော့်ကြည့်လိုက်တော့ သူတို့ခေါင်းပေါ် ပေ-၂၀လောက်ရှိတဲ့ နေရာမှာ တအား နောက်တတ်တဲ့ သရဲဖီးဗိစ် လွင့်ပျံနေတာ တွေ့ရတယ်။ သူဟာ ပုပုလေး။ ခေါင်းလောင်းပါတဲ့ ဦးထုပ် ဆောင်းထားတယ်။ လိမ္မော်ရောင် လိပ်ပြာလည်စည်း တပ်ထားတယ်။ သူက ပစ်မှတ်တစ်ခုကို ချိန်နေပြန်တယ်။ နောက်ပြောင်တဲ့ မျက်နှာကျယ်ကျယ်ကြီးပေါ်က ကြွက်သားတွေ တင်းနေတယ်။

"သရဲဖီးဗိစ်" ဒေါသထွက်နေတဲ့ အသံက အော်ပြောတယ်။ "သရဲဖီးဗိစ်၊ ချက်ချင်းဆင်းခဲ့စမ်း"

တွဲဘက်ကျောင်းအုပ်ကြီးလဲဖြစ်၊ ဂရစ်ဖင်းဒေါဟောက်စ်ကျောင်း ကျောင်းအုပ်လဲဖြစ်တဲ့ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ ခန်းမထဲက ပြေးထွက်လာတယ်။ ကြမ်းက သိပ်စိုနေလို့ သူမ ခြေချော်သွားတယ်။ ဟာမီးလည်ပင်းကို ဖက်ထားလိုက်လို့ လိမ့်ကျမသွားဘူး။

"အမလေး — ဝမ်းနည်းပါတယ်၊ မစ်ဂရန်ဂျာ — "

"ကိစ္စမရှိဘူး၊ ပါမောက္ခ" ဟာမီးက လှိုက်ဖိုစွာ ပြောတယ်။ မိမိလည်ချောင်းကို ပွတ်သပ်နေတယ်။

"သရဲဖီးဗိစ်၊ မင်း ခုချက်ချင်းဆင်းခဲ့"

ပါမောက္ခမက်ဂေါ်နာဂေါ်က အကျယ်ကြီး အော်ပြောတယ်။ သူမဟာ ခေါင်းပေါ်က ဦးထုပ်ချွန်မြင့်မြင့်ကြီးကို တည့်မတ်လိုက်ပြီး လေးထောင့်



မျက်မှန်ဝိုင်းပေါ်ကနေ အထက်ကို စိုက်ကြည့်နေတယ်။

"ကျွန်တော် ဘာမှမလုပ်ဘူး" သရဲဖီးဗိစ်က တခစ်ခစ်ရယ်နေပြီး ရေဖုံးအချို့ကို ပဥ္စမနှစ်ကျောင်းသူအချို့ဆီ ပစ်လွှတ်လိုက်တယ် — ကျောင်းသူတွေဟာ စူးရှစွာအော်ဟစ်ပြီး ခန်းမထဲ ပြေးဝင်သွားတယ်။ "သူမတို့ စိုနေတာပဲဟာ၊ ဟုတ်တယ် မဟုတ်လား။ ဟေး၊ ကလေးစုတ်လေး၊ ဝီး. . ." သူဟာ ရေဖုံးတစ်လုံး ယူလိုက်ပြန်တယ်။ ဝင်လာနေတဲ့ ဒုတိယနှစ်ကျောင်းသားတစ်စုကို ချိန်တယ်။

"ကျောင်းအုပ်ကြီးကို ခေါ်လိုက်မယ်" ပါမောက္ခမက်ဂေါ်နာဂေါ်က အကျယ်ကြီးပြောတယ်။ "သတိပေးတယ်နော် သရဲဖီးဗိစ် — "

သရဲဖီးဗိစ်က လျှာထုတ်တယ်။ နောက်ဆုံးရေဖုံးအချို့ကို မိုးပေါ်ပစ်တင်လိုက်ပြီး ရှုံ့ခနဲ မာဘော်ကျောက်လှေကားပေါ် ထိုးတက်ပြီး၊ အရူးအမူး ရယ်သွားတယ်။

"ကောင်းပြီ၊ မြန်မြန်သွားကြ" ပါမောက္ခမက်ဂေါ်နာဂေါ်က ကြွက်စုတ်လို ဖြစ်နေတဲ့ လူအုပ်ကို ပြောတယ်။ "ခန်းမထဲဝင်၊ မြန်မြန်လေး"

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးဟာ ချော်ချော်ချွတ်ချွတ်နဲ့ တံခါးမခန်းကို ဖြတ်ပြီး ညာဘက်က မျက်နှာချင်းဆိုင်ပွင့်နေတဲ့ တံခါးကို ဖြတ်လာကြတယ်။ ရွှန်က ခေါင်းဆိုးဆိုးနဲ့ တိုးတိုး ရေရွတ်နေတယ်။ စိုရွှဲနေတဲ့ဆံပင်ကို မျက်နှာပေါ်က ဖယ်ပစ်တယ်။

ခန်းမဟာ အရင်ကလိုပဲ ခမ်းနားကြီးကျယ်တယ်။ ကျောင်းပတ်သစ် ညစာစားပွဲအတွက် အထူးပြင်ဆင်ထားတယ်။ ဖယောင်းတိုင် အရာအထောင်ဟာ စားပွဲအပေါ်ဘက်ဆီမှာ လေထဲလွင့်ပျံနေတယ်၊ ရွှေပန်းကန်ပြားနဲ့ ခြေတံရှည် အရက်ခွက်ကို လင်းလက်နေစေတယ်။ ဟောက်စ်ကျောင်းစားပွဲရှည်ရှည်ကြီး လေးခုမှာ ကွိကွိကွကွ စကားပြောနေတဲ့ ကျောင်းသားတွေ အပြည့်ထိုင်နေတယ်။ ခန်းမကြီးရဲ့ ထိပ်ဆုံးမှာ နံပတ်ငါး စားပွဲရှိသေးတယ်။ ဆရာနဲ့ဝန်ထမ်းတွေ စားပွဲရဲ့ ဘက်တစ်ဘက်မှာ စီထိုင်နေတယ်။ ကျောင်းသားတွေကို မျက်နှာမူထားတယ်။ ဒီမှာ အများကြီးနွေးတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးဟာ စလေးသရင်း၊ ရေဗင်ခလော၊ ဟာ့ဖ်ဖတ် ဟောက်စ်ကျောင်းသုံးကျောင်းက ကျောင်းသားတွေရှေ့က ဖြတ်သွားတယ်။ ဒီနောက် ဂရစ်ဖင်းဒေါဟောက်စ် ကျောင်းက ကျန်ကျောင်းသားများနဲ့အတူ ခန်းမအစွန်ဆုံးက စားပွဲမှာ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ သူတို့အားမှာက ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်းက တန္တေနှစ်ခ် — ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နှစ်ခ်။ နှစ်ခ်တစ်ကိုယ်လုံး ခပ်ရေးရေး ထိုးအောက်မြင်နိုင်တယ်။ ပုလဲလို ဖြူရောင်သန်းနေတယ်။ ဒီည သူဟာ ဝတ်နေကျ ကိုယ်ကျပ်အကျီ ဝတ်ထားတယ်။ ဒါပေမယ့် အထူးကြီးတဲ့ ဘီးသဏ္ဌာန်ကော်လာတွန့်ကို တပ်ဆင်ထားတယ်။ သူ ဒီကော်လာတွန့်တပ်ဆင်တာ ရည်ရွယ်ချက်နှစ်ခု ရှိတယ်။ တစ်ခုက ပျော်ရွှင်တဲ့မင်္ဂလာသဘော ဆောင်တယ်။ နောက်တစ်ခုက သူ့ခေါင်းဟာ တစ်ဝက်ပြတ်နေတဲ့လည်ပင်းပေါ်မှာ တအား မလှုပ်ယမ်းအောင် ဖြစ်တယ်။

"မင်္ဂလာညချမ်းပါ" သူက သူတို့ကို ပြုံးပြီးပြောတယ်။

"သူ ဘယ်သူ့ကို ပြောတာလဲ" ဟယ်ရီက ပြောရင်း ခရီးသွားဖိနပ်ကို ချွတ်ပြီး အထဲကရေကို သွန်ချတယ်။ "သူတို့ အမျိုးအစားခွဲတဲ့ အခမ်းအနားမြန်မြန်ပြီးစေချင်တယ်၊ ငါဗိုက်ပြားနေပြီ"

အမျိုးအစားခွဲတဲ့ အခမ်းအနားဆိုတာ ကျောင်းပတ်သစ် စ,တိုင်းမှာ ကျောင်းသားသစ်တွေကို ဟောက်စ်ကျောင်းအသီးသီးသို့ ခွဲဝေပေးတာဖြစ်တယ်။ ဒါပေမယ့် ဟယ်ရီဟာ မိမိ ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်းကို ရောက်လာပြီးနောက် အကြောင်းကြောင်းကြောင့် အမျိုးအစားခွဲ အခမ်းအနားကိုကိုယ်တိုင်မကြည့်ခဲ့ရဘူး။ သူဟာ နောက်တစ်ကြိမ် ဖြတ်သန်းချင်တယ်။ ဒီအချိန်မှာပဲ ဝမ်းသာလွန်းလို့ အသက်ရှူမမှန်တဲ့ အသံတစ်သံ စားပွဲဟိုတစ်ဘက်စွန်းကနေ ရောက်လာတယ်။ "ဟိုင်းရာ၊ ဟယ်ရီ" .

အဲဒါ ခိုလင်-ခရီဗီး၊ တတိယနှစ်ကျောင်းသား။ ဟယ်ရီ့ကို သူ့ရဲကောင်းလို သဘောထားတယ်။

"ဟိုင်း၊ ခိုလင်" ဟယ်ရီက အလွန်သတိထားပြီး ပြောတယ်။

"ဟယ်ရီ၊ ဘာလဲ သိလား၊ ဘာလဲ သိလား၊ ဟယ်ရီ။ ကျွန်တော့်ညီလေး ကျောင်းလာနေပြီ။ ကျွန်တော့်ညီ ဒင်း-နစ်"

"အား — ကောင်းတယ်" ဟယ်ရီက ပြောတယ်။

"သူ သိပ်ကို စိတ်လှုပ်ရှားနေတယ်" ခိုလင်က ပြောတယ်။ ခုံပေါ်မှာတောင် ထခုန်နေတယ်။ "သူ့ကို ဂရစ်ဖင်းဒေါ ပို့စေချင်တယ်။ မင်း သူ့အတွက်ဆုတောင်းပေးပါ၊ ဟယ်ရီ၊ ကောင်းလား"

"အော — ကောင်းတယ်၊ ပြဿနာမရှိဘူး" ဟယ်ရီကပြောတယ်။



သူဟာ လှည့်ပြီး ဟာမီး၊ ရွန်နဲ့ ခေါင်းပျောက်ဖို့နည်းနည်းလိုတဲ့နှစ်ခ်ကို ပြောဘယ်။ "ညီအစ်ကိုမောင်နှမတွေကို ယေဘုယျကျောင်းတစ်ကျောင်းတည်းမှာပဲ ထားတယ်၊ ဟုတ်လား" သူက ဝယ်စလီမိသားစုအခြေအနေအရ ခန့်မှန်းတာ ဝယ်စလီမိသားစုက ကလေးခုနစ်ယောက်စလုံး ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်းကို ပို့တယ်။

"အော၊ မသေချာဘူး" ဟာမီးက ပြောတယ်။

"ပါဗာသီ-ဖက်ထီးစ် အမြွှာညီအစ်မ၊ အငယ်မဟာ ရေဗင်ခလောမှာ၊ သူတို့နှစ်ယောက် တစ်ထေရာထဲရယ်။ နင် အစက သူတို့ကို အတူထားမယ်ထင်ဘယ် မဟုတ်လား၊ ဟုတ်လား"

ဟယ်ရီက ဆရာဝန်ထမ်းစားပွဲကို ကြည့်လိုက်တယ်။ အဲဒီမှာ နေရာလွတ်တွေ အရင်ကထက် များနေသလိုပဲ။ ဒါကတော့ ဟက်ဂရစ်ဟာ ပထမနှစ်ကျောင်းသားတွေကို ခေါင်းဆောင်ပြီး ကန်ကို ဖြတ်ကူးနေရတယ်။ မက်ဂေါ်နာဂေါဟာ လူခေါ်ပြီး တံခါးအဝင်ခန်းကြမ်းပြင်ကို သုတ်နေတယ်ထင်တယ်။ ဒါပေမယ့် နေရာတစ်ခု လွတ်နေသေးတယ်။ ဘယ်သူ မလာသေးတာလဲဆိုတာ ဟယ်ရီ တွေးလို့ မရဘူး။

"မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်တဲ့ဆရာကို ဘာကြောင့်မတွေ့တာလဲ" ဟာမီးက ပြောတယ်။ သူမလဲ ဟိုဘက်က ဆရာတွေကို ကြည့်နေတယ်။

သူတို့ မှော်နက်ပညာကာကွယ်တဲ့ အတတ်သင်တဲ့ဆရာဟာ ကျောင်းတော်သုံးပတ်ထက် ပိုနေတာ မရှိခဲ့ဘူး။ ဒီနေ့အထိ ဟယ်ရီ အနှစ်သက်ဆုံးက ပါမောက္ခလူပင်။ ဒါပေမယ့် သူ မနှစ်က အလုပ်က ထွက်သွားပြီ။ ဟယ်ရီက ဆရာဝန်ထမ်းစာပွဲကို ခေါက်တုံ့ခေါက်ပြန်ကြည့်တယ်။ သံသယရှိစရာမလိုတာက မျက်နှာသစ်တစ်ခုမှ မရှိဘူး။

"သူတို့ လူရှာမရဘူးနဲ့ တူတယ်" ဟာမီးကပြောတယ်။ နည်းနည်းစိုးရိမ်ပုံရတယ်။

ဟယ်ရီဟာ ဆရာဝန်ထမ်းစားပွဲကို ပိုသေချာစွာကြည့်တယ်။ သူတို့ရဲ့ မှော်ဂါထာသင်တဲ့ အရပ်ပုပု ပါမောက္ခဖလစ်ဝစ်ဟာ ကူရှင်တစ်ထပ်ကြီးပေါ် ထိုင်နေတယ်။ ဘေးမှာ မှော်ဆေးပင်ပညာဆရာ ပါမောက္ခစပရောက်ခ်သူမရဲ့ဖားလျားချထားတဲ့ မီးခိုးရောင်ဆံပင်ပေါ်မှာ ဦးထုပ်ကို စောင်းစောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသားဘယ်။ သူမဟာ နက္ခတ္တဗေဒဌာနက ပါမောက္ခစင်နီစထရာနဲ့ တစ်ခေ့ ပြောနေတယ်။ ပါမောက္ခစင်နီစထရာရဲ့ ကျန်တစ်ဘက်မှာ မျက်နှာအနော် ငါမွဲမွဲ၊ သိမ်းငှက်နှုတ်သီး နှာခေါင်း၊ ဆံပင်ပျစ်ခဲခဲနဲ့ မှော်ဆေးဆရာ — စနိတ်ပ် ဖြစ်တယ်။ သူဟာ ဟော့ဂ်ဝပ်မှာ ဟယ်ရီ မနှစ်သက်ဆုံးလူ ဖြစ်ဘယ်၊ ဟယ်ရီက စနိတ်ပ်ကို မုန်းတယ်။ စနိတ်ပ်ကလဲ ဒီတိုင်းပဲ ဟယ်ရီ့ကိုရန်ငြိုးထားတယ်။ မနှစ်ကဆိုရင် ဒီလိုရန်ငြိုးဟာ ပိုပြီးပြင်းထန်လာတယ်။ အကြောင်းက ဟယ်ရီဟာ ဆီးရီးအက်စ်ကြယ်ကို စနိတ်ပ်မျက်စိအောက်ကထွက်ပြေးလွတ်မြောက်အောင် ကူညီလို့ — စနိတ်ပ်နဲ့ ဆီးရီးအက်စ်ကြယ်ဟာကျောင်းသားဘဝကတည်းက ရန်သူတွေဖြစ်ကြတယ်။

စနိတ်ပ်ဟိုဘက်က နေရာ လွတ်နေတယ်။ ဟယ်ရီက ဒါ ပါမောက္ခမက်ဂေါ်နာဂေါရဲ့ နေရာလို့ ခန့်မှန်းတယ်။ အဲ့ဒါရဲ့ ဟိုဘက်မှာက စားပွဲရဲ့အလယ်ဗဟို။ ကျောင်းအုပ်ကြီး ပါမောက္ခဒမ်ဘလီဒိုး ထိုင်နေတယ်။ ၎င်းရဲ့ဖားလျားကျနေတဲ့ ငွေရောင်ဆံပင်ရှည်ရှည်နဲ့ မုတ်ဆိတ်မွေးဟာ ဖယောင်းတိုင်မီးရောင်အောက်မှာ လက်နေတယ်။ ခံ့ညားတဲ့ အစိမ်းရင့်ရောင် ဝတ်ရုံရှည်ပေါ်မှာ ကြယ်တွေလတွေပုံ ထိုးထားတယ်။ ဒမ်ဘလီဒိုးရဲ့ သွယ်လျတဲ့လက်နှစ်ဖက်ဟာ လက်ထိပ်ချင်း ထိထားတယ်။ သူ့မေးစေ့ကို လက်ထိပ်ပေါ်အပ်ထားတယ်။ မျက်စိကတော့ လခြမ်းသဏ္ဍာန်မျက်မှန်ချပ်ကနေ အပေါ်က မျက်နှာကြက်ကို မျှော်ကြည့်နေတယ်။ အတွေးထဲ ကျရောက်နေသလိုပဲ။ ဟယ်ရီကလဲ အကြည့်ကို မျက်နှာကြက်ဆီ ပို့လိုက်တယ်။ မျက်နှာကြက်ဟာ မှော်ပညာနဲ့ စီရင်ထားတယ်။ ကြည့်ရတာ အပြင်ကမိုးကောင်းကင်နဲ့ အတူတူပဲ။ ဒီလောက် မိုးရောလေရောပြင်းထန်တာ ဟယ်ရီ မကြုံဖူးဘူး။ တိမ်မည်းတွေ တိမ်ခရမ်းရောင်တွေဟာ လိမ့်လိမ့်တက်နေတယ်။ အပြင်ဘက်နဲ့အတူ မိုးခြိမ်းသံ ပေါ်လာတယ်။ ခက်ရင်းခွသဏ္ဍာန် လျှပ်စီး ဖြတ်လက်သွားတယ်။

"အိုး၊ မြန်မြန်လုပ်ပါ" ရွန်က ညည်းညူပြောတယ်။

"ငါ ဟစ်ပိုဂရစ်ဖ်တစ်ကောင်တောင် စားပစ်နိုင်တယ်"

သူ့စကားသံ ပျောက်ရုံရှိသေးတယ်။ ခန်းမတံခါး ပွင့်သွားတယ်။ အားလုံး ငြိမ်ကျသွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက ပထမနှစ်ကျောင်းသားသစ် အတန်းရှည်ရှည်ကြီးကို ဦးဆောင်ပြီး ခန်းမရဲ့ထိပ်ဆုံးကို ခေါ်သွားတယ်။ ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ တစ်ကိုယ်လုံး စိုရွှဲနေတယ်လို့ပြောရင်၊ ဒီပထမနှစ်



ကျောင်းသားသစ်တွေနဲ့ စာလိုက်ရင် ဘာမှမဟုတ်ဘူး။ သူတို့ ပုံပန်းကြည့်ရတာ ဘူတို့လှေစီးခဲ့တာ မဟုတ်ဘဲ ကန်ထဲ ရေကူးဖြတ်လာခဲ့သလိုပဲ။ သူတို့ဟာ ဆရာလုပ်သားစားပွဲနဲ့ယှဉ်ပြီး အတန်းတစ်တန်းစီတယ်။ ရပ်လိုက်ပြီး ကျောင်းသားအားလုံးကို မျက်နှာမူကြတယ်။ သူတို့ဟာ အေးလဲအေး၊ စိုးရိမ်လဲ စိုးရိမ်တဲ့အကြောင့် အားလုံးတုန်နေတယ် — အငယ်ဆုံးကောင်လေးက လွဲလို့။ သူ့မှာ ညိုတိုတိုဆံပင်ရှိပြီး၊ ကိုယ်ပေါ်မှာ ဘာပတ်ထားမှန်း မသိဘူး။ ဟယ်ရီဟာ အဲဒါ ဟက်ဂရစ်ရဲ့ မြွေပါသားရေအကျီကြီးမှန်း ကြည့်လိုက်တာနဲ့ သိတယ်။ အဲဒီအပေါ်အကျီကြီးကို သူဝတ်တာ သိပ်ကြီးလွန်းလို့ သူ့ပုံပန်းဟာ အနက်ရောင်ယပ်ကပ်အမွေးပါ သားရေရွက်ထည်တဲကြီး အုပ်ထားသလို ဖြစ်နေတယ်။ သူ့မျက်နှာလေးဟာ ကော်လာထဲက ထိုးထွက်လာတယ်။ အမူအရာက သိပ်ကိုစိတ်လှုပ်ရှားနေပုံရတယ်။ သူနဲ့ ကြောက်ရွံ့စိုးရိမ်နေကြတဲ့ အဖော်တွေ အတူတန်းစီကြတော့ သူ့ကြည့်ဟာ ခိုလင်-ခရီဗီးနဲ့ ဆုံမိကြတယ်။ သူက လက်မနှစ်ခုကို ထောင်ပြီး အသံမထွက်ဘဲ ပါးစပ်ပုံစံနဲ့ ပြောတယ်။ "ကျွန်တော်ရေထဲ ပြုတ်ကျတယ်" သူ့ကြည့်ရတာ ဒီအတွက် သိပ်ပျော်နေပုံရတယ်။

ဒီအချိန်မှာ ပါမောက္ခမက်ဂေါ်နာဂေါဟာ ခြေသုံးချောင်း ထိုင်ခုံတစ်ခုကို ကျောင်းသားသစ်တွေရှေ့က မြေကြီးပေါ် ချလိုက်တယ်။ တစ်ခါ ထိုင်ခုံပေါ်မှာ ညစ်ပတ်စုတ်ပြတ်တဲ့ အဖာအထေးတွေ ပြည့်နေတဲ့ မှော်ဆရာဦးထုပ်ဟောင်းသုံး တင်ထားလိုက်တယ်။ ပထမနှစ်ကျောင်းသားသစ်တွေဟာ ၎င်းကို ငိုင်ကြည့်နေတယ်။ ကျန်လူတွေလဲ ၎င်းကိုကြည့်နေတယ်။ ခန်းမထဲမှာ ခဏတာ တိတ်သွားတယ်။ ဒီနောက်မှာ ဦးထုပ်အနားပေါ်မှာရှိတဲ့ အပေါက်တစ်ခုဟာ ပါးစပ်လို ပွင့်လာတယ်။ ဦးထုပ်က ရုတ်တရက် သီချင်းဆိုလာတယ်။

နှစ်တစ်ထောင် (သို့မဟုတ်) ဒီထက်ပိုစောတယ်။
ငါ့ကို ချုပ်လုပ်ပြီးခါစကပေါ့၊
နာမည်ကြီး မှော်ဆရာကြီး လေးယောက် ရှိတယ်၊
သူတို့နာမည် ခုထိ ကျော်ကြားနေတယ်။
သတ္တိရှိတဲ့ ဂရစ်ဖင်းဒေါဟာ နုံးမြေရိုင်းက လာတယ်။
လှပတဲ့ ရေဗင်ခလောဟာ ငြိမ်သက်တဲ့ချောင်း
ဘေးက လာတယ်။
သဘောကောင်းတဲ့ ဟာ့ဖ်ဖတ်ဟာ ကျယ်ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားက လာတယ်။
ပါးနပ်တဲ့ စလေးသရင်းဟာ ညွန်တောထဲ
က လာတယ်။
သူတို့မှာ တူညီတဲ့ မျှော်လင့်ချက်တစ်ခု၊ ယုံကြည်ချက်
တစ်ခု၊ အိပ်မက်တစ်ခုရှိကြတယ်၊
ရဲရင့်တဲ့ စိမ့်ကိန်းလဲ ရှိကြတယ်။
ငယ်ရွယ်တဲ့ မှော်ဆရာတွေကို ပျိုးထောင်တယ်၊
ဒီလိုနဲ့ ဟော့ဂ်ဝပ်ကျောင်းကြီး တည်ထောင်ခဲ့တယ်။
ဒီတည်ထောင်သူ လေးယောက်စလုံးဟာ၊
လူတိုင်း၊ မိမိတို့ ဟောက်စ်ကျောင်းကို တည်ထောင်ကြတယ်။
သူတို့ ကျောင်းသားတွေအပေါ်မှာ အလေးထား
တဲ့အချက်တွေ မတူကြဘူး။
ဂရစ်ဖင်းဒေါက သတ္တိအရှိဆုံးလူကို အမြင့်
ဆုံး ချီမြှင့်ရမယ်လို့ နားလည်တယ်။
ရေဗင်ခလောက ဉာဏ်အကောင်းဆုံးလူသာ
အတော်ဆုံးလို့ ထင်တယ်။
ဟော့ဖ်ဖတ်က၊ ကြိုးစားအားထုတ်ဆုံး
လူမှသာ ဟောက်စ်ကျောင်းသို့ ဝင်နိုင်တယ်လို့
ထင်တယ်။
အာဏာကို တပ်မက်တဲ့ စလေးသရင်းကတော့၊
ရှမ္မက်ရှိတဲ့ လူငယ်တွေကို ကြိုက်နှစ်သက်တယ်။
မှော်ဆရာကြီးလေးယောက် အသက်ထင်ရှားရှိစဉ်မှာ
ကြိုက်နှစ်သက်တဲ့ကျောင်းသားကို ရွေးယူကြတယ်။
ဒါပေမယ့် ၎င်းတို့ ကွယ်လွန်သွားပြီးနောက်၊
ကျောင်းသားတွေကို ဘယ်လိုရွေးထုတ်မလဲ။
ဂရစ်ဖင်းဒေါက နည်းလမ်းတစ်ခု တွေ့ရှိတယ်။
သူက ကျုပ်ကို သူ့ခေါင်းပေါ်က ချွတ်လိုက်တယ်။
တည်ထောင်သူများဟာ ကျုပ်ကို အတွေးအခေါ်
သွင်းပေးတယ်။ ဒါကြောင့် သူတို့အစား၊ ကျုပ်က ရွေးပေးနိုင်တ



အခု၊ ကျုပ်ကို ခေါင်းပေါ် နားပါ သေချာအုပ်စွပ်လိုက်၊
ကျုပ် လူကြည့် ဘယ်တုန်းကမှ မမှားဘူး။
ကျုပ် မင်း ခေါင်းထဲထိ ကြည့်မယ်။
ပြီးတော့ ဘယ်ဟောက်စ်ကျောင်းနဲ့
ဆိုင်တယ်ဆိုတာ ပြောမယ်။

အမျိုးအစားခွဲဦးထုပ် သီဆိုပြီးနောက် ခန်းမထဲမှာ လက်ခုပ်သံတွေ ...်သဲ့စွာ ပေါ်ထွက်လာတယ်။

"ဒီသီချင်းက ငါတို့အမျိုးအစားခွဲတုန်းက သီဆိုတဲ့ သီချင်းမဟုတ်ဘူး" ...ရီက အများနဲ့အတူ လက်ခုပ်တီးရင်း ပြောတယ်။

"နှစ်တိုင်း ဆိုတဲ့သီချင်း မတူဘူး" ရွန်ကပြောတယ်။ "ဦးထုပ်တစ်လုံး ...နဲ့ သူ့ဘဝက သိပ်ကို ပျင်းစရာကောင်းမယ်နော်။ သူ တစ်နှစ်လုံးလုံး ...ယူပြီး နောက်သီချင်းတစ်ပုဒ်ကို စဉ်းစားတယ်နဲ့ တူတယ်"

အခု၊ ပါမောက္ခမက်ဂေါ်နာဂေါက သိုးရေစက္ကူလိပ်ကြီးတစ်ခုကို ဖြန့် ...တယ်။

"နာမည်အခေါ်ခံရတဲ့လူက ဦးထုပ်ကို ခေါင်းမှာဆောင်းပြီး ခုံပေါ် ...ိုင်" သူက ပထမနှစ်ကျောင်းသားတစ်ယောက်ကို ပြောတယ်။ "ဦးထုပ်က ...က်စ်ကျောင်းနာမည် ကြေညာပြီးတော့မှ သက်ဆိုင်ရာစားပွဲကို သွားထိုင်"

"အက်ကာလီ၊ စထူးဝပ်"

ကောင်လေးတစ်ယောက် ရှေ့တက်လာတယ်။ သူ ခြေဆုံးခေါင်းဆုံး ...နေတာ တွေ့ရတယ်။ သူက အမျိုးအစားခွဲ ဦးထုပ်ကိုယူပြီး ခေါင်းပေါ် ...င်းလိုက်ကာ ဟိုခုံပေါ် ထိုင်လိုက်တယ်။

"ရေဗင်ခလော" အမျိုးအစားခွဲဦးထုပ်က အော်တယ်။

စထူးဝပ်-အက်ကာလီ ဦးထုပ်ဖြုတ်ပြီး ရေဗင်ခလောစားပွဲဘေး ထိုင် ...ခုံမှာ အမြန်ပြေးထိုင်လိုက်တယ်။ စားပွဲမှာ ထိုင်နေတဲ့ လူတိုင်း သူ့ကို ...ပ်သြဘာပေးကြတယ်။ ဟယ်ရီဟာ မထင်မှတ်ဘဲ ရေဗင်ခလောအသင်း ...ှာပမ်းသမား ချို-ချမ်းကို မြင်လိုက်ရတယ်။ သူမဟာ စထူးဝပ်-အက်ကာလီ ...က်ချိန်မှာ ဝမ်းသာအားရ အော်ပြီး သြဘာပေးနေတယ်။ အဲ့ဒီအခိုက်မှာ ...ရီဟာ ထူးဆန်းတဲ့ဆန္ဒတစ်ခု ပေါ်လာတယ်။သူ ရေဗင်ခလောစားပွဲမှာ ...ိုင်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘက်ဒေါ့စ်၊ မော်ခွမ်း"

"စလေးသရင်း"

ခန်းမ ဟိုတစ်ဖက်က စားပွဲဆီကနေ အော်ဟစ်ဩဘာပေးသံ ပေါ်ထွက်လာတယ်။ ဘက်ဒေါ့ခ် စလေးသရင်းထဲ ရောက်သွားတဲ့အခါမှာ မော်ဖိုး ဘအားလက်ခုပ်တီးနေတာ ဟယ်ရီမြင်ရတယ်။ စလေးသရင်း ဟောက်စ်ထ ထွက်လာတဲ့ မှော်နက်မှော်ဆရာတွေဟာ တခြားဟောက်စ်ကထက် များတယ် ဆိုတာ ဘက်ဒေါ့ခ် သိမှသိပါလေစလို့ ဟယ်ရီက တွေးတယ်။ မော်ခွမ်း-ဘတ် ဒေါ့ခ် ထိုင်ချလိုက်ချိန်မှာ ဖရက်နဲ့ဂျော့ဟာ တရှုံးရှုံးလုပ်ပြီး ပြောင်းပြန်ဩဘာ ပေးတယ်။

"ဘရန်းစတုံး၊ အဲလီနော်"

"ဟာ့ဖ်ဖတ်"

"ခေါက်ဒ်ဝဲ၊ အိုဝင်"

"ဟာ့ဖ်ဖတ်"

"ခရီဗီး၊ ဒင်းနစ်"

ဒင်းနစ်-ခရီဗီးလေးဟာ လဲလဲပြိုပြိုနဲ့ ရှေ့တက်သွားတယ်။ ဟက် ရစ်ရဲ့ မြွေပါသားရေအကျႌကြီးနဲ့ တုပ်မိနေတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဟက် ဂရစ်ဟာ ဆရာလုပ်သားစားပွဲ နောက်ဘက်က တံခါးတစ်ခုကနေ ခန်းမထဲ လစ်ဝင်လာတယ်။ ဟက်ဂရစ်ရဲ့အရပ်ဟာ ပုံမှန်လူတွေရဲ့ နှစ်ဆ၊ ကိုယ်လုံး ကိုယ်ထည်က ပုံမှန်လူတွေထက် သုံးဆရှိပြီး ဆံပင်နက်ရှည်ရှည်နဲ့ မုတ်ဆိတ် နက်ရှည်ရှည်ဟာ ရောထွေးလိမ်ရှုပ်နေတဲ့အတွက် ကြောက်စရာကောင်းနေ တယ် — လူတွေကို အထင်လွဲမှား ခံစားစေတတ်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမ တို့ကတော့ ဟက်ဂရစ်ဟာ စင်စစ်မှာ အလွန်စိတ်ကောင်းစေတနာရှိတဲ့လူ တာ သိတယ်။ သူက သူတို့ကို မျက်စိမှိတ်ပြပြီး ဆရာလုပ်သားစားပွဲရဲ့ အစွန်း ထိုင်လိုက်တယ်။ ဒင်းနစ်-ခရီဗီး အမျိုးအစားခွဲဦးထုပ်ဆောင်းတာကို ကြည့် တယ်။ ဦးထုပ်အနားပေါ်က အဟ ပေါ်လာတယ် —

"ဂရစ်ဖင်းဒေါ" ဦးထုပ်က အကျယ်ကြီးပြောတယ်။

ဒင်းနစ်-ခရီးဗီး ဝမ်းသာလို့ မျက်နှာကြီး အရောင်တောက်နေတယ် သူက ဦးထုပ်ကိုချွတ်ပြီး ခုံပေါ် ပြန်တင်လိုက်တယ်။ ဒီနောက် အမြန်ပြေး ပြီး သူ့အစ်ကိုနဲ့ လာထိုင်တယ်။ ဒီအချိန်မှာ ဟယ်ရီဟာလဲ တခြားဂရစ်ဖင်း



ကျောင်းသားများနဲ့အတူ လက်ခုပ်တီးတယ်။

"ခိုလင်၊ ကျွန်တော် ရေထဲကျသွားတယ်" သူက နေရာလွတ်မှာ ဝင် ထိုင်လိုက်တာနဲ့ အသံစူးစူးပြောတယ်။ "သိပ် ပြောင်မြောက်တာပဲ၊ ရေထဲက အရာတစ်ခု ကျွန်တော့်ကိုဖမ်းပြီး လှေပေါ် ပြန်တင်တယ်"

"သိပ်မိုက်တယ်" ခိုလင်ကပြောတယ်။ ညီလေးလိုပဲ စိတ်လှုပ်ရှားနေ တယ်။ "ဧရာမပြည်ကြီးငါးကြီးဒင်းနစ်"

"ဝိုး"ဒင်းနစ်က ထအော်တယ်။ သူ ခုနက လှိုင်းလေပြင်းထန်တဲ့ နက် နှိုင်းတဲ့ကန်ကြီးထဲ လွင့်ကျသွားတယ်၊ တစ်ခါ ဧရာမရေသရဲကြီး ပြန်တွန်းပို့တာ ခံရတယ်။သူဟာ ဘယ်သူမှ အိပ်မက်တောင် မမက်ဝံ့ပေမယ့် မျှော်လင့်တဲ့ အတွေ့အကြုံလို့ သူခံစားရတယ်။

"ဒင်းနစ်၊ ဒင်းနစ်၊ ဟိုဘက်က ယောက်ျားလေးကို မြင်လား။ ဆံပင် နက်နက်၊ မျက်မှန်နဲ့ဟာလေ၊ မြင်ရပြီလား။ သူဘယ်သူဆိုတာ မင်းသိလား၊ ဒင်းနစ်"

ဟယ်ရီက အကြည့်ကို လွှဲလိုက်တယ်၊ အမျိုးအစားခွဲ ဦးထုပ်ကို စိုက် ကြည့်နေတယ်။ အခု၊ အမ်မာ၊ ဒေါ့ဘ်စ်အလှည့်။

အမျိုးအစားခွဲအခမ်းအနား ဆက်လုပ်နေတယ်။ ကျောင်းသား၊ ကျောင်းသူသစ်တွေဟာ အနည်းနဲ့အများ စိုးရွံ့စိတ်နဲ့ တစ်ယောက်ပြီးတစ် ယောက် ခြေသုံးချောင်းထောက်ခုံဆီ သွားကြတယ်။ တန်းစီတဲ့လူ နည်းနည်း ရတယ်။ ပါမောက္ခမက်ဂေါ်နာဂေါဟာ နာမည်စာရင်းထဲက L နဲ့စတဲ့ နာမည် တွေကို ဖတ်ပြီးသွားပြီ။

"အိုး၊ မြန်မြန်လုပ်ပါ" ရွန်က ညည်းညူတယ်၊ လက်နဲ့ ဗိုက်ကိုပွတ် တယ်။

"ဒီမှာ၊ ရွန်၊ အမျိုးအစားခွဲတဲ့ အခမ်းအနားဟာ ထမင်းစားတာထက် အများကြီး အရေးကြီးတယ်" ခေါင်းပျောက်ဖို့နည်းနည်းလိုတဲ့ နစ်ခ်ကပြော တယ်။ ဒီအချိန်မှာ မက်ဒ်လေး၊ လော်ရာကို ဟာ့ဖ်ဖတ်သို့ ခွဲဝေပေးတယ်။

"ခင်ဗျားက လူသေပဲ၊ ဒီလိုပြောမှာပေါ့" ရွန်က ပြန်ချေပတယ်။

"ဒီနှစ် ဂရစ်ဖင်းဒေါရောက်တဲ့ ကျောင်းသားအားလုံး လူတော်တွေ ဖြစ်စေချင်တယ်" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတော့တဲ့နစ်ခ်က ပြောတယ် — ဒီအချိန်မှာ မက်ဒန်းနော်၊ နာတာလီဟာ ဂရစ်ဖင်းဒေါ ထမင်းစားပွဲ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သာတယ်၊ နစ်ခ်က လှိုက်လှဲစွာ လက်ခုပ်တီးတယ်။ "ကျုပ်တို့ အနိုင်ရတဲ့ အရှိန်ကို သေသွားစေချင်ဘူး၊ ဟုတ်လား"

ဂရစ်ဖင်းဒေါ်ဟာ သုံးနှစ်လုံးလုံး ဟောက်စ်ဖလားပွဲမှာ ဗိုလ်စွဲခဲ့တယ်။

"ဖရစ်ချာ့ဒ်၊ ဂရေဟမ်"

"စလေးသရင်း"

"ခွေးခ်၊ အော်လာ"

"ရေဗင်ခလော"

နောက်ဆုံး ဝုက်ဘီ၊ ခီဗင်၊ ဟာ့ဖ်ဖတ်လို့ ခေါ်လိုက်သံနဲ့အတူ အမျိုးအစားခွဲ အခမ်းအနား ပြီးဆုံးသွားတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ အမျိုးအစားခွဲဦးထုပ်နဲ့ ခုံလေးကို ကောက်ယူသွားတယ်။

"အချိန်တန်ပြီ" ရွန်ကပြောရင်း ဓားနဲ့ခက်ရင်းကို ကောက်ကိုင်တယ်။ သူ့ရှေ့က ရွှေပန်းကန်ပြားတွေကို ငေးကြည့်နေတယ်။

ပါမောက္ခဒမ်ဘယ်လီဒိုး မတ်တတ်ရပ်လိုက်တယ်။ သူက ကျောင်းသားအားလုံးကို ပြုံးပြုံးကြီးကြည့်နေတယ်။ လက်နှစ်ဖက်ကိုဖြန့်ပြီး ကြိုဆိုတဲ့ပုံစံလုပ်နေတယ်။

"စကားနှစ်လုံးပဲ ပြောစရာရှိတယ်" သူကပြောတယ်၊ သူ့နက်ရှိုင်းတဲ့အသံဟာ ခန်းမထဲမှာ ပဲ့တင်ထပ်သွားတယ်။ "စားကြ"

"ကြားရပြီ၊ ကြားရပြီ"ဟယ်ရီနဲ့ရွန် တအားအော်ကြတယ်။ သူတို့ရှေ့က ပန်းကန်ပြားတွေထဲမှာ ရုတ်တရက် ထူးဆန်းစွာ အစားအစာတွေ ပြည့်လာတာကို ကြည့်နေတယ်။

ခေါင်းပျောက်ဖို့နည်းနည်းလိုတော့တဲ့ နစ်ခ်ဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အစားအစာတွေကို မိမိတို့ပန်းကန်ထဲ ခပ်ထည့်တာကို ဝမ်းနည်းစွာ ကြည့်နေတယ်။

"အား၊ အခုမှ သက်သာတော့တယ်" ရွန်က ပါးစပ်ထဲမှာ အာလူးဘောင်းကြော်တွေအပြည့်နဲ့ ဗလုံးဗထွေးပြောတယ်။

"မင်းတို့သိရမှာက၊ ကံကောင်းတယ်မှတ်။ ဒီည ညစာစားပွဲ ပစ်ရှိနည်းနည်းလိုတယ်" ခေါင်းပျောက်ဖို့နည်းနည်းလိုတဲ့ နစ်ခ်က ပြောတယ်။ "စောစောတုန်းက မီးဖိုထဲမှာ ပြဿနာပေါ်တယ်"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လဲ" ဟယ်ရီ့ပါးစပ်ထဲမှာ အမဲသားတုံးအကြီး



ကြီး ငုံထားရင်း ဗလုံးဗထွေး မေးတယ်။

"သရဲဖီးဗိစ် နှောင့်ယှက်တာပဲပေါ့" နစ်ခ်ကပြောရင်း ခေါင်းခါတယ်၊ ဒါကြောင့် သူ့ခေါင်းဟာ အလွန်အန္တရာယ်ကြီးစွာ လှုပ်ခါလာတယ် — သူဟာ ဇက်ဝိုင်းသဏ္ဍာန် ကော်လာအတွန့်ကို အမြန်ဆွဲတင်ပြီး လည်ပင်းကို ကာကွယ်ထားလိုက်တယ်။ "သူက ဟိုကိစ္စအတွက် ဆူပူနေတာ။ မင်းတို့သိတာပဲ၊ သူညစာစားပွဲ ပါဝင်ချင်တယ် — အင်း၊ ဒါလုံးဝမဖြစ်နိုင်ဘူး။ သူ့အကြောင်းမင်းတို့သိပါတယ်၊ သွန်သင်ဆုံးမမှု မရှိဘူး။ စားစရာမြင်တာနဲ့ လျှောက်ပစ်ပေါက်တယ်။ ကျုပ်တို့ သရဲသဘက် အစည်းအဝေး ခေါ်တယ် — ဘုန်းကြီးဘုတ်ကတော့ ဒီတစ်ကြိမ် ခွင့်ပြုဖို့ပြောတယ် — ဒါပေမယ့် သွေးဘာရွန်က ...းဝသဘောမတူဘူး။ သူဒီလိုလုပ်တာ အလွန်အမြော်အမြင်ရှိတယ်လို့ ကျုပ်...င်တယ်"

သွေးဘာရွန်ဟာ စလေးသရင်းဟောက်စ်က တစ္ဆေ၊ စကားနည်းတဲ့ ...ဘဉ်၊ ကိုယ်ပေါ်မှာ ငွေရောင်သွေးတွေချည်းပဲ။ ဟော့ဂ်ဝပ်မှာဆိုရင် သူက ...သာ သရဲဖီးဗိစ်ကို တကယ်နိုင်တာ။

"ဒါကြောင့်ကိုး၊ သရဲဖီးဗိစ် တစ်ခုခုကြောင့် စိတ်ဆိုးနေတယ်လို့ ကျွန်...တော်တို့ခံစားရတယ်" ရွန်က မှုန်ကုပ်ကုပ်ပြောတယ်။"သူ မီးဖိုထဲမှာ ဘာလုပ်...လဲ"

"အိုး၊ ခါတိုင်းလိုပဲ" နစ်ခ်က ပခုံးတွန့်ပြီးပြောတယ်။ "ဖျက်ဆီးတာ...ပေါ့၊ ရှုပ်ယှက်ခတ်ကုန်တယ်။ အိုးတွေခွက်တွေ နေရာတကာ လွင့်ပစ်တယ်၊ ...ဖိုတစ်ခုလုံး ဟင်းရည်တွေနဲ့ ရေကြီးကုန်တယ်။ အိမ်မွေးမှင်စာလေးတွေ ...ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်တယ် —"

ခရမ်း။ ဟာမီးရဲ့ ခြေတံရှည် ရွှေအရက်ခွက် မှောက်သွားတယ်၊ ...ရွှေဖရုံသီးအရည်တွေ စားပွဲပေါ် အဆက်မပြတ် ကျလာတယ်။ အဖြူရောင်...ဒင်ပိတ်စကို ပေအချို့ လိမ္မော်ရောင်ဖြစ်သွားစေတယ်။ ဒါပေမယ့် ဟာမီးက ...အရေးမလုပ်ဘူး။

"ဒီမှာလဲ အိမ်မွေးမှင်စာလေးတွေ ရှိတယ်?" သူမဟာ အံ့ဩတုန်...လှုပ်စွာ နစ်ခ်ကို ကြည့်နေတယ်၊ မေးတယ်။ " ဟော့ဂ်ဝပ်မှာ?"

"ဒါ ဘာပြောစရာလိုလဲ" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့နစ်ခ်...က ပြောတယ်၊ သူမတုံ့ပြန်ပုံကို နည်းနည်းအံ့ဩသွားတယ်။ "အင်္ဂလန်ရှိ နေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းမှာရှိတဲ့ အိမ်မွေးမှင်စာလေးတွေဟာ ဒီမှာလောက်များတာ မရှိဘူး ဆို့ ကျင်ယုံကြည်တယ်။ တစ်ရာကျော်ရှိတယ်"

"ကျွန်မ တစ်ယောက်မှ မမြင်ဖူးဘူး" ဟာမီးက ပြောတယ်။

"အိုး၊ သူတို့နေ့ပိုင်းမှာ မီးဖိုထဲမှာပဲနေတယ်။ ဟုတ်တယ်မဟုတ်လား" နင်နံက ပြောတယ်။ "ညကျမှ သန့်ရှင်းရေးထွက်လုပ်တယ် . . . . မီးဖိုကို ကြည့်ရှုထိန်းသိမ်းတယ် . . . . ကျုပ်ဆိုလိုတာက၊ မင်းသူတို့ကို မမြင်သင့်ဘူး၊ ဟုတ်လား။ ကောင်းတဲ့ အိမ်မွေးမှင်စာလေးရဲ့ အမှတ်အသားဟာ၊ ၎င်းရှိနေမှန်း သင် လုံးဝမသိရတာပဲ၊ ဟုတ်လား"

ဟာမီးက သူ့ကို ပြူးကြည့်နေတယ်။

"ဒါဆို သူတို့လုပ်ခ ရလား" သူမက မေးတယ်၊ "သူတို့ ခွင့်ရက်ရှိလား ပြီးတော့ — သူတို့မှာ ဖျားနာခွင့်၊ ထောက်ပံ့ကြေး၊ အမျိုးမျိုး အားလုံးရကြလား"

နစ်ခ်က တခစ်ခစ်ရယ်တယ်။ သူရယ်တာ သိပ်ပြင်းသွားလို့ စက်ဝိုင်းသဏ္ဌာန်ကော်လာအတွန့် စောင်းသွားပြီး ခေါင်းပြုတ်ကျလာတယ်။ လည်ပင်းနဲ့ ဆက်နေသေးတဲ့ အရေပြားနဲ့ အသားအသေ တစ်လက်မ နှစ်လက်မနဲ့ တွဲနေတယ်၊ လှုပ်လှုပ်ခါခါ တွဲလောင်းကြီး ဖြစ်နေတယ်။

"ဖျားနာခွင့်နဲ့ ထောက်ပံ့ကြေး?" သူကပြောရင်း ခေါင်းကိုလည်ပင်းပေါ် ပြန်တင်လိုက်တယ်၊ စက်ဝိုင်းသဏ္ဌာန် ကော်လာအတွန့်နဲ့ ပြန်ချုပ်ထားလိုက်တယ်။ "အိမ်မွေးမှင်စာကလေးတွေဟာ ဖျားနာခွင့်နဲ့ ထောက်ပံ့ကြေး မလိုဘူး"

ဟာမီးဟာ မိမိပန်းကန်ထဲက လုံးဝမထိသလောက် ရှိနေသေးတဲ့ အစားအစာတွေကို ငုံ့ကြည့်နေတယ်။ ဒီနောက် ဓားနဲ့ ခက်ရင်းကို ပန်းကန်ပြားပေါ် တင်ထားလိုက်ပြီး ပန်းကန်ကို တွန်းပစ်လိုက်တယ်။

"အိုး၊ ချမ်းသာပေးပါ" ရွန်ကပြောရင်း ရော့ခ်ရှိုင်းယား ပူတင်းအကြေတွေကို ဟယ်ရီ့ကိုယ်ပေါ် မှုတ်ထုတ်မိတယ်။ "အမလေး — ဝမ်းနည်းပါတယ် ဟယ်ရီ —" သူက တအားမျိုချလိုက်ပြီး "နင် ကိုယ့်ကိုကိုယ် ငတ်သေအောင် လုပ်လဲ၊ ၎င်းတို့အတွက် ဖျားနာခွင့် တောင်းဆိုလို့ ရမှာ မဟုတ်ဘူး"

"ကျွန်လုပ်သား" ဟာမီးက ပြောတယ်၊ အသက်ရှူ အလွန်ပြင်းတယ်။ "ဒီညစာက ဒီလိုလာတာ၊ ကျွန်လုပ်သား"

သူမဟာ တစ်လုတ်မှ မစားဘူး။



မိုးဟာ မြင့်မားတဲ့၊ မှောင်မည်းနေတဲ့ ပြတင်းပေါက်ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်နေဆဲပဲ။ မိုးချုန်းသံ ပေါက်ကွဲထွက်လာပြန်တယ်၊ မှန်ပြတင်းတွေ တဒိုင်းဒိုင်းမြည်နေတယ်။ အုံ့ဆိုင်းတဲ့မျက်နှာကြက်ကို လျှပ်စီးဖြတ်သွားတယ်၊ ရွှေပန်းကန်ပြားတွေကို လင်းသွားစေတယ်။ ပန်းကန်ထဲက ကျန်ရှိနေတဲ့ ပထမအစားအစာ ပျောက်သွားပြီး မျက်စိတစ်မှိတ်အတွင်းမှာ အချိုစာတွေ ပြည့်လာပြန်တယ်။

"သကာဥာပနာမုန့်၊ ဟာမီး" ရွန်ကပြောရင်း အစာသွတ်မုန့်မွှေးမွှေး လေးကို ဟာမီးရှေ့ တမင်ထိုးပေးတယ်။ "စပျစ်ခြောက်ပူတင်း၊ ကြည့်စမ်း၊ ချောကလက်ကိတ်လဲ ပါတယ်"

ဟာမီးက သူ့ကို မျက်စောင်းထိုးလိုက်တယ်။ အဲ့ဒီအကြည့်ဟာ သူ့ကို ပါမောက္ခမက်ဂေါ်နာဂေါကို သွားသတိရစေတယ်။ ရွန် ချက်ချင်းထိန်းသိမ်းလိုက်တယ်။

နောက်ဆုံး အချိုစာလဲ ပြောင်သွားတယ်။ ပန်းကန်ပြားထဲ ကျန်တဲ့ မုန့်ကြေတွေ ပျောက်သွားတယ်။ ပန်းကန်လဲ သန့်သန့်ရှင်းရှင်း ဖြစ်သွားတယ်၊ တောက်ပြောင်သွားတယ်။ အခု အောဘတ်စ်-ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်ပြန်တယ်။ ခန်းမထဲက တအုန်းအုန်းစကားသံတွေ ရပ်သွားတယ်၊ လေပြင်းအော်သံနဲ့ မိုးပြင်းရိုက်ခတ်သံပဲ ကြားရတယ်။

"ကောင်းပြီ" ဒမ်ဘလီဒိုးဟာ အများကို ပြုံးပြုံးကြီးကြည့်နေတယ်။ သူကပြောတယ်။ "အခု ကျုပ်တို့စားလို့သောက်လို့ဝပြီ။ ('ထွီ'ဟာမီးက ပြောတယ်) အားလုံးကို သတိပြုဖို့ ထပ်ပြီး မေတ္တာရပ်ခံပါတယ်။ ကျုပ်ကြေညာချက်တချို့ ကြေညာပါမယ်။

"ကျောင်းစောင့် မစ္စတာဖစ်ခ်ျက ကျုပ်ကို အများသိအောင် ပြောပြစေချင်တယ်။ ဒီနှစ် ရဲတိုက်အတွင်းမှာ တားမြစ်တဲ့ အသုံးအဆောင်တချို့ တိုးလာတယ်။ ၎င်းတို့ကတော့ စူးရှစွာအော်တတ်တဲ့ယိုးယိုဘော၊ သွားပါတဲ့ ပန်းကန်ပြားပျံနဲ့ ဆက်တိုက်ထိမှန် ပစ်ရာ ပြန်ရောက် သစ်သားတုတ်ကောက်တွေဖြစ်တယ်။ စာရင်းအပြည့်အစုံမှာ ပစ္စည်းပေါင်း ၄၃၇ ခု ပါလိမ့်မယ်။ မစ္စတာဖစ်ခ်ျရဲ့ရုံးခန်းမှာ မြင်တွေ့နိုင်တယ်။ တိုက်ကြည့်ချင်တဲ့လူတွေ သွားတိုက်ကြည့်ကြပါ"

ဒမ်ဘလီဒိုးရဲ့ပါးစပ်ထောင့် တွန့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်ပြောတယ်။ "အရင်ကလိုပဲ၊ အများကို သတိပေးချင်တာ ဘာတော့ ကျွင်းဟိုတစ်ဖက်က တားမြစ်သစ်တောထဲကို ကျောင်းသားတွေ မဝင်ရဘူး၊ ဟော့ဂ်စ်မိဒ်ရွာကိုတော့ တတိယနှစ်အောက် ကျောင်းသားတွေ မသွားရဘူး၊

"ကျုပ်စိတ်မကောင်းစွာနဲ့ အားလုံးကို ပြောပြရမှာက ဒီနှစ် ဟောက်စ်ခွဲဒ်ဖလားပွဲ မပြုလုပ်တော့ဘူး"

"ဘာ?" ဟယ်ရီဟာ အံ့ဩလွန်းလို့ အသက်ရှူ မမှန်တော့ဘူး။ သူက သူ့ခွဲဒ်စ်အသင်း ကစားဖော် ဖရက်နဲ့ဂျော့ကို လှည့်ကြည့်တယ်။ သူတို့လဲ ပါးစပ်ကြီးအဟောင်းသားနဲ့ ဒမ်ဘာလီဒိုးကို စိုက်ကြည့်နေတယ်၊ အံ့ဩလွန်းလို့ စကားမပြောတတ်တော့သလိုပဲ။ ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "ဒီလိုလုပ်တာဟာ အောက်တိုဘာလပိုင်းမှာ ပွဲကြီးတစ်ပွဲ ပြုလုပ်မှာမို့ပဲ။ တစ်နှစ်ပတ်လုံး ဆက်တိုက်လုပ်မှာ၊ ဆရာတွေရဲ့ အချိန်နဲ့ စွမ်းအား အများကြီးပေးရမယ် — ဒါပေမယ့် မင်းတို့ ဒီထဲမှာ ပျော်ရွှင်မှုအများကြီး ရလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ အလွန်ဝမ်းသာစွာနဲ့ အားလုံးကို ကြေညာလိုက်တယ်။ ဒီနှစ် ဟော့ဂ်ဝပ်မှာ—"

ဒီအချိန်မှာပဲ နားကွဲမတတ် မိုးချုန်းသံကြီး ပေါ်ထွက်လာတယ်၊ ခန်းမတံခါးကြီး ဒိုင်းခနဲ ပွင့်သွားတယ်။

ယောက်ျားတစ်ယောက် တံခါးဝမှာ ရပ်နေတယ်၊ တုတ်ကောက်ရှည်တစ်ချောင်း ထောက်ထားတယ်။ အနက်ရောင် ခရီးသွားခြုံထည် ခြုံထားတယ်၊ ခန်းမထဲက လူအားလုံး အဲ့ဒီသူစိမ်းကို လှည့်ကြည့်တယ်။ ရုတ်တရက် ခက်ရင်းခွသဏ္ဌာန်လျှပ်စီး မျက်နှာကြက်ကို ဖြတ်သွားတယ်။ သူစိမ်းကို လင်းသွားစေတယ်။ သူက ခေါင်းစွပ်ဦးထုပ်ကို ဖြုတ်လိုက်တယ်။ ဖြူမွဲမွဲ ဆံပင်ရှည်ရှည်ကို ခါလိုက်ပြီး ဆရာလုပ်သားစားပွဲဆီ လျှောက်သွားတယ်။

ဒေါက်၊ ဒေါက်၊ သူ ခြေလှမ်းလှမ်းတိုင်း ခြောက်ခြောက်သံ ခန်းမထဲ ပဲ့တင်ထပ်သွားတယ်။ သူဟာ ဆရာလုပ်သားစားပွဲ အစွန်ထိ သွားပြီး ယာဘက်ကိုလှည့်ကာ ဒမ်ဘာလီဒိုးဆီ တန်းသွားတယ်။ မျက်နှာကြက်ကို လျှပ်စီးလက်သွားပြန်တယ်။ ဟာမီး အသက်အောင့်သွားတယ်။

လျှပ်စီးက အဲ့ဒီလူ့မျက်နှာကို ထင်ထင်ရှားရှားလင်းသွားစေတယ်၊ ဟယ်ရီဟာ ဒီလိုမျက်နှာမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ၎င်းဟာ ပုပ်ဆွေးတဲ့ သစ်သားတုံးပေါ်မှာ ထုဆစ်ထားသလိုပဲ။ ထုဆစ်သူဟာလဲ လူ့မျက်နှာ ဘယ်လို



ရှိတယ်ဆိုတာကို ဝေဝါးတဲ့နားလည်မှုသာရှိပြီး၊ ဓားကို အသုံးပြုရာမှာ သိပ်မကျွမ်းကျင်သလိုပဲ။ အဲ့ဒီမျက်နှာပေါ်က အရေပြားလက်မတိုင်းမှာ ဒဏ်ရာတွေပြည့်နေသလိုပဲ။ ပါးစပ်က ရွဲ့နေတဲ့အပေါက်ကြီးလိုပဲ၊ နှာခေါင်းမှာ ထိုးထွက်နေရမယ့်နေရာ မတွေ့ရတော့ဘူး။ ဒီယောက်ျားဟာ လူကို ထိတ်လန့်စေတာက သူ့မျက်လုံးပဲ။

သူ့မျက်လုံးတစ်လုံးက သိပ်သေးတယ်၊ မည်းပြီး လက်နေတယ်။ ကျန်တစ်လုံးကတော့ သိပ်ကြီးတယ်။ ဝိုင်းစက်နေတာ အကြွေစေ့တစ်စေ့လိုပဲ၊ တောက်ပတဲ့ ပြာလဲ့လဲ့အရောင်။ အဲဒီမျက်လုံးအပြာဟာ မျက်တောင်မခတ်ဘဲ မရပ်မနား လှုပ်နေတယ်။ ထက်အောက် ဝဲယာ လည်နေတယ်။ ဟိုပုံမှန်မျက်လုံးနဲ့ ဘာမှမဆိုင်ဘူး — နောက်တော့၊ အဲဒီမျက်လုံးပြာ မျက်ဖြူလန်သွားပြီး အဲဒီလူရဲ့ခေါင်းထဲ ဝင်သွားတယ်။ အားလုံးမျက်ဖြူကိုပဲ တွေ့ရတယ်။

သူစိမ်းဟာ ဒမ်ဘာလီဒိုးဘေးကို သွားတယ်။ သူက လက်တစ်ဖက် ဆတ်ပေးတယ်၊ အဲဒီလက်ဟာလဲ သူ့မျက်နှာလိုပဲ ဒဏ်ရာဒဏ်ချက်တွေ ပြည့်လို့။ ဒမ်ဘာလီဒိုးက သူနဲ့ လက်ဆွဲနှုတ်ဆက်တယ်၊ တိုးတိုး စကားပြောလိုက်တယ်။ ဟယ်ရီ ရှင်းရှင်းမကြားရဘူး။ သူက သူစိမ်းကို တစ်ခုခု မေးနေသလိုပဲ၊ သူစိမ်းဟာ အပြုံးမပါဘဲ ခေါင်းခါတယ်၊ အသံနိမ့်ပြီး ဖြေတယ်။ ဒမ်ဘာလီဒိုးက ခေါင်းညိတ်ပြပြီး သူ့ယာဘက်က ထိုင်ခုံမှာ ထိုင်ဖို့ ညွှန်ပြတယ်။

သူစိမ်း ထိုင်လိုက်တယ်၊ ခေါင်းကို ယမ်းတယ်၊ ဖြူမွဲဆံပင်ရှည်ကို မျက်နှာပေါ်က ခါပစ်တယ်၊ ဒီနောက် ဝက်အူချောင်းတစ်ပန်းကန်ဆွဲယူပြီး မပြည့်စုံတဲ့ နှာခေါင်းနားယူပြီး နမ်းကြည့်တယ်။ သူက မိမိအိတ်ကပ်ထဲကနေ ဓားကလေးထုတ်ပြီး ဝက်အူချောင်းတစ်ချောင်းထိပ်က ထိုးသွင်းလိုက်ပြီး စားနေတယ်၊ သူ့ ပုံမှန်မျက်လုံးတစ်လုံးက ဝက်အူချောင်းကို ကြည့်နေတယ်၊ ဒါပေမယ့် အဲဒီအပြာရောင် မျက်လုံးကတော့ မျက်အိမ်ထဲမှာ အဆက်မပြတ် လည်နေတယ်။ ခန်းမနဲ့ ကျောင်းသားတွေကို အကဲခတ်နေတယ်။

"ကျုပ်တို့ရဲ့ မှော်နက်ပညာခုခံကာကွယ်ရေး အတတ်သင်ဆရာသစ်ကို မိတ်ဆက်ပါရစေ" ဒမ်ဘာလီဒိုးက ငြိမ်သက်ခြင်းကို ဝမ်းသာစွာ ဖြိုခွဲလိုက်တယ်။ "ပါမောက္ခ မူးဒီ"

ယေဘုယျအခြေအနေမှာ ဆရာသစ်နဲ့ တွေ့ကြရတဲ့အခါ အားလုံး လက်ခုပ်တီး ကြိုဆိုကြတယ်။ ဒါပေမယ့် အခု ဒမ်ဘာလီဒိုးနဲ့ ဟက်ဂရစ်ကလွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့ ကျောင်းသားထဲက ဘယ်သူမှ လက်ခုပ်မတီးဘူး။ ဒမ်ဘလီဒိုးနဲ့ ဟက်ဂရစ် သာ လက်ခုပ် လေးငါးချက်တီးပြီး ခန်းမထဲမှာ လက်ခုပ်သံ အထီးတည်းဖြစ်နေတာ တွေ့တော့ အလိုက်သိစွာ ရပ်လိုက်ကြတယ်။ ကျန်လူတွေဟာ မူးဒီနဲ့ ထူးဆန်းတဲ့ ရုပ်အသွင်ကြောင့် ငိုင်နေကြတယ်။ သူ့ကိုသာ စိုက်ကြည့်နေကြတယ်။

"မူးဒီ?" ဟယ်ရီက ရွန့်ကို တိုးတိုးပြောတယ်။ "အရူးမျက်လုံးမူးဒီ? အဲဒါ မင်းအဖေ ဒီမနက် သွားကူညီတဲ့ လူ?"

"သူပဲ ဖြစ်ရမယ်" ရွန်က ကြောက်ရွံ့စွာ အသံနိမ့်ပြောတယ်။

"သူ ဘယ်လိုဖြစ်တာလဲ" ဟာမီးက အသံနိမ့်မေးတယ်။ "သူ့မျက်နှာက ဘယ်လိုဖြစ်တာလဲ"

"မသိဘူး" ရွန်က တိုးတိုးပြောတယ်။ မူးဒီကို မှင်တက်မိစွာ ကြည့်နေတယ်။

မူးဒီဟာ အများက မလိုက်လှဲတာကို ဘာမှ ဖြစ်ပုံမရဘူး။ သူဟာ သူ့ရှေ့က ရွှေဖရုံသီးအရည် တစ်ခရားကြီးကို ဂရုမစိုက်ဘဲ လက်ကို ခရီးသွားခြုံထည်ထဲ နှိုက်ပြီး ပုလင်းခုံးတစ်လုံး ဆွဲထုတ်ကာ အကြာကြီး ကျိုက်ချနေတယ်။ သူလက်မြှောက်ပြီး သောက်နေစဉ် ကြမ်းပေါ် ကျနေတဲ့ ခြုံထည် လက်မအနည်းငယ် မြောက်တက်သွားတယ်။ စားပွဲအောက်မှာ သစ်သားခြေထောက်လက်မ အနည်းငယ် ပေါ်နေတာ ဟယ်ရီတွေ့ရတယ်။ အောက်ဘက်မှာတော့ လက်သည်း သဏ္ဍာန် ခြေထောက်။

ဒမ်ဘလီဒိုးက လည်ချောင်း ရှင်းလိုက်တယ်။

"ခုနက ကျုပ်ပြောခဲ့တဲ့အတိုင်း" သူက ပြုံးပြီး ရှေ့က ကျောင်းသားပင်လယ်ကြီးကို ကြည့်နေတယ်။ သူကပြောတယ် — ကျောင်းသားတွေဟာ အရူးမျက်လုံးမူးဒီကို ငိုင်ကြည့်နေတုန်းပဲ။ "လာမည့် လအချို့မှာ ကျုပ်တို့ဟာ အလွန်ဂုဏ်ရှိစွာနဲ့ အလွန်ပြောင်မြောက်တဲ့ ပွဲကြီးတစ်ပွဲ တာဝန်ယူ ကျင်းပရမယ်။ ဒီပွဲမျိုး မကျင်းပတာ ရာစုနှစ်တစ်ခု ကျော်ပြီ။ အလွန်ဝမ်းမြောက်စွာနဲ့ အားလုံးသိအောင် ပြောပြချင်တာကတော့ ဗိုလ်သုံးဗိုလ် ပြိုင်ပွဲကို ဒီနှစ် ဟော့ဂ်ဝပ်မှာ ကျင်းပမယ်"

"သင် ရယ်စရာ ပြောနေတာလား" ဖရက်-ဝယ်စလီက အော်ပြောတယ်။



မူးဒီဝင်လာတာကတည်းက ခန်းမကြီးကို ဖုံးလွှမ်းနေတဲ့ လေးပင်တဲ့ သေလထုဟာ ချက်ချင်း ပြိုကွဲသွားတယ်။ လူတိုင်းလောက် ရယ်ထွက်လာကြတယ်။ ဒမ်ဘလီဒိုးကလဲ ကျေနပ်စွာ အသာရယ်တယ်။

"ကျုပ် ရယ်စရာမပြောဘူး၊ မစ္စတာဝယ်စလီ" သူကပြောတယ်။ "ဒါပေမယ့် မင်းက ရယ်စရာအကြောင်းပြောတော့ ကျုပ် အလွန်စိတ်ဝင်စားစရာ ရယ်စရာတစ်ခု ကြားဖူးတယ်။ ရောမဘီလူးကြီးရယ်၊ စုန်းမကြီးရယ်၊ သရဲပုလေးရယ် အကြောင်း။ သူတို့အားလုံး အရက်ဆိုင်တစ်ဆိုင်ထဲဝင်ခဲ့ကြတယ်. ."

ပါမောက္ခမက်ဂေါ်နာဂေါဟာ အကျယ်ကြီး လည်ချောင်း ရှင်းလိုက်တယ်။

"အိုး — အခု ဒါပြောတာ သိပ်မသင့်တော်ဘူး ထင်တယ်. . . . သိပ်မသင့်တော်ဘူး. . . ." ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ် ခုနက ပြောတာ ဘယ်ရောက်နေပြီလဲ။ အား၊ ဟုတ်ပြီ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ. . . . မင်းတို့ထဲက သူအချို့ ဒီယှဉ်ပြိုင်ပွဲဟာ ဘာလဲဆိုတာ မသိကြသေးဘူး။ ဒါကြောင့် အခြေအနေသိတဲ့ လူတွေက ကျုပ်ဒီမှာ နည်းနည်းရှင်းပြတာကို ခွင့်လွှတ်ပါ။ သူတို့အတွေးတွေ ခဏတာ ပျံ့လွင့်ခွင့် ပြုပါတယ်။

"ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဆိုတာ လွန်ခဲ့တဲ့ အနှစ်ခုနစ်ရာကျော်က စတင်ခဲ့တာ၊ ဥရောပရှိ အကြီးဆုံး မှော်ပညာသင်ကျောင်းကြီး သုံးကျောင်းအကြား ချစ်ကြည်ရေးပြိုင်ပွဲတစ်မျိုး ဖြစ်တယ်။ ဒီကျောင်းကြီး သုံးကျောင်းကတော့ — ဟော့ဂ်ဝပ်၊ ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်တို့ ဖြစ်တယ်။ ကျောင်းတိုင်းက သူ့ရဲ့ကောင်းတစ်ယောက် ရွေးထုတ်ပြီးနောက် သူ့ရဲ့ကောင်းသုံးယောက်ဟာ မှော်ကဏ္ဍသုံးမျိုးမှာ ယှဉ်ပြိုင်ရမယ်။ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲကို ငါးနှစ်တစ်ကြိမ် ကျင်းပတယ်၊ ကျောင်းသုံးကျောင်းမှာ အလှည့်ကျ ကျင်းပရတယ်၊ ဒါဟာ မတူတဲ့ နိုင်ငံခြားက လူငယ်မှော်ဆရာတွေ ချစ်ကြည်ရေးတည်ဆောက်ဖို့ အကောင်းဆုံး နည်းလမ်းလို့ အားလုံးက ယူဆကြတယ် — ဒါပေမယ့် နောက်တော့ သေသူတွေ များလွန်းလို့ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ရပ်ဆိုင်းသွားတယ်"

"သေတဲ့လူတွေ?" ဟာမီးက တိုးတိုးပြောတယ်၊ အံ့အားသင့်စွာ ဟိုဒီကြည့်နေတယ်။ ဒါပေမယ့် ခန်းမထဲက ကျောင်းသားအများစုဟာ သူ့လို စိတ်မပူကြဘူး။ လူအများဟာ စိတ်ခါတ်တက်ကြွစွာ ခေါင်းချင်းဆိုင် ပြောဆို

www.burmeseclassic.com



နေတယ်၊ ဘယ်ရီကလဲ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲ အသေးစိတ်အခြေအနေ သိလိုသောနဲ့ လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်က သေသွားတဲ့လူတွေအကြောင်း စိတ်ဝင်စားဘူး၊

"ရာစုနှစ် အချို့ကတဲက လူတွေဟာ ယှဉ်ပြိုင်ပွဲကို ပြန်ကျင်းပဖို့ လုပ်ကြတယ်" ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "ဒါပေမယ့် တစ်ကြိမ်မှ မအောင်မြင်ဘူး။ ဒါပေမယ့် ကျုပ်တို့ မှော်ဝန်ကြီးဌာနရဲ့ အပြည်ပြည်ဆိုင်ရာ မှော်ပညာပူးပေါင်းဆောင်ရွက်ရေး ဌာနခွဲနဲ့ မှော်အားကစားဌာနခွဲတို့ကတော့ နောက်တစ်ကြိမ် စမ်းကြည့်ဖို့ အခါအခွင့် ရောက်ရှိပြီလို့ ယူဆတယ်။ သူ့ရဲကောင်းအားလုံး အသက်အန္တရာယ်နဲ့ မကြုံရအောင် မုချ အာမခံနိုင်ရေးအတွက် ဒီနွေမှာ ကျုပ်တို့ အလုပ်တွေအများကြီး လုပ်ခဲ့တယ်။

"အောက်တိုဘာလမှာ ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်က ကျောင်းအုပ်ကြီးတွေဟာ သူတို့ ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်မယ့် သူတွေကို ခေါ်ဆောင်လာလိမ့်မယ်။ သူ့ရဲကောင်း ရွေးချယ်ပွဲကို ဟောလိုးဝင်းပွဲတော်မှာ ပြုလုပ်မယ်။ တရားမျှတတဲ့ ဒိုင်လူကြီးတစ်ဦးက ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲကို ဘယ်ကျောင်းသားတွေ ပါဝင်ဖို့ အရည်အချင်းရှိတယ်ဆိုတာ ဆုံးဖြတ်လိမ့်မယ်။ မိမိကျောင်းအတွက် ဂုဏ်သရေရအောင် လုပ်မယ်။ တစ်ဦးချင်းအနေနဲ့ ဆုငွေဂါလီယံ တစ်ထောင် ရနိုင်တယ်"

"ငါပါမယ်" ဖရက်-ဝယ်စလီဟာ ဒီလိုဂုဏ်သရေနဲ့ ဆုငွေရမှာကို စားပွဲဘေးကနေ တွေးမိပြီး အသံနိမ့်နိမ့်ပြောတယ်။ သူဟာ စိတ်ဓာတ်တက်ကြွလို့ မျက်နှာကြီး လက်နေတယ်။ သူ့လို ဟော့ဂ်ဝပ်သူရဲကောင်းဖြစ်ဖို့ စိတ်ကူးယဉ်တဲ့လူ သူတစ်ယောက်တည်းတော့ ဖြစ်ပုံမရဘူး။ ဟောက်စ်ကျောင်း စားပွဲတိုင်းမှာ အရှုးအမူး တက်ကြွစွာ ဒမ်ဘာလီဒိုးကို စိုက်ကြည့်နေတဲ့လူတွေ၊ သို့မဟုတ် စိတ်လှုပ်ရှားစွာ ဘေးက လူတွေနဲ့ တိုးတိုးစကားပြောနေသူတွေကို ဟယ်ရီ မြင်တွေ့ရတယ်။ ဒီနောက် ဒမ်ဘာလီဒိုးက စကားပြောပြန်တယ်။ ခန်းမထဲမှာ ငြိမ်သက်သွားပြန်တယ်။

"မင်းတို့အားလုံး ဟော့ဂ်ဝပ်အတွက် ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲဖလားရစေချင်တယ်ဆိုတာ ကျွန်ုပ်သိတယ်" သူကပြောတယ်။ "ဒါပေမယ့် ဒီနှစ်ဝင်ပြိုင်မယ့်သူတွေကို အသက်အရွယ် ကန့်သတ်ဖို့ လိုမယ်လို့ ပြိုင်ပွဲဝင်မယ့်ကျောင်းများနဲ့ မှော်ဝန်ကြီးဌာနက တစ်ညီတစ်ညွတ်တည်း သဘောရှိကြတယ်။



အသက်-၁၇နှစ်ပြည့်တဲ့ — ဆိုလိုတာက၊ အသက်-၁၇နှစ်အထက် — ကျောင်းသားမှ နာမည်ပေးသွင်းခွင့်ရှိတယ်။ စဉ်းစားမှာ ဖြစ်တယ်။ ကျွန်ုပ်တို့က ဒီလိုထင်တယ်" — ဒမ်ဘာလီဒိုးက အသံကို အနည်းငယ်မြှင့်လိုက်တယ်။ အကြောင်းက လူအချို့ သူပြောတာနားထောင်ပြီး ဒေါသနဲ့ ကန့်ကွက်စကား ပြောနေလို့။ ဝယ်စလီအမွှာညီနောင်ဟာ ရုတ်တရက် ဒေါသတကြီးဖြစ်လာတယ် — "ဒီလိုလုပ်ဖို့ အလွန့်ကို လိုအပ်ပါတယ်၊ အကြောင်းက ယှဉ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရမယ့်အကြောင်းအရာတွေဟာ အလွန်ခက်ခဲ၊ အလွန်အန္တရာယ်ရှိလို့ပါပဲ။ ကျုပ်တို့ဘယ်လိုပဲ ကြိုတင်ကာကွယ်တဲ့အလုပ်တွေ လုပ်ပေမယ့် ဆဋ္ဌမနှစ်၊ သတ္တမနှစ်အောက် ကျောင်းသားတွေဟာ ဘယ်လိုမှ ရင်ဆိုင်နိုင်စရာ အကြောင်းမရှိဘူး။ အသက်မပြည့်တဲ့ ကျောင်းသားတစ်ယောက်ဟာ ကျွန်ုပ်တို့ ဒိုင်လူကြီးကို လိမ်ညာပြီး ဟော့ဂ်ဝပ်သူရဲကောင်းဖြစ်ခြင်း လုံးဝမရှိစေရဘူးဆိုတာ ကျွန်ုပ်ကိုယ်တိုင် တာဝန်ယူပါတယ်" သူ့အကြည့်ဟာ ဖရက်နဲ့ဂျော့ရဲ့ ပုန်ကန်တဲ့မျက်နှာကို ဖြတ်သွားတဲ့အခါမှာ မျက်လုံးပြာပြာက အဓိပ္ပာယ်ပါပါ လက်နေတယ်။ "ဒါကြောင့် တကယ်လို့ မင်းတို့ အသက် ၁၇နှစ်မပြည့်ရင် အချိန်ကုန်ခံပြီး လျှောက်မနေပါနဲ့လို့ တောင်းပန်ပါတယ်။

"ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်က ကိုယ်စားလှယ်တွေ အောက်တိုဘာလမှာ ရောက်လာလိမ့်မယ်။ ကျွန်ုပ်တို့နဲ့အတူ ဒီကျောင်းနှစ်ရဲ့ အချိန်အများစုကို အတူနေသွားလိမ့်မယ်။ ကျွန်ုပ်တို့ရဲ့ နိုင်ငံခြားဧည့်သည်တော်တွေ ဒီမှာ ရောက်နေတဲ့အတွင်း၊ မင်းတို့ဟာ လိုက်လျောချစ်ခင်မှု ဖော်ပြလိမ့်မယ်လို့ ကျွန်ုပ် ယုံကြည်တယ်။ ဒီပြင် ဟော့ဂ်ဝပ်သူရဲကောင်း နောက်ဆုံးရွေးချယ်လိုက်တဲ့အခါမှာ မင်းတို့ဟာ သူ (သို့မဟုတ်) သူမကို စိတ်ရောကိုယ်ပါ ထောက်ခံလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကောင်းပြီ၊ အခု အချိန်မစောတော့ဘူး၊ မနက်ဖြန်မှာ မင်းတို့ စိတ်ဓာတ်တက်ကြွစွာ ခေါင်းကြည်ကြည်လင်လင်နဲ့ ကျောင်းခန်းထဲ ရောက်လာဖို့ အရေးကြီးတယ်။ သွားအိပ်ကြတော့၊ အမြန်"

ဒမ်ဘာလီဒိုး ထိုင်ချလိုက်တယ်၊ လှည့်ပြီး အရူးမျက်လုံးမူးဒီနဲ့ စကားပြောတယ်။ ထမင်းစားခန်းမထဲမှာ ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ ဆူနေတယ်။ ကျောင်းသားတွေ အသီးသီးထကြပြီး မျက်နှာချင်းဆိုင်ဖွင့်ထားတဲ့ တံခါးနှစ်ခုက တိုးဝှက်ကာ တံခါးခန်းမထဲ ဝင်ခဲ့ကြတယ်။

"သူတို့ ဒီလိုလုပ်လို့ မဖြစ်ဘူး" ဂျော့-ဝယ်စလီဟာ လူစီးနဲ့ တံခါးသဆီ

www.burmeseclassic.com

www.burmeseclassic.com



ဲ့က်မသွားဘဲ နေရာတွင်ရပ်ရင်း ဒေါသတကြီးနဲ့ ဒမ်ဘလီဒိုးကိုကြည့်ပြီး ပြောတယ်၊ "ကျွန်တော်တို့ နှောင်နှစ်ခါ ဧပြီလမှာ ၁၇နှစ်ပြည့်တော့မယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ကို ဝင်စမ်းခွင့် မပေးတာလဲ"

"တို့ကို ဝင်ပြိုင်တာ တားလို့ မရဘူး" ဖရက်က ခေါင်းမာမာနဲ့ ပြောတယ်၊ ထိပ်ဆုံးကစားပွဲကို ဒေါသနဲ့ စိုက်ကြည့်နေတယ်။ "သူရဲကောင်းဖြစ်သွားရင်၊ ခါတိုင်း လုပ်ခွင့်မရတဲ့အလုပ်တွေ လုပ်လို့ရတယ်၊ ပြီးတော့ ဂါလုံးတစ်ထောင်ဆုငွေလဲ ရှိသေးတယ်"

"ဟုတ်တယ်လေ" ရွန်ကပြောတယ်။ တွေဝေတဲ့အမူအရာ ပေါ်လာတယ်။ "ဟုတ်တယ်လေ၊ ဂါလုံးတစ်ထောင်ကြီးများတောင်. . . ."

"သွားစို့" ဟာမီးက ပြောတယ်။ "နင်တို့မသွားဘဲနေရင်၊ ငါတို့ချည်းကျန်လိမ့်မယ်"

ဟယ်ရီ၊ ရွန်၊ ဟာမီး၊ ဖရက်နဲ့ ဂျော့တို့ တံခါးခန်းမဆီ လျှောက်သွားတယ်။ တစ်လမ်းလုံးမှာ အသက်၁၇နှစ်မပြည့်တဲ့ကျောင်းသားတွေ ယှဉ်ပြိုင်ပွဲမပါရအောင် ဒမ်ဘလီဒိုး ဘယ်လိုတားမလဲဆိုတာ ဖရက်နဲ့ဂျော့ဟာ မနားတမ်း ငြင်းခုံနေတယ်။

"ဘယ်သူ သူရဲကောင်းဖြစ်တယ်ဆိုတာ ဆုံးဖြတ်မယ့် ဒိုင်လူကြီးက ဘယ်သူလဲ" ဟယ်ရီက မေးတယ်။

"မသိဘူး" ဖရက်က ပြောတယ်။ "ဒါပေမယ့် အဲ့ဒီလူက ငါတို့လိမ်ရမယ့်လူပဲ။ အသက်တိုးဆေးတစ်စက်နှစ်စက်နဲ့ ပြဿနာပြေလည်ပါတယ်၊ ဂျော့. . . ."

"ဒါပေမယ့် ဒမ်ဘလီဒိုးက မင်းတို့အသက် မပြည့်ဘူးဆိုတာ သိတယ်" ရွန်ကပြောတယ်။

"ဟုတ်တယ်လေ၊ ဒါပေမယ့် ဘယ်သူ သူရဲကောင်းဖြစ်မယ်ဆိုတာ သူဆုံးဖြတ်ရမှာ မဟုတ်ဘူး၊ ဟုတ်လား" ဖရက်က ကျင်လည်စွာ ပြောတယ်။ "ငါကြားရသလောက် ဒီဒိုင်လူကြီးဟာ ပါဝင်ချင်တဲ့လူရှိရင် ကျောင်းတိုင်းကနေ အတော်ဆုံးလူတစ်ယောက် ရွေးထုတ်မှာ။ သူတို့အသက် ဘယ်လောက်ရှိတယ်ဆိုတာ သူဘယ်အရေးထားမလဲ။ ဒမ်ဘလီဒိုးက ငါတို့နာမည်ပေးသွင်းမှာကို တားချင်လို့"

"ဒါပေမယ့် လူတွေအများကြီး သေတယ်လေ" ဟာမီးက စိုးရိမ်တဲ့



သံနဲ့ ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ နံရံမှာချိတ်ထားတဲ့ကော်ဇော ောက် ဝှက်ထားတဲ့ တံခါးကို ဖြတ်ခဲ့ပြီး ပိုပြီးကျဉ်းမြောင်းတဲ့ လှေကားကနေ ောက်ကို တက်သွားနေပြီ။

"ဟုတ်တယ်လေ" ဖရက်က ဘာမှအရေးမထားဘဲ ပြောတယ်။ "ဒါပေ ယ့် အဲဒါ နှစ်ပေါင်းများစွာအရင်ကကိစ္စ၊ ဟုတ်လား။ ပြီးတော့ နည်းနည်းမှ ့တားမှုမရှိရင် ဘာများပျော်စရာကောင်းမှာလဲ။ ဟေး၊ ရွန်၊ ငါတို့ ဒမ်ဘလီဒိုး လှည့်နိုင်ရင်၊ မင်းကောပါချင်သလား"

"မင်းက ဘယ်လိုတွေးလဲ" ရွန်က ဟယ်ရီ့ကိုမေးတယ်။ "ပါဝင်နိုင် ဘော့ သိပ်ကောင်းမှာပဲ၊ ဟုတ်လား။ ဒါပေမယ့် သူတို့က အသက်နည်းနည်း ဲ့လူကို လိုချင်မှာ. . . . ငါတို့ သင်ယူထားတာတွေနဲ့ လုံလောက်မလား ဘူး. . . ."

"ငါသင်ယူထားတာ မလုံလောက်မှာ သေချာတယ်" ဖရက်နဲ့ဂျော့ ဘက်က နီဗီးရဲ့ မပျော်မရွှင်တဲ့အသံ ပေါ်လာတယ်။

"ဒါပေမယ့် ငါ့အဖွားက ငါ့ကို ပါဝင်စေချင်မှာ။ သူဟာ ငါ့ကို မိသားစု သိက္ခာထိန်းရမယ်လို့ တတွတ်တွတ် ပြောနေတယ်။ ငါသာ — အမလေး . . ."

နီဗီးခြေထောက် လှေကားအလယ်က လှေကားထစ်ထဲ ညပ်သွား ယ်။ ဟော့ဂ်ဝပ်မှာ ဒီလို လူကိုဒုက္ခပေးတဲ့လှေကားတွေ အများကြီးရှိတယ်။ ောင်းသားဟောင်းအများစုအဖို့ ဒီလိုထူးခြားတဲ့ လှေကားထစ်ကို ခုန်ကျော် ားတာဟာ သဘာဝအတတ် ဖြစ်နေပြီ။ ဒါပေမယ့် နီဗီးကတော့ မှတ်ဉာဏ် ်သ့တာ နာမည်ကျော်နေပြီ။ ဟယ်ရီနဲ့ရွန်က သူ့လက်မောင်းနှစ်ဖက်ကို ်ပြီး ဆွဲထုတ်လိုက်တယ်။ ဒီအချိန်မှာပဲ လှေကားထိပ်မှာရှိတဲ့ ချပ်ဝတ်တန် ာတစ်စုံဟာ တချွင်ချွင်တချွမ်ချွမ်နဲ့ အူနှိပ်ရယ်နေကြတယ်။

"ပါးစပ်ပိတ်ထား၊ မင်း" ရွန်ကပြောတယ်၊ သူတို့ ချပ်ဝတ်တန်ဆာ းက ဖြတ်တော့ သူက လက်သီးနဲ့ ဟိုင်နဲကို ထိုးလိုက်တယ်။

သူတို့ဟာ အပေါ်ဘက် ဂရစ်ဖင်းဒေါအိမ်ချွန်ရဲ့ အဝင်ဝကို ရှေ့ တယ်၊ အဝင်ဝဟာ ဧရာမ လူရုပ်ပန်းချီကားကြီးနောက်မှာ ဝှက်ထားတယ်၊ ်ချီကားပေါ်မှာ ပန်းရောင်ပိုးဂါဝန် ဝတ်ထားတဲ့ မိန်းမဝဝကြီး ရှိတယ်၊

"စကားဝှက်?" သူတို့နီးလာတော့ မိန်းမဝဝကြီးက မေးတယ်၊

www.burmeseclassic.com



"အဓိပ္ပာယ်မရှိ သိမ်ဖျင်းတဲ့စကား" ဂျော့က ပြောတယ်။ "အောက် ဘယ်က အဘန်းခေါင်းဆောင်တစ်ယောက်က ငါ့ကို ပြောပြတာ"

လူရုပ်ပန်းချီကား ခုန်ထွက်သွားပြီး အပေါက်ကြီးတစ်ပေါက် ပေါ်လာ ဘယ်၊ သူတို့အားလုံး ဒီကနေ တွားဝင်သွားတယ်။ အများနားနေခန်း ဝိုင်းဝိုင်း ကြီးဟာ နွေးနေတယ်။ အတွင်းမှာ စားပွဲတွေ၊ ပျော့ပျောင်းတဲ့လက်တန်းထိုင်ခုံ တွေနဲ့ ပြည့်နေတယ်။ ဟာမီးဟာ ပူပင်တဲ့အကြည့်နဲ့ ပျော်ရွှင်စွာ ခုန်ပေါက်နေ တဲ့ မီးတောက်ကို ကြည့်လိုက်တယ်။ သူမဟာ "ကျွန်လုပ်သား"လို့ ပြောလိုက် တာ ဟယ်ရီ ရှင်းလင်းစွာ ကြားရတယ်။ ဒီနောက် သူမဟာ သူတို့ကို နှုတ်ဆက် ပြီး မိန်းကလေးဆောင်သို့ ထွက်သွားတယ်။

ဟယ်ရီ၊ ရွန်နဲ့ နီဗီးဟာ နောက်ဆုံးကြောင်လိမ်လှေကားကို တက်ပြီး ပြီး ၎င်းတို့ရဲ့ အိမ်ချွန်ထိပ်ပိုင်းမှာရှိတဲ့ အိပ်ခန်းကို ရောက်လာကြတယ်။ ခုတင် တိုင်လေးတိုင်နဲ့ ခုတင်လေးလုံး ချထားတယ်။ ခုတင်မှာ ကြက်သွေးရောင် လိုက်ကာတွေ ချိတ်ထားတယ်။ လူတိုင်းရဲ့သေတ္တာတွေဟာ သူတို့အသီး သီးရဲ့ ခုတင်ခြေရင်းမှာ ချထားပြီးပြီ။ ဒင်းနဲ့ စီးမတ်စ်ဟာ အိပ်ဖို့ပြင်နေပြီ။ စီးမတ်စ် ဟာ ခုတင်ခေါင်းရင်း ဗီရိုလေးအပေါ်ဘက်မှာ ၎င်းရဲ့ အိုက်ရီလင်း ရှိုစ်ထိုး ကပ်တယ်၊ ဒင်းကတော့ ဝစ်ခတာ-ခရွှန်းမ်ရဲ့ ကြော်ငြာကားကို ကပ်ထားတယ်။ မှုလကရှိတဲ့ ဝက်စ်ဟမ်းကန်ဘောအသင်းက ၎င်းရဲ့ညာဘက်မှာ ရှိတယ်။

"စိတ္တဇ" ရွန်က သက်ပြင်းချလိုက်တယ်၊ ငြိမ်သက်မလှုပ်ရှားတဲ့ ကန် ဘောသမားတွေကို ခေါင်းခါပြတယ်။

ဟယ်ရီ၊ ရွန်နဲ့ နီဗီးတို့ ညဝတ်အကျႌလဲပြီး ခုတင်ပေါ် တက်လိုက် တယ်။ တစ်ယောက်ယောက်က — အိမ်မွေးမှင်စာလေးပဲဖြစ်မှာ — ခုတင် နွေးအောင်လုပ်တဲ့ လက်ကိုင်မီးသွေးအိုးကို စောင်ကြားမှာ ထားထားတယ်။ ခုတင်ပေါ်လှဲရင်း အပြင်ဘက်မှာ ကြမ်းချင်တိုင်းကြမ်းနေတဲ့ မုန်တိုင်းသံကို နားထောင်နေရတာ သိပ်ဇိမ်ရှိတာပဲ။

"မင်းသိတယ်၊ ငါပါဝင်ချင် ပါဝင်မှာ" ရွန်က အမှောင်ထဲမှာ အိပ်ချင် မူးတူးနဲ့ ပြောတယ်။ "တကယ်လို့ ဖရက်နဲ့ဂျော့၊ နည်းလမ်းရသွားရင်. . . . ဗိုလ် လုပွဲ ဝင်ယှဉ်ပြိုင်. . . . . ဘယ်သူမှပြောလို့မရဘူး. . . . ဟုတ်လား"

"ပြောမရဘူး. . . . . "ဟယ်ရီက ခုတင်ပေါ်မှာ တစ်ဖက်လှည့်လိုက် တယ်။ သူ့ခေါင်းထဲမှာ တောက်ပတဲ့ အရုပ်ကားတွေ ပေါ်လာတယ်။ အရင်ထ



ဘယ်တုန်းကမှ မပေါ်ဘူးတာတွေ. . . . သူဟာ တရားမျှတတဲ့ ဒိုင်လူကြီးကို လိမ်ညာတယ်။ မိမိကို အသက်-၁၇နှစ်ပြည့်ပြီလို့ ယုံသွားစေတယ်. . . . . သူ ဟာ ဟော့ဂ်ဝပ်သူရဲကောင်း ဖြစ်သွားတယ်. . . . . သူဟာ ကွင်းထဲမှာရပ်ပြီး လမ်းမြှောက်စွာ လက်နှစ်ဖက်မြှောက်ထားတယ်။ ကျောင်းသားအားလုံးကို မျက်နှာမူထားတယ်၊ သူတို့အားလုံး အော်ဟစ်ဩဘာပေးနေတယ်. . . . . သူဟာ ခုတင်ပဲ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲမှာ အနိုင်ရလိုက်တယ်. . . . . ချို-ချမ်းမျက်နှာဟာ ဝေဝါးဝါးလူအုပ်ထဲမှာ အထူးရှင်းနေတယ်။ သူမ မျက်နှာဟာ မြိန်းနေပြီး ချီးကျူးခြင်းနဲ့ ကျေနပ်လက်ခံခြင်းတွေ ပြည့်နေတယ်. . . .

ဟယ်ရီဟာ မျက်နှာကို ခေါင်းအုံးမှာ အပ်ပြီး ရယ်တယ်။ သူ အထူး လမ်းမြှောက်တာကတော့ ရွန်ဟာ သူမြင်တဲ့အရာကို မမြင်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



# ၁၃။ အရှုးမျက်လုံးမှုးဒိ

နောက်နေ့နံနက်မှာ မုန်တိုင်းစဲသွားတယ်။ ဒါပေမယ့် ခန်းမကြီးရဲ့
မျက်နှာကြက်မှာတော့ တိမ်တွေ မည်းနေတုန်းပဲ။ ဟယ်ရီ ရွန်နဲ့ဟာမီးတို့ နံနက်
စာစားစားရင်း သူတို့ ဒီကျောင်းပတ် အချိန်ဇယားကို လေ့လာနေစဉ်မှာ
သူတို့ခေါင်းပေါ်မှာ စိမ်းပြာပြာတိမ်ဆိုင်တွေ တက်နေတယ်။ ထိုင်ခုံတချို့ရဲ့
ဘက်မှာ ဖရက်၊ ဂျော့နဲ့ လီ-ဂျော်ဒန်တို့ဟာ ဘယ်လိုထူးဆန်းတဲ့တန်ခိုးနဲ့ မိမိ
အသက်ကြီးလာအောင်လုပ်ပြီး ဟန်ဆောင်လိမ်ညာကာ ဗိုလ်လုပွဲဝင်ဖို့ ဆွေး
နွေးနေတယ်။

"ဒီနေ့မဆိုးပါဘူး. . . . နံနက်ခင်းတစ်ခုလုံး အပြင်မှာ" ရွန်နဲ့လက်
ချောင်းဟာ အချိန်ဇယားထဲက တနင်္လာအတန်းမှာ ဆွဲသွားပြီး ပြောတယ်
"မှော်ဆေးပင်အချိန်၊ ဟာ့ဖ်ဖတ်ကျောင်းသားနဲ့ အတူတက်ရမယ်။ ထူးဆန်း
သတ္တဝါကာကွယ်တဲ့အချိန်. . . . . ဒုက္ခပဲ၊ စလေးသရင်းနဲ့အတူ. . . ."

"ဒီနေ့ညနေပိုင်းမှာ ဗေဒင်နှစ်ချိန်ရှိတယ်" ဟယ်ရီက ခေါင်းငုံ့ပြီး
ပြောတယ်။ သက်ပြင်းချလိုက်တယ်။ ဗေဒင်အချိန်ဟာ မှော်ဆေးပညာအချိန်



လွဲပြီး သူ မနှစ်သက်ဆုံး ဘာသာရပ်ဖြစ်တယ်။ ပါမောက္ခထရီလောနီဟာ
ယ်ရီသေခါနီးပြီလို့ချည်း ဟောနေတယ်။ ဒီအတွက် သူ့သိပ်စိတ်ဆင်းရဲ
ယ်။

"နင်လဲငါ့လိုပဲ ဒီဘာသာရပ်ကို စွန့်လွှတ်လိုက်ပါလား၊ ရမလား"
မီးဟာ မိမိပေါင်မုန့်ကို ထောပတ်သုတ်ရင်း ပေါ့ပါးစွာပြောတယ်။ "ပြီးတော့
င် ပိုပြီး ပညာပါတဲ့ ဘာသာရပ်ယူလို့ ရတာပေါ့၊ ဥပမာ ဂဏန်းဗေဒင်"

"နင် အစားအစာ ပြန်စားတာ ငါတွေ့ရှိတယ်" ရွန်က ဟာမီး ပေါင်
နံ့ပေါ် ယိုတွေအများကြီး သုတ်နေတာကြည့်ပြီး ပြောတယ်။

"သေချာစဉ်းစားပြီးပြီ။ မှင်စာကလေးတွေရဲ့ အခွင့်အရေး ရပ်တည်
ကို ဖော်ပြဖို့ ပိုပြီးကောင်းတဲ့ နည်းလမ်းရှိတယ်" ဟာမီးက မာနနဲ့ ပြော
ယ်။

"ဟုတ်တယ်လေ. . . . ပြီးတော့ နင်လဲ ဆာလို့သေတော့မယ်" ရွန်
ရယ်ကျဲကျဲနဲ့ ပြောတယ်။

ဒီအချိန်မှာပဲ သူတို့ခေါင်းပေါ်မှာ တရှဲရှဲအသံ ပေါ်လာတယ်။ ဇီးကွက်
ရာဟာ ဖွင့်ထားတဲ့ ပြတင်းပေါက်က ပျံဝင်လာတယ်။ အားလုံးအတွက်
ပိုင်း စာပို့လာကြတယ်။ ဟယ်ရီဟာ အလိုအလျောက် ခေါင်းမော့ကြည့်
ယ်၊ ဒါပေမယ့် အညိုရောင်၊ မီးခိုးရောင်တွေ အများကြီးကြားမှာ အဖြူ
င်ဆိုလို့ တစ်စက်မှ မမြင်ရဘူး။ ဇီးကွက်တွေဟာ စားပွဲအပေါ်ဘက်မှာ
ပြီး စာပို့ရမယ့်သူကို ရှာဖွေတယ်။ ညိုဝါဝါဇီးကွက်ကြီးတစ်ကောင် နီဗီး-
ဘော့တမ်ဆီ ဆင်းလာတယ်။ အထုပ်တစ်ထုပ်ကို သူ့ပေါင်ပေါ် ပစ်ချလိုက်
ယ် — နီဗီးဟာ ပစ္စည်းထည့်တိုင်း ဟိုဟာကျန်၊ ဒီဟာကျန် ဖြစ်လေ့ရှိတယ်။
ရဲ့ ဟိုတစ်ဖက်မှာ ဒရာခို-မော်ဖိုင်ရဲ့ ဇီးကွက်ဟာ သူ့ပခုံးပေါ် ဆင်းလာ
ယ်။ ကြည့်ရတာ အိမ်ကနေ သူ့အတွက် သကြားလုံး၊ ကိတ်မုန့်တွေ သယ်
ယ်ထင်တယ်။ ဟယ်ရီဟာ သူ့ရင်ထဲက လေးပင်တဲ့ခံစားချက်ကို အတတ်
ရှိန်းထွက်ကာ ခေါင်းငုံ့ပြီး ဆန်ပြုတ် ဆက်သောက်နေတယ်။ ဟက်ဒဝစ်
ဘစ်ခုခုဖြစ်လို့လား၊ ဆီးရီးအက်စ်ကြယ် သူ့စာ မရဘူး?။

ဟယ်ရီမှာ စိတ်သောက ရောက်နေတယ်။ ကျောင်းသားတွေအား
င်ဒွတ်တဲ့ဟင်းရွက်ခင်းကိုဖြတ်ပြီး အမှတ်သုံး အခန်းကို ရောက်တော့
ကြီး မှုန်ကုပ်နေတုန်းပဲ။ ဒါပေမယ့် နောက်ဆုံး သူ့သတိပြန်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ အကြောင်းက ပါမောက္ခစပရောက်စ်ဟာ အားလုံးကို အပင်တစ်မျိုး ပြတယ်၊ ဒီလောက် အရုပ်ဆိုးတဲ့အရာကို ဟယ်ရီ တစ်ခါမှ မမြင်ဖူးဘူး။ စင်ထဲမှာ ဒင်းတို့ဟာ အပင်နဲ့မတူဘူး။ မည်းနက်၊ ကပ်စေးတဲ့ ပက်ကျိုကြီးနဲ့ တူတယ် မြေကြီးထဲကနေ တည့်တည့်ကြီး ထိုးထွက်လာတယ်။ ပြီးတော့ အားလုံး အသေး တွန့်လိမ်နေတယ်၊ ကိုယ်ပေါ်မှာလဲ လက်နေတဲ့ အဖုကြီးတွေရှိတယ် အထဲမှာ အရည်တွေချည်းလိုပဲ။

"ဘူဘိုသစ်ဖု" ပါမောက္ခစပရောက်စ်က ပျော်ရွှင်စွာ အားလုံးကို ပြော ပြတယ်။ "လက်နဲ့ညှစ်ရတယ်၊ မင်းတို့ ၎င်းရဲ့ ပြည်တွေကို စုဆောင်းရမယ်—

"ဘာ?" စီးမတ်စ်-ဖင်နစ်ဂင်က ရွံရှာတဲ့လေသံနဲ့မေးတယ်။

"ပြည်၊ ဖင်နစ်ဂင်၊ ပြည်" ပါမောက္ခစပရောက်စ်က ပြောတယ်။ "၎င်း ဟာ တန်ဖိုးအလွန်ကြီးတယ်၊ နည်းနည်းမှ မဖြုန်းတီးပါနဲ့။ နားထောင်ကြ မင်းတို့ ပြည်တွေကို ဒီပုလင်းတွေထဲမှာ စုထည့်။ မင်းတို့ရဲ့ နဂါးရေလက်အိတ် ကို စွပ်ကြ၊ ကျဲအောင် မရောရသေးတဲ့ ဘူဘိုသစ်ဖုပြည်ဟာ အရေပြား ပုံမှန်ထက် ပိုဆိုးစွာ ဒုက္ခပေးနိုင်တယ်"

သစ်ဖုကို ညှစ်ရတာဟာ အန်ချင်စရာပဲ။ သို့ပေမယ့်လဲ လူကို ထူး ဆန်းတဲ့ ကျေနပ်မှုပေးတယ်။ အဖုတစ်ခုကို ညှစ်လို့ ပေါက်သွားတိုင်းမှာ တ စေးတဲ့ စိမ်းဝါဝါအရည်တွေ ပန်းထွက်လာတယ်၊ နှာခေါင်းစူးတဲ့ဓာတ်ဆီအနံ့ တွေလဲ ထွက်လာတယ်။ သူတို့ဟာ ပါမောက္ခစပရောက်စ် ညွှန်ကြားသလို အဲ့ အရည်တွေကို ပုလင်းထဲထည့်တယ်။ ကျောင်းဆင်းခါနီးကျတော့၊ သူတို့ဟာ ပုလင်းအချို့ စုဆောင်းလို့ရကြပြီ။

"ဒါဆို မဒမ်ဖွမ်ဖရေ ဝမ်းသာမှာပေါ့" ပါမောက္ခစပရောက်စ် နောက်ဆုံး ပုလင်းတစ်လုံးကို အဆို့နဲ့ဆို့ရင်း ပြောတယ်။ "ဘူဘိုသစ်ဖုပြည်ဟာ ဆိုးရွားတဲ့ ဝက်ခြံအတွက် အကောင်းဆုံးဆေးပဲ။ ဒါနဲ့မှ ကျောင်းသားတွေ ပြင်းထန်တဲ့နည်းနဲ့ ဝက်ခြံသတ်တာကို တားဆီးနိုင်မှာ"

"သနားစရာ အလွိုင်းစီ-မစ်ဒဂင်လိုပေါ့" ဟာ့ဖ်ဖတ်က ကျောင်းသား ဟန်နာ-အက်ဘော့က အသံနိမ့်ပြောတယ်။ "သူက ဂါထာနဲ့ ဝက်ခြံပျောက် အောင် လုပ်ချင်တယ်"

"အရူးမလေး" ပါမောက္ခစပရောက်စ်က ခေါင်းခါပြီး ပြောတယ် "မဒမ်ဖွမ်ဖရေက သူ့နှာခေါင်းကို ပြန်တပ်ပေးလိုက်လို့ တော်သေးတယ်"



ရဲတိုက်ဆီက လေးပင်တဲ့ ခေါင်းလောင်းသံကြီး မြက်ခင်းကိုဖြတ်ပြီး ရောက်လာတယ်။ ကျောင်းဆင်းပြီ၊ ကျောင်းသားတွေ ထွက်သွားကြတယ်၊ ဟာ့ဖ်ဖတ်ကျောင်းသားတွေ ကျောက်လှေကားထစ်ကိုတက်ပြီး ရုပ်ပြောင်းဘာသာချိန် သွားတက်တယ်။ ဂရစ်ဖင်းဒေါ ကျောင်းသားတွေက တခြားဦးတည် ရာကို သွားတယ်။ သူတို့ဟာ မြက်ခင်းတလျှောက် ကုန်းဆင်းပြေပြေလေးကို ဆင်းပြီး တားမြစ်သစ်တောဘေးက ဟက်ဂရစ်ရဲ့ သစ်သားအိမ်လေးဆီ သွား ကြတယ်။

ဟက်ဂရစ်ဟာ သစ်သားအိမ်လေးအပြင်မှာ ရပ်နေတယ်။ လက်တစ် ဖက်က ၎င်းရဲ့ ဧရာမတောလိုက်ခွေး အစွယ်ကြီးရဲ့ လည်ပတ်ကွင်းကို ဆွဲထား တယ်။ သူ့ခြေထောက်ဘေး မြေကြီးပေါ်မှာ အဖုံးဖွင့်ထားတဲ့ ထင်းရှူးသေတ္တာ အချို့ ရှိတယ်။ အစွယ်ကြီးက တအူအူအော်ပြီး လည်ပတ်ကွင်းကို ရုန်းထွက်နေ တယ်။ သေတ္တာထဲက အရာကို သွားကြည့်ချင်ပုံ ရတယ်။ သူတို့ နီးကပ်သွား တော့ ထူးဆန်းတဲ့ တချောက်ချောက်မြည်သံ ကြားရတယ်။ ပေါက်ကွဲသံ သေး သေးလဲ ကြားညှပ်ပါသေးတယ်။

"မင်္ဂလာနံနက်ခင်းပါ" ဟက်ဂရစ်ကပြောရင်း ဟယ်ရီ၊ ရွန်နဲ့ဟာမီးကို ပြုံးပြတယ်။ "စလေးသရင်းကျောင်းသားတွေကို စောင့်ရင်ကောင်းမယ်၊ သူတို့ ဒါကို — မီးပန်းပိုးကောင်ကို မြင်ချင်ကြမှာ"

"နောက်တစ်ခါပြောပါ" ရွန်က ပြောတယ်။

ဟက်ဂရစ်က ခြေထောက်နားက သေတ္တာကို ညွှန်ပြတယ်။

"ရွံစရာကြီး" လာဗင်ဒါ-ဘရောင်းက အော်ပြီး နောက်ကို ခုန်ပြေး တယ်၊

"ရွံစရာကြီး"ဆိုတဲ့ စကားဟာ ဒီ မီးပန်းပိုးကောင်ကို ဟယ်ရီခံစားရ တဲ့ အဓိပ္ပာယ်ဖွင့်လိုက်တာပဲ။ ၎င်းတို့ဟာ ပုံပြောင်းသွားတဲ့ အခွံချွတ်ထားတဲ့ ပုဇွန်ကြီးတွေနဲ့ တူတယ်၊ ဖြူမွဲမွဲ၊ ကပ်စေးကပ်စေးနဲ့၊ ပုံပန်းက အလွန် အံ့သြစရာကောင်းတယ်။ ခြေထောက်ပေါင်းများစွာ ကိုးယိုးကားယား ထိုး ထွက်နေပြီး ၎င်းတို့ခေါင်းကို မတွေ့ရဘူး။ သေတ္တာတစ်ခုတစ်ခု အကောင်တစ် ရာလောက်ရှိတယ်၊ တစ်ကောင်တစ်ကောင်ကို ခြောက်လက်မလောက် ရှည် တယ်၊ တစ်ကောင်နဲ့တစ်ကောင်ထပ်ပြီး တွားသွားနေတယ်။ မျက်စိနှင့်လို ငါးပုပ်နံ့ကို ဝင်တိုက်တယ်။ သူတို့ဟာ အလွန်ဆိုးတဲ့ ငါးပုပ်နံ့လဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြားဘောဆိုသလို မီးပန်းပိုးကောင် အမြီးကနေ မီးပွင့်ပွင့်ထွက်တယ်။ ...
နောက် ဖတ်ခနဲ အသံလေး မြည်လာပြီး မီးပန်းပိုးကောင်ဟာ ရှေ့ကို လက်...
အနည်းငယ် တိုးသွားတယ်။

"ခုမှ ဥကပေါက်တာ" ဟက်ဂရစ်က ဂုဏ်ယူစွာ ပြောတယ်။ "မင်း...
ကိုယ်တိုင် ၎င်းတို့ကို ကြီးပြင်းအောင် မွေးနိုင်တယ်။ ၎င်းကို စီမံကိန်းတစ်...
သုံးလို့ရတယ်"

"ကျွန်တော်တို့က ဘာဖြစ်လို့ ၎င်းကို မွေးရမှာလဲ" အေးစက်...
အသံတစ်သံက ပြောတယ်။

စလေးသရင်းကျောင်းသားတွေ ရောက်လာပြီ။ ခုနက စကားပြော...
ဟာ ဒြာခို-မော်ဖိုင်။ ခရပ်နဲ့ဂိုးဟာ တခစ်ခစ်ရယ်နေတယ်။ သူပြောတဲ့စကား...
ထောက်ခံကြောင်း ဖော်ပြတယ်။

ဟက်ဂရစ်ဟာ ဒီ အမေးကို ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေတယ်။

"ကျွန်တော့်အမြင်မှာတော့၊ ၎င်းတို့ကို ဘာလုပ်နိုင်လဲ" မော်ဖိုင်က...
တယ်။ "၎င်းတို့ ဘာအသုံးကျလဲ"

ဟက်ဂရစ်ဟာ ပါးစပ်ကြီးဟနေပြီး ကြိုးစားတွေးတောနေသလို...
စက္ကန့်အနည်းငယ် ရပ်နေပြီးနောက် သူက အသံသြသြနဲ့ပြောတယ်။ "...
နောက်လာမယ့် စာသင်ချိန်ရဲ့ သင်ခန်းစာ၊ မော်ဖိုင်။ မင်းတို့ ဒီနေ့ သူတို့...
အစာသာကျွေး။ ကောင်းပြီ၊ မင်းတို့ ၎င်းတို့ကို မတူတဲ့အစာတချို့ စမ်း...
ကြည့် — တို့ အရင်က ၎င်းတို့ကို မမွေးဖူးဘူး။ ၎င်းတို့ ဘာစားချင်တယ်ဆို...
လဲ မသိဘူး — ကျုပ် ပုရွက်ဆိတ်ဥ၊ ဖားအသည်းနဲ့ မြွေစိမ်းလေးတွေ ပြင်...
ထားတယ် — တစ်မျိုးစီ နည်းနည်းယူပြီး စမ်းကျွေးကြည့်၊ ၎င်းတို့ စား...
မစားဘူးလားဆိုတာ ကြည့်ရအောင်"

"ခုနက သစ်ဖုပြည့်၊ အခုလဲ ဒါကြီး" စီးမတ်စ်က ရေရွတ်တယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ဟက်ဂရစ်ပေါ်မှာထားတဲ့ သံယော...
ကြောင့်သာ၊ ချော်ချွတ်တဲ့ ဖားအသည်းကို ဆုပ်ပြီး သေတ္တာထဲထည့်ကာ မီး...
ပိုးကောင်ကို ဆွဲဆောင်တယ်။ ဟယ်ရီဟာ ဒီကိစ္စတစ်ခုလုံးဟာ ဘာအဓိပ္ပာ...
မှ မရှိဘူးလို့ သံသယရှိမိတယ်။ အကြောင်းက မီးပန်းပိုးကောင်မှာ ပါး...
လုံးဝမရှိလို့ပဲ။

"အမလေး" ဆယ်မိနစ်ခန့်ကြာတော့ ဒင်း-သောမတ်စ်ဟာ ထ...



တယ်။ "သူ ငါ့ကို ထိပြီ"

ဟက်ဂရစ်ဟာ သူ့ဘေးကို အမြန်ဆုံးရောက်လာတယ်။ အမူအရာ
က သိပ်ပျာနေတယ်။

"၎င်းအမြီး ပေါက်ကွဲသွားတယ်" ဒင်းက ဒေါသနဲ့ ပြောတယ်၊ ဟက်ဂ
ရစ်ကို သူ့လက်ပေါ်က မီးလောင်ရာကို ပြတယ်။

"အား၊ ဟုတ်တယ်၊ ၎င်းတို့ ပေါက်ကွဲတဲ့အခါမှာ ဒီလိုဖြစ်တတ်တယ်"
ဟက်ဂရစ်က ခေါင်းညိတ်ရင်းပြောတယ်။

"ရွံစရာကြီး" လာဗင်ဒါ-ဘရောင်းက ပြစ်တင်ပြောဆိုပြန်တယ်။ "သိပ်
ရွံစရာကောင်းတယ်၊ ဟက်ဂရစ်၊ ၎င်းတို့ကိုယ်ပေါ်က ချွန်ချွန်တွေက ဘာလဲ"

"အား၊ ၎င်းတို့ တချို့မှာ ဆူးပါတယ်" ဟက်ဂရစ်က စိတ်ဓာတ်တက်
ကြွစွာပြောတယ်၊ (လာဗင်ဒါဟာ လက်ကို သေတ္တာဘေးက အမြန်ရုပ်လိုက်
တယ်။) "ဆူးပါတာတွေက အဖိုလို့ ကျုပ်ခန့်မှန်းတယ်. . . . အမ ဗိုက်ပေါ်မှာ
စုပ်ယူအင်္ဂါ ရှိတယ်. . . . ၎င်းတို့ သွေးစုပ်တတ်မယ်လို့ ကျုပ်ထင်တယ်"

"ဟုတ်ပြီ၊ ကျွန်တော်တို့ ဘာဖြစ်လို့ ၎င်းကို အသက်ရှင်အောင် လုပ်
နေတယ်ဆိုတာ ကျွန်တော်နားလည်သွားပြီ" မော်ဖိုင်က သရော်ပြောတယ်။ "လူ
...ို မီးရှို့တယ်၊ ဆူးနဲ့ ထိုးတယ်၊ ကိုက်လဲ ကိုက်တယ်။ ဒီလို အချစ်တော်အ
ကောင်ကို ဘယ်မလိုချင်ဘဲ နေမလဲ"

"၎င်းတို့ပုံပန်းက သိပ်ကြည့်လို့ မကောင်းပေမယ့် ၎င်းတို့ အသုံးမကျ
ဘူးလို့ ပြောမရဘူး" ဟာမီးက ချေပပြောဆိုတယ်။ "နဂါးသွေးဟာ အံ့သြဖွယ်
အာနိသင်ရှိတယ်၊ ဒါပေမယ့် နင် နဂါးတစ်ကောင်ကို အချစ်တော်အဖြစ် မွေး
ထားမလားဟင်?"

ဟယ်ရီနဲ့ရွန်ဟာ ဟက်ဂရစ်ကို ရယ်ပြတယ်၊ ဟက်ဂရစ်ကလဲ မုတ်
ဆိတ်မွေး ဗလပွ နောက်ကနေ သူတို့ကို ရယ်ပြတယ်။ ဟက်ဂရစ်ရဲ့ အပြင်းပြ
ဆုံးဆန္ဒကတော့ နဂါးတစ်ကောင်ကို မွေးဖို့ပဲ။ ဒါကို ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့က
သိပ်သိတယ် — သူတို့ ပထမနှစ်ကျောင်းသားဘဝတုန်းက သူ နဂါးတစ်ကောင်
မွေးခဲ့ဖူးတယ်၊ ဒါပေမယ့် ကာလတိုလေးပဲ မွေးရတယ်။ ဒီနဂါးဟာ နော်ဘတ်လို့
ခေါ်တဲ့ အလွန်ဆိုးတဲ့ နော်ဝေတံစဉ်းနဂါး။ ဟက်ဂရစ်ဟာ ကြီးမားပြီး ဆိုးတဲ့
သတ္တဝါကိုပဲ နှစ်သက်တယ်။ အန္တရာယ်ရှိလေ ကောင်းလေပဲ။

"တော်သေးတယ်၊ ဒီ မီးပန်းပိုးကောင်တွေ ငယ်သေးလို့" တစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကြာပြီးနောက် သူတို့ ရဲတိုက်ပြန် ထမင်းစားတော့ ရွှန်ကပြောတယ်။

"၎င်းတို့ အခုငယ်သေးတယ်" ဟာမီးက စိတ်ဆိုးသံနဲ့ ပြောတယ်

"ဒါပေမယ့် ၎င်းတို့ ဘာစားတယ်ဆိုတာ ဟက်ဂရစ် သိခဲ့ရင် ခဏလေးနဲ့ ခြောက်ပေ ရှည်လာလိမ့်မယ်"

"ဒါပေမယ့် နောက်ဆုံးမှာ ၎င်းတို့ဟာ လှိုင်းမူးတာတို့ ဘာတို့ ကုသနိုင်တာ တွေ့ရှိခဲ့ရင် ဘာမှ မဖြစ်တော့ဘူးပေါ့၊ ဟုတ်လား" ရွှန်ကပြောရင်း ဟာမီးကို ပြုံးစစ ရယ်ပြတယ်။

"နင့်စိတ်ထဲမှာ ရှင်းပါတယ်။ ငါခုနက အဲဒီလိုပြောတာ မော်ဖိုင့်ပါးထဲကို ပိတ်သွားစေချင်လို့" ဟာမီးက ပြောတယ်။ "စင်စစ်မှာ သူပြောတာမှန်တယ်လို့ ငါထင်တယ်။ အမြော်အမြင် အရှိဆုံး နည်းကတော့ မီးပန်းပိုးကောင်တွေ ငါတို့ကို မတိုက်ခိုက်နိုင်ခင်မှာပဲ ၎င်းတို့ကို ပုခက်ထဲမှာတွင် သတ်ပစ်ရမယ်"

သူတို့ဟာ ဂရစ်ဖင်းဒေါ ထမင်းစား စားပွဲမှာ ဝင်ထိုင်တယ်။ ဆိတ်သားနဲ့အာလူးကို ယူစားကြတယ်။ ဟာမီးဟာ ပလုတ်ပလောင်းနဲ့ စားတာ အလွန်မြန်တယ်။ ဟယ်ရီနဲ့ ရွှန်ဟာ သူမကို အံ့သြစွာကြည့်နေတယ်။

"အား — ဒါက နင့်ရဲ့ မှင်စာလေးများ အခွင့်အရေးနဲ့ ပတ်သက်တဲ့ ရပ်တည်ချက် အသစ်လား" ရွှန်ကမေးတယ်။ "နင် အန်ထွက်အောင် စားမလို့လား"

"မဟုတ်ဘူး" ဟာမီးက ပြောတယ်။ ပါးစပ်ထဲမှာ ပဲပင်ပေါက်တွေ ပလုတ်ပလောင်းနဲ့။ ဒါပေမယ့် သူမဟာ မာနမချဘဲ ပြောတယ်။ "ငါက စာကြည့်တိုက် သွားချင်လို့"

"ဘာ?" ရွှန်က မယုံနိုင်ဘဲ ပြောတယ်။ "ဟာမီး — ဒါကျောင်းဖွင့်တဲ့ ပထမနေ့လေ။ အိမ်စာတောင် မရှိသေးဘူး"

ဟာမီးက ပခုံးတွန့်ပြပြီး အငမ်းမရ ဆက်စားတယ်။ အစားမစားနိုင်တာ ရက်အတော်ကြာနေတဲ့ ပုံစံမျိုးပဲ။ ဒီနောက် သူမ ခုန်ထလိုက်ပြီး" ညစာစားချိန်တွေ့မယ်"လို့ ပြောပြီး ပြေးထွက်သွားတယ်။

မွန်းလွဲပိုင်း ကျောင်းတက်ခေါင်းလောင်းထိုးတော့ ဟယ်ရီနဲ့ရွှန် မြောက်ဘက်အိမ်ချွန်ကို သွားတယ်။ အလွန်ကျဉ်းတဲ့ ကြောင်လိမ်လှေကားထိပ်မှာ ငွေရောင်လှေကားအရှင် တစ်စင်းဟာ မျက်နှာကြက်ပေါ်က တံခါးရှင်တစ်ခုဆီ ပေါက်တယ်။ အဲဒါကတော့ ပါမောက္ခ ထရီလောနီနေတဲ့ နေရာ။



သူတို့ တံခါးအရှင်ထိပ် ရောက်တော့ မီးပေါ်က ထွက်လာတဲ့ မွှေးမွှေးချိုချိုအနံ့ နှာခေါင်းထဲ ဝင်လာတယ်။ ဒီနေရာဟာ အရင်ကနဲ့ အားလုံးအတူတူပဲ။ ပြတင်းလိုက်ကာကို လုံနေအောင် ချထားတယ်။ စက်ဝိုင်းသဏ္ဌာန် အခန်းထဲမှာ မီးတွေအများကြီး ထွန်းထားတယ်။ မီးအားလုံးကို လည်စည်း သို့မဟုတ် ပိုးထည်နဲ့ အုပ်ထားတယ်။ ဒါကြောင့် အိမ်ခန်းတစ်ခုလုံး ဝေဝါးတဲ့ အနီရောင်ထဲမှာ ကျရောက်နေစေတယ်။ ဟယ်ရီနဲ့ရွှန်ဟာ အခန်းထဲက ရှုပ်ယှက်ခတ်နေတဲ့ ချိန်းရိုက်ထိုင်ခုံနဲ့ ထိုင်ခုံတစ်ပုံကြီးကိုဖြတ်ပြီး မူလထိုင်နေကျ စားပွဲဝိုင်းလေးမှာ ထိုင်ကြတယ်။

"မင်္ဂလာနေ့ခင်းပါ" ပါမောက္ခထရီလောနီရဲ့ မသဲမကွဲအသံဟာ ဟယ်ရီနဲ့နောက်နားကပ်ပြီး ပေါ်လာတဲ့အတွက် သူလန့်သွားတယ်။

ပါမောက္ခထရီလောနီဟာ အလွန်ပိန်တဲ့ အမျိုးသမီး။ ရောမမျက်မှန်တပ်ထားတဲ့အတွက် မျက်လုံးနှစ်လုံးဟာ သူ့မျက်နှာပေါ်မှာ ကြောက်စရာကောင်းအောင် ကြီးနေတယ်။ သူမဟာ ဟယ်ရီ့ကို ငုံ့ကြည့်နေတယ်၊ သူမ မျက်နှာပေါ်မှာ ဝမ်းနည်းကြေကွဲတဲ့ အမူအရာနဲ့ — သူမဟာ ဟယ်ရီ့ကို မြင်တိုင်းဒီအမူအရာမျိုးနဲ့ချည်းပဲ။ သူမကိုယ်ပေါ် ပုတီးတွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေဟာ ခါတိုင်းလိုပဲ မီးရောင်အောက်မှာ လက်နေတယ်။

"မင်းမှာ စိတ်သောကရှိတယ်၊ ကိုယ့်အချစ်လေး" သူမက ဝမ်းနည်းဝမ်းနည်းပြောတယ်။ "ကိုယ့်နှလုံးသား မျက်စိက မင်းရဲ့ သတ္တိပြောင်မြောက်တဲ့ မျက်နှာကို ထိုးဖောက်ပြီး မင်းရင်ထဲက သောကရောက်နေတဲ့ ဝိညာဉ်ကို မြင်ရတယ်။ အလွန်ဝမ်းနည်းစွာနဲ့ မင်းကို ပြောပြရမှာက၊ မင်းစိုးရိမ်ပူပန်မှုဟာ လုံးဝ အထောက်အထား မရှိတာ မဟုတ်ဘူး။ မင်းရဲ့ လာမယ့်နေ့ရက်တွေဟာ အလွန်ခက်ခဲလိမ့်မယ်လို့ မြင်တယ်. . . . အလွန့်အလွန် ခက်ခဲမယ်. . . မင်း ကြောက်ရွံ့စိုးရိမ်တဲ့အရာဟာ ရောက်လာလိမ့်မယ်လို့ ကိုယ်စိုးရိမ်တယ် . . . . မင်း တွေးထင်တာထက်တောင် မြန်နိုင်တယ်. . . ."

သူမ အသံဟာ တဖြည်းဖြည်း တိမ်ဆင်းသွားတယ်၊ နောက်ဆုံး နားနားကပ်ပြောသလို ဖြစ်သွားတယ်။ ရွှန်က ဟယ်ရီ့ကို မျက်စိကလည်ကြည့်ပြတယ်။ ဟယ်ရီက အမူအရာမရှိဘဲ သူ့ကို ကြည့်နေတယ်။ ပါမောက္ခထရီလောနီဟာ သူတို့ဘေးက ပေါ့ပေါ့လေး ဖြတ်သွားပြီး မီးဖိုရှေ့က တောင်ပံပါတဲ့ ရောမလက်တန်းပါ နောက်မှီကုလားထိုင်ကြီးပေါ် ထိုင်ချလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအားလုံးကို မျက်နှာမူထားတယ်။ လာဗင်ဒါ-ဘရောင်းနဲ့ ပါဗာတီ-ပါတီးတို့ဟာ ပါမောက္ခထရီလောနီကို သိပ်ကြည်ညိုတယ်။ သူမနဲ့ အလွန်နီး ကပ်တဲ့ ထိုင်ခုံပေါ်မှာ ထိုင်နေကြတယ်။

"အချစ်လေးတို့၊ ကိုယ်တို့ ကြယ်တာရာတွေကို လေ့လာသင့်ပြီ" ပါမောက္ခထရီလောနီက ပြောတယ်။ "ပလန်းနက်ရဲ့ လှုပ်ရှားမှုနဲ့ ၎င်းကဖော် ပြတဲ့ နိမိတ်၊ ကြယ်များဆိုင်ရာ အကရဲ့ ခြေလှမ်းတစ်ရာကို သိတဲ့လူတွေကသာ ၎င်းရဲ့လျှို့ဝှက်ချက်ကို ထိုးဖောက် မြင်နိုင်မယ်။ လူသားကံကြမ္မာကို ပလန်းနက် ရဲ့ ရောင်ပြန်ဟပ်တဲ့အလင်းက တစ်ဆင့် ဖော်ထုတ်လို့ ရတယ်။ အဲဒီ အလင်း တွေဟာ အချင်းချင်း ယှက်တင်နေတယ်. . . ."

သို့ပေမယ့် ဟယ်ရီ့အတွေးဟာ အဝေးကို ရောက်နေတယ်။ အမွှေး နံ့ထွက်နေတဲ့ မီးဖိုဟာ သူ့ကို မူးဝေအိပ်ငိုက်စေတယ်။ ပါမောက္ခထရီလောနီ ဟာ ဗေဒင်တွက်တဲ့ စကားရပ်တွေကို အပြန်ပြန်အလှန်လှန် ရွတ်ဆိုနေတယ်။ ဘယ်တုန်းကမှ သူ့ကို တကယ်မဆွဲဆောင်နိုင်ဘူး — ဒါပေမယ့် သူဟာ သူမ ခုနက သူ့ကို ပြောတဲ့စကားကို သတိမရဘဲ မနေနိုင်ဘူး။ "မင်းကြောက်ရွံ့စိုးရိမ် တဲ့ အရာဟာ ရောက်လာလိမ့်မယ်လို့ ကိုယ်စိုးရိမ်တယ်. . . ."

ဟာမီးပြောတာ မှန်တယ်၊ ဟယ်ရီက စိတ်ရှုပ်စွာ တွေးတယ်။ ပါ မောက္ခထရီလောနီဟာ စင်စစ်မှာ လူလိမ်ကြီးဖြစ်တယ်။ သူ့လက်ရှိ အခြေအ နေမှာ ဘာကြောက်ရွံ့စိုးရိမ်စရာမှ မရှိဘူး. . . . အလွန်ဆုံး ဆီးရီးအက်စ်ကြယ် အဖမ်းခံရမှာကိုပဲ စိုးရိမ်တာ. . . . ဒါပေမယ့် ပါမောက္ခထရီလောနီက ဘာမှာ သိနိုင်မှာမို့လို့လဲ။ သူမ ဗေဒင်ဆိုတဲ့ ပဥ္စလက်တွေဟာ တိုက်ဆိုင်ခန့်မှန်းခြင်းနဲ့ ချောက်ချားအောင်လုပ်ခြင်းမျှသာ ဖြစ်တယ်ဆိုတာ ဟယ်ရီ အစောကြီးက တည်းက နိဂုံးချုပ်ထားပြီးသား။

သို့ပေမယ့် လွန်ခဲ့တဲ့နှစ် ကျောင်းပိတ်ချိန်မှာတော့ ခါတိုင်းနဲ့မတူတာ ရှိတယ်။ သူမက ဗိုလ်ဒီမွန့် ပြန်ထူထောင်လာလိမ့်မယ်လို့ ကြိုဟောတယ်. . . ဟယ်ရီ ထိုစဉ်က အခြေအနေကို ဒမ်ဘယ်လီဒိုးပြောပြတော့ ဒမ်ဘယ်လီဒိုးကိုယ်၌အ တောင် ပါမောက္ခထရီလောနီ အိပ်မွေ့ချခံရသလိုဖြစ်ခြင်းဟာ ဟန်ဆောင်တာ မဟုတ်ဘူးလို့ ထင်တယ်. . . .

"ဟယ်ရီ" ရွန်က အသံနှိမ့်ပြောတယ်။

"ဘာလဲ?"



ဟယ်ရီ ပတ်ပတ်လည်ကို ကြည့်လိုက်တယ်၊ ကျောင်းသားအားလုံး ကိုကြည့်နေတာ တွေ့ရတယ်။ သူ ကိုယ်ကို မတ်အောင် အမြန်ထိုင်လိုက် တယ်။ အခန်းထဲမှာ သိပ်ပူတဲ့အတွက်၊ ပြီးတော့ ခေါင်းထဲမှာလဲ ထွေရာလေး တွေးနေတာကြောင့် သူခုနက အိပ်ပျော်သွားတော့မလို့။

"အချစ်လေး၊ ကိုယ်ခုနက ပြောနေတယ်၊ မင်းကို မွေးဖွားတဲ့အချိန် စနေဂြိုဟ်ရဲ့ မကောင်းတဲ့ဂယက်ကို ခံရတယ်ဆိုတာ ထင်ရှားတယ်" မောက္ခထရီလောနီက ပြောတယ်၊ မကျေနပ်သံ အနည်းငယ် ပါနေတယ်။ ကြောင်းက ဟယ်ရီဟာ သူမ စာသင်တာကို စိတ်မဝင်စားလို့။

"ဝမ်းနည်းပါတယ်၊ ဘာခံရတယ် — ?" ဟယ်ရီက မေးတယ်။

"စနေဂြိုဟ်၊ အချစ်လေး၊ စနေဂြိုဟ်" ပါမောက္ခထရီလောနီက ပြော ယ်၊ ဟယ်ရီ ဒီသတင်းကို ကြားရပေမယ့် ဘာမှမဖြစ်တာမြင်တော့ သူမလေ ထဲမှာ ဒေါသပါနေတာ ပေါ်လွင်နေတယ်။ "ကိုယ် ခုနက ပြောတယ်၊ မင်းမွေး အခိုက်မှာ စနေဂြိုဟ်ဟာ မိုးပေါ်မှာ အင်အားကြီးတဲ့ အနေအထားမှာ ရှိ သေချာတယ်. . . . မင်းဆံပင်နက်. . . . ပိန်ပါးတဲ့ပုံပန်း. . . . ပြီးတော့ ယ်လေးနဲ့ မိဘမဲ့တာ. . . . ကိုယ် ယတိပြတ် ပြောနိုင်တယ်၊ အချစ်လေး၊ ဆောင်းတွင်းမှာ မွေးတယ် မဟုတ်လား"

"မဟုတ်ဘူး"ဟယ်ရီက ပြောတယ်။ "ကျွန်တော့်မွေးနေ့က ဇူလိုင်မှာ"

ရွန်ဟာ မအောင့်နိုင်ဘဲ ရယ်ချင်တယ်၊ ဒါပေမယ့် ရယ်သံကို ချောင်း က်သံအဖြစ် ပြောင်းပစ်လိုက်တယ်။

နာရီဝက်ကြာတော့ ပါမောက္ခထရီလောနီဟာ လူတိုင်းကို ရှုပ်ထွေးတဲ့ ားပုံစံအဝိုင်း တစ်ခုစီ ဝေပေးတယ်။ သူတို့ကို မိမိမွေးဖွားစဉ် ပလန်းနက် တွေရဲ့ အနေအထားကို ဇယားမှာ ဖြည့်ခိုင်းတယ်။ ဒါဟာ ခြောက်သွေ့ စရာကောင်းတဲ့အလုပ်၊ အလွန်ရှုပ်ထွေး လက်ဝင်တဲ့အချိန်နဲ့ ထောင့်တွေ ွက်ချက်ရမယ်။

"ငါ့ ဒီမှာ ကိတ်ဂြိုဟ်နှစ်လုံး ရှိတယ်" ခဏနေတော့ ဟယ်ရီဟာ ရေစက္ကူကိုကြည့်ပြီး မျက်မှောင်ကြုတ်တယ်။ "ဒါ မမှန်ပါဘူး၊ ဟုတ်လား"

"အား. . . ." ရွန်က ပါမောက္ခထရီလောနီရဲ့ လေသံကို အတုခိုးပြီး လေး တိုးတိုးသေးသေး၊ လျှို့လျှို့ဝှက်ဝှက် ပြောတယ်။ "ကောင်းကင်မှာ ဂြိုဟ်နှစ်လုံး ပေါ်ထွက်လာရင် မျက်မှန်တပ်တဲ့ လူကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နေ့ဖွားမယ်ဆိုတာ ကြိုတင် နိမိတ်ပြတာပဲ၊ ဟယ်ရီ. . . ."

ဒီးမတ်စ်နဲ့ ဒင်းတို့ဟာ ဘေးမှာ ပုံဆွဲနေတယ်၊ ဒီစကားကြားရတော့ ဘခင်ခေါ် ကုန်းရယ်တယ်။ ဒါပေမယ့် သူတို့ရယ်သံဟာ လာဗင်ဒါ-ဘရောင်း စိတ်လှုပ်ရှားတက်ကြွတဲ့ အော်သံကို မဖုံးလွှမ်းနိုင်ဘူး— "အိုး၊ ပါမောက္ခ၊ ကြည့်စမ်းပါ၊ ကျွန်မမှာ ပလန်းနက်တစ်လုံး နေရာ မမှန်ဘူး။ အမလေး ဒါ ဘာဂြိုဟ်လဲ၊ ပါမောက္ခ"

"အဲဒါ ယူရေးနပ်ဂြိုဟ် အချစ်လေး" ပါမောက္ခထရီလောနီက ဇယား ကို ငုံ့ကြည့်ပြီး ပြောတယ်။

"ငါ ယူရေးနပ်ဂြိုဟ်ကို ကြည့်လို့ရမလား၊ လာဗင်ဒါ" ရွန်က ပြော တယ်။

ကံဆိုးစွာပဲ ပါမောက္ခထရီလောနီ သူပြောတာ ကြားသွားတယ်၊ အဲ ကြောင့်ပဲလား မသိဘူး၊ သူမဟာ ကျောင်းမဆင်းခင်မှာ သူတို့ကို အိမ်စာ တစ်ပုံကြီး ပေးတယ်။

"မင်းတို့ရဲ့ဇယားကို ကိုးကားပြီး နောက်လမှာ မင်းတို့အပေါ် ဂယ ရိုက်မယ့် ပလန်းနက်လှုပ်ရှားပုံကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပါ" သူမက တ တင်းပဲ ပြောတယ်— အဲဒီအသံဟာ သူမ ခါတိုင်းသုံးနေကျ ဝေဝါးတဲ့လေ မဟုတ်တော့ဘဲ ပါမောက္ခမက်ဂေါ်နာဂေါ်နဲ့ ပိုတူနေတယ်။ "လာမယ့်တနင်္လာ နေ့မှာ လာအပ်၊ ဘယ်လိုအကြောင်းပြချက်နဲ့မှ ဆင်ခြေပေးလို့ မရဘူး"

"စိတ်ဆင်းရဲစရာ လင်းနို့ကြီး" သူတို့ဟာ အောက်ထပ်ဆင်းတဲ့ လှေ ကြောင်းထဲဝင်ပြီး ခန်းမကို ထမင်းစား သွားကြတော့ ရွန်က မုန်းမုန်းနဲ့ ပြော တယ်။ "စနေ၊ တနင်္ဂနွေတွေတော့ ကုန်ပါပြီ။ ဒါ. . . ."

"အိမ်စာတွေ တစ်ပုံကြီးပဲ?" ဟာမီးက နောက်ကနေ သူတို့ဆီ လိုက် လာပြီး ဝမ်းသာအားရမေးတယ်။ "ပါမောက္ခဗစ်ခတာက ဘာအိမ်စာမှ မပေး ခဲ့ဘူး"

"ကြည့်လေ၊ ပါမောက္ခဗစ်ခတာ သိပ်ကောင်းတာပဲ" ရွန်က ရင်ထဲ လေးနဲ့ ပြောတယ်။

သူတို့ တံခါးအဝင်ခန်း ရောက်လာတယ်။ အတွင်းမှာ ထမင်းစား တန်းစီနေတဲ့ လူတွေနဲ့ ပြည့်လို့။ သူတို့ အတန်းနောက်ဆုံးမှာ ရပ်လိုက်ရုံ ရှိ သေးတယ်။ ကျောဘက်ကနေ နားစူးစေတဲ့အသံ ပေါ်လာတယ်။



"ဝယ်စလီ၊ ဟေး၊ ဝယ်စလီ"

ဟယ်ရီ၊ ရွန်နဲ့ဟာမီး လှည့်ကြည့်လိုက်တယ်။ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတဲ့ တာ အဲဒီမှာ ရပ်နေပြီး အကြောင်းတစ်ကြောင်းကြောင့် ပျော်နေသလိုပဲ။

"ဘာလဲ" ရွန်က ပြတ်ပြတ်ပြောတယ်။

"မင်းအဖေ သတင်းစာထဲမှာ ပါတယ်၊ ဝယ်စလီ" မော်ဖိုင်ကပြော တယ် — သူဟာ 'ကြိုဟောဆရာများနေ့စဉ်'ကို ယမ်းပြနေတယ်။ စကားကို မင် အကျယ်ကြီး ပြောတယ်။ တံခါးအဝင်ခန်းထဲ ပြည့်ကြပ်နေတဲ့ လူတွေ ကြားအောင် ပြောတယ်။ "ဒါ နားထောင်ပါဦး"

### မှော်ဝန်ကြီးဌာန ပြဿနာပေါ်ပြန်ပြီ

မှော်ဝန်ကြီးဌာနရဲ့ ပြဿနာက ပြီးပုံမပေါ်သေးဘူး၊ အထူးသတင်း ထောက် ရီတာ-စကီးတာ သတင်းပေးပို့ချက်မှာ၊ ခုတလော မှော်ဝန်ကြီးဌာန ဟာ ခွေဒစ်ကမ္ဘာ့ဖလားပွဲမှာ စည်းကမ်းမထိန်းသိမ်းနိုင်ခြင်းနဲ့ ၎င်းတို့ရဲ့ မှော် ရာမ အရာရှိတစ်ယောက် ပျောက်ဆုံးခြင်းကို ရှင်းမပြနိုင်တဲ့အတွက် အများ ပန်ခြင်း ခံခဲ့ရတယ်။ မနေ့က မတ်ဂေါ် အရာဝတ္ထု အလွဲသုံးစားပြုခြင်း ဌာနခွဲ အာနိုးဒ်-ဝယ်စလီရဲ့ ပုံမမှန်တဲ့ အပြုအမူကြောင့် မှော်ဝန်ကြီးဌာနဟာ နောက်ထပ် အကြပ်တွေ့နေရတယ်။

မော်ဖိုင် ခေါင်းမော့လိုက်တယ်။

"စဉ်းစားစမ်း၊ ဝယ်စလီ၊ သူတို့ဟာ မင်းအဖေနာမည်တောင် မှန် အောင် မရေးဘူး။ အဲဒါ ဘာမှအရေးမပါတဲ့ အညတရပုဂ္ဂိုလ်မို့ပဲ၊ ဟုတ်လား" သူက အော်ပြောတယ်။

တံခါးအဝင်ခန်းထဲက လူတိုင်း သူ့စကားကို နားထောင်နေတယ်၊ မော်ဖိုင်ဟာ ပြဇာတ် ကနေသလို သတင်းစာကိုထောင်ပြီး ဆက်ဖတ်တယ်၊

အာနိုးဒ်-ဝယ်စလီဟာ လွန်ခဲ့တဲ့-နှစ်နှစ်က ပျံတတ်တဲ့ မော်တော် ကားတစ်စီး ပိုင်ဆိုင်တဲ့အတွက် စွဲချက်တင်ခံရတယ်။ မနေ့ကလဲ မတ်ခေ ... နားဥပဒေ ထိန်းသိမ်းသူ (ပုလိပ်)နဲ့ အငြင်းအခုံထဲ ပါနေတယ်။ တိုက်ခိုက် ... ကောင်းတဲ့ အမှိုက်ပုံးတွေကြောင့် ဖြစ်တယ်။ မစ္စတာဝယ်စလီဟာ ... ကလုံးမှုးဒီကို လာကူညီတာနဲ့ တူတယ်။ အဲဒီလူဟာ အောရော်ဖြစ်ခဲ့တယ်၊ ... မျက်လုံးမှုးဒီဟာ ရိုးရိုးလက်ဆွဲနှုတ်ဆက်ခြင်းနဲ့ တမင် လူသတ်ခြင်းကို ... ခွဲခြားနိုင်တော့တဲ့ အချိန်မှာ သူဟာ မှော်ဝန်ကြီးဌာနက အနားယူသွား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ဘင်ဘဲ့အတိုင်းပဲ၊ မစ္စတာမူးဒီ အထူးကာကွယ်ထားတဲ့ နေအိမ်
ခရစ္စတာဝယ်စလီ ရောက်သွားတော့၊ မစ္စတာမူးဒီဟာ အလကားလန့်ပြီး မဟုတ်
ဘဲ့ဘိုင်ဘန်းချက် ဖြစ်နေတာ တွေ့ရှိတယ်။ မစ္စတာဝယ်စလီဟာ ပုလိပ်တ
ကို မှတ်ဉာဏ်ပြင်ပေးတော့မှ သူတို့ဆီက ထွက်လာနိုင်တော့တယ်။ ဒါပေမ
'ကြူဆောဆရာများနေ့စဉ်' သတင်းထောက်က သူ့ကို ဒီအဓိပ္ပာယ်မရှိတဲ့
ခတော့ အလွန်ကိုင်တွယ်ရခက်နိုင်တဲ့ အရေးကိစ္စထဲကို ဘာကြောင့် မှော်ဝန်
ဌာန ပါဝင်သွားတာလဲလို့ မေးတော့ မစ္စတာဝယ်စလီက ဖြေဖို့ ငြင်းဆန်တယ်

"ခါတ်ပုံလဲ တစ်ပုံပါတယ်၊ ဝယ်စလီ" မော်ဖိုင်က ပြောရင်း သတ
တကိုလှည့်ပြီး အမြင့်ကြီး မြှောက်ထားတယ်။ "မင်းမိဘ ခါတ်ပုံတစ်ပုံ၊ မင်း
အိမ်ရှေ့မှာ ရပ်နေတာ — မင်းက ဒါကို အိမ်လို့ခေါ်မယ်ဆိုရင်။ မင်းအမေ
ကိုယ်အလေးချိန် နည်းနည်းလျှော့နိုင်ရင် ပုံပန်းက နည်းနည်းတော်လိမ့်မယ်
သူမ လျှော့နိုင်မလား"

ရွန်က ဒေါသကြောင့် တစ်ကိုယ်လုံး တုန်နေတယ်။ တံခါးအဝင်ခန်း
ထဲကလူတွေ သူ့ကိုကြည့်နေတယ်။

"သွားစမ်း၊ မော်ဖိုင်" ဟယ်ရီက ပြောတယ်၊ "စိတ်မဆိုးနဲ့၊ ရွန် . . . "

"အို့ ဟုတ်ပြီ ပေါ်တာ၊ မင်း ဒီနှစ် နွေတုန်းက သူတို့နဲ့အတူနေတယ်
ဟုတ်လား" မော်ဖိုင်က သရော်ပြီးပြောတယ်။ "ဒါဆို ငါ့ကို ပြောပြစမ်း၊ သူ့အမေ
တကယ်ပဲ ဝက်လိုဝတာလား၊ ဒါမှမဟုတ် ခါတ်ပုံထဲမှာ ဒီလိုဖြစ်တာလား"

"ဒါဆို မင်းအမေကကော၊ မော်ဖိုင်" ဟယ်ရီက ပြောတယ် — သူ
ရော ဟာမီးပါ ရွန့်ဝတ်ရုံရှည်ကျောစကို ဆွဲထားတယ်၊ မော်ဖိုင့်ဆီ ဝင်အုပ်
မှာစိုးလို့ — "မင်းအမေ အမူအရာကိုကြည့်၊ သူမ နှာခေါင်းအောက်မှာ
ချေးရှိနေသလို သူမ အမြဲတမ်း အဲဒီ အမူအရာပဲလား၊ မင်းနဲ့ အတူနေတဲ့အခါမှ
ဒီလိုဖြစ်တာလား"

မော်ဖိုင်ရဲ့ ဖြူဖပ်ဖြူရော် မျက်နှာဟာ အနည်းငယ် နီလာတယ်။

"မင်းက ငါ့အမေကို စော်ကားဝံ့သလား၊ ပေါ်တာ"

"ဒါဆို မင်းပါးစပ်ထူထူကြီးကို ပိတ်ထား" ဟယ်ရီက ပြောပြီး တစ်ဖက်
လှည့်သွားတယ်။

"ဗျန်း"



လူတချို့ ထအော်တယ် — ဖြူပြီးပူတဲ့အရာ သူ့ပါးဘေးက ဖြတ်
သွားတယ်လို့ ဟယ်ရီခံစားရတယ် — သူဟာ သူ့ဝတ်ရုံရှည်ထဲ အမြန်နှိုက်ပြီး
မှော်ကြိမ်လုံး ယူတယ်၊ တစ်ခါ အသံကြီးတစ်ခု ကြားရပြန်တယ်။ ဗျန်း၊၊ ဆက်
ဘက်ပြီး အော်သံတစ်သံ တံခါးဝင်ခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။

"အိုး၊ ဒီလိုမလုပ်နဲ့၊ ငနဲလေး"

ဟယ်ရီက ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်၊ ပါမောက္ခမူးဒီ။ မာဘော်
လှေကားကနေ ထော့နဲ့ထော့နဲ့ ဆင်းလာတာ မြင်ရတယ်။ သူ့လက်ထဲမှာ မှော်
ကြိမ်လုံးကိုင်ထားတယ်။ တစ်ကိုယ်လုံး ဖြူဖွေးနေတဲ့ မြွေပါတစ်ကောင်ကို ချိန်
ထားတယ်။ မြွေပါဟာ ကျောက်ပြားခင်းထားတဲ့ ကြမ်းပေါ်မှာ တုန်နေတယ်၊
အဲဒီနေရာဟာ မော်ဖိုင်ရပ်နေတဲ့ နေရာ။

တံခါးအဝင်ခန်းမှာ ကြောက်စရာကောင်းအောင် ငြိမ်သက်နေတယ်၊
မူးဒီကလွဲပြီး ဘယ်သူမှ မလှုပ်ဝံ့ဘူး။ မူးဒီက ဟယ်ရီ့ကို လှည့်ကြည့်တယ်
— အနည်းဆုံးတော့ ၎င်းရဲ့ ပုံမှန်မျက်လုံးတစ်လုံးက ဟယ်ရီ့ကို ကြည့်နေ
တယ်။ ကျန်မျက်လုံး တစ်လုံးက သူ့ခေါင်းထဲ ဝင်သွားတယ်။

"မင်းကို ထိသွားလား" မူးဒီက ဒေါသနဲ့ မေးတယ်။ သူ့အသံဟာ
နိမ့်ပြီး အက်နေတယ်။

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ "မထိဘူး"

"၎င်းကို မထိနဲ့" မူးဒီက တအားအော်တယ်။

"မထိနဲ့ — ဘာလဲ?" ဟယ်ရီက နဝေတိမ်တောင်မေးတယ်။

"မင်းကိုပြောတာ မဟုတ်ဘူး — သူ့ကို ပြောတာ" မူးဒီက အော်
ဟောက်ပြန်တယ်၊ လက်မထောင်ပြီး ပခုံးပေါ်ကနေ ခရပ်ကို ညွှန်ပြတယ်၊
ခရပ်က မြွေပါကို ပွေ့ယူမယ်လုပ်တုန်းမှာ လန့်ပြီး နေရာမှာ မလှုပ်ဝံ့တော့
ဘူး၊ မူးဒီရဲ့ ဟို လည်ပတ်နေတဲ့ မျက်လုံးဟာ မှော်အားရှိနေသလိုပဲ၊ နောက်
နောက်က အရာတွေကို မြင်ရတယ်။

မူးဒီဟာ ထော့နဲ့ထော့နဲ့နဲ့ ခရပ်၊ ဂိုးနဲ့ ဟိုမြွေပါဆီ လျှောက်သွားတယ်၊
မြွေပါက ထိတ်လန့်စွာ အော်လိုက်ပြီး ရှောင်ပြေးတယ်၊ မြေအောက် စာသင်ခန်း
ဘက်ကို ထွက်ပြေးတယ်။

"ဒီလိုလုပ်လို့ ဘယ်ရမလဲ" မူးဒီက ဟိန်းလိုက်ပြီး မှော်ကြိမ်လုံးနဲ့
မြွေပါကို ချိန်ပြန်တယ် — မြွေပါဟာ ဆယ်ပေအမြင့်ကို မြောက်တက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပေါ်ကို ဘတ်ခနဲ ပြုတ်ကျလာတယ်၊ တစ်ခါ ပြန်မြောက်တက်သွားတယ်

"သူများကို ကျောဘက်ကဝင်တိုက်တဲ့လူကို ကျုပ်မကြိုက်ဆုံးပဲ" မူး က အသံညြညြနဲ့ပြောတယ် — ဒီအချိန်မှာ မြွေပါဟာ ဆောင့်တက်တက်သွ ဘာ ကြာလေမြင့်လေပဲ၊ နာကျင်စွာ အော်ဟစ်နေတယ်။ "ဒီလိုလုပ်တာ ညစ်ပတ်တယ်၊ ယုတ်မာတယ်၊ သတ္တိမဲ့တဲ့ အကောင်တွေရဲ့ လုပ်ရပ် ...."

မြွေပါဟာ မိုးပေါ် မြောက်တက်သွားတယ်၊ ခြေလေးချောင်းနဲ့ အ ဟာ ခိုကိုးရာမဲ့ လူူပ်ယမ်းနေတယ်။

"နောက်ကို — ဒီလို— မလုပ်နဲ့ —" မူးဒီက ပြောတယ်။ မြွေ ကျောက်ပြားပေါ် ကျလာပြီး တစ်ခါ ပြန်ဆောင့်တက်သွားတိုင်း သူက ဝေါဟာ တစ်လုံး ပြောထုတ်လာတယ်။

"ပါမောက္ခမူးဒီ" ထိတ်ပျာတဲ့ အသံတစ်သံက ပြောတယ်။

ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ စာအုပ်တစ်ထပ်ကို ပွေ့ပြီး မာဘေ လှေကားကနေ ဆင်းလာတယ်။

"မင်္ဂလာပါ၊ ပါမောက္ခမက်ဂေါ်နာဂေါ်" မူးဒီက တည်ငြိမ်စွာပြေ တယ်။ တစ်ဖက်က မြွေပါကို ပိုမြင့်အောင် လုပ်တယ်။

"ရှင် — ရှင် ဘာလုပ်နေလဲ" ပါမောက္ခမက်ဂေါ်နာဂေါ်က မေးတယ် သူမအကြည့်ဟာ မိုးပေါ်သို့ ဆောင့်ခုန်တက်နေတဲ့ မြွေပါနဲ့ လိုက်ပြေးနေတယ်

"ဆုံးမတာ" မူးဒီက ပြောတယ်။

"ဆုံးမ — မူးဒီ၊ ဒါကျောင်းသားလား"

ပါမောက္ခမက်ဂေါ်နာဂေါ်က ထိတ်လန့်စွာ အော်ပြောတယ်၊ သူ လက်ထဲက စာအုပ်တွေ လက်ထဲက လွင့်ကျသွားတယ်။

"ဟုတ်တယ်" မူးဒီက ပြောတယ်။

"မလုပ်နဲ့" ပါမောက္ခမက်ဂေါ်နာဂေါ်က အော်လိုက်တယ်၊ လှေကာ က အမြန်ဆင်းပြီး မိမိမှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ ခဏနေတော ဘတ်ဆိုတဲ့ အသံကြီးနဲ့အတူ ဂျာခို-မော်ဖိုင် မူလပုံပန်းအတိုင်း ပြန်ဖြစ်လ တယ်။ သူ ပုစွန်တုပ်လိုကွေးနေပြီး ကျောက်ပြားပေါ် လဲနေတယ်။ အဝါဖျော ဖျော့ ဆံပင်ချော်ချွတ်ချွတ်ဟာ ၎င်းရဲ့ ခုချိန်မှာ နီရဲနေတဲ့ မျက်နှာပေါ် ကျ တယ်။ ခဏနေတော့ သူ မတ်တတ်ထရပ်ပြီး တုန်နေတယ်။

"မူးဒီ၊ ကျွန်မတို့ ဘယ်တုန်းကမှ ရုပ်ပြောင်းနည်းနဲ့ အပြစ်မပေးဘူး



မောက္ခမက်ဂေါ်နာဂေါ်က အားနည်းစွာပြောတယ်။ "ပါမောက္ခဒမ်ဘယ်ဒိုး ရှင့်ကို ပြောပြမယ်ထင်တယ်"

"သူပြောဖူးတယ်ထင်တယ်" မူးဒီက အရေးမလုပ်ဘဲ မေးငေါ့ပြီးပြော ယ်။ "ဒါပေမယ့် နောင်ကြဉ်အောင်တော့ —"

"ကျွန်မတို့ တိုက်ပိတ်လို့ ရတယ်၊ မူးဒီ၊ ဒါမှမဟုတ် သက်ဆိုင်ရာ ောက်စ်ကျောင်း ကျောင်းအုပ်ကို တိုင်နိုင်တယ်"

"ကျုပ် အဲ့ဒီလို လုပ်မှာပါ" မူးဒီက အလွန်ရွံမုန်းစွာနဲ့ မော်ဖိုင်ကို ကြည့်ပြီး ပြောတယ်။

မော်ဖိုင်ရဲ့ အရောင်ဖျော့ဖျော့မျက်စိဟာ နာကျင်ခြင်းနဲ့ အစော်ကား ခံရခြင်းတို့ကြောင့် မျက်ရည်လည်နေတယ်။ ဒီအချိန်မှာ သူက မူးဒီကို မိုက် မဲ့ကန်း မော့်ကြည့်တယ်။ ပါးစပ်က တစ်ခုခု ရေရွတ်နေတယ်။ ၎င်းအနက် စကားလုံးတချို့ ရှင်းရှင်းကြားရတယ်၊ အဲဒါ "ကျွန်တော့်အဖေ"

"အော၊ ဟုတ်လား" မူးဒီက ထော့နဲ့ထော့နဲ့နဲ့ ရှေ့ကို လေးငါးလှမ်း လှမ်းလိုက်တယ်။ ၎င်းရဲ့သစ်သားခြေထောက် ကြမ်းပေါ် နင်းသွားတဲ့အသံ ဟာ ပဲ့တင်ထပ်နေတယ်။ "ဟုတ်တယ်၊ ကျုပ်အရင်ကတည်းက မင်းအဖေကိုသိ တယ်၊ ကောင်လေး.... မင်း သူ့ကိုပြောလိုက်၊ မူးဒီက သူ့သားကို နီးနီးကပ်ကပ် စောင့်ကြည့်နေတယ်.... ဒီအတိုင်းပဲ ငါ့အစား မင်းသူ့ကို ပြောပြလိုက်.... ကောင်းပြီ၊ မင်းတို့ ဟောက်စ်က ကျောင်းအုပ်က စနိတ်ပ် မဟုတ်လား"

"ဟုတ်တယ်" မော်ဖိုင်က မုန်းတီးစွာ ပြောတယ်။

"ဒါလဲ မိတ်ဆွေဟောင်းပဲ" မူးဒီက ဟောက်တယ်။ "ကျုပ်က အ ခေါင်းအသင်းဟောင်းနဲ့ စကားစမြည်ပြောချင်နေတာ... သွားစို့၊ မင်း..."

ပြောရင်းနဲ့ သူဟာ မော်ဖိုင့်လက်မောင်းကို လှမ်းဆွဲပြီး မြေအောက် အသင်ခန်းဆီ ဆွဲခေါ်သွားတယ်။

ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ စိုးရိမ်စွာနဲ့ သူတို့ကို ကြည့်နေတယ်၊ ခဏတော်တော်လေးကြာမှ သူမဟာ မှော်ကြိမ်လုံးနဲ့ မြေကြီးပေါ် ကျနေတဲ့ စာအုပ် တွေကို ချိန်လိုက်တယ်၊ စာအုပ်တွေဟာ မြောက်တက်လာပြီး သူမရင်ခွင်ထဲ ပြန်ရောက်လာတယ်။

မိနစ်အချို့ကြာပြီး သူတို့ ဂရစ်ဖင်းဒေါစားပွဲမှာ ထိုင်နေပြီ၊ ပတ် ဝန်းကျင်က လူတွေဟာ ခုနက ဖြစ်ပွားတဲ့ကိစ္စကို တက်ကြွစွာ ပြောဆိုနေကြပြီ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို စကားမပြောနဲ့"လို့ ရွန်က ဟယ်ရီနဲ့ ဟာမီးကို တိုးတိုး ပြောတယ်။

"ဘာဖြစ်လို့လဲ" ဟာမီးက အံ့ဩစွာမေးတယ်။

"ဒီကိစ္စကို ထာဝရ မှတ်သားထားချင်လို့" ရွန်ကပြောတယ် — သူ မျက်လုံးမှိတ်ထားတယ်၊ အလွန်ဝမ်းသာတဲ့ အမူအရာ ပေါ်လွင်နေတယ်။ "ဖွာ ဒ်-မော်ဖိုင်၊ ရိုးရိုးမဟုတ်ဘဲ ခုန်ပြီးရင်း ခုန်နေတဲ့ မြွေပါကြီး. . . ."

ဟယ်ရီနဲ့ ဟာမီးတို့ ရယ်ကြတယ်။ ဒီနောက် ဟာမီးဟာ အမဲသား နှပ်ကို သူတို့ပန်းကန်ထဲ ထည့်ပေးတယ်။

"ဒါပေမယ့် သူ မော်ဖိုင်ကို ဒဏ်ရာရအောင် တကယ်လုပ်နိုင်တယ်" သူမကပြောတယ်။ "ပါမောက္ခမက်ဂေါ်နာဂေါက အချိန်မီ တားလိုက်လို့ တော် သေးတယ် —"

"ဟာမီး" ရွန်က ဆတ်ခနဲ မျက်လုံးဖွင့်လိုက်ပြီး စိတ်ဆိုးဆိုးပြော တယ်။ "နင်က ငါ့ဘဝရဲ့ အပျော်ဆုံးအချိန်ကို ဖျက်ဆီးနေတယ်"

ဟာမီးဟာ စိတ်မရှည်ဘဲ ရေရွတ်လိုက်ပြီး ထမင်းစ,စားတယ် ပလုတ်ပလောင်း ကသောကမျော စားတယ်။

"မင်း ဒီည စာကြည့်တိုက် မသွားပါဘူးနော်" ဟယ်ရီက သူမကိုကြည့် ပြီး မေးတယ်။

"သွားမှာပေါ့" ဟာမီးက ပလုတ်ပလောင်းနဲ့ မသဲမကွဲပြောတယ် "လုပ်စရာ အလုပ်တွေက တစ်ပုံကြီးပဲ"

"ဒါပေမယ့် နင် ငါတို့ကို ပြောတယ်လေ၊ ပါမောက္ခဗစ်ခတာ —"

"ကျောင်းစာမဟုတ်ဘူး" သူမကပြောတယ်။ ငါးမိနစ်ကြာတော့ သူမဟာ ပန်းကန်ပြားထဲက အစာကို စားပြီး ကမန်းကတန်း ထွက်သွားတယ်။ သူမ ထွက်သွားတာနဲ့ သူမနေရာကို ဖရက်-ဝယ်စလီက ဝင်ထိုင်တယ်။

"မူးဒီ" သူက ပြောတယ်။ "သူ့ သိပ်မိုက်တာပဲ၊ ဟုတ်လား"

"မိုက်ရုံ ဘယ်ကမလဲ" ဂျော့က ပြောရင်း ဖရက်နဲ့ မျက်နှာချင်းဆိုင် မှာ ထိုင်လိုက်တယ်။

"သေအောင် မိုက်တယ်" အမြွှာညီနောင်ရဲ့ သူငယ်ချင်း လီ-ဂျော်ဒ ဟာ ဂျော့ဘေးကနေရာမှာ ဝင်ထိုင်တယ်။ "ငါတို့ ဒီနေ့ညနေပိုင်း သူ့အချိန် တက်ခဲ့တယ်" သူက ဟယ်ရီနဲ့ရွန်ကို ပြောတယ်။

"ဘယ့်နဲ့ နေလဲ" ဟယ်ရီက သိလိုဇောနဲ့မေးတယ်။



ဖရက်၊ ဂျော့တို့ အစီပွားယ်ပါပါ အပြန်အလှန် ကြည့်လိုက်တယ်။

"ဒီလို သင်ခန်းစာမျိုး ဘယ်တုန်းကမှ မတက်ခဲ့ဖူးဘူး" ဖရက်က ပြောတယ်။

"သူ့ သိပ်တတ်တာပဲ၊ ဟော့ကောင်" လီက ပြောတယ်။

"ဘာ တတ်တာလဲ" ရွန်က ရှေ့ကုန်းပြီး မေးတယ်။

"အပြင်မှာလုပ်တာ ဘာလဲဆိုတာ သိတယ်" ဂျော့က လေးနက်စွာ ပြောတယ်။

"ဘာအလုပ် လုပ်တယ်?" ဟယ်ရီကမေးတယ်။

"မှော်နက်ကို တိုက်ခိုက်တာလေ" ဖရက်က ပြောတယ်။

"သူ ဘာမဆို ကြုံဖူးတယ်" ဂျော့ကပြောတယ်။


"သိပ် ချီးကျူးစရာ ကောင်းတယ်" လီက ပြောတယ်။

ရွန်က သူ့လွယ်အိတ်ထဲမှာ အချိန်ဇယား ရှာနေတယ်။

"ငါတို့ကြာသပတေးနေ့ကျမှ သူ့အချိန်ရှိတာ" သူက စိတ်ပျက်တဲ့လေ သံနဲ့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၄။ ခွင့်မလွှတ်ကျိန်စာ

ဒီနောက် နှစ်ရက်မှာ ဘာမှမဖြစ်ဘူး။ မှော်ဆေးပညာအချိန်မှာ နီဗီး က ဆေးကျိုအိုးကို အရည်ပျော် ပေါက်သွားစေတာပါ ထည့်တွက်ရင်တော့ တစ်မျိုးပေါ့။ ဒါဟာ သူပေါက်အောင်လုပ်တဲ့ ဆဋ္ဌမမြောက် ဆေးကျိုအိုး ပါမောက္ခစနိတ်ပ်ရဲ့ ကလဲ့စားချေတဲ့စိတ်ဟာ ကျောင်းပိတ်ရက်အတွင်း စံချိန် သစ် တင်ထားသလိုပဲ။ သူက နီဗီးကို ကျောင်းပိတ်ပြီး အလုပ်လုပ်ခိုင်းတယ်။ နီဗီးဟာ မတတ်သာဘဲ ချိုပေါက်တဲ့ ဖားပြုပ်တစ်ပုံကြီးကို ရင်ခွဲရတယ်။ ပြီး လာတော့ သူ့အာရုံ ပြိုကျတော့မလို ဖြစ်နေတယ်။

"စနိတ်ပ် ဒေါသ ဘာကြောင့် ဒီလောက်ဆိုးနေတယ်ဆိုတာ သိလား" ရွန်က ဟယ်ရီ့ကို ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ ဟာမီးက နီဗီးကို လက် သည်းထဲက ဖားပြုပ်ကလီစာတွေ သန့်စင်နိုင်တဲ့ အစွန်းချွတ်ဂါထာ သင်ပေးနေ တာ ကြည့်နေတယ်။

"ဟုတ်တယ်" ဟယ်ရီကပြောတယ်။ "မူးဒီကြောင့်"

စနိတ်ပ်ဟာ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်ဆရာ သိပ်လုပ်ချင်



တယ်ဆိုတာ လူတိုင်းသိတယ်။ သူဟာ လေးနှစ်ဆက်တိုက် ဒီအလုပ်ကို မရခဲ့ဘူး။ အရင် မှော်နက်ပညာကာကွယ်တဲ့ အတတ်ဘာသာကို သင်ကြားတဲ့ ဆရာ များကို စနိတ်ပ်က မကျေနပ်ဘူး၊ ပြီးတော့ မကျေနပ်မှုကို မျက်နှာပေါ်မှာ ဖော်ပြတယ် — သို့ပေမယ့် အရှုးမျက်လုံး မူးဒီကိုတော့ သူ အထူးသတိထား တယ်။ ဒီလို ရန်ငြိုးစိတ်ကို မပေါ်အောင် နေတယ်။ အမှန်ပဲ၊ သူတို့နှစ်ယောက် အတူရှိနေတာ ဟယ်ရီမြင်ရတိုင်း — ထမင်းစားချိန်၊ ဒါမှမဟုတ် စင်္ကြံထဲမှ ယှဉ်ဖြတ်သွားတဲ့အခါမှာ — စနိတ်ပ်ဟာ မူးဒီရဲ့မျက်လုံးကို ရှောင်တယ်ဆို တာ သူထင်ရှားစွာ တွေ့မြင်ရတယ်၊ မှော်ပညာနဲ့ မျက်လုံးပဲဖြစ်ဖြစ်၊ ပုံမှန်မျက် လုံးပဲဖြစ်ဖြစ် ရှောင်တယ်။

"စနိတ်ပ် သူ့ကို နည်းနည်းကြောက်တယ်လို့ ငါထင်တယ်" ဟယ်ရီက တွေးရင်းပြောတယ်။

"မင်းတွေးကြည့်စမ်း၊ မူးဒီက စနိတ်ပ်ကို ချိုပါတဲ့ဖားပြုပ်ကြီးဖြစ် အောင် လုပ်လိုက်ရင်" ရွန်က ပြောတယ် — သူ့မျက်စိဟာ ရီဝေနေတယ်၊ အတွေးထဲ ကျရောက်နေတယ်။ "တစ်ခါ သူ့ကို မြေအောက် စာသင်ခန်းထဲမှာ ခုန်ဆွခုန်ဆွ လုပ်ခိုင်းရင်. . . . ."

ဂရစ်ဖင်းဒေါ စတုတ္ထနှစ်ကျောင်းသားတွေဟာ မူးဒီရဲ့ ပထမစာသင် ချိန်ကို တက်ချင်လို့ ကြာသပတေးနေ့ နေ့လယ် ထမင်းစားပြီး ကျောင်းတက် ခေါင်းလောင်းမထိုးခင်မှာပဲ မူးဒီ ကျောင်းခန်းအပြင်ဘက်မှာ တန်းစီပြီး စောင့် နေကြတယ်။

လိုနေတာ တစ်ယောက်တည်းရှိတယ်။ အဲဒါ ဟာမီး။ သူမဟာ ကျောင်းတက်ခါနီးမှ ပြေးလာတယ်။

"ငါ. . . . သွားတယ်"

"စာကြည့်တိုက်" ဟယ်ရီက သူမအစား စကားဆုံးအောင် ပြောပေး တယ်။ "သွားစို့၊ မြန်မြန်၊ နို့မို့ရင် နေရာကောင်းရမှာ မဟုတ်ဘူး"

သူတို့ဟာ စာသင်ခန်းရှေ့က နေရာလွတ် လေးခုမှာ ဝင်ထိုင်တယ်၊ စာအုပ်တို့ရဲ့'အမှောင်အင်အား ကာကွယ်ရန် လမ်းညွှန်'ကိုထုတ်ပြီး စောင့်နေတယ်၊ အသံထုက အလွန် ငြိမ်သက်လေးနက်တယ်။ မကြာဘူး၊ သူတို့ဟာ မူးဒီရဲ့ ထူးခြားတဲ့ ဒေါက်ဒေါက်ဆိုတဲ့ ခြေသံ စင်္ကြံတစ်လျှောက်က လာနေတာ ကြားရ တယ်။ သူ ကျောင်းခန်းထဲ ဝင်လာတယ်။ ပုံပန်းက ခါတိုင်းလိုပဲ တစ်မျိုးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရောကောင်းနေတယ်။ သူတို့ဟာ ၎င်းရဲ့ လက်သည်းပုံသဏ္ဌာန်သစ်သားခြေ ခတ်ရှုံ့ရှည်အောက်က ပေါ်လာတာကို မြင်ရတယ်။

"ဒါတွေ သိမ်းထားလိုက်" သူက အသံပြဲပြဲနဲ့ပြောရင်း တုတ်ကောက်ဆောက်ကာ စာသင်စင်ဆီ လျှောက်သွားပြီး ထိုင်လိုက်တယ်။ "ဒီစာအုပ်တွေ မင်းတို့ အသုံးမကျဘူး"

ကျောင်းသားတွေက စာအုပ်ကို လွယ်အိတ်ထဲ ထည့်တယ်။ ရွန်ကတော့ သိပ် စိတ်ဓာတ်တက်ကြွနေတယ်။

မူးဒီက နာမည်စာရင်းကို ထုတ်တယ်၊ ခေါင်းခါလိုက်ပြီး ကောက်ကွေးတဲ့၊ ဒဏ်ရာတွေနဲ့ မျက်နှာပေါ်ကနေ ဆံပင်ဖြူရှည်ရှည်ကို ဖယ်လိုက်တယ်။ စတင်နာမည်ခေါ်တယ်။ ၎င်းရဲ့ ပုံမှန်မျက်လုံးဟာ နာမည်စာရင်းအတိုင်း အောက်သို့ ရွေ့လျားသွားတယ်၊ မှော်မျက်လုံးကတော့ မနားတမ်းလည်နေတယ်။ ပြန်ထူးတဲ့ ကျောင်းသားတိုင်းကို စိုက်ကြည့်တယ်။

"ကောင်းပြီ" နောက်ဆုံးကျောင်းသားက ထူးလိုက်တော့ သူကပြောတယ်။ "ကျုပ် ပါမောက္ခလူပင်ဆီက စာတစ်စောင်ရတယ်၊ ဒီဘာသာရပ် အခြေအနေကို ပြောပြတယ်။ ကြည့်ရတာ မှော်နက်သတ္တဝါကို ဘယ်လိုခုခံရမယ်ဆိုတဲ့ဘက်မှာ မင်းတို့ အခြေခံဗဟုသုတ တော်တော်ရထားကြပြီ — မင်းတို့ ဘော့ဂတ်စ်၊ ဦးထုပ်နီ၊ ဟင်ခီဖန့်စ်၊ ဂရင်းဒီလိုးစ်၊ ခါဖတ်စ်နဲ့ ပတ်သက်လို့ သင်ယူပြီးပြီ၊ ဟုတ်လား"

ကျောင်းသားတွေဟာ ဟုတ်ကြောင်း တိုးတိုးပြောတယ်။

"ဒါပေမယ့် ကျိန်စာနဲ့ပတ်သက်ပြီး မင်းတို့ သင်ယူထားတာ မလုံလောက်သေးဘူး — အလွန်မလုံလောက်ဘူး" မူးဒီက ပြောတယ်။ "ဒါကြောင့် မင်းတို့ကို မှော်ဆရာ အချင်းချင်း ပညာပြတာကို သိအောင် လုပ်ပေးချင်တယ်။ ကျုပ်မှာ မင်းတို့ကို မှော်နက်ပညာ ခုခံကာကွယ်တာ သင်ပေးဖို့ အချိန်တစ်နှစ်ရှိတယ် —"

"ဘာလဲ၊ သင် ဘာပြောလဲ" ရွန်က လွတ်ထွက်သွားပြီးမေးတယ်။

မူးဒီရဲ့ မှော်မျက်လုံးဟာ လည်လာပြီး ရွန့်ကို စိုက်ကြည့်နေတယ်။ ရွန့်ကြည့်ရတာ သိပ်ကြောက်နေတယ်၊ ဒါပေမယ့် မူးဒီက ရယ်တယ် — ဒါဟာ ဟယ်ရီ ပထမဆုံးအကြိမ် မူးဒီရယ်တာ တွေ့ဖူးတာ။ သူရယ်လိုက်တော့ ဒဏ်ရာအပြည့်နဲ့ သူ့မျက်နှာဟာ ပိုပြီး လိမ်တွန့်ကာ တစ်မျိုးကြီးဖြစ်နေတယ်။ ဒါပေ



မယ့် သူဟာ ချစ်ခင်တဲ့အပြုံး ဖော်ပြသေးတယ်ဆိုတာ သိရတော့ စိတ်ပေါ့ပါးသွားတာပေါ့။ ရွန်က သက်ပြင်းချနိုင်သွားတယ်။

"မင်းက အာသာ-ဝယ်စလီ့သားလား၊ ဟင်?" မူးဒီက ပြောတယ်၊ "လွန်ခဲ့တဲ့ ရက်အချို့က မင်းအဖေ ကူညီလို့ ကျုပ် အလွန်ဖြေရှင်းရခက်တဲ့ အကြပ်အတည်းက လွတ်လာတယ်. . . .ဟုတ်တယ်၊ ကျုပ်တစ်နှစ်ပဲ သင်မှာ။ ဒမ်ဘလီဒိုးကို ကူညီတာ. . . . တစ်နှစ်ပဲ သင်မှာ။ ပြီးတော့၊ ငြိမ်သက်တဲ့ အနားယူဘဝကို ပြန်နေမယ်"

သူက အာခြောက်ခြောက် ရယ်တယ်၊ ဒီနောက် လက်ကြမ်းကြီးကို ဖြန့်တယ်။

"ကောင်းပြီ၊ သင်ရမှာကို ပြောမယ်။ ကျိန်စာ၊ ကျိန်စာမှာ ခွန်အားနဲ့ သဏ္ဌာန်အမျိုးမျိုး ရှိတယ်။ မှော်ဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်အရ မင်းတို့ကို ကျိန်စာဖြေဂါထာ အမျိုးမျိုး သင်ပေးရမယ်၊ ဒါပဲ။ မင်းတို့ဆဋ္ဌမနှစ် မရောက်သေးတော့ တရားမဝင်တဲ့ မှော်နက်ကျိန်စာဟာ ဘာလဲဆိုတာ ပြောမပြသင့်ဘူး၊ အကြောင်းက မင်းတို့ငယ်သေးတယ်၊ ဒါကို နိုင်နင်းမှာ မဟုတ်ဘူး။ ဒါပေမယ့် ပါမောက္ခဒမ်ဘလီဒိုးက မင်းတို့သတ္တိကို အထူးချီးကျူး ပြောပြတယ်၊ သူက မင်းတို့ နိုင်နင်းစွာ လုပ်နိုင်တယ်လို့ ယူဆတယ်။ ကျုပ်အနေနဲ့ကတော့ မင်းတို့ ရင်ဆိုင်ရမယ့်အရာကို စောစောသိလေ ကောင်းလေပဲလို့ ထင်တယ်။ ကာကွယ်လို့ အရာတစ်ခုကို သင် ဘယ်တုန်းကမှ မမြင်ဖူးဘူးဆိုရင် ၎င်းရှေ့မှာ သင် ဘယ်လို ကိုယ့်ကိုကိုယ် ကာကွယ်မလဲ။ မှော်ဆရာတစ်ယောက်ယောက်က သင့်ကို တရားမဝင်ကျိန်စာ ရွတ်မယ်ဆိုရင် သူက သူလုပ်မှာကို သင့်ပြောမှာ မဟုတ်ဘူး။ သူဟာ ရိုးရိုးရှင်းရှင်း တရားမျှတစွာ ယဉ်ကျေးစွာနဲ့ သင့်ကို ကျိန်စာရွတ်မှာ မဟုတ်ဘူး။ သင်ကသာ ပြင်ဆင်မှု ရှိရှိနဲ့ သတိရှိရှိ နေရမှာ။ ကျုပ် စကားပြောနေတဲ့အချိန်မှာ ဟိုပစ္စည်းကို ဘေးဖယ်ထားရင် ကောင်းမယ်၊ မစ် ဘရောင်း"

လာဗင်ဒါ လန့်သွားတယ်။ မျက်နှာကြီး နီရဲသွားတယ်။ ခုနက သူမဟာ ရေးဆွဲထားတဲ့ ဟိုရုစကုပ်ဇေဒင်ဇယားကို ပါဗာတီကို စားပွဲအောက်ကနေ ယူပြနေတယ်။ မူးဒီရဲ့ ဟို မှော်မျက်လုံးဟာ မိမိနောက်စေ့ကို ဖောက်ထွင်းမြင်နိုင်ရုံမကဘဲ မာကျောတဲ့ သစ်သားကိုလဲ ဖောက်ထွင်းမြင်နိုင်တာ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . . မင်းတို့ ဘယ်ကျိန်စာတွေဟာ မှော်ဆရာဥပဒေက ပြဌာန်းထားတဲ့ အရေးယူတဲ့ ကျိန်စာဆိုတာ ဘယ်သူသိလဲ"

လက်တချို့ ကြောက်ကြောက်နဲ့ ထောင်ကြတယ်။ ရွန်နဲ့ဟာမီးယွန်းပါပါတယ်။ မူးဒီက ရွန့်ကို လက်ညှိုးထိုးပြတယ်၊ ဒါပေမယ့် ၎င်းရဲ့မှော်မျက်လုံးဟာ လာဗင်ဒါကိုပဲ ကြည့်နေတယ်။

"အဲ" ရွန်ကပြောတယ်။ "ကျွန်တော့်အဖေ ကျွန်တော့်ကို ပြောပြဖူးတယ်၊ ဟို. . . . ဝိညာဉ်လုကျိန်စာဆိုလား၊ ဟုတ်လား"

"အား၊ ဟုတ်တယ်" မူးဒီက နှစ်သက်စွာပြောတယ်။ "မင်းအဖေ အဲဒီကျိန်စာကို သိမှာပေါ့။ ထိုစဉ်က ဝိညာဉ်လုကျိန်စာဟာ မှော်ဝန်ကြီးဌာနကို အတော်ဒုက္ခပေးတယ်"

မူးဒီဟာ ခြေတုကို ခက်ခဲစွာထောက်ပြီး မတ်တတ်ရပ်လိုက်တယ်။ စားသင်စင် အံဆွဲကိုဖွင့်ပြီး ပုလင်းတစ်လုံး ယူလိုက်တယ်။ ပင့်ကူမည်းမည်းကြီး သုံးကောင် အတွင်းမှာ သွားလာနေတယ်။ ရွန်ဟာ သူ့အနားမှာ ကိုယ်ကိုကျုံ့လိုက်တယ်လို့ ဟယ်ရီခံစားရတယ် — ရွန်က ပင့်ကူ သိပ်မုန်းတယ်။

မူးဒီက လက်ကို ပုလင်းထဲနှိုက်ပြီး ပင့်ကူတစ်ကောင် ဖမ်းယူကာ လက်ဝါးထဲ ထည့်တယ်။ ဒါမှ အားလုံးလဲ မြင်ရမယ်။ ဒီနောက် သူက မှော်ကြိမ်လုံးနဲ့ ၎င်းကို ချိန်ပြီး ရွတ်ဆိုတယ်။ "ဝိညာဉ်ထွက်ခဲ့"

ပင့်ကူဟာ မူးဒီလက်ဝါးပေါ်က ခုန်ထွက်ပြီး အမျှင်တစ်မျှင်နဲ့ တန်းလန်းကြီးဖြစ်ပြီး လှုပ်ခါနေတယ်။ ဒန်းအမြင့်ကြီး စီးနေသလိုပဲ။ ၎င်းဟာ မာတောင့်တောင့် ခြေထောက်ကို ဆန့်ထုတ်လိုက်ပြီး ကျွမ်းထိုးလိုက်တယ်၊ အမျှင်ပြတ်သွားတယ်။ ၎င်းစားပွဲပေါ် ပြုတ်ကျသွားတယ်။ စက်ဝန်းပတ်ပတ်ပြီး ကျွမ်းထိုးနေတယ်။ မူးဒီက မှော်ကြိမ်လုံးကို ခါလိုက်တယ်။ ၎င်းဟာ နောက်ခြေနှစ်ချောင်းကို ထောက်ပြီး မတ်တတ်ရပ်ကာ တကယ်ပဲ ခြေဖျားထောက် အကကပြန်တယ်။

အားလုံး ရယ်ကြတယ် — မူးဒီကတော့ မရယ်ဘူး။

"မင်းတို့ ပျော်စရာကောင်းတယ် ထင်လား၊ ဟုတ်လား" သူက အသံဩဩနဲ့ မေးတယ်၊ "တကယ်လို့ ကျုပ် မင်းတို့ကိုလဲ ဒီလိုလုပ်ရင် မင်းတို့ ကြိုက်မလား"

ရယ်သံတွေ ချက်ချင်းလို ပျောက်သွားတယ်။



"ကျုပ် ချုပ်ကိုင်တာ ခံရတယ်" မူးဒီက အသံနိမ့်နိမ့်လေး ပြောတယ် — ဒီအချိန်မှာ ပင့်ကူဟာ ကိုယ်ကိုလုံးထားတယ်။ ဟိုဟိုဒီဒီ လိမ့်နေတယ်။ "၎င်းကို ပြတင်းပေါက်က ခုန်ထွက်သွားအောင် ဒါမှမဟုတ် ကိုယ့်ကိုကိုယ် ရေနစ်သေအောင် ဒါမှမဟုတ် မင်းတို့ကျောင်းသားတစ်ယောက်ယောက် အာခေါင်ထဲ ဝင်အောင် ကျုပ်လုပ်နိုင်တယ်. . . ."

ရွန်က မထိန်းနိုင်ဘဲ တုန်သွားတယ်။

"လွန်ခဲ့တဲ့နှစ်များက မှော်ဆရာ၊ မှော်ဆရာမ မနည်းဘူး၊ ဝိညာဉ်လုကျိန်စာမိပြီး ချုပ်ကိုင်ခံရတယ်" မူးဒီကပြောတယ်။ သူဟာ ဗိုလ်ဒီမွန့် အင်အားအကြီးဆုံးကာလက နေ့ရက်များကို ပြောနေတယ်ဆိုတာ ဟယ်ရီသိတယ်။ "မှော်ဝန်ကြီးဌာနဟာ အတင်းလုပ်ခိုင်းလို့ လုပ်ရတာနဲ့ မိမိဆန္ဒအလျောက် လုပ်တာကို ခွဲခြားဖို့ အလုပ်တွေ ရှုပ်နေတယ်။

"ဝိညာဉ်လုကျိန်စာကို ပြန်တိုက်လို့ရတယ်။ ကျုပ်က မင်းတို့ကို နည်းလမ်းပြမယ်။ ဒါပေမယ့် ဒါဟာ အလွန်ခိုင်မာတဲ့ သမာဓိအား လိုတယ်၊ လူတိုင်းနိုင်တာ မဟုတ်ဘူး။ မင်းတို့ ၎င်းထိမှန်မှုကို အတတ်နိုင်ဆုံး ရှောင်ကြ။ အချိန်မရွေး သတိနဲ့နေ" သူက ရုတ်တရက် ထအော်တယ်။ အားလုံး လန့်ခုန်ကြတယ်။

မူးဒီဟာ ကျွမ်းထိုးနေတဲ့ ပင့်ကူကိုယူပြီး ပုလင်းထဲ ပြန်ထည့်တယ်။

"ကျိန်စာတစ်ခုခု သိတဲ့လူ ရှိသေးလား။ တရားမဝင် ကျိန်စာ"

ဟာမီးက လက်ကို အမြင့်ကြီး မြှောက်ပြန်တယ်။ နီဗီးကလဲ လက်မြှောက်လိုက်တယ်။ ဒါကို ဟယ်ရီက အံ့အားသင့်မိတယ်။ နီဗီးဟာ မှော်ဆေးပင်အချိန်မှာသာ ကိုယ့်သဘောနဲ့ စကားပြောတတ်တယ်။ အဲဒီဘာသာက သူ့အပိုင်ဆုံး ဘာသာရပ်။ နီဗီးဟာလဲ မိမိ ဒီလိုလုပ်ဝံ့တာကို အံ့ဩနေသလိုပဲ။

"ပြော" မူးဒီကပြောရင်း ၎င်းရဲ့မှော်မျက်လုံးဟာ လည်ပတ်သွားပြီး နီဗီးကို စိုက်ကြည့်နေတယ်။

"တစ်ခုရှိတယ် — အသဲခိုက်နာကျင်ကျိန်စာ" နီဗီးအသံက တိုးတိုးလေး။ ဒါပေမယ့် အလွန်ရှင်းစွာပြောတယ်။

မူးဒီက နီဗီးကို အလွန်စူးစိုက်စွာ ကြည့်နေတယ်။ ဒီတစ်ကြိမ်မှာတော့ မျက်လုံးနှစ်လုံးစလုံး တစ်ပြိုင်နက် ကြည့်နေတယ်။

"မင်းက လွန်ဘော့တမ် ထင်တယ်" သူကပြောတယ်။ မှော်မျက်လုံးဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒုံးဦး နာမည်စာရင်းကို ကြည့်တယ်။

နီဗီးက စိတ်လှုပ်ရှားစွာ ခေါင်းညိတ်လိုက်တယ်။ ဒါပေမယ့် မူးဒီဟာ ဘာမှ ထပ်မမေးတော့ဘူး။ သူက ကျောင်းသားတွေဘက် ကျောပေးလိုက်တယ်၊ ပုလင်းထဲကနေ ဒုတိယပင့်ကူကို ယူထုတ်ပြီး စာသင်စင်ပေါ် တင်လိုက်တယ်၊ ပင့်ကူ တုတ်တုတ်မျှ မလှုပ်ဘူး၊ သိပ်လန့်နေပုံပဲ။

"အသေခိုက်နာကျင်ကျိန်စာ" မူးဒီက ပြောတယ်။ "နည်းနည်းကြီးအောင်လုပ်မှ မင်းတို့ ရှင်းရှင်းမြင်ရမယ်" သူက ပြောရင်း မှော်ကြိမ်လုံးနဲ့ချိန်ပြီး "ချက်ချင်း ကြီးထွား"

ပင့်ကူ ဖောင်းပွလာတယ်။ အခုဆိုရင် တာရင်ထူးလာ အမွေးထူပင့်ကူကြီး အရွယ်ထက် ကြီးလာတယ်။ ရွန်ဟာ ဟန်ဆောင် မနေနိုင်တော့ဘဲ ထိုင်ခုံကို နောက်ကို ဆုတ်တယ်၊ မူးဒီရဲ့ စာသင်စားပွဲနဲ့ ဝေးနိုင်သလောက်ဝေး နေတယ်။

မူးဒီက မှော်ကြိမ်လုံးကို မြှောက်ပြန်တယ်၊ ပင့်ကူကို ချိန်ပြီး အသာလေး ပြောတယ်။ "အသေခိုက်အောင်နာစေ"

ချက်ချင်းပဲ ပင့်ကူရဲ့ခြေထောက်တွေ အကုန်ကျုံ့သွားပြီး ကိုယ်မှာကပ်သွားတယ်။ ၎င်းဟာ လိမ့်နေပြီး ကိုယ်ခန္ဓာဟာ ပြင်းထန်စွာ အကြောဆွဲနေတယ်။ ဝဲယာ လှုပ်ခါနေတယ်။ ၎င်း ဘာအသံမှ မထွက်ဘူး။ ဒါပေမယ့် တကယ်လို့ ၎င်းမှာ အသံထွက်အင်္ဂါ ပါမယ်ဆိုရင် အခု ၎င်းဟာ တအားအော်နေမှာ သေချာတယ်လို့ ဟယ်ရီယုံကြည်တယ်။ မူးဒီက မှော်ကြိမ်လုံးကို ဖယ်မပေးဘူး။ ပင့်ကူဟာ တစ်ကိုယ်လုံး တုန်ခါနေတယ်၊ အကြောဆွဲတာ ပိုဆိုးလာတယ် —

"ရပ်လိုက်တော့" ဟာမီးက စူးရှစွာ အော်ပြောတယ်။

ဟယ်ရီက ဟာမီးကို လှည့်ကြည့်တယ်။ သူမဟာ ပင့်ကူကို ကြည့်မနေဘဲ နီဗီးကို ကြည့်နေတယ်။ ဟယ်ရီက သူမအကြည့်အတိုင်း လိုက်ကြည့်လိုက်တော့ နီဗီးလက်နှစ်ဖက်ဟာ ရှေ့ကစားပွဲခုံကို တအားဆုပ်ကိုင်ထားတာ အရိုးအဆစ်တွေတောင် ဖြူဖွေးနေပြီ။ ပြူးနေတဲ့ မျက်လုံးကြီးထဲမှာ ကြောက်လန့်စိတ်တွေချည်းပဲ။

မူးဒီက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်၊ ပင့်ကူရဲ့ခြေထောက်တွေ လျော့ကျသွားတယ်၊ ဒါပေမယ့် အကြောဆွဲနေတုန်းပဲ။



"ချက်ချင်း သေးကျုံ့" မူးဒီက ရေရွတ်တယ်။ ပင့်ကူဟာ မူလအရွယ် ပြန်ရောက်သွားတယ်၊ မူးဒီက ၎င်းကို ပုလင်းထဲ ပြန်ထည့်လိုက်တယ်။

"အဆုံးစွန် နာကျင်ခြင်း" မူးဒီက အသာလေးပြောတယ်။ "တကယ်လို့ သင်ဟာ အသေခိုက်ကျိန်စာ ရွတ်ဆိုတတ်ရင်၊ သူများကို နှိပ်စက်ချင်ရင် သက်မညှပ်တို့ ဓားတို့ မလိုတော့ဘူး. . . ဒီကျိန်စာဟာ တစ်ချိန်ကလဲ အတော်ခေတ်စားတယ်"

"ကောင်းပြီ. . . . ဘယ်သူ ဘာကျိန်စာများ သိသေးလဲ"

ဟယ်ရီက ဘေးပတ်လည်ကို ကြည့်တယ်။ အများ အမူအရာကို ကြည့်ရတာ နောက်ဆုံး ပင့်ကူ ဘာများဖြစ်မလဲဆိုတာ ခန့်မှန်းနေပုံရတယ်၊ ဟာမီးဟာ တတိယအကြိမ် လက်ထောင်တယ်၊ ဒါပေမယ့် သူမလက်က အနည်းငယ် တုန်နေတယ်။

"မင်းပြောပါ" မူးဒီက သူမကိုကြည့်ပြီး ပြောတယ်။

"အဗာဒါ သက်ပျောက်ကျိန်စာ" ဟာမီးက အသံတိုးတိုးပြောတယ်၊

လူအချို့ ပူပင်စွာ သူမကို လှည့်ကြည့်တယ်။ ရွန်လဲပါတယ်။

"အား" မူးဒီက ပြောတယ် — ၎င်းရဲ့ ရွဲ့စောင်းတဲ့ပါးစပ်က အကြောဆွဲနေတယ်၊ အပြုံးသဲ့သဲ့ ပေါ်လာတယ်။ "ဟုတ်တယ်၊ ဒါဟာ နောက်ဆုံးနဲ့အဆိုးဆုံးကျိန်စာ။ အဗာဒါသက်ပျောက်ကျိန်စာ. . . . သေခြင်းကျိန်စာ"

သူက လက်ကို ဖန်ပုလင်းထဲနှိုက်တယ်၊ တတိယ ပင့်ကူဟာ ကျရောက်တော့မယ့် အန္တရာယ်ကို သိတဲ့အလား၊ ပုလင်းအောက်ခြေကို ပတ်သွားနေတယ်။ မူးဒီရဲ့လက်ကို ရှောင်ချင်နေတယ်။ ဒါပေမယ့် မူးဒီက ၎င်းကို ဖမ်းမိသွားတယ်။ စာသင်စင်ပေါ် တင်လိုက်တယ်။ ပင့်ကူဟာ ဘာမှဂရုမစိုက်ဘဲ စားပွဲခုံပေါ်မှာ တွားသွားနေတယ်။

မူးဒီက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဟယ်ရီက မကောင်းတဲ့ကြိုတင်ခံစားမှု ဖြစ်လာတယ်။

"အဗာဒါအသက်ပျောက်" မူးဒီက အော်ပြောတယ်။

မျက်စိကန်းမတတ် စူးတဲ့ အစိမ်းရောင်နဲ့ တဟုန်ထိုး ဖြတ်သွားတဲ့အသံ ပေါ်လာတယ်။ မမြင်ရတဲ့ ရောမအရာကြီးတစ်ခု မိုးပေါ်မှာ ပျံသွားသလိုပဲ — တစ်ချိန်တည်းမှာ ဟိုပင့်ကူ လန်ကျသွားပြီး စားပွဲပေါ်မှာ ပက်လက်ကြီးဖြစ်နေတယ်။ ၎င်းကိုယ်ပေါ်မှာ ဘာဒဏ်ရာမှ မရှိဘူး။ ဒါပေမယ့် သေပြီဆို

www.burmeseclassic.com

www.burmeseclassic.com



ဘာ သံသယရှိစရာ မလိုဘူး။ ကျောင်းသားတချို့ဟာ အော်ချင်တာကို တအား မျိုသိပ်ထားတယ်။ ပင့်ကူက ရွှန်းဘက် လျှောထွက်လာစဉ် ရွှန်က ဆတ်ခနဲ နောက်သို့လှန်လိုက်တာ ထိုင်ခုံပေါ်က အောက်ပြုတ်ကျဖို့ နည်းနည်းလိုတော့တယ်။

မူးဒီဟာ ပင့်ကူအသေကို စားပွဲပေါ်ကနေ ကြမ်းပေါ် ယက်ချလိုက်တယ်။

"မကောင်းမွန်ဘူး" သူက အေးဆေးစွာပြောတယ်။

"မပျော်ရွှင်နိုင်ဘူး။ ပြီးတော့ ဖြေတဲ့ဂါထာမရှိဘူး။ ၎င်းကို ခုခံလို့မရဘူး။ လူတွေသိရသလောက် လူတစ်ယောက်ထဲသာ ဒီကျိန်စာမျိုးက လွတ်သွားတယ်။ သူအခု ကျုပ်ရှေ့မှာ ထိုင်နေတယ်"

မူးဒီရဲ့ မျက်လုံး(နှစ်လုံးစလုံးအတူ)ဟာ ဟယ်ရီ့မျက်လုံးကို ကြည့်နေတယ်။ ဟယ်ရီက သူ့မျက်နှာ နီလာတယ်လို့ ခံစားရတယ်။ ကျောင်းသားအားလုံး သူ့ကို လှည့်ကြည့်နေတာ သူခံစားရတယ်။ ဟယ်ရီက ဘာမှမရှိတဲ့ ကျောက်သင်ပုန်းကို ကြည့်နေတယ်။ ကျောက်သင်ပုန်းကို စွဲမက်နေသလိုပဲ။ စင်စစ် သူ ဘာမှ မမြင်ရဘူး. . . .

အဲဒါ သူ့မိဘသေဆုံးရတဲ့ အဖြစ်မျိုးပဲ. . . . ဟိုပင့်ကူနဲ့ အတူတူပဲ။ သူတို့သေတာလဲ ဘာခြေရာ လက်ရာမှ မရှိဘူး။ ဘာဒဏ်ရာမှ မရှိဘူးလား။ သူတို့ဟာလဲ အစိမ်းရောင် စူးဝင်လာတာမြင်ရပြီး၊ သေမင်းရဲ့ ကမန်းကတန်း ခြေလှမ်းကို ကြားရပြီး၊ အသက်ဟာ သူတို့ကိုယ်ခန္ဓာထဲက ပျောက်ကွယ်သွားတာလား။

သုံးနှစ်အတွင်း ဟယ်ရီဟာ မိဘတွေ အသတ်ခံရတဲ့အကြောင်း၊ ထိုနေ့ညက ဖြစ်ပွားတဲ့ကိစ္စ — ပိုးကောင်အမြီးက ဗိုလ်ဒီမွန့်ကို သူ့မိဘရှိရာကို ပြောပြပြီးနောက်၊ ဗိုလ်ဒီမွန့်ဟာ သူတို့ သစ်သားအိမ်ထဲမှာ သူတို့ကို ရှာတွေ့သွားတယ် — ကို ဟယ်ရီသိရှိနားလည်ပြီးနောက် သူဟာ သူ့မိဘသေရတဲ့ အခြေအနေကို တစ်ခါမက တွေးထင်ကြည့်ခဲ့တယ်။ သူက ဗိုလ်ဒီမွန့် သူ့အဖေကို ဘယ်လို အရင်ဆုံးသတ်တဲ့အကြောင်း တွေးထင်ကြည့်တယ်။ ဂျိမ်း-ပေါ်တာ ဘယ်လို အစွမ်းကုန်ခုခံရင်း ဇနီးသည်ကို ဟယ်ရီ့ခေါ်ပြီး ထွက်ပြေးဖို့ အော်ပြောတာ. . . . ဗိုလ်ဒီမွန့်က လီလီပေါ်တာဆီ ကပ်သွားတာ၊ သူမက ဘေးဖယ်နိုင်းတာ၊ သူ ဟယ်ရီ့ကို သတ်ဖို့လုပ်တာ. . . . သူမဟာ ဗိုလ်ဒီမွန့်ကို မိမိ



အား သတ်ပစ်ဖို့၊ သူ့မသားကို မထိဖို့ ဘယ်လိုတောင်းဆိုတာ၊ သူမဟာ သေတဲ့အထိ မိမိသားကလေးကို ကာကွယ်သွားတာ. . . . ဒီလိုနဲ့ ဗိုလ်ဒီမွန့်က သူမကိုပါ သတ်ပစ်လိုက်တယ်။ ဒီနောက် မှော်ကြိမ်လုံးကို ဟယ်ရီ့ဆီ ချိန်လိုက်တယ်. . . .

ဟယ်ရီက ဒီအသေးစိတ်တွေကို သိတယ်။ အကြောင်းက သူ မနှစ်တုန်းက ဝိညာဉ်စုပ်ကောင်တွေနဲ့ တိုက်ခိုက်တုန်းက မိဘအသံကို ကြားခဲ့ရဖူးတယ်။ ဝိညာဉ်စုပ်ကောင်မှာ သူတစ်ပါးကို သူ့ဘဝမှာ အနာကျင်ဆုံးကိစ္စကို ပြန်တွေးမိပြီး၊ မျှော်လင့်ချက်ကင်းမဲ့တဲ့စိတ် ဖြစ်ပေါ်ပြီး၊ အင်အားချည့်နဲ့ကာ ရုန်းမထွက်နိုင်အောင် အတင်းစေခိုင်းနိုင်တဲ့ ကြောက်စရာအင်အားရှိတယ်. . .

မူးဒီက စကားပြောနေပြန်တယ်။ သူ့အသံဟာ အလွန့်အလွန်ဝေးတဲ့ နေရာက လာတယ်လို့ ဟယ်ရီထင်တယ်။ ဟယ်ရီ အများကြီး ကြိုးစားမှ မိမိစိတ်ကို မျက်မှောက်ဘဝထဲ ပြန်ခေါ်နိုင်ပြီး မူးဒီ စကားပြောတာကို နားထောင်တယ်။

"အဗာဒါ သက်ပျောက်ကျိန်စာဟာ မှော်ပညာအား အလွန်ကြီးမားတဲ့ အခြေခံရှိမှ ရတယ် — မင်းတို့အားလုံး မှော်ကြိမ်လုံးထုတ်လိုက်ပြီး ကျုပ်ကို ချိန်ထားနိုင်တယ်။ ဒီကျိန်စာကို ရွတ်ဆို၊ ကျုပ်ထင်တယ်၊ ကျုပ်အများဆုံး နှာခေါင်းသွေးလောက်ပဲ ထွက်မယ်။ ဒါပေမယ့် အဲဒါ ကိစ္စမရှိဘူး။ ကျုပ် ဒီကိုလာတာ မင်းတို့ကို ဂါထာသင်ဖို့ လာတာ။

"ဒါဖြင့်ရင် ဖြေဖို့ဂါထာ မရှိဘူးဆိုရင် ကျုပ်က မင်းတို့ကို ဘာဖြစ်လို့ ဒါတွေပြရတာလဲ။ အကြောင်းက မင်းတို့ သတိထားဖို့လိုလို့။ အဆိုးဆုံးက ဘာလဲဆိုတာကို မင်းတို့ သိနားလည်ဖို့ လိုလို့။ မင်းတို့ဟာ မင်းတို့ အခုတွေ့ရတဲ့ အခြေအနေမျိုး ကိုယ်တိုင် မဖြစ်ချင်ဘူး မဟုတ်လား။ **"အချိန်မရွေး သတိရှိနေရမယ်"** သူက အော်ဟစ်တယ်၊ ကျောင်းသားအားလုံး လန့်သွားကြပြန်တယ်။

"ကောင်းပြီ. . . . ဒီ ကျိန်စာသုံးမျိုး— အဗာဒါသက်ပျောက်ကျိန်စာ၊ ဝိညာဉ်လုကျိန်စာ၊ အသဲခိုက်နာကျင် ကျိန်စာ — အားလုံးကို ခွင့်မလွှတ်အပ်တဲ့ ကျိန်စာလို့ ခေါ်တယ်။ ၎င်းအနက် ကျိန်စာတစ်ခုခုကို လူသားအပေါ် သုံးရင် အတ်ကာဘန်မှာ ထောင်တစ်သက် ကျမယ်။ အဲဒါဟာ ကျုပ် မင်းတို့ကို ခုခံကာကွယ်ဖို့ သင်ရမယ့် အရာပဲ။ မင်းတို့ ပြင်ဆင်မှုရှိရမယ်။ မင်းတို့မှာ လက်နက်အား

www.burmeseclassic.com

www.burmeseclassic.com



နို့ရမယ်၊ ဒါပေမယ့် အရေးကြီးဆုံးက မင်းတို့ အချိန်မရွေး သတိရှိနေရမယ် ဘယ်တော့မှ မပေါ့လျော့နဲ့။ ငှက်မွေး ကလောင်ကို ထုတ်ပြီး. . . . ဒါတွေ ရေးမှတ်ထား. . . ."

ဒီစာသင်ချိန်ရဲ့ ကျန်ရှိတဲ့အချိန်မှာ ကျောင်းသားတွေ မှတ်တမ်းရေး တယ်၊ အဲဒီ ခွင့်မလွှတ် ကျိန်စာသုံးမျိုးကို မှတ်တမ်းရေးရတယ်။ ကျောင်းခန်း ထဲမှာ ငြိမ်သက်နေတယ်၊ စကား မပြောကြဘူး၊ ကျောင်းဆင်းခေါင်းလောင်း ထိုးတဲ့အထိပဲ — ဒါပေမယ့် မူးဒီက ကျောင်းဆင်းဖို့ ကြေညာပြီး ကျောင်း သားတွေ ကျောင်းခန်းက ထွက်လာကြတော့ ထင်မြင်ချက် အမျိုးမျိုးဟာ ထ ကျိုးတဲ့ရေလို ထိုးထွက်လာတယ်။ ကျောင်းသား အများစုဟာ ကြောက်ရွံ့ နိုး တဲ့ လေသံနဲ့ အဲဒီကျိန်စာအကြောင်း ပြောကြတယ် — "ပင့်ကူ အကြောအွဲ ပုံ မင်းမြင်လား" " — သူက တစ်ချက်ထဲ ပင့်ကူကို သတ်လိုက်တယ် — ဒီလို လွယ်လွယ်လေးရယ်"

သူတို့ ဒီစာသင်ချိန်အကြောင်း ပြောနေကြတာ အလွန်ကောင်း ဟာသ ကပြမှုကို ကြည့်ရသလို ဖြစ်နေတယ်လို့ ဟယ်ရီက တွေးတယ်။ သူ တော့ ဒါကို ရယ်စရာလို့ မထင်ဘူး — ဟာမီးကလဲ ဒီအတိုင်း ထင်တယ်

"မြန်မြန်သွား" ဟာမီးက ဟယ်ရီနဲ့ ရွန်ကို ပူပင်စွာ ပြောတယ်။

"စိတ်ပျက်စရာ စာကြည့်တိုက် သွားဦးမလို့လား" ရွန်ကပြောတယ်

"မဟုတ်ဘူး" ဟာမီးက တိုတိုပဲပြောပြီး ဘေးကစင်္ကြံကို ညွှန်ပြတယ် "နီဗီး"

နီဗီးဟာ တစ်ယောက်တည်း စင်္ကြံအလယ်မှာ ရပ်နေတယ်။ သူ က ကျောက်နံရံကို စိုက်ကြည့်နေတယ်။ ခုနတုန်းကလိုပဲ မျက်လုံးကြီးပြူး ထိတ်လန့်တဲ့ အမူအရာနဲ့။ မူးဒီ အသဲခိုက်နာကျင်ကျိန်စာ လုပ်ပြတုန်းကလို

"နီဗီး?" ဟာမီးက တိုးတိုးပြောတယ်။

နီဗီးက လှည့်ကြည့်တယ်။

"အိုး၊ မင်္ဂလာပါ" သူက ပြောတယ်။ အသံက ခါတိုင်းထက် အရ ကြီး ကျယ်တယ်။ "ဒီစာသင်ချိန် သိပ်စိတ်ဝင်စားစရာပဲ၊ ဟုတ်လား။ ည ဘာများ စားရမလဲ မသိဘူး။ ငါ — ငါ သိပ်ဆာတယ်။ မင်းတို့ကော"

"နီဗီး၊ နင် ဘာမှမဖြစ်ပါဘူးနော်" ဟာမီးက မေးတယ်။

"အိုး၊ ဘာမှ မဖြစ်ဘူး၊ ငါကောင်းပါတယ်" နီဗီးဟာ အဲဒီလို မြင့်



ထဲ့ ပုံမှန်မဟုတ်တဲ့ အသံမြင့်နဲ့ လောလောပြောတယ်။ "သိပ်စိတ်ဝင်စားစရာ ညစာ — အိုး၊ ငါက ဒီစာသင်တာ ပြောတာ — ဘာစားစရာ ရှိလဲ"

ရွန်က အံ့သြလွန်းလို့ ဟယ်ရီ့ကို ကြည့်လိုက်တယ်။

"နီဗီး၊ မင်းဘယ့်နှယ် — ?"

ဒီအချိန်မှာပဲ သူတို့ကျောဘက်ကနေ ဒေါက်ဒေါက်နဲ့ ထူးဆန်းတဲ့ အသံ ပေါ်လာတယ်။ သူတို့ လှည့်ကြည့်လိုက်တော့ ပါမောက္ခမူးဒီဟာ ထော့ နဲ့ထော့နဲ့နဲ့ ဒီဘက်လျှောက်လာတာ တွေ့ရတယ်။ သူတို့လေးယောက် ချက်ချင်း ငြိမ်သွားတယ်။ ကြောက်ကြောက်နဲ့ သူ့ကို ကြည့်နေတယ်။ ဒါပေမယ့် သူစကား ပြောလာတော့ သူ့အသံဟာ သြသြကြီး ဖြစ်နေပေမယ့် အရင် ကြားဖူးတာထက် အများကြီး အသံနိမ့်ပြီး သိမ်မွေ့တယ်။

"ကိစ္စမရှိဘူး၊ ကောင်လေး" သူက နီဗီးကို ပြောတယ်။ "မင်း ကျုပ် ရုံးခန်း လာပါလား။ လာပါ. . . . ကျုပ်တို့အတူ လက်ဖက်ရည်သောက်ရ အောင်. . . ."

နီဗီးဟာ မူးဒီနဲ့အတူ လက်ဖက်ရည်သောက်ရမှာ တွေးပြီး၊ ပိုကြောက် သာတယ်။ သူ မလှုပ်ဘူး။ စကားလဲ မပြောဘူး။ မူးဒီက ၎င်းရဲ့မှော်မျက်လုံးကို ဟယ်ရီ့ဘက် လှည့်လိုက်တယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်၊ ပေါ်တာ"

"ဘာမှမဖြစ်ဘူး" ဟယ်ရီက ဖြေတယ်၊ ဆန့်ကျင်တဲ့စိတ် အနည်းငယ် ပါတော့မလိုပဲ။

မူးဒီရဲ့မျက်လုံးဟာ ဟယ်ရီ့ကို အကဲခတ်နေတယ်။ မျက်လုံးဟာ မျက် ခွံထဲမှာ အနည်းငယ် တုန်ခါနေတယ်။ ဒီနောက် သူကပြောတယ်။ "မင်းတို့ သိနားလည်ဖို့ လိုတယ်။ ကြည့်ရတာ သိပ်ရက်စက်သလို ဖြစ်ချင်ဖြစ်မယ်။ ဒါ ပေမယ့် မင်းတို့ နားလည်သဘောပေါက်ရမယ်။ ဖုံးကွယ်စရာ မလိုဘူး. . . . ကောင်းပြီ၊ သွားကြစို့။ လွန်ဘော့တမ်၊ ကျုပ်ဆီမှာ စာအုပ်တချို့ရှိတယ်။ မင်း စိတ်ဝင်စားလိမ့်မယ်ထင်တယ်"

နီဗီးက အကူအညီတောင်းတဲ့ ပုံစံနဲ့ ဟယ်ရီ၊ ရွန်နဲ့ဟာမီးကို ကြည့်နေ တယ်။ ဒါပေမယ့် သူတို့ ဘယ်သူမှ စကားမပြောဘူး။ နီဗီးမှာ ရွေးချယ်စရာ မရှိတော့ဘူး။ မူးဒီက လက်ကြမ်းကြမ်းကြီးကို သူ့ပခုံးပေါ် တင်ပြီး ခေါ် သွားတာ ကို လိုက်သွားရုံပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာအဓိပ္ပာယ်လဲ"ရွန်က နီဗီးနဲ့ မူးဒီ ကွေ့ချိုးသွားတာ ကြည့်ပြီး မေးတယ်၊

"ငါမသိဘူး" ဟာမီးက ပြောတယ်၊ သိပ်ပူပန်နေသလိုပဲ။

"သူ့ကို ကောင်းကောင်း ဆုံးမမယ် ထင်တယ်။ ဟင်?" သူတို့ ခန်း ဆီသွားစဉ် ရွန်က ဟယ်ရီ့ကို မေးတယ်။ "ဖရက်နဲ့ဂျော့ ပြောတာ မှန်တယ် မဟုတ်လား။ မူးဒီဟာ တကယ်ပဲ သိပ်တတ်တယ်၊ ဟုတ်လား။ သူ အတာ သက်ပျောက်ကျိန်စာ ရွတ်လိုက်တာနဲ့ အဲဒီပင့်ကူ သေသွားရော၊ ဒီအတိုင်း ချက်ချင်း အသက်ထွက်သွားတယ် — "

ရွန်က ဟယ်ရီ့အမူအရာကို မြင်ပြီး စကားမပြောတော့ဘူး၊ ပြီးတော့ တစ်လမ်းလုံးလည်း ဘာမှမပြောဘူး။ ခန်းမထဲဝင်တော့မှ သူတို့ ဒီညကစပြီး ပါမောက္ခထရီလောနီပေးတဲ့ အိမ်စာ စလုပ်ရင် ကောင်းမယ်၊ အဲဒီအတွက် နာရီအတော်များများ ကုန်မယ်လို့ သူကပြောတယ်။

ဟာမီးဟာ ထမင်းစားပွဲမှာ ဟယ်ရီနဲ့ ရွန်တို့ စကားဝိုင်းထဲ မဝင်ဘူး သူမဟာ ထမင်းကို အပြေးအလွှားစားတယ်၊ ဒီနောက် စာကြည့်တိုက်ကို သွား ပြန်တယ်။ ဟယ်ရီနဲ့ရွန်ဟာ ဂရစ်ဖင်းဒေါအိမ်ဆျွန်ကို ပြန်သွားတယ်။ ဒီအချိန်မှာ ဟယ်ရီက စကား စပြောတယ်။ ခွင့်မလွှတ်ကျိန်စာအကြောင်း ပြောတယ်— သူ ခုနက ထမင်းစားပွဲမှာ ဒီအကြောင်းကို စဉ်းစားနေတယ်။

"တကယ်လို့ မှော်ဝန်ကြီးဌာနက ကျိန်စာချတဲ့ အခြေအနေကို ငါ မြင်တွေ့ရတာ သိခဲ့ရင် မူးဒီနဲ့ ဒမ်ဘာလီဒိုးကို ဒုက္ခပေးမလား" သူတို့ မိန်းမ ကြီး အရုပ်ကားနား ရောက်တော့ ဟယ်ရီက မေးတယ်။

"အား၊ မပေးဘူးထင်တယ်" ရွန်ကပြောတယ်။

"ဒါပေမယ့် ဒမ်ဘာလီဒိုး အလုပ်လုပ်တာ ဒီအတိုင်းပဲ၊ ဟုတ်တယ် မဟုတ်လား။ မူးဒီကတော့ နှစ်ပေါင်းများစွာအတွင်း ပြဿနာ အဆက်မပြတ် ပေါ်တယ်။ ဖြူတယ်မည်းတယ် မခွဲဘဲ လက်ဦးအောင်လုပ်ပြီးမှ ကြည့်ပြော တယ် — သူ့ အမှိုက်ပုံးတွေကို ကြည့်လေ။ ပြောချင်တာ ပြောနေတယ်"

မိန်းမဝဝကြီး ရှေ့သို့ ဟာပေးတယ်။ အပေါက်ဝ ပေါ်လာတယ်။ သူ ဂရစ်ဖင်းဒေါ အများနားနေခန်းထဲ တွားဝင်ခဲ့တယ်။ အတွင်းမှာ လူတွေအများ ကြီး ဆူညံနေတာပဲ။

"ငါတို့ ဗေဒင်ဘာသာက ပစ္စည်းတွေ သွားယူမယ်၊ ကောင်း



ဟယ်ရီက မေးတယ်။

"ကောင်းပြီ" ရွန်က ညည်းညူတယ်။

သူတို့ဟာ အပေါ်ထပ်က အိပ်ခန်းမှာ စာအုပ်နဲ့ ဇယားတွေ သွားယူ တော့ နီဗီးတစ်ယောက်တည်း အခန်းထဲမှာ နေနေတာ တွေ့ရတယ်။ ခုတင် ပေါ်မှာထိုင်ပြီး စာဖတ်နေတယ်။ သူ့ကြည့်ရတာ မူးဒီစာသင်ချိန် အပြီးတုန်းက ထက် အများကြီး တည်ငြိမ်သွားပြီ။ ဒါပေမယ့် ပုံမှန်တော့ ပြန်မဖြစ်သေးဘူး။ သူ့မျက်လုံး နီနေတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်၊ နီဗီး" ဟယ်ရီက သူ့ကို မေးတယ်။

"အိုး၊ ဘာမှမဖြစ်ဘူး" နီဗီးက ဖြေတယ်။ "ငါနေကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။ ငါအခု ပါမောက္ခမူးဒီ ငှားလိုက်တဲ့ ဒီစာအုပ် ဖတ်နေ တယ်. . . ."

သူက လက်ထဲကစာအုပ်ကို မြှောက်ပြတယ်။ "မြေထဲပင်လယ် ထူး ဆန်းရေပွားအပင်များနဲ့ ၎င်းတို့ရဲ့ သတ္တိ"

"ကြည့်ရတာ ပါမောက္ခ စပရောက်စ်က ပါမောက္ခမူးဒီကို ငါ ဆေးပင် ပညာမှာ အလွန်တော်တယ်လို့ ပြောလိုက်ပုံ ရတယ်" နီဗီးက ပြောတယ် — သူ့အသံထဲမှာ ဂုဏ်ယူမှုရေးရေးလေး ပါတယ်။ ဒါဟာ ဟယ်ရီ အရင်က ကြား ခဲ့တဲ့စကား။ "ပါမောက္ခမူးဒီက ငါ ဒီစာအုပ်ကို ကြိုက်နှစ်သက်လိမ့်မယ်လို့ ထင်တယ်"

ပါမောက္ခ စပရောက်စ်ပြောတဲ့ စကားကို နီဗီးပြောပြတာဟာ နီဗီးကို ဝမ်းသာအောင်လုပ်တဲ့ အလွန်ပညာပါတဲ့ နည်းလမ်းပဲလို့ ဟယ်ရီက တွေး တယ်။ အကြောင်းက နီဗီးကို ချီးကျူးတဲ့လူ သိပ်မရှိဘူး။ ဒီလိုလုပ်တာ ပါမောက္ခ လုပင်ပဲ ရှိတယ်။

ဟယ်ရီနဲ့ရွန်ဟာ မိမိတို့ရဲ့ 'တိမ်တောင်ကို ဖယ်ရှားပြီး အနာဂတ်ကို ကြည့်' စာအုပ်ကို ယူပြီး နားနေခန်းထဲ ပြန်လာတယ်။ စားပွဲတစ်လုံးရှာပြီး င်းတို့ရဲ့ လာမယ့်လ ကံကြမ္မာကို ကြိုဟောဖို့ စလုပ်တယ်။ တစ်နာရီ ကြာသွား တယ်။ သူတို့ ဘာမှ တိုးတက်မလာဘူး။ စားပွဲပေါ်မှာ ဂဏန်းတွေ၊ လက္ခဏာ အမှတ်အသားတွေ လျှောက်ရေးထားတဲ့ သိုးရေစက္ကူစတွေ ပြည့်နေတယ်၊ ဟယ်ရီခေါင်းထဲမှာ ခုထိ ရီဝေနေတယ်။ ပါမောက္ခထရီလောနီရဲ့မီးဖိုက ထွက် တဲ့ မီးခိုးတွေနဲ့ ပြည့်နေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြီးက ဘာအဓိပ္ပာယ်လဲ၊ ငါဘာမှ နားမလည်ဘူး" သူက ညီ ခြင်းအရှည်ကြီးတစ်ခုကို ငုံ့ကြည့်ရင်း ပြောတယ်။

"ဘယ်လိုလဲ" ရွှန်ကပြောတယ် — သူ့ခေါင်းပေါ်က ဆံပင်တွေ တောင် ထောင်လာတယ်။ အဲ့ဒါ သူစိတ်ညစ်ညစ်နဲ့ ခေါင်းကုတ်နေလို့။ "ငါ ဇေဒင်ဘာသာရပ်ရဲ့ အရံအစီအစဉ်ကိုပဲ သုံးမှ"

"မင်းပြောတာ — ထွင်ပြောတာလား"

"ဟုတ်တယ်လေ" ရွှန်ကပြောရင်း စားပွဲပေါ်က ရှုပ်ပွနေတဲ့ စာ စက္ကူတွေကို ကြမ်းပေါ် လှဲချလိုက်တယ်။ သူ့ကလောင်ကို မင်အိုးထဲ နှစ်လိုက်ပြီး စတင် ရေးပါတော့တယ်။

"လာမယ့် တနင်္လာနေ့" သူက ခပ်သော့သော့ရေးရင်း ပြောတယ် "ကျွန်တော် ချောင်းဆိုးနိုင်တယ်။ အကြောင်းက အင်္ဂါဂြိုဟ်နဲ့ ကြာသပတေး ဂြိုဟ်တို့ ကံမကောင်းစွာ ဆုံတွေ့ကြတဲ့အတွက် ဖြစ်တယ်။ " သူက ဟယ်ရီ မော့ကြည့်တယ်။ "မင်း သူမအကြောင်း သိပါတယ် — ငါတို့ ဒုက္ခရောက်မ ကိစ္စတွေ ကြံဖန်ပြော၊ သူမက ဒါမျိုးကြိုက်တာ"

"သိပ်မှန်တာပေါ့" ဟယ်ရီက ပြောတယ် — သူက စောစော ခေါင်းစားအောင်တွေးပြီး ရေးထားတဲ့ဟာတွေကို လုံးချေပြီး၊ ကွိကွိကွကွ ပြော နေတဲ့ ပထမနှစ်ကျောင်းသားတွေ ခေါင်းပေါ်ကနေ မီးဖိုထဲ ပစ်ထည့်လိုက် တယ်။ "ကောင်းပြီ. . . . တနင်္လာနေ့ ကျွန်တော် တွေ့ရမယ့်အန္တရာယ်. . . . အင်း. . . . မီးလောင်ခံရမယ်"

"မှန်တယ်၊ မင်းမှာ အဲဒီအန္တရာယ်မျိုးရှိတယ်" ရွှန်က မှုန်ကုပ်ကုပ် ပြောတယ်။ "ငါတို့ တနင်္လာနေ့မှာ မီးပန်းပိုးကောင်နဲ့ တွေ့ရဦးမှာ။ ဟုတ် အင်္ဂါနေ့မှာ ကျွန်တော်တို့. . . . အင်း. . . ."

"မင်း ငွေထွက်ကိန်းရှိတယ်" ဟယ်ရီက 'တိမ်တောင်ကိုဖယ်ရှား အ ဂတ်ကိုကြည့်' ကို လှန်လှောပြီး အတွေးလမ်းရှာရင်း ပြောတယ်။

"အကြံကောင်းပဲ" ရွှန်ကပြောရင်း ဒီအချက်ကို အမြန်ရေးချလိုက် တယ်။ "အကြောင်းက အင်း. . . . အကြောင်းက ဗုဒ္ဓဟူးဂြိုဟ်ကြောင့်။ မင်း ကော၊ မင်းက မိတ်ဆွေလို့ ယူဆထားတဲ့လူက မင်းကျောကို ဓားနဲ့ထိုးလို့ ဒဏ် ရာရတယ်၊ ဘယ့်နှယ်လဲ?"

"ကောင်းတယ်. . . . သိပ်မိုက်တာပဲ" ဟယ်ရီက ခပ်သော့သော့ ရေး



မှတ်ရင်း ပြောတယ်။ "အကြောင်းက . . . သောကြာဂြိုဟ်ဟာ ဆယ့်နှစ်ဌာန မှာ အိပ်နေလို့"

"ဒါပြီးရင် ဗုဒ္ဓဟူးနေ့၊ ငါ သူများနဲ့ ရန်ဖြစ်တာ ရှုံးသွားတယ်"

"အား။ ငါခုနကလဲ ရန်ဖြစ်တာရေးချင်တာ၊ ကောင်းပြီ၊ ငါက လောင်း ကာရှုံးလို့ လျော်လိုက်ရတယ်လို့ ရေးမယ်"

"ကောင်းပြီ၊ မင်းက ငါ ရန်ဖြစ်တာ နိုင်မယ်လို့ လောင်းတာလို့ ရေး . . . ."

သူတို့ဟာ ဟောစတမ်းတွေ လုပ်ကြံရေးတယ်။ (ကံဆိုးတဲ့ အရိပ်အ ရောင် ပိုကဲလာတယ်)၊ ဒီလိုနဲ့ နောက်ထပ် တစ်နာရီ ကြာသွားပြန်တယ်။ နား နေခန်းထဲက လူတွေ တဖြည်းဖြည်း သွား အနားယူကြပြီ။ ပတ်ဝန်းကျင် ငြိမ် သက်လာတယ်။ ခရွတ်ရှန်ဟာ ဟိုဒီလျှောက်ရင်း ရောက်လာတယ်။ ထိုင်ခုံ အလွတ်ပေါ် ပေါ့ပါးစွာ ခုန်တက်ပြီး ဟယ်ရီ့ကို သိရခက်တဲ့အကြည့်နဲ့ ကြည့် နေတယ်။ အဲဒီအမူအရာဟာ ဟာမီးနဲ့ သိပ်တူတယ် — တကယ်လို့ ဟာမီးဟာ သူတို့ အိမ်စာလုပ်တဲ့နေရာမှာ အလွယ်လိုက်မှန်း သိရင်၊ ဒီအမူအရာမျိုး ဖော် ပြတယ်။

ဟယ်ရီဟာ ဟိုကြည့်ဒီကြည့်နဲ့ သူထည့်မသုံးရသေးတဲ့ ဒုက္ခရောက် တဲ့ အကြောင်းအရာတစ်ခုကို မနည်းတွေးယူနေတယ်။ မထင်မှတ်ဘဲ ဖရက်နဲ့ ဂျော့ ရှေ့ဘက်နံရံမှာထိုင်ပြီး ခေါင်းချင်းဆိုင်၊ ကလောင်ကိုကိုင်ကာ သိုးရေ စက္ကူတစ်ချပ်ကို လေ့လာနေတာ တွေ့ရတယ်။ ဖရက်နဲ့ဂျော့ဟာ ချောင်ကပ်ပြီး ငြိမ်သက်စွာ ဘာများလေ့လာနေပါလိမ့်၊ ဒါဟာ တွေ့ရခဲတဲ့ အခြေအနေပဲ၊ သူတို့ဟာ အမြဲတမ်း ဆူဆူညံညံ၊ ပေါ့လေးဝါးလား ကြိုက်တယ်။ အားလုံး သတိပြုခံရတဲ့ ဗဟိုဖြစ်ချင်ကြတယ်။ အခု သူတို့ အဲဒီ သိုးရေစက္ကူကို လေ့လာ နေတဲ့ပုံပန်းဟာ နည်းနည်း မရိုးမသားသလိုပဲ။ ဟယ်ရီဟာ သူတို့ အညာတရ ဂေဟာမှာတုန်းက အတူထိုင်ပြီး စာရေးတဲ့ အခြေအနေကို ပြန်တွေးမိတယ်။ ဒါနဲ့ သူက တွေးတယ်၊ သူတို့ ဝယ်စလီ မှော်ပဒေသာ ကုန်အမှာစာတစ်ခုကို ခေါင်းစားနေတယ်လို့ ထင်တယ်။ ဒါပေမယ့် နောက်ထပ် ကြည့်တော့လဲ ဒါမျိုး မတူဘူး။ တကယ်လို့ ကုန်အမှာစာခေါ်ဖို့ဆိုရင် သူတို့က လီ-ဂျော်ဒန်ပါ ...မှာ အတူတကွ ပျော်ကြမှာ။ ဟယ်ရီက ဒါ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲနဲ့များ ပတ်သက် နေမလားလို့ တွေးတယ်။

www.burmeseclassic.com



ဟယ်ရီက သူတို့ကို ကြည့်နေတယ်။ ဂျော့က ဖရက်ကို ခေါင်းခါပြ ဘယ်၊ သူ့ကလောင်နဲ့ သိုးရေစက္ကူပေါ်က တစ်ခုခုကို ခြစ်ပစ်လိုက်တယ်။ ပြီး တော့ စကားတစ်ခွန်း ပြောလိုက်တယ်။ ပြောတဲ့အသံက အလွန်တိုးပေမယ့် ဖူ မရှိတဲ့ အနားယူခန်းရဲ့ ဒီဘက်ကို ရောက်လာတယ်။ သူက ပြောတယ်။"မဖြစ် ဘူး — ဒါဆို သူ့ကို အပြစ်တင်သလို ဖြစ်နေမယ်။ သတိထားမှ ဖြစ်မယ်. . . ."

ဒီအချိန်မှာ ဖရက်က ခေါင်းမော့လိုက်တယ်။ ဟယ်ရီ သူတို့ကို ကြည့် နေတာ တွေ့တယ်။ ဟယ်ရီက ရယ်ပြလိုက်ပြီး အမြန်ခေါင်းငုံ့ကာ မိမိ ဟော စာတမ်းကို ကြည့်တယ် — သူ ခိုးနားထောင်နေတယ်လို့ ဂျော့ ထင်မသွားစေ ချင်ဘူး။ ဒီနောက် မကြာဘူး။ အမြွှာညီနောင်ဟာ သိုးရေစက္ကူကို လိပ်ပြီး မင်္ဂလာညချမ်းပါလို့ နှုတ်ဆက်ကာ အိပ်ဖို့ ပြန်သွားကြတယ်။

ဖရက်နဲ့ဂျော့ သွားပြီး ဆယ်မိနစ်လောက်မှာ အရှုပ်ကားနောက်က အပေါက်ပွင့်သွားတယ်။ အများနားနေခန်းထဲကို ဟာမီး တွားဝင်လာတယ်။ လက်တစ်ဖက်မှာ သိုးရေစက္ကူလိပ်တစ်လိပ် ကိုင်လာတယ်။ ကျန်လက်တစ်ဖက် ထဲမှာ ဗူးတစ်ဗူး ယူလာတယ်။ သူ လမ်းလျှောက်လိုက်တာနဲ့ ဗူးထဲကအရာတွေ ဂလက်ဂလက်နဲ့ မြည်တယ်။ ခရွတ်ရှန့်ဟာ ကျောကုန်းကို မ,ပြီး ဂူးဂူးနဲ့ အော်နေ တယ်။

"မင်္ဂလာပါ" သူမက ပြောတယ်။ "ငါ့အလုပ် လုပ်လို့ ပြီးသွားပြီ"

"ငါလဲ ပြီးသွားပြီ" ရွန်က ကျေနပ်စွာ ပြောပြီး ဂှက်မွေးကလောင်ကို ပစ်ချလိုက်တယ်။

ဟာမီး ထိုင်လိုက်တယ်။ လက်ထဲက ပစ္စည်းတွေကို ထိုင်ခုံအလွတ် ပေါ် တင်ပြီး ရွန်ရေးသားတဲ့ ဟောစာတမ်းကို ရှေ့ဆွဲယူလိုက်တယ်။

"နင် ဒီလ သိပ်ကို ဒုက္ခရောက်တယ်၊ ဟုတ်လား" သူက သရော်ပြီး ပြောတယ်။ ခရွတ်ရှန့်ဟာ သူမ ပေါင်ပေါ်မှာ ဝပ်နေတယ်။

"ဟုတ်တယ်လေ၊ အနည်းဆုံးတော့ ငါ ကြိုသတိပေးခံရတယ်" ရွန်က သမ်းဝေရင်းပြောတယ်။

"နင် နှစ်ကြိမ်တောင် ရေနစ်သေရမလိုပဲ" ဟာမီးက ပြောတယ်။

"ဟုတ်လား" ရွန်ကပြောရင်း မိမိ ဟောစာတမ်းကို အမြန်ငုံ့ကြည့် တယ်။"တစ်ကြိမ်ကို တွန်းတိုက်ပြေးလာတဲ့ ဟစ်ပိုဂရစ်ဖ် နင်းလို့ သေလိမ့်မယ်လို့ ပြင်ပစ်ရင် ကောင်းမယ်"



"ဒါ လုပ်ကြံရေးထားတယ်ဆိုတာ ကြည့်တာနဲ့ သိမနေဘူးလား" ဟာမီးက ပြောတယ်။

"နင် ဒီလိုပြောသလား" ရွန်က ဒေါပွချင်ယောင်ဆောင် ပြောတယ်၊ "ငါတို့ ဒီမှာ တစ်ညလုံး ကြိုးစားရတာ၊ ပင်ပန်းတာမှ အိမ်မွေးမှင်စာလေး တွေလိုပဲ"

ဟာမီးက မျက်ခုံးပင့်တယ်။

"ဒါ သဘောလောက်ပြောတာပါ" ရွန်က တုံ့ဆိုင်းစွာ ပြောတယ်။

"ဗူးထဲကဟာ ဘာလဲ" သူက ဗူးကို ညွှန်ပြပြီး မေးတယ်။

"နင်က မေးဖို့သိသားပဲ" ဟာမီးက ရွန့်ကို မျက်စောင်းထိုးပြီး ပြောတယ်။ သူမက ဗူးဖုံးဖွင့်ပြီး အတွင်းကအရာကို ပြတယ်။

ဗူးထဲမှာ ရင်ထိုး အခု ငါးဆယ်လောက်ရှိတယ်။ အရောင်အမျိုးမျိုး နဲ့ စာလုံးကတော့ အတူတူပဲ၊ S.P.E.W.

"အန်တယ်?"ဟယ်ရီက ရင်ထိုးတစ်ခုယူကာ သေချာကြည့်ပြီး မေး တယ်။ "ဒါဘာအဓိပ္ပာယ်လဲ"

"အန်တာ မဟုတ်ဘူး" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "အဲဒါ S.P.E.W.။ အဓိပ္ပာယ်က အိမ်မွေးမှင်စာများ အခွင့်အရေး မြှင့်တင်ရေးအဖွဲ့"

"မကြားဖူးပါဘူး" ရွန်ကပြောတယ်။

"နင် ဘယ်ကြားဖူးမလဲ" ဟာမီးက ပြတ်သားပွင့်လင်းစွာ ပြောတယ်၊ "အဲဒါ ငါ အခုမှ တည်ထောင်တာ"

"ဟင်?" ရွန်က နည်းနည်း အံ့သြစွာ မေးတယ်။ "နင်တို့မှာ အဖွဲ့ဝင် ဘယ် နှစ်ယောက်ရှိလဲ"

"အင်း — နင်တို့နှစ်ယောက်လဲ ပါမယ်ဆိုရင် — သုံးယောက်ရှိ တယ်" ဟာမီးက ပြောတယ်။

"ငါတို့ ရင်ထိုးထိုးပြီး လျှောက်သွားမယ်များ နင်ထင်လို့လား၊ ရင်ထိုး ပေါ်မှာက "အန်တယ်"လို့ ရေးထားသေးတယ်" ရွန်က ပြောတယ်။

"အဲဒါ S.P.E.W. " ဟာမီးက စိတ်ဆိုးစွာ ပြောတယ်။ "ငါ အစက ထူးဆန်းသတ္တဝါမိတ်ဆွေကို ရက်စက်စွာ ပြုမူဆက်ဆံခြင်း တားဆီးရေးနဲ့ ၄င်း တို့ရဲ့ တရားရေး အနေအထားကို ပြုပြင်လှုပ်ရှားမှုလို့ နာမည်ပေးချင်တာ — ဒါပေမယ့် မသင့်တော်လို့။ ဒါကြောင့် အဲဒါကို ငါတို့အဖွဲ့ရဲ့ ကြေညာစာတမ်း

www.burmeseclassic.com



ခေါင်းစဉ် လုပ်လိုက်တယ်"

သူမဟာ သူတို့ကို သိုးရေစက္ကူလိပ် ယမ်းပြတယ်။

"ငါ စာကြည့်တိုက်ထဲမှာ ဒီပြဿနာကို နက်နက်နဲနဲ လေ့လာတယ် မှင်စာလေးတွေရဲ့ ကျွန်ဘဝကို လွှမ်းခဲ့တဲ့ ရာစုနှစ်အတော်များများထိ အ လို့ ရတယ်။ ဒါကို ဘာမှ မလုပ်ဘဲနေကြတာ ငါမယုံဘူး"

"ဟာမီး — နားထောင်" ရွန်က အကျယ်ကြီးပြောတယ်။ "သူ ကြိုက်တယ်။ ဒီအတိုင်း။ သူတို့က သူမှား ကျွန်လုပ်ရတာ ကြိုက်တယ်"

"ငါတို့ရဲ့ ရေတိုရည်မှန်းချက်က" ဟာမီးက ပြောတယ်၊ အသံ ရွန့်ထက် ကျယ်တယ်။ ရွန်ပြောတာ သူမ လုံးဝမကြားသလိုပဲ။ "အိမ်မွေး စာလေးများ မျှတတဲ့ လုပ်ခရရေးနဲ့ ကောင်းမွန်တဲ့ အလုပ်ပတ်ဝန်းကျင်ရရှိရေး ဖြစ်တယ်။ ငါတို့ရဲ့ ရေရှည်ရည်မှန်းချက်ကတော့ မှော်ကြိမ်လုံး အသုံး ရတဲ့ တရားဥပဒေကို ပြုပြင်ခြင်းအပါအဝင် မှင်စာလေးတစ်ကောင်ကို ထူး သတ္တဝါ ထိန်းသိမ်းချုပ်ကိုင်ရေး ဌာနခွဲမှာ ပါဝင်ရေးကို တောင်းဆိုရမယ် အကြောင်းက မှင်စာလေးများရဲ့ အခွင့်အရေးကို အပြည့်အဝ ဖော်ဆောင်ပြ မရှိတဲ့ အခြေအနေဟာ ထိတ်လန့်စရာပဲ"

"ငါတို့ ဒါတွေကိုရအောင် ဘယ်လို လုပ်ရမလဲ" ဟယ်ရီက မေးတယ်

"အရင်ဆုံး ငါတို့အဖွဲ့ဝင် တိုးချဲ့ရမယ်" ဟာမီးက စိတ်ဓာတ်တက် စွာ ပြောတယ်။ "အဖွဲ့ဝင်သူတွေဟာ ငွေစစ်ခေါ် နှစ်ခုပေးဆောင်ရမယ် — ရင်ထိုးဝယ်ရမှာ — ဒီဝင်ငွေနဲ့ ကြော်ငြာရိုက်ပြီး ဝေရမယ်။ နင်က ဘဏ္ဍာ ချုပ်၊ ရွန် — ငါ အပေါ်ထပ်မှာ နင့်အတွက် စုဗူးလုပ်ထားတယ် — ဟယ် နင်က အတွင်းရေးမှူး၊ နင်က ငါအခုပြောတဲ့ စကားအားလုံး ရေးမှတ်ရမယ် ငါတို့ရဲ့ ပထမဆုံး အစည်းအဝေးမှတ်တမ်း ဖြစ်တယ်"

ခဏအတွင်းမှာ ဘယ်သူမှ စကားမပြောဘူး။ ဟာမီးဟာ ပြီ သူတို့ကို ကြည့်နေတယ်။ ဟယ်ရီဟာ ထိုင်နေရင်း ဟာမီးပုံကိုကြည့်ပြီး ဒေါ ထွက်သလို၊ ရွန့်အမူအရာကြောင့်လဲ ရယ်ချင်လာတယ်။ နောက်ဆုံး သက်ခြင်းကို ဖြိုခွဲခံလိုက်ရတယ်။ ဒါပေမယ့် ရွန်မဟုတ်ဘူး။ သူ့ပုံကြည့်ရ ယာယီအားဖြင့် စကား ပြောမထွက်သေးဘူး။ သူတို့ဟာ ပြတင်းပေါ်ကို အ လေး ခေါက်သံ ကြားရတယ်။ ဘတ်၊ ဘတ်။ ဟယ်ရီ့အကြည့်ဟာ ခုချိန် ဟာနေတဲ့ နားနေခန်းကို ဖြတ်ပြီး လရောင်အောက်မှာ ဖြူဖွေးတဲ့ ဇီးကွက်



ကောင် ပြတင်းခုံပေါ် နားနေတာ တွေ့ရတယ်။

"ဟက်ဒဝစ်" သူက အော်တယ်။ ဆတ်ခနဲ ထိုင်ခုံပေါ်က ကျော်လွှား ပြီး အခန်းကို ဖြတ်ကာ ပြတင်းပေါက်ကို ဆွဲဖွင့်တယ်။

ဟက်ဒဝစ် ပျံဝင်လာတယ်။ အခန်းကို ဖြတ်ကျော်ပြီး စားပွဲပေါ်မှာရှိ ဟယ်ရီ့ ဟောစာတမ်း အိမ်စာပေါ် သက်ဆင်းလိုက်တယ်။

"မင်းလာတာ အတော်ပဲ" ဟယ်ရီက ပြောရင်း အမြန်လိုက်လာ တယ်။

"ဒင်း စာတစ်စောင် ယူလာတယ်" ရွန်က စိတ်လှုပ်ရှားစွာ ပြောတယ်၊ ဟက်ဒဝစ်ခြေထောက်မှာ ချည်ထားတဲ့ သိုးရေစက္ကူတွန့်တွန့်ကို လက်ညှိုးထိုး ပြတယ်။

ဟယ်ရီက အမြန်ဖြုတ်ယူပြီး ထိုင်ဖတ်တယ်။ ဟက်ဒဝစ်ဟာ တောင်ပံ တော်ပြီး သူ့ပေါင်ပေါ် လာနားရင်း အသာလေး တွန်နေတယ်။

"ဘာတွေရေးထားလဲ" ဟာမီးက အသက်ရှုအောင့်ပြီး မေးတယ်။

ဟယ်ရီ

ကျွန်ုပ် ချက်ချင်း မြောက်ပိုင်းကို ပျံသန်းခဲ့မယ်။ ခုတလော ထူးဆန်း တဲ့သတင်းတွေ ကြားရတယ်။ မင်းအမာရွတ်ကိစ္စက နောက်ဆုံးသတင်းတစ်ခု ပဲ အမာရွတ် နောက်ထပ်နာလာရင် ဒမ်ဘယ်လီဒိုးကို တိုက်ရိုက်သွားတွေ့ပါ — အနားယူသွားတဲ့ အရူးမျက်လုံးကို သူပြန်သုံးတယ်လို့ ကြားရတယ်။ ဒါက ဒ်နိမိတ်ပြတာတွေကို သူနားလည်တယ်လို့ သဘောရတယ်။ ဘယ်သူမှ မသိ မယ့် သူသိတယ်။

မင်းနဲ့ အမြန်ဆုံး ဆက်သွယ်မယ်။ ရွန်နဲ့ ဟာမီးကို မေးမြန်းကြောင်း ပြောပြပါ။ သတိ အမြဲရှိနေပါ၊ ဟယ်ရီ။

ဆီးရီးအက်စ်ကြယ်

ဟယ်ရီက ရွန်နဲ့ဟာမီးကို မော့်ကြည့်တယ်။ သူတို့ကလဲ သူ့ကိုကြည့် နေတယ်။

"သူ မြောက်ပိုင်းကို ပျံသန်းလာမယ်?" ဟာမီးက တိုးတိုးမေးတယ်၊ "သူပြန်လာမယ်?"

www.burmeseclassic.com

www.burmeseclassic.com



"ဒမ်ဘာလီဒိုးက ဘာနိမိတ်ကို နားလည် သဘောပေါက်တာလဲ" ရွန်က မေးတယ်၊ ဟယ်ရီ့ကို နဝေတိမ်တောင် ကြည့်နေတယ်။ "ဟယ်ရီ — ဘယ်လိုလဲ"

ဟယ်ရီက လက်သီးနဲ့ မိမိနဖူးကို ထုလိုက်တယ်၊ ဟက်ဒဝစ်ဟာ လန့်ပြီး ပေါင်ပေါ်က ခုန်ထွက်လိုက်တယ်။

"ငါ သူ့ကို ပြောမပြသင့်ဘူး" ဟယ်ရီက ဒေါသနဲ့ပြောတယ်။

"မင်း ဘာပြောနေတာလဲ" ရွန်က အံ့ဩစွာမေးတယ်။

"ငါ့စာကြောင့် သူပြန်လာရမယ်လို့ နားလည်သွားတယ်" ဟယ်ရီက ပြောတယ်။ လက်သီးနဲ့ စားပွဲကို ထုနေပြန်တယ် — ဟက်ဒဝစ်ဟာ ရွန့်ထိုင်ခုံနောက်မှီမှာ သွားနားရတယ်။ စိတ်ဆိုးစွာ အော်နေတယ်။ "အမြန်ပြန်လာမယ်လို့ သူက ငါဒုက္ခရောက်နေပြီထင်နေတာ။ ဒါပေမယ့် ငါ့မှာ ဘာမှမဖြစ်ဘူး၊ ငါ့မင်းကို ဘာမှကျွေးစရာမရှိဘူး။ ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ မျှော်လင့်ချက်ကြီးစွာ ပါးစပ်က ပျပ်ပျပ်လုပ်နေတဲ့ ဟက်ဒဝစ်ကို ပြောတယ်။ "မင်း အစာစားချင်ရင် ဇီးကွက်အိမ်ကို သွားပေတော့"

ဟက်ဒဝစ်ဟာ အလွန်စိတ်ဆိုးစွာ သူ့ကို ကြည့်လိုက်ပြီး ပွင့်နေတဲ့ ပြတင်းပေါက်ကနေ ပျံထွက်သွားတယ်။ ဖြန့်ထားတဲ့ တောင်ပံနဲ့ ဟယ်ရီ့ခေါင်းကို ရိုက်သွားတယ်။

"ဟယ်ရီ" ဟာမီးက ကျေနပ်ပါတော့ဆိုတဲ့လေသံနဲ့ ပြောတယ်။

"ငါ သွားအိပ်တော့မယ်" ဟယ်ရီက များများ မပြောချင်ဘူး။ "မနက်ဖြန်မှ တွေ့မယ်"

အပေါ်ထပ် အိပ်ခန်းရောက်တော့ ဟယ်ရီညဝတ်အင်္ကျီလဲပြီး တိုင်လေးတိုင်ပါ ခုတင်ပေါ် တက်လိုက်တယ်။ ဒါပေမယ့် သူနည်းနည်းမှ ပင်ပန်းတယ် မထင်ဘူး။

တကယ်လို့ ဆီးရီးအက်စ်ကြယ် ပြန်လာပြီး အဖမ်းခံရရင် အဲဒါ သူ — ဟယ်ရီ့အမှားပဲ။ သူ ဘာကြောင့် ပါးစပ်ပိတ်မထားနိုင်တာလဲ။ စက္ကန့် အနည်းငယ် နာတာလေးပဲဟာ၊ ဒါကို သူ တညည်းညည်းတညူညူ လုပ်တယ် .... သူဘာကြောင့် အမြော်အမြင်ရှိရှိနဲ့ ဒီအကြောင်းကို ရင်ထဲမြှုပ်မထားနိုင်တာလဲ ....


ခဏနေတော့ ရွန် အခန်းထဲ ဝင်လာတာ ကြားရတယ်။ ဒါပေမယ့်



သူက သူနဲ့စကားမပြောဘူး။ ဟယ်ရီဟာ ခုတင်ပေါ် အကြာကြီး လှဲနေပြီး မှောင်နည်းတဲ့ ခြင်ထောင်မိုးကို စိုက်ကြည့်နေတယ်။ အိပ်ခန်းထဲမှာ ငြိမ်သက်နေတယ်။ တကယ်လို့ ဟယ်ရီ့မှာ စိတ်သောကမရှိရင် အိပ်ခန်းထဲမှာ နီဗီးဟောက်သံ မရှိတာ သူသိလာလိမ့်မယ်။ ဒါက အခန်းထဲမှာ ဒီညအိပ်မပျော်တာ သူတစ်ယောက်တည်း မဟုတ်ဘူးလို့ အဓိပ္ပာယ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၅။ ဗျူစ်ဘာတန်စ်နဲ့ ဒပ်စထရန်

နောက်နေ့အစောကြီး ဟယ်ရီ နိုးလာတော့ သူ့ခေါင်းထဲမှာ စိမ်
တစ်ခု အပြည့်အစုံရှိနေပြီ။ သူ အိပ်နေတဲ့အခါမှာ ဦးနှောက်က မနားဘဲ ဒီ
ကို တစ်ညလုံး တွက်ချက်နေသလိုပဲ။ သူဟာ အိပ်ရာကထပြီး အရုဏ်ဦး
တော့တဲ့ အလင်းရောင်အောက်မှာ အဝတ်အစားဝတ်တယ်။ ရွန့်ကို မ
သူတစ်ယောက်တည်း အိပ်ဆောင်က ထွက်လာပြီး လူတစ်ယောက်မှ မ
အများနားနေခန်းထဲကို လာခဲ့တယ်။ ညက ပေဒင်အိမ်စာ စာအုပ်တွေ
ပေါ်မှာ ရှိနေသေးတယ်။ သူက သိုးရေစက္ကူတစ်ရွက်ယူပြီး အောက်ပါ
ရေးလိုက်တယ်။

ချစ်လှစွာသော ဆီးရီးအက်စ်ကြယ်

ကျွန်တော့် အမာရွတ်နာတာ စိတ်ထင်ကြောင့်ဖြစ်မ
ကျွန်တော်ထင်တယ်။ ကျွန်တော် အရင်တစ်ခါ သင့်ဆီ ရေး
နိုး တစ်ဝက် ဖြစ်နေတယ်။ သင် ပြန်လာစရာ မလိုဘူး။ ဒီမှာ
လုံး အဆင်ပြေတယ်။ ကျွန်တော့်ကို စိတ်မပူပါနဲ့၊ ကျွန်တော့်



နည်းနည်းမှ မနာကျင်ပါဘူး။

ဟယ်ရီ

ဒီနောက်တော့ သူဟာ အရုပ်ကားနောက်ရှိ အပေါက်က တွားထွက်သွားပြီး ငြိမ်သက်နေတဲ့ ရဲတိုက်ထဲမှာ အပေါ်သို့ တက်တယ် (သရဲဖီးဗိစ် ခဏနှောင့်ယှက်တာပဲ ခံရတယ်။ ငါးလွှာစကြံပေါ်မှာ သရဲဖီးဗိစ်က ပန်းအိုးကြီးကြီး တစ်လုံးကို သူ့ကိုယ်ပေါ် တွန်းချချင်တယ်။) နောက်ဆုံးမှာ အနောက်ဘက် အိမ်ချွန်ရဲ့ အပေါ်ဆုံးထပ် ဇီးကွက်အိမ်ကို ရောက်လာတယ်။

ဇီးကွက်အိမ်ဟာ ကျောက်ခဲအခန်းဝိုင်းဝိုင်း၊ အလွန်အေးစက်တယ်။ လေက အခန်းဖြတ်တိုက်တယ်။ အဲဒီက ပြတင်းပေါက်တွေမှာ မှန်မရှိလို့။ ကြမ်းပေါ်မှာ ကောက်ရိုးနဲ့ ဇီးကွက်မစင်တွေချည်းပဲ။ ဇီးကွက်တွေ ထွေးချထားတဲ့ အိမ်ကြွက်နဲ့ လယ်ကြွက်အရိုးတွေလဲ ရှိတယ်။ အိမ်ချွန်ထိပ်ဆုံးထိနေတဲ့ ငှက်နားကိုင်းတွေပေါ်မှာ ဇီးကွက်အရာအထောင် နားနေကြတယ်။ အမျိုးအစားကတော့ စုံလို့ပါပဲ။ ၎င်းတို့အားလုံးလိုလို အိပ်နေကြတယ်။ ဒါပေမယ့် ရံဖန်ရံခါ ယင်းရောင် မျက်လုံးတစ်လုံးတလေ ဟယ်ရီ့ကို စိုက်ကြည့်တတ်တယ်။ ဟက်ဒဝစ်ဟာ စပါးကျီ ဇီးကွက်တစ်ကောင်နဲ့ ညိုဝါဝါဇီးကွက်တစ်ကောင်ကြားမှာ နားနေတာ တွေ့ရတယ်။ ဒါနဲ့ သူအမြန်လျှောက်သွားတာ ကြမ်းပေါ်မှာရှိတဲ့ ငှက်ချေးတွေပေါ် နင်းမိပြီး လိမ့်ကျဖို့ နည်းနည်းလိုတယ်။

သူက အကြာကြီးပြောတော့မှ ဟက်ဒဝစ်ကို မျက်စိဖွင့်ပြီး မိမိကို ကြည့်နေစေနိုင်တော့တယ်။ အကြောင်းက ၎င်းဟာ ငှက်နားကိုင်းပေါ်မှာ ရွေ့ရွေ့သွားပြီး အမြီးကို ဟယ်ရီ့ဘက်ပေးထားလို့။ မနေ့ညက သူ့ဘာမှန်းမသိဘဲ ပြုမူလိုက်တာကို စိတ်ဆိုးနေသေးတာ ထင်ရှားတယ်။ နောက်ဆုံးမှာ ဟယ်ရီက မင်းသိပ်ပင်ပန်းနေပြီ။ ရွန့်ဆီက ဝက်ကလေးဗွားသုံးတာ အကောင်းဆုံးပဲ လို့ ပြောတော့မှ ဟယ်ရီစာချိတ်ဖို့ ခြေတစ်ချောင်းဆန့်ပေးတယ်။

"သူ့ကို တွေ့အောင်ရှာနော်" ဟယ်ရီကပြောပြီး ၎င်းကို အပေါက်တစ်ခုဆီ ချီသွားတယ်။ ၎င်းရဲ့ ကျောကိုပွတ်သပ်ရင်း "ဝိညာဉ်စုပ်ကောင်တွေ ရှေ့ကရောက်အောင်သွား"

ဟက်ဒဝစ်က သူ့လက်ချောင်းကို ကိုက်တယ်။ ခါတိုင်းထက် ပိုနာနာကိုက်တယ်ထင်တယ်။ ဒါပေမယ့် တိုးတိုးတော့ အသံပြုတယ်။ သူ့ကို စိတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ဒ့် ပြောသလိုပဲ။ ဒီနောက် ဟက်ဒဝစ်ဟာ တောင်ပံဖြန့်ပြီး အရှက်အလင်း ရောင်ထဲ ပျံ့သန်းသွားတယ်။ ဟယ်ရီဟာ ၎င်းပျံသန်းပျောက်ကွယ်သွားတာ ကြည့်ပြီး ရင်ထဲမှာ သိပ်မတည်ငြိမ်သေးဘူး။ အစက ဆီးရီးအက်စ်ကြယ် ပြ တရရင် သူသောက သက်သာမယ်ထင်တာ၊ ခုတော့ သောကတွေတောင် ပိုး လာတယ်။

"နင် လိမ်ပြောနေတယ်။ ဟယ်ရီ" နံနက်စောစောစာ စားပွဲ ဟယ်ရီက သူလုပ်တဲ့ အလုပ်ကို ဟာမီးနဲ့ရွန်ကို ပြောပြတော့ ဟာမီးက ပြ ပြတ်ပဲ ပြောတယ်။ "နင့် အမာရွတ်နာတာ စိတ်ထင်လို့မှ မဟုတ်တာ၊ နင်သိတာ ပဲ"

"အဲဒါ ဘာဖြစ်လဲ" ဟယ်ရီက ပြောတယ်။ "ငါ့ကြောင့် သူ့အက်ဒ ဘန်ကို ပြန်အရောက်မခံနိုင်ဘူး"

"မပြောနဲ့တော့" ဟာမီး ချေပဖို့ပြင်တယ်။ ရွန်က သူမကို အားမေ ဘဲ တားလိုက်တယ်။ ဟာမီးဟာ နားမထောင်စဖူး သူ့စကားကို နားထော ပြီး ဘာမှထပ်မပြောတော့ဘူး။

ဒီနောက် တနင်္ဂနွေနှစ်ပတ်အတွင်းမှာ ဟယ်ရီဟာ ဆီးရီးအက် ကြယ်အတွက် တတ်နိုင်သလောက် မပူပန်မိအောင်နေတယ်။ စင်စစ်မှာ နေ့ နံနက်တိုင်း ဇီးကွက်တွေလာကြတဲ့အခါမှာ သူဟာ မအောင့်နိုင်ဘဲ ဟိုကြ ဒီကြည့် ကြည့်မိတယ်။ ညတိုင်း ညဉ့်နက်လို့ အိပ်ခါနီးမှာလဲ သူဟာ ဆီး အက်စ်ကြယ်တစ်ယောက် လန်ဒန်ရဲ့ မှောင်မည်းမည်း လမ်းတစ်လမ်းပေါ် ဝိညာဉ်စုပ်ကောင်တွေလိုက်လို့ ပြေးလမ်းမရှိတဲ့ ကြောက်စရာအခြေအနေ စိတ်ကူးကြည့်မိတယ်။ ဒါပေမယ့် နေ့အချိန်တစ်ခုလုံးမှာ သူဟာ မိမိရဲ့ ဖားသားကို စိတ်မရောက်အောင်နေတယ်။ သူဟာ မိမိကိုယ်မိမိ ခွေဒစ်အား နဲ့ စိတ်ပြောင်းစိတ်လဲ ဖြစ်စေတယ်။ ကျန်းမာတဲ့ အားကစားလေ့ကျင့်မှု အ ကြီးလုပ်ခြင်းဖြင့် ရင်တွင်းက စိုးရိမ်သောကကို ဖယ်ရှားနိုင်တာ မရှိတော့ ကျန်တစ်ဖက်မှာလဲ သူတို့ကျောင်းစာတွေ ကြာလေခက်လေ၊ တောင်းဆိုချ မြင့်လေဖြစ်လာတယ်။ အထူးသဖြင့် မူးဒီရဲ့ မှော်နက်ပညာ ခုခံကာကွယ် အတတ်။

သူတို့ တုန်လှုပ်သွားတာကတော့ ပါမောက္ခမူးဒီက ကျောင်းသားတို



ကို တစ်လှည့်စီ ဝိညာဉ်လုကျိန်စာချမယ်-လို့ ကြေညာလိုက်တာပဲ။ ဒီနည်းနဲ့ ကျိန်စာရဲ့ မှော်အားကို ဖော်ပြပြီး ၎င်းဂယက်ကို သူတို့ခုခံနိုင်သလားဆိုတာ ကြည့်ဖို့ ဖြစ်တယ်။

"ဒါပေမယ့် — ဒါပေမယ့် အဲဒါ ဥပဒေချိုးဖောက်တာလို့ သင်ပြောဖူး တယ်၊ ပါမောက္ခ" မူးဒီက မှော်ကြိမ်လုံးကို မြှောက်လိုက်လို့ စားပွဲတွေ ဘေး ဘပ်သွားပြီး ကျောင်းခန်းထဲမှာ နေရာလွတ်အကျယ်ကြီး ဖြစ်သွားတော့ ဟာမီး က မပိုင်ဘဲပြောတယ်။ "သင်ပြောဖူးတယ် — ၎င်းကို တခြားသူကိုယ်ပေါ်မှာ ကျင့်သုံးရင် —"

"ဒမ်ဘာလီဒိုးက မင်းတို့ကို ခံစားသိရှိအောင် သင်စေချင်တယ်" မူးဒီ က ပြောတယ် — ၎င်းရဲ့ မှော်မျက်လုံးက လှည့်ပြီး ဟာမီးကို ရင်ထိတ်စေတဲ့ အကြည့်နဲ့ မျက်တောင်မခတ်ဘဲ ကြည့်နေတယ်။ "တကယ်လို့ မင်းဟာ ဒီထက် ခက်ကျင်တဲ့နည်းနဲ့ လေ့လာချင်တယ်ဆိုရင် — သူများ ကျိန်စာချတာခံချပြီး မင်းကို လက်ခုပ်ထဲ ထည့်ထားတာ ခံချင်ရင် — ဒါဆို သိပ်ကောင်းတယ်။ ကျွပ်သဘောတူတယ်၊ မင်းသွားနိုင်တယ်"

သူက ကြမ်းတမ်းတဲ့ လက်ချောင်းတစ်ချောင်းကို ထုတ်ပြီး ကျောင်း ခန်းတံခါးကို ထိုးပြတယ်။ ဟာမီးမျက်နှာကြီး နီသွားပြီး ဘာရေရွတ်လိုက်မှန်း မသိဘူး။ သူမ ထွက်မသွားချင်ဘူးလို့ ပြောနေသလိုပဲ။ ဟယ်ရီနဲ့ရွန် အချင်းချင်း ကြည့်ပြီး ရယ်လိုက်တယ်။ ဟာမီးဟာ ဘူဘိုသစ်ဖုပြည်ကို သောက်ချင်သောက် ရပစေ၊ ဒီလိုအရေးကြီးသင်ခန်းစာကို အလွတ်မခံနိုင်ဘူးဆိုတာ သူတို့ သိတယ်။

မူးဒီက ကျောင်းသားတွေကို တစ်လှည့်စီ ရှေ့တိုးခိုင်းပြီး သူတို့ကို ဝိညာဉ်လုကျိန်စာ ချတယ်။ ကျိန်စာကြောင့် ကျောင်းသားတွေဟာ ပုံမမှန်တဲ့ အပြုအမူတွေ လုပ်လာကြတာ ဟယ်ရီမြင်ရတယ်။ ဒါဟာ ၎င်းတို့ ပုံမှန်အနေ အထားမှာ ဘယ်နည်းနဲ့မှ လုပ်မှာမဟုတ်ဘူး။ သူတို့ဟာ ဒီကျိန်စာကို ခုခံနိုင် ဘဲ့လူ တစ်ယောက်မျှ မရှိသလောက်ပဲ။ အားလုံး မူးဒီက ကျိန်စာပယ်ဖျက်ပြီး တော့မှ ပုံမှန် ပြန်ဖြစ်လာကြတယ်။

"ပေါ်တာ" မူးဒီက အသံသြသြနဲ့ ပြောတယ်။ "မင်းအလှည့်ရောက်တ ပြီ"

ဟယ်ရီက ရှေ့တိုးပြီး ကျောင်းခန်းအလယ်မှာ ရပ်တယ်။ ခုနက မူးဒီ ခုံတွေရွှေ့လို့ ကွက်လပ်ဖြစ်တဲ့ နေရာလွတ်ကို သွားတယ်။ မူးဒီက မှော်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သုံးတိုမြှောက်ပြီး ဟယ်ရီ့ကို ချိန်ရွယ်ကာ ပြောတယ်။ "ဝိညာဉ်ထွက်ခဲ့"

အဲဒါ သိပ်ကို ထူးဆန်းဆန်းကြယ်တဲ့ ခံစားချက်ပဲ။ ဟယ်ရီဟာ အောက်ခြေလွတ်သွားပြီး ခေါင်းထဲက အတွေးနဲ့ သောကတွေ ရုတ်ခြည်းပျောက်သွားတယ်။ ဝေဝါးတဲ့၊ မမြင်ရ၊ စမ်းမရတဲ့ ပျော်ရွှင်မှုပဲ ကျန်စေခဲ့တယ်။ သူဟာ ရပ်နေရင်း အလွန်ပေါ့ပါးပြီး၊ ဘာသောကမှမရှိ ဖြစ်နေတယ်။ အများက သူ့ကို ကြည့်နေတယ်ဆိုတာပဲ ဝေဝါးစွာ သိနေတယ်။

ဒီနောက် သူဟာ အရှူးမျက်လုံးမူးဒီရဲ့အသံကို ကြားရတယ်။ ၎င်းရဲ့ ဝလာဖြစ်နေတဲ့ဦးနှောက်ရဲ့ ဝေးလံတဲ့ချောင်တစ်ချောင်မှာ ပဲ့တင်ထပ်နေတယ် — စားပွဲခုံပေါ်တက်. . . . စားပွဲခုံပေါ် ခုန်တက်. . . .

ဟယ်ရီက နာခံစွာ ဒူးကွေးတယ်၊ ခုန်ဖို့ပြင်တယ်။

စားပွဲခုံပေါ် ခုန်တယ်. . . .

သူ့ခေါင်းနောက်ဘက်က အသံတစ်သံ နိုးလာတယ်။

ဒီလိုလုပ်တာ သိပ်ရူးလွန်းတယ်။ အဲဒီအသံက ပြောတယ်။

စားပွဲခုံပေါ် ခုန်တက်. . . .

ဟင့်အင်း၊ ကျွန်တော်မခုန်ချင်ဘူး။ ကျေးဇူးတင်ပါတယ်။ ဟိုအသံတစ်သံက ပြောတယ်၊ လေသံဟာ ပိုပြီးကြံ့ခိုင်လာတယ်. . . . ဟင့်အင်း၊ ကျွန်တော်တကယ်ပဲ မခုန်ချင်ဘူး. . . .

ခုန်၊ မြန်မြန်ခုန်။

ဆက်လက်ပြီး ဟယ်ရီ ပြင်းထန်စွာ နာကျင်လာတယ်။ သူခုန်တယ်၊ တစ်ချိန်တည်းမှာ မခုန်ဖို့ကြိုးစားတယ် — နိဂုံးကတော့ စားပွဲခုံနဲ့ခေါင်းနဲ့ ဝင်ဆောင့်တယ်။ စားပွဲခုံ လန်ကျသွားတယ်။ ခြေထောက်ဟာ အသည်းခိုက်အောင် နာကျင်တယ်၊ သူ့ဒူးရိုးနှစ်ခုစလုံး ကျိုးကုန်ပြီနဲ့တူတယ်။

"ကောင်းတယ်၊ ဒါမှပေါ့" မူးဒီရဲ့ အသံသြသြကြီးက ပြောတယ်။ ရုတ်ခြည်းပဲ သူ့ခေါင်းထဲက လျှိုထဲက လိုဏ်သံမျိုး ခံစားချက် ပျောက်သွားတယ်လို့ ဟယ်ရီခံစားရတယ်။ ခုနက ဖြစ်ပွားတဲ့ကိစ္စကို သူရှင်းရှင်းမှတ်မိတယ်။ ဒူးဟာ ပိုပိုပြီး နာလာတယ်။

"ကြည့်ကြစမ်း၊ မင်းတို့တတွေ. . . . ပေါ်တာ ခုခံလိုက်ပြီ။ သူခုခံလိုက်ပြီ၊ သူ ၎င်းကို အနိုင်ရဖို့ နည်းနည်းလိုတယ်။ ကျုပ်တို့ နောက်တစ်ခါ စမ်းမယ်၊ ပေါ်တာ။ ကျန်လူတွေ သတိထားကြည့် — သူ့မျက်လုံးကို ကြည့်ကြ



အဲဒါ ချက်ကျတဲ့နေရာပဲ —

ကောင်းပြီ၊ ပေါ်တာ၊ အလွန်ကောင်းတယ်။ သူတို့ မင်းကို လွယ်လွယ်နဲ့ ချုပ်ကိုင်ဖို့မကြံနဲ့"

"သူပြောပုံကြည့်ရတာ" တစ်နာရီကြာတော့ (မူးဒီက ဟယ်ရီကို လေးကြိမ်ဆက်တိုက် စမ်းတယ်၊ နောက်ဆုံး ဟိုကျိန်စာကို ဟယ်ရီ လုံးဝခုခံနိုင်တဲ့အထိပဲ)။ ဟယ်ရီဟာ မှော်နက်ပညာကာကွယ်တဲ့ အတတ်သင်တဲ့ ကျောင်းခန်းထဲက ထော့နဲ့ထော့နဲ့နဲ့ ထွက်လာတယ်၊ သူက ပွစိပွစိပြောတယ်။ "ငါတို့ အချိန်မရွေး တိုက်ခိုက်ခံရမယ်လို့ မှတ်ထားရမယ်"

"ဟုတ်တယ်၊ ငါသိတယ်" ရွန်က ပြောတယ်။ သူက တစ်လှမ်းလှမ်းတိုင်း ခြေမပြီး ခုန်တယ်။ ဒီကျိန်စာကို ရင်ဆိုင်ရာမှာ သူ့အခက်အခဲဟာ ဟယ်ရီ့ထက် အများကြီး ကြီးတယ်။ ဒါပေမယ့် ကျိန်စာရဲ့ဂယက်ဟာ နေ့လယ်ထမင်းစားချိန်မှာ ပြေပျောက်သွားလိမ့်မယ်လို့ မူးဒီက သူ့ကို အာမခံတယ်။ "စကားပြောတာ စိတ်မမှန်သလိုပဲ. . . ." ရွန်က လှည့်ကြည့်လို့ မူးဒီ မရှိမကြားရဘူးလို့ ယုံကြည်မှ ဆက်ပြောတယ်။ "ဒါကြောင့် သူတို့က သူ့ကို မှော်ဝန်ကြီးဌာနက မောင်းထုတ်ချင်တာ။ သူ စီးမတ်ကိုပြောတာ မကြားဘူးလား။ မြို့ရူးပွဲတော်နေ့မှာ မှော်ဆရာမတစ်ယောက်က သူ့ကို သရော်လို့ သူက အဲဒီမှော်ဆရာမကို ဘယ်လိုလုပ်တယ်တဲ့။ ငါတို့ အလုပ်တွေ အများကြီးလုပ်စရာရှိတယ်၊ ဘယ်လိုလုပ်ပြီး ဝိညာဉ်လုကျိန်စာကို လေ့လာဖို့ အချိန်ရမှာလဲ"

စတုတ္ထနှစ် ကျောင်းသားအားလုံးဟာ ဒီကျောင်းပတ်မှာ သူတို့ကျောင်းစာတွေ ထင်ထင်ရှားရှား များလာတာ သတိပြုမိကြတယ်။ ကျောင်းသားတွေ ပါမောက္ခမက်ဂေါ်နာဂေါ်ပေးတဲ့ ရုပ်ပြောင်းအိမ်စာတွေ များလွန်းတယ်လို့ ညည်းကြတဲ့အခါမှာ ပါမောက္ခမက်ဂေါ်နာဂေါ်က အကျိုးအကြောင်း ရှင်းပြတယ်။

"မင်းတို့ဟာ မှော်ပညာရေးရာနဲ့ အရေးကြီးတဲ့ကာလထဲ ရောက်လာပြီ"သူမက သူတို့ကို ပြောပြတယ်။ မျက်လုံးနှစ်လုံးဟာ လေးထောင့်ဂိုင်းနောက်ဘက်မှာ ကြောက်စရာအရောင်တွေ လက်နေတယ်။ "မင်းတို့ရဲ့ O.W.Ls စာမေးပွဲ နီးလာပြီ —"

"ကျွန်တော်တို့ ပဉ္စမနှစ်မရောက်ခင် O.W. Ls ဖြေရမှာမဟုတ်ဘူး" ဒင်း-သောမတ်စ်က ဒေါသနဲ့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်နိုင်တယ်၊ သောမတ်စ်။ ဒါပေမယ့် ငါ့ကိုယုံပါ။ မင်းတို့ အပြည့်အဝ ပြင်ဆင်ထားဖို့လိုတယ်။ ဒီအတန်းမှာ မစ်ဂရန်ဂျာတစ်ယောက်ထဲသာ မြွေကောင်ကို ကျေနပ်လောက်တဲ့ အပ်ခေါင်းအုံးအဖြစ် ရုပ်ပြောင်းနိုင်တယ်။ သောမတ်စ်၊ ငါမင်းကို သတိပေးရမှာက မင်းအပ်ခေါင်းအုံးဟာ တစ်ယောက်ယောက်က အပ်ယူပြီး ကပ်သွားတဲ့အခါမှာ ကြောက်ပြီး လိပ်ခွေသွားတယ်"

ဟာမီးမျက်နှာဟာ နီရဲလာပြန်တယ်။ သိပ်ဝမ်းသာကျေနပ်ပုံ မပေါ်အောင် အတင်းထိန်းထားတယ်။

ဟယ်ရီနဲ့ရွန် မထင်မှတ်မိဘူး။ ဒုတိယဗေဒင်ချိန်မှာ ပါမောက္ခထရီလောနီက သူတို့အိမ်စာ အမှတ်ကောင်းကောင်းရတယ်လို့ ပြောတဲ့အတွက် သူတို့ရယ်ချင်ကြတယ်။ သူမဟာ သူတို့ဟောစာတမ်းရဲ့ အပိုင်းအများကြီးကို အကျယ်ကြီးဖတ်ပြတယ်။ ပြီးတော့ သူတို့ဟာ ဖြစ်ပွားတော့မယ့် ကြောက်စရာကိစ္စတွေကို ရဲရဲရင်ဆိုင်ဝံ့တယ်လို့ ချီးကျူးတယ် — ဒါပေမယ့် သူမက သူတို့ကို လာမယ့်လ၊ နောက်လာမယ့်လတွေကို ဟောစတမ်းထုတ်ဖို့ပြောတော့ ဒါ သိပ်ရယ်ဖို့ကောင်းတယ်လို့ မထင်တော့ဘူး။ သူတို့နှစ်ယောက် နောက်ထပ် အန္တရာယ်တွေ စဉ်းစားလို့ မရတော့ဘူး။

တခြားဘက်မှာလဲ၊ ပါမောက္ခဘင်းစ် — သူတို့ကို မှော်သမိုင်းသင်တဲ့တစ္ဆေက ဒီအပတ်မှာ သူတို့ကို ၁၈-ရာစုနှစ် သရဲတွေပုန်ကန်တဲ့ စာတမ်းတစ်စောင် ရေးခိုင်းထားတယ်။ ပါမောက္ခစနိတ်ပ်က သူတို့ကို ဖြေဆေးသုတေသနအတင်းလုပ်ခိုင်းတယ်။ သူတို့ ပေါ့လို့မရဘူး။ အကြောင်းက ပါမောက္ခစနိတ်က အရိပ်အမြွက် ပြောထားတာက သူ ခရစ္စမတ်မတိုင်မီ သူတို့ထဲက တစ်ယောက်ကို အဆိပ်ခတ်မယ်။ ၎င်းတို့ရဲ့ ဖြေဆေး အသုံးတည့်မတည့် ကြည့်မယ်တဲ့။ ပါမောက္ခဖလစ်ဝစ်က သူတို့ကို တခြားစာအုပ်သုံးအုပ် ထပ်ဖတ်ခိုင်းတယ်။ ဆင့်ခေါ်ဂါထာအတွက် ပြင်ဆင်ထားဖို့ ဖြစ်တယ်။

ဟက်ဂရစ်ကတောင် သူတို့ကို အလုပ်ပိုပေးလာတယ်။ ဘယ်သူ့မှ သူတို့ ဘာ အစာကြိုက်တယ်ဆိုတာ မသိပေမယ့် မီးပန်းပိုးကောင်ကြီးလာတာ သိပ်မြန်တယ်။ ဟက်ဂရစ်က သိပ်ဝမ်းသာတယ်။ 'စီမံကိန်း'ရဲ့ တစ်စိတ် တစ်ပိုင်းအဖြစ် သူတို့ကို သူ့အိမ်လေးသို့ ရက်ခြားလာပြီး မီးပန်းပိုးကောင်တို့ လေ့လာဖို့ အကြံပေးတယ်။ ဒီပြင် ၎င်းတို့ရဲ့ ထူးခြားတဲ့ အပြုအမူကို မှတ်တမ်းရေးခိုင်းတယ်။



"ငါမသွားဘူး" ဟက်ဂရစ်က စင်တာခရော့အိတ်ကြီးထဲကနေ ဇရာမအစားစရာကြီးကို ယူထုတ်လိုက်တဲ့ စိတ်ဓာတ်နဲ့ ဒီအကြံကို တင်ပြတဲ့အခါမှာ ဒွာခို-မော်ဖိုင်က နည်းနည်းမှ မတွေ့ဝေဘဲ ပြောတယ်။ "ကျောင်းတက်ချိန်မှာတွင် ဒီမုန်းစရာ အကောင်တွေကို ကြည့်လို့ဝနေပြီ။ ကျေးဇူးတင်ပါတယ်"

ဟက်ဂရစ် မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွားတယ်။

"ကျုပ်ပြောသလိုလုပ်" သူက အော်ဟောက်တယ်။ "နို့မို့ရင် ကျုပ် ပါမောက္ခမူးဒီလိုလုပ်မယ်. . . . မင်း မြွေပါဖြစ်သွားတာ သိပ်မဆိုးဘူးနော်၊ မော်ဖိုင်"

ဂရစ်ဖင်းဒေါက ကျောင်းသားတွေ ဝါးခနဲ ရယ်ကြတယ်။ မော်ဖိုင်ဒေါသကြောင့် မျက်နှာကြီး နီသွားတယ်။ ဒါပေမယ့် သူဟာ မူးဒီ ဒဏ်ခတ်တဲ့အဖြစ်ကို ရှင်းရှင်း မှတ်မိနေသေးလို့၊ သိပ်ခံမပြောဝံ့တော့ဘူး။ ကျောင်းဆင်းပြီးတော့ ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ ဝမ်းသာအားရနဲ့ ရဲတိုက်ပြန်လာခဲ့တယ်။ ဟက်ဂရစ်က မော်ဖိုင် မောက်မာတာကို ဖိနိုင်တဲ့အတွက် သိပ်ကိုပျော်တယ်။ ပြီးတော့ မနှစ်က မော်ဖိုင်ဟာ ဉာဏ်နီဉာဏ်နက်ထုတ်ပြီး ဟက်ဂရစ်ကို ကျောင်းက အလုပ်ဖြုတ်ဖို့ ကြိုးစားခဲ့တယ်။

သူတို့ တံခါးအဝင်ခန်းရောက်တော့ ရှေ့တိုးသွားလို့မရတာ တွေ့ရတယ်။ အကြောင်းက မာဘော်ကျောက်လှေကားခြေရင်းမှာ ထောင်ထားတဲ့ ကြေညာချက်မှာ ကျောင်းသားတစ်အုပ်ကြီး ဝိုင်းနေလို့ဖြစ်တယ်။ ရွန်က သူတို့ သုံးယောက်အနက် အရပ်အမြင့်ဆုံး။ သူက ခြေဖျားထောက်ပြီး သူ့ရှေ့က လူခေါင်းကို ကျော်ပြီး ကြေညာချက်ထဲကစာကို အကျယ်ကြီး ဖတ်ပြတယ်။

## ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ

ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်ကိုယ်စားလှယ်များ အောက်တိုဘာလ ၃၀-ရက် သောကြာနေ့ ညနေ-၆နာရီ ရောက်ရှိမယ်။ ညနေပိုင်း နာရီဝက် စောပြီး ကျောင်းဆင်းမယ် —

"တယ်ကောင်းပါလား" ဟယ်ရီက ပြောတယ်။ "သောကြာနေ့ နောက်ဆုံးအချိန်က မှော်ဆေးပညာ။ စနိတ်ပ် ငါတို့တတွေကို အဆိပ်ခတ်ဖို့ ခရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

အချိန်တန်ရင် ကျောင်းသားများ လွယ်အိတ်နဲ့ စာအုပ်များကို အခန်းပြန်ပို့ကြပြီး ရဲတိုက်ရှေ့တွင် စုဝေးကြပါ။ ကျွန်ုပ်တို့ ဧည့်သည်တော်များကို ကြိုဆိုကြရမယ်။ ပြီးလျှင် ကြိုဆိုတဲ့ ညစာစားပွဲ တက်ရပါမယ်။

"တစ်ပတ်ပဲ လိုတော့တယ်" ဟော့ဖ်ဖတ်ပောက်စ်က အာနီ-မက်မီလန်ပ.၁ လူအုပ်ထဲက ထိုးထွက်လာတယ်။ မျက်လုံးက အရောင်တောက်နေတယ်။ သူကပြောတယ်။"စက်ဒရစ်သိပလားလဲ မသိဘူး။ ငါ သူ့သွားပြောပြလိုက်ဦးမယ်. . . ."

"စက်ဒရစ်?" အာနီ ခပ်သုတ်သုတ် ထွက်သွားပြီးနောက် ရွန်က ဘာမှန်းမသိ ပြောတယ်။

"အဲဒါ ဒစ်ဂိုရီ" ဟယ်ရီက ပြောတယ်။ "သူ ယှဉ်ပြိုင်ပွဲ ဝင်မလို့နေတာတယ်"

"အဲဒီငထိုင်းကလဲ ဟော့ဂ်ဝပ်သူရဲကောင်း ဖြစ်ချင်တယ်?" ရွန်က ပြောတယ်။ သူတို့ဟာ ကွဲကွဲကွကွဆူနေတဲ့လူအုပ်ကို တိုးထွက်ပြီး အပေါ်ထပ်ကို တက်သွားကြတယ်။

"သူက ငထိုင်းမဟုတ်ဘူး။ နင်က သူ့ခွေဒစ်ပြိုင်ပွဲမှာ ဂရစ်ဖင်းဒေါ်ကို နိုင်သွားလို့ သူ့ကို မနှစ်သက်တာ" ဟာမီးက ပြောတယ်။ "သူက အလွန်တော်တဲ့ ကျောင်းသားလို့ ကြားတယ်။ အတန်းခေါင်းဆောင်လဲ ဖြစ်တယ်တဲ့"

သူမလေသံကြားရတာ အားလုံး အဓိပ္ပာယ်ပေါက်သွားသလိုပဲ။

"နင်က သူရုပ်ချောလို့ ကြိုက်တာ" ရွန်က ပြန်တွယ်တယ်။

"ဝမ်းနည်းပါတယ်၊ ငါက ရုပ်ချောတာတစ်ခုထဲနဲ့ သူ့ကို ကြိုက်မှာမဟုတ်ဘူး" ဟာမီးက စိတ်ဆိုးစွာ ပြောတယ်။

ရွန်က အသံကျယ်ကျယ် ချောင်းဟပ်ချင်ယောင် ဆောင်တယ်။ အသံက တစ်မျိုးကြီးပဲ။ "လော့ဟတ်"လို့ ကြားရတယ်။

တံခါးခန်းမှာ ဒီကြော်ငြာစာ တွေ့ရတာ ရဲတိုက်ထဲကလူတွေကို ဂယက်ရိုက်တယ်။ ဆက်လက် ရောက်လာတဲ့ တစ်ပတ်အတွင်းမှာ ဟယ်ရီ ဘယ်သွားသွား၊ လူတွေဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲအကြောင်းပဲ ပြောတာ ကြားရတယ်။ ကောလာဟလတွေဟာ ကျောင်းသားတွေကြားမှာ အလွန်ကူးစက်မြန်



တဲ့ ပိုးမွှားတွေလို ကူးစက်နေတယ်။ ဘယ်သူ ဟော့ဂ်ဝပ်သူရဲကောင်း ဝင်ပြိုင်မလဲ။ ယှဉ်ပြိုင်ပွဲမှာ ဘယ်လိုကဏ္ဍတွေ ပါမလဲ။ ဖျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်က ကျောင်းသားတွေ သူတို့နဲ့ ဘယ်လိုကွာခြားသလဲ။

ရဲတိုက်ကြီးကို အစအဆုံး သန့်ရှင်းရေးလုပ်နေတာ ဟယ်ရီ သတိပြုမိသေးတယ်။ ပေနေတဲ့ လူရုပ်ပန်းချီကားတချို့ သေချာသုတ်သင်ပြီးပြီ။ သုတ်သင်ခံရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီအတွက် အလွန်မကျေနပ်ဖြစ်တယ်။ သူတို့ဟာ ကိုယ်ကိုကျုံ့ပြီး ပန်းချီဘောင်ထဲမှာ ထိုင်နေတယ်။ မပျော်မရွှင်နဲ့ ရေရွတ်နေတယ်။ မျက်နှာပေါ်က ပန်းနုရောင် အသားနုကို ပွတ်မိတိုင်း နာလို့ သွားဖြဲအံကြိတ် ဖြစ်နေတယ်။ ချပ်ဝတ်တန်ဆာတွေ ရုတ်ခြည်းပြောင်လက်သွားတယ်။ သုပ်ရှားတဲ့အခါမှာလဲ တကျွီကျွီမမြည်တော့ဘူး။ တံခါးစောင့် အားဂတ်စ်-ဖစ်ချ်ဟာ ကျောင်းသားတွေ ဖိနပ်မသုတ်ဘဲ လာတာတွေ့ရင် ဒေါသူပုန်ထတော့တာပဲ။ ဒါကြောင့် ပထမနှစ်ကျောင်းသားနှစ်ယောက် ဟစ်စတီးရီးယားဖြစ်သွားတယ်။

ကျန် ဆရာမနဲ့ လုပ်သားတွေလဲ စိတ်တထင့်ထင့်နဲ့ စိုးရိမ်နေကြတယ်။

"လွန်ဘော့တမ်၊ မင်းကြည့်လဲလုပ်နော်၊ ဒမ်စထရန်က လူတွေရှေ့မှာ အရုပ်မဆိုးစေနဲ့၊ မင်း ပြောင်းလဲဂါထာ လွယ်လွယ်လေးတောင် မရဘူးဆိုတာ သူတို့မသိစေနဲ့" ကျောင်းဆင်းခါနီးမှာ ပါမောက္ခမက်ဂေါ်နာဂေါက အော်ငေါက်တယ်။ အဲဒီအချိန်တက်ရတာ အဆင်မပြေဘူး။ နီဗီးဟာ မထင်မှတ်ဘဲ မိမိနားရွက်ကို တစောင်းပင်ပေါ် သွားတပ်မိတယ်။"

အောက်တိုဘာလ၊ ၃၀-ရက်နေ့ နံနက်မှာ သူတို့အောက်ဆင်း ထမင်းစားတယ်။ ခန်းမကြီးဟာ တစ်ညအတွင်းမှာ အသစ်စက်စက်ဖြစ်အောင် ပြင်ဆင်ထားတာ တွေ့ရတယ်။ နံရံပေါ်မှာ ဇရာမ ပိုးဖဲကန့်လန့်နဖူးစည်းကြီးတွေ ချိတ်ထားတယ်။ နဖူးစည်းတစ်ခုတစ်ခုဟာ ဟော့ဂ်ဝပ်ကျောင်းတော်ရဲ့ ဟောက်စ်ကျောင်းတစ်ခုဆီကို ကိုယ်စားပြုတယ်။ အနီခံမှာ ရွှေခြင်္သေ့ပုံနဲ့ဟာက ဂရစ်ဖင်းဒေါ်၊ အပြာခံမှာ ကြေးဝါရောင်သိမ်းငှက်ပုံနဲ့က ရေဗင်ခလော၊ အဝါခံမှာ ခွေးတူဝက်တူပုံနဲ့က ဟာ့ဖ်ဖတ်၊ အစိမ်းခံမှာ ငွေရောင်စပါးကြီးမြွေပုံနဲ့က စလေးသရင်း။ ဆရာများစားပွဲနောက်မှာ အကြီးဆုံးနဖူးစည်းကြီး ချိတ်ဆွဲထားတယ်။ ၎င်းအပေါ်မှာ ဟော့ဂ်ဝပ်အမှတ်တံဆိပ်ရှိတယ်။ ခြင်္သေ့၊ သိမ်းငှက်

www.burmeseclassic.com

www.burmeseclassic.com



ဒွေးဘာ့ ဝက်တာ့၊ မြွေ၊ အားလုံးဟာ H စာလုံးကြီးကို ဝန်းရံဝိုင်းပတ်ထားတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဂရစ်ဖင်းဒေါစားပွဲမှာ ထိုင်ကြတယ်။ ဖရက်နဲ့ ဂျော့တို့နဲ့ ကပ်နေတယ်။ ဒီတစ်ခါလဲ အမြွာညီနောင်ဟာ ခါတိုင်းနဲ့မတူဘဲ လူတွေကို ရှောင်ပြီး အသံနိမ့်နိမ့်နဲ့ တိုင်ပင်နေတယ်။ ရွန်က ရှေ့ကဦးဆောင်ပြီး သူတို့ဆီ သွားတာ။

"ဒါ သိပ်တော့မကောင်းဘူး၊ ငါဝန်ခံတယ်" ဂျော့က စိတ်ပျက်ပျက်နဲ့ ဖရက်ကို ပြောတယ်။ "ဒါပေမယ့် တကယ်လို့ သူ ငါတို့နဲ့ မျက်နှာချင်းဆိုင်မဆွေးနွေးဘူးဆိုရင် သူ့ဆီ စာပို့ရမှာပဲ။ ဒါမှမဟုတ် စာကို သူ့လက်ထဲ တိုက်ရိုက်ထည့်ပေးလိုက်ရမှာပဲ။ သူ ငါတို့ကို အမြဲတမ်းတော့ ရှောင်နေလို့ မရဘူး"

"ဘယ်သူ မင်းတို့ကို ရှောင်နေလဲ" ရွန်ကပြောရင်း သူတို့ဘေး ဝင်ထိုင်တယ်။

"မင်း ငါတို့ကို ရှောင်နေစေချင်တယ်" ဖရက်က ပြောတယ်၊ အနှောင့်အယှက်ဖြစ်တာ မကြိုက်တဲ့ပုံပဲ။

"ဘာကိစ္စကြောင့် မပျော်မရွှင် ဖြစ်နေတာလဲ" ရွန်က ဂျော့ကို မေးတယ်။

"ငါ့မှာ မင်းလို ဖိုးသိချင်ညီတစ်ယောက်ရှိလို့" ဂျော့က ပြောတယ်။

"မင်းတို့နှစ်ယောက် ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဝင်ဖို့ နည်းလမ်းရပလား" ဟယ်ရီက မေးတယ်။ "ဝင်ပြိုင်ဖို့ကော လုပ်နေသေးလား"

"ငါ ပါမောက္ခမက်ဂေါ်နာဂေါကို မေးပြီးပြီ။ သူ့ရဲ့ကောင်းကို ဘယ်လိုရွေးလဲလို့။ ဒါပေမယ့် သူမက ပြောမပြဘူး" ဂျော့က မကျေမနပ်ပြောတယ်။ "သူမက ငါ့ကို ပါးစပ်ပိတ်ထား၊ ရက်ကွန်းကို ရုပ်ပြောင်းပေးတဲ့ထဲ စိတ်ဝင်စားလို့ပြောတယ်"

"ယှဉ်ပြိုင်ပွဲမှာ ဘာကဏ္ဍတွေ ပါလဲ" ရွန်က သတိရလို့မေးတယ်။ "မင်းသိလား၊ ငါတို့လဲ လုပ်နိုင်တယ်ဆိုတာ လောင်းဝံ့တယ်၊ ဟယ်ရီ။ ငါအရင်က အဲဒီလောက် အန္တရာယ်ရှိတဲ့ကိစ္စကို လုပ်ခဲ့ဖူးတယ်. . . ."

"မင်းတို့က ဒိုင်လူကြီးအဖွဲ့ရှေ့မှာ လုပ်တာမဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား" ဖရက်က ပြောတယ်၊ "မက်ဂေါ်နာဂေါက ပြောတယ်၊ ဒိုင်လူကြီးက သူ့ရဲ့ကောင်းတွေ ကဏ္ဍအသီးသီးကို အောင်မြင်တဲ့ အခြေအနေအရ အမှတ်ပေးမှာတဲ့"



"ဒိုင်လူကြီးက ဘယ်သူလဲ" ဟယ်ရီကမေးတယ်။

"အို၊ ဝင်ပြိုင်တဲ့ကျောင်းက ကျောင်းအုပ်ဟာ ဒိုင်လူကြီးအဖွဲ့ဝင်ဖြစ်မှာသေချာတယ်" ဟာမီးက ပြောတယ် — အားလုံး အလွန်အံ့သြစွာနဲ့ သူမကို ကြည့်ကြတယ်။ "အကြောင်းက ၁၇၉၂-ခုနှစ် ယှဉ်ပြိုင်ပွဲမှာ သူ့ရဲ့ကောင်းတွေ ဖမ်းရမယ့် ကြက်ကိုယ်နဲ့ မြွေအမြီးအကောင်ဆန်းဟာ ချုပ်ထိန်းလို့မရဘဲ ကျောင်းအုပ်သုံးယောက်စလုံး ဒဏ်ရာရသွားလို့"

သူမဟာ အားလုံး သူမကိုကြည့်နေတာ သတိထားမိတာနဲ့ စိတ်မရှည်တဲ့အမူအရာ ပေါ်လာပြန်တယ်။ ဘယ်သူမှ သူမလောက် စာတွေမဖတ်ကြလို့၊ သူမက ပြောတယ်။ "ဒါတွေအားလုံး'ဟော့ဂ်ဝပ်ကျောင်းသမိုင်း'ထဲမှာ ရေးထားတယ်လေ။ ဒါပေမယ့် ဒီစာအုပ်က လုံးဝစိတ်ချရတာတော့ မဟုတ်တာ သဘာဝပဲ။ ၎င်းကို 'ပြင်ရေးထားတဲ့ ဟော့ဂ်ဝပ်ကျောင်းသမိုင်း'လို့ ခေါ်တာ ပိုသင့်တော်လိမ့်မယ်။ ဒါမှမဟုတ် ၎င်းကို 'တစ်ဖက်သတ်အမြင်နဲ့ ရွေးချယ်မှုရှိတဲ့ ဟော့ဂ်ဝပ်ကျောင်းသမိုင်း၊ ကျောင်းရဲ့အမှောင်ဘက်ကို ဖုံးကွယ်ထားတယ်'လို့ ခေါ်ရမယ်"

"နင် ဘာပြောနေတာလဲ" ရွန်က ပြောတယ်။ ဒါပေမယ့် ဟယ်ရီကတော့ သူမ ဘာဆက်ပြောမယ်ဆိုတာ သိနေတယ်။

"အိမ်မွေးမှင်စာလေးတွေ" ဟာမီးက ပြောတယ်။ မျက်လုံးနှစ်လုံး အရောင်တောက်နေတယ်။ "စာမျက်နှာ တစ်ထောင်ကျော်ရှိတဲ့ 'ဟော့ဂ်ဝပ်၊ ကျောင်းသမိုင်း' စာအုပ်ထဲမှာ ကျွန်မတို့ ကျွန်တစ်ရာကို အတူတကွ ဖိနှိပ်နေတာ တစ်လုံးမှ ပြောမထားဘူး"

ဟယ်ရီက ခေါင်းခါလိုက်ပြီး မိမိအတွက် ကြက်ဥကြော်ခပ်ယူတယ်၊ သူနဲ့ ရွန်ရဲ့ မတက်မကြွသဘောထားဟာ အိမ်မွေးမှင်စာလေးများအတွက် တရားမျှတတဲ့ အခွင့်အရေးရဖို့ ကြိုးစားတဲ့ ဟာမီးရဲ့ စိတ်ဆုံးဖြတ်ချက်ကို နည်းနည်းမှ မထိခိုက်ဘူး။ စင်စစ် သူတို့နှစ်ယောက်စလုံး ငွေစစ်ခေါ်နှစ်ခုနဲ့ S.P.E.W. ရင်ထိုးဝယ်ပြီးကြပြီ။ ဒါပေမယ့် သူတို့ ဒီလိုလုပ်တာဟာ သူမ တိတ်တိတ်နေအောင်လုပ်တာ။ ဒါပေမယ့် သူတို့ ငွေစစ်ခေါ်တွေ အလကားဖြစ်သွားပြီ၊ ဟာမီးဟာ ဒါကြောင့် ငြိမ်မသွားဘဲ ပိုပိုဆူလာတယ်။ အဲဒီအချိန်ကစပြီး သူမဟာ ဟယ်ရီနဲ့ရွန်ကို အလစ်မပေးတော့ဘူး။ အရင်ဆုံး သူတို့ကို ရင်ထိုးတပ်ထားခိုင်းတယ်။ ပြီးတော့ ကျန်လူတွေကိုလဲ ဒီအတိုင်းလုပ်ဖို့ သူတို့ကို သွားနားချခိုင်းတယ်။ သူမဟာ အကျင့်တစ်ခုရလာတယ်။ ညည ဂရစ်ဖင်းဒေါ အ

www.burmeseclassic.com

www.burmeseclassic.com



ဆူးနားနေခန်းထဲမှာ သူများတွေကို မနားတမ်းပေါပြော၊ အတင်းရောအ ပါ စုဒုးကိုင်ပြီး သူများနှာခေါင်းအောက်မှာ လှုပ်ပြနေတယ်။

"သင့်ကို ခုတင်ခင်းလဲပေးတဲ့၊ မီးမွေးပေးတဲ့၊ သင့်ကို ကျောင်း လှည်းကျင်းပေးတဲ့၊ သင့်ကို ထမင်းဟင်းချက်ပေးတဲ့ သူတွေဟာ လုပ်ခမရ ကျွန်ပြုခံရတဲ့ ထူးဆန်းသတ္တဝါတွေဆိုတာ သိပါရဲ့လား" သူမက သူမျာ အတင်းဖိပြောတယ်။

လူတချို့ဆိုရင် ဥပမာ နီဗီး၊ မတတ်သာလို့ ငွေပေးလိုက်ရတယ် ဟာမီးမျက်လုံးကြီးနဲ့ အတင်းစိုက်ကြည့်နေတာ မခံချင်လို့။ တချို့ကလဲ သူ ပြောတာကို နည်းနည်းစိတ်ဝင်စားတယ်။ ဒါပေမယ့် လှုပ်ရှားမှုထဲ တက်ကြွ မပါချင်ဘူး။ ဒါအတွက် ဟိုပြေးဒီပြေးပြောဆိုတာ မလုပ်ချင်ဘူး။ လူအများ ဟာ ဒီကိစ္စကို ရယ်စရာလို့ ထင်တယ်။

ဒီအချိန်မှာ ရွန်ဟာ ၎င်းတို့အပေါ် ဆောင်းဦးနေရောင် ပက်ဖျန်း တဲ့ မျက်နှာကြက်ကို ကြည့်ပြီး မျက်ဖြူလန်ပြနေတယ်။ ဖရက်ဟာ ရှတ်တရ အသားမီးမြိုက်ကို စိတ်ဝင်စားနေတယ် (အမြွှာနှစ်ယောက်ဟာ S.P.E.W. တိုးကို မဝယ်ချင်ဘူး)။ ဂျော့က ကိုယ်ကို ဟာမီးဘက် ကိုင်းလိုက်တယ်။

"နားထောင်၊ ဟာမီး၊ နင် အောက်က မီးဖိုချောင်ထဲ သွားဖူးသလား"

"ဟင့်အင်း၊ ဘယ်သွားဖူးမလဲ" ဟာမီးက ပြတ်ပြတ်ဖြေတယ်။

"ကျောင်းသားဆိုတာ မသွားသင့် —"

"အိုး၊ ငါတို့ သွားဖူးတယ်" ဂျော့က ပြောတယ်၊ ဖရက်ကို လက်ညှိုးထိုး ပြတယ်။ "အကြိမ်ကြိမ် သွားဖူးတယ်၊ စားစရာသွားခိုးတာ။ ငါတို့ သူတို့နဲ့ တွေ့ တယ်၊ သူတို့ သိပ်ပျော်တယ်။ သူတို့က သူတို့ရထားတာ ကမ္ဘာပေါ်မှာ အ ကောင်းဆုံးအလုပ်လို့ ယူဆတယ် —"

"အဲဒါ သူတို့ ပညာမသင်ဖူးလို့၊ မှားယွင်းတဲ့ အတွေးအခေါ် တွေ ရိုက်သွင်းခံထားရလို့" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။ ဒါပေမယ့် သူ ဆက်ပြောတဲ့စကားဟာ ရှတ်တရက်ပေါ်လာတဲ့ ခေါင်းပေါ်က တဝူးဝူးသံ ဖုံးလွှမ်းသွားတယ်။ ဒီအသံက ဇီးကွက်တွေ စာလာပို့ကြပြီဆိုတာ သိရတယ်။ ဟယ်ရီက ချက်ချင်း ခေါင်းမော့ကြည့်တယ်။ ဟက်ဒဝစ် သူ့ဆီပျံလာနေတာ မြင်ရတယ်။ ဟာမီးကလဲ ချက်ချင်း စကားပြောရပ်လိုက်တယ်။ သူမနဲ့ရွန်ဟာ ဟက်ဒဝစ်ကို စိတ်ပူစွာ ကြည့်နေတယ်။ ၎င်းဟာ တောင်ပံခတ်ပြီး ဟယ်ရီ့ဖ



ဆင်း လာနားတယ်။ တောင်ပံရုပ်လိုက်တယ်။ ပင်ပန်းလို့ ခြေတစ်ချောင်း ဆန့် နေတယ်။

ဟယ်ရီက ဆီးရီးအက်စ်ကြွယ်ရဲ့ ပြန်စာကို ဆွဲထုတ်တယ်။ ဒီနောက် အသားမီးမြိုက်အရေပြားကို ၎င်းပါးစပ်ထဲ ထည့်လိုက်တယ်။ ဟက်ဒဝစ်က ကျေးဇူးတင်စွာ စားနေတယ်။ ဟယ်ရီက ဟိုဒီကြည့်လိုက်တယ်။ ဖရက်နဲ့ဂျော့ ဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲအကြောင်း တိုင်ပင်နေတာ သေချာမှ၊ ဆီးရီးအက်စ် ကြွယ်ရဲ့စာကို ရွန်နဲ့ဟာမီးကို ဖတ်ပြတယ်။

**ကောင်းတဲ့ကြိုးစားခြင်းပဲ၊ ဟယ်ရီ။**

ကိုယ် တောမှာ လုံခြုံစွာရှိပါတယ်။ ဟော့ဂ်ဝပ်မှာ ဖြစ်ပွားတဲ့ကိစ္စ အားလုံးကို စာရေးပေးပို့စေချင်တယ်။ ဟက်ဒဝစ်ကို မသုံးနဲ့တော့၊ ဇီးကွက်ကို အမြဲ လဲသုံးပါ။ ကိုယ့်အတွက် စိတ်မပူပါနဲ့၊ ကိုယ့်ဘာသာ သတိထားနေပါ။ ငါ့အမာရွတ်နဲ့ ပတ်သက်ပြီး ကိုယ်ပြောတာ မမေ့နဲ့။

**ဆီးရီးအက်စ်ကြွယ်**

"ဘာဖြစ်လို့ ဇီးကွက် လဲလဲသုံးရတာလဲ" ရွန်က တိုးတိုးမေးတယ်။

"ဟက်ဒဝစ်က လူတွေသတိပြုစေတယ်" ဟာမီးက ချက်ချင်းပြော တယ်။ "သူမ သိပ်ထင်ရှားတယ်။ ဇီးကွက်အဖြူတစ်ကောင် သူပုန်းနေတဲ့နေရာ ကို အကြိမ်ကြိမ် ပြန်လာတာ. . . ငါဆိုလိုတာက ဇီးကွက်ဆိုတာ ထိုဒေသမှာ ဒေသရိုးရိုးမဟုတ်ဘူး၊ မှန်လား"

ဟယ်ရီက စာကိုလိပ်ပြီး ဝတ်ရုံရှည်ထဲ ထိုးထည့်လိုက်တယ်။ သူဟာ စိတ်ချသွားတာလား၊ အရင်ကထက်ပိုပြီး စိတ်ပူသလားဆိုတာ မသိဘူး။ ဆီးရီး အက်စ်ကြွယ် အတားအဆီးမရှိ ပြန်လာပြီး အဖမ်းမခံရဘူးဆိုတာ ကောင်းတာ လို့ သူကတွေးတယ်။ တစ်ချိန်တည်းမှာ ဆီးရီးအက်စ်ကြွယ်နဲ့ နီးနီးမှာရှိတော့ အများကြီးစိတ်ချမ်းသာတယ်ဆိုတာကိုလဲ သူမငြင်းနိုင်ဘူး။ အနည်းဆုံးတော့ သူစာရေးတိုင်း ပြန်စာကို အချိန်အကြာကြီးစောင့်ဖို့ မလိုတော့ဘူး။

"ကျေးဇူးတင်ပါတယ်၊ ဟက်ဒဝစ်" ဟယ်ရီက ၎င်းကို ပွတ်သပ်ရင်း ပြောတယ်။ ဟက်ဒဝစ်ဟာ ပင်ပန်းစွာ ၃-၄ခါ အော်လိုက်ပြီး ၎င်းရဲ့နှုတ်သီး ကို ဟယ်ရီရဲ့ ခြေတံရှည်လိမ္မော်ရည်ဖန်ခွက်ထဲ နှစ်လိုက်တယ်။ ဒီနောက် ပျံ သွားတယ်။ ၎င်းကြည့်ရတာ ဇီးကွက်အိမ်ကိုပြန်ပြီး တရေးတမော အိပ်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ခုင်ပုံပဲ၊

အဲဒီနေ့က လေထုထဲမှာ မျှော်လင့်တဲ့ ဝမ်းသာတဲ့စိတ်အစဉ်တွေ ပျံ့နှံ့နေတယ်၊ ကျောင်းတက်ချိန်မှာ ဘယ်သူမှ စိတ်ဝင်စားစွာ နားမထောင်ဘူး။ အားလုံး ဒီနေ့ည ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်ကလူတွေ လာတော့မယ်လို့ တွေးနေကြတယ်။ ခေါင်းလောင်းသံ အစောကြီးထိုးလိုက်တော့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ကမန်းကတန်း ပြန်ပြေး၊ မှာကြားထားတဲ့အတိုင်း ၎င်းတို့ရဲ့ လွယ်အိတ်နဲ့ စာအုပ်တွေကို ထားကြတယ်။ ခြုံထည်ကိုဝတ်ဆင်ပြီး အပြေးအလွှား အောက်သို့ဆင်းကာ လှေကားအဝင်ခန်းကို လာခဲ့ကြတယ်။

ဟောက်စ်ကျောင်း ကျောင်းအုပ်တွေဟာ မိမိတို့ ကျောင်းသားတွေကို တန်းစီခိုင်းနေတယ်။

"ဝယ်စလီ၊ ဦးထုပ်တည့်အောင်ဆောင်း" ပါမောက္ခမက်ဂေါ်နာဂေါက ရွန့်ကို တင်းကြပ်စွာပြောတယ်။ "မစ်ဗာထီ၊ ဆံပင်ပေါ်က ရယ်စရာဟာကို ယူပစ်လိုက်"

ပါဗာထီဟာ မကျေနပ်လို့ မျက်မှောင်ကြုတ်နေတယ်၊ လိပ်ပြာကြီးကို ကျစ်ဆံမြီးပေါ်က ယူပစ်လိုက်တယ်။

"အားလုံး ကိုယ်နဲ့လိုက်ခဲ့ကြပါ" ပါမောက္ခမက်ဂေါ်နာဂေါက ပြောတယ်။ "ပထမနှစ်ကျောင်းသားတွေက ရှေ့က. . . . မတိုးကြနဲ့. . . ."

သူတို့ အလျှိုအလျှို လှေကားကဆင်းတယ်။ ရဲတိုက်ရှေ့မှာ တန်းစီနေကြတယ်။ ဒီနေ့ဟာ အေးစိမ့်တဲ့၊ လေထုသန့်ရှင်းတဲ့ ညနေစောင်းဖြစ်တယ်၊ ညအမှောင် သက်ဆင်းလာနေတယ်၊ ဝေဝါးတဲ့ ငွေရောင်လမင်းဟာ တားမြစ်သစ်တောအပေါ်မှာသာနေပြီ။ ဟယ်ရီဟာ ရွန်နဲ့ ဟာမီးကြားမှာရပ်ကာ အတန်း၄ကို ရေတွက်နေတယ်။ ဒင်းနစ်-ခရီဗီးဟာ ကျန် ပထမနှစ်ကျောင်းသားတွေနဲ့အတူ ရပ်နေပြီး စိတ်လှုပ်ရှားလွန်းလို့ တစ်ကိုယ်လုံး တုန်နေတာ သူမြင်တွေ့ရတယ်။

"၆-နာရီထိုးတော့မယ်" ရွန်က လက်ပတ်နာရီကိုကြည့်လိုက်ပြီး ရှေ့တံခါးဆီပေါက်တဲ့ ယာဉ်လမ်းကို ကြည့်ပြောတယ်။ "သူတို့ ဘယ်လိုလာမယ် ပြောစမ်း။ မီးရထားနဲ့လား"

"မဟုတ်ဘူးထင်တယ်" ဟာမီးက ပြောတယ်။

"ဒါဆို ဘယ်လိုလာမလဲ၊ မိုးပျံတံမြက်စည်း?" ဟယ်ရီက ကြယ်တွေ



သင်းလက်နေတဲ့ မိုးကောင်းကင်ကို မော့်ကြည့်ပြီး ခန့်မှန်းတယ်။

"ငါ့အထင် မဖြစ်နိုင်ဘူး. . . . ဒီလောက် အဝေးကြီးကလာမှာ. . ."

"တံခါးသော့?" ရွန်က ခန့်မှန်းပြောတယ်။ "ဒါမှမဟုတ် သူတို့ ရုပ်ရွှေ့ပြောင်းလို့ရတယ် — သူတို့ဆီမှာ အသက်၁၇-နှစ် မပြည့်တဲ့လူလဲ ရုပ်ရွှေ့ပြောင်းလို့ ရမယ်ထင်တယ်"

"ဟော့ဂ်ဝပ်ကွင်းထဲမှာ ရုပ်ရွှေ့ပြောင်းလို့မရဘူး။ နင့်ကို ဘယ်နှစ်ကြိမ်ပြောရမလဲ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။

သူတို့ဟာ တဖြည်းဖြည်း မှောင်လာတဲ့ကွင်းကို စိတ်ခောက်တက်ကြွစွာ စေ့ကြည့်နေတယ်။ ဒါပေမယ့် ဘာအရိပ်အယောင်မှ မတွေ့ဘူး။ အစစအရာရာ ငြိမ်သက်အေးချမ်းတယ်။ ခါတိုင်းနဲ့ ဘာမှမထူးဘူး။ ဟယ်ရီ ချမ်းလာတယ်။ သူဟာ သူတို့ မြန်မြန်လေး. . . . နိုင်ငံခြားကျောင်းသားတွေဟာ ပြဇာတ်ဆန်ဆန် ကွင်းဝင်ပွဲ ပြုလုပ်ဖို့ ပြင်ဆင်နေတယ်ထင်တယ်. . . . ခွေဒစ်ကမ္ဘာ့ဖလားပွဲ ဖိုင်နယ်ပွဲ မကျင်းပမီ၊ မစ္စတာဝယ်စလီ စခန်းချရာမှာ ပြောတဲ့ စကားကို သူ သတိရလိုက်တယ်။ "ဒီအတိုင်းချည်းပဲ — ကျုပ်တို့ စုဝေးမိတိုင်း ကြွားချင်တာ မအောင့်နိုင်ဘူး. . . ."

ဒီအချိန်မှာပဲ ကျန်ဆရာတွေနဲ့အတူ နောက်တန်းမှာရပ်နေတဲ့ ဒမ်ဘလီဒိုး အော်သံထွက်လာတယ် —

"အားဟား၊ ကျုပ်မမှားဘူးဆိုရင် ဗျူစ်ဘာတန်စ်က ကိုယ်စားလှယ်တွေ ရောက်လာကြပြီ"

"ဘယ်မှာလဲ" ကျောင်းသားအများကြီးက သိချင်ဇောနဲ့ မေးတယ်၊ ဟိုဒီ ငေးမျှော်ကြည့်နေကြတယ်။

"ဟိုမှာ" ဆဋ္ဌမနှစ်ကျောင်းသားတစ်ယောက်က အော်ပြောတယ်၊ တားမြစ်သစ်တော အပေါ်ဘက်ကို လက်ညှိုးထိုးပြတယ်။

ရောမအကောင်ကြီး၊ မိုးပျံတံမြက်စည်းတစ်လက် — ဒါမှမဟုတ် မိုးပျံတံမြက်စည်းအလက်တစ်ရာ — ထက် အများကြီးကြီးတယ်။ ၎င်းဟာ အပြာရောင်မိုးကောင်းကင်ကို အလျှင်အမြန် ဖြတ်လာပြီး ရဲတိုက်ကို ဦးတည်ပျံသန်းလာတယ်။ တဖြည်းဖြည်း ကြီးကြီးလာတယ်။

"နဂါးတစ်ကောင်" ပထမနှစ်ကျောင်းသားတစ်ယောက်က အော်ဟစ်တယ်။ စိတ်လှုပ်ရှားလွန်းလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လျှောက်ပြောမနေနဲ့. . . . အိမ်ကြီးတစ်လုံး ပျံလာတာ" ဒင်းနှစ်ခရီးက ပြောတယ်။

ဒင်းနစ်ခန့်မှန်းတာ နည်းနည်းနီးစပ်သေးတယ်. . . . အဲဒီ ရောမ မည်း မည်းအရာကြီး တားမြစ်သစ်တော ထိပ်ဖျားက ဖြတ်လာစဉ် ရဲတိုက်ပြတင်းပေါက်က မီးရောင်ထိုးမိတော့ ရောမမြင်းလှည်းပန်းရောင်ကြီးတစ်စီး သူတို့ဆီ ပျံလာတာ မြင်ရတယ်။ ၎င်းဟာ အိမ်တစ်ဆောင်လောက်ကြီးတယ်။ တောင်ပံပါတဲ့ မြင်းဆယ့်နှစ်ကောင်က ဆွဲပြီး ပျံသန်းတယ်။ အားလုံး ငွေလည်ဆံနဲ့ချည်းပဲ၊ မြင်းတစ်ကောင်တစ်ကောင်ဟာ ဆင်ကြီးတစ်ကောင်နဲ့ မခြားဘူး။

မြင်းလှည်းကြီး နိမ့်ဆင်းလာတယ်။ အလွန့်အလွန် လျှင်မြန်တဲ့နှုန်းနဲ့ ဆင်းသက်လာတယ်။ ရှေ့သုံးတန်းမှာ ရပ်နေတဲ့ ကျောင်းသားတွေ အလျင်အမြန် နောက်ဆုတ်ကြတယ် — ဒီနောက် မိုးမြေသိမ့်သိမ့်တုန်သွားအောင် အသံကြီး မြည်ဟီးသွားတယ်။ နီဗီးဟာ လန့်ပြီး နောက်သို့ခုန်လိုက်တာ စလေးသရင်းပဉ္စမနှစ်ကျောင်းသားရဲ့ ခြေထောက်သွားနင်းမိတယ် — ဟိုမြင်းတွေရဲ့ ခွာဟာ ဒိုင်းဒိုင်းနဲ့ မြေပြင်ပေါ် ကျရောက်လာတယ်၊ တစ်ခုတစ်ခုကို ဟင်းပန်းကန်ပြားကြီးလောက် ကြီးတယ်။ လျှပ်တပြက်အတွင်းမှာ မြင်းလှည်းလဲ မြေပေါ် ကျရောက်လာတယ်။ ရောမဘီးကြီးတွေပေါ်မှာ တုန်ခါနေတယ်။ အဲ့ဒီ ရွှေမြင်းတွေဟာလဲ ၎င်းတို့ရဲ့ ရောမခေါင်းကြီးတွေကို လှုပ်ခါနေတယ်။ မီးလိုနီရဲတဲ့ မျက်လုံးတွေဟာ ဟိုကြည့်ဒီကြည့် ကြည့်နေတယ်။

ဟယ်ရီဟာ ရထားတံခါးပေါ်မှာ နှိပ်ထားတဲ့ တံဆိပ် (ကြက်ခြေခတ်ထားတဲ့ ရွှေရောင်မှော်ကြိမ်လုံးနှစ်လက်၊ တစ်လက်တစ်လက်မှာ ကြယ်သုံးလုံးထွက်နေတယ်)ကို မြင်ရုံရှိသေးတယ်၊ ရထားတံခါး ပွင့်သွားတယ်။

အပြာနုရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားတဲ့ ကောင်လေး မြင်းလှည်းပေါ်က ခုန်ဆင်းပြီး ခါးကုန်းကာ မြင်းလှည်းအောက်ကြမ်းပေါ်မှာ ဘာစမ်းနေမှန်းမသိဘူး။ ဒီနောက် ရွှေလှေကားတစ်စင်းကို ဖွင့်လိုက်တယ်။ သူက ရိုရိုသေသေ နောက်သို့ခုန်လိုက်တယ်။ လက်နေတဲ့ အနက်ရောင်ဒေါက်မြင့်ဖိနပ် မြင်းလှည်းထဲက ထွက်လာတာ ဟယ်ရီမြင်ရတယ် — အဲဒီဖိနပ်ဟာ ကလေးတွေသုံးတဲ့ ဆီးနှင်းလှည်းလောက် ကြီးတယ်။ — နောက်ကဆက်ပြီး မိန်းမတစ်ယောက် ထွက်လာတယ်။ အကောင်ကြီးတာမှ သူ့ဘဝမှာ ဘယ်တုန်းကမှ မတွေ့ဖူးဘူး။ ဒီတော့ ဟိုမြင်းလှည်းနဲ့ ငွေလည်ဆံမြင်းတွေ ဘာကြောင့် ဒီ



လောက်ကြီးတယ်ဆိုတာ မပြောဘဲ သိရပြီ။ လူတချို့ ထိတ်လန့်ပြီး ပင့်သက်ရှူလိုက်ကြတယ်။

ဟယ်ရီ့ဘဝမှာ ဒီမိန်းမနဲ့ အလုံးအထည်ယှဉ်နိုင်တာ လူတစ်ယောက်ပဲ တွေ့ဖူးတယ်။ အဲဒါ ဟက်ဂရစ်ပဲ။ သူတို့နှစ်ယောက် အရပ်ဟာ ဘာမှမကွာဘူးလို့ သူထင်မိတယ်။ ဒါပေမယ့် ဘာကြောင့်မှန်း မသိဘူး — ဟက်ဂရစ်ကိုအကျင့်သားရနေလို့လဲ ဖြစ်မယ် — ဒီမိန်းမဟာ (အခု လှေကားထစ်အောက်ခြေကို ရောက်နေပြီ၊ မျက်လုံးပြူးပြီး စောင့်နေတဲ့လူတွေကို လှည့်ကြည့်နေတယ်) ပိုပြီး ထူးထူးခြားခြား ကြီးမားတယ်လို့ ထင်တယ်။ တံခါးအဝင်ခန်းက ထွက်လာတဲ့ မီးရောင်အောက်ကို သူမ ရောက်သွားတဲ့အခါမှာ သူမမှာ သံလွင်ရောင်သန်းပတဲ့မျက်နှာ၊ ကြီးပြီးအရည်လည်နေတဲ့ မျက်လုံးအစုံ၊ ပြီးတော့ အတော်ချွန်တဲ့ နှာခေါင်းရှိတာ တွေ့ရတယ်။ သူမဆံပင်ကို နောက်သို့ စုဖြီးထားပြီး နောက်စေ့မှာ လက်ပြောင်တဲ့ ဆံထုံးထုံးထားတယ်။ သူမဟာ အထက်ကနေအောက် အနက်ရောင် ပိုးအင်္ကျီ ဝတ်ထားတယ်။ လည်ပင်းနဲ့ လက်ချောင်းကြီးတွေမှာ တန်ဖိုးကြီးတဲ့ ကျောက်ကျောက်တွေ လက်နေတယ်။

ဒမ်ဘလီဒိုးက လက်ခုပ်တီးတယ်။ ကျောင်းသားတွေလဲ လိုက်ပြီး လက်ခုပ်တီးကြတယ်။ လူအများဟာ ခြေဖျားထောက်ပြီး ဒီမိန်းမကို ပိုရှင်းအောင် ကြည့်လိုကြတယ်။

သူမမျက်နှာ လျော့ကျသွားပြီး သိမ်မွေ့တဲ့အပြုံး ပေါ်လာတယ်။ လက်နေတဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ဒမ်ဘလီဒိုးဆီ လျှောက်သွားတယ်။ ဒမ်ဘလီဒိုးဟာ အရပ်မြင့်သူဖြစ်ပေမယ့် ဒီလက်ကို နမ်းတဲ့အခါမှာ ခါးတောင်ကုန်းသလောက်ဘဲ။

"ချစ်လှစွာသော မက်ဆင်းမ်" သူက ပြောတယ်။ "ဟော့ဂ်ဝပ်က သင့်ကို ကြိုဆိုပါတယ်"

"ဒမ်ဘလီဒေါ" မဒမ်မက်ဆင်းမ်က အသံနိမ့်နိမ့်နဲ့ ပြောတယ်။ "သင်အားလုံး ကောင်းမွန်ပါစေလို့ မျှော်လင့်တယ်"

"အလွန်ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်" ဒမ်ဘလီဒိုးက ပြောတယ်။

"ကျွန်မတပည့်တွေ" မဒမ်မက်ဆင်းမ်က ပြောရင်း ရောလက်ကြီးနဲ့ ကျောဘက်ကို ဖြစ်သလို ယမ်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ခုနက မဒမ်မက်ဆင်းမ်ကိုပဲ ကြည့်နေတာ၊ ခုမှ ကျောင်းသား ၁၂-ယောက်၊ ၁၃-ယောက် မြင်းလှည်းပေါ်ကဆင်းလာပြီး အခု မဒမ်မက်ဆင်းမ် နောက်မှာ ရပ်နေတာ မြင်တော့တယ်။ ၎င်းတို့ပုံပန်း ကြည့်ရတာ အသက်၁၈-၁၉နှစ်ခန့် ရှိလိမ့်မယ်။ သူတို့အားလုံး အနည်းငယ်တုန်ခါနေကြတယ်၊ ဒါ အံ့ဩစရာ မဟုတ်ပါဘူး။ အကြောင်းက ၎င်းတို့ကိုယ်ပေါ်က ဝတ်စုံဟာ အလွန်ကောင်းတဲ့ ပိုးထည်နဲ့ ချုပ်ထားလို့၊ ပြီးတော့ တစ်ယောက်မှ ခြုံထည်ခြုံမထားဘူး။ ကျောင်းသားတချို့ဟာ လည်စည်း သို့မဟုတ် ခေါင်းစည်းနဲ့ ခေါင်းပေါင်းထားတယ်။ ဟယ်ရီမြင်ရတဲ့အခါမှာ အခြေအနေအရ (သူတို့အားလုံး မဒမ်မက်ဆင်းမ်ရဲ့ အရိပ်ကြီးထဲ ကျရောက်နေတယ်) ၎င်းတို့အားလုံး ဟော့ဂ်ဝပ်ကို မော့ကြည့်နေကြတယ်။ ကြောက်ရွံ့ရှိသေတဲ့ အမူအရာပေါ်လွင်နေကြတယ်။

"ခါခါရော့ဖ် လာပြီလား" မဒမ်မက်ဆင်းမ်က မေးတယ်။

"သူ အချိန်မရွေး ရောက်လာလိမ့်မယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ခင်ဗျား ဒီမှာ သူ့ကိုကြိုဖို့ စောင့်နေချင်တာလား၊ ဒါမှမဟုတ် အရင်ဝင်သွားပြီး နွေးနွေးထွေးထွေး နေလိုက်မလား"

"နွေးထွေးအောင်နေလိုက်တာ ကောင်းမယ်" မဒမ်မက်ဆင်းမ်က ပြောတယ်။ "ဒါပေမယ့် ဟိုမြင်းတွေ —"

"ကျွန်တော်တို့ရဲ့ ထူးဆန်းသတ္တဝါဆရာက ၎င်းတို့ကို စောင့်ရှောက်ချင်မှာပါ" ဒမ်ဘလီဒိုးက ပြောတယ်။ "အရှုပ်ကလေးတစ်ခု ရှင်းပြီးရင် သူပြန်လာမှာပါ။ အဲဒါသူ့ — အင်း — သူထိန်းသိမ်းတဲ့ တခြားအရာတချို့ ပြဿနာပေါ်လို့"

"အဲဒါ မီးပန်းပိုးကောင်" ရွန်က တဟီးဟီးရယ်ရင်း ဟယ်ရီ့ကို ပြောတယ်။

"ကျွန်မမြင်းတွေက — အင်း၊ အားအလွန်ကြီးတဲ့လူမှ စောင့်ရှောက်လို့ရမှာ" မဒမ်မက်ဆင်းမ်က ပြောတယ်။ ဟော့ဂ်ဝပ်က ထူးဆန်းသတ္တဝါ ကာကွယ်တဲ့ ဆရာဟာ ဒီအလုပ်ကို နိုင်နင်းပါ့မလားလို့ သံသယဖြစ်ပုံ ပေါ်တယ်။ "၎င်းတို့ သိပ်သန်တာ. . . ."

"ကျွန်တော် အာမခံပါတယ်၊ ဟက်ဂရစ်က ဒီအလုပ်ကို ကောင်းကောင်းလုပ်နိုင်မှာပါ" ဒမ်ဘလီဒိုးက ပြုံးပြီးပြောတယ်။



"သိပ်ကောင်းတယ်" မဒမ်မက်ဆင်းမ်ကပြောပြီး အသာလေး ဦးညွှတ်လိုက်တယ်။ "ဒီ ဟက်ဂရစ်ကို တစ်ခု ပြောပေးလို့ရမလား၊ ဒီမြင်းတွေက ဂျုံပင်ပေါက် ဝီစကီသန့်သန့်ပဲ သောက်တယ်"

"ကျွန်တော် ပြောထားမှာပါ" ဒမ်ဘလီဒိုးက ပြောပြီး သူလဲ ဦးညွှတ်အလေးပြုလိုက်တယ်။

"လာကြ" မဒမ်မက်ဆင်းမ်က သူ့တပည့်တွေကို တည်တည်ပြောတယ်။ ဒါနဲ့ ဟော့ဂ်ဝပ်လူအုပ်ဟာ သူမနဲ့ သူမကျောင်းသားတွေ ကျောက်လှေကားပေါ်တက်ဖို့ လမ်းတစ်ခု ဖယ်ပေးတယ်။

"ဒမ်စထရန်ကမြင်း ဘယ်လောက်ကြီးမယ်လို့ မင်းထင်လဲ" စီးမတ်စ်-ဖင်နစ်ဂင်က ဒီဘက်ကုန်းပြီး လာဗင်ဒါနဲ့ပါဗာထီကို ကျော်ကာ ဟယ်ရီနဲ့ရွန့်ကို မေးတယ်။

"အား၊ တကယ်လို့ ဒီမြင်းတွေထက် ပိုကြီးမယ်ဆိုရင် ဟက်ဂရစ်တောင် နိုင်ချင်မှနိုင်တော့မှာ" ဟယ်ရီက ပြောတယ်။ "ငါပြောတာက တကယ်လို့ သူ့ကို သူ့မီးပန်းပိုးကောင်တွေကြောင့် ဒဏ်ရာမရဘူးဆိုရင်။ ၎င်းတို့ ဘာပြဿနာပေါ်လဲ မသိဘူး"

"ထွက်ပြေးတယ်ထင်တယ်" ရွန်က မျှော်လင့်တကြီး ပြောတယ်။

"အိုး၊ ဒီလိုမပြောပါနဲ့" ဟာမီး ချမ်းလို့ ကြက်သီးထသွားပြီး ပြောတယ်။ "တွေးကြည့်လေ၊ ဒီအကောင်တွေ ကွင်းထဲမှာ လျှောက်သွား. . . ."

သူတို့ဟာ ရပ်ပြီး ဒမ်စထရန်ကိုယ်စားလှယ်အဖွဲ့ကို စောင့်နေတယ်၊ ချမ်းလို့ အနည်းငယ် တုန်လာပြီ။ လူအများစုဟာ မိုးပေါ်ကို မျှော်ကြည့်နေတယ်။ ခဏတာမျှ အားလုံး ငြိမ်သက်နေတယ်။ မဒမ်မက်ဆင်းမ်ရဲ့ မြင်းနှာခေါင်းမှုတ်တာ ခွာယပ်တာပဲ ကြားရတယ်။ ဒီအချိန်မှာပဲ —

"မင်း ဘာကြားလဲ" ရွန်က ရုတ်တရက်မေးတယ်။

ဟယ်ရီက သေချာနားထောင်တယ်။ အလွန်မြည်ပြီး အလွန်ထူးဆန်းတဲ့အသံ အမှောင်ထဲကနေ သူတို့ဆီ လွင့်လာတယ်။ ဖိစီးခံရတဲ့ ဂလုံး-ဂလုံးသံနဲ့ စုပ်တဲ့အသံ။ ဧရာမ ဖုန်စုပ်ကိရိယာကြီး ချောင်းကမ်းတစ်လျှောက် ရွေ့လျားသွားသလိုပဲ. . . .

"ကန်ထဲမှာ" လီ-ဂျော်ဒန် အော်လိုက်တယ်။ ကန်ဆီ လက်ညှိုးထိုးပြီး "ဟိုကန်ကိုကြည့်ကြ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ မြက်ခင်းအထက်က ကုန်းလျှောပေါ်မှာ ရပ်နေတယ်။ ထို ငြိမ်သက်တဲ့ မှောင်မည်းမည်း ကန်ရေပြင်ကို ရှင်းလင်းစွာ မြင်ရတယ် — ဒါပေမယ့် အဲဒီရေပြင်ဟာ မငြိမ်သက်တော့ဘူး။ ကန်ဗဟို ရေပြင်အောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ ရေပြင်ပေါ်မှာ ရေမြှုပ်တွေ ထလာတယ်။ ရေ လှိုင်းက စွတ်စိုတဲ့ကန်ဘောင်ကို ရိုက်ခတ်နေတယ် — ဒီနောက် ကန်ရေပြင် ဗဟိုတည့်တည့်မှာ ဝဲအကြီးကြီး ပေါ်လာတယ်။ ဧရာမအဆို့ကြီး ကန် ကြမ်းခင်း က ဆွဲနုတ်လိုက်သလိုပဲ. . . .

တုတ်ရှည်ကြီးနဲ့တူတဲ့ မည်းမည်းအရာတစ်ခု ဝဲထဲကနေ တဖြည်း ဖြည်း တက်လာတယ်. . . . ဆက်လက်ပြီးတော့ သင်္ဘောရွက်တို့ ဘာတို့ကို ဟယ်ရီတွေ့ရတယ်. . . .

"ရွက်တိုင်" သူက ရွန့်ကိုပြောတယ်။

တဖြည်းဖြည်းနဲ့ အရှိန်အဝါ ခမ်းနားတဲ့ လှေကြီးဟာ ရေပေါ် ပေါ် လာတယ်။ လရောင်အောက်မှာ လက်နေတယ်။ ၎င်းရဲ့ပုံပန်းဟာ အလွန်ထူး ဆန်းတယ်။ အရိုးစုတစ်ခုလိုပဲ။ ၎င်းဟာ ခုတွင်ပဲ ဆယ်ယူခဲ့တဲ့ သင်္ဘောပျက် လိုပဲ။ သင်္ဘောပြတင်းမှာ အရောင်မှိန်မှိန်၊ နှင်းဖုံးသလို အလင်းထွက်နေတယ် ကြည့်ရတာ ဝိညာဉ်ရဲ့ မျက်လုံးနဲ့တူတယ်။ နောက်ဆုံးမှာ တဝေါဝေါရေခတ်သံ နဲ့အတူ လှေကြီး အကုန်လုံး ပေါ်ထွက်လာတယ်။ လှိုင်းထနေတဲ့ ရေပြင်မှာ လှုပ်ယိုင်နေတယ်။ ကန်ဘောင်ဆီသို့ ခုတ်မောင်းလာတယ်။ ခဏကြာတော့ ပလုံဆိုတဲ့အသံကြားရပြီး သံကျောက်ဆူးတစ်ခု ရေတိမ်မှာ ပစ်ချလိုက်တယ် တစ်ခါ ဘုတ်ခနဲ ကြားရပြီး သစ်သားကုန်းဘောင်တစ်ခု ကန်ပေါင်ပေါ် ချလိုက် တယ်။

သင်္ဘောပေါ်ကလူတွေ ကုန်းပေါ်တက်ကြတယ်။ ဒီလူတွေ သင်္ဘော ပြတင်းမီးရောင်ကို ဖြတ်သွားတဲ့အရိပ်ကို ဟယ်ရီတို့ မြင်ရတယ်။ သူတို့ ကိုယ် လုံးကိုယ်ထည်ဟာ ခရပ်နဲ့ဂိုးတို့နဲ့ သိပ်မကွာဘူးဆိုတာ ဟယ်ရီသတိထားမိတယ် . . . . ဒါပေမယ့် သူတို့ ပိုနီးလာတဲ့အခါ မြက်ခင်းအတိုင်း တံခါးခန်း အလင်း ရောင်အောက် ဝင်လာတော့မှ ၎င်းတို့ အလုံးအထည်ကြီးတာဟာ အားလုံး သားမွေးခြုံထည်တွေ ဝတ်ဆင်ထားလို့၊ သားမွေးတွေ ဖောင်းပွလုံးထွေးနေလို့ ဆိုတာ ဟယ်ရီ တွေ့ရှိရတယ်။ ဒါပေမယ့် ၎င်းတို့ကို ဦးဆောင်ပြီး ရဲတိုက်ဆီ သွားတဲ့ ယောကျ်ားဝတ်ဆင်တဲ့ သားရေကတော့ တခြားတစ်မျိုးပဲ။ ငွေရောင်



ပျော့ပျောင်းချောမွေ့ပြီး ၎င်းရဲ့ဆံပင်နဲ့ အလွန်တူတယ်။

"ဒမ်ဘယ်လီဒိုး" အဲဒီယောကျ်ား ကုန်းလျှောကို တက်လာတော့ လှိုက် လှဲစွာ အော်ပြောတယ်။ "ချစ်လှစွာသော မိတ်ဆွေကြီး၊ ခင်ဗျား ဘယ့်နှယ်လဲ"

"သိပ်ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်၊ ခါခါရော့ဖ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။

ခါခါရော့ဖ်ရဲ့အသံဟာ ချိုမြနေတာပဲ။ သူ ရဲတိုက်ရှေ့တံခါးက ထွက် လာတဲ့ မီးရောင်အောက် ရောက်သွားတော့ ဒမ်ဘယ်လီဒိုးလိုပဲ မြင့်မြင့်ပိန်ပိန် ဖြစ်တာ သူတို့မြင်ရတယ်။ ဒါပေမယ့် ၎င်းရဲ့ ဆံပင်ဖြူဖြူက တိုတိုလေးရယ်။ ၎င်းရဲ့ ဆိတ်လို မုတ်ဆိတ်မွေး(အဖျားမှာ အလိပ်ကလေးလုပ်ထားတယ်)ဟာ ၎င်းရဲ့မေးစေ့ ပိန်ကပ်ကပ်ကို အကုန်မဖုံးမိဘူး။ သူက ဒမ်ဘယ်လီဒိုး ရှေ့သွားပြီး လက်နှစ်ဖက်နဲ့ ဒမ်ဘယ်လီဒိုးကို လက်ဆွဲနှုတ်ဆက်တယ်။

"ချစ်လှစွာသော ဟော့ဂ်ဝပ်ကြီး" သူက ရဲတိုက်ကို မော့်ကြည့်ရင်း ပြုံးပြီးပြောတယ် — သူ့သွားက အတော်ဝါတယ်။ သူဟာ မျက်နှာပေါ်မှာ ရယ်နေပေမယ့် မျက်လုံးထဲမှာ ပြုံးရိပ်မရှိဘူး။ အေးစက်စူးရှတာကိုလဲ ဟယ်ရီ သတိထားမိတယ်။ "ဒီကိုလာရတာ သိပ်ကောင်းတာပဲ၊ သိပ်ကောင်းတာပဲ. . . ဗစ်ခတာ၊ မြန်မြန်လာ၊ နွေးထွေးအောင်. . . . ဖြစ်တယ်မဟုတ်လား၊ ဒမ်ဘယ်လီ ဒိုး၊ ဗစ်ခတာ အအေးနည်းနည်းမိနေတယ်. . . .

ခါခါရော့ဖ်က ၎င်းရဲ့ကျောင်းသားတစ်ယောက်ကို ရှေ့ခေါ်လိုက် တယ်။ အဲဒီကောင်လေး ဖြတ်သွားတော့ သတိပြုမိလွယ်တဲ့ သိမ်းငှက်နှုတ်သီး နှာခေါင်းနဲ့ မည်းနက်တဲ့မျက်ခုံးမွေး နှစ်တန်းကို ဟယ်ရီမြင်လိုက်ရတယ်။ သူ ဘာ ရွန် သူ့လက်မောင်းကို တအားလုပ်ဖို့မလိုဘဲ ဘေးပတ်လည်ကလူတွေ ပြောဆိုသံလဲမလိုဘဲ အဲဒီကိုယ်ရောင်ကို သူမှတ်မိသွားပြီ။

"ဟယ်ရီ — အဲဒါ ခရွန်းမ်"

www.burmeseclassic.com

www.burmeseclassic.com



# ၁၆။ မီးတောက်ခွက်

"တကယ့်ကို မယုံနိုင်စရာပဲ" ရွှန်က သိပ်ကို တုန်လှုပ်သွားတဲ့လေ နဲ့ ပြောတယ် — ဒီအချိန်မှာ ဟော့ဂ်ဝပ်ကျောင်းသားတွေ ဒမ်စထရန်ကို စားလှယ်အဖွဲ့နောက်ကနေ တန်းစီပြီး ကျောက်လှေကားပေါ် တက်ကြတယ် "အဲဒါ ခရွှန်းမ်၊ ဟယ်ရီ။ ဗစ်ခတာ-ခရွှန်းမ်"

"ဘုရားသိကြား မ,ပါ၊ ရွှန်၊ သူက ခွေဒစ်အဖွဲ့ဝင်မျှသာ ဖြစ်တယ်" ဟာမီးက ပြောတယ်။

"ခွေဒစ်အဖွဲ့ဝင်မျှသာ?" ရွှန်က သူမကို ကြောင်ပြီးကြည့်နေတယ် မိမိနားကို မယုံနိုင်သလို ဖြစ်နေတယ်။ "ဟာမီး — သူက ကမ္ဘာပေါ်မှာ အဆော ဆုံး ရှာဖမ်းသမားတစ်ယောက်လေ။ သူ ကျောင်းသားဆိုတာ မထင်မိဘူး"

သူတို့ တခြားဟော့ဂ်ဝပ်ကျောင်းသားတွေနဲ့အတူ တံခါးအဝင်ခန်း ဖြတ်ပြီး ခန်းမဆီလျှောက်သွားကြတော့ လီ-ဂျော်ဒန်ဟာ ခြေဖျားထော ခုန်ခုန်နေတာ ဟယ်ရီမြင်ရတယ်။ သူက ခရွှန်းမ်ကို ဝိုပြီးရှင်းအောင် မြင်ေ နေတယ်။ ဆဋ္ဌမတန်း ကျောင်းသူတချို့ဟာ သွားရင်း အိတ်ကပ်ထဲ ဘာ



အရှုံးအမူး လှန်လှောရှာနေမှန်း မသိဘူး —

"အိုး၊ မယုံနိုင်စရာပဲ၊ ငါ့ဆီမှာ ငှက်မွေးကလောင်တစ်ချောင်းမှ မပါ ဘူး —"

"ပြောစမ်း၊ သူ နှုတ်ခမ်းနီနဲ့ ငါ့ဦးထုပ်ပေါ်မှာ နာမည်ထိုးမလား"

"တကယ့်ကိုပဲ" ဟာမီးက မာနနဲ့ပြောတယ်။ သူတို့သုံးယောက်က နှုတ်ခမ်းနီအတွက် ဆူညံနေတဲ့ ကျောင်းသူတွေဘေးက ဖြတ်သွားတယ်။

"ဖြစ်နိုင်ရင်၊ ငါ သူ့နာမည် ထိုးထားတဲ့ ခေတ်ပုံရချင်တယ်" ရွှန်က ပြောတယ်။ "မင်းငှက်မွေးကလောင် မပါဘူးမဟုတ်လား၊ ဟယ်ရီ"

"မပါဘူး၊ အားလုံး အပေါ်ထပ်က ငါ့လွယ်အိတ်ထဲမှာ" ဟယ်ရီက ပြောတယ်။

သူတို့ ဂရစ်ဖင်းဒေါ်စားပွဲမှာ သွားထိုင်ကြတယ်။ ရွှန်က တံခါးဘက် သည့်တဲ့ဘက်မှာ တမင်သွားထိုင်တယ်။ ခရွှန်းမ်နဲ့ ၎င်းရဲ့ဒမ်စထရန်က ကျောင်း သားတွေ တံခါးဝမှာ စုဝေးနေကြပြီး ဘယ်မှာထိုင်ရမှန်း မသိသေးလို့။ ဗျူစ် ဘာတန်စ်က ကျောင်းသားတွေဟာ ရေဗင်ခလောစားပွဲက နေရာကို ရွေးချယ် လိုက်ပြီ။ သူတို့ထိုင်ကြပြီး ခန်းမကို ဟိုဟိုဒီဒီ အကဲခတ်ကြည့်တယ်။ အမူအရာ တ သိပ်မပျော်သလိုပဲ။ သူတို့ထဲက ကျောင်းသားသုံးယောက်က လည်စည်းတို့ ခေါင်းစည်းတို့နဲ့ ခေါင်းကိုပေါင်းထားတုန်းပဲ။

"ဒီလောက်လဲ မအေးပါဘူး" ဟာမီးက မကျေမနပ်ဘဲ ပြောတယ်။ "သူတို့ ဘာဖြစ်လို့ ခြုံထည်မဝတ်တာလဲ"

"ဒီကို၊ ဒီကို မြန်မြန်လာထိုင်ပါ" ရွှန်က အာဖြဲပြီးပြောတယ်။ "ဒီကို၊ ဟာမီး၊ ဟိုဘက်နည်းနည်းတိုး၊ နေရာလွတ်အောင်လုပ်. . . ."

"ဘာ?"

"သိပ်နောက်ကျသွားပြီ" ရွှန်က နှမြောစွာပြောတယ်။

ဗစ်ခတာ-ခရွှန်းမ်နဲ့ ၎င်းရဲ့ ဒမ်စထရန် ကျောင်းနေဘက်တွေဟာ စလေးသရင်းစားပွဲမှာ ထိုင်လိုက်ကြပြီ။ မော်ဖိုင်၊ ခရပ်နဲ့ဂိုးတို့ဟာ ဒီအတွက် သိပ်ကျေနပ်နေတာ ဟယ်ရီမြင်တွေ့ရတယ်။ မော်ဖိုင်က ခရွှန်းမ်ဆီကိုင်းပြီး စကားပြောနေတာ သူတို့တွေ့ရတယ်။

"ဟုတ်တယ်၊ မော်ဖိုင်က သူ့ကို မျက်နှာလိုမျက်နှာရ လုပ်နေတယ်" ရွှန်က မညှာဘဲပြောတယ်။ "ငါလောင်းဝံ့တယ်။ သူ ဘာအကြားထဲကလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ခွေးမ်က ကြည့်တာနဲ့သိတယ်. . . . ခရွှန်းမ် ဘယ်သွားသွား သူ့ကို မျက်နှာ မူက်နှာရလုပ်တဲ့လူ၊ မြှောက်ပေးတဲ့လူ ရှိမယ်လို့ ငါပြောရဲတယ်. . . . မင်း ပြောစမ်း၊ သူတို့ ဘယ်မှာ အိပ်ကြမလဲ။ ငါတို့က တို့အိပ်ခန်းထဲမှာ သူတို့ တွက် ခုတင်တစ်လုံး ပေးနိုင်တယ်။ ဟယ်ရီ. . . . ငါ့ခုတင်ကို သူအိပ်ဖို့ ပေးမယ်။ ငါ ခေါက်ခုတင်မှာ အိပ်မယ်"

ဟာမီးက နှာခေါင်းနဲ့ ဟင်းလုပ်လိုက်တယ်။

"သူတို့ကြည့်ရတာ ဗျူစ်ဘာတန်စ်ကလူတွေထက် အများကြီး ပုံရတယ်" ဟယ်ရီက ပြောတယ်။

ဒမ်စထရန်ကကျောင်းသားတွေဟာ ၎င်းတို့ရဲ့ လေးပင်တဲ့ သား ခြုံထည်ကြီးတွေကို ချွတ်ရင်း စိတ်ဝင်စားစွာနဲ့ မည်းမှောင်တဲ့၊ ကြယ်တွေလ နေတဲ့ မျက်နှာကြက်ကို မော့ကြည့်ကြတယ်။ သူတို့ထဲက ကျောင်းသား ယောက်ဟာ ရွှေပန်းကန်နဲ့ ခြေတံရှည်အရက်ခွက်ကို ကိုင်ပြီး သေချာကြည့် နေတယ်။ သိပ်စိတ်ဝင်စားပုံရတယ်။

ဟိုဘက်က ဆရာလုပ်သားစားပွဲမှာ ကျောင်းစောင့်ဖစ်ချ်ဟာ ထိုင် တချို့ ထပ်ထိုးပေးနေတယ်။ ဒီနေ့လို လေးနက်တဲ့ပွဲအတွက် ၎င်းဟာ ၎င်း မှိုတက်နေတဲ့ အမြီးရှည်ကုတ်အင်္ကျီကို ဝတ်ဆင်ထားတယ်။ ၎င်းက ထိုင်ခုံ လုံး ထပ်ထိုးတာကို ဟယ်ရီ အံ့ဩစွာ မြင်တွေ့ရတယ်။ ဒမ်ဘလီဒိုးရဲ့ ဘေး နှစ်ဘက်မှာ နှစ်လုံးစီ ထပ်ထိုးတယ်။

"နှစ်ယောက်ထဲ ပိုတာပဲဟာ" ဟယ်ရီက ပြောတယ်။ "ဖစ်ချ်က ဘာ လို့ ခုံလေးလုံး ယူလာတာလဲ၊ နောက်ထပ် ဘယ်သူလာဦးမလဲ"

"ဟင်?" ရွှန်က မသဲမကွဲ ဖြေတယ်။ ခရွှန်းမ်ကိုပဲ စိုက်ကြည့်နေတယ်

ကျောင်းသားအားလုံး ခန်းမထဲ ဝင်ခဲ့တယ်။ မိမိတို့ ဟောက်စ်ကျောင်း စားပွဲမှာထိုင်ကြပြီးနောက် ဆရာနဲ့ လုပ်သားတွေ ဝင်လာကြတယ်။ သူတို့ဟာ ထိပ်ဆုံးစားပွဲဆီကို တန်းသွားပြီး ဝင်ထိုင်ကြတယ်။ နောက်ဆုံး ဝင်လာသူ ပါမောက္ခဒမ်ဘလီဒိုး၊ ခါခါရော့ဖ်နဲ့ မဒမ်မက်ဆင်းမ်။ ဗျူစ်ဘာတန်စ်ကျောင်း သားတွေဟာ ၎င်းတို့ရဲ့ ကျောင်းအုပ်ကြီးကို မြင်တာနဲ့ အမြန် မတ်တတ်ရပ်ကြ တယ်။ ဟော့ဂ်ဝပ်ကျောင်းသားတချို့ အောင့်မရဘဲ ရယ်ကြတယ်။ ဒါပေမယ့် ဗျူစ်ဘာတန်စ်က ကျောင်းသားတွေဟာ နည်းနည်းမှ နေမထိထိုင်မသာ မဖြစ် ဘူး။ မဒမ်မက်ဆင်းမ် ဒမ်ဘလီဒိုးဘေးမှာ ထိုင်လိုက်တော့မှ ၎င်းတို့လဲ ပြန်



ထိုင်ကြတယ်။ ဒမ်ဘလီဒိုးကတော့ ရပ်မြဲရပ်နေတယ်။ ခန်းမထဲမှာ တဖြည်း ဖြည်း ငြိမ်သက်လာတယ်။

"မင်္ဂလာညချမ်းပါ၊ အမျိုးသမီးများ၊ အမျိုးသားများ၊ တစ္ဆေသရဲများ၊ ဦးတော့ — အထူးသဖြင့်— ဧည့်သည်တော်များ" ဒမ်ဘလီဒိုးက ပြောတယ်၊ တိုနိုင်ငံခြားကျောင်းသားတွေကို ပြုံးပြီးကြည့်နေတယ်။ "ကျွန်ုပ် အလွန့်အလွန် ဝမ်းမြောက်စွာဖြင့် သင်တို့ ဟော့ဂ်ဝပ်ကို ရောက်လာတာ ကြိုဆိုပါတယ်။ သင် တို့ ဒီမှာ နေသာထိုင်သာရှိပြီး ပျော်ရွှင်လိမ့်မယ်လို့ ကျွန်ုပ် မျှော်လင့်ယုံကြည် ပါတယ်"

ဗျူစ်ဘာတန်စ်က ကျောင်းသူတစ်ယောက်ဟာ လည်စည်းနဲ့ ခေါင်း ကို တင်းတင်းပေါင်းထားတုန်းပဲ။ သူမဆီက သရော်တဲ့ရယ်သံတစ်သံ ထွက် လာတယ်။

"နင်တို့ကို ဒီမှာ အတင်းနေမခိုင်းပါဘူး" ဟာမီးက တိုးတိုးပြောတယ်၊ သူမဟာ ဟိုကျောင်းသူကြောင့် စိတ်ဆိုးသွားတယ်။

"ပြိုင်ပွဲကို ညစာစားပွဲ ပြီးဆုံးပြီးနောက် တရားဝင် စမယ်" ဒမ်ဘလီ ဒိုးက ပြောတယ်။ "အခု အားလုံး ကိုယ့်အိမ်မှာလို စားကြသောက်ကြဖို့ ကျွန်ုပ် ဖိတ်ကြားအပ်ပါတယ်"

သူ ထိုင်လိုက်တယ်။ ခါခါရော့ဖ်ဟာ ချက်ချင်းကပ်သွားပြီး စကား ပြောတာ ဟယ်ရီမြင်ရတယ်။

သူတို့ရှေ့က ပန်းကန်ပြားထဲမှာ ခါတိုင်းလိုပဲ အစားအသောက်တွေ ပြည့်လာတယ်။ မီးဖိုချောင်ထဲက အိမ်မွေးမှင်စာလေးတွေဟာ တတ်သမျှမှတ် သမျှ အကုန်ထုတ် ချက်ပြုထားပုံရတယ်။ ဒီလောက် ဖွယ်ဖွယ်ရာရာ ဟင်းလျာ တွေကို ဟယ်ရီ တစ်ခါမှ မမြင်ဖူးဘူး။ သူတို့ရှေ့မှာ စုံနေအောင် ချထားတယ်၊ ၎င်းအနက် ဟင်းတချို့ဟာ နိုင်ငံခြားဟင်းဖြစ်မှာ သေချာတယ်။

"အဲဒါဘာလဲ" ရွှန်က မေးတယ်။ အမဲကင် ကျောက်ကပ်ပူတင်း အတုံး ကြီးဘေးက ပန်းကန်ပြားကြီးကို ညွှန်ပြတယ်။ ပင်လယ်စာ အုပ်စုံပန်းကန်ကြီး နဲ့တူတယ်။

"ပြင်သစ်ငါးစုံဟင်းရည်" ဟာမီးက ပြောတယ်။

"အမလေး" ရွှန်ကပြောတယ်။

"ဒါက ပြင်သစ်ဟင်း" ဟာမီးက ပြောတယ်၊ "ငါ တမြန်နှစ် နွေရာသီ

www.burmeseclassic.com

www.burmeseclassic.com



မှာ စားဖူးတယ်။ အရသာ အလွန်ကောင်းတယ်"

"နှင့်ကိုပဲ ယုံလိုက်မယ်" ရွန်ကပြောပြီး ပူတင်းနည်းနည်း ယူလိုက်တယ်။

ဘာကြောင့်မှန်းမသိဘူး။ ခန်းမဟာ ခါတိုင်းထက် အများကြီး ကျပ်နေသလိုပဲ။ ကျောင်းသားနှစ်ဆယ်ပဲ တိုးလာတာ။ ၎င်းတို့ရဲ့ အရောင်မတူတဲ့ ကျောင်းဝတ်စုံနဲ့ ဟော့ဂ်ဝပ်ဝတ်ရုံမည်း ကျောင်းဝတ်စုံနဲ့ စာလိုက်တော့ အလွန်ပေါ်လွင်နေလို့လဲ ဖြစ်မယ်။

ညစာစားပွဲစပြီး မိနစ်နှစ်ဆယ်ကြာတော့ ဟက်ဂရစ်ဟာ ဆရာလုပ်သားစားပွဲနောက်က တံခါးကနေ ခန်းမထဲ လစ်ဝင်လာတယ်။ သူက စားပွဲအစွန်နှိ ၎င်းရဲ့နေရာမှာ ဝင်ထိုင်တယ်။ ဟယ်ရီ၊ ရွန်နဲ့ဟာမီးကို ပတ်တီးတွေစည်းထားတဲ့ လက်ကို မြှောက်ပြီး ယမ်းပြလိုက်တယ်။

"မီးပန်းပိုးကောင်တွေ ဘယ့်နှယ်လဲ၊ ဟက်ဂရစ်" ဟယ်ရီက တအားအော်မေးတယ်။

"ကြီးထွားနှုန်းက ဝမ်းသာစရာပဲ" ဟက်ဂရစ်က ဝမ်းသာစွာပြောတယ်။

"ဟုတ်တယ်၊ ဒီလိုဖြစ်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းတာပဲ" ရွန်ကတိုးတိုးပြောတယ်။ "၎င်းတို့ကြိုက်တဲ့ အစာ တွေ့ပြီနဲ့တူတယ် ဟုတ်လား။ အဲဒီဟက်ဂရစ်ရဲ့လက်ချောင်း"

ဒီအချိန်မှာပဲ အသံတစ်သံက ပြောလိုက်တယ်။ "ခွင့်လွှတ်ပါ။ ဒီပန်းကန်ထဲက ငါးစုံဟင်းရည် ရှင်တို့စားဦးမလား"

အဲဒါ ခုနက ဒမ်ဘလီဒိုးစကားပြောစဉ် ရယ်တဲ့ ဗျူစ်ဘာတန်ကျောင်းသူ။ သူမဟာ လည်စည်းကို ဖြေပစ်လိုက်ပြီ။ ငွေရောင်လက်နေတဲ့ ရေတံခွန်လို ဆံပင်ရှည်ရှည်ဟာ သူမခါးထိ တွဲလောင်းကျနေတယ်။ သူမမှာ နက်ပြာပြာမျက်လုံးကြီးနဲ့ ညီညာဖြူဖွေးတဲ့သွားတွေ ရှိတယ်။

ရွန့်မျက်နှာဟာ ရုတ်ခြည်း နီရဲလာတယ်။ သူက သူမကို ငိုင်ငေးကြည့်နေတယ်။ ပြန်ဖြေဖို့ ပါးစပ်ဟတယ်။ ဒါပေမယ့် ထူးဆန်းတဲ့အသံ သေးသေးလေးပဲ ထွက်တယ်။ လည်ချောင်းကပ်နေသလို ဖြစ်နေတယ်။

"ရတယ်၊ ယူသွားပါ" ဟယ်ရီက ပြောပြီး ပန်းကန်ကို ဟိုကျောင်းသူဆီ တွန်းပေးလိုက်တယ်။



"ရှင်တို့စားပြီးပြီလား"

"စားပြီးပြီ" ရွန်က အသက်ရှူမမှန်ဘဲ ပြောတယ်။ "စားပြီးပြီ၊ သိပ်ကောင်းတာပဲ"

အဲဒီကျောင်းသူဟာ ဟင်းရည်ပန်းကန်ပြားကို သတိထားပြီး မ,ယူတာ ရေဗင်ခလောစားပွဲကို သွားတယ်။ ရွန်က မျက်လုံးပြူးပြီး အဲ့ဒီကျောင်းသူကို စိုက်ကြည့်နေတုန်းပဲ။ အရင်က မိန်းကလေး မမြင်ဖူးသလိုပဲ။ ဟယ်ရီက ရယ်တယ်။ အဲဒီရယ်သံက ရွန့်ကို ရုတ်တရက် သတိပြန်လည်လာစေတယ်။

"သူမက ဗီးလာ" သူက အသံအက်အက်နဲ့ ဟယ်ရီ့ကို ပြောတယ်။

"မဖြစ်နိုင်ဘူး" ဟာမီးက စူးရှစွာပြောတယ်။ "တခြားလူတွေ ရူးပေါပေါနဲ့ သူမကို စိုက်ကြည့်နေတာ ငါမမြင်ရဘူး"

သူမပြောတာ လုံးဝတော့ မမှန်ဘူး။ အဲဒီကျောင်းသူ ခန်းမထဲမှာ ဖြတ်သွားတော့ ကျောင်းသားအတော်များများဟာ သူမကို လှည့်ကြည့်ကြတယ်။ ၎င်းတို့အနက် တချို့ဟာ စကားမပြောတတ်တော့သလို ဖြစ်သွားတယ်။ ရွန်နဲ့ အတူတူပဲ။

"ဒီမှာ အဲဒီကျောင်းသူဟာ ရိုးရိုးမိန်းကလေး မဟုတ်ဘူး" ရွန်က ပြောပြီး ကိုယ်ကို စောင်းလိုက်တယ်။ ဒါမှ သူမကို ဆက်ပြီး မြင်နေနိုင်တယ်။ "ဟော့ဂ်ဝပ်မှာတော့ ဒီလိုပုဂ္ဂိုလ်မျိုးမရှိဘူး"

"ဟော့ဂ်ဝပ်က ကျောင်းသူတွေလဲ မဆိုးပါဘူး" ဟယ်ရီက တွေးမနေဘဲ ပြောတယ်။ ချို-ချမ်းထိုင်တဲ့နေရာဟာ ဟိုငွေရောင်ဆံပင်နဲ့ ကျောင်းသူနဲ့ ထိုင်ခုံတချို့ပဲ ခြားတယ်။

"နင်တို့နှစ်ယောက်စလုံးရဲ့အကြည့် ပြန်လည်လာတော့မှ" ဟာမီးက အားမနာတမ်း ပြောတယ်။ "ခုနက ဘယ်သူဝင်လာတယ်ဆိုတာ မြင်နိုင်လိမ့်မယ်"

သူမက ဆရာလုပ်သားစားပွဲကို လက်ညှိုးထိုးပြတယ်။ တစ်လျှောက်လုံး လွတ်နေတဲ့ထိုင်ခုံနှစ်ခု အခုပြည့်သွားပြီ။ လူဒို-ဘက်ဂမင်းဟာ ခါခါရော့ဖ်ရဲ့ဘေးမှာ ထိုင်ပြီး၊ ဖတ်စီရဲ့အထက်အရာရှိ မစ္စတာခရောက်ချ်ကတော့ မဒမ်မက်ဆင်းမ်ဘေးမှာ ထိုင်တယ်။

"သူတို့ ဒီကို ဘာလာလုပ်တာလဲ" ဟယ်ရီက အံ့ဩစွာပြောတယ်။

"ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲဟာ သူတို့ ကမကထပြုတာ၊ ဟုတ်လား"

www.burmeseclassic.com



ဘာမီးက ပြောတယ်။ "သူတို့ဟာ ယှဉ်ပြိုင်ပွဲဖွင့်ပွဲကို ကိုယ်တိုင်ပါဝင်ချင်တယ်နဲ့ တူတယ်"

ဒုတိယဟင်း ရောက်လာပြီ။ အချိုစာ အများအပြားဟာ သူတို့မမြင်ဖူးတာတွေ ဖြစ်တယ်ဆိုတာ သူတို့ သတိပြုမိတယ်။ ရွန်က သေချာကြည့်ကြည့်တယ်။ အဲဒါဟာ တစ်မျိုးကြီးဖြစ်ပြီး၊ ဖြူဖပ်ဖြူရော် နွားနို့အအေးခဲ၊ ဒီနောက် သူက ၎င်းကို မိမိယာလက်နဲ့ လက်မအနည်းငယ် ဝေးတဲ့နေရာကို ရွှေ့လိုက်တယ်။ ဒီလိုဆိုတော့ ဒီပန်းကန်ပြားကို ရေဗင်ခလော စားပွဲကနေ ရှင်းရှင်းလင်းလင်း မြင်နိုင်တယ်။ ဒါပေမယ့် ဟို ဗီးလာနဲ့သိပ်တူတဲ့ ကျောင်းသူဟာ ဝသွားပြီနဲ့တူတယ်။ သူမဟာ ဒီအချိုစာပန်းကန်ပြားကို လာမယူဘူး။

ရွှေပန်းကန်ပြားတွေ သန့်စင်သွားပြန်တော့ ဒမ်ဘလီဒိုးက မတ်တတ်ရပ်လိုက်ပြန်တယ်။ ပျော်လဲပျော်၊ စိုးလဲစိုးရိမ်တဲ့ စိတ်အစဉ်ဟာ ခန်းမကြီးထဲမှာ လွှင့်ပျံ့နေတယ်။ ဟယ်ရီကလဲ စိတ်လှုပ်ရှားသွားပြီး ဘာအစီအစဉ်များဆက်လာမလဲလို့ တွေးတယ်။ သူနဲ့ ထိုင်ခုံအနည်းငယ်အကွာမှာ ဖရက်နဲ့ဂျော့ဟာ ကိုယ်ကိုကိုင်းပြီး ဒမ်ဘလီဒိုးကို အလွန်စူးစိုက်စွာ ကြည့်နေတယ်။

"ဒီအချိန်ရောက်လာပါပြီ" ဒမ်ဘလီဒိုးက ပြောရင်း မော့်နေတဲ့ မျက်နှာတစ်ခုဘက် ပြုံးပြတယ်။ "ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲကြီး စပါတော့မယ်။ ကျွန်ုပ်အရင်ဆုံး နည်းနည်းရှင်းပြချင်ပါတယ်။ သေတ္တာကို ယူခဲ့ပါ"

"ဘာကို ယူခဲ့ပါ?" ဟယ်ရီက တိုးတိုးမေးတယ်။

ရွန်က ပခုံးတွန့်ပြတယ်။

" — ကျွန်ုပ်တို့ ဒီနှစ်အတွင်း လိုက်နာလုပ်ဆောင်ရမယ့် အစီအစဉ်ကို ရှင်းပြမယ်။ ဒါပေမယ့် အခု အရင်ဆုံးဧည့်သည်တော်နှစ်ယောက်ကို ကျွန်တော်မိတ်ဆက်ပေးပါရစေ။ သူ့ကို မသိသေးတဲ့လူတွေ ရှိသေးလို့၊ ဒါက မစ္စတာဘာထီ-ခရောက်ချ်။ မှော်ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဌာနခွဲ၊ ဌာနမှူး" — ခန်းမထဲမှာ လက်ခုပ်သံ ကျိုးတိုးကျဲတဲ ပေါ်ထွက်လာတယ် — " ဒါက မစ္စတာလူဒို-ဘက်ဂမင်း။ မှော်ဝန်ကြီးဌာန၊ အားကစားလှုပ်ရှားမှုဌာနခွဲ ဌာနမှူး"

ဘက်ဂမင်းကို ပေးတဲ့ လက်ခုပ်သံဟာ ခရောက်ချ်ကို ပေးတဲ့ လက်ခုပ်သံထက် အများကြီး အသံကျယ်တယ်။ ဒါဟာလဲ သူ့အနေနဲ့ ဘောရိုက်သမားတစ်ယောက်ဖြစ်ခဲ့လို့ နာမည်နည်းနည်းရှိနေလို့ ဖြစ်ချင်ဖြစ်မယ်။ သူ့ပုံပန်း



ဟာ အများကြီးခင်မင်စရာကောင်းလို့လဲ ဖြစ်ချင်ဖြစ်မယ်။ သူက ပျော်ရွှင်စွာ လက်ယမ်းပြပြီး ကျေးဇူးတင်ကြောင်း ဖော်ပြတယ်။ ခုနက ဘာထီ-ခရောက်ချ်ရဲ့ နာမည်ကို မိတ်ဆက်ပေးတော့ ခရောက်ချ်ဟာ ပြုံးလဲ မပြုံးဘူး။ လက်လဲ ယမ်းမပြဘူး။ ဟယ်ရီက ၎င်းခွေးဒစ်ကမ္ဘာ့ဖလားပွဲမှာတုန်းက အနောက်တိုင်းဝတ်စုံ သပ်ရပ်စွာ ဝတ်ဆင်ထားတာကို သတိရပြီး၊ အခု သူမှော်ဝတ်ရုံရှည်ကြီး ဝတ်ထားတာ တစ်မျိုးကြီးဖြစ်နေတယ်လို့ ထင်တယ်။ သူ့ဘေးက ဒမ်ဘလီဒိုးရဲ့ ဆံပင်ဖြူ၊ မုတ်ဆိတ်ဖြူနဲ့ ယှဉ်ကြည့်တော့ ၎င်းရဲ့သွားပွတ်တံလိုတိုတဲ့ နှုတ်ခမ်းမွေးနဲ့ သပ်သပ်ရပ်ရပ်ဖြီးထားတဲ့ အလယ်ခွဲဆံပင်ဟာ အလွန် ကြည့်ရခက်နေတယ်။

"လွန်ခဲ့တဲ့ လအချို့အတွင်းမှာ မစ္စတာဘက်ဂမင်းနဲ့ မစ္စတာခရောက်ချ်တို့ဟာ မောရပန်းရမှန်းမသိဘဲ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲကို စီစဉ်ဖို့အတွက် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့တယ်" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "သူတို့ဟာ ကျွန်ုပ်၊ ခါခါရော့ဖ်နဲ့ မဒမ်မက်ဆင်းမ်တို့နဲ့အတူ ဒိုင်လူကြီးအဖွဲ့ဖွဲ့ပြီး သူရဲကောင်းတွေရဲ့ ရလဒ်ကို အဆုံးအဖြတ်ပေးမယ်"

သူရဲကောင်းဆိုတဲ့စကား ကြားတာနဲ့ ကျောင်းသားတွေ ပိုပြီး စိတ်ဝင်စားလာတယ်။ ဒမ်ဘလီဒိုးကလဲ သူတို့ ရုတ်တရက်ငြိမ်သွားတာ သတိပြုမိတယ် ထင်တယ်။ သူက အသာလေး ပြုံးလိုက်ပြီး ပြောတယ်။ "မစ္စတာဖစ်ချ်၊ သေတ္တာကို ယူခဲ့ပါ"

ဖစ်ချ် ခုနက ခန်းမထောင့်မှာ ကုပ်နေတာ ဘယ်သူမှ သတိမထားမိဘူး။ အခု သူဟာ ဒမ်ဘလီဒိုးဆီ လျှောက်လာတယ်။ လက်ထဲမှာ ရတနာတွေ စီခြယ်ထားတဲ့ သစ်သားသေတ္တာကြီးတစ်လုံးကို ယူလာတယ်။ အဲ့ဒီသေတ္တာကြီးဟာ အလွန်ဟောင်းနေပုံရတယ်။ ကျောင်းသားတွေဟာ စိတ်ဝင်စားစွာ ကြည့်နေတယ်။ တက်ကြွစွာ ပြောဆိုနေတယ်။ ဒင်းနစ်-ခရိဗီးဟာ ပိုပြီး ရှင်းရှင်းမြင်နေအောင် ထိုင်ခုံပေါ် တက်ရပ်တယ်။ ဒါပေမယ့် သူ့အရပ်က သိပ်ကိုနိမ့်နေလို့ ရပ်နေပေမယ့် သူများထက် ဘာမှ ပိုမမြင့်ဘူး။

"ဒီနှစ် သူရဲကောင်းတွေ ပြိုင်ရမယ့် အခိုင်အမာကဏ္ဍတွေကို မစ္စတာခရောက်ချ်နဲ့ မစ္စတာဘက်ဂမင်းတို့ သေချာစစ်ဆေးပြီးပြီ" ဒမ်ဘလီဒိုးက ပြောတယ် — ဒီအချိန်မှာ ဖစ်ချ်က သေတ္တာကို သူ့ရှေ့က စားပွဲပေါ် သေချာတင်လိုက်တယ်။ "သူတို့ဟာ ကဏ္ဍတိုင်းကို လိုအပ်တဲ့ အစီအစဉ်တွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတယ်။ စုစုပေါင်း ကဏ္ဍသုံးခုရှိတယ်။ တစ်နှစ်အတွင်း အချိန်ခွဲပြီး လုပ်သွားမယ်။ သူ့ရဲကောင်းတွေကို မတူတဲ့ဘက်တွေကနေ စမ်းသပ်မယ် . . . . သူတို့ရဲ့ မှော်ပညာဘက်က အရည်အချင်း — သူတို့ရဲ့သတ္တိနဲ့ သူတို့ရဲ့ ကျိုးကြောင်း ဆက်စပ်ဝေခွဲနိုင်မှုကို စမ်းသပ်မယ် — သူတို့ အန္တရာယ်ကို ကျော်နင်းနိုင်တဲ့ အရည်အချင်းလဲ ပါတာပေါ့"

နောက်ဆုံးစကားကို ကြားတော့၊ ခန်းမကြီးထဲမှာ ငြိမ်ကျသွားတယ်။ အားလုံး အသက်ရှူရပ်သွားသလိုပဲ။

"အားလုံးသိထားကြပြီ၊ သူ့ရဲကောင်းသုံးယောက် ပြိုင်ပွဲမှာ ယှဉ်ပြိုင်ကြမယ်" ဒမ်ဘလီဒိုးက ဆက်လက်ပြီး တည်ငြိမ်စွာ ပြောတယ်။ "ကျောင်းတော် ကျောင်းစီကို အသီးသီးကိုယ်စားပြုကြမယ်။ ၎င်းတို့ ပြိုင်ပွဲကဏ္ဍတွေကို ဖြေ မြောက်တဲ့ အရည်အချင်းအရ ကျွန်ုပ်တို့က ၎င်းတို့ကို အမှတ်ပေးမယ်။ ကဏ္ဍ သုံးခု ပြီးဆုံးပြီးနောက် အမှတ်အများဆုံးရတဲ့ သူ့ရဲကောင်းဟာ ဗိုလ်သုံးဗိုလ် ဖလားကို ဆွတ်ခူးရယူလိမ့်မယ်"

ဒီအထိပြောပြီးတာနဲ့ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက် တယ်။ သေတ္တာအဖုံးပေါ်ကို သုံးချက်ခေါက်လိုက်တယ်။ အဖုံးဟာ ဖြည်းဖြည်း ချင်း တကျွိကျွိ ပွင့်လာတယ်။ ဒမ်ဘလီဒိုးက လက်နှိုက်ပြီး ခပ်ကြမ်းကြမ်း ထွင်းထုထားတဲ့ သစ်သားခြေတံရှည်ခွက်အကြီးကြီး တစ်လုံးကို ယူထုတ်လိုက် တယ်။ ခွက်ကိုယ်၌က ဘာမှထူးထူးခြားခြား မရှိဘူး။ ဒါပေမယ့် ခွက်ထဲမှာ ခုန်နေတဲ့ ဖြူပြာပြာ မီးတောက်တွေနဲ့ ပြည့်နေတယ်။

ဒမ်ဘလီဒိုးက သေတ္တာကို ပိတ်လိုက်တယ်။ ခွက်ကို သေတ္တာအဖုံး ပေါ် တင်ထားလိုက်တယ်။ ဒီလိုဆိုတော့ ခန်းမထဲက လူအားလုံး ရှင်းရှင်းမြင် နိုင်တာပေါ့။

"သူ့ရဲကောင်းအဖြစ် ဝင်ပြိုင်လိုတဲ့ ကျောင်းသားတိုင်းဟာ ၎င်းတို့ နာမည်နဲ့ ကျောင်းနာမည်ကို သိုးရေစက္ကူတစ်ရွက်ပေါ်မှာ ရေးပြီး ဒီခြေတံ ရှည်ခွက်ထဲ ပစ်ထည့်ရမယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "သူ့ရဲကောင်းဖြစ်လိုသူ ဟာ ၂၄နာရီအတွင်းမှာ နာမည်ပေးသွင်းရမယ်။ မနက်ဖြန် ဟောလိုးဝင်းည ခြေတံရှည်ခွက်က ကျောင်းသုံးကျောင်းကို ကိုယ်စားပြုနိုင်မယ်လို့ ၎င်းယူဆတဲ့ ကျောင်းသားသုံးယောက်နာမည်ကို ရွေးထုတ်လိမ့်မယ်။ ဒီညမှာ ခြေတံရှည် ခွက်ကို တံခါး အဝင်ခန်းမှာ ထားမယ်။ ရွေးချယ်ခြင်းမှာ ပါဝင်ယှဉ်ပြိုင်လိုတဲ့



ကျောင်းသားတွေဟာ ၎င်းနဲ့ ထိတွေ့နိုင်တယ်။

"အသက်မပြည့်သေးတဲ့ ကျောင်းသားတွေ မထိန်းနိုင်မှာစိုးလို့" ဒမ် ဘလီဒိုးက ပြောတယ်။ "ခြေတံရှည်ခွက်ကို တံခါးအဝင်ခန်းမှာ ထားပြီးနောက် ၎င်းပတ်ပတ်လည်မှာ အသက်စည်းဝိုင်းတစ်ခု ဆွဲထားမယ်။ အသက်၁၇-နှစ် မပြည့်သေးသူမှန်သမျှ ဒီစည်းကို ဖြတ်ကျော်လို့ မရဘူး။

"နောက်ဆုံး ရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လိုတဲ့ ကျောင်းသားတွေ သတိပြုစေချင်တာကတော့ ဒီယှဉ်ပြိုင်ပွဲဟာ ကလေးကစားစရာ မဟုတ်ဘူး။ ဘုမသိဘမသိ ဝင်မပြိုင်ပါနဲ့။ မီးတောက်ခွက်က သူ့ရဲကောင်းကို ရွေးချယ်လိုက် ရင်၊ ထိုသူဟာ ပြိုင်ပွဲကို ဆုံးအောင်လုပ်သွားရမယ်။ မိမိနာမည်ကို ခွက်ထဲထည့် လိုက်တာနဲ့ မုချလိုက်နာရမယ့် ထူးခြားတဲ့ စာချုပ်ချုပ်ဆိုပြီးသား ဖြစ်သွားမယ်။ သူ့ရဲကောင်းဖြစ်ပြီဆိုတာနဲ့ သဘောထား ပြောင်းခွင့် မရှိတော့ဘူး။ ဒါကြောင့် အကြိမ်ကြိမ်စဉ်းစားပြီးမှ လုပ်ပါ။ စိတ်ရောကိုယ်ပါ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင် ချင်တာ သေချာမှ နာမည်ကို ခွက်ထဲထည့်ပါ။ ကောင်းပြီ၊ အားလုံး သွားအိပ် ဖို့ သင့်ပြီလို့ ထင်ပါတယ်။ အားလုံး မင်္ဂလာညချမ်းပါ"

"အသက်စည်း" ဖရက်-ဝယ်စလီက ပြောတယ်။ မျက်လုံးနှစ်လုံးက အရောင်တောက်နေတယ်။ "ဒါလွယ်ပါတယ်။ အသက်တိုးဆေးနဲ့ လှည့်ပစ်လို့ ရမှာပါ။ ဟုတ်လား။ နာမည်သာ အဲ့ဒီခွက်ထဲရောက်သွားရင် မင်းပျော်ပျော်ကြီး ရယ်ပေတော့ — ၎င်းက ဘယ်သူ ၁၇-နှစ် ပြည့်တယ်၊ မပြည့်ဘူးဆိုတာ မခွဲနိုင်ပါဘူး" ဒီအချိန်မှာ ကျောင်းသားတွေ ခန်းမကြီးကိုဖြတ်ပြီး တံခါးအဝင် ခန်းဆီ ပေါက်တဲ့ တံခါးနှစ်ချပ်ဆီ လျှောက်သွားတယ်။

"ဒါပေမယ့် အသက်-၁၇နှစ် မပြည့်တဲ့လူ မနိုင်နိုင်ဘူးလို့ ငါထင် တယ်" ဟာမီးက ပြောတယ်။ "ငါတို့ လေ့လာထားတာ မလုံလောက်သေး ဘူး. . . ."

"အဲဒါ နှင့်ကိုယ်နှင်ပြောတာ" ဂျော့က စိတ်မရှည်ဘဲ ပြောတယ်။ "မင်းလဲ ပါဝင်ဖို့ ကြိုးစားမယ် ဟုတ်လား၊ ဟယ်ရီ"

ဟယ်ရီဟာ ဒမ်ဘလီဒိုးက ၁၇-နှစ်မပြည့်သေးတဲ့ ကျောင်းသားတွေ မပါဝင်ရဘူးလို့ ပြောတာ သတိရလိုက်တယ်။ ဒါပေမယ့် သူ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲဖလား ဆွတ်ခူးရရှိတဲ့ ထွန်းပြောင်တဲ့ ပုံရိပ်ဟာ သူ့ခေါင်းထဲ ဝင်လာ တယ်. . . . တကယ်လို့ အသက်၁၇-နှစ် မပြည့်သေးတဲ့ လူတစ်ယောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘာတယ်ပဲ နည်းနာရှာတွေ့ပြီး အသက်စည်းကို ကျော်ဖြတ်သွားနိုင်ခဲ့ရင် ဒမ်ဘလီဒိုးက သိပ်ကို စိတ်ဆိုးမှာပဲလို့ သူကတွေးတယ်. . . .

"သူဘယ်မှာလဲ" ရွန်က ပြောတယ်။ "ဒမ်ဘလီဒိုးက ဒမ်စထရန်ဂ လူတွေ ဘယ်မှာအိပ်မယ်လို့ မပြောဘူးလား၊ ဟုတ်လား" သူတို့ပြောနေတဲ့ စကားကို သူ နည်းနည်းမှ မကြားဘူး၊ လူအုပ်ထဲမှာ ခရွန်းမ်ကိုပဲ ရှာကြည့်နေတယ်။

သူ့မေးခွန်းဟာ ချက်ချင်းပဲ အဖြေရလိုက်တယ်။ အခု သူတို့ဟာ စလေးသရင်းစားပွဲနား ရောက်လာကြပြီ။ ခါခါရော့ဖ်ဟာ မိမိကျောင်းသားတွေ နားကို သုတ်သုတ်လာနေတယ်။

"ကောင်းပြီ၊ သင်္ဘောပေါ် ပြန်ကြရအောင်" သူက ပြောတယ်။ ဗစ်ခတာ၊ မင်း ဘယ်လိုနေသေးလဲ။ မင်းဝပြီလား။ လူလွှတ်ပြီး မီးဖိုချောင်ကနေ မင်းအတွက် စပျစ်ဝိုင်ပူပူနွေးနွေး ယူပေးရမလား"

ခရွန်းမ်က ခေါင်းခါလိုက်ပြီး သားမွေးခြုံထည်ကို ပြန်ခြုံလိုက်တာ ဟယ်ရီမြင်ရတယ်။

"ပါမောက္ခ၊ ကျွန်တော် စပျစ်ဝိုင်နည်းနည်း သောက်ချင်တယ်" ဒမ်စထရန်က တခြားကျောင်းသားတစ်ယောက်က သွားရည်ကျစွာ ပြောတယ်။

"မင်းကို မမေးဘူး၊ ဖိုလီအာခေ့ါဖ်" ခါခါရော့ဖ်က ခပ်တင်းတင်း ပြောတယ် — ၎င်းရဲ့ ဖခင်အလား နွေးထွေးတဲ့အမူအရာ ချက်ချင်းပျောက်ကုန်တယ်။ "မင်းရင်ဘတ်ပေါ် အစားအသောက်အစက်တွေကျနေတာ မြင်ရပြန်ပြီ။ အမြင်ကတ်စရာကောင်းတဲ့ကောင်လေး —"

ခါခါရော့ဖ်က ကိုယ်ကိုလှည့်ပြီး မိမိကျောင်းသားတွေကို ခေါ်ကာ အပေါက်ဝဆီ သွားတယ်။ သူဟာ ဟယ်ရီ၊ ရွန်၊ ဟာမီးတို့နဲ့အတူ တံခါးဘေး ရောက်သွားတယ်။ ဟယ်ရီက ရပ်နေပြီး ခါခါရော့ဖ်ကို အရင်သွားစေတယ်။

"ကျေးဇူးပဲ" ခါခါရော့ဖ်က အမှတ်မထင်ပြောပြီး ဟယ်ရီ့ကို တစ်ချက် ကြည့်လိုက်တယ်။

ချက်ချင်းပဲ၊ ခါခါရော့ဖ် ငိုင်သွားတယ်။ သူက ခေါင်းကို ဟယ်ရီ့ဘက် ပြန်လှည့်လိုက်တယ်၊ သူ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတယ်။ မိမိမျက်လုံးကို မယုံနိုင်သလိုပဲ။ ဒမ်စထရန်က ကျောင်းသားတွေ ကျောင်းအုပ်နောက်ကလိုက်ပြီး အားလုံးရပ်နေကြတယ်။ ခါခါရော့ဖ်ရဲ့ အကြည့်ဟာ တဖြည်းဖြည်း



ဟယ်ရီ့မျက်နှာပေါ်ကို ရောက်သွားပြီး ဟိုအမာရွတ်ကို စိုက်ကြည့်နေတယ်။ ဒမ်စထရန်က ကျောင်းသားတွေဟာလဲ အံ့ဩစွာနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ သူတချို့ဟာ တစ်ခုခု နားလည်သွားတဲ့ အမူအရာပြတာကို ဟယ်ရီက မျက်ထောင့်ကနေ မြင်ရတယ်။ ဟိုရင်ဘတ်မှာ ဟင်းစက်တွေစွန်းနေတဲ့ ကျောင်းသားဟာ ဘေးကကျောင်းသူကို လက်တို့ပြီး ဟယ်ရီ့နဖူးကို ဖုံးကွယ်ခြင်းမရှိဘဲ သက်ညှိုးထိုးပြနေတယ်။

"ဟုတ်တယ်၊ အဲဒါ ဟယ်ရီ-ပေါ်တာပဲ" သူတို့နောက်က ဒေါသသံ ပေါ်လာတယ်။

ခါခါရော့ဖ်က ဆတ်ခနဲ လှည့်လိုက်တယ်။ အရူးမျက်လုံးမူးဒီဟာ ၎င်းရဲ့ လေးပင်တဲ့ကိုယ်ခန္ဓာကို တုတ်ကောက်ပေါ် မှီပြီး ရပ်နေတယ်။ ဟိုမှော် မျက်လုံးဟာ ဒမ်စထရန်ကျောင်းအုပ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ တယ်။

ခါခါရော့ဖ်ရဲ့ မျက်နှာဟာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး မုန်းတီးခြင်းနဲ့ ကြောက်ရွံ့ခြင်း ရောထွေးနေတဲ့ အမူအရာပေါ်လာတာကို ဟယ်ရီ ကြည့်နေ တယ်။

"ခင်ဗျားလား" သူကပြောရင်း မူးဒီကို ငိုင်ကြည့်နေတယ်။ မိမိ ၎င်းကို မြင်ရတယ်ဆိုတာ သေချာမပြောနိုင်သလိုပဲ။

"ကျုပ်ပါ" မူးဒီက သုန်မှုန်စွာ ပြောတယ်။ "မင်း ပေါ်တာကို ပြောစရာ မရှိရင်ပြော၊ ခါခါရော့ဖ်။ မရှိရင် ရှေ့ကို မြန်မြန်ဆက်သွား၊ မင်းတို့က အပေါက်ကို ဆို့နေပြီ"

အမှန်ပဲ၊ ခန်းမထဲမှာ ကျောင်းသားတစ်ဝက်လောက် သူတို့နောက်ဘက်မှာ စောင့်နေတယ်။ အလုအယက်နဲ့ ရှေ့ကလူတွေရဲ့ ပခုံးကိုကျော်ပြီး ဘာကြောင့် လမ်းပိတ်နေတယ်ဆိုတာ ကြည့်နေကြတယ်။

ပါမောက္ခခါခါရော့ဖ်က ဘာမှ ထပ်မပြောတော့ဘဲ လက်ယမ်းပြလိုက်ပြီး မိမိကျောင်းသားတွေကိုခေါ်ပြီး ထွက်သွားတယ်။ မူးဒီက သူ့ကို တစ်ချိန်လုံး ကြည့်နေတယ်။ သူ ပျောက်ကွယ်သွားတဲ့အထိပဲ။ ၎င်းရဲ့ မှော်မျက်လုံးဟာ ခါခါရော့ဖ်ကျောဘက်ကို အသေစိုက်ကြည့်နေပြီး မျက်နှာပေါ်မှာ အငြိုးနဲ့ အာ သွင်း မနှစ်သက်တဲ့ အမူအရာ ပေါ်နေတယ်။

နောက်နေ့က စနေနေ့။ ယေဘုယျအားဖြင့် ကျောင်းသားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



အဘော်နောက်ကျမှ နံနက်စောစောစာ သွားစားတယ်။ သို့ပေမယ့် စနေ ဘနက်နေ့မှာ ခါတိုင်းထက်စောပြီး အိပ်ရာထတဲ့ သူတွေဟာ ဟယ်ရီ၊ ရွန်နဲ့ဟာမီး ဘင် မကဘူး။ သူတို့ အောက်ထပ် တံခါးအဝင်ခန်းထဲရောက်တော့ လူဆယ် ယောက်ကျော်ကျော် အဲဒီနေရာမှာ ဝိုင်းအုံနေတာ တွေ့ရတယ်။ တချို့က ပေါင် မုန့်တောင် စားနေတယ်။ သူတို့အားလုံး မီးတောက်ခွက်ကို အကဲခတ် ကြည့်နေ ကြတယ်။ မီးတောက်ခွက်ကို တံခါးအဝင်ခန်း အလယ်ဗဟိုမှာ ထားတယ်။ ခါတိုင်း အမျိုးအစားခွဲဦးထုပ်တင်တဲ့ ခုံပေါ်မှာ တင်ထားတယ်။ ကြမ်းပေါ်မှာ ရွှေမျဉ်းသေးသေးလေး ဆွဲထားတယ်၊ လေးဘက်စလုံး ၁၀-ပေ ရှည်တယ်။ ခွက်ကို အလယ်မှာ ဝိုင်းထားတယ်။

"နာမည်ပစ်ထည့်တဲ့လူ ရှိပလား" ရွန်က သိလိုဇောနဲ့ တတိယနှစ် ကျောင်းသူတစ်ယောက်ကို မေးတယ်။

"ရှိတယ်၊ ဒမ်စထရန်က ကိုယ်စားလှယ်အားလုံး" သူမက ဖြေတယ်။ "ဒါပေမယ့် ဟော့ဂ်ဝပ်က နာမည်ပေးသွင်းတာ မမြင်ရသေးဘူး"

"ငါတို့ ညအိပ်နေတုန်း နာမည်ကို ပစ်ထည့်သွားမှာပေါ့" ဟယ်ရီက ပြောတယ်။ "ငါသာဆိုရင် ဒီလိုပဲ လုပ်မှာ. . . . သူများ မမြင်စေချင်ဘူး တကယ်လို့ ခွက်က မင်းနာမည်ကို လုံးချေပြီး ပစ်ထုတ်လိုက်ရင် ဘယ်လောက် ရှက်စရာကောင်းလဲ"

ဟယ်ရီ့နောက်ဘက်က ရယ်သံတချို့ ကြားရတယ်။ သူ လှည့်ကြည့် လိုက်တော့ ဖရက်၊ ဂျော့နဲ့ လီ-ဂျော်ဒန်တို့ လှေကားက အမြန်ဆင်းလာတာ တွေ့ရတယ်။ သုံးယောက်စလုံး အလွန်စိတ်ခေတ်တက်ကြွနေတယ်။

"ရပြီ" ဖရက်က ကျေနပ်တဲ့လေသံနဲ့ ဟယ်ရီ၊ ရွန်နဲ့ဟာမီးကို တိုးတိုး ပြောတယ်။ "ခုတွင်ပဲ သောက်လိုက်တယ်"

"ဘာ?" ရွန်က မေးတယ်။

"အသက်တိုးဆေးလေ၊ အေ" ဖရက်က ပြောတယ်။

"တစ်ယောက်ကို တစ်စက် သောက်တယ်" ဂျော့က ဝမ်းသာစွာ လက် နှစ်ဖက် ပွတ်နေတယ်။ သူက ပြောတယ်။ "ငါတို့ နောက်ထပ် လအနည်းငယ် ကြီးသွားဖို့ပဲ လိုတယ်"

"ငါတို့ထဲက တစ်ယောက်ယောက် နိုင်သွားရင်၊ အဲဒီ ဂါလုံးတစ် ထောင်ကို သုံးယောက် အညီအမျှ ခွဲဝေယူရမယ်" လီက ပြောတယ်။ သိပ်ထင်



သာစွာ ရယ်နေတယ်။

"ဒါ အောင်မြင်ချင်မှ အောင်မြင်လိမ့်မယ်လို့ ငါထင်တယ်" ဟာမီး က ပြောတယ်။ "ဒမ်ဘလီဒိုးက ဒီအချက်ကို ထည့်စဉ်းစားလိမ့်မယ်လို့ ငါထင် တယ်"

ဖရက်၊ ဂျော့နဲ့လီက သူမကို အရေးမလုပ်ဘူး။

"ပြင်ဆင်ပြီးပြီလား" ဖရက်ဟာ စိတ်လှုပ်ရှားလွန်းလို့ တုန်နေတယ်၊ ကျန်နှစ်ယောက်ကို ပြောတယ်။ "ဒါဆို လာ — ငါ အရင်ဝင်သွားမယ် —"

ဟယ်ရီဟာ ဖရက်အိတ်ကပ်ထဲက သိုးရေစက္ကူတစ်ရွက် ဆွဲထုတ်တာ ကို အညို့ခံရသလို ကြည့်နေတယ်။ စက္ကူပေါ်မှာ "ဖရက်-ဝယ်စလီ — ဟော့ဂ် ဝပ်"လို့ ရေးထားတယ်။ ဖရက်က အသက်စည်းအနား တန်းလျှောက်သွား တယ်။ အဲ့ဒီမှာရပ်ပြီး ခြေဖျားထောက်ကာ တလှုပ်လှုပ် လုပ်နေတယ်။ ဒိုင်ဝင် ဆိုးမယ့်သူ ပေ-၅၀အမြင့်ကနေ ခုန်ချဖို့ ပြင်ဆင်နေသလိုပဲ။ ဒီနောက် သူဟာ တံခါးခန်းထဲရှိ မျက်လုံးအားလုံးအောက်မှာ ဟိုစည်းကို ဖြတ်ကျော်လိုက်တယ်။

အချိန်တိုအတွင်းမှာ ဖရက် အောင်မြင်ပြီလို့ ဟယ်ရီထင်တယ် — ဂျော့လဲ ဒီအတိုင်းထင်မှာ။ သူက ကျေနပ်စွာ အော်ဟစ်လိုက်ပြီး ဖရက်နောက် ကလိုက်ကာ ရှေ့ကိုခုန်ဝင်လိုက်တယ် — ဒါပေမယ့် တစ်ဆက်တည်းမှာပဲ တရှိုးရှိုးမြည်သံ ပေါ်လာတယ်။ အမွှာညီနောင်ဟာ ရွှေစည်းဝိုင်း အပြင်ဘက်ကို ပစ်ထုတ်ခံရတယ်။ မမြင်ရတဲ့ သံလုံးပစ်အားကစားသမားက သူတို့ကို ပစ်လွှတ် လိုက်သလိုပဲ။ သူတို့ဟာ ဆယ်ပေအပြင်ဘက် အေးစက်တဲ့ ကျောက်ကြမ်း ခင်းပေါ် ကျလာတယ်။ ပြီးတော့ သူတို့ဟာ အသားအရေ နာကျင်တာအပြင် အရှက်လဲ ရသွားတယ်။ အလွန်ကျယ်တဲ့ ပေါက်ကွဲသံနဲ့အတူ သူတို့နှစ်ယောက် စလုံးရဲ့ မေးစေ့မှာ မုတ်ဆိတ်ဖြူဖြူရှည်ရှည်တွေ တစ်ထေရာထဲ ပေါက်လာ တယ်။

တံခါးခန်းထဲကလူတွေ ဝေါခနဲ ရယ်ကြတယ်။ ဖရက်နဲ့ဂျော့ ကုန်း ထတဲ့အခါမှာ အပြန်အလှန် မုတ်ဆိတ်ဖြူဖြူကို မြင်ရတော့ မအောင့်နိုင်ဘဲ ရယ်ချကြသေးတယ်။

"ကျုပ် မင်းတို့ကို သတိပေးခဲ့တယ်" အသံနိမ့်နိမ့်၊ ရယ်ချင်နေတဲ့ အသံက ပြောတယ်။ အားလုံး လှည့်ကြည့်တော့ ပါမောက္ခဒမ်ဘလီဒိုး ခန်းခ ဲက ထွက်လာတာ မြင်ရတယ်။ သူက ဖရက်နဲ့ဂျော့ကို ကြည့်ပြီး မျက်လုံး

www.burmeseclassic.com



တ အရောင်တောက်နေတယ်။ "မင်းတို့ နှစ်ယောက်စလုံး မဒမ်ဖွမ်ဖရေဆီ သွားလိုက်ဖို့ ကျုပ်အကြံပေးတယ်။ သူမဟာ ရေဗင်ခလောက မစ်ဖောစက်နဲ့ ဟော့ဖ်ဖတ်က မစ္စတာဆမ်းမားကို ကူသပေးနေတယ်။ သူတို့နှစ်ယောက်စလုံး မိမိတို့အသက်ကို နည်းနည်း ကြီးအောင်လုပ်ဖို့ ဆုံးဖြတ်ကြတဲ့ လူတွေပဲ ဒါပေမယ့် ကျုပ်တစ်ခု ပြောရမှာက သူတို့မုတ်ဆိတ်မွေးဟာ မင်းတို့လောက် မလှဘူး"

ဖရက်နဲ့ဂျော့တို့ ဆေးရုံကို သွားကြတယ်။ လီ-ဂျော်ဒန်လဲ အဖော် လိုက်သွားတယ်။ သူတို့ဟာ တဟားဟားရယ်သွားကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးလဲ တခစ်ခစ်ရယ်ရင်း ခန်းမထဲဝင်ပြီး ထမင်းစားကြတယ်။

ဒီနေ့နံနက်မှာ ခန်းမထဲက အပြင်အဆင်တစ်မျိုး ပြောင်းသွားပြီ တယ်။ ဟောလိုးဝင်းပွဲတော်ဆိုတော့ လင်းနို့တစ်အုပ် မှော်ပညာနဲ့စီရင်ထားတဲ့ မျက်နှာကြက်မှာ ပတ်ပျံနေတယ်။ ရွှေဖရုံသီးနဲ့ ထုဆစ်ထားတဲ့ လူကလေး ရုပ် အချို့ဟာ ထောင့်အသီးသီးကနေ အများကို မျက်စိထောင့်ကပ် ကြည့်နေတယ်။ ဟယ်ရီက ရှေ့ကဦးဆောင်ပြီး ဒင်းနဲ့စီးမတ်စ်ဆီ သွားတယ်။ သူတို့နှစ်ယောက် ဟာ ယှဉ်ပြိုင်ပွဲကိုဝင်နိုင်တဲ့ အသက်၁၇-နှစ် ပြည့်ပြီးတဲ့ ဟော့ဂ်ဝပ်ကျောင်းသား တွေအကြောင်း ပြောနေကြတယ်။

"ဝါရင်တန် အစောကြီးထပြီး မိမိနာမည်ကို ခွက်ထဲ ထည့်လိုက်ပြီလို့ ကြားတယ်" ဒင်းက ဟယ်ရီကို ပြောပြတယ်။ "စလေးသရင်းက အကောင်ကြီး ကြီးနဲ့ဟာလေ။ မျောက်ဝံကြီးနဲ့ တူတဲ့ကောင်"

ဟယ်ရီဟာ ဝါရင်တန်နဲ့ ခွေဒစ်ပြိုင်ပွဲမှာ တွေ့ဖူးတယ်။ ဒီစကားကြား ရတော့ ရှုံ့မုန်းစွာ ခေါင်းခါလိုက်တယ်။

"ငါတို့ စလေးသရင်းက ကျောင်းသားတော့ သူရဲကောင်းအဖြစ် မခံ နိုင်ဘူး"

"ဟော့ဖ်ဖတ်က ကျောင်းသားတွေကတော့ ဒစ်ဂိုရီကို ပြောနေတယ်" စီးမတ်စ်က အထင်သေးစွာပြောတယ်။ "ဒါပေမယ့် ငါ့အထင်တော့ သူက မိမိရဲ့ ရုပ်ရည်ချောချောလေးကို စွန့်စားမယ်မထင်ဘူး"

"မြန်မြန်နားထောင်" ဟာမီးက ရုတ်တရက်ပြောတယ်။

အပြင်က တံခါးခန်းမှာ အကျယ်ကြီး ဩဘာပေးသံ ကြားရတယ် အားလုံးနေရာတွင် လှည့်ကြည့်ကြတယ်။ အင်ဂလီနာ-ဂျွန်ဆင် ခန်းမထဲ ဝင်



လာတာ တွေ့ရတယ်။ ရှက်ကိုးရှက်ကန်း ရယ်နေတာ တွေ့ရတယ်။ သူမဟာ အရပ်ရှည်ရှည် အသားမည်းမည်း ကောင်မလေး၊ ဂရစ်ဖင်းဒေါ ခွေဒစ်အသင်း မှာ ဘောလိုက်သမား လုပ်တယ်။ အင်ဂလီနာက သူတို့ဆီလာထိုင်ပြီး ပြော တယ်။ "ဟေး၊ ငါလုပ်လိုက်ပြီ၊ ငါ့နာမည်ကို ထည့်လိုက်ပြီ"

"နင် ရယ်စရာပြောနေတာလား" ရွန်က ပြောတယ်။ အလွန် အံ့အား သင့်နေတယ်။

"ဒါဆို နင်၁၇-နှစ် ပြည့်ပြီလား" ဟယ်ရီက ပြောတယ်။

"သူမ ပြည့်ပြီထင်တယ်၊ မင်း မုတ်ဆိတ် တစ်ပင်မှ မတွေ့ဘူး၊ ဟုတ် လား" ရွန်က ပြောတယ်။

"ငါ လွန်ခဲ့တဲ့အပတ်က မွေးနေ့လွန်ခဲ့ပြီ" အင်လီနာက ပြောတယ်။

"အေး၊ ဂရစ်ဖင်းဒေါကလူ ပါဝင်တာ ငါ သိပ်ဝမ်းသာတယ်" ဟာမီး က ပြောတယ်။ "နင် အောင်မြင်တာ ငါ တကယ်မြင်ချင်တယ်၊ အင်ဂလီနာ"

"ကျေးဇူးတင်တယ်၊ ဟာမီး" အင်ဂလီနာက ပြောတယ်၊ ဟာမီးကို ပြုံးပြတယ်။

"ဟုတ်တယ်၊ နင်ဖြစ်စေချင်တယ်၊ ဟို ကိုချောလေးဒစ်ဂိုရီ မဖြစ်စေ ချင်ဘူး" စီးမတ်စ်က ပြောတယ်။ သူ့စကားကြောင့် သူတို့နား ဖြတ်သွားတဲ့ ဟော့ဖ်ဖတ်ကျောင်းသားတချို့ ဒေါသနဲ့ သူ့ကို စိုက်ကြည့်သွားတယ်။

"ဒါဆို ငါတို့ ဒီနေ့ ဘာလုပ်မလဲ" ရွန်က ဟယ်ရီနဲ့ ဟာမီးကို မေး တယ်။ ဒီအချိန်မှာ သူတို့ နံနက်စာစားပြီးပြီ၊ ခန်းမက ထွက်ခွာတော့မယ်။

"ငါတို့ ဟက်ဂရစ်ဆီ မရောက်တာ ကြာပြီ" ဟယ်ရီက ပြောတယ်။

"ကောင်းပြီ" ရွန်က ပြောတယ်။ "ငါတို့ကိုလဲ မီးပန်းပိုးကောင်ကို သက်ချောင်းတချို့ အလှူမခိုင်းဖို့ ဆုတောင်းပါတယ်"

ဟာမီးက အလွန်စိတ်ဓာတ်တက်ကြွတဲ့ အမူအရာ ပေါ်လာတယ်။

"ငါ ခုတင်ပဲ တွေးမိတယ် — ငါ ဟက်ဂရစ်ကို S.P.E.W. ထဲဝင်ဖို့ ဆည်းရုံးရသေးဘူး" သူမက ပျော်ရွှင်စွာ ပြောတယ်။ "နင်တို့ ခဏစောင့်၊ ငါ အပေါ်ထပ်မှာ ရင်ထိုးတံဆိပ် သွားယူလိုက်ဦးမယ်၊ ကောင်းလား"

"သူမ ဒါ ဘာရောဂါလဲ" ရွန်က ဒေါသဖြစ်တယ်၊ ဟာမီး မာဘော် ကျောက်လှေကားပေါ် ပြေးတက်တာ ကြည့်ရင်း ပြောတယ်။

"မြန်မြန်ကြည့်၊ ရွန်" ဟယ်ရီက ရုတ်တရက် ပြောတယ်။ "အဲဒါ ဟို

www.burmeseclassic.com

www.burmeseclassic.com



မင်းမိတ်ဆွေ. . . ."

ဗျစ်ဘာတန်စ်က ကျောင်းသားတွေ ကွင်းထဲကနေ ရှေ့တံခါး
ဖြတ်ပြီး ဝင်လာတယ်။ အဲဒီထဲမှာ ဗီးလာနဲ့ အလွန်တူတဲ့ မိန်းကလေးပါတယ်
မီးတောက်ခွက် ပတ်လည်မှာ ဝိုင်းနေတဲ့လူတွေ သူတို့ဝင်ဖို့ နောက်ကို ဆုတ်
ပေးတယ်။ ပြီးတော့ လိုက်လှဲစွာ ကြည့်နေတယ်။

မဒမ်မက်ဆင်းမ်က သူမကျောင်းသားတွေနောက်က လိုက်လာပြီး
တံခါးအဝင်ခန်းထဲ ရောက်လာတယ်။ သူတို့ကို အတန်းတစ်တန်း စီခိုင်းတယ်
ဗျစ်ဘာတန်စ်က ကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယောက် အသ
စည်းကို ဖြတ်ပြီး ၎င်းတို့ရဲ့ သိုးရေစက္ကူကို ဖြူပြာပြာ မီးတောက်ခွက်ထဲ
ထည့်တယ်။ နာမည်စာရွက် မီးထဲပစ်ထည့်လိုက်တိုင်း မီးတောက်ဟာ အ
ရောင်သို့ အလျှင်အမြန် ပြောင်းသွားပြီး မီးပွင့်တွေ ထွက်လာတယ်။

"အရွေးမခံရတဲ့လူတွေ ဘယ်လိုဖြစ်မလဲ၊ ပြောစမ်း" ဗီးလာနဲ့အလွ
တူတဲ့ မိန်းကလေးက သူမရဲ့ သိုးရေစက္ကူကို မီးတောက်ခွက်ထဲ ထည့်လိုက်
တဲ့အခါမှာ၊ ရွန်က ဟယ်ရီ့ကို တိုးတိုးလေးမေးတယ်။ "သူတို့ ကိုယ့်ကျောင်းကို
ပြန်မှာလား။ ဒီမှာပဲ ယှဉ်ပြိုင်ပွဲကြည့်ဖို့ နေဦးမှာလား"

"မသိဘူး" ဟယ်ရီက ပြောတယ်။ "ငါထင်တာ ဒီမှာပဲ နေဦးမယ်ထင်
တယ်. . . . မဒမ်မက်ဆင်းမ်က ဒီမှာ ဒိုင်လူကြီးလုပ်ရဦးမှာ၊ မဟုတ်ဘူးလား"

ဗျစ်ဘာတန်စ်က ကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယော
နာမည်ပေးသွင်းပြီးနောက်၊ မဒမ်မက်ဆင်းမ်က သူတို့ကိုခေါ်ပြီး တံခါးခန်း
ထွက်ကာ ကွင်းထဲ ပြန်ရောက်သွားတယ်။

"ဒါဆို သူတို့ ဘယ်မှာအိပ်မလဲ" ရွန်ကပြောရင်း ရှေ့တံခါးဆီ
ငါးလှမ်းသွားပြီး သူတို့ကျောဘက်ကို ကြည့်နေတယ်။

နောက်ဘက်ကနေ တချွင်ချွင်အသံ ကြားရတယ်။ အဲဒါ ဟာမီး
S.P.E.W. ရင်ထိုးယူပြီး ပြန်လာပြီဆိုတာ ဖော်ပြတယ်။

"အော၊ ကောင်းပြီ၊ မြန်မြန်သွားကြစို့" ရွန်က ပြောတယ်။ သူ
ကျောက်လှေကားထစ်ကို ခုန်လွှားဆင်းတယ်။ မျက်လုံးကတော့ ဗီးလာ
အလွန်တူတဲ့ကောင်မလေးကိုပဲ ကြည့်နေတယ်။ အဲဒီ ကောင်မလေးဟာ မ
မက်ဆင်းမ်နဲ့အတူ မြက်ခင်းကို ဖြတ်သွားနေတယ်။

သူတို့ တားမြစ်သစ်တော အစပ်ရှိ ဟက်ဂရစ်ရဲ့ အိမ်ကလေး



ရောက်တော့ ဗျစ်ဘာတန်စ်ကျောင်းသားတွေ ဘယ်မှာ အိပ်မလဲဆိုတဲ့ လျှို့
ဝှက်ချက် ချက်ချင်းပေါ်သွားတယ်။

သူတို့စီးလာတဲ့ ဧရာမ အပြာနုရောင် မြင်းလှည်းကြီးဟာ ဟက်ဂရစ်
အိမ်လေး တံခါးမရှေ့ မီတာ-၂၀၀အကွာမှာ ရပ်ထားတယ်။ ဗျစ်ဘာတန်စ်က
ကျောင်းသားတွေ အထဲကို ဝင်နေတယ်။ မြင်းလှည်းကို ဆွဲလာတဲ့ ဆင်ကြီးတွေ
လောက်ကြီးတဲ့ မြင်းကြီးတွေဟာ မြင်းလှည်းဘေးက ယာယီပြုလုပ်ထားတဲ့
ခြံဝိုင်းထဲမှာ မြက်စားနေတယ်။

ဟယ်ရီက ဟက်ဂရစ်တံခါးကို ခေါက်တယ်။ အိမ်ထဲက အစွယ်ကြီးရဲ့
ခပ်အုပ်အုပ်ဟောင်သံ ထွက်လာတယ်။

"လာကြပြီကိုး" ဟက်ဂရစ်က တံခါးဖွင့်ပြီး ပြောတယ်။ "ကျုပ်က
ဒီကလေးတွေ ကျုပ် ဘယ်မှာနေတယ်ဆိုတာ မေ့နေပြီလားလို့"

"ကျွန်မတို့ တကယ့်ကို သိပ်အလုပ်များနေတာ၊ ဟက် — " ဟာမီးက
စကားမဆုံးခင်မှာ ရုတ်တရက် ရပ်သွားတယ်။ ဟက်ဂရစ်ကို မော့ကြည့်နေ
တယ်။ အံ့အားသင့်ပြီး စကားပြော မထွက်သလိုပဲ။

ဟက်ဂရစ်ဟာ သူ့မှာ အကောင်းဆုံး (အလွန်လဲ ကြည့်ရဆိုးတဲ့)
အမွေးဖွား အနောက်ဝတ်စုံကို ဝတ်ထားပြီး အဝါနဲ့လိမ္မော်ရောင်အကျား လည်
စည်းအကွက်ကို တပ်ဆင်ထားတယ်။ ဒါပေမယ့် ဒါက အဆိုးဆုံး မဟုတ်သေး
ဘူး၊ သူဟာ ဆံပင်ကို သပ်ရပ်အောင်လုပ်ဖို့ ကြိုးစားခဲ့ပုံ ပေါ်တယ်။ စက်သုံး
ချောဆီလိုဟာမျိုးတွေ အများကြီး သုတ်လိမ်းထားတယ်။ အခု သူ့ဆံပင်ဟာ
ပြောင်ချောတဲ့ အစုနှစ်ခု ဖြီးထားတယ် — မူလက ဘီးလို မြင်းမြီးတစ်ချောင်း
စည်းဖို့ လုပ်တယ်ထင်တယ်။ သူ့ဆံပင်က သိပ်များတာ တွေ့ရတော့. . . .
ဒီလို ဝတ်ဆင်တာ ဟက်ဂရစ်နဲ့ မလိုက်ဘူး။ ဟာမီးက သူ့ကို ခဏငိုင်ကြည့်
နေပြီးနောက် ဘာမှ မဝေဖန်ဘူးလို့ ဆုံးဖြတ်ပြီး သူမက ပြောတယ်။ "အင်း
— မီးပန်းပိုးကောင်တွေ ဘယ်မှာလဲ"

"အပြင်က ရွှေဖရုံခင်းထဲမှာ" ဟက်ဂရစ်က ပျော်ရွှင်စွာပြောတယ်။
"၎င်းတို့ သိပ်ကြီးထွားတာပဲ။ အခု တစ်ကောင်ကို သုံးပေရှည်မှာ သေချာတယ်။
ပြဿနာတစ်ခုပဲ ရှိတယ်။ သူတို့ အပြန်အလှန် သတ်နေကြတယ်"

"အိုး၊ ဒုက္ခပဲ၊ ဟုတ်လား" ဟာမီးက ပြောတယ်။ ရွန့်ကို မျက်စောင်း
ထင်ချက် ထိုးလိုက်တယ်။ သူ့ကို စကားမပြောဖို့တားတာ။ ရွန်ဟာ ဟက်ဂရစ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘူးဆန်းတဲ့ ဆံပင်ပုံစံကို ဝေဖန်ဖို့ လုပ်နေတယ်။

"ဟုတ်တယ်" ဟက်ဂရစ်က ဝမ်းနည်းစွာ ပြောတယ်။ "ဒါပေမယ့် ကိစ္စမရှိဘူး၊ အခု ကျုပ် ၎င်းတို့ကို သေတ္တာထဲမှာ ခွဲထားတယ်။ အကောင် ၂၀လောက်ပဲ ကျန်တော့တယ်"

"အား၊ တော်ပါသေးတယ်" ရွန်က ပြောတယ်။ ဟက်ဂရစ်ဟာ ဒီစကားထဲက အစိမ့်ပွာယ်ကို နားမလည်ဘူး။

ဟက်ဂရစ်အိမ်ကလေးမှာ အခန်းတစ်ခန်းပဲ ရှိတယ်။ ထောင့်မှာ ခုတင်ကြီးတစ်လုံး ထောင့်ကပ်ထားတယ်။ ခုတင်ပေါ်မှာ အဝတ်စတွေ စပ်ချုပ်ထားတဲ့ စောင်ရှိတယ်။ မီးဖိုရှေ့မှာ ဒီလိုပဲ ဧရာမသစ်သားစားပွဲနဲ့ ထိုင်ခုံရှိတယ်။ မီးဖိုအထက်က မျက်နှာကြက်မှာ ဝက်ပေါင်ခြောက်နဲ့ ဆားသိပ်ငှက်သေတွေ အများကြီး ဆွဲထားတယ်။ ဟက်ဂရစ်က လက်ဖက်ရည် ဖျော်တယ်။ သူတို့ဟာ စားပွဲဘေးမှာ ထိုင်ကြတယ်။ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲအကြောင်းကို ချက်ချင်းပဲ ပြောဆိုကြတယ်။ ဟက်ဂရစ်ဟာ ဒီကိစ္စမှာ သူတို့လိုပဲ စိတ်ခုတ်တက်ကြွတယ်။

"မင်းတို့ စောင့်နေ" သူက ရယ်ပြီးပြောတယ်။ "မင်းတို့ စောင့်ကြည့်၊ မင်းတို့ အရင်က မမြင်ဖူးတဲ့ အရာတွေကို မြင်ရလိမ့်မယ်။ ပထမကဏ္ဍက. . . အား၊ ကျုပ် မပြောသင့်ဘူး"

"ဆက်ပြော၊ ဟက်ဂရစ်" ဟယ်ရီ၊ ရွန်နဲ့ဟာမီးက တိုက်တွန်းတယ်။ ဒါပေမယ့် ဟက်ဂရစ်က ခေါင်းခါတယ်။ သွားဖြဲရယ်ပြတယ်။

"ကျုပ် မင်းတို့ စိတ်ပါဝင်စားနေတာကို မဖျက်ဆီးချင်ဘူး" ဟက်ဂရစ်က ပြောတယ်။ "ဒါပေမယ့် သိပ်ကို ကောင်းမှာ၊ ကျုပ်ပြောပြမယ်။ အဲဒီ သူရဲကောင်းတွေ လုပ်စရာအများကြီးပဲ။ ကျုပ်ဘဝမှာ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲ ကျင်းပတာ မြင်ရဦးမယ် မထင်ခဲ့ဘူး"

သူတို့ဟာ နောက်ဆုံးမှာ ဟက်ဂရစ်နဲ့အတူ နေ့လယ်စာ စားတယ်။ ဒါပေမယ့် သူတို့ ဘာမှသိပ်မစားဘူး — ဟက်ဂရစ်က သူတို့ကို ဟင်းတစ်အိုး ချက်ပေးတယ်။ သူ့အဆို အမဲသားဟင်းလေးအိုးတဲ့။ နောက်ဆုံး ဟာမီးဟာ သူမပန်းကန်ထဲကနေ လက်သည်းကြီး ခပ်မိတယ်။ ဒါနဲ့ သူမ၊ ဟယ်ရီနဲ့ရွန်ဟာ စားချင်စိတ် မရှိတော့ဘူး။ ဒါပေမယ့် သူတို့ အလွန်ပျော်ကြတယ်။ သူတို့ဟာ ပြိုင်ပွဲမှာ ဘာကဏ္ဍတွေ ပါတယ်ဆိုတာ ပြောပြအောင် ဟက်ဂရစ်ကို အမျိုးမျိုး ချော့တယ်။ နာမည်သွင်းတဲ့ထဲက ဘယ်သူတွေ သူရဲကောင်းဖြစ်မလဲဆိုတာ



ခန့်မှန်းကြတယ်။ ဖရက်နဲ့ဂျော့တို့ မုတ်ဆိတ်မွေးတွေ ပျောက်ကုန်ပလားဆိုတာလဲ စိတ်ပူနေကြတယ်။

ညနေ သုံးလေးနာရီထိုးတော့ မိုးဖွဲဖွဲ ရွာလာတယ်။ သူတို့က သိပ်နေလို့ ကောင်းတယ်လို့ ထင်တယ် — နွေးထွေးတဲ့ မီးဖိုဘေးထိုင်ပြီး မိုးစက်က ပြတင်းကို အသာရိုက်ခတ်တာ နားထောင်ရင်း ဟက်ဂရစ် သူ့ခြေစွပ်ကို ဖာထေးနေတာ ကြည့်နေတယ်။ ဟာမီးနဲ့လဲ အိမ်မွေးမှင်စာလေးများ ပြဿနာကို ငြင်းခုန်ကြတယ် — အကြောင်းက ဟာမီးဟာ ရင်ထိုးကို ဟက်ဂရစ် ပြလိုက်တာနဲ့ သူက S.P.E.W. ကို ပါဝင်ဖို့ ပြတ်ပြတ်ပဲ ငြင်းလိုက်တယ်။

"ဒါ ၎င်းတို့အဖို့ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး၊ ဟာမီး" သူက တည်ကြည်စွာ ပြောတယ်။ အဝါရောင်ချည် တုတ်တုတ်နဲ့ ကြီးမားတဲ့အရိုးအပ်ပေါက်ထဲ ထိုးလိုက်တယ်။ "၎င်းတို့ရဲ့ မွေးရာပါသတ္တိက လူသားတွေကို ပြုစုဖို့ပါပဲ။ ၎င်းတို့က ဒါကို ကြိုက်နှစ်သက်တယ်။ နားလည်လား။ ၎င်းတို့ကို အလုပ်လုပ်ခိုင်းရင် ၎င်းတို့က ဝမ်းနည်းမှာ။ လုပ်ခပေးခြင်းဟာ ၎င်းတို့ကို စော်ကားရာကျတယ် ထင်တာ"

"ဒါပေမယ့် ဟယ်ရီက ဒေါ့ဘီကို လွတ်မြောက်အောင် လုပ်ပေးလိုက်တယ်။ ဒေါ့ဘီ ဘယ်လောက် ဝမ်းသာသလဲ" ဟာမီးက ပြောတယ်။ "အခု သူက သူ့ကို လုပ်ခပေးဖို့ တောင်းဆိုနေတယ်လို့ ကြားတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သတ္တဝါတိုင်းမှာ လူတစ်မျိုးရှိတာပဲ။ ထူးခြားတဲ့ မှင်စာလေး တချို့တလေ လွတ်လပ်ခွင့် ရချင်တာ ကျုပ် မငြင်းပါဘူး။ ဒါပေမယ့် မှင်စာလေးအများစုကို လွတ်လပ်ခွင့် တောင်းဆိုအောင် နားချလို့ မရဘူး — တကယ်၊ ဒါမဖြစ်နိုင်ဘူး၊ ဟာမီး"

ဟာမီးက အလွန်စိတ်ဆိုးတယ်။ ရင်ထိုးတံဆိပ်ထည့်တဲ့ ဗူးကို ခြုံထည်ထဲ ထိုးထည့်လိုက်တယ်။

ငါးနာရီခွဲတော့ မိုးလဲချုပ်လာပြီ။ ရွန်၊ ဟယ်ရီနဲ့ဟာမီးတို့ဟာ ရဲတိုက်ပြန်ပြီး ဟောလိုးဝင်းပွဲတော် ညစာစားပွဲတက်ဖို့ အချိန်တန်ပြီလို့ ထင်တယ် — ပိုအရေးကြီးတာက ကျောင်းသူရဲကောင်း ကြေညာတဲ့ အခမ်းအနားတက်ဖို့ ဖြစ်တယ်။

"ကျုပ်လဲ မင်းတို့နဲ့အတူ သွားမယ်" ဟက်ဂရစ်က ပြောရင်း သူ ဖာထေးနေတဲ့အရာကို ချထားလိုက်တယ်။ "ကျုပ်ကို ခဏစောင့်"

www.burmeseclassic.com



ဟက်ဂရစ် မတ်တတ်ရပ်လိုက်တယ်။ ခုတင်ဘေးက အံဆွဲ ဗီရိုဆီ သွားပြီး လှန်လှောရှာနေတယ်။ အစက သူတို့ သိပ်သတိမထားဘူး။ စူးရှတဲ့ အနံ့တစ်မျိုး နှာခေါင်းထဲ ဝင်လာတော့မှ သတိပြုမိတယ်။ ရွန်က ချောင်းဆိုး လာတယ်။ "ဟက်ဂရစ်၊ အဲဒါဘာလဲ"လို့ မေးတယ်။

"ဟင်?" ဟက်ဂရစ် လှည့်လိုက်တယ်။ လက်ထဲမှာ ပုလင်းကြီးတစ် လုံး ကိုင်ထားတယ်။ "မင်းတို့ မကြိုက်ဘူးလား"

"မုတ်ဆိတ်ရိတ်ပြီး လိမ်းတဲ့ အသားရေမွှေးလား" ဟာမီးက အသံ ရှမဝတဲ့ အသံနဲ့ပြောတယ်။

"အင်း— အော်ဒီကလုံး" ဟက်ဂရစ်က ဗလုံးဗထွေး ပြောတယ်။ မျက်နှာကြီး နီလာတယ်။ "ဖျန်းတာသိပ်များလို့ ထင်တယ်" သူက အသံဩဩ နဲ့ ပြောတယ်။ "ကျုပ် သွားဆေးပစ်မယ်၊ ခဏစောင့်. . . ."

သူက အိမ်ကလေးကနေ ခြေလှမ်းလေးလေးနဲ့ ထွက်သွားတယ်။ သူ ဟာ ပြတင်းအပြင်က ရေပုံးထဲမှာ မျက်နှာကို တအားသစ်နေတာ သူတို့မြင် ရတယ်။

"အော်ဒီကလုံး?" ဟာမီးက အံ့ဩစွာ မေးတယ်။ "ဟက်ဂရစ်?"

"ပြီးတော့၊ ဟိုဆံပင်နဲ့ ကုတ်ဝတ်စုံကကော ဘယ်လိုလဲ" ဟယ်ရီက အသံနှိမ့်ပြောတယ်။

"ကြည့်" ရွန်က ရုတ်တရက်ပြောတယ်။ ပြတင်းအပြင်ကို လက်ညှိုး ထိုးပြတယ်။

ဟက်ဂရစ်ဟာ ခါးဆန့်ပြီး ကိုယ်ကိုလှည့်လိုက်ပြီ။ ခုနက သူ မျက်နှာ နီသွားတယ်ဆိုရင်၊ အခု သူ့မျက်နှာပေါ်က အရောင်နဲ့စာရင် ဘာမှတောင် မဟုတ်ဘူး။ ဟယ်ရီ ရွန်နဲ့ဟာမီးဟာ ဟက်ဂရစ်မမြင်အောင် သတိနဲ့ မတ် တတ်ရပ်လိုက်တယ်။ ပြတင်းအပြင်ဘက်ကို တိတ်တိတ် ခိုးကြည့်လိုက်တော့ မဒမ်မက်ဆင်းမ်နဲ့ ဗျူစ်ဘာတန်စ် ကျောင်းသားတွေ မြင်းလှည်းထဲက ထွက်လာ နေတာ မြင်ရတယ်။ ညစာစားပွဲတက်ဖို့ ပြင်ဆင်နေပုံရတယ်။ ဟက်ဂရစ်က ဘာပြောမှန်း သူတို့မကြားရဘူး။ ဒါပေမယ့် သူဟာ မဒမ်မက်ဆင်းမ်နဲ့ စကား ပြောတဲ့အခါမှာ အာရုံတွင် နစ်မြောနေပြီး အကြည့်တွေဟာလဲ ရီဝေနေတယ်။ ၎င်းရဲ့ ဒီလိုအမူအရာကို ဟယ်ရီ တစ်ကြိမ်ပဲ မြင်ခဲ့ဖူးတယ် — အဲဒါ ၎င်းက မွေးကင်းစ နဂါးလေး နော်ဘတ်ကို ကြည့်နေတဲ့အခါက။



"သူက သူမနဲ့အတူ ရဲတိုက်ကို သွားမှာ" ဟာမီးက စိတ်ဆိုးစွာပြော တယ်။ "ငါက သူ ငါတို့ကို စောင့်နေတယ်ထင်တာ"

ဟက်ဂရစ်ဟာ သူ့အိမ်ကလေးကိုတောင် တစ်ချက်မှ လှည့်မကြည့် ဘူး။ လေးပင်တဲ့ ခြေလှမ်းနဲ့ လျှောက်သွားပြီး မဒမ်မက်ဆင်းမ်နဲ့အတူ ကွင်းကို ဖြတ်သွားတယ်။ ဗျူစ်ဘာတန်စ်က ကျောင်းသားတွေ နောက်ကလိုက်သွား တယ်။ အပြေးလေးလိုက်မှ ၎င်းတို့ ခြေလှမ်းကျဲကြီးကို မီတယ်။

"သူ သူမကို ကြိုက်နေပြီ" ရွန်က မယုံနိုင်စရာဘဲ ပြောတယ်။ "အင်း၊ သူတို့ နောင်မှာ ကလေးရှိရင် ကမ္ဘာ့စံချိန်တစ်ခု ချိုးလိမ့်မယ် — သူတို့ ကလေး တစ်ယောက်တစ်ယောက်ကို တစ်တန်လေးမယ်လို့ ငါပြောဝံ့တယ်"

သူတို့ဘာသာ အိမ်ကလေးကထွက်ခဲ့ပြီး တံခါးပိတ်ပေးခဲ့တယ်။ အပြင်မှာ ဒီလောက်မှောင်နေမှန်း မသိဘူး။ သူတို့ဟာ ခြုံထည်ကို ပိုတင်းတင်း ဆွဲပတ်လိုက်တယ်။ မြက်ခင်းကုန်းလျှောလေးအတိုင်း တက်သွားတယ်။

"အိုး၊ သူတို့လာနေပြီ၊ ကြည့်ကြ" ဟာမီးက တိုးတိုးပြောတယ်။

ဒမ်စထရန်က ကိုယ်စားလှယ်အဖွဲ့ဟာ ကန်ဘေးကနေ ရဲတိုက်ဆီ လျှောက်သွားတယ်။ ဗစ်ခတာ-ခရွန်းမ်နဲ့ ခါခါရော့ဖ်တို့ ယှဉ်ပြီး ရှေ့ကလျှောက် သွားတယ်။ ကျန် ဒမ်စထရန် ကျောင်းသားတွေ ကျဲကျဲစွာ နောက်ကလိုက် လာတယ်။ ရွန်က ခရွန်းမ်ကို စိတ်လှုပ်ရှားစွာ ကြည့်နေတယ်။ ဒါပေမယ့် ခရွန်းမ်က ဘယ်မှမကြည့်ဘဲ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဘေးက ဖြတ်ကာ ရှေ့ တံခါးကို ရောက်သွားပြီး ဝင်သွားတယ်။

ဖယောင်းတိုင်မီး ထိန်ထိန်လင်းတဲ့ ခန်းမထဲကို သူတို့ရောက်သွား တော့ အထဲမှာ လူတွေပြည့်သလောက် ရှိနေပြီ။ မီးတောက်ခွက်ကိုလဲ ရွှေ့လာ ပြီ၊ ၎င်းဟာ အခုဆိုရင် လွတ်နေတဲ့ ဒမ်ဘလီဒိုးထိုင်ခုံရှေ့ ဆရာလုပ်သားစားပွဲ ပေါ်ရောက်နေပြီ။ ဖရက်နဲ့ဂျော့ — မေးစေ့တွေ ပြောင်နေပြန်ပြီ — သူတို့ဟာ ၎င်းတို့ ရှုံးနိမ့်ခြင်းကို ကျေကျေနပ်နပ် လက်ခံသွားသလိုပဲ။

"အင်ဂလီနာ ဖြစ်စေချင်တယ်" ဟယ်ရီ၊ ရွန်နဲ့ဟာမီးတို့ ဝင်ထိုင်တော့ ဖရက်က ပြောတယ်။

"ငါလဲပဲ ဒီအတိုင်းတွေးတယ်" ဟာမီးက အသက်အောင့်ပြောတယ်။ "အင်း၊ ငါတို့ မကြာခင် သိရတော့မှာ"

ဟောလိုးဝင်း ညစာစားပွဲဟာ ခါတိုင်းထက် ရှည်ကြာသလိုပဲ။ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်စလုံး ဆက်တိုက် စားပွဲမှီလား မသိဘူး။ ဟယ်ရီဟာ သေချာချက်ပြု ထားတဲ့ စားကောင်းသောက်ဖွယ်တွေကို အခါတိုင်းလို မနှစ်သက်တော့ဘူး ခန်းမထဲမှာ လူတွေဟာ အဆက်မပြတ် လည်ဆန့်ငေးမျှော် ကြည့်ကြည် တယ်၊ မျက်နှာတိုင်းမှာ စိတ်လောတဲ့ အရိပ်အယောင်တွေ့ရတယ်။ အား အေးအေးမနေနိုင်ကြဘူး။ မကြာမကြာ မတ်တတ်ရပ်ပြီး ဒမ်ဘလီဒိုး သောက်ပြီးပြီလားဆိုတာ ကြည့်ကြတယ်။ ဟယ်ရီဟာလဲ သူတို့လိုပဲ ပန်းက ထဲက အစားအစာကို တစ်ခါတည်းစားပစ်ပြီး ဘယ်သူ သူ့ရဲကောင်းဖြစ်မ ဆိုတာ ချက်ချင်းသိချင်နေတယ်။

နောက်ဆုံး ရွှေပန်းကန်ပြားတွေဟာ အစကအတိုင်း ပြောင်လ သွားတယ်။ ခန်းမထဲက အသံဟာ အများကြီးကျယ်လောင်လာတယ်။ ဒီနော ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။ ခန်းမထဲမှာ ချက်ချင်း အသံတိတ်သွာ တယ်။ ဒမ်ဘလီဒိုးဘေးက ပါမောက္ခခါခါရော့ဖ်နဲ့ မဒမ်မက်ဆင်းမ်တို့ အားလုံးလိုလိုပဲ စိတ်လှုပ်ရှားတယ်။ မျှော်လင့်ချက်အပြည့်နဲ့ စောင့်စားနေတယ် လူဒို-ဘက်ဂမင်းဟာ ပြုံးရယ်ပြီး ကျောင်းတိုင်းက ကျောင်းသားတွေကို မျ မှိတ်ပြတယ်။ မစ္စတာခရောက်ချ်ကတော့ သိပ်စိတ်မပါတဲ့ပုံစံနဲ့ နည်းနည်း ငြီး တယ်လို့တောင် ပြောနိုင်တယ်။

"ကောင်းပြီ၊ ခြေတံရှည်ခွက်က အဆုံးအဖြတ် ပေးတော့မယ်" ဒမ်ဘ လီဒိုးက ပြောတယ်။ "တစ်မိနစ် စောင့်ရဦးမယ် ထင်တယ်။ နာမထောင်ကြ သူ့ရဲကောင်းနာမည် ကြေညာပြီးနောက် ၎င်းတို့ဟာ ခန်းမထိပ်ထိ လျှောက်လာ ဆရာလုပ်သားစားပွဲအတိုင်း လျှောက်သွားပြီး ဘေးကအခန်းထဲ ဝင်ပါ —"

သူက ဆရာလုပ်သားစားပွဲနောက်က တံခါးကို လက်ညှိုးထိုးပြတယ်

" — သူတို့ဟာ အဲဒီမှာ ပဏာမညွှန်ကြားချက် ခံယူရမယ်"

သူက မှော်ကြိမ်လုံးကိုထုတ်ပြီး ခပ်ကားကား ဝှေ့လိုက်တယ်။ ချ ချင်းပဲ ရွှေဖရုံသီး မီးအိမ်ထဲက ဖယောင်းတိုင်ကလွဲပြီး ကျန်ဖယောင်းတိုင်ငြ ငြိမ်းကုန်တယ်။ ခန်းမကြီးဟာ ချက်ချင်းပဲ မှောင်တစ်ဝက်အခြေအနေသို့ ရောက်သွားတယ်။ မီးတောက်ခွက်ဟာ အခုဆိုရင် အရောင်တောက်နေတယ် ခန်းမကြီးထဲက အရာအားလုံးထက် လင်းလက်နေတယ်။ မီးပွင့်နေတဲ့ ပြာပြာ မီးတောက်ဟာ မျက်စိကို စူးစေတယ်။ အားလုံးကြည့်နေတယ်။ စော စားနေတယ်. . . . နာရီကို အဆက်မပြတ် ကြည့်နေတယ်. . . .



"လာတော့မယ်" လီ-ဂျော်ဒန်က တိုးတိုးပြောတယ်။ သူနဲ့ ဟယ်ရီ ထိုင်ခုံနှစ်ခုံ ခြားတယ်။

မီးတောက်ခွက်ထဲက မီးဟာ ရုတ်တရက် အနီရောင်ဖြစ်သွားတယ်။ ဖျစ်ဖျစ်မြည်ပြီး မီးပွင့်ထွက်နေတယ်။ ဒီနောက် မီးညွန့်က မိုးပေါ် ထိုးတက် သွားတယ်။ အထဲကနေ မီးကျွမ်းတဲ့ သိုးရေစက္ကူတစ်ရွက် ထွက်လာတယ် — ခန်းမထဲက လူအားလုံး အသက်အောင့်ထားတယ်။

ဒမ်ဘလီဒိုးက အဲဒီ သိုးရေစက္ကူကို ဖမ်းယူလိုက်တယ်။ အမြင့်ကြီး မြှောက်လိုက်တယ်။ ဒါမှ မီးတောက်အလင်းရောင်နဲ့ အပေါ်ကစာကို သူဖတ် နိုင်မှာ။ မီးတောက်ဟာ အခု ဖြူပြာပြာ ပြန်ဖြစ်သွားပြီ။

"ဒမ်စထရန်က သူ့ရဲကောင်းကတော့" သူက ရှင်းလင်းပြတ်သားတဲ့ အသံနဲ့ ပြောတယ်။ "ဗစ်ခတာ-ခရွန်းမ်ဖြစ်ပါတယ်"

"နည်းနည်းမှ အံ့ဩစရာမရှိဘူး" ရွန်က အော်ပြောတယ်။ လက်ခုပ် သံ အော်သံတွေဟာ ခန်းမကြီးထဲ လှိုင်းတံပိုး ထသွားတယ်။ ဗစ်ခတာ-ခရွန်းမ် ဟာ စလေးသရင်းစားပွဲက မတ်တတ်ထပြီး မရွှင်မလန်းနဲ့ ဒမ်ဘလီဒိုးဆီ လျှောက်သွားတာ ဟယ်ရီမြင်တွေ့ရတယ်။ သူက ယာဘက်ကွေ့ချိုးပြီး ဆရာ လုပ်သားစားပွဲခုံအတိုင်း သွားကာ ဟိုတံခါးကနေ ဘေးခန်းထဲ ဝင်သွားတယ်။

"ဘရာဗို၊ ဗစ်ခတာ" ခါခါရော့ဖ်ဟာ အသံကြီးကြီး လေးလေးနဲ့ အော် ပြောတယ်။ ခန်းမထဲမှာ လက်ခုပ်သံ တအားကျယ်ပေမယ့် အားလုံးသူ့အသံ ကို ကြားရတယ်။ "မင်းပဲ သူ့ရဲကောင်းဖြစ်မှာ ငါသိပါတယ်"

လက်ခုပ်သံ၊ စကားပြောသံတွေ တဖြည်းဖြည်း ငြိမ်သက်လာတယ်။ အခု လူတိုင်း မီးတောက်ခွက်ဆီ အာရုံ ပြန်ရောက်လာကြတယ်။ စက္ကန့် အနည်း ငယ်ကြာတော့ မီးညွန့်ဟာ နီလာပြန်တယ်။ ဒုတိယ သိုးရေစက္ကူဟာ မီးညွန့် ထွန်းပို့လိုက်လို့ မီးထဲက ခုန်ထွက်လာတယ်။

"ဗျူစ်ဘာတန်က သူ့ရဲကောင်းကတော့" ဒမ်ဘလီဒိုးက ပြောတယ်၊ "ဖလာအာ-ဒယ်လာခေါ် ဖြစ်ပါတယ်"

"အဲဒါ သူမ၊ ရွန်" ဟယ်ရီက အော်ပြောတယ်။ အဲဒီ ဗီးလာနဲ့ အငွေ့ တူတဲ့ မိန်းကလေးဟာ ကြော့ကြော့လေး မတ်တတ်ရပ်လိုက်တယ်၊ သူ့နဲ့ ငွေရောင်တောက်နေတဲ့ ဆံကေသာကို ခါယမ်းလိုက်ပြီး ရေဝင်ခလေး ဟာဗ် ဆော်စားပွဲကြားက ပေါ့ပါးစွာ ဖြတ်လျှောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ ကြည့်စမ်း၊ သူတို့ အလွန်စိတ်ပျက်နေတယ်" ဟာမီးက အသံဆုလောင်တဲ့ကြားက ပြောတယ်။ ဗျူစ်ဘာတန်စ်က တခြားကိုယ်စားလှယ်တွေဘက် ခေါင်းညိတ်ပြတယ်။ "စိတ်ပျက်တယ်"ဆိုတဲ့ ဝေါဟာရ သိပ်ပေါ့လွန်းတယ်လို့ ဟယ်ရီထင်တယ်။ အရွေးမခံရတဲ့ မိန်းကလေးနှစ်ယောက်ဟာ မျက်ရည်တွေစီးကျပြီး ခေါင်းကို လက်မောင်းထဲ မြှုပ်ကာ ဝမ်းနည်းစွာ ငိုနေတယ်။

ဖလောအာ-ဒယ်လာခေါ်လဲ ဘေးခန်းထဲဝင်သွားတော့ ခန်းမထဲမှာ ငြိမ်သက်သွားပြန်တယ်။ ဒီတစ်ခါ ငြိမ်သက်ခြင်းထဲမှာ အရသာခံကြည့်လို့ရတဲ့ ပြင်းထန်တဲ့ စိတ်ဓာတ်တက်ကြွမှုတွေက ဂနာမငြိမ် ဖြစ်နေတယ်။ ဆက်လက်ပြီး ဟော့ဂ်ဝပ်က သူ့ရဲကောင်းအလှည့် ကျပြီ. . .

ဒီအချိန်မှာ မီးတောက်ခွက်ဟာ နောက်တစ်ကြိမ် နီလာပြန်တယ်။ မီးပွင့်တွေ ပေါက်ထွက်ပြီး မီးညွန့်ဟာ မိုးပေါ်သို့ ထိုးတက်သွားတယ်။ ဒမ်ဘာလီဒိုးဟာ မီးညွန့်ထိပ်ဖျားကနေ တတိယသိုးရေစက္ကူကို ဆွဲထုတ်လိုက်တယ်။

"ဟော့ဂ်ဝပ်က သူ့ရဲကောင်းကတော့" သူက အကျယ်ကြီးပြောတယ်။ "စက်ဒရစ်-ဒစ်ဂိုရီ ဖြစ်ပါတယ်"

"သွားပြီ" ရွန်က အကျယ်ကြီး ပြောတယ်။ ဒါပေမယ့် ဟယ်ရီကလွဲပြီး ဘယ်သူမှ မကြားဘူး။ ဘေးစားပွဲက ဩဘာပေးသံဟာ နားကွဲမတတ်ဘဲ၊ ဟပ်ဖလ်ပတ်ကျောင်းသားတိုင်းဟာ ခုန်ပေါက်နေတယ်။ စူးစူးဝါးဝါး အော်ဟစ်နေတယ်။ ခြေဆောင့်နေတယ်။ ဒီအချိန်မှာ စက်ဒရစ် သူတို့ဘေးက ဖြတ်လျှောက်သွားတယ်။ တောက်ပတဲ့ အပြုံးနဲ့ ဆရာလုပ်သားစားပွဲနောက်က အခန်းဆီ လျှောက်သွားတယ်။ တကယ်ပဲ စက်ဒရစ်ကို ဂုဏ်ပြုဩဘာပေးတာ အကြာကြီးပဲ။ တော်တော်ကြာမှ ဒမ်ဘာလီဒိုးက အားလုံးကို ငြိမ်သက်အောင်လုပ်ပြီး သူစကားပြောတာ နားထောင်စေတယ်။

"သိပ်ကောင်းတယ်" ဆူညံသံတွေ ငြိမ်သက်သွားတော့မှ ဒမ်ဘာလီဒိုးက ပျော်ရွှင်စွာ အကျယ်ကြီးပြောတယ်။ "ကောင်းပြီ၊ အခု ကျွန်ုပ်တို့ သူ့ရဲကောင်း သုံးယောက်စလုံး ရွေးချယ်ပြီးသွားပြီ။ သင်တို့အားလုံးကို လုံးဝယုံကြည်လို့ရမှန်း ကျွန်ုပ်သိတယ်။ ဗျူစ်ဘာတန်စ်နဲ့ ဒမ်စထရန်က ကျန်ကျောင်းသားများအပါအဝင် သင်တို့ဟာ သင်တို့သူ့ရဲကောင်းကို အင်တိုက်အားတိုက် ထောက်ခံလိမ့်မယ်။ သူ့ရဲကောင်းကို အားပေးခြင်းဖြင့် ဒီလှုပ်ရှားမှုအတွက် အများကြီး အကျိုးပြုလိမ့် —"



ဒါပေမယ့် ဒမ်ဘာလီဒိုးဟာ ရုတ်တရက် စကားရပ်သွားတယ်။ ဘာက သူ့စိတ်ကို ဆွဲဆောင်သလဲဆိုတာ အများကလဲ မြင်တယ်။

မီးတောက်ခွက်ထဲက မီးတောက်ဟာ နီလာပြန်တယ်။ မီးဖွားတွေ တဖျစ်ဖျစ် ပန်းထွက်လာတယ်။ မီးညွန့်ရှည်ရှည်ကြီးဟာ ရုတ်တရက် မိုးပေါ် ခုန်တက်သွားတယ်။ သိုးရေစက္ကူတစ်ချပ်ကို ပင့်ထုတ်လိုက်တယ်။

ဒမ်ဘာလီဒိုးဟာ တမင် လက်ကို ဆန့်ထုတ်လိုက်သလိုပဲ။ ဟို သိုးရေစက္ကူကို ဖမ်းထားလိုက်တယ်။ သူက ၎င်းကို အဝေးကြီးမြှောက်ပြီး အပေါ်က စာလုံးကို စိုက်ကြည့်နေတယ်။ အကြာကြီး ငြိမ်သက်နေတယ်။ ဒမ်ဘာလီဒိုးက လက်ထဲက စက္ကူကို စိုက်ကြည့်နေတယ်။ ခန်းမထဲကလူတိုင်း ဒမ်ဘာလီဒိုးကို စိုက်ကြည့်နေကြတယ်။ ဒီနောက် ဒမ်ဘာလီဒိုးက လည်ချောင်းရှင်းလိုက်ပြီး အကျယ်ကြီး အော်ပြောတယ် —

"ဟယ်ရီ-ပေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ သူရဲကောင်း လေးယောက်

ဟယ်ရီဟာ ထိုင်နေရင်းက ခန်းမထဲက လူအားလုံး သူ့ကို လှည့်ကြည့်နေမှန်း သိတယ်။ သူ ငိုင်နေတယ်။ ခေါင်းထဲမှာ ဟာနေတယ်။ သူ အိပ်မက်မက်နေတာပဲ ဖြစ်မယ်။ သူ ခုနက နားကြားလွဲသွားတယ်။

လက်ခုပ်သံ မရှိဘူး။ တအုန်းအုန်းအသံတွေ ခန်းမထဲမှာ ပြည့်လာတယ်။ မရေမတွက်နိုင်တဲ့ ဒေါသထွက်နေတဲ့ပျားတွေ အော်နေသလိုပဲ။ ကျောင်းသားတချို့ မတ်တတ်ရပ်လိုက်တယ်။ ဟယ်ရီ့ကို ပိုရှင်းရှင်း ကြည့်ချင်ကြတယ်။ ဟယ်ရီကတော့ နေရာတွင် တောင့်တောင့်ကြီး ထိုင်နေပြီး ခဲသွားသလိုပဲ။

ပါမောက္ခမက်ဂေါ်နာဂေါ် ဆရာလုပ်သားစားပွဲကနေ မတ်တတ်ရပ်လိုက်တယ်။ လူဒို-ဘက်ဂမင်းနဲ့ ပါမောက္ခခါခါရော့ဖ်ဘေးကဖြတ်ပြီး ပါမောက္ခဒမ်ဘာလီဒိုး နားနားကပ်ပြီး ခပ်သုတ်သုတ် တိုးတိုးပြောနေတယ်။ ဒမ်ဘာလီဒိုးက နားစွင့်နားထောင်တယ်။ မျက်မှောင်အနည်းငယ် ကြုတ်လိုက်တယ်။

ဟယ်ရီက ရွန်နဲ့ဟာမီးကို လှည့်ကြည့်တယ်။ သူတို့နောက်က ဂရစ်ဖင်းဒေါ်စားပွဲ ရှည်ရှည်ကြီးဘေးက ကျောင်းသားအားလုံး ပါးစပ်အဟောင်း



သားနဲ့ မိမိကိုကြည့်နေတာ သူ တွေ့ရတယ်။

"ငါ ငါ့နာမည်ကို မထည့်ဘူး" ဟယ်ရီက ဘာမှန်းမသိဘဲ ပြောတယ်။ "ငါမထည့်ဘူးဆိုတာ နင်တို့ သိတယ်"

သူတို့နှစ်ယောက်လဲ ဘာမှန်းမသိဘူး၊ သူ့ကိုပဲ ငိုင်ကြည့်နေတယ်။

ဆရာလုပ်သားစားပွဲမှာ ပါမောက္ခဒမ်ဘာလီဒိုး ကိုယ်ကိုမတ်လိုက်ပြီး ပါမောက္ခမက်ဂေါ်နာဂေါ်ကို ခေါင်းညိတ်ပြတယ်။

"ဟယ်ရီ-ပေါ်တာ"သူက နောက်ထပ် အကျယ်ကြီး အော်ပြောတယ်။ "ဟယ်ရီ၊ ဒီကိုလာခဲ့ပါ"

"သွားလေ" ဟာမီးက တိုးတိုး တိုက်တွန်းတယ်။ ဟယ်ရီ့ကို အသာလေး တွန်းလိုက်တယ်။

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။ ဝတ်ရုံရှည်ရဲ့အနား နင်းမိပြီး ခလုတ်တိုက်သလို ဖြစ်သွားတယ်။ သူဟာ ဂရစ်ဖင်းဒေါနဲ့ ဟာ့ဖ်ဖတ်စားပွဲကြားက လမ်းအတိုင်း ရှေ့ကိုသွားတယ်။ ဒီလမ်းဟာ အလွန့်အလွန်ရှည်တယ်လို့ သူထင်တယ်။ ဆရာလုပ်သားစားပွဲကို ရောက်ဖို့ခက်လိုက်တာလို့ သူထင်တယ်။ သူဟာ မျက်လုံးရာထောင် သူ့ကိုစိုက်ကြည့်နေတာ ခံစားရတယ်။ မျက်လုံးတိုင်းဟာ မီးအိမ်တစ်ခုလိုပဲ။ တအုန်းအုန်းပြောဆိုသံတွေ ကြာလေကျယ်လေပဲ။ တစ်နာရီတင်းတင်း ပြည့်သွားသလိုပဲ။ ဒါမှ သူ ဒမ်ဘာလီဒိုးနား ရောက်သွားတယ်။ ကျောင်းဆရာအားလုံး သူ့စိုက်ကြည့်နေတယ်လို့ သူခံစားရတယ်။

"ကောင်းပြီ. . . . ဟိုတံခါးထဲ ဝင်သွား၊ ဟယ်ရီ" ဒမ်ဘာလီဒိုးက ပြောတယ်။ သူ့ မျက်နှာပေါ်မှာ အပြုံးမရှိဘူး။

ဟယ်ရီက ဆရာလုပ်သားစားပွဲအတိုင်း လျှောက်သွားတယ်။ ဟက်ဂရစ်က အစွန်ဆုံးမှာ ထိုင်နေတယ်။ သူဟာ ခါတိုင်းလို ဟယ်ရီ့ကို မျက်စိမှိတ်ပြတာ နှုတ်ဆက်တာ မလုပ်ဘူး။ သူ့ကြည့်ရတာ ငိုင်သွားသလိုပဲ။ တခြားလူတွေလိုပဲ ဟယ်ရီဖြတ်သွားတာကို ငိုင်ကြည့်နေတယ်။ ဟယ်ရီက ဟို တံခါးကနေ ခန်းမက ထွက်ခဲ့တယ်။ မိမိ အခန်းလေးတစ်ခန်းထဲ ရောက်လာတာ တွေ့ရတယ်။ နံရံနှစ်ဖက်စလုံးမှာ မှော်ဆရာရုပ်ပုံတွေ ချိတ်ဆွဲထားတယ်။ သူ့ရှေ့က မီးလင်းဖိုထဲမှာ မီး တအားတောက်နေတယ်။

သူဝင်သွားတော့ အရုပ်ကားထဲက မျက်နှာတွေအားလုံး သူ့ကို လှည့်ကြည့်ကြတယ်။ ရှုံ့တွတွ မှော်ဆရာမတစ်ယောက်ဟာ မိမိမှန်ဘောင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ဘွတ်ဖြေပြီး ဘေးကဘောင်ထဲ ဝင်သွားတယ်။ အဲ့ဒီအရှပ်က ပင်လယ်ဖျံကြီး ခုတ်ဆိတ်ထားတဲ့ မော်ဆရာ။ ရှုံ့တွတွ မော်ဆရာမဟာ ၎င်းကို နားနားကပ် အတင်းပြောနေတယ်။

ဗစ်ခတာ-ခရွှန်းမ်၊ စက်ဒရစ်-ဒစ်ဂိုရီနဲ့ ဖလောအာ-ဒယ်လာခေါ်တို့ ဟာ မီးဖိုဘေး ထိုင်နေတယ်။ မီးတောက်အရောင်အောက်မှာ သူတို့ပုံရိပ်ဟာ အ-ပွန်စွဲမက်စေတယ်။ ခရွှန်းမ်က မီးလင်းဖိုစင်ကို မှီနေတယ်။ ခါးကွေးပြီး တစ်းခု စဉ်းစားနေတယ်။ ကျန်နှစ်ယောက်နဲ့ အနည်းငယ် ကွာဟနေတယ်။ စက်ဒရစ်က ကျောပေါ်လက်ပစ်ပြီး ရပ်နေတယ်။ မျက်လုံးက မီးကိုကြည့်နေ တယ်။ ဟယ်ရီဝင်လာတော့ ဖလောအာ-ဒယ်လာခေါ် လှည့်ကြည့်တယ်။ ရေထံ ခွန်လို ငွေရောင်ဆံပင်ရှည်ကို လှုပ်ခါလိုက်တယ်။

"ဘယ်လိုလဲ" သူမက မေးတယ်။ "သူတို့က ကျွန်မတို့ကို ခန်းမထဲ ပြန်ခေါ်လား"

သူမဟာ သူ တစ်ခုခုလာပြောတာ ထင်တယ်။ ဟယ်ရီဟာ ခုနက ဖြစ်ပွားတာအားလုံးကို ဘယ်လို ရှင်းပြရမှန်း မသိဘူး။ သူဟာ အဲ့ဒီမှာရပ်နေပြီး သူရဲကောင်းသုံးယောက်ကို ကြည့်နေတယ်။ သူဟာ သူတို့အားလုံး အလွန်မြင့် တယ်လို့ ရုတ်တရက် ထင်မိတယ်။

နောက်တော့ ခြေသံခပ်ရှုပ်ရှုပ် ပေါ်လာတယ်။ လူဒို-ဘက်ဂမင်း အခန်း ထဲ ဝင်လာတယ်။ သူက ဟယ်ရီ့လက်မောင်းကို ဖမ်းကိုင်ပြီး ရှေ့ကို ဆွဲခေါ် သွားတယ်။

"သိပ်ထူးဆန်းတာပဲ" သူက ဟယ်ရီ့လက်မောင်းကို တအားညှစ် တယ်။ တိုးတိုးရေရွတ်နေတယ်။ "အပြတ်ကို ထူးဆန်းတယ်။ လူကြီးလူကောင်း နှစ်ယောက်. . . . အမျိုးသမီး" သူက မီးဖိုဘေးကိုသွားရင်း ကျန်သုံးယောက်ကို ပြောတယ်။ "ကျုပ် မိတ်ဆက်ပေးပါရစေ — ဒါ မတွေးဝံ့စရာ ဖြစ်ပေမယ့် — ဒါက ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲရဲ့ စတုတ္ထသူရဲကောင်း"

ဗစ်ခတာ-ခရွှန်းမ်က ကိုယ်ကိုမတ်လိုက်တယ်။ ဟယ်ရီ့ကို ခြေဆုံး ခေါင်းဆုံး ကြည့်နေတယ်။ ဇဝှူတာလူ မျက်နှာပေါ်မှာ သုန်မှုန်တဲ့အမူအရာ ဖော်ပြတယ်။ စက်ဒရစ်က ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ သူက ဘက်ဂမင်း ကို ကြည့်လိုက်၊ ဟယ်ရီ့ကိုကြည့်လိုက်နဲ့ မိမိ ဘက်ဂမင်းစကားကို နားကြားမလွဲ ဘူးလို့ ယူဆတယ်။ ဖလောအာ-ဒယ်လာခေါ်ကတော့ ဆံပင်ကို ခါယမ်းရင်း



ပြုံးလိုက်ပြီး ပြောတယ်။ "အော၊ ဒါရယ်စရာ သိပ်ကောင်းတယ်၊ မစ္စတာဘက် ဂမင်း"

"ရယ်စရာ?" ဘက်ဂမင်းက ထပ်ပြောတယ်။ နားမလည်သလိုပဲ၊

"ဟင့်အင်း၊ ဟင့်အင်း၊ မဟုတ်ပါဘူး။ ခုနက ဟယ်ရီ့နာမည် မီး တောက်ခွက်ထဲက ပန်းထွက်လာတယ်"

ခရွှန်းမ်ရဲ့ မျက်ခုံးမွေးထူထူနှစ်တန်း အနည်းငယ် ကြုတ်သွားတယ်၊ စက်ဒရစ်ဟာ အလွန်ယဉ်ကျေးစွာနဲ့ ဘာမှန်းမသိတဲ့အမူအရာ ဖော်ပြတယ်၊ ဖလော်အာက မျက်မှောင်ကြုတ်လိုက်တယ်။

"ဒါ မှားနေပြီ ထင်တယ်" သူမက ဘက်ဂမင်းကို မာနနဲ့ပြောတယ်၊ သူ ပြိုင်ပွဲဝင်လို့ မရဘူး။ သူ အသက် သိပ်ငယ်တယ်"

"ဟုတ်တယ်. . . . တကယ့်ကို အံ့သြစရာပဲ" ဘက်ဂမင်းက မိမိ ပြောင်ချောတဲ့ မေးစေ့ကို ပွတ်ပြီး ဟယ်ရီ့ကို ပြုံးစိစိ ကြည့်နေတယ်။ "ဒါပေမယ့် မင်းတို့လဲ သိပါတယ်။ အသက်အကန့်အသတ်ဆိုတာ လုံခြုံရေး လုပ်ဆောင် မှုအနေနဲ့ ဒီနှစ်မှ စလုပ်တာ။ သူ့နာမည် မီးတောက်ခွက်ထဲက ထွက်လာမှတော့ . . . . ကျုပ်တို့ သဘောက ဒီအခြေအနေရောက်မှတော့ ပွဲဝင်ခါနီးမှ ထွက် ပြေးလို့ မရတော့ဘူးလို့ ကျုပ်ထင်တယ်. . . . စည်းကမ်းထဲမှာ ရေးထားတာ ရှင်းနေတယ်။ သင်လိုက်နာရမယ်. . . . ဟယ်ရီဟာ မိမိတတ်နိုင်သလောက် အစွမ်းကုန် ထုတ်ကြိုးစားရမယ် — "

သူတို့ ကျောဘက်ကတံခါး တွန်းဖွင့်ပြီး လူတစ်အုပ်ဝင်လာတယ်၊ ပါမောက္ခဒမ်ဘယ်လီဒိုး၊ နောက်က ကပ်လိုက်တာက မစ္စတာခရောက်ချ်၊ ပါ မောက္ခခါခါရော့ဖ်၊ မဒမ်မက်ဆင်းမ်၊ ပါမောက္ခမက်ဂေါ်နာဂေါ်နဲ့ ပါမောက္ခ စနိတ်ပ်တို့ ဖြစ်တယ်။ ပါမောက္ခမက်ဂေါ်နာဂေါ် တံခါးမပိတ်ခင်မှာ ခန်းမထဲက ကျောင်းသားရာတချို့ ပြောဆိုနေတဲ့ အုန်းအုန်းသံ ဟယ်ရီကြားရတယ်။

"မဒမ်မက်ဆင်းမ်" ဖလောအာက ချက်ချင်း ပြောတယ်။ သူမ ကျောင်းအုပ်ကြီးဆီ ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားတယ်။ "ဒီကောင်လေးလဲ ယှဉ်ပြိုင်ပွဲပါမယ်လို့ သူတို့က ပြောတယ်"

ဟယ်ရီဟာ မတွေးတတ်အောင်ဖြစ်ပြီး ခေါင်းထဲ ထုံထိုင်းနေပေမယ့် ရင်ထဲမှာ ဒေါသတစ်မျှင် ထသွားတယ်။ ကောင်လေး?

မဒမ်မက်ဆင်းမ်ဟာ မိမိရဲ့ ကြီးမားထွားကျိုင်းတဲ့ကိုယ်ကို မတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ သူမရဲ့ လှပတဲ့ခေါင်းဟာ ဖယောင်းတိုင် အပြည့်ထွန်းထားတဲ့ အခေါ် အလက်မီးဆွဲနဲ့ သွားထိတယ်။ ပိုးနက်အကျီ ဝတ်ဆင်ထားတဲ့ ဧရာမရင်ဘောင်း ကြီးဟာ ပြင်းထန်စွာ နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။

"ဒါ ဘာအဓိပ္ပာယ်လဲ၊ ဒမ်ဘလီဒိုး" သူမက မထိမဲ့မြင် ပြောတယ်။

"ကျုပ်လဲ ဒါသိချင်တယ်၊ ဒမ်ဘလီဒိုး" ပါမောက္ခခါခါရော့ဖ်က မြန်း တယ် — သူ့မျက်နှာပေါ်မှာ အေးစက်စက်အပြုံး ပေါ်နေတယ်။ မျက်လုံးပြူး ပြာမှာ ရေခဲလို အအေးဓာတ် ထွက်နေတယ်။ "ဟော့ဂ်ဝပ်မှာ သူ့ရဲကောင်းနှစ် ယောက် ရှိတယ်? ကျုပ်ကို ဘယ်သူမှ ပြောမထားဘူး၊ အိမ်ရှင်ကျောင်းက သူ့ရဲကောင်းနှစ်ယောက် ပါဝင်နိုင်တယ်လို့ — ဒီစည်းမျဉ်း စည်းကမ်းတွေ ကျုပ် သေချာမဖတ်လို့လား"

သူက ခပ်တိုတိုပဲ ရယ်လိုက်တယ်။ ရယ်သံက အလွန်နားကလော တယ်။

"ဒါ မဖြစ်နိုင်ဘူး" မဒမ်မက်ဆင်းမ်က ပြောတယ်။ သူမရဲ့ လှပတဲ့ ကြောင်ကျောက်တစ်ပုံကြီး ဝတ်ဆင်ထားတဲ့ လက်ကြီးဟာ ဖလောအာရဲ့ ပခုံး ပေါ် တင်ထားတယ်။ "ဟော့ဂ်ဝပ်မှာ သူ့ရဲကောင်းနှစ်ယောက် မရှိသင့်ဘူး ဒါ အလွန်ကို မမျှတဘူး"

"ကျုပ်တို့ မှတ်သားထားသလောက် ခင်ဗျားရဲ့ အသက်စည်းဝိုင်းဟာ အသက်မပြည့်တဲ့ ယှဉ်ပြိုင်သူကို ပယ်ထားတာ ဒမ်ဘလီဒိုး" ခါခါရော့ဖ်က ပြောတယ်။ သူ့မျက်နှာပေါ်မှာ ခုနကလိုပဲ အေးစက်တဲ့အပြုံး ရှိနေတယ်။ မျက် လုံးထဲက အအေးဓာတ်ဟာလဲ ပိုပြင်းလာတယ်။ "နို့မို့ရင် ကျုပ်တို့ကျောင်းက အရွေးခံမယ့်သူ ပိုခေါ်လာမှာ သေချာတယ်"

"ဒီကိစ္စပေါ်တော့ အပြစ်၊ ခါခါရော့ဖ်" စနိတ်ပ်က တိုးတိုးပြောတယ်။ သူ့မျက်လုံး အနက်ထဲမှာ ရန်ငြိုးပါနေတယ်။ "ဒမ်ဘလီဒိုးကို အပြစ်မပြောနဲ့ ပေါ်တာက စည်းမျဉ်းစည်းကမ်း တမင်တကာ ချိုးဖောက်လို့။ သူ ကျောင်း ရောက်ကတဲက ကျောင်းစည်းကမ်းကို အဆက်မပြတ် ချိုးဖောက်နေတာ —"

"ကျေးဇူးတင်ပါတယ်၊ ဆီးဗရတ်စ်" ဒမ်ဘလီဒိုးက ပြတ်ပြတ်ပဲပြော တယ်။ စနိတ်ပ် ပါးစပ်ပိတ်သွားတယ်။ ဒါပေမယ့် သူ့မျက်လုံးဟာ ဖျစ်ခဲ့ ဆံပင်နက်ကိုဖောက်ပြီး သဘောဆိုးတဲ့အရောင် တောက်နေတယ်။

ပါမောက္ခဒမ်ဘလီဒိုးဟာ အခု ဟယ်ရီ့ကို ငုံ့ကြည့်နေတယ်။ ဟယ်ရီ



လဲ သူ့ကို ကြည့်နေတယ်။ လခြမ်းသဏ္ဌာန် မျက်မှန်နောက်မှာ ကွယ်နေ တဲ့အကြည့်ကို အတတ်နိုင်ဆုံး ဖတ်ကြည့်ချင်နေတယ်။

"မင်း မင်းနာမည်ကို မီးတောက်ခွက်ထဲ ထည့်လား၊ ဟယ်ရီ"သူက အေးဆေးစွာမေးတယ်။

"မထည့်ဘူး" ဟယ်ရီက ပြောတယ်။ လူတိုင်း သူ့ကို သေချာကြည့် နေတာ သူရှင်းရှင်း သိနေတယ်။ စနိတ်ပ်ဟာ အမှောင်ထဲမှာ မယုံနိုင်ဘူးဆိုတဲ့ အသံတစ်မျိုး စိတ်မရှည်စွာ ထွက်လာတယ်။

"မင်း အသက် နည်းနည်းကြီးတဲ့ သူငယ်ချင်းကို မင်းအစား နာမည် ကို မီးတောက်ခွက်ထဲ ထည့်ခိုင်းသလား" ပါမောက္ခဒမ်ဘလီဒိုးက စနိတ်ပ်ကို အရေးမစိုက်ဘဲ ဆက်မေးတယ်။

"ဟင့်အင်း" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။

"အား၊ သူလိမ်ပြောနေမှာပဲ" မဒမ်မက်ဆင်းမ်က အကျယ်ကြီး ပြော တယ်။ စနိတ်ပ်က ခေါင်းခါတယ်။ နှုတ်ခမ်းစူထားတယ်။

"သူ အသက်စည်းဝိုင်းကို ကျော်စရာအကြောင်း မရှိဘူး" ပါမောက္ခ မက်ဂေါ်နာဂေါက တင်းတင်းပြောတယ်။ "ကျွန်မ ဒီအချက်ကို ကျွန်မတို့အား လုံး သဘောတူတယ်လို့ ယုံကြည်တယ် —"

"ဒမ်ဘလီဒိုး စည်းဝိုင်းက မှားနေပြီထင်တယ်" မဒမ်မက်ဆင်းမ်က ပြောပြီး ပခုံးတွန့်လိုက်တယ်။

" ဟုတ်တယ်၊ ဒါလဲ ဖြစ်နိုင်တယ်" ဒမ်ဘလီဒိုးက အလွန်ယဉ်ကျေး စွာ ပြောတယ်။

"ဒမ်ဘလီဒိုး၊ ရှင်က ရှင်မမှားဘူးဆိုတာသိရဲ့သားနဲ့" ပါမောက္ခမက် ဂေါ်နာဂေါက စိတ်ဆိုးစွာ ပြောတယ်။ "ဒီလိုပြောတာ သိပ်ကို အဓိပ္ပာယ်မရှိဘူး၊ ဟယ်ရီကိုယ်တိုင် အဲဒီစည်းဝိုင်းကို မကျော်နိုင်ဘူး၊ ပြီးတော့ ပါမောက္ခဒမ်ဘလီ ဒိုး ယုံကြည်သလို၊ ဟယ်ရီလဲ အတန်းကြီးကျောင်းသားကို သူ့အစား ဒီလိုလုပ်ဖို့ မတောင်းဆိုခဲ့ဘူး။ ကျန်လူတွေလဲ ဒါကိုယုံသင့်တယ်လို့ ကျွန်မထင်တယ်"

သူမဟာ အလွန်စိတ်ဆိုးစွာ ပါမောက္ခစနိတ်ပ်ကို ကြည့်လိုက်တယ်။

"မစ္စတာ ခရောက်ချ်. . . . .မစ္စတာ ဘက်ဂမင်း" ခါခါရော့ဖ်က ပြောတယ်၊ သူ့အသံက မျက်နှာလိုမျက်နှာရ ဖြစ်လာပြန်တယ်။ "သင်တို့ နှစ် ယောက်ဟာ ကျွန်ုပ်တို့ရဲ့ —— အင်း —— ယထာဘူတကျတဲ့ ဒိုင်လူကြီးတွေပါ၊

www.burmeseclassic.com

www.burmeseclassic.com



သင်တို့လဲ ဒီကိစ္စဟာ သိပ်ကိုမသင့်တော်ဘူးလို့ ထင်မှာပါ၊ ဟုတ်လား"

ဘက်ဂမင်းက ၎င်းရဲ့ ဝိုင်းစက်စက် ကလေးမျက်နှာကို လက်ကိုင်ပ ဝါနဲ့ သုတ်လိုက်ပြီး မစ္စတာခရောက်ချ်ကို ကြည့်နေတယ်။ မစ္စတာခရောက်ချ်ဟာ မီးဖိုမီးရဲ့အလင်းအပြင်မှာ ရပ်နေတယ်။ ၎င်းရဲ့မျက်နှာတစ်ခြမ်း အမှောင်ထဲ ကျရောက်နေတယ်။ သူဟာ တစ်မျိုးကြီး ဖြစ်နေတယ်။ မျက်နှာတစ်ခြမ်း မည်း နေတာက သူ့ကို အများကြီးအိုပုံ ပေါက်နေစေတယ်။ အရိုးစုနဲ့တောင် နည်း နည်း တူနေတယ်။ ဒါပေမယ့် သူစကားပြောတဲ့အခါမှာ ခါတိုင်းလိုပဲ ခပ်မာမာ ပြောတယ်။

"ကျုပ်တို့ စည်းမျဉ်းစည်းကမ်းကို လိုက်နာရမယ်။ စည်းမျဉ်းထဲမှာ အတိအလင်း သတ်မှတ်ထားတယ်။ မီးတောက်ခွက်ထဲကနေ နာမည်ထွက်လာ တဲ့လူဆိုရင် ယှဉ်ပြိုင်ပွဲမှာ ပါဝင်ရမယ်"

"ဟေး၊ ဘာထိက စည်းမျဉ်းကို မှတ်နေအောင် ကျက်ထားတယ်" ဘက်ဂမင်းက ပြောတယ်။ မျက်နှာပေါ်မှာ ပြုံးပန်းပွင့်သွားတယ်။ ခါခါရော့ဖ် နဲ့ မဒမ်မက်ဆင်းမ်ကို လှည့်ကြည့်တယ်။ ပြဿနာ ကောင်းမွန်စွာ ပြေလည် သွားသလိုပဲ။

"ကျုပ်တို့ ကျန်တဲ့ကျောင်းသားတွေ နာမည်ပြန်သွင်းဖို့ တောင်းဆို တယ်" ခါခါရော့ဖ်က ပြောတယ်။ သူ့အသံဟာ မပျော့ပျောင်းတော့ဘူး။ အပြုံး လဲ ပျောက်သွားပြီ။ မျက်နှာပေါ်က အမူအရာဟာ သိပ်ကြည့်ရဆိုးတယ်။ "ခင် ဗျားတို့ မီးတောက်ခွက်ကို ပြန်ထုတ်ထားပါ။ ကျုပ်တို့ ခွက်ထဲကို နာမည်တွေ အဆက်မပြတ် ထည့်မယ်။ ကျောင်းတစ်ကျောင်းကို သူ့ရဲကောင်းနှစ်ယောက် ပေါ်ပေါက်တဲ့အထိ ထည့်မယ်။ ဒါမှ တရားမျှတတာ ဒမ်ဘလီဒိုး"

"ဒါပေမယ့် ခါခါရော့ဖ်၊ ဒါ မဖြစ်ဘူးထင်တယ်" ဘက်ဂမင်းက ပြော တယ်။ "မီးတောက်ခွက် ခုလေးတင် ငြိမ်းသွားပြီ — နောက်တစ်ကြိမ် ယှဉ်ပြိုင် ပွဲကျမှ ပြန်တောက်လောင်မှာ —"

"— နောက်တစ်ကြိမ် ယှဉ်ပြိုင်ပွဲ၊ ဒမ်စထရန်က ဘယ်နည်းနဲ့မှ မပါ ဝင်ဘူး" ခါခါရော့ဖ် ဒေါသပုန်ထနေတယ်။ "ကျုပ်တို့ အစည်းအဝေးတွေ အများ ကြီးလုပ်တယ်။ ဆွေးနွေးညှိနှိုင်းတာတွေ လုပ်တယ်။ ဒီလိုကိစ္စမျိုးဖြစ်မယ်လို့ မထင်ခဲ့ဘူး။ ကျုပ်အခုတောင် ပြန်ချင်တယ်"

"ဟန်လုပ်ပြီး ခြိမ်းခြောက်နေတာ၊ ခါခါရော့ဖ်" တံခါးနားဆီက အသံ



ခစ်သံက အော်ဟောက်တယ်။ "မင်းအခု မင်းသူ့ရဲကောင်းကို ခွဲခွာလို့မရဘူး၊ သူပြိုင်ပွဲဝင်ရမယ်။ သူတို့အားလုံး ပြိုင်ပွဲဝင်ရမယ်။ ဒမ်ဘလီဒိုးပြောသလိုပဲ၊ ဒါဟာ မှော်စာချုပ်နဲ့ ချုပ်ဆိုထားတာ။ ဒါ မင်းအတွက် အကျိုးရှိတယ် ဟုတ် လား"

မူးဒီဟာ အခန်းထဲဝင်လာရုံ ရှိသေးတယ်။ သူက ထော့နဲ့ထော့နဲ့ နဲ့ မီးဖိုဆီ လျှောက်သွားတယ်။ ညာခြေထောက် ကြမ်းပေါ်ချတိုင်း အလွန်မြည်တဲ့ ဘိုက်ခတ်သံ ကြားရတယ်။

"အကျိုးရှိတယ်?" ခါခါရော့ဖ်က ပြောတယ်။ "ကျုပ် ခင်ဗျား အဓိပ္ပာယ်ကို နားမလည်ဘူးထင်တယ်၊ မူးဒီ"

သူဟာ သူပြောတဲ့စကားကို သိပ်အလေးမထားတဲ့ပုံ ပေါ်စေချင် တယ်။ မူးဒီစကားကို အရေးမလုပ်တဲ့ပုံ ပြချင်တယ်။ ဒါပေမယ့် သူ့လက်နှစ် ဖက်က သူ့စိတ်ကို ဖော်ပြနေတယ်။ လက်နှစ်ဖက်ဟာ အလိုအလျောက် လက် သီးဆုပ်မိလျက်သား ဖြစ်နေတယ်။

"ဟုတ်လား" မူးဒီက တိုးတိုးပြောတယ်။ "ဒါ ရှင်းရှင်းလေးပါ ခါခါ ရော့ဖ်။ တစ်ယောက်ယောက်က ပေါ်တာ့နာမည်ကို ဟိုခြေတံရှည်ခွက်ထဲ ထည့် လိုက်တယ်။ နာမည် မီးတောက်ထဲက ပန်းထုတ်လိုက်ရင် ပေါ်တာ ပြိုင်ပွဲဝင် ရမယ်ဆိုတာ ၎င်းကသိတယ်"

"ရှင်းနေတာက အဲ့ဒီလူဟာ ဟော့ဂ်ဝပ်ကို အခွင့်အရေးနှစ်ကြိမ် ပေး ချင်တာ" မဒမ်မက်ဆင်းမ်က ပြောတယ်။

"ကျုပ် ခင်ဗျားပြောတာ သဘောတူတယ်။ မဒမ်မက်ဆင်းမ်" ခါခါ ရော့ဖ်က ပြောရင်း သူမကို ဦးညွှတ်အလေးပြုလိုက်တယ်။ "ကျုပ် မှော်ဝန်ကြီး ဌာနနဲ့ အပြည်ပြည်ဆိုင်ရာ မှော်ဆရာများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို တိုင်ကြားမယ် —"

"တကယ်လို့ မကျေမနပ် ဖြစ်သင့်တယ်ဆိုရင် အဲဒါ ပေါ်တာပဲ" မူးဒီ က အသံကြမ်းကြမ်းနဲ့ ပြောတယ်။ "ဒါပေမယ့် . . . ထူးဆန်းတာက သူ တစ် လုံးမှ ပြောတာ မကြားရဘူး. . . ."

"သူက ဘာဖြစ်လို့ မကျေနပ်ရမှာလဲ" ဖလောအာ-ဒယ်လာခေါ်ရ မနေနိုင်ဘဲ မေးတယ်။ ခြေထောက်ဆောင့်လိုက်သေးတယ်။ "သူပြိုင်ပွဲဝင်ခွင့် ရသွားတယ်၊ ဟုတ်တယ်မဟုတ်လား ရက်သတ္တပတ်ပေါင်းများစွာ ကျွန်မတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



အရွေးခံရဖို့ မျှော်လင့်ခဲ့ရတယ်။ ကိုယ့်ကျောင်းအတွက် ဂုဏ်ယူချင်တယ်။ ပြီးတော့ ဆုငွေဂါလီယံတစ်ထောင်လဲ ရဦးမှာ — အခွင့်အရေးဟာ လူအများကြီး အိပ်မက်ထဲမှာတောင် ရချင်တာ"

"ဒီအတွက် ပေါ်တာအသက် ပျောက်စေချင်တဲ့လူလဲ ရှိနိုင်တယ်" မူးဒီက ပြောတယ်။ အော်ဟစ်တဲ့လေသံ အနည်းငယ် ပါနေတယ်။

သူစကားပြောပြီးနောက် အလွန့်အလွန် စိတ်တင်းကြပ်တဲ့ ငြိမ်သက်ခြင်း၊ လူဒို-ဘက်ဂမင်းဟာ အလွန်စိတ်ပူပုံ ပေါ်နေတယ်။ သူ့ကိုယ်ခန္ဓာဟာ ပူပင်စွာ အထက်အောက် လှုပ်နေတယ်။ သူက ပြောတယ်။ "မူးဒီ ငနဲကြီး. . . ဘာဖြစ်လို့ ဒီစကားမျိုး ပြောတာလဲ"

"ကျုပ်တို့အားလုံး သိတဲ့အတိုင်းပဲ၊ ပါမောက္ခမူးဒီဟာ နေ့လယ်ထမင်းစားချိန်မတိုင်မီ သူ့ကို လုပ်ကြံမယ့်သူ ခြောက်ယောက် မဖော်ထုတ်နိုင်ခဲ့ရင် အဲဒီနံနက်ခင်းဟာ အလကားဖြစ်သွားပြီထင်တာ" ခါခါရော့ဖ်က အကျယ်ကြီး ပြောတယ်။ "ထင်ရှားတာက သူ အခု သူ့တပည့်ကို ယုန်ထင်ကြောင်ထင်ဖြစ်အောင် သင်ပေးနေတယ်။ မိမိကို လုပ်ကြံမယ့်သူ ရှိတယ်ချည်း ထင်နေတယ်။ မှော်နက်ပညာကာကွယ်တဲ့ အတတ်သင်တဲ့ ဆရာတစ်ယောက်အနေနဲ့ ဒီလို အရည်အသွေးမျိုး မမြင်ဖူးပါဘူး။ ဒမ်ဘလီဒိုး။ ဒါပေမယ့် သံသယရှိစရာ မလိုတာ ခင်ဗျားမှာ ခင်ဗျားစဉ်းစားချက် ရှိလိမ့်မယ်"

"ဘာလဲ၊ ကျုပ်က လုပ်ကြံပြောနေတာ?" မူးဒီက ဒေါသနဲ့ အော်ဟစ်တယ်။ "ကျုပ်မှာ ခံစားချက်ရှိနေတယ်။ ဟင်? ဒီကလေးရဲ့နာမည်ကို ခြေတံရှည်ခွက်ထဲ ထည့်တဲ့လူဟာ ကျွမ်းကျင်တဲ့ မှော်ဆရာမ သို့မဟုတ် မှော်ဆရာပဲ ဖြစ်ရမယ်. . . ."

"အော၊ ရှင် ဒါနဲ့ပတ်သက်ပြီး ဘာသက်သေရှိလဲ" မဒမ်မက်ဆင်းမ်က လက်ကြီးနှစ်ချောင်းကို မြှောက်ပြီး မေးတယ်။

"အကြောင်းက ၎င်းတို့ဟာ ပညာအလွန်မြင့်မားတဲ့ မှော်ပစ္စည်းတစ်ခုကို လိမ်ညာနိုင်လို့" မူးဒီက ပြောတယ်။ "အဲဒီခြေတံရှည်ခွက်ကို ကျောင်းသုံးကျောင်းသား ယှဉ်ပြိုင်ပွဲဝင်မှာကို မေ့သွားအောင် လိမ်ညာဖို့ဆိုတာ အထူးပြင်းထန်တဲ့ ရှုပ်ထွေးကျိန်စာလိုတယ်. . . . ကျုပ်အထင်တော့ သူတို့ဟာ ပေါ်တာနာမည်ကို စတုတ္ထကျောင်းက ကျောင်းသားနာမည်လုပ်ပြီး စာရင်းသွင်းလိုက်တာ။ ဒါမှ သူဟာ အဲဒီကျောင်းက တစ်ယောက်တည်းသော ရွေးချယ်ခံရသူ



ဖြစ်မှာ. . . ."

"ခင်ဗျား ဒီကိစ္စပေါ်မှာ တော်တော်စဉ်းစားထားတယ် ထင်တယ် မူးဒီ" ခါခါရော့ဖ်က အေးစက်စက်ပြောတယ်။ "ဒါဟာ အလွန့်ကို သစ်ဆန်းတဲ့ သဘောတရားပဲ — ဒါပေမယ့် ဒီလိုပဲဖြစ်လိမ့်မယ်။ ခင်ဗျား ခုတလောမှာ ခေါင်းထဲမှာ ထူးဆန်းတဲ့အတွေးတွေ ပေါ်လာတယ်လို့ ကျုပ်ကြားတယ်။ ခင်ဗျားရတဲ့ မွေးနေ့လက်ဆောင်တစ်ခုထဲမှာ သေချာဖုံးကွယ်ထားတဲ့ မြွေဥတစ်မျိုး ပါတယ် ထင်ပြီး ၎င်းကို တွေ့မနေဘဲ ထုခွဲပစ်လိုက်တာ၊ နောက်မှ ခရီးဆောင် နှိုးစက်နာရီမှန်း သိရတယ်ဆို။ ဒါကြောင့် တကယ်လို့ ကျုပ်တို့ ခင်ဗျားစကားကို လုံးဝမယုံဘူးဆိုရင်လဲ ခင်ဗျားနားလည်ပေး. . . ."

"တကယ်ပဲ ရိုးရိုးအန္တရာယ်မရှိတဲ့ လှုပ်ရှားမှုကို အသုံးချပြီး ၎င်းတို့ရဲ့ ရည်ရွယ်ချက်ရောက်အောင် လုပ်တဲ့လူ ရှိနေတယ်" မူးဒီက ခြိမ်းခြောက်တဲ့လေသံနဲ့ ပြန်ချေပတယ်။ "ကျုပ်အလုပ်ကတော့ မှော်နက်မှော်ဆရာတွေရဲ့ အတွေးအတိုင်း ပြဿနာကို စဉ်းစားတာပဲ၊ ခါခါရော့ဖ် — မင်း မမေ့သင့်ဘူး ထင်တယ် . . . ."

"အလတ်စတာ" ဒမ်ဘလီဒိုးက သတိပေးတယ်။ ဟယ်ရီဟာ သူ ဘယ်သူ့ကို ပြောသလဲဆိုတာ မသိဘဲဖြစ်နေတယ်။ ဒီနောက် သိသွားတယ်။ "အရူးမျက်လုံး"ဆိုတာ မူးဒီရဲ့ နာမည်ရင်း မဖြစ်နိုင်ဘူး။ မူးဒီ ငြိမ်နေတယ်။ ဒါပေမယ့် ခါခါရော့ဖ်ကို ချေပရလို့ ကျေနပ်စွာ အကဲခတ်နေတယ် — ခါခါရော့ဖ် မျက်နှာဟာ မီးလောင်သလို နီရဲနေတယ်။

"ဒီအခြေအနေ ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာ ကျွန်ုပ်တို့ မသိဘူး" ဒမ်ဘလီဒိုးက အခန်းထဲစုနေတဲ့ လူတိုင်းကို ပြောတယ်။ "ဒါပေမယ့် ကျွန်ုပ်အမြင်အရ၊ ကျွန်ုပ်တို့ ၎င်းကို လက်ခံဖို့အပြင် ရွေးချယ်စရာမရှိဘူး။ စက်ဒရစ်နဲ့ ဟယ်ရီတို့ဟာ ယှဉ်ပြိုင်ပွဲပါဝင်ဖို့ အရွေးခံရတယ်။ ဒါကြောင့် သူတို့ဟာ. . . ."

"အား၊ ဒါပေမယ့် ဒမ်ဘလီဒိုး — "

"ချစ်လှစွာသော မဒမ်မက်ဆင်းမ်၊ သင့်မှာ တခြား ဖြေရှင်းနည်းရှိရင် ကျွန်ုပ်သေချာနားထောင်ပါ့မယ်"

ဒမ်ဘလီဒိုးက စောင့်နေတယ်။ သို့ပေမယ့် မဒမ်မက်ဆင်းမ် စကားမပြောဘူး။ သူမဟာ စိတ်ဆိုးဆိုးနဲ့ မျက်စောင်းထိုးတယ်။ ပြီးတော့ မကျေမနပ်ပုံကို သူမတစ်ယောက်တည်း ဖော်ပြတာမဟုတ်ဘူး။ စနိတ်ပ်ဟာလဲ စိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ခါခါရော့ဖ်မျက်နှာကြီး မည်းနေတယ်။ ဒါပေမယ့် ဘက်ဂမင်းက တော့ အလွန်စိတ်ခတ်တက်ကြွပုံ ပေါ်တယ်။

"ကောင်းပြီ၊ ကျုပ်တို့ ဆက်လုပ်ကြမလား" ဘက်ဂမင်းက ပြောတယ်။ လက်ချင်းပွတ်လိုက်ပြီး အခန်းထဲကလူတွေကို ရယ်ကျဲကျဲနဲ့ ကြည့်နေတယ်။ "ကျွန်ုပ်တို့ သူ့ရဲကောင်းတွေကို ညွှန်ကြားရမယ်၊ ဟုတ်လား။ ဘာထီ၊ ခင်ဗျား လာပြောပါ"

မစ္စတာခရောက်ချ်ဟာ အိပ်မက်ထဲက ရုတ်တရက် လန့်နိုးသလိုပဲ။

"ကောင်းပြီ၊ သူက ပြောတယ်၊ ညွှန်ကြားရမယ်။ ဟုတ်တယ်။ ပထမ ကဏ္ဍ. . . ."

သူဟာ ရှေ့ကို နည်းနည်းလျှောက်လိုက်တယ်။ မီးဖိုမီးအလင်းရောင် ထဲ ဝင်လိုက်တယ်။ ဟယ်ရီဟာ နီးရာက ကြည့်လိုက်တော့ သူနေလို့ မကောင်း သလိုဘဲ။ မျက်လုံးအောက်မှာ မည်းနေတယ်။ ပါးရေတွန့်တဲ့အသားဟာ ဖြူဖျော့ မှ စက္ကူလို ဖြူဖွေးနေတယ်။ ခွေဒစ်ကမ္ဘာ့ဖလားပွဲတုန်းက သူ ဒီပုံစံ မဟုတ်ဘူး။

"ပထမကဏ္ဍကတော့ မင်းတို့သတ္တိကို စမ်းသပ်ဖို့ပဲ" သူက ဟယ်ရီ စက်ဒရစ်၊ ဖလေအာနဲ့ ခရွန်းမ်ကို ပြောတယ်။ "ဒါကြောင့် ဘာဆိုတာ မင်းတို့ ကို ပြောမပြဘူး။ မသိတဲ့အကြောင်းအရာကို ရင်ဆိုင်ဝံ့တာဟာ မှော်ဆရာရဲ့ အရေးကြီးတဲ့ အရည်အသွေးဖြစ်တယ်. . . . အလွန့်ကို အရေးကြီးတယ်၊

"ပထမကဏ္ဍကို နိုဝင်ဘာလ ၂၄-ရက်နေ့မှာ ပြုလုပ်မယ်။ ကျောင်း ကျောင်းသားများနဲ့ ဒိုင်လူကြီးအဖွဲ့ရှေ့မှာ ပြီးမြောက်စေရမယ်။

"ပြိုင်ပွဲကဏ္ဍကို ပြီးမြောက်အောင်လုပ်တဲ့နေရာမှာ သူ့ရဲကောင်းတွေ ကျွန်ဆရာများရဲ့ အကူအညီကို ဘာမှ တောင်းခံခွင့်မရှိဘူး။ သူ့ရဲကောင်းတွေ ပထမဆုံးအကြိမ် စိန်ခေါ်မှုကို ရင်ဆိုင်တဲ့အခါမှာ လက်ထဲမှာရှိရမယ့် လက် နက်တစ်ခုတည်းကတော့ မိမိရဲ့မှော်ကြိမ်လုံးပဲ ဖြစ်မယ်။ ပထမကဏ္ဍ ပြီးဆုံး ပြီးနောက်မှာ ၎င်းတို့ဟာ ဒုတိယကဏ္ဍ အခြေအနေကို သိရှိရမယ်။ ပြိုင်ပွဲ တောင်းဆိုမှု အလွန်မြင့်မားပြီး အချိန်ကလဲ အလွန်ရှည်တဲ့အတွက် သူ့ရဲ ကောင်းတွေဟာ ကျောင်းနှစ်ကုန် စာမေးပွဲကို ဝင်ဖြေစရာ မလိုဘူး"

မစ္စတာခရောက်ချ်ဟာ ဒမ်ဘာလီဒိုးကို လှည့်ကြည့်နေတယ်။

"ကျုပ် ဒီလောက်ပဲပြောမယ်နော်၊ အော်ဘတ်စ်"

"ဟုတ်ကဲ့" ဒမ်ဘာလီဒိုးက ပြောတယ်။ မစ္စတာခရောက်ချ်ကို နည်း



နည်းစိုးရိမ်စွာ ကြည့်နေတယ်။ "ခင်ဗျား ဒီည ဟော့ဂ်ဝပ်မှာ တကယ်ပဲ မနေ ဘူးလား၊ ဘာထီ"

"ဟုတ်တယ်၊ ဒမ်ဘာလီဒိုး၊ ကျုပ် ဌာနပြန်မှဖြစ်မယ်" မစ္စတာ ခရောက်ချ် က ပြောမယ်။ "လက်ရှိအချိန်ဟာ အလုပ်များပြီး အလွန်ခက်ခဲတဲ့အချိန်. . . . ကျုပ်က လူငယ် ဝဲသားဘီကို ယာယီတာဝန်ယူခိုင်းထားတယ်. . . . သူ သိပ် ဘက်ကြွတယ်. . . . အမှန်အတိုင်း ပြောရရင်၊ တက်ကြွလွန်းနေတယ်. . . ."

"ဒါဆို တစ်ခွက်လောက်သောက်ပြီးမှ သွားပါလား" ဒမ်ဘာလီဒိုးက ပြောတယ်။

"ဒါဆို ဘာထီ၊ ကျုပ် ဒီမှာပဲ နေရစ်ခဲ့မယ်" ဘက်ဂမင်းက ပျော်ပျော် ပဲ ပြောတယ်။ "ဒါအားလုံး ဟော့ဂ်ဝပ်မှာ ဖြစ်ပွားခဲ့ပြီ။ ဟုတ်တယ်နော်၊ ဒီနေရာ က ရုံးခန်းထက် ပျော်စရာကောင်းတယ်"

"ကျုပ် သဘောမတူဘူး၊ လူဒို" ခရောက်ချ်က ပြောတယ်။ ခါတိုင်း လိုပဲ စိတ်မရှည်တဲ့လေသံနဲ့။

"ပါမောက္ခခါခါရော့ဖ် — မဒမ်မက်ဆင်းမ် — အိပ်ခါနီး တစ်ခုခု သောက်ပါဦး" ဒမ်ဘာလီဒိုးက ပြောတယ်။

သို့ပေမယ့် မဒမ်မက်ဆင်းမ်ဟာ လက်မောင်းနဲ့ ဖလေအာပခုံးကို သိုင်းပြီး သူမကိုခေါ်ကာ အခန်းက အလျင်အမြန် ထွက်သွားတယ်။ သူမတို့ ခန်းမဆီ လျှောက်သွားတဲ့အခါမှာ ပြင်သစ်စကားနဲ့ အမြန်ပြောဆိုသွားတာ ဟယ်ရီကြားရတယ်။ ခါခါရော့ဖ်က ခရွန်းမ်ကို ခေါ်လိုက်တယ်။ သူတို့လဲ တစ် ခွန်းမှ မပြောတော့ဘဲ ထွက်သွားတယ်။

"ဟယ်ရီ၊ စက်ဒရစ်။ မင်းတို့ ပြန်အိပ်ကြတော့" ဒမ်ဘာလီဒိုးက ပြော တယ်။ သူတို့နှစ်ယောက်ကို ပြုံးပြီးကြည့်နေတယ်။ "ဂရစ်ဖင်းဒေါနဲ့ ဟော့ဖ်ဖတ် က ကျောင်းသားတွေ ဂုဏ်ပြုဖို့ မင်းတို့ကို စောင့်နေတယ်လို့ ကျုပ်ယုံကြည် တယ်။ သူတို့ဟာ ပျော်ဖို့ဆူဖို့ အခွင့်အရေးကို လွယ်လွယ်နဲ့ရတာ မဟုတ်ဘူး၊ ဒီအခွင့်အရေးကို ဖျက်ဆီးဖို့ တကယ့်ကို မသင့်ဘူး"

ဟယ်ရီက စက်ဒရစ်ကို ကြည့်တယ်။ စက်ဒရစ်က ခေါင်းညိတ်တယ်၊ နှစ်ယောက်သား အခန်းက အတူတကွ ထွက်ခဲ့ကြတယ်။

ခန်းမထဲမှာ အခု ဘယ်သူမှမရှိဘူး။ ဖယောင်းတိုင်မီးတွေနဲ့လဲ သေး သေးပဲ ရှိတော့တယ်။ ဒါကြောင့် ရွှေဖရုံသီးမီးအိမ်က သွားဖြဲရယ်တဲ့ပုံဟာ မီး

www.burmeseclassic.com

www.burmeseclassic.com



ခေရာင်တလှုပ်လှုပ်မှာ လျှို့ဝှက်ဆန်းကြယ်နေတယ်။

"ဒီလိုဆိုတော့" စက်ဒရစ်က ကြိုးစားပြုံးပြီး ပြောတယ်။ "ငါတို့ မြို့ဘက်ဖြစ်ပြန်ပြီ"

"ဟုတ်တယ်ထင်တယ်" ဟယ်ရီက ပြောတယ်။ သူဘာပြောရမှန်း မသိဘူး။ သူ့ခေါင်းထဲမှာ ရှုပ်ထွေးနေသလိုပဲ။ ခေါင်းတစ်ခုလုံး ပြောင်နေအောင် လုယူခံရသလိုပဲ။

"ဒါဆိုရင်. . . . ငါ့ကိုပြောပြ. . . ." စက်ဒရစ်က ပြောတယ် — ဒီအချိန်မှာ သူတို့ တံခါးအဝင်ခန်းကို ရောက်လာပြီ။ မီးတောက်ခွက် မရှိတော့ဘူး။ မီးတုတ်အလင်းရောင်ပဲ ရှိတယ်။ "မင်းနာမည်ကို မင်း ဘယ်လိုလုပ် ထည့်လိုက်တာလဲ"

"ငါ မထည့်ဘူး" ဟယ်ရီက ပြောတယ်။ သူ့ကို မော့ကြည့်နေတယ်။ "ငါ မထည့်ဘူး။ ငါ အမှန်အတိုင်းပြောတာ"

"အင်း. . . . ကောင်းပြီ" စက်ဒရစ်က ပြောတယ် — စက်ဒရစ်က သူ့ကို မယုံဘူးဆိုတာ ဟယ်ရီသိတယ်။ "ကောင်းပြီ. . . . ဒါဆို နောက်မှတွေ့မယ်"

စက်ဒရစ်ဟာ မာဘော်ကျောက်လှေကားပေါ် မတက်ဘူး။ လှေကားယာဘက်က တံခါးတစ်ခုဆီ သွားတယ်။ ဟယ်ရီဟာ နေရာတွင်ရပ်ပြီး တံခါးအပြင်ဘက်က ကျောက်လှေကားထစ်ကို ရင်းဆင်းသွားတာ နားထောင်နေတယ်။ ဒီနောက်မှ မာဘော်ကျောက်လှေကားပေါ်ကို ဖြည်းဖြည်းလျှောက်သွားတယ်။

ရွန်နဲ့ဟာမီးအပြင် ဘယ်သူများ သူ့ကို ယုံနိုင်ဦးမှာလဲ။ အားလုံးက သူကိုယ်တိုင် ယှဉ်ပြိုင်ပွဲကို နာမည်ပေးသွင်းတာလို့ ထင်နေကြလား။ ဒါပေမယ့် သူတို့ဘာဖြစ်လို့ ဒီလိုတွေးရတာလဲ။ သူနဲ့ ယှဉ်ပြိုင်မယ့်သူတွေဟာ သူ့ထက် မှော်ပညာသုံးနှစ် ပိုသင်ယူထားကြတာ သိဖို့ကောင်းတယ် — သူရင်ဆိုင်ရမယ့် ကဏ္ဍတွေဟာ ကြားရတာ အလွန်အန္တရာယ်ကြီးတဲ့အပြင်၊ လူ ရာအချို့ရှေ့မှာ ပြုလုပ်ရမှာဆိုတာ သိဖို့ကောင်းတယ်။ ဟုတ်တယ်၊ သူ ဒါကိုတွေးကြည့်ခဲ့ဖူးတယ်. . . . စိတ်ကူးယဉ်ဖူးတယ်. . . . ဒါပေမယ့် အဲဒါ အပျော်သဘောပါပဲ။ ထွေရာလေးပါး တွေးတာပါပဲ။ နေ့ခင်းကြောင်တောင် အိပ်မက်မျှသာပဲ. . . . သူဟာ ဘယ်တုန်းကမှ တကယ် အတည်ပါဝင်ဖို့ မစဉ်းစားခဲ့ဘူး. . . .



သို့ပေမယ့် ဒါကို စဉ်းစားတဲ့လူရှိတယ်. . . . သူ့ကို ပြိုင်ပွဲဝင်စေလိုတဲ့လူရှိတယ်။ ပြီးတော့ သူ့ကို အရွေးခံရအောင်လဲ လုပ်နိုင်တယ်။ ဘာဖြစ်လို့လဲ။ သူ့ကို သိပ်အကျိုးရှိအောင်လား။ ဘာ့ကြောင့်မှန်း မသိဘူး။ သူကတော့ ဒီလို မထင်ဘူး. . . .

ဒါဆို သူ့ကို အရှက်ကွဲစေချင်လို့? ဒါဆိုရင် သူတို့ ဖြစ်စေချင်သလို ဖြစ်လိမ့်မယ်. . . .

သူ့အသက်ကို လိုချင်တာဆိုရင်တော့. . . . ?

မူးဒီဟာ တယူသန်ရောဂါ ထနေပြန်ပြီလား။ တစ်ယောက်ယောက်က နောက်ချင်ပြောင်ချင်တာနဲ့၊ ဟယ်ရီ့နာမည်ကို ခြေတံရှည်ခွက်ထဲ ထည့်လိုက်တာလား။ သူ့ကို သေစေချင်တဲ့လူ တကယ်ပဲ ရှိသလား။

ဟယ်ရီဟာ ဒီမေးခွန်းကို ချက်ချင်းမဖြေနိုင်ဘူး။ ဟုတ်တယ်၊ တကယ်ပဲ သူ့ကို သေစေချင်တဲ့လူ ရှိတယ်။ သူ့အသက် တစ်နှစ်အရွယ်ကတည်းက သူ့ကို သေစေချင်တဲ့လူ ရှိတယ်. . . . အဲဒါ ဗိုလ်ဒီမော့။ ဒါပေမယ့် ဗိုလ်ဒီမော့ဟာ ဟယ်ရီ့နာမည်ကို မီးတောက်ခွက်ထဲ ထည့်နိုင်အောင် ဘယ်လိုလုပ်နိုင်မလဲ။ ဗိုလ်ဒီမော့ဟာ အဝေးကြီး။ ဝေးလံတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပုန်းလျှိုးနေတယ်။ သူတစ်ယောက်ထဲ. . . . အားအင်ချည့်နဲ့ပြီး အာဏာပါဝါလဲ မရှိဘူး. . . .

ဒါပေမယ့် သူမက်ခဲ့တဲ့ အိပ်မက်ထဲမှာ၊ သူနိုးလာတော့ အမာရွတ်နာကျင်တဲ့ အိပ်မက်ထဲမှာ ဗိုလ်ဒီမော့ဟာ သူတစ်ယောက်ထဲ မဟုတ်ဘူး. . . . သူဟာ ပိုးကောင်အမြီးနဲ့ စကားပြောနေတယ်. . . . ဟယ်ရီ့ကို သတ်ဖို့ တိုက်ဘိုက်ကြံနေတယ်. . . .

ဟယ်ရီဟာ ရုတ်တရက် လန့်နိုးလာတယ်။ မိမိ မိန်းမဝဝ အရုပ်ကားရှေ့ ရောက်နေတာ တွေ့ရတယ်။ သူ ခုနက သူ့ခြေနှစ်ချောင်း သူ့ကို ဘယ်ခေါ်သွားတယ်ဆိုတာ သတိမပြုမိဘူး။ ဒီလိုပဲ အံ့အားသင့်စရာ ကောင်းတာကတော့ မိန်းမဝဝကြီးဟာ သူတစ်ယောက်ထဲ မှန်ဘောင်ထဲမှာ ရှိနေတာ မဟုတ်ဘူး။ ခုနက သူ အောက်ထပ်မှာ တခြားသူရဲကောင်းတွေနဲ့ တွေ့ဆုံကြတဲ့အခါမှာ ဘေးက အရုပ်ကားတစ်ခုထဲ ပျံဝင်သွားတဲ့ မျက်နှာရှုံ့တွတွ မှော်ဆရာမဟာ အခု မိန်းမဝဝကြီးဘေးမှာ ကျေကျေနပ်နပ်ကြီး ထိုင်နေတယ်။ သူမဟာ ခုနစ်လွှာ လှေကားဘေးမှာချထားတဲ့ အရုပ်ကားတွေကို အလျင်အမြန်ဖြတ်ပြီး သူ့ရှေ့ကနေ ဒီကိုရောက်အောင်လာတာ သေချာတယ်။ သူမနဲ့ မိန်းမဝဝကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာ အလွန်စိတ်ဝင်စားစွာနဲ့ ဟယ်ရီကို ငုံ့ကြည့်အကဲခတ်နေတယ်။

"ကောင်းတယ်၊ ကောင်းတယ်၊ ကောင်းတယ်" မိန်းမဝဝကြီးက ပြော တယ်၊ ဗိုင်အိုလက် ခုနက ငါ့ကို အကုန်လုံး ပြောပြပြီးပြီ။ ဘယ်သူ ခုတွင်က ကျောင်းသူရဲကောင်း အရွေးခံရသလဲ ဟင်?"

"တွေ့ကရာ လျှောက်ပြော" ဟယ်ရီက ခြောက်ကပ်ကပ် ပြောတယ်။

"လုံးဝမဟုတ်ဘူး" ဟို မျက်နှာဖြူဖပ်ဖြူရော် မှော်ဆရာမက ပြော တယ်။

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ဗိုင်အိုလက်၊ ဒါက စကားဝှက်" မိန်းမဝဝ ကြီးက နှစ်သိမ့်ပြောဆိုတယ်။ ဒီနောက် သူမရှေ့ကို လှည့်ဖွင့်ပေးပြီး ဟယ်ရီကို အများနားနေခန်းဆီ သွားစေတယ်။

အရုပ်ကားဖွင့်ပေးတော့ ရုတ်တရက် နားထဲဝင်လာတဲ့ ဆူညံသံ ကြောင့် ဟယ်ရီ ပက်လက်လန်လဲကျဖို့ နည်းနည်းလိုတယ်။ ဒီနောက် သူ့ကို လက်အစုံပေါင်း ဆယ်ကျော်က သူ့ကို အများနားနေခန်းထဲ ဆွဲခေါ်တာပဲ သိလိုက်တယ်။ ဂရစ်ဖင်းဒေါဟောက်စ်က ကျောင်းသားအားလုံးကို မျက်နှာ ချင်းဆိုင်မိပြီ။ သူတို့အားလုံး အော်ဟစ်ကြ၊ ဩဘာပေးကြ၊ လေချွန်ကြ ဖြစ် နေတယ်။

"မင်းနာမည် သွင်းတယ်ဆိုတာ ငါတို့ကို ပြောပြသင့်တယ်" ဖရက်က အကျယ်ကြီးအော်ပြောတယ်။ သူ့ပုံက စိတ်ဆိုးခြင်းတစ်ဝက်၊ စိတ်လှုပ်ရှားခြင်း တစ်ဝက်။

"မင်း မုတ်ဆိတ်မပေါက်ဘဲ ဘယ်လိုလုပ်ပြီး ချောချောမောမော ဖြစ် လို့ရတာလဲ။ သိပ်တော်တာပဲ" ဂျော့က အော်ပြောနေတယ်။

"ကျွန်တော် မထည့်ဘူး" ဟယ်ရီက ပြောတယ်။ "ကျွန်တော် ဘယ် လိုဖြစ်ရတယ်ဆိုတာ မသိ —"

ဒီအချိန်မှာ အင်ဂလီယာဟာ လေပွေလို သူ့ရှေ့ပြေးလာတယ်။ "အို ငါမဖြစ်နိုင်ရင်လဲ၊ ဂရစ်ဖင်းဒေါကလူ ရတာပဲဟာ —"

"နင် အရင်တစ်ခါ ခွေဒစ်ပြိုင်ပွဲအတွက် ဒစ်ဂိုရီကို ကလဲ့စားချေနိုင် တာပေါ့၊ ဟယ်ရီ" ခက်ထီ-ဘဲက စူးရှစွာအော်တယ်။ သူမဟာလဲ ဂရစ်ဖင်းဒေါ အသင်းက ဘောလိုက်သမား။

"ငါတို့ စားစရာတွေ ပြင်ဆင်ထားတယ်၊ ဟယ်ရီလာ၊ နည်းနည်းစား



ပါဦး— "

"ငါမဆာဘူး၊ ငါ ညစာစားပွဲမှာ အများကြီးစားထားတယ် — "

ဒါပေမယ့် သူမဆာဘူးပြောတာ ဘယ်သူမှ နားမထောင်ချင်ဘူး။ သူ့နာမည်ကို ခြေတံရှည်ခွက်ထဲ မထည့်ဘူးလို့ ပြောတာ ဘယ်သူမှ နားမ ထောင်ချင်ဘူး။ ဒီကိစ္စကို ဂုဏ်ပြုတာမှာ သူစိတ်မပါဘူးဆိုတာ ဘယ်သူမှ သတိမထားမိသလိုပဲ. . . . လီ-ဂျော်ဒန်ဟာ ဘယ်ကနေပြီး ဂရစ်ဖင်းဒေါ ဟောက်စ်အလံ ရလာတယ် မသိဘူး။ ၎င်းကို ဟယ်ရီ့ကိုယ်ပေါ်မှာ ခြုံထည့်လို အတင်းခြုံနိုင်းတယ်။ ဟယ်ရီ ထွက်ပြေးလို့မရဘူး။ အိပ်ခန်းဆီသွားတဲ့ လှေကား ဆီကို တိတ်တိတ်ထွက်ပြေးမယ်လုပ်တိုင်း လူအုပ်ဟာ သူ့နားကပ်လာပြီး ဗိုင်း ထားလိုက်တယ်။ သူ့ကို ထောပတ်ဘီယာတစ်ခွက် အတင်း ထပ်သောက်နိုင်း တယ်။ ဒါမှမဟုတ်ရင် မုန့်နဲ့မြေပဲကို အတင်း သူ့လက်ထဲ ထည့်ပေးတယ် . . . . လူတိုင်း သူ ဘယ်လိုလုပ်တယ်ဆိုတာ သိချင်ကြတယ်။ ဒမ်ဘလီဒိုးရဲ့ အသက် စည်းဝိုင်းကို ဘယ်လိုဖောက်ဝင်ပြီး သူ့နာမည်ကို မီးတောက်ခွက်ထဲ ထည့်လိုက် ဘယ်ဆိုတာ သိချင်ကြတယ်. . . . "

"ငါမသိဘူး" သူက တစ်ကြိမ်ပြီးတစ်ကြိမ် ပြောတယ်။ "ဒါ ဘယ်လို ဖြစ်တယ်ဆိုတာ ငါမသိဘူး"

ဒါပေမယ့် အများက ဂရုမစိုက်ဘူး။ သူ ဘာမှမပြောသလိုပဲ။

"ငါမောပြီ" နာရီဝက်လောက်ကြာတော့ သူ သည်းညည်းမခံနိုင်တော့ ဘဲ ကုန်းအော်တယ်။ "ဟင့်အင်း၊ တကယ်ပြောတာ၊ ဂျော့ — ငါ သွားအိပ် ချင်ပြီ — "

သူက ရွန်နဲ့ဟာမီးကို အထူးတွေ့ချင်တယ်။ အသိဉာဏ်ရချင်တယ်၊ ဒါပေမယ့် သူတို့နှစ်ယောက် အများနားနေခန်းမှာ မရှိသလိုပဲ။ ဟယ်ရီက မိမိ အိပ်ချင်ပြီဆိုတာ ထပ်ခါပြောနေတယ်။ သူ့ကို လှေကားဝမှာ တားဖို့လုပ်တဲ့ ခရီဗီးရဲ့ညီလေးကို တိုက်လဲဖို့ နည်းနည်းပဲလိုတော့တယ်။ နောက်ဆုံး အများ ဆီက အလွတ်ရုန်းနိုင်ပြီး အိပ်ခန်းကို အမြန်တက်လာခဲ့တယ်။

သူ စိတ်သက်သာရာ ရသွားတာက အိပ်ခန်းထဲမှာ ရွန်ဟာ အဝတ် မလဲဘဲ ခုတင်ပေါ် အိပ်နေတယ်။ အခန်းထဲမှာ သူတစ်ယောက်ထဲ ရှိတယ်၊ ဟယ်ရီက တံခါးကို တွန်းပိတ်လိုက်တော့ ရွန် ခေါင်းထောင်ကြည့်တယ်။

"မင်း ဘယ်သွားနေလဲ" ဟယ်ရီက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အော၊ မင်္ဂလာပါ" ရွှန်ကပြောတယ်။

ရွှန် ပြုံးနေတယ်။ ဒါပေမယ့် အဲဒါဟာ တစ်မျိုးကြီးနဲ့ လုပ်ပြုံးတစ်မျိုး ဖြစ်နေတယ်။ ဟယ်ရီဟာ ရုတ်တရက် မိမိမှာ ခုနက လီ-ဂျော်ဒန်ခြုံပေးတဲ့ ဂရစ်ဖင်းဒေါ်အလံ ကိုယ်ပေါ်ချည်ထားသေးမှန်း သိလိုက်တယ်။ သူက အလံကို ချက်ချင်း ချွတ်ပစ်ချင်တယ်။ ဒါပေမယ့် ချည်ထားတာ သိပ်အသေဖြစ်နေတယ်။ ရွှန်.က မလှုပ်မရှက် ခုတင်ပေါ် လှဲနေတယ်။ ဟယ်ရီ အလံကို မနည်း ချွတ်တာ ကြည့်နေတယ်။

"ဒါဆို" ဟယ်ရီ အလံကို ချွတ်လို့ရသွားပြီး ထောင့်ပစ်ထားလိုက်တော့ ရွှန်ကပြောတယ်။ "ဂုဏ်ပြုပါတယ်"

"မင်း ဒါဘာအဓိပ္ပာယ်လဲ၊ ဂုဏ်ပြုတယ်?" ဟယ်ရီက ရွှန့်ကိုကြည့်ပြီး ပြောတယ်။ ရွှန့်အပြုံးဟာ သိပ်မှုမမှန်ဘူး။ ပြောင်ပြသလို ဖြစ်နေတယ်။

"ဘာမှမဟုတ်ဘူး. . . . သူများတွေ အသက်စည်းဝိုင်းထဲ ဝင်လို့မရဘူး" ရွှန်ကပြောတယ်။ "ဖရက်နဲ့ဂျော့တောင် မရဘူး။ မင်း ဘာသုံးလဲ — ကိုယ်ပျောက်ဝတ်ရုံ"

"ကိုယ်ပျောက်ဝတ်ရုံက ငါ့ကို ဟိုစည်းကျော်နိုင်အောင် မလုပ်နိုင်ဘူး" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။

"အော၊ ဟုတ်ပြီ" ရွှန်ကပြောတယ်။ "တကယ်လို့ ကိုယ်ပျောက်ဝတ်ရုံဆိုရင် မင်းငါ့ကို ပြောပြမှာ. . . . ကိုယ်ပျောက်ဝတ်ရုံက ငါတို့နှစ်ယောက်ကို ခြုံနိုင်တယ်။ မဟုတ်ဘူးလား။ မင်း တခြားနည်းလမ်း ရှာလို့ ရသွားတယ်။ ဟုတ်လား"

"မင်းနားထောင်" ဟယ်ရီက ပြောတယ်။ "ငါ ငါ့နာမည်ကို ဟိုခွက်ထဲ မထည့်ဘူး။ အဲဒါ တခြားသူလုပ်တာ သေချာတယ်"

ရွှန်က မျက်ခုံးပင့်တယ်။

"သူတို့ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ"

"ငါမသိဘူး" ဟယ်ရီက ပြောတယ်။ ဆက်ပြောမယ့် စကားဟာ ခြောက်လှန့်စကား၊ သရုပ်ဆောင်သလို ဖြစ်နေတယ်လို့ ထင်တယ်။ "ငါ့ကို သေအောင် လုပ်ဖို့ထင်တယ်"

ရွှန့်မျက်ခုံးက အမြင့်ကြီးပင့်ထားတဲ့အတွက် သူ့ဆံပင်ထဲမှာ ပျောက်သွားတော့မလိုပဲ။



"ကိစ္စမရှိဘူး။ မင်းသိတယ်၊ မင်းငါ့ကို အမှန်အတိုင်း ပြောပြလို့ရတယ်" သူက ပြောတယ်။ "မင်း သူများ မသိစေချင်ဘူးဆိုရင် ကောင်းတယ်၊ ဒါပေမယ့် မင်းဘာဖြစ်လို့ လိမ်ရသလဲဆိုတာ ငါနားမလည်ဘူး။ မင်း ဒီအတွက် ဘာဒုက္ခမှ ပိုမလာဘူးလေ၊ မဟုတ်ဘူးလား။ မိန်းမဝဝကြီးရဲ့ ဟိုမိတ်ဆွေ ဟိုဒိုင်ဖို့လက်ဟာ ငါတို့အားလုံးကို ပြောပြပြီးပြီ။ ဒမ်ဘယ်လီဒိုးက မင်းကို အရွေးခံရအောင်လုပ်တယ်။ ဆုငွေ ဂါလီယံတစ်ထောင်၊ ဟုတ်လား။ ပြီးတော့ နှစ်ကုန်စာမေးပွဲလဲ မင်းဖြေစရာ မလိုတော့ဘူး. . . ."

"ငါ ငါ့နာမည်ကို ဟိုခွက်ထဲ မထည့်ဘူး" ဟယ်ရီက ပြောတယ်။ သူ စိတ်ဆိုးလာပြီ။

"ဟုတ်လား၊ ကောင်းပြီ" ရွှန်ကပြောတယ်။ သူ့လေသံဟာ စက်ဒရစ်နဲ့ တစ်ပုံစံတည်းတူတဲ့ သံသယလေသံ။ "ဒါပေမယ့် မင်း ဒီနေ့နံနက်ကတောင် ပြောသေးတယ်။ မင်း မနေ့ကညမှာ လုပ်လို့ရတယ်။ မင်းကို ဘယ်သူမှ တွေ့မှာမဟုတ်ဘူး. . . . မင်းသိပါတယ်။ ငါ အေ မဟုတ်ဘူး"

"မင်းအခု တကယ်ပဲ ငါ့ကို ဒီလိုထင်မြင်စေတယ်" ဟယ်ရီက မကျေမနပ်ပြောတယ်။

"ဟုတ်လား" ရွှန်က ပြောတယ် — သူ့မျက်နှာပေါ်က အပြုံးဟာ ဘာမင်လုပ်တာပဲဖြစ်ဖြစ် စိတ်ပါလို့ပဲဖြစ်ဖြစ် အခု လုံးဝပျောက်ကွယ်သွားပြီ၊ "မင်းအိပ်ဖို့လိုပြီ၊ ဟယ်ရီ။ မင်းမနက်ဖြန် စောစောထပြီး မီဒီယာတွေ ဓာတ်ပုံရိုက်တာတွေဘာတွေ လက်ခံရဦးမယ်"

သူက သူ့ခုတင်လိုက်ကာကို ဆွဲပြီး ခုတင်ပတ်လည်ကို ကာထားလိုက်တယ်။ ဟယ်ရီတစ်ယောက်တည်းသာ တံခါးနားမှာ ရပ်ကျန်ရစ်ရင်း နီရဲရဲခြင်ထောင်ကို ကြည့်ပြီး ငိုင်နေတယ်။ သူက အစတုန်းက လူတချို့ သူ့ကို ယုံလိမ့်မယ်ထင်တာ။ အဲဒီထဲက တစ်ယောက်ဟာ အဲဒီလိုက်ကာနောက်မှာ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ မှော်ကြိမ်လုံးကို စစ်ဆေးခြင်း

တနင်္ဂနွေနေ့နံနက် ဟယ်ရီနိုးလာပြီးတော့ အတော်လေးကြာမှ သူဘာကြောင့် ဒီလောက်စိတ်မကောင်းဖြစ် သောကရောက်နေရတာလဲဆိုတာ သူတွေးလို့ ရလာတယ်။ ဒီနောက် မနေ့ညကကိစ္စတွေ ချက်ချင်းပဲ ခေါင်းထဲဝေါ်လာတယ်။ သူ ထိုင်လိုက်တယ်။ ခုတင်လိုက်ကာကို ဆွဲဖယ်လိုက်တယ်။ ရွန်နဲ့ စကားပြောချင်တယ်။ ရွန်ကို အတင်း သူ့ကို ယုံနိုင်းချင်တယ်။ ရွန့် ခုတင်မှာ သူမရှိတာ သွားတွေ့ရတယ်။ သူအောက်ဆင်း နံနက်စာစောစော စားပြီထင်တယ်။

ဟယ်ရီ အဝတ်အစားဝတ်ပြီး ကြောင်လိမ်လှေကားကနေ အောက်ဘက်ရှိ အများနားနေခန်းကို လာခဲ့တယ်။ သူမြင်တာနဲ့ နံနက်စာစောစော စားပြီးတဲ့ကျောင်းသားတွေ ဝိုင်း ဩဘာပေးကြတယ်။ သူက ခန်းမထဲ ဝင်ရဦးမယ်၊ ဂရစ်ဖင်းဒေါက သူ့ကို သူရဲကောင်းလို့ သဘောထားတဲ့ ကျောင်းသားတွေနဲ့ ရင်ဆိုင်ရဦးမယ်ဆိုတာ တွေးမိပြီး ကြက်သီးထမိတယ်။ ဒါပေမယ့် သူခန်းမထဲမဝင်ရင် ဒီမှာပဲ နေရမယ်။ ခရီဗီးတို့ ညီအစ်ကိုဇာက်ကို ခံရမယ်။



သူတို့နှစ်ယောက်ဟာ သူ့ကို လက်တအားယမ်းပြနေတယ်။ သူတို့ဆီလာဖို့ ခေါ်တယ်။ ဒါနဲ့ သူဟာ အရုပ်ကားနောက်က အဝဆီ ပြတ်သားစွာလျှောက်သွားပြီး အရုပ်ကားကို တွန်းဖွင့်ကာ ထွားထွက်လာခဲ့တယ်။ ဟာမီးနဲ့ မျက်နှာချင်းဆိုင် ထိုးမိတယ်။

"မင်္ဂလာပါ" ဟာမီးက ပြောတယ်။ လက်သုတ်စက္ကူနဲ့ ထုပ်ထားတဲ့ ပေါင်မုန့်တစ်ထပ်ကို ညွှန်ပြတယ်။ "ငါ နင့်အတွက် ယူလာတာ. . . . လမ်းသွားလျှောက်မလား"

"ကောင်းတယ်" ဟယ်ရီက ကျေးဇူးတင်စွာ ပြောတယ်။

သူတို့ လှေကားက ဆင်းလာတယ်။ ခန်းမဆီကို တစ်ချက်မှမကြည့်ဘဲ အခါးခန်းကို ပြေးဖြတ်ခဲ့တယ်။ မကြာဘူး၊ သူတို့ဟာ ကန်ဘေးသို့ပေါက်တဲ့ မြက်ခင်းမှာ ခြေလှမ်းကျဲကျဲ လမ်းလျှောက်နေပြီ။

ဒမ်စထရန်က သင်္ဘောကြီး ကန်ပေါ်မှာ ကျောက်ချထားတယ်။ ရေထဲကို အရိပ်မည်းမည်းကြီး ကျနေစေတယ်။ နံနက်ခင်းဟာ အလွန် အေးစက်တယ်။ သူတို့ ပေါင်မုန့်စားရင်း မနားတမ်း လျှောက်သွားတယ်။ ဟယ်ရီက သွန်ခဲ့တဲ့ညက သူ ဂရစ်ဖင်းဒေါစားပွဲက ထွက်ခွာပြီး ဖြစ်ပျက်ခဲ့တာ အားလုံး ဟာမီးကို ခရေစေ့တွင်းကျ ပြောပြတယ်။ သူ အလွန် ဝမ်းသာသွားတာ ဟာမီးက သူပြောပြတာကို မခွင်းမချန် လက်ခံလိုက်လို့ပဲ။

"နင်ကိုယ်တိုင် နာမည်မသွင်းဘူးဆိုတာ ငါသိတာပေါ့" သူက ခန်းမဘေးက အခန်းထဲမှာ ဖြစ်ပွားသမျှကို ပြောပြပြီးတာနဲ့ ဟာမီးကပြောတယ်။ "ဒမ်ဘလီဒိုး နင့်နာမည်ခေါ်လိုက်စဉ် နင့်အမူအရာကိုကြည့်! ပြဿနာက နင့်နာမည်ကို ဘယ်သူ သွားထည့်တာလဲ။ နင်သိရမှာက မူးဒီပြောတာ မှန်တယ်ရဲ၊ ဘယ်ကျောင်းသားကမှ ဒါကို မလုပ်နိုင်ဘူး. . . . ကျောင်းသားဟာ မီးတောက်ခွက်ကို လိမ်ညာလို့မရဘူး။ ဒမ်ဘလီဒိုးစည်းကိုလဲ ဖြတ်မကျော်နိုင်ဘူး —"

"နင် ရွန့်ကို တွေ့လား" ဟယ်ရီက သူမစကားကို ဖြတ်ပြောတယ်။ ဟာမီးက တုံ့ဆိုင်းနေတယ်။

"အင်း. . . တွေ့တယ်. . . . သူ နံနက်စာစောစော စားနေတယ်" သူကပြောတယ်။

"သူက ငါကိုယ်တိုင် နာမည်သွင်းတယ်လို့ ထင်နေတုန်းပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . . ဟင့်အင်း၊ မထင်ဘူးထင်တယ်. . . . စင်စစ် မထင်ပါဘူး" ဟာမီးက တစ်မျိုးဖြစ်နေတယ်။

"စစ်စစ် မထင်ပါဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ"

"အင်း၊ ဟယ်ရီ၊ ဒါကို သဘောမပေါက်သေးဘူးလား" ဟာမီးက မတတ်သာဘဲ ပြောတယ်။ "သူက မနာလိုတာ"

"မနာလိုဘူး?" ဟယ်ရီက မယုံနိုင်ဘဲ မေးတယ်။ "ဘာကို မနာလိုတာလဲ၊ သူ ကျောင်းသားအားလုံးရှေ့မှာ ဒီလို အရှက်ကွဲချင်လို့လား"

'တွေးကြည့်လေ" ဟာမီးက စိတ်ရှည်ရှည်ပဲပြောတယ်။ "နင်သိပါတယ်၊ လူအားလုံးကို သတိပြုစေတာဟာ နင်ချည်းပဲ။ ဒါ နင့်အမှားမဟုတ်ဘူးဆိုတာ ငါသိတယ်" သူမဟာ ဟယ်ရီဒေါပွပြီး ပါးစပ်ဟနေတာတွေ့တော့ အမြန်ဖြည့်ပြောတယ်။ "နင် ဒါကိုလိုချင်နေတာ မဟုတ်ဘူးဆိုတာ ငါသိတယ်. . . . ဒါပေမယ့် — ဘယ်လိုပြောရမလဲ — နင်သိပါတယ်။ ရွန်ဟာ အိမ်မှာ အစ်ကိုတွေအများကြီးနဲ့ ယှဉ်ပြိုင်ရတယ်။ နင်က သူ့ အကောင်းဆုံးသူငယ်ချင်း ဖြစ်တော့လဲ နာမည်ကြီးတဲ့လူ ဖြစ်နေတယ် — နင့်ကို လူတွေမြင်တာနဲ့ သူ့ကိုဘေးဖယ်ထားသလို ဖြစ်နေတယ်။ ဒါကိုလဲ သူ တိတ်တိတ်ပဲ ခံနေတာ၊ တစ်ခါမှ မပြောဘူး၊ ဒီတစ်ခါ သူမအောင့်အည်းနိုင်တော့လို့လို့ ငါထင်တယ်. . . ."

"သိပ်ကောင်းတယ်" ဟယ်ရီက မုန်းတီးစွာပြောတယ်။ "တကယ့်ကို သိပ်ကောင်းတယ်။ ငါ့အစား သူ့ကို ပြောလိုက်၊ သူ ကျေနပ်မယ်ဆိုရင် ငါ အချိန်မရွေး သူနဲ့လဲမယ်။ ငါ့အစား သူ့ကိုပြောလိုက်ဦး။ သူလာလဲတာ ငါကြိုဆိုတယ်. . . . ငါ ဘယ်သွားသွား၊ လူတွေက ငါ့နဖူးကို အေလို စိုက်ကြည့်နေတယ်. . ."

"ငါ သူ့ကို ဘာစကားမှ ပြောမပေးဘူး" ဟာမီးက ပြတ်ပြတ်ပဲပြောတယ်။ "နင့်ဟာနင် သူ့သွားပြော၊ ဒါမှ ပြဿနာပြေလည်မှာ"

"ငါ သူ့နောက်ကလိုက်ပြီး သူ့ကို ရင့်ကျက်လာအောင် ဟောပြောမနေနိုင်ဘူး" ဟယ်ရီက ပြောတယ်။ "ငါမပျော်ဘူးဆိုတာ သူဘယ်တော့မှ ယုံမှာလဲ။ ငါ ပြုတ်ကျပြီး လည်ပင်းကျိုးသွားမှ ဒါမှမဟုတ်ရင် —" သူ့အသံ သိပ်ကျယ်လို့ ဘေးက သစ်ပင်ပေါ်ရှိ ဇီးကွက်တွေ ထပျံပြေးတယ်။

"အဲဒါ ကလေးကစားစရာ မဟုတ်ဘူး" ဟာမီးက တိုးတိုးပြောတယ်။ "အဲဒါ ကလေးကစားစရာ လုံးဝမဟုတ်ဘူး" သူမ သိပ်စိတ်ပူပုံပေါ်တယ်။



"ဟယ်ရီ ငါတွေးနေတယ် — ငါတို့ ဘာလုပ်ရမယ်ဆိုတာ နင်သိတယ် မဟုတ်ဘူး။ ရဲတိုက်ပြန်ရောက်တာနဲ့ ချက်ချင်းလုပ်"

"ဟုတ်တယ်၊ ရွန့်ကို တစ်ချက်လောက် ဆောင့်ကန်ပစ်မယ် —"

"ဆီးရီးအက်စ်ကြွယ်ကို စာရေးပေး။ ဖြစ်ခဲ့တာတွေ သူ့ပြောပြရမယ်၊ သူက နင့်ကို ဟော့ဂ်ဝပ်မှာ ဖြစ်ပွားတာအားလုံး သူ့ဆီ စာရေးပြောခိုင်းတယ် . . . . ဒါမျိုးဖြစ်မယ်ဆိုတာ သူအစောကြီးကထဲက ခန့်မှန်းမိသလိုပဲ၊ ငါ သိုးရေစက္ကူနဲ့ ငှက်မွေးကလောင် ယူခဲ့တယ် —"

"လျှောက်ပြောမနေနဲ့" ဟယ်ရီက ပြောရင်း ဟိုဒီကြည့်တယ်။ သူတို့စကားပြောတာ သူများကြားသွားသလားလို့ ကြည့်ကြည့်တယ်။ ကွင်းထဲမှာ ဘယ်သူမှ မရှိဘူး။ "ငါ့အမာရွတ် နည်းနည်းနာတာနဲ့ သူ အမြန်ပြန်လာတယ်၊ ဘကယ်လို့ ငါက တစ်ယောက်ယောက်က ငါ့အစား ဗိုလ်သုံးဗိုလ်ပြိုင်ပွဲဝင်ဖို့ နာမည်သွင်းပေးတယ်လို့များ ပြောပြလိုက်ရင် ရဲတိုက်ထဲ တန်းဝင်လာမှာ —"

"သူက နင့်ကို ပြောပြစေချင်တယ်" ဟာမီးက ပြင်းပြင်းပြောတယ်၊ "ဘာပဲဖြစ်ဖြစ် သူ အနေးနဲ့အမြန် သိမှာပါပဲ —"

"ဘယ်လိုလုပ်သိမလဲ"

"ဟယ်ရီ၊ ဒီကိစ္စကို ဆူဆူညံညံဖြစ်အောင် မလုပ်ဘဲ မနေဘူး" ဟာမီးက ပြောတယ်။ လေသံက အလွန်တည်ကြည်တယ်။ "ဒီယှဉ်ပြိုင်ပွဲဟာ အားလုံး စိတ်ဝင်စားတယ်။ နင်ကလဲ သိပ်နာမည်ကြီးနေတယ်။ 'ကြိုဟောသူများနေ့စဉ်'က နင် ယှဉ်ပြိုင်ပွဲ ပါဝင်တဲ့အကြောင်း ဆောင်းပါးမထည့်ရင် ငါက အံ့ဩဦးမှာ. . . . နင်သိပါတယ်။ ဟိုလူနဲ့ ပတ်သက်တဲ့ စာအုပ်ထဲမှာ တစ်ဝက်လောက်ဟာ နင့်နာမည်ပါနေတယ်. . . . ဆီးရီးအက်စ်ကြွယ်ဟာ နင့်ဆီကနေ ဒီအကြောင်းကို သိချင်မှာ။ သူ ဒီတိုင်းဖြစ်မယ်ဆိုတာ ငါသိတယ်"

"ကောင်းပြီ၊ ကောင်းပြီ။ ငါ သူ့ဆီ စာရေးမယ်" ဟယ်ရီက ပြောရင်း နောက်ဆုံး ပေါင်မုန့်ချပ်ကို ကန်ထဲပစ်ထည့်လိုက်တယ်။ သူတို့နှစ်ယောက် ရပ်နေကြတယ်။ အဲဒီပေါင်မုန့်ဟာ ရေပေါ်မှာ ခဏပေါ်နေတယ်။ ရေမလက်တံ တစ်ချောင်း ရေပေါ်ပေါ်လာပြီး ပေါင်မုန့်ကို ရေထဲဆွဲယူသွားတာ သူတို့ကြည့်နေတယ်။ ဒီနောက် သူတို့ ရဲတိုက်ကို ပြန်လာခဲ့တယ်။

"ငါ ဘယ်သူ့ဇီးကွက် သုံးရမလဲ" သူတို့ လှေကားက တက်လာတော့ ဟယ်ရီက မေးတယ်။ "သူက ငါ့ကို ဟက်ဒဝစ်မသုံးဖို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရွှန်းကို မေးကြည့်၊ နင် သူ —"

"ငါ ရွှန်းကို ဘာမှ မေးမှာမဟုတ်ဘူး" ဟယ်ရီက ပြတ်ပြတ်ပဲပြော တယ်။

"ကောင်းပြီ၊ ဒါဆို ကျောင်းက ဇီးကွက်တစ်ကောင်ငှား၊ လူတိုင်း သုံး လို့ ရတယ်" ဟာမီးက ပြောတယ်။

သူတို့ဟာ အပေါ်က ဇီးကွက်အိမ်ကို လာခဲ့ကြတယ်။ ဟာမီးက ဟယ် ရီ့ကို သိုးရေစက္ကူတစ်ရွက်၊ ငှက်မွေးကလောင်တစ်ချောင်းနဲ့ မင်အိုးတစ်လုံး ပေးလိုက်တယ်။ ဒီနောက် သူမဟာ ငှက်နားကိုင်းရှည်ရှည်အတန်းတွေ ဘေး ဟိုဒီ လမ်းလျှောက်နေတယ်။ မတူတဲ့ ဇီးကွက်တွေကို လိုက်ကြည့်နေတယ်။ ဟယ်ရီက နည်းနည်းဘေးကပ်ပြီးထိုင်တယ်။ စာ စရေးတယ်။

### ချစ်လှစွာသော ဆီးရီးအက်စ်ကြယ်

သင်က ကျွန်တော့်ကို ဟော့ဂ်ဝပ်မှာ ဖြစ်ပွားတဲ့အကြောင်း သင့်ဆီ စာရေးခိုင်းတယ်။ ဒါကြောင့် ကျွန်တော် စာရေးလိုက်တယ် — ဒီနှစ် ဗိုလ်လုံး ဗိုလ်ယှဉ်ပြိုင်ပွဲ ကျင်းပမယ်ဆိုတာ သင်ကြားရသလား မသိဘူး။ စနေနေ့ညက ကျွန်တော် စတုတ္ထသူရဲကောင်းအဖြစ် အရွေးခံရတယ်။ ကျွန်တော့်နာမည်ကို ဘယ်သူက မီးတောက်ခွက်ထဲ ထည့်လိုက်မှန်း ကျွန်တော်မသိဘူး။ ကျွန်တော် ကိုယ်တိုင်လဲ မထည့်ဘူး။ ဟော့ဂ်ဝပ်က သူရဲကောင်းနောက်တစ်ယောက်က စက်ဒရစ်-ဒစ်ဂိုရီဖြစ်တယ်။ သူက ဟော့ဖ်ဖတ်ဟောက်စ်က ဖြစ်တယ်။

ဒီအထိရေးပြီး သူ ရပ်စဉ်းစားနေတယ်။ သူ မနေ့ကတဲက ရင်ထဲ လေး ပင်စွာ ခံစားရတဲ့ စိုးရိမ်မှုကို သိပ်ပြောချင်တယ်။ ဒါပေမယ့် သူဟာ ဒီလို စိုး ခံစားချက်ကို စာနဲ့ ဘယ်လိုဖော်ပြရမှန်း မသိဘူး။ ဒါနဲ့ သူက ငှက်မွေးကလောင် ကို မင်အိုးထဲ မင်ဆွတ်လိုက်ပြီး ရေးပြန်တယ် —

သင်အားလုံး အဆင်ပြေစေချင်တယ်။ ဘတ်စ်ဘိစ်ကို မေးမြန်းလေ ပါ။ — ဟယ်ရီ

"ရေးပြီးပြီ" သူက ဟာမီးကို ပြောတယ်။ ဒီနောက် မတ်တတ်ရပ်လိုက်



ပြီး ဝတ်ရုံရှည်ပေါ်က ကောက်ရိုးတွေ ခါပစ်တယ်။ ဟက်ဒဝစ်ကမြင်တော့ တောင်ပံခတ်ပြီး သူ့ပခုံးပေါ် ဆင်းလိုက်တယ်။ ခြေတစ်ချောင်း ဆန့်ထုတ်ပေး တယ်။

"ငါမင်းကို သုံးလို့မဖြစ်ဘူး" ဟယ်ရီက ၎င်းကိုပြောတယ်။ ကျောင်း ဇီးကွက်ကို ဟိုဒီလိုက်ကြည့်တယ်။ "ငါ ၎င်းတို့ထဲက တစ်ကောင်ရွေးရမယ်"

ဟက်ဒဝစ်ဟာ အသံမြည်မြည် အော်လိုက်ပြီး ရုတ်တရက် ထပျံ တယ်။ လက်သည်းက ဟယ်ရီ့ပခုံးကို နက်နက်စူးဝင်သွားတယ်။ ဟယ်ရီဟာ စာကို စပါးကျီဇီးကွက်ကြီးတစ်ကောင်ရဲ့ ခြေထောက်မှာ ချည်လိုက်တယ်။ အဲ ဒါတွေလုပ်နေစဉ် ဟက်ဒဝစ်ဟာ သူ့ကို ကျောပေးနေတယ်။ စပါးကျီ ဇီးကွက် ကြီး ပျံသွားပြီ။ ဟယ်ရီက ဟက်ဒဝစ်ကို လက်နဲ့သပ်တယ်။ ၎င်းဟာ ဒေါသနဲ့ပါး စပ်က ပျပ်ပျပ်လုပ်ပြီး ဟယ်ရီမမီတဲ့ ထုတ်တန်းပေါ် သွားနားနေတယ်။

"ခုနက ရွှန်၊ အခု မင်း" ဟယ်ရီ စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ဒါ ငါ့အမှားမှ မဟုတ်တာ"

အများက သူ့ကို သူရဲကောင်းဆိုတာ ရိုးသွားရင်၊ အခြေအနေ ကောင်းလာလိမ့်မယ်လို့ ဟယ်ရီ ထင်ခဲ့ရင် ဒုတိယနေ့မှာ သူ သိပ်မှားသွားပြီ ဆိုတာ တွေ့ရလိမ့်မယ်။ ကျောင်းပြန်တက်ပြီးနောက် သူ တခြားကျောင်းသား တွေကို ပုန်းနေလို့ မရတော့ဘူး — တခြားဟောက်စ်က ကျောင်းသားတွေ ဘာလဲ ဂရစ်ဖင်းဒေါတွေလိုပဲ ဟယ်ရီဟာ ယှဉ်ပြိုင်ပွဲကို ကိုယ်တိုင်နာမည် သွင်းခဲ့တာလို့ ထင်နေကြတာ သေချာတယ်။ ဒါပေမယ့် သူတို့ဟာ ဂရစ်ဖင်း ဒေါတွေနဲ့ မတူဘူး။ သူတို့က ဒီကိစ္စဟာ သိပ်ဂုဏ်မရှိဘူးလို့ ထင်တယ်။

ဟော့ဖ်ဖတ်တွေဟာ ဂရစ်ဖင်းဒေါတွေနဲ့ တစ်လျှောက်လုံး အဆင်ပြေ တယ်။ အခုတော့ သူတို့အားလုံးအပေါ် အေးစက်သွားတယ်။ မှော်ဆေးပင် အချိန်တစ်ချိန်မှာ ဒါကို သက်သေပြနိုင်တယ်။ ဟော့ဖ်ဖတ်တို့ဟာ ဟယ်ရီက ၎င်းတို့ သူရဲကောင်းရဲ့ဂုဏ်ကို လုယူတယ်လို့ ထင်ကြတယ်။ ဟော့ဖ်ဖတ်ဟာ သိပ်ပြီး ဂုဏ်ယူစရာ မရှိခဲ့တဲ့အတွက် — စက်ဒရစ်ဟာ ၎င်းတို့ကို ဂုဏ်တက် စေတဲ့ လူအနည်းစုထဲက တစ်ယောက်။ သူဟာ ခွေဒစ်ပြိုင်ပွဲမှာ ဂရစ်ဖင်းဒေါ ကို အနိုင်တိုက်ခဲ့တယ် — ဒီအတွက် ၎င်းတို့ ဒေါသထွက်တဲ့ စိတ်ခံစားချက် ဟာ ပိုပြင်းထန်လာတယ်။ အာနီ-မက်မီလန်နဲ့ ဂျတ်စတင်း-ဖလက်ချ်လီတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



အစက ဟယ်ရီနဲ့ ဆက်ဆံရေး မဆိုးဘူး။ အခု သူနဲ့ စကားမပြောတော့ဘူး။ သူတို့ဟာ ဇန်းတစ်ဇန်းထဲမှာ ဘောင်းစင်းဘပ်စ်ပင်တွေကို ရွှေ့စိုက်နေပေမယ့် စကားမပြောဘူး — ဒါပေမယ့် ဘောင်းစင်းဘပ်စ်တစ်ပင်ဟာ တွန့်လိမ်ပြီး ဟယ်ရီ့လက်ထဲက ရှန်းထွက်ကာ သူ့မျက်နှာကို တစ်ချက်ရိုက်လိုက်တော့ သူတို့ ဟာ သူ ဒုက္ခရောက်တာကို ပျော်တဲ့အနေနဲ့ ရယ်ကြတယ်။ ဒါကြောင့် စိတ်ထဲ ခနေလို့မကောင်းဘူး။ ရွန်ကလဲ ဟယ်ရီနဲ့ စကားမပြောဘူး။ ဟာမီးဟာ သူတို့ ကြားမှာ ထိုင်ပြီး စကားမရှိ စကားရှာပြောတယ်။ ဟယ်ရီနဲ့ ရွန်ဟာ ဟာမီးနဲ့ တော့ မေးလားဖြေလား လုပ်တယ်။ ဖော်ပြတာတော့ ပုံမှန်ပဲ။ ဒါပေမယ့် သူတို့ နှစ်ယောက်ဟာ အပြန်အလှန် တစ်ယောက်အကြည့်ကို တစ်ယောက် ရှောင်တယ်။ ပါမောက္ခစပရောက်စ်ကတောင် သူ့ပေါ် အေးစက်စက် ဖြစ်နေတယ်လို့ ဟယ်ရီ ခံစားရတယ် — ဒါလဲ သဘာဝကျပါတယ်။ သူမဟာ ဟော့ဖ်ဖတ်ဟောက်စ်က ကျောင်းအုပ်ကိုး။

သူ တွေးထင်ထားသလိုပဲ၊ မော်ဖိုင် ဟက်ဂရစ်အိမ်ကလေးကို ရောက်လာတော့ ၎င်းမျက်နှာပေါ်မှာ သရော်တဲ့အပြုံးနဲ့။

"အိုး၊ ကြည့်ကြစမ်း၊ ယောက်ျားလေးတို့၊ သူရဲကောင်းဆိုတာ ဒါပဲ" သူက နီးလာတာနဲ့ ဟယ်ရီကြားနိုင်လောက်ပြီဆိုပြီး ခရပ်နဲ့ဂိုးကို ပြောတယ်။ "မင်းတို့မှာ သူ့နာမည်ထိုးပေးတဲ့ စာအုပ်ရှိလား။ အကောင်းဆုံးက သူ့ကို နာမည် ထိုးခိုင်း။ သူ ဒီမှာ ကြာကြာနေရမယ် မထင်ဘူး. . . . ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်တဲ့ သူရဲကောင်း တစ်ဝက်လောက် သေကုန်တယ်. . . . ပေါ်တာ၊ မင်းဘယ် လောက် နေရဦးမယ် ထင်လဲ။ ပထမကဏ္ဍ ပြိုင်ပွဲစပြီး ဆယ်မိနစ်လို့ ငါခန့် မှန်းတယ်"

ခရပ်နဲ့ဂိုးဟာ မျက်နှာလို မျက်နှာရလုပ်ပြီး ကြောင်တောင်တောင် ရပ်နေတယ်။ ဒါပေမယ့် မော်ဖိုင်ဟာ ဒီမှာတင် မရပ်လို့ မရတော့ဘူး။ အ ကြောင်းက ဟက်ဂရစ်ဟာ ၎င်းရဲ့ အိမ်ကလေးနောက်ဖက်ကနေ ပြန်လာပြီး ရင်ခွင်မှာ လှုပ်ယိုင်နေတဲ့ သေတ္တာ ဆင့်သယ်လာတယ်။ သေတ္တာတစ်ခုတစ်ခု မှာ ကိုယ်ခန္ဓာကြီးထွားတဲ့ မီးပန်းပိုးကောင်တစ်ကောင် ရှိတယ်။ ဟက်ဂရစ်က စတင်ရှင်းပြတယ်။ မီးပန်းပိုးကောင်တွေ အချင်းချင်း သတ်ဖြတ်ကြတာဟာ ၎င်းတို့မှာ ပိုလျှံတဲ့ ခွန်အားတွေ ထုတ်လွှတ်ခွင့် မရလို့တဲ့။ ဒီပြဿနာကို ဖြေ ရှင်းဖို့အတွက် ကျောင်းသားတိုင်းဟာ မီးပန်းပိုးကောင်တစ်ကောင်စီကို ကြိုးနဲ့



ချည်ပြီး လမ်းလျှောက် ခေါ်သွားရမယ်တဲ့။ ကျောင်းသားတွေ ဒါကိုကြားရတော့ သိပ်ကြောက်ကြတယ်။ ဒီစီမံကိန်းက ရရှိတဲ့ တစ်ခုတည်းသော အကျိုးကတော့ မော်ဖိုင့် စိတ်ဝင်စားမှုကို ဆွဲခေါ်သွားတာပဲ။

"ဒီဟာတွေခေါ်ပြီး လမ်းလျှောက်ရမယ်?"

သူက သေတ္တာတစ်လုံးကို ကြည့်နေပြီး ရှုံ့မှုန်းစွာမေးတယ်။ "ကျွန် ခေါ်တို့ ကြိုးကို ဘယ်နား ချည်ရမှာလဲ။ ၎င်းရဲ့ စူးပေါ်လား၊ မီးပန်းတဲ့ အမြီး မှာလား၊ စုပ်ခွက်ပေါ်မှာလား"

"အလယ်မှာ ချည်" ဟက်ဂရစ်ကပြောရင်း လုပ်ပြတယ်။ "အင်း — မင်းတို့ နဂါးရေလက်အိတ် စွပ်ရလိမ့်မယ် ထင်တယ်။ ပိုပြီး ကာကွယ်မှုပေးတဲ့ အနေနဲ့ပေါ့။ ဟယ်ရီ — မင်း လာခဲ့ဦး၊ ကျုပ်ကို ဒီကောင်ကြီးကူဖမ်းစမ်း. . . ."

စင်စစ် ဟက်ဂရစ် စိတ်ကူးက ကျောင်းသားအားလုံးကို ရှောင်ပြီး ဟယ်ရီနဲ့ စကားပြောချင်တာ။ သူက အားလုံး မီးပန်းပိုးကောင်တွေခေါ်ပြီး ထွက်သွားတော့မှ ဟယ်ရီ့ဘက် လှည့်လိုက်တယ်။ အလွန် တည်ကြည်စွာနဲ့ ပြောတယ်။ "ဒီလိုဆိုတော့ — မင်းသွားယှဉ်ပြိုင်ရမှာပေါ့၊ ဟယ်ရီ။ ယှဉ်ပြိုင်ပွဲ ဝင်ရမယ်။ ကျောင်းသူရဲကောင်းဖြစ်ပြီ"

"သူရဲကောင်းထဲက တစ်ယောက်" ဟယ်ရီက သူ့ကို ပြင်ပေးတယ်။

ဟက်ဂရစ်ရဲ့ မျက်ခုံးမွေးထူထူအောက်က နောက်ချေးပိုးကောင်လို လက်နေတဲ့ မျက်လုံးဟာ အလွန်စိုးရိမ်နေတယ်။

"ဘယ်သူ မင်းနာမည်ကို ထည့်လိုက်တာလဲ မသိဘူး၊ ဟယ်ရီ"

"ဘယ်လို၊ ကျွန်တော် ဒီလို မလုပ်ဘူးဆိုတာ ခင်ဗျားယုံတယ်?" ဟယ်ရီက ပြောတယ်။ ဟက်ဂရစ် စကားကြားရပြီး ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ကျေးဇူးတင်တဲ့ စိတ်ကို မနည်းဖုံးကွယ်ထားတယ်။

"ငါယုံတာပေါ့" ဟက်ဂရစ်က ဗလုံးဗထွေးပြောတယ်။ "မင်းက မင်း မလုပ်ဘူး ပြောတယ်။ ငါ မင်းကို ယုံကြည်တယ် — ဒမ်ဘယ်လီဒိုးကလဲ မင်းကို ယုံတယ်။ အားလုံး မင်းကို ယုံတယ်"

"ဘယ်သူ လုပ်တယ်ဆိုတာ သိချင်လိုက်တာ" ဟယ်ရီက ခါးသီးစွာ ပြောတယ်။

နှစ်ယောက်သား မြက်ခင်းဆီ ငေးမျှော်ကြည့်တယ်။ ကျောင်းသား တွေ အစု ခွဲသွားကြတယ်။ အတော် ခက်ခက်ခဲခဲ သွားရတယ်။ မီးပန်းပိုးကောင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ အခု သုံးပေလောက် ရှည်လာပြီ။ အားကလဲ ကြောက်စရာကောင်းအောင် ကြီးတယ်။ ၎င်းတို့ဟာ ပျော့အိအိ အခွံမရှိ၊ အရောင်မရှိတာ မဟုတ်တော့ဘူး ထုထုပြောင်ပြောင် မီးခိုးဖျော့ ချပ်ဝတ်တန်ဆာသဏ္ဌာန် အရာတွေ ပေါက်လာပြီ။ ၎င်းတို့ရုပ်ပုံက ကင်းမီးကောက်နဲ့ ဆွဲဆန့်ထားတဲ့ ဂဏန်းကောင်ကြားမှာ ရှိတယ် — ဒါပေမယ့် ခေါင်းနဲ့မျက်လုံး ဘယ်မှာရှိတယ်ဆိုတာ ခုထိ မသိသေးဘူး။ ၎င်းတို့ဟာ အားအင်သိပ်ကြီးပြီး ချုပ်ထိန်းရ အလွန်ခက်တယ်။

"၎င်းတို့ကြည့်ရတာ သိပ် ပျော်နေသလိုပဲ၊ ဟုတ်လား" ဟက်ဂရစ်က ဝမ်းသာစွာပြောတယ်။ သူပြောတာ မီးပန်းပိုးကောင်ဆိုတာ ဟယ်ရီသိတယ်။ အကြောင်းက သူ့ ကျောင်းနေဘက်တွေကတော့ မပျော်လို့။ မကြာမကြာ လန့်စရာ ဖျပ်ဖျပ်သံနဲ့အတူ မီးပန်းပိုးကောင် တစ်ကောင်ရဲ့အမြီး ပေါက်ကွဲသွားတယ်။ မီးပန်းပိုးကောင်ကို ရှေ့သို့ ကိုက်တချို့ တွန်းပို့လိုက်တယ်။ ကျောင်းသားတစ်ယောက်ထက် မကဘူး၊ ၎င်းတို့ရှန်းလို့ လိမ့်ကျသွားပြီး မတ်တတ်ရပ်ဖို့ အတင်းရုန်းကန်နေတယ်။

"အား၊ ကျုပ်လဲ မသိဘူး၊ ဟယ်ရီ" ဟက်ဂရစ်က သက်ပြင်းချလိုက်တယ်။ ဟယ်ရီ့ကို လှည့်ကြည့်ပြန်တယ်။ မျက်နှာပေါ်မှာ ပူပန်တဲ့အမူအရာ ရှိတယ်။ "ကျောင်းသူရဲကောင်းအနေနဲ့. . . . မင်း ဘာမဆို ကြုံတွေ့ရလိမ့်မယ်၊ ဟုတ်လား"

ဟယ်ရီ မဖြေဘူး။ ဟုတ်တယ်၊ သူ ဘာမဆို ကြုံတွေ့ရနိုင်တယ်. . . သူနဲ့ဟာမီး ကန်ဘေးမှာ လမ်းလျှောက်တုန်းက ဟာမီးပြောတဲ့ စကားဟာလဲ ဒီအဓိပ္ပာယ်မျိုးပဲ။ သူမ ပြောပြချက်အရ ရွန်ကလဲ ဒီအတွက်ပဲ သူနဲ့ စကား မပြောတာ။

နောက်ရက် အနည်းငယ်ဟာ ဟယ်ရီ ဟော့ဂ်ဝပ်မှာ အနေရအကြပ်ဆုံး နေ့ရက်တွေဖြစ်တယ်။ ဒုတိယနှစ်တုန်းက လအချို့မှာ ကျောင်းက ကျောင်းသားအတော်များများဟာ သူ့ကို ကျောင်းနေဘက် ကျောင်းသားကို တိုက်ခိုက်တယ်လို့ သံသယဖြစ်ကြတယ်။ အဲဒီတုန်းကလဲ အခုလိုပဲ အနေရခက်ခဲတာ သူ သတိရတယ်။ သို့ပေမယ့် ထိုစဉ်က ရွန်က သူ့ဘက်မှာ ရပ်တည်တယ်။ ဟယ်ရီ့အဖို့ ပြောရရင် ရွန်သာ သူ့မိတ်ဆွေကောင်း ဖြစ်ခဲ့ရင် တစ်ကျောင်းလုံးက တခြားကျောင်းသားတွေ ဘယ်လိုပဲဖြစ်နေနေ၊ သူရင်ဆိုင်နိုင်တယ်။ ရွန်က သူနဲ့ ပြန်မသင့်မြတ်ချင်ဘူးဆိုတော့ သူကလဲ ရွန့်ကို သူနဲ့ စကားပြော



ပြောဖို့ တောင်းတောင်းပန်ပန် မလုပ်ချင်ဘူး။ ဒါပေမယ့် အင်း၊ မကြိုက်ခြင်းနဲ့ မကျေနပ်ခြင်းဟာ သူ့ဆီ အရပ်လေးမျက်နှာကနေ ဝိုင်းလာတယ်။ သူ သိပ်ကို အထီးကျန်နေတယ်။

ဒါကို သူမကြိုက်ပေမယ့် သူဟာ ဟာ့ဖ်ဖတ်တို့ရဲ့ သဘောကို နားလည်နိုင်တယ်။ သူတို့ဟာ သူတို့ရဲ့ သူရဲကောင်းကို ထောက်ခံရမှာပေါ့။ စလေးသရင်းကျတော့၊ ၎င်းတို့ဟာ သူ့ကို ဆိုးဝါးတဲ့ စော်ကားမှုပဲ ပေးဖို့ ရှိတယ်ဆိုတာ သူ အစောကြီး သိပြီးသား —သူ့ကို သူတို့က နည်းနည်းမှ မကြိုက်ဆိုဘူး။ တစ်လျှောက်လုံး ဒီအတိုင်းပဲ။ အကြောင်းက သူဟာ ခွေဒစ်ပြိုင်ပွဲနဲ့ ဘောက်စ်ဖလားပွဲတွေမှာ ဂရစ်ဖင်းဒေါ ကိုယ်စားပြုပြီး ၎င်းတို့ကို အကြိမ်ကြိမ် အနိုင်ယူခဲ့တယ်။ ဒါပေမယ့် ရေဗင်ခလော ကျောင်းသားတွေကကော၊ အစက သူဟာ သူတို့ကို စက်ဒရစ်ကို ထောက်ခံသလို သူ့ကို ထောက်ခံဖို့ မျှော်လင့်ဘယ်။ သူ မှားသွားပြီ။ ရေဗင်ခလောက ကျောင်းသားအများစုဟာ သူလုပ်ကြံပြီး မီးတောက်ခွက်ကို သူ့နာမည်လက်ခံဖို့ လိမ်ညာခဲ့တယ်၊ မိမိအတွက် နာမည်ကြီးအောင် မအောင့်အည်းနိုင်ဘဲ လုပ်ကိုင်တယ်လို့ ထင်မြင်ကြသလိုပဲ။

ဒီပြင် အဖြစ်မှန်တစ်ခု ရှိသေးတယ်။ စက်ဒရစ်ဟာ အပြင်ပန်းအရ သူ့ထက် သူရဲကောင်းနဲ့ပိုတူတယ်။ တန်းနေတဲ့ နှာတံမြင့်မြင့်၊ မည်းနက်တဲ့ ဆံ ကေသာ၊ မီးခိုးရောင် မျက်လုံးအစုံ။ ဒီရုပ်ရည်ဟာ သိပ်ကို ပြေပြစ်တယ်၊ ဒီရက်တွေအတွင်း စက်ဒရစ်နဲ့ ဗစ်ခတာ-ခရွန်းမ်အကြားမှာ ဘယ်သူပိုပြီး ချီးကျူး ခံရတယ်ဆိုတာ ပြောရခက်တယ်။ နေ့လယ်စာ စားတဲ့အချိန်တစ်ချိန်မှာ ခရွန်းမ် လက်မှတ်ထိုးတာရချင်လို့ စောင့်စားနေရဖူးတဲ့ ဆဋ္ဌမတန်း ကျောင်းသူတွေဟာ တစ်ခါ စက်ဒရစ်ကို သူမတို့ လွယ်အိတ်ပေါ်မှာ လက်မှတ်ထိုးဖို့ တောင်းဆိုနေကြတာ ဟယ်ရီ တကယ်ပဲ တွေ့ရတယ်။

တစ်ချိန်ထဲမှာ ဆီးရီးအက်စ်ကြယ်ဆီကလဲ ဘာသံမှ မကြားရဘူး၊ ဘက်ဒဝစ်ကလဲ ဘယ်လိုပဲဖြစ်ဖြစ် သူ့နား မကပ်ချင်ဘူး။ ပါမောက္ခထရီလောနီကလဲ သူသေမယ်လို့ ဟောနေပြန်တယ်။ ကံသေကံမပြောပြီး လေသံက ခါတိုင်းထက် တိကျတယ်။ သူ ပါမောက္ခဖလစ်ဝစ်အချိန် ဆင့်ခေါ် ဂါထာကို သင်ယူတဲ့အခါမှာ အလွဲလွဲအချော်ချော် ဖြစ်တယ်။ နောက်ဆုံး ပါမောက္ခက သူ့ကို အိမ်စာ အထူးပေးလိုက်တယ် — နီဗီးအပြင် အိမ်စာလုပ်ဖို့ အပြစ်ပေးခံရတာ သူပဲရှိတယ်။

www.burmeseclassic.com



"စင်စစ် ဒီလောက် မခက်ပါဘူး၊ ဟယ်ရီ" သူတို့ ဖလစ်ဝစ် ကျော င်းခန်းက ထွက်လာတော့ ဟာမီးက သူ့ကို နှစ်သိမ့်ဖို့ကြိုးစားတယ် — ခုန ကျောင်းတက်စဉ်မှာ သူမက ကျောင်းခန်းထဲက ပစ္စည်းတွေကို တရှုးရှုးနဲ့ သူ့ ဆီ ပျံလာအောင်လုပ်တယ်။ သူမဟာ သံလိုက်တစ်တုံးနဲ့ တူနေတယ်။ ကျော သင်ပုန်းဖျက်၊ စာရွက်ခြင်းနဲ့ လဇယားတွေဘာတွေကိုပဲ ဆွဲခေါ်တယ်။ "နင် ကောင်းကောင်း အာရုံမစုစည်းလို့ပါ — "

"ဘာဖြစ်လို့ ဒီလိုဖြစ်မှန်း မသိဘူး" ဟယ်ရီက မပျော်မရွှင် ပြော တယ်။ ဒီအချိန်မှာ စက်ဒရစ်-ဒစ်ဂိုရီ ရှေ့ကလာတယ်။ သူ့ဘေးမှာ တဟီး နဲ့ ကြောင်တောင်တောင် ရယ်နေတဲ့ ကျောင်းသူတစ်အုပ်ကြီး ဝိုင်းနေတယ် သူမတို့ဟာ ဟယ်ရီ့ကို မျက်စောင်းထိုး ကြည့်ကြတယ်။ သူဟာ အလွန်ကြီး တဲ့ မီးပန်းပိုးကောင်ကြီး ဖြစ်နေသလိုပဲ။ ကိစ္စမရှိဘူး — စိတ်ထဲမထားနဲ့နော် ဒီနေ့ညနေပိုင်း မှော်ဆေးပညာအချိန် နှစ်ချိန်ရှိသေးတယ်။

နှစ်ချိန်ဆက်တိုက် တက်ရတဲ့ မှော်ဆေးပညာအချိန်ဟာ သူ့ကို ကြ သီးထစေတယ်။ ဒုက္ခရောက်အောင် နှိပ်စက်ခံရသလို ဖြစ်နေတယ်။ တစ်နာ ခွဲလုံးလုံး မြေအောက်ခန်းမှာ အပိတ် ခံထားရတယ်။ စနိတ်ပ်နဲ့ စလေးသရင် တွေနဲ့ အတူတူ။ သူတို့ဟာ ဟယ်ရီ့ကို တတ်နိုင်သလောက် ဒုက္ခရောက်အော လုပ်ဖို့ ဆုံးဖြတ်ထားသလိုပဲ။ အကြောင်းက သူဟာ ကျောင်းသူရဲကောင်း ဖြ ဝံ့လို့ပဲ။ ဒါဟာ ဟယ်ရီတွေးကြည့်နိုင်တဲ့ အခက်ခဲဆုံး အတွေ့အကြုံပဲ။ သူ သောကြာနေ့ မှော်ဆေးပညာ အချိန်တစ်ချိန်ကို အောင့်ခံခဲ့ပြီးပြီ။ ထိုစဉ် ဟာမီး သူ့ဘေးမှာ ထိုင်တယ်။ အသံတိုးတိုးနဲ့ အဆက်မပြတ် "သူတို့ကို ဂရု စိုက်နဲ့၊ သူတို့ကို ဂရုမစိုက်နဲ့" လို့ အဆက်မပြတ် ရွတ်ဆိုနေတယ်။ ဒီနေ့ ကောင်းဖို့ အကြောင်းမရှိဘူး။

နေ့လယ်စာ စားပြီးနောက် သူနဲ့ ဟာမီးဟာ စနိတ်ပ်ရဲ့ မြေအော ခန်းကို သွားကြတယ်။ စလေးသရင်း ကျောင်းသားတွေ ကျောင်းခန်းအပြ ဘက်မှာ စောင့်နေတာ တွေ့ရတယ်။ လူတိုင်း ရင်ဘတ်ပေါ်မှာ ရင်ထိုးတံဆိ အကြီးကြီးတွေ တပ်ထားတာ တွေ့ရတယ်။ ဟယ်ရီဟာ ရုတ်တရက် ဘာမှ မသိလိုက်ဘူး။ အဲဒါ S.P.E.W. တံဆိပ်လို့ ထင်နေတာ — ဒီနောက်မှ အဲ တံဆိပ်တွေပေါ်မှာ တူညီတဲ့စာတွေ နှိပ်ထားတာ တွေ့ရတယ်။ နီရဲတဲ့ စာလုံ တွေဟာ မြေအောက် စင်္ကြံထဲမှာ လက်နေတယ်။ မီးလောင်နေသလိုပဲ။



စက်ဒရစ်-ဒစ်ဂိုရီကို ထောက်ခံတယ် —
ဟော့ဂ်ဝပ်က တကယ့်သူရဲကောင်း!

"ကြိုက်လား ပေါ်တာ" ဟယ်ရီရောက်လာတာ တွေ့တော့ မော်ဖိုင်က အကျယ်ကြီးပြောတယ်။ "ဒါတင် မကသေးဘူး၊ ကြည့်"

သူက ရင်ဘတ်ပေါ်က ရင်ထိုးတံဆိပ်ကို တအား ဖိလိုက်တယ်။ အပေါ်က စာတွေ ပျောက်သွားတယ်။ ဆက်လက်ပြီး တခြားစာတစ်တန်း ပေါ်လာ တယ်။ အစိမ်းရောင်လဲ့လဲ့ တောက်နေတယ်။

ပေါ်တာ ချေးစော်နံတယ်။

စလေးသရင်းတွေဟာ သံသေးသံညောင်နဲ့ ရယ်ကြတယ်။ သူတို့ဟာ လူတိုင်း ရင်ဘတ်ပေါ်က တံဆိပ်ကို ဖိလိုက်ကြတယ်။ နောက်ဆုံး ဟယ်ရီ့ပတ် ပတ်လည်မှာ ဟိုမျက်စိစူးတဲ့စာတန်း နေရာတကာမှာ ပေါ်လာတယ် —ဟယ်ရီ ချေးစော်နံတယ်။ သွေးတွေ မိမိမျက်နှာနဲ့ လည်ပင်းဆီ ထိုးတက်သွားတယ်လို့ ဟယ်ရီ ခံစားရတယ်။

"အို၊ သိပ်ရယ်စရာကောင်းတယ်" ဟာမီးက ဖန်စီ-ဖတ်ကင်ဆန်နဲ့ စလေးသရင်းကျောင်းသူ တစ်အုပ်ကို ပြောတယ် — သူတို့ရယ်တာ အဆိုးဆုံး "တယ်လဲ ဉာဏ်လျှင်လိုက်ကြပါလား"

ရွန်က နံရံကပ် ရပ်နေတယ်။ ဒင်းတို့ စီးမတ်စ်တို့နဲ့အတူ သူမရယ် ဘူး၊ ထွက်ပြီး ဟယ်ရီ့ကိုလဲ မထောက်ခံဘူး။

"တစ်ခုလောက် ယူမလား၊ ဂရန်ဂျာ" မော်ဖိုင်က ပြောတယ်။ ဟာမီး ကို တံဆိပ်တစ်ခု မြှောက်ပြတယ်။ "ငါ့မှာ တစ်ပုံကြီးရှိတယ်။ ဒါပေမယ့် သတိ ထား၊ ငါ့လက်ကိုတော့ မထိစေနဲ့။ ကြည့်၊ ငါ့လက် ခုတွင်ပဲ ဆေးထားတာ ရွှံ့ သွေးကြောင့် ပေမကုန်စေချင်ဘူး"

ရက်ပေါင်းများစွာအတွင်း စုပုံလာတဲ့ ဒေါသဟာ ရုတ်တရက် သူ့ရင် တွင်းက တာရိုး ကျိုးပေါက်သွားသလိုပဲ။ မိမိ ဘာလုပ်နေကာယ်ဆိုတာ သူတွေး အောင် မတွေးဘူး။ မှော်ကြိမ်လုံးကို သွားနှိုက်တယ်။ ဘေးကလူတွေ ဖယ်သွား ကြတယ်။ စင်္ကြံအတိုင်း နောက်ကိုဆုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ!" ဟာမီးက သူ့ကို သတိပေးတယ်။

"ကောင်းတယ်၊ လာလေ၊ ပေါ်တာ" မော်ဖိုင်က အေးဆေးစွာ ပြောတယ်။ မီမီမော့်ကြိမ်လုံးကိုလဲ ဆွဲထုတ်တယ်။ "အခုဒီမှာ မင်းကို ကာကွယ်မယ့် မူးဒီလဲ မရှိတော့ဘူး — မင်း သတ္တိရှိရင် ချ — "

နှစ်ယောက်သား မျက်လုံးချင်း စိုက်ကြည့်နေတယ်။ ဒီနောက် တစ်ချိန်တည်းမှာပဲ နှစ်ယောက်စလုံး စတိုက်တယ်။

"ဖာညူနိုးလပ်စ်" ဟယ်ရီက အော်တယ်။

"ဒင်းဆောဂျီအို" မော်ဖိုင်က စူးစူးအော်တယ်။

မော့်ကြိမ်လုံးနှစ်ခု တစ်ပြိုင်နက် အလင်းတန်း ပန်းထွက်ပြီး လေထဲမှာ သွားတွေ့ကြတယ်။ ထောင့်ချိုးပြီး ပန်းထွက်သွားတယ် — ဟယ်ရီ့အလင်းတန်းဟာ ဂိုးမျက်နှာကို သွားထိတယ်။ မော်ဖိုင့်အလင်းတန်းက ဟာမီး သွားထိတယ်။ ဂိုးက အော်ပြီး နှာခေါင်းကို လက်နဲ့အုပ်ထားတယ်။ အရုပ်ဆိုးတဲ့ အနာစိမ်းအဖုကြီးတွေ နှာခေါင်းပေါ်မှာ ပေါက်လာတယ်။ — ဟာမီးဟာ လန့်ပြီး ညည်းညူနေတယ်။ မီမီပါးစပ်ကို လက်နဲ့အုပ်ထားတယ်။

"ဟာမီး"

ရွန်က ရှေ့သို့ အမြန်တိုးလာပြီး ဟာမီး ဘာဖြစ်တယ်ဆိုတာ ကြည့်တယ်။ ဟယ်ရီ လှည့်ကြည့်လိုက်တော့ ရွန်က ဟာမီးလက်ကို ဆွဲဖယ်လိုက်တာ တွေ့ရတယ်။ သူမ ပုံပန်းက တော်တော်ဆိုးနေတယ်။ ဟာမီးရှေ့သွား — မူလကတဲက သူများထက် ကြီးတယ် — အခု ကြောက်ဖို့ကောင်းလောက်အောင် အလျင်အမြန် ကြီးလာနေတယ်။ သူမရှေ့သွား ရှည်လာတယ်။ အောက်နှုတ်ခမ်းကိုကျော်ပြီး မေးစေ့ထိ ရှည်လာတယ်။ ဒါကြောင့် သူမဟာ ကြွက်ဖျံကြီးနဲ့တူလေ ဖြစ်လာတယ် — ဟာမီးဟာ ထိတ်ထိတ်ပျာပျာနဲ့ သွားကိုစမ်းကြည့်ပြီး ကြောက်လန့်စွာ အော်လိုက်တယ်။

"ဒီမှာ ဆူဆူညံညံနဲ့ ဘာလုပ်နေကြလဲ" ပျော့ပျောင်းပြီး စိတ်ပျက်စရာ အသံတစ်သံက ပြောတယ်။

စနိတ်ပ် လာပြီ။ စလေးသရင်းကျောင်းသားတွေဟာ ကွဲကွဲကွကွ လုပြီး ရှင်းပြနေတယ်။ စနိတ်ပ်က ဝါနေတဲ့ လက်ချောင်းရှည်ရှည်တစ်ချောင်း ထုတ်ပြီး မော်ဖိုင်ကို ထိုးပြကာ "မင်းရှင်းပြစမ်း"

"ပေါ်တာက ကျွန်တော့်ကို တိုက်ခိုက်တယ်။ ဆရာ — "



"ကျွန်တော်တို့ တစ်ပြိုင်နက် အပြန်အလှန်တိုက်တာ" ဟယ်ရီက အကျယ်ကြီး ခုခံပြောတယ်။

" — သူ ဂိုးကို သွားထိတယ် — ကြည့်ပါ — "

စနိတ်ပ်က ဂိုးကို သေချာကြည့်တယ်။ ခုချိန်ရှိ ဂိုးရဲ့မျက်နှာဟာ အဆိပ်မှိုအကြောင်း စာအုပ်ထဲ ထည့်ရင်တော့ အတော်သင့်တော်မယ်။

"ဆေးရုံကို မြန်မြန်သွား၊ ဂိုး" စနိတ်ပ်က အေးဆေးစွာ ပြောတယ်။

"မော်ဖိုင်က ဟာမီးကို ထိမှန်စေတယ်" ရွန်က ပြောတယ်။ "ကြည့်ပါ"

သူက စနိတ်ပ်ကို သူမ သွားပြလိုက်ဖို့ အတင်းခိုင်းတယ် — သူမဟာ လက်နဲ့ အတင်းဖုံးထားတယ်။ ဒါပေမယ့် လွယ်တော့ မလွယ်ဘူး။ အကြောင်းက သူမ ရှေ့သွားဟာ သူမကော်လာကို ကျော်သွားပြီ။ ဖန်စီ-ဖတ်ကင်ဆန်နဲ့ စလေးသရင်းက ကျောင်းသူတွေ အသံအုပ်ပြီး ရယ်ကြတယ်။ တခစ်ခစ်နဲ့ ခါးကွေးအောင် ရယ်ကြတယ်။ စနိတ်ပ် ကျောဘက်ကနေ ဟာမီးကို လက်ညှိုးထိုး ပြောဆိုနေကြတယ်။

စနိတ်ပ်က ဟာမီးကို အေးစက်စက် ကြည့်လိုက်ပြီး ပြောတယ်။ "ဘာမှ ထူးခြားတာ ကျုပ်မမြင်ဘူး"

ဟာမီးဟာ ဝမ်းနည်းစွာ အော်လိုက်တယ်။ မျက်လုံးထဲ မျက်ရည်တွေ ပြည့်လာတယ်။ သူမဟာ လှည့်ပြီး တန်းထွက်ပြေးသွားတယ်။ စင်္ကြံလမ်းအတိုင်း ပျောက်ကွယ်သွားတယ်။

ကံကောင်းသွားတယ်လို့ ပြောရမယ်။ ဟယ်ရီနဲ့ရွန်တို့နှစ်ယောက် တစ်ပြိုင်နက် တစ်ချိန်တည်း စနိတ်ပ်ကို ဟစ်အော်လိုက်လို့၊ သူတို့နှစ်ယောက်အသံဟာ ကျောက်စင်္ကြံထဲမှာ ပဲ့တင်သံအကြီးကြီး ဖြစ်လာလို့၊ အဲဒီလို ဆူညံတဲ့အထဲမှာ စနိတ်ပ်ဟာ သူတို့ ဘာဆဲလိုက်တယ်ဆိုတာ မရှင်းလို့ ကံကောင်းသွားတယ်။ ဒါပေမယ့် သူက အဓိကကျတဲ့ အဓိပ္ပာယ်ကိုတော့ ခန့်မှန်းမိသွားတယ်။

"ကျုပ်စဉ်းစားလိုက်ဦးမယ်" သူက ပြောတယ်။ အသံက အထူးပျော့အိအိ ဖြစ်နေတယ်။ "ဂရစ်ဖင်းဒေါဟောက်စ်ကို အမှတ် ၅၀လျှော့မယ်။ ပေါ်တာနဲ့ ဝယ်စလီ ကျောင်းပိတ်လုပ်အားပေး တစ်ကြိမ် အပြစ်ပေးမယ်။ ကောင်းပြီ၊ ဝင်ကြတော့။ နို့မို့ရင် ကျောင်းပိတ်လုပ်အားပေး တစ်ပတ်လုံး လုပ်ရမယ်"

ဟယ်ရီ့နားထဲမှာ တအုန်းအုန်း မြည်နေတယ်။ ဒါ သိပ်တို့ မတရား

www.burmeseclassic.com



ဘူး၊ သူက စနိတ်ပ်ကို ကျိန်စာချချင်တယ်။ သူ့ကို ကပ်စေးညစ်ပတ်တဲ့ အမွှေးကြေတွေ ဖြစ်သွားစေချင်တယ်။ သူက စနိတ်ပ်ဘေးကဖြတ်ပြီး ရွှန်နဲ့အတူ မြေအောက်စာသင်ခန်း နောက်တန်းကို လာခဲ့တယ်။ လွယ်အိတ်ကို စားပွဲပေါ် ပစ်ချတယ်။ ရွှန်ကလဲ ဒေါသကြောင့် တုန်နေတယ် — အဲဒီအချိန်လေးမှာ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အရင်ကလို ပြန်ဖြစ်သွားသလိုပဲ။ သို့ပေမယ့် ရွှန်ကလှည့်ပြီး ဒင်းတို့ စီးမတ်စ်တို့နဲ့ သွားထိုင်တယ်။ ဟယ်ရီ တစ်ယောက်တည်း စားပွဲတစ်လုံးမှာ ထိုင်ကျန်ရစ်တယ်။ ကျောင်းခန်းရဲ့ တစ်ဖက်မှာ မော်ဖိုင်က စနိတ်ပ်ကို ကျောပေးပြီး လက်နဲ့ မိမိတံဆိပ်ကို ဖိလိုက်တယ်။ ကျေနပ်စွာ ရယ်နေတယ်။ 'ပေါ်တာ ချေးစော်နံတယ်' လက်လာပြန်တယ်။ ကျောင်းခန်း ဒီဘက်ကနေလဲ မြင်နိုင်တယ်။

ကျောင်းတက်ပြီ။ ဟယ်ရီဟာ ထိုင်ပြီး စနိတ်ပ်ကို ကြည့်နေတယ်။ ခေါင်းထဲမှာ မကောင်းတဲ့ အဖြစ်မျိုးစုံနဲ့ စနိတ်ပ် ကြုံတွေ့ပါစေလို့ စိတ်ကူးကြည့်နေတယ်. . . . မိမိ အသည်းခိုက် နာကျင်ကျိန်စာ ရွတ်တတ်ချင်လိုက်တာ . . . . ဒါဆိုရင် သူ စနိတ်ပ်ကို ပက်လက်လန် လဲစေပြီး ဟိုပင့်ကူလို အကြောဆွဲ ရုန်းကန်နေခိုင်းမှာ. . . .

"ဖြေဆေး" စနိတ်ပ်က ပြောတယ်။ ကျောင်းသားအားလုံးကို စေ့ကြည့်လိုက်တယ်။ ၎င်းရဲ့ အေးစက်တဲ့ မျက်လုံးဟာ လူကို မနှစ်သက်စေတဲ့ အရောင် တောက်နေတယ်။ "မင်းတို့ အခု ကိုယ့်ဆေးညွှန်းကိုယ် ပြင်ဆင်ပြီး သင့်ပြီ။ သေချာကျိုဖို့ ကျုပ်တောင်းဆိုတယ်။ ပြီးတော့ ကျုပ် တစ်ယောက်ထိုး ရွေးပြီး စမ်းသပ်မယ်. . . ."

စနိတ်ပ်အကြည့်ဟာ ဟယ်ရီနဲ့ သွားဆုံတယ်။ ဟယ်ရီက ဘာတွေဆက်ဖြစ်မယ်ဆိုတာ သိတယ်။ စနိတ်ပ်က သူ့ကို အဆိပ်ခတ်သတ်ချင်တယ်။ ဟယ်ရီဟာ မိမိဆေးကျိုအိုးကို ဆွဲပြီး ကျောင်းခန်းရှေ့ကို ပြေးသွားကာ စနိတ်ပ်ရဲ့ အဆီပြန်နေတဲ့ခေါင်းပေါ် အုပ်ချလိုက်ရရင်လို့ စိတ်ကူးကြည့်နေတယ်—

ဒီအချိန်မှာပဲ မြေအောက် ကျောင်းခန်းတံခါးခေါက်ပြီး ပွင့်သွားတယ်။ ဟယ်ရီ့အတွေး ပြတ်သွားတယ်။

လာသူက ခိုလင်-ခရိဗီး။ သူက ကိုယ်ကိုစောင်းပြီး ကျောင်းခန်းထဲ ဝင်လာတယ်။ ဟယ်ရီ့ကို ပြုံးပြတယ်။ ဒီနောက် ကျောင်းခန်းရှေ့ဘက် စနိတ်ပ် စာသင်စင်ဆီ လျှောက်သွားတယ်။



"ဘာကိစ္စလဲ" စနိတ်ပ်က စိတ်မရှည်ဘဲ မေးတယ်။

"ဝမ်းနည်းပါတယ်၊ ဆရာ။ ကျွန်တော် ဟယ်ရီ-ပေါ်တာကို အပေါ်ထပ် ခေါ်သွားမယ်"

စနိတ်ပ်အကြည့်ဟာ သိမ်းငှက်နှုတ်သီးနှာခေါင်းတစ်လျှောက် ဆင်းသာပြီး ခရိဗီးကို ကြည့်နေတယ်။ ခိုလင်ရဲ့ လှိုက်လှဲတဲ့အပြုံး ပျောက်သွားတယ်။

"ပေါ်တာ မှော်ဆေးပညာအချိန် တစ်နာရီ တက်ရဦးမယ်" စနိတ်ပ်က အေးစက်စက်ပြောတယ်။ "ကျောင်းဆင်းမှ အပေါ်ထပ် သွားပါစေ"

ခိုလင် မျက်နှာကြီး နီလာတယ်။

"ဆရာ — ဆရာ။ မစ္စတာဘက်ဂမင်းက ခေါ်ခိုင်းတာ" သူက ဘာလုပ်ရမှန်းမသိ ပြောတယ်။ "သူရဲကောင်းအားလုံး သွားရမယ်။ သူတို့ ဓာတ်ပုံရိုက်မယ်ထင်တယ်"

ဟယ်ရီဟာ ခိုလင်နောက်ဆုံးပြောတဲ့ စကားကို တားနိုင်ခဲ့ရင် မိမိရှိသမျှ အကုန်ပေးချင်တယ်။ သူက အားတင်းပြီး ရွှန့်ကို မျက်လုံးထောင့်နဲ့ ကြည့်လိုက်တယ်။ ရွှန်က မျက်နှာကြက်ကို စိုက်ကြည့်နေတယ်။

"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်" စနိတ်ပ်က တင်းမာစွာပြောတယ်။ "ပေါ်တာ၊ မင်းပစ္စည်းတွေ ဒီမှာထားခဲ့။ မင်းခဏနေရင် ဒီပြန်လာခဲ့၊ မင်းဖြေဆေးကို စမ်းသပ်မယ်"

"ဝမ်းနည်းပါတယ်၊ ဆရာ — သူ သူ့ပစ္စည်းတွေ ယူသွားရမယ်" ခိုလင်က ပျာသွားပြီး စူးစူးပြောတယ်။ "သူရဲကောင်းအားလုံး —"

"သိပ်ကောင်းတယ်" စနိတ်က ပြောတယ်။

"ပေါ်တာ — မင်းလွယ်အိတ်ယူပြီး ငါ့ရှေ့က မြန်မြန်ထွက်သွား"

ဟယ်ရီက လွယ်အိတ်ကို ပခုံးပေါ်ပစ်တင်ပြီး မတ်တတ်ရပ်လိုက်တယ်။ တံခါးဝဆီ လျှောက်သွားတယ်။ စလေးသရင်းတွေထိုင်တဲ့ စားပွဲဘေးဖြတ်သွားတော့ "ပေါ်တာ ချေးစော်နံတယ်" ဆိုတဲ့စာတန်းဟာ ဘက်အသီးသီးက သူ့ဆီ လက်နေတယ်။

"သိပ်တော်တာပဲနော်၊ ဟုတ်လား၊ ဟယ်ရီ" ဟယ်ရီ ကျောင်းခန်းက ထွက်ပြီး တံခါးပိတ်လိုက်တော့ ခိုလင်က အလောတကြီး ပြောတယ်။ "ဟုတ်လား၊ မင်း သူရဲကောင်းဖြစ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သိပ်ကိုတော်တယ်" ဟယ်ရီ့ လေသံက လေးပင်တယ် — နှစ်ယောက်သား တံခါးအဝင်ခန်းဆီ ပေါက်တဲ့ လှေကားထစ်ဆီ လျှောက်သွားတယ်။ "သူတို့ ဘာဖြစ်လို့ ဓာတ်ပုံရိုက်ရမှာလဲ၊ ခိုလင်"

"ကြိုဟောဆရာများနေ့စဉ်မှာ ထည့်ဖို့ ထင်တယ်"

"တယ်ဟန်ကျပါလား" ဟယ်ရီက သောကနဲ့ ပြောတယ်။ "ဒါ ငါလို ခင်ဗျာပဲ။ တစ်ဆင့်တိုးပြီး အရှက်ကွဲဖို့"

"ကံကောင်းပါစေ" ခိုလင်က ပြောတယ်။ သူတို့ ဟိုအခန်းအပြင်ဘက် ရောက်လာကြပြီ။ ဟယ်ရီက တံခါးခေါက်လိုက်ပြီး ဝင်သွားတယ်။

ဒါဟာ အနည်းငယ် ငယ်တဲ့ ကျောင်းခန်းဖြစ်တယ်။ စားပွဲအများစုဟာ အခန်းနောက်ဘက်ကို တွန်းပို့ထားတယ်။ အလယ်မှာ နေရာအကျယ်ကြီး ရှိတယ်။ ဒါပေမယ့် ကျောင်းစားပွဲ သုံးလုံးဆက်ပြီး ကျောက်သင်ပုန်းရှေ့မှာ ချထားတယ်။ ကတ္တီပါစားပွဲခင်း ရှည်ရှည်ကြီး ခင်းထားတယ်။ ကတ္တီပါခင်းထားတဲ့ ကျောင်းစားပွဲနောက်မှာ ထိုင်ခုံငါးလုံး ချထားတယ်။ ဒီထဲက ထိုင်ခုံတစ်လုံးပေါ်မှာ လူဒို-ဘက်ဂမင်း ထိုင်နေတယ်။ သူဟာ ဟယ်ရီမတွေ့ဖူးတဲ့ မှော်ဆရာမ တစ်ယောက်နဲ့ စကားပြောနေတယ်။ အဲဒီ မှော်ဆရာမဟာ အနီရောင် ဝတ်ရုံရှည် ဝတ်ထားတယ်။

ဗစ်ခတာ-ခရွန်းမ်ဟာ ခါတိုင်းလိုပဲ မျက်နှာသုန်မှုန်နေတယ်။ ချောင်တစ်နေရာမှာ ရပ်နေတယ်။ သူများနဲ့ စကားမပြောဘူး။ စက်ဒရစ်ဟာ ဖလော အာနဲ့ စကားပြောနေတယ်။ ဖလောအာက အလွန်ပျော်နေတယ်။ သူမ ဒီလောက်ပျော်တာ ဟယ်ရီတစ်ခါမှ မတွေ့ဖူးဘူး။ သူမဟာ မကြာမကြာ ဆံပင်ကို ခါယမ်းလိုက်တဲ့အတွက် ငွေရောင် ဆံပင်ရှည်ဟာ တောက်ပတဲ့အရောင် လက်နေတယ်။ ဗိုက်ရွဲရွဲ ယောက်ျားဟာ လက်ထဲမှာ မီးခိုးအနည်းငယ် ထွက်နေတဲ့ အမည်းရောင် ကင်မရာကို ကိုင်ထားရင်း ဖလောအာကို မျက်စိထောင့်ကနေ သတိပြုနေတယ်။

ဘက်ဂမင်းဟာ ရုတ်တရက် ဟယ်ရီ့ကို မြင်သွားတယ်။ အလျင်အမြန် မတ်တတ်ရပ်လိုက်ပြီး ရှေ့ကို ခုန်လိုက်တယ်။

"အား၊ သူလာပြီ။ စတုတ္ထသူရဲကောင်း၊ ဝင်ခဲ့လေ ဟယ်ရီ၊ ဝင်ခဲ့လေ . . . . ဘာမှ စိုးရိမ်စရာမရှိပါဘူး။ မှော်ကြိမ်လုံးကို စစ်ဆေးတဲ့ အခမ်းအနားပါပဲ။ ကျန် ဒိုင်လူကြီးတွေ မကြာခင် ရောက်မှာ —"



"မှော်ကြိမ်လုံးကို စစ်ဆေးမယ်?" ဟယ်ရီက စိတ်မအေးလို့ မေးတယ်။

"မင်းတို့ မှော်ကြိမ်လုံးတွေရဲ့သတ္တိ ပြည့်စုံလား၊ ဘာပြဿနာမှ မရှိဘူးလားဆိုတာ စစ်ဆေးရမယ်။ နောက်လာမယ့် ပြိုင်ပွဲထဲမှာ မှော်ကြိမ်လုံးဟာ မင်းတို့အတွက် အရေးအကြီးဆုံးလက်နက်ကိရိယာ ဖြစ်လို့ပဲ" ဘက်ဂမင်းက ပြောတယ်။ "ပါရဂူ အပေါ်ထပ်မှာ ရှိတယ်။ ဒမ်ဘလီဒိုးနဲ့အတူ ရှိနေတယ်။ ဒီတော့ ဓာတ်ပုံတချို့ ရိုက်မယ်။ ဒါက ရီထာ-စကီးထာ" သူကပြောရင်း ဝတ်ည်နီနီ ဝတ်ထားတဲ့ မှော်ဆရာမကို လက်ညှိုးထိုးပြတယ်။ "သူမဟာ 'ကြိုဟောဆရာများနေ့စဉ်' အတွက် ယှဉ်ပြိုင်ပွဲနဲ့ ပတ်သက်တဲ့ ဆောင်းပါးလေး နေတယ်. . . ."

"ဆောင်းပါးလေး ဟုတ်ချင်မှ ဟုတ်မှာ၊ လူဒို" ရီထာ-စကီးထာက ပြောတယ်။ မျက်လုံးက ဟယ်ရီ့ကို ကြည့်နေတယ်။

သူမဆံပင်ဟာ သပ်ရပ်ပြီး မာတောင့်တဲ့ အလိပ်ကြီး တစ်မျိုးကြီး ပ်ထားတယ်။ သူမရဲ့ ပါးရိုးကြီးကြီး မျက်နှာနဲ့ ယှဉ်လိုက်တော့ တစ်မျိုးကြီး ည့်ရခက်တယ်။ သူမဟာ ရတနာစီခြယ်ထားတဲ့ မျက်မှန်တပ်ထားတယ်။ တ်တုတ် လက်ချောင်းတွေဟာ မိကျောင်းရေ လက်ပွေ့အိတ်ကို ကိုင်ထား ယ်။ လက်သည်းက နှစ်လက်မ ရှိတယ်။ နီရဲနေအောင် ဆိုးထားတယ်။

"ကျွန်မတို့ မစခင်မှာ ဟယ်ရီနဲ့ စကားနည်းနည်း ပြောခွင့်ပေးမလား" ူက ဘက်ဂမင်းကို မေးတယ်။ ဒါပေမယ့် မျက်လုံးကတော့ ဟယ်ရီ့ကိုပဲ သေစိုက်ကြည့်နေတယ်။ "အသက် အငယ်ဆုံး သူရဲကောင်း. . . . သိပါ ယ်. . . . ဆောင်းပါးကိုပိုပြီး တောက်ပလာအောင်"

"ပြဿနာမရှိဘူး" ဘက်ဂမင်းက အကျယ်ကြီး ပြောတယ်။ "အဲဒါ — ဟယ်ရီ ဆန္ဒကျင်မလား မသိဘူး"

"အား — " ဟယ်ရီက ပြောတယ်။

"သိပ်ကောင်းတယ်" ရီထာ-စကီးထာက ပြောတယ်။ မျက်စိတမှိတ် ကွင်းမှာ သူမရဲ့ အကောင်လက်သည်းလို လက်သည်းနီနီဟာ ဟယ်ရီ့လက် ာင်းကို ဖမ်းကိုင်ထားလိုက်တယ်။ အင်အားကလဲ ကြောက်စရာကောင်း ာင် ကြီးတယ်။ သူမက သူ့ကို အခန်းထဲက ဆွဲထုတ်ပြီး ဘေးက တံခါးတစ် ်ကို ဖွင့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ အဲဒီအထဲမှာ နေလို့မဖြစ်ဘူး။ သိပ်ဆူတယ်" သူမက ပြော တယ်၊ "ကြည့်လိုက်ဦးမယ်. . . . အား၊ ကောင်းပြီ၊ ဒီမှာ သိပ်ငြိမ်သက်တယ် [illegible] သိပ်နေလို့ သက်သာမယ်"

ဒါက တံမြက်စည်းထည့်တဲ့ အခန်းလေး။ ဟယ်ရီက နားမလည်[illegible] သူမကို ကြည့်နေတယ်။

"လာပါ၊ အချစ်လေး — ဟုတ်ပြီ — သိပ်ကောင်းတယ်" ရီထာ-စကီးထာက ပြောရင်း မှောက်ထားတဲ့ ရေပုံးတစ်ပုံးပေါ်ကို ထိုင်ချလိုက်တယ် [illegible] ယိုင်တီယိုင်တိုင်ဖြစ်ပြီး လဲကျမလို ဖြစ်သွားတယ်။ ဒီနောက် သူမဟာ ဟယ်ရီ [illegible] ဂျပ်ထူပုံးတစ်ပုံးပေါ် ဖိချလိုက်တယ်။ တံခါး ပြန်ပိတ်လိုက်တယ်။ နှစ်ယောက် စလုံး အမှောင်ထဲ ကျရောက်သွားတယ်။ "အခု၊ စဉ်းစားလိုက်ဦးမယ်. . . ."

သူမဟာ သူမရဲ့ မိချောင်းရေ လက်ကိုင်အိတ်ကို ဖွင့်ပြီး ဖယောင်း တိုင်တွေ ဆွဲထုတ်လိုက်တယ်။ မှော်ကြိမ်လုံး ယမ်းလိုက်တာနဲ့ မီးညှိပြီးသား ဖြစ်သွားတယ်။ ဒီနောက် မှော်ပညာနဲ့ ၎င်းတို့ကို မိုးပေါ်မှာ လွင့်နေစေတယ် ဒီလိုဆိုတော့ သူတို့လုပ်မယ့် ကိစ္စကို နှစ်ယောက်စလုံး မြင်ရပြီ။

"ဟယ်ရီ၊ ကိုယ် အမြန်မှတ် ၄က်မွေးကလောင်နဲ့ မှတ်တမ်းရေးမယ် မင်း မဆန့်ကျင်ပါဘူးနော်။ ဒီလိုဆိုရင် ကိုယ် လက်အအားရပြီး မင်းနဲ့ပုံမှန် စကားပြောနိုင်တာပေါ့. . . "

"ခင်ဗျား ဘာနဲ့သုံးမယ်?" ဟယ်ရီက မေးတယ်။

ရီထာ-စကီးထာ မျက်နှာပေါ်က အပြုံး ပိုထင်ရှားလာတယ်။ သူမ ပါးစပ်ထဲမှာ ရွှေသွားသုံးချောင်း ရှိတာ ဟယ်ရီမြင်ရတယ်။ သူမဟာ လက်ကို မိချောင်းရေ လက်ကိုင်အိတ်ထဲ နှိုက်လိုက်ပြန်တယ်။ အထဲကနေ မျက်စိ [illegible] အောင်စိမ်းတဲ့ ၄က်မွေးကလောင် ရှည်ရှည်တစ်ချောင်းနဲ့ သိုးရေစက္ကူ [illegible] လိပ် ထုတ်လိုက်တယ်။ ဒီနောက် သိုးရေစက္ကူကို သူတို့နှစ်ယောက်ကြား သေတ္တာပေါ် ဖြန့်တင်လိုက်တယ်။ အဲဒီ သေတ္တာဟာ မစွစ်စခေါ်အာ တံ[illegible] စွယ်စုံရထူးဆန်းအစွန်းချွတ် ဆေးသေတ္တာ ဖြစ်တယ်။ သူမဟာ အစိမ်းရောင် ၄က်မွေးကလောင်ရဲ့ ထိပ်ဖျားကို ပါးစပ်ထဲ ထည့်ပြီး အရသာရှိရှိ ခဏစုပ်[illegible] တယ်။ ဒီနောက် ကလောင်ကို သိုးရေစက္ကူပေါ်မှာ မတ်မတ်ထောင်ထား[illegible] တယ်။ ၄က်မွေးကလောင်တံဟာ သိုးရေစက္ကူပေါ် ထောင်နေပြီး အနည်[illegible] တုန်ခါနေတယ်။



"စမ်းကြည့်ရအောင်. . . . ကျွန်မနာမည်က ရီထာ-စကီးထာ၊ 'ကြို ယောဆရာမျှားနေ့စဉ်' သတင်းထောက်"

ဟယ်ရီက ၄က်မွေးကလောင်ကို အမြန်ငုံ့ကြည့်တယ်။ ရီထာ-စကီး ထာရဲ့ အသံဆုံးတာနဲ့ အစိမ်းရောင် ၄က်မွေးကလောင်ဟာ ခပ်သွက်သွက် ရေးပါတော့တယ်။ ကလောင်ထိပ်ဟာ ကျင်လည်စွာ သိုးရေစက္ကူပေါ်မှာ ရေး ဆွဲသွားတယ်။

စွဲလမ်းစရာကောင်းတဲ့ ရွှေရောင်ဆံပင်နဲ့ အမျိုးသမီး ရီထာ-စကီးထာ အသက် ၄၃-နှစ်။ သူမရဲ့ ရိုင်းစိုင်းတဲ့ကလောင်ဟာ အပေါ်ရံရွှေမှုန်ကြွတဲ့ ဖြစ်ရပ်တွေ မနည်းဖော်ထုတ်ခဲ့တယ် —

"သိပ်ကောင်းတယ်" ရီထာ-စကီးထာက ပြောတယ်။ သိုးရေစက္ကူ တစ်ရွက်ကို ဖြဲယူလိုက်တယ်။ လုံးပြီး မိမိလက်ကိုင်အိတ်ထဲ ထည့်လိုက်တယ်။ ဒီနောက် သူမဟာ ဟယ်ရီ့ဘက် ကိုင်းပြီး ပြောတယ်။ "ဒါဆို၊ ဟယ်ရီ. . . . ဘာက မင်းကို ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲဝင်ဖို့ ဖြစ်လာတာလဲ"

"အင်း — " ဟယ်ရီ ပါးစပ်ဟလိုက်တယ်။ ဒါပေမယ့် သူ့အာရုံဟာ ၄က်မွေးကလောင်ဆီ ရောက်သွားတယ်။ သူ စကားမပြောပေမယ့် အဲဒီ ကလောင်ဟာ သိုးရေစက္ကူပေါ်မှာ ရှပ်ရှပ်နဲ့ ရွေ့လျားနေတယ်။ ကလောင်ထိပ် ဟာ ရွေ့လျားသွားတဲ့နေရာမှာ အသစ် ပေါ်ထွက်လာတဲ့ စာကို ဟယ်ရီဖတ်ရ တယ်။

အရုပ်ဆိုးတဲ့ အမာရွတ်ဟာ ကြေကွဲဖွယ် အတိတ်ကပေးခဲ့တဲ့ အမှတ် အား။ ဟယ်ရီ-ပေါ်တာရဲ့ မူလက ရုပ်ရည်ချောမောတဲ့ မျက်နှာကို ပျက်စီးစေ တယ်။ သူ့မျက်လုံး —

"ဟိုကလောင်ကို ဂရုမစိုက်နဲ့၊ ဟယ်ရီ" ရီထာ-စကီးထာက ပြတ်ပြတ် ပြောတယ် — ဟယ်ရီက မထောင်ချင်ဘဲ ခေါင်းကို ထောင်လိုက်တယ်။ အကြည့်ဟာ သူမမျက်နှာပေါ် ရောက်သွားတယ်။ "ကောင်းပြီ — ဟယ်ရီ မင်း ဘာဖြစ်လို့ ယှဉ်ပြိုင်ပွဲဝင်ဖို့ နာမည်ပေးသွင်းတာလဲ"

"ကျွန်တော်မသွင်းဘူး" ဟယ်ရီက ပြောတယ်။ "ဘယ်သူ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို မီးတောက်ခွက်ထဲ ထည့်လိုက်မှန်း ကျွန်တော်မသိဘူး။ အဲဒါ ကျွန်တော် လုပ်တာ မဟုတ်ဘူး"

ရိုထာ-စကီးထာ ခပ်ထူထူဆွဲထားတဲ့ မျက်ခုံးကို ပင့်လိုက်တယ်။

"အရေးမကြီးဘူး၊ ဟယ်ရီ၊ မင်း အရှုပ်အရှင်းဖြစ်မှာ မစိုးရိမ်နဲ့။ မင်းဟာ စင်စစ်မှာ နာမည်မသွင်းသင့်ဘူးဆိုတာ ကိုယ်တို့သိတယ်။ ဒါပေမယ့် ဒီအတွက် မင်းမစိုးရိမ်နဲ့။ ကိုယ်တို့ စာဖတ်သူတွေဟာ ပုန်ကန်တဲ့ စိတ်ဓာတ်ရှိတဲ့ လူကို ကြိုက်တယ်"

"ဒါပေမယ့် ကျွန်တော် နာမည်မသွင်းဘူး" ဟယ်ရီက မိမိပြောတာကို ထပ်ပြောတယ်။ "ကျွန်တော် ဘယ်သူက —"

"မင်း ယှဉ်ပြိုင်ရတော့မယ့် ကဏ္ဍကို ဘယ်လိုခံစားရလဲ" ရိုထာ-စကီးထာက မေးတယ်။ "စိတ်လှုပ်ရှားတာလား။ စိတ်တင်းကြပ်တာလား"

"ကျွန်တော် သေချာ တွေးမကြည့်ဘူး. . . . အိုး၊ နည်းနည်းတော့ စိတ်တင်းကြပ်တယ် ထင်တယ်" ဟယ်ရီက ပြောတယ်။ သူ စကားပြောတဲ့အခါ မှာ မိမိဗိုက်ထဲမှာ နေလို့မကောင်းအောင် အူတွေလှုပ်နေတယ်လို့ ခံစားရတယ်။

"အရင်က သူရဲကောင်း အများအပြား သေသွားကြတယ်၊ ဟုတ်လား" ရိုထာ-စကီးထာဟာ မညှာမတာ မေးတယ်။ "မင်း ဒီအချက်ကို စဉ်းစားဖူးလား"

"အင်း. . . . သူတို့က ဒီနှစ်ဟာ အရင်ကထက် လုံခြုံတယ်လို့ ပြောတယ်" ဟယ်ရီက ပြောတယ်။

ငှက်မွေးကလောင်ဟာ သူတို့နှစ်ယောက်ကြားက သိုးရေစက္ကူပေါ်မှာ တရှပ်ရှပ် ရွေ့သွားတယ်။ ရေခဲလျှောစီးသလို အသွားအပြန် လွှန်းထိုးနေတယ်။

"ဟုတ်တယ်လေ၊ မင်း အရင်က သေခြင်းနဲ့ ရင်ဆိုင်ခဲ့ဖူးတယ်၊ ဟုတ်လား" ရိုထာ-စကီးထာက မေးပြန်တယ်။ သူ့ကိုလဲ စိုက်ကြည့်နေတယ်။ "အဲဒါ မင်းကို ဘယ်လို ဂယက်ရိုက်တယ်လို့ ထင်လဲ"

"အင်း" ဟယ်ရီက ဒါပဲပြောတယ်။

"မင်း အရင်က ခံခဲ့ရတဲ့ ဒဏ်ချက်တွေကြောင့် မိမိအင်အားကို အလောတကြီး ပြချင်နေတယ်လို့ မင်းထင်သလား။ မင်းဟာ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲကို နာမည်ပေးသွင်း ပါဝင်ချင်တဲ့ အကြောင်းက — "



"ကျွန်တော် နာမည်မပေးသွင်းဘူး" ဟယ်ရီက ပြောတယ်။ သူဟာ နည်းနည်း ဒေါသထွက်လာတယ်။

"မင်းမိဘကို မှတ်မိသေးလား" ရိုထာ-စကီးထာဟာ အပေါ်စီးက မေးတယ်။

"မမှတ်မိဘူး" ဟယ်ရီက ပြောတယ်။

"တကယ်လို့ သူတို့က မင်း ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲ ပါဝင်မှာသိရင် သူတို့ ဘယ်လိုခံစားရမလဲလို့ ထင်သလဲ။ ဂုဏ်ယူမှာလား၊ ပူပင်မှာလား၊ ဒါမှမဟုတ် စိတ်ဆိုးမှာလား"

အခု ဟယ်ရီ တကယ်ပဲ ဒေါသထွက်လာပြီ။ သူ့မိဘ အသက်ရှင်နေသေးရင် ဘယ်လို ခံစားရမယ်ဆိုတာ သူ ဘယ်လိုလုပ် သိမှာလဲ။ ရိုထာ-စကီးထာ အကြည့်ဟာ သူ့ကို အလွတ်မပေးဘူးဆိုတာ သူခံစားရတယ်။ သူ မျက်မှောင်ကြုတ်ပြီး သူမအကြည့်ကို ရှောင်တယ်။ ငှက်မွေးကလောင် ခုတွင် ရေးသွားတဲ့ စာကို ငုံ့ဖတ်တယ်။

ကျွန်မတို့စကားဟာ သူ မမှတ်မိတော့တဲ့ မိဘအကြောင်း ရောက်တော့၊ အဲဒီ အံ့ဩလောက်အောင် စိမ်းနေတဲ့ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေတယ်။

"ကျွန်တော့်မျက်လုံးထဲမှာ မျက်ရည် မရှိဘူး" ဟယ်ရီက အော်ပြောတယ်။

ရိုထာ-စကီးထာ စကားပြောချိန်တောင် မရသေးဘူး။ တံမြက်စည်းခန်း တံခါး ပွင့်သွားတယ်။ ဟယ်ရီ လှည့်ကြည့်တယ်။ အလင်းရောင်စူးလို့ သူမျက်စိ ဖွင့်မရဘူး။ အောဘတ်-ဒမ်ဘယ်လီဒိုး အဝမှာ ရပ်နေတယ်။ သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေတာ တွေ့ရတယ်။

"ဒမ်ဘယ်လီဒိုး" ရိုထာ-စကီးထာက အကျယ်ကြီးပြောတယ်။ သိပ်ပျော်သွားတဲ့ ပုံစံနဲ့ — ဒါပေမယ့် သူမရဲ့ ငှက်မွေးကလောင်နဲ့ သိုးရေစက္ကူဟာ အစွန်းချွတ်ဆေးပုံးပေါ်ကနေ ထူးဆန်းစွာ ပျောက်သွားတာ ဟယ်ရီ သတိပြုမိတယ်။ ရိုထာရဲ့ အကောင်လက်သည်းလို လက်ချောင်းတွေဟာ သူမရဲ့ မိကျောင်းရေ ရွှေလက်ကိုင်အိတ်က ခလုတ်ကို အမြန်ပိတ်နေတယ်။ နေကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘူး" သူမက ပြောတယ်။ မတ်တတ်ရပ်ပြီး ဒမ်ဘာလီဒိုးကို ယောက်ျားလက်ကြီး လို လက်တစ်ချောင်း ထိုးပေးတယ်။ "ကျွန်မ နွေတုန်းက ရေးတဲ့ အပြည်ပြည် ဆိုင်ရာ မှော်ဆရာများညီလာခံ ဆောင်းပါးကို သင်ကြည့်ပြီးပြီလား"

"တကယ့်ကို သိပ်ကောင်းတာပဲ" ဒမ်ဘာလီဒိုးက ပြောတယ်။ မျက် လုံးနှစ်လုံးက လက်နေတယ်။ "ခင်ဗျားက ကျုပ်ကို မာတောင့်နေတဲ့ အရူးကြီး လို ရေးထားတဲ့ အပိုဒ်ကို သိပ်ကြိုက်တာ"

ရီထာ-စကီးထာဟာ နည်းနည်းမှ ရှက်ပုံမပေါ်ဘူး။

"ကျွန်မက ရှင့်အမြင်တချို့ဟာ နည်းနည်း ခေတ်နောက်ကျနေပြီဆို တာ ပြောချင်တာပါ။ ဒမ်ဘာလီဒိုး။ အပြင်မှာ မှော်ဆရာအများကြီး ရှိတယ် —"

"ခင်ဗျား ပွင့်ပွင့်လင်းလင်း ကျိုးကြောင်း ချင့်ချိန်တွေးတောတာ ကျုပ် နားထောင်ချင်ပါတယ် ရီထာ" ဒမ်ဘာလီဒိုးက ပြောရင်း ယဉ်ကျေးစွာ ဦးညွှတ် အလေးပြုလိုက်တယ်။ "ဒါပေမယ့် ဒီပြဿနာကို ကျုပ်တို့နောက်မှ ဆွေးနွေး ရလိမ့်မယ်။ မှော်ကြိမ်လုံး စစ်ဆေးတဲ့ အခမ်းအနား စတော့မယ်။ ကျုပ်တို့ သူရဲကောင်းတစ်ယောက်ဟာ တံမြက်စည်းခန်းထဲမှာ ပုန်းနေရင် အခမ်းအနား ပြုလုပ်လို့ မရတော့ဘူး"

ဟယ်ရီဟာ ရီထာ-စကီးထာနဲ့ ခွဲသွားချင်နေတာ။ သူက ချက်ချင်း အခန်းထဲ ပြန်သွားတယ်။ တခြား သူ့ရဲကောင်းတွေဟာ တံခါးဘေးက ခုံပေါ်မှာ ထိုင်နေကြပြီ။ သူက စက်ဒရစ်ဘေးမှာ အမြန် ဝင်ထိုင်လိုက်တယ်။ ရွှေ စိန်ကတ္တီပါခင်းထားတဲ့ စားပွဲဆီ လှမ်းကြည့်လိုက်တော့ အဲဒီမှာ ဒိုင်လူကြီး ငါးယောက်ထဲက လေးယောက် — ပါမောက္ခခါခါရော့ဖ်၊ မဒမ်မက်ဆင်း မစ္စတာခရောက်ချ်နဲ့ လူဒို-ဘက်ဂမင်းတို့ ထိုင်နှင့်နေပြီ။ ရီထာ-စကီးထာဟာ ထောင့်တစ်နေရာမှာ ဝင်ထိုင်တယ်။ သူမဟာ ဟိုသိုးရေစက္ကူကို တိတ်တိတ် ထုတ်လိုက်ပြီး ပေါင်ပေါ် ဖြန့်ခင်းထားတာ ဟယ်ရီတွေ့ရတယ်။ အမြန်မှတ် ငှက်မွေးကလောင်ထိပ်ကို စုပ်လိုက်ပြီး သိုးရေစက္ကူပေါ်မှာ ထောင်ထားတာ တွေ့ရပြန်တယ်။

"ကျွန်ုပ် မစ္စတာအော်လီဗန်ဒါကို မိတ်ဆက်ပေးပါရစေ" ဒမ်ဘာလီဒိုး ဟာ ဒိုင်လူကြီးနေရာမှာ ထိုင်လိုက်ပြီး သူရဲကောင်းတွေကို ပြောတယ်။ "သူက မင်းတို့ရဲ့ မှော်ကြိမ်လုံးကို စစ်ဆေးလိမ့်မယ်။ ပြိုင်ပွဲမတိုင်မီ မှော်ကြိမ်လုံး



အခြေအနေကောင်းဖို့ အာမခံချက်ရှိအောင် စစ်မှာ"

ဟယ်ရီ ပတ်ဝန်းကျင်ကို ဝေ့ကြည့်တယ်။ မျက်လုံးအရောင် ဖျော့ ဖျော့ရှိတဲ့ မှော်ဆရာအိုကြီးဟာ ပြတင်းဘေးမှာ တိတ်တိတ်လေး ရပ်နေတာ တွေ့ရတော့ အံ့ဩသွားမိတယ်။ ဟယ်ရီဟာ အရင်က မစ္စတာအော်လီဗန်ဒါကို တွေ့ဖူးတယ် — လွန်ခဲ့တဲ့ သုံးနှစ်က ထောင့်ဖြတ်လမ်းမှာ ဟယ်ရီဟာ အဲ့ဒီ မှော်ကြိမ်လုံးဆရာဆီကနေ မှော်ကြိမ်လုံးကို ဝယ်ခဲ့တာ။

"မစ်ဒယ်လာခေါ်၊ ခင်ဗျားအရင်လာပါ၊ ကောင်းလား" မစ္စတာအော် လီဗန်ဒါကပြောရင်း အခန်းအလယ်က ကွက်လပ်ကို လျှောက်သွားတယ်။

ဖလောအာ-ဒယ်လာခေါ်ဟာ မစ္စတာအော်လီဗန်ဒါဆီကို ပေ့ါပါးစွာ လျှောက်သွားတယ်။ မိမိမှော်ကြိမ်လုံးကို ၎င်းဆီ ကမ်းပေးလိုက်တယ်။

"အင်း. . . ." သူက ပြောတယ်။

သူက အချက်ပြတုတ်ကို ယမ်းသလို မိမိရဲ့ သွယ်လျတဲ့ လက်ချောင်း အတွင်းမှာ လှည့်လိုက်တယ်။ မှော်ကြိမ်လုံးက ပန်းရောင်နဲ့ ရွှေဝါရောင်မီးပွင့် တွေ ပွင့်လာတယ်။ ဒီနောက် သူက မှော်ကြိမ်လုံးကို မျက်စိရှေ့ကပ်ပြီး သေချာ ကြည့်နေတယ်။

"မဆိုးဘူး" သူက တိုးတိုးပြောတယ်။ "ကိုးလက်မခွဲ. . . . တောင့် ဘင်းတယ်. . . . သစ်နီနဲ့ ပြုလုပ်တယ်. . . . အတွင်းမှာ. . . . အိုး. . . . ဘုရားဘုရား. . . ."

"ဗီးလာဆံပင် တစ်ပင်ရှိတယ်" ဖလောအာက ပြောတယ်"ကျွန်မ အဖွား ဆံပင်"

ဒီလိုဆိုတော့ ဖလောအာမှာ ဗီးလာသွေး တကယ်ပဲ ပါနေတာကိုး၊ ဒီအချက်ကို မှတ်သားထားပြီး ပြန်သွားရင် ရွန့်ကို ပြောပြမယ်လို့ တွေးတယ် . . . . ဒီနောက်မှ ရွန် သူနဲ့ စကားမပြောတာ ပြန်သတိရတယ်။

"ဟုတ်တယ်" မစ္စတာအော်လီဗန်ဒါက ပြောတယ်။ "ဟုတ်တယ်၊ ဒါပေ့ါလေ။ ကျွန်တော်ကတော့ ဗီးလာဆံပင်ကို တစ်ခါမှ မသုံးဖူးဘူး။ ဗီးလာ ဆံပင်နဲ့ ပြုလုပ်တဲ့ မှော်ကြိမ်လုံးဟာ သိပ်ပြီး ဖျတ်လတ်ပြီး ထင်ရာစိုင်းတယ် သို့ ကျွန်တော်ထင်တယ်. . . . ဒါပေမယ့် လူတိုင်း ကိုယ့်အကြိုက်နဲ့ကိုယ်ပျည်း ပဲ၊ ၎င်းဟာ မင်းအတွက် သင့်တော်တယ်ဆိုရင်. . . ."

မစ္စတာအော်လီဗန်ဒါဟာ လက်နဲ့ မှော်ကြိမ်လုံးကို သပ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပွတ်ရာ၊ ဘိုက်ရာများ ရှိမရှိ စစ်ဆေးနေတာ သေချာတယ်။ ဒီနောက် သူက တိုးတိုးရွတ်ဆိုလိုက်တယ်။ "သစ်ခွပန်းများ ပွင့်ဝေစေ" ပန်း လတ်လတ်ဆတ်ဆတ်တစ်စု မှော်ကြိမ်လုံးပေါ်မှာ ပွင့်လာတယ်။

"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အခြေအနေ မဆိုးဘူး" မစ္စတာအော်လီဗန်ဒါက ပြောတယ်။ ပန်းကို စုယူလိုက်ပြီး မှော်ကြိမ်လုံးနဲ့အတူ ဖလောအာကို ပေးလိုက်တယ်။ "မစ္စတာဒစ်ဂိုရီ၊ ခင်ဗျားအလှည့်ရောက်ပြီ"

ဖလောအာက ခြေလှမ်းပေါ့ပါးစွာ မိမိနေရာကို ပြန်သွားတယ်။ စက်ဒရစ်နဲ့ ပခုံးချင်း ယှဉ်ဖြတ်သွားတော့ သူမက ပြုံးပြတယ်။

"အား၊ ဒါက ကျွန်တော်ထုတ်လုပ်တာပဲ၊ ဟုတ်လား" စက်ဒရစ်က မှော်ကြိမ်လုံးကို ကမ်းပေးလိုက်တော့ မစ္စတာအော်လီဗန်ဒါက ပြောတယ်။ ခုနကထက် အများကြီး စိတ်ဓာတ်တက်ကြွတယ်။ "ဟုတ်တယ်၊ ကျွန်တော် သေချာမှတ်မိတယ်။ အထဲမှာ အလွန်လှပတဲ့ ချိုတစ်ချို သတ္တဝါအထီး အမြီးပေါ်က နုတ်ယူထားတဲ့ အမွေးတစ်ပင် ပါတယ်. . . . ငါးပေ ခြောက်ပေတောင် ရှည်တယ်။ ကျွန်တော် ချိုတစ်ချို တိရစ္ဆာန်ရဲ့ အမြီးမွေးကို နုတ်တော့ ၎င်းက ကျွန်တော့်ကို အပေါက်ပေါက်အောင် ခွေ့မိဖို့ နည်းနည်းလိုတယ်။ ၁၂နှံလက်မ. . . . အက်ရှ်သားနဲ့ ပြုလုပ်တာ. . . . အရှိန်ကောင်းတယ်. . . . အခြေအနေကောင်းတယ်. . . . မင်း အချိန်မှန် ပြုစုသလား"

"မနေ့ညကမှ သုတ်ထားတာ" စက်ဒရစ်က ပြောပြီး ပြုံးလိုက်တယ်။

ဟယ်ရီက မိမိမှော်ကြိမ်လုံးကို ငုံ့ကြည့်တယ်။ အပေါ်မှာ လက်ရာတွေချည်းပဲ။ သူက ဒူးပေါ်ကနေ ဝတ်ရုံရှည် အောက်စကို လှန်လိုက်တယ်။ မှော်ကြိမ်လုံးကို တိတ်တိတ်လေး သုတ်ပစ်ချင်တယ်။ မှော်ကြိမ်လုံး ထိပ်ဖျားကနေ မီးပွင့်အနည်းငယ် ထွက်လာတယ်။ ဖလောအာ-ဒယ်လာခေါ်က အလွန်မာနကြီးစွာ သူ့ကို ကြည့်လိုက်တာနဲ့ သူလဲ ဒီတိုင်း နေလိုက်တယ်။

မစ္စတာအော်လီဗန်ဒါဟာ မှော်ကြိမ်လုံးထိပ်ဖျားကနေ ငွေရောင်မီးခိုးကွင်းတွေ မှုတ်ထုတ်စေတယ်။ မီးခိုးကွင်းတွေဟာ အခန်းဒီဘက်ကနေ တစ်ဘက်ကို လွင့်သွားတယ်။ သူက ကျေနပ်ကြောင်း ဖော်ပြပြီး ပြောတယ်။ "မစ္စတာခရွန်းမ်၊ ခင်ဗျားအလှည့် ရောက်ပြီ"

ဗစ်ခတာ-ခရွန်းမ် မတ်တတ်ရပ်လိုက်တယ်။ ပခုံးလုံးလုံးကို ကိုင်းတာ ဘဲသွား သွားတဲ့ ခြေလှမ်းနဲ့ မစ္စတာအော်လီဗန်ဒါဆီ သုန်သုန်မှုန်မှုန်နဲ့ သွားတယ်။ သူက မှော်ကြိမ်လုံးကို ထိုးပေးလိုက်ပြီး မျက်မှောင်ကြုတ်ကာ ရပ်နေတယ်။ လက်နှစ်ဖက်ကို ဝတ်ရုံရှည်အိတ်ကပ်ထဲ ထိုးထည့်ထားတယ်။



"အင်း" မစ္စတာအော်လီဗန်ဒါက ပြောတယ်။ "ကျုပ်မမှားဘူးဆိုရင် ဂရီဂိုရိုဗစ်ခ်ျရဲ့ပစ္စည်း။ သူက အလွန်တော်တဲ့ မှော်ကြိမ်လုံး ဆရာ။ သူ့ဟန်ကို ကျွန်တော် သိပ်ပြီး. . . . ဒါပေမယ့်. . . ."

သူက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ မျက်စိရှေ့မှာ မှောက်လိုက် လှန်လိုက်နဲ့ သေချာစစ်ဆေးနေတယ်။

"ဟုတ်တယ်. . . . ဟွန်းဘင်းသစ်မာ၊ နဂါးနှလုံးအကြောပါတယ်၊ ဟုတ်လား" သူက ခရွန်းမ်ကို တစ်ချက်ကြည့်လိုက်တယ် — ခရွန်းမ်က ခေါင်းညိတ်ပြတယ်။ "လူတွေ တွေ့နေကျထက် တုတ်တယ်. . . . အလွန် မာတယ် . . . . ၁၄နှံ လက်မ. . . . အာဗစ်"

ဟွန်းဘင်းသစ်မာ မှော်ကြိမ်လုံးဟာ သေနတ်ပစ်သလို ဒိုင်းခနဲ မြည်သွားတယ်။ ငှက်ကလေးတစ်အုပ်ဟာ တောင်ပံခတ်ပြီး မှော်ကြိမ်လုံးထိပ်ဖျားက ပျံထွက်လာပြီး ပွင့်နေတဲ့ ပြတင်းပေါက်ကနေ နေရောင်ဖျော့ဖျော့ထဲကို ပျံသွက်သွားတယ်။

"သိပ်ကောင်းတယ်" မစ္စတာအော်လီဗန်ဒါက ပြောပြီး မှော်ကြိမ်လုံးကို ခရွန်းမ် ပြန်ပေးလိုက်တယ်။ "နောက်ဆုံးတစ်ယောက် ရှိသေးတယ်. . . . မစ္စတာပေါ်တာ"

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။ ခရွန်းမ်နဲ့ ပခုံးချင်း ယှဉ်ဖြတ်သွားတယ်။ မစ္စတာအော်လီဗန်ဒါဆီ သွားလိုက်တယ်။ သူက မိမိမှော်ကြိမ်လုံးကို ခပေးလိုက်တယ်။

"အား၊ ဟုတ်ပြီ" မစ္စတာ အော်လီဗန်ဒါက ပြောတယ်။ အရောင်ဖျော့ဖျော့ မျက်လုံးတွေဟာ ရုတ်တရက် တက်ကြွစွာ အလင်းရောင် တောက်ခနေတယ်။ "ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျုပ် ရှင်းရှင်းကြီး မှတ်မိတယ်"

ဟယ်ရီကလဲ သတိရတယ်၊ မနေ့တုန်းကမှ ဖြစ်ပွားခဲ့သလိုပဲ. . . .

လွန်ခဲ့တဲ့သုံးနှစ် နွေမှာ၊ သူ အသက်၁၁နှစ် မွေးနေ့မှာ သူနဲ့ ဟက်ဂရစ်တို့ အတူတကွ မစ္စတာအော်လီဗန်ဒါရဲ့ဆိုင်ထဲ ဝင်ခဲ့ကြတယ်။ မှော်ကြိမ်သုံးဝယ်ဖို့ ဖြစ်တယ်။ မစ္စတာအော်လီဗန်ဒါဟာ သူ့ကိုယ်ခန္ဓာ နေရာအသီးသီးဘဲ့ တိုင်းထွာပြီးတာနဲ့ မှော်ကြိမ်လုံး တစ်ချောင်းပြီးတစ်ချောင်း သူ့ကို စမ်းကြည့်

www.burmeseclassic.com



ခိုင်းတယ်၊ ဆိုင်ထဲရှိ မှော်ကြိမ်လုံး အားလုံးကို ဝေ့ယမ်းပြီးပြီလို့ ဟယ်ရီထင်တယ်၊ နောက်ဆုံးကျမှ မိမိနဲ့ သင့်တော်တဲ့ မှော်ကြိမ်လုံးကို တွေ့တယ် — ဒီမှော်ကြိမ်လုံးဟာ ဆောက်ကုလားသားနဲ့ ပြုလုပ်ထားတာ။ ၁၁လက်မ ရှည်တယ်၊ အတွင်းမှာ ဖီးနစ်ငှက်ရဲ့ အမြီးတောင် တစ်ချောင်းပါတယ်။ ထိုစဉ်က မစ္စတာအော်လီဗန်ဒါဟာ ဟယ်ရီ ဒီမှော်ကြိမ်လုံးကို ကိုင်လိုက်တာနဲ့ အလွန်ပြေပြစ် ညီညွတ်တာ တွေ့ရှိရတဲ့အတွက် သိပ်အံ့ဩသွားတယ်။ "ထူးဆန်းလိုက်တာ" သူက ပြောတယ်။ "သိပ်ကို အံ့ဩစရာပဲ" ဟယ်ရီက ဘာကို ထူးဆန်းတယ် ပြောတာလဲလို့ မေးတော့မှ မစ္စတာအော်လီဗန်ဒါက ရှင်းပြတယ်။ ဟယ်ရီ့မှော်ကြိမ်လုံးထဲ ပါတဲ့ ဖီးနစ်အမြီးတောင်ဟာ ဗိုလ်ဒီမွတ်ရဲ့ မှော်ကြိမ်လုံးထဲမှာပါတဲ့ အမွေးနဲ့ ငှက်တစ်ကောင်တည်းက နုတ်ယူထားတာ ဖြစ်တယ်။

ဟယ်ရီဟာ ဒီအကြောင်းကို ဘယ်တော့မှ သူများကို ပြောမပြဘူး။ သူက သူ့မှော်ကြိမ်လုံးကို အလွန်နှစ်သက်တယ်။ သူ့အဖို့ ပြောရရင် ဒီမှော်ကြိမ်လုံးနဲ့ ဗိုလ်ဒီမွတ်ရဲ့ မှော်ကြိမ်လုံးတို့ ပတ်သက်မှုဟာ သူ့ကြောင့် မဟုတ်ဘူး. . . . သူနဲ့ အဒေါ်ပီချူနီယာရဲ့ ပတ်သက်မှုကို ဖြတ်ပစ်လို့ မရသလိုပဲ။ ဒါပေမယ့် ဒီအကြောင်းကို မစ္စတာအော်လီဗန်ဒါက အခန်းထဲက လူတွေကို သူ တကယ်ပဲ ပြောမပြစေချင်ဘူး။ သူ့မှာ ခံစားချက် တစ်မျိုးကြီး ဖြစ်နေတယ်။ တကယ်လို့ မစ္စတာအော်လီဗန်ဒါက ဒီလျှို့ဝှက်ချက်ကို ဖွင့်ပြောလိုက်ရင် ရီထာ-စကီးတာရဲ့ ဟိုငှက်မွေးကလောင်ဟာ ဝမ်းသာလွန်းလို့ ထပေါက်ကွဲသွားလိမ့်မယ်။

မစ္စတာအော်လီဗန်ဒါ ဟယ်ရီ့မှော်ကြိမ်လုံးကို စစ်ဆေးတဲ့အချိန်ဟာ တခြားလူတွေဟာကို စစ်ဆေးတာထက် ကြာတယ်။ နောက်ဆုံးမှာ သူက မှော်ကြိမ်လုံးထိပ်ဖျားကနေ စပျစ်ဝိုင်ပန်းထွက်စေပြီး မှော်ကြိမ်လုံးကို ဟယ်ရီ့ ပြန်ပေးလိုက်တယ်။ ၎င်းအခြေအနေ ကောင်းမွန်ကြောင်း ကြေညာတယ်။

"အားလုံးကို ကျေးဇူးတင်ပါတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ ဒိုင်လူကြီးစားပွဲဘေးကနေ ထရပ်လိုက်တယ်။ "အခု မင်းတို့ ကျောင်းပြန်တက်လို့ရပြီ — ထမင်းစားဖို့ တန်းသွားတာ ပိုအဆင်ပြေမယ် ထင်တယ်။ သူတို့ထဲ မကြာခင် ကျောင်းဆင်းတော့မှာပဲ —"

ဒီတော့မှ ဟယ်ရီ့အဖို့ ဒီနေ့ အဆင်ပြေသွားတာ တစ်ခုတလေရှိတယ်လို့ ခံစားရတယ်။ သူက မတ်တတ်ရပ်ပြီး ထွက်သွားဖို့လုပ်တယ်။ ဒါပေမယ့် ဟို ကင်မရာအမည်းရောင် ကိုင်ထားတဲ့ ယောကျ်ားကြီးဟာ ခုန်ထပြီး ချောင်းဟန့်လိုက်တယ်။

"ဓာတ်ပုံရိုက်မယ်၊ ဒမ်ဘလီဒိုး၊ ဓာတ်ပုံရိုက်မယ်" ဘက်ဂမင်းက စိတ်ဓာတ်တက်ကြွစွာ အော်ပြောတယ်။ "ဒိုင်လူကြီးနဲ့ သူ့ရဲကောင်းတွေ စုပေါင်းရိုက်မယ်။ ဘယ့်နှယ်လဲ၊ စကီးတာ"

"အင်း — ကောင်းပြီ၊ စုပေါင်းတာ အရင်ရိုက်မယ်" ရီထာ-စကီးတာက ပြောတယ်။ အကြည့်ဟာ ဟယ်ရီ့ဆီ ရောက်သွားပြန်တယ်။ "ခဏနေမှ တစ်ဦးချင်း ရိုက်ရအောင်"

ဓာတ်ပုံရိုက်တာ အချိန် အတော်ကြာသွားတယ်။ မဒမ်မက်ဆင်းမ်ဟာ ဘယ်နေရာမှာရပ်ရပ်၊ သူများကို ကွယ်နေတယ်။ ပြီးတော့ အခန်းက သိပ်သေးတော့ ဓာတ်ပုံဆရာဟာ အဝေးကြီး ဆုတ်လို့မရဘူး။ သူမကို အကုန်ပါအောင် လုပ်လို့မရဘူး။ နောက်ဆုံးမှာ သူမကို ထိုင်ခိုင်းရတယ်။ ကျန်လူတွေ သူမဘေးပတ်လည်မှာ ဝိုင်းရပ်တယ်။ ခါခါရော့ဖ်ဟာ မကြာမကြာ လက်ချောင်းနဲ့ သူ့မုတ်ဆိတ်ကို သပ်ပြီးလိပ်ပေးနေတယ်။ မုတ်ဆိတ်လိပ်နေစေချင်တယ်။ ခရွန်းမ်ကျတော့၊ ဟယ်ရီက သူ ဒါမျိုးတွေကို ကျင့်သားရနေပြီ ထင်တာ။ မထင်မှတ်ဘူး။ သူဟာ သူများနောက်ကို ပုန်းပုန်းနေတယ်။ ဓာတ်ပုံဆရာဟာ ဖလောအာကို ရှေ့မှာရပ်စေဖို့ သိပ်ပြင်းပြတယ်။ ဒါပေမယ့် ရီထာ-စကီးတာက ရှေ့ချည်း တိုးတိုးလာပြီး ဟယ်ရီ့ကို ပိုထင်ရှားမယ့်နေရာ ဆွဲဆွဲပို့တယ်။ ဒီ နောက် သူမဟာ သူ့ရဲကောင်းတွေကို တစ်ဦးချင်း ဓာတ်ပုံရိုက်ဖို့ အတင်းပြောတယ်။ တော်တော်ကြာတော့မှ သူတို့ ထွက်လာလို့ ရတယ်။

ဟယ်ရီ အောက်ဆင်း ထမင်းစားတယ်။ ဟာမီး အဲဒီမှာ မရှိဘူး။ — သူမ ဆေးရုံမှာ သွားကို ဆေးကုနေတယ်လို့ သူ ခန့်မှန်းတယ်။ ဟယ်ရီဟာ တစ်ယောက်တည်း စားပွဲထိပ်မှာ စားနေတယ်။ ထမင်းစားပြီးနောက် ဂရစ်ဖင်ဒေါရဲတိုက်ကို ပြန်ခဲ့တယ်။ တစ်လမ်းလုံး သူ ပြီးအောင်လုပ်ရမယ့် ဆင့်ခေါ်ပါတာ အိမ်စာအကြောင်း စဉ်းစားနေတယ်။ သူ အပေါ်ထပ် ပြန်လာတော့ ရွန်နဲ့ တွေ့တယ်။

"မင်းအတွက် ဇီးကွက်တစ်ကောင် ရောက်နေတယ်" ဟယ်ရီ ဝင်သွားတာနဲ့ ရွန်က မာတောင့်တောင့် ပြောတယ်။ ဟယ်ရီ့ ခေါင်းအုံးကို လက်ညှိုးထိုးပြတယ်။ ကျောင်းက ဟိုစပါးကျီဇီးကွက်ကြီး အဲဒီမှာ ရပ်ပြီး သူ့ကို စောင့်နေတယ်။

www.burmeseclassic.com



"အော — ကောင်းပြီ" ဟယ်ရီက ပြောတယ်။

"ပြီးတော့၊ ငါတို့ မနက်ဖြန် ကျောင်းပိတ်ခံရမယ်။ စနိတ်ပ်ရဲ့ မြေအောက်စာသင်ခန်းမှာ" ရွန်က ပြောတယ်။

ပြောပြီးတာနဲ့ အခန်းထဲက တန်းထွက်သွားတယ်။ ဟယ်ရီ့ကို ကြည့်တောင် မကြည့်ဘူး။ ခဏတာအတွင်းမှာ ဟယ်ရီက သူ့ဆီ လိုက်ခေါ် ရမလားလို့ တွေးတယ် — မိမိ ရွန်နဲ့ စကားပြောချင်တာလား၊ သူ့ကို နာနာရိုက်ချင်တာလား မရှင်းဘူး။ ဒီ နှစ်ခုစလုံးကလဲ သိပ်ဆွဲဆောင်မှုရှိတယ် — ဒါပေမယ့် ဆီးရီးအက်စ်ကြယ်ရဲ့ ပြန်စာက ဆွဲဆောင်မှု သိပ်ကြီးနေတယ်။ ဟယ်ရီဟာ စပါးကျိုးငှက်ကြီးဆီ ခြေလှမ်းကျဲကျဲ သွားပြီး ၎င်းခြေထောက်ပေါ် ကနေ အဲဒီ စာအိတ်ကို ဖြုတ်ယူလိုက်တယ်။ စာကို ဖွင့်လိုက်တယ်။


ဟယ်ရီ

စာထဲမှာ ပြောချင်တာ ရေးလို့မဖြစ်ဘူး။ တကယ်လို့ ငှက်ကို ဖြတ်ယူရင် သိပ်အန္တရာယ်ကြီးတယ် — ကျုပ်တို့ တွေ့ပြီး စကားပြောဖို့ လိုတယ်။ နိုဝင်ဘာလ၊ ၂၂ရက် သန်းခေါင်ကျော် တစ်ချက်တီးမှာ ဂရစ်ဖင်းဒေါ အိမ်ချွန်က မီးဖိုဘေးမှာ ကျုပ်ကို စောင့်နေနိုင်မလား။

ကျုပ်က မင်းဟာ ကိုယ့်ကိုကိုယ် ဂရုစိုက်နိုင်တယ်ဆိုတာ ကျန်လူတွေထက် ပိုသိပါတယ်။ ပြီးတော့ ဒမ်ဘယ်လီဒိုးနဲ့ မူးဒီအနားမှာ မင်းရှိနေမှသာ ဘယ်သူကမှ မင်းကို ဒုက္ခမပေးနိုင်မှာလို့ ကျုပ်ထင်တယ်။ ဒါပေမယ့် ဒီလိုလုပ်ဖို့ ကြိုးစားနေတဲ့လူ ရှိတယ်နဲ့ တူတယ်။ မင်းကို ယှဉ်ပြိုင်ပွဲဝင်ဖို့ နာမည်ပေးသွင်းပေးတာဟာ အလွန် အန္တရာယ်ကြီးတယ်။ အထူးသဖြင့် ဒမ်ဘယ်လီဒိုး မျက်စိရှေ့မှာ ဒီလိုလုပ်တာ။

အထူး သတိထားနေပါ၊ ဟယ်ရီ။ ပုံမှန်မဟုတ်တဲ့ကိစ္စ ဖြစ်ပွားရင် ကျုပ်ဆီ စာရေးစေချင်တယ်။ နိုဝင်ဘာလ၊ ၂၂ရက်နေ့မှာ လာတွေ့နိုင်မလား ဆိုတာ အမြန်ဆုံး အကြောင်းပြန်ပါ။

ဆီးရီးအက်စ်ကြယ်



# ၁၉။ ဟန်ဂေရီ ဟွန်းတေး

ဆက်တိုက် တနင်္ဂနွေ နှစ်ပတ်ထဲမှာ ဟယ်ရီဟာ ဆီးရီးအက်စ်ကြယ်နဲ့ မျက်နှာချင်းဆိုင် စကားပြောရမယ့်အကြောင်းကို တွေးမှ စိတ်ခါတ်အထောက်အကူ ရတော့တယ်။ ဒါဟာ မှောင်မည်းတဲ့ မိုးကုပ်စက်ဝန်းဆီက တစ်ခုတည်းသော အလင်းစက်။ အချိန် ကုန်ကုန်လာတာနဲ့အမျှ မိမိ ကျောင်းသူရဲကောင်း ဖြစ်စဉ်က တုန်လှုပ်မှုဟာ နည်းနည်း သက်သာလာပြီဆိုတာ တွေ့ရှိရတယ်။ သို့ပေမယ့် စိုးထိတ်မှုနောက်တစ်မျိုးဟာ သူ့ရင်တွင်း စိမ့်ဝင်နေတယ်။ သူ ရင်ဆိုင်ရမှာ ဘာလဲ။ ပထမကဏ္ဍဟာ တစ်နေ့ပြီးတစ်နေ့ နီးကပ်လာပြီ။ ၎င်းဟာ ရောမအရာကြီးတစ်ခုလို မိမိရှေ့ဘက်မှာ ရပ်တည်နေပြီး မိမိလမ်းကြောင်းကို ပိတ်ဆို့ထားတယ်လို့ သူထင်တယ်။ သူ့ရင်ထဲမှာ ခုအခါလောက် ဘယ်တုန်းကမှ စိတ်တင်းကြပ်ခြင်း၊ သောကရောက်ခြင်း မရှိခဲ့ဖူးဘူး။ အရင်တာ ဆိုရင် ခွေဒစ်ပြိုင်ပွဲ မစမီ ဟိုတစ်ကြိမ် နောက်ဆုံး စလေးသရင်းနဲ့ ပြောက်စ်လားပွဲ ဖိုင်နယ်ပွဲ မစမီတုန်းကတောင် ဒီလိုသောက ရောက်မနေခဲ့ဘူး။ အနာဂတ်ကို ခန့်မှန်းလို့ မရဘူးလို့ ဟယ်ရီထင်တယ်။ မိမိ ဘဝတစ်ခုလုံးဟာ

www.burmeseclassic.com



ပဘာမကဏ္ဍဆီ ကပ်သွားပြီး ပထမကဏ္ဍတွင်းမှာ အဆုံးသတ်လိမ့်မယ်လို့ သူ ခံစားနေရတယ် —

ဆီးရီးအက်စ်ကြယ်ဟာ သူ့စိတ်ကို အများကြီး ကောင်းလာအောင် လုပ်နိုင်မှာ မဟုတ်ဘူးဆိုတာ သူဝန်ခံတယ်။ အကြောင်းက သူဟာ လူရာအနှံ့ ရွေ့မှာ မသိရသေးတဲ့၊ အန္တရာယ်ရှိတဲ့၊ ခက်ခဲမှု အလွန်ကြီးတဲ့ မှော်လှုပ်ရှားမှု ကို ပြီးမြောက်အောင် လုပ်ရမှာမို့ပဲ။ သို့ပေမယ့် လက်ရှိ အခြေအနေမှာ ခင် မင်ဂင်းနီးတဲ့ မျက်နှာကို တွေ့ရတာဟာလဲ အလွန့်ကို နှစ်သိမ့်မှု ရပါတယ်။ ဟယ်ရီက ဆီးရီးအက်စ်ကြယ်ဆီ စာရေးတယ်။ သူ ဆီးရီးအက်စ်ကြယ် ပြောတဲ့ အချိန်မှာ အများနားနေခန်းရဲ့ မီးဖိုဘေးမှာ စောင့်နေမယ်လို့ ပြောလိုက်တယ်။

သူနဲ့ဟာမီးဟာ အချိန်အကြာကြီး အကုန်ခံပြီး အဲဒီည အများနား နေခန်းမှာ ကျန်ရှိနေတဲ့လူတွေကို ဘယ်လို မောင်းထုတ်ရမလဲဆိုတာ လေ့လာ ကြတယ်။ စီမံကိန်း အမျိုးမျိုး လုပ်ကြည့်တယ်။ အချိန်တန်လို့ မတတ်သာရင် သူတို့ဈေးဗုံးတစ်လုံးပစ်ဖို့ လုပ်မယ်။ ဒါပေမယ့် သူတို့ဟာ ဒီလိုမလုပ်ဖြစ်နိုး မျှော်လင့်တယ် — ဖစ်ချ်က သူတို့ကို အရှင်လတ်လတ် အရေဆုတ်လိမ့်မယ်။

ဒါနဲ့ တစ်ချိန်တည်းမှာ ဟယ်ရီ ရဲတိုက်ထဲမှာ နေရတာ ဒုက္ခရောက် နေတယ်။ အကြောင်းက ရီထာ-စကီးထာရဲ့ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲ ဆောင်း ပါး ထုတ်ပြန်လိုက်လို့။ ဒီဆောင်းပါးဟာ ယှဉ်ပြိုင်ပွဲအကြောင်း သတင်းထေ တယ်လို့ ပြောရမယ့်အစား၊ ဟယ်ရီ့ ပုဂ္ဂလိကဘဝကို အပိုဆာဒါးတွေ ထည့် ပြီး ရေးခြယ်ထားတာ ဖြစ်နေတယ်။ သတင်းစာ မျက်နှာဖုံးဟာ ဟယ်ရီ့ဓာတ် ပုံ တစ်ပုံနဲ့ အများကြီး ကုန်သွားတယ်။ ဆောင်းပါးတစ်ခုလုံး (စာမျက်နှာ ၂ ၆နဲ့ ၇ထိ ရှည်တယ်) ဟယ်ရီ့အကြောင်းချည်း ရေးထားတယ်။ ဗျူစ်ဘာတန်ဝါနဲ့ ဒမ်စထရန်က သူရဲကောင်းတွေရဲ့ နာမည်ကို ဆောင်းပါးရဲ့နောက်ဆုံး အ ကြောင်းမှာမှ ပါတော့တယ်။ ပြီးတော့ စာလုံးပေါင်းလဲ မှားလိုက်သေးတယ်။ စက်ဒရစ်ကိုတော့ တစ်လုံးမှ မဖော်ပြဘူး။

ဆောင်းပါးဟာ လွန်ခဲ့တဲ့ ဆယ်ရက်က ထုတ်ပြန်တာ။ အခု ဟယ်ရီ ပြန်တွေးမိတိုင်း ရင်ထဲမှာ ပူရှိန်းတဲ့ နေလို့မကောင်းတဲ့ ရှက်စိတ် ရှိသေးတယ်။ ရီထာ-စကီးထာဟာ သူ့အကြောင်းရေးရာမှာ အလွန် ကြောက်စရာကောင်းတဲ့ စကားတွေ ပါတယ်။ အဲဒီ စကားတွေဟာ သူ ဘယ်တုန်းကမှ မပြောဖူးတာ သူ မှတ်မိတယ်။ ဟို တံမြက်စည်းခန်းထဲက အကြောင်းတော့ မပြောနဲ့တော့



ကျွန်တော့် အဖေအမေက ကျွန်တော့်ကို ခွန်အားပေးတယ်လို့ ထင် တယ်။ သူတို့သာ အခု ကျွန်တော့်ကို မြင်နိုင်မယ်ဆိုရင် ကျွန်တော့်အတွက် အလွန်ဂုဏ်ယူကြမှာ. . . . ဟုတ်တယ်။ ညညမှာ တစ်ခါတလေ ကျွန်တော် သူတို့အတွက် ငိုမိပါတယ်။ ဒါကို ဝန်ခံရတာ ရှက်စရာမဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်. . . . ပြိုင်ပွဲမှာ ဘာမှ ကျွန်တော့်ကို ထိခိုက်နိုင်တာ မရှိဘူးလို့ ထင် တယ်။ သူတို့က ကျွန်တော့်ကို စောင့်ရှောက်နေလို့. . . .

ဒါတွင် မကသေးဘူး။ ရီထာ-စကီးထာဟာ သူ အင်းအဲလုပ်တာကို ရွံစရာဆောင်းပါးကြီး ရေးတဲ့အပြင် သူများတွေ သူ့အပေါ် အမြင်ကိုလဲ မေး သားသေးတယ်။

ဟယ်ရီဟာ ဟော့ဂ်ဝပ်မှာ မိမိရဲ့ ရည်းစားဦးကို ရရှိသွားပြီ။ သူ့ ချစ်သူငယ်ချင်း ခိုလင်-ခရီဗီးက ပြောတယ်။ ဟယ်ရီဟာ ဟာမီး-ဂရန်ဂျာလို့ ခေါ်တဲ့ ကျောင်းသူနဲ့ တတွဲတွဲ လုပ်နေတယ်တဲ့။ မစ်ဂရန်ဂျာဟာ ရုပ်ရည်ချော မောပြီး မတ်ဂေါ်အိမ်ထောင်က ပေါက်ဖွားတာ ဖြစ်တယ်။ ဟယ်ရီ့လိုပဲ ကျောင်း မှာ ထူးချွန်တဲ့ ကျောင်းသူတစ်ယောက် ဖြစ်တယ်။

ဒီဆောင်းပါး ထွက်လာကတည်းက ဟယ်ရီဟာ လူတွေက —အဓိက အားဖြင့် စလေးသရင်းက ကျောင်းသားတွေ — သူ ဖြတ်သွားစဉ်မှာ ဆောင်း ပါးထဲက စကားတွေနဲ့ သူ့ကို ငေါ့ပြောတာကို ခံနေရတယ်။

"လက်ကိုင်ပဝါတစ်ထည် ယူမလား၊ ပေါ်တာ၊ တော်ကြာ မင်းရုပ် ပြောင်းအချိန်မှာ ငိုကြီးချက်မ ဖြစ်နေဦးမယ်"

"မင်း ဘယ်တုန်းက ကျောင်းက ထူးချွန်ကျောင်းသား ဖြစ်သွားတာ လဲ ပေါ်တာ။ ဒီကျောင်းက မင်းနဲ့ လွန်ဘော့တမ်တို့ အတူတကွ ထောင်ထား တာများလား"

"ဟေ့ — ဟယ်ရီ"

"ဟုတ်တယ်၊ မှန်တယ်" ဟယ်ရီ မအောင့်နိုင်တော့ဘဲ အကျယ်ကြီး အော်လိုက်တယ်။ စင်္ကြံထဲမှာ ဆတ်ခနဲ နောက်လှည့်လိုက်တယ်။ "ငါ ခုနက ဆုံးသွားတဲ့ အမေအတွက် မျက်စိနီအောင် ငိုတယ်။ အခု နောက်ထပ် ငို

www.burmeseclassic.com

www.burmeseclassic.com



ဦးမလို့. . . ."

"မဟုတ်ဘူး — ငါက — နင့်ငှက်မွေးကလောင် အောက်ကျသွားဘာ ပြောမလို့"

ချို-ချမ်း ဖြစ်နေတယ်။ ဟယ်ရီဟာ မိမိမျက်နှာ နီရဲသွားတယ်လို့ ခံစားရတယ်။

"အော — ကောင်းပြီ — ဝမ်းနည်းပါတယ်" သူက တိုးတိုးရေရွတ်ရင်. ငှက်မွေးကလောင်ကို ယူလိုက်တယ်။

"အင်း. . . . အဂီနေ့မှာ နင်ကံကောင်းပါစေလို့ ဆုတောင်းပါတယ်" သူမက ပြောတယ်။ "နင် ကောင်းကောင်း ယှဉ်ပြိုင်နိုင်ဖို့ ငါ တကယ် မျှော်လင့်ပါတယ်"

ဒီအတွက် ဟယ်ရီဟာ ထိုင်းအအ ဖြစ်သွားတယ်။

ဟာမီးဟာလဲ သဘာဝကျစွာ မပျော်မရွှင်မှုကို ခွဲဝေခံစားရတယ်။ ဒါပေမယ့် သူမဟာ အပြစ်မရှိတဲ့ လမ်းသွားလမ်းလာတွေကို ကုန်းမအော်ဘူး။ အမှန်ပြောရရင် ဟယ်ရီဟာ သူမ ဒီလိုအခြေအနေမျိုးကို ဖြေရှင်းတဲ့ နည်းနာကို အလွန်ချီးကျူးမိတယ်။

"ရုပ်ရည်ချောမောတယ်?သူမ?" ရီထာရဲ့ ဆောင်းပါးထုတ်ပြန်ပြီးနောက် ဖန်စီ-ဖတ်ကင်ဆန်ဟာ ဟာမီးကို ပထမအကြိမ် တွေ့တာနဲ့ အသံတစ်မျိုးကြီးနဲ့ ပြောတယ်။ "သူမက ဘာကို ကိုးကားပြီး ကောက်ချက်ချတာလဲ — ရှဥ့်အကျားများလား"

"ဂရုမစိုက်နဲ့" ဟာမီးက ဂုဏ်မသိန်တဲ့ လေသံနဲ့ ပြောတယ်။ ခေါင်းကိုလဲ မော့ထားလိုက်ပြီး တခစ်ခစ် ရယ်နေတဲ့ စလေးသရင်း ကျောင်းသူတွေဘေးက ခြေလှမ်းကျဲကျဲ လျှောက်သွားတယ်။ သူမ ဘာမှ မကြားရသလိုပဲ။ "ဂရုမစိုက်ဘဲ နေရင် ပြီးတာပဲ၊ ဟယ်ရီ"

ဒါပေမယ့် ဟယ်ရီကတော့ ဂရုမစိုက်ဘဲ မနေနိုင်ဘူး။ ရွှန်က အရင်တစ်ခါ စနိတ်ပ်က သူတို့ကို ကျောင်းပိတ်မယ့်အကြောင်း ပြောပြပြီးနောက် သူနဲ့ စကားမပြောသေးဘူး။ ဟယ်ရီဟာ အစက မျှော်လင့်ချက် ထားသေးတယ်။ စနိတ်ပ်ရဲ့ မြေအောက်စာသင်ခန်းထဲမှာ ကြွက်ခေါင်းတွေကို ဆားသိပ်ရတဲ့ နှစ်နာရီအချိန်တွင်းမှာ သူတို့ဟာ အထင်အမြင် မှားတာကို ပြေပျောက်ပြီး အရင်ကလို ပြန်ဖြစ်ဖို့ သူတွေးတယ်။ မထင်မှတ်ဘဲ အဲဒီနေ့မှာပဲ ရီထာ-



စကီထာရဲ့ ဆောင်းပါး ထုတ်ပြန်တယ်။ ဒါက ရွှန့်ကို ဟယ်ရီဟာ ကြွားချင်ဒါချင်တဲ့လူလို့ ပိုပြီး ယုံကြည်သွားစေတယ်။

ဟာမီးဟာ သူတို့နှစ်ယောက်ကို အလွန်စိတ်ဆိုးတယ်။ သူမဟာ သူတို့နှစ်ယောက်ကြားမှာ သူတို့ကို အတင်း စကားပြန်ပြောခိုင်းဖို့ ဗျာများနေဘယ်။ ဒါပေမယ့် ဟယ်ရီက လျှော့မပေးဘူး။ ရွှန်က ဟယ်ရီ မီးတောက်ခွက်ထဲ နာမည် မထည့်ဘူးဆိုတာ ဝန်ခံရမယ်။ ဒီပြင် ဟယ်ရီ့ကို လိမ်ပြောတယ်လို့ ဥပ်စွဲတာကို တောင်းပန်ရမယ်။ ဒါမှ သူ ရွှန်နဲ့ စကားပြောမယ်လို့ ရပ်ခံပြောနေဘယ်။

"ဒါတွေအားလုံး ငါလုပ်တာမှ မဟုတ်တာ" ဟယ်ရီက ခေါင်းမာစွာ ပြောတယ်။ "အဲဒါ သူ့ပြဿနာ"

"နင် သူ့ကို သိပ်သတိရတယ်" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "သူကလဲ နင့်ကို သတိရတာ ငါသိတယ် — "

"သတိရတယ်?" ဟယ်ရီက ပြောတယ်။ "ငါ သတိမရပါဘူး. . . ."

သို့ပေမယ့် ဒါဟာ လိမ်ညာတာသက်သက် ဖြစ်တယ်။ ဟယ်ရီက ဟာမီးကို အလွန်နှစ်သက်တယ်။ ဒါပေမယ့် ဟာမီးနဲ့ရွှန်ဟာ မတူပါဘူး။ တကယ်လို့ ဟာမီးကို အကောင်းဆုံး မိတ်ဆွေအဖြစ် ရွေးချယ်လိုက်ရင် ပြုံးရယ်စရာတွေ အများကြီး နည်းသွားမယ်။ စာကြည့်တိုက်မှာ နေရတဲ့အချိန်က ပိုများမယ်။ ဟယ်ရီဟာ ခုထိ ဆင့်ခေါ်ဂါထာကို မရသေးဘူး။ သူဟာ မိမိပတ်သည်မှာ အရံအတားတွေ လုပ်ထားပြီး အရာဝတ္ထုတွေကို အပြင်မှာ တားထားသလိုပဲ။ ဟာမီးက သဘောတရား များများလေ့လာရင် အထောက်အကူနမယ်လို့ ပြောတယ်။ ဒါနဲ့ သူတို့ဟာ နေ့လယ်စာ စားပြီးတာနဲ့ အချိန်အများကြီး အကုန် ခံပြီး စာဖတ် လေ့လာကြတယ်။

ဗစ်ခတာ-ခရွန်းမ်ကိုလဲ စာကြည့်တိုက်ထဲမှာ အမြဲတွေ့ရတယ်။ သူ အဲဒီမှာ ဘာလုပ်နေတယ်ဆိုတာ ဟယ်ရီ နားမလည်ဘူး။ သူက စာကျက်နေဘာလား၊ သူ့ကို ပထမကဏ္ဍကို အဆင်ပြေပြေ အောင်မြင်နိုင်မယ့် နည်းလမ်းကို ရှာဖွေနေတာလား။ ဟာမီးဟာ ခရွန်းမ် အဲဒီမှာ ရှိနေတာကို ခဏခဏ ကျေနပ်ဘူး — သူကတော့ ဘယ်တုန်းကမှ သူတို့ကို မနှောင့်ယှက်ဘူး — ဒါပေမယ့် ကျောင်းသူတွေ အုပ်နဲ့လာလာပြီး စာအုပ်စင် နောက်ကနေ သူ့ကို ချောင်းကြည့်ကြတယ်။ ဒီ အသံတွေက သူမအာရုံကို ထွေပြားစေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဘာမီးက ထင်တယ်။

"သူက နည်းနည်းမှ မလှပါဘူး" သူမဟာ ခရွန်းမ်ရဲ့ ပြက်ပြက်ထင် ထင်ရှိတဲ့ ဘေးစောင်းအရိပ်ကို ကြည့်ပြီး ဒေါသနဲ့ ရေရွတ်ပြောဆိုတယ်။ "သူမတို့က သူ့ကိုကြိုက်တာ၊ သူနာမည်ကြီးလို့။ တကယ်လို့ သူ အဲဟို အတုအယောင်ပြနည်း မလုပ်ရင် —"

"ရန်းစကီး ယောင်ပြပါ" ဟယ်ရီက အံကျိတ်ပြောတယ်။ သူဟာ ခွေဒစ်ဆိုင်ရာ စကားကို လျှောက်ပြောတာ မကြိုက်တာက တစ်ကြောင်း၊ ဟာမီးက အတုအပယောင်ပြလို့ ပြောဆိုတာကို ရွန်သာကြားခဲ့ရင် ဘာအမူအရာ ပြမလဲဆိုတာကို တွေးနေတာက တစ်ကြောင်းကြောင့် ရင်ထဲမှာ အခံရခက် သွားတယ်။

ကိစ္စတစ်ခုကို ကြောက်ရွံ့လို့ အချိန်ကို ဖြည်းဖြည်းသွားစေချင်တဲ့ အခါမှာ အချိန်က ဘယ်တော့မှ သင့် မျှော်လင့်ချက်ကို ဖြည့်ဝစေမှာ မဟုတ် ဘဲ အရှိန်တောင် ပိုလို့ တိုးသွားလိုက်သေးတယ်။ ဒါဟာ အံ့ဩစရာကိစ္စပဲ။ ပထမကဏ္ဍ မတိုင်မီ နေ့ရက်များ မျက်စိတစ်မှိတ်အတွင်း လွန်သွားခဲ့ပြီး နာရီကို တစ်ဆမြန်အောင် လှည့်ပစ်လိုက်သလိုပဲ။ ဟယ်ရီ ဘယ်ရောက်ရောက် ရင်တွင်းမှာ ချုပ်တည်းလို့မရတဲ့ ချောက်ချားမှု ဖြစ်ပေါ်နေတယ်။ အဲဒီလို စိတ် အခြေအနေဟာ လူတွေ 'ကြိုပေါ်ဆရာများနေ့စဉ်'မှာ ပါတဲ့ ဟိုဆောင်းပါးက စိတ်ယုတ်နဲ့ ဝေဖန်သလိုပဲ။ ဘယ်ရောက်ရောက် သူ့နောက်လိုက်နေတယ်။

ပထမကဏ္ဍ မစခင် စနေနေ့မှာ ကျောင်းက တတိယနှစ် အထက် ကျောင်းသားတွေ ဟော့ဂ်စ်မိဒ်ကို သွားလည်ဖို့ ခွင့်ပြုတယ်။ ဟာမီးက ဟယ်ရီ ကို ပြောတယ်။ ရဲတိုက်အပြင်ဘက်မှာ စိတ်ပြေလက်ပျောက် သွားလည်တာ သူ့အဖို့ ကောင်းမယ်လို့ ပြောတယ်။ စင်စစ် ဟယ်ရီကလဲ ပေါ့ပေါ့ပါးပါး သွား ချင်နေတာ၊ သူမ နားချဖို့တောင် မလိုဘူး။

"ဒါဖြင့်ရင် ရွန်ကော" သူက မေးတယ်။ "နင် သူနဲ့အတူ မသွားချင် ဘူးလား"

"အို. . . . ဒီလို. . . ." ဟာမီး မျက်နှာ နည်းနည်း နီလ[illegible] "ငါတို့ တံမြက်စည်းသုံးလက် အရက်ဆိုင်လေးထဲမှာ သူနဲ့ဆုံလို့ ရမယ်ထ[illegible] . . . ."



"ဟင့်အင်း" ဟယ်ရီက ပြတ်ပြတ်ပဲ ပြောတယ်။

"အိုး ဟယ်ရီ၊ ဒါ သိပ် အ,လွန်းတယ် —"

"ငါ သွားမှာပါ၊ ဒါပေမယ့် ငါ ရွန်နဲ့ မတွေ့ချင်ဘူး။ ငါ ကိုယ်ပျောက် ဝတ်ရုံ ဝတ်ထားမယ်"

"အိုး၊ ဒါဆို ကောင်းပြီ. . . ." ဟာမီးက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ဒါပေမယ့် နင် အဲဒီအကျီ ဝတ်ထားရင် ငါ နင်နဲ့ စကားပြောမှာ မဟုတ်ဘူး။ ငါ့မျက်စိ နင့်ကြည့်နေသလားဆိုတာ မသိလို့"

ဒီလိုနဲ့ ဟယ်ရီက အိပ်ဆောင်မှ သူ့ ကိုယ်ပျောက်ဝတ်ရုံကို ဝတ်ပြီး အောက်ဆင်းလာတယ်။ ဟာမီးနဲ့အတူ ဟော့ဂ်စ်မိဒ်ကို သွားကြတယ်။

ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံ ခြုံထားတော့ သိပ် လွတ်လပ်တယ်လို့ ထင်တယ်။ သူတို့ ရွာထဲဝင်တော့ တခြားကျောင်းသားတွေ သူတို့ဘေးက ဖြတ် သွားကြတယ်။ လူအများစု ရင်ဘတ်မှာ စက်ဒရစ်-ဒစ်ဂိုရီကို ထောက်ခံတယ်ဆို တဲ့ ရင်ထိုး ထိုးထားတယ်။ ဒါပေမယ့် အခံရခက်တဲ့ ပြောဆိုမှုတွေ သူ့ဆီ ပို မလာဘူး။ ဟို တုံးတဲ့ ဆောင်းပါးထဲက စကားကို ကိုးကားတဲ့လူ မရှိဘူး။

"အခု လူတွေက ငါ့ကိုချည်း ကြည့်နေတယ်" ဟာမီးက မကျေမနပ် ပြောတယ်။ "သူတို့က ငါတစ်ယောက်ထဲ စကားပြောနေတယ် ထင်ကြတယ် သေ" သူတို့ဟာ ပျားရည်အမတ်ကြီးသကြားလုံးဆိုင်ထဲက ထွက်လာရင်း နို့ ချောကလက်ချပ်ကြီးတွေ စားနေကြတယ်။

"နင့်ပါးစပ် သိပ်မလှုပ်နဲ့"

"တော်ပြီ၊ နင့် ကိုယ်ပျောက်ဝတ်ရုံကို ခဏ ချွတ်ပစ်လိုက်စမ်းပါ။ ဒီမှာ နင့်ကို ဒုက္ခပေးမယ့်လူ မရှိဘူး"

"အော၊ တကယ်လား" ဟယ်ရီက ပြောတယ်။ "နင့်ကျောဘက်ကို ကြည့်လိုက်ပါဦး"

ရီထာ-စကီးထာနဲ့ သူမရဲ့ ကင်မရာဆရာ မိတ်ဆွေဟာ တံမြက်စည်း သုံးလက်အရက်ဆိုင်လေးထဲက ထွက်လာတယ်။ သူတို့ဟာ တစ်ခုခုကို တိုးတိုး [illegible]ခဲ့ယ်။ သူတို့ကို ကြည့်တောင် မကြည့်ဘူး။ ဟယ်ရီက ရီထာ-စကီးထာ ခဲ့ မိကျောင်းအရေ လက်ကိုင်အိတ် မိမိကို ထိမှာစိုးလို့ ပျားရည်အမတ်ကြီး သကြားလုံးဆိုင် နံရံဘေးကို ပြေးရှောင်လိုက်တယ်။ အဲ့ဒီလူနှစ်ယောက်သွား တော့ ဟယ်ရီက ပြောတယ်။ "သူမ ရွာထဲမှာ ရှိဦးမှာ။ ပထမကဏ္ဍပြိုင်ပွဲကို

www.burmeseclassic.com

www.burmeseclassic.com



သူမ လာကြည့်မှာ သေချာတယ်လို့ ငါပြောဝံ့တယ်"

ပြောပြီးတာနဲ့ ရင်ထဲမှာ ပူရှိန်းပြီး ချောက်ချားတဲ့ ခံစားချက် ဖြစ်လာတာယ်လို့ သူ ခံစားရတယ်။ ဒါပေမယ့် သူ ဘာမှ မပြောဘူး။ သူနဲ့ဟာမီးဟာ ပြိုင်ပွဲ ပထမကဏ္ဍဟာ ဘာဖြစ်မယ်ဆိုတာ သိပ်မဆွေးနွေးဘူး။ သူမဟာ ဒီကိစ္စ သိပ်မစဉ်းစားချင်ဘူးလို့ သူ ထင်တယ်။

"သူမ သွားပြီ" ဟာမီးက ပြောတယ်။ အကြည့်ဟာ ဟယ်ရီ့ကို ဖြတ်ပြီး လမ်းအဆုံးဆီ ကြည့်နေတယ်။ "ငါတို့ တံမြက်စည်းသုံးလက်အရက်ဆိုင်ထဲသွားပြီး ထောပတ်ဘီယာတစ်ခွက် သောက်ရအောင်၊ ဘယ့်နှယ်လဲ။ ရာသီဥတုက နည်းနည်းအေးတယ် မဟုတ်လား။ နင် ရွှန်နဲ့ စကားပြောစရာ မလိုဘူး" သူမဟာ သူ ဘာမှပြန်မပြောတဲ့အကြောင်း ခန့်မှန်းမိလို့ စိတ်ရှုပ်စွာ ပြောတယ်။

တံမြက်စည်းသုံးလက်အရက်ဆိုင်လေးထဲမှာ လူတွေ ပြည့်ကြပ်နေတယ်။ အများစုက ဟော့ဂ်ဝပ်က ကျောင်းသားတွေအားလုံး ဒီတစ်ညရဲ့ လွတ်လပ်ခွင့်ကို အစွမ်းကုန် ခံစားနေကြတယ်။ ဟယ်ရီ တခြားမှာ မတွေ့ဖူးတဲ့ မှော်လောကသား အမျိုးမျိုးကိုလဲ တွေ့ရတယ်။ ဟော့ဂ်စ်မိဒ်ဟာ အင်္ဂလန်နိုင်ငံက တစ်ခုတည်းသော မှော်ဆရာရွာကြီး။ သရဲမလိုဟာမျိုးတွေအဖို့ ပြောရရင် လုံခြုံတဲ့ ပင်လယ်ကွေ့ပဲလို့ ဟယ်ရီ ခန့်မှန်းတယ်။ အကြောင်းက သရဲတွေဟာ မိမိကိုယ်ကို ရုပ်ဖျက်ရာမှာ မှော်ဆရာလောက် မလုပ်တတ်လို့ပဲ။

ကိုယ်ပျောက်အင်္ကျီ ဝတ်ပြီး လူတောထဲ သွားလာတာ အလွန်ခက်တယ်။ မထင်မှတ်ပဲ တစ်ယောက်ယောက်ခြေထောက် သွားနင်းမိတတ်တယ်။ အဆင်မပြေတဲ့ ရှုပ်ထွေးမှု ဖြစ်တတ်တယ်။ ဟာမီး သောက်စရာ သွားဝယ်တယ်။ ဟယ်ရီက ကိုယ်ကိုစောင်းပြီး ချောင်ကျတဲ့ စားပွဲအလွတ်တစ်လုံးဆီ ရွှေ့လျားသွားတယ်။ ဟယ်ရီ အရက်ဆိုင်လေးထဲ ဖြတ်သွားနေစဉ် ရွှန့်ကို မြင်ရတယ်။ သူက ဖရက်၊ ဂျော့၊ လီ-ဂျော်ဒန်တို့နဲ့အတူ ထိုင်နေတယ်။ သူဟာ ရွှန့်နောက်စေ့ကို လက်ညှိုးနဲ့ ထိုးတွန်းလိုက်ချင်တယ်။ ဒါပေမယ့် သူဟာ ဒီဆိုး စိတ်လိုက်မာန်ပါ မလုပ်တော့ဘဲ စားပွဲနားသွားပြီး ထိုင်နေလိုက်တယ်။

ခဏနေတော့ ဟာမီးလဲ ရောက်လာတယ်။ ထောပတ်ဘီယာ တစ်ခွက်ကို သူ့ ကိုယ်ပျောက်အင်္ကျီ အောက်ကို တိတ်တိတ် ထိုးပေးတယ်။

"ငါ ငပေါကြီးလိုပဲ။ တစ်ယောက်ထဲ ဒီမှာ ထိုင်နေတယ်" သူမ



တိုးတိုးရေရွတ်တယ်။ "ငါ လုပ်စရာယူလာလို့ တော်သေးတယ်"

သူမဟာ မှတ်တမ်းစာအုပ် တစ်အုပ် ထုတ်လိုက်တယ်။ S.P.E.W. အဖွဲ့ဝင် နာမည်စာရင်း စာအုပ်ထဲမှာ မှတ်ထားတယ်။ အလွန် သနားစရာကောင်းအောင်တိုတဲ့ နာမည်စာရင်းထဲမှာ အပေါ်ဆုံးက သူနဲ့ ရွှန့်နာမည်ပဲ။ သူနဲ့ရွှန် ဟောစာတမ်း လုပ်ကြံရေးနေကြတဲ့ညကို ဟယ်ရီ သတိရမိတယ်၊ ထိုစဉ်က ဟာမီး ရုတ်တရက် ပေါ်လာပြီး သူတို့ကို အတွင်းရေးမှူးနဲ့ ဘဏ္ဍာရေးမှူးခန့်တယ်။ ကြည့်ပါ။ ဒါတွေဟာ ဟိုးအရင်တုန်းက ဖြစ်ခဲ့သလိုပဲ။

"ဟုတ်ပြီ၊ ငါ ရွာသားတချို့ကို S.P.E.W. ထဲ သိမ်းသွင်းသင့်တယ်ထင်တယ်" ဟာမီးက တွေးရင်း ပြောတယ်။ အရက်ဆိုင်လေးကိုလဲ ဝေ့ကြည့်တယ်။

"ဟုတ်တယ်၊ မှန်တယ်" ဟယ်ရီက ပြောတယ်။ သူဟာ ကိုယ်ပျောက်ဝတ်ရုံအောက်မှာ ထောပတ်ဘီယာ တစ်လုတ်ကြီး သောက်လိုက်တယ်။ "ဟာမီး နင် ဘယ်တော့မှ အဲဒီ S.P.E.W. တွေကို စွန့်လွှတ်မှာလဲ"

"အိမ်မွေး မှင်စာလေးတွေ သင့်တင့်တဲ့ လုပ်ခနဲ့ အလုပ်ပတ်ဝန်းကျင် ကောင်းကောင်းရတဲ့နေ့ကျမှ" သူက အသံတိုးပြီး ပြောတယ်။ "ပိုပြီး တိုက်ရိုက်ကျတဲ့ လှုပ်ရှားမှု လုပ်သင့်ပြီလို့ ငါထင်တယ်။ ကျောင်း စဖိုချောင်ကို ဘယ်လိုဝင်ရမလဲ"

"မသိဘူး။ ဖရက်နဲ့ဂျော့ကို မေးကြည့်" ဟယ်ရီက ပြောတယ်။

ဟာမီးဟာ အတွေးထဲ နစ်မြုပ်နေတယ်။ ဟယ်ရီကတော့ မိမိ ထောပတ်ဘီယာသောက်ရင်း အရက်ဆိုင်လေးထဲက လူတွေကို အကဲခတ်ကြည့်နေတယ်။ သူတို့အားလုံး ပျော်ပါးပျော်ရွှင်နေတယ်။ အားရဝမ်းသာ ဖြစ်နေတယ်။ အာနီ-မက်မီလန်နဲ့ ဟန်နာ-အေဘော်ဟာ ဘေးစားပွဲက လူနဲ့ ချော့ကလက်ဘားထဲက ကဒ်တွေ လဲနေကြတယ်။ သူတို့နှစ်ယောက်ရဲ့ ဝတ်ရုံရှည်ပေါ်မှာ စက်ဒရစ်-ဒစ်ဂိုရီကို ထောက်ခံတယ်ဆိုတာ ရင်ထိုး ထိုးထားတယ်။ တံခါးဘေးဆီမှာ ချို-ချမ်းနဲ့ သူမရဲ့ ရေဗင်ခလော သူငယ်ချင်းတစ်အုပ်ကို သူမြင်ရပြီး သူမဟာ စက်ဒရစ်ကို ထောက်ခံတဲ့ရင်ထိုး ထိုးမထားဘူး . . . . ဒါကြောင့် ဟယ်ရီ စိတ်နည်းနည်း ပျော်သွားတယ်. . . .

သူဟာ ဒီလူတွေထဲက တစ်ယောက်သာ ဖြစ်နိုင်ခဲ့ရင် သူ့ရှိသမျှ အကုန် စွန့်လွှတ်ချင်တယ်။ နေရာမှာ ထိုင်ပြီး ရယ်ရယ်မောမော ပြောကြဆို

www.burmeseclassic.com

www.burmeseclassic.com



ကြီး စာကလွှဲပြီး ဘာမှပူပင်စရာမရှိ။ သူ့နာမည် မီးတောက်ခွက်ထဲက ထွက်မလာခဲ့ရင် သူ ဒီမှာ ဘယ်လိုခံစားရတယ်ဆိုတာ သူ တွေးကြည့်နေတယ်။ အရင်ဆုံး သူကိုယ်ပျောက်ဝတ်ရုံ ဝတ်လာမှာ မဟုတ်ဘူး။ ရွန်လဲ သူနဲ့အတူတူ ထိုင်နေမှာ။ သူတို့သုံးယောက်ဟာ ပျော်ပျော်ပါးပါးနဲ့ သူရဲကောင်းတွေ အင်္ဂါနေ့မှာ ဘယ်လိုအန္တရာယ်ယှဉ်ပြိုင်မှုကို ကြုံရမယ်ဆိုတာ ပြောဆိုနေမှာ။ သူလဲ အဲဒီနေ့ ရောက်လာဖို့ အလောတကြီး စောင့်စားနေမှာ။ သူရဲကောင်းတွေ ယှဉ်ပြိုင်မှုကို ပြီးမြောက်အောင်မြင်တာ ကြည့်ဖို့ စောင့်စားနေမှာ. . . . သူဟာ ဘေးမရှိဘဲ ပွဲကြည့်စင် နောက်တန်းမှာထိုင်ပြီး တခြားသူတွေနဲ့အတူ စက်ဒရစ်ကို အားပေးနေမှာ. . . .

တခြား သူရဲကောင်းတွေ ဘယ်လို ခံစားရသလဲဆိုတာကို သူ ကျိတ်တွေးနေတယ်။ ခုတလောမှာ သူ စက်ဒရစ်ကို တွေ့တိုင်း ကြည်ညိုသူတွေ ဝိုင်းနေတာ တွေ့ရတယ်။ သူ စိတ်တင်းကြပ်သလို ရှိပေမယ့် သိပ်စိတ်တက်ကြွနေတယ်။ ဟယ်ရီဟာ ဖလောအာ-ဒယ်လာခေါ်ကိုလဲ စင်္ကြံထဲမှာ ကြုံမိတယ်။ သူမ ကြည့်ရတာ ခါတိုင်းနဲ့ မကွာဘူး။ ဘေးမှာ လူမရှိသလိုဘဲ တည်ငြိမ်နေတယ်။ ခရွန်းမ်ကတော့ စာကြည့်တိုက်ထဲမှာ စာအုပ်တွေကို တစ်နေကုန် ဖတ်ရှု လေ့လာနေတယ်။

ဟယ်ရီ ဆီးရီးအက်စ်ကြယ်ကို တွေးမိတယ်။ ဒီတော့မှ သူ့ရင်ထဲ တင်းနေတာ လျော့သွားသလိုပဲ။ နောက်ထပ် ၁၂နာရီကြာရင် သူ ဆီးရီးအက်စ်ကြယ်နဲ့ စကားပြောရတော့မယ်။ ဒီညပဲ၊ သူတို့ဟာ အများနားနေခန်း မီးဖိုဘေးမှာ တွေ့ကြမှာ — ဘာပြဿနာမှ မပေါ်ပါစေနဲ့လို့ မျှော်လင့်တယ်။ ခုတလော ကျန်ကိစ္စအားလုံး ရှုပ်ကုန်ပြီ. . . .

"ကြည့်၊ ဟက်ဂရစ်" ဟာမီးက ပြောတယ်။

လူအုပ်ထဲမှာ ဟက်ဂရစ်ရဲ့ ဧရာမဆံပင်ဖောင်းပွပွ နောက်စေ့ကြီး ပေါ်လာတယ် — တော်ပါသေးရဲ့၊ မြင်းမြီးလို ချည်မထားတော့ဘူး။ ဟက်ဂရစ်လောက် အကောင်ကြီးတာတောင် သူ့ခုနက ဘာဖြစ်လို့တန်း မမြင်လိုက်တာလဲလို့ ဟယ်ရီ အံ့သြတယ်။ သူ သတိနဲ့ မတ်တတ်ရပ်လိုက်တော့မှ ဟက်ဂရစ်ဟာ အသံတိုးပြီး ပါမောက္ခမူးဒီနဲ့ စကားပြောနေတာ တွေ့ရတယ်။ ဟက်ဂရစ်ရှေ့မှာ သူ သောက်နေကျ ဘီယာခွက် အကြီးကြီး ချထားတယ်။ မူးဒီကတော့ သူ ယူလာတဲ့ အရက်ပုလင်းခုံးခုံးထဲက အရက်ကို သောက်နေ



တယ်။ ချောမောတဲ့ သူဌေးမ မဒ္ဒစ်ရိုဇ်မာထာဟာ ဒါကို အတော်မကြိုက်ပုံရတယ်။ သူမဟာ ဘေးစားပွဲက ဖန်ခွက်တွေကို သိမ်းဆည်းရင်း မူးဒီကို မျက်စိထောင့်ကပ် လှမ်းကြည့်တယ်။ ဒါဟာ သူမရဲ့ ပျားအရက် ပူနွေးနွေးကို စော်ကားတာပဲလို့ ထင်ပုံရတယ်။ ဒါပေမယ့် ဒီလို မဟုတ်ဘူးဆိုတာ ဟယ်ရီ သိတယ်။ သူတို့ မကြာခင်က တက်ခဲ့ရတဲ့ မှော်နက်ပညာ ခုခံကာကွယ်တဲ့ အတတ် စာသင်ချိန်မှာ မူးဒီက အများကို ပြောပြတယ်။ သူဟာ ဘယ်တော့မဆို မိမိဘာသာ စားစရာ သောက်စရာ ပြင်ဆင်ထားတယ်။ အကြောင်းက မှော်နက် မှော်ဆရာ တစ်ယောက်ဟာ ကြည့်ရှုမယ့်သူ မရှိတဲ့ ဖန်ခွက်ထဲ အဆိပ်ခတ်ဖို့ ဆိုတာ သိပ်ကို လွယ်ကူလို့ပဲ။

ဟယ်ရီ သူတို့ကို ကြည့်နေစဉ်မှာပဲ ဟက်ဂရစ်နဲ့မူးဒီ မတ်တတ်ရပ်လိုက်ပြီး ထွက်ခွာတော့မယ်။ ဟယ်ရီက လက်ယမ်းပြတယ်။ ဒီနောက်မှ ဟက်ဂရစ် သူ့ကို ဘယ်မြင်နိုင်မလဲဆိုတာ တွေးမိတယ်။ ဒါပေမယ့် မူးဒီက ခြေလှမ်း ရပ်သွားတယ်။ ဟို မှော်မျက်လုံးဟာ ဟယ်ရီရှိတဲ့ ခေါင်းကို စိုက်ကြည့်နေတယ်။ သူက ဟက်ဂရစ်ရဲ့ ခါးနား ကျောပေါ်ကို ပုတ်လိုက်တယ်။ (ဟက်ဂရစ်ပခုံးကို မမီလို့)။ သူ့ကို တိုးတိုး ပြောနေတယ်။ ဒီနောက် နှစ်ယောက်စလုံး လှည့်ပြီး ဟယ်ရီနဲ့ ဟာမီးရှိရာ စားပွဲဆီ လျှောက်လာတယ်။

"ဘယ်လိုလဲ၊ ဟာမီး" ဟက်ဂရစ်က အကျယ်ကြီးမေးတယ်။

"မင်္ဂလာပါ" ဟာမီးကလဲ ပြုံးပြီး ပြောတယ်။

မူးဒီက ထော့နဲ့ထော့နဲ့နဲ့ စားပွဲကိုပတ်ပြီး ငုံ့လိုက်တယ်။ ဟယ်ရီက သူ S.P.E. W. မှတ်စုစာအုပ်ကို ကြည့်နေတယ်မှတ်တယ်။ မထင်မှတ်ဘဲ သူက "ကိုယ်ပျောက်ဝတ်ရုံ သိပ်ကောင်းတာပဲ၊ ပေါ်တာ" လို့ တိုးတိုးပြောတယ်။

ဟယ်ရီ ရုတ်ခြည်း ငိုင်သွားတယ်။ အခု လက်မအနည်းငယ် အကွာမှာရှိတဲ့ မူးဒီနှာခေါင်းပေါ်မှာ ခွက်နေတဲ့ အမာရွတ်ဟာ အလွန်ပေါ်လွင်နေဘယ်။ မူးဒီက သွားဖြဲရယ်တယ်။

"ခင်ဗျားမျက်လုံးက — ကျွန်တော် ပြောချင်တာက၊ ခင်ဗျားက —"

"ဟုတ်တယ်၊ ၎င်းက မင်း ကိုယ်ပျောက်ဝတ်ရုံကို ဖောက်ထွင်းမြင်နိုင်တယ်" မူးဒီက တိုးတိုးပြောတယ်။ "တစ်ခါတလေကျတော့ သိပ်အသုံးမကျဘူး ကျုပ် မင်းကို ပြောပြလို့ရတယ်"

ဟက်ဂရစ်ကလဲ ငုံ့ပြီး ဟယ်ရီ့ကို ပြုံးပြနေတယ်။ ဟက်ဂရစ် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မမြင်ရဘူးဆိုတာ ဟယ်ရီသိတယ်။ မူးဒီက ဟက်ဂရစ်ကို ဟယ်ရီ ဒီမှာရှိတယ်လို့ ပြောပြထားမှာ သေချာတယ်။ ဟက်ဂရစ်ဟာ ကုန်းပြီး S.P.E.W. မှတ်စုစာအုပ်ကို ကြည့်နေဟန်ဆောင်တယ်။ တစ်ဖက်ကလဲ အလွန့်အလွန်တိုးတဲ့အသံနဲ့ ဟယ်ရီတစ်ယောက်တည်း ကြားရအောင် ပြောတယ်။ "ဟယ်ရီ၊ ဒီညသန်းခေါင်-၁၂နာရီမှာ ကျုပ်အိမ်လေးကို လာခဲ့။ ကိုယ်ပျောက်ဝတ်ရုံ ဝတ်ခဲ့"

ဟက်ဂရစ်က ကိုယ်ကို မတ်လိုက်ပြီး အကျယ်ကြီးပြောတယ်။ "မင်းတို့တွေ့ရတာ သိပ်ဝမ်းသာတယ်၊ ဟာမီး" သူက မျက်စိမှိတ်ပြလိုက်ပြီး ထွက်သွားတယ်။ မူးဒီကလဲ သူ့နောက်က လိုက်သွားတယ်။

"ဟက်ဂရစ်က ဘာဖြစ်လို့ ငါ့ကို ညဉ့်နက်သန်းခေါင်မှာ သူ့ဆီ သွားခိုင်းတာလဲ" ဟယ်ရီက အလွန်အံ့ဩစွာ ပြောတယ်။

"ဟုတ်လား" ဟာမီးက ပြောတယ်။ သူမလဲ အံ့ဩသွားတယ်။ "သူဘာလုပ်မယ်ဆိုတာ မသိပါဘူး။ နင်သွားသင့်သလားဆိုတာ ငါမသိဘူး၊ ဟယ်ရီ. . . . "သူမဟာ မလုံဘဲ ဘေးဘီကို ကြည့်လိုက်တယ်။ အသံနှိမ့်ပြောတယ်။ "အဆင်မသင့်ရင် နင် ဆီးရီးအက်စ်ကြယ်ကို သွားတွေ့ဖို့ နောက်ကျနေမယ်"

အမှန်ပဲ။ ညဉ့်သန်းခေါင် ၁၂နာရီမှာ ဟက်ဂရစ်ဆီ သွားမယ်ဆိုရင် အချိန်ကို သေချာဆုပ်ကိုင်နိုင်မှ ရမှာ။ ဒါမှ ဆီးရီးအက်စ်ကြယ်နဲ့ တွေ့ဆုံဖို့လွဲချော်မသွားမှာ။ ဟာမီးဟာ ဟက်ဒဝစ်ကို ဟက်ဂရစ်ဆီ စာပို့ခိုင်းဖို့ အကြံပေးတယ်။ ဟယ်ရီမသွားနိုင်တော့ဘူးလို့ ပြောခိုင်းတယ် — ဟက်ဒဝစ်က စာပို့ဖို့လက်ခံမှလဲ ဖြစ်မှာပေါ့ — ဒါပေမယ့် ဟယ်ရီက ပိုပြီး ကောင်းတာကတော့အချိန်ကို လုလုပ်ဖို့ပဲလို့ ယူဆတယ်။ ဟက်ဂရစ်က သူ့ကိုခေါ်ပြီး ဘာပဲလုပ်လုပ်သွားထက်လာထက် လုပ်ရမယ်။ သူ သိပ်ပြီး သိချင်တယ်။ ဒါ ဘာများလဲဆိုတာသိလိုတယ်။ ဟက်ဂရစ်ဟာ ဘယ်တုန်းကမှ ဟယ်ရီ့ကို ဒီလောက်နောက်ကျမှသူ့ဆီ မခေါ်ဖူးဘူး။

အဲဒီည ၁၁နာရီခွဲမှာ အစောကြီးကတည်းက တက်အိပ်ချင်ယောင်ဆောင်နေတဲ့ ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံကို ခြုံပြီး အများနားနေခန်းထဲဖြတ်ကာ အောက်ထပ် ဆင်းလာတယ်။ အများနားနေခန်းထဲမှာ လူတချို့ရှိသေးတယ်။ ခရီဗီး ညီအစ်ကိုနှစ်ယောက်ဟာ ဘယ်ကနေ ယူလာမှန်းမသိစက်ဒရစ်ဖစ်ဂိုရီကို ထောက်ခံတဲ့ ရင်ထိုးတချို့ကို မှော်ပညာနဲ့ ဟယ်ရီ-ပေါ်တာ



ကို ထောက်ခံတယ်ဖြစ်အောင် ပြင်နေတယ်။ သို့ပေမယ့် သူတို့ အကြာကြီးကြိုးစားပေမယ့် လုပ်လို့ရတာကတော့ ဟယ်ရီချေးစော်နံတယ်မှာပဲ မြဲသွားတယ်။ ဟယ်ရီဟာ သူတို့နံဘေးကနေ ခြေဖော့လက်ဖော့ လစ်ထွက်ပြီး အရုပ်ကား အပေါက်ဝကို ရောက်လာတယ်။ နာရီကြည့်ရင်း တစ်မိနစ်လောက် စောင့်နေတယ်။ ဒီနောက် ဟာမီးဟာ မူလစီမံထားတဲ့အတိုင်း အပြင်ကနေ မိန်းမဝဝကြီး အရုပ်ကားကို ဖွင့်ပေးလိုက်တယ်။ ဟယ်ရီက တိုးတိုးလေး "ကျေးဇူးတင်တယ်" လို့ ပြောပြီး သူမဘေးက ကပ်ထွက်ပြီး ရဲတိုက်ကို ဖြတ်ထွက်ခဲ့တယ်။

ကွင်းထဲမှာ မှောင်မည်းနေတယ်။ ဟယ်ရီဟာ မြက်ခင်းအတိုင်း ဟက်ဂရစ် အိမ်ကလေးက ထွက်လာတဲ့ မီးရောင်ဆီ လျှောက်သွားတယ်။ ဗျူစ်ဘာတန်စ်က မြင်းလှည်းကြီးထဲမှာလဲ မီးတွေ လင်းနေတယ်။ ဟယ်ရီ ဟက်ဂရစ်အိမ်တံခါးကို ခေါက်လိုက်ချိန်မှာ မဒမ်မက်ဆင်းမ် မြင်းလှည်းထဲမှာ စကားပြောနေတာ ကြားရတယ်။

"မင်းလာပြီလား၊ ဟယ်ရီ" ဟက်ဂရစ်က တိုးတိုးပြောတယ်။ တံခါးဖွင့်ပြီး ဘေးဘီကို ကြည့်လိုက်တယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောပြီး အိမ်ကလေးထဲ လှစ်ခနဲ ဝင်လိုက်တယ်။ ကိုယ်ပျောက်ဝတ်ရုံကို ခေါင်းပေါ်က ဖယ်လိုက်တယ်။ "ဘာကိစ္စလဲ"

"မင်းကို တစ်ခုပြောမလို့" ဟက်ဂရစ်က ပြောတယ်။

ဟက်ဂရစ် သိပ် စိတ်လှုပ်ရှားနေတယ်။ သူ့အင်္ကျီကြယ်သီးပေါက်ထဲမှာ ပန်းတစ်ပွင့် ထိုးထားတယ်။ အလွန်ကြီးတဲ့ မုန်လာထုပ်ကြီးလိုပဲ။ သူ့ခေါင်းပေါ်မှာ စက်ချောဆီ လိမ်းမထားဘူးနဲ့ တူတယ်။ ဒါပေမယ့် သူဟာ အချိန်အတော်ကုန်ခံပြီး ဆံပင်ဖြီးထားသလိုပဲ — သူ့ဆံပင်ထဲမှာ ဘီးသွားအကျိုးရှိတာ ဟယ်ရီမြင်ရတယ်။

"ခင်ဗျား ကျွန်တော့်ကို ဘာပြမှာလဲ" ဟယ်ရီက သတိနဲ့ မေးတယ်။ မီးပန်းပိုးကောင် ဥအုပြီလားလို့ တွေးတယ်။ ဒါမှမဟုတ်ရင် ဟက်ဂရစ်ဟာ အရက်ဆိုင်လေးထဲက လူစိမ်းတစ်ယောက်ဆီကနေ ခေါင်းသုံးလုံးပါတဲ့ ခွေးတစ်ကောင် ဝယ်ခဲ့တာများလား။

"ကျုပ်နဲ့ လိုက်ခဲ့၊ အသံမထွက်နဲ့၊ ကိုယ်ပျောက်ဝတ်ရုံနဲ့ မင်းကိုယ်ကိုခြုံထား" ဟက်ဂရစ်က ပြောတယ်။ "ကျုပ်တို့ အစွယ်ကြီးကို မခေါ်ဘူး၊ ၎င်းနှစ်သက်မှာ မဟုတ်ဘူး. . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟက်ဂရစ်၊ ကျွန်တော်ပြောမယ်၊ ကျွန်တော် ကြာကြာ မနေနိုင်ဘူး . . . . ကျွန်တော် တစ်ချက်တီးမှာ ရဲတိုက်ရောက်အောင် ပြန်ရမယ် —"

ဒါပေမယ့် ဟက်ဂရစ် နားမထောင်ဘူး။ သူက အိမ်ကလေးတံခါးကို ဖွင့်ပြီး ခြေလှမ်းကျဲကျဲနဲ့ အမှောင်ထဲ ဝင်သွားတယ်။ ဟယ်ရီက ကမန်းကတန်း လိုက်သွားတယ်။ သူ သိပ် အံ့အားသင့်သွားတာက ဟက်ဂရစ်ဟာ သူ့ကိုခေါ်ပြီး ဗျစ်ဘာတန်စ် မြင်းလှည်းဆီ လျှောက်သွားတာပဲ။

"ဟက်ဂရစ်၊ ခင်ဗျား ဘယ့်နှယ် —"

"ရှူး" ဟက်ဂရစ်က ပြောတယ်။ ဒီနောက် ရွှေမှော်ကြိမ်လုံးနှစ်လုံး ကြက်ခြေခတ်ပုံ ရိုက်နှိပ်ထားတဲ့ တံခါးကို ခေါက်လိုက်တယ်။

မဒမ်မက်ဆင်းမ်က တံခါးဖွင့်လိုက်တယ်။ သူမရဲ့ အလွန့်ကို ကျယ် ပြောတဲ့ ပခုံးပေါ်မှာ ပိုးပုဝါတစ်ထည် ခြုံထားတယ်။ သူမဟာ ဟက်ဂရစ်ကို မြင်တာနဲ့ သဲ့သဲ့လေး ပြုံးလိုက်တယ်။

"အား၊ ဟက်ဂရစ် . . . . အချိန်ရောက်ပြီလား"

"မင်္ဂလာညချမ်းပါ" ဟက်ဂရစ်ကပြောတယ်။ ပြုံးပြပြီး သူမကို ရွှေ လှေကားထစ်က ဆင်းဖို့ ဖေးကူပေးတယ်။

မဒမ်မက်ဆင်းမ်ဟာ လှည့်ပြီး မြင်းလှည်းတံခါးကို ပိတ်လိုက်တယ်။ ဟက်ဂရစ်က လက်မောင်းကို သူမပေးလိုက်တယ်။ နှစ်ယောက်သား ယာယီ ခြံစည်းရိုးကို ပတ်ပြီး သွားကြတယ်။ အဲဒီအထဲမှာ မဒမ်မက်ဆင်းမ်ရဲ့ တောင်ပံ ပါတဲ့ မြင်းကြီးတွေ ထည့်ထားတယ်။ ဟယ်ရီ ဘာမှန်းမသိဘဲ သူတို့ခြေလှမ်း ကို မီအောင် အပြေးကလေး လိုက်သွားတယ်။ ဟက်ဂရစ် သူ့ပြချင်တာ မဒမ် မက်ဆင်းမ်ပဲလား။ သူ အချိန်မရွေး သူမကို မြင်နိုင်တာပဲ. . . . သူမ အကောင် ဒီလောက်ကြီးတာ။ မမြင်ချင်လို့တောင် မရဘူး. . . .

မဟုတ်သေးဘူး။ မဒမ်မက်ဆင်းမ်ဟာလဲ ဟယ်ရီ့လိုပဲ ဖြစ်နေတယ် ထင်တယ်။ အကြောင်းက ခဏကြာတော့ သူမက ရယ်စရာပြောတဲ့ လေသံနဲ့ မေးတယ်။ "ရှင် ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ၊ ဟက်ဂရစ်"

"ခင်ဗျား ကြိုက်မှာပါ" ဟက်ဂရစ်က အသံသြသြနဲ့ ပြောတယ်။ "ကြည့်သင့်တယ်။ ကျုပ်ကို ယုံပါ။ ဒါပေမယ့် — ဘယ်သူ့ကိုမှ ကျွန်တော် ခေါ်ပြတယ်လို့ မပြောနဲ့၊ ကောင်းလား။ ခင်ဗျား မသိသင့်ဘူး"

"ဘယ်ပြောမလဲ" မဒမ်မက်ဆင်းမ်က ပြောတယ်။ သူမရဲ့ နက်နက်



ရှည်ရှည် မျက်တောင်မွေးဟာ တဆတ်ဆတ် ခတ်နေတယ်။

သူတို့ လျှောက်နေတုန်းပဲ။ ဟယ်ရီက နောက်ကနေ အပြေးကလေး လိုက်နေတယ်။ နာရီကြည့်ကြည့်နေတယ်။ စိတ်ထဲမှာ ကြာလေ လောလေပဲ၊ ဟက်ဂရစ်ခေါင်းထဲက မလေးနက်တဲ့ စီမံကိန်းဟာ သူနဲ့ ဆီးရီးအက်စ်ကြယ်တို့ တွေ့ဆုံရမှာကို လွဲသွားစေနိုင်တယ်။ သူတို့ သွားလိုရာကို အမြန်မရောက်ရင် သူလှည့်ပြီး ရဲတိုက်ကို တန်းပြန်တော့မယ်။ ဟက်ဂရစ်တစ်ယောက်တည်း လ ရောင်အောက်မှာ မဒမ်မက်ဆင်းမ်နဲ့ လမ်းလျှောက်တာကို ခံစားပစေတော့. .

ဒါပေမယ့် အဲ့ဒီအချိန်မှာပဲ — သူတို့ တားမြစ်သစ်တောဘေးကို ပတ်ပြီး အဝေးကြီး လျှောက်ခဲ့ပြီ။ ရဲတိုက်နဲ့ ကန်ကြီးလဲ မမြင်ရတော့ဘူး — ဟယ်ရီ အသံတစ်ခုခုတော့ ကြားရတယ်။ ယောကျ်ားတချို့ ရှေ့ဘက်မှာ အော် ဟစ်နေတယ်. . . . ဒီနောက် နားကွဲမတတ် အော်သံ. . . .

ဟက်ဂရစ်ဟာ မဒမ်မက်ဆင်းမ်ကို ခေါ်ပြီး ချုံပုတ်တွေကို ပတ်သွား ပြီး ရပ်လိုက်တယ်။ ဟယ်ရီ အမြန်လိုက်သွားတယ်။ သူတို့နဲ့အတူ ရပ်နေတယ် — အဲဒီ မျက်စိတစ်မှိတ် အချိန်လေးမှာ သူဟာ မီးပုံအချို့ကို မြင်ရတယ် ထင် လိုက်သေးတယ်။ ယောကျ်ားတွေ မီးကိုပတ်ပြီး ခုန်နေကြတယ် — ဒီနောက် သူ အံ့အားသင့်ပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေတယ်။

မီးနဂါး။

ပုံပန်း အလွန်ဆိုးတဲ့ အရွယ်ရောက်ပြီး မီးနဂါးလေးကောင်ကို သစ် ပြားထူကြီးတွေ ဝိုင်းထားတဲ့ ကွင်းထဲမှာ ထားတယ်။ နောက်ခြေနဲ့ ထောက်ပြီး မတ်မတ် ရပ်နေတယ်။ အော်သံတွေ ထွက်နေတယ်။ နှာခေါင်းက ဟူးဟူးနဲ့ လေမှုတ်သံ ထွက်နေတယ် — မီးတောက်တွေဟာ ၎င်းတို့ရဲ့ ဖွင့်ထားတဲ့ အစွယ် ကြီးတွေနဲ့ ပါးစပ်ထဲကနေ မှောင်မည်းတဲ့ မိုးပေါ်ကို ပန်းထွက်နေတယ်။ ၎င်းတို့ လည်ပင်းတွေ မော့်ထားတယ်။ ပါးစပ်နဲ့မြေပြင် အကွာအဝေးဟာ ပေ-၅ဝလောက် ရှိတယ်။ ငွေရောင် အပြာဖောက်တဲ့ ချိုချွန်ချွန်နှစ်ချောင်း ရှိတဲ့ မီးနဂါးဟာ ဘောင်းထဲရှိ မှော်ဆရာတွေကို ဒေါသပြီး ဟိန်းနေတယ်။ အကြေးအခွံ ခပ်ပြောင် ချောတဲ့ မီးနဂါးတစ်ကောင်ဟာ တအား တွန့်လိမ်ပြီး ခြေဆောင့်နေတယ်။ မီးနဂါးအနီတစ်ကောင် ရှိသေးတယ်။ မျက်နှာပတ်လည်မှာ အရုပ်ဆိုးတဲ့ ဆူးချွန် သေးသေး ဝိုင်းပတ်ပေါက်နေတယ်။ မိုးပေါ်ကို မှိုပွင့်သဏ္ဌာန် ထိုမီးတောက်တွေ ပန်းထုတ်နေတယ်။ နောက်ဆုံးဟာက အနက်ရောင်နဂါးကြီး။ ကျွန်နေ

www.burmeseclassic.com

www.burmeseclassic.com



ဆက် ပိုပြီး ဒိုင်နိုဆောနဲ့ တူတယ်။ အဲဒီနဂါးဟာ သူတို့နဲ့ အနီးဆုံးပဲ။

ကွင်းထဲမှာ အနည်းဆုံး မှော်ဆရာ ၃၀ရှိတယ်။ မီးနဂါးတစ်ကောင်ကို လူ ခုနစ်ယောက်၊ ရှစ်ယောက် ထိန်းရတယ်။ သူတို့ဟာ သံချိန်းကြိုးတွေကို ဆွဲကြပြီး နဂါးကြီးလေးကောင်ကို ချုပ်ထိန်းဖို့ ကြိုးစားကြတယ်။ အဲဒီ သံကြိုးတွေဟာ နဂါးခြေထောက်နဲ့ နဂါးလည်ပင်းကို ပတ်ချည်ထားတဲ့ သားရေပတ် အထူကြီးတွေနဲ့ ဆက်ထားတယ်။ ဟယ်ရီ လန့်ပြီး ငိုင်နေတယ်။ သူ ခေါင်းမော့ကြည့်တယ်။ ဟိုး အမြင့်ကြီးမှာ ဟိုနဂါးနက်ရဲ့ မျက်လုံးကို သူမြင်ရတယ်။ သူ့ငယ်အိမ်ဟာ ကြောင်မျက်လုံးလို မတ်နေတယ်။ ကြောက်လို့လား၊ ဒေါသကြောင့်လား မသိဘူး။ အဲဒီမျက်လုံးဟာ ပြူးထွက်နေတယ်. . . . နဂါးနက်ဟာ ကြောက်စရာအသံကြီး ထွက်လာတယ်။ စူးစူးဝါးဝါး အော်ဟစ်နေတယ်. . . .

"နောက်ဆုတ်နေ၊ ဟက်ဂရစ်" ခြံစည်းရိုးဘေးရှိ မှော်ဆရာတစ်ယောက်က အော်ပြောတယ်။ လက်ထဲက သံချိန်းကြိုးကိုလဲ တင်းတင်း ဆွဲနေတယ်။ "ဒင်းတို့ မီးမှုတ်တာ ပေနှစ်ဆယ် ဝေးတယ်။ ခင်ဗျားသိပါတယ်။ ဒီ ဟွန်းတေးနဂါး ပေ-၄၀ကျော် မီးပန်းတာ တွေ့တယ်"

"မလှဘူးလား" ဟက်ဂရစ်က ပျော့ပျောင်းစွာ ပြောတယ်။

"အလကားပဲ" တခြား မှော်ဆရာတစ်ယောက်က တအား အော်တယ်။ "မေ့မြောကျိန်စာရွတ်၊ သုံးထိခေါ်မိတာနဲ့ တစ်ပြိုင်နက် ရွတ်ကြ"

နဂါးထိန်းကျောင်းသူအားလုံး မှော်ကြိမ်လုံး ထုတ်လိုက်တာ ဟယ်ရီ မြင်ရတယ်။

"မူးမေ့လဲစေ" သူတို့ တစ်ပြိုင်နက် ရွတ်ဆိုကြတယ်။ မေ့မြောကျိန်စာဟာ မီးထွက်နေတဲ့ ဒုံးကက်လို မှောင်မည်းတဲ့မိုးပေါ် တက်သွားတယ်။ ပန်းထွက်လာတဲ့ မီးပွားတွေဟာ မိုးပြေးလို နဂါးလေးတစ်ကောင်ရဲ့ အကြေးခွံပါတဲ့ အရေပြားထူထူပေါ် ကျလာတယ် —

သူတို့နဲ့ အနီးဆုံး နဂါးဟာ နောက်ခြေနဲ့ ယိုင်တိယိုင်တိုင် ရပ်နေတာ ဟယ်ရီ သတိပြုမိတယ်။ ဒင်းရဲ့ ပါးစပ်ကြီးဟာ အကျယ်ကြီးဟပြီး အသံမထွက်ဘဲ ဟိန်းနေသလိုပဲ။ နှာခေါင်းထဲက မီးတောက်ဟာ ရုတ်တရက် ငြိမ်းသွားတယ်။ မီးခိုးတလူလူ ထွက်နေသေးတယ် — ဒီနောက်မှာတော့ ဒင်းဟာ အလွန်နှေးကွေးစွာ လဲကျသွားတယ်။ အဲဒီ တန်အချို့လေးတဲ့ အကြေးခွံ မည်းနက်တဲ့ ရောမ နဂါးကြီးဟာ ဝုန်းခနဲ ပြိုလဲကျသွားတယ်။ အဲဒီအသံကြီးဟာ



မိမိနောက်က သစ်ပင်တွေကိုတောင် တုန်ခါသွားစေတယ်ဆိုတာ ဟယ်ရီ ကျိန်ပြောဝံ့တယ်။

နဂါးထိန်းကျောင်းသူတွေ မှော်ကြိမ်လုံး ချလိုက်ကြပြီး မြေပေါ် လဲကျနေတဲ့ နဂါးကြီးတွေဆီ လျှောက်သွားတယ်။ နဂါးတိုင်းဟာ တောင်ကုန်းလေး တစ်ကုန်းလိုပဲ။ နဂါးထိန်းကျောင်းသူတွေဟာ သံချိန်းကြိုးကို အမြန် တင်းအောင် ချည်ကြတယ်။ ဒင်းတို့ကို သံတိုင်ပေါ်မှာ ခိုင်ခံ့စွာ တုပ်ချည်ထားကြတယ်။ တစ်ခါ မှော်ကြိမ်လုံးနဲ့ သံတိုင်ကို မြေကြီးထဲ နက်နက် စိုက်ထားလိုက်တယ်။

"နည်းနည်း ကပ်ကြည့်မလား" ဟက်ဂရစ်က စိတ်လှုပ်ရှားစွာနဲ့ မဒမ် မက်ဆင်းမ်ကို မေးတယ်။ သူတို့နှစ်ယောက် ခြံစည်းရိုးနားကို လျှောက်သွားတယ်။ ဟယ်ရီလဲ လိုက်သွားတယ်။ ခုနက ဟက်ဂရစ်ကို အနားမကပ်ဖို့ သတိပေးတဲ့ မှော်ဆရာ လှည့်ကြည့်လိုက်တယ်။ ဟယ်ရီ သူ့ကို သိတယ်။ အဲဒါ ချာလီ-ဝယ်စလီ။

"ဘယ်လိုလဲ ဟက်ဂရစ်" သူက အသက်ပြင်းပြင်းရှူရင်း သူတို့နဲ့ စကားလာပြောတယ်။ "ဒင်းတို့ အခု ကိစ္စမရှိတော့ပါဘူး — ကျွန်တော်တို့ ဒင်းတို့ကို အိပ်ဆေးတိုက်ထားလိုက်ပြီ။ ဒင်းတို့လာတုန်းက တစ်လမ်းလုံး အိပ်နေတာ။ အစက အေးချမ်းတဲ့ ညအချိန်မှာ သူတို့ နိုးလာရင် နည်းနည်းနေသာမယ်ထင်တာ — ဒါပေမယ့် ခင်ဗျားလဲ မြင်ရပြီ။ ဒင်းတို့ မပျော်ဘူး၊ နည်းနည်းမှ မပျော်ဘူး — "

"မင်းတို့ ဒီမှာ ဘာအမျိုးအစားတွေရှိလဲ၊ ချာလီ" ဟက်ဂရစ်က မေးတယ်။ သူနဲ့ အနီးဆုံးမှာရှိတဲ့ နဂါးနက်ကို လှမ်းကြည့်နေတယ်။ သူ့အကြည့်ဟာ ကြည်ညိုတဲ့ အရိပ်အယောင် ပါနေတယ်။ နဂါးနက်ရဲ့ မျက်လုံးဟာ အနည်းငယ် ပွင့်နေတယ်။ ဒင်းရဲ့တွန့်နေတဲ့ မျက်ခွံအနက်အောက်မှာ အဝါရောင်မျှင်မျှင်လေး လက်နေတာ ဟယ်ရီ မြင်ရတယ်။

"ဒါ ဟန်ဂေရီဟွန်းတေး" ချာလီက ရှင်းပြတယ်။ "ဟိုဘက်က နည်းနည်းငယ်တာက ဝေးလ်ရှ်နဂါးစိမ်း — ဟို ငွေရောင်ပြာပြာက ဆွီဒင် နှာတိုနဂါး — ဟိုအနီရောင်က တရုတ်မီးလုံး"

ချာလီက ဟိုဒီကြည့်လိုက်တယ်။ မဒမ်မက်ဆင်းမ်ဟာ ခြံဘေးမှာ ဟိုဒီလျှောက်ရင်း မူးမေ့နေတဲ့ မီးနဂါးတွေကို ငေးကြည့်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူမကို ခေါ်လာမယ်လို့ ကျွန်တော် မထင်ဘူး။ ဟက်ဂရစ်" ချာလီကပြောရင်း မျက်မှောင် ကြုတ်လိုက်တယ်။ "သူ့ရဲ့ကောင်းဟာ မိမိ ဘာကို ရင်ဆိုင်ရမယ်ဆိုတာ မသိသင့်ဘူး — သူမက သူမကျောင်းသားကို ပြောမြဲ မှာပဲ၊ ဟုတ်လား"

"သူမက ဒီလာပြီး မြင်ဖူးချင်တယ်လို့ပဲ ကျုပ်ထင်တာ" ဟက်ဂရစ်က ပခုံးတွန့်ပြပြီး ဇရာမနဂါးကြီးကို စွဲစွဲလမ်းလမ်း ကြည့်နေတယ်။

"ရှိမန်းတစ်ကျတဲ့နေ့ပဲ၊ ဟက်ဂရစ်" ချာလီက ပြောတယ်။ မတတ်သာဘဲ ခေါင်းခါလိုက်တယ်။

"စုစုပေါင်းလေးကောင်. . . ." ဟက်ဂရစ်က ပြောတယ်။ "ဒီလိုဆို တော့ သူ့ရဲ့ကောင်းတစ်ယောက်ကို တစ်ကောင်စီ ရင်ဆိုင်ရမယ် ဟုတ်လား။ သူတို့ ဘာလုပ်ဖို့လဲ — မီးနဂါးနဲ့ တိုက်ရမှာလား"

"မီးနဂါးဘေးက ဖြတ်သွားရုံပဲလို့ ထင်တယ်" ချာလီက ပြောတယ်။ "အခြေအနေ မဟန်ရင် ကျွန်တော်တို့ ချက်ချင်း သွားကူညီမယ်။ မီးနဂါးကို မီးငြိမ်းဂါထာ ရွတ်ပေးမယ်။ သူတို့တောင်းထားတာက ဥဝပ်နေတဲ့ နဂါးမ ချည်းပဲ။ ဘာကြောင့်ဆိုတာ ကျွန်တော်မသိဘူး. . . .ဒါပေမယ့် ကျွန်တော် ပြောနိုင်တာက ဟန်ဂေရီဟွန်းတေးနဲ့ ကျတဲ့လူကတော့ မလွယ်ဘူး။ ၎င်းဟာ ရှေ့ဘက်ကော နောက်ဘက်ပါ အလွန်အန္တရာယ်ကြီးတယ်။ ကြည့်လေ"

ချာလီက ဟွန်းတေးရဲ့အမြီးကို လက်ညှိုးထိုးပြတယ်။ ဟိုအမြီးပေါ်မှာ လက်မ အနည်းငယ်ခြားတိုင်း ကြေးဝါရောင် ဆူးချွန်ရှည်ရှည်တွေ ပေါက်နေ တာ ဟယ်ရီမြင်ရတယ်။

ဒီအချိန်မှာ ချာလီရဲ့ နဂါးထိန်းဖော်ငါးယောက် ခြေလှမ်း နိမ့်ချည် မြင့်ချည်နဲ့ ဟွန်းတေးဆီ လာကြတယ်။ သူတို့ဟာ စောင်ကြီးတစ်ထည်နဲ့ ဇရာ နှင်းဖတ်ကျောက်လို မီးခိုးရောင်ဥကြီးတွေ ထည့်ယူလာတယ်။ သူတို့ဟာ နဂါး ဥကို ဟွန်းတေးအနားမှာ အသာလေး ထားလိုက်တယ်။ ဟက်ဂရစ်ဟာ မုတ် တွင်းက တမ်းတမှုကို ချုပ်တည်းမရဘဲ ညည်းညူလိုက်တယ်။

"ကျွန်တော် ရေတွက်ထားတာနော်၊ ဟက်ဂရစ်" ချာလီက တင်းတင်း ပြောလိုက်တယ်။ ဆက်ပြီး သူက မေးတယ်။ "ဟယ်ရီ ဘယ့်နှယ်လဲ"

"မဆိုးဘူး" ဟက်ဂရစ်က ပြောတယ်။ နဂါးဥကို မျက်တောင်မခတ် ဘဲ ကြည့်နေတယ်။



"ဒီအန္တရာယ်နဲ့ ကြုံတွေ့ပြီးနောက် သူ ကောင်းကောင်းမွန်မွန် ရှိစေ ချင်တယ်" ချာလီက ဟိုဘက်က နဂါးကြီးတွေကို ထည့်ထားတဲ့ ခြံကြီးကို ကြည့် ရင်း စိတ်သောကနဲ့ ပြောတယ်။ "ကျွန်တော် အမေ့ကို ဟယ်ရီ ပထမကဏ္ဍ မှာ ဘာလုပ်ရမယ်ဆိုတာ မပြောရဲဘူး။ အမေက သူ့အတွက် စိတ်ဂယောက် ဂယက် ဖြစ်နေပြီ. . . ."ချာလီက သူ့အမေရဲ့ ပူပန်တဲ့ အသံကို တုပြောတယ်။ " 'သူတို့က သူ့ကို အဲ့ဒီ ယှဉ်ပြိုင်ပွဲထဲ ဘယ်ထည့်လို့ ဖြစ်မလဲ။ သူ အသက် ငယ်လွန်းတယ်။ ငါက သူတို့ ဘာမှ ပြဿနာမရှိဘူး ထင်ခဲ့တာ။ အသက် အကန့်အသတ် ရှိမယ် ထင်ခဲ့တာ။' 'ကြိုဟောဆရာများနေ့စဉ်'မှာ ဟယ်ရီနဲ့ ပတ်သက်တဲ့ ဆောင်းပါး ပါလာတော့ အမေက မျက်ရည်တွေ ကျတယ်။ 'သူက သူ့မိဘအတွက် ငိုနေတယ်။ အော၊ ဘုရားသခင် မစပါ၊ ကျွန်မ နည်းနည်းမှ မသိပါလား' "

ဟယ်ရီက သူဆက်နေလို့ မဖြစ်တော့ဘူးလို့ ထင်တယ်။ ဟက်ဂရစ် ရင်ထဲမှာ စွဲလမ်းစရာ နဂါးကြီး လေးကောင်နဲ့ မဒမ်မက်ဆင်းမ်နဲ့ ပြည့်နေပြီ၊ မိမိကို သတိရတော့မှာ မဟုတ်ဘူး။ ဒါနဲ့ သူဟာ အသာလှည့်ပြီး ရဲတိုက်ကို ပြန်ခဲ့တယ်။

သူဟာ ရင်ဆိုင်ရမယ့် အရာကို မြင်ရပြီ။ မိမိ ဝမ်းသာသလားဆိုတာ သူ မသိဘူး။ ဒီလိုဆိုတော့ နည်းနည်း စိတ်သက်သာမယ် ထင်တယ်။ ကနဦး ချောက်ချားမှု လွတ်မြောက်ခဲ့ပြီ။ တကယ်လို့ အင်္ဂါနေ့ကျမှ နဂါးကြီးတွေကို ပထမအကြိမ် မြင်ဖူးရင် ကျောင်းသားအားလုံးရှေ့မှာ မေ့လဲချင် လဲနေမှာ. . . သူ့လက်နက်က သူ့မှော်ကြိမ်လုံး — အဲဒီ မှော်ကြိမ်လုံးဟာ အခုကြည့်လိုက် တော့ တုတ်ချောင်းလေး သေးသေးလေးနဲ့ မခြားဘူး — သူ ရင်ဆိုင်ရမှာက ပေ-၅၀ရှည်ပြီး တစ်ကိုယ်လုံးမှာ အကြေးခွံတွေ၊ ဆူးတွေ ပြည့်ဖုံးနေတဲ့ နှာ ခေါင်းထဲက မီးပန်းတဲ့ ဇရာမနဂါးကြီး။ သူဟာ ၎င်းရှေ့က ဖြတ်သွားရမယ်၊ အများက သူ့ကို ကြည့်နေတယ်။ ဘယ်လို ဖြတ်ကျော်ရမလဲ။

ဟယ်ရီဟာ ခြေလှမ်းသုတ်သုတ်နဲ့ တားမြစ်သစ်တောဘေးမှာ အမြန် သွားနေတယ်။ ၁၅မိနစ်အတွင်း အများနားနေခန်းရှိ မီးဖိုဘေးရောက်ရမယ်၊ ဆီးရီးအက်စ်ကြယ်နဲ့ စကားပြောရမယ်။ မိမိဟာ ခုချိန်လောက် စကားပြောချင် တာ အရင်က ရှိခဲ့လားဆိုတာ သူ မမှတ်မိတော့ဘူး။ — ဒီအချိန်မှာပဲ သူဟာ မရှောင်မတိမ်းနိုင်ဘဲ မာမာတစ်ခုကို ဝင်တိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ ပက်လက်လန် လဲသွားတယ်။ မျက်မှန်လဲ ရွဲ့သွားတယ်။ သူဟာ ကိုယ်ပျောက်ဝတ်ရုံနဲ့ ကမန်းကတန်း ကိုယ်ကို ဖုံးကွယ်လိုက်တယ်။ အနီးက အသံတစ်ခုက ပြောတယ်။ "အမလေး၊ ဘယ်သူလဲ"

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံ မိမိတစ်ကိုယ်လုံး ဖုံးမိသလားဆိုတာ ကမန်းကတန်း စစ်ဆေးကြည့်လိုက်တယ်။ ဒီနောက် မလှုပ်မရှက် လှဲနေလိုက်တယ်။ သူ ခုနက ဝင်တိုက်မိတဲ့ မှော်ဆရာရဲ့ မှော်ရိပ်ကို ကြည့်နေတယ်။ ဟိုဆိတ်မှုတ်ဆိတ်ကို သူမှတ်မိလိုက်တယ်. . . . အဲဒါ ခါခါရော့ဖ်၊

"ဘယ်သူလဲ" ခါခါရော့ဖ်က ထပ်မေးတယ်။ ယုန်ထင်ကြောင်ထင်နဲ့ အမှောင်ထဲမှာ ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ ဟယ်ရီဟာ မလှုပ်မရှက် အသက်တောင် မရှူဝံ့ဘဲနေတယ်။ တစ်မိနစ်လောက်ကြာတော့ ခါခါရော့ဖ်ဟာ အကောင်တစ်ကောင် ဝင်တိုက်တယ်လို့ ဆုံးဖြတ်ပုံရတယ်။ သူက ခါးလောက်နေရာကို ဟိုဒီကြည့်နေတယ်။ ခွေးတစ်ကောင်ကောင် တွေ့မယ်ထင်တယ်နဲ့ တူတယ်။ ဒီနောက် သူဟာ သစ်ပင်အကာအကွယ်အောက်ကို ဝင်လိုက်ပြီး ကိုယ်ကို စောင်းကာ နဂါးကြီးတွေရှိတဲ့နေရာဆီ ရွေ့လျားသွားတယ်။

ဟယ်ရီက အလွန်နှေးကွေးစွာ အလွန်သတိရှိရှိနဲ့ မတ်တတ်ရပ်လိုက်တယ်။ အသံမထွက်အောင် အတတ်နိုင်ဆုံးလုပ်ပြီး အမှောင်ထဲမှာ ဖြတ်သွားကာ ရဲတိုက်ဆီ ပြန်ခဲ့တယ်။

ခါခါရော့ဖ် ဘာလုပ်မယ်ဆိုတာ သူ အလွန်ရှင်းတယ်။ ခါခါရော့ဖ်ဟာ ၎င်းရဲ့ လှေကြီးထဲက လစ်ထွက်လာပြီး ပထမကဏ္ဍဟာ ဘာလဲဆိုတာ သိအောင်လုပ်မယ်။ ဟက်ဂရစ်နဲ့ မဒမ်မက်ဆင်းမ်တို့ အတူတကွ တားမြစ်သစ်တောကို ပတ်ပြီး ဟိုဘက်မှာ သွားနေတာတောင် သူမြင်ပြီးတာ ဖြစ်နိုင်တယ်. . . . အခု၊ ခါခါရော့ဖ် အသံရှိတဲ့နေရာကို လိုက်ရှာရင် မဒမ်မက်ဆင်းမ်လိုပဲ သူ့ရဲကောင်းတွေကို စောင့်နေတာ ဘာလဲဆိုတာတာ သိလိမ့်မယ်။

ဒီအခြေအနေအရ၊ အင်္ဂါနေ့ မသိသေးတဲ့အရာကို ရင်ဆိုင်ရမှာ စက်ဒရစ်တစ်ယောက်တည်းပဲ ကျန်တယ်။

ဟယ်ရီ ရဲတိုက်ဆီ ပြန်ရောက်ပြီး ရှေ့တံခါးကနေ အသာလေး လစ်ဝင်ခဲ့တယ်။ မာဘော်ကျောက်လှေကားကနေ တက်ခဲ့တယ်။ သူ မောလွန်းလို့ အသက်တောင် မရှူနိုင်ဘူး။ ဒါပေမယ့် ခြေလှမ်းကို နည်းနည်းမှ မလျှော့ဝံ့ဘူး. . . . ငါးမိနစ်တောင် အချိန်မရှိတော့ဘူး။ သူ မီးဖိုဘေး ရောက်မှဖြစ်မယ်။



"တွေ့ကရာ လျှောက်ပြော" သူက ဟောဟဲဟောဟဲနဲ့ မိန်းမဝဝကြီးကို ပြောတယ်။ မိန်းမဝဝကြီးဟာ အရုပ်ကားဘောင်ထဲမှာ ဟောက်နေတယ်၊

"မင်းက ဒီလိုပြောတော့" မိန်းမဝဝကြီးက နိုးတစ်ဝက်နဲ့ ပြောတယ်၊ မျက်လုံးတောင် မဖွင့်ဘူး။ အရုပ်ကားကို ဖွင့်ပေးလိုက်တယ်။ ဟယ်ရီ တွားဝင်လိုက်တယ်။ အများနားနေခန်းထဲမှာ လူမရှိဘူး။ လေထုထဲမှာလဲ ဘာအနံ့မှ မရဘူး။ ဟာမီး၊ သူနဲ့ ဆီးရီးအက်စ်ကြယ် လျှို့ဝှက်စကားပြောနိုင်ဖို့ ချေးဗုံးပစ်ဖောက်ဖို့ မလိုဘူးထင်တယ်။

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပစ်လိုက်တယ်။ မီးဖိုရှေ့က လက်တန်းခုံတစ်လုံးထဲ ဝင်ထိုင်လိုက်တယ်။ အခန်းထဲမှာ မီးရောင်ခပ်မှောင်မှောင် ဖြစ်နေတယ်။ မီးလင်းဖိုထဲက မီးတောက်ပဲ ရှိတယ်။ အနီးရှိ စားပွဲတစ်လုံးပေါ်မှာ ခရီဗီး ညီအစ်ကိုတို့ ပြုပြင်ဖို့ ကြိုးစားထားတဲ့ စက်ဒရစ်-ဒစ်ဂိုရီကို ထောက်ခံတဲ့ ရင်ထိုးတွေဟာ မီးရောင်အောက်မှာ လက်နေတယ်။ ရင်ထိုးပေါ်က စာတွေဟာ အခု 'ပေါ်တာချေးစော်နံတယ်' ဖြစ်နေတယ်။ ဟယ်ရီက အကြည့်ကို မီးဖိုထဲ လှည့်ကြည့်လိုက်တယ်။ ဆတ်ခနဲ ထခုန်တယ်။

ဆီးရီးအက်စ်ကြယ်ရဲ့ ခေါင်းဟာ မီးတောက်ထဲမှာ မတ်မတ်ထောင်နေတယ်။ ဝယ်စလီတို့အိမ် မီးဖိုချောင်ထဲမှာ မစ္စတာဒစ်ဂိုရီ ဒီအတိုင်းလုပ်ဖူးတာ ဟယ်ရီ မမြင်ခဲ့ဖူးရင် ဝိညာဉ်ပျောက်အောင် လန့်သွားမှာပဲ။ အခု သူမကြောက်တဲ့အပြင် မျက်နှာပေါ်မှာ ပြုံးပန်း ပွင့်လာတယ်။ ဒါဟာ ရက်ပေါင်းများစွာမှာ ပထမအကြိမ်ပဲ။ သူ ထိုင်ခုံပေါ်ကဆင်းကာ မီးလင်းဖိုရှေ့ ဒူးထောက်လိုက်ပြီး ပြောတယ်။ "ဆီးရီးအက်စ်ကြယ် — သင် ဘယ့်နှယ်နေလဲ"

ဆီးရီးအက်စ်ကြယ်ရဲ့ ပုံပန်းဟာ ဟယ်ရီ မှတ်သားထားတာနဲ့ မတူဘူး။ သူတို့ အရင်တစ်ခါ ခွဲခွာတုန်းက ဆီးရီးအက်စ်ကြယ်ရဲ့ မျက်နှာဟာ ပိန်ချုံးပြီး ဆံပင်ရှည်ရှည်နက်နက်က ဗလပွဖြစ်နေတယ် — အခုတော့ ဆီးရီးအက်စ်ကြယ်ရဲ့ ဆံပင်က တိုတိုလေး၊ သန့်ရှင်းပြီး သပ်ရပ်တယ်။ မျက်နှာလဲ ပြည့်လာတယ်။ ဒါကြောင့် အများကြီး ငယ်သွားသလိုပဲ။ ဟယ်ရီ သိမ်းဆည်းထားတဲ့ ဓာတ်ပုံထဲကနဲ့ ပိုနီးစပ်တယ်။ အဲဒါ ပေါ်တာလင်မယား မင်္ဂလာဆောင်မှာ ရိုက်ထားတာ။

"ကျုပ် အရေးမကြီးဘူး။ မင်း အားလုံးကောင်းရဲ့လား" ဆီးရီးအက်စ်ကြယ်က တည်ကြည်စွာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် — " ဟယ်ရီက "သိပ်ကောင်းတယ်"လို့ ပြောမယ်လုပ်ဘယ် — ဒါပေမယ့် သူ ပြောမထွက်ဘူး။ မိမိကိုယ်မိမိ မတားရခင်မှာပဲ သူဟာ ခရားရေလွှတ် ပြောပါလေရော။ သူဟာ ခုလို အားရကျေနပ်အောင် စကားမပြောရတာ ရက်အတော်ကြာပြီ — သူက လူတွေဟာ သူကိုယ်တိုင် နာမည်ပေးသွင်းပြီး ယှဉ်ပြိုင်ပွဲ ဝင်တာမဟုတ်ဘူးဆိုတာ ယုံကိုမယုံတဲ့အကြောင်း ပြောတယ်၊ ရိထာ-စကီးထာ 'ကြိုဟောသူများနေ့စဉ်'မှာ လုပ်ကြံရေးတာ ပြောတယ်။ သူ စကြိုထဲသွားနေရင် လူတွေက ကဲ့ရယ်ကြတဲ့အကြောင်းလဲ ပြောတယ် — ရွှန့်အကြောင်းလဲ ပြောတယ်။ ရွှန်က သူ့ကို မယုံဘူး။ သူ့ကို မနာလိုဘူး. . . .

". . . . ပြီးတော့ ခုနက ဟက်ဂရစ် ကျွန်တော့်ကို ပထမကဏ္ဍမှာ ကြုံရမယ့်အရာ ခေါ်ပြတယ်။ အဲဒါ မီးနဂါး။ ဆီးရီးအက်စ်ကြွယ်၊ ကျွန်တော်တော့ သွားပါပြီ" သူက မျှော်လင့်ချက် ကင်းမဲ့စွာ မိမိစကားကို အဆုံးသတ်လိုက်တယ်။

ဆီးရီးအက်စ်ကြွယ်က သူ့ကို ကြည့်နေတယ်။ ဂရုစိုက်တဲ့ပုံ ပေါ်တယ်။ ဒီမျက်လုံးအစုံဟာ အက်ဇခါဘန်က ၎င်းတို့ကို ပေးထားတဲ့ အရိပ်အယောင်တွေက လုံးဝ မလွတ်ကျွတ်သေးဘူး။ ငြိမ်နေတဲ့ သောကနဲ့အကြည့်။ သူဟာ စိတ်ရှည်လက်ရှည် နားထောင်နေတယ်။ ဖြတ်မပြောဘူး။ ဟယ်ရီ့ စကားဆုံးလို့ ငြိမ်သွားတော့မှ သူက ပြောတယ်။ "မီးနဂါးကို မစိုးရိမ်နဲ့၊ ၎င်းကို ရင်ဆိုင်နိုင်တယ်၊ ဟယ်ရီ။ ဒီပြဿနာကို ခဏနေမှ ပြောကြရအောင် — ကျုပ် ဒီမှာ ကြာကြာနေလို့ မရဘူး. . . . မှော်ဆရာတစ်ယောက်အိမ်ကို ဖောက်ဝင်ပြီး ၎င်းတို့ မီးဖိုကို သုံးရတာ။ ၎င်းတို့ အချိန်မရွေး ပြန်လာနိုင်တယ်။ ကိစ္စတချို့ မင်းကို သတိပေးရမယ်"

"ဘာကိုလဲ" ဟယ်ရီကမေးတယ်။ မိမိစိတ်ဓာတ် ပိုကျသွားတယ်လို့ သူထင်တယ်. . . . မီးနဂါးထက် ပိုဆိုးတာ မရှိနိုင်ပါဘူးနော်။

"အဲဒါ ခါခါရော့ဖ်" ဆီးရီးအက်စ်ကြွယ်က ပြောတယ်။ "ဟယ်ရီ သူက ဒက်အီတာ၊ ဒက်အီတာဆိုတာ ဘာမှန်း မင်းသိလား"

"သိတယ် — သူ — ဘယ့်နှယ် ?"

"သူ အစက အဖမ်းခံရတယ်။ ကျုပ်နဲ့အတူ အက်ဇခါဘန်မှာ ထောင်ကျနေတာ။ ဒါပေမယ့် သူ့ကို လွှတ်လိုက်ကြတယ်။ ဒီအတွက်ကြောင့်ပဲ ဒီနှစ်ဒမ်ဘာလီဒိုးက ဟော့ဂ်ဝပ်မှာ အောရာတစ်ယောက် ထည့်ထားတာဟာ သူ့ကို



သတိပြုဖို့ပဲဆိုတာ ကျုပ်ပြောဝံ့တယ်။ ထိုနှစ်က မူးဒီကပဲ ခါခါရော့ဖ်ကို ဖမ်းမိတာ။ သူ့ကို အက်ဇခါဘန်မှာ ထည့်ထားတာ"

"ခါခါရော့ဖ်ကို လွှတ်ပေးလိုက်တယ်?" ဟယ်ရီက ဖြည်းဖြည်းမေးတယ် — သူ့ဦးနှောက်ဟာ ကြောက်စရာသတင်းတစ်ခုကို စုပ်ယူနေတယ်။ "သူ့ကို ဘာဖြစ်လို့ လွှတ်ပေးလိုက်ကြတာလဲ"

"သူက မှော်ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တာ မနည်းဘူး" ဆီးရီးအက်စ်ကြွယ်က မကျေမနပ် ပြောတယ်။ "သူက မိမိအမှားကို သိပါပြီလို့ ပြောပြီး လူအများကြီးရဲ့နာမည်ကို ပြောထုတ်တယ်. . . . သူက လူအများကြီးကို အက်ဇခါဘန်ရောက်အောင် လုပ်လိုက်ခြင်းဖြင့် သူ့ကို အစားထိုးလိုက်တာပေါ့. . . . မင်းကို ပြောပြနိုင်တာက သူဟာ အဲဒီနေရာမှာ လူတွေက မနှစ်သက်ကြဘူး။ ကျုပ်သိရသလောက် သူဟာ ထောင်က ထွက်ပြီးကတည်းက သူ့ကျောင်းက ကျောင်းသားတွေကို မှော်နက်ပညာ သင်ပေးနေတယ်။ ဒါ့ကြောင့် မင်းဟာ ဒမ်စထရန်း သူ့ရဲ့ကောင်းကိုလဲ သတိထားရမယ်"

"ကောင်းပြီ" ဟယ်ရီက ဖြည်းနှေးစွာ ပြောတယ်။ "ဒါပေမယ့်. . . . ကျွန်တော့်နာမည်ကို ခါခါရော့ဖ်က မီးတောက်ခွက်ထဲ ထည့်တယ်ထင်လား။ သူ လုပ်တာဆိုရင်တော့ သူ သိပ်ကို သရုပ်ဆောင်တတ်ပါလား။ သူက ဒီအတွက် သိပ်ကို စိတ်ဆိုးနေသလိုပဲ။ သူက ကျွန်တော့်ကို ယှဉ်ပြိုင်ပွဲ မဝင်ရအောင် တားချင်သေးတယ်"

"သူ သရုပ်ဆောင် ကောင်းတယ်ဆိုတာ ကျုပ်တို့ သိတယ်" ဆီးရီးအက်စ်ကြွယ်က ပြောတယ်။ "ထိုနှစ်က မှော်ဝန်ကြီးဌာနက သူ့ကို လွှတ်ပေးအောင် လုပ်နိုင်ခဲ့တယ်။ ဟုတ်တယ် မဟုတ်လား။ ပြီးတော့ ကျုပ် 'ကြိုဟောဆရာများနေ့စဉ်'ကို အမြဲသတိထားနေတယ်၊ ဟယ်ရီ — "

" — သင်တွင် မကဘူး။ ကမ္ဘာပေါ်က လူတိုင်း" ဟယ်ရီက စိတ်ရှုပ်စွာပြောတယ်။

" — ဟို စကီးထာလို့ခေါ်တဲ့ မိန်းမ လွန်ခဲ့တဲ့လက ဆောင်းပါးတို ကျုပ် သေချာ လေ့လာတယ်၊ မူးဒီဟာ သူ ဟော့ဂ်ဝပ်ကို အလုပ်ဝင်မယ့် ရှေ့သမှာ တိုက်ခိုက်ခံရတာ။ ဟုတ်တယ်၊ သူမက ဒါကို အလကား ထိတ်လန့်မှုဘစ်ခုလို့ ပြောတယ်" ဆီးရီးအက်စ်ကြွယ်က ဟယ်ရီဖြတ်ပြောချင်တာ မြင်တော့ အမြန်ဖြည့်ပြောတယ်။ "ဒါပေမယ့် ကျုပ်က ဒီလိုမထင်ဘူး။ တစ်ယောက်

www.burmeseclassic.com



သောက်က မူးဒီကို ဟော့ဂ်ဝပ် မလာရအောင် တားဖို့ကြံတာလို့ ထင်တယ်။ သူသာ အနားမှာရှိရင် သူတို့ လုပ်ဖို့ ခက်သွားလိမ့်မယ်ဆိုတာ သိနေတယ်။ ပြီးတော့ ဘယ်သူမှ ဒီကိစ္စကို သေချာစစ်ဆေးမှာ မဟုတ်ဘူး။ အရှုံးမျက်လုံးဟာ မကြာမကြာ သူများ သူ့ကို ကျူးကျော်တာ ကြားနေတယ်။ ဒါပေမယ့် ထူးခြားတဲ့ အခြေအနေ ဖြစ်လာတဲ့အခါမှာ သူ မသိဘူးလို့ ပြောလို့မရဘူး။ မူးဒီဟာ မှော်ဝန်ကြီးဌာန သမိုင်းမှာ အကောင်းဆုံး အော်ရာ"

"ဒါဆို. . . . သင့် အစီပွာယ်က ဘာလဲ" ဟယ်ရီက ဖြည်းဖြည်းမေးတယ်။ "ခါခါရော့ဖ်က ကျွန်တော့်ကို သတ်ချင်တယ်? ဒါပေမယ့် — ဘာကြောင့်လဲ"

ဆီးရီးအက်စ်ကြယ် တုံ့ဆိုင်းနေတယ်။

"အလွန်ထူးဆန်းတဲ့ အကြောင်းတချို့ ကျုပ်ကြားရတယ်" သူက အလွန်နှေးနှေး ပြောတယ်။ "ခုတလော ဒက်အီတာတွေ ခါတိုင်းထက် လှုပ်ရှားနေတယ်။ သူတို့ဟာ ခွေဒစ် ကမ္ဘာ့ဖလားပွဲမှာ ထွက်ပြကြတယ်၊ ဟုတ်လား။ မှော်နက် အမှတ်အသား ဖန်ဆင်းပြသူရှိတယ်. . . . ဒီနောက်မှာ ဟိုဝန်ကြီးဌာနက ပျောက်နေတဲ့ မှော်ဆရာမကို ကြားဖူးလား"

"ဘာသာ-ဂျော်ကင်?" ဟယ်ရီက ပြောတယ်။

"သူမပဲ. . . . သူမ အယ်ဘေးနီးယားမှာ ပျောက်သွားတယ်။ အဲဒီနေရာမှာ ဗိုလ်ဒီမွန်နဲ့ နောက်ဆုံးရှိနေတယ်လို့ လူတွေ ပြောဆိုနေတဲ့နေရာ . . . . ဂျော်ကင်ကလဲ ကျုပ်တို့ဆီမှာ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲ ကျင်းပမယ်ဆိုတာ သိတဲ့လူ၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့်. . . . သူမ ဗိုလ်ဒီမွန်နဲ့တွေ့ဖို့ သိပ်မဖြစ်နိုင်ဘူး ထင်တယ်" ဟယ်ရီက ပြောတယ်။

"ကျုပ်ပြောတာ နားထောင်။ ကျုပ် ဘာသာ-ဂျော်ကင်ကို သိတယ်" ဆီးရီးအက်စ်ကြယ်ဟာ စိုးရိမ်စွာ ပြောတယ်။ "ထိုစဉ်က ကျုပ် ဟော့ဂ်ဝပ်မှာ ရှိတုန်းက သူလဲ ရှိတယ်။ မင်းအဖေတို့ ငါတို့နဲ့ နှစ်အချို့ အတန်းကြီးတယ်။ သူမဟာ နုံတိနုံတနဲ့လူ။ မဆိုင်တာ သိပ်ပါချင်တယ်။ ခေါင်း လုံးဝမရှိဘူး။ အဲဒါ နှစ်ခုပေါင်းလိုက်တာ သိပ်ကို ဆိုးသွားတာ။ ဟယ်ရီ၊ ဒီ အမျိုးသမီးဟာ ဆွဲဆောင်ရင် ရတယ်။ သူများ ကျော့ကွင်းထဲ လွယ်လွယ် ကျရောက်နိုင်တယ်"

"ဒီလိုဆိုတော့. . . . ယှဉ်ပြိုင်ပွဲအကြောင်း ဗိုလ်ဒီမွန် သိနိုင်တယ်



နော်" ဟယ်ရီက မေးတယ်။ "ဒီအစီပွာယ် ပြောတာလား။ ခါခါရော့ဖ်ဟာ သူ့ အမိန့်အရ ဒီကိုလာတာလို့ ထင်သလား"

"ကျုပ်လဲ အတိအကျ ပြောလို့မရဘူး" ဆီးရီးအက်စ်ကြယ်က ဖြည်းဖြည်းပြောတယ်။ "ကျုပ် တကယ့်ကို သေချာ မပြောနိုင်ဘူး. . . ကျုပ် ခါခါရော့ဖ်ပေါ် မှာရှိတဲ့ ခံစားရမှုအရ သူဟာ ဗိုလ်ဒီမွန့်က သူ့ကို စောင့်ရှောက်နိုင်လောက်အောင် တောင့်တင်းလာမှန်း သူသိမှ။ နို့မို့ရင် သူက သူ့ကို သွားရှာမယ် မထင်ဘူး။ ဒါပေမယ့် မင်းနာမည်ကို ဘယ်သူက မီးတောက်ခွက်ထဲ ထည့်ထည့်၊ သူ ဒီလိုလုပ်တာ အကြံနဲ့လုပ်တာပဲ။ တကယ်လို့ တစ်ယောက်ယောက်က မင်းကို တိုက်ခိုက်ချင်တယ်၊ ရှောင်တခင် ဖြစ်မှုတစ်ခုလိုနဲ့ တူနေစေချင်တယ်ဆိုရင် ဒီယှဉ်ပြိုင်ပွဲဟာ အကောင်းဆုံး အခွင့်အရေးပဲလို့ ကျုပ်ထင်နေတယ်"

"ကျွန်တော့်ရှုထောင့်က ကြည့်ရင် ဒါဟာ ဟာကွက်မရှိတဲ့ စီမံကိန်းပဲ" ဟယ်ရီက မချိသွားဖြုလိုက်ပြီး ပြောတယ်။ "ဖင်းတို့ ဘေးမှာရပ်နေပြီး မီးနဂါးကို လုပ်ခိုင်းလိုက်ရင် ပြီးတာပဲ"

"ဟုတ်ပြီ — အဲဒီ မီးနဂါးတွေ" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ သူစကားပြောတာ သိပ်မြန်လာတယ်။ "နည်းကောင်းတစ်ခု ရှိတယ်၊ ဟယ်ရီ။ တောင့်မခံနိုင်ဘဲ မေ့မြောဂါထာတို့ ဘာတို့ သွားမရွတ်နဲ့ — မီးနဂါးက အားသိပ်ကြီးတာ။ ပြီးတော့ အလွန်အားကောင်းတဲ့ မှော်တန်ခိုး ရှိတယ်။ မေ့မြောဂါထာတစ်ခုထဲနဲ့ အလဲမထိုးနိုင်ဘူး။ မှော်ဆရာ ခြောက်ယောက် ခုနစ်ယောက် ဘစ်ပြိုင်နက်ရွတ်မှ နဂါးတစ်ကောင်ကို နိုင်မှာ. . . ."

"ဟုတ်တယ်လေ၊ ကျွန်တော်သိတယ်။ ကျွန်တော် ခုနက မြင်တွေ့ရပြီ" ဟယ်ရီက ပြောတယ်။

"ဒါပေမယ့် မင်းတစ်ယောက်ထဲနဲ့လဲ ရင်ဆိုင်နိုင်တယ်" ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "နည်းကောင်းတစ်ခု ရှိတယ်။ မင်း မှော်ပညာရိုးရိုးပဲ သုံးလိုက်။ မင်း —"

ဒါပေမယ့် ဟယ်ရီက လက်တစ်ဖက်မြှောက်ပြီး သူ့ကို တားလိုက်တယ်။ ဟယ်ရီ့ရင်တွေ တအားခုန်နေတယ်။ ပေါက်ကွဲတော့မလိုပဲ။ သူ့နောက်က လှည့်ပတ်နိုင်တဲ့ လှေကားပေါ် က ခြေသံကြားရတယ်။

"မြန်မြန်သွား" သူက အသံအ,အနဲ့ ဆီးရီးအက်စ်ကြယ်ကို ပြောတယ်။ "မြန်မြန်သွား၊ လူလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ကမန်းကတန်း ထလိုက်ပြီး မီးဖိုကို ကာထားတယ် — တကယ်လို့ ဟော့ဂ်ဝပ် ခြံဝင်းအတွင်းမှာ ဆီးရီးအက်စ်ကြယ်ရဲ့ မျက်နှာထို မြင်သွားရင် ပြဿနာကြီးမှာ သေချာတယ် — မော်ဝန်ကြီးဌာနလဲ ပါလာလိမ့်မယ် — လူတွေက သူ့ကို ဆီးရီးအက်စ်ကြယ် ဘယ်မှာရှိလဲဆိုတာ အတင်း စက်မေးလိမ့်မယ် —

ဟယ်ရီဟာ ကျောဘက် မီးဖိုဆီက ဘတ်ခနဲမြည်သံ ကြားလိုက်ရ တယ်။ ဆီးရီးအက်စ်ကြယ် သွားပြီဆိုတာ သူသိတယ်။ သူက လည်ပတ်လှေကား အောက်ပိုင်းကို ကြည့်နေတယ်။ ဘယ်သူများ လင်းအားကြီး တစ်နာရီ အချိန်မှာ လမ်းလျှောက်ထွက်တာလဲ။ ဒါကြောင့် သူ့ကို ဆီးရီးအက်စ်ကြယ်ထ မီးနဂါးဖြတ်နည်း သင်ပေးမှာကို အတားအဆီး ဖြစ်သွားစေတယ်။

အဲဒါ ရွန်။ သူက ခရမ်းညိုရောင် ဝဲဂယက်အတွန့်ပုံ ပန်းရိုက် ညဝတ် အင်္ကျီ ဝတ်ထားတယ်။ အများနားနေခန်းထဲ ဝင်လာတယ်။ ဟယ်ရီ့ရှေ့မှာ ဆတ်ခနဲ ခြေလှမ်းတုံ့သွားပြီး ဟိုဒီကြည့်နေတယ်။

"မင်း ခုနက ဘယ်သူနဲ့ စကားပြောနေလဲ" သူကပြောတယ်။

"မင်းနဲ့ ဘာဆိုင်လဲ" ဟယ်ရီက ဟောက်တယ်။ "ညကြီးသန်းခေါင် ဒီလာ ဘာလုပ်တာလဲ"

"ငါစိတ်ပူလို့ မင်းဘာများ — " ရွန်က စကားစကို ရပ်လိုက်တယ်။ ပခုံး တွန့်ပြတယ်။ "ဘာမှ မဟုတ်ဘူး။ ငါ ပြန်အိပ်တော့မယ်"

"မင်းက ခိုးချောင်းခိုးဝှက်နဲ့ နေရာတကာ လိုက်စုံစမ်းချင်တယ်ပေါ့ လေ" ဟယ်ရီက အော်ပြောတယ်။ စင်စစ် သူ့ဟာသူလဲ သိတယ်။ ရွန်က မိမိ မတော်တဆ အနှောင့်အယှက် ဖြစ်သွားတာ လုံးဝမသိဘူး။ ရွန် တမင်လုပ် တာ မဟုတ်ဘူးဆိုတာ သူသိတယ်။ ဒါပေမယ့် သူ ဘာမှ ဂရုမစိုက်တော့ဘူး — ဒီအချိန်မှာ ရွန်နဲ့ပတ်သက်ရင် အားလုံး မုန်းစရာပဲလို့ သူထင်တယ်။ သူ့ ညဝတ်ဘောင်းဘီအောက်မှာ ပေါ်နေတဲ့ ခြေမျက်စိ လက်မအနည်းငယ် အထိ အဝင်။

"ဝမ်းနည်းပါတယ်" ရွန်က ပြောတယ်။ သူ့မျက်နှာဟာ ဒေါသကြောင့် နီရဲနေတယ်။ "မင်း အနှောင့်အယှက်ဖြစ်တာ မကြိုက်ဘူးဆိုတာ ငါသိသင့် တယ်။ ကောင်းပြီ၊ ငါဖယ်ပေးမယ်။ မင်း ဆက်ပြီး နောက်တစ်ကြိမ် ဖျော်ဖို့ အေးအေးဆေးဆေး စီစဉ်ပေတော့"




ဟယ်ရီဟာ စားပွဲပေါ်က 'ဟယ်ရီချေးစော်နံတယ်' ရင်ထိုးတံဆိပ်ကို ကောက်ယူပြီး အခန်းဟိုဘက်ကို တအား ပစ်ပေါက်လိုက်တယ်။ ရင်ထိုးဟာ ရွန့်နဖူးကိုထိပြီး လွင့်သွားတယ်။

"ရော့" ဟယ်ရီက ပြောတယ်။ "မင်း အင်္ဂါနေ့ ရင်ဘတ်မှာ ထိုးထား မင်းကံကောင်းရင် မင်းမှာလဲ အမာရွတ်တစ်ခု ရမယ်. . . . အဲဒါ မင်းလိုချင် တာပဲ၊ မဟုတ်လား"

သူဟာ အခန်းကို ခြေလှမ်းကျဲကျဲနဲ့ ဖြတ်လျှောက်ပြီး လှေကားဆီ သွားတယ်။ ရွန်လာပြီး ဆွဲစေချင်သလိုပဲ။ ရွန်က သူ့ကို နာနာထိုးစေချင်တယ်။ ဒါပေမယ့် ရွန်ဟာ နည်းနည်းသေးတဲ့ ညဝတ်အင်္ကျီကိုဝတ်ပြီး နေရာတွင် ငိုင်ရပ် နေတယ်။ ဟယ်ရီက ဒေါသနဲ့ အပေါ်ထပ် ပြေးတက်လာတယ်။ ခုတင်ပေါ်မှာ မျက်လုံးကြီး ဖွင့်ထားတယ်။ ဒေါပွပွနဲ့ အကြာကြီး လဲ့နေတယ်။ ရွန်တက်လာ အိပ်တာ မကြားရဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ ပထမကဏ္ဍ

တနင်္ဂနွေ နံနက်၊ ဟယ်ရီနိုးလာပြီး စိတ်မပါဘဲ အင်္ကျီဝတ်တယ်။ တော်တော်ကြာမှာ ဦးထုပ်ကို ခြေစွပ်လုပ်ပြီး ခြေထောက်မှာ စွပ်နေတာ သိလိုက်တယ်။ သူဟာ နောက်ဆုံးမှာ အဝတ်အစား အားလုံးကို သင့်တော်တဲ့ နေရာမှာ ဝတ်ပြီးပြီ။ ဒါနဲ့ ဟာမီးကို ကမန်းကတန်း ထွက်ရှာတယ်။ နောက်ဆုံး ဂရစ်ဖင်းဒေါ်စားပွဲမှာ သူမကို တွေ့ရတယ်။ ဟာမီးက ဂျင်နီနဲ့အတူ နံနက်စာ စားနေတယ်။ ဟယ်ရီက ဗိုက်ထဲ နေမကောင်းလို့ မစားနိုင်ဘူး။ ဘေးမှာ စောင့်နေတယ်။ ဟာမီး နောက်ဆုံး ဆန်ပြုတ်တစ်ဇွန်းကို မျိုချလိုက်တာနဲ့ သူက သူမကိုဆွဲပြီး အပြင်က ကွင်းထဲ လာခဲ့တယ်။ သူတို့ဟာ ကန်ဘေးမှာ အကြာကြီးလျှောက်တယ်။ သူက မီးနဂါးအကြောင်းနဲ့ ဆီးရီးအက်စ်ကြွယ်ပြောတဲ့ စကားကို တစ်ခါတည်း ဟာမီးကို ပြောပြလိုက်တယ်။

ဟာမီးဟာ ဆီးရီးအက်စ်ကြွယ်က ခါခါရော့ဖ်ကို သတိထားဖို့ ပြောတာ ကြားတော့ အတော်ပဲ တုန်လှုပ်သွားတယ်။ ဒါပေမယ့် လက်ရှိအရေးကြီးဆုံးက မီးနဂါးကို ရင်ဆိုင်ဖို့ပဲလို့ သူမက ထင်တယ်။



"ငါတို့ နင် အင်္ဂါနေ့ညထိ အသက်ရှင်ဖို့ အာမခံရမယ်" သူမက အလွန်ပူပင်စွာ ပြောတယ်။ "ပြီးတော့မှ ခါခါရော့ဖ်ကိစ္စ စဉ်းစားရမှာ"

သူတို့ဟာ ကန်ဘေးကို သုံးပတ် ပတ်တယ်။ မီးနဂါးကို နိုင်မယ့် ဂါထာရိုးရိုးတစ်ခုကို ပင်ပင်ပန်းပန်း နှိုက်နှိုက်ချွတ်ချွတ် တွေးတယ်။ နောက်ဆုံး ဘာမှမရဘူး။ ဒါနဲ့ သူတို့ စာကြည့်တိုက်ထဲ ပြန်လာခဲ့တယ်။ အဲဒီမှာ ဟယ်ရီက သူရှာတွေ့တဲ့ နဂါးနဲ့ပတ်သက်တဲ့ စာအုပ်မှန်သမျှ ဆွဲထုတ်လိုက်တယ်။ နှစ်ယောက်သား စာအုပ်ပုံကြီးထဲမှ ရှာဖွေနေကြတယ်။

"မှော်ပညာနဲ့ လက်သည်းကို ညှပ်ပေး. . . . အကြေးခွံပုပ်တာကို ကုတဲ့နည်း. . . . အသုံးမကျဘူး။ ဒါက ဟက်ဂရစ်လို မီးနဂါးကို ကျန်းမာတောင့်တင်းစေချင်တဲ့ လူတွေ ဖတ်ဖို့. . . ."

" 'နဂါးဆိုတာ သိပ်သတ်ရ ခက်ခဲတယ်။ အကြောင်းက ၎င်းတို့အရေထူထူထဲမှာ ရှေးမှော်ပညာတွေ ဝင်နေလို့။ အင်အားအကြီးဆုံး မှော်ကျိန်စာကသာ ဖောက်ထွင်းနိုင်မယ်. . . .' ဒါပေမယ့် ဆီးရီးအက်စ်ကြွယ်က ပြောတယ်။ လွယ်လွယ်ဂါထာ တစ်ခုနဲ့ ပြဿနာပြေလည်တယ်တဲ့. . . ."

"ငါတို့ လွယ်တဲ့ဂါထာ စာအုပ်တချို့ ကြည့်ကြည့်ရအောင်" ဟယ်ရီက ပြောပြီး 'နဂါးကို သိပ်ချစ်သူ' စာအုပ်ကို ဘေးချထားလိုက်တယ်။

သူက ဂါထာစာအုပ်တစ်ထပ်ကို မွေ့လာပြီး စားပွဲမှာ ချလိုက်တယ်။ တစ်အုပ်ပြီးတစ်အုပ် လှန်ဖတ်နေတယ်။ ဟာမီးက သူ့ဘေးမှာ မနားတမ်း တဖွဖွပြောနေတယ်။

"ဟုတ်ပြီ၊ လဲလှယ်ဂါထာရှိသေးတယ်. . . . ဒါပေမယ့် လဲလှယ်တာ ဘာအသုံးကျလဲ။ ၎င်းရဲ့ အစွယ်ကြီးကို အရက်သကြားလုံးပျော့ ဖြစ်သွားရင်တော့ ၎င်း သိပ်အန္တရာယ် မကြီးဘူးပေါ့. . . . ပြဿနာက ဟိုစာအုပ်ထဲမှာ ပါသလို နဂါးအရေကို ထွင်းဖောက်နိုင်တာ သိပ်မရှိဘူး. . . . ၎င်းကို ရုပ်ပြောင်းနိုင်ရင် ပြောင်းမှာပဲ။ ဒါပေမယ့် အဲဒီလောက်ကြီးတဲ့ ဧရာမ သတ္တဝါကြီး ရုပ်ပြောင်းဖို့လုပ်ရင် နင်အောင်မြင်မှာ မဟုတ်ဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါ်တောင်. . . . နင် မိမိကိုယ်မိမိ ဂါထာချပြီး မိမိအင်အား တိုးအောင်လုပ်ရင်တော့ကော? ဒါပေမယ့် ၎င်းတို့ဟာလဲ လွယ်တဲ့ ဂါထာ မဟုတ်ဘူးလေ။ ငါဆိုလို ဘာက ငါတို့ကျောင်းမှာ မသင်ရဘူးလေ။ ငါက O.W.Ls အဆင့်စာမေးပွဲ ခလေ့ကျင့်ခန်းလုပ်တော့မှ ၎င်းကို နားလည်တာ. . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟာမီး" ဟယ်ရီ အံကြိတ်ပြီး ပြောတယ်။ "ကျေးဇူးပြုပြီး နင် နည်းနည်းငြိမ်နေလို့ မရဘူးလား။ ငါ အာရုံစုစည်းဖို့လိုတယ်"

ဟာမီး စကားမပြောတော့ဘူး။ ဒါပေမယ့် ဟယ်ရီ့ခေါင်းထဲမှာ လိုက်သံတအုန်းအုန်း မြည်နေတယ်။ သူ အာရုံစုစည်းဖို့ ကွက်လပ်မပေးဘူး။ သူဟာ ရှေ့မှာချထားတဲ့ 'အငြိမ်မနေတဲ့၊ စိတ်မရှည်တဲ့ တိရစ္ဆာန်ကို ချုပ်ထိန်းတဲ့ အခြေခံ မှော်ဂါထာ' စာအုပ်အညွှန်းကို မျှော်လင့်ချက်ကင်းမဲ့စွာ ကြည့်နေတယ်။ ဦးရေကိုချွတ်. . . . ဒါပေမယ့် နဂါးမှာ ဆံပင်မရှိဘူး. . . . ငရုတ်ကောင်းမှုန့်ကိုရှူ. . . . ဒါက နဂါးရဲ့မီးအား ပိုကောင်းလာမှာ. . . . လျှာကို မာစေ. . . . အဲဒါ ဇင်းလိုအပ်တာ။ မီးနဂါးကို လက်နက်တစ်ခု ထပ်ပေးတ .
. . . .

"အိုး၊ ခက်ပြီ၊ သူပြန်လာပြန်ပြီ။ သူဘာဖြစ်လို့ သူ့ သဘော်ထိုင်းအ,အကြီးပေါ်မှာ စာမဖတ်နိုင်တာလဲ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ် — ဗစ်ခတာ-ခရွန်းမ်ဟာ သုန်သုန်မှုန်မှုန်နဲ့ ဝင်လာတယ်။ သူတို့နှစ်ယောက်ကို ကြည့်လိုက်တယ်။ ဒီနောက်မှာ စာအုပ်တစ်ထပ်ကိုယူပြီး အဝေးကတစ်ထောင့်မှာ ထိုင်လိုက်တယ်။ "သွားစို့ ဟယ်ရီ။ ငါတို့ အများနားနေခန်း ပြန်ကြရအောင် . . . . သူ့ပရိသတ် ကလပ်ကလူတွေ ချက်ချင်း ရောက်လာမှာ။ တကျီကျီတကျာကျာနဲ့ စိတ်ရှုပ်စရာပဲ. . . ."

ပြောတဲ့အတိုင်းပဲ၊ သူတို့ စာကြည့်တိုက်ကအထွက်၊ ကျောင်းသူတစ်အုပ် ခြေဖျားထောက်ပြီး သူတို့ဘေးက ဖြတ်သွားတယ်။ တစ်ယောက်ခါးမှာ ဘူဂေးရီးယားလည်စည်း ပတ်ထားတယ်။

ဟယ်ရီ အဲဒီနေ့ညမှာ အိပ်မပျော်သလောက်ပဲ။ တနင်္လာနေ့နံနက် သူနိုးလာတော့ ဟော့ဂ်ဝပ်က ထွက်ပြေးဖို့ သူ့ဘဝမှာ ပထမဦးဆုံးအကြိမ် သေချာစဉ်းစားတယ်။ ဒါပေမယ့် နံနက်စောစောစားတော့ ခန်းမထဲမှာ ဘေးပတ်လည်ကို ကြည့်လိုက်တယ်။ ဒီရဲတိုက်ကို ခွဲခွာတာဟာ ဘယ်လိုအဓိပ္ပာယ်ရတယ်ဆိုတာ သတိရပြီး၊ သူဒီလိုလုပ်လို့ မဖြစ်ဘူးဆိုတာ သိလာတယ်။ ဒီနေရာမှာမှ သူ ပျော်ရွှင်ခြင်းကို ခံစားရတယ်. . . . ဟုတ်ပြီ။ သူ့မိဘနဲ့ အတူတူ နေတုန်းက သူပျော်မှာပဲလို့ သူ ခန့်မှန်းတယ်။ ဒါပေမယ့် ထိုစဉ်က အခြေအနေတို သူ မမှတ်မိတော့ဘူး။



ဘာကြောင့်မှန်း မသိဘူး။ မိမိ ဒီမှာနေပြီး မီးနဂါးနဲ့ ရင်ဆိုင်မယ်၊ ရေဖယောင်းပင်လမ်းကို ပြန်ပြီး ဒါစလီမိသားစုနဲ့ မနေချင်ဘူးလို့ တွေးမိတော့ သူနေသာလာတယ်။ စိတ်လဲ တည်ငြိမ်သွားတယ်။ သူဟာ မီးမြိုက်အသားဆားနယ်ကို ခက်ခဲစွာ မျိုချတယ်။ (သူ့လည်ချောင်း နည်းနည်းပြဿနာ ပေါ်နေသလိုပဲ)။ ဒီနောက် ဟာမီးနဲ့အတူ မတ်တတ်ရပ်လိုက်တယ်။ အဲဒီအချိန်မှာ စက်ဒရစ်-ဒစ်ဂိုရီ ဟာ့ဖ်ဖတ်စားပွဲက ထွက်ခွာဖို့ လုပ်နေတာ သူတွေ့ရတယ်။

စက်ဒရစ်ဟာ မီးနဂါးအကြောင်း ဘာမှမသိသေးဘူး. . . . သူဟာ သူ့ရဲကောင်းထဲက တစ်ဦးတည်းသော မသိသေးသူ ဖြစ်တယ်။ တကယ်လို့ ဟယ်ရီတွေးတာ မမှားဘူးဆိုရင် မဒမ်မက်ဆင်းမ်နဲ့ ခါခါရော့ဖ်တို့ဟာ ဖလောအာနဲ့ ခရွန်းမ်တို့ကို အဖြစ်မှန်ကို ပြောပြပြီးနှင့်ပြီ. . . .

"ဟာမီး၊ ငါအန္တေးခန်းကို လာခဲ့မယ်" ဟယ်ရီက စက်ဒရစ် ခန်းမက ထွက်တာကြည့်ပြီး လျှပ်တစ်ပြက်အတွင်း ဆုံးဖြတ်ချက် ချလိုက်တယ်။ သူက ပြောတယ်။ "သွားတော့၊ ငါခဏနေရင် လိုက်လာခဲ့မယ်"

"ဟယ်ရီ၊ နင် ကျောင်းနောက်ကျလိမ့်မယ်။ ကျောင်းတက်ခေါင်းလောင်း ထိုးတော့မှာ —"

"ငါ နင့်ကို မီမှာပါ၊ ကောင်းလား"

ဟယ်ရီ မာဘော်လှေကားအောက် ရောက်တော့ စက်ဒရစ်ဟာ ဆဋ္ဌမတန်း ကျောင်းသားတစ်အုပ်ကြီးနဲ့ လှေကားထိပ်ရောက်နေပြီ။ ဟယ်ရီဟာ အဲဒီလူတွေရှေ့မှာ စက်ဒရစ်နဲ့ စကားမပြောချင်ဘူး။ သူ သူတို့နားရောက်တိုင်း သူတို့ဟာ ရီထာ-စကီထာ ဆောင်းပါးထဲက စကားနဲ့ သူ့ကို ကဲ့ရဲ့တယ်။ ဒီလူတွေလဲ ပါတယ်။ သူဟာ စက်ဒရစ်ကို အဝေးကြီးက လိုက်နေတယ်။ သူ မှော်ဂါထာကျောင်းခန်း စင်္ကြံဆီ လျှောက်သွားတာ တွေ့ရတယ်။ ဒါကြောင့် ဟယ်ရီ အကြံရသွားတယ်။ သူဟာ အဝေးကြီးမှာ ရပ်နေပြီး မှော်ကြိမ်လုံးကို ထုတ်လိုက်တယ်။ သေချာ ချိန်တယ်။

"အကွဲကွဲ အပြဲပြဲဖြစ်"

စက်ဒရစ်လွယ်အိတ် ကွဲသွားတယ်။ သိုးရေစက္ကူ၊ ငှက်မွေးကလောင်နဲ့ စာအုပ်တွေ ထွက်ကျလာတယ်။ ကြမ်းပေါ်မှာ ပြန့်နေတယ်။ မင်ရည်ဘူးတချို့ ကွဲကြေကုန်တယ်။

"မကောက်နဲ့တော့" စက်ဒရစ်ရဲ့ သူငယ်ချင်းတွေ ကုန်းကောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ သူက စိတ်ပူစွာ ပြောတယ်။ "ဖလစ်ဝစ်ကို ပြောလိုက်။ ငါ ချက်ချင်းလာခဲ့မယ်။ မင်းတို့သွားကြ. . . ."

ဒါက ဟယ်ရီ့အဖို့ အခွင့်ကောင်း။ သူက မှော်ကြိမ်လုံးကို ဝတ်ရုံရှည်ထဲ ထည့်လိုက်တယ်။ စက်ဒရစ်ရဲ့ သူငယ်ချင်းတွေ ကျောင်းခန်းထဲ ဝင်သွားတော့မှ အမြန် ရှေ့တက်သွားတယ်။ အခု စင်္ကြံထဲမှာ သူနဲ့စက်ဒရစ် နှစ်ယောက်ပဲ ရှိတော့မယ်။

"မင်္ဂလာပါ" စက်ဒရစ်က ပြောရင်း မင်ရည်စွန်းသွားတဲ့ 'အဆင့်မြင့် ရုပ်ပြောင်းအတတ် လမ်းညွှန်'ကို ကောက်ယူတယ်။ " ငါ့လွယ်အိတ် ခုနက ကွဲသွားတယ်. . . . လွယ်အိတ်အသစ်ကြီး. . . ."

"စက်ဒရစ်" ဟယ်ရီက ပြောတယ်။ "ပထမကဏ္ဍက မီးနဂါး"

"ဘာ?" စက်ဒရစ်ဟာ ခေါင်းမော့ပြီးပြောတယ်။

"မီးနဂါး" ဟယ်ရီက အလျင်အမြန် ပြောနေတယ်။ ပါမောက္ခဖလစ်ဝစ် အပြင်ထွက်လာပြီး စက်ဒရစ် ဘယ်ရောက်သွားတယ်ဆိုတာ ကြည့်မှာစိုးရိမ်တယ်။ "အားလုံး လေးကောင်၊ ငါတို့ တစ်ယောက်ကို တစ်ကောင်စီ။ ငါတို့ ၎င်းတို့ဘေးကို ဖြတ်သွားရမယ်"

စက်ဒရစ်ဟာ သူ့ကို ကြောင်ကြည့်နေတယ်။ စနေနေ့ကတည်းက သူ ခံစားရတဲ့ ချောက်ချားမှုဟာ အခု စက်ဒရစ်ရဲ့ မီးခိုးရောင်မျက်လုံးထဲမှာ လက်နေတယ်။

"မင်း သေချာပြောနိုင်လား" စက်ဒရစ်က အသံနိမ့်ပြောတယ်။

"လုံးဝသေချာတယ်" ဟယ်ရီက ပြောတယ်။ "ငါကိုယ်တိုင် တွေ့ပြီးပြီ"

"မင်း ဘယ်လိုတွေ့တာလဲ။ ငါတို့ မသိသင့်ဘူး. . . ."

"မင်း ဒါမမေးနဲ့" ဟယ်ရီက အမြန်ပြောတယ်။ — သူ အဖြစ်မှန် ပြောပြရင် ဟက်ဂရစ် ဒုက္ခရောက်မှာ သူသိတယ်။ "သိတာ ငါတစ်ယောက်ထဲ မဟုတ်ဘူး။ ဖလောအာနဲ့ ခရွန်းမ်လဲ အခု သိကြပြီ — မဒမ်မက်ဆင်းမ်၊ ခါ ခါရော့ဖ်တို့ မီးနဂါးကို တွေ့ပြီးပြီ"

စက်ဒရစ် ကိုယ်ကိုမတ်လိုက်တယ်။ မင်စွန်းနေတဲ့ ငှက်မွေးကလောင် သိုးရေစက္ကူနဲ့ စာအုပ်တွေကို ပိုက်ထားတယ်။ ပြဲသွားတဲ့ လွယ်အိတ်ဟာ ပခုံးတစ်ဖက်ပေါ်မှာ တွဲလောင်းကျနေတယ်။ သူက ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ သူ့မျက်လုံးထဲမှာ နားမလည်တဲ့၊ သံသယတောင်ဖြစ်တယ်လို့ ပြောရမယ့် အရိပ်



အယောင် ပေါ်နေတယ်။

"မင်း ဘာဖြစ်လို့ ငါ့ကိုပြောပြတာလဲ"

ဟယ်ရီဟာ မယုံနိုင်ဘဲ သူ့ကို ကြည့်နေတယ်။ စက်ဒရစ်သာ ဟို မီးနဂါးတွေကို ကိုယ်တိုင်မြင်ရရင် ဒီမေးခွန်းမေးမှာ မဟုတ်ဘူးလို့ ဟယ်ရီပြောခဲ့တယ်။ ဟယ်ရီဟာ မိမိရဲ့ အင်အားအကောင်းဆုံး ပြိုင်ဘက်ကို ဘာမှပြင်ဆင်မှုမရှိဘဲ ဟို ဧရာမအကောင်ကြီးတွေနဲ့ ရင်မဆိုင်စေချင်ဘူး — မော်ဖိုင် ဒါမှ မဟုတ် စနိတ်ပ်ဆိုရင်တော့လဲ. . . .

"ဒါမှ. . . . တရားမျှတမှာပေါ့၊ ဟုတ်လား" သူက စက်ဒရစ်ကို ပြောတယ်။ "ငါတို့ အခု အားလုံးသိသွားကြပြီ. . . . အားလုံး တူညီတဲ့ စပြေးမျဉ်းပေါ်မှာ ရှိကြပြီ။ ဟုတ်လား"

စက်ဒရစ်ဟာ နည်းနည်း သံသယဖြစ်တဲ့အကြည့်နဲ့ သူ့ကို ကြည့်နေတုန်းပဲ။ အဲ့ဒီအချိန်မှာ ဟယ်ရီဟာ ရင်းနှီးပြီးသား ဒေါက်ဒေါက်သံကို ကြားရတယ်။ လှည့်ကြည့်လိုက်တော့ အရှူးမျက်လုံးဟာ ဘေးက ကျောင်းခန်းတစ်ခုက ထွက်လာတာ မြင်ရတယ်။

"ပေါ်တာ၊ ကျုပ်နဲ့လိုက်ခဲ့" သူက အသံအ,အနဲ့ ပြောတယ်။ "ဒစ်ဂိုရီ မင်းသွားတော့"

ဟယ်ရီက မူးဒီကို ထိတ်လန့်စွာ ကြည့်နေတယ်။ သူတို့ ခုနက ပြောဆိုတာ သူကြားသွားပြီထင်တယ်။

"အင်း — ပါမောက္ခ၊ ကျွန်တော် မှော်ဆေးပင် ပညာအချိန် သွားဘက်တော့မယ် —"

"အဲဒါထားလိုက်၊ ပေါ်တာ၊ ကျေးဇူးပြုပြီး ကျုပ်ရုံးခန်းကို လာပါ. . . ."

ဟယ်ရီက သူ့နောက်ကလိုက်ပြီး ရှေ့သို့သွားတယ်။ စိတ်ထဲမှာ ယောက်ဂယက်နဲ့ ဆက်ပြီး ဘာဖြစ်မယ်မှန်းမသိ ဖြစ်နေတယ်။ မူးဒီက မီးနဂါးတို့ ဘယ်လိုတွေ့လဲလို့ အတင်းမေးရင် သူ ဘယ်လိုလုပ်ရမလဲ။ မူးဒီက ဒမ်ဘာလီဒိုးဆီသွားပြီး ဟက်ဂရစ်ကို တိုင်မလား။ ဒါမှမဟုတ် ဟယ်ရီ့ကို တစ်ခါတည်း မြွေပါဖြစ်အောင် လုပ်လိုက်မလား။ ဟုတ်ပြီ။ တကယ်လို့ သူသာ မြွေပါဆိုရင် မီးနဂါးအနားက ဖြတ်သွားဖို့ လွယ်သွားလိမ့်မယ်။ ဟယ်ရီဟာ ဟိုရောက် ဒီရောက် တွေးနေတယ်။ မြွေပါက အကောင်သေးတယ်။ ပေ-ငါးဆယ်အမြင့်ကနေ

www.burmeseclassic.com

www.burmeseclassic.com



မြင်ဒို့. . . .

သူက မူးဒီနောက်ကနေ ရုံးခန်းထဲ ဝင်ခဲ့တယ်။ နှစ်ယောက်စလုံး ဝင်ပြီးနောက် မူးဒီက တံခါးကို ပိတ်လိုက်တယ်။ လှည့်ပြီး ဟယ်ရီ့ကို ကြည့်နေတယ်။ ဟိုမှော်မျက်လုံးရော ပုံမှန်မျက်လုံးပါ ဟယ်ရီ့ကို ကြည့်နေတယ်။

"မင်း ခုနက သိပ် သဘောထားကြီးတဲ့ အလုပ် လုပ်လိုက်တယ် ပေါ်တာ" မူးဒီက အသာလေးပြောတယ်။

ဟယ်ရီက ဘယ်လိုဖြေရမှန်း မသိဘူး။ သူဟာ မူးဒီ ဒီလို ဆက်ဆံမယ်လို့ကို မထင်တာ။

"ထိုင်ပါ" မူးဒီက ပြောတယ်။ ဟယ်ရီ ထိုင်လိုက်တယ်။ ဘေးပတ်လည်ကို ကြည့်တယ်။

ရုံးခန်းရဲ့ယခင်က သခင်နှစ်ယောက်ရှိတုန်းက ဟယ်ရီ ဒီကိုလာခဲ့ဖူးတယ်။ ပါမောက္ခလော့ဟတ် ရှိတုန်းက နံရံမှာ ပါမောက္ခလော့ဟတ်ကိုယ်နှိုက်ရဲ့ ပြုံးစိစိ မျက်စပစ်ပြနေတဲ့ ဓာတ်ပုံတွေ ချိတ်ထားတာ ပြည့်နေတာပဲ။ လူပင် ဒီမှာရှိနေတုန်းက အလွန်ထူးဆန်းတဲ့၊ သစ်ဆန်းတဲ့ မှော်နက်ပညာသတ္တဝါတွေကို ခဏခဏ တွေ့ရတယ်။ အဲဒါတွေဟာ လူပင်က သူတို့ကို သင်ပြရာမှာ သုံးဖို့ ရှာဖွေလာတာ။ အခု ရုံးခန်းထဲမှာ ထူးဆန်းအံ့ဩဖွယ် ပစ္စည်းတွေတစ်ပုံကြီး ရှိနေတယ်။ အဲဒါတွေဟာ မူးဒီ အော်ရာလုပ်တုန်းက ပစ္စည်းတွေလို့ ဟယ်ရီက ခန့်မှန်းတယ်။

မူးဒီရဲ့ ရုံးစားပွဲပေါ်မှာ အက်နေတဲ့ ဖန်ဂျင်လိုဟာမျိုးကြီး ရှိတယ်။ ဟယ်ရီကြည့်လိုက်တာနဲ့ ဒါဟာ စောင့်ကြည့်မှန် ဆိုတာ သိတယ်။ အကြောင်းက သူ့မှာလဲ တစ်ခုရှိတယ်။ မူးဒီရဲ့ဥစ္စာထက် အများကြီးငယ်တာပဲ ကွာတယ်။ စားပွဲခုံကလေး တစ်လုံးရဲ့ ထောင့်မှာ ထူးဆန်းတဲ့ အရာတစ်ခု ရှိတယ်။ ပုံပန်းက ရွှေရောင်တီဗွီ ကောင်းကင်ကြိုးနဲ့ တူတယ်။ ဒါပေမယ့် တအား လိမ်တွန့်နေတယ်။ အုန်းအုန်းသံလေး အဆက်မပြတ် ပေါ်ထွက်နေတယ်။ ဟယ်ရီရဲ့ မျက်နှာချင်းဆိုင် နံရံပေါ်မှာ မှန်နဲ့တူတဲ့ အရာတစ်ခု ချိတ်ထားတယ်။ ဒါပေမယ့် အထဲမှာပေါ်နေတာ အခန်းထဲက အရာတွေမဟုတ်ဘဲ လူရိပ်မည်းမည်းတွေ လှုပ်နေတယ်။ အားလုံး ဝေဝါးပြီး မသဲကွဲဘူး။

"မင်း ကျုပ်မှော်နက်ပညာ ရှာဖွေတဲ့ ကိရိယာကို ကြိုက်တယ်၊ ဟုတ်လား" မူးဒီက မေးတယ်။ သူက ဟယ်ရီ့ကို သေချာ အကဲခတ်နေတယ်။



"အဲဒါ ဘာလဲ" ဟယ်ရီက တွန့်လိမ်နေတဲ့ရွှေရောင် ကောင်းကင်ကြိုးကို ညွှန်ပြပြီးမေးတယ်။

"လျှို့ဝှက်ချက် ထောက်လှမ်းကိရိယာ။ တိတ်တိတ်ကြံစည်တာနဲ့ လိမ်ပြောတာတွေ့ရင် တုန်ခါတယ်. . . . ဒီမှာတော့ ဘယ်အသုံးကျမလဲ။ အနှောင့်အယှက် သိပ်များတယ် — ကျောင်းသားတွေဟာ နေရာတကာမှာ အိမ်စာမလုပ်တဲ့အတွက် အမျိုးမျိုး လိမ်ပြောနေတာ။ ကျုပ် ဒီရောက်ကတဲက ၎င်းက တအုန်းအုန်း မြည်နေတယ်။ ကျုပ်က ကျုပ် စောင့်ကြည့်မှန်ကို ဖျက်ပစ်ရတယ်။ ၎င်းက မနားတမ်း အချက်ပြသံ စူးစူးဝါးဝါး ထွက်နေလို့။ ၎င်း သိပ်လျှင်တယ်။ ဘစ်မိုင်ပတ်လည်အတွင်း လှုပ်ရှားတာအားလုံး စုဆောင်းနိုင်တယ်။ ၎င်း စုဆောင်းတာကလေးတွေ လုပ်တာတွင် မကဘူးပေါ့" သူက အသံဩဩနဲ့ ပြောတယ်။

"အဲဒီမှန်က ဘာလုပ်တာလဲ"

"အိုး၊ အဲဒါ ကျုပ် နတ်မှန်။ အဲဒီထဲက သရဲလိုလူရိပ်တွေ မြင်လား၊ ကျုပ် ၎င်းတို့ရဲ့ မျက်ဖြူကို မြင်ရရင် ပြဿနာရှုပ်ပြီ။ အဲဒီ အချိန်ကျရင် ကျုပ်က ကျုပ်သေတ္တာကို ဖွင့်ရမယ်"

သူက အသံအက်အက်နဲ့ တစ်ချက်ရယ်လိုက်တယ်။ ပြတင်းအောက်က သေတ္တာကြီးကို လက်ညှိုးထိုးပြတယ်။ အဲဒီသေတ္တာထဲမှာ တန်းနေတဲ့ သော့ပေါက်ခုနစ်ခု ရှိတယ်။ သေတ္တာထဲမှာ ဘာရှိမလဲဆိုတာ ဟယ်ရီ ခန့်မှန်းနေတယ်။ ရုတ်တရက် မူးဒီရဲ့ နောက်ထပ် မေးခွန်းတစ်ခုက သူ့ကို လက်ရှိဘဝထဲ ပြန်ဆွဲခေါ်လိုက်တယ်။

"ဒါဆိုရင်. . . . မင်း မီးနဂါးအကြောင်း တွေ့ရှိသွားပြီပေါ့၊ ဟုတ်သား"

ဟယ်ရီ တုံ့ဆိုင်းနေတယ်။ သူ ဒါကိုပဲ စိတ်ပူနေတာ — ဟက်ဂရစ် စည်းကမ်းချိုးဖောက်တဲ့ ကိစ္စ။ သူ စက်ဒရစ်ကို ပြောမပြဘူး။ မူးဒီကိုလဲ ဘယ်ပြောပြမလဲ။

"ကိစ္စမရှိဘူး" မူးဒီကပြောပြီး ထိုင်လိုက်တယ်။ ညည်းညူရင်းဟိုသစ်သားခြေထောက်ကို ဆန့်လိုက်တယ်။ "မရိုးသားတာဟာ ဗိုလ်သုံးဗိုလ်ယှဉ်ပြိုင်ပွဲရဲ့ အစဉ်အလာ အစိတ်အပိုင်း ဖြစ်တယ်"

"ကျွန်တော် မရိုးမသား မလုပ်ဘူး" ဟယ်ရီက ရှင်းလင်းစွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ "ကျွန်တော် — ကျွန်တော်က ရှောင်တခင် တွေ့ရတာ"

မူးဒီက ရယ်တယ်။ "ကျုပ် မင်းကို အပြစ်ပြောတာ မဟုတ်ဘူး ကလေး၊ ကျုပ် စစချင်းကတဲက ဒမ်ဘာလီဒိုးကို ပြောခဲ့တယ်။ သူ သိက္ခာရှိရှိ နေနိုင်တယ်။ ဒါပေမယ့် ခါခါရော့ဖ်နဲ့ မက်ဆင်းမ်ဟာ ဒီလိုလုပ်မှာ မဟုတ်ဘူး။ သူတို့ဟာ အတတ်နိုင်ဆုံး သူတို့သူရဲကောင်းကို ပြောပြမှာ။ သူတို့နိုင်ချင်တယ်။ သူတို့က ဒမ်ဘာလီဒိုးကို ရှုံးစေချင်တယ်။ သူတို့က သူ့ကို လူရိုးရိုးပဲဆိုတာ သတိ သေပြချင်တယ်"

မူးဒီက အသံအက်အက်နဲ့ ရယ်လိုက်ပြန်တယ်။ အဲဟို မျော်မျက်လုံး ဟာ မွှတ်နေအောင် လည်သွားတယ်။ ဟယ်ရီမြင်ရပြီး အန်ချင်လာတယ်။

"ဒါဆို. . . . မင်း နဂါးကို ဘယ်လိုဖြတ်ကျော်မလဲဆိုတာ စဉ်းစား သေးလား" မူးဒီက မေးတယ်။

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။

"အိုး၊ ကျုပ်ကတော့ ပြောမပြဘူး" မူးဒီက မာတောင့်တောင့် ပြော တယ်။ "ကျုပ် မျက်နှာလိုက်လို့ မဖြစ်ဘူး မဟုတ်လား။ ကျုပ်က မင်းကို စေတနာ နဲ့ ယေဘုယျပဲ မှာကြားမှာ။ ပထမအချက်က — မိမိအားသာချက်ကို လုပ်"

"ကျွန်တော့်မှာ အားသာချက် မရှိဘူး" ဟယ်ရီ လွတ်ထွက်သွားတယ်။ ပြန်ကောက်ချင်လို့လဲ မရတော့ဘူး။

"ဝမ်းနည်းပါတယ်။ ကျုပ် သဘောမတူဘူး" မူးဒီက အသံသြသြနဲ့ပြော တယ်။ "မင်းမှာ အားသာချက် ရှိတယ်လို့ ကျုပ်က ပြောရင်၊ မင်းမှာ အား သာချက်ရှိတယ်။ ကောင်းကောင်းတွေးကြည့်။ မင်း ဘာအတော်ဆုံးလဲ"

ဟယ်ရီက အာရုံကို တအားစုစည်းပြီး သူ ဘာမှာ အတော်ဆုံးလဲ တွေးတယ်။ အိုး၊ အဲဒါ လွယ်လွယ်နဲ့ သိနိုင်တာပဲ —

"ခွေဒစ်" သူက ခြောက်ကပ်ကပ် ပြောတယ်။ "အဲဒါ လူအများကြီးရဲ့ ကူညီမှုနဲ့ —"

"ဒါဆို မှန်ပြီ" မူးဒီက ပြောတယ်။ ဟယ်ရီကို စိုက်ကြည့်နေတယ်။ ဟိုမျော်မျက်လုံးဟာ လှုပ်တောင် မလှုပ်သလောက်ပဲ။ "ကျုပ် သိရသလောက် မင်းဟာ အလွန် ထူးချွန်တဲ့ လူပျံပဲ"

"ဟုတ်တယ်၊ ဒါပေမယ့်. . . . "ဟယ်ရီက သူ့ကို ကြည့်ပြီးပြောတယ်။ "ကျွန်တော် တံမြက်စည်းသုံးလို့ မရဘူး။ ကျွန်တော် မှော်ကြိမ်လုံးပဲ ယူရမှာ —"



"မင်းကို ပြောရမယ့် ဒုတိယအချက် ယေဘုယျ အမှာစကားကတော့" မူးဒီက သူ့ကို ဖြတ်ပြီး အကျယ်ကြီး ပြောတယ်။ " မင်းလိုချင်တာရအောင် လွယ်လွယ်နဲ့ အကျိုးရှိတဲ့ ဂါထာတစ်ပုဒ်ကိုရွတ်ဆို"

ဟယ်ရီက သူ့ကို ကြောင်ကြည့်နေတယ်။ သူ ဘာများ လိုအပ်မလဲ။

"ကောင်းကောင်း တွေးကြည့်၊ ကလေး. . . . " မူးဒီက တိုးတိုးပြော တယ်။ "၎င်းတို့ကို ဆက်စပ်ကြည့်. . . . ဒီလောက် မခက်ပါဘူး. . . . "

ရုတ်တရက် ဟယ်ရီ့ခေါင်းထဲ အလင်းရောင် လက်သွားတယ်။ သူ ပျံသန်းတာမှာ အတော်ဆုံး။ သူ နဂါးကြီးကို မိုးပေါ်က ဖြတ်ကျော်ရမယ်၊ ဒါဆို သူ မိမိရဲ့ မီးသတ္တိကို လိုအပ်တယ်။ မီးသတ္တိရဖို့ဆိုရင် သူလိုအပ်တာက —

"ဟာမီး" သုံးမိနစ်ကြာတော့ ဟယ်ရီဟာ အနွေးခန်းထဲကို အလှုင် အမြန် ပြေးဝင်သွားတယ်။ ပါမောက္ခစပရောက်စ်ဘေးက ဖြတ်သွားတော့ တောင်းပန်စကားတစ်ခွန်း အမြန်ပြောလိုက်တယ်။ ဒီနောက် အသံနှိမ့်ပြီး ဟာမီး ကို အမြန်ပြောလိုက်တယ်။ "ဟာမီး — ငါ နင့်အကူအညီ လိုတယ်"

"ငါ နင့်ကို အမြဲကူညီနေတာပဲ၊ ဟယ်ရီ" ဟာမီးက တိုးတိုးပြောတယ်။ သူမဟာ တောင်ပံခတ်ချုပုတ်ကို ညှိပေးနေတယ်။ တုန်လှုပ်နေတဲ့ ချုပုတ်ကို မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်။ မျက်လုံးထဲမှာ စိုးရိမ်တဲ့ အရိပ်အယောင် တွေနဲ့ ပြည့်နေတယ်။

"ဟာမီး ငါ မနက်ဖြန်ညနေ မတိုင်မီ ဆင့်ခေါ်ဂါထာရမှ ဖြစ်မယ်"

ဒီလိုနဲ့ သူတို့ လေ့ကျင့်ကြတယ်။ သူတို့ နေ့လယ် ထမင်းမစားဘဲ ကျောင်းခန်းအလွတ်တစ်ခု ရှာပြီး သွားလေ့ကျင့်ကြတယ်။ ဟယ်ရီဟာ သူ့ အာရုံကို စုစည်းပြီး အခန်းထဲက အရာမျိုးစုံ သူ့ဆီပျံလာစေတယ်။ သူ လုံးဝ တော့ မရသေးဘူး။ စာအုပ်တွေ၊ ငှက်မွေးကလောင်တွေဟာ ပျံလာတဲ့ လမ်း ခုလတ်မှာ ကျောက်ခဲလို ကြမ်းပေါ် ပြုတ်ကျကုန်တယ်။

"အာရုံစုစည်း၊ ဟယ်ရီ။ အာရုံ"

"အာရုံစုစည်းတာ မလုံလောက်သေးလို့လား" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "ဘာကြောင့်မှန်း မသိဘူး။ ငါ့ခေါင်းထဲမှာ မီးနဂါးအကြီးကြီးပဲ ပေါ်နေတယ်. . . . ကောင်းပြီ။ ထပ်စမ်းကြည့်ပါဦး. . . ."

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဗေဒင်အချိန်ကို လစ်လိုက်ချင်တယ်။ ဆက်လေ့ကျင့်ချင်တယ်၊ ဒါပေမယ့် ဟာမီးက ဂဏန်းဗေဒင်အချိန်ကို မစွန့်လွှတ်နိုင်ဘူး။ ပြီးတော့ သူမ မရှိရင် ဟယ်ရီ ဒီမှာဆက်နေတာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ ဒါကြောင့် သူဟာ အချိန်တစ်နာရီကျော် ကုန်ခံပြီး ပါမောက္ခထရီလောနီ ရေရွတ်တဲ့ ဒုက္ခကို သွားခံတယ်။ ပါမောက္ခထရီလောနီဟာ ကျောင်းတက်ချိန် တစ်ဝက်အကုန်ခံပြီး ထိုစဉ်က အင်္ဂါဂြိုဟ်နဲ့ စနေဂြိုဟ်ရဲ့ အပြန်အလှန် အနေအထားအရ ဇူလိုင်လမှာ မွေးဖွားတဲ့လူဟာ ရုတ်တရက် အသေဆိုးနဲ့ သေရမယ့် အန္တရာယ် ရှိတယ်ဆိုတာကို ကျောင်းသားအားလုံးအား ရှင်းပြတယ်။

"အင်း၊ ဒါဆို မဆိုးပါဘူး" ဟယ်ရီက အကျယ်ကြီးပြောတယ်။ သူဟာ ရင်ထဲက ဒေါသကို ချုပ်တည်းလို့မရတော့ဘူး။ "သိပ် အချိန်မကြာဖို့ပဲ မျှော်လင့်တယ်။ ကျွန်တော် အနှိပ်စက် မခံချင်ဘူး"

အဲဒီအချိန်လေးမှာ ရွန်က အော်ရယ်ချင်တယ်။ သူ့အကြည့်ဟာ ဟယ်ရီ့အကြည့်နဲ့ သွားဆုံတယ်။ ဒါဟာ ရက်ပေါင်းများစွာ ပထမအကြိမ်ပဲ။ ဒါပေမယ့် ဟယ်ရီက ရွန့်ကို စိတ်ဆိုးနေတုန်းပဲ။ သူ့ကို အရေးမလုပ်ဘူး။ ဒီစာသင်ချိန်ရဲ့ ကျန်အချိန်တွေမှာ ဟယ်ရီဟာ စားပွဲအောက်ကနေ မှော်ကြိမ်လုံးနဲ့ အရာဝတ္ထု သေးသေးလေးတွေ သူ့ဆီ ပျံလာအောင် ဆွဲခေါ်နေတယ်။ သူဟာ ယင်ကောင်တစ်ကောင်ကို သူ့လက်ဝါးထဲ ပျံဝင်လာအောင် လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် ဒါ သူ့ ဆင့်ခေါ်ဂါထာရဲ့ အစွမ်းလို့တော့ အကုန်ပြောမရဘူး။ အဲဒီယင်ကောင် မူးပြီး လာတိုးတာလဲ ဖြစ်မယ်။

ဗေဒင်အချိန် တက်ပြီးနောက် သူက မိမိကိုယ်မိမိ ထမင်းနည်းနည်းအတင်းစားခိုင်းတယ်။ ဟာမီးနဲ့အတူ ဟိုကျောင်းခန်းလွတ်ထဲ ပြန်လာခဲ့ကြတယ်။ ဆရာတွေမသိအောင် ကိုယ်ပျောက်ဝတ်ရုံလဲ ဝတ်လာသေးတယ်။ သူတို့ဟာ ညသန်းခေါင်ကျော်တဲ့အထိ လေ့ကျင့်ကြတယ်။ အစက သူတို့ ဒီထက်ကြာကြာ နေလို့ရသေးတယ်။ ဒါပေမယ့် သရဲဖီးဗ်စ် ရောက်လာတယ်။ သူက ဟယ်ရီဟာ အရာဝတ္ထုတွေကို သူ့ဆီ ပစ်ချင်တယ်ထင်တယ်နဲ့ တူတယ်။ ထိုင်ခုံကို မပြီး အခန်းထဲ လျှောက်ပေါက်နေတယ်။ ဟယ်ရီနဲ့ဟာမီးဟာ ဒီအသံဖစ်ချ်ကို မဆွဲဆောင်ခင်မှာပဲ ကျောင်းခန်းက ထွက်လာကြတယ်။ သူတို့ ဂရစ်ဖင်းဒေါ အများနားနေခန်း ပြန်လာခဲ့တယ်။ ကံကောင်းလို့ အဲဒီမှာ လူမရှိဘူး။

နံနက် နှစ်ချက်တီးတော့ ဟယ်ရီဟာ မီးလင်းဖိုဘေးမှာ ရပ်လိုက်တယ်။ ဘေးပတ်လည်မှာ စာအုပ်၊ ငှက်မွေးကလောင်၊ လဲနေတဲ့ ထိုင်ခုံတချို့၊ ဂေါ့ကျောက်ခဲဟောင်းတစ်စုံ၊ ပြီးတော့ နီဗီးရဲ့ ဖားပြုပ်ချွိတ၊ ခုတင်လေးမှာပဲ ဟယ်ရီဟာ ဆင့်ခေါ်ဂါထာကို တကယ်ရသွားတယ်။



"တိုးတက်လာပြီ၊ ဟယ်ရီ။ အတော့်ကို တိုးတက်လာပြီ" သူမဟာ အလွန်ပင်ပန်းနွမ်းနယ်နေပုံ ရတယ်။ ဒါပေမယ့် အလွန်ဝမ်းသာနေတယ်။

"အိုး၊ အခု နောက်တစ်ကြိမ် ငါ မှော်ဂါထာမရရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ငါတို့သိပြီ" ဟယ်ရီက ပြောရင်း မှော်ဘာသာ အဘိဓာန်ကို ဟာမီးဆီ ပြန်ပစ်ပေးလိုက်တယ်။ ဒီလိုဆိုတော့ သူ နောက်တစ်ကြိမ် စမ်းကြည့်လို့ ရတာပေါ့။ "ငါ့ကို မီးနဂါးတစ်ကောင်နဲ့ ခြိမ်းခြောက်၊ ဟုတ်ပြီ. . . ." သူက မှော်ကြိမ်လုံးကို မြှောက်လိုက်ပြန်တယ်။ "အဘိဓာန် ပျံခဲ့"

လေးပင်တဲ့ အဘိဓာန်ဟာ ဟာမီးလက်ထဲက ထခုန်ပြီး အခန်းဟိုဘက် ပျံသွားတယ်။ ဟယ်ရီက ဆီးဖမ်းထားလိုက်တယ်။

"ဟယ်ရီ၊ နင် တကယ်ရသွားပြီလို့ ငါထင်တယ်" ဟာမီးက ဝမ်းသာစွာ ပြောတယ်။

"မနက်ဖြန်လဲ အောင်မြင်ပါစေလို့ ဆုတောင်းတယ်" ဟယ်ရီက ပြောတယ်။ "မီးသတ္တဝါဟာ ဒီအရာတွေထက် ဝေးဝေးပြန်ရမှာ။ မနက်ဖြန်မှာ ၎င်းက ရဲတိုက်ထဲမှာ၊ ငါက ကွင်းထဲမှာ. . . ."

"ကိစ္စမရှိဘူး" ဟာမီးက သေချာပြောတယ်။ "နင် အာရုံသာ စုစည်း၊ ဒိတ်ကိုနှစ်ထား။ ၎င်းပြန်လာမှာပါ။ ဟယ်ရီ၊ ငါတို့ ခဏလောက် ပြန်အိပ်ဦးမှ. . . .နင် အနားယူဖို့ လိုတယ်"

အဲဒီနေ့ညမှာ ဟယ်ရီဟာ ဆင့်ခေါ်ဂါထာ လေ့လာတဲ့ထဲမှာ အာရုံနှစ်ထားတယ်။ သူ့ရင်ထဲက ချောက်ချားမှုဟာ ယာယီ သူ့ကို ခွဲခွာသွားတယ်။ သို့ပေမယ့် နောက်နေ့ နံနက်ရောက်တော့ အားလုံး ပြန်လာကြပြီ။ ကျောင်းလေထုဟာ စိတ်လှုပ်ရှားပြီး စိတ်တက်ကြွစေတယ်။ နေ့လယ်ရောက်တော့ ကျောင်းမတက်ရတော့ဘူး။ ကျောင်းသားအားလုံး နဂါးခြံ ခတ်ထားတဲ့ ကွင်းထဲ သွားခွင့်ပေးတယ် — သူတို့ကတော့ အဲဒီမှာ ဘာတွေ့မယ်ဆိုတာ ဘယ်သိမလဲ။

ဟယ်ရီဟာ မိမိကိုယ်မိမိ မဆိုင်တဲ့လူလို ခံစားရတယ်။ သူဖြတ်သွားစဉ် ဘေးကလူတွေက သူ့ကို ကံကောင်းဖို့ ဆုတောင်းတာပဲဖြစ်ဖြစ်၊ "မင်း

www.burmeseclassic.com



အတွက်ငိုဖို့ စက္ကူလက်ကိုင်ပဝါတွေ အများကြီး ဆောင်ထားတယ်၊ ပေါ်တာ" လို့ပဲ ဝိုင်းနှိုးကြတာပဲဖြစ်ဖြစ် သူနဲ့မဆိုင်ဘူးလို့ ခံစားရတယ်။ ဒီလို စိတ်တင်းကြပ်တဲ့ ခံစားချက်က ပြင်းထန်လွန်းလို့ မီးနဂါးကိုတွေ့ဖို့ ခေါ်သွားခံရတဲ့ လမ်းမှာ မချုပ်တည်းနိုင်ဘဲ မိမိတွေ့တဲ့ လူတိုင်းကို ကျိန်စာ ချပစ်မိလေမလားလို့ မိမိကိုယ်မိမိ သံသယဖြစ်မိတယ်။

အချိန်လည်ပတ်တာဟာ တစ်မူထူးခြားလာတယ်။ ဒုန်းစိုင်း ပြေးနေသလိုပဲ။ ရှေ့ တစ်စက္ကန့်မှာ သူကျောင်းခန်းထဲ ကျောင်းတက်နေတယ် — မော့်သမိုင်း။ မျက်စိတစ်မှိတ်အတွင်း ခန်းမထဲမှာ ထမင်းစားတယ် —– ဒီနောက် (မနက်ပိုင်းအချိန် ဘယ်ရောက်ကုန်လဲ။ မီးနဂါးနဲ့ မတိုက်သေးတဲ့ နောက်ဆုံး နာရီတချို့ ဘယ်ရောက်သွားလဲ)။ ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ ခန်းမထဲမှာ သူ့ဆီ အမြန်လျှောက်လာတယ်။ လူတွေက သူတို့ကို ကြည့်နေတယ်။

"ပေါ်တာ၊ အခု သူရဲကောင်းတွေ အောက်ဘက်ကွင်းထဲ သွားရမယ် . . . . မင်းတို့ ပထမကဏ္ဍ အောင်မြင်ဖို့ ပြင်ဆင်ထားရမယ်"

"ကောင်းပြီ" ဟယ်ရီက ပြောရင်း မတ်တတ်ရပ်လိုက်တယ်။ သူ့ခက်ရင်း ပန်းကန်ပြားထဲ ဂလင်းဆို ကျသွားတယ်။

"ကံကောင်းပါစေ၊ ပေါ်တာ" ဟာမီးက တိုးတိုးပြောတယ်။ "နင်အောင်မြင်မှာပါ"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ သူ့အသံဟာ သူ့အသံနဲ့ မတူတော့ဘူး။

သူနဲ့ ပါမောက္ခမက်ဂေါ်နာဂေါ်နဲ့အတူ ခန်းမက ထွက်လာတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်ကို ကြည့်ရတာလဲ စိတ်ရှုပ်နေသလိုပဲ။ စင်စစ်မှာ သူမဟာ ဟာမီးလိုပဲ စိတ်မတည်မငြိမ် ဖြစ်နေတယ်။ သူမဟာ ဟယ်ရီကိုခေါ်ပြီး ကျောက်လှေကားထစ်က ဆင်းပြီး အပြင်ဘက်ရောက်လာတယ်။ ဒီနေ့ဟာ နိုဝင်ဘာလရဲ့ အေးချမ်းတဲ့ မွန်းလွဲပိုင်းဖြစ်တယ်။ သူမဟာ လက်ကို သူ့ပခုံးပေါ် တင်ထားတယ်။

"ကောင်းပြီ၊ စိတ်မတင်းကြပ်နဲ့" သူမက ပြောတယ်။ "ခေါင်းအေးအေးထား. . . . မော့်ဆရာတချို့ကို အနားမှာ စီစဉ်ထားတယ်။ အခြေအနေ မဟန်ရင် သူတို့ ထိန်းပေးလိမ့်မယ်။ အရေးအကြီးဆုံးက မိမိအစွမ်းကို အပြည့်အဝ ထုတ်သုံးဖို့ပဲ။ ဘယ်သူကမှ မင်း သူများထက် ညံ့တယ်လို့ မထင်ဘူး. . . .



မင်း ဘာမှ မဖြစ်ပါဘူးနော်"

"မဖြစ်ဘူး" ဟယ်ရီက မိမိဒီလိုပြောတာ ကြားရတယ်။ "ဘာမှမဖြစ်ဘူး၊ ကျွန်တော် ကောင်းပါတယ်"

ပါမောက္ခမက်ဂေါ်နာဂေါ်ဟာ သူ့ကိုခေါ်ပြီး တားမြစ်သစ်တောအစပ်ကို ပတ်ကာ မီးနဂါးရှိတဲ့နေရာကို သွားတယ်။ မူလက ကွင်းကို ရှင်းရှင်းမြင်နိုင်တဲ့ ချုံပုတ်နားရောက်တော့ အဲဒီနေရာမှာ ရွက်ထည်တဲကြီးတစ်လုံး ထိုးထားတာ တွေ့ရတယ်။ မီးနဂါးကို ကာထားပြီး ရွက်ထည်တဲ အဝင်ဝဟာ သူတို့ဘက်လှည့်နေတယ်။

"မင်း ကျန်သူရဲကောင်းတွေနဲ့အတူ ဝင်ရမယ်" ပါမောက္ခမက်ဂေါ်နာဂေါ်က ပြောတယ်။ သူမအသံဟာ အနည်းငယ် တုန်နေတယ်။ "မင်းအလှည့်ကို စောင့်နေ၊ ပေါ်တာ။ မစ္စတာဘက်ဂမင်းလဲ အထဲမှာရှိတယ်. . . . သူက — လုပ်ရမယ့် ခြေလှမ်းကို မင်းတို့ကို ပြောပြလိမ့်မယ်. . . . ကံကောင်းပါစေ"

"ကျေးဇူးတင်ပါတယ်" ဟယ်ရီက အဝေးကလာတဲ့ အသံသဲ့သဲ့နဲ့ ပြောတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကို တဲဝဆီ ခေါ်သွားတယ်။ ဟယ်ရီ အတွင်းဝင်လိုက်တယ်။

ဖလောအာ-ဒယ်လာခေါ်ဟာ ထောင့်က သစ်သားခုံပုလေးပေါ် ထိုင်နေတယ်။ သူမဟာ ခါတိုင်းလို တည်ငြိမ်အေးဆေးပုံမရဘူး။ မျက်နှာအရောင်က ဖြူဖပ်ဖြူရော်၊ ဖျားနာတဲ့ပုံ ပေါ်နေတယ်။ ဗစ်ခတာ-ခရွန်းမ်ဟာ ခါတိုင်းထက် ပိုပြီး သုန်မှုန်နေတယ်။ ဒါဟာ ၎င်းရင်တွင်းက စိတ်လှုပ်ရှားတာကို ဖော်ပြတဲ့နည်း ဖြစ်နိုင်တယ်လို့ ထင်တယ်။ စက်ဒရစ်ဟာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ ဟယ်ရီဝင်လာတော့ စက်ဒရစ်က သူ့ကို သဲ့သဲ့လေး ပြုံးပြတယ်။ ဟယ်ရီကလဲ ပြန်ပြုံးပြတယ်။ ဟယ်ရီဟာ မျက်နှာပေါ်က ကြွက်သားတွေ တအားရုန်းနေတယ်လို့ သူထင်တယ်။ သူ ဘယ်လို ပြုံးရမလဲဆိုတာတောင် မေ့နေပြီ။

"ဟယ်ရီ သိပ်ကောင်းတယ်" ဘက်ဂမင်းက သူ့ကို လှည့်ကြည့်ပြီး ပျော်ရွှင်စွာ ပြောတယ်။ "ဝင်ခဲ့၊ ဝင်ခဲ့။ စိတ်လျှော့တော့၊ ကိုယ့်အိမ်မှာလိုနေ"

ဘက်ဂမင်းဟာ မျက်နှာဖြူဖပ်ဖြူရော်နဲ့ သူရဲကောင်းတွေကြားမှာ ရပ်နေတယ်။ ကာတွန်းထဲက အကောင်ကြီးနဲ့ တူနေတယ်။ သူက ပျားနကျယ် အသင်း ဝတ်ရုံဟောင်းကို ဝတ်ထားပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ အခု အားလုံး စုံပြီ — မင်းတို့ကို အခြေအနေ ပြောပြရတော့မယ်" ဘက်ဂမင်းက ဝမ်းသာအားရ ပြောတယ်။ "ပရိသတ်စုံရင် ကျုပ်က ဒီအဝတ်အိတ်ကို မင်းတို့ရှေ့ တစ်လှည့်စီ ပေးမယ်" — သူက ခရမ်းရောင်ပိုးအိတ်ကိုမြှောက်ပြီး သူတို့ကို ယမ်းပြတယ် — "မင်းတို့က အထဲကနေပြီး မင်းတို့ရင်ဆိုင်ရမယ့်အရာရဲ့ ရုပ်တုကလေးကို နှိုက်ယူရမယ်။ ၎င်းတို့မှာ မတူတဲ့ — အင်း — အမျိုးအစားရှိတယ်။ နောက်ထပ်တစ်ခု ပြောပြရဦးမယ် . . . . အား၊ ဟုတ်ပြီ. . . . မင်းတို့တာဝန်က ရွှေဥကို ကောက်ယူရမယ်"

ဟယ်ရီ ဘေးဘီကို ကြည့်တယ်။ စက်ဒရစ်က ခေါင်းညိတ်ပြတယ်၊ မိမိ ဘက်ဂမင်းစကားကို နားလည်ကြောင်း ဖော်ပြတယ်။ ဒီနောက် တဲထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်တယ်။ သူ့မျက်နှာဟာ နည်းနည်း စိမ်းဖန့်ဖန့် ဖြစ်နေတယ်။ ဖလောအာ-ဒယ်လာခေါ်နဲ့ ခရွန်းမ်က ဘာမှမတုံ့ပြန်ဘူး၊ စကားပြောလိုက်ရင် ရင်တုန်ပြီး အန်ချင်မှာစိုးလို့ ထင်တယ်။ ဒါဟာလဲ ဟယ်ရီရဲ့ ခံစားချက်ပဲ။ ဘာပဲဖြစ်ဖြစ် သူတို့အားလုံးဟာ ကိုယ်သဘောတူလို့ လာပြိုင်ကြတာပဲ. . . .

ခဏအတွင်းမှာပဲ ခြေထောက်အစုံ ရာထောင်တို့ ရွက်ထည်တဲနားက ဖြတ်သွားတဲ့အသံ ကြားရတယ်။ ခြေထောက်တွေရဲ့ သခင်များဟာ တက်ကြွစွာ ပြောဆို ရယ်မောနေတယ်. . . . ဟယ်ရီက မိမိနဲ့ အဲဒီလူတွေ မအပ်စပ်ဘူးလို့ ထင်တယ်။ သူတို့ဟာ တခြား အမျိုးအစားတွေလိုပဲ။ ဒီနောက် — ဟယ်ရီ့စိတ်ထဲမှာ မျက်စိတစ်မှိတ်လို့ ထင်တယ် — ဘက်ဂမင်းက ခရမ်းရောင်ပိုးအိတ်ကို ဖွင့်နေပြီ။

"အမျိုးသမီး ဦးစားပေးရမယ်" သူက ပြောတယ်။ အိတ်ကို ဖလောအာ-ဒယ်လာခေါ်ရှေ့ ထိုးပေးတယ်။

သူမဟာ တုန်နေတဲ့လက်ကို အိတ်ထဲ ထည့်လိုက်တယ်။ ချစ်စရာတစ်ပုံစံထဲတူတဲ့ နဂါးရုပ်တုကို ဆွဲထုတ်လိုက်တယ် — အဲဒါ ဝေးရှိနဂါးစိမ်း။ လည်ပင်းမှာ နံပတ်တစ်ခု ချည်ထားတယ်။ နံပတ် ၂။ ဖလောအာဟာ အံ့ဩပုံဖော်မပြဘဲ ကံစီမံရာဆိုတဲ့ အမူအရာကို ဟယ်ရီမြင်ရတယ်။ ဒီတော့ မိမိခန့်မှန်းတာ မှန်တယ်။ မဒမ်မက်ဆင်းမ်က ဖလောအာကို ရင်ဆိုင်ရမယ့်ဟာ ဘာလဲဆိုတာ ပြောပြထားပြီ။

ခရွန်းမ်ကလဲ ဒီအတိုင်း သက်သေပြတယ်။ သူက နီရဲတဲ့ တရုတ်မီး



လုံးကို နှိုက်လို့ရတယ်။ လည်ပင်းမှာ ချည်ထားတဲ့ နံပတ်က ၃။ သူဟာ မျက်တောင်တောင် မခတ်ဘဲ တန်းထိုင်ချလိုက်ပြီး မြေပြင်ကို စိုက်ကြည့်နေတယ်၊

စက်ဒရစ်က အိတ်ထဲ လက်နှိုက်လိုက်တယ်။ နှိုက်ထုတ်လိုက်တာက ဟိုငွေရောင်ပြာပြာ ဆွီဒင်နှာတိုနဂါး၊ လည်ပင်းမှာ ချည်ထားတာက နံပတ်၁၊ မိမိအတွက် ကျန်တာက ဘာလဲဆိုတာ ဟယ်ရီသိပြီ။ သူက ပိုးအိတ်ထဲ လက်နှိုက်လိုက်တယ်။ ဟို ဟန်ဂေရီ ဟွန်းတေးကို နှိုက်ထုတ်လိုက်တယ်။ နံပတ်၄၊ သူ ငုံ့ကြည့်နေတုန်းမှာ ဟိုနဂါးလေးက တောင်ပံဖြန့်ပြီး အစွယ်ထုတ်ပြတယ်၊

"ကောင်းပြီ၊ မင်းတို့အားလုံး ရကြပြီ" ဘက်ဂမင်းက ပြောတယ်၊ "မင်းတို့အားလုံး မိမိရင်ဆိုင်ရမယ့် မီးနဂါးကို နှိုက်လို့ရပြီ။ လည်ပင်းပေါ်က နံပတ်က မင်းတို့ မီးနဂါးနဲ့ ရင်ဆိုင်ရမယ့် ရှေ့နောက် အစီအစဉ်ပဲ။ နားလည်ပြီလား။ ကောင်းပြီ၊ ကျုပ် ခင်ဗျားတို့ကို ခဏခွဲခွာလိုက်ဦးမယ်။ ပရိသတ်ကို သွားရှင်းပြရဦးမယ်။ မစ္စတာဒစ်ဂိုရီ၊ ခင်ဗျားက ပထမဆုံး။ ဝီစီသံကြားတာနဲ့ ကွင်းထဲ ဝင်ခဲ့ပါ၊ သိပြီလား။ ဒါဆို. . နီ. ဟယ်ရီ. . . . ကျုပ် မင်းနဲ့ စကားနည်းနည်း ပြောလို့ရမလား။ အပြင်ကိုလာခဲ့"

"အင်း. . . . ကောင်းပြီ" ဟယ်ရီက ဘာမှန်းမသိ ပြောတယ်။ "သူ မတ်တတ်ရပ်လိုက်တယ်။ ဘက်ဂမင်းနဲ့အတူ တဲပြင် ထွက်လာတယ်။ ဘက်ဂမင်းက သူ့ကို နည်းနည်းဝေးတဲ့နေရာ ခေါ်သွားတယ်။ ချုံထဲ ဝင်လိုက်တယ်၊ ဒီနောက် သူ့ကို လှည့်ကြည့်တယ်။ သူ့မျက်နှာဟာ ဖခင်တစ်ယောက်လို ခေတနာအပြည့်နဲ့။

"ဘယ်လို ခံစားရလဲ၊ ဟယ်ရီ။ ကျုပ် ဘာကူညီရမလဲ"

"ဘာလဲ?" ဟယ်ရီက ပြောတယ်။ "ကျွန်တော် — ဟင့်အင်း၊ မလိုပါဘူး"

"စိတ်ထဲမှာ ပြင်ဆင်မှု ရှိပြီလား" ဘက်ဂမင်းက ခိုးချောင်ခိုးဝှက်နဲ့ အသံနှိမ့်မေးတယ်။ "မင်း ကြိုက်မယ်ဆိုရင် ကျုပ် အကြံတချို့ ပေးနိုင်တယ်၊ ကျုပ် ပြောချင်တာက" ဘက်ဂမင်းက အသံကို ပိုနှိမ့်ပြီး ဆက်ပြောတယ်၊ "မင်း ဒီမှာ နိမ့်တဲ့အနေအထား ရှိတယ်။ ဟယ်ရီ. . . .ကျုပ် ကူညီနိုင်တာဆိုရင်. . . ."

"ဟင့်အင်း" ဟယ်ရီက ပြောတာသိပ်မြန်လို့ သိပ်မယဉ်ကျေးဘူးဆိုတာ သူသိတယ်။ "ဟင့်အင်း — ကျွန်တော် — ကျွန်တော် ဘယ်လိုလုပ်ရမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိတယ်။ ကျေးဇူးတင်ပါတယ်"

"သူများ မသိနိုင်ဘူး၊ ဟယ်ရီ" ဘက်ဂမင်းကပြောရင်း သူ့ကို မျက်စိမှိတ်ပြတယ်။

"မလိုတော့ဘူး။ ကျွန်တော် ဘာမှမဖြစ်ပါဘူး" ဟယ်ရီက ပြောတယ်။ သူ ဘာဖြစ်လို့ ဒါကိုချည်း အပြန်အလှန် ပြောနေမှန်း သူမသိဘူး။ စင်စစ်မှာ သူ့ဘာ ခုခါလောက် ခံစားရတာ ဆိုးတာ မရှိဘူး။ "ကျွန်တော် အစီအစဉ် တစ်ခု တွေးထားပြီးပြီ။ ကျွန်တော် —"

တစ်နေရာက ဝီစီသံ ပေါ်လာတယ်။

"ဘုရား၊ ဘုရား။ ကျုပ်ပြေးသွားရတော့မယ်" ဘက်ဂမင်းက တုန်လှုပ်စွာ ပြောတယ်။ တန်းပြေးသွားတယ်။

ဟယ်ရီ တဲဆီသွားတယ်။ စက်ဒရစ် အထဲက ထွက်လာတာ မြင်ရတယ်။ သူ့မျက်နှာ ခုနကထက် စိမ်းနေတယ်။ နှစ်ယောက်သား ပခုံးချင်းယှဉ် ဖြတ်သွားတယ်။ ဟယ်ရီ အစက သူ့ကို ကံကောင်းဖို့ ဆုတောင်းမလို့။ ဒါပေမယ့် ပါးစပ်က အသံအ,အ အာလုတ်သံသာ ထွက်သွားတယ်။

ဟယ်ရီ တဲထဲ ပြန်လာတယ်။ ဖလောအာနဲ့ ခရွန်းမ်တို့အနား ပြန်လာတယ်။ စက္ကန့် အနည်းငယ်ကြာတော့ လူအုပ်ဆီက အော်သံဆူသံ ကြားရတယ်။ ဒါက စက်ဒရစ် ပြိုင်ကွင်းထဲဝင်သွားပြီး သူရတဲ့ရုပ်တုနဲ့ တစ်ပုံစံတည်း ရှိတဲ့ အရှင်လတ်လတ် အကောင်ကို ရင်ဆိုင်ရပြီဆိုတာ ဖော်ပြတယ် ....

ဟယ်ရီဟာ ထိုင်နေရင်း နားစွင့်နေတယ်။ သူ တွေးထင်တာထက် အခြေအနေ ဆိုးတယ်။ စက်ဒရစ်က ဆွီဒင် နှာတိုနဂါးကို ဖြတ်ဖို့ကြိုးစားတဲ့အခါမှာ လူအုပ်ဟာ ခေါင်းတွေအများကြီး ပေါက်နေတဲ့ ကိုယ်တစ်ခုလို စူးရှစွာ အော်ဟစ်ကြတယ်.... အကျယ်ကြီးအော်တယ်.... ရင်တမမ ဖြစ်နေကြတယ်။ ခရွန်းမ်ဟာ မြေပြင်ကိုပဲ စိုက်ကြည့်နေတယ်။ ဖလောအာဟာ အခု စက်ဒရစ်လိုပဲ တဲထဲမှာ ပတ်လျှောက်နေတယ်။ ဘက်ဂမင်းရဲ့ ရှင်းပြချက်ဟာ အားလုံးကို ပိုပြီးဆိုးသွားစေတယ်.... "အမလေး၊ အန္တရာယ်ရှိလိုက်တာ၊ သိပ် အန္တရာယ်ရှိတယ် ".... "သူ စွန့်လိုက်ပြီ"....

"သိပ်ဉာဏ်ပါတဲ့နည်း — မအောင်မြင်တာ နှမြောတယ်" ဟယ်ရီဟာ အဲဒီ ပြောပြချက်တွေကို နားထောင်ရင်း ခေါင်းထဲမှာ ကြောက်စရာမြင်ကွင်းတွေ ပေါ်လာတယ်။



ဆယ့်ငါးမိနစ်ခန့် ကြာတော့ နားကွဲမတတ် ဩဘာသံတွေ ဟယ်ရီ ကြားရတယ်။ ဒါက စက်ဒရစ် သူ နဂါးကိုဖြတ်ပြီး ရွှေဥကို ကောက်နိုင်ပြီဆိုတာ ဖော်ပြတယ်။

"တကယ်ပဲ သိပ်ကိုတော်တယ်" ဘက်ဂမင်းက အာဖြဲအော်ပြောတယ်၊ "အခု ဒိုင်လူကြီးများ အမှတ်ပေးကြပါ" သို့ပေမယ့် သူ အမှတ်ကို အော်မပြောဘူး။ ဒိုင်လူကြီးက အမှတ်ကို ပရိသတ်ဆီ မြှောက်ပြလို့ နေမယ်လို့ ဟယ်ရီတွေးတယ်။

"တစ်ယောက်ပြီးသွားပြီ။ သုံးယောက် ကျန်သေးတယ်" ဝီစီ နောက်ထပ် မှုတ်လိုက်တော့ ဘက်ဂမင်းက အကျယ်ကြီး အော်ပြောတယ်။ "မစ်ဒယ်လာခေါ်-တက်ခဲ့ပါ"

ဖလောအာဟာ ခြေဆုံးခေါင်းဆုံး တုန်ယင်နေတယ်။ သူမ ခေါင်းမော့၊ မော့ကြိမ်လုံး တင်းတင်းဆုပ်ပြီး တဲကထွက်သွားတော့ ဟယ်ရီဟာ သူမအပေါ်မှာ ဘယ်တုန်းကမှ မရှိဖူးတဲ့ ရင်းနှီးစိတ် ဖြစ်ပေါ်လာတယ်။ အခု သူနဲ့ ခရွန်းမ် နှစ်ယောက်တည်း တဲထဲမှာ မျက်နှာချင်းဆိုင် ထိုင်နေတယ်၊ အပြန်အလှန် အကြည့်ကို ရှောင်နေကြတယ်။

တူညီတဲ့ အစီအစဉ် စပြီး.... "အိုး၊ ဒီလိုလုပ်တာ အမြော်အမြင်ရှိတယ်လို့ ကျုပ်မပြောနိုင်ဘူး" ဘက်ဂမင်း ဝမ်းသာအားရ အော်ပြောနေတာ သူတို့ ကြားရတယ်။ "အိုး.... နည်းနည်းလေးလိုတယ်။ သတိထား.... အမလေးဗျာ၊ ကျုပ်က သူမ ရပြီထင်တာ"

ဆယ်မိနစ်ကြာတော့ ပရိသတ်တို့ရဲ့ အော်ဟစ်ဩဘာပေးသံ ဟယ်ရီ ကြားရပြန်တယ်.... ဖလောအာလဲ မုချအောင်မြင်ပြီ။ ဒီနောက် ခဏတာ ငြိမ်သွားတယ်။ ဒိုင်လူကြီးတွေ ဖလောအာကို အမှတ်ပေးတာ စောင့်နေတယ် .... တစ်ခါ လက်ခုပ်သံ ဟိန်းသွားတယ်.... ဒီနောက် ဝီစီသံ တတိယအကြိမ် ပေါ်ထွက်လာတယ်။

"အခု တက်လာမယ့်သူက မစ္စတာခရွန်းမ် ဖြစ်ပါတယ်" ဘက်ဂမင်းက အော်ပြောတယ်။ ခရွန်းမ်ဟာ ပခုံးအောက်ချပြီး ထွက်သွားတယ်၊ ဟယ်ရီ တစ်ယောက်တည်း တဲထဲ ကျန်ရစ်တယ်။

မိမိဟာ ခန္ဓာကိုယ်ကို သိပ် သတိပြုမိနေသလိုပဲလို့ သူထင်တယ်။ သူ့နှလုံး တအားခုန်နေတာ သူ ပြင်းထန်စွာ ခံစားရတယ်၊ သူ့လက်ချောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ခြောက်စိတ်ကြောင့် စူးနာနေတယ်. . . . ဒါနဲ့ တစ်ချိန်တည်းမှာ သူဟာ မိန်း ပြင်ပ ရောက်သွားသလိုပဲ။ ဟိုးအဝေး တစ်နေရာကနေ တဲ ပတ်ဝန်းကျင်ကို သည့်ကြည့်နေ၊ ဆူညံသံတွေကို နားထောင်နေသလိုပဲ. . . .

"သိပ် အတင့်ရဲတယ်" ဘက်ဂမင်းက အော်တယ် — တရုတ်မီးလုံးဟာ ကြောက်စရာ၊ မိုးမြေသိမ့်သိမ့် တုန်စေတဲ့အသံ ထွက်လာတယ်။ ပရိသတ်တွေဟာ ပင့်သက်ရှူမိလျက်သား ဖြစ်သွားတယ်။ "သူက သူမတူတဲ့ သတ္တိကို ပြတယ် — အား — ဟုတ်ပြီ၊ သူ ရွှေဥကိုရပြီ"

အုတ်အော်သောင်းနင်း လက်ခုပ်သံဟာ မှန်ကို ရိုက်ခွဲလိုက်သလို ဆောင်းရာသီရဲ့ လေထုကို ကွဲကြေသွားစေတယ်။ ခရွန်းမ်ဟာ မိမိ သမိုင်းပေးတာဝန်ကို ပြီးမြောက်လိုက်ပြီ — အခု အချိန်မရွေး သူ တက်ရတော့တယ်။

သူ မတ်တတ်ရပ်လိုက်တယ်။ သူ့ခြေနှစ်ချောင်းဟာ ကပ်စေးနဲ့နဲ့ လုပ်ထားတယ်လို့ သူ ဇဝေဇဝါ ထင်မိတယ်။ သူ စောင့်စားနေတယ်။ ဒီနောက်မှာ အပြင်ကနေ ဝီစီသံ ပေါ်ထွက်လာတယ်။ သူက တဲအပေါက်ကနေ အပြင်ကို ထွက်ခဲ့တယ်။ ရင်တွင်းက စိတ်လှုပ်ရှားမှုဟာ နည်းနည်းချင်း တိုးလာတယ်။ အဆုံးစွန်ရောက်တဲ့ထိ တိုးလာတယ်။ အခု သူဟာ ချုံပုတ်ဘေးက လျှောက်သွားပြီး ခြံစည်းရိုးအပေါက်ကနေ ဖြတ်ဝင်ခဲ့တယ်။

ရှေ့က အရာအားလုံးကို သူမြင်ရပြီ။ အရောင်တောက်တောက် အိပ်မက်လိုပဲ။ မျက်နှာပေါင်း ရာထောင်ဟာ အပေါ်ဘက် ပွဲကြည့်စင်ကနေ သူ့ကို ကြည့်နေတယ်။ သူ ဟိုညက ဒီမှာ ရပ်နေတုန်းက ဒီပွဲကြည့်စင်တွေ မရှိသေးဘူး။ နောက်မှ မှော်ပညာနဲ့ ဆောက်လိုက်တာ။ ကွင်းရဲ့တစ်ဖက်မှာ ဟို ဟန်ဂေရီဟွန်းတေးကြီး။ ၎င်းဟာ နိမ့်နိမ့်ဝပ်ပြီး ၎င်းရဲ့ ဥတမြုံကို ကာကွယ်နေတယ်။ အတောင်ကို တစ်ဝက် ယှက်ထားတယ်။ ၎င်းရဲ့ဆိုးဝါးတဲ့ မျက်လုံးဝါဝါဟာ ဟယ်ရီ့ကို အသေစိုက်ကြည့်နေတယ်။ ဒါဟာ အလွန့်အလွန်ကြီးတဲ့၊ တစ်ကိုယ်လုံးမှာ အကြေးခွံကြီးတွေ ဖုံးလွှမ်းနေတဲ့ အိမ်မြှောင်အမည်းကြီး။ ၎င်းဟာ ဆူးတွေပေါက်နေတဲ့အမြီးကြီးကို တအားတွန့်လိမ်နေတယ်။ မာကျောတဲ့ မြေကြီးပေါ်မှာ မီတာအချို့ ရှည်လျားတဲ့ ချိုင့်ရာတွေ ဖြစ်ပေါ်စေတယ်။ ပရိသတ် ပွဲကြည့်စင်ကနေ ဆူပွက်မတတ်အသံတွေ ထွက်ပေါ်လာတယ်။ ဒီအသံတွေဟာ ချစ်ကြည်တာလား၊ ရန်လိုတာလားဆိုတာ ဟယ်ရီ ဂရုမစိုက်တော့ဘူး။ အခု သူ လုပ်သင့်တာကို လုပ်ရတော့မယ်. . . . ဝိစိကိစ္စတွေ မစဉ်းစားဘူး။



လုံးဝ အကုန်အစင် အာရုံစုစည်းပြီး အဲဒီအရာဝတ္ထုကိုပဲ စဉ်းစားတယ်။ အဲဒါ သူ့တစ်ခုတည်းသော မျှော်လင့်ချက်ပဲ. . . .

သူ မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"မီးသတ္တိ ပျံခဲ့" သူက အော်ပြောတယ်။

ဟယ်ရီ စောင့်စားနေတယ်။ သူ့ ကလပ်စည်းအားလုံးဟာ ဆုတောင်းနေတယ်။ ငံ့လင့်နေတယ်. . . . တကယ်လို့ ဒီလိုလုပ်လို့ မအောင်မြင်ရင်. . . မီးသတ္တိ ပျံမလာခဲ့ရင်. . . . သူဟာ ပတ်ဝန်းကျင်က အရာတွေကို ကြည့်တယ်။ မျက်စိရှေ့မှာ အရောင်ဖျော့ဖျော့ လက်နေတဲ့၊ ဖောက်ထွင်းမြင်ရတဲ့ လိုက်ကာခြားနေသလိုပဲ။ ၎င်းဟာ ပူဆူနေတဲ့ မီးခိုးလို ကွင်းကြီးနဲ့ မိမိပတ်ဝန်းကျင်က မျက်နှာ ရာအချို့ဟာ ထူးဆန်းစွာ လွင့်ပျံနေသလိုပဲ. . . .

ဒီနောက် သူ ကြားရပြီ။ အရာတစ်ခုဟာ သူ့ကျောဘက်ကနေ လေကို ဖြတ်ပြီး တရှူးရှူး ပျံသန်းလာနေတယ်။ သူ လှည့်ကြည့်တယ်။ မိမိရဲ့ မီးသတ္တိဟာ တားမြစ်သစ်တောဘေးကို ဖြတ်ပြီး မိမိဆီ ပျံလာတာ သူမြင်ရတယ်။ ၎င်းဟာ ကွင်းထဲဝင်လာပြီး သူ့ဘေးက လေထဲမှာ ဆတ်ခနဲ ရပ်သွားတယ်။ သူ တက်စီး ဖို့ အသင့်စောင့်နေတယ်။ လူအုပ်ထဲက အသံတွေ ပိုကျယ်လာတယ်. . . . ဘက်ဂမင်း ဘာတွေအော်နေမှန်း မသိဘူး. . . . ဒါပေမယ့် ဟယ်ရီ့နားဟာ အခုအခါမှာ အသုံးမကျတော့ဘူး. . . . အခု အရေးကြီးတာ နားထောင်ဖို့ မဟုတ်ဘူး. . . .

သူက တံမြက်စည်းပေါ်တက်ပြီး ခြေဆောင့်ကန်ကာ မိုးပေါ် ခုန်တက်သွားတယ်။ တစ်စက္ကန့်ကြာတော့ အံ့ဖွယ်ကိစ္စတစ်ခု ဖြစ်ပွားတယ်. . . .

သူ အလျင်အမြန် ဝဲပျံတက်သွားစဉ်၊ လေက သူ့ဆံပင်ကို ပင့်တိုက်စဉ်၊ အောက်ဘက်က ပရိသတ်တွေရဲ့ မျက်နှာဟာ အသားရောင် အပ်ပေါက်လေးတွေလို ဖြစ်သွားစဉ်၊ ဟွန်းတေး ခွေးတစ်ကောင်အရွယ်ဖြစ်သွားစဉ်မှာ သူ နားလည်လိုက်ပြီ။ သူ ပစ်ထားခဲ့တာဟာ မြေပြင်တွင် မကဘူး။ သူ့ ချောက်ချားမှုလဲ ပါတယ်. . . . သူက သူနဲ့သက်ဆိုင်တဲ့ နေရာကို ပြန်လာခဲ့တယ်။

ဒါဟာ ခွေဒစ်ပြိုင်ပွဲ နောက်တစ်ပွဲမျှသာ ဖြစ်တယ်။ ဒါပါပဲ. . . . ဒါဟာ ခွေဒစ်ပြိုင်ပွဲ နောက်တစ်ကြိမ်ပဲ ဖြစ်တယ်။ ဟွန်းတေးဟာ တိုက်ရခက်တဲ့ နောက်ထပ် ခွေဒစ်အသင်း တစ်သင်းသာဖြစ်တယ်. . . .

သူက ဟိုဥတစ်မြုံကို ငုံ့ကြည့်တယ်။ ရွှေဥကို ခွဲခြားမြင်ပြီ။ ၎င်းဟာ

www.burmeseclassic.com



မီးနဂါးရဲ့ ရှေ့ခြေထောက်အလယ်မှာ လုံလုံခြုံခြုံရှိနေတဲ့ ထုံးရောင် ဥအဖော်တွေ ကြားမှာ လက်နေတယ်။ "ဟုတ်ပြီဟေ့" ဟယ်ရီက ပြောတယ်။ "အာရုံလွှဲပြောင်းနည်းဗျူဟာ. . . . လာဟေ့. . . ."

သူ အောက်ထိုးဆင်းတယ်။ ဟွန်းတေးရဲ့ခေါင်းဟာ သူ့နောက် လိုက်လှုပ်ရှားတယ်။ ၎င်း ဘာလုပ်ချင်တယ်ဆိုတာ ဟယ်ရီသိတယ်။ ဒါနဲ့ အချိန်မီထိုးဆင်းတာ ရပ်လိုက်ပြီး ထောင်တက်သွားလိုက်တယ်။ မီးပြင်း မှုတ်ထုတ်လာတယ်။ သူ အချိန်မီ မရှောင်နိုင်ရင် တစ်ချက်တည်း အမှုတ်ခံရမှာ. . . . ဒါပေမယ့် ဟယ်ရီ အရေးမထားဘူး. . . . ဒါဟာ ဘလဒ်ဂါတစ်လုံးကို ရှောင်လိုက်တာပါပဲ. . . .

"လစ်ပြီဟေ့၊ သူပျံနိုင်လိုက်တာ" ဘက်ဂမင်းက အော်ပြောတယ် — ပရိသတ်တွေဟာ လန့်အော်ကြ၊ ရင်တမမဖြစ်ကြနဲ့ ဖြစ်နေတယ်။ "သင် မြင်ရှုပြီလား၊ မစ္စတာခရွန်းမ်"

ဟယ်ရီကဝဲပြီး မြင့်မြင့်တက်သွားတယ်။ ဟွန်းတေးရဲ့မျက်လုံးဟာ သူ့နောက် လိုက်နေတယ်။ ၎င်းဦးခေါင်းဟာ လည်ပင်းရှည်ရှည်ပေါ်မှာ တစ်ပတ်ပြီးတစ်ပတ် ပတ်နေတယ် — တကယ်လို့ သူဒီတိုင်းချည်း မြင့်တက်သွားရင် ဟွန်းတေးဟာ ခေါင်းမူးပြီး တောင်မှန်းမြောက်မှန်း သိမှာမဟုတ်ဘူး။ — ဒါပေမယ့် ၎င်းကို သိပ်ဖိလို့ မဖြစ်ဘူး။ တော်ကြာ ၎င်းက မီးမှုတ်ထုတ်ဦးမှာ —

ဟယ်ရီဟာ ဟွန်းတေး ပါးစပ်ဟလိုက်တဲ့ အချိန်မှာ အောက်ကို ထိုးဆင်းလိုက်တယ်။ ဒါပေမယ့် ဒီတစ်ခါ သူသိပ်ကံမကောင်းဘူး — သူ မီးတောက်ကို ရှောင်လိုက်နိုင်တယ်။ ဒါပေမယ့် ဟွန်းတေးရဲ့အမြီးက သူ့ဆီ ရိုက်ခတ်လာတယ်။ သူ ဝဲဘက်ကို လှည့်လိုက်တော့ အဲဒီအမြီးပေါ်က ဆူးရှည်ရှည်ကြီးဟာ သူ့ပခုံးကိုစူးပြီး ဝတ်ရုံပြဲသွားတယ်—

သူနာကျင်တာ သိတယ်။ ပရိသတ်အော်တာ၊ သက်ပြင်းချတာ ကြားရတယ်။ ဒါပေမယ့် ဒဏ်ရာက သိပ်မနက်ဘူးနဲ့ တူတယ်. . . . အခု သူဟာ ဟွန်းတေးကျောဘက်မှာ ပတ်ပျံနေတယ်။ ရုတ်တရက် သူ နည်းတစ်ခု တွေ့တယ်။

ဟွန်းတေးက ဝပ်ရာက မလှုပ်ချင်ဘူး။ ၎င်းက ၎င်းရဲ့ဥတွေကို သိပ်ဂရုစိုက် ကာကွယ်တယ်။ ၎င်းဟာ အဆက်မပြတ် လှည့်ပတ် တွန့်လိမ်တယ်။ အတောင်ကို ဖြန့်လိုက်သိမ်းလိုက်၊ သိမ်းလိုက်ဖြန့်လိုက် လုပ်တယ်။ ကြောက်



စရာ မျက်လုံးဝါဝါနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ ဒါပေမယ့် ၎င်းတာ ၎င်းရဲ့ဥတွေကို ဝေးဝေး မခွာဝံ့ဘူး. . . . ဟယ်ရီကတော့ ၎င်းကိုခွာဖို့ ဆွဲဆောင်ရမယ်။ နို့မို့ရင် သူဟာ အဲဒီဥတွေနား ဘယ်တော့မှ ကပ်လို့ရမှာ မဟုတ်ဘူး. . . . နည်းလမ်းကတော့ သတိရှိရှိ တစ်လှမ်းချင်း လုပ်သွားဖို့ပဲ. . . .

သူဟာ မနားတမ်း ပျံသန်းတယ်။ ဒီဘက်လာလိုက်၊ ဟိုဘက်သွားလိုက် သိပ် မကပ်သွားအောင် သတိနဲ့ပျံတယ်။ ၎င်းက မီးမှုတ်ထုတ် တိုက်ခိုက်မှာစိုးလို့။ တစ်ခါ ၎င်းကို အန္တရာယ်ပြုနိုင်လောက်အောင်လဲ လုပ်ရတယ်။ ၎င်းမျက်စိ မိမိကိုပဲ ကြည့်နေအောင် လုပ်ရတယ်။ ဟွန်းတေးရဲ့ခေါင်းဟာ ဝဲယာ လှုပ်ယိုင်နေတယ်။ မတ်နေတဲ့ သူငယ်အိမ်ထဲကနေ သူ့ကို ကြည့်နေတယ်။ ပါးစပ်ထဲက အစွယ်တွေအားလုံး အပြင်မှာ ပေါ်နေပြီ. . . .

ဟယ်ရီ ပိုမြင့်အောင် ပျံသွားတယ်။ ဟွန်တေးရဲ့ခေါင်းဟာ သူနဲ့လိုက်ပြီး မြင့်တက်သွားတယ်။ ၎င်းရဲ့လည်ပင်းဟာ လုံးဝမတ်နေပြီ။ ဝဲယာ လှုပ်ယမ်းနေတုန်းပဲ။ မြွေတစ်ကောင် အလမ္ပာယ်ဆရာရှေ့မှာ ကနေသလိုပဲ. . . .

ဟယ်ရီက ပေတချို့ မြင့်တက်လိုက်ပြန်တယ်။ ဟွန်းတေးက ဒေါသနဲ့ ဟိန်းလိုက်တယ်။ ဟယ်ရီဟာ ၎င်းမျက်လုံးထဲမှာ ယင်ကောင်တစ်ကောင်လောက် ရှိတယ်။ ၎င်းရဲ့အမြီးဟာ ဆက်တိုက် ရိုက်ခတ်လာပြန်တယ်။ ဒါပေမယ့် ဟယ်ရီပျံတာ သိပ်မြင့်လွန်းလို့ အမြီးက မမီဘူး. . . . ဟွန်းတေးက မိုးပေါ်ကို မီးတောက် မှုတ်လိုက်တယ်။ ဟယ်ရီက စောင်းပေးပြီး ရှောင်လိုက်တယ်. . . . ဟွန်းတေးပါးစပ်ကြီး ဟထားတယ်. . . .

"လာလေ" ဟယ်ရီက အာလုတ်သံနဲ့ ပြောတယ်။ ဟွန်းတေးအပေါ်ဘက်မှာ လှည့်လိုက်ပတ်လိုက်နဲ့ ၎င်းကို ဆွပေးနေတယ်။ "လာလေ၊ လာဖမ်းလေ. . . . မင်းတက်လာခဲ့လေ. . . ."

နောက်ဆုံးမှာ ဟွန်းတေးက ကိုယ်ကို မတ်လိုက်တယ်။ မည်းနက်ပြောင်တင်းတဲ့ ရေမတောင်ပံကြီး လုံးဝဖြန့်လိုက်တယ်။ လေယာဉ် အငယ်စားလေးလောက် ကျယ်တယ် — ဟယ်ရီ ချက်ချင်း ထိုးဆင်းသွားတယ်။ သူဘာလုပ်ရမှန်း၊ ဘယ်ပျောက်သွားမှန်း မီးနဂါးကြီး မသိခင်မှာပဲ အတတ်နိုင်ဆုံးလျှင်မြန်စွာ မြေပြင်သို့ ထိုးဆင်းလိုက်တယ်။ ဟိုဥတစ်မြုံဆီ ထိုးဆင်းသွားတယ်။ တာကွယ်တာ မရှိတော့ဘူး — သူက မီးသတ္တိကိုလွှတ်ပြီး လက်ပြဲဖက်နဲ့ — ရွှေဥကို ကောက်ယူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ရှူးခနဲ မိုးပေါ် ပျံတက်လိုက်တယ်။ နဂါးကြီးဆီက ပျံထွက်သွားတယ်။ ပွဲကြည့်စင် အပေါ်ဘက်မှာ ဝဲနေတယ်။ လေးပင်တဲ့ ရွှေဥကြီးကို ဒဏ်ရာမရတဲ့ လက်မောင်းအောက် ညှပ်ထားတယ်။ ဒီအချိန်မှာ တစ်ယောက်ယောက်က အသံခလုတ်ကို မြှင့်လိုက်သလို — ဟယ်ရီဟာ ပထမအကြိမ် ပရိသတ်ဆီက ထွက်လာတဲ့အသံကို ရှင်းရှင်းကြားရတယ်။ လူတွေဟာ အော်ကြ၊ သက်ခုပ်ဩဘာပေးကြနဲ့ နားကွဲမတတ် ကျယ်လောင်လာတယ်။ ကမ္ဘာ့ဖလားပွဲက အိုင်ယာလန်အသင်း ထောက်ခံသူတွေလိုပဲ —

"ကြည့်ကြ" ဘက်ဂမင်းက တအားအော်တယ်။ "မြန်မြန် ကြည့်ကြပါ။ ကျုပ်တို့ရဲ့ အသက်အငယ်ဆုံး သူရဲကောင်းဟာ ရွှေဥကို အမြန်ဆုံး ရသွားပြီ။ ကောင်းတယ်။ ဒါက မစ္စတာပေါ်တာနဲ့ တခြားသူရဲကောင်းတွေရဲ့ အကွာအဝေးကို ချုံ့နိုင်လိမ့်မယ်"

နဂါးထိန်းကျောင်းသူတွေ ပြေးသွားပြီး ဟွန်းတေးရဲ့ ဒေါသကို ဖြေဖျောက်ကြတာ ဟယ်ရီမြင်ရတယ်။ ကွင်းဝင်ဝဆီမှာ ပါမောက္ခ မက်ဂေါ်နာဂေါ်၊ ပါမောက္ခမူးဒီနဲ့ ဟက်ဂရစ်တို့က သူ့ဆီ အမြန်လျှောက်လာပြီး ကြိုဆိုတယ်။ သူတို့ဟာ သူ့ကို လက်ပြပြီး ခေါ်တယ်။ အဝေးကြီး ဖြစ်နေပေမယ့် သူတို့ အပြုံးကို ထင်ထင်ရှားရှား မြင်ရတယ်။ ဟယ်ရီဟာ ပွဲကြည့်စင် အပေါ်ဘက်ကို ပျံသွားတယ်။ လူအုပ်ရဲ့ ဆူညံသံဟာ သူ့နားစည်ကို ရိုက်ခတ်နေတယ်။ သူက မြေပြင်ကို ပြေပြစ်စွာ ဆင်းသက်လာတယ်။ လအချို့အတွင်းမှာ ဒါ ပထမဆုံးအကြိမ် စိတ်ပေါ့ပါးတာပဲ. . . . သူ ပထမကဏ္ဍကို အောင်မြင်ခဲ့ပြီ။ သူ အသက်ရှင်နေခဲ့ပြီ. . . .

"တကယ့်ကို သိပ်ထူးချွန်တာပဲ၊ ပေါ်တာ" သူ မီးသတ္တိပေါ်က ဆင်းရုံရှိသေးတယ်။ ပါမောက္ခမက်ဂေါ်နာဂေါ်က အကျယ်ကြီး ပြောတယ်— သူ့ပါးစပ်က ဒီစကားပြောတာ မြင့်မြင့်မားမား ချီးကျူးတာပဲ။ သူမ သူ့ပခုံးကို လက်ညှိုးထိုးနေတဲ့လက်ဟာ နည်းနည်းတုန်နေတာ ဟယ်ရီ သတိပြုမိတယ်။ "ဒိုင်လူကြီးတွေ အမှတ်မပေးခင်မှာ မင်း မဒမ်ပွမ်ဖရေဆီသွားဖို့ လိုတယ်. . . ဟိုဘက်မှာ ဒစ်ဂိုရီကို ပြုစုနေတယ်. . . ."

"မင်းအောင်မြင်ပြီ၊ ပေါ်တာ" ဟက်ဂရစ်က အသံသြသြနဲ့ ပြောတယ်။ "မင်းအောင်မြင်ပြီ၊ ပြီးတော့ မင်းရင်ဆိုင်ရတာက ဟွန်းတေး။ ဟွန်းတေးဟာ အန္တရာယ်အရှိဆုံးလို့ ချာလီပြောတာ မင်းသိတယ် —"



"ကျေးဇူးတင်ပါတယ်၊ ဟက်ဂရစ်" ဟယ်ရီက အကျယ်ကြီး ပြောတယ်။ ဒါမှ ဟက်ဂရစ်ဟာ ရှေ့နောက်မကြည့်ဘဲ လျှောက်ပြောမသွားမှာ၊ ဒီမတိုင်မီက မိမိကို မီးနဂါးသွားပြတာပါ ပေါ်ကုန်မှာ။

ပါမောက္ခမူးဒီလဲ သိပ်ဝမ်းသာနေသလိုပဲ။ ၎င်းရဲ့ မှော်မျက်လုံးဟာ မျက်ခေါင်းထဲမှာ ခုန်နေတယ်။

"မင်းလှည့်ဖြားတာ သိပ်လှတယ်၊ ပြတ်တယ်၊ ပေါ်တာ" သူက အသံအက်အက်နဲ့ပြောတယ်။

"ကောင်းပြီ၊ ပေါ်တာ။ မင်း အရေးပေါ် ကယ်ဆယ်ရေးတဲဆီ သွား. . . ." ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

ဟယ်ရီ ကွင်းထဲက ထွက်လာတယ်။ ဟောဟဲ. . . ဟောဟဲ ဖြစ်နေတုန်းပဲ။ မဒမ်ပွမ်ဖရေဟာ ဒုတိယ ရွက်ထည်တဲဝမှာ ရပ်နေတာတွေ့ရတယ်၊ ပူပန်ပုံ ပေါ်နေတယ်။

"မီးနဂါး" သူမက မုန်းတီးတဲ့လေသံနဲ့ ပြောတယ်။ ဟယ်ရီ့ကို ဆွဲသွင်းသွားတယ်။ တဲထဲမှာ အခန်းလေးတွေ ဖွဲ့ထားတယ်။ သူဟာ ကင်းဗတ်ခြားတဲ့ ဟိုဘက်က စက်ဒရစ်အရိပ်ကို မှတ်မိတယ်။ စက်ဒရစ်ဒဏ်ရာက သိပ်ပြင်းပုံ မပေါ်ဘူး။ သူ ထထိုင်နေပြီ။ မဒမ်ပွမ်ဖရေဟာ ဟယ်ရီ့ပခုံးကို သေချာစစ်ဆေးနေတယ်။ ဒေါပွပွနဲ့လဲ ပြောဆိုနေတယ်။ "မနှစ်က ဝိညာဉ်စုပ်ကောင်။ ဒီနှစ်ကျတော့ နဂါး။ ဆက်ပြီး ဘာတွေများ ကျောင်းထဲ သွင်းလာဦးမယ် မသိဘူး။ မင်း ကံကောင်းတယ်လို့ ပြောရမယ်. . . . ဒဏ်ရာတိမ်တိမ်လေးရယ်. . . . ဒါပေမယ့် ဆေးကြောပေးရမယ်။ ပြီးမှ ကုသပေးမယ် . . . ."

သူမဟာ အငွေ့ထွက်နေတဲ့ အနံ့ဆိုးတဲ့ ခရမ်းရောင် ဆေးရည်နဲ့ ဒဏ်ရာကို ဆေးကြောပေးတယ်။ ဒီနောက် မှော်ကြိမ်လုံးနဲ့ ဟယ်ရီ့ပခုံးကို တို့လိုက်တယ်။ ဒဏ်ရာ ချက်ချင်း ကျက်သွားတယ်လို့ သူခံစားရတယ်။

"ကောင်းပြီ၊ အေးအေးဆေးဆေး တစ်မိနစ်ထိုင်နေ — ထိုင်။ ပြီးရင် မင်းရမှတ်ကို သွားကြည့်လို့ရပြီ"

သူမဟာ တဲကအမြန်ထွက်သွားပြီး ဘေးခန်းကို ဝင်ပြောတာ သူကြားရတယ်။ "ဘယ်လိုနေသေးလဲ၊ ဒစ်ဂိုရီ"

ဟယ်ရီဟာ ငြိမ်ထိုင်မနေချင်ဘူး။ သူ သိပ်စိတ်တက်ကြွနေတယ်။ သူ မတ်တတ်ရပ်လိုက်တယ်။ အပြင်က အခြေအနေကို ကြည့်ချင်တယ်၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် သူ တဲဝမရောက်ခင်မှာပဲ လူနှစ်ယောက် ပြေးဝင်လာတယ် — အဲဒါ ဟာမီး၊ နောက်က ရှွန်လိုက်လာတယ်။

"ဟယ်ရီ၊ နင်သိပ်တော်တာပဲ" ဟာမီးက စူးစူးရှရှ ပြောတယ်။ သူမ မျက်နှာပေါ်မှာ လက်သည်းနဲ့ခြစ်မိတဲ့ ဒဏ်ရာတွေရှိတယ်။ အဲဒါ သူမ ကြောက်လန့်ပြီး ကုတ်မိတာ။ "နင် တကယ့်ကို အံ့ဩစရာပဲ။ တကယ့်ကိုပဲ"

သို့ပေမယ့် ဟယ်ရီက ရှွန့်ကို ကြည့်နေတယ်။ ရှွန့်မျက်နှာဟာ ဖြူနေတယ်။ သူက ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်။ ဟယ်ရီဟာ သရဲတစ်ကောင်လိုပဲ။

"ဟယ်ရီ" သူက ပြောတယ်။ အလွန်တည်ကြည်တယ်။ "မင်းနာမည်ကို ဘယ်သူက မီးတောက်ခွက်ထဲ ထည့်ထည့် — ငါ — သူတို့က မင်းသေစေချင်လို့လို့ ငါထင်တယ်"

လွန်ခဲ့တဲ့ အပတ်တချို့မှာ ဘာမှမဖြစ်ခဲ့သလို — ဟယ်ရီ သူ့ရဲ့ ကောင်း ဖြစ်ပြီးနောက် ပထမအကြိမ် တွေ့ဆုံရသလိုပဲ။

"မင်း နားလည်ပြီပေ့ါ" ဟယ်ရီက အေးစက်စက်ပြောတယ်။ "အချိန်တော်တော် ကုန်သွားတယ်"

ဟာမီးဟာ စိတ်တင်းကြပ်စွာနဲ့ သူတို့နှစ်ယောက်ကြားမှာ ရပ်နေတယ်။ သူတို့ကို အပြန်အလှန် ကြည့်နေတယ်။ ရှွန်က တွဲဆိုင်းစွာ ပါးစပ်ဟလိုက်တယ်။ ရှွန် သူ့ကို တောင်းပန်မယ်ဆိုတာ ဟယ်ရီသိတယ်။ ဒါပေမယ့် သူ တောင်းပန်ဖို့ မလိုတော့ဘူးလို့ မိမိတွေ့ရှိတယ်။

"ကိစ္စမရှိဘူး" ရှွန် စကားပြောမထွက်ခင်မှာ သူက အမြန်ပြောတယ်။ "မေ့လိုက်တော့"

"ဟင့်အင်း" ရှွန်က ပြောတယ်။ "ငါ မလုပ်သင့် —"

"ဒီကိစ္စကို မေ့ပစ်လိုက်" ဟယ်ရီက ပြောတယ်။

ရှွန်က မနေတတ်မထိုင်တတ်နဲ့ သူ့ကို ပြုံးပြတယ်။ ဟယ်ရီကလဲ ပြန်ပြုံးပြတယ်။

ဟာမီးဟာ ရုတ်တရက် ငိုလာတယ်။

"ဒါ ဘာငိုစရာရှိလဲ" ဟယ်ရီက အူကြောင်ကြောင်ဖြစ်ပြီး သူမကို ပြောတယ်။

"နင်တို့နှစ်ယောက် သိပ်အတာပဲ" သူမက အော်ပြောတယ်။ ခြေ



ထောက်နဲ့ မြေကြီးကို ဆောင့်တယ်။ မျက်ရည်တွေ ရင်ဘတ်ပေါ် ကျလာတယ်။ ဒီနောက် သူတို့ မတားရသေးခင်မှာ သူမက သူတို့ကို ဖက်လိုက်ပြီး လှည့်ထွက်ပြေးသွားတယ်။ ဒီအချိန်မှာ သူမက ချုံးမဲ့ချငိုနေတယ်။

"ရူးနေပြီ" ရှွန်က ခေါင်းခါလိုက်ပြီး ပြောတယ်။ "ဟယ်ရီ၊ သွားစို့၊ သူတို့ မင်းကို အမှတ်ပေးတော့မယ်. . . ."

ဟယ်ရီက ရွှေဥနဲ့ မီးသတ္တိကို ယူလိုက်တယ်။ သူ့စိတ် သိပ်ပျော်တယ်လို့ ခံစားရတယ်။ လွန်ခဲ့တဲ့ တစ်နာရီတုန်းက မိမိဒီလို စိတ်ပျော်လိမ့်မယ် ထင်နိုင်စရာ မရှိဘူး။ သူက ခေါင်းငုံ့ပြီး တဲကထွက်ခဲ့တယ်။ ရှွန်က သူ့ဘေးက လိုက်လာတယ်။ တတွတ်တွတ် ပြောနေတယ်။

"မင်းသိလား၊ မင်းက အထူးချွန်ဆုံးပဲ။ ဘယ်သူမှ မယှဉ်နိုင်ဘူး။ စက်ဒရစ်က ထူးဆန်းတဲ့ကိစ္စ လုပ်လိုက်တယ်။ သူက မြေပေါ်က ကျောက်တုံးတစ်တုံးကို ရုပ်ပြောင်းဂါထာ ရွတ်တယ်. . . . ၎င်းကို ခွေးဖြစ်သွားစေတယ် . . . . သူက မီးနဂါးအာရုံကို လှည့်ပစ်ချင်တာ။ ခွေးကို လိုက်စေချင်တာ။ အား၊ အဲဒါ အလွန်တန်ခိုးကြီးတဲ့ ရုပ်ပြောင်းဂါထာ။ တကယ်လဲ နည်းနည်းအသုံးဝင်တယ်။ စက်ဒရစ် ရွှေဥရသွားတယ်။ ဒါပေမယ့် မီးလောင်ဒဏ်ရာ ရသွားတယ် — မီးနဂါးဟာ လမ်းခွတ်လတ်မှာ သဘောပြောင်းသွားပြီး သူ့ကို အရင်ဖမ်းတယ်။ ဟို လာဘရာဒါခွေးကို မဖမ်းသေးဘူး။ သူ သီသီလေး လွတ်ခဲ့တာ။ ဟို ဖလောအာလို့ခေါ်တဲ့ ကောင်မလေးဟာ မှော်ပညာသုံးလိုက်တယ်။ သူက မီးနဂါးကို အိပ်ပျော်စေချင်တာ — ဟုတ်တယ်။ အဲဒါလဲ အောင်မြင်ဖို့ နည်းနည်းပဲ လိုတယ်။ မီးနဂါးဟာ ခဏလေးနဲ့ အိပ်ပျော်သွားတယ်။ ဒါပေမယ့် ၎င်းက ဟောက်တော့ မီးတောက်ကြီးတွေ ပန်းထွက်လာတယ်။ ဖလောအာရဲ့ဂါဝန် မီးစွဲသွားတယ် — သူမက မှော်ကြိမ်လုံးထဲက ရေဖန်ဆင်းပြီး မီးကို သတ်လိုက်တယ်။ ခရွန်းမ် ရှိသေးတယ် — မင်းယုံမှာ မဟုတ်ဘူး။ သူက ပျံဖို့ မစဉ်းစားဘူးလေ။ ဒါပေမယ့် သူလဲ သိပ်တော်တယ်။ မင်းပြီးရင် သူပဲ။ သူက မှော်ဂါထာနဲ့ နဂါးမျက်လုံးကို တိုက်ရိုက်ထိမှန်စေတယ်။ နေမြော စရာကောင်းတာက၊ မီးနဂါးဟာ နာကျင်စွာ ရုန်းကန်တော့ ခြေထောက်က လျှောက်နင်းတာ ဥအစစ်တွေ တစ်ဝက်လောက် ကွဲသွားတယ် — ဒါ အမှတ် လျှော့ခံရမှာ။ ဟို ဥတွေကို မဖျက်ဆီးသင့်ဘူး"

ရှွန်က အသက်ပြင်းပြင်း ရှူလိုက်တယ်။ သူတို့ဟာ ကွင်းစပ်တို

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ။ ဟွန်းတေးလဲ တစ်နေရာ ပို့ပစ်လိုက်ပြီ။ ဒိုင်လူကြီးငါးယောက် ထိုင်တဲ့နေရာကို ဟယ်ရီမြင်ရတယ် — ယာဘက်မှာ၊ မြင့်တင်ထားတဲ့ ရွှေထိုင်ခုံပေါ်မှာ ထိုင်နေတယ်။

"တစ်ယောက်ကိုပေးတဲ့ အမြင့်ဆုံးအမှတ်ဟာ ဆယ်မှတ်ထက် မပိုဘူး" ရွန်က ပြောတယ်။ ဟယ်ရီက ကွင်းဆီကို မျက်စိမှေးပြီး လှမ်းကြည့်တယ်။ ပထမဆုံး ဒိုင်လူကြီးတစ်ယောက်ကို မြင်ရတယ် — မဒမ်မက်ဆင်းမ် — သူမရဲ့ မှော်ကြိမ်လုံးကို မိုးပေါ်ထောင်ထားတယ်။ မှော်ကြိမ်လုံးထဲကနေ ငွေရောင်ဖဲကြိုးလိုဟာမျိုး ပန်းထွက်လာတယ်။ ကွေးကောက်ပြီး "8"ဂဏန်းဖြစ်သွားတယ်။

"မဆိုးဘူး" ရွန်က ပရိသတ် လက်ခုပ်သြဘာသံကြားက ပြောတယ်။ "သူမဟာ မင်းပခုံး ဒဏ်ရာရလို့ မင်းကို အမှတ်လျှော့တာ ထင်တယ်. . . ."

ဆက်ပြီး မစ္စတာခရောက်ချ်။ သူက မိုးပေါ်ကို " 9" ဂဏန်း ပန်းထုတ်တယ်။

"အခြေအနေကောင်းတယ်" ရွန်က အော်တယ်။ ဟယ်ရီ့ကျောကို ပုတ်တယ်။

ဆက်ပြီးတော့ ဒမ်ဘာလီဒိုး။ သူက ကိုးမှတ်ပေးတယ်။ ပရိသတ်ရဲ့ သြဘာသံတွေ ပိုကျယ်လာတယ်။

လူဒို-ဘက်ဂမင်း — ဆယ်မှတ်။

"ဆယ်မှတ်?" ဟယ်ရီက မယုံနိုင်ဘဲ ပြောတယ်။ "ဒါပေမယ့်. . . . ငါ ဒဏ်ရာရတယ်လေ. . . . သူ ဘာရယ်စရာလုပ်တာလဲ"

"ဟယ်ရီ၊ မင်း ပြောမနေနဲ့တော့" ရွန်က ဝမ်းသာအားရ အော်ပြောတယ်။

ဒီအချိန်မှာ ခါခါရော့ဖ်က မှော်ကြိမ်လုံး မြှောက်လိုက်တယ်။ သူ ခဏဆိုင်းနေတယ်။ ဒီနောက် သူ့မှော်ကြိမ်လုံးထဲက ဂဏန်းတစ်ခု ထွက်လာတယ် — "4"။

"ဘာ?" ရွန်က ဒေါသနဲ့ အော်ဟစ်တယ်။ "လေးမှတ်? မုန်းစရာ မျက်နှာလိုက်တဲ့ကောင်။ ခင်ဗျားက ခရွမ်းမ်ကို ဆယ်မှတ်ပေးတယ်"

ဒါပေမယ့် ဟယ်ရီက ဘာမှမဖြစ်ဘူး။ ခါခါရော့ဖ်က သူ့ကို သုညပေးလဲ သူဂရုမစိုက်ဘူး။ ရွန်က သူ့အတွက် မခံမရပ်နိုင်ဖြစ်တယ်။ သူ့အဖို့ ဒါဟာ



အမှတ်တစ်ရာထက်တောင် သာသေးတယ်။ ဒါကို သူ ရွန့်ကိုတော့ ပြောမပြပါဘူး။ ဒါပေမယ့် သူ ကွင်းကလှည့်ပြန်တော့ သူ့စိတ်ဟာ လေထုထက်တောင် ပေါ့တယ်လို့ သူထင်တယ်။ ပြီးတော့ သူ့အတွက် ဝမ်းသာသူဟာ ရွန်တင်မကဘူး. . . . လူအုပ်ထဲမှာ သူ့အတွက် အော်ဟစ်သြဘာပေးတာ ဂရစ်ဖင်းဒေါ ကျောင်းသားတွေတင် မကဘူး။ လက်တွေ့ရင်ဆိုင်ချိန်မှာ၊ ဟယ်ရီရင်ဆိုင်ခဲ့တဲ့ စိန်ခေါ်မှုကို မြင်ရတော့ ကျောင်းက ကျောင်းသားအများစုဟာ-သူ့ကို ထောက်ခံလာကြတယ်။ စက်ဒရစ်ကို ထောက်ခံသလိုပဲ. . . . စလေးသရင်း ကျောင်းသားတွေကို သူ အရေးမထားဘူး။ အခု သူတို့က သူ့ကို ဘာအကောက်ကြံကြံ၊ သူမမှုဘူး။

"မင်းတို့ စတာနဲ့ သရေကျသွားတယ်၊ ဟယ်ရီ။ မင်းနဲ့ ခရွမ်းမ်"

ချာလီ-ဝယ်စလီက ပြောတယ်။ သူတို့ ကျောင်းကို ပြန်ဖို့လုပ်တော့ သူက ကမန်းကတန်း ပြေးလာတယ်။ "နားထောင်၊ ငါပြေးသွားရမယ်။ ငါ့မီးကွက်နဲ့ အမေ့ဆီ စာပို့လွှတ်ရမယ်။ ငါ သူမကို အားလုံးပြောပြမယ်လို့ ကတိပေးထားတယ် — အော၊ တကယ့်ကို မယုံနိုင်စရာပဲ။ အိုး၊ မေ့သွားတော့မလို့ — သူတို့က ငါ့ကိုပြောခိုင်းတယ်။ မင်းဒီမှာ မိနစ်တချို့ နေရဦးမယ်တဲ့ . . . . ဘက်ဂမင်းက စကားပြောစရာရှိတယ်တဲ့။ သူ့ရဲ့ကောင်းတွေရဲ့ တဲထဲမှာ"

ရွန်က သူ့ကို စောင့်မယ်ပြောတယ်။ ဟယ်ရီလဲ ရွက်ထည်တဲထဲ ပြန်ဝင်လိုက်တယ်။ အခု အဲဒီတဲဟာ တစ်မျိုးဖြစ်သွားတယ်။ နွေးထွေးရင်းနှီးသွားတယ်။ သူက ဟွန်းတေး တိုက်ခိုက်တာကို ပုန်းရှောင်တဲ့ခံစားချက်ကို ပြန်တွေးတယ်။ ဒီလိုခံစားချက်နဲ့ သူ ဟွန်းတေးနဲ့ ရင်ဆိုင်ဖို့ စောင့်ရတဲ့ ရှည်ကြာတဲ့ အချိန်နဲ့ ယှဉ်ကြည့်တယ်. . . . အဲဒီလို စောင့်စားရတဲ့ အရသာဟာ သိပ်ကို အခံရခက်တယ်။ ဘာနဲ့မှ နှိုင်းယှဉ်လို့မရဘူး။

ဖလောအာ၊ စက်ဒရစ်နဲ့ ခရွမ်းမ်တို့ အတူတကွဝင်လာတယ်။ စက်ဒရစ်ရဲ့ ပါးတစ်ဖက်မှာ လိမ္မော်ရောင်ထူထူ သုတ်ထားတယ်။ သူ့မီးလောင်ဒဏ်ရာ ကုတာနဲ့တူတယ်။ သူက ဟယ်ရီ့ကိုမြင်တော့ ပြုံးပြတယ်။

"မဆိုးဘူး၊ ဟယ်ရီ"

"ခင်ဗျားလဲ မဆိုးဘူး" ဟယ်ရီက ပြောတယ်။ သူ့ကို ပြန်ပြုံးပြတယ်။

"မင်းတို့အားလုံး မဆိုးဘူး" လူဒို-ဘက်ဂမင်းက ပြောတယ်။ သူဟာ ဘဲသဲ ပေါ့ပါးစွာ ခုန်ဝင်လာတယ်။ အလွန်ပျော်နေတဲ့ပုံပဲ။ ခုနက သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မီးနဂါးကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့သလိုပဲ။ "ကောင်းပြီ။ ကျုပ် စကားလေးငါးခွန်းပဲ ပြောစရာရှိတယ်။ ဒုတိယကဏ္ဍကို လာမယ့်နှစ် ဖေဖော်ဝါရီလ ၂၄ရက်၊ နံနက်-၉နာရီမှာ စမယ်။ ဒီမတိုင်မီ မင်းတို့ အကြာကြီး နားနိုင်တယ် —ဒါပေမယ့် မေးခွန်းတချို့ မင်းတို့စဉ်းစားဖို့ ပေးထားမယ်။ မင်းတို့လက်ထဲကိုင်ထားတဲ့ ရွှေဥတွေကို ငုံ့ကြည့်ပါ။ ၎င်းတို့ကို ဖွင့်လို့ရတာ တွေ့လိမ့်မယ် . . . . အဆက်အစပ်ကို တွေ့ကြလား။ မင်းတို့ဟာ ရွှေဥထဲကပေးတဲ့ သဲလွန်စကို ဖော်ရမယ် —— အဲဒါက ဒုတိယကဏ္ဍဟာ ဘာလဲဆိုတာ ပြောပြလိမ့်မယ်။ မင်းတို့ ပြင်ဆင်မှုလုပ်ထား။ အားလုံး ရှင်းပြီနော်။ မေးစရာမရှိတော့ဘူးနော်။ ကောင်းပြီ။ မင်းတို့သွားနိုင်ပြီ"

ဟယ်ရီ တဲကထွက်လာပြီး ရွန်ကိုတွေ့တာနဲ့ နှစ်ယောက်သား တားမြစ်သစ်တောအစပ်ကနေ ပြန်ကြတယ်။ တစ်လမ်းလုံး စကားတွေ ပြောလာတယ်။ ဟယ်ရီက ကျန်သူရဲကောင်းတွေ ဘယ်လိုလုပ်တယ်ဆိုတာ ပိုအသေးစိတ် သိချင်တယ်။ နောက်တော့ သူတို့ချုံပုတ်တွေကို ဖြတ်ကျော်လိုက်တာနဲ့ — ဟယ်ရီက ဒီချုံပုတ်တွေနောက်မှာပဲ မီးနဂါးဟိန်းတာကို ပထမဆုံး ကြားရတာ — မှော်ဆရာမတစ်ယောက် ချုံပုတ်နောက်က ခုန်ထွက်လာတယ်။

အဲဒါ ရီတာ-စကီးတာ။ သူမ ဒီနေ့ အစိမ်းတောက်တောက်ဝတ်စုံဝတ်ထားတယ်။ သူမလက်ထဲက အမြန်မှတ်ကလောင်ဟာ သူ့ဝတ်ရုံအရောင်နဲ့ အလွန်လိုက်ဖက်နေတယ်။

"ဂုဏ်ပြုပါတယ် ဟယ်ရီ" သူမက ပြောတယ်။ ဟယ်ရီ့ကို ပြုံးပြီးကြည့်နေတယ်။ "မင်း ကျွန်မကို စကားတစ်ခွန်း ပြောနိုင်မလား။ မီးနဂါးနဲ့ ရင်ဆိုင်ရတာ ဘယ်လိုခံစားရလဲ။ မင်းအခု ဘယ်လိုခံစားရလဲ။ ဒိုင်လူကြီးတွေ အမှတ်ပေးတာ တရားမျှတတယ် ထင်သလား"

"ဟုတ်ကဲ့၊ ကျွန်တော် ခင်ဗျားကို စကားတစ်ခွန်းပြောမယ်" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ဂွတ်ဘိုင်"

ပြောပြီးတာနဲ့ သူနဲ့ရွန်ဟာ ရဲတိုက်ဆီ လျှောက်သွားကြတယ်။

**မီးတောက်ခွက် ပထမပိုင်းပြီးပြီ။**

**ဒုတိယပိုင်း စီစဉ်ဆဲ။**

ကြည်ကြည်မာ

၂၁. ၈. ၂၀၀၄

www.burmeseclassic.com